

# ဓမ္မ

# အမေးအဖြေများ

## အရှင်ကေလာသ

ဓမ္မာစရိယ၊ B.A. ( Philo ) M.A. ( Buddhism )

ဖြေဆိုသည်



# ဓမ္မ
# အမေးအဖြေများ

အရှင်ကေလာသ

ဓမ္မာစရိယ၊ B.A. ( Philo ) M.A. ( Buddhism )

ဖြေဆိုသည်

**ဝမ္မစာပေ နှင့် Offset Printing**

၁၅/၁၊ ကျောင်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၅၀၁၉၅၀၊ ၇၀၆ ၃၄၁၊ ၀၉ ၅၀၀ ၄၃၃၉။

အမှတ်၁၆ ၂၊ ၄၅ လမ်း (အပေါ်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း -- ၂၀၁ ၃၁ ၂၊ ၀၉ ၅၀၀ ၄၃၃၉။

ဝပ္ပတာပေ နှင့် Offset Printing

၁၅/၁၊ ကျောင်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၅၀၁ ၉၅၀၊ ၅၀၆ ၃၄၁၊ ၀၉ ၅၀၀ ၄၃၃၉။

အမှတ်၁၆ ၂၊ ပျှလမ်း(အပေါ်ဘလောက်)၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၂၀၁ ၃၁၂၊ ၀၉ ၅၀၀ ၄၃၃၉။

# ဓမ္မအမေးအဖြေများ

အရှင်ကောလာသ
ဓမ္မာစရိယ၊ B.A (Philo) M.A. (Buddhism)
ဖြေဆိုသည်

အနန္တာဓမ္မစာပေ

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၅၃၆၀၇၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၅၅၀၀၈၁၁
ပုံနှိပ်ခြင်း - ပထမအကြိမ် (အောက်တိုဘာ)၊
အုပ်ရေ - ၁၀၀၀
ထုတ်ဝေသူ - ဒေါ်ခင်မာချို၊ ပန်းဝေဝေစာပေတိုက်၊
၄၇၃/က၊ နီလာ (၆) လမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
- ဒေါ်ရီရီဝေ၊
"အနန္တာ" အော့ဖ်ဆက် [ ၁၀၂၈၄ ]
အမှတ်-၁၆၂၊ ၄၅ လမ်း၊ အပေါ်
ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။
- ဗဂျီလင်းဝဏ္ဏ


## ဖြန့်ချိရေး

**သစ္စာမဏ္ဍိုင်ပိဋကတ်စာအုပ်ဆိုင်**
အမှတ် (၂) (၃)၊ ရွှေတိဂုံဘုရား
တောင်ဘက်မုခ်။ ၃၈၇၈၄၉၊
၃၈၃၅၁၁-လိုင်းခွဲ (၁၈၅) (၁၆၄)၊
၀၉-၅၁၂၅၂၈၅၊ ၀၉-၅၀၆၀၈၄၅

**အနန္တာစာပေ**၊ ၁၅/၁၊ ကျောင်းလမ်း၊
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။
၅၀၁၉၅၀၊ ၇၀၆၃၄၁၊
၀၉-၅၀၀၄၃၃၉

၂၉၄.၃

ကေလာသ၊ အရှင် (မဟာစရိယ)
ဓမ္မအမေးအဖြေများ/အရှင်ကေလာသ(မဟာစရိယ)-ရန်ကုန်။
ပန်းဝေဝေစာပေ၊ ၁-ကြိမ်၊ ၂၀၁၁။
၆၃၄ စာ၊ ၁၃.၅ စင်တီ × ၂၁.၀ စင်တီ
(၁) ဓမ္မအမေးအဖြေများ



အရှင်ကေလာသ

၁၉၅၉ - ခုနှစ်၊ မေလ (၄) ရက်နေ့ဖွား ၊ ရခိုင်အမျိုးသား၊ တောင်ကုတ်မြို့နယ်၊ တန်းလွဲ-ရွာမကျောင်းမှာအခြေခံဗုဒ္ဓစာပေသင်ယူ။ အဲဒီကပဲပထမလတ်အောင်ပြီးနောက်ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ကျောင်းတိုက်မှာပညာဆက်သင်။ ဒီကျောင်းတိုက်ကပဲ 'ဓမ္မာစရိယဘွဲ့' (၁၉၇၉)ရ ။ ဝိဇ္ဇာသိပ္ပံ ပေါင်းတဲ့နောက်ဆုံးနှစ် မတိုင်မီ တစ်နှစ် (၁၉၈၅)မှာဆယ်တန်းအောင်။

ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် စဖွင့်တဲ့နှစ် (၁၉၈၆)မှာ တက်ခွင့်ရ။ ရန်ကုန်တက္ကသိုလ် စာပေးစာယူ ဘီအေ (ဒဿနိကဗေဒ)ဘွဲ့ (၁၉၉၂) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဓမ္မာစရိယဘွဲ့ (၁၉၉၃)တွေ ရရှိ။

ဝိနယပိဋကမဟာဌာန နယဒေသက (၁၉၈၉-၉၂)၊ အင်္ဂလိပ်စာဌာန၊ နယဒေသက (၁၉၉၃-၉၆)၊ အင်္ဂလိပ်စာဌာနမှာပဲကထိက (၁၉၉၇-၂၀၀၀) အဖြစ်နဲ့ နိုင်ငံတော်ပရိယတ္တိမှာ ၁၀ နှစ်ကျော်ကြာစာပေပို့ချခဲ့။ ၂၀၀၀ ပြည့်နှစ်မှာ ကျေးဇူးတော်ရှင် အလိုတော်ပြည့်ဆရာတော်ဘုရားကြီးရဲ့ စေလွှတ်ချက်အရအမေရိက

ကို ရောက်ခဲ့ပြီး အခု အရီဇိုးနားပြည်နယ်၊ ဖိနစ်(စ်)မြို့၊ အလို တော်ပြည့် ဗုဒ္ဓဓမ္မရိပ်သာမှာသီတင်းသုံး၍ သာသနာ့တာဝန် ထမ်းဆောင်နေလျက်ရှိ။

*နိဗ္ဗာန်အယူအဆကို ထေရဝါဒရှုထောင့်မှ လေ့လာသုံးသပ်ခြင်း ( Dr. အရှင်ဓမ္မပိယရဲ့ Nibbāna in Theravāda Perspective)၊
* 'သီရိလင်္ကာဗုဒ္ဓဘာသာသမိုင်း' (Dr. ဝါလ်ပိုလာရာဟုလာ ရဲ့ History of Buddhism in Ceylon)၊
* မြန်မာနိုင်ငံ ပါဠိစာပေသမိုင်း (Dr. အမ် အိတ်ချ် ဗို့ဒ်ရဲ့ The pāli Literature of Burma)
* 'မြတ်ဗုဒ္ဓပွင့်တော်မူရာမဇ္ဈိမဒေသ' (အက်စ်ဓမ္မိကရဲ့ A Pilgrim's Gide to Buddha's India, Middle Land Middle Way)
* 'ဗုဒ္ဓဓမ္မအနှစ်ချုပ် (သီဟိုဠ်အရှင်နာရဒမထေရ်ရဲ့ Buddhism in Nutshell) ကျမ်းများကို မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့။

၂၀၁၀ ခုနှစ်က မြန်မာနိုင်ငံမှာ ဟောဒီ 'ဓမ္မအမေးအဖြေများ' စာအုပ်ကို ပထမအကြိမ် ထုတ်ဝေရာမှာ Top 1 အဆင့်နဲ့ Best Seller ဖြစ်ခဲ့ကြောင်း MRTV - 4 နဲ့ အခြား အင်တာနက်၊ သတင်း၊ မီဒီယာတွေမှာ ဖော်ပြခံရ။
ယခု - 'ဗုဒ္ဓဝါဒအမေးအဖြေကျမ်း' (ဗုဒ္ဓသာသနာ့အလံရဲ့ရှေးဦး ဒီဇိုင်းပုံကို အိုင်ဒီယာပေးခဲ့တဲ့ အမေရိကန်လူမျိုး ဗုဒ္ဓဝါဒီ Henry S. Olcott ရဲ့ The Buddhist Catechism)၊

- လူစွမ်းလူစ(Drs. Travis Bradberry and Jean Greaves တို့ရဲ့ Emotional Intelligence 2.0)

- 'လွတ်မြောက်ရေးလမ်းစဉ် ဝိမုတ္တိမဂ်' (Rev. N.R.M. Ehara, Soma Thera and Kheminda Thera တို့ရဲ့ The Path of Freedom) တွေကို မြန်မာပြန်နေဆဲ။

## မာတိကာ


အရှင်သဇ္ဇနမထေရ်၏ အမှာစကားဦး ဆ–ဇ

ဓမ္မအမေးအဖြေ မိတ်ဆက် ဈ–ဋ

ရဟန်းများ ခေါင်းရိတ်ခြင်း .. ဗုဒ္ဓဆံပင် ပုံစံ ..

ပဉ္စဝဂ္ဂီငါးဦးရဲ့ ရုပ်သွင်၊ နှုတ်ကြမ်းကိုယ်တော် ၁–၄

အထက်ပစ္စယာနှင့် အမျိုးသမီး ၅–၁၀

မိတ်ဆွေကိုယ်နဲ့ ခရီးသွား ၁၀–၁၂

ဘုရားပန်းလှူဒါန်းခြင်း ၁၃–၁၅

ငရဲဘုံနှင့် ယမမင်း .. ငရဲထိန်းဆိုတာ ဘာလဲ ၁၅–၁၈

ဓုတင်အကျင့်မြတ် ..

ဓုတင်ကျင့်နေတာကို လူတွေကို ပြောကောင်းသလား ၁၉–၂၂

ဗုဒ္ဓဓာတ်တော်အကြောင်း ..

ဗုဒ္ဓဓာတ်တော်ကို ရေစိမ်သောက်သင့်သလား ၂၃–၂၆

မုသာဝါဒသိက္ခာပုဒ်ရဲ့ အနှစ်သာရ ၂၇–၂၉

လူသတ်ဖို့ညွှန်ကြားသူ ၃၀–၃၂

နောက်ဆုံးချုပ်တဲ့ ရုပ် ၃၃–၃၅

သံဃာသင်းခွဲကံသင့်သူ ၃၅–၃၉

လေးကျွန်းတစ်မြင်းမိုရ် .. ၄၀–၄၄

ဗုဒ္ဓမွေးဖွားနှစ် နှစ်မျိုး ၄၄–၄၉

အရှင်ဓမ္မပါလဆုတောင်း ၅၁–၅၅

သီဟိုဠ်မဟာဗောဓိပင် .. ဘာကြောင့် တောင်ကိုင်း ဖြစ်ရသလဲ ..

အရှင်မဟိန္ဒဟာ အသောကမင်းရဲ့ ညီလား ၅၆–၅၉

လွှမ်းစေတီ ၆၀–၆၂

ဗုဒ္ဓဝါဒနှင့် အလှူတရား .. ၆၃–၆၇

အိမ်မွေးတိရစ္ဆာန်နှင့် မနိုးဆေး ၆၇–၇၂

ဗုဒ္ဓဓမ္မကာကွယ်ရေး ၇၂–၇၈

ဗုဒ္ဓဝါဒနှင့် ပျော်ရွှင်မှု .. လူ့ဘဝမှာ ပစ္စည်းဥစ္စာ သုံးစွဲနည်း ၇၉–၈၂


**အနုဿာဓမ္မစာပေ**

ကမ္ဘာကြီး ပူနွေးလာခြင်း ၇၂-၇၇
ဗုဒ္ဓရဲ့ နဖူးသင်းကျစ်တော် ..
စေတီတော်မှ ရောင်ခြည်လွှတ်ခြင်း ၈၈-၉၁
ထေရဝါဒနှင့် မဟာယာန ၉၁-၉၅
ဗုဒ္ဓဝါဒနဲ့ သိုက် ၉၅-၉၈
ဒီဘဝ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ၉၉-၁၀၂
နိုင်ငံခြားက ဘုန်းကြီးကျောင်း ပြဿနာ ၁၀၃-၁၀၈
ဗုဒ္ဓဝါဒီ ပုတီးစိပ်ခြင်း ၁၀၉-၁၁၀
ဗုဒ္ဓဝါဒီတွေရဲ့ ဆုတောင်း ၁၁၁-၁၁၄
ဆုတောင်းပုံ အမျိုးမျိုး ၁၁၅-၁၁၈
ဗုဒ္ဓနှင့် ဒေဝဒတ်
ဗုဒ္ဓ ဘာကြောင့် ဒေဝဒတ်ကို ရဟန်းပြုပေးသလဲ ၁၁၉-၁၂၂
အနတ္တသံသရာ .. နောက်ဘဝ ပဋိသန္ဓေတည်ပုံ ..
ပဋိသန္ဓေတားလျှင် ၁၂၂-၁၂၅
ဝမ်းကွဲမောင်နှမ လက်ထပ်ရင် ၁၂၅-၁၂၈
နှလုံးအစားထိုးခြင်း၊ စိတ်ဝိညာဉ် ဘယ်မှာ တည်သလဲ ..
အိမ်မြောင်မြီးပြတ် ခုန်တာ သိစိတ်ရှိလို့လား ၁၂၉-၁၃၂
ဗုဒ္ဓသာသနာ့အလံ ..
ဗုဒ္ဓဘာသာအလံကို ဘယ်သူတီထွင်သလဲ ၁၃၃-၁၃၇
စက်ကြီးတစ်ဆယ့်သုံးပါး .. တန်ခိုးကြီးတဲ့ ဂါထာ ၁၃၇-၁၄၁
သံသရာဘယ်ကစ .. ၁၄၂-၁၄၅
အရက်နှင့် အပါယ်ငရဲ ..
အရက်သောက်တာ ဒုစရိုက် ၁၀ ပါးမှာ မပါလို့ ၁၄၆-၁၄၉
တောထွက်လိုလျှင် ..
တောထွက်တွေ ပရိယတ္တိမသင်ဘဲ နေသင့်သလား ၁၅၀-၁၅၆
အနှိုင်းမဲ့ လူသားဗုဒ္ဓ .. ဗုဒ္ဓဘုဉ်းပေးတဲ့ ဆွမ်း .. ဗုဒ္ဓကျိန်းစက်
သလား .. ဗုဒ္ဓရဲ့သင်္ကန်း .. ဗုဒ္ဓသပိတ်တော် ၁၅၇-၁၆၂
နှစ်ကျိပ်ရှစ်ဆူ ၁၆၃-၁၆၅

ဝေသန္တရာ့နှလုံးသား .. ရန်သူ့ကို ဘာလို့ မေတ္တာပို့သလဲ ၁၆၅–၁၆၉
ပရိတ်ရွတ်ခြင်း ၁၇၀–၁၇၄
ရုပ်ပွားဆင်းတု ကိုးကွယ်ခြင်း ၁၇၄–၁၇၉
သစ္စာကံအကျိုးပေး ၁၈၀–၁၈၄
မိဒ္ဒိယိုဂိမ်းကစားရင် .. အပျော်တမ်း ဖဲကစားသင့်သလား ၁၈၄–၁၈၆
ဘုရားရှေ့ ခြသေ့ရုပ် ၁၈၇–၁၈၉
ကျောင်းထိုင်အရည်အချင်း ၁၈၉–၁၉၂
ရေရျေးထက် ဝိုင်ရျေးပေါ်ပေမယ့် ၁၉၂–၁၉၄
Suññatavāda 195-197
အရိမေတ္တယျ ၁၉၇–၂၀၁
ရဟန်းတို့ ရှိမခိုးကောင်းသူ ၂၀၂–၂၀၄
ရိုးသားမှု ထွန်းကားအောင် ၂၀၅–၂၀၇
ရောကြော်မလုပ်နဲ့ ၂၀၈–၂၁၁
ဘုန်းကြီးအရိပ်ကို နင်းခြင်း ၂၁၂–၂၁၄
အရှင်ဥပဂုတ္တ ၂၁၄–၂၁၉
သက်န်းဂုဏ်ရည် ၂၁၉–၂၂၂
ကောသလအိပ်မက် .. အိပ်မက်ထဲက ဖြစ်ရပ်တွေ .. ၂၂၂–၂၂၄
အတုမပြုံးပါနဲ့ ၂၂၄–၂၃၅
တစ်ထောင်ငါးရာ ကိလေသာ ၂၃၈–၂၄၁
မနသိဟာမှတ်စု ၂၄၁–၂၄၄
သပိတ်သွတ်ခြင်း ၂၄၅–၂၄၆
Kamma and Yadayar 247-248
သီလရှင်ကို ရှိခိုးခြင်း ၂၄၉–၂၅၀
သီလမြင့်သူနဲ့ အဓမ္မအမိန့် ၂၅၁–၂၅၄
နတ်တွေကို တွေ့ချင်ရင် ၂၅၄–၂၅၆
ပေထက်အက္ခရာတင် နောက်ကျပေမယ့် ..
မြန်မာပြည် ဘာကြောင့် ဆင်းရဲသလဲ ၂၅၇–၂၆၁

| | |
|---|---|
| သရဏဂုံမှတ်စု | ၂၆၁-၂၆၅ |
| ဗြဟ္မာအကြောင်း | ၂၆၅-၂၆၈ |
| ရဟန်းအာပတ် မဖြေရင် | ၂၆၈-၂၇၀ |
| ရဟန်းငွေမကိုင်ရ | ၂၇၀-၂၇၃ |
| ကိလေသာ ၁၀ ပါးမှာ မိဒ္ဓ မပါ | ၂၇၃-၂၇၆ |
| ကံကောင်းအောင် လုပ်နည်း | ၂၇၇-၂၇၉ |
| ကိုယ်စောင့်နတ် | ၂၈၀-၂၈၁ |
| ရှိခိုးခြင်းအနှစ်သာရ | ၂၈၂-၂၈၃ |
| Egg and Killing | 284-285 |
| ကမ္ဘာပျက်ခြင်း | ၂၈၅-၂၈၆ |
| သောတာပန်ဂုဏ်ရည် | ၂၈၇-၂၈၈ |
| ရဟန်းခံမှုပြည့်စုံခြင်း | ၂၈၉-၂၉၂ |
| ကျွန်းကြီးလေးကျွန်း ဘယ်မှာလဲ | ၂၉၂-၂၉၃ |
| စေတီဆင်းတု ဤနှစ်ခု | ၂၉၄-၂၉၈ |
| ဂင်္ဂါဝါဠု သဲစုမက | ၂၉၉-၂၉၉ |
| ဗုဒ္ဓဝါဒီရဲ့ သဘောထား | ၃၀၀-၃၀၁ |
| Buddhist Attitude | 302-302 |
| Marriage during Buddhist Lent | 303-303 |
| မဂ္ဂင်ရှစ်ပါးအဖွင့် | ၃၀၄-၃၀၆ |
| ပဋ္ဌာန်းဆက် | ၃၀၆-၃၀၉ |
| ခေတ်သစ်သုသီမ | ၃၀၉-၃၁၄ |
| ကိုယ့်ကိုယ်ကို သတ်သေရင် | ၃၁၅-၃၁၆ |
| ဝါဆိုသင်္ကန်း လှူခြင်းခြင်း | ၃၁၆-၃၁၈ |
| ဗုဒ္ဓမှာ ဆရာမရှိ .. မာနတ်ဆိုတာဘာလဲ | ၃၁၈-၃၂၂ |
| အဓမ္မဝါဒီ မေးခွန်းကို သည်းခံပါ | ၃၂၃-၃၂၆ |
| အရှင်မဟာကဿပ .. အလောင်းတော်ရှင်ကဿပ | ၃၂၇-၃၃၂ |
| သိက္ခာစွန့် ခေတ်ပုဒ်ကြောင့် သရဏဂုံ မပျက် | ၃၃၃-၃၃၇ |
| ကျမ်းဂန်လာ ကာမေသုမိစ္ဆာစာရ အပြစ်များ | ၃၃၈-၃၄၂ |

Results for Sexual misconduct as described in scriptures 343-346
လျှပြီးသား ပြန်မတောင်းမိပါစေနှင့် ၃၄၇-၃၅၀
ဗုဒ္ဓနှင့်ခေတ်ပြိုင် တိတ္ထိဆရာကြီး ခြောက်ယောက် ၃၅၁-၃၅၉
ဝေယျာဝစ္စကုသိုလ်ရှင် ၃၅၉-၃၆၁
ယောက်ျား မိန်းမ ဘယ်သူစ ၃၆၂-၃၆၆
ယုံကြည်ချက် မခိုင်လို့ ၃၆၆-၃၆၈
သိကြား မလိမ်ပါ ၃၆၉-၃၇၁
လသာတုန်း ဗိုင်းငင် ၃၇၂-၃၇၄
ဖွားဖက်တော် ၇ မျိုး ၃၇၅-၃၇၆
အနာမျိုး ၉၆ ပါး .. ကိုယ်ထဲက ပိုးကိုသတ်ရင် ၃၇၇-၃၈၂
ခွေးကလေးကို ရည်စူး၍ ၃၈၃-၃၈၅
သက်သတ်လွတ် ၃၈၅-၃၉၃
သစ္စာပါရမီ ၃၉၄-၃၉၇
ဗုဒ္ဓဆံတော်ပယ်သလား .. နားရွက်တော် ရှည်မရှည် ၃၉၇-၄၀၀
မဟာသွေး တေဒင်ရှင် ၄၀၀-၄၀၇
ရွတ်ပွားကျင့်ကြံ ၄၀၇-၄၀၈
ကောင်းမှုလည်းပြု တောင်းဆုလည်းခြွေ ၄၀၉-၄၁၂
ဝိပဿနာနဲ့သမထ ၄၁၃-၄၁၄
မျက်ကန်းယုံကြည်မှုလား .. Blind Faith? 415-419
ဘာသာမဲ့တွေ ဘာကြောင့်တိုးလာ ၄၂၀-၄၂၁
ငါးရာနှစ်ဆယ့်ရှစ်မေတ္တာ ၄၂၁-၄၂၄
သမ္မာဒိဋ္ဌိဂါထာသုတေသန ၄၂၅-၄၃၁
ကာမေသုမိစ္ဆာစာရအဖွင့် ၄၃၂-၄၃၇
ရဟန္တာတို့ရဲ့ ဝါသနာ ၄၃၇-၄၃၉
အနတ္တနှင့် နိဗ္ဗာန် ၄၄၀-၄၄၁
သူချစ်ရှစ်ချပ်ကြာ ၄၄၂-၄၄၅
ပြုတို့ ပြုခြင်း မပြုခြင်း ၄၄၅-၄၄၈

ယူနီဗာစီတီ ၄၄၉-၄၅၁
ဥပပါတ်ပဋိသန္ဓေ ၄၅၂-၄၅၄
မြင့်သောနေရာ မြတ်သောနေရာ ၄၅၅-၄၅၆
ဘာသာရေးကြောင့် ဘေးမဖြစ်သင့် ၄၅၇-၄၆၀
ဗြဟ္မာနတ်ပြည် စေတီတည် ၄၆၁-၄၆၂
လူတိုင်း အသုံးချတရား ၄၆၃-၄၆၄
မြေကြီးလိုကျင့် ၄၆၄-၄၆၇
လဥ လဖြုန်း လကိုးလုံး ၄၆၇-၄၇၀
မဟာယာနရဟန္တာ ၄၇၁-၄၇၄
ဗုဒ္ဓကျမ်းထွက် စကြဝဠာဗေဒ ၄၇၄-၄၇၇
ရဟန္တာအရိုးတွေဆက် .. ရဟန္တာသုတ်မလွတ် ၄၇၈-၄၇၉
စေတီစောင့် ၄၇၉-၄၈၂
ကျောင်းကျွန် ဘုရားကျွန် ၄၈၂-၄၈၄
ဂုဏ်တော်မှတ်စု ၄၈၆-၄၉၂
ဝက်ဘလောက် ကုန်းကောက်လို့ မကုန် ၄၉၂-၄၉၆
မဗျိုမပဋိပဒါနဲ့ နေပါ ၄၉၇-၅၀၀
ကမ္ဘာကြီး ပျက်စီးလုနီးပြီလော ၅၀၀-၅၀၃
သာသနာ့လုံခြုံရေး ၅၀၄-၅၀၈
လဇ္ဇီစောင့်တဲ့ ဗုဒ္ဓသာသနာ ၅၀၉-၅၁၀
ဘိက္ခုနီ ရှိသင့် မရှိသင့် ၅၁၁-၅၁၉
အိုဗာစတေးနဲ့ အဒိန္နာဒါနျ ၅၂၀-၅၂၃
ဘာသာရေး စတန့်လော ၅၂၃-၅၂၆
ဘဝလမ်းညွှန် ၅၂၇-၅၂၉
သင်္ခါရ .. ဥပါဒါနက္ခန္ဓာ .. ဓမ္မာနုပဿနာ ၅၃၀-၅၃၃
အွန်လိုင်းချစ်သူ ၅၃၃-၅၃၅
ယုံကြည်မှုလွန်ရောဂါ ၅၃၆-၅၃၉
ကမ္ပည်းထိုး ကြွားမျိုး မဟုတ်သင့် ၅၃၉-၅၄၄

ဗိလင်နှစ်ခု ၁၄၄-၁၄၆
အရိယာအစစ် တစ်ဆယ့်ရှစ် ၁၄၇-၁၄၉
ဗုဒ္ဓဝါဒီတွေ နတ်ကိုးကွယ်ရင် ၁၅၀-၁၅၂
အမျိုးသမီး ဗုဒ္ဓဖြစ်ခွင့်ရှိ ၁၅၃-၁၅၆
ဘိုးတော်တွေကို ကိုးကွယ်ရင် ၁၅၆-၁၅၉
ရပ်ပြစ် ရှစ်ပါး ၁၅၉-၁၆၁
ဘီလူးစီးခြင်း ၁၆၂-၁၆၂
ဖုတ်ဝင်းခြင်း .. ကြေးစည်တီးခြင်း ၁၆၃-၁၆၅
ယမမင်းကို အမျှဝေမယ် ၁၆၅-၁၆၆
နတ်ပူးခြင်း ၁၆၇-၁၇၀
လူ့သက်တမ်းနဲ့ ဘုရားရှင် ၁၇၀-၁၇၁
ကထိန်အနှစ်ချုပ် ၁၇၂-၁၇၄
တန်ခိုးပြမယ် ၁၇၄-၁၇၅
ကံအနှစ်ချုပ် ၁၇၆-၁၇၈
စိတ်ဖြစ်စဉ် ၁၈၀-၁၈၀
ဝိပဿနာနဲ့ မဂ်စိတ် ၁၈၀-၁၈၄
ပြုအသစ် ဖြစ်အဟောင်း ၁၈၄-၁၈၆
ခိုလှုံသူ ၁၈၇-၁၈၈
ကာမကိုပိုင်သူ ၁၈၈-၁၈၉
မဟာယာနလော ၁၉၀-၁၉၁
ဥပုသ်နေ့ ၁၉၂-၁၉၄
မွေးရာပါ သောတာပန် ၁၉၄-၁၉၇
အဘိဓမ္မာ ဘုရားဟော ၁၉၇-၆၀၀
ထိပေါက်ကုသိုလ် ၆၀၁-၆၀၃
ဗုဒ် .. ခရစ်စ် ၆၀၄-၆၀၆
နားလည်မှုမှန်စေ ၆၀၆-၆၀၈
နတ်သာခုခေါ်တဲ့ ဂါထာ ၆၀၉-၆၁၂

ည အရှင်ကေလာသ (USA) ဓမ္မအမေးအဖြေများ

မာရ်နတ် မိုက်သေးလား ၆၁၂-၆၁၅
ကြည်ညိုစိတ်ရှိလို့ ၆၁၅-၆၁၇
အလျှော့အတင်း ၆၁၇-၆၂၀
ဘုရားကျောင်း ၆၂၀-၆၂၂
ကာဠနဂါး ၆၂၂-၆၂၄
ဝဋ်အမြဲ ငရဲအပ ၆၂၄-၆၂၇
သေခွင့် ၆၂၈-၆၃၂
အသက်တန်ဖိုး ၆၃၂-၆၃၄

# ပိဋကတ် နှစ်ပုံဆောင် ဆရာတော်
# အရှင်သဇ္ဇနမထေရ်
# ရေးသား ချီးမြှင့်သော

## အမှာစကားဦး

အဆွေစာရှုသူ ... သင့်လက်ဝယ် ရောက်နေသော ဤစာအုပ်သည် သာမန်အမေးအဖြေ မည်ကာမတ္တစာမျိုး မဟုတ်။ ဘာသာရေးနှင့် ဆက်စပ် ယှက်နွယ်၍ သိသင့်သမျှအရာမျိုးစုံကို တတ်နိုင်သမျှ စုစည်းတင်ပြထားသော ဗုဒ္ဓဘာသာဝင်တိုင်း လက်စွဲပြု ဖတ်ရှုလေ့လာသင့်သည့် စာအုပ်ဖြစ်သည်။ ဤစာအုပ်ပါ အချက်အလက်များကို စေ့ငု သေချာစွာ ဖတ်ရှုပါက မသိနားမလည်သေးသော အရာများကို ရှင်းရှင်း လင်းလင်း သိရမည်။ သိနားလည်ပြီးဖြစ်သော အရာများကို ပိုမိုပြည့်စုံစွာ နားလည်၍ သဘောကျလာမည် ဖြစ်သည်ကား သေချာ၏။ အနီးအနားတွင် ဆရာကောင်း မိတ်ဆွေကောင်းတစ်ဦး ရှိနေသလိုလည်း ဖြစ်သည်။

ဗုဒ္ဓဓမ္မအမေးအဖြေများဟု ဆိုသော်လည်း သိစရာများကို စုပေါင်းကာ ရှင်းရှင်းလင်းလင်း သိရလေအောင် ပိဋကတ် ကျမ်းဂန်အရပ်ရပ်မှ ထုတ်နုတ်တင်ပြကာ ဖြေဆိုထားသည့် အဖြေစုံဖြစ်၍ စွယ်စုံကျမ်းတစ်ခု အလားဖြစ်ပေသည်။ မေးသူများကလည်း မိမိတို့ မရှင်းမလင်းရှိတာကို မေးထားကြသည်။ အမေးများကို ဖြေထားသည်ကလည်း ရိုးရှင်း ပြည့်စုံစွာ ဖြေဆိုထားသည်။ အမေးအဖြေအားလုံးကလည်း စိတ်ဝင်စားစရာကောင်းသော အကြောင်းအရာများသာ ဖြစ်သဖြင့် ဆွဲဆောင်မှုရှိသော စာအုပ်ကောင်းတစ်အုပ်ဖြစ်၏။

ဤစာကောင်းစာစုများ ဖြစ်ပေါ်လာရလေအောင် သန္ဓေတည်မျိုးစေ့ချပေးသူ နှစ်ဦးကား အထူးချီးကျူး လေးစားစရာ ဖြစ်သည်။ ပထမတစ်ဦးကား Texas ပြည်နယ် Austin မြို့က ကိုမျိုးအောင်ဖြစ်သည်။ သူက အမိမြန်မာပြည်မှ ဝေးလံသော တပြေတမြေသို့ အကြောင်းအမျိုးမျိုးဖြင့် ထွက်ခွာလာကြသော ပြည်ပရောက် ရွှေမြန်မာတို့အတွက် အန

ပညာဖြင့် အလွမ်းပြေ အပမ်းပြေနိုင်စေရန် စေတနာမွန်ဖြင့် Burmese Classic Website ကို ဖန်တီးပေးသူ ဖြစ်သည်။ အသိပညာ တိုးပွားစေရန်အတွက် ဓမ္မအမေးအဖြေကဏ္ဍကို တဖက်တလမ်းမှပါ ထည့်စွက်ဖန်တီးပေးထားပေရာ မရှင်းတာ သိလိုတာမှန်သမျှ မေးမြန်းခွင့်ရစေသည်။ မေးသမျှအမေးများကို ဖြေကြားသူ ဆရာတော်သံဃာတော်များအနက် အများဆုံးကြိုးပမ်း၍ ဖြေကြားသည့် ဆရာတော်ကား အရှင်ကေလာသဖြစ်၏။ ဤအရှင်မြတ်ကား ချီးကျူးလေးစားသင့်သူ ဒုတိယပုဂ္ဂိုလ် ဖြစ်ပေသည်။

ဆရာတော် အရှင်ကေလာသသည် စာပေပိဋကတ် နှံ့စပ်သလို စာပေကိုမြတ်နိုးကာ တန်ဖိုးထားသူဖြစ်၏။ မိမိသိသလို သူများအားလည်း သန္ဓါရက်ရောစွာ ဝီရိယထုတ်၍ အသိပညာဖြန့်ဖြူး မျှဝေသူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ မအားလပ်သော တာဝန်များရှိစေကာမူ မိမိဘဝအတွက် အဖိုးတန်အချိန်များကို စာပေလေ့လာမှု ရေးသားမှုဖြင့် သာသနာအတွက် အများအတွက် ကြိုးပမ်းအားထုတ်သူ တစ်ဦးဟုလည်း ဆိုနိုင်၏။ အရှင်၏ ဝီရိယအင်အား ပညာအင်အားကို အရင်းတည်၍ ဤဓမ္မအမေးအဖြေများ မည်သော လက်ဆောင်မွန်တစ်ခု ပေါ်ထွက်လာပြီဖြစ်သည်။

အဆွေစာရှုသူ ... ဤလက်ဆောင်မွန်ကို ကိုယ်တိုင်လည်း ဖတ်ရှုလေ့လာကာ သင်၏ သဒ္ဓါအား ပညာအား လက်တွေ့ကျင့်သုံး လိုက်နာမှု စရဏအားများကို မြှင့်တင်ပါလေ။ သင့်၏ မိတ်ဆွေများအားလည်း မျှဝေပါလေ။

ကောင်းခြင်း မင်္ဂလာအပေါင်း ပြည့်ဝကြပါစေ။

အရှင်သဋ္ဌန
(ဒွိပိဋကဓရ-ဒွိပိဋကကောဝိဒ၊ သိရီပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ)
ဓမ္မသုခကျောင်း
Norwalk, Southern California, USA

## ဓမ္မအမေးအဖြေ မိတ်ဆက်

သူများမေးတဲ့ မေးခွန်းတွေကို ဖြေဆိုဖို့ စဉ်းစားရတာဟာ တစ်ခါတစ်ရံ ဦးနှောက်စားတယ်။ အချိန်လည်း ပေးရတယ်။ ဒါပေမယ့် ပျော်စရာတော့ ကောင်းပါတယ်။ ဘာကြောင့်ဆို ကိုယ်သတိမပြုမိသေးတဲ့ အကြောင်းအရာတစ်ခုကို သတိပြုမိတာရယ်၊ အကြောင်းအရာရဲ့ အတိမ်အနက်အလိုက် စူစမ်းရှာဖွေ လေ့လာရလို့ ကိုယ်လည်း အသိဆန်းလေးတွေ ရတာရယ်တွေကြောင့်ပါ။ အဖြေနဲ့ ပတ်သက်တဲ့ သိလိုတဲ့ အကြောင်းအရာတစ်ခုကို ရှာဖွေရင်း ကျမ်းဂန်မှာ ရှားရှားပါးပါး တွေ့လိုက်ရဆဲခဏမှာ ခံစားရတဲ့ ပျော်ရွှင်မှုဟာ ဘာနဲ့မှ မလဲနိုင်ဘူး။ ဥပမာဆိုရင် အကျိတ်အနယ် ယှဉ်ပြိုင်ရတဲ့ အားကစားပြိုင်ပွဲမှာ နောက်ဆုံးအနိုင်အရှုံးကို အဆုံးအဖြတ်ပေးတဲ့ ပန်းဝင်မှတ်ကို ရသွားသလိုပါပဲ။

အဲဒီလို ထူးခြားတဲ့ စာပေအရသာ တစ်မျိုးကို ခံစားရင်းနဲ့ ဓမ္မမေးခွန်းလေးတွေကို ဆက်ကာဆက်ကာ ဖြေဆိုဖြစ်သွားခဲ့တာပါ။ ဒီဓမ္မအမေးအဖြေစာစု တော်တော်များများဟာ Burmese Classic ဝက်ဘ်ဆိုက်ရဲ့ ဓမ္မအမေးအဖြေကဏ္ဍမှာ တစ်နှစ်ကျော်ကျော်လောက် ဖြေဆိုခဲ့တဲ့အဖြေတွေ ဖြစ်ပေမယ့် တိုက်ရိုက် စာရေးပြီးမေးတဲ့ မေးခွန်း တစ်ချို့ကို ဖြေဆိုတာလည်း ပါပါတယ်။ ပြီးတော့ အနည်းငယ် တည်းဖြတ်ပြုပြင် ဖြည့်စွက်မှုလည်း ရှိပါတယ်။ အင်္ဂလိပ်လို အဖြေတစ်ချို့ကိုလည်း ဒီအတိုင်းက ပိုကောင်းမယ်ထင်လို့ မြန်မာမပြန်ဘဲ မူရင်းအတိုင်း ထည့်ပေးလိုက်ပါတယ်။ ဒီအတွက် နားလည်ပေးစေချင်ပါတယ်။

ဒါလေးတွေကို ခုလို စာအုပ်အနေနဲ့ ထုတ်ဝေဖို့ စဉ်းစားမိတာက နှုတ်တစ်ရာ စာတစ်လုံး ဆိုတဲ့အတိုင်း မှတ်မှတ်ရရလေးတစ်ခု ဖြစ်စေ

ချင်လို့ပါ။ လူဆိုတာ ရေပွက်လို ဘဝသက်တမ်းတို အတွင်းမှာ ကိုယ့်သမိုင်းကို ကိုယ်ရေးသွားကြတာပါ။ ကိုယ်မရှိတဲ့နောက် ကိုယ့်ကို နှစ်ပေါင်း နှစ်ဆယ်အစိတ်လောက် အမှတ်ရနေဦးမယ့်လူ ရှိခဲ့ရင် အဲဒီလူက ကိုယ့်ကို ဟစ်တလာ မူဆိုလီနီတို့လို လူကို အမှတ်ရခြင်းမျိုး မဟုတ်ဘဲ အနည်းဆုံး ရာဂဏန်း ထောင်ဂဏန်းမျှလောက်သော လူတွေကို ဗုဒ္ဓဓမ္မရေးရာ ဗဟုသုတပေးခဲ့တဲ့ ပုဂ္ဂိုလ်၊ သူပေးတဲ့ ဗဟုသုတနဲ့ လူအချို့ အသိဉာဏ် တိုးသွားတယ်လို့ သိကြရင် ဘယ်လောက် ကောင်းမလဲ။

ဓမ္မမေးခွန်းတွေကို ဖြေဆိုရာမှာ မေးသူရဲ့ အာဘော်မိဖို့နဲ့ ကျမ်းဂန်နဲ့ ညီညွတ်ဖို့ အထူးသဖြင့် ကျမ်းညွှန်းတွေ စုံညီသေချာဖို့ တတ်စွမ်းသမျှ ကြိုးစားပါတယ်။ ကျမ်းကိုး ကျမ်းညွှန်းတွေ များလွန်းလို့ သမားဂုဏ်ပြတယ်လို့ အပြစ်တင်ရင်လည်း ခံရမှာပဲ။ မသိသေးတာ တစ်ခုကို ကိုယ်တိုင် ရှာဖွေတွေ့ရှိပြီးနောက် စိတ်ထဲမှာ လိုက်လိုက်လှဲလှဲ ခံစားရပြီး စာဖတ်သူကို မျှဝေပေးချင်တဲ့ဆန္ဒကို ထိန်းမရနိုင်လို့ပါ။ ဒါကြောင့် အဲဒါလေးတွေကို လိုက်မမီရင် ကျော်ဖတ်ပါ။ အဲဒါမျိုးကိုမှ နှစ်သက်ပြီး လိုက်မီတဲ့ ပရိသတ်အတွက် နားလည်ပေးတဲ့ သဘောပေါ့။

အမေးအဖြေတွေကို တူရာတူရာ စုပေါင်းပြီး ကဏ္ဍမခွဲလိုက်တော့ဘူး။ ပန်းကြိုက်သူတို့ ကြိုက်ရာအဆင်း ကြိုက်ရာအနံ့နဲ့ ပြည့်စုံတဲ့ ပန်းကို တစ်ပွင့်ချင်း လွတ်လွတ်လပ်လပ် ရွေးချယ်ပြီး အသုံးပြုသလို စာခေါင်းစဉ်လေးတွေကို အရင် သတိပြုကြည့်ပြီး ကိုယ်နှစ်သက်နိုင်မယ်လို့ ယူဆတဲ့ အကြောင်းအရာကို ကိုယ့်ဟာကိုယ် ရွေးပြီး ဖတ်ကြည့်ပါ။ အဲဒါလည်း အရသာတစ်မျိုးပဲ ဖြစ်ပါလိမ့်မယ်။

ပြီးတော့ တစ်ချို့မေးခွန်းတွေက ပိုမို ကျယ်ကျယ် ပြန့်ပြန့် သုတေသနပြုရဦးမယ့် သဘောရှိရင် အမြွက်လောက်ပဲ ဖြေဆိုပြီး အဲဒီနယ်ပယ်မှာ ကျွမ်းကျင်သူတို့ ဆက်လက် သုတေသနပြုဖို့ တိုက်တွန်းချက်နဲ့ အတူ ချန်ထားခဲ့ပါတယ်။ ဘာကြောင့်ဆို ဒီဓမ္မအမေးအဖြေတွေက အကြောင်းအရာ တစ်ခုတည်းကို သုတေသနပြုနေတာ မဟုတ်လို့ တစ်ချို့ဟာတွေ အတွက်တော့ နေရာနဲ့အချိန်ကို ချွေတာလိုက်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လောကမှာ အားလုံးကောင်း ဆိုတာတော့ ရခဲသားပဲ။ ကိုယ်ဟာကိုယ်လည်း ဘယ်တုန်းကမှ အဲဒီလိုမထင်မှတ်ပါဘူး။ တစ်ခုခုတော့ လိုနေနိုင်အုံးမှာပါ။ ဒါပေမယ့် ဒီဓမ္မအဖြေလေးတွေကို ဖတ်ပြီး မေးခွန်းရှင်ဟာ သူ့မေးခွန်းအတွက် တစ်ဝက်လောက် ကျေနပ်မှု သို့မဟုတ် စိတ်သက်သာရာရမှု ဖြစ်သွားတယ် ဆိုရင်ကို လောကထဲက ပုထုဇဉ်နွယ် တစ်ယောက်အနေနဲ့ ဖြေဆိုသူ ပြုံးသာပါတယ်။ ပြုံးနိုင်ပါတယ်။ စာဖတ်သူအနေနဲ့လည်း တစ်စုံတစ်ခုသော ဓမ္မအလင်းရောင်ကို ရရှိသွားနိုင်မယ်လို့ မျှော်လင့်ရင်းစွဲ ရှိပါတယ်။ အင်တာနက်စာမျက်နှာမှာ ဖတ်ရှုရလို့ စုစည်းပြီး စာအုပ်အနေနဲ့ ထုတ်ဝေနိုင်ဖို့ အကြံပြုကြတဲ့ ဓမ္မမိတ်ဆွေတွေနဲ့ ရောင်းရင်းတွေ ရိုးရင်းတွေကို ကျေးဇူးစကား ဆိုပါရစေ 'ကတဝေဒီ (သူ့ကျေးဇူးကို သိသူ) ပါ'လို့။

ဒီဓမ္မအမေးအဖြေ စာစုလေးတွေနဲ့ ပတ်သက်လို့ ချီးမွမ်းစကားဆိုပြီး အမှာစာ ရေးပေးတဲ့ ပိဋကတ်နှစ်ပုံဆောင် ဆရာတော် အရှင်သဇ္ဇနကို ကျေးဇူးအထူး တင်ပါတယ်။ ပြီးတော့ ဟောဒီ ဓမ္မအမေးအဖြေ စုပေါင်းစာစုငယ်ကို ပုံနှိပ်ဖို့ ကြိုးပမ်းရာမှာ စာစီတိပ်ရိုက် အမှားလေးတွေ နည်းနိုင်သမျှနည်းအောင် စာမူကြမ်းကို ပရုဖတ်ပြီး ကူညီခဲ့ကြတဲ့ Phoenix မြို့မှ Blogger မောင်အိုး၊ ကျောင်းဆရာမကြီး ဒေါ်သန်းအေး (B.A., B.Ed.) နဲ့ လိုအပ်တာလေးတွေကို ထပ်ဖြည့်ဖို့နဲ့ ပြင်ဆင် ဖြည့်စွက်မှုလေးတွေ ထပ်လုပ်ဖို့ ဝေဖန် အကြံပေးခဲ့တဲ့ Daly City မြို့မှ ဓမ္မမိတ်ဆွေ ဆရာမကြီး Dr. ဒေါ်ကျင်ရီ တို့ကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ ဒါ့အပြင် ဖတ်ရှုပြီးနောက် သင့်မြတ်တဲ့ မှတ်ချက်လေးတွေ ပြုပေးကြတဲ့ ဓမ္မမိတ်ဆွေတွေရဲ့ စေတနာကိုလည်း ရင်မှာအမြဲ သိမ်းဆည်းထားကြောင်းပါ။ ❑

အရှင်ကေလာသ၊ ကန္တာရမြေ
ရှစ်ရက်၊ ဩဂုတ်လ၊ နှစ်ထောင့်ရှစ်

**လမ်းဖြောင့်သို့ ...**

ပါဏိနော၊ သတ္တဝါအပေါင်းတို့သည်။
ကုမ္မဂ္ဂဉ္စ၊ လမ်းဆိုး လမ်းယုတ်ကို လည်းကောင်း။
ဝင်္ကဉ္စ၊ လမ်းကောက် လမ်းညစ်ကို လည်းကောင်း။
ဝိဝဇ္ဇေတွာ၊ ရှောင်ကွင်း ဖဲကြဉ်၍။
သုမဂ္ဂံ၊ ကောင်းသော လမ်းခရီးသို့။
ဥဇုံ၊ ဖြောင့်ဖြောင့် မတ်မတ်။
ယန္တု၊ လိုက်သွားနိုင်ကြပါစေကုန်သတည်း။

အဟဉ္စ၊ ငါသည်တမူလည်း။
ကုမ္မဂ္ဂဉ္စ၊ လမ်းဆိုး လမ်းယုတ်ကို လည်းကောင်း။
ဝင်္ကဉ္စ၊ လမ်းကောက် လမ်းညစ်ကို လည်းကောင်း။
ဝိဝဇ္ဇေတွာ၊ ဖဲကြဉ် ရှောင်ကွင်း၍။
ဥဇုံ၊ ဖြောင့်ဖြောင့်။
သုမဂ္ဂဂေါ၊ လမ်းမှန် လမ်းကောင်းသို့ လိုက်သွားနိုင်သည်။
ဘဝေ၊ ဖြစ်ရပါလို၏။

(ပရမတ္ထစက္ခုကျမ်းနိဂုံး)




လျှောက်ထားပါရစေ အရှင်ဘုရား၊

(၁) ဗုဒ္ဓဘာသာ ရဟန်းတော်များ အဘယ်ကြောင့် ဆံပင်ကို ရိတ်ပြီး ဦးပြည်းကတုံး ပြုကြပါသလဲ ဘုရား။
(၂) မြတ်စွာဘုရား ဆင်းတုတော်များမှာ ရဟန်းသံဃာတွေနှင့် ခြား နားပြီး ဆံပင် မရိတ်ဖြတ်ဘဲ ဆံထုံးပုံနှင့် တွေ့ရခြင်းမှာ ဘာကြောင့် ပါလဲ ဘုရား။
(၃) ပဉ္စဝဂ္ဂီ ရဟန်းငါးဦးပုံကို ဆံပင်၊ မုတ်ဆိတ်၊ ပါးသိုင်းမွေးများနှင့် သရုပ်ဖော်ခြင်းမှာ သင့်မြတ်ပါသလား။
(၄) နှုတ်ကြမ်းသည့် ရဟန်းတစ်ပါးနှင့် အမှတ်မထင် ဆုံမိပါသည်။ သံဃာကို လေးစားပါသည်။ ရဲကိုလည်း ကြောက်ပါသည်။ တပည့် တော် ဘယ်လို ပြုမူရပါမည်လဲ ဘုရား။

စိုင်းစိုးလှိုင်

---

**(၁) ရဟန်းများ ဆံပင်ရိတ်ခြင်း**

ဗုဒ္ဓမပွင့်မီကပင် စိတ်ပိုင်းဘဝ ဖြူစင်မှုနဲ့ မောက္ခ (လွတ်မြောက်မှု) ကို ရဖို့ ရှေးခေတ် အိန္ဒိယမှာ ပညာတတ် လူတန်းစားအချို့ဟာ ဆံမုတ် ဆိတ်ကို ပယ်၊ ဖန်ရည်ဆိုး အဝတ်ကိုဝတ်ပြီး လူ့ဘောင်ကို စွန့် (တော ထွက်) လေ့ ရှိကြပါတယ် (ကေသမဿုံ ဩဟာရိတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ အဗ္ဗာဝသတိ)။ ဒါကြောင့် ဗုဒ္ဓသာသနာ အစပိုင်းမှာ မြတ်ဗုဒ္ဓနဲ့ တွေ့လို့ ရဟန်းပြုကြသူတွေထဲမှာ ရင့်ကျက်ပြီးသူတွေဟာ ရဟန်းအသွင်မျိုး ရှိပြီးဖြစ်ပါလိမ့်မယ်။

ဗုဒ္ဓဖြစ်ပြီးနောက် ဒုတိယ နှစ်နှစ်ဆယ်အတွင်းနဲ့ အဲဒီနောက်ပိုင်း ဗုဒ္ဓထံမှာ မရင့်ကျက်ဘဲ ရဟန်းပြုလာကြတဲ့ ဆဗ္ဗဂ္ဂီအုပ်စုဝင် ရဟန်းတွေဟာ ဆံပင်ရှည်ရှည်ထားလို့ လူအများက 'ကာမသုံးဆောင် လူ့ဘောင်က ငါတို့တွေလိုပါပဲလား'လို့ ကဲ့ရဲ့ကြတဲ့အခါမှာ ဗုဒ္ဓက 'ရဟန်းတို့၊ (ကာလအားဖြင့်) နှစ်လရှိသော ဆံပင်၊ (ပမာဏအားဖြင့်) လက်နှစ်သစ်ရှိသော ဆံပင်ကို ခွင့်ပြု၏ (ဝိ ၄၊ ၂၄၀)' လို့ မိန့်ပါတယ်။

ဒါကြောင့် ရဟန်းတွေ ဆံပင်ကို ရိတ်ဖြတ်ကြရတာပါ။ ယခုခေတ် မြန်မာရဟန်း အများစုကတော့ နှစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်ပတ်တစ်ကြိမ် ဆံပင်ရိတ်ကြပါတယ်။ ယိုးဒယားနိုင်ငံမှာတော့ လပြည့် လကွယ်နေ့တိုင်း တစ်လနှစ်ကြိမ် တစ်နိုင်ငံလုံးရှိ ရဟန်းတော်တွေ ပြိုင်တူ (တစ်ပြိုင်နက်) ဆံပင်ရိတ်ကြပါသတဲ့။

## (၂) ဗုဒ္ဓဆံပင်ပုံစံ

ပညာမာန် တက်နေတဲ့ သိဂါရဝပုဏ္ဏားငယ် (မ ၂၊ ၄၂၄)၊ မီးကို ကိုးကွယ်သူ အဂ္ဂိဘာရဒွါဇ (သုတ္တနိ၊ ၂၉၇) တို့က မြတ်ဗုဒ္ဓကို 'မုဏ္ဍက (ဦးပြည်းကတုံးစုတ်)'လို့ နှိမ့်ချပြီး ခေါ်ဖူးတယ်။ 'ထိုငါသည် မိဘများ မလိုလား၍ ငိုကြွေးကြစဉ် ဆံမုတ်ဆိတ်ကို ရိတ်ပယ်ပြီး ဖန်ရည်ဆိုးအဝတ်ကိုဝတ်၍ ရဟန်းပြုခဲ့၏'လို့ ဗုဒ္ဓရဲ့ နှုတ်တော်မှ နိဂဏ္ဌာတက္ကတွန်းရဲ့ သား သစ္စက (မ ၁၊ ၃၀၃)၊ သိဂါရဝ ပုဏ္ဏားငယ် (မ ၂၊ ၄၂၄) စတဲ့ ပုဂ္ဂိုလ်တွေကို မိန့်တော်မူဖူးပါတယ်။

ဒါကတော့ မူရင်းပါဠိတော်တွေမှာပါတဲ့ ဗုဒ္ဓဆံတော်နဲ့ ပတ်သက်တဲ့ အတွေးအမြင်ကို ခန့်မှန်းကြည့်ဖို့ပါ။ ဒီစာအရ ဗုဒ္ဓဘုရားရှင်ဟာ ဆံပင်နဲ့ မုတ်ဆိတ် ကျင်စွယ်ကို ရိတ်ပယ်ထားတယ် ဆိုတာလောက်တော့ အသေအချာ ဆိုနိုင်တယ်။

'(မင်းသား သိဒ္ဓတ္ထသည်) သန်လျက်ကို ထုတ်ပြီး လက်ယာလက်ဖြင့် သန်လျက်ကို ကိုင်လျက် သရဖူနှင့်တကွ ကျစ်ထားသည့်ဆံကို ဖြတ်၏။ ဆံတော်သည် လက်နှစ်သစ်မျှလောက်သာ အရှည်ကျန်ပြီး

ညာဖက်သို့ ရစ်ခွေလျက် ဦးခေါင်းပေါ်၌ တည်နေ၏။ ဆံပင်များသည် အသက်ထက်ဆုံး ထိုထက် ပိုမရှည်တော့ဘဲ မုတ်ဆိတ်မွေးများလည်း အနေတော်မျှသာ ကျန်၏။ နောက်ထပ် ဆံမုတ်ဆိတ်ကို ရိတ်ဖြတ်ခြင်း ကိစ္စ မရှိတော့ချေ (ဇာ-ဋ ၁၊ ၇၄)'။

သက္ကတကျမ်းတွေ ဖြစ်ကြတဲ့ လလိတဝိတ္ထာရ (အင်္ဂလိပ်၊ ပြန်၊ စာ-၂၁၂)နဲ့ မဟာဝတ္ထု (အင်္ဂလိပ်၊ ပြန် ၂၊ စာ-၅၆) ကျမ်းတွေမှာလည်း ဆံတော်ကို ဓားနဲ့ ဖြတ်ပြီး ကျန်တဲ့ဆံတော်တွေက ခေါင်းပေါ်မှာ အမြဲ တမ်း ရှိနေတယ်လို့ ဖော်ပြပါတယ်။ ဆန်ချီစေတီ တောင်ဖက်ဂိတ် ကျောက်တိုင်က ဆံတော်ပယ် ရုပ်ကြွ (ဘီစီ ၅၀)မှာလည်း ဆံတော်ကို ဓားနဲ့ဖြတ်ပြီး တစ်ဝက် ကျန်နေတဲ့ ပုံကို တွေ့ရပါတယ် (A Giude to Sanchi, Sir John Marshall, p. 51)။

ဒါတွေအရဆိုရင် ဗုဒ္ဓရဲ့ ဦးခေါင်းပေါ်မှာ ရစ်ခွေနေတဲ့ လက်နှစ် သစ်လောက် ဆံပင်ရှည် ရှိတယ်လို့ ဆိုနိုင်ပါလိမ့်မယ်။

## ဗုဒ္ဓဆင်းတုပုံစံ နှစ်မျိုး

ဗုဒ္ဓဝါဒကျမ်းစာတွေကို အခြေခံ၍ပင် ရှေးခေတ်တစ်ချိန်က ဗုဒ္ဓဆံတော်နဲ့ ပတ်သက်ပြီး အဓိပ္ပာယ် ကောက်ယူမှု နှစ်မျိုးဖြစ်သွားခဲ့ပုံရတယ်။

၁) ရှေးအကျဆုံး ပါဠိတော်ကျမ်းတွေ (၎င်းတို့ နားလည်ပုံ) အရ ဗုဒ္ဓဟာ ဆံတော်ကို ရိတ်ပယ်ထားတယ် သို့မဟုတ် ဦးခေါင်းတော်မှာ ဆံပင်ရှည်ရှည် မရှိဘူး။ မုတ်ဆိတ်မွေးလည်း မရှိဘူး။

၂) နှောင်းခေတ် သက္ကတနဲ့ ပါဠိဘာသာ မှတ်တမ်းတွေ ဖြစ်ကြတဲ့ လလိတဝိတ္ထာရ၊ မဟာဝတ္ထုနှင့် ဇာတကအဋ္ဌကထာ နိဒါန်းတို့မှာ ဖော်ပြ သလို ဗုဒ္ဓရဲ့ ဦးခေါင်းပေါ်မှာ ရစ်ခွေနေတဲ့ ဆံပင်ရှည် ရှိတယ်။

ပန်းပုပညာ ထွန်းကားလာတဲ့ နှောင်းခေတ်မှာ အိန္ဒိယနိုင်ငံ မထု ရာမြို့က ပန်းပုပညာရှင်တွေဟာ အဲဒီ အစဉ်အလာ နှစ်မျိုးနှင့်အညီ အ ပြိုင်အဆိုင် ဗုဒ္ဓဆင်းတုတွေ ထုပ်လုပ်ကြတယ်လို့ ဆိုပါတယ်။ ပထမ အစဉ်အလာကို လိုက်နာတဲ့ ဆံထုံးမပါတဲ့ ဗုဒ္ဓဆင်းတုတွေကို မထုရာ (Mathura)၊ မန်ကောရာ (Mankuar) နှင့် မိဂဒါဝုန် (Sarnath)တို့မှာ တွေ့

ရတယ်။ ယနေ့ခေတ် မြန်မာ သီရိလင်္ကာ ယိုးဒယားစတဲ့ ထေရဝါဒနိုင်ငံတွေမှာတော့ ဒုတိယအစဉ်အလာကို လိုက်နာတဲ့ ရစ်ခွေနေတဲ့ ဆံပင်ပုံစံနဲ့ ဆင်းတုတော်တွေက လွှမ်းမိုးသွားပုံရပါတယ်။

(၃) ပဉ္စဝဂ္ဂီငါးဦးလည်း ဗုဒ္ဓမပွင့်မီက မောက္ခကို ရှာမှီးကြတဲ့ ရင့်ကျက်ပညာတတ်အုပ်စုဝင် ပုဂ္ဂိုလ်များဖြစ်လို့ အနီးစပ်ဆုံး ဆံမုတ်ဆိတ်ကိုရိတ်ပယ်ထားပြီး အဝါရောင် ဖန်ရည်ဆိုးအဝတ်ကို ဝတ်ထားတဲ့ ရသေ့ရဟန်းအသွင်မျိုးပဲ ဖြစ်နိုင်မယ်လို့ ထင်ပါတယ်။

မြန်မာပန်းချီဆရာအချို့ သရုပ်ဖော်သလို အင်္ကျီပြု ဝတ်ပြီး ဆံပင်တစ်ထွာတစ်တောင်လောက်နဲ့ မုတ်ဆိတ်မွေးကို ပွတ်သပ်ပြီး ဓမ္မစကြာတရားဦး နာယူနေတဲ့ ပုံစံမျိုးတော့ ပုံမဖော်ရဲပါ။ ဗုဒ္ဓခေတ် တောထွက်တဲ့ ရသေ့ရဟန်းအချို့ရဲ့ အသုံးအဆောင် (ပရိက္ခရာ)ထဲမှာ ဆံပင်ကိုပါရိတ်ဖြတ်နိုင်တဲ့ ဓားသေးသေးတစ်ချောင်း ပါတာကိုလည်း သတိပြုသင့်ပါတယ်။ ဒါပေမယ့် 'ဇဋာဓာရိတာယ ဇဋိလာ (ဥဒါန-ဋ္ဌ၊ ၅၇)' အရ ဆိုရင်တော့ ဆံပင်မရိတ်တဲ့ ရသေ့ရဟန်းတစ်မျိုးလည်း ရှိနိုင်ပါတယ်။

(၄) ရဟန်းတစ်ပါးဟာ နှုတ်ထွက် ကြမ်း၊ အနေအထိုင် မသပ်ရပ်ပေမယ့် တစ်ခါတစ်ရံ သီလသိက္ခာကို လိုက်နာပြီး ကောင်းကောင်း မွန်မွန်စာပေပရိယတ္တိ သင်ကြားနေတဲ့ ပုဂ္ဂိုလ်ဖြစ်နေတတ်တယ်။ တကယ်လေးစားတယ်၊ ရဲကြီးမှာလည်း ကြောက်သပဆိုရင် အသင့်နှလုံးသွင်း (positive thinking)မျိုး ထားသင့်ပါတယ်။ ရဟန်းသံဃာ အများစုဟာ သာမန် ပုထုဇဉ်မျှသာဖြစ်လို့ ပုထုဇဉ်အငွေ့အသက် တွေမြင်ရတာဟာ မျှတာပါတယ်။ မွေးရာပါ ဝါသနာဗီဇကို ဘုရားက လွဲလို့ ရဟန္တာကြီးတွေတောင် မပယ်နိုင်တဲ့ သာဓကတွေ ရှိပါတယ်။

ဒါကြောင့် မိမိမကြည်ညိုရင် ငြိမ်ငြိမ်သာနေပါ။ သီလသိက္ခာ ကျိုးပေါက်တာ မသေချာဘဲနဲ့ အဲဒီဘုန်းကြီး အကြောင်းကို မကောင်းဆိုပြီး အကြည်ညို ပျက်အောင်လည်း သူများကို မဆွယ်ပါလေနဲ့။ စိတ်ထဲက ဒေါသငွေ့လေးတွေ နှုတ်ပေါ်ကို ရောက်လာရာကနေ နိုးရာလူတွေကို

ရဟန်းတော်ဖက် မေးငေ့ါပြီး 'ကြည့် ... ကြည့်၊ အဲဒီ ကိုယ်တော်ပဲပေါ့' လို့ ပြောဆိုဆဲမှာ ကုသိုလ်စိတ်တွေ ဖြစ်နိုင်မယ်လို့ ထင်ပါသလား။ ❑



# အထက်ပစ္စယာနှင့် အမျိုးသမီး

ရှိသေ လေးစားစွာ လျှောက်ထားအပ်ပါသည် ဘုရား၊

သမီး ၆ တန်းနှစ်က မိသားစုနှင့်အတူ ရွှေတိဂုံဘုရားကို သွားတော့ ဖေဖေနှင့် ကိုကိုက အထက်ပစ္စယာကို တက်သွားကြပါသည်။ မေမေနှင့်သမီးက အောက်မှာ ကျန်ခဲ့ရပါသည်။ အပေါ်ကို လိုက်ဖို့ ပူဆာတော့ သမီးက မိန်းကလေးဖြစ်လို့ အပေါ်ကိုတက်လို့ မရဘူး၊ ငရဲ ကြီးလိမ့်မယ်လို့ မေမေက ပြောပါသည်။ ကျိုက်ထီးရိုးဘုရားကို သွားတုန်းကလည်း ထူးဆန်းမြင့်မြတ်တဲ့ ကျောက်တုံးကြီးကို ကိုင်ပြီး အဓိဋ္ဌာန်ချင်တာ မိန်းကလေးဖြစ်နေလို့ မဝင်ခဲ့ရပါ။ စိတ်ထဲက အားမလို အားမရဖြစ်မိပါသည်။ တပည့်တော်အနေနဲ့ ရွှေတိဂုံဘုရား အထက်ပစ္စယာကို တက်ပြီး ပုတီးစိပ်လိုစိတ် အလွန်ပြင်းပြစွာ ဖြစ်ခဲ့ဖူးပါသည်။ အဘယ်ကြောင့် ဗုဒ္ဓဘာသာမှာ အမျိုးသမီးတွေကို အဲဒီလို ခွဲခြား ဆက်ဆံရပါသနည်း။ မြင့်မြတ်တဲ့ နေရာတွေကို အမျိုးသမီးတွေ တက်ရင် ငရဲကြီးတယ်လို့ မြတ်စွာဘုရား ဟောတော်မူတာ ရှိပါသလား။ ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား။

နန္ဒာဖူးပွင့်လှိုင်

---

## ကျောင်းလှူရတဲ့ ဗုဒ္ဓသက်နိုး

ဂရုကြီးဖို့ ကျားမ မခွဲခြားပါဘူး။ စိတ်ထားသာ အဓိကပါ။ ဘုရားပေါ်ကို တက်ရုံနဲ့ ဂရုကြီးတယ်ဆိုရင် ယောကျ်ားတွေ တက်လည်း ဂရုကြီးရမှာပေါ့။ အထက်ပစ္စယာပေါ်မှာ ရည်းစားနဲ့ ချိန်းတွေ့ပြီး ဘုရားဖူးတွေ မျက်စိကျိန်းအောင် လုပ်ရင်တော့ ဘယ်သူမဆို ဂရုကြီးမှာပေါ့။ အမျိုးသမီးတွေကို ရဟန်းပြုခွင့်ပေးတာ၊ ရဟန်းမိန်းမတွေကိုလည်း အဂ္ဂသာဝိကာ အမြတ်ဆုံး တောဒဂ်ပေးတာ၊ အမျိုးသမီး ရဟန္တာဖြစ်ရင် အမျိုးသား ရဟန္တာနဲ့တန်းတူ လောကရဲ့ ပူဇော်အထူးကို ခံထိုက်တာတွေဟာ ဘာသာရေးမှာ မိန်းမ ယောကျ်ား မခွဲခြားလို့ပေါ့။ ဗုဒ္ဓဒေသနာအရ အယုတ် အမြတ်ဆိုတာ ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ အသားရောင်၊ ဇာတ်ဆိုတာတွေနဲ့ မပတ်သက်ဘူး။ မြတ်စွာဘုရားဟာ သေပြီး ပုပ်ဆွေးနေပြီဖြစ်တဲ့ ပုဏ္ဏာအမည်ရှိတဲ့ ကျွန်မရဲ့ အလောင်းကို ပတ်ထားတဲ့ ပိတ်စကို ကိုယ်တိုင် ခွာယူ၊ မြစ်ထဲမှာ ကိုယ်တိုင် လျှော်ဖွပ်ပြီး ကိုယ်တိုင် သက်နိုးချုပ် ဆိုး ဝတ်ရုံတော်မူပါတယ်။ ပိတ်စကို အလောင်းကောင်က ခွာစဉ်မှာ မြေကြီးက အံ့ချီးပြုတဲ့အနေနဲ့ လျှောင်တောင် လှုပ်သတဲ့။ အဲဒီ သက်နိုးဟာ အမွန်မြတ်ဆုံးလည်း ဖြစ်ပါသတဲ့။

ပုဏ္ဏာဟာ ကျွန်လည်း ဖြစ်တယ်၊ မိန်းမလည်း ဟုတ်တာပဲ။ ဗုဒ္ဓက သကျမျိုး၊ မင်းသား၊ တစ်လောကလုံးရဲ့ အမြတ်ဆုံးပုဂ္ဂိုလ်။ ဗုဒ္ဓဟာ ပရမတ္ထဝါဒီ (အရှိကို အရှိအတိုင်းမြင်တဲ့ ပုဂ္ဂိုလ်) အစစ်ပါ။ ဒါကို သတိပြုမိရင် အမျိုးသမီးတွေ ဘုရားငြမ်းပေါ် မတက်ရဆိုရင် ဆီလျော်တဲ့ ယုတ္တိရှိပေမယ့် အမျိုးသမီး ရွှေတိဂုံဘုရား အထက်ပစ္စယာကို မတက်ရ ဆိုတာမျိုးအတွက်တော့ ခိုင်လုံတဲ့ အကြောင်းပြချက် မရှိနိုင်ပါဘူး။

## ခြားနားချက်တော့ ရှိမယ်

ယောကျ်ား မိန်းမလို့ ကွဲပြားနေရတာကိုက ခြားနားတဲ့ သဘာဝကြောင့်ပဲ မဟုတ်လား။ ကမ္ဘာအေးမှာ နေတုန်းက ညနေ လမ်းလျှောက်တော့

ခွန်ရှစ်အရွယ် ကောင်လေးနဲ့ ကောင်မလေး နှစ်ယောက် (မောင်နှမ ဖြစ်နိုင်တယ်) ဂေါက်ကွင်းဖက်က ဘဲဥကန်ဖက်ကို ပြေးလာတယ်။ ကောင်လေးက ခါးလောက်မြင့်တဲ့ သံဇကာခြံစည်းရိုးကို ခုန်တက်ပြီး ဒီဖက်ကို လွှားခနဲ ကျော်ချလိုက်တယ်။ ကောင်မလေးကလည်း ကောင်လေးကို တုပြီး အားကျမခံ ခုန်တက်တယ်။ ဒါပေမယ့် သံတိုင်နဲ့ ဂါဝန်စွန်း ချိတ်မိလို့ ဂါဝန် ပြဲပြီး မှောက်လျက် ကျတယ်။ ပင်လယ်ကွေ့ စစ်ပွဲတုန်းက အမေရိကန် လေတပ်က ဗုံးကြဲ လေထီးမယ်တွေ ရန်သူ့လက်ထဲ ရောက်သွားတော့ မိန်းမဟာ မိန်းမပဲ။ ကြောင်ထီးဟာ ပြိုင်ဖက်အခြား ကြောင်ထီးတွေနဲ့ တိုက်ခိုက်တဲ့အခါ သူသေကိုယ်သေပဲ။ ဒါပေမယ့် ချစ်သူကြောင်မ ကုတ်ဖဲ့တာကိုတော့ ဘာမှ မတုံ့ပြန်ဘူး။ ဒီသဘာဝကို မြင်နိုင်ရင် ပရမတ္ထတရားရဲ့ အခြားတစ်ဖက်မှာ အဖိုနဲ့အမ နက်နဲတဲ့ ခြားနားချက်တွေ ရှိနေတာ သေချာတယ်။

အမျိုးသားတွေနဲ့ ရင်ဘောင်တန်းဖြစ်ဖို့ ဘယ်လောက်ပဲ အရေးဆိုစေ အားလုံးထပ်တူတော့ မဖြစ်နိုင်ဘူး။ အမျိုးသမီးတွေအားလုံး အမျိုးသားတွေရဲ့ အကျင့်စရိုက်လို ဖြစ်ကုန်ပြီဆိုရင်လည်း လောကကြီးဟာ ကမ္ဘာဦးခေတ်ကို ပြန်ရောက်သွားနိုင်တယ်။ အမျိုးသမီးတစ်ယောက် လမ်းပေါ်မှာ ဝတ်လစ်စလစ် အိပ်နေလို့ သင့်နိုင်ပါ့မလား။ ယောကျ်ားက တစ်ပြိုင်နက် မိန်းမနှစ်ယောက် ယူတာ၊ မိန်းမက တစ်ပြိုင်နက် ယောကျ်ား နှစ်ယောက်ယူတာ ဘယ်ဟာက အခြေအနေ ပိုဆိုးမလဲ။

ဒီခြားနားချက်တွေကို မြတ်ဗုဒ္ဓ မသိကျိုးကျွံ ပြုတော်မမူဘူး။ မြတ်ဗုဒ္ဓဟာ အဲဒီလောကအထာနဲ့ ကိုက်ညီမယ့် ဘိက္ခုနီ (ရဟန်းမိန်းမ)တွေအတွက် သီးခြား စည်းကမ်းလေးတွေ ထားပေးပါတယ်။ ရဟန်းမတွေ ရဟန်းမပြုခင် အထူးလိုက်နာရမယ့် စည်းကမ်း ၈ ခုထဲမှာ ရဟန်းမိန်းမတွေ သိက္ခာ ဘယ်နှစ်ဝါ ရရ (ဝါဘယ်လောက် ကြီးကြီး) ယနေ့ပြုတဲ့ ရဟန်းပေါက်စကို ရှိခိုးရမယ်လို့ ပါတယ်။ ဒါလည်း အမျိုးသမီးတွေကို နှိမ့်ချတဲ့ သဘောမျိုး မဟုတ်နိုင်ဘူး။ ဂုဏ်ရည်တူနေရင် ယောကျ်ားတွေထက် ဘဝင်မြင့်တတ်တဲ့ အမျိုးသမီး (အထူးသဖြင့် မိထွေးတော်

ဂေါတမီလို မာန်ကြွတဲ့ သကျမျိုး မိန်းမတွေ)ရဲ့ သဘာဝကြောင့် မင်္ဂိုလ်ကို တကယ်ရချင်တဲ့ အမျိုးသမီးတွေကို ဦးစွာ မာန်မာန ချိုးနှိမ်ဖို့ ရည်ရွယ်ခဲ့တာ ဖြစ်နိုင်တယ်။ သကျ မင်းသားတွေက ဆံသလုလင်ကို အရင် ရဟန်းပြုခိုင်းတာလည်း ကိုယ့်ရဲ့ အမျိုးမာန် ပညာမာန် ရာဇမာန်တွေကို ချိုးနှိမ်ဖို့ ရည်ရွယ်ခဲ့တာပဲ။

## ခြားနားတဲ့ ယဉ်ကျေးမှုတွေ

သီရိလင်္ကာဘုန်းကြီးနဲ့အတူ သီရိလင်္ကာအိမ်ကို ဆွမ်းစား လိုက်သွားဖူးတယ်။ ဆွမ်းစားပြီးလို့ ပရိတ်ရွတ်မယ်လုပ်တော့ အိမ်ရှင် မိန်းကလေးက ဇတ်ကနဲဆို ဘုန်းကြီးတွေဖက် ခြေဆင်းပြီး ထိုင်ချလိုက်တယ်။ ဝတ်ထားတဲ့ ဂါဝန်က ဒူးခေါင်း ဖုံးရုံလေး။ လက်အုပ်တော့ ချီထားပါတယ်။ ဒါ သူတို့ ယဉ်ကျေးမှုပဲ။ မြန်မာမိန်းကလေး ဘုန်းကြီးရှေ့ ဒီမျိုးလုပ်ရင် ရိုင်းတယ် ဆိုမှာပေါ့။ လူနာရှင်ဟာ ဆေးကို လက်ခလယ်နဲ့ ဖျော်ရင် လူနာလပ်ကီး၊ ဆေးထိမယ်ဆိုတဲ့သဘောလို့ မြန်မာ ဗိန္ဓော ဆရာတွေက ယူဆတယ်။ အမေရိကမှာတော့ လူတစ်ယောက်ကို ကျန်လက်ချောင်းတွေကို စုကွေးပြီး လက်ခလယ် တစ်ချောင်းတည်းကို ထောင်ပြရင် ပြတဲ့လူ သေနတ်နဲ့တောင် ပစ်သတ်ခံရနိုင်တယ်။ အဲဒီလို လုပ်ပြတာဟာ ယောကျ်ားအင်္ဂါပုံကို လုပ်ပြပြီး ဆဲတာနဲ့ တူပါသတဲ့။

Phoenix (ဖိနစ်စ်)မြို့ ရက္ခဗေဒဥယျာဉ်ကို သွားတုန်းက ဗုဒ္ဓဘာသာ ကိုရီးယားအဖိုးကြီး တစ်ယောက်နဲ့ တွေ့တယ်။ ဘာသာရေး တော်တော် ကိုင်းရှိုင်းပုံပဲ။ သူက ဘုန်းကြီးကို သစ်ပင်တွေကို ခြေထောက်နဲ့ ထိုးထိုး ပြတယ်။ စပ်ဖျင်းဖျင်းတော့ ခံစားမိရဲ့။ မြန်မာရှုထောင့်နဲ့ဆို အဲဒီလူ ငရဲကြီးမှာပဲ။ ဒါကြောင့် စိတ်ထားကိုပဲ ဘုန်းကြီး ညွှန်းတာပေါ့။ အဲဒီလို ခြားနားတဲ့ ရှေးရိုး ယုံကြည် စွဲလမ်းမှုတွေကို အခြေပြုတဲ့ ကျား မ ခွဲခြားမှုတွေ ရှိရာကနေ ဘာသာတရားနဲ့ ရောထွေးသွားပြီး ဘုရားပေါ် မိန်းမ မတက်ရ ဆိုတာမျိုးတွေ ဖြစ်လာပုံရတယ်။

**အယူအဆ ပြောင်းလဲခြင်း**

ဝိနည်း မသင်ဖူးတဲ့ တောထွက် ကိုယ်တော်တစ်ပါးနဲ့ အတူနေဖူးပါတယ်။ ဆွမ်းစားနေတုန်း အကပ်ခံပြီးသား ဆွမ်းဟင်းခွက်ကို လူတွေက မီအောင်လို့ ဘုန်းကြီးနားကို တိုးပေးရင် ယယ်ပါကို သံစူးသလောက်နီး စိတ်ဆိုးတာပဲ။ သူက ဆရာကြီးဆိုတော့ သိပေမယ့် ကြည့်နေရတာပေါ့။ ပတ်သက်သူ ဒကာဒကာမတွေလည်း ကပ်ပြီးသားကို မကိုင်ကောင်းဘူးလို့ပဲ နားလည်နေကြပြီ။ ကြာရင် အဲဒီ ဝိနည်း မဟုတ်တဲ့ ဝိနည်းဟာ ဝိနည်းအစစ်လို ဖြစ်သွားနိုင်တယ်။ ('စွန့် ချ ပေး လု မစ္စု လိင်ပြန် ဤခြောက်တန် ကပ်ခံပျက်ကြောင်းတည်း'တဲ့။ တော်ပြီလို့ စွန့် လိုက်ရင်၊ လူထွက်ရင်၊ စားနေဆဲ လူသာမဏေကို ပေးလိုက်ရင်၊ အလု ခံရရင်၊ ဘုန်းကြီး သေရင်၊ ဘိက္ခုကနေ ဘိက္ခုနီ ပြောင်းသွားရင် ဒီ ၆ မျိုးကြောင့်ပဲ အကပ် ပျက်တာပါ။)

ယိုးဒယားမှာ အမျိုးသမီး လက်ထဲက အလှူပစ္စည်းကို ဘုန်းကြီးက လက်နဲ့ ထိပြီး အလှူမခံဘူး။ သင်္ကန်းရောင် ပိတ်စရှည်လေးနဲ့ ထိပြီး ခံယူရတယ်။ ဒါပေမယ့် ဝိနည်းအမှန်မှာ အဲလို လုပ်စရာမလိုဘူး။ ဒါလည်း ခုနက တောထွက်လို ဟန်လုပ်ပြီး ဝိနည်းကို လေးစားပြရာကနေ ပြောင်းလဲသွားတဲ့ အယူအဆ ဖြစ်နိုင်တယ်။ (ဆက်ကပ်သူဟာ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ ဘုန်းကြီးအနေနဲ့ ခန္ဓာကိုယ်နဲ့ ဒါမှ မဟုတ် ကိုယ်နဲ့ ထိစပ်နေတဲ့ ပစ္စည်းနဲ့ ခံယူကောင်းပါတယ်။)

တစ်ခုတော့ ရှိတယ်၊ လေးစားလွန်းလို့ ဆရာတော်ကြီးတွေ ဘုဉ်းပေးနေတုန်း ဆွမ်းခွက်ကို ဟိုကိုင်ဒီရွှေ့ မလုပ်ဘူး၊ ဘုန်းကြီးကို ကြည်ညိုလွန်းလို့ ဒကာမတွေက ဘုန်းကြီးလက်ထဲကို အလှူပစ္စည်းကို မထည့်ဘူး ဆိုရင်တော့ ကိုယ့်သဘောပဲ။ ဝိနည်းနဲ့တော့ မဆိုင်ဘူး။ ရတနာသုံးပါးကို အထွတ်အမြတ် ထားလွန်းရာကနေ တည်ရှိပြီး ရိုးရာယုံကြည်မှုတွေနဲ့ ရောပြီး ဒီအထွတ်အမြတ် နေရာတွေကို မိန်းမ မတက်ရ မဝင်ရ ဆိုတဲ့အထိ ယုံကြည်မှု ဆင့်ကဲ ပြောင်းလဲသွားခဲ့တာလည်း ဖြစ်နိုင်တယ်။

**အဝိရောဓိအမြင်**

ဗုဒ္ဓဝါဒ ရှုထောင့်အရ ယောက်ျား တက်ခွင့်ရတဲ့ ဘုရားပေါ်ကို မိန်းမ တက်လို့ ရေမကြီးဘူးလို့ မှတ်ဖို့ပါ။ မိန်းမ မတက်ရ ကန့်သတ်ချက်ဟာ ရိုးရာစွဲကို အခြေခံနိုင်သလို၊ ရတနာသုံးပါးကို လေးစားလွန်းရာကနေ ပြောင်းလဲသွားတဲ့ အယူအဆလည်း ဖြစ်နိုင်တယ်။ စေတီဘုရားစတဲ့ နေရာအချို့မှာ မိန်းမ မတက်ရ၊ မဝင်ရ ဆိုတာဟာ ယုံကြည်စွဲလမ်းမှု အခြေခံနဲ့ ရာစုနှစ်တွေချီပြီး ကြာနေပြီဖြစ်တဲ့ တားမြစ်ချက် ဖြစ်ပါတယ်။ မိန်းမတွေ တက်လို့ ဝင်လို့ မရှေးမနှောင်းမှာ တိုက်ဆိုင်မှု ဆိုးကျိုး တစ်ခုခု ဖြစ်ရင် ဒါကြောင့်ပဲလို့ ယိုးမယ် စွဲကြမှာပဲ။

ဒါကြောင့် မိန်းမတွေ တက်ခွင့်ပြုဖို့ အရေးဆိုမယ် ဆိုရင်တောင် လူတွေ နားလည်လက်ခံအောင် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရပါလိမ့် ဦးမယ်။ ကျားမ မခွဲပါဘူးဆိုတဲ့ အမေရိကမှာတောင် အမျိုးသမီး သမ္မတ ဖြစ်ဖို့ မလွယ်သေးဘူး။ အမေရိကန် ပြည်တွင်းလေယာဉ်တွေကို ဘုန်းကြီးတို့ စီးရင် များသောအားဖြင့် အထူးစစ်ခန်းကို သွားရတယ်။ ခြားနားတဲ့ ယဉ်ကျေးမှုကြောင့် အမြင်မတူလို့ ယောကျာ်းဖြစ်ရက်နဲ့ အဲဒီလို ခွဲခြားဆက်ဆံ ခံရသေးတာပဲ။



ခြားနားချက်

×××

ယုတ်မြတ်ဟူက ဤလောက၌
မိန်းမယောက်ျား သဘောအားဖြင့်
ခြားနားမရှိ သားချစ်သိလော့
သတိပညာ အရင်းသာတည်း။
(မဃဒေဝ၊ ပိုဒ် ၁၁၄)

# မိတ်ဆွေကိုယ်နှဲ့ ခရီးသွား

ရိုသေစွာ မေးလျှောက်အပ်ပါသည် ဘုရား၊

ခင်ပွန်းကြီးငါးပါးတွင် ပါဝင်သော ပုဂ္ဂိုလ်များကို သိလိုပါသည်။ ခင် ပွန်းကြီးငါးပါးကို သတ်ဖြတ်သူ၊ သတ်ရန် ကြိုးစားသူများ ခံရမည့် အပြစ်များကို သိလိုပါသဖြင့် ကရုဏာရှေ့ထား၍ ဖြေကြားပေးစေလိုပါသည် အရှင်ဘုရား။

ချောကလျာ

---

**ခင်ပွန်းကြီး ဆယ်ပါး**

ခင်ပွန်းကြီးငါးပါးလို့ အချို့မှတ်စုတွေမှာ ဖော်ပြပါတယ်။ အချို့မှတ်စုတွေကတော့ ခင်ပွန်းကြီးဆယ်ပါးလို့ ဆိုပါတယ်။ ခင်ပွန်းကြီးငါးပါးဆိုရင် အနန္တငါးပါးကိုပဲ ဖော်ပြတဲ့အတွက် မထူးခြားပါဘူး။ ဒါကြောင့် ဘုန်းကြီးကတော့ ခင်ပွန်းကြီး ဆယ်ပါးဆိုတာကို နှစ်သက်ပါတယ်။ ပါဠိပိဋကတ်မှာ တိုက်ရိုက်မလာတဲ့အတွက် ဘယ်မှတ်စုကို အတည်ယူပါလို့ မတိုက်တွန်းလိုပါဘူး။ ဘုန်းကြီးငယ်ငယ်က ရဘူးတဲ့ ဘယ်သူ ရေးတယ်လို့ မသိတဲ့ ခင်ပွန်းကြီးဆယ်ပါးပြ ပါဠိဂါထာလေးကို ဓမ္မလက်ဆောင် ပေးလိုက်ပါတယ် -

> ဗုဒ္ဓေါ ပစ္စေကဗုဒ္ဓေါ စ၊ သာဝကာ အဂ္ဂသာဝကာ။
>
> မာတာပိတု ဂုရု သတ္ထာ၊ ဒါယကာ ဓမ္မဒေသကာ။

ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓသာဝက (ဖောဓိဉာဏ်ရတဲ့ ဗုဒ္ဓရဲ့တပည့်တွေ)၊ အဂ္ဂသာဝက (မြတ်ဗုဒ္ဓရဲ့ အကြီးမြတ်ဆုံး တပည့်နှစ်ဆူဖြစ်တဲ့ အရှင်သာရိပုတြာနဲ့ အရှင်မဟာမောဂ္ဂလ္လာန်)၊ အမိ၊ အဖ၊ ငယ်ဆရာ၊ အတတ်ပညာသင်ပေးတဲ့ဆရာ၊ စားဝတ်နေရေးနဲ့ ဆေး ပစ္စည်းလေးပါး ပေးကမ်းထောက်ပံ့သူ၊ သစ္စာလေးပါး တရားဟောကြားသူလို့ ခင်ပွန်းကြီး ဆယ်ပါးကို ရေတွက်ကြည့်ပါ။

## ဒဏ်ဆယ်မျိုးသင့်တယ်

ခန္ဓာကိုယ် အားနည်းတတ်တယ်။ ကိုယ်လက်အင်္ဂါ ပျက်စီးတတ်တယ်။ ဆွေမျိုး မိဘ သားချင်းတွေနဲ့ သေကွဲရှင်ကွဲ ကွဲတတ်တယ်။ ကုမရတဲ့ ရောဂါဝေဒနာ ဖြစ်တတ်တယ်။ စီးပွားပျက်တတ်တယ်။ နေအိမ်အလုပ်ရုံ မြို့ပြပြည်ရွာ မီးလောင်တတ်တယ်။ ရူးသွပ်ရောဂါ ရတတ်တယ်။ မင်းဘေးမင်းဒဏ် သင့်တတ်တယ်။ စွပ်စွဲခံရတတ်တယ်။ ဒီဘဝ မဂ် ဖိုလ်နိဗ္ဗာန်ကို အားထုတ်လို့ မရတဲ့အပြင် သေရင် ငရဲရောက်တယ်။ ဒါ ကတော့ ဆရာသမားတွေ့ရဲ့ အဆုံးအမပါ။

## ကျေနိုင်မကျေနိုင်

စိတ်နဲ့ ပြစ်မှားမိရင် ကျေနိုင်တယ်။ ကိုယ်နဲ့နှုတ်နဲ့ ကိုယ်ထိလက်ရောက် ပြစ်မှားမိရင်တော့ ကမ္မပထ မြောက်ပြီးဖြစ်လို့ တောင်းပန်ရင်လည်း မကျေနိုင်ဘူး။ စိတ်ထဲက ပြစ်မှားမိရင် ကျေပါစေ၊ အပြစ်မရှိရင်လည်း ကောင်းကျိုးချမ်းသာ ဖြစ်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဲဒီ ခင်ပွန်းကြီး ဆယ်ပါးကို ရှိခိုး ကန်တော့ကြတာ ဖြစ်ပါတယ်။ မပြစ်မှားမိအောင် ကိုယ်နှုတ် စိတ်ကို ထိန်းပြီးနေရင် အဲဒီလူကို မိတ်ဆွေဖြစ်တဲ့ ဤကိုယ်နဲ့ ခရီးသွားနေသူလို့ ဆိုတာပေါ့။ အဓိပ္ပာယ်က အဲဒီလို မဟုတ်ရင် သူ့ရန်သူဟာ သူ့ ခန္ဓာကိုယ်ပဲပေါ့။ အဲဒီရန်သူက သူ့ကို သတ်မှာပဲ။ □

ဝိပါက်

×××

သူ့ကိုသရမ်း မကြော့ကြမ်းနှင့်
လူ့နှမ်းကိစ္စ ကျိုးမလှဘူး
နိယာမမျိုး ကောင်းအဆိုးတိ
ပြစ်ကျိုးနှစ်ပါး ဖြစ်တတ်ငြားဖြေ
ဘုရားသော်မှ မလွတ်ရဘူး။

(မဃဒေဝ၊ ပိုဒ် ၂၄၆)





## ဘုရားပန်းလှူခြင်း

ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား၊

ဗုဒ္ဓဘာသာကို လေ့လာထားသူ နိုင်ငံခြားသားတစ်ယောက်က မေးပါတယ်။ ဗုဒ္ဓဘာသာဝင်တွေ ဗုဒ္ဓဆင်းတုတော်ကို ပန်းလှူတာဟာ ဗုဒ္ဓဟောကြားတဲ့ ရှစ်ပါးသီလထဲက ပန်းမပန်ရဆိုတဲ့ သိက္ခာပုဒ်နှင့် မဆန့်ကျင်ဘူးလားတဲ့။ ဗုဒ္ဓကိုယ်တိုင်ကော လှူဒါန်းလာတဲ့ ပန်းကို လက်ခံဖူးပါသလား သို့မဟုတ် ဗုဒ္ဓက မိမိကို ပန်းလှူခိုင်းပါသလားတဲ့။ တပည့်တော်အနေနဲ့ အဲဒီ နိုင်ငံခြားသားကို အဖြေပေးချင်လို့ ကျေးဇူးပြုပြီး ကျမ်းဂန်နှင့်အညီ ဆရာတော်တို့၏ နှုတ်ထွက်အဖြေကို သိလိုပါသည်ဘုရား။

မောင်ငြိမ်းချမ်း

-----------------

## ကျမ်းစာအဆို

'ရဟန်းဂေါတမသည် ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်းတို့ကို ရှောင်ကြဉ်တော်မူ၏ (ဒီ ၁၊ ၂ စသည်)'။ ဒါကြောင့် ဗုဒ္ဓဟာ ပန်းမပန် နံ့သာမလိမ်းပါဘူး။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံခါနီးမှာ အရှင်အာနန္ဒာကို 'စေတီ၌ ပန်း၊ နံ့သာ၊ နံ့သာမှုန့် (စသည်)ကို တင်လှူပူဇော်သူများအဖို့ ကြာမြင့်စွာ အကျိုးဖြစ်ထွန်း၏ (ဒီ ၂၊ ၁၁၇)'လို့ မိန့်ကြားပါတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓဟာ စေတီမှာ ပန်းနံ့သာ လှူတာကို မတားမြစ်ပါဘူး။

ဒကာဒကာမတွေ လှူဒါန်းတဲ့ ပန်းတွေ၊ နံ့သာရေမွှေး စတာတွေကို မြတ်ဗုဒ္ဓလက်တော်နဲ့ အလှူခံခဲ့ မခံခဲ့ဆိုတာကိုတော့ ကျမ်းဂန် (ပါဠိ

တော်) နှံ့သိ ပညာရှိတို့ ဖြေကြားပါကုန်။

အဒေါ် ၅ ရာစုမှာ ရေးတဲ့ အဋ္ဌကထာကျမ်းတွေမှာ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် အရှင်အာနန္ဒာဟာ မြတ်ဗုဒ္ဓ ကျိန်းစက်တော်မူခဲ့တဲ့ ဂန္ဓကုဋိတိုက်ခန်းထဲက 'ခြောက်နေတဲ့ ပန်းမှိုက်တွေကို ရှင်းလင်းတယ် (ဒီ-ဋ္ဌ ၁၊ ၃)'လို့ ဆိုတယ်။ ဒီစာအရဆိုရင် ဘုရားရှင်ဟာ ပန်းနံ့သာကို ကိုယ်ခန္ဓာမှာ အသုံးမပြုပေမယ့် အနည်းဆုံး ပန်းကလေးမျှလောက်ကိုသာ လှူဒါန်းနိုင်သူများ စိတ်ကြည်လင်ပြီး ကုသိုလ်ပွားနိုင်ဖို့ လှူဒါန်းမှုကို သည်းခံတော်မူတယ်လို့ ဆိုနိုင်အံ့ထင်ပါတယ်။

**မဖွါမပင့်ပဒါအမြင်**

ရှစ်ပါးသီလထဲက မာလာဂန္ဓသိက္ခာပုဒ်ရဲ့ အနှစ်သာရက ပန်းတွေ ရေမွှေးနံ့သာတွေနဲ့ မိမိခန္ဓာကိုယ်ကို ခြယ်သပြုပြင် အလှဆင်တာကို ရှောင်ကြဉ်ပြီး ရိုးရှင်းတဲ့ဘဝနဲ့ နေကြည့်ဖို့ပါ။ ဒါပေမယ့် သီလစောင့်ရင်းနဲ့ အိမ်ရှေ့က စားပွဲပေါ်မှာ အလှပန်းအိုး တင်မိလို့ ရှစ်ပါးသီလ မကျိုးပေါက်ပါဘူး။ မိုက်ကရိုပုန်းပေါ်မှာ တွဲလောင်းကျနေတဲ့ စပယ်ပန်းကုံးတွေကြောင့်လည်း တရားဟောပုဂ္ဂိုလ် အာပတ်မသင့်ပါဘူး။ အလှူ့ရှင်ဟာ ဘုန်းကြီး ပန်းပန်ဖို့ လှူတာမှ မဟုတ်ဘဲ။ မိမိကုသိုလ်ရဖို့ လှူအပေါင်း မျက်စိပသာဒဖြစ်ဖို့နဲ့ မိမိရဲ့ မေတ္တာစိတ်ထားကို ဖော်ပြဖို့ လှူတာ ဖြစ်ပါတယ်။ အလှူခံပုဂ္ဂိုလ်ကလည်း အလှူ့ရှင်ကို ချီးမြောက်ရုံသက်သက်ပါပဲ။ ရဟန်းဟာ ရွှေကို အလှူမခံကောင်းပေမယ့် သံဃာပိုင် ရွှေကျောင်းကြီးပေါ်မှာ နေရင် အာပတ်မသင့်ဘူး။

ကိုယ်ခန္ဓာ သန့်ရှင်းဖို့ ရည်ရွယ်ပြီး ရဟန်းတော်တွေ၊ ရှစ်ပါးသီလစောင့်သူတွေ ဆပ်ပြာမွှေးနဲ့ အသားခြောက်တဲ့ ရာသီမှာ ရေချိုးပြီးရင် ယားယံမှု မရှိအောင် Lotion တွေ သုံးသင့်ပါတယ်။

**ဒါနအနှစ်သာရ**

'ဗုဒ္ဓလောင်းလျာတွေဟာ ဗုဒ္ဓဂုဏ်ရည်နဲ့ ကြီးကျယ်ခမ်းနားမှုကိုရဖို့ ပန်းကုံး ပန်းမန်တွေကို လှူဒါန်းတယ်။ အားလုံးရဲ့ ခိုကိုးရာအနေနဲ့ လောက

ကို အလုပ်အကျွေးပြုဖို့ နေရာအဆောက်အအုံကို လှူဒါန်းတယ်။ မံသစက္ခု၊ ဉာဏစက္ခု၊ အဘိဉာဏ်စက္ခု၊ ဗုဒ္ဓစက္ခု၊ သဗ္ဗညုတဉာဏ်စက္ခု ဆိုတဲ့ စက္ခု (အလင်း)ငါးမျိုးကိုရဖို့ ပဒီပ (အလင်း)ကို လှူဒါန်းတယ်’ဆိုတဲ့ ဒါနပြုပုံနဲ့ ပတ်သက်ပြီး အဋ္ဌကထာ (စရိယာပိဋက-ဋ္ဌ၊ ၂၉၆) ဖွင့်ပြချက်ဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်။

အဲဒီလို ရည်ရွယ်ချက်ကလေးတွေထားပြီး ပန်းတတ်နိုင်ရင် ပန်း၊ နံ့သာတတ်နိုင်ရင် နံ့သာ၊ ကျောက်သံပတ္တမြား တတ်နိုင်ရင် ကျောက်သံပတ္တမြားတွေနဲ့ ဓာတု၊ ဓမ္မ၊ ဥဒ္ဒိဿ၊ ပရိဘောဂဆိုတဲ့ စေတီလေးမျိုး တစ်မျိုးမျိုးမှာ ပူဇော်တာဟာ လောကုတ္တရာရတနာကို လောကီရတနာနဲ့ ပူဇော်တာဖြစ်လို့ ဗုဒ္ဓဓမ္မနဲ့ မဆန့်ကျင်ပါဘူး။ ❑

## ငရဲဘုံနှင့် ယမမင်း

ဆရာတော် အရှင်သူမြတ်ဘုရား၊

ဗုဒ္ဓဘာသာမှာ လူတစ်ယောက် သေလွန်ပြီးနောက် ထိုလူသွားရောက်ရမည့် ဘဝကို မေးမြန်းစစ်ဆေးပြီး ဆုံးဖြတ်ပေးသည့် ယမမင်း ဆိုသည်ကို ကြားဖူးပါသည်။ ယမမင်း ဘယ်နှစ်ယောက် ရှိသလဲ၊ ဘယ်မှာနေသလဲ၊ ဘယ်လို ကုသိုလ် သို့မဟုတ် အကုသိုလ်ကြောင့် ယမမင်းဖြစ်ရသလဲ၊ ယမမင်းဆိုတာကို ဗုဒ္ဓဘုရားရှင်ရဲ့ နှုတ်တော်မှ ဟောကြားခဲ့သလား ဆိုသည်တို့ကို သိလိုပါသည်ဘုရား။ ယမမင်းနှင့် ပတ်သက်သည့် ကျမ်းဂန်ထွက် ဗဟုသုတအဖြာဖြာကို မျက်မှောက်ခေတ် အမြင်နှင့် ရောစပ်၍ ဖြေကြားပေးစေချင်ပါသည်ဘုရား။

ဦးညွှတ်လျက်　　အာသာမြင့်ထွန်း

--------------------

**ယမမင်း**

'ရဟန်းတို့၊ ငါဘုရားသည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ငရဲသို့ ကျရောက်သော သတ္တဝါတို့ကို မြင်တော်မူ၏။ လူ့ဘဝတွင် မကောင်းမှုကို ပြုသောကြောင့် ငရဲသို့ရောက်လာသူအား ငရဲထိန်းတို့က ယမမင်းထံ ခေါ်သွား၏။ ထို အခါ ယမမင်းက သင်သည် လူ့ဘဝမှာရှိစဉ် မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ (အဓမ္မမှုကြောင့်) လောကပြစ် ခံရခြင်းနှင့် သေခြင်းဟူသော နတ်တမန်ငါးယောက် ရောက်လာသည်ကို သတိပြုမိပြီး ကောင်းမှုတွေ ပြုခဲ့ရဲ့လောဟု စစ်မေး၏။ မပြုမိပါဟု ဖြေခြင်း၌ ယမမင်းက သင်သည် မေ့လျော့ပြီး ကောင်းမှုကို မပြုဘဲ မကောင်းမှုကို ပြုခဲ့ပြီ။ သင်ပြုလုပ်သည့် အကုသိုလ်မှုကို မည်သူမျှ အစားခံလို့မရ၊ သင်သာလျှင် ခံရလိမ့်မည်ဟုဆိုပြီး ဆိတ်ဆိတ်နေ၏။ ယင်းနောက် ငရဲထိန်းတို့သည် ထိုသူအား တံခါးလေးခုရှိသည့် မဟာငရဲသို့ ပို့လိုက်ကြ၏။ ထိုသူသည် အကုသိုလ်ကံ၏အကျိုးပေး မကုန်သရွေ့ ထိုငရဲ၌ ခံနေရ၏ (မ ၃၊ ၂၁၆)'။

'ယမမင်းဟူသည် (စတုမဟာရာဇ် နတ်မျိုးဝင်) ဝေမာနိကမျိုး ပြိတ္တာမင်းဖြစ်၏။ တစ်ချိန်မှာ နတ်ဗိမာန်၌ စည်းစိမ်ခံစားရပြီး တစ်ခါ တစ်ရံမှာ မကောင်းကျိုး ခံစားရ၏။ တရားစောင့်သော မင်းဖြစ်၏။ (ငရဲဘုံ ဝင် ပေါက်) ဂိတ်လေးခုတွင် ယမမင်း တစ်ယောက်စီရှိ၏ (မ-ဋ္ဌ ၄၊ ၁၈၃)'။ 'မိဿကကုသိုလ် (ဥပမာ ဝက်သတ်ပြီး အလှူပေးခြင်း စသည်)ကြောင့် ယမမင်း ဖြစ်ရ၏။ သို့ရာတွင် ယမမင်းသည် တရား အားထုတ်ပါက မဂ် ဖိုလ်ကို ရနိုင်၏ (အံ-ဋီ ၂၊ ၁၁၄)'။

'သိကြားမင်း၏ ဝရဇိန်လက်နက်၊ အာဠာဝကဘီလူး၏ ဘွဲ့ပြု လက်နက်၊ ဝေဿဝဏ်နတ်မင်း၏ သန်လျက်လက်နက်၊ ယမမင်း၏ (ဒေါသဖြင့် ကြည့်လျှင် ပြာကျစေနိုင်သော) မျက်လုံးလက်နက်ဟု လက်နက်ကြီး လေးမျိုးရှိ၏ (သံ-ဋ္ဌ ၁၊ ၂၉၀)'။

**အဓိပ္ပာယ်တစ်မျိုး**

**'သမ္ပယာတောသိ ယမဿ သန္တိကန္တိ မရဏမုခံ ဂန္တုံ သဇ္ဇော ဟုတွာ**

ဌိတောသိတိ အတ္တော (ဓမ္မပဒ-ဌ ၂၊ ၂၁၉)' အဖွင့်အရဆိုရင် ယမမင်းဆိုတာ သေမင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် ဘဝသံသရာမှ မလွတ်မြောက်သေးသမျှ ယမမင်းရဲ့ အာဏာစက်ကွင်းမှ မလွတ်သေးဘူး။ ဒီအဓိပ္ပာယ်နဲ့ ယမမင်းကို 'ဝေသာယိ' (ဇာ-ဌ ၂၊ ၂၈၈)လို့လည်း နာမည်တစ်မျိုးနဲ့ ခေါ်ပါတယ်။ ရေဲဘုံနဲ့ ယမမင်းဆိုတာ ဘုရားဟောပါ။

## လူဖြစ်ချင်သူ

ယမရာဇသုတ် (အံ ၁၊ ၁၄၀)အရ ယမမင်းဟာ အကုသိုလ်မှုကြောင့် ရေဲသို့ ရောက်လာသူတွေကို ကြည့်ရင်း 'ငါသည် လူ့ဘဝကိုရပြီး ဗုဒ္ဓဘုရားရှင် ပွင့်ခိုက်နှင့် ကြုံကြိုက်သဖြင့် ဗုဒ္ဓတရားကို ကြားနာရလို့ တရားထူးကိုရရင် သိပ်ကောင်းမှာပဲလို့' အကြံဖြစ်ပေါ်ဖူးပါသတဲ့။ အဲဒီလို ယမမင်းအကြံ ဖြစ်တာကို ဗုဒ္ဓဘုရားရှင်ဟာ သူများ အပြောကြောင့် သိတာမဟုတ်ဘဲ ကိုယ်တိုင် (သဗ္ဗညုတဉာဏ်နဲ့) သိမြင်ပြီး မြွက်ဆိုတာဖြစ်တယ်လို့လည်း အဲဒီသုတ်မှာ မိန့်တော်မူပါတယ်။

(ကြုံလို့ ဆရာကြီး ဂိုအင်ဂါအဖွဲ့က ထုတ်တဲ့ ပိဋကတ်စီဒီ၅မ်မှာ ယမရာဇသုတ်ကို ဒေဝဒူတသုတ်နှင့် ပေါင်းထားပြီး စတုမဟာရာဇသုတ်ရဲ့ နောက်ပိုင်းကို ဒုတိယစတုမဟာရာဇသုတ်လို့ စဉ်ထားတာတွေ့ရလို့ ဆဋ္ဌမူနဲ့ မတူကြောင်းပါ။ ပညာရှင်တို့ ဆင်ခြင်ပါကုန်)။

## ရေဲနှင့် ရေဲထိန်း

ရေဲဘုံ၌ နှိပ်စက်ညှဉ်းပန်းမှုများ ရှိသောကြောင့် နှိပ်စက်ညှဉ်းပန်းသူ ရေဲထိန်းများ ရှိ၏ (အဘိ ၄၊ ၄၃၀)။ ရေဲထိန်းများကို ရေဲသားတို့က ပြန်ပြီးနှိပ်စက်ကလူ မပြုနိုင် (သံ-ဋ္ဌ ၂၊ ၈၆)။ ရေဲထိန်းများလည်း ယမမင်းနှင့် အမျိုးဇာတ်တူ၏။ ရေဲမီးဟူသည် ကံကြောင့်ဖြစ်သော ဥတုဇရုပ်ဖြစ်၍ ရေဲခံရမည့်သူများသာပူပြီး ရေဲထိန်းများမှာမူ ပူလောင်ခြင်း မရှိ။ အကုသိုလ်နည်းနည်းဖြင့် ရေဲသို့ ရောက်လာသူများကိုသာ စစ်ဆေးခြင်းဖြစ်၏ (သဂြိုဟ်ဘာသာဋီကာ၊ ၂၈၄)။

မူရင်းပါဠိတော်နှင့် အဋ္ဌကထာကျမ်းတွေမှာ ရေဲဘုံအမျိုးမျိုးနှင့် ဘုံ

အလိုက် သက်တမ်းအပိုင်းအခြားတွေကို ဖော်ပြထားတာတွေ ရှိပါတယ်။ အဲဒီငရဲဘုံတွေဟာ အချို့ လူသားတို့အနီးမှာ (ဥပမာ လောဟကုမ္ဘီငရဲ)၊ အချို့ မဟာပထဝီ မြေကြီးထဲမှာ၊ အချို့ အာကာသတစ်နေရာမှာ ရှိတယ်လို့ အဲဒီကျမ်းဂန် ဖော်ပြချက်တွေအရ ဆိုနိုင်ပါတယ်။

ထူးခြားတာက ဗုဒ္ဓဝါဒမှာ ဘယ်တော့မှ ပြန်ပေါ်မလာနိုင်တော့တဲ့ ထာဝရငရဲ ဆိုတာမရှိပါဘူး။ ငရဲဆိုတာ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ကြောင့် ယာယီဖြစ်ရတဲ့ ဘဝတစ်ခုသာဖြစ်ပြီး ငရဲကနေ လူ့ဘဝ နတ်ဘဝတွေကို ပြန်ရောက်လာပြီး တရားအားထုတ်လို့ ဗောဓိဉာဏ်ကိုတောင် ရနိုင်ပါသေးတယ်။ ဒါဟာ ခွင့်လွှတ်ခြင်း၊ မတည်မြဲခြင်းဆိုတဲ့ အနှစ်သာရတွေ ကိန်းနေတဲ့ အင်မတန် လှပတဲ့ ဗုဒ္ဓဒဿနပါပဲ။

**သိပ္ပံနှင့် ဒိဗ္ဗစက္ခု**

သိပ္ပံဆရာတွေကတော့ Indian Mythology (အိန္ဒိယဒဏ္ဍာရီ)လို့ ဆိုကြမှာပဲ။ ဆိုခွင့်ရှိပါတယ်။ ဒါပေမယ့် ယခုရာစုနှစ်တွေမှာ သိပ္ပံဆရာတွေကပဲ အာကာသမှာ သက်ရှိလောက ရှိနိုင်တယ်လို့ ဆိုလာကြတယ်။ သိပ္ပံဆရာတို့က ကမ္ဘာမြေကြီးရဲ့ အတွင်းပိုင်းမှာ နေထက်တောင် ပူနိုင်တဲ့ အရည်ရှိတယ်လို့လည်း ဆိုတယ်။ ဒီတော့ **'အရည်ရှိတဲ့ နေရာတိုင်းမှာ သက်ရှိသတ္တဝါ ရှိတယ်'**ဆိုတဲ့ သိပ္ပံနိယာမရယ်၊ ရေဆူမှတ်နီးနီး ပူနေတဲ့ ရေပူစမ်းထဲမှာ ငါးလေးတွေ အသက်ရှင် နေနိုင်တာရယ်တွေကြောင့် အနီ မြေကြီးထဲက အပူရည်မှာ အကုသိုလ်ကြောင့်ဖြစ်ရတဲ့ သက်ရှိလောကတစ်ခု မရှိဘူးလို့ ဘယ်သူဆိုနိုင်မလဲ။

တရားထိုင်သူတွေ အနည်းဆုံး အလင်းနိမိတ်လောက်ကို ပိုင်ပိုင်နိုင်နိုင် ရဖူးရင် ဗုဒ္ဓရှင်တော်မြတ်ရဲ့ ဒိဗ္ဗစက္ခုဉာဏ် စွမ်းအင်ကို ခန့်မှန်းနိုင်ပါလိမ့်မယ်။ ဗုဒ္ဓဝါဒီတစ်ယောက်အနေနဲ့ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ဒိဗ္ဗစက္ခုဉာဏ်စွမ်းအားကို သိပ္ပံဆရာတို့ရဲ့ အသိဉာဏ်နှင့် မနှိုင်းယှဉ်ရဲပါ။ ❒



# ဝုတင်အကျင့်မြတ်

တပည့်တော် မေးလိုတာရှိ၍ မေးခွင့်ပြုပါဘုရား။

မကြာမီက ဆရာတော်တစ်ပါး တပည့်တော်၏ မိတ်ဆွေအိမ်သို့ ကြွပြီး ညကျိန်းပါသည်။ ထိုဆရာတော်မှာ အသက်ကြီးမှ ဘုန်းကြီး ဝတ်ပေမယ့် အလွန်-ဝိနည်းဆောက်တည်ပါသည်။ ညအချိန်တွင် ကုတင်ပေါ်မှာ မအိပ်ဘဲ ကုလားထိုင်ပေါ်တွင် ကျိန်းတော်မူပါသည်။ ကျန်းမာရေးထိခိုက်မည်စိုး၍ ကုတင်မှာ ကျိန်းရန် လျှောက်သော်လည်း လက်မခံဟု ဆိုပါသည်။ ကုတင်ပေါ်မှာ မအိပ်တဲ့အကျင့်ကို ဗုဒ္ဓ ဟောပါသလား၊ သံဃာတော်တွေ ကုတင်ပေါ်မှာ မကျိန်းရဟု ဗုဒ္ဓတားမြစ်ခဲ့ပါသလား၊ ထိုင်ကျိန်းရင် ဘယ်လို အကျိုးထူးတွေ ရရှိပါသလဲဘုရား။

ရိုသေစွာ ဦးတင်လျက် တပည့်တော် လူမင်း

-------------------

**တားမြစ်ချက်မရှိ**

မေးလိုတာ မေးနိုင်ပါတယ်။ ကြိုးစားပြီး ဖြေပေးမှာပါ။ ဆရာတော်တွေကို ဖူးမြော်တာဟာ မင်္ဂလာရှိလို့ သိပ်ကောင်းပါတယ်။ ဆရာတော်တွေနဲ့တွေ့ရင် တရားနာခွင့်လည်းရ၊ သိချင်တာတွေ မေးလျှောက်ခွင့်လည်းရလို့ ကြုံတိုင်း သွားရောက် ဖူးမြော်ပါလို့ တိုက်တွန်းပါတယ်။ အသက်လေးဆယ်နီး အရွယ်လွန်ချိန်ကျမှ ဘုန်းကြီးဝတ်လာတဲ့ ရဟန်းကို 'တောထွက်'လို့ ခေါ်လေ့ရှိပါတယ်။ ငယ်စဉ်က ဗုဒ္ဓကျမ်းစာတွေကို ကျကျနန မသင်ဖူးခဲ့လို့ ဘုရားစာသင်မယ်ဆိုပြီး စာရေးတဲ့ကံ့ကူဆံ အလှူခံဖို့ ဘုရင့်နန်းတော်ထဲ ဝင်ရဲတဲ့အထိ သတ္တိပြောင်ခဲ့တဲ့ တောထွက်ကြီး

ဦးကျည်ပွေ့အကြောင်း မြန်မာရာဇဝင်မှာ ထင်ရှားပါတယ်။ ဆရာတော် အလွန် ဝိနည်းဆောက်တည်တယ် ဆိုတာနဲ့ ပတ်သက်ပြီး အလွန် ကြည်ညိုစရာ ကောင်းတယ်လို့ပဲ ဆိုရန်ရှိပါတယ်။

ဗုဒ္ဓရှင်တော်မြတ်က ရဟန်းတွေကို ခုတင်ပေါ်မှာ မကျိန်းရဆိုတဲ့ တားမြစ်ချက်၊ ကုလားထိုင်မှာပဲ ကျိန်းရမယ်ဆိုတဲ့ ပညတ်ချက် မရှိပါဘူး။ ဒါပေမယ့် သမထဝိပဿနာကိုပဲ ရှပ်ရှပ်ချွံချွံ ကျင့်ကြံတဲ့ ရဟန်းတော်တွေနဲ့ အထူးသင့်လျော်တဲ့အတွက် ဗုဒ္ဓခွင့်ပြုတော်မူတဲ့ ဓုတင် အကျင့် (ကိလေသာတွေ လျော့ပါးအောင် လေ့ကျင့်မှု) ၁၃ မျိုးထဲမှာ နိသဇ္ဇဓုတင် (ကိလေသာနည်းအောင် ထိုင်နေခြင်း) ဆိုတာ ပါပါတယ်။

ဓုတင်အကျင့်ကြောင့် အနေအထိုင် ရိုးစင်းခြင်း၊ စိတ်ဓာတ်ဖြူစင် ခိုင်ကျည်ခြင်း၊ သမာဓိကို ခိုင်မြဲစေခြင်း၊ ဝိပဿနာပညာ ထက်မြက်လာ ခြင်းစတဲ့ အကျိုးတရားတွေကို ရရှိပါတယ်။

### အကျင့်မြတ်ကို မကြွားဝါခြင်း

တကယ့် ဓုတင်ဆောင်ပုဂ္ဂိုလ်ဟာ မိမိဓုတင်ကျင့်နေတာကို လူတွေ သိအောင် ထုတ်ဖော်ပြလေ့မရှိပါဘူး။ အကျင့်မြတ်ဆိုတာ မိမိအတွက်ပဲ ဖြစ်ပါတယ်။ မိမိကို အထင်ကြီးစေလိုတဲ့ ရည်ရွယ်ချက်နှင့် မိမိ ဓုတင် ကျင့်နေတာကို လူတွေသိအောင် မလုပ်ကောင်းဘူး။ လုပ်ရင် မာယာ (လှည့်စားတာ) သာဌေယျ (ကောက်ကျစ်တာ)လို့ ခေါ်တယ်။ လူရှေ့မှာ မျက်စိကိုမှိတ် ငြိမ်ဆိတ်ဆိတ်နဲ့ စိတ်ထဲက ဣဿာ(မနာလို) မစ္ဆရိယ (ဝန်တို) လွှမ်းမိုးနေတဲ့ ပုဂ္ဂိုလ်မျိုးပေါ့။

ဒီပုဂ္ဂိုလ်မျိုးဟာ 'မုဠ္ဌေသု လာဘတေ လာဘံ = လူပြိန်းတွေနဲ့ ပေါင်းရင် ဘုန်းကြီးတယ် လာဘ်ရွှင်တယ်' ဆိုတာကို လူ့လောကမှာ ကျင်လည်ခဲ့ရတဲ့ ဘဝပေး အသိပညာအရ ကောင်းကောင်း နားလည် တတ်တဲ့ သဘာဝရှိတတ်ပါတယ်။ တရားစစ်သူကြီး အရှင်သာရိပုတ္တရာ ရဲ့ အာဘော်နဲ့ဆိုရင် 'လာဘ်ရဖို့အတွက် မရှူးသော်လဲ ရှူးဘိသကဲ့သို့ လုပ်ပြတတ်တဲ့ ပုဂ္ဂိုလ်မျိုး' လို့ ဆိုရမလားပါဘဲ။

လူတောသနစာကြည့်တိုက်
...ဘော်ထွန်းကြားပြန့်ပွားရေးဦးစီးဌာန
...မြန်မာ...အား၊ ရန်ကုန်

သီဟိုဠ်ပြစ်ရပ်နှစ်ခု ရှိပါတယ်။ မဟာကုမာရ မထေရ်ဟာ အနှစ် ၆၀ ပတ်လုံး သုသာန်မှာ ဓုတင် ဆောက်တည်ခဲ့ပေမယ့် ဘယ်သူ့ကိုမှ မပြောပြဖူးဘူးတဲ့။ ပြီးတော့ စေတိယတောင်မှာ အတူ သီတင်းသုံးတဲ့ ညီအစ်ကို ရဟန်းနှစ်ပါး ရှိသတဲ့။ တစ်နေ့ ညီငယ်ဖြစ်သူက ဒါယကာ တစ်ယောက်လာလှူတဲ့ ကြံပိုင်းလေးကို ယူလာရင်း နောင်တော်မထေရ် ကို သုံးဆောင်ပါအုံးဘုရားလို့ လျှောက်တယ်။ 'နေပါစေတော့' ဆိုပြီး နောင်တော်က ငြင်းတယ်။ အဲဒီအချိန်မှာ နောင်တော် မထေရ်ဟာ ဆွမ်း ဘုဉ်းပေးပြီးလို့ ခံတွင်းသုတ်သင်နေတဲ့ အချိန်။ ဒီတော့ ညီတော်က 'နောင်တော် ဧကာသနိက် (တစ်ထိုင်တည်းနှင့် အပြီးစားတဲ့) ဓုတင်ကို ဆောက်တည်နေပါသလားလို့ မေးတယ်။ နောင်တော်က ခဏစဉ်းစား ရင်း 'အင်း ကြံပိုင်းကို စားကြည့်သေးတာပေါ့၊ ယူခဲ့လေ'လို့ ညီတော် ပြောတဲ့ ဓုတင်ကို မိမိဆောက်တည်နေကြောင်း ညီတော်ကို မသိစေချင် တာနဲ့ အနှစ် ၅၀ ဆောက်တည်ထားတဲ့ ဓုတင်အကျင့်ကို ဖျက်ပြီး စကားလွှဲပြောလိုက်တယ် (အံ-ဋ္ဌ ၁၊ ၅၉)။


အဲဒီလို မိမိအကျင့်ကို ထုတ်ဖော်မပြတာကို ကျမ်းဂန်မှာ **ဓုတင် အပ္ပိစ္ဆာ** (အကျင့်မြတ်ကို မကြွားဝါခြင်း) လို့ ခေါ်ပါတယ်။ အကျင့်မြတ် ကို ကြွားဝါလို့ရတဲ့ ပစ္စည်းကို ရဟန်းတို့ မသုံးဆောင်ကောင်းဘူး။

**ခက်ပေသားပဲ**

လူ့အိမ်မှာကျိန်းပြီး ဓုတင်ကျင့်တယ်ဆိုရင်တော့ ဓုတင်အပ္ပိစ္ဆာ ဂုဏ် မြောက်ဖို့ ခက်မယ်ထင်ပါရဲ့။ 'လူတွေနဲ့ တစ်မိုးတစ်ရံတည်းမှာ မအိပ် ရ'ဆိုတဲ့ ဝိနည်းသိက္ခာပုဒ်ရှိလို့ တကယ့် ဝိပဿနာဝန်ဆောင် ပုဂ္ဂိုလ် အနေနဲ့ လူ့အိမ်မှာ ကျိန်းဖို့ဆိုတာလည်း ခက်ပေသားပဲ။ လူနေအိမ်မှာ ကျိန်းပြီဆိုမှဖြင့် အိမ်ရှင်တွေကို ဒုက္ခမပေးတဲ့ သင့်မြတ်တဲ့ အခြေအနေ ကောင်းတွေ လိုပေလိမ့်မယ်။ ရဟန်းရဲ့ဝိနည်းသိက္ခာပုဒ်ကြောင့် လူတွေ ကားထဲမှာ၊ ဂိုဒေါင်ထဲမှာ သူများအိမ်မှာ သွားအိပ်ရတယ်ဆိုရင် လိုလို လားလားနဲ့ လုပ်ပေးတယ်ဆိုရင်တောင် အားနာစရာကြီးပါ။

ဒါကြောင့် ပုဂ္ဂိုလ်ရေးအမြင်အရ အလယ်အလတ် သဘောထား နဲ့ပြောရရင် 'မလျှော့မတင်း စောင်းကြိုးညှင်း'ရင် ပိုသင့်မယ်လို့ ထင် မြင်ကြောင်းပါ။ ထင်ရှားကျော်ကြားတဲ့ ဝိပဿနာစုရ ဆရာတော်ကြီး တွေကို လူတွေက ကြည်ညိုလွန်းလို့ ပင့်တဲ့အခါ အခြေအနေကောင်း တွေ ဖန်တီးပေးကြတာမျိုးကျတော့ ခြွင်းချက်ပေါ့။

မရှုးသွပ်လည်း သွပ်ရှုးသဘော ပျက်ချော်ပြောလျက်
ကုန်းချောတိုက်ထွေ ကချေသည်မှု အံ့ဖွယ်ပြုဟု
လေးခုအပေါင်း လာဘ်ဖြစ်ကြောင်းကား သူကောင်းသူမွန်
ပညာဝန်တို့ အလွန်ကဲ့ရဲ့ ပြစ်တင်ဖွဲ့၏။ (မဃဒေဝ၊ ပိုဒ် ၄၃၅) ◻




ဆရာတော် အရှင်သူမြတ်ဘုရား၊

မကြာမီက အမေရိကမှာ နေထိုင်သူ မိတ်ဆွေတစ်ယောက် မြန်မာနိုင်ငံ ကို ခေတ္တပြန်စဉ် နာမည်ကြီး ဆရာတော်တစ်ပါးနှင့် တွေ့ဆုံပြီး ထို ဆရာတော် ချီးမြှင့်လိုက်သည့် ဗုဒ္ဓဓာတ်တော်များကို ရလာခဲ့ပါသည်။ အဆိုပါ ဆရာတော်က ထိုဗုဒ္ဓဓာတ်တော်များကို အသုံးချနည်းကိုလည်း သင်းပေးလိုက်ပါသည်။ ဓာတ်တော်များကို ဆောင်ထားလျှင် ရာထူးမြင့် စီးပွား တက်ကြောင်း၊ ဓာတ်တော်များကို ရေစိမ်ပြီး နေ့တိုင်းသောက်

လျှင် ကျန်းမာ အသက်ရှည်ကြောင်းနှင့် ကင်ဆာရောဂါ မဖြစ်အောင်လည်း ကာကွယ်ပေးကြောင်း မိန့်တော်မူလိုက်သည်ဟု ဆိုပါသည်။

ဗုဒ္ဓဓာတ်တော်များနှင့် ပတ်သက်သည့် ကျမ်းဂန်ထွက် ဗဟုသုတ အဆိုအမိန့်များနှင့် ဗုဒ္ဓဓာတ်တော်များကို ရေစိမ်သောက်ကောင်းသလား ဆိုသည်ကိုလည်း သိလိုပါသည်ဘုရား။

မောင်ပိုင်

---

## ဗုဒ္ဓဓာတ်တော်ဆိုတာ

'မြတ်ဗုဒ္ဓ၏ အလောင်းတော်ကို မီရှို့သောအခါ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အစေးများ ပျောက်သွားပြီး ပြာနှင့်မှိုင်းများပင် မကျန်တော့ဘဲ **သရီရများ** သာလျှင် ကျန်ရစ်၏ (ဒီ ၂၊ ၁၃၄)'။ **'သရီရများ** (သရီရာနိ)ဟူသည် မြတ်လေးပန်း၊ သန့်စင်သည့် ပုလဲ၊ ရွှေအဆင်းသဏ္ဌာန်ရှိသည့် ဓာတ်တော်များကို ဆိုလို၏ (ဒီ-ဋ္ဌ ၂၊ ၁၉၆)'။ 'ခန္ဓာကိုယ်၏ အစိတ်အပိုင်း များဖြစ်သည့် **အရိုးများ** (သရီရသ အဝယဝ ဘူတာနိ အဋ္ဌီနိ)ကို ''သရီရများ''ဟု ဆိုလိုသည် (ဒီ-ဋီ ၂၊ ၁၈၉)'။

ဒီဖော်ပြချက်တွေကို လေ့လာရင် ပါဠိတော်မှာပါတဲ့ 'သရီရာနိ' ဆိုတဲ့ ပါဠိပုဒ်ကို ပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းက 'ဓာတ်တော်များ' လို့ ဖွင့်ဆိုပါတယ်။ အဋ္ဌကထာကို ထပ်ဖွင့်တဲ့ ဋီကာကျမ်းက 'အရိုးများ' လို့ ဖွင့်ဆိုတာကို တွေ့ရပါလိမ့်မယ်။

ဥရောပမှာ ဗုဒ္ဓသာသနာ ထွန်းကားအောင် ကြိုးပမ်းခဲ့သူ ဗုဒ္ဓဝါဒီ ပါဠိပညာရှင် Maurice Walshe ရဲ့ ဒီဃနိကာယ် အင်္ဂလိပ် ဘာသာပြန်မှာတော့ **'သရီရာနိ** (ဟူသည်) အရိုးများ (ကို ဆိုလို၏)။ (ယင်းပါဠိဝေါဟာရကို) နောင်အခါ ရဟန္တာများ ကွယ်လွန်ပြီးနောက် ပြာပုံထဲတွင် ကျန်ရစ်ခဲ့ဖွယ်ရှိသည့် ဖျက်ဆီး ခွဲခြမ်း၍ မရကောင်းသော ဒြပ်ဝတ္ထု (substance) တစ်မျိုး (ဓာတ်တော်)ဟု အဓိပ္ပာယ် ကောက်ယူကြ၏' (p. 576. Note 461)' လို့ မှတ်ချက်ပြုပါတယ်။

'စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ ဥဏှာလုံမွေးရှင်တော် တစ်ဆူ၊ ပေါင်း ၇-ဆူမှာ (မီးမလောင်ကျွမ်းဘဲ) ပကတိအတိုင်း ကျန် ရစ်ပြီး ကျန်ဓာတ်တော် (သရီရ) များအနက် အငယ်ဆုံးမှာ မုန်ညင်း စေ့၊ အလတ်စားမှာ ဆန်ကျိုးခန့်၊ အကြီးစားမှာ ပဲနောက်စေ့ကျိုးခန့် ပမာဏ ရှိကြ၏ (ဒီ-၅ ၂၊ ၁၉၆)'။

သဗ္ဗညုတဉာဏ်တော်ရဲ့တည်ရာ မြတ်ဗုဒ္ဓရဲ့ အလောင်းတော်ကို မီး ရှို့ပြီးတဲ့အခါ လူသာမန်တွေလို ပြာ သို့မဟုတ် ခြေရိုး လက်ရိုးစတဲ့ အ ရိုးတုံးကြီးတွေ မကျန်ရစ်ဘဲ ထူးဆန်းအံ့ဩဖွယ် အစိုင်အခဲလေးတွေ ဖြစ်သွားတယ်။ အဲဒါကို ဓာတ်တော် ခေါ်တယ်လို့ ယနေ့ခေတ် ဗုဒ္ဓဝါဒီတို့ နားလည် ယုံကြည်ကြပါတယ်။

## ဗုဒ္ဓဓာတ်တော် ရာဇဝင်

'ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ္တုမင်း၊ ဝေသာလီပြည်သား လိစ္ဆဝီမင်း များ၊ ကပိလဝတ္ထုပြည်သား သကျမင်းများ၊ အလ္လကပ္ပပြည်သား ဗုလိ မင်းများ၊ ရာမရွာသား ကောလိယမင်းများ၊ ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏား၊ ပါဝါမြို့သား မလ္လာမင်းများ၊ ကုသိနာရုံပြည်သား မလ္လာမင်းများသည် ဓာတ်တော်ဝေစုကို အညီအမျှရရှိကြပြီး ဓာတ်တော်ဝေသူ ဒေါဏပုဏ္ဏား မှာ ပြည်တောင်း၊ နောက်မှ ရောက်လာသူ ပိပ္ပလိဝနအရပ်သား မောရိ ယမင်းများကား မီးသွေးများ ရရှိကြ၏။ ရှစ်ပြည်ထောင် မင်းတို့သည် မိမိတို့တိုင်းပြည်၌ ဓာတုစေတီများ တည်ကြ၏။ ဒေါဏနှင့် မောရိယတို့ လည်း ပြည်တောင်းစေတီနှင့် မီးသွေးစေတီ တည်ကြ၏ (ဒီ ၂၊ ၁၃၇)'။

'စေတီတည်ပြီးသောအခါ အရှင်မဟာကဿပ မထေရ်သည် ရာမ ရွာရှိ စေတီမှတစ်ပါး ကျန်ခုနစ်ပြည်ထောင်မင်းတို့၏ စေတီမှ ဓာတ် တော်အားလုံးကို ယူဆောင်ပြီး အနည်းငယ်မျှသာ ချန်ထားလျက် အဇာ တသတ်မင်းနှင့် တိုင်ပင်၍ ရာဇဂြိုဟ်မြို့၏ အရှေ့တောင်အရပ် (တစ်နေ ရာ)၌ အတောင်ရှစ်ဆယ် အနက် တူးပြီးလျှင် ဓာတ်တော် အားလုံးကို တစ်ပေါင်းတည်း ဌာပနာ (ထွည့်သွင်း) ခဲ့သည်။ ရာမဂါမစေတီရှိ ဓာတ်

တော်များမှာမူ အန္တရာယ်မရှိနိုင်ဘဲ နောင်အခါ သီရိလင်္ကာနိုင်ငံရှိ မဟာစေတီ (ဘီစီ ၂၄၇–၂၀၇ ဒေဝါနံပိယတိဿမင်း တည်ဆောက်)၌ ကိန်းဝပ်မည်ဖြစ်သောကြောင့် ထုတ်ယူခြင်း မပြုခဲ့ပေ (ဒီ–၄ ၂၊ ၂၀၆)'။

'(အရှင်မဟာကဿပသည်) ဓာတ်တော်များအား မကြည်ညိုသူတို့ ဖျက်ဆီးမည့် အန္တရာယ်ကို မြင်တော်မူကြောင့် (ဒီ–ဋီ ၂၊ ၁၈၇) တန်ခိုးဖြင့် (ဓာတ်တော်များကို) ရယူ၍ (ဣဒ္ဓိယာ အာဟရိတွာ၊ ဝိသုဒ္ဓိ–ဋီ ၂၊ ၆၄) ထိုမင်းတို့၏လက်၌ အနည်းငယ်မျှသာ ချန်ထားခဲ့ပြီး စေတီများတွင် ဘာမျှမထားခဲ့ဘဲ (ရာဇဂှနံ ဟတ္ထေ ၄ပေတွာ၊ န စေတိယေသု၊ ဒီ–ဋီ ၂၊ ၁၈၇) (ဓာတ်တော်များ ဌာပနာမည့်) မြေတိုက်ခန်း (ဘူမိဃရမဏ္ဍပ) ကို (အဇာတသတ်မင်း၏ အကူအညီဖြင့်) လျှို့ဝှက် တည်ဆောက်ခဲ့ခြင်း ဖြစ်သည် (ဝိသုဒ္ဓိ–ဋီ ၂၊ ၆၄)'။

ရာဇဂြိုဟ် အရှေ့တောင်ဖက်က အဲဒီ ဓာတ်တော်တိုက်ဟောင်းနေရာကို ရှေးဟောင်းသုတေသနတို့ ရှာဖွေ တူးဖော်သင့်ပါတယ်။

'နောက်ထပ် နှစ်ပေါင်း ၂၁၈–နှစ် အကြာ (ဘီစီ ၃၂၅)တွင် အသောကမင်းကြီးသည် အဇာတသတ်မင်း ဌာပနာခဲ့သည့် "ဓာတ်တော်တိုက်" နေရာကို ရှာဖွေပြီး ထိုဓာတ်တော်တိုက်၌ ဓာတ်တော် အနည်းငယ်သာ ချန်ထားလျက် ဓာတ်တော် အားလုံးကို ယူပြီး နိုင်ငံတော် အတွင်း တည်ဆောက်နေသည့် စေတီတော်များ၌ ခွဲဝေ၍ ဌာပနာ (ထည့်သွင်း) ထားခဲ့သည် (ဒီ–၄ ၂၊ ၂၀၆)'။

ဒ့ါအပြင် အသောကခေတ် ကိုးတိုင်းကိုးဌာန သာသနာပြုပုဂ္ဂိုလ်တွေနဲ့အတူ ဗုဒ္ဓဓာတ်တော်အချို့ အာရှတစ်ခွင်သို့ ပြန့်နှံ့သွားဖွယ်ရှိတယ်။ ပြီးတော့ အေဒီ ၁၃ ရာစု အိန္ဒိယမြောက်ပိုင်းနှင့် အလယ်ပိုင်းကို မူဆလင်တွေ ဝင်စီးတဲ့အခါ စေတီတွေကို ဖျက်ဆီး၊ ဘုန်းကြီးကျောင်းတိုက်တွေ မီးရှို့ ဘုန်းကြီးတွေကို သတ်ဖြတ်လို့ နိုင်ငံက ထွက်ပြေး တိမ်းရှောင်ကြတဲ့ သံဃာတွေနဲ့ အတူ ဓာတ်တော်အချို့ ပါသွားဖွယ်ရှိတယ်။ ခေတ်အဆက်ဆက် သာသနာပြုရဟန်းတွေနဲ့ အတူလည်း ဓာတ်တော်အချို့ အိန္ဒိယအပြင်သို့ ရောက်သွားနိုင်ဖွယ်ရှိပါတယ်။

**ဗုဒ္ဓဓာတ်တော် စစ်ရဲ့လား**

ဗုဒ္ဓဓာတ်တော်တွေကို အမေရိကန်နိုင်ငံ တစ်ခွင် ဦးဆောင်လှည့်လည်ပြသသူ တိဗက်ရဟန်းတော် အရှင်ပိယဒဿီကို ဝါရှင်တန်ပို့စ် သတင်းထောက် ဘီလ်ဗရုတ်ဒ်ဝေးက 'ဗုဒ္ဓရဲ့ ဓာတ်တော်တွေ စစ်မှန်တယ်လို့ အာမခံပါသလား'လို့ မေးတဲ့အခါ 'ဒီဓာတ်တော်တွေမှာ အခြားနေရာအားလုံးမှာ တွေ့ရတဲ့ ဗုဒ္ဓဓာတ်တော်တွေနဲ့ သွင်ပြင်တူညီတဲ့အတွက် သကျမုနိဗုဒ္ဓရဲ့ ဓာတ်တော် အစစ်အမှန်တွေပါပဲ'လို့ ဖြေပါတယ်။

ဒီတိဗက်ရဟန်းတော်ဟာ မန်ချက်ချူးဆပ်စ် နည်းပညာတက္ကသိုလ် (M.I.T.) မှာ ဧည့်ပညာရှင်ဖြစ်ပြီး ဗုဒ္ဓဓာတ်တော်တွေ တည်ရှိဆဲဖြစ်တဲ့ အိန္ဒိယနဲ့ နီပေါနိုင်ငံတွေက စေတီတော်တွေကို ပြုပြင်တည်ဆောက်ရာမှာ ပါဝင်သူ ဖြစ်ပါတယ်။ ဓာတ်တော်အစစ်ကို ရနိုင်ပါတယ်။ ဒါပေမယ့် သာမန်အနေနဲ့ ရဖို့တော့ မလွယ်ပါဘူး။

**မေးခွန်းရဲ့အဖြေ**

ဓာတ်တော်ရဲ့ သဘာဝနဲ့ ပြန့်နှံ့ပုံကို အကြမ်းဖျင်း သိပြီးပါပြီ။ ဗုဒ္ဓဓာတ်တော် အစစ်ဆိုတာ အလွန်ရနိုင်ခဲတဲ့ သမိုင်းဝင် ရှားပါးပစ္စည်းပါ။ ဓာတ်တော်ကို ပေးလိုက်တဲ့ နာမည်ကြီး ဆရာတော်ဟာ မိမိထံ လာရောက်သူတိုင်းကို ဓာတ်တော်တွေကို ဝေငှပေးမှာဖြစ်လို့ ဒီလောက်များပြားတဲ့ ဗုဒ္ဓဓာတ်တော်အစစ်ကို ယခုခေတ်မှာ ရနိုင်မယ်မထင်ဘူး။ ဒါကြောင့် ဓာတ်တော်ပွား (အဖြောင့် ပြောရတယ် ဓာတ်တော်အတု) ကို ချီးမြှင့် လိုက်တာပဲ ဖြစ်ဖို့များပါတယ်။

ဓာတ်တော်ကို ရေစိမ်သောက်တာကတော့ ကြည်ညို အားကိုးစိတ်နဲ့ လုပ်တာဖြစ်လို့ အကုသိုလ် ဖြစ်မယ် မထင်ဘူး။ တစ်ခုတော့ရှိတယ်၊ ဗုဒ္ဓဓာတ်တော် စစ်မစစ် သို့မဟုတ် ဓာတ်တော်ပွား ပြုလုပ်တဲ့ ဒြပ်ဝတ္ထုမှန်ကို အတိအကျမသိဘဲတော့ (ကျန်းမာရေး ရှုထောင့်အရ) ရေစိမ် မသောက်သင့်ဘူးလို့ ထင်မြင်မိပါတယ်။ ❐



# မုသာဝါဒ သိက္ခာပုဒ်ရဲ့ အနှစ်သာရ

ဆရာတော် အရှင်မြတ်ဘုရား၊

တပည့်တော် သိလိုတာလေးတစ်ခု မေးပါရစေ။ တပည့်တော် မကြာခဏ မုသားမပါ လက်မချော လုပ်ပါတယ်။ ငါးပါးသီလမှာ မုသားဆိုရင် ဘယ်လိုမုသားကိုမျှ လက်မခံပါ။ တပည့်တော် အဲဒီလို မုသားလေးတွေ ကင်းအောင် ကြိုးစားကြည့်ပေမယ့် လောကဆက်ဆံရေးတွေမှာ အဆင်မပြေနိုင်တာကို တွေ့ရပါတယ်။ မုသာဝါဒသိက္ခာပုဒ်နဲ့ ပတ်သက်ပြီး မည်သို့ လိုက်နာကျင့်သုံးရမယ်ဆိုတာကို ထေရဝါဒနဲ့ မဟာယာနအမြင် နှစ်မျိုးအရ သိလိုပါတယ်။

စိုးမင်းညွန့်

---

**သစ္စာမန္တန်**

ဗုဒ္ဓလောင်းလျာ ငုံးငှက်မင်းဖြစ်စဉ်က 'ငါ့မှာ အတောင်တွေတော့ ရှိပါရဲ့၊ ဒါပေမယ့် မပျံနိုင်သေးပါ။ ခြေထောက်တွေလဲ ရှိပါရဲ့၊ မပြေးနိုင်သေးပါ။ မိဖနှစ်ပါးလည်း ထွက်ပြေးကြပြီ။ (ဤမှန်တဲ့ သစ္စာစကားကြောင့်) အို တောမီး၊ ရှောင်းရှားပါလော့'လို့ သစ္စာပြုလိုက်လို့ တောမီးကွင်းပြီး အသက်ချမ်းသာခဲ့ပါတယ်။ ဒါကြောင့် ပါရမီခန်းပျို့မှာ '**စကားသစ္စာ၊ မှန်သောခါကား၊ ဩဇာလေးနက်၊ ပေါ်ဆိတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏** (ပို၁၊ ၁၂၃)'လို့ စပ်ဆိုပါတယ်။

သစ္စာမန္တန်နဲ့ အသက် ချမ်းသာသူတွေ ရောဂါပျောက်ကင်းသူတွေ ဘဝအခက်အခဲကို ကျော်လွှားနိုင်သူတွေအကြောင်း ကျမ်းဂန်မှာ များစွာ ဖော်ပြပါတယ်။ 'မုသားစကား ဆိုတတ်သူဟာ ဘယ်မကောင်းမှုကို မဆို လုပ်ဖို့ ဝန်မလေးဘူး'လို့ ဣတိဝုတ်ပါဠိတော် (စာ၊ ၂၀၇)မှာ မြတ်ဗုဒ္ဓ ဟောထားလို့ မုသားရဲ့ ဆန့်ကျင်ဘက် သစ္စာတရားရဲ့ လေးနက်ပုံနဲ့ မုသာဝါဒမှ ရှောင်ကြဉ်မှုရဲ့တန်ဖိုးကို နားလည်ဖို့ လိုပါလိမ့်မယ်။

**သစ္စာပါရမီ**

ပါရမီဆိုတာ တစတစ ဖြည်းဖြည်းချင်း ဖြည့်ဆည်းရတာမျိုးပါ။ ထပ်ခါ ထပ်ခါ၊ မရပ်မစဲ၊ စိတ်ပါလက်ပါ၊ မတွန့်မဆုတ် လုပ်ရတယ်။ သစ္စာဆိုတာက ကတိတရားရဲ့ ပြီးပြည့်စုံခြင်း၊ မိမိစကားကို မဖောက်ဖျက်ခြင်း၊ ပြောတဲ့အတိုင်း လုပ်၊ လုပ်တဲ့အတိုင်း ပြောခြင်းလို့လည်း အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါတယ်။ ဗုဒ္ဓလောင်းလျာတွေကျတော့ အမှန်တရားဟာ ဘဝလမ်းညွှန်ဖြစ်လို့ ယဉ်ကျေးမှုကို ဖော်ပြဖို့တောင် အမှန်တရားကို ဖုံးကွယ်လေ့မရှိဘူးတဲ့။ ကတိပေးပြီးရင် အသက်ကိုပင် စွန့်ရဲကြတယ်။

ဟိရီတဇာတ် (အမှတ် ၄၃) အရ ဗုဒ္ဓလောင်းလျာဟာ ဘဝသံသရာမှာ ကျင်လည်စဉ်မှာ အခြားသီလလေးပါးကို တစ်ခါတစ်ရံ ချိုးဖောက်နိုင်ပေမယ့် မမှန်စကားကိုတော့ လုံးဝ မပြောက်ဟဘူးတဲ့။ ဟိရိဇာတ် (အမှတ် ၃၆၃) မှာတော့ 'ကတိအတိုင်း အမှန်ပင် တည်ပါစေ၊ မလုပ်နိုင်တဲ့ ကတိကို ငြင်းဆိုပါ၊ အချည်းနှီး ဝါကြွားသူတွေကို ပညာရှိတွေ မယုံကြည်ကြဘူး'လို့ သတိပေးပါတယ်။ မဟာသုတသောမဇာတ် (အမှတ် ၅၃၇)အရ 'ကောင်းကင်ယံမှ နံနက်ခင်း ကြယ်စင်ဟာ မပြောင်းလဲတဲ့ လမ်းကြောင်းမှန်မှာ တည်နေသလို၊ ရာသီတွေ အချိန်တွေ နှစ်တွေလည်း ၎င်းတို့ရဲ့ လမ်းခရီးစဉ်မှ မသွေဖည်သလိုဘဲ အလုံးစုံ အသိပညာနဲ့ ပြောဆိုသူဟာ အမှန်လမ်းစဉ်မှ လုံးဝ မယိမ်းယိုင်ပါဘူး' လို့ ဆုံးမပါတယ်။

**အနုစ်သာရ**

မပြောခင်နဲ့ ပြောဆဲမှာ မမှန်မှန်းသိလျက် ပြောဆိုတာကို မုသားလို့ ဆိုပါတယ်။ မုသားပြောချင်တဲ့စိတ်ရှိနေရင်၊ အဲဒီစိတ်နဲ့ ကိုယ်နှုတ် တစ်ခုခုနဲ့ မိမိပတ်ဝန်းကျင်ကို မဟုတ်တာကို အဟုတ်၊ အဟုတ်ကို မဟုတ် ပြောမိရင် မုသားမြောက်ပါတယ်။ မုသာဝါဒသိက္ခာပုဒ်နဲ့ လောကလူ့ဘောင်မှာ နေထိုင်ခိုက် အတွင်းစိတ်နဲ့ အပြင်ပ မြွက်ဆိုမှုတွေအကြား ခြားနားချက်မရှိအောင် လေ့ကျင့်ရပါမယ်။ မုသာဝါဒကို ရှောင်ကြဉ်သူရဲ့ ကိုယ်ပိုင်ဘဝဟာ အများသိတဲ့ မိမိဘဝနဲ့ တစ်ထပ်တည်း ဖြစ်ပါတယ်။

သူတစ်ပါးရဲ့ နှစ်လိုမှုကို ရယူဖို့ ကြွားဝါတာကို မလုပ်ဘူး။ သူတစ်ထူးရဲ့ ချီးမွမ်းတာကို ရယူဖို့ ကိုယ့်ဟာကိုယ် ချီးမွမ်းစကားမဆို။ အဲဒါအတွက် ကိုယ့်ရဲ့ ချွတ်ယွင်းချက်တွေကို ဖုံးကွယ်မထား။ မိမိရဲ့ကိုယ်ကျင့်တရားကို အကျိုးမဲ့စွာ ထုတ်ဖော်မပြဘူး။ ချီးမွမ်းထိုက်သူကို ချီးမွမ်း စကားဆိုပြီး ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့တယ်။ ဒါပေမယ့် အထင်သေးလို့ မဟုတ်ဘဲ သနား ကြင်နာလို့သာ ဖြစ်ပါတယ်။

အမှန်တရားကို မြွက်ဆိုမှုဟာ အခြားသူတွေရဲ့ ကောင်းကျိုး ချမ်းသာကို မဖြစ်ပေါ်စေရင် ဆိတ်ဆိတ် နေသင့်တာပေါ့။ အကယ်၍ အမှန်စကားဟာ အခြားသူတစ်ယောက်ကို အကျိုးရှိမဲ့ ပုံပေါ်ရင် ပြောလိုက်မိလို့ မိမိကိုယ်တိုင်ကို နစ်နာစေနိုင်ပေမယ့် အဲဒီစကားကို မြွက်ဆိုသင့်တယ်။ မိမိစကားကို လေးစားသကဲ့သို့ အခြားပုဂ္ဂိုလ်တွေရဲ့ စကားကိုလည်း ထောမနာပြုပါတယ်။ ဆိုလိုတာက မုသာဝါသိက္ခာပုဒ်မှာ အဲဒီအနှစ် သာရတွေပါလို့ လူ့အသိုင်းအဝိုင်းမှာ အဆင်ပြေနိုင်တဲ့ နည်းနဲ့ (အဲဒီနည်းက တစ်ယောက်နဲ့ တစ်ယောက် မတူနိုင်ပါဘူး) တတ်နိုင်သမျှ ကြိုးစားပြီး လိုက်နာကျင့်သုံးဖို့သာ အရေးကြီးကြောင်းပါ။

ထေရဝါဒမှာရော မဟာယာနမှာပါ ပါရမီဆယ်ပါးနဲ့ အဲဒီအထဲမှာ သစ္စာပါရမီဆိုတာကို ဖော်ပြပါတယ်။ ဒါကြောင့် အခြေခံ အနှစ်သာရ အနေနဲ့ များစွာ ခြားနားမယ်လို့ မထင်ဘူး။ ❐



သင့်နှလုံးသားထဲက
တွေးကြံသည့်အတိုင်း
ပြောဆို၊ ပြုမူနိုင်ပါစေ။
အပေါ်ယံ သင့်မျက်နှာသည်
သင့် အတွင်းနှလုံးသား၏
ပြတင်းပေါက် ဖြစ်ပါစေ။



# လူသတ်ဖို့ညွှန်ကြားသူ

ဆရာတော် အရှင်မြတ်ဘုရား၊

ရဟန်းတစ်ပါးသည် လေးမြား၊ ဓား၊ တုတ်၊ သေနတ်စသော လက်နက် ကိုင်ဆောင်ထားသူများအား သို့တည်းမဟုတ် အာဏာပါးကွက်သား လူသတ်သမားများအား အခြားသော လူသားတစ်ယောက်ကို သတ်ဖြတ်ရန် တိုက်တွန်း၊ အားပေး၊ နည်းပြလမ်းညွှန် လုပ်ကောင်းပါသလား၊ သို့တည်းမဟုတ် အားပေးစကား တိုက်တွန်းစကား ပြောဆိုကောင်းပါသလား။ အကယ်၍ ပြောဆို ပြုလုပ်ခဲ့လျှင် ထိုရဟန်းသည် ဝိနည်းအရ မည်သည့် အပြစ် ရှိပါသနည်း။ အပြစ်ကြီးသလား ပေါ့သလားဆိုသည်ကို ကျမ်းဂန်နှင့် အညီ ဖြေကြားပေးစေချင်ပါသည်။

နေမျိုးလင်း (Austin, TX)

----------------

**ဓမ္မဂုဏ်ရည်ကို ညှိုးစေသူ**

ပိဋကတ်သုံးပုံထဲမှာ 'ဗုဒ္ဓဘုရားရှင်ဟာ မိမိကိုဖြစ်စေ၊ မိမိနှင့်ပတ်သက်သူကိုဖြစ်စေ ဆန့်ကျင်တဲ့လူတွေကို စိတ်ဆိုးပြီး အဲဒီလူတွေကို သတ်ပစ်ဖို့ လက်နက်ရှိသူတွေကို အားပေးတယ်'ဆိုတဲ့ စာကြောင်းတိုလေး တစ်ကြောင်းလောက်သာ ပါခဲ့မယ်ဆိုရင် ဗုဒ္ဓရဲ့တရားတော်မှာ 'ဧဟိပဿကော = လာပါ ရှုပါ'လို့ စမ်းသပ်ခံနိုင်တဲ့ ဓမ္မဂုဏ်ရည် မရှိနိုင်တော့ပါဘူး။ ဗုဒ္ဓဘာသာဟာ ကမ္ဘာပေါ်မှာ ယခုလောက်လဲ ထွန်းပြောင်လာနိုင်စရာ အကြောင်းမရှိပါဘူး။ ဗုဒ္ဓတရားတော်အရ သက်ရှိ သတ္တဝါတစ်ယောက်ကို သတ်ဖို့ သို့တည်းမဟုတ် သတ်ခိုင်းဖို့ မည်သည့် ဖန်

ဆင်းရှင် သို့တည်းမဟုတ် ဖြဟ္မာဘုရား နတ်သိကြားမှာမှ အထူး အခွင့်အရေး မရှိပါဘူး။ သင့်လက်ပေါ်မှာ တွားသွားနေတဲ့ ပုရွက်ဆိတ် ကလေးကိုတောင် စိတ်ထင်တိုင်း သက်ဖို့ အခွင့်အရေး သင့်မှာ မရှိဘူး။

ဗုဒ္ဓတရားတော်အစစ်က အဲဒီလို ဖြစ်လို့ ဗုဒ္ဓရဲ့သားတော်ဖြစ်တဲ့ ရဟန်းအစစ်တွေက လူတစ်ယောက်ကို သတ်ဖို့ လက်နက်ကိုင် လူ သတ်သမားကို ဘယ်လိုလုပ်ပြီး တိုက်တွန်း အားပေးကောင်းပါ့မလဲ။ အားပေး တိုက်တွန်းခဲ့ရင်လည်း အဲဒီရဟန်းဟာ ကိုယ်တိုင် အလိုအလို ရဟန်းအဖြစ်က လူ့အဖြစ်ကို လျှောကျသွားရုံမက ပြောပြခဲ့တဲ့ ဗုဒ္ဓရဲ့ ဓမ္မဂုဏ်ရည်ကိုလည်း ညှိုးမှိန်အောင် လုပ်ရာကျပါတယ်။

## လူသတ်အင်္ဂါငါးပါး

ရဟန်းတစ်ပါးဟာ ကိုယ်တိုင် လူကိုသတ်ရင်၊ အနည်းဆုံး ကိုယ်ဝန် ဆောင် အမျိုးသမီးကို ပဋိသန္ဓေဖျက်ဆေး ပေးမိရင်၊ ဒါမှမဟုတ် အခြားတစ်ယောက်ကို လူသတ်ဖို့ စေခိုင်း အားပေး တိုက်တွန်းရင်၊ သေချင်နေတဲ့လူကို သေတာကောင်းတယ်လို့ မြှောက်ပေးရင်၊ သေ ချင်နေသူရဲ့ အနီးအနားမှာ လူသတ်ပစ္စည်းတွေကို ချထားပေးရင် အဲဒီ ရဟန်းဟာ သင်္ကန်း ဝတ်ထားပေမယ့် ရဟန်းဆိုတဲ့ အရေအတွက်ထဲ မပါတော့ဘူး။ လူသတ်မှု ထမြောက်ဖို့အတွက် –

၁) သတ်မဲ့ လူဟာ လူသားစင်စစ်ဖြစ်ခြင်း
၂) အဲဒီလူ အသက်ရှိနေတယ်လို့ သိခြင်း
၃) သတ် (သေစေ) လိုတဲ့ စေတနာ ရှိခြင်း
၄) ကိုယ်တိုင် လုံ့လပြု၍ သတ်ခြင်း
၅) အသတ် ခံရသူ သေဆုံးခြင်းလို့ အင်္ဂါငါးချက် ရှိပါတယ်။

## စေခိုင်းပုံ ၆ မျိုး

အခြားလူကို စေခိုင်းရာမှာ သတ်မှတ်ချက် လွဲခဲ့ရင်တော့ အာပတ် မသင့် (ပါရာဇိကမကျ) ဘူး။ ဥပမာ 'ဦးဒတ္တကို (ဝတ္ထု)၊ မွန်းလွဲ ၁ နာရီ အချိန် (ကာလ)၊ ရွှေတိဂုံဘုရား အရှေ့ဖက်မုခ်မှာ (ဩကာသ)၊ လှံစွပ်နဲ့

(အာဂုဓ)၊ (ဦးဒတ္တ) လမ်းလျှောက်နေတုန်း (ဣရိယာပထ)၊ ရှေးတည့်တည့်ကနေ မိုက်ကို ထိုးပြီး (ကြိယာဝိသေသ) သတ်ပါ'လို့ ဆရာတော် ဦးတိဿက သတ်ဖို့ ခိုင်းခဲ့ပေမယ့် လူသတ်သမားက ဦးဒတ္တကို မသတ်ဘဲ ဦးဇောတကို သတ်မိရင်ဖြစ်စေ၊ လှံစွပ်နဲ့ မထိုးဘဲ သေနတ်နဲ့ ပစ်ရင်ဖြစ်စေ (ခြောက်ချက်ထဲက တစ်ချက်ချက် လွဲခဲ့ရင်) ဆရာတော် ဦးတိဿ အာပတ်မသင့် (ပါရာဇိက မကျ) ဘူး။

အဲဒီ ခြောက်ချက်နဲ့ သတ်ဖို့ အတိအကျခိုင်းရင် အတိအကျ ညီညွတ်မှ ခိုင်းသူဟာ ပါရာဇိကကျ (ရဟန်းအဖြစ် ဆုံးရှုံး) ပါတယ်။ ဒါပေမယ့် သတ်မှတ်ချက်မရှိဘဲ သာမန် စေခိုင်းရင်တော့ အာပတ်လွတ်လမ်း မရှိနိုင်ပါဘူး။ ဥပမာ လူသတ်သမားကို ဆရာတော် ဦးတိဿက 'ဟေ့ ဒကာ၊ ဦးဒတ္တကို သွားပြီး သတ်ပစ်ချေ'လို့ သာမန်ပဲ ပြောလို့ လူသတ်သမားအနေနဲ့ ဦးဒတ္တကို သွားသတ်ရင် ဦးဒတ္တသေတဲ့အချိန်မှာ ဆရာတော် ဦးတိဿ ဘုန်းကြီး မဟုတ်တော့ဘူး။

**သတ်မှတ်ချက် မရှိလို့**

ဆရာတော် ဦးတိဿက လက်နက်ကိုင်တွေကို 'ခင်ဗျားတို့ကို ဆန့်ကျင် အာခံနေသူတွေဟာ ခင်ဗျားတို့ရဲ့ ရန်သူပဲ၊ ရန်သူဆိုတာကို အကြွင်းအကျန် မထားနဲ့၊ အပြတ်ရှင်းပစ်'လို့ သာမန်ပဲ တိုက်တွန်း အားပေးပြီးတဲ့နောက် လက်နက်ကိုင်တွေက (ဆရာတော် ဦးတိဿက တို့ကို ရန်သူကို အပြတ်ရှင်းပစ်ဖို့ သင်ကြားပေးလိုကတာပဲ ဆိုတဲ့ အသိနဲ့) ၎င်းတို့ကို ဆန့်ကျင်သူ မှန်သမျှကို 'ဘယ်သူ့ကို မဆို၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်လက်နက်၊ ဘယ်လိုနေတုန်း၊ ဘယ်နည်းနဲ့ပဲ သတ်သတ်၊ သတ်ဖို့ အမိန့်ပေးပေး' ဆန့်ကျင်ဖက်အုပ်စုမှာ လူတစ်ယောက် သေတာနဲ့ စေခိုင်းသူ ဆရာတော် ဦးတိဿ ရဟန်းမဟုတ်တော့ဘဲ သက်န်းဝတ်ကြီး ဖြစ်သွားပါတယ်။ ဦးတိဿဟာ ခေါင်းပြတ်သွားတဲ့ လူကို ပြန်ရှင်အောင် လုပ်လို့ မရသလို တစ်သက်လုံး ဘုန်းကြီး ပြန်ဝတ်ခွင့်လည်း မရှိတော့ဘူး။ အပြစ်က အဲဒါလောက် ကြီးတယ်။ ◻

## နောက်ဆုံးချုပ်တဲ့ရုပ်

ဆရာတော် အရှင်မြတ်ဘုရား၊
တပည့်တော် သိချင်တာတစ်ခု ရှိပါသည်။ ယင်းမှာ စုတေစိတ် မကျမီ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ တစ်ခုပြီးတစ်ခု ချုပ်သည်ဟု ကြားဖူးပါသည်။ စုတေစိတ်မကျမီ မည်သည်ကစ၍ ချုပ်ပြီး၊ နောက်ဆုံး မည်သည်က ချုပ်သည်ကို ဖြေကြားပေးပါ။

ရှိသေစွာဖြင့်
Warren Aung, New Zealand

---

### စိတ်ဖြစ်ကြိမ်

ပန်းတစ်ပွင့်ကိုမြင်တဲ့ 'မြင်သိစိတ် ဖြစ်စဉ်'မှာ ပန်းပွင့်ရယ်လို့ အတိအကျ သိတဲ့ 'မြင်သိစိတ်'နဲ့အတူ စိတ်ပေါင်း ၁၇ ခု အစီအရီ တစ်ပြိုင်နက်လိုလို ဖြစ်သွားပါတယ်။ ဒီစိတ် ၁၇ ခု သို့မဟုတ် ၁၇ ကြိမ်ကို စိတ္တက္ခဏကြီးလို့ ခေါ်တယ်။ အဲဒီ စိတ္တက္ခဏကြီး တစ်ကြိမ်စီမှာ ဥပါဒ် (ဖြစ်ဆဲ) ဌီ (တည်ဆဲ) နဲ့ ဘင် (ပျက်ဆဲ) လို့ ခဏငယ် သုံးခုစီပါတယ်။ ခဏငယ်သုံးခုပေါင်းရဲ့ ကြာမြင့်ချိန်ကိုတော့ စိတ်တစ်ခုရဲ့ သက်တမ်း (စိတ်သက်) လို့ ခေါ်တယ်။ စိတ္တက္ခဏကြီး ၁၇ (ဥပါဒ် ဌီ ဘင် ခဏ ငယ် ၅၁) ရဲ့ ကြာမြင့်ချိန်က ရုပ်ရဲ့သက်တမ်း (ရုပ်သက်)ပဲ။ ရုပ်တစ်ခုရဲ့ သက်တမ်းဟာ စိတ်သက် ၁၇ ခုနဲ့ ညီတယ်ဆိုတဲ့ သဘောပါ။

တစ်ခါ ရုပ်သက်မှာလဲ ဥပါဒ် ဌီ ဘင်လို့ ခဏငယ်သုံးခုစီ ရှိပြန်ရာမှာ ဥပါဒ်နဲ့ ဘင် ခဏတွေက စိတ်နဲ့ သက်တမ်း တူတယ်။ ရုပ်တစ်ခုရဲ့ ဌီ (တည်ဆဲ) ခဏ သက်တမ်းက စိတ်သက်တမ်းရဲ့ ခဏကြီး ၁၆ နှင့် ခဏငယ် တစ်ချက် (ခဏငယ်သက်သက် ၄၉) နဲ့ ညီပါတယ်။

လက်ဖျစ် တစ်ချက်တီး ကာလအတွင်း ခဏငယ်သုံးခုပါတဲ့ စိတ်ဖြစ်ကြိမ်ပေါင်း ကုဋေတစ်သိန်းမက ဆက်တိုက် ဖြစ်ပျက်ပါသတဲ့။ ကွန်

ပျူတာနဲ့ လိုက်လို့ မမီနိုင်ပါဘူး။ ဒါက ရှေ့မှာပြောမယ့် စကားကို နားလည်နိုင်ဖို့ ဖော်ပြရတဲ့ အဘိဓမ္မာ အခြေခံလေးပါ။

**သေခြင်းအဖွင့်**

'ဇီဝိတိန္ဒြေဟူသော အသက် (အာယု)၊ ကမ္မဇတေဇောဟူသော အခိုးအငွေ့ (ဥသ္မာ)၊ သိစိတ်ဝိညာဏ် (ဤတရားသုံးပါး) ဤကိုယ်ခန္ဓာကို စွန့်ခွာသောအခါ ဤခန္ဓာကိုယ်သည် စွန့်ပစ်ခံရပြီး စိတ်စေတနာ စေ့ဆော်မှုမရှိဘဲ ပိုးလောက်များ၏ အစားအစာ ဖြစ်သွားတော့၏ (သံ ၂၊ ၁၁၆)'။ ဒါကတော့ သံယုတ်ပါဠိတော်မှာ တိုက်ရိုက်လာတဲ့ 'သေခြင်း'ရဲ့ အဓိပ္ပာယ်အဖွင့်ပါ။ အာယု၊ ဥသ္မာ၊ ဝိညာဏ် မရှိတော့ရင် သေပြီ။

'စုတေခါနီး၌ စုတိစိတ်မကျမီ ၁၇ ကြိမ်မြောက်စိတ်၏ ဌီ (တည်ဆဲ) ကာလမှစ၍ ကမ္မဇရုပ်သစ်များ (ဆက်) မဖြစ်ကုန်။ (ဌီခဏ၏ ရှေ့မှာ ဖြစ်ခဲ့သည့်) ဥပါဒ် (ဖြစ်ဆဲ) ခဏ၌ ဖြစ်ပေါ်ပြီး ကမ္မဇရုပ်များလည်း စုတိစိတ်၏ဘင်နှင့် ပြိုင်တူ ချုပ်ပျောက်သွား၏ (ရူပပရိစ္ဆေဒ၊ အဘိဓမ္မတ္ထသင်္ဂဟ)'။ ဒါကြောင့် 'သေတယ်ဆိုတာ စုတိစိတ်ဖြစ်ပြီး နောက် ကမ္မဇရုပ်တွေ ဆက်မဖြစ်တော့ခြင်း'လို့ ဆိုလိုပါတယ်။

**နောက်ဆုံးချုပ်တဲ့ရုပ်**

ကမ္မဇရုပ် ၁၈ မျိုးရှိတယ်။ အဲဒါတွေက ဟဒယရုပ်၊ မျက်စိ(အကြည်)၊ နား(အကြည်)၊ နှာခေါင်း(အကြည်)၊ လျှာ(အကြည်)၊ ကိုယ်(အကြည်)၊ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်၊ ဇီဝိတရုပ်၊ ဝဏ္ဏ (အဆင်း)၊ ဂန္ဓ (အနံ့)၊ ရသ (အရသာ)၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသဓာတ် ဖြစ်ပါတယ်။ အဲဒီကမ္မဇရုပ်တွေ အားလုံးဟာ စုတိစိတ်ရဲ့ ဌီ(တည်ဆဲ) ခဏကစပြီး အသစ်မဖြစ်တော့ဘူး။ စုတိစိတ်ရဲ့ ဥပါဒ်(ဖြစ်ဆဲ) ခဏတုန်းက ဖြစ်ပေါ်ပြီးဖြစ်တဲ့ ကမ္မဇရုပ်တွေအားလုံးလဲ စုတိစိတ်ရဲ့ ဘင် (ပျက်ဆဲ)ခဏမှာပဲ (စုတိစိတ္တသမကာလမေဝ) ပြိုင်တူချုပ်သွားပါတယ်။

ဒါကြောင့် မျက် စိ၊ နား၊ နှာ၊ လျှာတို့ တစ်ခုပြီးတစ်ခု ချုပ်တယ်လို့ မဆို နိုင်ပါဘူး။ ပြိုင်တူချုပ်တယ်လို့ပဲ ဆိုနိုင်တယ်။

အဘိဓမ္မတ္ထသင်္ဂဟကျမ်း အလိုအရ ကမ္မဇရုပ်တွေ ချုပ်ပြီးနောက် စိတ္တဇရုပ် ၁၅ (ကာယဝိညတ်၊ ဝစီဝိညတ်၊ သဒ္ဒ၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသဓာတ်) နဲ့ အာဟာရဇရုပ် ၁၂ (စိတ္တဇရုပ် ၁၅ ထဲက ကာယဝိညတ်၊ ဝစီဝိညတ်နဲ့ သဒ္ဒကို နုတ်) တွေ ပြတ်စဲကြတယ်။

ဥတုဇရုပ် ၁၃ (စိတ္တဇရုပ် ၁၅ ထဲက ကာယဝိညတ်နဲ့ ဝစီ ဝိညတ်ကို နုတ်) ကတော့ သေလို့ အလောင်းကောင် ဖြစ်ပြီးနောက် အရိုးစု၊ အဲဒီ အရိုးစုဆွေးလို့ မြေမှုန်ဖြစ်ပြီး ကမ္ဘာမြေပျက်သည်အထိ ဆက် ဖြစ်ပါတယ်။ ဒါကြောင့် အဘိဓမ္မာအလိုအရ နောက်ဆုံးချုပ်တဲ့ ရုပ်က တော့ ဥတုဇရုပ်ပဲ ဖြစ်ပါလိမ့်မယ်။ □

# သံဃာသင်းခွဲကံ ထိုက်သူ

မေးလျှောက်အပ်ပါသည် ဘုရား၊

ပဉ္စာနန္တရိယကံနဲ့ ပတ်သက်ပြီး မရှင်းလို့ မေးစရာလေး ရှိပါတယ်။ သိလိုတာက လူတွေ (သာမန်အရပ်သား သို့မဟုတ် ဥပါသကာ ဥပါသိ ကာမတွေ) က သံဃာ ညီညွတ်မှုကို ပျက်ပြားအောင်လုပ်တာလား၊ သို့ တည်းမဟုတ် အမှတ်တမဲ့ဖြစ်စေ တမင်သက်သက်ဖြစ်စေ သံဃာကပဲ သံဃာညီညွတ်မှုကို ပျက်ပြားအောင် လုပ်နိုင်တာလား။

ဥပမာတစ်ခု ပြောရရင်၊ အချို့နေရာတွေမှာ ဗုဒ္ဓဘာသာဝင် (လူ) တွေနဲ့ ဘုန်းကြီးတွေ ဘုန်းကြီးကျောင်းကို ပိုင်ဆိုင်မှုနဲ့ ပတ်သက်ပြီး အငြင်းပွားကြတာ ရှိပါတယ်။ အဲဒီလို အငြင်းပွားမှုဟာ တစ်ခါတစ်ရံမှာ အဲဒီဒေသက လူတွေကိုရော ရဟန်းသံဃာတွေကိုပါ ကွဲပြားသွားစေပါ တယ်။ ပါဠိကျမ်းဂန်နဲ့ ဖြစ်ရပ်မှန်တွေနဲ့ ရှင်းပြပေးစေချင်ပါတယ်။

ကိန္နရီနွဲ့ဆန်းယဉ်

---

**သံဃာသင်းခွဲသူ**

'ဥပါလိ၊ လူ (ဥပါသကာ၊ ဥပါသိကာမ) သာမဏေတို့သည် သံဃာကို မခွဲနိုင်။ ခွဲခြင်းငှာသော်ကား အားထုတ်နိုင်၏ (ဝိ ၄၊ ၃၆၇)'လို့ အရှင်ဥပါလိမထေရ်ကို မြတ်ဗုဒ္ဓ မိန့်တော်မူတဲ့အတွက် သံဃာသင်းခွဲသူဟာ ရဟန်းပဲ ဖြစ်နိုင်ပါတယ်။ လူ၊ သာမဏေတွေကတော့ သံဃာကွဲအောင် ဘေးက သွေးထိုးလှုံ့ဆော်သူပဲ ဖြစ်နိုင်ပါတယ်။

'ဥပါလိ၊ **ပကတတ်** (အာပတ်စင်ကြယ်) ဖြစ်သော၊ တူမျှသော ပေါင်းသင်းမှုရှိ (မကွဲပြားသေး) သော၊ တူမျှသော သိမ် (သိမ်တစ်ခုတည်း) ၌ တည်သော ရဟန်းသည် သံဃာကို ခွဲနိုင်၏ (ဝိ ၄၊ ၃၆၇)' ဆိုတဲ့ ပါဠိတော်အရ သိမ်ထဲမှာ အနည်းဆုံး ရဟန်း ၉ ပါး သံဃာ့ကံပြုဖို့ လုပ်နေတုန်း ရဟန်းတစ်ပါးက ဘေဒကရဝတ္ထု (သံဃာကွဲပြားကြောင်း) ၁၈ မျိုးကို ပြဆိုရင်း သံဃာအချို့ကို မိမိဖက်ပါအောင် စည်းရုံးပြီး မိမိ နောက်ပါတဲ့ အုပ်စုနဲ့ အဲဒီသိမ်ထဲမှာပဲ သံဃာ့ကံကို သီးခြားပြုရင် အဲဒီ ရဟန်းဟာ သံဃာ သင်းခွဲသူလည်း ဖြစ်တယ်၊ ပဉ္စာနန္တရိယကံကြီးလည်း ထိုက်တယ် (ဝိ ၄၊ ၃၆၇)။

(သိမ်ထဲမှာ ဖြစ်ပေမယ့်) ရဟန်း ၉ ပါးမပြည့်ရင် သံဃာသင်းခွဲသူလို့လည်း မဆိုနိုင်၊ ပဉ္စာနန္တရိယကံလည်း မထိုက်ဘူး (မ-ဋ္ဌ ၄၊ ၇၇)။ သင်းခွဲသူ အဓမ္မဝါဒီရဲ့ နောက်လိုက်တွေကတော့ ကံကြီးမထိုက်ပေမယ့် မဟာသာဝဇ္ဇဖြစ် (အပြစ်ကြီး) ပါတယ် (အဘိ-ဋ္ဌ ၂၊ ၄၀၈)။

မှတ်ဖို့က ပဉ္စာနန္တရိယကံမြောက်တဲ့ သံဃာသင်းခွဲမှုကို ရဟန်းကပဲ ဖြစ်စေနိုင်တယ်လို့ ဖြစ်ပါတယ်။

**ဘေဒကရဝတ္ထု ၁၈ မျိုး**

၁) ရဟန်းသည် အဓမ္မ (မမှန်သည်) ကို ဓမ္မ (အမှန်) ဟု ဆို၏၊

၂) ဓမ္မ (မှန်သည်) ကို အဓမ္မ (မမှန်) ဟု ဆို၏၊

၃) အဝိနယ (ဝိနည်းမဟုတ်) ကို ဝိနယ (ဝိနည်း ဟုတ်) ဟု ဆို၏၊

၄) ဝိနယ (ဝိနည်းဟုတ်) ကို အဝိနယ (ဝိနည်းမဟုတ်) ဟု ဆို၏၊
၅) ဗုဒ္ဓဟောကို ဗုဒ္ဓ မဟောဟု ဆို၏၊
၆) ဗုဒ္ဓ မဟောကို ဗုဒ္ဓဟောဟု ဆို၏၊
၇) ဗုဒ္ဓ လေ့ကျက်သည်ကို မလေ့ကျက်ဟု ဆို၏၊
၈) ဗုဒ္ဓ မလေ့ကျက်သည်ကို လေ့ကျက်ဟု ဆို၏၊
၉) ဗုဒ္ဓ ပညတ်သည်ကို မပညတ်ဟု ဆို၏၊
၁၀) ဗုဒ္ဓ မပညတ်သည်ကို ဗုဒ္ဓ ပညတ်ဟု ဆို၏၊
၁၁) အာပတ်မဟုတ်သည်ကို အာပတ်ဟု ဆို၏၊
၁၂) အာပတ်ဟုတ်သည်ကို မဟုတ်ဟု ဆို၏၊
၁၃) အပြစ်ပေါ့ အာပတ်ကို အပြစ်လေးအာပတ်ဟု ဆို၏၊
၁၄) အပြစ်လေး အာပတ်ကို အပြစ်ပေါ့ အာပတ်ဟု ဆို၏၊
၁၅) ချွင်းချက်ရှိ အာပတ်ကို ချွင်းချက်မရှိ အာပတ်ဟု ဆို၏၊
၁၆) ချွင်းချက် မရှိ အာပတ်ကို ချွင်းချက်ရှိ အာပတ်ဟု ဆို၏၊
၁၇) ရုန့်ရင်းသော အာပတ်ကို မရုန့်ရင်းသော အာပတ်ဟု ဆို၏၊
၁၈) မရုန့်ရင်းသော အာပတ်ကို ရုန့်ရင်းသော အာပတ်ဟု ဆို၏၊
(ဝိ ၄၊ ၃၆၇)။

**တစ်ခြားစီယူပါ**

ဒီနေရာမှာ သံဃဘေဒက ဖြစ်အောင်လုပ် (သံဃာသင်းခွဲ) လို့ ကံကြီးထိုက်တာနဲ့ သံဃာ့ ညီညွတ်ရေးပျက်အောင် လုပ်တာကို တစ်ခြားစီယူသင့်ပါတယ်။ ပါဠိတော်မှာ ပြဆိုတဲ့အတိုင်း သံဃာ့ညီညွတ်ရေးပျက်အောင်တော့ လူတွေလည်း လုပ်နိုင်တာပါပဲ။ လူတစ်ယောက်ဟာ ဘေဒကရဝတ္ထု ၁၈ ပါးကို ကိုယ်တိုင် သိလို့ဖြစ်စေ၊ ဘုန်ကြီးတွေဆီက တစ်ဆင့် ကြားရလို့ဖြစ်စေ လူတွေအကြား ဘုန်းကြီးတွေအကြား ဝါဒဖြန့် ပြောဆိုနိုင်တာပဲ။ သို့မဟုတ် ဘေဒကရဝတ္ထုနဲ့အလားတူ ကုန်းချောစွပ်စွဲစကားတွေကို သို့မဟုတ် ဟိုဖက်ဘုန်းကြီး ဒီဖက်ဘုန်းကြီး ဟိုအုပ်စုနဲ့ ဒီအုပ်စုအကြား ပိန်ဖျင်းတဲ့စကား (ဘေဒကရဝတ္ထု) တွေကို အပို့အယူလုပ်ရင် ညီညွတ်နေတဲ့ သံဃာတွေ ကွဲပြားသွားနိုင်ပါတယ်။

အဲဒီလို လုပ်ရာမှာ အဓမ္မဝါဒီ (မမှန်သူ) နောက်ကို လိုက်ပြီး ဓမ္မဝါဒီတွေကို မဟုတ်မတရား စွပ်စွဲမိရင်တော့ အဲဒီလူတွေ အပြစ်ကြီး ထိုက်ပါလိမ့်မယ်။ ဤဘဝ နောင်ဘဝ လူမွေးမပြောင်နိုင်ပါဘူး။

**မေးခွန်းအာဘော်**

မေးခွန်းရဲ့ ဒုတိယပိုင်းနဲ့ ပတ်သက်လို့ နည်းနည်းပြောစရာရှိတာက မြန်မာပြည်မှာ ဗုဒ္ဓဝါဒီ လူဥပါသကာတွေနဲ့ ရဟန်းတွေအကြား ဘုန်းကြီးကျောင်း ပိုင်ဆိုင်မှုပြဿနာ မရှိသလောက် ဆိုတာပါပဲ။ ရှိချင်တော့ ရှိဖူးမယ်၊ ဒါပေမယ့် ရှားရှားပါးပါးပဲ နေမှာပါ။ ဘာကြောင့်လဲဆိုရင် အလှူရှင်က ဘုန်းကြီးကျောင်းကို ပြန်လုယူပြီး အိမ်လုပ်ပစ်ဖို့ မဖြစ်နိုင်လို့ပါ။ ပုဂ္ဂိုလ်တစ်ယောက် သို့မဟုတ် ဘာသာရေးအဖွဲ့တစ်ခုက ရဟန်းတစ်ပါး သို့မဟုတ် သံဃာ(ရဟန်းအများ)ကို ရေစက်ချ လှူဒါန်းပြီးပြီဆိုရင် မြန်မာ့ ဥပဒေအရ အလှူရှင် (ပုဂ္ဂိုလ်၊ အဖွဲ့) က အဲဒီကျောင်းကို မပိုင်ဆိုင်တော့ပါဘူး။ တရားစွဲလို့လည်း မရတော့ပါဘူး။

ဘုန်းကြီးအချင်းချင်းပဲ ဘုန်းကြီးကျောင်း ပိုင်ဆိုင်မှုပြဿနာ ရှိတာပါ။ အထူးသဖြင့် ပျံလွန်တော်မူတဲ့ ဆရာတော်က မည်သည့် တပည့်ကိုမှ စာချုပ်စာတမ်းနဲ့ အတိအကျ လွှဲမအပ်ခဲ့ရင် ဒါမျိုး ကြုံရတတ်ပါတယ်။ နောက်တစ်မျိုးမှာ ဆရာတော်ကြီး ပျံတော်မူခါနီး ရဟန်းငယ် ဦးတိဿက အနီးအနားမှာ စောင့်ရှောင့်နေပေမယ့် ဆရာတော်က အဝေးရောက်နေတဲ့ တူတော်မောင် ဦးဒတ္တကို ကျောင်းအပ်ခဲ့ပြီး လူအများစုကလည်း ဦးတိဿကိုပဲ ကြည်ညိုကြတယ်ဆိုရင် အားလုံး ပုထုဇဉ် ဘာဝပေမို့ ပြဿနာဖြစ်ဖို့ သေချာသလောက်ပါပဲ။

**စိတ်ထားမှန်စေ**

အစစ်ပါပဲ။ သံဃာကွဲရင် လူတွေကွဲတယ်။ ကျေးရွာ နှစ်ခြမ်းကွဲတယ်။ လင်မယား ကွဲတာတောင် တွေ့ဖူးပါတယ်။ ကျမ်းဂန်မှာ ပြတာက ကိုယ်စောင့်နတ်တွေလည်း ကွဲတယ်၊ အဲဒီကတစ်ဆင့် မြေကိုမှီတဲ့ နတ်တွေ၊ အာကာသမှာနေတဲ့ နတ်တွေ ကွဲတယ်၊ ဗြဟ္မာ့ဘုံအထိ အရိယာ

ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်တွေမှတစ်ပါး အကုန် နှစ်အုပ်စုစီ ကွဲကုန်ပါသတဲ့ (မ–၅ ၄၊ ၂၄)။ ဒါကြောင့် သံဃာကွဲတာဟာ အကျိုးမရှိပါဘူး။ အကျိုးယုတ်ပါတယ်။ အပါယ်ငရဲ ရောက်ကြောင်းလည်း ဖြစ်ပါတယ်။

ဒါပေမဲ့ သံဃာကွဲခြင်းကိစ္စဟာ ဗုဒ္ဓသက်တော် ထင်ရှားရှိစဉ်မှာတောင် ဖြစ်ခဲ့ဖူးတာမို့ လူ့သဘာဝနဲ့ သမိုင်းစဉ်အရ ရှောင်လွှဲ မရနိုင်တဲ့ အခြေအနေတစ်ရပ်လို့ပဲ ဆိုပါရစေ။ အစုရှိရင် အမှုရှိမြဲပါ။

လောကမှာ သက်ရှိရော သက်မဲ့ပါ ဗိဓာတ်မဓာတ် (ဆန့်ကျင်သဘာဝ) နှစ်မျိုးဟာ ခွဲမရသလို မည်သည့် လူ့အသိုင်းအဝိုင်းမှာမဆိုသဘောထားကွဲပြားတဲ့ အုပ်စုတစ်စုဟာ ရှိစမြဲပါ။ ဒါကြောင့် မလွှဲသာလို့ အဲဒီလို (ကွဲပြားမှု) ဖြစ်လာရင် နှစ်ဖက်လုံး အစွန်းမရောက်ဘဲ၊ တစ်ဖက်သားကို မထိခိုက်စေဘဲ ကိုယ်ယုံကြည်ရာကို စေတနာမှန်မှန်နဲ့ ချီတက်နိုင်ဖို့ မိမိစိတ်ထားကို ပြုပြင်သင့်ပါတယ်။ □



စိတ်ထားမြင့်သူ၏နှလုံးသွင်း

××××××

မှားယွင်းမှုဟူသည် မောဟမကင်းသူ လူတိုင်းနှင့် ဆက်ဆံ၏။
သူ၏ မျိုးစေ့ဖြစ်သော ဒုက္ခကို ရဲဝံ့စွာ ငါခံယူမည်။
ငါ့တာဝန်ကို ငါကိုယ်တိုင်သိ၍ ဆောင်ရွက်မည်။
ငါ့အလုပ်နှင့်တူသော အကျိုးကို မချွတ် ငါရမည်။

(စတုတ္ထစံကျောင်းဆရာတော်)



# လေးကျွန်းတစ်မြင်းမိုရ်

ရှိသေစွာ လျှောက်ထားပါရစေ အရှင်ဘုရား၊

တပည့်တော် ကာလီဖိုးနီးယားက ကျောင်းသားတစ်ယောက်ပါ။ မိတ်ဆွေတစ်ယောက်က ကျွန်းကြီးလေးကျွန်း ပတ်ရံထားတဲ့ စိတ်ကူးယဉ်တောင် (မြင်းမိုရ်တောင်) အကြောင်းကို ပြောလာပါတယ်။ မြင်းမိုရ်တောင်နဲ့ ကျွန်းကြီးလေးကျွန်း အကြောင်းကို ဗုဒ္ဓဟောကြားပါသလား။ ဒါမှမဟုတ် အဲဒီတောင်က စိတ်ကူးယဉ် ဒဏ္ဍာရီ သက်သက်လား။ တကယ်ကော ရှိနိုင်ပါ့မလား။ ဗုဒ္ဓကိုယ်တိုင် ဟောကြားခဲ့တယ်ဆိုရင် နည်းနည်းလောက် ထပ်ဆင့် ရှင်းပြပေးပါ။ ယနေ့ ခေတ်သစ်သိပ္ပံနဲ့ကော ဘယ်လို ညှိယူပါ့မလဲ။

ဗရိုန်းကျော်

---

**ဗုဒ္ဓစကား**

အခါတစ်ပါးမှာ မြတ်ဗုဒ္ဓက အရှင်အာနန္ဒာကို 'အာနန္ဒာ၊ စူဠနိကာ လောကဓာတ် တစ်ထောင်၊ မဇ္ဈိမိကာလောကဓာတ် တစ်သန်း၊ မဟာလောကဓာတ် ကုဋေတစ်သိန်းရှိတယ်။ လောကဓာတ်တစ်ခုစီမှာ မြင်းမိုရ်တောင်တစ်ခု၊ အရှေ့ကျွန်း တစ်ခု၊ အနောက်ကျွန်းတစ်ခု၊ တောင်ကျွန်းတစ်ခု၊ မြောက်ကျွန်း တစ်ခုစီရှိတယ် (အံ ၁၊ ၂၂၈)'လို့ မိန့်တော်မူဖူးပါတယ်။ တစ်ခါမှာတော့ ဗုဒ္ဓက 'ရဟန်းတို့၊ ကာမဘုံကို အများဆုံး ခုနစ်ကြိမ်ပဲ လာရဦးမယ့် သောတာပန်အရိယာ တစ်ယောက်ဟာ မြင်းမိုရ်တောင်လောက်ရှိတဲ့ ဒုက္ခအစုကို ဖျက်ဆီးခဲ့ပြီးပြီ။ ကျန်နေသေးတဲ့ ဒုက္ခကတော့ ပဲနောက်စေ့အရွယ် ကျောက်စရစ်ခဲ ခုနစ်လုံးစာမျှပါပဲ။ ဒါကြောင့် သင်တို့တစ်တွေ ဒုက္ခငြိမ်းအောင် တရားအားထုတ်ကြ (သံ ၃၊ ၃၉၈)' လို့လည်း မိန့်တော်မူဖူးပါတယ်။

'မြင်းမိုရ်တောင်သည် အလျား၊ အနံ ယူဇနာ ရှစ်သောင်း လေးထောင်စီရှိ၏။ ယူဇနာ ရှစ်သောင်း လေးထောင် သမုဒ္ဒရာ၌ မြုပ်နေပြီး ယူဇနာ ရှစ်သောင်း လေးထောင် သမုဒ္ဒရာပေါ် တက်၏ (အံ ၂၊ ၄၇၄)'။ ဖော်ပြပြီး သာဓကတွေအရ 'မြင်းမိုရ်တောင်' 'ကျွန်းကြီး လေးကျွန်း' ဆိုတဲ့ ဝေါဟာရတွေကို မြတ်ဗုဒ္ဓ သိတော်မူ သို့မဟုတ် မြတ်ဗုဒ္ဓ နှုတ်တော်နဲ့ သုံးနှုန်းတော်မူခဲ့တယ် ဆိုတာပါပဲ။

### အဖွင့်ကျမ်းများ

အဋ္ဌကထာလို့ခေါ်တဲ့ ဗုဒ္ဓဟောတဲ့ မူရင်းပါဠိတော်တွေကို အဓိပ္ပာယ် ဖွင့်ဆိုတဲ့ ကျမ်းတွေဟာလည်း သံဂါယနာသုံးတန် တင်ခဲ့တာ (သာရတ္ထ–ဋီ ၁၊ ၁၈) ဖြစ်လို့ ဘုရားဟော ပါဠိတော်တွေလိုပဲ လေးစားခံရပါတယ်။ ဒီအဖွင့်ကျမ်းတွေမှာတော့ မြင့်မိုရ်တောင်ကို ပတ်ရံနေတဲ့ တောင်ခုနစ်လုံး၊ ကျွန်းကြီး လေးကျွန်း၊ သမုဒ္ဒရာ လေးစင်းရှိတယ်၊ တစ်ကျွန်းမှာ နေအလင်းရောင် ရနေတုန်း အခြားကျွန်းတွေ မှောင်နေတယ် (ဝိသုဒ္ဓိ ၁၊ ၁၉၉။ သုတ္တနိ–ဋ္ဌ ၂၊ ၁၈၄ စသည်)၊ စကြဝဠာအနန္တ (စကြဝဠာဟာ အဆုံးမရှိ၊ ဗုဒ္ဓဝံသ–ဋ္ဌ၊ ၄၉ စသည်)လို့ ဖွင့်ဆိုကြပါတယ်။

မြင်းမိုရ်တောင်ဟာ ကမ္ဘာမြေရဲ့ အလယ်ဗဟိုမှာ ရှိတယ် (Pali Proper Names, III, p. 1136)၊ ပကတိမျက်စိနဲ့ မမြင်နိုင်ဘူးလို့လည်း ဆိုတယ် (လူသေလူဖြစ်ဝိနိစ္ဆယ၊ စာ–၆၆၂)။

အရှင်အသဃဂုတ္တမထေရ်ဟာ ခက်ခဲနက်နဲတဲ့ မေးခွန်းတွေကို မေးတတ်သူ မိလိန္ဒမင်းကို ပြန်ချေပဖို့ အစီအစဉ်နဲ့ ပတ်သက်တဲ့ သံဃာ့အစည်းအဝေးတစ်ရပ်ကို (မြင်းမိုရ်တောင်ရဲ့ အရံတောင်စဉ် ခုနစ်လုံးထဲမှာပါတဲ့) ယုဂန္ဓိုရ်တောင်ထိပ်မှာ ကျင်းပခဲ့ပါသတဲ့ (မိလိန္ဒ၊ ၅)။ ဒါတွေကတော့ ထေရဝါဒကျမ်းဂန်တွေမှာ ဖော်ပြတဲ့ လေးကျွန်း တစ်မြင်းမိုရ်၊ တောင်စဉ်ခုနစ်တန်နဲ့ စကြဝဠာအနန္တ အယူအဆ ဖြစ်ပါတယ်။

### ဗုဒ္ဓဝါဒနဲ့ သိပ္ပံ

ဗုဒ္ဓဟာ သိပ္ပံဆရာမဟုတ်၊ ဗုဒ္ဓဝါဒဟာလည်း သိပ္ပံပညာ မဟုတ်ပါဘူး။

ဗုဒ္ဓဝါဒနဲ့ သိပ္ပံပညာဟာ ရထားလမ်းလို မျဉ်းပြိုင်သွားနေခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓဝါဒဟာ စကြဝဠာကို သုတေသန မလုပ်ပါဘူး။ စကြဝဠာကို သုတေသနလုပ်ဖို့က သိပ္ပံဆရာတို့ရဲ့ တာဝန်ပါ။ ဒါပေမယ့် ဒီဃနိကာယ်၊ အဂ္ဂညသုတ် ပါဠိတော်မှာ သက်ရှိသတ္တဝါတွေနဲ့ တကွ ကမ္ဘာလောကဟာ ရှေးဦးမိုး ရွာသွန်းလိုက်လို့ ကမ္ဘာမြေ စတင်ဖြစ်တည်ပုံ တိုးတက်လာပုံ တည်မြဲနေပုံ၊ မီး ရေ လေတို့ကြောင့် ပျက်စီးရပုံတွေကို ဖော်ပြပါတယ်။ ဗုဒ္ဓဘာသာကျမ်းဂန်တွေက 'တစ်ချိန်မှာ နေ ခုနစ်စင်း တစ်ပြိုက်နက် ပေါ်ထွက်လာပြီး ယင်းအပူရှိန်ဟာ ကမ္ဘာမြေကို လောင်ကျွမ်းပစ်လိုက်တယ်' လို့ ဆိုတယ်။

သိပ္ပံဆရာတွေကလည်း 'လွန်ခဲ့တဲ့နှစ်ပေါင်း ၁၃ ဘီလီယံခန့်က မဟာပေါက်ကွဲမှု (Big Bang) ဖြစ်ပေါ်ခဲ့တယ်၊ နှစ်ကာလများစွာ ကြာပြီးနောက် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်မှာ ပြောင်းလဲမှု အစီအရီ ဖြစ်ပေါ်လာတယ်' လို့ ဆိုတယ်။ 'စကြဝဠာနဲ့ သက်ရှိတို့ဟာ သဘာဝနိယာမ သို့မဟုတ် သဘာဝရွေးချယ်မှု (natural selection) ကြောင့် ဖြစ်ပေါ်ခဲ့တယ်၊ ဒီစကြဝဠာမှာ ကမ္ဘာမြေအပေါ်ယံလွှာ ဖြစ်ပေါ်ပြီးနောက် စကြဝဠာဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ် ပေါ်လာတယ်' ဆိုတဲ့ သိပ္ပံအဆိုတွေဟာ ဗုဒ္ဓဝါဒနဲ့ အနီးစပ်ဆုံး ဖြစ်နေတာကို တွေ့နိုင်ပါတယ်။

ထာဝရဘုရားသခင်ရဲ့ ဆန္ဒတစ်ခုတည်းနဲ့ သက်ရှိသက်မဲ့ အားလုံးနဲ့ ဒီကမ္ဘာလောက စတင်ဖြစ်တည်ခဲ့တယ် ဆိုတာကိုတော့ သိပ္ပံကရော ဗုဒ္ဓဝါဒကပါ ငြင်းပယ်ပါတယ်။

**ဓမ္မစကျွ (တတိယမျက်လုံး)**

မြတ်ဗုဒ္ဓလက်ထက်က အရှင်အနုရုဒ္ဓါမထေရ်ဟာ ဒိဗ္ဗစကျွ အဘိညာဉ်နဲ့ တစ်ချိန်လုံး မိမိရဲ့ခန္ဓာကိုယ်ကို ရှုပြီးတော့နေရာမှာ ခန္ဓာတစ်ကိုယ်လုံးမှာ ပိုးမျိုးပေါင်း ရှစ်သောင်းရှိပြီး အဲဒီပိုးတွေဟာ အချင်းချင်း ထိုးဆိတ်ကြ၊ ကျင်ကြီးကျင်ငယ် စွန့်ကြ၊ တစ်ချို့ နာမကျန်း၊ တစ်ချို့ သေနေကြတာတွေကို တွေ့ရသတဲ့ (မ-ဋ္ဌ ၂၊ ၃၃)။ Readers' Digest

(၁၉၉၉ ခုနှစ်၊ လကို မမှတ်မိ) မှာ မျက်တောင်မွှေးပေါ်က သန်းချီရှိတဲ့ ပိုးမွှားလေးတွေ အချင်းချင်း တိုက်ခိုက်နေကြတာ၊ မိတ်လိုက်နေကြတာ၊ မိတ်လိုက်တဲ့အခါ အသုံးပြုတဲ့ မွေ့ယာလိပ်ကလေးလိုဟာကို ကျောမှာလွယ်ပြီး ပြေးလိုက်လွှားလိုက် လုပ်နေကြတာတွေကို အနုကြည့် မှန်ပြောင်းနဲ့ မြင်ရကြောင်း ဖတ်ဖူးခဲ့တာကို အမှတ်ရမိပါတယ်။

မြန်မာပြည်က တရားဌာနတစ်ခုမှာ သုံးလလောက် တရားထိုင်ဖူးတဲ့ ဝေလနယ် (အင်္ဂလန်နိုင်ငံ) က ပရိဗိုက်ဆာတစ်ယောက်နဲ့ ဆုံဖူးပါတယ်။ သူ တရားထိုင်နေတုန်း ခိုင်ကျည်တဲ့ သမာဓိစွမ်းအားနဲ့ မိမိရဲ့ ဝမ်းဗိုက်ထဲမှာရှိတဲ့ ကလီစာ အားလုံးကို တွေ့နေရပြီး အူတစ်နေရာမှာ ရောဂါလက္ခဏာလို့ ယူဆရတဲ့ အရာတစ်ခုကို တွေ့တွေ့နေလို့ ကမ္ဘာ့ကျော်ဆရာရဲ့ ခွင့်ပြုချက်နဲ့ မိမိနိုင်ငံကိုပြန်ပြီး ဆေးစစ်ကြည့်ရာမှာ တကယ်ပဲ ဖြစ်နေလို့ လက်မတင်ကလေး မီလိုက်ကြောင်း သူက ပြောပြပါတယ်။ ဒါတွေဟာ ယုံတမ်းစကားတွေ မဟုတ်ပါဘူး။ မည်သူမဆို စိတ်ပိုင်းဘာဝ လေ့ကျင့်မှုနဲ့ တကယ် ရနိုင်တဲ့ စွမ်းရည်မျိုးပါ။

ကျမ်းဂန်တွေမှာ ဗုဒ္ဓရဲ့ ဒိဗ္ဗစက္ခုဉာဏ် မြင်နိုင်စွမ်းအား၊ အဂ္ဂသာဝကတွေရဲ့ ဒိဗ္ဗစက္ခု မြင်နိုင်စွမ်းအား၊ သာမန်ပုဂ္ဂိုလ်တွေရဲ့ ဒိဗ္ဗစက္ခု မြင်နိုင်စွမ်းအားတွေကို ခွဲခြားပြထားပါတယ်။ ဗုဒ္ဓဟာ ဒိဗ္ဗစက္ခုနဲ့ စကြဝဠာ ကုဋေတစ်သိန်းအလွန်ကို လှမ်းမြင်နိုင်ပါသတဲ့။

**မေးခွန်းရဲ့ အဖြေ**

လေးကျွန်း တစ်မြင်းမိုရ်နဲ့ စကြဝဠာအနန္တဆိုတာကို ဗုဒ္ဓဟောအနေနဲ့ လက်ခံထားတဲ့ ပါဠိတော်တွေမှာ တွေ့ရတာတော့ သေချာပါတယ်။ ခေတ်သစ် သိပ္ပံအမြင်နဲ့ ကြည့်ရင် တစ်ထပ်တည်းတော့ ကျချင်မှ ကျမယ်။ အေးလေ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က စာဆိုနဲ့ ယနေ့ခေတ် လက်တွေ့ဟာ တစ်ထပ်တည်း ဖြစ်နိုင်ပါ့မလား။

ဒါပေမဲ့ ကမ္ဘာ့ဝင်ရိုး ဆိုတာကို ဆုပ်ကိုင် မပြနိုင်သလို မြင်းမိုရ်တောင်ကိုလည်း မမြင်နိုင်ဘူးလို့ ညှိယူလိုက်ရင် ဘဝင်ကျနိုင်ပါလိမ့်မယ်။

အမေရိကတိုက်မှာ လင်းနေတုန်း အာဖရိက၊ ဥရောပ၊ အာရှနဲ့ ဩစတြေလျတိုက်တွေမှာ မှောင်နေတာကလည်း တစ်ကျွန်းလင်းခိုက် သုံးကျွန်း မိုက်ဆိုတာနဲ့ မနီးစပ်ပေဘူးလား။ ဗုဒ္ဓကျမ်းဂန်တွေမှာ ဖော်ပြတဲ့ cosmology (စကြဝဠာဗေဒ)ဟာ အတော့်ကို reasonable ဖြစ် (ကြောင်းကျိုး ဆီလျော်) ကြောင်းပါ။ ဒါကြောင့် ကမ္ဘာကျော် အိုင်စတိုင်း ဟောကိန်း ထုတ်ခဲ့ပုံကို ဖတ်ကြည့်ပါဘိ –

'အနာဂတ်ဘာသာရေးသည် တစ်ဆူတည်းသော ဖန်ဆင်းရှင် ထာဝရဘုရားကို ဖယ်ရှားလိမ့်မည်။ သဘာဝနှင့် စိတ်ပိုင်းလေ့ကျင့်မှု ပေါင်းစပ်လျက် အဓိပ္ပာယ်ပြည့်ဝပြီး တွေ့ကြုံသိရှိမှု အားလုံးမှ ပေါက်ဖွားလာသည့် ဘာသာရေး အယူအဆတစ်ရပ်ကို အခြေခံမည်။ ဗုဒ္ဓဝါဒသည် ဆိုခဲ့ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေကြား၏။ ထို့ကြောင့် ခေတ်သစ်သိပ္ပံပညာနှင့် ညီညွတ်ရှိသည့် ဘာသာဝါဒတစ်ခု လိုအပ်မည်ဆိုပါလျှင် ယင်းသည် ဗုဒ္ဓဘာသာပင် ဧကန်မလွဲ ဖြစ်လိမ့်မည်'။ ❐




ရိုသေစွာ လျှောက်တင်လိုက်ပါတယ် အရှင်ဘုရား၊

တပည့်တော်မက ကာလီဖိုးနီးယားတက္ကသိုလ် UC Davis မှာ တက်ရောက် ပညာသင်နေတဲ့ မြန်မာကျောင်းသူပါ။ Religious Study (ဘာသာရေး လေ့လာမှု) အတန်းကို တက်နေရလို့ ဗုဒ္ဓဘာသာအကြောင်းကို လေ့လာရင်း အရှေ့တိုင်းနှင့် အနောက်တိုင်း ပညာရှင်တွေရေးတဲ့ ဗုဒ္ဓဘာသာကျမ်းစာအုပ်တွေကို ဖတ်ရှုရပါတယ်။ အဲဒီလို ဖတ်ရင်း အခက်အခဲတစ်ခုက ဗုဒ္ဓဘုရား ဖွားမြင်တဲ့နှစ်ကို ဖော်ပြကြရာမှာ အချို့က ဘီစီ

၅၆၃၊ အချို့ကျတော့ ဘီစီ ၆၂၃ လို့ နှစ်မျိုး ကွဲပြားစွာ ဖော်ပြကြပါတယ်။ အဲဒါ ဘာကြောင့်ပါလဲ။ တပည့်တော်အနေနဲ့ ဘယ်ခုနှစ်ကို အတည်ယူသင့်ပါသလဲ။ အဲဒါလို ကွဲပြားနေရတာဟာ အဓိကဘာကြောင့်ပါလဲ ရှင်းပြပေးစေလိုပါသည် ဘုရား။

ရိုသေလေးစားစွာဖြင့် လူစီဝင်း၊ USA

---

**ထေရဝါဒ ဗုဒ္ဓဖွားနှစ်**

ဗုဒ္ဓပရိနိဗ္ဗာန်စံတဲ့ နှစ်ကစပြီး သာသနာနှစ် - ၁ လို့ စတင် ရေတွက်ပါတယ်။ ယနေ့ (မြန်မာက္ကရာဇ် ၁၃၆၉-ခုနှစ်) မှာ သာသနာနှစ် ၂၅၅၁။ ရောက်ဆဲ ခရစ်နှစ် ၂၀၀၇ ကို သာသနာ ၂၅၅၁ မှ နုတ်ရင် ဘီစီ ၅၄၄၊ ဒါ ဗုဒ္ဓပရိနိဗ္ဗာန်စံတဲ့နှစ်။ ပရိနိဗ္ဗာန်စံတဲ့နှစ်ကို နုတ်ပြီး သက်တော် ၈၀-ကို ထပ်ပေါင်းရင် ဗုဒ္ဓဖွားမြင်တာ (၅၄၄+၈၀) ဘီစီ ၆၂၄။ သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအိုစတဲ့ ထေရဝါဒဗုဒ္ဓ ဘာသာနိုင်ငံတွေ လက်ခံတဲ့ မြတ်ဗုဒ္ဓ ဖွားတော်မူတဲ့နှစ် ဖြစ်ပါတယ်။

ဒါဟာ သီရိလင်္ကာနိုင်ငံနဲ့ ဗုဒ္ဓသာသနာသမိုင်းစဉ်ကို ဖော်ပြတဲ့ မဟာဝံသကျမ်းနှင့် အညီဖြစ်ပါတယ်။ မဟာဝံကျမ်းကို အလွန်ရှေးကျတဲ့ အချိန်ကပင် သီဟိုဠ် မဟာဝိဟာရကျောင်းတိုက်က ပညာရှင်တွေ သီဟိုဠ်ဘာသာနဲ့ ရေးသားခဲ့ပြီး အေဒီ ၅၂၀ လောက်မှာ ပါဠိဘာသာ ပြန်ဆိုခဲ့ပါတယ်။ ယနေ့ ထေရဝါဒနိုင်ငံတွေမှာ လက်ခံနေကြတဲ့ ဗုဒ္ဓဘာသာ ပါဠိစာပေ (ဘုရားဟော ပါဠိတော်တွေကလွဲရင်) အားလုံးနီးပါးကို မဟာဝိဟာရကျောင်းတိုက်ထွက် ပညာရှင်တွေ ရေးခဲ့တာပါ။ ဒါကြောင့် ဘီစီ ၆၂၃ ဗုဒ္ဓမွေးနေ့ အဆိုဟာ မဟာဝိဟာရကျောင်းတိုက်က မထေရ်စဉ်ဆက် မှတ်ယူလာတဲ့ အယူအဆ၊ ထေရဝါဒ မှတ်တမ်းများရဲ့ အယူအဆ ဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။

ဒါကြောင့်လည်း လွန်ခဲ့တဲ့ နှစ်ငါးဆယ်လောက်က ထေရဝါဒနိုင်ငံတွေမှာ ဗုဒ္ဓသာသနာ ၂၅၀၀ ပြည့်ပွဲတွေ ကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။

## ကမ္ဘာ့သမိုင်းနှင့် ညှိခြင်း

မဟာဝံသနှင့် အဋ္ဌကထာကျမ်းများအဆို၊ မဇ္ဈိမဒေသမင်းဆက်၊ ကမ္ဘာ့ သမိုင်းမှတ်တမ်းများ၊ သံဂါယနာမှတ်တမ်းများ၊ ဆရာစဉ်ဖော်ပြချက်၊ အသောကကျောက်စာ၊ မြောက်ပိုင်း ဗုဒ္ဓဘာသာမှတ်တမ်းများ၊ အိန္ဒိယ တောင်ပိုင်းမှ ရှေးဟောင်းကျောက်စာအချို့ အဲဒါတွေ အားလုံးကို ညှိ နှိုင်း တိုက်ဆိုင်ပြီးနောက် ဘီစီ ၆၂၃ ဗုဒ္ဓဖွားနှစ်အဆိုနဲ့ ပတ်သက်ပြီး စဉ်းစားစရာ တွေ့လာရတယ်။ ပညာရှင်တွေက ဗုဒ္ဓဖွားနှစ်ကို ဘီစီ ၅၆၃ လို့ ယူဆလိုကြတယ်။ ဒါလဲ မဟာဝံသကျမ်း (အခန်း ၅၊ ဂါထာ အမှတ် ၂၁) မှာ ဖော်ပြတဲ့ အိန္ဒိယကေရာဇ် အသောကမင်းဟာ ဗုဒ္ဓ ပရိ နိဗ္ဗာန်စံပြီးနောက် ၂၁၈-နှစ် အကြာမှာ နန်းတက်တယ်ဆိုတဲ့ အချက် ကိုပဲ အခြေခံတာပါ။

မဟာဝံသနဲ့ ဝိနယအဋ္ဌကထာကျမ်းများအလိုအရ အဇာတသတ္တု (ဗုဒ္ဓမလွန်မီ ၈+ လွန်ပြီးနောက်) ၂၄၊ ဥဒယဘဒ္ဒ ၁၆၊ အနုရုဒ္ဓနှင့် မုဏ္ဍ ၈၊ နာဂဒါသက ၂၄၊ သုသုနာဂ ၁၈၊ ကာဠာသောက ၂၈၊ ၎င်း၏သား ဆယ်ယောက် ၂၂၊ နန္ဒမင်းသား ကိုးယောက် ၂၂၊ စန္ဒဂုတ္တ ၂၄၊ ဗိန္ဒု သာရ ၂၈၊ အသောက (ဘိသိက်မခံမီ ၄ +) နန်းစံ ၁၈-နှစ် မြောက် (ဗုဒ္ဓလွန်ပြီးနောက် နှစ်ပေါင်း ၂၃၆-နှစ်အကြာ) မှာ အသောကရဲ့ သား တော် အရှင်မဟိန္ဒ သီဟိုဠ်ကို ရောက်တယ်။ စန္ဒဂုတ္တဟာ အသောကရဲ့ ဘိုးတော်ပါ။ အသောကဟာ နန်းရပြီး ၄-နှစ်ကြာမှ ဘိသိက်ခံတာ ဖြစ် လို့ ဘိုးတော် စန္ဒဂုတ္တမင်းနဲ့ အသောကတို့အကြား ဖော်ပြပြီး နန်းစံနှစ် တွေအရ ၅၆ နှစ် ကွာတယ်။ ဒါကြောင့် စန္ဒဂုတ္တဟာ ဗုဒ္ဓနောက် (၂၁၈ ၅၆) ၁၆၂-နှစ် အကြာမှာ နန်းစိုက်တယ်။

အိန္ဒိယသမိုင်းအရ စန္ဒဂုတ္တနန်းတက်နှစ်ဟာ ဘီစီ ၃၂၁။ ဒီတော့ ဗုဒ္ဓ ပရိနိဗ္ဗာန်စံနှစ်ဟာ ဘီစီ (၃၂၁+၁၆၂) ၄၈၃။ သက်တော် ၈၀ ပေါင်း ရင် မြတ်ဗုဒ္ဓ မွေးဖွားနှစ်ဟာ (၄၈၃+၈၀) ဘီစီ ၅၆၃။

ကမ္ဘာ့သမိုင်းအရ ဂရိဘုရင် **အလက်စန္ဒာသဂရိတ်**ဟာ ဘီစီ

၃၂၅ မှာ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်အထိ အောင်နိုင်ပြီး အိန္ဒိယမှ အပြန် ဘီစီ ၃၂၃ မှာ လမ်းမှာ ကွယ်လွန်တယ်။ အိန္ဒိယဘုရင် စန္ဒဂုတ္တ မောရိယမင်းက အလက်စန္ဒာရဲ့လူတွေကို နှိမ်နင်းခဲ့တယ်။ အဲဒီအချိန်က အသောကမင်း မမွေးဖွားသေးဘူးလို့ အိန္ဒိယသမိုင်းနဲ့ ကမ္ဘာ့သမိုင်းတွေ အရ သိရတယ်။ ဒါကြောင့် ဗုဒ္ဓဖွားနှစ်ကို ထေရဝါဒီတို့ ယူဆသလို ဘီစီ ၆၂၃ ယူရင် စန္ဒဂုတ္တနဲ့ အလက်စန္ဒာတို့ကို ခေတ်ပြိုင်ဆိုတဲ့ အဲဒီသမိုင်း တွေနဲ့ ဆန့်ကျင်သွားပါလိမ့်မယ်။

**မင်းဆက်နှစ် ပိုလာခြင်း**

၁၉၀၇ ခုနှစ်က မဟာဝံသပါဠိကို အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့တဲ့ ပါဠိ ပါမောက္ခ ဝီလျံဂိုင်ဂါ (Wilhelm Geiger) ဟာ မဟာဝံသနဲ့ စူဠဝံသ ကျမ်းတွေမှာ ဖော်ပြတဲ့ သီဟိုဠ်မင်းဆက်ကို အသေးစိတ် လေ့လာတဲ့ အခါ အေဒီ ၁၀၀၀ ခန့်က အိန္ဒိယတောင်ပိုင်း စောဠတိုင်းသားတို့ သီဟိုဠ်ကို ကျူးကျော်တဲ့အချိန်ကို ဖော်ပြတဲ့ သက္ကရာဇ်တွေမှာ ၆၂-နှစ်လောက် ကွာဟနေတာကို တွေ့ရှိခဲ့တယ်။

တွေ့ရှိပုံက ဒီလိုပါ။

စူဠဝံသကျမ်း အခန်း ၅၃ အရ **တတိယ** **ဥဒယမင်း** (ဗုဒ္ဓနှစ် ၁၄၉၇ နန်းတက်) **ပရက္ကမပဏ္ဍုမင်း** (ဗုဒ္ဓနှစ် ၁၅၉၀ နန်းတက်)တို့ရဲ့ အကြားကာလကို ၉၃-နှစ်နှင့် ၈-ရက်လို့ သိရတယ်။ အိန္ဒိယတောင် ပိုင်း Tanjore နယ်က စောဠဘုရင် **ရာဇိန္ဒြရာဇစောဠဒေဝမင်း** ရေး ထိုးခဲ့တဲ့ ကျောက်စာမှာ စူဠဝံသကျမ်းမှာ ဆိုတဲ့အတိုင်း တတိယ ဥဒယမင်း နန်းတက်ပြီးစမှာ စောဠတိုင်းသားတို့ သီဟိုဠ်ကို စစ်ချီ ကြောင်း ဖော်ပြလို့ ဒီမင်းနှစ်ပါး ခေတ်ပြိုင်နေတာကို တွေ့ရတယ်။ စောဠဒေဝရဲ့ နန်းတက်နှစ်ကို အေဒီ ၁၀၁၁ လို့ အိန္ဒိယသမိုင်း ဆရာ တို့ ဆိုတယ်။ စောဠတို့ သီဟိုဠ်ကို စစ်ချီတာ စောဠဒေဝမင်း နန်းစံ ၄-နှစ်မြောက် (အေဒီ ၁၀၁၅)။ ဒါဟာ စူဠဝံသကျမ်းလာ တတိယဥဒယ နန်းတက်နှစ် (ဗုဒ္ဓနှစ် ၁၄၉၇) ဖြစ်နေတယ်။

ဒီတော့ ဗုဒ္ဓနှစ် ၁၄၉၇ ဟာ အေဒီ ၁၀၁၅ (ဒီအလို ပုံမှန် သမိုင်းဆရာတို့ ပြသလို တတိယဥဒယ နန်းတက်နှစ်ကို အေဒီ ၉၄၆ လို့ မဆိုနိုင်တော့ဘူး)။ ဒါဆို ဗုဒ္ဓ ပရိနိဗ္ဗာန်စံနှစ် ဘီစီ (၁၄၉၇-၁၀၁၅) ၄၈၃၊ မွေးဖွားနှစ် ဘီစီ ၅၆၃ လို့ အဓိပ္ပာယ် သက်ရောက်သွားတာပဲ။

တတိယ ဥဒယမင်းကစပြီး ပထမ ပရက္ကမဗာဟုမင်း တိုင်အောင် မင်းဆက်ကို အသေးစိတ်ရေးခဲ့သူ စူဠဝံသကျမ်းပြုဆရာဟာ တတိယ ဥဒယမင်း နန်းတက်နှစ်ကို ဗုဒ္ဓနှစ် ၁၄၉၇ (စောဠ ကျောက်စာနှင့်အညီ အေဒီ ၁၀၁၅)၊ ပရက္ကမပဏ္ဍု နန်းတက်နှစ်ကို ဗုဒ္ဓနှစ် ၁၅၉၀ (အေဒီ ၁၀၄၆)၊ ပထမ ပရက္ကမဗာဟု နန်းတက်နှစ်ကို ဗုဒ္ဓနှစ် ၁၆၉၇ (အေဒီ ၁၁၅၃) လို့ ဖော်ပြခဲ့ပေမယ့် တတိယ ဥဒယနန်းတက်နှစ်မှာ ကျန်ဘုရင် နှစ်ပါး နန်းတက်နှစ်နဲ့ မတူတဲ့အခြေခံ (သမိုင်းမှတ်တမ်းများ) က လာတယ်ဆိုတာကို သတိပြုခဲ့မိပုံ မရဘူး။

တတိယဥဒယနှင့် ပရက္ကမပဏ္ဍု အကြားကို ၎င်းအလို ၉၃-နှစ် ဆိုပေမဲ့ အမှန်တော့ ၃၁-နှစ် (အေဒီ ၁၀၁၅-၁၀၄၆) သာ ကွာပြီး ၆၂-နှစ် ပိုထွက်လာတာကို အံ့သြဖွယ် တွေ့ရတယ်။

## ဗုဒ္ဓဖွားနှစ် ၂ မျိုး ဖြစ်သွားခြင်း

အဲဒီလို ၆၂-နှစ် ပိုထွက်လာတာ ဘယ်မင်းဆက်ရယ်လို့ အတိအကျ မပြနိုင်ဘူးလို့ ဆိုပေမဲ့ သံသယဖြစ်နိုင်တဲ့ အချက်အချို့ကို ဂိုင်ဂါက ထောက်ပြခဲ့တယ်။ ဥပမာ အသက် ၃၇-နှစ်မှာ မင်းဖြစ်ပြီး နန်းသက် ၇၀ ကြာခဲ့တဲ့ ပဏ္ဍုကာဘယ (ဘီစီ ၄၃၇-၃၆၇) (ဒီမင်းလဲ အသက် သိပ်ရှည်လို့ ပုံမှန်တော့ မဟုတ်ဘူးတဲ့) ကို ဆက်ခံတဲ့ သူ့ရဲ့သားဖြစ်သူ မုဋသိဝဟာ ပဏ္ဍုကာဘယ မင်းမဖြစ်ခင် (အသက် ၃၇ နှစ်မတိုင်ခင်) က လက်ထပ်ခဲ့တဲ့ မိဖုရား သုဝဏ္ဏဝတိက ဖွားမြင်သတဲ့။ ဒါကြောင့် မုဋသိဝ မင်းပြုတဲ့အခါ အနည်းဆုံး အသက် ၇၀။ ဒါပေမယ့် မုဋသိဝ နန်းစံ သက်တမ်း ၆၀-နှစ်လို့ မဟာဝံသမှာ ဆိုတယ်။ ဒါဆိုရင် မုဋသိဝ အသက် ၁၃၀ ဖြစ်သွားတာမို့ ယုတ္တိမတန်ပေဘူး။

သီဟိုဠ် အစဉ်အလာသမိုင်းဟာ အချို့ဖြစ်စဉ်တွေကို အမှန်အတိုင်း ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပေမယ့် ဘုရင့်နန်းစံနှစ်တွေနဲ့ ပတ်သက်ရာမှာတော့ ဝိဇယမင်း သီဟိုဠ်မှာ နန်းစံနှစ်ကို ဗုဒ္ဓပရိနိဗ္ဗာန်စံနှစ်နှင့် ထပ် တူဖြစ်အောင် ဆွဲဆန့်ထားဖွယ်ရှိတယ်လို့ ဂိုင်ဂါကယူဆခဲ့တယ်။ အဲဒီလို ယူဆလို့ ဂိုင်ဂါဟာ မဟာဝံသအဆို ဘီစီ ၅၄၄ နှစ်ထဲက (ကမ္ဘာ့သမိုင်းတွေနဲ့အညီ) ၆၁–နှစ် လျှော့ပစ်ဖို့ တင်ပြခဲ့တာကို Dr. ဝါလ်ပိုလာ ရာလဟုလာစတဲ့ ပညာရှင်တွေ မငြင်း သို့မဟုတ် လက်ခံကြတဲ့အတွက် အနောက်တိုင်း ပညာရှင်တွေအကြား ဗုဒ္ဓပရိနိဗ္ဗာန်စံနှစ် ဘီစီ ၄၈၃၊ ဗုဒ္ဓ ဖွားမြင်နှစ် ဘီစီ ၅၆၃ လို့ ဆိုလာကြတာပါ။

မဟာဝံသအလို ဗုဒ္ဓပရိနိဗ္ဗာန်စံတဲ့နှစ်မှာ ဝိဇယမင်း သီဟိုဠ်ကို ရောက်တယ်ဆိုပေမယ့် ပထမဆုံး ဖြတ်မှီအကွာရာနဲ့ ရေးထိုးထားတဲ့ သီဟိုဠ် အနုရာဓပုရ မြို့နားမှာရှိတဲ့ **ဆိရန် ဒေရနိယဂါလ** (Siran Dera-niyagala) ကျောက်စာအရ အဆိုပါ ဝိဇယမင်း သီဟိုဠ်ရောက်ချိန်ဟာ ဘီစီ ၄၈၀–ခန့် ဖြစ်တာကို တွေ့ရတယ်။ ဒါကြောင့် မဟာဝံသအလို ဝိဇယဘုရင် သီဟိုဠ်ရောက်နှစ်နဲ့ အဲဒီပြာကရိတ် ဖြတ်မှီကျောက်စာအဆို ကွဲလွဲနေတာဟာ ဂိုင်ဂါရဲ့ အယူအဆ (ဘီစီ ၅၆၃ ဗုဒ္ဓဖွား) ကို ထောက်ခံသလို ဖြစ်နေတယ်။

ဗုဒ္ဓလွန်ပြီး နှစ်တစ်ရာအကြာမှာ ကျင်းပတဲ့ ဒုတိယသံဂါယနာမှာ ဗုဒ္ဓကိုသိမီလိုက်တဲ့ မထေရ်ကြီးတွေ ပါတယ်ဆိုတဲ့ လူ့သက်တမ်းကို အခြေပြုဖော်ပြတဲ့ အထက်ပါ အယူအဆ နှစ်မျိုးနဲ့ လုံးဝခြားနားတဲ့ ဗုဒ္ဓမွေးနှစ် နောက်တစ်မျိုး တင်ပြထားတာလည်း ရှိပါသေးရဲ့။ သုတေသနရဲ့ သဘောအရ မသေချာသေးသရွေ့ အထောက်အထား ပြည့်စုံ နိုင်လုံတဲ့အထိ ဆက်လက် ရှာဖွေစဉ်းစားနေရဦးမှာပါ။ ❐

## အရှင်ဓမ္မပါလဆုတောင်း

ဖြေကြားပေးစေလိုပါသည်၊

မြန်မာပြည်က အမည်မဖော်လိုတဲ့ နာမည်ကြီးဓမ္မကထိက ဆရာတော်တစ်ပါးဟောတဲ့အထဲမှာ ထေရဝါဒဗုဒ္ဓသာသနာသမိုင်းမှာ ဒုတိယ အဋ္ဌကထာဆရာကြီးလို့ ထင်ရှားတဲ့ စရိယာပိဋကအဋ္ဌကထာကိုပါ ရေးသားခဲ့တဲ့ အရှင်ဓမ္မပါလဟာ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၈၀၀ လောက်အကြာမှာ ပေါ်ထွန်းခဲ့တာလို့ ဆိုပါတယ်။ 'အရှင်ဓမ္မပါလ ဆုတောင်း'လို့ခေါ်တဲ့ အဲဒီ ဗွီဒီယိုတိပ်ခွေထဲမှာ ဆရာတော်ဟာ အဲဒီ သက္ကရာဇ်ကို သုံးကြိမ်တိုင်တိုင် ညွှန်းဆိုခဲ့တာကို တွေ့ရပါတယ်။

အစဉ်အလာအရ ထေရဝါဒရဲ့ ပထမဦးဆုံးသော အဋ္ဌကထာ ဆရာကြီး အရှင်မဟာဗုဒ္ဓဃောသဟာ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၉၃၀ (အေဒီ ၄ ရာစု ကုန်ခါနီး) မှာ သီဟိုဠ်ကို ရောက်တယ်၊ ပြီးတော့ အရှင်ဓမ္မပါလဟာ အရှင်မဟာဗုဒ္ဓဃောသရဲ့ အဋ္ဌကထာကျမ်းတွေကို ထပ်ဖွင့်တဲ့ ဋီကာကျမ်းတွေအပြင် အရှင်ဗုဒ္ဓဃောသ မဖွင့်ခဲ့တဲ့ ပါဠိတော်

တွေကိုဖွင့်တဲ့ အဋ္ဌကထာကျမ်းတွေကိုလည်း ရေးသားခဲ့တယ်လို့ ကြားဖူးပါတယ်။ အဓိပ္ပာယ်က အရှင်မဟာဗုဒ္ဓဃောသထက် နောက်ကျလို့ အရှင်ဓမ္မပါလ ပေါ်ထွန်းရာခေတ်ဟာ သာသနာနှစ် ၁၀၀ မဖြစ်နိုင်ဘူးလို့ ဆိုလိုပါတယ်။ ခုနှစ်သက္ကရာဇ်အမှန်ကို သိပါရစေ။

အရှင်ဝေပုလ္လာစာရ၊ ခေတ္တ သီရိလင်္ကာ။

---

**အရှင်ဓမ္မပါလ**

နှောင်းခေတ် အဋ္ဌကထာဋီကာကျမ်းတွေမှာ **အာစရိယဓမ္မပါလဆိုတဲ့** အမည်နဲ့ ကျော်ကြားလှတဲ့ အရှင်ဓမ္မပါလဟာ အဋ္ဌကထာကျမ်းတွေကိုရော ဋီကာကျမ်းတွေကိုပါ ရေးသားခဲ့ပါတယ်။ အရှင်မြတ်ကို အရှင်မဟာဗုဒ္ဓဃောသပြီးနောက် ဒုတိယ အဋ္ဌကထာကျမ်းပြုဆရာကြီးအနေနဲ့ ထေရဝါဒ ဗုဒ္ဓဘာသာပညာရှင်တွေက လေးစားကြပါတယ်။ အရှင်မြတ်ဟာ **ဥဒါန၊ ဣတိဝုတ္တက၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ စရိယာပိဋကနှင့် နေတ္တိပကရဏပါဠိတော်**တွေရဲ့အဖွင့် **အဋ္ဌကထာတွေကို** ရေးခဲ့ပါတယ်။ အရှင်မဟာဗုဒ္ဓဃောသရေးတဲ့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ထပ်မံဖွင့်တဲ့ **ပရမတ္ထမဉ္ဇူသာ**လို့ခေါ်တဲ့ **ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊** လီနတ္ထပကာသနာလို့ခေါ်တဲ့ **ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ် အဋ္ဌကထာတွေရဲ့**အဖွင့်ဋီကာတွေနဲ့ **နေတ္တိဋီကာ၊ ဇာတကဋီကာ**ကျမ်းတွေကို ရေးခဲ့ပါတယ်။ **ဗုဒ္ဓဝံသဋီကာ၊ အဘိဓမ္မအနုဋီကာ**တွေကို အရှင်မြတ်ရဲ့ကျမ်းစာအဖြစ် **ဂန္ဓဝံသ**ကျမ်းမှာ ဖော်ပြတာကို သုတေသီအချို့က လက်မခံလိုဘဲ ရှိကြပါတယ်။

**အရှင်ဓမ္မပါလရဲ့ခေတ်**

အရှင်ဓမ္မပါလ ပေါ်ထွန်းရာခေတ်နဲ့ ပတ်သက်ပြီး ပညာရှင်တွေ တစ်ယောက်နှင့် တစ်ယောက် အယူအဆ မတူကြပါဘူး။ ဝိသုဒ္ဓိမဂ္ဂမဟာဋီ

ကာ၊ နိကာယ်ဋီကာတွေနဲ့ အဋ္ဌကထာကျမ်းတွေမှာပါတဲ့ အရှင်မြတ်ရဲ့ ရေးသားချက်အချို့အရ အရှင်မြတ်ဟာ အရှင်မဟာဗုဒ္ဓဃောထက် နှစ်အနည်းငယ်သာ နောက်ကျဖွယ်ရှိတယ်လို့ ယေဘုယျအားဖြင့် လက်ခံထားကြပါတယ်။

အရှင်မဟာနာမအမည်ရှိတဲ့ မထေရ်ဟာ သဒ္ဓမ္မပ္ပကာသနီ (ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ) ကျမ်းကို (အဲဒီကျမ်းရဲ့ နိဂုံးအဆိုအရ) သီဟိုဠ်ဘုရင် ပထမမောဂ္ဂလ္လာနမင်း (အေဒီ ၄၉၅-၅၁၃) ကွယ်လွန်ပြီးနောက် သုံးနှစ်အကြာ (အေဒီ ၅၁၆)မှာ ရေးပြီးတယ်လို့ ဆိုပါတယ်။ ဒီပဋိသမ္ဘိဒါမဂ္ဂအဋ္ဌထာကျမ်းမှာ အရှင်မဟာဗုဒ္ဓဃောသရဲ့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ အဆိုကို ဝေဖန်ချက်နှစ်ရပ် ပါရှိတယ်။ ဝိသုဒ္ဓိမဂ္ဂမဟာ ဋီကာကိုရေးတဲ့ (မေးခွန်းနှင့်ဆိုင်တဲ့) အရှင်ဓမ္မပါလက ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌထာအဆိုကို ပြန်လည်ချေပထားတာကို တွေ့ရပါတယ်။ ဒါကြောင့် အရှင်ဓမ္မပါလဟာ အရှင်မဟာနာမထက် နောက်ကျပြီး အေဒီ ၆ ရာစုထက် မစောနိုင်တော့ဘူး။

သီဟိုဠ်ပါဠိပညာရှင်တွေနဲ့ အနောက်တိုင်းသားအချို့ ယူဆသလို အဘိဓမ္မာမူလဋီကာကျမ်းပြု အရှင်အာနန္ဒာရဲ့တပည့် နာမည်တူ စူဠဓမ္မပါလမထေရ်က အဘိဓမ္မာအနုဋီကာကို ရေးခဲ့တယ်ဆိုတဲ့ အဆိုကို လက်ခံနိုင်ရင် အနုဋီကာမှာ အရှင်ဓမ္မပါလရဲ့ နေတ္တိအဋ္ဌကထာကို ရည်ညွှန်းခဲ့တာ (အနုဋီ ၂၊ ၁၈၅)ကို တွေ့ရလို့ အရှင်အာနန္ဒာနဲ့ အရှင်စူဠဓမ္မပါလတို့ ဆရာတပည့် ပေါ်ထွန်းတဲ့ သီဟိုဠ်ဘုရင် ဒုတိယ အဂ္ဂဗောဓိမင်း (၆၁၂-၆၂၂)ထက် နောက်မကျနိုင်လို့ ဆိုနိုင်ပါလိမ့်မယ်။ အဲဒီ နှစ်တစ်ရာလောက် အကြားကာလအတွင်း ဖြစ်နိုင်လေမလားဘဲ။

သီဟိုဠ်ပညာရှင် အဂ္ဂမဟာပဏ္ဍိတ အေပီဗုဒ္ဓဒတ္တမထေရ်က အာစရိယဓမ္မပါလကို အေဒီ ၁၀-ရာစုခန့်လို့ ဆိုပေမယ့် ပညာရှင်အများစုက ဒီအဆို မခိုင်လုံဘူးလို့ သုံးသပ်ကြပါတယ်။ ဒါပေမယ့် သုတေသီ အများစု လက်ခံသဘောတူတဲ့ အရှင်ဓမ္မပါလ ပေါ်ထွန်းရာခေတ် အတိအကျကိုလဲ မရရှိသေးပါဘူး။

**မွေးရပ်ဇာတိ**

အရှင်ဓမ္မပါလပြုစုခဲ့တဲ့ ကျမ်းစာတွေမှာ အရှင်မြတ်ရဲ့ မွေးရပ်ဇာတိကိုလဲ တစ်စွန်းတစ်စတောင် မဖော်ပြပါဘူး။ အရှင်မြတ်ရဲ့ အဋ္ဌကထာတွေနဲ့ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာနိဂုံးတွေမှာ 'ဆိးပင်ဆိပ်ကျောင်းနေ (ဗဒရတိတ္ထဝိဟာရဝါသိနာ) အရှင်ဓမ္မပါလ စီရင်တယ်'လို့ ဆိုတယ်။ နေတ္တိအဋ္ဌကထာနိဂုံးအရဆိုရင် နာဂပဋ္ဋန်မြို့ရှိ ဓမ္မာသောကမင်း ဆောက်လုပ်လှူဒါန်းတဲ့ ဗဒရတိတ္ထကျောင်းမှာ သီတင်းသုံးတယ်ခဲ့လို့ သိရတယ်။ Mrs T.W. Rays Davids (လန်ဒန်ပါဠိဒေဝီ) က 'ဓမ္မပါလဟာ ဗုဒ္ဓဃောသ ပညာသင်ယူခဲ့တဲ့တက္ကသိုလ် (မဟာဝိဟာရကျောင်းတိုက်) မှာပဲ ပညာသင်ယူခဲ့တယ်။ ကျမ်းပြုသူ နှစ်ပါးလုံး အယူအဆတူညီကြတယ်။ တူညီတဲ့ ဆရာအရှင်တွေကို ရည်ညွှန်းကြတယ်။ ဖွင့်ဆိုတဲ့ နည်းစနစ် တူညီကြတယ်။ ဝေါဟာရဗေဒနဲ့ ဝေါဟာရသမိုင်းဆိုင်ရာ အတတ်ပညာမှာ ဟန်ချင်းတူညီကြတယ်'လို့ ဆိုတယ်။ ဝိသုဒ္ဓိမဂ်ကို အင်္ဂလိပ်ဘာသာပြန်သူ ဘိက္ခု ဉာဏမောဠိကတော့ အရှင်ဓမ္မပါလ သီဟိုဠ်ကို ရောက်မရောက် အသေအချာ မဆိုနိုင်ဘူးတဲ့။

မြန်မာနိုင်ငံက အရှင်ပညာသာမိ (အေဒီ ၁၈၆၁) ရေးတဲ့ **သာသနဝံသကျမ်း**က **ဗဒရတိတ္ထ**ဟာ ဒမိဠတိုင်းမှာပါဝင်ပြီး သီဟဠဒီပနဲ့ သိပ်မဝေးကွာလို့ အရှင်ဓမ္မပါလကို သီဟိုဠ်နိုင်ငံသားလို့ ယူဆတယ်။

အေပီ ဗုဒ္ဓဒတ္တထေရ်က အဲဒီ ဗဒရတိတ္ထကျောင်း တည်ရှိတဲ့ အရပ်ဟာ အိန္ဒိယတောင်ပိုင်း **တန်ဂျိုး** (Tanjore) မြို့ရဲ့ အရှေ့ဘက် ၃၄–မိုင်အကွာ **ကိုရိုမန်ဒေါ်လ်** ကမ်းရိုးတမ်းဒေသ ပင်လယ် ကမ်းခြေက ယခုတိုင် နာဂပဋ္ဋန်လို့ ခေါ်တဲ့မြို့ ဖြစ်ပါသတဲ့။ ပါဠိစာပေပညာရှင် ဘီစီလော (B.C. Law) က 'အရှင်ဓမ္မပါလဟာ တမိးလ် (Tamil)နိုင်ငံ၊ ကဉ္စိပုရမြို့မှာ ဖွားမြင်ပုံရတယ်။ တရုတ်ရဟန်းတော် ဟူယင်ဆန် ခရစ်နှစ်–၆၄၀မှာ ကဉ္စိပုရသို့ ရောက်စဉ်က သူမရောက်ခင် သိပ်မဝေးကွာတဲ့ အချိန်က ဒေသတစ်ခွင် အလွန်ကျော်ကြားခဲ့တဲ့ အရှင်ဓမ္မပါလဟာ ကဉ္စိပုရမြို့သား ဖြစ်တယ်လို့ မိတ်ဆွေရဟန်းတွေက ပြောဆိုကြ


ကြောင်း မှတ်တမ်းတင်ခဲ့တယ်လို့’ ဆိုတယ်။

ကဉ္စိပုရမြို့ဆိုတာ အိန္ဒိယတောင်ပိုင်း ဒက်ခန် (Dekkhan) နယ်၊ မဟာရဋ္ဌပြည်နယ်၊ မြို့တော် မဒရပ်ရဲ့ အနောက်တောင်ဘက် ၄၅၀-မိုင်အကွာမှာရှိတဲ့ ယခုအခေါ် ကွန်ဂျီဗာရမ် (Conjevaram)မြို့ ဖြစ်ပါတယ်။ ဒီမြို့မှာပဲ ရှေးဦးအဋ္ဌကထာဆရာကြီးတွေဖြစ်ကြတဲ့ အရှင်မဟာဗုဒ္ဓဃောသ၊ ယင်းနှင့်ခေတ်ပြိုင် အရှင်ဗုဒ္ဓဒတ္တတို့လည်း ရံဖန်ရံခါ သီတင်းသုံးခဲ့ဖူးတယ်လို့ သူတို့ရဲ့ ကျမ်းစာနိဂုံးတွေမှာ ဖော်ပြပါတယ်။ ဒီဒေသနဲ့ ရှေးအခါက မြန်မာနိုင်ငံ မွန်ဒေသတို့ ကူးသန်းသွားလာမှု ရှိခဲ့တယ်လို့ *Pali Literature of Burma* ကျမ်းကို ရေးသားခဲ့သူ ပါဠိပညာရှင် M.H. Bode က ဆိုတယ် (PLB, P. 8)။ အဲဒီခေတ်အချိန်က ထေရဝါဒဗုဒ္ဓသာသနာတော် အလွန် ထွန်းကားခဲ့တဲ့နေရာ ဖြစ်ဟန်တူပါတယ်။

အရှင်ဓမ္မပါလဟာ ကဉ္စိပုရမြို့မှာ ဖွားမြင်ပေမယ့် ရဟန်းဘဝသို့ ရောက်တဲ့အခါ သီဟိုဠ်ကျွန်း အနုရာဓမြို့မှာ ပညာဆည်းပူးချိန်မှ တစ်ပါး နာဂပဋ္ဋန် ဆိပ်ကမ်းမြို့မှာပဲ သီတင်းသုံးခဲ့ပုံရပြီး အဲဒီခေတ်က ဗုဒ္ဓသာသနာတော်ရဲ့ အချက်အချာ နေရာဒေသဖြစ်တဲ့ ကဉ္စိပုရမြို့မှာလည်း ရံဖန်ရံခါ ကြွရောက် သီတင်းသုံးခဲ့ပုံပါပဲ။

**သုံးသပ်ချက်**

အနှစ်ချုပ်ရင် အရှင်ဓမ္မပါလဟာ အေဒီ ၆-ရာစုနှောင်းပိုင်း (ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၁၁၀၀-၁၂၀၀)အတွင်း ပေါ်ထွန်းခဲ့တဲ့ အိန္ဒိယတောင်ပိုင်းသား ဖြစ်ဖွယ်ရှိတယ်။ သီဟိုဠ်ကျွန်း၊ အနုရာပုရမြို့ရှိ မဟာဝိဟာရကျောင်းတိုက်နဲ့ ဆက်စပ်ပတ် သက်မှုရှိခဲ့ပြီး အရှင်မြတ် ဘဝရဲ့ အချိန်ကာလများစွာကို အိန္ဒိယတောင်ပိုင်း နာဂပဋ္ဋန်မြို့က အသောကမင်း ကောင်းမှုလို့ယူဆရတဲ့ ဗဒရတိတ္ထကျောင်းမှာ ကုန်လွန်ခဲ့ဖွယ်ရှိတယ်လို့ အရှင်မြတ်ရဲ့ ဘဝဖြစ်စဉ်နှင့်ပတ်သက်လို့ အနီးစပ်ဆုံး ဖြစ်နိုင်ခြေကို ဒီလောက်ပဲ ဆိုနိုင်ပါလိမ့်မယ်။ ▫




လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်မြတ်ဘုရား၊

အရှင်ဘုရား၊ ဘီစီ ၃ ရာစုတုန်းက အိန္ဒိယဘုရင် အသောကမင်းဟာ သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿမင်းကို ဗုဒ္ဓဂယာမှာရှိတဲ့ မဟာဗောဓိပင်ရဲ့ တောင်ဖက်က အကိုင်းတစ်ခုကို လက်ဆောင် ပေးတာကို သီဟိုဠ်ဘုရင်က သီဟိုဠ်နိုင်ငံမှာ စိုက်ပျိုးခဲ့ပါတယ်။ ဒီဗောဓိပင်ဟာ ယနေ့ထိ သီဟိုဠ်မှာ ရှင်သန်နေဆဲ ရှိတယ်လို့ ဆိုပါတယ်။ ဒါဖြင့်ရင် ဒီသစ်ပင်ဟာ သက်တမ်း ၂၃၀၀ ကျော်ရှိပြီဖြစ်လို့ ကမ္ဘာပေါ်မှာ သက်တမ်း အရှည်ဆုံး သစ်ပင်တွေထဲမှာ ပါဝင်ပါလိမ့်မယ်။ အဲဒါ ဖြစ်နိုင်ပါသလား။ ဘာနဲ့ သက်သေပြမလဲ။ အသောကမင်းက ဘာလို့ တောင်ဖက်က အကိုင်းကိုမှ ရွေးပြီး သီဟိုဠ်ဘုရင်ကို လက်ဆောင် ပေးလိုက်ရပါသလဲ။

ဗုဒ္ဓဝါဒကို သီဟိုဠ်ကို ယူဆောင်သွားခဲ့တဲ့ အရှင်မဟိန္ဒကို အချို့က အသောကမင်းရဲ့ ညီတော်လို့ ဖော်ပြပြီး အချို့က အသသောကမင်းရဲ့ သားတော်လို့ ဖော်ပြတယ်။ ဘာကြောင့် ဘယ်သူ ဖြစ်နိုင်တယ် ဆိုတာကိုလဲ သိပါရစေဘုရား။

ချစ်ပန်းဝေ

-------------------

**သက်တမ်းအရှည်ဆုံး သစ်ပင်**

အိန္ဒိယကေရာဇ် အသောကမင်းက သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿမင်းကို အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ် ဂယမြို့အနီးမှာ ယနေ့တိုင် တည်ရှိဆဲ ဖြစ်တဲ့ သမိုင်းဝင် မဟာဗောဓိပင်ရဲ့ ဗောဓိကိုင်းကို ဘီစီ ၃ ရာစုမှာ လက်ဆောင်ပေးခဲ့တယ်ဆိုတာ မှန်ပါတယ်။ အဲဒီဗောဓိကိုင်းကို သီဟိုဠ်

ဘုရင် ဒေဝါနံပိယတိဿက စိုက်ပျိုးခဲ့တယ်ဆိုတာလည်း မှန်ပါတယ်။ အဲဒီ ဗောဓိပင်ကို သီဟိုဠ်နိုင်ငံ (အတိအကျဆိုရင် ရှေးဟောင်းမြို့တော် အနုရာဓပုရမြို့) မှာ ယနေ့တိုင် တွေ့နိုင်သေးတယ်ဆိုတာလဲ အမှန်ပါပဲ။ ဟုတ်ပါတယ်၊ အဲဒီဗောဓိပင်ဟာ နှစ်ပေါင်း ၂၃၀၀ ခန့် တည်ရှိခဲ့ပြီး ဖြစ်လို့ ကမ္ဘာပေါ်မှာ သက်တမ်းအရှည်ဆုံး သစ်ပင်တွေထဲမှာ ပါဝင်တယ်ဆိုတာလည်း ရာနှုန်းပြည့် သေချာပါတယ်။

## မှတ်တမ်းများ

အဲဒီလိုဆိုနိုင်ဖို့ ခိုင်လုံတဲ့ မှတ်တမ်းတွေရှိပါတယ်။ သီရိလင်္ကာဟာ နိုင်ငံငယ်သလောက် စာပေနဲ့ ယဉ်ကျေးမှုထွန်းကားတာ အလွန် ရှေးကျတဲ့နိုင်ငံပါ။ ခရစ်နှစ် တစ်ရာစု မတိုင်မီကပင် စာပေအရေးအသား ထွန်းကားခဲ့တဲ့ နိုင်ငံပါ။ နှစ်ပေါင်း နှစ်ထောင်လောက်က ကျောက်စာတွေ သမိုင်းမှတ်တမ်းတွေ၊ ပြီးတော့ အဲဒီလို မူရင်းမှတ်တမ်းတွေက ဆင်းသက်တဲ့ ဆင့်ပွားမှတ်တမ်းတွေ ယနေ့ထိ ရှိနေပါတယ်။

အဲဒီအထဲမှာ ဒီပဝံသနဲ့ မဟာဝံသကျမ်း (နှစ်ကျမ်းလုံး သီဟိုဠ်နိုင်ငံရဲ့ မင်းစဉ်မင်းဆက်နဲ့ ဗုဒ္ဓသာသနာသမိုင်းကို ဖော်ပြတယ်) တွေဟာ အလွန်ရှေးကျတဲ့ အချိန်ကပင် သီဟိုဠ်ဘာသာနဲ့ တည်ရှိခဲ့ကြတယ်လို့ သိရပါတယ်။ ပါဠိဘာသာ ဒီပဝံသကျမ်းကတော့ အေဒီ ၄ ရာစုလောက်က ရေးခဲ့တာလို့ သိရပြီး၊ ပါဠိဘာသာ မဟာဝံသကျမ်းက အပိုင်း ၁ ကို အေဒီ ၅ ရာစု၊ အပိုင်း ၂ ကို ၁၂ ရာစု၊ အပိုင်း ၃ ကို ၁၇၅၀ ခန့်၊ အပိုင်း ၄ ကို ခုနှစ် မသိ၊ အပိုင်း ၅ ကို ၁၈၇၇ တွေမှာ ရေးခဲ့တယ်လို့ သိရပါတယ်။ အချိန်ကာလတစ်ခု လွန်သွားတိုင်း ဒါမှမဟုတ် လိုအပ်တဲ့အချိန် ရောက်တိုင်း ပညာရှင်တွေ ပါဠိဘာသာနဲ့ ဆက်ကာဆက်ကာ ရေးလာခဲ့တဲ့ ကျမ်းမျိုး ဖြစ်ပါတယ်။

အေဒီ ၁၀ ရာစုလောက်မှာ ဒီမဟာဗောဓိပင်သမိုင်းကိုပဲ သီးသန့်ဖော်ပြတဲ့ အဲဒီလို ရှေးဟောင်း သီဟိုဠ်ဘာသာကျမ်းတွေကိုပဲ မှီငြမ်းပြုရေးသားတဲ့ မဟာဗောဓိဝံသကျမ်း ဆိုတာလဲ ရှိပါတယ်။

အဲဒီကျမ်းတွေအရ ဒီမဟာဗောဓိပင်ကို အသောကခေတ်က စိုက်ခဲ့တဲ့အပင်လို့ အသေအချာ ဆိုနိုင်တာပါ။ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းတစ်လျှောက်မှာ ဒီမဟာဗောဓိပင်ကို ရန်သူ သို့မဟုတ် မကြည်ညိုသူတွေရဲ့ ဖျက်ဆီးမှု ခံရတယ်ဆိုတဲ့ သမိုင်းမှတ်တမ်း လုံးဝမရှိပါဘူး။

နောက် တစ်ချက်က သီရိလင်္ကာနိုင်ငံသူ နိုင်ငံသားတွေဟာ ဒီဗောဓိပင်ကြီးကို မပျက်စီးရအောင် သမိုင်းအမွေအနှစ်လိုတစ်မျိုး၊ ဘာသာရေး အထွတ်အမြတ် သစ်ပင်လိုတစ်ဖုံ အလွန်ဂရုတစိုက် ထိန်းသိမ်းစောင့် ရှောက်လာကြတာ ဖြစ်ပါတယ်။ သက်တမ်းရင့် ဗောဓိကိုင်းမြတ်တွေ လေပြင်းတိုက်ရင် ကျိုးမကျအောင် သံတိုင်တွေနဲ့ စနစ်တကျ ထောက်ကန်ထားတာကို တွေ့မြင်နိုင်တယ်။ မြန်မာနိုင်ငံက လူတွေ မြတ်ဘုရားရှွေတိဂုံကို စောင့်ရှောက်တာထက် မလျော့နိုင်ပါဘူး။

## တောင်ကိုင်း

အသောကမင်းက တောင်ဖက်ကအကိုင်းကိုမှ ဘာကြောင့် ရွေးပြီးပေးလိုက်ရတယ်ဆိုတာကိုတော့ ပါဠိသမိုင်းမှတ်တမ်းတွေမှာ ရှာမတွေ့မိသေးပါဘူး။ သီဟိုဠ်နိုင်ငံသား ပညာရှင် ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာ အရှင်မြတ်ကတော့ 'အိန္ဒိယနိုင်ငံရဲ့ တောင်ဖက်မှာ တည်ရှိတဲ့ သီဟိုဠ်နိုင်ငံသို့ မဟာဗောဓိပင်ရဲ့ တောင်ဖက်ကိုင်းကို လက်ဆောင် ပေးတာဟာ အလွန် သင့်မြတ်လှပါတယ်'လို့ မှတ်ချက်ပေးဖူးပါတယ် (*History of Buddhism in Ceylon*, pl 57. Footnote, 3)။

သီဟိုဠ်က အိန္ဒိယရဲ့ တောင်ဖက်မှာရှိလို့ တောင်ဖက်က မဟာဗောဓိကိုင်းကို ပေးလိုက်တာလို့ ဆိုလိုပါတယ်။

## အရှင်မဟိန္ဒ


ဒီပဝံသ၊ မဟာဝံသနှင့် ဝိနယအဋ္ဌကထာကျမ်းတွေမှာ အရှင်မဟိန္ဒဟာ ဘုရင်အသောကရဲ့ သားတော်ဖြစ်တယ်လို့ အတိအကျ ဖော်ပြကြပါတယ်။ ဒါပေမယ့် အချို့ပညာရှင်တွေက တရုတ်ဘုရားဖူး ခရီးသည် ရဟန်းတော် ဟူယင်ဆန်ရဲ့ မှတ်တမ်းပါ 'ဗုဒ္ဓဝါဒကို မဟေန္ဒြလို့ ခေါ်တဲ့

အသောက မဟာရာဇာရဲ့ ''ညီတော်''က သီဟိုဠ်ကျွန်းကို ယူဆောင်သွားခဲ့တယ်' (*Hiuen Tsiang*, Bk. XI, p. 246.) ဆိုတဲ့ ဖော်ပြချက်အရ အသောကမင်းရဲ့ ညီတော်လို့ ယူလိုကြဟန်တူပါတယ်။ မည်သူမှန်တယ်လို့ ယတိပြတ် ပြောဆိုဖို့ ခက်ပါလိမ့်မယ်။ ဟူယင်ဆန်ဟာ အသောက ကွယ်လွန်ပြီးနောက် နှစ်တစ်ထောင် (အေဒီ ၇ ရာစု) လောက်ကြာမှ အိန္ဒိယကို ရောက်လာခဲ့တယ်။ သူနေခဲ့တဲ့ ပတ်ဝန်းကျင်က မြောက်ပိုင်း ဗုဒ္ဓဝါဒထွန်းကားတဲ့ နေရာပါ။ ဒါကိုကြည့်ပြီး နှစ်သက်ရာကို လက်ခံဖို့ ဖြစ်ပါတယ်။

ဒီ့အပြင် ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာရဲ့ အဆိုအမိန့် တစ်ရပ်ကိုပဲ ထပ်ပြီး ဖော်ပြပါရစေ၊

'ဟူယင်ဆန်ရဲ့ ဖော်ပြချက်အပေါ် အထူးအလေးပြုဖို့ မလိုပါဘူး။ ဟူယင်ဆန်ဟာ သူ့ရဲ့ သတင်းအချက်အလက်ကို အိန္ဒိယက လူပြောသူပြော တစ်ဆင့်စကားနဲ့ ရယူစုဆောင်းခဲ့တာပါ။ ပါဠိသမိုင်းမှတ်တမ်းတွေဟာ ဟူယင်ဆန်ရဲ့ မှတ်တမ်းထက် များစွာပိုမို လေးစားထိုက်တဲ့ အနေအထားမှာရှိတယ်။ နောက်တစ်ချက်က အရှင်မဟိန္ဒဟာ သီဟိုဠ်ကို ကြွရောက်လာပြီး သာသနာ့တာဝန်ကို ထမ်းဆောင်ရင်း သီဟိုဠ်မှာပဲ ပျံလွန်တော်မူသွားခဲ့တယ်။ အရှင်မဟိန္ဒ အိန္ဒိယကို ပြန်ကြွတယ်ဆိုတဲ့ အထောက်အထား မှတ်တမ်း မရှိပါဘူး။ သီဟိုဠ်လူထုနဲ့ ဒီပါဠိမှတ်တမ်းတွေကို ရေးသားကြတဲ့ ပညာရှင်တွေဟာ အရှင်မဟိန္ဒနှင့်ပတ်သက်ပြီး အခြားမည်သည့် နိုင်ငံသားထက်မဆို သဘာဝအားဖြင့်ပိုမိုရင်နှီးမှုရှိပြီး ခိုင်လုံတဲ့ သတင်းအချက်အလက် ရှိနေလိမ့်မှာ ဖြစ်ပါတယ်' (*Ibid*, p. 48. Footnote, 2)။

အရှင်မဟိန္ဒဟာ သက်တော် ၃၂ နှစ် (မဟာဝံသ၊ ၁၃း၁) မှာ သီဟိုဠ်ကို ကြွပြီး သက်တော် ၈၀ မှာ သီဟိုဠ်မှာပင် ပရိနိဗ္ဗာန်စံခဲ့လို့ သီဟိုဠ်မှာ ၄၈ နှစ်ကြာ သီတင်းသုံးတော်မူသွားပါတယ်။ ☐




လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်ဘုရား၊

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဒွေး ကွယ်လွန်ပြီးနောက် သတင်းမှာ ဖော်ပြချက်တွေနဲ့ နီးစပ်သူတွေ အပြောအရ သူ့ရဲ့ အရိုးပြာတွေကို သူ ကြည်ညိုတဲ့ ဆရာတော်ကြီး သီတင်းသုံးတဲ့ ဘုန်းကြီးကျောင်းဝင်းထဲ မှာ 'လွမ်းစေတီ' တည်မယ်လို့ သိရပါတယ်။

ဒါကြောင့် မြန်မာပရိသတ်တွေ အကြားမှာ မင်းသားဒွေးကို ချစ် ပေမယ့် သူလိုသာမန် အရပ်သားတစ်ယောက်ရဲ့ အရိုးပြာကို စေတီ တည်ကောင်း မတည်ကောင်းဆိုတဲ့ ပြောဆို ဆွေးနွေးမှုလေးတွေ ကြား နေရပါတယ်ဘုရား။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဓမ္မစာပေကို အခြေခံတဲ့ ဆရာတော်တို့ရဲ့ သိမြင် ယူဆချက်ကို သိပါရစေ။

နိုင်အောင်မွန်

---

**စေတီ**

လူတွေ ရှိသေပူဇော်တဲ့ အရာဝတ္ထုကို စေတီလို့ခေါ်ပါတယ်။ ဗုဒ္ဓမပွင့် မီက သစ်ပင် တောတောင် ဥယျာဉ် နတ်ကွန်းတွေဟာ လူတွေ ရှိသေ ပူဇော်ရာဖြစ်လို့ စေတီအမည်ကို ရခဲ့ပါတယ်။ ဗုဒ္ဓပွင့်ပြီးနောက်မှာတော့ ဗုဒ္ဓဝါဒီတွေက ရှိသေပူဇော်စရာကို အဲဒီပစ္စည်းတွေအစား ဗုဒ္ဓဓမ္မနှင့် သံဃလို့ ပြောင်းလဲလိုက်ပါတယ်။ စေတီပစ္စည်း ပြောင်းသွားပါတယ်။

ပူဇော်စရာ အရာဝတ္ထုတွေကို ဌာပနာထားတဲ့ ချွန်ချွန်မို့မို့ အရာ ဝတ္ထုကိုတော့ ထူပလို့ ခေါ်ပါတယ်။ စေတီကို ထူပထဲမှာ ထည့်တယ်

ပေ့ါ။ ဗိသုကာနည်းပညာ ထွန်းကားလာတာနဲ့အမျှ ထုပပုံစံလည်း အမျိုးမျိုး ပြောင်းလဲသွားပါတယ်။ စေတီကို ထည့်ထားတဲ့ ပုံစံမျိုးစုံရှိတဲ့ ထုပကိုလည်း တင်စားပြီး စေတီလို့ပဲ ခေါ်ပါတယ်။

ဥပမာဆိုရင် ရွှေတိဂုံအမည်ရတဲ့ ထုပကြီးထဲမှာ ဗုဒ္ဓဆံတော်စတဲ့ စေတီထိုက်တဲ့ ဓာတ်တော်တွေကို ဌာပနာ (ထည့်သွင်း) ထားလို့ အဲဒီ ထုပကြီးကို အဝိနာဘာဝ (ဘယ်လိုမှ ကင်းမရတဲ့) စာပေနည်းနဲ့ 'ရွှေတိဂုံစေတီ' လို့ ခေါ်တာပါ။

**စေတီထိုက်သူ ၄ မျိုး**

၁) သမ္မာသမ္ဗုဒ္ဓ = ကိုယ်တိုင်လည်း တရားကိုသိ၊ သူတစ်ပါးကိုလည်း ဟောကြားတယ်။ လောကမှာ နှစ်ဆူ ပွင့်ရိုးထုံးစံ မရှိ။

၂) ပစ္စေကဗုဒ္ဓ = ကိုယ်တိုင်တော့ တရားကိုသိ၊ သို့ပေမယ့် ရုပ်ဝါဒ ထွန်းကားပြီး လူတွေ အစွန်းရောက်လွန်းချိန် တရားဟော မရ၍ ဖြစ်စေ၊ လူတွေ ကိုယ်ကျင့်တရား ကောင်းလွန်းနေတဲ့အချိန် မလိုအပ်၍ဖြစ်စေ လောကကို တရားမဟော။ ဗုဒ္ဓသာသနာ ကွယ်နေချိန်မှာပဲ ပွင့်တယ်၊ တစ်ပြိုင်နက် တစ်ဆူမက ပွင့်တယ်။

၃) သမ္မာသမ္ဗုဒ္ဓရဲ့ အရိယာဖြစ်ပြီးတဲ့ တပည့်သာဝကများ။

၄) လေးကျွန်းသနင်း စကြဝတေးမင်း။ မျှတလွန်းလို့ တစ်ကမ္ဘာလုံးက ကြည်ညို၊ ကိုယ်တိုင်လည်း ငါးပါးသီလမြဲတဲ့ မင်းမျိုး။

အဲဒီ ပုဂ္ဂိုလ်လေးမျိုးဟာ ရတောင့်ရခဲ ဖြစ်လို့ သူတို့ရဲ့ အကြွင်းအကျန်ကို ဌာပနာထားတဲ့ စေတီကို ဖူးမြင်ရသူတို့ရဲ့ စိတ်နှလုံးမှာ ကြည်နူးသွားတယ်။ အဲဒီ ကြည်လင်တဲ့ စိတ်နှင့် စုတိပြတ်ကြွေ သေလွန်ရင် သုဂတိကို ရောက်ဖို့သေချာလို့ အများကောင်းကျိုး ရတဲ့အတွက် စေတီထိုက် (ထုပထဲ ထည့်သွင်းထိုက်) တာ ဖြစ်ပါတယ်။

မျက်မှောက်ခေတ် ဗုဒ္ဓဝါဒီတွေကတော့ စေတီလို့ခေါ်လိုက်ရင် အထူးသဖြင့် (၁) ဗုဒ္ဓနှင့် ရဟန္တာသာဝကတွေရဲ့ ဓာတ်တော်တွေ (၂) ဒီအရှင်မြတ်တွေရဲ့ အသုံးအဆောင်ပစ္စည်းတွေဖြစ်တဲ့ သင်္ကန်း၊ သပိတ်၊

ဗောဓိညောင်ပင် စတာတွေ (၃) ဗုဒ္ဓနှင့် ရဟန္တာဆင်းတုတွေ (၄) ဗုဒ္ဓဓမ္မ ပေစာချပ် ကျမ်းစာအုပ်တွေဆိုတဲ့ လေးမျိုးအနက် တစ်ခုခုကို ဌာပနာ ထားတယ်လို့ပဲ နားလည်ကြပါလိမ့်မယ်။

## လွမ်းစေတီ

ဗုဒ္ဓမပွင့်မီကရော ပွင့်ပြီးနောက်ပါ ဘုရင် မိဖုရား မင်းသား မင်းသမီး တွေရဲ့ အရိုးတွေ ပြာတွေကို ထူပ (ဒီနေရာမှာ အုတ်ဂူလို့ပဲ နားလည် လိုက်ပါ) ထဲထည့်ပြီး ဂုဏ်ပြုခဲ့တဲ့ ထုံးစံရှိပါတယ်။ ဒီလိုပဲ ကျန်ရစ်သူ မည်သူမဆိုက ကွယ်လွန်သွားတဲ့ မိမိ ကြည်ညို ချစ်ခင်သူတွေကို လွမ်းနေလို့ အမှတ်တရဂုဏ်ပြုတဲ့ အနေနဲ့ သူတို့ရဲ့ သင်္ဂြိုဟ်ကွင်းကို ထူပထဲ ထည့်ခွင့် ရှိနိုင်ပါတယ်။ ချစ်ကြည်ညိုသူတွေ သတိရလို့ လာ ရောက်ပြီး ဂါရဝလည်း ပြုနိုင်ပါတယ်။

ဒါပေမယ့် လောကရဲ့ ပူဇော်စရာတော့ မဖြစ်ကောင်းပါဘူး။

တွေးမိတာလေးတစ်ခုနဲ့ အကြံပြုရရင် မျက်မှောက်ခေတ် မြန်မာ နိုင်ငံမှာ 'စေတီ'ဆိုတဲ့ ဝေါဟာရက ဘာသာတရား အထူးသဖြင့် ဗုဒ္ဓ သာသနာနဲ့ ပတ်သက်တဲ့ နေရာအနေနဲ့ အများ နားလည်ထားပြီးဖြစ် လို့ လူထုအကြား ပြောဆိုငြင်းခုံစရာတွေ မဖြစ်ရအောင် 'စေတီ'အစား အခြား ဝေါဟာရတွေနဲ့ ပြောင်းသုံးရင် ပိုမကောင်းပေဘူးလား။

'ဒွေးဂေဟာ' 'ဒွေးစံအိမ်' 'ဒွေးဗိမာန်'။ ◻



မေတ္တာအရင်း ချစ်မကင်းဘဲ
ချစ်ခြင်းဟူသည် ရှေ့မညွှန့်
ထုံပျံ့မခန်း ချစ်ကြည်လန်း၍
ချစ်ပန်းလှိုင်ကြစေကုန်လော။
(မဃဒေဝ၊ ပိုဒ် ၁၈၁)






ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုန်းဘုန်းဘုရား၊

ဗုဒ္ဓဝါဒီမဟုတ်တဲ့ မိတ်ဆွေတစ်ယောက်က ဗုဒ္ဓဝါဒနဲ့ ပတ်သက်ပြီး သူ့မှာ ဘဝင်မကျတာလေးတစ်ခု ရှိတယ်လို့ ဆိုပါတယ်။ အဲဒါကတော့ အလှတရားကို ငြင်းပယ်တာတဲ့။ ဗုဒ္ဓဘုရားရှင်ဟာ လောကကို ဒုက္ခလို့ မြင်ထားတာမို့ အမြဲပဲ မကောင်းဖက်ကနေ ကြည့်လေ့ရှိတယ်။ ဒါကြောင့် ဗုဒ္ဓဝါဒဟာ မကောင်းမြင်ဝါဒလားတဲ့။

အလှတရားဆိုဟာ ဘုရားသခင်က လူသားတွေခံစားဖို့ ဖန်းဆင်းပေးထားတာဖြစ်လို့ ခံစားကောင်းပါတယ်လို့ သူက ပြောပါတယ်။ စိတ်ပညာအရ သုခကိုခံစားဖို့ ငြင်းဆိုတာဟာ ပုံမှန်စိတ်ထား မဖြစ်နိုင်ဘူးလို့လည်း ဆိုပါတယ်။ အလှတရားနှင့် ပတ်သက်ပြီး ဗုဒ္ဓရှင်တော်မြတ် ဟောကြားတဲ့ အဓိပ္ပာယ်ဟာ သူနားလည်ထားတာနဲ့ တူပါသလား။

စိစိ ခင်လှ

---

**လက္ခဏာရေး သုံးပါး**

မမြဲ၊ ဆင်းရဲ၊ အတ္တကောင်မရှိဆိုတဲ့ လက္ခဏာရေးသုံးပါးကို ရှေ့တန်းတင် ဟောကြားလို့ ဗုဒ္ဓဝါဒဟာ အလှတရားကို အသိအမှတ်မပြု၊ မကောင်းမြင်ဝါဒပဲ ဖြစ်မယ်လို့ မှတ်ချက်ပြုရင် ဗုဒ္ဓဝါဒကဆိုလိုတဲ့ အမှန်တရားနှင့် ဝေးသွားပါလိမ့်မယ်။ ဗုဒ္ဓရှင်တော်မြတ်က ‘ဤရုပ်ခန္ဓာကိုယ်မှာ အတ္တ (ဝိညာဉ်ကောင်) မရှိ။ ဤရုပ်ခန္ဓာဟာ ငါဖြစ်ချင်သလို ဖြစ်စေလို့ အမိန့်ပေးလို့လည်း မရ။ ဒါ့ကြောင့် ဤရုပ်ခန္ဓာဟာ အမြဲမရှိ။ ဆင်းရဲသဘာဝ ရှိတယ်’လို့ ဟောပါတယ်။

မြတ်ဗုဒ္ဓအလိုအရ မတည်မြဲခြင်း၊ ပြောင်းလဲခြင်းဆိုတာ အရာခပ်သိမ်းတို့ရဲ့ ရှောင်လွှဲမရတဲ့ သဘာဝဖြစ်ပါတယ်။

**ဒုက္ခအမှန်တရား**

ဒီလောကမှာ ဒုက္ခတည်ရှိတာဟာ အမှန်တရားပဲ။ ဒုက္ခမရှိဘူးလို့ ငြင်းဆိုရင်လည်း ပုံမှန်စိတ်ထားတော့ မဖြစ်နိုင်ပါဘူး။ လူတွေဟာ သက်ရှိသက်မဲ့တွေကို နှစ်သက်စွဲလမ်းရာက ရယူပိုင်ဆိုင်ပြီး တည်မြဲနေစေချင်တယ်။ ဒါကြောင့် သက်ရှိသက်မဲ့တို့ရဲ့ အမှန်သဘာဝကို သိအောင် စဉ်းစားဆင်ခြင်ဖို့ ငြင်းဆိုလိုကြတာ ဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးတာ၊ ကွေကွင်းရတာတွေကို လက်ခံလိုစိတ် မရှိဘူး။

ပုဂ္ဂိုလ်ဝတ္ထုတို့ရဲ့ ရှင်သန်တည်မြဲရေးကို မျှော်လင့်တောင့်တရင်း အချိန်ကာလကပဲ သတ္တဝါတွေကို ဝါးမျိုသွားပါတယ် (ကာလော ဃသတိ ဘူတာနိ)။ အရုဏ်ဦး နှင်းစက်ရဲ့ သစ်လွင် လတ်ဆတ်မှုဟာ နေထွက်ချိန် မတိုင်ခင် လောက်ပါပဲ။ ပျိုခြင်း အိုခြင်း၊ ဟောင်းခြင်း သစ်ခြင်းဆိုတာ ပြောင်းလဲမှုသဘာဝရဲ့ သွင်ပြင်တွေပဲ မဟုတ်ပါလား။

သဘာဝတရားတွေကို အဲဒီလိုအရှိအတိုင်း မသိမြင်သေးလို့ မိမိစိတ်ကို ကောင်းကောင်း မထိန်းနိုင်ဘဲ ဘယ်အရာဝတ္ထုကိုမဆို တပ်မက်စွဲလမ်းရင် ဆင်းရဲဒုက္ခ ဖြစ်ရတယ်လို့ ဆိုလိုတာပါ။

ဒါကတော့ လက္ခဏာရေးသုံးပါး ဒေသနာက ဖော်ပြတဲ့ ဗုဒ္ဓဝါဒအလို ဘဝနှင့်လောကကို ရှုမြင်လက်ခံပုံ ဖြစ်ပါတယ်။

**အလှတရား**

တစ်ခါမှာ ပသေနဒီ ကောသလမင်းက မြတ်ဗုဒ္ဓကို 'အရှင်ဘုရားရဲ့ တပည့်မဟုတ်တဲ့ သမဏဗြာဟ္မဏအချို့ဟာ ပိန်လှီချည့်နဲ့၊ အသားအရေ မွဲခြောက်ပြီး ခန္ဓာတစ်ကိုယ်လုံး အကြော ပြိန်းပြိန်းထနေကြပါတယ်။ ကြည့်ရှုသူ လူအပေါင်းရဲ့ အမြင်အာရုံကို မဖမ်းစားနိုင်ကြပါဘူး (န စက္ခုံ ဗန္ဓန္တိ ဇနဿ ဒဿနာယ)' လို့ လျှောက်ဖူးပါတယ်။ အဲဒီတော့ အလှတရားဆိုတာ ကြည့်ရှုသူတွေရဲ့ နှစ်သက်ခြင်းကို ဖြစ်စေတဲ့ အရာလို့ အဓိပ္ပာယ် ဖွင့်ဆိုနိုင်မယ် ထင်ပါတယ်။

တစ်ကိုယ်ရေ သန့်ရှင်းဖို့၊ ယဉ်ကျေးဖော်ရွေပြီး ကြည်ညိုဖွယ် ဖြစ်အောင် နေထိုင်ပြုမူဖို့ ရဟန်းတော်တွေကို မြတ်ဗုဒ္ဓ မိန့်ကြားပါတယ်။

မိမိနေထိုင်ရာ ပတ်ဝန်းကျင်ကို နှစ်လိုဖွယ်ဖြစ်အောင် ထိန်းသိမ်းဖို့ စည်းကမ်းတွေလဲ ချမှတ်ပေးပါတယ်။ နိမ့်ကျပြီး ရွံရှာဖွယ် အမူအကျင့် အနေအထိုင် ပုံစံတွေနဲ့ စိတ်ပိုင်းဘဝကို မြှင့်တင်ဖို့ ဗုဒ္ဓရှင် မည္ကန်ကြား ပါဘူး။ ဒါကြောင့် ဗုဒ္ဓဟာ အလှတရားကို လက်ခံပါတယ်။

ဒါပေမယ့် အလှတရားတည်ရှိရာ ပုဂ္ဂိုလ်ပစ္စည်းတို့ရဲ့ သဘာဝမှန်ကို အရှိအတိုင်း နားမလည်ရင် အလှတရားက ပူပန်ဆင်းရဲမှုတွေကို ယူဆောင်လာတယ်လို့တော့ မြတ်ဗုဒ္ဓ သတိပေးပါတယ်။

## သဘာဝမှန်ကို သိခြင်း

သက်ရှိတွေမှာ အလှတရားဟာ အကန့်အသတ်နှင့်သာရှိခဲ့ရင် အလှပိုင်ရှင်ဟာ လောဘနှင့် ဂုဏ်မာန မြင့်မောက်တယ်။ အလှတည်ရှိတဲ့ အရာဟာ ထူးခြားပြီး လွယ်ကူစွာမရနိုင်ရင် လူဟာ အလှတည်ရာကို ကိုယ်ပိုင်ပြုဖို့ ရန်းကန်လိုတယ်။ အလှပစ္စည်းကို မပိုင်ဆိုင်နိုင်သူတွေဟာ ပိုင်ဆိုင်သူတွေအပေါ် ထားရှိတဲ့ မနာလိုမှု ရန်စောင်မှုတွေကို တွန်းလှန်ဖို့ ကြီးမားတဲ့ စိတ်ဓာတ်ခွန်အားနှင့် သတ္တိတွေ လိုပေမယ်။

အလှတရားဟာ နှင်းဆီပန်းလိုပါပဲ။ မသုံးတတ်ရင် ဆူးစူးမယ်။ အလှတရားကို အတ္တလွန်ဆန္ဒနဲ့ ဆုပ်ကိုင်ရင် လူ့တန်ဖိုး ပျက်ယွင်းပြီး ဆင်ခြင်ဆုံးဖြတ်နိုင်မှုအဆင့် လျှောကျသွားနိုင်တယ်။

သိမ်းငှက်တစ်ကောင် သားတစ်ကို ကိုက်ချီ ပျံသွားနေတုန်း အခြားသိမ်းငှက်တွေ ဝိုင်းဝန်းတိုက်ခိုက်ခံရလို့ သားတစ်ကို လွှတ်ချလိုက်ရပုံ၊ နောက်တစ်ကောင်က ကျသွားတဲ့ သားတစ်ကို ထိုးသုတ်တော့ သူလည်း တိုက်ခိုက်ခံရပြန်ပုံကို သတိပြုမိတဲ့ အရှင်ပက္ကမ ဟာ 'လောကီအာရုံတွေဟာ ဒီသားတစ်နဲ့ တူတာပဲ။ လူတိုင်းနှင့်ဆိုင်ပြီး နာကျင်ခံခက်မှုတွေနှင့် ပြည့်လျှမ်းနေပါကလား' လို့ အဖန်ဖန် ဆင်ခြင်ရင်း ကြိုးစားပြီး တရားအားထုတ်လို့ အဲဒီနေ့မှာပဲ ရဟန္တာဖြစ်သွားခဲ့တယ်။

ဗုဒ္ဓဝါဒီဟာ အလှတရားကို မိမိရဲ့ ပြင်းပြတဲ့ ခံစားမှုအရ ကြိုက်ခြင်း မကြိုက်ခြင်း ဖြစ်ပေါ်ရာ အကြောင်းတရားအဖြစ်မှ ရှောင်ရှားနိုင်ဖို့ ကြိုးစားခြင်းသာ ဖြစ်ပါတယ်။

အာရုံငါးပါးနဲ့ မြင်တွေ့ခံစားနိုင်တဲ့ အလှတရားကို အသိအမှတ်ပြုပြီး တစ်ချိန်တည်းမှာ ဒီအလှတရားရဲ့ ပြောင်းလဲ ဖောက်ပြန်ခြင်း၊ ပျက်စီးခြင်း သဘာဝကိုပါ ရှုမြင် လက်ခံခြင်းသာ ဖြစ်ပါတယ်။

## ရဟန္တာတို့ရဲ့ စိတ်အာရုံ

ဗုဒ္ဓဝါဒီဟာ 'ဖြစ်ပြီးနောက် ပျက်သုံးခြင်း သဘာဝရှိတယ်'ဆိုတဲ့ ဗုဒ္ဓဒေသနာကို သတိရပြီး အလှတရားကို ပိုမိုနက်ရှိုင်းစွာ ရှုမြင်ပါတယ်။ နှစ်သက်မြတ်နိုးမှုတို့ စုပေါင်းရာ အလှပစ္စည်းတွေကို ပိုင်ဆိုင်နိုင်ဖို့ အလိုရမ္မက်တွေနဲ့ တင်းကျပ်စွာ လွှမ်းခြုံမထားဖို့ စိတ်ကိုထိန်းချုပ်ပြီး ဗုဒ္ဓတပည့်ဟာ မိမိရဲ့ ဘဝနေနည်းကို တည့်မတ်အောင် ကြိုးစားပါတယ်။

ရဟန္တာဖြစ်တဲ့ အရှင်သပ္ပကမထေရ်ဟာ မိမိနေထိုင်ရာ ပတ်ဝန်းကျင်ရဲ့ ဘသာဝအလှတရားအပေါ် ထူးခြားတဲ့ စိတ်အာရုံခံစားမှုကို ပရိသတ်အလယ်မှာ ဒီလို မြွက်ဟခဲ့ပါတယ် 'တိမ်မှန်တိုင်းတို့ စိတ်ရိုင်းထချိန်၊ တောင်ပံဖြူ ဥဗျိုင်းငှက်တို့ အိပ်တန်းဖက်ဆီ အသော့နှင်တုန်း၊ အဇကရဏီမြစ်ဟာ အလှဆုံးပေါ့'။

ဓုတင် တေဒဂ်ရ အရှင်မဟာကဿပ မထေရ်ကြီးလည်း 'တိမ်ညိုအထွတ် ပြာသာဒ်ဆောင်ပမာ တောင်ပြာတန်းတွေ အကြား ညသန်းခေါင်ယံ ဆင်တွန်သံ ကြားရတော့ တကယ့် အထူးခြားဆုံးပါပဲ'လို့ ပရိသတ်အလယ်မှာ မြွက်ဟခဲ့ဖူးပါတယ်။

နေပြည်တော်ကို ပြန်ကြွဖို့ ရဟန္တာဖြစ်ပြီးတဲ့ အရှင်ကာဠုဒါယီမထေရ် မြတ်ဗုဒ္ဓကို လျှောက်ပုံက 'အိုးဝေအိုးဝေ၊ တောင်ထိပ်ဖွေ၌၊ ထွေထွေထူးထူး၊ တွန်ရင့်ကျူးလျက်၊ ရှင်မြူးပါကြ၊ ဥဒေါင်းလှတို့၊ ဗိုမခေါ်ကာ၊ က ကြပါသည် **မဟာဝီရ အင်္ဂီရသာနံ သမယော**'တဲ့။

(မဟာဝီရ၊ လုံ့လသခင် ချစ်သျှင်ဘုရား သုံးလူ့ဖျား။ အင်္ဂီရသာနံ၊ ခြောက်လျှံရောင်ဝါ ဉာဏ်စကြာနှင့် သစ္စာထွန်းလစ် တို့သျှင်ချစ်၏။ သမယော၊ လမ်းဆက်တဖော် ရှုလင့်မျှော်သည် ပြည်တော် ကူးသင့်ချိန်ပါဘုရား။)


ရဟန္တာအရှင်မြတ်ကြီးတွေရဲ့ နှလုံးသားခံစားမှုကို တုံ့ပြန်ပုံတွေပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလို ခံစားရာမှာ နားလည်မှုနှင့် ညီမျှမှု ရှိပါ

တယ်။ အလှပျောက်ဆုံးလို့ စိုးရိမ်ခြင်း၊ ပိုင်ဆိုင်မှုအတွက် ဝန်တိုခြင်း တွေသူတို့ သန္တာန်မှာ မရှိပါဘူး။ သေးသိမ် ယုတ်ညံ့တဲ့ ပဋိပက္ခတွေ ကင်းဆိတ်တဲ့စိတ်ရှိရင် လူဟာ ရောင့်ရဲမှုနှင့် အပန်းပြေမှုကို ရရှိတယ်။

ဗုဒ္ဓဝါဒီဟာ ကြုံတွေ့ သိရှိ ခံစားမှုလောကကို ပိတ်ကာဖို့ နံရံတံတိုင်း ခြားမထားပါဘူး။ ခံစားမှုနယ်ပယ် အတွင်းမှာပဲ တည်ရှိပါတယ်။

ဗုဒ္ဓဝါဒက သင်ပြတဲ့ ပြောင်းလဲမှုနှင့် မဆုံးသံသရာ ဖြစ်စဉ်အတွင်း လူသားတို့ရဲ့ ကျေနပ်နှစ်သက်မှုကို မြှင့်တင်ပေးနိုင်တဲ့ အလှတရားကို သတိပညာချွန်းနဲ့ အုပ်ပြီး ခံစားဖို့ မငြင်းပါဘူး။

ဒါကြောင့် ဗုဒ္ဓဝါဒကို အဆိုးမြင်ဝါဒလို့ လုံးဝ မဆိုနိုင်သလို အကောင်းမြင်ဝါဒ သက်သက်လည်း မဟုတ်ပါဘူး။ ❑



# အိပ်ပျော်ဆေးတိရစ္ဆာန် နှင့် မနိုးဆေး

ဘုန်းဘုန်း ဘုရား၊

လွန်ခဲ့တဲ့ တစ်လလောက်က တပည့်တော်ရဲ့ ကြောင်ကလေး အစာမစားနိုင်ဖြစ်ပြီး တဖြည်းဖြည်း ပိန်လာလို့ တိရစ္ဆာန် ကုသရေးဆရာဝန်ဆီ ယူသွားပြီး ပြပါတယ်။ ဆရာဝန်က ကြောင်ကလေးမှာ ကျောက်ကပ် ပျက်စီးသွားလို့ အစာမစားနိုင်တော့ဘူး၊ ဒီရောဂါနဲ့ပဲ ရက်သတ္တပတ် အနည်းငယ်အတွင်း သေဆုံးလိမ့်မယ်လို့ ပြောပါတယ်။

ဒီတော့ တပည့်တော်အနေနဲ့ ကြောင်ကလေး အစာမစားဘဲ ပင်ပင်ပန်းပန်း သေရမှာကို မလိုလားလို့ ကြောင်ကလေး အိပ်မော ကျပြီး အေးအေးသက်သာ သေသွားမယ့် ဆေးကို ဆရာဝန်ကို ထိုးပေးခိုင်းဖို့

ဆုံးဖြတ်လိုက်ပါတယ်။ ဆရာဝန်ကလည်း ထိုးပေးပါတယ်။ ဒါပေမယ့် တပည့်တော်တို့ ကြောင်ကလေးကို သေသွားစေလိုတဲ့ စေတနာ လုံးဝ မရှိခဲ့ပါဘူး။ သိချင်တာက တပည့်တော် ငါးပါးသီလကို ချိုးဖောက်ရာ ကျပါသလား။ သေစေလိုတဲ့ စေတနာမှ မပါတဲ့ဥစ္စာ။ အဲဒီလို လုပ်လိုက်တဲ့ အကျိုးအတွက် တပည့်တော်မှာ ဘယ်လိုအကျိုးမျိုး ရနိုင်ပါသလဲ။ ကုသိုလ်လား အကုသိုလ်လား။ လုပ်ပေးတဲ့ ဆရာဝန်ရဲ့ အကျိုးပေးကော ဘယ်လိုရှိပါသလဲ။ ကြောင်ပိုင်ရှင်အနေနဲ့ အဲဒီလို အခြေအနေမှာ ဘယ်လိုလုပ်ရင် အကောင်းဆုံး ဖြစ်ပါသလဲ။

ပွင့်မေတ္တာ

------------------

ကုသလို့ မရနိုင်တော့တဲ့ အိမ်မွေးတိရစ္ဆာန် (ခွေး ကြောင်စသည်) ကို သက်သက်သာသာ ဘဝအဆုံးသတ်ပေးဖို့ သခင်က တိရစ္ဆာန်ကုသရေး ဆရာဝန်ထံ ယူသွားပြီး မနိုးတော့တဲ့ အိပ်ဆေး ထိုးပေးခိုင်းတာနဲ့ ပတ်သက်ပြီး ဆရာဝန်နှင့် ကြောင်ပိုင်ရှင်တို့ရဲ့ အပြစ်အကျိုးကို သိဖို့ဆိုရင် ဦးစွာ ပါဏာတိပါတ (သူ့အသက်သတ်မှု) ကံမမြောက်တဲ့ အခြေအနေနှင့် မြောက်တဲ့ အခြေအနေကို နားလည်သင့်ပါတယ်။

**ကံမမြောက်တဲ့ အခြေအနေ**

၁။ စေတနာ မပါရင် - ဥပမာ အမှတ်တမဲ့ ထားမိတဲ့ ဓား သို့မဟုတ် တုတ် ပြုတ်ကျလို့ ကလေးငယ်တစ်ယောက် သေဆုံးသွားရင် (တာဝန်မဲ့မှုနှင့် ကလေးမိဘရဲ့ တရားစွဲတာကို ခံရပြီး ထောင်ကျနိုင်ပေမယ့်) သေစေလိုတဲ့ စေတနာမရှိလို့ ပါဏာတိပါတကံ မမြောက်ဘူး။

၂။ မသိရင် - ဥပမာ မိမိဝယ်လာတဲ့ ဒံပေါက်ထမင်းမှာ အဆိပ်သင့်နေမှန်း မသိဘဲ အခြားတစ်ယောက်ကို ကျွေးမိလို့ စားသုံးမိသူ သေဆုံးရင် စိတ်ကောင်းနှင့် ကျွေးခဲ့သူ ပါဏာတိပါတကံ မမြောက်ဘူး။

၃။ သတ်ဖို့ မရည်ရွယ်ရင် - ဥပမာ ဆရာဝန်တစ်ယောက်က လူနာကို သွေးတိုး ပျောက်ဆေး ပေးလိုက်တာပဲ၊ ဒါပေမယ့် အဲဒီဆေးက

လူနာနှင့် မတည့်လို့ အဲဒီဆေးကြောင့်ပဲ လူနာသေဆုံးခဲ့ရင် (တရားစွဲခံရ ထောင်ကျနိုင်ပေမယ့်) ဗုဒ္ဓဝါဒအရ လူနာကို သေအောင်လုပ်ဖို့ မရည်ရွယ်ခဲ့လို့ ဆရာဝန်ဟာ ပါဏာတိပါတကံ မမြောက်ပါဘူး။

၄၊ မိဘ ညီအစ်ကို မောင်နှမမှန်း မသိနိုင်အောင် ရူးသွပ်နေရင် - ဥပမာ အမေအစ်မကို ထိလို့ မဆင်မခြင် ဓားနဲ့ လိုက်ခုတ်တဲ့ သာမန်စိတ်မမှန်သူ သို့မဟုတ် ဆင်ခြင်တုံတရား အဆင့်မမီသူမျိုး မဟုတ်ဘဲ၊ မစင်နဲ့ ထမင်းကို မခွဲခြားနိုင်လောက်အောင် လုံးဝ ရူးသွပ် နေသူက သူ့အသက်ကို သတ်မိရင် အဲဒီလို ရူးသွပ်သူ ကံမမြောက်ဘူး။

**ကံမြောက်တဲ့ အခြေအနေ**

၁၊ အသက်ရှိမှန်း သိနေရင် - သက်ရှိကို အသက်ရှိမှန်း သိလျက် သေအောင်လုပ်ရင် ကံမြောက်တယ်။

၂၊ သတ် (သေစေ) လိုတဲ့ စိတ်ရှိရင် - ဥပမာ ညအိပ်နေတုန်း ကျောအောက် အခင်းပေါ်က ကြမ်းပိုးကို ကြမ်းပိုးမှန်းသိလို့ ညှစ်သတ်လိုက်ရင် ကံမြောက်တယ် (ကြမ်းပိုးကို သစ်သားစအထင်နှင့် ညှစ်လိုက်မိလို့ ကြမ်းပိုး သေသွားရင်တော့ ကံမမြောက်ဘူး။)

၃၊ သေအောင်လုပ်ရင် သို့မဟုတ် သတ်ရင် - ဥပမာ ကိုယ်ဖြင့် (ကိုင်ပေါက်၊ အမြင့်မှ တွန်းချ) ၍ သို့မဟုတ် ကိုယ်နှင့်စပ်ယှဉ်သည့် တုတ်ဖြင့်ရိုက် ဓားဖြင့်ခုတ် လှံဖြင့် ထိုး၍ သတ်တာ၊ အဝေးမှာ ရှိသူကို ကျောက်ခဲ လေးမြား သေနတ် စသည်ဖြင့်ပစ်၍ သတ်တာ၊ အခြားတစ်ယောက်ကို စေခိုင်းပြီး သတ်တာ (စေခိုင်းရာမှာ ပုဂ္ဂိုလ် အချိန် နေရာ လက်နက်စသည် ခိုင်းတဲ့အတိုင်း ဖြစ်မှသာ ခိုင်းတဲ့သူ ကံမြောက်တယ်)၊ ရေတွင်းရေကန်စသည်မှာ အဆိပ်ခပ်ပြီး သတ်တာ စတဲ့နည်းတွေနှင့် သေအောင် လုပ်ရင် ကံမြောက်တယ်။

၄၊ သေရင် - အသတ်ခံရတဲ့ သတ္တဝါသေမှသာ ကံမြောက်တယ်။

**ကောက်ချက်**

မေးခွန်းထဲက ကြောင်ပိုင်ရှင်ဟာ မိမိရဲ့ကြောင်ကလေး အသက်ရှင်ဆဲ

ဖြစ်မှန်း သိနေတယ်။ ကစားစရာ ကြောင်ရုပ်ကလေး မဟုတ်၊ ကြောင် အစစ်ဖြစ်မှန်းလည်း သိနေသားပဲ (ကြောင်ပိုင်ရှင်က သူ့ကြောင်လေး ကို မသေစေချင်ဘူးဆိုပေမယ့် သေအောင်လုပ်ဖို့တော့ ဆုံးဖြတ်လိုက် တာပဲ မဟုတ်လား)။ ကြောင်ကလေးကို ဆေးထိုးပြီး (ဝေါဟာရ အတိ အကျ ဆိုရရင်) အဆုံးစီရင် ခိုင်းလိုက်တာပဲ မဟုတ်လား။ နောက်ဆုံး တော့ ကြောင်ကလေးဟာ ပိုင်ရှင်သခင်ရဲ့ ဝစီပယောဂ (လုပ်လိုက်ပါ သို့မဟုတ် လုပ်ပေးပါလို့ နှုတ်နဲ့ သေအောင် အားထုတ်မှု) ကြောင့်ပဲ သေသွားခဲ့ရတယ်။ ဒါကြောင့် သက်သတ် အင်္ဂါတွေ စုံနေတယ်ပေါ့။

**အဖြေ**

အဲဒါကြောင့် မေးခွန်းအရ ကြောင်ပိုင်ရှင်ဟာ ကုသိုလ်မရတဲ့အပြင် ငါး ပါးသီလထဲက ပါဏာတိပါတ (သူ့အသက်သတ်ခြင်း) ကို မထင်မှတ်ဘဲ ချိုးဖောက်လိုက်ပါတယ်။ အကုသိုလ် အပြစ်လဲ ရပါတယ်။ သိမ်မွေ့လှ ပါတယ်။ သို့ပေမဲ့ စိတ်ထားနှင့်လုံ့လ (သေအောင်အားထုတ်မှု) မထက် သန်တဲ့အတွက် အကျိုးပေးကတော့ ကျားတစ်ကောင် ဆင်တစ်ကောင် ကို သေနတ်နဲ့ ပစ်တာလိုမျိုး မဆိုးရွားနိုင်ဘူးလို့တော့ (ကိုယ်ပိုင် အ မြင်အရ) ယူဆပါတယ်။

အဲဒီလို အခြေအနေမှာ ကြောင်ပိုင်ရှင်အနေနှင့် အကောင်းဆုံး ပြုလုပ်သင့်တာက ကြောင်ကလေး မသေခင် (ကိုယ်မချမ်းသာရင်နေ) အနည်းဆုံး စိတ်သက်သာရာ ရအောင် တတ်နိုင်သမျှ မိမိရဲ့ ကြင်နာ ယုယမှုကို ပြသဖို့၊ ကြောင်ကလေး ဘဝကူးကောင်းဖို့ ကောင်းမှုပြု မေတ္တာပို့ပြီး ကုသိုလ်အမျှကိုပေး၊ ပရိတ်ပဋ္ဌာန်း ဒေသနာတွေကို (နား လည်လည် မလည်လည်) ရွတ်ပေး (သေခါနီး မြတ်ဗုဒ္ဓရဲ့ တရားသံကို ကြားလိုက်ရတဲ့ ဖားကလေးတောင် သုဂတိကို ရသွားသေးတာပဲ) ဖို့နဲ့ ကိုယ်တိုင်လဲပဲ ကြောင်ကလေးကို ကြည့်ပြီး မရဏာဿတိကို ပွား (သေခြင်းတရားကို အဖန်ဖန်အောက်မေ့) ဖို့ပဲ အကြံပြုလိုပါတယ်။

တိရစ္ဆာန်ကုသသူ ဆရာဝန် အနေနဲ့လည်း ကံမြောက်တဲ့ အခြေ

အနေ ငါးချက်လုံးနဲ့ ညီညွတ်နေတာကို တွေ့ရလိမ့်မယ်။ ယဉ်ကျေးမှုနဲ့ အခြေခံ ယုံကြည်မှုတွေ မတူတာကြောင့် ဆရာဝန်အနေနဲ့ မည်သို့ ဆင်ခြေပေးသည်ဖြစ်စေ ဗုဒ္ဓဝါဒအလိုအရ ခွင်းချက်မရှိ ကံမြောက်ပါတယ်။ အကျိုးပေး အလေးအပေါ့ကတော့ သူ့ရဲ့ စိတ်ထက်သန်မှု မထက်သန်မှု အပေါ်မှာ မူတည်ပါလိမ့်မယ်။ သူ့အသက် သတ်မှုရဲ့ ဆိုးပြစ်ကို ကြောက်တဲ့ သို့မဟုတ် ဘာသာရေး ဗဟုတရှိတဲ့ ဗုဒ္ဓဝါဒီ စေတနာ ဆရာဝန်မှန်ရင် အဲဒီလို လုပ်ပေးမယ်လို့ မထင်ဘူး။ အိမ်ကို ပြန်ယူသွား ခိုင်းပြီး အထက်က ပြောသလို ဘုရားကု တရားကု ကုသခိုင်းရုံ ပြော မရရင် အခြားဆရာဝန်ဆီ ပြောင်းခိုင်းလိုက်ရုံပဲ ရှိမယ်ထင်ပါတယ်။

**ဗုဒ္ဓဝါဒ အခြေပြုဒဿန**

ဗုဒ္ဓဝါဒကို အခြေပြုတဲ့ ဒဿန (အတွေးအမြင်) အရမှာ အာဏာရှိသူ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသူ သို့မဟုတ် ပိုင်ဆိုင်သူ သို့မဟုတ် တန်ခိုးရှိသူ (တန်ခိုးရှင်) က သနားလို့ သက်ရှိသတ္တဝါ တစ်ခုကို သေအောင်လုပ်လိုက် (သတ်ပစ်) ရတယ် ဆိုတာမျိုးကို လက်မခံပါဘူး။

သတ္တဝါတစ်ယောက်ရဲ့ အသက်ကို သတ်ပစ်နိုင်ဖို့ မည်သည့် လူမှာ သို့မဟုတ် အင်အားသာသူမှာ သို့တည်းမဟုတ် ဗြဟ္မာဘုရား နတ် သိကြားမှာမှ အထူးအခွင့်အရေး မရှိပါဘူး။

လူရောတိရစ္ဆာန်ပါ သက်ရှိအားလုံးကို တန်းတူပဲ သဘောထားပါတယ်။ လူဖြစ်လို့ ကျားဖြစ်လို့ အခြားတိရစ္ဆာန်တွေရဲ့ အသားကို စားနိုင်ဖို့ အခွင့်အရေး ပိုရှိမလာပါဘူး။ သက်ရှိဟာ သက်ရှိပါပဲ။

ကြောင်ကလေး အစာမစားနိုင်ဘဲ ပင်ပင်ပန်းပန်း သေရမှာကို သနားလို့ အိပ်မောကျပြီး သက်သက်သာ အသက်ထွက်သွားအောင် ဆေးထိုး (အဖြောင့်ဆိုရင် သတ်ပစ်) ဖို့ ဆုံးဖြတ်တာနဲ့ လေဖြတ်ပြီး အသက် မသေနိုင်ဘဲ ပင်ပန်းနေတဲ့ မိဘကို အခံရသက်သာအောင် ဆေးထိုးပြီး ကွယ်လွန်အောင်လုပ်တာ (လုပ်လည်း မလုပ်ကောင်းပါဘူး၊ ကံကြီး ထိုက်ပါတယ်) ဟာ အတူတူပါ။

ကရုဏာ (အကြင်နာ ကိုယ်ချင်းစာတရား) ဆိုတာ သူတစ်ပါးရဲ့ ဆင်းရဲဒုက္ခကို ပျောက်အောင် လုပ်ပေးနိုင်သည် ဖြစ်စေ မလုပ်ပေးနိုင်သည် ဖြစ်စေ ပျောက်သွားစေလိုတဲ့ စိတ်ဆန္ဒ ရှိနေခြင်းသာ အဓိက ဖြစ်ပါတယ် (ကရုဏာယ ဟိ ပရဒုက္ခံ အပနီယတု ဝါ မာ ဝါ၊ တဒါကာရေနေဝ သာ ပဝတ္တတိ၊ ဋီကာကျော်၊ စာ-၁၁၁)။ ◻



# ဗုဒ္ဓဓမ္မကာကွယ်ရေး

ရိုသေစွာ လေးလျှောက်အပ်ပါသည် အရှင်ဘုရား၊

ဗုဒ္ဓရဲ့ အဆုံးအမတွေဟာ ညီညွတ်ခြင်း၊ အပြန်အလှန် ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ လက်တွဲလုပ်ကိုင်ခြင်း၊ စည်းလုံးခြင်းစတဲ့ တန်ဖိုးတွေကို အလေးပေး ညွှန်ကြားတယ်ဆိုတာ ထင်ရှားပါတယ်။ ဗုဒ္ဓဝါဒဟာ စစ်မက် ခိုက်ရန် ဖြစ်ပွားမှုကို မလိုလားပါ။

ဒါဖြင့် တစ်ချိန်က ဗုဒ္ဓဝါဒ အင်မတန် ထွန်းကားခဲ့တဲ့ ဗုဒ္ဓဝါဒရဲ့ အမိမြေ အိန္ဒိယအပါအဝင် အင်ဒိုနီးရှားစတဲ့ ဒေသတွေမှာ အဆောက်အအုံပျက် အုတ်ကျိုး အုတ်ပုံတွေကလွဲရင် ဗုဒ္ဓဝါဒဟာ ဘာကြောင့် အစအန ပျောက်ခဲ့ရပါသလဲ။ ဗုဒ္ဓဝါဒီတွေ ဒီလောက် ကောင်းတယ်ဆိုတဲ့ မိမိတို့ရဲ့ ဗုဒ္ဓဝါဒကို ဘာလို့ မပျောက်ပျက်အောင် ထိန်းသိမ်းမထားနိုင်ရတာလဲ။

မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ ဗုဒ္ဓဘာသာဝင် တစ်ယောက် ဘာသာခြားတစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့ရင် ဗုဒ္ဓဘာသာဝင်တွေကပဲ ဘာသာခြားဖက်ကို ကူးပြောင်းသွားတာ များပါတယ်။ ဘာကြောင့်ပါလဲ။ ဗုဒ္ဓဝါဒီတွေဟာ အခြားတစ်ပါးသော ဘာသာထဲကို အတင်း အဓမ္မ သွတ်သွင်းတာကို ခံကြရတဲ့ မှတ်တမ်းတွေလည်း ရှိပါတယ်။

ဒါနဲ့ ပတ်သက်ပြီး ဗုဒ္ဓဝါဒီတွေမှာ မိမိတို့ရဲ့ ဘာသာတရားကို ကာကွယ်ဖို့ အခွင့်အရေးနှင့် နည်းလမ်းကောင်းတွေ ရှိပါသလား။

ထွေးမောင်

---------------------

**ဗုဒ္ဓဓမ္မနှုန်းစံ**

ဘီဘီစီ ဝက်ဘ်ဆိုက် ဘာသာရေးကဏ္ဍမှာ ဗုဒ္ဓဝါဒဟာ အခြားတစ်ပါးသော ဘာသာတရားတွေနှင့်ယှဉ်တွဲပြီး အတူတူ နေထိုင်နိုင်တယ်လို့ မှတ်ချက်ပြုထားပါတယ်။ ဗုဒ္ဓဝါဒီ ဟုတ်ဟန်မတူတဲ့ အနောက်တိုင်းသား ပုဂ္ဂိုလ်တွေရဲ့ မှတ်ချက်ဖြစ်ဖို့ များပါတယ်။ အင်မတန် ဂုဏ်ယူစရာ မှတ်ချက်ပါ။ အဲဒီမှတ်ချက်ကို ပေးခံရတာဟာ ဗုဒ္ဓဝါဒမှာရှိတဲ့ ညီညွတ်ခြင်း၊ အပြန်အလှန် ဆွေးနွေးခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်း၊ လက်တွဲ လုပ်ကိုင်ခြင်း၊ စည်းလုံးခြင်းနဲ့ သည်းခံခြင်းစတဲ့ ဗုဒ္ဓဝါဒရဲ့ အနှစ်သာရဖြစ်တဲ့ တန်ဖိုးတွေကြောင့်ပါ။

အဲဒီ နှုန်းစံတွေကြောင့်ပဲ ခေတ်သစ်ရာစုတွေမှာ အတွေးအခေါ်လွတ်လပ်ပြီး ရဲရင့်ပြတ်သားကြတဲ့ အိုင်စတိုင်းလို သိပ္ပံပညာရှင်တွေ၊ ဘာထရန်ရပ် ဆယ်လို ကမ္ဘာကျော် တွေးခေါ်ရှင်တွေကအစ သာမန် အရပ်သား ပညာတတ်တွေအဆုံး ဆွယ်တရားမဟောရဘဲ ဗုဒ္ဓဝါဒကို အလိုလိုနှစ်သက်ပြီး လေ့လာလိုက်စားမှုတွေ များပြားလာကြတာ ဖြစ်ပါတယ်။ နောင်လည်း ဒီလိုပုဂ္ဂိုလ်မျိုးတွေ တိုးပွားနေဦးမှာပါ။ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှားစတဲ့နိုင်ငံတွေမှာ ဗုဒ္ဓဝါဒ ကွယ်ပျောက်သွားတာဟာ အဲဒီ ဗုဒ္ဓဝါဒနှုန်းစံတွေနဲ့ မပတ်သက်ပါဘူး။ အခြား သော အခြေခံအကြောင်းတရားတွေကြောင့်သာ ဖြစ်ပါတယ်။

**အိန္ဒိယ**

ဗုဒ္ဓမပွင့်မီ ဘီစီထောင်ပေါင်း များစွာအလွန်ကပင် အိန္ဒိယနိုင်ငံ တစ်ဝန်းလုံးမှာ အတ္တဝါဒ (အတ္တရှိအယူအဆ) အမြစ်တွယ် လွှမ်းမိုးနေပြီး ဖြစ်ပါတယ်။ နောက်ပေါ် ဗုဒ္ဓဝါဒက အနတ္တဝါဒ (အတ္တမရှိဝါဒ) ဖြစ်လို့ တည်

ရှိပြီး ယုံကြည်မှုနှင့် နှိုင်းယှဉ်ရင် သုံးနဲ့ လေးလို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပါတယ်။ သို့တစေ လက်တွေ့ကျင့်သုံး အားထုတ်ကြည့်ရင်း အတွ မရှိကြောင်း ကိုယ်တိုင် သိမြင်သွားကြတာရယ်၊ ဗုဒ္ဓကိုယ်တိုင်လည်း ဒေသနာပရိယာယ် ကျွမ်းကျင် နိုင်နင်းတော်မူတာရယ် စတာတွေကြောင့် ဒိဝါဒကြီးနှစ်ခုဟာ ခိုက်ရန်မဖြစ်ဘဲ ရာစုနှစ်ပေါင်းများစွာ အတူတူ ယှဉ်တွဲပြီး တည်တံ့ ပြန့်ပွားနေနိုင်ခဲ့တာပါ။ ဒါ့အပြင် အိန္ဒိယဟာ အယူဝါဒ မျိုးအစုံ ဆုံးနိုင်ငံလည်း ဖြစ်မယ်ထင်ပါတယ်။

နောက်ပိုင်းမှာ ထက်မြက်တဲ့ ဗြာဟ္မဏဝါဒီ ပညာကျော်တွေရဲ့ ဗြာဟ္မဏဝါဒ ပြန်လည်ရှင်သန်ရေး လှုပ်ရှားမှုတွေ ရှိခဲ့တယ်။ ဒါပေမယ့် စစ်မက်မဲ့ ဟောပြော စည်းရုံးကြရုံပါပဲ။ အေဒီ ၁၃ ရာစု (ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၁၈၀၀ ခန့် အကြာ) မှာ ယုံကြည်မှု လုံးဝမတူတဲ့ အနောက်မြောက်ဖက်က အကြမ်းဖက် လက်နက်ကိုင် ကျူးကျော် ဝင်ရောက်လာသူတွေကတော့ ဗုဒ္ဓဘာသာအပါအဝင် ဒေသခံ ဘာသာတရားများရဲ့ ဘုရားကျောင်းတွေကို မီးရှို့ဖျက်ဆီးပစ်တယ်။ နှစ်ပေါင်းရှစ်ရာကျော် ကြာမြင့်ခဲ့ပြီးဖြစ်တဲ့ နာလန္ဒာကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး အဲဒီတုန်းက မီးရှို့ဖျက်ဆီးပစ်ခြင်း ခံခဲ့ရတယ်။ အထူးသဖြင့် ဘုန်းကြီးတွေကို လိုက်လံ ရှာဖွေ ဖမ်းဆီးပြီး သတ်ပစ်ခဲ့တယ်။

ဒီအချိန်ကစပြီး ရာစုနှစ် ထောင်ပေါင်းများစွာ အမြစ်တွယ်နေပြီးဖြစ်တဲ့ ဗြာဟ္မဏဝါဒသာ ကျူးကျော်သူတွေနဲ့ အပြိုင်ကျန်နေခဲ့ပြီး နဂိုကပင် အင်အားနည်းနေပြီ ဖြစ်တဲ့ ဗုဒ္ဓဝါဒဟာ မဇ္ဈိမဒေသ (အိန္ဒိယအလယ်ပိုင်း)မှာ နာလန်မထူနိုင်အောင် ဖြစ်သွားရာကနေ တဖြည်းဖြည်း အိန္ဒိယမြေပေါ်မှာ ကွယ်ပျောက်ပြီး ဝေးရာကို ရောက်သွားခဲ့ရတယ်လို့ သမိုင်းသုတေသီတို့ သုံးသပ်ကြပါတယ်။

**အင်ဒိုနီးရှား**

မဟာခရီးသည်များ ဖြစ်ကြတဲ့ တရုတ်ရဟန်းတော် ဖာဟီယန် (အေဒီ ၄ ရာစု) နှင့် ဟူယင်ဆန် (အေဒီ ၇ ရာစု) တို့ခေတ်က အင်ဒိုနီးရှားမှာ

ဟိန္ဒူနှင့် ဗုဒ္ဓဘာသာ ထွန်းကားနေကြောင်း သိရပါတယ်။ ပုဂံက မြန်မာ့စေတီပုထိုးတွေကို ကြည့်ရင် ပုဂံခေတ် မြန်မာ့ဗုဒ္ဓဘာသာ အခြေအနေကို အကဲဖြတ်နိုင်သလို ကမ္ဘာကျော် မဟာဗောဓိဘုရား၊ မဟာစေတီတော်ကြီးရဲ့ ခမ်းနားထည်ဝါမှုနှင့်အတူ တစ်ချိန်က အင်ဒိုနီးရှားရဲ့ ဗုဒ္ဓဘာသာထွန်းတောက်မှု အတိုင်းအတာဟာ အလွန် မြင်သာပါတယ်။

မှတ်တမ်းတစ်ခုမှာ တရုတ်ဗုဒ္ဓဘာသာ ရဟန်းတော်တွေ အိန္ဒိယကို မသွားခင်မှာ အိန္ဒိယတက္ကသိုလ် ဝင်ခွင့်မီအောင်လို့ ပဏ္ဍာမအနေနဲ့ မလေးရှား သို့မဟုတ် အင်ဒိုနီးရှားကို သွားပြီး သက္ကတဘာသာကို သင်ယူခဲ့ကြတယ်လို့တောင် ဆိုထားတယ်။

အင်ဒိုနီးရှားနဲ့ မလေးရှားမှာ ဗုဒ္ဓဝါဒ ကွယ်ပျောက်သွားပုံကလည်း အိန္ဒိယနှင့် ခပ်ဆင်ဆင်ပဲ ဖြစ်ပါလိမ့်မယ်။ အတင်းအကြပ် ဘာသာကူးပြောင်းခိုင်းမှုတွေ၊ အနိုင်ကျင့် နှိပ်ကွပ်မှုတွေ၊ အကြမ်းဖက်မှုတွေ၊ တားဆီးပိတ်ပင်မှုတွေ ရှိခဲ့မှာလဲ သေချာပါတယ်။ နှောင်းခေတ်တွေမှာလဲ ဒီလိုမျိုး ဖြစ်လေ့ဖြစ်ထရှိလို့ပါ။

အနောက်ဖက်က သင်္ဘောချက်လွှင့်ပြီး စီးပွားလာရှာကြတဲ့ ကုန်သည်တွေ စီးပွားရေးယှဉ်ပြိုင်မှု အနိုင်ရသွားတဲ့အခါ ရိုးသားလှတဲ့ ဌာနေတွေခမျာ ယဉ်ကျေးမှုလည်းပျောက် ဘာသာတရားလည်းကွယ် ဖြစ်သွားခဲ့ပုံ ရပါတယ်။ အမျိုးသားစီးပွားရေး ပျက်လို့ လူမှုအဆောက်အအုံပြိုလဲရာကနေ တစ်မျိုးသားလုံးရဲ့ အမွေအနှစ်တွေကိုပါ ဆုံးရှုံးလိုက်ရတာမျိုး ဖြစ်နိုင်ကြောင်း ဆိုလိုပါတယ်။

**သဘောထား**

ဗုဒ္ဓဝမ္မဟာ ကတ္တရာလမ်းပေါ်က ပပ်ကြားအက်ကြောင်း နှစ်ခုကြားမှာ အင်အား ကောင်းစွာ ပေါက်နေတဲ့ အရသာချိုမြိန်တဲ့ မှိုပွင့်နဲ့ တူပါတယ်။ မှိုကြိုက်သူတွေ ခူးယူချက်ပြုတ် စားသောက်ရုံပါပဲ။ မကြိုက်လို့ စားရကောင်းမှန်း မသိလို့ နင်းခြေပစ်ခဲ့ရင်လည်း ပျက်စီးရုံကလွဲလို့ မတတ်နိုင်ပါဘူး။ ဒါပေမယ့် မှိုရဲ့ အရသာတော့ ပျက်သွားမယ် မထင်ပါဘူး။

မိမိဘာသနာပြု သွားရောက်တဲ့ အရပ်ကလူတွေက မိမိကို လက်မခံဘဲ ခဲနဲ့ပေါက် တုတ်နဲ့ရိုက် လုပ်လာရင်တောင် ဘယ်လိုမှ မတုံ့ပြန်ဘဲ မိမိအသားကို အနာခံတာကိုပဲ မြတ်ဗုဒ္ဓ ချီးမွမ်းတော်မူပါတယ်။ ဝါဒရေးရာ ဆန့်ကျင်ပြောဆိုလာသူများအပေါ် ဗုဒ္ဓဝါဒရဲ့ တုံ့ပြန်မှု သဘောထားကတော့ 'ဘိက္ခုတို့၊ ဗုဒ္ဓဓမ္မသံဃနှင့် ပတ်သက်လို့ တစ်ဖက်သားက ကဲ့ရဲ့စကားဆိုလာရင် စိတ်မဆိုးကြနဲ့။ စိတ်ဆိုးရင် အကောင်းအဆိုးကို မဝေဖန်နိုင်ဘူး။ ဒါကြောင့် ဒေါသစိတ်မပါဘဲ မဟုတ်ရင် မဟုတ်ဘူးလို့ ဟုတ်ရင် ဟုတ်တယ်လို့ အကြောင်းအကျိုး ခိုင်ခိုင်လုံလုံ ပြပြီး ဖြေရှင်းကြပါလေ (ဒီ ၁၊ ၂)' လို့ ဆုံးမပါတယ်။ ကိုယ်နဲ့ မတုံ့ပြန်ပေမယ့် နှုတ်နဲ့တော့ အရှိအတိုင်း ဖြေရှင်းခွင့်ရှိပါတယ်။

အာဖဂန်နစ္စတန်က သမိုင်းတန်ဖိုး ကြီးမားလှတဲ့ ဗုဒ္ဓဆင်းတုကြီးတွေကို ဖောက်ခွဲပစ်လို့ ကမ္ဘာ့ဗုဒ္ဓဝါဒီများ ဒေါသတကြီး ရုတ်ရုတ်သဲသဲ ဆန္ဒမပြကြတာ၊ ဆိုင်ရာသံရုံးတွေကို ဝင်မစီးတာ၊ အဆောက်အအုံတွေကို မီးမရှို့တာ၊ လူတွေကို ပြန်ပေးမဆွဲတာ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ဆိုတာကို အဲဒီလို မတုံ့ပြန်ဘဲ တုံ့ပြန်တဲ့နည်းဖြင့်သာ ရရှိစေနိုင်ပါလိမ့်မယ်။

ဒေါသနှင့် ရန်ငြိုးဖွဲ့ပြီး တုံ့ပြန်ဖို့နဲ့ 'ကိုယ့်နံရိုးကို ချိုးရင် သူ့နံရိုးကို ပြန်ချိုးပစ်ရမယ်၊ ကိုယ့်သွားကိုချိုးရင် သူ့သွားကို ပြန်ချိုးပစ်ရမယ်' ဆိုတာလိုမျိုး လက်စားချေဖို့ မြတ်ဗုဒ္ဓ ဘယ်သောအခါကမှ ခွင့်မပြုခဲ့ပါဘူး။ အဲဒီလို မတုံ့ပြန်လို့ ဗုဒ္ဓဝါဒ ကွယ်ပျောက်သွားမယ် ဆိုရင်လည်း နင်းချေခံရတဲ့ ရသဉ္ဇာသခင် မှိုပွင့်ကလေးရဲ့ ကံကြမ္မာအတိုင်းပါပဲ။

**သင်ကြားခြင်း**

ဗုဒ္ဓဝါဒမှာ တစ်ခြား ဘာသာတွေအပေါ် ရန်လိုမုန်းတီးမှုကို ဖြစ်ပွားစေနိုင်မယ့် အတွေးအမြင်မျိုးကို စနစ်တကျ ဦးဆောင်ထဲ ရိုက်သွင်းမှု (Brain Wash) လုံးဝ မရှိပါဘူး။ ဗုဒ္ဓဝါဒီ မြန်မာအမျိုးသားတိုင်းနီးပါး

ယ်စဉ်အခါ ဘုန်းကြီးကျောင်းမှာ ရှင်ပြု ပဥ္စင်းခံဖူးကြပေမယ့် သူတို့ကို ဘုန်းကြီးက သင်ပေးလိုက်ပုံမှာ 'လူမိုက်ကို ရှောင်၊ ပညာကို ပေါင်း၊ မိဘကို လုပ်ကျွေး၊ မေတ္တာနဲ့ နေ၊ ကိုယ့်ကိုယ်ကို ထိန်းသိမ်း၊ ကိုယ်လုပ် ကိုခံ၊ ကံဆိုတာ အလုပ်၊ အလုပ်ကောင်းမှ ကံကောင်းမယ်' စတဲ့ လူမှုကျင့်ဝတ် အခြေခံတွေမျှသာ ဖြစ်ပါတယ်။

ဒါကြောင့် ဘာသာခြားနဲ့ အိမ်ထောင်ကျတဲ့ ဗုဒ္ဓဝါဒီတစ်ယောက်ရဲ့ အိမ်က ဘုရားကျောင်းပေါ်မှာ ဗုဒ္ဓရုပ်ပုံနှင့်အတူ အခြားဘာသာရေးဆိုင်ရာ ရုပ်ပုံတစ်ခုခုကိုပါ တင်ထားရင် အလည်လာတဲ့ ဘယ်ဗုဒ္ဓဝါဒီကမှ အဲဒီအခြားရုပ်ပုံကို ဖယ်ခိုင်းဖို့ ဗုဒ္ဓဝါဒီအိမ့်ရှင်ကို တိုက်တွန်းမှာ မဟုတ်ပါဘူး (အခြားဘာသာဝင် မိတ်ဆွေများက ဘာသာတူအိမ့်ရှင်အား ဗုဒ္ဓဆင်းတုကို ဖယ်ခိုင်းတာကို ကြုံဖူးပါတယ်)။

## ကာကွယ်ခြင်း

မကြာမီက မြန်မာပိုင်း အသံလွှင့်ဌာနတစ်ခုရဲ့ အစီအစဉ်မှာ ဗုဒ္ဓဝါဒ အခြေပြုနိုင်ငံ ထူထောင်ရင် ချမ်းသာကြွယ်ဝပြီး အင်အားကောင်း စည်းလုံးခိုင်မာတဲ့ နိုင်ငံတစ်ခု ဖြစ်နိုင်ပါ့မလားဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ ဝေဖန်သွားတာကို ကြားလိုက်ရပါတယ်။ အတွေးအမြင် သရမ်းပြီး ခပ်ပေါ့ပေါ့တော့ မဝေဖန်ပါနဲ့။ သုတေသနပြုပါဦးလို့ တိုက်တွန်းပါရစေ။ တစ်ချိန်က အိန္ဒိယကေရာဇ် အသောကမင်းရဲ့ 'ဓမ္မဝိဇယနိုင်ငံတော်' ဆိုတာ အိန္ဒိယရာဇဝင်မှာ အထင်အရှား ရှိဖူးပါတယ်။

အုပ်ချုပ်သူအစိုးရတို့ ကိုင်းပြည်ကို ကာကွယ်ဖို့ဆိုတဲ့ ခေါင်းစဉ်နဲ့ လူသူအင်အား စုရုံးတာ၊ လက်နက် ခဲယမ်းမီးကျောက် ထုတ်လုပ်တာ စတာတွေကို ဗုဒ္ဓဝါဒက ဥပေက္ခာပြုနိုင်ပေမယ့် ဗုဒ္ဓဘာသာကို ကာကွယ်ရန် သို့မဟုတ် ဗုဒ္ဓဘာသာကိုယ်စားပြုဆိုတဲ့ ခေါင်းစဉ်နဲ့ လက်နက်ကိုင် အဖွဲ့အစည်း တစ်ခုရှိလာရင် လက်မခံသင့်ပါဘူး။ ဘာသာရေး တန်ဖိုးနဲ့

နိုင်ငံရေးလမ်းစဉ်ကို အဲဒီလို တစ်ကန့်စီ ခြားထားသင့်ပါတယ်။

ကိုယ့်ကိုယ်ကို ကာကွယ်မှု ဆိုတာကို နိုင်ငံရေးအလို ကျူးကျော်ရန်စဖို့ မဟုတ်ဘူးလို့ အဓိပ္ပာယ်ဖွင့်ရင်၊ ဘာသာရေးအလို အန္တရာယ်မကြုံနိုင်အောင် မိမိ နှလုံးသားကို ဓမ္မနဲ့ ကာကွယ်ထားမှု သို့မဟုတ် အန္တရာယ် ကြုံလာရင် လွတ်အောင် ရှောင်တိမ်းဖို့ သို့မဟုတ် နောက်ဆုံး ရှောင်တိမ်းလို့ မရတော့ဘူး ဆိုရင်တောင် စွန့်လွှတ် အနစ်နာခံမှုလို့ အဓိပ္ပာယ်ဖွင့်ဆိုပြီး ဗုဒ္ဓဓမ္မကို ကာကွယ် စောင့်ရှောက်ဖို့ဆိုရင် –

၁) ဗုဒ္ဓဓမ္မအနှစ်သာရ ပြည့်ဝဖို့ မိမိကိုယ်တိုင် သင်ကြားလေ့လာ၊ လိုက်နာ ကျင့်သုံး

၂) ကိုယ့်မိသားစု အပါအဝင် သူတစ်ပါးကိုလည်း နားလည်အောင် တတ်စွမ်းသမျှ ရှင်းလင်း ပြောပြ

၃) ဗုဒ္ဓဓမ္မတည်တံ့ပြန့်ပွားရေး အားပေး ပါဝင်ဆောင်ရွက်

၄) မအားပါဘူးလို့ မငြင်းဘဲ မိသားစုအချိန်ထဲက ဗုဒ္ဓဓမ္မအတွက် နည်းနည်းလောက်တော့ မိမိရဲ့ အချိန်ကို ထည့်ဝင်နိုင်အောင် ကြိုးစားပါလို့ပဲ တိုက်တွန်းပါရစေ။ □

**မှတ်ချက်။**

တ္တနိဂ်ါဒီဆိုတာ တ္တသရ (အားလုံးကို အစိုးရ) နိမ္မာန (ဖန်ဆင်းရှင်) ဝါဒီ (အယူအဆကို ယုံကြည်သူ)။ အဓိပ္ပာယ်က အနန္တတန်ခိုးရှင် ဖန်ဆင်းရှင်တစ်ဆူတည်းသာ ရှိတယ်လို့ ပြင်းပြင်းထန်ထန် ယုံကြည် စွဲလမ်းသူတွေကို ဆိုလိုပါတယ်။ မကြာမီက မိတ်ဆွေ တစ်ယောက် ပို့ပေးလိုက်တဲ့ စီအင်နင်မီဒီယို သတင်းတိပ်ခွေ တစ်ခုမှာ တ္တနိဂ်ါဒီ အုပ်စုကြီး နှစ်ခုအနက် နောက်ပေါ် အုပ်စုဟာ ကမ္ဘာပေါ်မှာ ကြောက်ခမန်းလိလိ တိုးတက်မှု အမြန်ဆုံးနှုန်းနဲ့ ပြန့်ပွားလာနေတယ်လို့ ဖော်ပြထားပါတယ်။ သူ့အလုပ် သူလုပ်တာ၊ သူ့အကြိုက်ကို သူရွေးတာဖြစ်လို့ ဗုဒ္ဓဝါဒီတို့ မှတ်ချက်ပေးစရာ အကြောင်းမရှိဘူးလို့ ထင်ပါတယ်။ □




မသိတာလေး မေးလျှောက်ပါရစေ အရှင်ဘုရား၊

မြတ်ဗုဒ္ဓရဲ့ အလိုအရ လူ့ဥပါသကာ တစ်ယောက်အတွက် ပျော်ရွှင်မှုဆို တာ ဘာပါလဲ။ ပျော်ရွှင်မှုရဲ့ အဓိပ္ပာယ်ကို ဘယ်လို နားလည်ရပါမည် လဲ။ ပျော်ရွှင်ပြီး အဓိပ္ပာယ်ရှိတဲ့ ဘဝတစ်ခုကို မည်သို့နေ ထိုင်ပါမည်လဲ။ ခေတ်သစ် လူ့ဘောင်မှာ ဗုဒ္ဓဝါဒီ လူဝတ်ကြောင် တစ်ယောက်အနေနဲ့ လိုက်နာကျင့်သုံးရမယ့် နည်းလမ်းများကို ညွှန်ကြားပေးပါ။

အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေသူတစ်ယောက် မည်သို့ မည်ပုံ ပစ္စည်းဥစ္စာရှာဖွေပြီး သုံးစွဲရမယ်ဆိုတာကို မြတ်ဗုဒ္ဓ မည်သို့ လမ်းညွှန်ပါသလဲ။ မိမိရဲ့ စီးပွားရေးအောင်မြင်ဖို့ မည်သို့ လိုက်နာ ဆောင်ရွက်ရပါမည်လဲ။ ဆုံးမပေးပါ ဘုရား။

မုဒိတာဦး

---------------

**ပျော်ရွှင်မှု**

ပျော်ရွှင်မှုဆိုတဲ့ သဘောဟာ လူဖြစ်ဖြစ် ရဟန်းဖြစ်ဖြစ် အတူတူပါ။ ဗုဒ္ဓ ဝါဒအလိုအရ ပျော်ရွှင်မှုဆိုတာ ခန္ဓာကိုယ်သွေးသား တောင်းဆိုမှုနှင့် အလိုရမ္မက်တွေနဲ့ မဆိုင်တဲ့ စိတ်အခြေအနေတစ်ရပ်သာ ဖြစ်ပါတယ်။ ပျော်ရွှင်မှုဆိုတာဟာ စိတ်နှင့်ပဲ ဆိုင်တယ်။ ကိုယ်တွင်းမှာပဲ ရှိတယ်။ ဒါ ကြောင့် ပျော်ရွှင်မှုကို ပြင်ပလောကမှာ ရှာဖွေလို့မရဘူး။ အဖိုးတန် အဝတ်အစားတွေ ဝတ်ရမှ ပျော်ရွှင်တဲ့လူ ရှိသလို အကျႌဝတ်စရာမရှိဘဲ ပျော်ရွှင်နေတဲ့ လူတွေလည်း ရှိတာပါပဲ။ ပစ္စည်းဥစ္စာ၊ အောင်မြင် ကျော် ကြားမှု၊ လူမှုအဆင့်အတန်းစတဲ့ ပြင်ပက အရာတွေက ယာယီပျော်ရွှင် မှုကိုပဲ ပေးပါတယ်။ 'ယဉ်ကျေးအောင် ဆုံးမထားတဲ့ စိတ်နဲ့သာ ပျော် ရွှင်မှု အစစ်အမှန်ကို ရနိုင်တယ်'လို့ မြတ်ဗုဒ္ဓ ဟောကြားပါတယ်။

စိတ်ရဲ့အညစ်အကြေးတွေ နည်းနိုင်သမျှ နည်းသွားအောင် ကိုယ့်ကိုယ်ကို ပျိုးထောင်လေ့ကျင့်ရင် စိတ်ဟာ တဖြည်းဖြည်း ယဉ်ကျေးလာပါတယ်။ ဒီနည်းနဲ့ မည်သူမဆို မိမိကိုယ်တွင်းမှာ ပျော်ရွှင် ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုကို သေချာပေါက် ရနိုင်ပါတယ်။ မိမိပျော်ရွှင်ရင် ပတ်ဝန်းကျင်ကိုလည်း ပျော်ရွှင်စေတာပါပဲ။

**စိတ်ရဲ့အညစ်အကြေး**

ဥပမာ သူတစ်ပါးကို မနာလိုဖြစ်ခြင်း။ 'သူများကို မနာလို မဖြစ်ပါဘူး' လို့ အပြောလွယ်သလောက် ဒီစိတ် မဖြစ်အောင် လေ့ကျင့်ရတာ ခက်ပါတယ်။ လူတွေဟာ မိမိရဲ့ ပိုင်ဆိုင်မှုတွေနဲ့ ပတ်သက်ပြီး မရောင့်ရဲနိုင်ကြဘူး။ ကိုယ့်ပိုင်ဆိုင်မှုထက် သာတဲ့လူကို တွေ့ရင် ပြိုင်ဖက်လို မြင်တတ်တယ်။ အဲဒီအမြင်နဲ့ပဲ ကိုယ့်မှာရှိတာနဲ့ မကျေနပ်နိုင်တော့ဘူး။ ပိုပြီး လိုချင်တယ်၊ ပိုပြီး ရချင်တယ်။ ပိုပြီး ဖြစ်ချင်တယ်။ ငါ၊ ငါပိုင်၊ ငါ့ဟာ ဖြစ်စေရမယ်လို့ ငါ့ကိုဗဟိုပြုပြီး စဉ်းစားလာတယ်။

မနာလိုခြင်းရဲ့ အကြောင်းရင်းက အဲဒီလို အတ္တလွန်ကဲခြင်းပါပဲ။ အတ္တလွန်ကဲပြီဆိုရင် အထူးသဖြင့် ကိုယ့်ထက်သာသူ ကိုယ်နဲ့ အရည်အသွေးတူသူ အားလုံးကို ကိုယ့်ပြိုင်ဖက်တွေလို့ မြင်တယ်။ ကိုယ့်ကို ပဲကြည့်ပြီး ကိုယ်ကလွဲရင် သူတို့အားလုံးကို မကောင်းမြင်တယ်၊ သူတို့အကြောင်း မကောင်းပြောချင်တယ်။ အဲဒီလူတွေရဲ့ ပျော်ရွှင်မှုကို မရှုစိမ့်နိုင် ဖြစ်တယ်။ ဒီစိတ်အခြေခံနဲ့ပဲ ပြဿနာတွေကို ထောင့်မျိုးစုံက လူ့သိုင်းအဝိုင်းထဲ သယ်ယူလာပြီး သူ့ရော သူ့ပတ်ဝန်းကျင်ပါ ဆင်းရဲရတယ်။ ဒီလိုလူမျိုးတွေ မကြာခဏ ဆုံဖူးကြပါလိမ့်မယ်။

အဲဒီပုဂ္ဂိုလ်အနေနဲ့ ကိုယ်တွင်းမှာ ငုပ်လျှိုးနေတဲ့ အခြေခံဖြစ်တဲ့ အတ္တလွန် ဆန္ဒတွေနဲ့ မနာလိုစိတ်ကို ချုပ်ထိန်းပြီး ကိုယ့်ကိုယ်ကို ပြုပြင်ရုံကလွဲလို့ အခြားနည်းမရှိပါဘူး။

**မနာလိုစိတ်ကို ထိန်းချုပ်နည်း**

ပထမဆုံး မနာလိုစိတ်ဟာ မိမိကို ဧကန် မကောင်းကျိုး ဖြစ်စေမယ်လို့

လက်ခံထားပါ။ ဒီနောက် အခြားတစ်ယောက်ရဲ့ အောင်မြင်မှုကြောင့် မိမိမှာ ဘာဆုံးရှုံးမှုမှ မဖြစ်ဘူးလို့ စဉ်းစားပါ။ ဒီနောက် အတ္တဗဟိုပြု အတွေးတွေကို စိတ်ထဲက မောင်းထုတ်ပစ်ပြီး မိမိပြိုင်ဖက်ရဲ့ ပျော်ရွှင်မှုအတွက် မိမိပါလိုက်ပြီး ပျော်ရွှင်နိုင်အောင် လေ့ကျင့်ပါ။ အဲဒါကို 'မုဒိတာ'လို့ ခေါ်ပါတယ်။ ဟုတ်ပါတယ်၊ ပုထုဇဉ်သားပေမို့ ခက်နိုင်ပါတယ်။ ဒါပေမယ့် လေ့ကျင့် ပွားများယူရင် ရနိုင်တဲ့ အရာမျိုးပါ။

လေ့ကျင့်ပါများရင် မနာလိုတဲ့ စိတ်တွေ တဖြည်းဖြည်း လုံးပါးပါးပြီး စိတ်ထားကောင်းတွေ တဖွားဖွား ဖြစ်ပေါ်လာပါလိမ့်မယ်။ အဲဒီစိတ်ကပဲ လေ့ကျင့်သူပုဂ္ဂိုလ်ကို နေထိုင်လို့ ကောင်းတဲ့ အဓိပ္ပာယ်ရှိတဲ့ ဘဝတစ်ခုဆီ အလိုလို ပို့ဆောင်ပေးပါလိမ့်မယ်။

**လေ့ကျင့်ပါ**

ကိုယ်လုပ်ချင်တာကို လုပ်လိုက်ရလို့ ကျေနပ်သွားတာဟာ ပျော်ရွှင်မှုအစစ် မဟုတ်ပါဘူး။ လိုချင်တပ်မက်စရာတစ်ခုကို ရလိုက်လို့ ပျော်ရွှင်မှု တည်မြဲပြီလို့ မဆိုနိုင်ပါဘူး။ အမုန်းတရားတစ်ခုကို လက်စားချေလိုက်ရလို့လည်း 'သေပျော်ပြီ' ဆိုတာမျိုး မဖြစ်နိုင်ပါဘူး။ မဖြစ်သင့်ပါဘူး။ ဒါတွေဟာ ပြဿနာသစ်တစ်ခုရဲ့ အစပဲ ဖြစ်ပါလိမ့်မယ်။

အခြားသက်ရှိသတ္တဝါကို ဒုက္ခရောက်စေပြီးမှ ကိုယ်တစ်ယောက်ချမ်းသာပျော်ရွှင်တယ်ဆိုတာမျိုး မဖြစ်နိုင်ဘူး။ ဒါကြောင့် ပျော်ရွှင်ချင်တဲ့သူဟာ သူတစ်ပါးကို မထိခိုက်စေခြင်း ဖြောင့်မတ်ခြင်းစတဲ့ အရည်အသွေးကောင်းတွေကို လေ့ကျင့် ပျိုးထောင်ရပါမယ်။ ဒီနည်းနဲ့ ရရှိတဲ့ ပျော်ရွှင်မှုဟာ စစ်မှန်ပြီး တည်မြဲပါတယ်။

ဒါတွေကတော့ ဗုဒ္ဓဝါဒက သင်ပေးတဲ့ နေ့စဉ်ဘဝ ပျော်ရွှင်မှုနဲ့ အဓိပ္ပာယ်ရှိတဲ့ ဘဝတစ်ခုအတွက် လမ်းညွှန် အမြွက်မျှ ဖြစ်ပါတယ်။

**ပစ္စည်းဥစ္စာ ရှာဖွေမှုနဲ့ သုံးစွဲမှု**

မင်္ဂလာပါးမှာပါတဲ့ မှန်ကန်တဲ့ သက်မွေးဝမ်းကျောင်းနည်းနဲ့ ပစ္စည်းဥစ္စာကို ရှာဖွေ စုဆောင်းရပါတယ်။ အတိုချုပ်ဆိုရရင် မိမိဘဝ ရပ်တည်

ရေးအတွက် သူတစ်ပါးကို မထိခိုက် မနစ်နာစေဘဲ၊ မိမိရဲ့ ကာယဉာဏ စွမ်းအား သက်သက်နဲ့၊ မိမိစိတ်ထဲမှာ သန့်ရှင်းစင်ကြယ် တယ်လို့ ခံစားလို့ရတဲ့၊ မှန်ကန် ဖြောင့်မတ်တဲ့နည်းနဲ့ ပစ္စည်းဥစ္စာကို ရှာဖွေရယူ စုဆောင်းသင့်ပါတယ်။ အဲဒီလို တရားသဖြင့် ရှာဖွေရရှိတဲ့ ပစ္စည်းထဲက -

၁) တစ်ပုံကို အိုမင်းချိန်မှာ သုံးစွဲဖို့နဲ့

၂) တစ်ပုံကို အရေးပေါ်လာရင် သုံးစွဲဖို့ သိမ်းထားပြီး

၃) တစ်ပုံကို လက်ငင်း အခြေအနေမှာ သုံးစွဲဖို့၊

၄) ကျန် တစ်ပုံကိုတော့ မိမိပတ်ဝန်းကျင်အတွက် အသုံးပြုဖို့

ဗုဒ္ဓဝါဒအခြေပြု ကျမ်းဂန်တွေမှာ ညွှန်ကြားပါတယ်။ အဲဒီ ညွှန်ကြားချက်ကို စံနမူပြုပြီး မိမိပတ်ဝန်းကျင် လူမှုစနစ်နဲ့ ကိုက်ညီအောင် ပြုပြင်နေထိုင်ရင် မမှားနိုင်ဘူးလို့ ယူဆပါတယ်။ ပျော်ရွှင်မှုစံပြုဝါဒီနဲ့ ရုပ်ဝါဒီတို့ယူဆတဲ့ ‘ငါလုပ်လို့ရတာ ငါ့အတွက်ပဲ ဖြစ်ရမယ်၊ ဒါကြောင့် ငါရဖို့နဲ့ငါဝဖို့ပဲ အရေးကြီးတယ်’ ဆိုတာမျိုးကိုတော့ ဗုဒ္ဓဝါဒက ငြင်းပယ်ပါတယ်။ □




ရှိသေစွာ လျှောက်ထားပါရစေ အရှင်ဘုရား၊

မကြာခင်က CNN တယ်လီဗီးရှင်း အစီအစဉ်တစ်ခုမှာ ပတ်ဝန်းကျင် ပျက်စီးမှုကြောင့် ကမ္ဘာပေါ်မှာ သဘာဝကပ်ဘေးကြီးတွေ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အဲဒါကြောင့် တစ်ကမ္ဘာလုံးက လူတွေ အဲဒီ ကပ်ဘေးကြီး

ကို ရှောင်လွှဲဖို့ လူသားအားလုံး အားသွန်ခွန်စိုက် ပါဝင်လုပ်ဆောင်ကြဖို့နဲ့ ဘာသာတရား အဆုံးအမတွေနဲ့လည်း တတ်နိုင်သမျှ လူတွေကို အသိ ပညာပေးဖို့ သတိပေးထားတာ ကြည့်လိုက်ရပါတယ်။

ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ကြုံလာနိုင်ဖွယ်ရှိတဲ့ အဲဒီ သဘာဝ ဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ဘာသာတရား အထူးသဖြင့် ဗုဒ္ဓဝါဒ နှုန်းစံတွေအရ ဘယ်လိုနည်းနဲ့ ကာကွယ် တားဆီးနိုင်မယ်လို့ ထင်ပါ သလဲ။ ယခင် ယခုနဲ့ နောင်လာမယ့် ရာစုနှစ်တွေမှာ ခေတ်သစ် သိပ္ပံနဲ့ နည်းပညာတွေနဲ့ ဗုဒ္ဓဝါဒနှုန်းစံတွေ ဘယ်လို ဆန့်ကျင် သို့တည်းမဟုတ် ညီညွတ်သလဲ ဆိုတာကို သိလိုပါတယ်။

ပီတိခင်

--------------------

**မြိမ်းခြောက်မှု**

လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ ရာသီဥတု ဆိုးဝါး ထန်ပြင်းတဲ့ ဖြစ်ရပ်တွေ ပိုမိုများလာတယ်လို့ ရာသီဥတု ပါရဂူတွေက ဆိုပါတယ်။ တိုနေဒိုး၊ တိုင်ဖုန်း၊ ဟာရီကိန်းနှင့် ရေလွှမ်းမိုးမှုတွေ၊ အမြဲတမ်းခဲနေတဲ့ ရေခဲတောင်ကြီးတွေ ပျော်ကျလာနေတာ၊ အဲဒီရေခဲတောင်တွေမှာ နေတဲ့ တန်ခြာ သမင်ကြီးတွေ သေကြတာ၊ အချို့ ပိုးကောင်တွေ နေရာဒေသ အသစ်ကို ပြောင်းရွှေ့နေကြတာ စတာတွေ အပါအဝင်ပေါ့။ ကမ္ဘာ တစ်လွှားမှာ ရာသီဥတုဆိုးဝါးတဲ့ ကပ်ဘေးဆိုက်နိုင်တဲ့အပြင် တကယ် လို့ ကမ္ဘာ့မြောက်ဖက်ခြမ်းမှာရှိတဲ့ ဂရင်းလန် ကျွန်းနဲ့ အန္တာတိက တိုက်က ရေခဲပြင်ကြီးတွေ တစ်ဝက်လောက်သာ ပျော်ကျသွားမယ် ဆိုရင် သမုဒ္ဒရာရေမျက်နှာ မြင့်တက်လာပြီး အမေရိကန်နိုင်ငံက ဖ လော်ရီဒါနှင့် လူဝစ်စီယားနား ပြည်နယ်တွေ၊ နယူးယောက်မြို့တွေ အပါအဝင် တစ်ချို့ ကျွန်းနိုင်ငံတွေ ဒီရာစုနှစ် အလယ်လောက်မှာ ရေ အောက်ကို ရောက်သွားနိုင်တယ်လို့ ဆိုပါတယ်။

အမေရိကန် ဒုသမ္မတဟောင်း အယ်လ်ဂိုးက ကမ္ဘာကြီးပူနွေးလာနေတာကို ဥပဧက္ခာပြုလိုတဲ့ အုပ်စုကို ရည်ရွယ်ပြီး 'ဒီလိုသာ ဖြစ်ခွင့်ပေးလိုက်ရင် တကယ့်ကို လူသားတို့ရဲ့ ကိုယ်ကျင့်တရား ပျက်ကွက်တာပါပဲ' လို့ ပြစ်တင် ပြောဆိုတာကိုလည်း ကြားရပါတယ်။

**အကြောင်းတရား**

ဒီလို ဖြစ်တာဟာ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတု ပြောင်းလဲမှုကြောင့်လို့ ဆိုပါတယ်။ လောင်စာဆီသုံးစွဲတာ လွန်ကဲလို့ ဥပမာ ရောမစက်ရုံကြီးတွေ၊ မော်တော်ကားတွေက ထုတ်လိုက်တဲ့ အခိုးတွေကြောင့် ညစ်ညမ်းနေတဲ့ လေထုထဲက ဓာတ်သဘာဝတစ်မျိုးက ကမ္ဘာကြီးကို လွှမ်းခြုံပြီး နေအပူရှိန်ကို ထိန်းထားပေးတဲ့ ဓာတ်သဘာဝတွေကို ဖျက်ဆီးပစ်လို့ ကမ္ဘာမြေပေါ်မှာ အပူရှိန်မြင့်လာရတာ ဖြစ်ပါတယ်။ လူတွေရဲ့စားဝတ်နေရေးနဲ့ စီးပွားရေးအလိုရမ္မက်တွေကြောင့် တောင်အမေရိကတိုက်က ကမ္ဘာ့အကြီးဆုံး အမ္ဗာဇုန်သစ်တောကြီးတွေ အပါအဝင် သစ်တောတွေ ပြုန်းတီးလို့ ရာသီဥတု အပြောင်းအလဲတွေ ဖြစ်ရပါတယ်။

ယခု ကမ္ဘာကြီးဟာ အလျင်အမြန် ပူနွေးလာနေပါပြီ။ ဒါဟာ သီအိုရီ မဟုတ်ပါဘူး၊ အမှန်တကယ် ဖြစ်လာနေတာလို့ ရေးကြီးသုတ်ပျာနဲ့ ပြောဆိုရေးသားနေကြတာကို သတင်းတွေမှာ ဖတ်ရ ကြားရပါတယ်။ ခရစ်နှစ် ၂၀၅၀ ခုနှစ်မှာ ကမ္ဘာ့လူဦးရေ ၉.၁ ဘီလီယံ ဖြစ်လာမယ်ဆိုလို့ ဒီလူဦးရေအတွက် လောင်စာစွမ်းအင်၊ ရေနဲ့ အစားအစာ ပိုမိုလိုအပ်လာမှာဖြစ်လို့ စိတ်ဝင်စားစရာ ကောင်းတယ်ဆိုတာထက် ကြောက်စရာ ကောင်းတယ်ဆိုရင် ပိုမှန်ပါလိမ့်မယ်။ အင်း၊ အရင်းစစ်လိုက်တော့ အဲဒါတွေအားလုံးဟာ အသိဉာဏ် ရှိတယ်ဆိုတဲ့လူသားတွေရဲ့ လောဘကြောင့် ဖြစ်ရတာချည်းပါပဲ။

**ကုသနည်း**

လိုချင်တပ်မက်မှုနဲ့ ကိုယ်ကျိုးဆန်တဲ့ အတ္တလွန်ကဲမှုကို လျှော့ချဖို့ဖြစ်ပါတယ်။ စက်ရုံတွေ ကားတွေကို အခိုးထုတ်လွှင့်မှု နည်းတဲ့ ဘိုင်အို

ဒီဇယ်နဲ့ ဟိုက်ဒြိုဂျင်တွေနဲ့ အစားထိုး သုံးရင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ လျော့ကျသွားနိုင်ဖွယ်ရှိပေမဲ့ ထုတ်လုပ်မှု စရိတ် ကြီးမြင့်တာ၊ သက်သာလွယ်ကူမှုမရှိတာ စတာတွေကြောင့် လွယ်လွယ်နဲ့တော့ ဖြစ်မလာနိုင်ဘူးလို့ ခန့်မှန်းကြပါတယ်။ အဲဒီ လောင်စာဆီတွေကို ထုတ်လုပ်ဖို့ လျှပ်စစ်ဓာတ်အားနဲ့ လောင်စာဆီ လိုပြန်တာပဲ။

ဒါကြောင့် ဒီပြဿနာရဲ့ ဇာစ်မြစ် လိုက်ကြည့်ရင် လူတွေရဲ့ နေ့စဉ်ဘဝကို ပြောင်းလဲရမယ်ဆိုတဲ့ အဖြေတစ်ရပ် ထွက်လာပါတယ်။ လောင်စာဆီကို လျှော့သုံးဖို့ပါ။ ကိုယ်ပိုင်ကားတွေ လျှော့သုံးရမယ်၊ လေယာဉ်နဲ့ ခရီးသွားလာမှုတွေ လျှော့ချရမယ်၊ အိမ်မှာ ရုံးမှာ ဇိမ်ခံလေအေးစက်တွေ လျှော့သုံးရမယ် ဆိုတာတွေပေါ့။ ဒီကိစ္စမှာ ချမ်းသာတဲ့နိုင်ငံတွေက လူတွေ အဓိက စွန့်လွှတ်မှု လုပ်ရလိမ့်မယ်လို့ ဆိုတယ်။

ဒီနေရာမှာ လူတွေရဲ့ ပျင်းရိမှုနှင့် အလိုလောဘကို ကျော်လွှားဖို့ လူတွေကို တွန်းအားပေးနိုင်တဲ့ လုံလောက်တဲ့ စွမ်းအားကတော့ စိတ်ပိုင်းဘဝကို လေ့ကျင့်အားထုတ်မှု ဖြစ်ပါတယ်။ ရောင့်ရဲ တင်းတိမ်မှု၊ အနေအထိုင် ရိုးစင်းမှု၊ ရက်ရောမှုတွေကို ဘာသာတရားရဲ့ အဆုံးအမအနေနဲ့ အလေးပေး သင်ကြားပေးတာတွေပေါ့။ ဘာသာရေး ခေါင်းဆောင်တွေက ကိုယ်တိုင် စံနမူနာပြပြီး အဲဒီလို ခြိုးခြံနေထိုင်မှု နှုန်းစံတွေ အကျိုးတရားတွေကို ဟောပြောရင်း လူတွေကို စည်းရုံးနိုင်ပါတယ်။

လူတွေစိတ်ထဲမှာ အမြစ်တွယ်နေပြီးဖြစ်တဲ့ နေ့တဓူဝ လူမှုဘဝဖြစ်စဉ်နဲ့ စီးပွားရေး တန်ဖိုးတွေကို လျှော့ချဖို့ ဖြစ်နိုင်မလားလို့ မေးစရာရှိပါတယ်။ ဖြစ်နိုင်ပါတယ်။ စီးပွားရေး တိုးတက်မှုဆိုတာ လိုချင်တာက စတယ်။ ယင်းနောက် ရွေးချယ်တယ်၊ ပြီးတော့ ကျေနပ်နှစ်သက်မှု ဖြစ်တယ်။ အဲဒါတွေအားလုံးဟာ စိတ်ရဲ့ လုပ်ဆောင်မှုတွေချည်းပါပဲ။ ဒါကြောင့် စိတ်ကို လေ့ကျင့်ရင် ဖြစ်နိုင်တာပေါ့။

## ဗုဒ္ဓဝါဒကျင့်စဉ်

ဗုဒ္ဓဝါဒကျင့်စဉ် ရှုထောင့်ကနေ အမြွက်လောက် ပြောပြရရင် – ဗုဒ္ဓရဲ့ အဆုံးအမတွေထဲမှာ သက်ရှိလောကနှင့် သဘာဝပတ်ဝန်းကျင်ရော၊

သက်ရှိ သတ္တဝါတွေအားလုံး အချင်းချင်းပါ တစ်ဦးကိုတစ်ဦး အညမည သဘောတရားနဲ့ အပြန်အလှန် အမှီသဟဲ ပြုနေကြတယ်၊ မိမိလုပ်တဲ့ အလုပ်အတွက် မိမိမှာ တာဝန်ရှိတယ်လို့ ဆုံးမပါတယ်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒီတို့ရဲ့ 'ကမ္ဘာ့အရေးက ပထမ၊ ဒေသအရေးက ဒုတိယ' ဆိုတဲ့ ဆောင်ပုဒ်ဟာ ဗုဒ္ဓဝါဒသဘောထားနဲ့ တစ်ထပ်တည်းပါပဲ။ သတ္တဝါအားလုံးကို ကြင်နာဖို့နဲ့ အပြုအမူ (ကံ တရား) တွေကို သတိနဲ့ ထိန်းသိမ်းဖို့ တစ်နည်း သီလရှိဖို့ လူတွေကို ဗုဒ္ဓဝါဒက သင်ကြားပါတယ်။

သီလရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ တစ်ဆင့်တက်ပြီး ကမ္ဘာ့ဌာန်း ဘာဝနာ အားထုတ်ရင် အကျိုးတစ်ခုတော့ ကျိန်းသေရတယ်လို့ ယုံ ကြည်ပြီး နည်းနည်းစီ အချိန်ပေးပြီး လေ့ကျင့်သွားရင် နေထိုင်မှုပုံစံ တွေ၊ ဘဝအတွေးအမြင်တွေ တဖြည်းဖြည်း ပြောင်းလဲပြီး ကိုယ်ကျိုး ဆန် အတ္တလွန်ကဲမှုတွေ လျော့နည်းလာပါတယ်။ ကိုယ့်ရဲ့ လူနေမှုပုံစံ ကို လိုအပ်သည်ထက်ပိုပြီး ဇာမချဲ့လိုတော့ဘဲ အခြေခံ လူမှုဘဝလိုအပ် ချက်တွေ ပြည့်စုံရုံနဲ့ ကျေနပ်လာနိုင်ပါလိမ့်မယ်။ ကမ္မဋ္ဌာန်းများများထိုင် နိုင်လာလေ၊ မိမိရဲ့ အလိုရမ္မက်တွေကို ထိန်းနိုင်လာလေဖြစ်ပြီး ကမ္ဘာ ကြီးကို ခြိမ်းခြောက်မှု လျော့နည်းသွားလေ ဖြစ်ပါလိမ့်မယ်။

အဲဒီလို လုပ်တာဟာ တစ်ကိုယ်ရေဘဝကို ကျော်လွန်ပြီး အခြား ပုဂ္ဂိုလ်တွေ အားလုံးအတွက်ပါ ကောင်းတာကို တွေ့ရပါလိမ့်မယ်။

## ကိုယ်စီအသိတရား

ကမ္ဘာကြီးပူနွေးမှု မဖြစ်သေးဘူးလို့ ဆိုရင်တောင် လောင်စာဆီ သုံးစွဲ မှုကို လျှော့သင့်ပါတယ်။ ဒါဟာ နောင်လာနောင်သားများ အတွက် ယနေ့လူကြီးတွေရဲ့ ကြီးမားတဲ့ တာဝန်တစ်ခု ဖြစ်လို့ပါ။ အလွန် ကိုယ် ကျိုးစွန့်ရမယ့် အလုပ်လည်း ဖြစ်ပါလိမ့်မယ်။ တစ်ဦးကို တစ်ဦး တာဝန် လွှဲချနေလို့ မရနိုင်ပါဘူး။ တစ်နိုင်ငံတည်း လုပ်လို့လည်း မရနိုင်ပါဘူး။ တစ်ကမ္ဘာလုံး ပူနွေးလာတာ ဖြစ်လို့ တစ်ကမ္ဘာလုံးက လူတွေ ကိုယ်စီ

အသိတရားနဲ့ကိုယ် နေထိုင်မှုကို ဆင်ခြင်မှသာ သို့မဟုတ် တဖြည်းဖြည်း ပြောင်းလဲပစ်မှသာ ဖြစ်နိုင်ပါလိမ့်မယ်။ အဲဒီလို လုပ်နိုင်ဖို့ဆိုရင် တစ်ကမ္ဘာလုံးက လူတွေကို လူမှုစီး ပွားကျင့်စဉ်အရရော ဘာသာရေး အဆုံးအမတွေအရပါ နားလည်အောင်၊ လိုက်နာ လက်ခံလာအောင် ပညာပေး စည်းရုံးလှုံ့ဆော်ရမှာ ဖြစ်လို့ အလွန် ကျယ်ပြန့်ပြီး ခက်ခဲကြီးမားတဲ့ အလုပ်ဖြစ်ပါတယ်။

## လူတိုင်းရဲ့တာဝန်

တည်ရှိပြီး ကောင်းမွန်နေတဲ့ လူ့အဖွဲ့အစည်းတစ်ခုဆိုဆို နိုင်ငံတစ်နိုင်ငံ ပြောပြော ဤကမ္ဘာမြေ ပြိုကွဲပျက်စီးဖို့နဲ့ ကြုံလာပြီဆိုရင် ပြင်ပက ဖျက်ဆီးတဲ့ အကြောင်းတရားတွေထက် အတွင်းမှာရှိတဲ့ အကြောင်းတရားတွေက ပိုအရေးကြီးပါတယ်။ လူ့လုပ်လို့ လုပနေတဲ့အရာတွေ အားလုံး လူ့ကြောင့်ပဲ ပျက်စီးမသွားရအောင် လူသားတို့ရဲ့ အသိပညာ ဆင်ခြင်တုံတရား ဘာသာရေး အလေ့အကျင့်တွေနဲ့ ထိန်းချုပ်သင့်ပါတယ်။

သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းဟာ သက်ရှိအားလုံးအတွက် ကောင်းပါတယ်။ လောင်စာဆီ သုံးစွဲလိုတာကို ပိုမို မြိုးခြံချွေတာပြီး နေမယ်ဆိုရင် စီးပွားရေးကိုလည်း မထိခိုက်နိုင်ပါဘူး။ ပိုမိုပြီးလဲ ကရုဏာ ပညာနဲ့ ပြည့်စုံသူတွေ ဖြစ်လာနိုင်ပါတယ်။ ဆုံးရှုံးတယ် သို့မဟုတ် ဆင်းရဲတယ်လို့ မယူဆကြဘဲ လူတိုင်း ကိုယ်စီအသိနဲ့ လိုက်နာနိုင်ရင် မကောင်းပေဘူးလား။ □

ဥဩတို့မှာ အသံသာယာသည်ပင် အား၊
ယုတ်မှာသော သူအပေါင်းမှာ မကောင်းသော အတတ်ပညာသည်ပင် အား။

# ဗုဒ္ဓရဲ့ နဖူးသင်းကျစ်တော်

ဆရာတော် အရှင်သူမြတ်ဘုရား၊

တပည့်တော် သိချင်တာကလေး နှစ်ခု မေးလျှောက်လိုပါတယ်ဘုရား။

(၁) တပည့်တော်ရဲ့ မိခင် မြန်မာနိုင်ငံက ပင့်လာတဲ့ ကျောက်ဆင်းတုတော်ရဲ့ နဖူးတော်မှာ ထူးခြားတဲ့ အရာတစ်ခု ပါရှိနေတာကို သတိပြုမိပါတယ်။ သင်းကျစ်တော် ခေါ်တယ်လို့ မိခင်က ပြောပါတယ်ဘုရား။ အဲဒါလေးနဲ့ ပတ်သက်တာကို ရှင်းပြပေးစေလိုပါတယ် ဘုရား။

(၂) စေတီတော်တွေက ရောင်ခြည်ထွက်တယ်လို့ ကြားဖူးပါသည်ဘုရား။ ကိုယ်တိုင် တစ်ခါမျှ မဖူးမြင်ဘူးပါ။ ဘာကြောင့် ဘယ်လို ရောင်ခြည် ထွက်ရတယ်ဆိုတာကိုလည်း သိလိုပါသည်ဘုရား။

မြမြမြိုင်

------------------

## (၁) ဗုဒ္ဓနဖူးပေါ်က ထူးခြားတဲ့အရာ

ဗုဒ္ဓနဖူးတော်မှာ ထူးခြားတဲ့အရာ နှစ်မျိုးရှိပေမဲ့ မေးခွန်းအရ 'သင်းကျစ်တော်' ဆိုတာနဲ့ ပတ်သက်လို့ပဲ ပြောပြပါမယ်။ ဗုဒ္ဓဟာ သာမန်လူသား မဟုတ်ပါဘူး။ မဟာပုရိသ (ထူးခြားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်) ဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓရဲ့ခန္ဓာကိုယ်မှာ မဟာပုရိသတွေမှာပါတဲ့ လက္ခဏာတော်ကြီး ၃၂ မျိုး ပါရှိတယ်။ မဟာပဒါနသုတ် (ဒီ ၂၊ ၁၅)နှင့် လက္ခဏာသုတ် (ဒီ ၃၊ ၁၃၇) တို့မှာ အသေးစိတ် ဖော်ပြပါတယ်။ ဒီအထဲက တစ်ခုက 'ဥဏှီသသီသော = သင်းကျစ် ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိ၏ (ဒီ-မြန် ၂၊ ၁၆)'တဲ့။

ဝိသုဒ္ဓါရုံဆရာတော်ကြီးက 'ဥဏှီသသီသော = မင်းများ ဆောင်းသည့် ဦးသျှောင်သရဖူ ပုံတူအလား ဆံစနား၌ နဖူးသင်းကျစ် ရိုးပြားရှိတော်မူ၏ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ စာ-၄၅၅)'လို့ မြန်မာမှု ပြုပါတယ်။

ပါရမီဖြည့်ရင်း ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့အခါ လူအများကို ဦးဆောင်ပြီး လုပ်ခဲ့လို့ အဲဒီလက္ခဏာကို ရတာဖြစ်တယ်။ အဲဒီလက္ခဏာရှိလို့ နတ်လူပြဟ္မာ အများဟာ ဗုဒ္ဓကို အတုလိုက်ပြီး ကျင့်ကြံကြတယ်လို့ လက္ခဏသုတ်မှာ မြတ်ဗုဒ္ဓ ဟောတော်မူပါတယ်။

**ဥဏှီသသီသော** ပုဒ်ကို အဋ္ဌကထာ (ဒီ-ဋ္ဌ ၂၊ ၄၂) မှာ အဓိပ္ပာယ်နှစ်မျိုး ဖွင့်ပြတယ်။ 'နဖူးပြင် ပြည့်ဖြိုးခြင်းနှင့် ဦးခေါင်းပြည့်ဖြိုးခြင်းဟူသော အကြောင်းနှစ်မျိုးကြောင့် ဥဏှီသသီသဟု ဆိုခြင်းဖြစ်၏။ လက်ယာ နားစွန်းမှ လက်ဝဲနားစွန်းထိ အသားပြားထွက်၍ (မံသပဋလံ ဥဋ္ဌဟိတွာ) နဖူးပြင်တစ်ခုလုံး ဖုံးလွှမ်းသကဲ့သို့ တည်ရှိ၏။ ယင်းသည် ဘုရင်မင်းတို့ ဆောင်းသော သင်းကျစ်ကဲ့သို့ လှပတင့်တယ်၏။ မဟာပုရိသတို့၏ ဤလက္ခဏာကို အတုယူပြီး မင်းဆောင်းသင်းကျစ် ဖြစ်ပေါ်လာသတတ်။ အခြား အဓိပ္ပာယ်တစ်မျိုးမှာ လူအများစု၏ ဦးခေါင်းမှာ ညီညာပြည့်ဖြိုးခြင်းမရှိ။ မဟာပုရိသတို့၏ ဦးခေါင်းမှာမူ ဆောက်ဖြင့် ထွင်းထုထားသည့်အသွင် ရေပူဖောင်းအလား ပြည့်ဖြိုး ညီညာ၏။ ပထမနည်းအရ သင်းကျစ် ဆောင်းထားသည်နှင့် တူသောကြောင့်၊ ဒုတိယနည်းအရ ရေပူဖောင်းကဲ့သို့ ဝိုင်းဝန်း ညီညာသောကြောင့် ဥဏှီသသီသဟုဆို၏'။

မြတ်ဗုဒ္ဓကို မျက်တွေ့ မဖူးမြင်လိုက်ရတဲ့ ပန်းပုပညာရှင်တွေဟာ မြတ်ဗုဒ္ဓရဲ့ ဥဏှီသသီသလက္ခဏာတော်ကို ပေါ်လွင်အောင် ထုလုပ်ရာမှာ ယူဆချက်တွေ ကွဲပြားခဲ့ကြတယ်။ သင်းကျစ်ပုံသဏ္ဌာန်လို လုံးဝန်းပြည့်ဖြိုးခြင်း သို့မဟုတ် နဖူးပြင်အထက်ပိုင်းကို ဖုံးလွှမ်းထားတဲ့ ကြွက်သား (အရိုးပြား) လို့ ယူဆချက်နှစ်မျိုး။ ကနိသျှကမင်း နန်းစံ သုံးနှစ်မြောက်မှာ ထုလုပ်ခဲ့တဲ့ နာမည်ကျော် မြတ်ဗုဒ္ဓလောင်းလျာ (ဗောဓိသတ္တ) ဆင်းတုမှာ နဖူးပြင် အနည်းငယ် မြင့်ရှိလောက်ပဲ။ ဒါပေမယ့် ကုသျှန်ခေတ် နှောင်းပိုင်း မထုရာမြို့က ပန်းပုပညာရှင်တွေကတော့ ဆံစကို ထိနေတဲ့ အရိုးပြားနဲ့ ဖုံးလွှမ်းထားတဲ့ နဖူးပြင်နဲ့ သရုပ်ဖော်ခဲ့ကြတယ်။ (Rays Davids, *Dialogues of the Buddha*, II, p. 16. ကို ရှုပါ)။ မြတ်ဗုဒ္ဓ

ကို အစ္ဆရိယမနုဿ = အံ့ဖွယ်လူသားအနေနဲ့ နားလည်ပြီး ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများနိုင်ပါစေ။

## (၂) စေတီမှ ရောင်ခြည်လွှတ်ခြင်း

စေတီတော်ထဲမှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့ရဲ့ ဓာတ်တော်ကို ဌာပနာ (ထည့်သွင်း) ထားတာ သေချာရင် အဲဒီစေတီတော်က ရောင်ခြည်လွှတ် (တန်ခိုးပြ) ပါတယ်။ ဒါပေမယ့် ရောင်ခြည်လွှတ်စေနိုင်တဲ့ အကြောင်း သုံးခုရှိတယ်။ အဲဒါတွေက -

၁) ယခု အသက်ထင်ရှားရှိဆဲ ရဟန္တာပုဂ္ဂိုလ်တွေက နတ်လူတို့ကို သနားသောအားဖြင့် 'ဤမည်သော စေတီမှာ ရောင်ခြည်လွှတ်ပါစေ' လို့ အဓိဋ္ဌာန်ပြုရင်၊

၂) သမ္မာဒေဝနတ်တွေ လူအပေါင်းကို စောင့်ရှောက်တဲ့ အနေနဲ့ 'ဤ တန်ခိုးပြာဋိဟာကြောင့် သာသနာတော် ကြီးပွားပါစေ၊ ကြည်ညို သူ လူအပေါင်းတို့ ကုသိုလ်တရား တိုးပွားနိုင်ပါစေ' ဆိုပြီး အဓိဋ္ဌာန်ရင်၊

၃) သီလသမာဓိပညာ စွမ်းရည်မြင့်တဲ့ မိန်းမ ယောကျ်ား ရဟန်းရှင် လူတို့ စေတီတော်ကို ပန်းနံ့သာစသည်နဲ့ ပူဇော်ပြီး 'စေတီတော် ရောင်ခြည်လွှတ်ပါစေ' လို့ အဓိဋ္ဌာန်ရင် စေတီတော် ရောင်ခြည်လွှတ်ပါတယ် (မိလိန္ဒ၊ ၂၉၇)။

'ထူးမခြားနား၊ မီးရေစုံသား၊ ရောင်တော်ထွေပြား၊ ပြောင်းလို့လို့ များထွေ၊ ထူးထွေတည့် အံ့ရာသော ... စွယ်တော်ကျောင်းက ခြောက်ဖြာရောင်ခြည် လွှတ်သည်နှင့်သာပင် ...' ဆိုတဲ့ သီချင်းခန့်ကြီးဟာ ဘုရင်ကိုးကွယ်တဲ့ စွယ်တော်ကျောင်းက ဓာတ်တော်တွေ ရောင်ခြည် ကွန့်မြူးတာကို အကြောင်းပြုပြီး လူအများ ကြည်ညိုနိုင်အောင်လို့ မြဝတီမင်းကြီး ဦးစ ရေးသီခဲ့တာ ဖြစ်ပါတယ်။

### သတိရှိတတ်ပါစေ

အမှတ် (၃) စေတီ သို့မဟုတ် ဓာတ်တော် ကွန့်မြူးရခြင်း အကြောင်းနှင့် စပ်လို့ မသူတော် (သူတော်ကောင်းအစစ် မဟုတ်သူ)တို့ အခွင့်အရေး

ယူလေ့ရှိတာကို သတိထားသင့်ပါတယ်။ 'စေတီတော်အနီးမှာ မိမိ (ရဟန်း သို့မဟုတ် လူ) ပရိတ်ရွတ်နေတုန်း ပဋ္ဌာန်းရွတ်နေတုန်း တရားဟောနေတုန်း စေတီတော်က ရောင်ခြည်လွှတ်ပါတယ်' လို့ မိမိကိုယ်ကို လူအများ အထင်ကြီးအောင် မိမိထံ လူအများ စုရုံးလာအောင် လာဘ်သပ်ပကာ ပေါ်များဖို့ ရည်ရွယ်ချက်နဲ့ ဗွီဒီယို ရိုက်ပြတာမျိုး၊ တစ်ယောက်ယောက်က 'အလံရှူး' လုပ်ပေးတာမျိုးတွေ ရှိနိုင်လို့ အဲဒီလို လုပ်စားသူတွေရဲ့ လှည့်ဖျားမှုကို မခံရအောင် သတိရှိတတ်ပါစေ။ □

# ထေရဝါဒနှင့် မဟာယာန

မေးလျှောက်လိုပါသည် သိချင်တာ သုံးခုပါဘုရား၊

(၁) မဟာယာနဗုဒ္ဓဝါဒ ဂိုဏ်းကွဲ ဘယ်တုန်းက စတင်ခဲ့သည်

(၂) ဘယ်ပုဂ္ဂိုလ်တွေက သီးခြားဂိုဏ်း ခွဲထွက်ခဲ့ကြသည်

(၃) ထေရဝါဒနှင့် မဟာယာန တူညီချက်နှင့် ခြားနားတို့ကို အကျဉ်းမျှ သိလိုပါသည်ဘုရား။

ရိုးရိုးလေး

---

**(၁) ဗုဒ္ဓဝါဒဂိုဏ်းကွဲ စတင်ခြင်း**

အေဒီ ၄ ရာစု မတိုင်ခင်ကပင် ပါဠိပါဘာသာနဲ့ တည်ရှိခဲ့ပြီး နိကာယ်အဋ္ဌကထာကျမ်းကြီးတွေတောင် လေးစား ကိုးကားခံရတဲ့ ပါဠိသမိုင်း **ဒီပဝံသ**ကျမ်းမှာ '(ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက်) ပထမ နှစ်တစ်ရာအတွင်း ဗုဒ္ဓဝါဒဂိုဏ်းကွဲဟူ၍ မရှိ။ ဒုတိယနှစ် တစ်ရာအတွင်း၌မူ ဗုဒ္ဓဝါဒဂိုဏ်းကွဲ ဆယ့်ခုနစ်ခု (ပင်မဖြစ်သော ထေရဝါဒဂိုဏ်း အပါအဝင် ၁၈ ခု) ကွဲပြားသွား၏' လို့ ဖော်ပြပါတယ်။

ပထမေ ဝဿသတေ နတ္ထိ၊ ဒုတိယေ ဝဿသတန္တရေ။
ဘိန္နာ သတ္တရသ ဝါဒ၊ ဥပ္ပန္နာ ဇိနသာသနေ။
(ဒီပဝံသ၊ အခန်း ၅၊ ၅၃ ဂါထာ)

ဒါကြောင့် ဗုဒ္ဓလွန်ပြီး နှစ်တစ်ရာကျော်မှ ဗုဒ္ဓဝါဒဂိုဏ်းကွဲတွေ စတင် ဖြစ်ပေါ်တယ်လို့ အကြမ်းဖျင်း မှတ်သင့်ပါတယ်။

အဲဒီလို ကွဲပြားတာနဲ့ ပတ်သက်လို့လည်း 'တိုက်ရိုက်ဟော သွယ်ဝိုက်ဟော၊ ဖော်ဟော မြှုပ်ဟော သဘောကို နားမလည်ကြဘဲ ရဟန်းယုတ်တို့သည် (ဗုဒ္ဓရှင်တော်မြတ်က) အဓိပ္ပာယ်တစ်မျိုးဖြင့် ဟောတော်မူသည်ကို အခြားအဓိပ္ပာယ် တစ်မျိုးသို့ ပြောင်းပစ်ပြီး စာပေကျမ်းဂန်၏ အရိပ်အယောင်မျှကိုယူ (ကပ်ကိုး) ကြလျက် ဗုဒ္ဓဓမ္မ၏ အဓိပ္ပာယ်မှန်ကို ဖျက်ဆီးကြ၏' လို့ မှတ်ချက်ပြုပါတယ်။

ပရိယာယဒေသိတံ စာပိ၊ အထော နိပ္ပရိယာယဒေသိတံ။
နီတတ္ထံစေဝ နေယျတ္ထံ၊ အဇာနိတ္ဝာန ဘိက္ခဝေါ။
အညံ သန္ဓာယ ဘဏိတံ၊ အညတ္ထံ ဌပယိံသု တေ။
ဗျဥ္ဇနစ္ဆာယာယ တေ ဘိက္ခူ ဗဟုံ အတ္ထံ ဝိနာသယုံ။
(ဒီပဝံသ၊ အခန်း ၅၊ ၃၄-၃၅ ဂါထာ)

အဲဒီလို ဗုဒ္ဓဓမ္မကို အဓိပ္ပာယ်တစ်မျိုး ဖွင့်ဆိုတာဟာ အယူအဆ ကွဲပြားမှုရဲ့ အစလို့ ယေဘုယျအားဖြင့် ဆိုနိုင်ပါတယ်။ အခြား လူမှုရေး နိုင်ငံရေးနဲ့ စီးပွားရေး အကြောင်းခံတွေလည်း ရှိနိုင်ပါတယ်။

## (၂) ဂိုဏ်းသီးခြား ခွဲထွက်သူများ

ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး သုံးလအကြာ ရာဇဂြိုဟ်မြို့ (အိန္ဒိယ) မှာ ပြုလုပ်တဲ့ ပထမသံဂါယနာမှာ ဓမ္မ (သုတ္တန် အဘိဓမ္မာ) နဲ့ ပတ်သက်ပြီး ဆွေးနွေးဖွယ်မရှိပေမဲ့ ဝိနည်းသိက္ခာပုဒ်နဲ့ ပတ်သက်လို့ ဆွေးနွေးမှုအချို့ရှိခဲ့ရာမှာ 'သိက္ခာပုဒ် အချို့ကို လူတွေတောင် သိပြီးဖြစ်နေလို့ ဗုဒ္ဓပညတ်ပြီး သိက္ခာပုဒ်တွေကို ထုတ်ပယ် ဖြည့်စွက်မှုမပြု' ဆိုတဲ့ မူကို လက်ခံခဲ့ကြတယ်။ နောက်ထပ် နှစ်တစ်ရာအကြာမှာ ဝိနည်းသိက္ခာပုဒ်အချို့နဲ့ ပတ်

သက်ပြီး ဆွေးနွေးဖို့ ရည်ရွယ်ချက်နဲ့ ပြုလုပ်တဲ့ ဒုတိယသံဂါယနာမှာတော့ နိုင်ငံရေး စီးပွားရေးနဲ့ လူမှုရေး အတော်အတန် ပြောင်းလဲမှုတွေအရ သံဃာတစ်ချို့က ခုဒ္ဒက (အရေးမပါတဲ့) သိက္ခာပုဒ် အချို့ကို ပြုပြင်ပြောင်းလဲလိုကြတယ်။ မပြောင်းလဲလိုတဲ့ အုပ်စုနဲ့ ပြောင်းလဲလိုတဲ့ အုပ်စုလို့ အုပ်စုနှစ်စုကွဲသွားပြီး နောက်ဆုံး ဒုတိယအုပ်စုက သံဂါယနာမှာမပါဘဲ မဟာသံဃိကဆိုတဲ့အမည်နဲ့ သီးခြား ရပ်တည်ခဲ့ကြတယ်။

ဒါပေမယ့် ကနဦးပိုင်းမှာ ဝိနည်းလိုက်နာမှုလောက်ပဲ ကွဲပြားပြီး ဓမ္မနဲ့ ပတ်သက်လို့ အယူအဆ မကွဲပြားသေးဘူး။ ဘီစီ ၃ ရာစု (ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်းသုံးရာ အကြာ) အသောကမင်း လက်ထက် တတိယ သံဂါယနာမှာတော့ ဓမ္မရေးရာကို အဓိကဆွေးနွေးပါတယ်။

ဤသံဂါယနာရဲ့ အကြီးအကဲဖြစ်တဲ့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ကထာဝတ္ထုကျမ်းကို ပြုစုပြီး ဗုဒ္ဓဝါဒ အစစ်အမှန်ကို ဖော်ထုတ်ပါတယ်။ ဤသံဂါယနာမှာ အတည်ပြုတဲ့ဝါဒကို ထေရဝါဒလို့ ခေါ်ပါတယ်။ သံဂါယနာအပြီးမှာ ထေရဝါဒသာသနာပြု အာဇာနည်တွေ ကိုးနိုင်ငံ သာသနာပြုခရီး ထွက်ခဲ့ကြပါတယ်။

**မဟာယာန**

**မဟာယာန**ဆိုတဲ့ ဝေါဟာရကို တိပိဋက ပါဠိအဋ္ဌကထာကျမ်းတွေမှာ မတွေ့ရပါဘူး။ ဘီစီ ၁ ရာစုနဲ့ အေဒီ ၁ ရာစုအကြားမှာ ကျော်ကြားလှတဲ့ **သဒ္ဓမ္မပုဏ္ဍရိက**သုတ်မှာ မဟာယာနနဲ့ ဟိနယာနဆိုတဲ့ ဝေါဟာရနှစ်ခုကို တွေ့ရတယ်။ အေဒီ ၂ ရာစု ရောက်တော့ ပညာကျော် **နာဂရဇ္ဇုန**ပုဂ္ဂိုလ်က သုညတဝါဒဆိုတဲ့ မဟာယာနဒဿနကို စတင်ခဲ့တယ်။

အေဒီ ၄ ရာစု **အသင်္ဂနှင့် ဝသုဗန္ဓု**တို့ ညီအစ်ကို ခေတ်မှာတော့ မဟာယာနဒဿနဟာ အထူးပီပြင်လာခဲ့ပါတယ်။

ဟိနယာနဆိုတာ ထိုခေတ်က အိန္ဒိယမှာ မဟာယာနနှင့် အပြိုင်ထွန်းကားတဲ့ ဂိုဏ်းကွဲတစ်ခု ဖြစ်ပြီး ထေရဝါဒနဲ့ မဆိုင်ပါဘူး။ ဘာကြောင့်ဆိုရင် ထေရဝါဒဟာ ဘီစီ ၃ ရာစု ကတည်းက အိန္ဒိယအလယ်

ပိုင်းကနေ သီရိလင်္ကာစတဲ့ အခြားနိုင်ငံတွေကို ပြန့်နှံ့ပြီး ဖြစ်နေလို့ပါ။ ဒါကြောင့်လည်း ၁၉၅၀ ခုနှစ်ကကျင်းပတဲ့ ကိုလံဘို (သီရိလင်္ကာ) ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်မှာ ဟိနယာနဆိုတဲ့ ဝေါဟာရကို တည်ရှိဆဲ ဗုဒ္ဓဝါဒဂိုဏ်းကွဲကနေ ထုတ်ပယ်ခဲ့ပါတယ်။ (*Therava and Mahayana Buddhism* by Dr. W. Rahula ဆောင်းပါးကို ဖတ်ရှုပါကုန်)။

### (၃) တူညီမှုနဲ့ ခြားနားမှု

ထေရဝါဒရော မဟာယာနပါ နှစ်ဂိုဏ်းလုံးက လက်ခံတဲ့ တူညီတဲ့ အချက်တွေကတော့ -

၁) သကျမုနိဗုဒ္ဓကို ဆရာအရှင်အနေနဲ့ နှစ်ဂိုဏ်းလုံး လက်ခံတယ်၊

၂) နှစ်ဂိုဏ်းလုံးက ယူဆတဲ့ သစ္စာလေးပါးမှာ အနှစ်သာရအားဖြင့် အတိအကျ တူညီတယ်၊

၃) မဂ္ဂင်ရှစ်ပါးကျင့်စဉ်မှာ အတိအကျ တူညီတယ်၊

၄) ပဋိစ္စသမုပ္ပါဒ် (ကြောင်းကျိုးဆက်ဖြစ်စဉ်) ကို နှစ်ဂိုဏ်းလုံးက တူညီစွာ လက်ခံတယ်၊

၅) လောကကို ဖန်ဆင်းပြီး စိုးမိုးနေတယ်ဆိုတဲ့ ဖန်ဆင်းရှင် (ဣဿရ နိမ္မာန) ဝါဒကို နှစ်ဂိုဏ်းလုံးက ငြင်းပယ်တယ်၊

၆) အနိစ္စ ဒုက္ခ အနတ္တ၊ သီလ သမာဓိ ပညာ ဆိုတာတွေကို လုံးဝခြားနားချက်မရှိ လက်ခံတယ်။

ဖော်ပြပါ အချက်တွေကို ကြည့်ရင် မဟာယာနတို့ဟာ မူရင်းဗုဒ္ဓဓမ္မကို အခြေခံ၍ပင် ၎င်းတို့ရဲ့ ဒဿနကို တည်ဆောက်ခဲ့ကြတယ်လို့ ဆိုနိုင်အံ့ထင်ပါတယ်။ မဂ္ဂင်ရှစ်ပါးကျင့်စဉ် ရှိနေတဲ့အတွက် မဟာယာနဗုဒ္ဓဝါဒီတွေထဲမှာ သောတာပန် သကဒါဂါမ်စတဲ့ အရိယာသူတော်စင်တွေ လုံးဝ ဆိတ်သုံးနေမယ်လို့ မထင်မိဘူး (ပုဂ္ဂိုလ်ရေး အမြင်မျှသာ)။

မဟာယာန ဂိုဏ်းကွဲတွေ များစွာရှိတာရယ်၊ ဒေသခံယဉ်ကျေးမှုတွေနဲ့ ပေါင်းစပ်နေတာရယ် စတာတွေကြောင့် ခြားနားချက်ကိုတော့ ဒီနေရာမှာ ယေဘုယျပဲ ဆိုနိုင်မယ်။

မဟာယာနတွေးခေါ်ရှင် အသင်္ဂရဲ့ အလိုအရ ကံကိလေသာတို့မှ လွတ်မြောက်တဲ့ စင်ကြယ်တဲ့ လောကဓာတ် (ပရိသုဒ္ဓလောကဓာတု) တစ်ခုရှိပြီး အဲဒီဘုံမှာ မွေးဖွားမှုကို မမြင်နိုင်ဘဲ ဗုဒ္ဓဘုရားရှင်သာ သိနိုင်တယ် (အဘိဓမ္မာသမုစ္စယ၊ အင်္ဂလိပ်ပြန်၊ စာ ၈၃) လို့ ဆိုတယ်။ ပြီးတော့ ဝိမုတ္တိလမ်းစဉ်ကို ကျင့်ကြံရာမှာ သာဝကယာနိက (တပည့်ကျင့်စဉ်ကိုကျင့်ပြီး တပည့်အနေနဲ့သွား)၊ ပစ္စေကဗုဒ္ဓယာနိက (တစ်ကိုယ်ရေဗုဒ္ဓဖြစ်ကြောင်းကျင့်စဉ်နဲ့ တစ်ကိုယ်တည်းသွား)၊ မဟာယာနိက (မဟာယဉ်ကြီးနဲ့ ကိုယ်တိုင်လည်းသွား သူများကိုပါ ခေါ်ယူ)လို့ လမ်းစဉ် သုံးမျိုးရှိပြီး စွမ်းရည်ချင်း ကွာခြားသလို ကျင့်စဉ်တွေလည်း မတူကြဘူးတဲ့ (ယင်း၊ စာ ၁၉၇-၂၀၀)။ ထေရဝါဒရဲ့ သာဝကဗောဓိ၊ ပစ္စေကဗောဓိ၊ သမ္မာသမ္ဗောဓိ ဆိုတာနဲ့ ခပ်ဆင်ဆင်ပါပဲ။

စပ်မိလို့ ထေရဝါဒကျမ်းဖြစ်တဲ့ ဝဇိရဗုဒ္ဓိဋီကာ (စာ-၁၃) မှာ 'ဗုဒ္ဓယာန၊ ပစ္စေကဗုဒ္ဓယာန၊ သာဝကယာန'လို့ **'ယာန'**ဆိုတဲ့ ဝေါဟာရကို သုံးထားတာတွေ့ရလို့ စိတ်ဝင်စားမိပါရဲ့။ ☐

# ဗုဒ္ဓဝါဒနှင့် သိုက်

ဆရာတော် အရှင်မြတ်ဘုရား၊

ဗုဒ္ဓဘာသာမှာ သိုက်ဆိုတာ ရှိတယ်။ တရုတ်လူမျိုးမှာရော ရှိလား။ တပည့်တော်က နဂါးသိုက်က လာတာပါဘုရား။ ဒါပေမယ့် မချမ်းသာပါဘူး။ တချို့က သိုက်လာတယ်ဆိုရင် ချမ်းသာတယ် ပြောကြတယ်။ တပည့်တော်ရဲ့ အလုပ်ရှင် တစ်ယောက်က နဂါးသိုက်က လာတာပါ။ သူက တရုတ်လူမျိုးပါ။ တပည့်တော် မရှင်းတာက သိုက်ကလာတယ်ဆိုတာ ဗုဒ္ဓဘာသာမှာပဲ ရှိသလား။ တခြားလူမျိုး တခြားဘာသာဝင်တွေ

ကော ဖြစ်နိုင်သလား ဆိုတာကို သိချင်ပါတယ် ဘုရား။

ယဉ်ယဉ်လှထွေး

---

**သိန်းရွှေ ရှူးနေပြီ**

ဘုန်းကြီးတို့ တောရွာမှာ ဦးအောင်လှရဲ့သား သိန်းရွှေတဲ့။ ဘုန်းကြီးနဲ့ ရွယ်တူပါပဲ။ သူ အရွယ်ရောက်စ အသက် ၁၆ နှစ်လောက်မှာ ညကျရင် အိမ်ကနေ ပျောက်ပျောက်သွားလို့ လိုက်ရှာတော့ ကောက်ရိုးပုံထဲမှာ သစ်ပင်ကြီး တစ်ပင်အောက်မှာ တစ်ခါတစ်ရံ အိမ်အမိုးပေါ်မှာ အိပ်ပျော်နေတာ တွေ့ရတယ်။ သတိရလာတော့ 'ငါ့ကို သိုက်နန်း မင်းသမီးက သူနဲ့နေဖို့ လာခေါ်တာ။ မင်းသမီးက အရမ်းချောတယ်၊ ညကျရင် သူ့ဆီ သွားဦးမှာ' လို့ ပြောတယ်။ ရွာက လူတစ်ချို့က သိန်းရွှေ ရူးနေပြီတဲ့။ တစ်ချို့က သူ့ကို သိုက်က ဖမ်းထားတာတဲ့။

ဆောင်းတစ်ည လယ်ကွင်းထဲက သင်းဝင်ပင်အောက်မှာ သိန်းရွှေ ဝတ်လစ်စလစ် ဆုံးရှာတယ်။ သူသေတာနဲ့ ပတ်သက်လို့ သိုက်နန်းက ခေါ်သွားတာ၊ အအေးပတ်လို့၊ မြွေပေါက်လို့ လူတွေ အမျိုးမျိုး ပြောကြတာပဲ။ လူတွေအပြော ရွာအနောက်ဖက်က ကျောက်ဘဲဥလို့ ခေါ်တဲ့ ကျောက်ဆုံးကြီးမှာ သိုက်နန်းရှင်တို့ နေသွားဖူးသတဲ့။ ကြက်ဥတစ်လုံး စာလောက်ရှိတဲ့ ချောမွတ်နေတဲ့ တွင်းခွက်ငယ် သုံးလေးခုရှိတယ်။ ရွှေကြက်ဥတွေကို မြုပ်ထားခဲ့တဲ့ နေရာတဲ့။ သိုက်ဆရာတို့ တူးယူသွားလို့ ခုမရှိတော့ဘူးတဲ့။ ဒါပေမယ့် I don't Know ဘယ်တုန်းက တူးသွားတာလဲ၊ နဂါးသိုက်လား၊ ကြက်သိုက်လား။

**ဒဏ္ဍာရီနဲ့ လက်တွေ့**

တကယ်တော့ သိုက်ဆိုတာ ပါးစပ်ကပဲ ပြောနေကြတာ။ မျက်စိနဲ့ လက်တွေ့ မြင်ဖူးသူရှိမယ် မထင်ဘူး။ သိုက်ပုံပြင်တွေ သိုက်ဇာတ်လမ်းတွေ ရှိတယ်။ တစ်ချို့ ဘုရားဆင်းတုအို စေတီပျက်တွေတောင် သိုက်နဲ့ ပတ်သက်နေတတ်တယ်။ ဒါပေမယ့် ခိုင်လုံတဲ့ သမိုင်းအထောက်အထား

မရှိ၊ ယုတ္တိလည်း မတန်ပါဘူး။ ဂမ္ဘီရစာရေးဆရာတွေ စိတ်ကူးယဉ်တဲ့ ဇာတ်လမ်းတွေ၊ အဲဒီဇာတ်လမ်းကို အခြေခံတဲ့ ရုပ်ရှင် ဗီဒီယိုတွေ၊ သီချင်းတွေ၊ ရုပ်ပြဇာတ်လမ်းတွေ လူထုထဲ ရောက်သွားရာကနေ သိုက်ဆိုတဲ့ ဘဝတစ်မျိုးရဲ့ စိတ်ကူးယဉ် ဖန်နန်းအိမ်နဲ့ အဲဒီစည်းစိမ်ကို စောင့်နေတဲ့ သိုက်နန်းရှင် ဥစ္စာစောင့် အယူအဆ ဖြစ်လာပုံပေါ်တယ်။ တစ်ခုရှိတာက ဗုဒ္ဓဝါဒမှာလည်း နောက်ဘဝ၊ ပြိတ္တာ၊ နတ်ဆိုတာတွေရှိလို့ အဲဒါနဲ့ ခပ်ဆင်ဆင် ဆင့်ပွား အယူအဆလည်း ဖြစ်နိုင်တယ်။

ကျမ်းစာအရ မြတ်ဗုဒ္ဓလက်ထက်က သောရေယျရဲ့အဖေ ကွယ်လွန်တော့ အဲဒီအိမ်မှာ ခွေးကလေး ပြန်ဖြစ်ပြီး မသေခင်က မြှုပ်ထားခဲ့တဲ့ ရတနာအိုးတွေကို သားကို ပြပေးတာ၊ ရဟန်းတစ်ပါး သင်္ကန်းကို စွဲလမ်းပြီး ပျံလွန်တော်မူလို့ အဲဒီသင်္ကန်းမှာ သန်းဖြစ်ရတာ၊ မိန်းမကို စွဲလမ်းပြီးသေလို့ မိန်းမနောက်က လိုက်နေတဲ့ ခွေးဖြစ်လာတာ၊ လှပတဲ့ နတ်မိမယ်ယောင် ဆောင်ထားတဲ့ ပြိတ္တာမတွေက မင်းသားတွေကို ညမှာ စားပစ်တာ (တေလပတ္တဇာတ်) တွေဟာ ဥစ္စာစောင့်နဲ့ သိုက်အယူအဆရဲ့ မြစ်ဖျားခံရာ ရင်းမြစ်တွေ ဖြစ်ဖွယ်ရှိတယ်။

**ဗုဒ္ဓဝါဒ သိုက်လား**

ကျေးဇူးပြု၍ ဗုဒ္ဓဝါဒမှာပဲ သိုက်ရှိတယ်လို့တော့ တိကျဝေါဟာရနဲ့ မဆိုလိုက်ပါနဲ့။ ဥစ္စာစည်းစိမ်ကို စွဲလမ်းပြီး သေသူအချို့ဟာ တိရစ္ဆာန် သို့မဟုတ် လူ ပြန်ဖြစ်ပြီး ဘဝနီးလို့ သက်ဆိုင်ရာတွေကို စွဲလမ်းတာမျိုး ရှိနိုင်တယ်။ ဝေမာနိကပြိတ္တာမျိုး ဖြစ်ပြီး သူစွဲလမ်းတဲ့ ပုဂ္ဂိုလ်ပစ္စည်းနဲ့ မဝေးတဲ့နေရာမှာပြန်ဖြစ်လို့ သက်ဆိုင်သူတွေကို အရိပ်အယောင် ပြတာမျိုးလည်း ရှိနိုင်တယ်။ သိုက်၊ ဥစ္စာစောင့်လို့ အမည်သစ် ပေးထားတဲ့ ဘဝတစ်မျိုးဟာ ဗုဒ္ဓဝါဒီတို့ ယုံကြည်တဲ့ ဝေမာနိကပြိတ္တာမျိုး ဖြစ်ခွင့်ရှိပါတယ်။ ဒီပြိတ္တာမျိုးက တရုတ် ကုလား ဘယ်လူမျိုး ဘယ်ဘာသာဝင်မဆို ဖြစ်နိုင်တယ်။ အိမ်မှာ မွေးထားတဲ့ ခွေးလေး ကြောင်လေးတွေတောင် ဖြစ်ခွင့်ရှိတယ်။ ဒါပေမယ့် အဲဒီဘဝမှာ ကျန်ခဲ့သူတွေက လူ့ဘဝ

မှာ ပြန်ဖြစ်နေသူကို လူ့ဘဝထဲက အတင်း ပြန်ခေါ်သွားတာမျိုးတော့ မဖြစ်နိုင်ဘူး။ ပြိတ္တာဆိုတာ အပါယ်ဘုံသားပါ။ လူလောက် အဆင့် မမြင့်ပါဘူး။ လူတွေ ကျွေးတဲ့ ဘဲကင်၊ ဝက်ကင်တွေကိုလည်း သူတို့ စားလို့မရဘူး။ ကုသိုလ်အမျှ ပေးတဲ့နည်းနဲ့ပဲ သူတို့ရဲ့ စားဝတ် နေရေးကို လူက ထောက်ပံ့နိုင်တယ်။ အဲဒီဘဝက လာတဲ့လူဖြစ်လို့ နားပင်း မျက်ကန်း ဖြစ်ရတာ မဟုတ်ဘူး။ အသက်တိုတာ၊ အင်္ဂါချွတ်ယွင်းတာဟာ ရှေးကံဟောင်းနဲ့ ယခုဘဝ အကျိုးပေး အခြေအနေနဲ့ပဲ ဆိုင်တယ်။

ကွယ်လွန်သူ မိဘဆွေမျိုးက လူထက် အဆင့်မြင့်တဲ့ နတ်ဖြစ်နေလို့ မိမိကလည်း ကိုယ်ကျင့်တရား ကောင်းလျက်နဲ့ ဘဝအခက်အခဲနဲ့ ကြုံတဲ့အခါ အနာထပိဏ်ကို အိမ်စောင့်နတ်က ကူညီသလိုမျိုးလည်း ရှိတော့ ရှိတတ်ပါတယ်။

## လောဘကြီးသူ လိမ်ခံရ

သိုက်ဆိုတာနဲ့ ပတ်သက်ပြီး ဘုန်းကြီးရဲ့ အမြင်ကို ရိပ်မိလောက်ပြီလို့ တွက်ပါတယ်။ ချမ်းသာတာဟာ ကံ ဉာဏ် ဝီရိယ ကောင်းလို့ပါ။ နဂါးသိုက်ကလာလို့ မဟုတ်ပါဘူး။ အကြားအမြင် ရတယ်ဆိုတဲ့ hypocrite အချို့ဟာ လူတွေရဲ့ ပျော့ကွက်ကို အသုံးချပြီး အမြတ်ထုတ်တတ်တယ် ဆိုတာကို မြဲမြဲသတိချပ်ပါ။ ချမ်းသာချင်လွန်းလို့ နဂါးသိုက်က လာပါတယ် ဆိုပြီး အဲဒီဆရာတွေဆီ မချဉ်းကပ်မိပါလေနဲ့။ ကြီးပွားချမ်းသာဖို့ ဘုန်းကြီး မန္တာန်တစ်ခု ပေးလိုက်မယ် 'ဥုံ ဖွဲ့သတ္တိ၊ သတိ၊ စည်ကမ်းနဲ့ ဆင်ခြင်တုံးတရား၊ ဤလေးပါးကို ကျွန်ုပ် ကိုးကွယ်ပါ၏။ ဩောင်း၊ နမော နူရေ သွာဟုံဟုံ'။ ▢



ရှေ့ရေးနောက်ရာ မရှုစွာသား ပညာမဲ့မျိုး ဆင်ကန်းတိုးသို့
အကျိုးမဲ့ကြိုက် ဖိုးမထိုက်ဘူး၊ သူမိုက်စကား တထောင်
များလည်း စီးပွားကင်းဝေး မကောင်းဆေးတည့်။
(မဃဒေဝ၊ ပိုဒ် ၂၁၁)



## ဒီဘဝ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့

အရှင်ဘုရား၊ တပည့်တော်ကို မေးခွန်းအနည်းငယ် မေးလျှောက်ခွင့်ပြုပါဘုရား –

နိဗ္ဗာန်ကို ပါရမီဖြည့်မှ ရောက်နိုင်ပါသလား၊ သို့မဟုတ် ကျင့်ကြံပွားများခြင်းဖြင့် ရောက်နိုင်ပါသလား၊ နိဗ္ဗာန်ဆုကို မတောင်းပဲနဲ့ ကျင့်ရုံမျှဖြင့် ရောက်နိုင်ပါသလား။

တပည့်တော်သည် ဂေါတမမြတ်စွာဘုရားရှင်၏ ကျန်ရှိနေသေးသော သာသနာ ၂၅၀၀ အတွင်းတွင် လိုအပ်သော ပါရမီများကို ကုန်အောင် ဖြည့်ကျင့်နိုင်ပြီး မြတ်စွာဘုရားရှင်၏ ကျန်ရှိနေသေးသော သာသနာတော်အတွင်းမှာပင် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ရသူ ဖြစ်ရပါလို၏လို့ ဆုတောင်းထားပါတယ်ဘုရား။

ဤအချိန် အပိုင်းအခြားအတွင်းတွင် လိုအပ်သော ပါရမီများကို ဖြည့်ကျင့်နိုင်ပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သူ ဖြစ်နိုင်ပါသလားဘုရား။

သောတာပန် ဖြစ်ပြီးပါက သံသရာတွင် ဘယ်နှစ်ဘဝ ဆက်လည်ရပါသေးသနည်း ဘုရား။

နတ်ပြည်မှာ ဘဝမှာလည်း ဝိပဿနာတရား အားထုတ်လို့ ရပါသလားဘုရား။ ဤဘဝ ကုသိုလ်ကောင်းမှုကြောင့် နောင်ဘဝမှာ လူပြန်ဖြစ်၍ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ နေရချိန်တွင် အကုသိုလ်ထုပ်ကို လာယူသူ မဖြစ်အောင် ဤဘဝတွင် မည်ကဲ့သို့ ဆုတောင်းရမည်နည်း။

ဤဘဝတွင် ရတနာသုံးပါးနှင့် ဗုဒ္ဓဘာသာ တရားတော်များကို လေးနက်စွာ ယုံကြည်သူသည် နိဗ္ဗာန် မရောက်သေးခင် လူဘဝကို ပြန်ရခဲ့လျှင် တစ်ခြားဘာသာကို ကိုးကွယ်သောသူတို့၏ သားသမီး သို့မဟုတ် ကိုးကွယ်သူ ဖြစ်နိုင်ပါသလား ဘုရား။

အရှင်ဘုရား၊ တပည့်တော်၏ မေးခွန်းအားလုံးကို ဖြေကြားပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ရဲမင်းထွန်း

---

**ပါရမီရှိလို့**

လူ့ဘဝဆိုတာ ရခဲလှတဲ့ ဘဝပါ။ ရခဲလှတဲ့ လူ့ဘဝကို ရခဲ့တာကိုက ပါရမီရှိလို့ပါပဲ။ မဂ္ဂင်ရှစ်ပါး တရားမြတ်ရှိတဲ့ ဗုဒ္ဓအဆုံးမနဲ့ ကြုံကြိုက်လို့ သူတော်ကောင်း တရားတွေကို ကြားနာဖတ်ရှုခွင့် ရှိတာရယ်၊ ကိုယ်တိုင်ကလဲ သဒ္ဓါတရားနဲ့ပြည့်စုံလို့ သူတော်ကောင်းတရားကို ကျင့်သုံးလိုတဲ့ စိတ်ရှိတာရယ်၊ ဒါတွေကြောင့် ကိုယ့်မှာ အနည်းဆုံး မဂ်ဖိုလ်ဉာဏ်တစ်ဆင့်ဆင့်ကို ထိုးထွင်း သိမြင်နိုင်တဲ့ ပါရမီဓာတ်ခံ ပါလာတယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်ခွင့်ရှိပါတယ်။ ယုံကြည်လိုက်ပါ။

သီလသမာဓိ ပညာကျင့်စဉ်ကို ကျင့်ဖို့ပဲလိုပါတယ်။ ဆုတောင်းတယ်ဆိုတာ ဖြစ်ချင်တာကို ဖြစ်လာအောင် အလေးအနက် ဆန္ဒပြုလိုက်တာပဲ။ နိဗ္ဗာန်ကို ရဖို့ဆိုရင်တော့ အဲဒီလို ဆုတောင်းနေရုံနဲ့ မလုံလောက်ဘူး။ နိဗ္ဗာန်ကို လိုချင်တဲ့ ဆန္ဒနဲ့ အချိန်ရှိခိုက် ကျန်းမာခိုက်မှာ တဖြည်းဖြည်း မပြတ်မလပ် စိုက်စိုက်မတ်မတ် ကျင့်နေ အားထုတ်နေဖို့ လိုတယ်။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်ဖို့က အဓိကပါ။

**ဆန္ဒနှင့်လက်တွေ့**

'ဗုဒ္ဓသာသနာနဲ့ ကြုံဆုံခိုက် နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ဆန္ဒအထူးပြုထားတာ'ဟာ မှန်ကန်ပါတယ်။ ကောင်းမြတ်ပါတယ်။ အဲဒီဆန္ဒအတိုင်း လူ့ဝတ်ကြောင်ဘဝနဲ့ နေရင်းနဲ့ပဲ မှန်မှန် ကျင့်ကြံသွားရင် ဤဘဝမှာပင် တစ်မဂ်တစ်ဖိုလ်ကို ကေန် ရနိုင်ပါတယ်။ သာမန် လောကီလူသား တစ်ယောက်အနေနဲ့ မဂ်ဖိုလ်ဉာဏ်ထူးကို ရသွားသူတွေ ဗုဒ္ဓသာသနာ သမိုင်းတစ်လျှောက် ထင်ရှားပါတယ်။ ယနေ့ခေတ် မြန်မာနိုင်ငံ ပဋိပတ္တိ

သာသနာ၀င်မှာရော နိုင်ငံတကာ ဗုဒ္ဓဘာသာလောကမှာပါ တရားထူးကို ရသွားသူတွေ ထင်ရှားရှိပါတယ်။ ဗုဒ္ဓသာသနာမှာ ဆန္ဒကို လက်တွေ့က ဦးဆောင်ပါတယ်။ လက်တွေ့မပါဘဲ တောင်းဆုဆို ဆန္ဒပြုရုံနဲ့ မပြီး မြောက်နိုင်လို့ ဆန္ဒအကောင်အထည်ပေါ်ဖို့ လက်တွေ့ကျင့်သုံးမှု ရှိပါစေ။

**သောတာပန်**

တရားအားထုတ်လို့ သောတာပတ္တိဖိုလ်ကို ရပြီးတဲ့ပုဂ္ဂိုလ်ကို သောတာပန်လို့ ခေါ်ပါတယ်။ သောတာပန်ဖြစ်ပြီးရင် ငါးပါးသီလ လုံး၀ မကျိုး ပေါက်တော့ဘူး။ သုဂတိဘ၀ မြဲတယ်။ သောတာပန် သုံးမျိုးရှိတယ်။

၁) သတ္တက္ခတ္တုပရမ = သုဂတိဘုံမှာ အများဆုံး
ခုနစ်ဘ၀သာ ကျင်လည်သူ

၂) ကောလံကောလ = သုဂတိဘုံမှာ နှစ်ကြိမ်
သို့မဟုတ် သုံးကြိမ်သာ ပြန်ဖြစ်သူ

၃) ဧကဗီဇီ = သုဂတိဘုံမှာ တစ်ဘ၀သာ ပြန်ဖြစ်သူ (သံ ၃၊ ၁၇၉)။

ဒိဘ၀မှာ တရားအားထုတ်လို့ တစ်မဂ်တစ်ဖိုလ်ကို မရနိုင်သေးပေမယ့် ပုထုဇဉ်ဘ၀နဲ့ ငါးပါးသီလမြဲပြီး သီလသမာဓိပညာကို ကျင့်ကြံတဲ့ အတွက် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဉာဏ်အဆင့်ကို ရပြီးသူကိုလည်း သောတာပန် အရိယာလိုပဲ သုဂတိရဖို့ သေချာလို့ အငယ်စား သောတာပန် (စူဠသောတာပန်)လို့ ခေါ်ပါတယ် (အဘိဓမ္မာ၀တာရဋီ-သစ် ၂၊ ၃၂၄)။

**နတ်ဗြဟ္မာ ဝိပဿနာ**

နတ်ဗြဟ္မာဘ၀မှာ ဝိပဿနာတရား အားထုတ်လို့ ရပါတယ်။ ဆိုရန်ရှိ တာက ပြည်စုံပူလုံလွန်းတဲ့ ဘ၀မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ထင်ဖို့ ခက်ခဲတဲ့ သဘာ၀ရှိတယ်။ အချို့ ဗြဟ္မာဘ၀ဆိုရင် တရားအား ထုတ်ရတာ အဆင်ပြေနိုင်ပေမယ့် အချို့ အဆင်မပြေဘူး။ နတ်ဘ၀မှာ တော့ ဝိပဿနာတရား အားထုတ်ဖို့ ခက်ခဲနိုင်တယ်။ သိကြားမင်းတောင် နတ်သမီးတွေ မကြာခဏ လာနှောင့်ယှက်လို့ ဥပုသ်ဆောင်ကို ဖြောင့် ဖြောင့် မ၀င်နိုင်လို့ ဗုဒ္ဓလောင်းလျာတွေတောင် လူ့ပြည်မှာပဲ ပါရမီ ဖြည့်

ကြတယ် (သဂြိုဟ်ဘာသာဋီကာ၊ စာ- ၂၃၈)။

**အကုသိုလ်ထုပ် လာယူသူ မဖြစ်ဖို့**

နောက်ဘဝမှာ လူ့အဖြစ်နဲ့ ပြည့်စုံချမ်းသာပါလျက် အကုသိုလ်ထုပ် လာယူသူ မဖြစ်ချင်ရင် သူတော်ကောင်းတွေနဲ့ ပေါင်းဆုံမိဖို့၊ ၎င်းတို့ သင်ကြားဆုံးမတာကို ကြားနာ မြတ်နိုးနိုင်သူဖြစ်ဖို့၊ အဲဒီတရားတွေကို ကျင့်နိုင်ဖို့၊ လူမိုက်နဲ့ မဆုံမိဖို့၊ လူမိုက်နောက်လိုက် မဖြစ်ဖို့၊ ဆုတောင်း သင့်ပါတယ်။ ကုသိုလ်ကောင်းမှုတစ်ခု နည်းများမဟူ ပြုပြီးတိုင်းမှာ အဲ ဒီလို စိတ်ထဲမှာ ဦးတည်ချက်ကလေး ထားပေးပါ။

**စိတ်မချရပေမယ့်**

အရှင်သာရိပုတ္တာရာရဲ့ မယ်တော် ရူပါသာရီဆိုရင် ဘဝကုန်ခါနီးအချိန်ထိ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာနဲ့ ဝေးခဲ့သူပါ။ အရှင်မြတ်လောင်းလျာကျတော့ ဗုဒ္ဓ ဘုရားတစ်ဆူထံမှ အဂ္ဂသာဝကဖြစ်ဖို့ ဗျာဒိတ်ရပြီးသား၊ ပါရမီလည်း ပြည့်ပြီးသားဖြစ်လို့ ဗုဒ္ဓနဲ့ အချိန်မီ တွေ့ဆုံခဲ့ရတယ်။

ဒါပေမယ့် သာမန်လူတစ်ယောက် အဖို့တော့ ဘဝသံသရာဆိုတာ စိတ်မချရပါဘူး။ တစ်ခုခုသောဘဝမှာ ဗုဒ္ဓဝါဒီမဟုတ်သူလည်း ဖြစ်သွား နိုင်တာပဲ။ ဂေါတမဗုဒ္ဓ ဖြစ်လာမယ့် ဇောတိပါလလုလင်ဟာ ဘဝအစ ပိုင်းမှာ ဗုဒ္ဓဓမ္မသံဃာကို မကြည်ညိုခဲ့လို့ အမှားလေးတွေ လုပ်မိရာက နေ အဲဒီ အမှားရဲ့ ဆိုးကျိုးဟာ ဗုဒ္ဓဖြစ်တဲ့အထိ ပါခဲ့ရတယ်။

ဒါပေမယ့် အယူသည်းပြီး (ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းကို သွား ရင် ဘုရားမကြိုက်ဘူး ဆိုတာလိုမျိုး) အစွန်းရောက်တဲ့ (နောက်ဘဝမှာ ဘု ရားနဲ့ တွေ့ဖို့ အယူမတူသူတွေကို သုတ်သင် ရှင်းလင်းပစ်ရမယ် ဆို တာလိုမျိုး) အထိတော့ အယူမှားသူ (မိစ္ဆာဒိဋ္ဌိ) မဖြစ်နိုင်ဘူးလို့ ထင်ပါ တယ်။ အတွင်းမှာရှိနေတဲ့ အထုံပါရမီ အနအရင့်အလိုက် အနည်းဆုံး တော့ သူတော်ကောင်း ဓာတ်ခံလေး ရှိနေပါလိမ့်မယ်။ □




လျှောက်ထားပါရစေဘုရား၊

တပည့်တော်သည် ကမ္ဘာအရပ်ရပ်သို့ အလုပ်တာဝန်ဖြင့် ခရီးသွား လာရာတွင် ကမ္ဘာအရပ်ရပ်ရှိ မြန်မာဘုန်းတော်ကြီးကျောင်းအများ၌ အောက်ပါတို့ကို တွေ့ရှိရပါသည်ဘုရား။

ဆရာတော် သံဃာတော်များအား ချုပ်ချယ်ခြင်း၊ ဂေါပကအဖွဲ့တွင် ဆရာတော် သံဃာတော်များအား ပါဝင်ခွင့်မပြုဘဲ ဘုန်းတော်ကြီးများ အား အာဏာပြခြင်း၊ ဆရာတော်များအား မြန်မာပြည်မဟုတ် ဘုန်းကြီး အေးအေးနေဟုပင် အချို့ဂေါပကများမှ ပြောဆိုခြင်းများ အပြင်၊ ဂေါ ပကလူကြီးများမှာ အလှူငွေ နဝကမ္မဖြင့် ဝယ်ယူထားသော ကျောင်း သင်္ခမ်းများမှ ဆရာတော် သံဃာတော်များအား မောင်းထုတ်၍ ပြန် လည် ရောင်းချရန် အထိပင် ကြံစည်ခြင်းများ တွေ့ရှိရပါသည်။

ဂေါပကလူကြီးများ ဘုန်းကြီးကျောင်းကို စီးပွားရေးပုံစံ အဖြစ် ပြုလုပ်သည်ကို တပည့်တော် ကြားသိ တွေ့ရှိရပါသည်ဘုရား။ ဤကဲ့သို့ လုပ်ရပ်များအတွက် ဂေါပကအမည်ခံ ပုဂ္ဂိုလ်များသည် မည်သို့ အကျိုး ပေးခံစားရမည်ကို သိလိုလှပါသည်ဘုရား။

ဦးပေါ်တင်

---

**အမေရိကလူမှုနစ်**

အမေရိကမှာ ကျောင်းတက်လို့ ဘွဲ့ကလေးတစ်ခု ရထားရင် လုပ်အားခ တစ်နာရီကို $ ၁၅ လောက်ပေးတဲ့ အလုပ်မျိုးကို စတင်ရရှိနိုင်ပါတယ်။ တစ်လဝင်ငွေ (အိုဗာတိုင်းမပါနဲ့) ခန့်မှန်း ၂၅၀၀ လောက် အလုပ်က လေးမျိုး ရပြီဆိုရင် မကြာခင်မှာ လစဉ်ပေး အကြွေးစနစ်နဲ့ ဘဏ်က ငွေချေးပြီး အိမ်ဝယ် ကားဝယ် လုပ်နိုင်ပါတယ်။ တစ်သိန်းခွဲလောက်

တန်တဲ့ အိမ်ကိုဝယ်သူဟာ ယေဘုယျ လစဉ် $ ၈၀၀ လောက် ဘဏ်ကို ပြန်ဆပ်ရတယ်။ မဖြစ်မနေသုံးရတဲ့ ရေ၊ မီး၊ တယ်လီဖုန်း၊ အမှိုက်ပုံးဖိုးတွေက လစဉ် ၄၀၀ နီးပါး၊ မဖြစ်မနေသုံးရတဲ့ ကားအကြွေး လစဉ် $ ၁၀၀ ထက်မနည်း၊ ကားအာမခံ လစဉ် $ ၅၀ ဝန်းကျင်။ စုစုပေါင်း စားစရိတ်နဲ့ အထွေထွေ သုံးစရိတ်မပါဘဲ လစဉ် ၁၄၀၀ ဝန်းကျင် သုံးရပါတယ်။ စားစရိတ်ကတော့ ချွေတာတတ်ရင် သက်သာနိုင်ပါတယ်။ ဒါကြောင့် တစ်နှစ်ကို ဒေါ်လာ သုံးသောင်းခန့် ရပေမယ့်ဒေါ်လာ တစ်သောင်းလောက် စုမိနိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒီတော့ ဗမာပြည်တုန်းကလို စီးပွားရေး ဖြတ်လမ်းကို စဉ်းစားနိုင်တာပဲ။

## ဥပဒေစိုးမိုးတဲ့ တိုင်းပြည်

အမေရိကဟာ လွတ်လပ်တယ်ဆိုပေမဲ့ သာမန်လူများစုအနေနဲ့ လာဘ်ထိုးပြီး ဥပဒေကို ပြောင်းပြန်လုပ်လို့ မရဘူး။ ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ အသားရောင် မျိုးစုံလွန်းတဲ့ လူတွေကို ဥပဒေနဲ့ ထိန်းချုပ်ထားပါတယ်။ ဘဏ်တွေ၊ အကြွေး ချေးပေးတဲ့ အကြွေးရှင် ကုမ္ပဏီတွေဟာ အလွန် အာဏာရှိပါတယ်။ လစဉ် အကြွေးကို သတ်မှတ်ချိန် မတိုင်ခင် မပေးနိုင်ရင် အိမ်စတဲ့ ပစ္စည်းကို ပြန်သိမ်းတယ်။ ဘာအကြောင်းပြချက်နဲ့ပဲဖြစ်ဖြစ် ခဏဆိုင်းပါအုံးလုပ်ဖို့ ခွင်းချက် လုံးဝမရှိဘူး။ ဒီရက် မလွန်ခင် ပေးရင်ပေး မပေးရင် သိမ်းမယ်။ အိမ်ဝယ်ဖို့ ငွေချေးကတည်းက ပြန်ဆပ်နိုင်မဲ့ အလုပ်အကိုင်မျိုးရှိမှ ချေးသူကို ဘဏ်က ငွေချေးပေးဖို့ စဉ်းစားပါတယ်။ ပြီးတော့ အိမ်ပိုင်ဆိုင်မှု Title အောက်မှာ နာမည်ရှိသူပဲ ဥပဒေအရ အိမ်ပိုင်သူဖြစ်ပါတယ်။ လင်နာမည်နဲ့ပဲ ပိုင်ထားတဲ့ အိမ်ကို လင်သေလို့ မယားက အကြွေးကို ဆက်ဆပ်ပေမယ့် Title မှာ နာမည်ကို ပြောင်းမထားရင် အဲဒီအိမ်ကို မယားမပိုင်ပါဘူး။

## သဒ္ဓါတရား စစ်မှန်သူ

မြန်မာဗုဒ္ဓဝါဒီတွေ အတော်များများနေတဲ့ အမေရိကန်ပြည်နယ်တစ်ခုမှာ လွန်ခဲ့တဲ့ ၈ နှစ်ကျော်လောက်က စာပေပရိယတ္တိ တတ်ကျွမ်းတဲ့ ဆရာ

တော်တစ်ပါး ဘုန်းကြီးကျောင်း တည်ထောင်တဲ့ကိစ္စမှာ ပါဝင် ကူညီခဲ့တဲ့ မြန်မာပြည်ဖွား တရုတ်ကပြား လူငယ်တစ်ယောက်ကတော့ နိုင်ငံခြားမှာ ဗုဒ္ဓသာသနာပြုသူတို့ စံပြု အတုယူဖွယ် ကောင်းလှပါတယ်။ အမေရိကမှာ အင်ဂျင်နီယာမဟာဘွဲ့ရပြီး အလုပ်အကိုင်လည်း ကောင်းပါတယ်။ ဓမ္မကို နားလည်လိုက်စားပြီး သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ လူတော်လူဖြောင့်လေးပါလို့ အကြမ်းဖျင်း ဆိုပါရစေ။

အဲဒီမြို့မှာ အဲဒီအချိန်က ဒေါ်လာ လေးသိန်းလောက်တန်တဲ့ အဆောက်အအုံ တစ်ခုရဖို့ ဘဏ်ကငွေကို ချေးကို ချေးရပါလိမ့်မယ်။ ဆရာတော့်အနေနဲ့ အလုပ်အကိုင်မရှိလို့ ဘဏ်ကငွေချေးဖို့ မဖြစ်နိုင်ဘူး။ ဒီတော့ အိမ်ထောင် မပြုသေးတဲ့ လူငယ်က လူငယ့်နာမည်နဲ့ ဘဏ်က ငွေချေးပေးပြီး ဆရာတော့်ကို ကူညီလိုက်ပါတယ်။ ပြောပြထားတဲ့အတိုင်း အမေရိကလူနေမှုစနစ်အရ ဒီကိစ္စဟာ လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့ နက်ပါတယ်။ ပြဿနာတွေရဲ့ အဓိကရင်းမြစ်လည်း ဖြစ်လာတတ်ပါတယ်။ ပိုင်ဆိုင်မှု Title အရေးကြီးလို့ပါ။

လေးနှစ်လောက်အကြာမှာ လူငယ်လည်း အိမ်ထောင်ကျပြီ။ အိမ်ဈေးကလဲ အဲဒီအချိန်က ဒေါ်လာရှစ်သိန်းကျော် တန်သွားပြီ။ ဆရာတော်အနေနဲ့ ဘဏ်ကြွေးကို လစဉ်ပေးဆပ်ပြီး ပိုင်ဆိုင်မှု Title အောက်မှာ ပါနိုင်ခဲ့တယ်ဆိုရင်တောင် လူငယ့်နာမည်လည်း ရှိသင့်ခဲ့တာမို့ ရှိနေမှာဖြစ်လို့ အဓိပ္ပာယ်က ဘုန်းကြီးကျောင်း လုပ်ထားတဲ့အိမ်ဟာ အနည်းဆုံး ဒီလူငယ်က ဒီအိမ်ရဲ့ တစ်ဝက် (နှစ်သိန်းလောက်) ပိုင်ဆိုင်တယ်ဆိုတဲ့ သဘောပဲပေါ့။ တစ်နေ့ ညနေခင်းမှာ လူငယ် ဇနီးမောင်နှံတို့ ဘုန်းကြီး ကျောင်းကို လာပြီး ဆရာတော်ကို လျှောက်တယ် –

'ဘုန်းဘုန်းရဲ့ ကျောင်းဟာ လွန်ခဲ့တဲ့ လေးနှစ်ကနဲ့ တန်ဖိုး အဆမတန် ကွာသွားပြီဘုရား။ တပည့်တော်လည်း ပုထုဇဉ်ပေမို့ လောဘကိုထိန်းနိုင်တုန်းမှာ ဘုန်းဘုန်း အနေနဲ့ ဒီကျောင်းကို တာဝန် လွှဲယူပါ။ ဘုန်းဘုန်းလည်း အခြေကျပြီဖြစ်လို့ ကျောင်းတန်ဖိုးကို ပြပြီး ဘဏ်ကငွေချေးရင် ရပါတယ်။ တပည့်တော်က ဘုန်းကြီးကျောင်း ဖြစ်စေချင်တဲ့

ဆန္ဒတစ်ခုတည်းနဲ့ ဘုန်းဘုန်းကို ကူညီခဲ့တာပါဘုရား။ တပည့်တော်တို့လည်း ကိုယ်ပိုင် အိမ်ဝယ်မလို့ စိတ်ကူးနေကြပါတယ်'။

နာမည်ခံ ဝယ်ထားတဲ့ ဘုန်းကြီးကျောင်းကို ကိုယ့်အိမ်လို့ ထင်မြင်သွားရာကနေ ဖြတ်လမ်းနည်းနဲ့ ရနိုင်မယ့် ဒေါ်လာငွေနှစ်သိန်းနဲ့ မိမိရဲ့ လူ့ဂုဏ်သိက္ခာကို ဒီလူငယ် မလဲခဲ့ဘူး။ လူငယ်ရဲ့ မွန်မြတ်တဲ့ သာသနာပြု စိတ်ဓာတ်ကတော့ တကယ့်ကို ချီးကျူးစရာပါ။

## အဖွဲ့အစည်းနဲ့ လုပ်ရင်

အဖွဲ့အစည်းနဲ့ စုပေါင်းပြီး ဘုန်းကြီးကျောင်း တည်ထောင်နိုင်ရင်တော့ အလွန် ကောင်းပေါ့။ တတ်နိုင်သူတွေက အလှူငွေ အလုံအလောက် မ တည်ပြီး ဘုန်းကြီးကျောင်းဖြစ်အောင် လုပ်ပြီးမှ ကြည်ညိုတဲ့ နာမည်ကျော် ဘုန်းကြီးကို မြန်မာပြည်က ပင့်တယ်ဆိုရင်တော့ သိပ်ကောင်းပေါ့။ ဘုန်းကြီးရဲ့ တာဝန်က တရားဟော တရားပြ၊ ပြတဲ့ တရားကို မကြိုက်ရင် ပြန်ရုံပါပဲ။ ဒီလို မဟုတ်ရင် စဉ်းစားရလိမ့်မယ်။

ဘုရားကြောင့် တရားရှိ၊ ဘုရားတရားရှိလို့ သံဃာရှိတာ။ သံဃာရှိလို့လည်း တရားကိုသိပြီး ဘုရားကို ကြည်ညိုနိုင်ကြတာ။ ဘုန်းကြီးကျောင်း အလှူငွေဆိုတာဟာ ဘုရား၊ တရား၊ သံဃာကို ထောက်ပံ့ဖို့ဖြစ်လာတာပါ။ ဘုန်းကြီးတစ်ပါးအနေနဲ့ ဘုန်းကြီးကျောင်းမှာ နေတယ်ဆိုတာ ရှိပြီးရှိဆဲ ကိုယ်ပိုင်ဘဝ၊ ကိုယ်ပိုင်အချိန်နဲ့ ကိုယ်ပိုင် စိတ်ဝင်စားမှုတွေကို စွန့်လွှတ်ပြီး နေကြရတာပါ။ လူတိုင်း မလုပ်နိုင်ပါဘူး။ တစ်နေရာကို ရွှေ့ဖို့ဆိုတာ အမေရိကနေ ဘုန်းကြီးတစ်ပါးအဖို့ မလွယ်ပါဘူး။ ဘာသာခြားဘုန်းကြီးတွေလို လခရိက္ခာ ရကြတာမှ မဟုတ်ဘဲ။

## သုံးပွင့်ဆိုင်အမြင်

နိုင်ငံခြားမှာ နေထိုင်ကြတဲ့ မြန်မာဗုဒ္ဓဝါဒီ အတော်များများ သဒ္ဓါတရားကောင်းကြပါတယ်။ ရေမြေခြားမှာ နေကြည့်မှ မိမိတို့ရဲ့ ဘာသာ ယဉ်ကျေးမှု အမွေဆိုတာကို ပိုမို နားလည်လာတာရယ်၊ ဘဝမွမ်းကျပ်မှုအတွက် ထွက်ပေါက် ရှာတာရယ်၊ စတာတွေကြောင့် ဖြစ်နိုင်တယ်။ ဒါ

ပေမယ့် ရုပ်ပိုင်း တိုးတက်မှုဆိုတာရဲ့နောက်ကို ရေစုံလိုက်သွားသူတွေ လည်း များသားပဲ။ အနေကြာလို့ အတော်အတန် အခြေကျနေသူ အချို့ ကလည်း This is America. လို့ မျက်လုံးပြူးပြူးပြီး မကြိုက်ရင် ဘုန်းကြီး ကိုလည်း ဝေဖန် ဖြုတ်ထုတ် လုပ်ရမယ်ဆိုတဲ့ သဘောထားရှိတယ်။

ဒီသဘောထားက ကောင်းပါတယ်။ ဒါပေမယ့် သူတို့ အကြောင်းပြ တဲ့အထဲမှာ ဘုန်းကြီး ကမ္မဋ္ဌာန်းထိုင်တာ မတွေ့လို့၊ ဆွမ်းစားပင့်တာ အိမ်မှာ ကြာကြာ မနေလို့၊ ဖုန်းနံပါတ်တောင်းတာ ချက်ခြင်း မပေးလို့၊ နေမကောင်းသူရဲ့ အိမ်ကို ဖုန်းဆက်ပြီး သတင်းမမေးလို့၊ ဖုန်းခေါ်လွန်း လို့ စတဲ့ အသေးအဖွဲကိစ္စတွေလည်း ပါတာပါပဲ။

အဲဒီလို လူမှုအခြေအနေကို ကိုယ်တိုင် တွေ့ကြုံသိမြင်ပြီး ပြဿနာ ဖြစ်ရင် ဘုန်းကြီးပဲ အထိနာတယ်ဆိုတာ သိထားလို့ ဘုန်းကြီးတစ်ပါး က အခွင့်သာရင် မိမိရဲ့ အာမခံချက်ကို စဉ်းစားတာ မလွန်ပါဘူး။ သေ ချာတာက ဘုန်းကြီးတိုင်းမှာ နောက်ခံဆရာသမားနဲ့ ဒကာဒကာမ အ သိုင်းအဝိုင်း ရှိလို့ လုပ်ပိုင်ခွင့် အလွဲသုံးစားနဲ့ ရာဇဝင်ကို မှောင်ချပစ် တာမျိုးကတော့ အင်မတန် ရှားလိမ့်မယ် ဆိုတာပါပဲ။

**ပဋိပက္ခရဲ့ အကြောင်းရင်း တစ်မျိုး**

Non-profit နဲ့ ပုဂ္ဂလိက သို့မဟုတ် သံဃိကပိုင်ဆိုင်မှု။ ပုဂ္ဂလိက ဆိုတာ ဘုန်းကြီးတစ်ပါးကို လှူ သို့မဟုတ် တစ်ပါးပိုင်၊ သံဃိကဆိုတာ သံဃာ ပိုင် (ဘုန်းကြီးအများပိုင်)။ မြန်မာဗုဒ္ဓဘာသာထုံးစံအရ သံဃိက ဖြစ်စေ ပုဂ္ဂလိကဖြစ်စေ ရေစက်ချ လှူဒါန်းပြီးရင် မည်သည့်လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကမှ ပိုင်ဆိုင်ခွင့် မရှိတော့ဘူး။ တရားစွဲရင်လည်း အလှူ ခံသူ ပုဂ္ဂိုလ် သို့မဟုတ် သံဃာကပဲ နိုင်တယ်။ လှူပြီးပစ္စည်းကို အလှူ ရှင်က ပြန်တောင်းရိုး ထုံးစံလည်း မရှိဘူး။

အမေရိကရဲ့ ဝေါပကအဖွဲ့ သို့မဟုတ် Non-profit ကတော့ ပုဂ္ဂလိ က သို့မဟုတ် သံဃိကဆိုတာကို ဂရုမစိုက်ပါဘူး။ ဘယ်သူ့ကို မဆို ဘယ်လိုပဲလှူလှူ ဥပဒေအရ Non-profit ကပဲ ပိုင်တယ်။ ဒီတော့ ဖော်ပြ

ပြီး လူမှုစနစ်နဲ့ အခြေအနေအရ Non-profit မှာ ဘုန်းကြီး ဩဇာ သက်ရောက်မှုမရှိရင် သို့မဟုတ် ဘုန်းကြီးဖက်မှာ မဲမရှိရင် သို့မဟုတ် အဖွဲ့ထဲမှာ ဘုန်းကြီး ပါခွင့်မရှိရင် တစ်ချိန်မှာ ပဋိပက္ခဆိုတာ ဖြစ်လာနိုင်တယ်။ ဒါကတော့ အမေရိကရဲ့ လူနေမှုဘဝကို အခြေခံတဲ့ အယူအဆပဲ ဖြစ်ပါတယ်။ သာသနာပြုတို့ အဖြေရှာဖို့ပါ။

## သုခမိန်တို့ နှိုင်းချိန်ဖို့

သံဃိကပစ္စည်း ဖြစ်ဖြစ် ဘုန်းကြီးပစ္စည်း ဖြစ်ဖြစ် မတရား ရယူမိပြီဆိုမှဖြင့် အောက်ပါ ဘေးကြီးလေးမျိုးနဲ့ ကြုံတွေ့ရပါလိမ့်မယ် -

၁) အတ္တာနုဝါဒဘေး = ပထမဆုံး ကိုယ့်လိပ်ပြာကို ကိုယ်မယုံ၊ တစ်ကိုယ်တည်း အိပ်မရ စားမဝင်တဲ့ ဘေး

၂) ပရာနုဝါဒဘေး = အဖြစ်မှန်ကိုသိတဲ့ သူတော်ကောင်းတွေရဲ့ ကဲ့ရဲ့မှု၊ တစ်ချိန်တည်းမှာ လူမိုက်တွေ မြှောက်ပင့်ခံရမှု ဘေး

၃) ဒဏ္ဍဘေး = ဆိုးရွားတဲ့ accident ဖြစ်ရပ်တွေနဲ့ ကြုံရတဲ့ဘေး

၄) ဒုဂ္ဂတိဘေး = စုတိပြတ်ကြွေ သေတဲ့နောက် ဘဝဆိုးရတဲ့ ဘေး။

ဒါကြောင့် ဗုဒ္ဓသာသနာပြု သုခမိန်တို့ အကျိုးနဲ့ အပြစ်ကို နှိုင်းချိန်ပြီးသကာလ သမ္မာ (အဖြောင့်) စိတ်ထား ယောနိသောမနသိကာရ ပွား၍ သာသနာပြု အမည်ကို ခံယူပါကုန်။ ▢

သာသနာအကျိုး ရှက်သယ်ပိုးက
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း
မရွံ့မစောင်း ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ် ရှေ့ရှုနှင်လော့။
(ရွှေဟင်္သာဆရာတော်)



# ဗုဒ္ဓဝါဒပုတီးစိပ်ခြင်း

ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်မြတ် ဘုရား၊

ဗုဒ္ဓဘာသာဝင်တွေ ပုတီးစိပ်တာနဲ့ ပတ်သက်ပြီး ဘဝင်မကျ ဖြစ်နေပါသည်ဘုရား။ ပုတီးစိပ်တာဟာ ထေရဝါဒ ဗုဒ္ဓဘာသာ အဆုံးအမနှင့် ကိုက်ညီပါသလား။ ဗုဒ္ဓကိုယ်တိုင်ကကော ပုတီးစိပ်ဖို့ ညွှန်ကြားခဲ့ပါသလား။ အချို့ရိပ်သာဆရာတော်တွေက လူတွေကို ပုတီးစိပ်ဖို့ တားမြစ်တာဟာ မှန်ကန်ပါသလားဘုရား၊ သိပါရစေ။

ရွှေစင် (ယူကေ)

-----------------

**ပုတီးစိပ်ခြင်းအစ**

ပါဠိတော်တွေမှာ ဗုဒ္ဓက ရဟန်းတွေကို လူတွေကို ပုတီးစိပ်ဖို့ ညွှန်ကြားတာ မရှိပါဘူး။ ပုတီးစိပ်ခြင်း အလေ့အကျင့်ကို ဗုဒ္ဓဝါဒီတို့ စခဲ့တာ မဟုတ်ဘူးလို့လည်း သုတေသီတို့ ဆိုပါတယ်။ ဘယ်အချိန်က စပြီး ဘယ်လို နည်းနဲ့ ဗုဒ္ဓဝါဒီတို့ စတင် အသုံးပြုခဲ့တယ် ဆိုတာကိုတော့ ကျယ်ကျယ်ပြန့်ပြန့် သုတေသန ပြုရဦးမှာပါ။ ရန်ကုန်က ပါလာခဲ့တဲ့ ဘုန်းကြီးရဲ့ မှတ်စုစာအုပ်ထဲမှာ အောက်ပါ လင်္ကာစာပိုဒ်တိုကို တွေ့ရလို့ သဲလွန်စကလေးတော့ ပေးလိုက်ပါတယ်။

'သုံးမည်ရတနာ၊ မကွာဆည်းကပ်၊ စွဲကြပ်ပုတီး၊ သုံးသီးသီတင်း၊ မြစင်းလျှင်းလျှင်၊ နာခြင်းတရား၊ မှတ်သားနားဝင်၊ အပြည့်ထင်၏' (ရွှေဟင်္သာမင်းပျို့၊ အပိုဒ် ၆၃)။

ရွှေဟသ်ာမင်းပျို့ကို အင်းဝခေတ် ရွှေအနန်းကြော့ရှင် (မြန်မာနှစ် ၈၇၁။ ခရစ်နှစ် ၁၅၀၉) လက်ထက်မှာ အရှင်တေဇောသာရ မထေရ် ရေးသားခဲ့ပါတယ်။ ဒါကြောင့် ပုတီးစိပ် အလေ့အကျင့်ဟာ ဗုဒ္ဓဘာသာ အစဉ်အလာထဲမှာ အနည်းဆုံး နှစ်ပေါင်း တစ်ခုယုတ် ငါးရာ (၄၉၉ နှစ်၊ အမေရိကန်လွတ်လပ်ရေး သက်တမ်းရဲ့ နှစ်ဆကျော်) ကြာခဲ့ပြီပေါ့။

## ဗုဒ္ဓဘာသာပုတီးစိပ်

ဗုဒ္ဓဝါဒီတို့ရဲ့ ပုတီးစိပ်ဆိုတာက (များသောအားဖြင့်) ဗုဒ္ဓဂုဏ်ရည်ကို ပုတီးလုံးပေါ်မှာ စိတ်မှတ်နဲ့ တင်ပြီး ပုတီးကို တစ်လုံးချင်းချတာ သို့ မဟုတ် ဗုဒ္ဓါနုဿတိဘာဝနာပွား (ဗုဒ္ဓဂုဏ်ကို အဖန်ဖန် အောက်မေ့) တာ ဖြစ်ပါတယ်။ ဝိပဿနာလမ်းကို မဝင်နိုင်သေးသူတို့ရဲ့ သမာဓိ ထက်သန် အားကောင်းလာမှုကို များစွာ အထောက်အပံ့ပြုလို့ ဒီအစဉ် အလာကို ဗုဒ္ဓဝါဒီတို့ အရေးပေး လက်ခံလာခဲ့တာ ဖြစ်နိုင်ပါတယ်။ ဗုဒ္ဓါ နုဿတိဆိုတာ ကောင်းမြတ်တဲ့ ဘာဝနာပါ။

ဗုဒ္ဓါနုဿတိ (ဗုဒ္ဓဂုဏ်ကို ပွားများခြင်း)ဟာ သမထဘာဝနာဖြစ်ပေ မယ့် အဖန်ဖန် ပွားများရင် ဝိပဿနာဘာဝနာ ဖြစ်သွားပြီး အရိယာဘုံ ကို ဆိုက်နိုင်လို့ ဝိပဿနာ အကျိုးရှိတဲ့ ကမ္မဋ္ဌာန်း ဖြစ်ပါတယ် (အံ-၄၅ ၁၊ ၃၆၇)။ ဒါကြောင့် ပုတီးစိပ်ခြင်းဟာ ဗုဒ္ဓဝါဒနဲ့ မဆန့်ကျင်ပါဘူး။

## ရိပ်သာဆရာတော်တွေရဲ့ ဩဝါဒ

ရိပ်သာဝင် တရားထိုင်နေစဉ်မှာ ပုတီးစိပ်သလိုလို၊ စာဖတ်သလိုလို လုပ်နေရင် တရားအမှတ် တက်နိုင်ပါ့မလား။ ရိပ်သာဆရာတော်တွေ သင်ပေးတာကိုသာ လိုက်နာပြီး တရားရှုမှတ်တာကိုပဲ စူးစူးစိုက်စိုက် လုပ်ပါမှ ယောဂီတွေ တရားတက်မှာပေါ့။ ဒါကြောင့် မည်သည့်ရိပ်သာ မှာမဆို မိမိတို့ရိပ်သာက သင်ပေးတာကိုသာ လုပ်စေလိုတဲ့ ရည်ရွယ် ချက်နဲ့ ပုတီးမစိပ်ဖို့ တားမြစ်တာ ဖြစ်နိုင်ပါတယ်။ ▢

## ဗုဒ္ဓဝါဒီတွေရဲ့ ဆုတောင်း



လျှောက်ထားပါရစေ ဆရာတော် အရှင်မြတ် ဘုရား၊

ဗုဒ္ဓဘာသာမှာ ဖန်ဆင်းရှင် ထာဝရဘုရား (ဂေါ့ဒ်)မရှိဟု ဆိုပါသည်။ သို့ဖြစ်ပါက ဆုတောင်းလျှင် တောင်းသည့်ဆုကို မည်သူက ပြည့်အောင် လုပ်ပေးပါသနည်း။ ဗုဒ္ဓကိုယ်တိုင်ကကော တပည့် သာဝကများအား ဆုတော်ကို ပေးခဲ့ဘူးပါသလား။ ကိုယ်လုပ်တဲ့ ကုသိုလ်က ဧကန်အကျိုးပေးမည်ဖြစ်၍ အထူးဆုတောင်းဖွယ် လိုပါသလား ဘုရား။ ဆုတောင်းတာနဲ့ ပတ်သက်ပြီး ထေရဝါဒဗုဒ္ဓဘာသာက မည်သို့ လက်ခံထားသည်ကို သိလိုပါသည်။

သက်လျာ

---

**ခြားနားချက်**

ဗုဒ္ဓဝါဒဟာ ဣဿရ (စကြဝဠာ ကမ္ဘာမိုးမြေကို စိုးပိုင်) နိမ္မာန (စကြဝဠာတစ်ခုလုံးကို ဖန်းဆင်း)တဲ့ ထာဝရတည်မြဲတဲ့ တစ်ဆူတည်းသော ဘုရားသခင်ရှိဝါဒကို လက်မခံတာ မှန်ပါတယ်။ အဲဒါကြောင့် ဗုဒ္ဓဝါဒီတို့ ဆုတောင်းရာမှာ ဘာမှမလုပ်ဘဲ အဲဒီတစ်ဆူတည်းသောဘုရားကို မျက်စိမှိတ် ယုံကြည်ရုံမျှနဲ့ လိုတာတွေ အားလုံးကို ရတယ်ဆိုပြီး လက်ဖြန့်တောင်းခံတဲ့ အဓိပ္ပာယ်မျိုး မဟုတ်ဘူး။

အကြောင်းဖြစ်တဲ့ ကုသိုလ်ကောင်းမှု အလုပ်တစ်ခုခုကို လုပ်ပြီးမှ ဆုတောင်း ပတ္ထနာပြုရင် တောင့်တတဲ့အတိုင်း ဖြစ်တယ်လို့ ယုံကြည်ပြီး ဆုတောင်းတာပါ။ တစ်နည်းအားဖြင့် 'ဆုတောင်းခြင်း' ဆိုတာ လက်တွေ့ လုပ်ရပ်နဲ့ ရင်တွင်းက ဆန္ဒကို ပေါင်းစပ်ခြင်းလို့ ဆိုနိုင်မလားဘဲ။

## ဗုဒ္ဓရဲ့ နှုတ်မြွက်

သင်္ဂီတိသုတ် (ဒီ ၃၊ ၂၁၄)မှာ မြတ်ဗုဒ္ဓက 'အလိုရှိရာကို တောင့်တ (ဆုတောင်း)ပြီး သမဏဗြဟ္မဏတို့ကို ထမင်း အဖျော်စသည့် လှူဖွယ်ဝတ္ထုကို ပေးလှူလျှင် လူနတ်ချမ်းသာကို ရနိုင်သည်သာမက ဗြဟ္မာဘဝကို ရရှိရန်ပါ အထောက်အပံ့ ပြုနိုင်၏ (အပိုဒ် ၃၃၇ အနှစ်ချုပ်)'လို့ မိန့်ပါတယ်။ 'တရားမျှတမှုကို ပြုလေ့ရှိသူသည် ကွယ်လွန်ပြီးနောက် လူ့ဘဝ နတ်ဘဝကို တောင့်တ (ဆုတောင်း) ပါက ရရှိနိုင်၏ (မ ၁၊ ၃၅၉)'။ 'အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ကိုယ်နှုတ် နှလုံးကို စောင့်စည်းခြင်း၊ ဣန္ဒြေတို့ကို စောင့်စည်းခြင်းဟူသော ရွှေအိုးကို မြှုပ်နှံ၍လည်းကောင်း၊ စေတီ သံဃာ ပုဂ္ဂိုလ် ဧည့်သည် အစ်ကို အစ်မတို့အား ပေးလှူခြင်း ကိစ္စကြီးငယ်ကို ဆောင်ရွက်ပေးခြင်းဟူသော ရွှေအိုးကို မြှုပ်နှံ၍ လည်းကောင်း အလိုရှိသော ချမ်းသာသုခကို တောင့်တ (ဆုတောင်း) ပါက တောင့်တသည့် ဆုကို ရနိုင်၏ (ခု ၁၊ ၉)'။

'သုဂတိ ဘဝတစ်ခုကို တောင့်တ၍ (ဆုတောင်း၍) ကုသိုလ် ပြုအံ့၊ ယင်း တောင့်တအပ်သော ဘဝ၌ ဖြစ်နိုင်၏ (**တတြူပပတ္တိယာ သံဝတ္တတီ**တိ ယံ ပတ္ထေတွာ ကုသလံ ကတံ၊ တတ္ထ တတ္ထ နိဗ္ဗတ္တနတ္ထာယ သံဝတ္တတိ၊ ဒီ-ဋ္ဌ ၃၊ ၂၂၇)'။ ပတ္ထေတွာ ပုဒ်ရဲ့ နိဿယပြန် အနက်က တောင့်တ၍ ဖြစ်ပေမယ့် ဆုတောင်း၍ ဆိုတာနဲ့ အတူတူပါ။

## ဗုဒ္ဓ ဆုပေးခြင်း

'ပဥ္စသိခနတ်သား၊ ကောင်းပေပြီ။ အခြွေအရံ ပရိသတ်နှင့်တကွ နတ်တို့ သနင်း (သင်တို့၏အရှင်) သိကြားမင်းသည် ချမ်းသာပါစေသတည်း (ဒီ ၂၊ ၂၁၅)'လို့ ဗုဒ္ဓက သိကြားမင်းကို ဆုတော် ပေးဖူးပါတယ်။

'မြတ်ဗုဒ္ဓသည် တစ်စုံတစ်ယောက် မိမိထံ လာရောက် ရှိခိုးသောအခါ ရွှေမရိုးစည်နှင့်တူသော မိမိ၏ လည်တိုင်တော်ကို မော့၍ နားချမ်းသာဖွယ် နှစ်သက်ဖွယ်ရှိသော၊ အမြိုက်ရေစင် သွန်းလောင်းသည်နှင့်တူသော အသံတော်ကို မြွက်ဟလျက် ''ကိုယ်စိတ် နှစ်ဖြာ ချမ်းသာပါ

စေ"ဟု ထိုပုဂ္ဂိုလ်၏ အမည်ကို ခေါ်ဝေါ်လျက် ဆုပေးစကား မြွက်ကြားတော်မူ၏ (မ-ဋ္ဌ ၁၊ ၁၈၅)'။

## ဗုဒ္ဓဝါဒ ဆုတောင်း

ဗုဒ္ဓဝါဒီတို့ လက်ခံတဲ့ ဆုတောင်းခြင်းရဲ့ အဓိပ္ပာယ်မှန်က ဒီလိုပါ။ သူသူငါငါ လောကသားတွေ အလိုအကြိုက် အမျိုးမျိုး စရိုက်အထွေထွေ ရှိကြရာမှာ မိမိလိုလားတဲ့ ရည်မှန်းချက် ပန်းတိုင်ကို ရရှိနိုင်ဖို့ ရည်ညွှန်းခြင်း၊ စိတ်ညွှတ်ခြင်း၊ စိတ်ကို ဆောက်တည်ခြင်း၊ စိတ်မှာ ထားခြင်း၊ စိတ်ကို ပွားများစေခြင်း၊ တောင့်တခြင်းကို ဆုတောင်းခြင်း (အဓိကာရပဏှန)လို့ ဆိုပါတယ်။

အဲဒီလို ဆုတောင်းရာမှာ ဗုဒ္ဓဝါဒီတွေဟာ ဒါန သီလ ဘာဝနာ ကုသိုလ် တစ်ခုခုကို လုပ်ပြီးမှ ဆုတောင်းပါတယ်။ အနည်းဆုံး ရတနာသုံးပါးကို ရှိခိုးကန်တော့ခြင်း (ပဏာမ) ကုသိုလ်လောက်ကို ပြုပြီးမှ ဆုတောင်းကြတာပါ။ ရှေးရှေးက ကျမ်းပြုမထေရ်ဇကျော်တွေဟာ ကျမ်းမပြုခင် ရတနာသုံးပါးကို ရှိခိုးပြီးတဲ့အခါ '**တသ္သာနုဘာဝေန ဟတန္တရာယော** = ဤပဏာမ(ရတနာသုံးပါးရှိခိုး) ကုသိုလ်ကြောင့် အန္တရာယ်ကင်းပျောက် (ကျမ်းပြီးမြောက်ပါစေ)'လို့ မိမိပြုစုနေတဲ့ ကျမ်းစာ အောင်မြင်စွာ ပြီးမြောက်ဖို့ ဆုတောင်းခဲ့ကြပါတယ်။

ပထမ ကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုရမယ်၊ အဲဒီနောက် လိုရာအကျိုးကိုရဖို့ ဆုတောင်းတယ်လို့ အဆင့် နှစ်ဆင့်ပါ။ အင်း၊ ဆုမတောင်းပေမယ့် ကုသိုလ်ကံက ကောင်းကျိုးကို ပေးမြဲပါပဲ။ ဒါပေမယ့် စိတ်ညွှတ်ပြီး လိုချင်တဲ့ဆုကို အထူးပြုပြီး ပန်ဆိုလိုက်တဲ့အခါမှာ မိမိရဲ့ စိတ်စွမ်းရည် စိတ်ကိုင်းညွှတ်မှု စိတ်ဦးတည်ချက်ဟာ ပိုမို ပီပြင်သွားတာပေါ့။ ဦးတည်ချက်ရှိတဲ့ လမ်းဟာ ပိုမို မဖြောင့်ဖြူးပေဘူးလား။

## ဆုတောင်းပြည့်

ပြောပြထားတဲ့အတိုင်း ဆုတောင်းတယ်ဆိုတာ ကိုယ့်အလုပ်ရဲ့ ဦးတည်ချက်ကို ဖော်ညွှန်းတာဖြစ်လို့ ဆုတောင်းပြည့်ခြင်း မပြည့်ခြင်းဟာ

စေတီ ရုပ်ပွား ဆင်းတုတွေနဲ့ မဆိုင်ပါဘူး။ အဲဒီစေတီ အဲဒီဆင်းတုတုတော်မှာ ဆုတောင်းမှ ဆုတောင်းပြည့်တယ်လို့လည်း မစွဲလမ်းသင့်ဘူး။ သီလပြည့်စုံ စင်ကြယ်နေခိုက် စင်ကြယ်တဲ့ဒါနကို ပြုပြီး အဓိဋ္ဌာန်ပြု ဆုတောင်းရင် စေတီဆင်းတု မပါဘဲလည်း ဆုတောင်းပြည့်နိုင်ပါတယ်။

ဒါပေမယ့် ဘာမဆို 'ဒါမှ ဒါပဲ ဟိုဟာဆိုရင် ဟင့်အင်'ဆိုတာမျိုးတော့ မဖြစ်သင့်ချေဘူး။ 'ဆုတောင်းပြည့်ဘုရား'ဆိုတဲ့ နာမည်က အနည်းဆုံး အိပ်မောကျ သို့မဟုတ် အိပ်မပျော့်တပျော် ဖြစ်နေတဲ့ ဗုဒ္ဓဝါဒီ တစ်ယောက်ကို လှုပ်နှိုးလိုက်နိုင်တယ်ဆိုရင် အကျိုးရှိတာပဲ။


အနာထပိဏ်သူဌေးဟာ သားမောင် ကာဠကို အသပြာပေးပြီး ဘုရားဆီကို သွားဖို့ ဖျားယောင်းခဲ့တဲ့ ထုံးရှိပါတယ်။ သာသနာပြု ပုဂ္ဂိုလ်တွေက ဂြိုဟ်ကြီးကိုးလုံး ပူဇော်မှု လွှမ်းမိုးတဲ့နေရာမှာ ဘုရားကိုးဆူပူ ဇော်မှုနဲ့ အစားထိုးပေးခဲ့တာကိုလည်း ဓမ္မနဲ့ မဆန့်ကျင်လို့ လက်ခံနိုင်တာပေါ့။ ဒါကြောင့် အခက်အခဲတွေနဲ့ မွှမ်းကျပ်နေသူတစ်ယောက်ကို 'ဒီကုသိုလ်လေးပြု ဘုရားဂုဏ်တော် ပွားများပြီး၊ အဓိဋ္ဌာန်ပြု ဆုတောင်းပါလား'လို့ ဗုဒ္ဓဝါဒီအချင်းချင်း အကြံပေးကောင်းပါတယ်။

တိုက်ဆိုင်မှုရဲ့ ရလာဒ်တစ်ခုခုကြောင့် အဲဒါနောက်ကိုပဲ လိုက်ပြီး လက်တွေ့ ကျင့်ကြံမှုကို မေ့လျော့နေရင်လည်း မသင့်နိုင်ပါဘူး။

ဘာပဲဖြစ်ဖြစ် ဘာသာတရား ကိုးကွယ်ရာမှာ ယောနိသော မနသိကာရ (သင့်အောင် နှလုံးသွင်းခြင်း)နဲ့ အစွန်း မရောက်ခြင်းတို့ဟာ အခြေခံလည်း ကျတယ်၊ အရေးလည်း ကြီးပါတယ်။ ❐

**ဓမ္မနာဝံ သမာရုယှ၊**
**သန္တာရေသိ သဒေဝကံ**

လူမျိုးပုံယင်၊ လှေပြည့်တင်၍၊ သသ်ရာကျယ်
မြစ်ပင်လယ်မှ၊ ဆယ်ကယ်အားသွန်
ပြည်နိဗ္ဗာန်သို့၊ မကျန်ပို့ရလိုဓါ်တည်း။
(ဆုတောင်းခန်းပျို့၊ ပိုဒ် ၁၈၅)



ရှိသေစွာ လျှောက်ထားပါသည် အရှင်မြတ်ဘုရား၊
တပည့်တော် သိလိုသည်မှာ -
တပည့်တော်သည် ကိစ္စများမြောင် လူ့တို့ဘောင်မှာ နေထိုင်လျက်ပင် တတ်နိုင်သမျှ စေတီကျောင်းကန်နှင့် ပရဟိတဌာနတွေမှာ ဒါနကောင်းမှု ပြုလုပ်ပါသည်။ ငါးပါးသီလကိုလည်း အနည်းဆုံး တစ်ပတ်သုံးရက် မကျိုးမပေါက်အောင် အထူးရည်ရွယ်ပြီး စောင့်ထိန်းပါသည်။ အခြား လူမှုရေးကိစ္စ အကျိုးဆောင်မှုတွေကိုလည်း တနိုင်တပိုင် ပြုလုပ်ပါသည် ဘုရား။ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်မှုကိုတော့ ဘဝပေးအခြေအနေ အရ ကျေနပ်လောက်အောင် အချိန်မပေးနိုင်သေးပါဘုရား။ တပည့် တော်၏ ထိုထိုကုသိုလ် အထူးများအတွက် ကျမ်းဂန်နှင့်အညီ မည်သို့ ဆုတောင်းမှု ပြုသင့်သည်ကို ညွှန်ကြားပေးစေလိုပါသည်ဘုရား။

မေစုချစ်၊ စကြာပူ

---

**အခွင့်သာခိုက်**

ရုပ်ဝတ္ထုတွေ ပြည့်စုံတဲ့ နေရာမှာ နေထိုင်ရပေမယ့် ဘဝရဲ့တန်ဖိုးကို နားလည်လို့ လူဖြစ်ကျိုးနပ်ပါတယ်။ ဗုဒ္ဓသာသနာနဲ့ ကြုံခိုက်မှာ ကောင်း မှုပြုဖို့ မမေ့တာကိုက ချီးမွမ်းစရာပါ။ အခွင့်သာခိုက်မှာ အတ္တ (ကိုယ်)နဲ့ ပရ (သူတစ်ပါး) အကျိုး မျှတအောင် ဆောင်ရွက်နိုင်ပါစေ။ စက်ရဟတ် အကြိမ်ကြိမ် လည်လို့ ဒိုင်နမိုက လျှပ်စစ်စွမ်းအားကို ထုတ်ပေးသလို၊ မီးပွတ်ခုံနဲ့ ပွတ်တံကို ထပ်ခါထပ်ခါ ပွတ်တိုက်လို့ မီးထွက်လာသလို ကြိမ်ဖန်များစွာ လုပ်လေ စိတ်စွမ်းအင် မြင့်လာလေပါပဲ။

**ကိုယ့်ဆန္ဒသာ**

ကောင်းမှုတစ်ခု ပြုပြီးနောက် ဆုတောင်းတယ်ဆိုတာ ကိုယ့်ဆန္ဒနဲ့ ကိုယ့်အကြိုက်ကို အခြေခံတာပါပဲ။ ကိုယ်ဖြစ်ချင်တာကို ကိုယ့်ဘာသာ

ဦးတည်ချက် ရည်ညွှန်းချက်ထားနိုင်ပါတယ်။ 'နိဗ္ဗာန်ကိုသာ ဆုတောင်းရင် ဝဋ်ကင်းရာကို ဆုတောင်းခြင်းဖြစ်လို့ အကောင်းဆုံး ဖြစ်ပါတယ်။ ဒါပေမဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့အခါ မည်သို့ မည်ပုံ ပြုလိုတယ်၊ နိဗ္ဗာန်မရမီ မည်သို့မည်ပုံ ဖြစ်လိုတယ်လို့ တောင့်တနိုင်ပါတယ်' (ထေရဂါဒစွယ်စုံကျမ်း၊ စာ-၈၆၀)။

မေးခွန်းရှင်ရဲ့ ဆန္ဒအတိုင်း ရှေးက သူတော်ကောင်း ပုဂ္ဂိုလ်တွေရဲ့ ဆုတောင်းအထူး ပြုခဲ့ကြပုံတွေကို အနည်းငယ် ပြောပြပါမယ်။ မိမိ နှစ်သက်ရာပုံစံကို ရွေးချယ်ပြီး အတုယူဆုတောင်းနိုင်ဖို့ သို့မဟုတ် ဆုတောင်းနည်းရဖို့ ဖြစ်ပါတယ်။

## အကိတ္တိဆုတောင်း

ဗုဒ္ဓလောင်းလျာ အကိတ္တိရသေ့ ဆုတောင်းပုံက ဒီလိုပါ။ 'လူမိုက်တို့ကို မတွေ့ မြင်ရသည့်ကိုယ်၊ (လူမိုက်အကြောင်း) မကြားရသည့်ကိုယ် ဖြစ်ရပါလို၏၊ လူမိုက်တို့နှင့် ပေါင်းသင်းမှု မပြုရသည့်ကိုယ်၊ လူမိုက်တို့နှင့် စကားစမြည် ပြောဆိုမိခြင်း(မျှပင်) မပြုရသည့်ကိုယ် ဖြစ်ရပါလို၏၊ လူမိုက်တို့အား မနှစ်သက်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏' (ဇာ ၁၊ ၁၆၈)။ အတုယူပြီး ဆုတောင်းကြည့်ပါ။

## အရှင်မဟာဗုဒ္ဓဃောသ

အေဒီ ၅ ရာစုမှာ ပေါ်ထွန်းပြီး သီဟိုဠ်မှာ သာသနာပြုခဲ့တဲ့ အိန္ဒိယ နိုင်ငံသား ထေရဝါဒဂုဏ်ဆောင် အရှင်မြတ်ကြီး ဖြစ်ပါတယ်။ ပိဋကတ်သုံးပုံရဲ့ အဖွင့်ကျမ်းတွေကို ပေ၅ွက်ပေါ်မှာ ကညစ်နဲ့ရေးတာ ခေတ်သစ်ကျမ်းစာ စာမျက်နှာပေါင်း တစ်သောင်းခွဲလောက်ရှိတယ်။ ကျမ်းပြု ကုသိုလ်ရဲ့ အကျိုးအတွက် ဒီအရှင်မြတ် ဆုတောင်းပုံက -

'သဒ္ဓမ္မသုံးဖြာ သာသနာ အခွန့်ရှည်ပါစေ။ သတ္တဝါအလုံး ဓမ္မကို ရိုသေလေးစားစွာ လိုက်နာ ကျင့်သုံးနိုင်ကြပါစေ။ လိုက်နာကျင့်သုံး၍ ဝိမုတ္တိရသ (နိဗ္ဗာန်ချမ်းသာ)ကို ခံစားနိုင်ကြပါစေ။ မိုးသည် ရွာသင့်သည့် အချိန်၌ ကောင်းစွာ ရွာသွန်းပါစေ (ကမ္ဘာ မြေပေါ်မှာ ရာသီ

ဥတုတွေ ကောင်းမွန်ပါစေ)။ ပြည့်ရှင်မင်း (အုပ်ချုပ်သူ) တို့သည် ရှေးမင်းကောင်း မင်းမြတ်များကဲ့သို့ ပြည်သူများကို မိမိ၏ သားသမီးရင်းများပမာ ကရုဏာဖြင့် စောင့်ရှောက်နိုင်ကြပါစေ'တဲ့။

**တောင်ဖီလာဆုတောင်း**

မြန်မာနိုင်ငံ အင်းဝခေတ်မှာ တောင်ဖီလာဆရာတော် (အေဒီ ၁၄၉၉-၁၅၇၂) က ပါဠိဘာသာနဲ့ရေးတဲ့ ဝိနယာလင်္ကာရဋီကာနိဂုံးမှာ ကျမ်းပြုကုသိုလ်အတွက် မိမိရဲ့ စိတ်ညွတ်ပုံကို ဒီလိုပြတယ်။

'ဤကျမ်းပြုကုသိုလ်ကြောင့် ဒုတိယဘဝတွင် ဟိမဝန္တာရှိ ဂန္ဓမာဒနတောင် ပတ္တမြားဂူအနီး မဉ္ဇူသကနတ်ပန်းပင်၌ သက်တမ်းရှည် ဗုဒ္ဓဝါဒီ ရက္ခစိုးနတ်ဖြစ်ရလို၏။

သာသနာတွင်းကာလ၌ ပဋိပတ္တိ ကျင့်ကြံတော်မူကြသော သံဃာတော်များ၏ ဝေယျာဝစ္စကို ဆောင်ရွက်လျက် ပရိယတ္တိ သင်ကြား သူတို့၏ ယုံမှားသင်္ကာကို ပယ်ဖျောက်ရပါလို၏။

သာသနာစောင့်မင်းတို့၏ မိတ်ဆွေဖြစ်ပြီး သာသနာဖျက်မင်းတို့အား နှိမ်နင်းနိုင်စွမ်းရှိသူ ဖြစ်ရပါလို၏။

သာသနာပကာလ၌ မဉ္ဇူသကသစ်ပင်မြတ်ကို အစဉ်အမြဲ ပူဇော် စောင့်ရှောက်လျက် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ပွင့်ထွန်းလာသောအခါ ထိုပစ္စေကဗုဒ္ဓါများအား အလုပ်အကျွေးပြုရပါလို၏။

ဤရက္ခစိုးနတ်ဘဝဖြင့် မေတ္တေယျဘုရားရှင် ပွင့်တော်မူသည် အထိ နေရပြီး ဘုရားပွင့်ချိန်၌ လူ့ဘဝသို့ ပြန်ရောက်လျက် ဘုရားရှင်၏ သာသနာတော်၌ ရဟန်းအဖြစ်ဖြင့် သာသနာပြုပုဂ္ဂိုလ် ဖြစ်ရ၍ ထို(မေတ္တေယျ) ဘုရားရှင်၏ ဘုရားစင်စစ် ဖြစ်လိမ့်မည်ဟူသော ဗျာ ဒိတ်စကားကို ခံယူရပါလို၏။

ဗျာဒိတ် ရပြီးနောက် ပါရမီဆယ်ပါး အပြား သုံးဆယ်တို့ကို ဖြည့်ကျင့် အားထုတ်လျက် အနာဂတ် တစ်ချိန်တွင် ဘုရား ကေန် ဖြစ်ရပါလို၏'။

**ဒီပဲရင်းဆုတောင်း**

တတိယ ရွှေကျင်သာသနာပိုင် ဆရာတော်ပါ။ ဆရာတော်ရဲ့ ပရမတ္ထ စက္ကူကျမ်းနိဂုံးမှာ ဆုတောင်းထားပုံက အတုယူဖွယ် ကောင်းပါတယ်။

'သူတစ်ပါး အကျိုးကိုလိုလားသူ ဖြစ်ရလို၏။ သူတစ်ပါးကလည်း ငါ့အကျိုးကို လိုလားပါစေ။ သူတစ်ပါး၏ ဆင်းရဲဒုက္ခကို မနှစ်သက်သူ ဖြစ်ရလို၏။ သူတစ်ပါးကလည်း ငါ့ဒုက္ခကိုနှစ်သက်သူ မဖြစ်ပါစေနှင့်။

**ရှင်ဥတ္တမကျော်ဆုတောင်း**

အင်းဝခေတ်စာဆိုကြီး ရှင်ဥတ္တမကျော်ရဲ့ ဆုတောင်းကလည်း စိတ်ဝင်စားဖွယ်ပါပဲ။ အရှင်မြတ်ကတော့ ဘုရားဖြစ်ဖို့ ဆုတောင်းတယ် -

'သညာသမုတ်၊ ပညတ်ထုတ်သည်၊ ရှင်ဥတ္တမကျော်၊ ထေရ်မြတ်သော်လည်း၊ အဟော်နှောင်လာ၊ ငါ့ရိုက်ရာကို၊ သစ္စာဖူးငုံ၊ ပွင့်အံ့တုံ ဟု၊ ကိုးဂုဏ်ရှင်ပင်၊ အံ့ချီးတင်သည်၊ ငါလျှင်လည်းကောင်း၊ ဗောဓိလောင်းဟု၊ ညွှတ်ညောင်းတံဆိပ်၊ နှုတ်ဗျာဒိတ်ဖြင့်၊ ခတ်နှိပ်သေချာ၊ နှုတ်ဩဘာသည်၊ မြဲစွာဖြစ်ဖြစ်လိမ့် လ,မှန်တည်း'။

**ဤကိုယ်မိတ်ဆွေ**

'ပညာမဲ့သူ လူမိုက်တို့သည် ခါးသီးသော အကျိုးကို ဖြစ်စေသည့် မကောင်းမှုကို ပြုကြလျက် ရန်သူဖြစ်သည့် ကိုယ်ဖြင့်သာ (သံသရာ) ခရီးကို သွားနေကြ၏ (သံ ၁၊ ၅၁)'လို့ မြတ်ဗုဒ္ဓ မိန့်ပါတယ်။ ဒါကြောင့် အရေးကြီးတာက မိတ်ဆွေဖြစ်တဲ့ ဤခန္ဓာကိုယ်နဲ့ ဘဝသံသရာခရီးကို သွားနိုင်မယ့် အခြေအနေ အခွင့်အလမ်းမျိုးကို ရအောင် ဆုတောင်းတာဟာ သင့်မြတ်တဲ့ ဆုတောင်းခြင်းမျိုး ဖြစ်ကြောင်းပါ။ □

# ဗုဒ္ဓ နှင့် ဒေဝဒတ်

ဆရာတော် အရှင်မြတ်ဘုရား၊

ဗုဒ္ဓဘုရားရှင်သည် အလုံးစုံကို သိမြင်နိုင်စွမ်းရှိသည့် သဗ္ဗညုတဉာဏ်ထူးနှင့် ပြည့်စုံသည်ဟု ဆိုပါသည်။ သို့ဖြစ်ပါက အဘယ်ကြောင့် ဒေဝဒတ်၏ ကျောက်မောင်းဆင် လုပ်ကြံမှုကို မရှောင်လွှဲနိုင်ဘဲ ခြေမတော်မှာ ဒဏ်ရာရတဲ့အထိ ဖြစ်သွားခဲ့ရပါသနည်း။ သာသနာတော်၏ အကျိုးကို မဆောင်ရွက်ပဲ မိမိ၏အသက်ကို လုပ်ကြံသည်အထိပင် ဖြစ်လာမည့် ဒေဝဒတ်ကို အဘယ်ကြောင့် ရဟန်းပြုပေးခဲ့ရပါသနည်း။

ဒီအချက်နှင့်ပတ်သက်၍ စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေပါသည်။ ဗုဒ္ဓသည် ဒေဝဒတ်ကို မသိ၍ ရဟန်းပြုပေးခဲ့ခြင်းလော၊ သိလျက်နှင့်လော၊ အဘယ်ကြောင့်နည်းဆိုသည့် အချက်များနှင့် သဗ္ဗညုတဉာဏ်၏ သ ဘော သဘာဝတို့ကို သိလိုပါသည် ဘုရား။

ရဝေလှိုင်

---

**သဗ္ဗညုတဉာဏ်**

အစွမ်းထက်တဲ့ မှန်ပြောင်းကြီးရှိပါလျက် အိပ်ပျော်နေရင်၊ အသုံးမပြုရင် အဝေးကို မမြင်နိုင်ပါဘူး။ အဲဒီလိုပဲ အိပ်ပျော်နေခိုက်၊ မဆင်ခြင်ခိုက်တွေမှာ သဗ္ဗညုတဉာဏ် အလုပ် မလုပ်ပါဘူး။ အကုန်သိတယ်ဆိုတာ ဆင်ခြင်မှ သိတာပါ (သဗ္ဗညုတဉာဏ ဟိ အာဝဇ္ဇနပဋိဗဒ္ဓံ၊ ပဋ္ဌာနအဋ္ဌကထာ၊ မ–၅ ၃၊ ၁၃၆)။ 'တရားအားလုံးကို သိသူမြင်သူမရှိဟု ငါဘုရားမဟော။ တရားအားလုံးကို သိသူ မြင်သူရှိ၏ဟု ငါဘုရားဟော၏။ သို့ရာတွင် တစ်ကြိမ်တည်းဖြင့် အလုံးစုံသော တရားတို့ကို သိမြင်နိုင်သူ မရှိ။ အကြိမ်ကြိမ် ဉာဏ်ဖြင့် ဆင်ခြင်မှ သိနိုင်မြင်နိုင်၏ (မ ၂၊ ၃၂၉)'။

ရှေးဘဝ အကုသိုလ်ကံကြွေးကို ဘုရားရဟန္တာတွေလည်း မရှောင်

ကွင်းနိုင်ပါဘူး။ မဟာတန်ခိုးရှင် အရှင်မောဂ္ဂလ္လာန်ဟာ ခိုးသားတွေ လာရောက် ရိုက်နှက်မှာကို ကြိုသိလို့ ပထမ ရှောင်လွှဲနေခဲ့ပေမယ့် နောက်ဆုံးမှာတော့ မိမိရဲ့ ဘဝနောက်ဆုံးအခြေအနေနဲ့ ရှောင်လွှဲမရတဲ့ အကုသိုလ်ကြွေးကို သိလို့ လျစ်လျူရှုခဲ့ပါတယ်။

ဒေဝဒတ် ကျောက်မောင်းဆင် ရန်ပြုလို့ ခြေမတော်မှာ ဒဏ်ရာရသွားတာလည်း ဗုဒ္ဓလောင်းလျာ နစဉ်အတိတ်ဘဝတုန်းက ဥစ္စာပစ္စည်းကို အကြောင်းပြုပြီး ညီအရင်းကို ကျောက်ခဲနှင့် ထုကြိတ်ခဲ့တဲ့ အကုသိုလ် ကံကြွေးကြောင့်ပါ။ အဲဒီလို မရှောင်လွှဲနိုင်လို့ ဗုဒ္ဓအဖြစ်နဲ့ အကုသိုလ် ကြွေးကို ခံရတာ ၁၂ ကြိမ် ရှိပါတယ် (အပဒါန ၁၊ ၃၄၈)။ အဲဒါကို ဝိပါက်တော် ၁၂ ပါး လို့လည်း ခေါ်ပါတယ်။

**ဗိမ္ဗိသာရစိတ်ထား**

ဗုဒ္ဓဘုရားရှင်ဟာ ဒေဝဒတ်က မိမိကို သေကြောင်းကြံမှာနဲ့ သံဃာကို သင်းခွဲမှာကို ကြိုတင်သိမြင်လျက်နဲ့ ရဟန်းပြုပေးခဲ့တာပါ။ ဘာကြောင့်ဆိုရင် ဗုဒ္ဓဘုရားမှာ တစ်လောကလုံးနဲ့ မနှိုင်းယှဉ်နိုင်တဲ့ မဟာကရုဏာ (ကြီးမားတဲ့ သနားကြင်နာခြင်း)နဲ့ မဟာပညာ (ကြီးမားတဲ့ အသိပညာ) ရှိလို့ပါပဲ။ အဲဒီတရားနှစ်ပါး အရင်းခံကြောင့်ပဲ လောကကို တရားအေးအမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့တာပါ။

ငါ့ကို မကြည်ညို ငါ့စကားနားမထောင်လို့ ဒီလူကိုတော့ လျစ်လျူရှုထားမယ် ဒဏ်ခတ်မယ်ဆိုရင် 'အနန္တကရုဏာရှင်ဘုရား'လို့ မဆိုနိုင်ဘူး။ မိမိကိုသတ်မဲ့ ရန်သူပင် ဖြစ်ပေမဲ့ ရန်သူလိုသဘောမထားဘဲ ကောင်းကျိုး တစ်ခုခုရအောင် ဆောင်ရွက်ပေးနိုင်လို့ပဲ ဗုဒ္ဓဘုရားဆိုတဲ့ ဂုဏ်ထူးကို ရတာပါ။ ဒေဝဒတ်ဟာ ရဟန်းမပြုခဲ့ရင်လဲ လူ့အဖြစ်နဲ့ ဗုဒ္ဓအပေါ် ယုတ်မာ အကောက်ကြံမှာပါပဲ။ ရဟန်းပြုလိုက်တဲ့အတွက် သီလသမာဓိပညာ သိက္ခာသုံးရပ်ကို အခိုက်အတံ့ ကျင့်ခွင့်ရပြီး ရှာန်အဘိညာဉ်ကိုတောင် ရရှိခဲ့ပါတယ်။

အဲဒီသူတော်ကောင်း အကျင့်ကြောင့်ပဲ သေခါနီးမှာ အမှားကို ဝန်

ခံပြီး ဗုဒ္ဓကို အသက်နဲ့အမျှ ရှိခိုးကိုးကွယ်ခဲ့ရုံမက နောင်အခါ အဋ္ဌသရ အမည်ရတဲ့ ပစ္စေကဗုဒ္ဓတောင် ဖြစ်လာပါလိမ့်အုံးမယ် (ဓမ္မပဒ-ဋ္ဌ ၁၊ ၉၅)။ ဗုဒ္ဓရှင်တော်မြတ်က ရဟန်းပြုပေးခဲ့တဲ့အတွက် ဒေဝဒတ်ရဲ့ ဘဝ သံသရာမှာ ကျင်လည်ရမယ့် ဒုက္ခသက်တမ်းဟာ အဆများစွာ တို တောင်းသွားခဲ့ပါတယ် (မိလိန္ဒ၊ ၁၄)။

ဗုဒ္ဓလက်ထက်က ဗိမ္ဗိသာရ မင်းဟာ မိမိကို သတ်မယ်ဆိုတာ သိ လျက်နဲ့ သားတော် အဇာတသတ်ဖြစ်လာမယ့် သန္ဓေသားကို မဖျက် ဆီးခဲ့ပါဘူး။ သာမန်လူတစ်ယောက်မျှဖြစ်တဲ့ ဗိမ္ဗိသာရတောင် ဒီစိတ်မျိုး ထားနိုင်ရင် ဗုဒ္ဓဘုရားဆိုရင် ဆိုဖွယ်ရှိပါဦးမလား။

**မဟာကရုဏာ**

နာမည်က အမ္ဗဋ္ဌတဲ့။ သွေးနားထင်ရောက်နေတဲ့ အဲဒီ ပညာတတ် ပုဏ္ဏားပျို တစ်ယောက် ဗုဒ္ဓရဲ့ခန္ဓာကိုယ်မှာ ဗုဒ္ဓဖြစ်နိုင်တဲ့ ကြန်အင် လက္ခဏာ ၃၂ မျိုး ပါမပါ စုံစမ်းလိုတဲ့အတွက် ဗုဒ္ဓဆီ ရောက်လာတယ်။ လက္ခဏာ အားလုံးနီးပါး တွေ့ရှိပြီးပေမယ့် 'အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်'ကိုတော့ သင်္ကန်းတော်နှင့် ဖုံးထားလို့ မတွေ့ရသေးလို့ ဗုဒ္ဓစစ်မစစ် သံသယရှိနေတယ်။

ဒါကြောင့် မြတ်ဗုဒ္ဓဟာ အမ္ဗဋ္ဌကို ရှင်တော်မြတ်ရဲ့ ယောကျ်ား အင်္ဂါကို တန်ခိုးနဲ့ ဖန်ဆင်းပြရပါတယ် (ဒီ ၁၊ ၁၀၅)။ (စပ်မိလို့ ဗုဒ္ဓ ကျင့်စဉ်ကို နားမလည်တဲ့ လူမျိုးခြား တစ်ယောက်ကလဲ ဗုဒ္ဓမှာ နောက် က အမြဲလိုက်နေတဲ့ ရဟန်းတစ်ပါးရှိလို့ ယောကျ်ားမှ စစ်ရဲ့လား၊ gay မဖြစ်နိုင်ဘူးလားလို့ အတည်အပေါက်လိုလို နောက်ပြောင်သလိုလို မေး တာကို ခံရလို့ စိတ်ဆိုးရခက်ကြီး ဖြစ်ဖူးပါတယ်)။

'ဒါမျိုးကို သာမန်လူတောင် မလုပ်ပါဘူး၊ တန်ခိုးနဲ့ပြလဲ ပြတာပဲ မဟုတ်လား'လို့ မိလိန္ဒမင်းက မေးရာမှာ အရှင်နာဂသိန်က 'မင်းကြီး၊ ဗုဒ္ဓရဲ့ မဟာကရုဏာတော်ဟာ အင်မတန် ကြီးမားပါတယ်။ အသည်း နှ လုံးကို ထုတ်ပြမှ တရားထူးကို ရမယ်ဆိုရင် ဘုရားရှင်ဟာ အသည်းနှ လုံးကိုလဲ ဖြတ်ပြီး ထုတ်ပြမှာပါ'လို့ ဖြေကြားပါတယ် (ဒီ-ဋ္ဌ ၁၊ ၂၄၅)။

နစဥ်ဘဝမှာတုန်းက ဦးခေါင်းကို ရိုက်ခွဲပြီး အသက်ကို ရန်ရှာတဲ့ အိမ်အပြန်လမ်းကို ရှာမရဖြစ်နေတဲ့ လူမိုက်ကိုတောင် ဦးခေါင်းဒဏ်ရာက သွေးတွေ ယိုစီးကျနေရင်းက အိမ်ကိုရောက်အောင် လမ်းမှန်ကို ပြပေးနိုင်ခဲ့ပါတယ် (ဇာ-ဋ္ဌ ၅၊ ၇၀)။ ▢




လျှောက်ထားပါရစေ အရှင်ဘုရား၊

ဗုဒ္ဓဘာသာမှာ ထာဝရတည်မြဲနေသည့် အသက်ကောင် ဝိညာဉ်ကောင် သို့မဟုတ် လိပ်ပြာကောင် မရှိဟု ဆိုပါသည်။ သို့ဖြစ်လျှင် နောက်ဘဝ၌ ပဋိသန္ဓေနေပြီး သံသရာလည်သည်မှာ မည်သည့်အရာ ဖြစ်ပါသနည်း။ နောက်ဘဝ၌ ပဋိသန္ဓေ သွားတည်သည်မှာ မည်သည့်အရာ ဖြစ်ပါသနည်း။ နောက်ဘဝ ပဋိသန္ဓေနေပြီး သံသရာလည်ပုံကို မရှင်းလင်းပါဘုရား။ လူမှုစီးပွား အခြေအနေအရ အမျိုးသမီးများ ပဋိသန္ဓေတားလျှင် ဗုဒ္ဓဘာသာရှုထောင့်မှ မည်သို့ ယူဆပါနည်း အရှင်ဘုရား။

သတိုးလှ

---

**ဝိညာဉ်ကောင်မရှိ (အနတ္တ)**

စိတ်ပညာရှင် ပါမောက္ခ ဂျိမ်းစ်က ဝိညာဉ်ကောင် (Soul) ကို ရှာမရတဲ့ နောက် 'The thoughts themselves are the thinkers. အတွေးတွေဟာ တွေးသူတွေပါပဲ'လို့ အဖြေထုတ်ဖူးပါတယ် (*Principles of Psychology, p. 215*)။ သမ္မုတိသစ္စာ (ခေါ်ဝေါ်သုံးစွဲမှုအမှန်) နယ်မှာ ပုဂ္ဂိုလ်သတ္တဝါ ရှိတယ် ဆိုတာကို ဗုဒ္ဓဝါဒက မငြင်းပါဘူး။ ဒါပေမယ့် ပရမတ္ထသစ္စာ (သ

ဘာဝရှိအမှန်) နယ်မှာတော့ ပြောင်းလဲမသွားတဲ့ ထာဝရတည်မြဲနေတဲ့ အထည်ကိုယ် ဒြပ်တစ်ခု မရှိဘူးလို့ ငြင်းပါတယ်။

ဗုဒ္ဓဝါဒက လူတွေ သတ္တဝါတွေကို သန္တတိ (ဖြစ်စဉ်) လို့ပဲ မြင်ပါတယ်။ ရုပ်တရားတွေဟာ စက္ကန့်ပိုင်းအတွင်းမှာ အကြိမ်ပေါင်း မြောက်များစွာ အဟောင်းတွေချုပ်ပြီး အသစ်တွေ ပြန်ဖြစ်နေသလို နာမ်တရားတွေဟာလည်း ရုပ်ထက် မြန်တဲ့နှုန်းနဲ့ အကြိမ်ပေါင်း ကုဋေကုဋာချီပြီး အဟောင်းချုပ် အသစ်ပေါ် ဖြစ်နေပါတယ်။ အဲဒီလို ဒလစပ်ဖြစ်နေအောင် ကမ္မစွမ်းအားအလျဉ်က တွန်းပို့ပါတယ်။

'ကမ္မ(စွမ်းအား)ကို ပြုလုပ်သူ အတ္တ (ဝိညာဉ်ကောင်) မရှိ၊ အကျိုးကို ခံစားသူ အတ္တကောင်လည်းမရှိ၊ အမှန်မှာ ရုပ်နာမ်ဓမ္မ ပရမတ္ထတရားတို့ သက်သက်သာ (ကြောင်းကျိုးဆက်ကာ) ဖြစ်ကြကုန်၏။ ဤသို့ရှုမြင်မှုသည် မှန်ကန်သော အမြင်ဖြစ်၏ (ဝိသုဒ္ဓိ-၅ ၂။ ၂၃၇)'။

**အနတ္တ သံသရာလည်ပုံ**

မြို့ပြကြော်ငြာတွေမှာ ရောင်စုံ လျှပ်စစ်မီးလုံးလေးတွေ ဆိုင်းဘုတ်ကို ပတ်ပြေးနေတာကို တွေ့ဖူးပါလိမ့်မယ်။ လျှပ်စစ်စွမ်းအင်အလျဉ် တစ်လုံးပြီးတစ်လုံး စီးခိုက် ဆုံစည်းခိုက်မှာ တစ်လုံးလင်း တစ်လုံးမှိတ် ဖြစ်နေတာကို အဝေးကကြည့်တော့ မီးလုံးတွေ လည်နေတာပေါ့။ အမှန်တော့ လည်နေတာက လျှပ်စစ်စွမ်းအင်ပါ။

ဘောလုံးတစ်လုံးကို လှိမ့်လိုက်လို့ နောက်ဘောလုံးကို သွားထိရာမှာ ပထမဘောလုံးက ရပ်နေခဲ့ပြီ၊ ဒုတိယဘောလုံးက ဆက်လိမ့်ပြီး နောက်တစ်လုံးကို ထိမယ်၊ လိမ့်မယ်။ ဘောလုံးတွေ ရွေ့ရှားမှုကို ဖြစ်ပေါ်စေတာဟာ အရှိန် သို့မဟုတ် သတ္တိပဲ။

မွေးဖွားခြင်းဆိုတာ ဗုဒ္ဓဝါဒအလိုအရ ခန္ဓာငါးပါး ဖြစ်ပေါ်လာခြင်း (ခန္ဓာနံ ပါတုဘာဝေါ) ဖြစ်ပါတယ်။ ပစ္စုပ္ပန် ရုပ်နာမ်ဖြစ်စဉ်ဟာ ထာဝရဝတ္ထုမရှိဘဲ တစ်ခုပြီး တစ်ခု ဖြစ်ပေါ်သလို ဘဝခန္ဓာအသစ် ဖြစ်စဉ်မှာလည်း ဒီဘဝကနေ နောက်ဘဝကို ကူးသွားတဲ့ ထာဝရဝတ္ထု မရှိပါဘူး။

နောက်ဘဝ ခန္ဓာသစ် ထပ်ဖြစ်ဖို့ တွန်းပို့တာက အဲဒီ ကမ္မစွမ်းအင် အလျဉ်ပါပဲ။ လှုပ်စစ်နဲ့ ရွေ့ရှားမှုတွေက မျက်စိနဲ့မမြင်နိုင်တဲ့ ရုပ်စွမ်းအင်တွေဖြစ်သလို ကမ္မဟာလည်း မမြင်နိုင်တဲ့ နာမ်စွမ်းအင် ဖြစ်ပါတယ်။

**ပဋိသန္ဓေတည်ပုံ**

ဗုဒ္ဓကျမ်းဂန်အလို –

'၁) မိဘလောင်းတို့ သံဝါသပြု

၂) မိခင်လောင်း ဥတုပန်းပွင့်ဆဲ

၃) ပဋိသန္ဓေနေမယ့် သတ္တဝါ အဆင်သင့်ဖြစ် (မ ၁၊ ၃၃၂)'လို့ ပဋိသန္ဓေမှုအတွက် အင်္ဂါသုံးမျိုး ရှိပါတယ်။

အဲဒီပါဠိတော်ကို အဋ္ဌကထာဋီကာတွေနဲ့အညီ အဓိပ္ပာယ်ဖွင့်ရင် –

၁) မိဘနှစ်ဦး သံဝါသပြုမှုကြောင့် ဖခင်ရဲ့ သုက်သွေးမှ ဗိုမျိုးဥရပြီး

၂) မိခင်ရဲ့ ဥတုသွေးစင်ပြီးစ မမျိုးဥရချိန်နဲ့ ကြုံလို့ အဲဒီ မျိုးဥနှစ်ခု ပေါင်းစပ်ပြီး တစ်ခုတည်း ဖြစ်သွားတဲ့နောက် (သားအိမ်၌ ဥတုသွေး စင်ကြယ်သောအခါ မိဘနှစ်ဦးတို့ တစ်ကြိမ် သံဝါသပြုထားလျှင် ခုနစ်ရက်ပတ်လုံး သန္ဓေတည်နိုင်သော ခေတ်ချည်းဖြစ်၏၊ မ–ဋ္ဌ ၂၊ ၂၁၀)။

၃) အဲဒီ မိခင်ရဲ့ ဝမ်းမှာ ဖြစ်ထိုက်တဲ့ သတ္တဝါက ဘဝဟောင်းက သေလာတဲ့ အချိန်ဟာ သန္ဓေဦးအစပါပဲ။

ဆေးသိပ္ပံအလို (မှတ်ဖူးသမျှ) မိဘလောင်းတို့ သံဝါသပြုရာမှ အောင်မြင်တဲ့ ဗိုမျိုးဥ(Spermatozoa)နှင့် မမျိုးဥ(Ova)တို့ သားအိမ်ကြော (Fallopian Tube) အတွင်းမှာ ပေါင်းစပ်မှုနဲ့ သန္ဓေဦးအစဖြစ်ပြီး လေးလလောက်အကြာမှာ သန္ဓေသား စတင်လှုပ်ရှားတယ် သို့မဟုတ် အသက်ဝင်တယ်လို့ ဆိုပါတယ်။

**ပဋိသန္ဓေတားခြင်း**

စိတ်ဝိညာဉ်ဆိုတာ အင်မတန် သိမ်မွေ့ပါတယ်။ မိုက်ခရိုစကုပ်နဲ့ ကြည့်လို့ မမြင်ရပါဘူး။ ဗုဒ္ဓရှင်တော်မြတ်ကျတော့ သဗ္ဗညုတညာဏ် အာသိညာဏ် ဝိပဿနာညာဏ်တွေနဲ့ သိမြင်တော်မူလို့ 'မိဘတို့၏ သုက်သွေး

ဥတုနှင့်တကွ ကမ္ဘဇရုပ် သုံးဆယ်ဟူသော ကလလရေကြည်ထဲမှာပင် ပဋိသန္ဓေ ဝိညာဉ် စ၍ဖြစ်၏’လို့ ဟောတော်မူပါတယ်။

ဒါကြောင့် ဗုဒ္ဓဝါဒအလို ပဋိသန္ဓေတည်တာနဲ့ တစ်ပြိုက်နဲ့ ရုပ်နာမ် နှစ်မျိုးလုံး ဖြစ်နေပြီ သို့မဟုတ် အသက်ဝင်နေပြီလို့ ဆိုပါတယ်။ ဒီတော့ အသက်ရှိနေတဲ့ အဲဒီသန္ဓေဦးကို ဖျက်ဆီးရင်လည်း လူသတ်တယ်လို့ ဆိုရပါတယ်။ အပြစ်ကင်းတဲ့ နည်းကတော့ အဖရဲ့ သုက်သွေးကို ဖျက်ဆီးထားရင်၊ သို့မဟုတ် အမိရဲ့ မျိုးဥကို ဖျက်ဆီးထားရင်၊ သို့မဟုတ် မျိုးဥ နှစ်ခု မဆုံးစည်းစေနိုင်တဲ့ ဆေးကို သုံးစွဲထားရင်၊ သို့မဟုတ် မျိုးဥ နှစ်ခု မဆုံစည်းနိုင်အောင် ခေတ်နည်းနဲ့ ကာကွယ်ထားနိုင်ရင် ဗုဒ္ဓတရားတော်အရ အပြစ်မရှိဘူးလို့ ဆိုနိုင်မှာပါ။ ❒




ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

အခုခေတ် မိဘဘိုးဘွားတွေရော လူတိုင်းကပါ လက်ခံကျင့်သုံးတဲ့ အယူအဆတစ်ခု ရှိပါတယ်ဘုရား။ အဲဒါကတော့ တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲ မောင်နှမအချင်းချင်း လက်မထပ်သင့်ဘူး ဆိုတာပါဘုရား။ လက်ထပ်ရင် ဘာဖြစ်သလဲလို့ မေးတော့ ငရဲကြီးတယ်လို့ ပြောပါတယ်ဘုရား။ ဒီလိုဆိုရင် နှမရင်းတွေကို မိဖုရားမြှောက်ကြတဲ့ အရင်ခေတ်က ဘုရင်တွေ ငရဲကို ရောက်ကုန်မယ်လို့ ထင်ပါတယ်ဘုရား။ ဆွေမျိုးရင်း တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲတွေနဲ့ အိမ်ထောင်ပြုရင် ငရဲကြီးပါသလား ဆိုတာကို သိလိုပါသည်ဘုရား။

မျိုးထွဋ်ခေါင်

-------------------

**ရှေးခေတ်က ဘုရင်တွေ**

မဟာသမ္မတမင်းဆက် တတိယ ဩက္ကာကမင်းရဲ့ အကြီးဆုံး မိဖုရားမှာ သားတော် လေးယောက် သမီးတော် ငါးယောက် ဖွားမြင်ပါတယ်။ အဲဒီ ဩက္ကာကမျိုး မင်းသား မင်းသမီး ကိုးယောက်ဟာ ဟိမဝန္တာတော တစ်နေရာမှာ သီးခြားမြို့ပြနိုင်ငံ တည်ထောင်ကြတဲ့အခါ ဩက္ကာကမျိုး မင်းဆက် မပျက်ရအောင်လို့ အကြီးဆုံး မင်းသမီးကို အမိအရာမှာ ထားပြီး မင်းသား လေးယောက်က နှမရင်းဖြစ်တဲ့ ကျန်မင်းသမီးလေး ယောက်နဲ့ လက်ထပ် အိမ်ထောင်ပြုရာကနေ သကျမျိုး စတင်ခဲ့တယ်။ ဗုဒ္ဓဘုရားဟာ အဲဒီသကျမျိုးက ဆင်းသက်လာသူ ဖြစ်ပါတယ် (ဒီ ၁၊ ၈၇။ ဒီ-ဋ္ဌ ၁၊ ၂၃၀)။

ရှေးခေတ် အီဂျစ်က ဖာရော ဘုရင်တွေဟာ မောင်နှမရင်း အချင်း ချင်း တစ်ခါတစ်ရံ အဖေနဲ့ သမီးတောင် လက်ထပ်ပြီး နန်းတက်ကြ တယ်။ အကြောင်းက နတ်ဘုရားတွေကို အတုယူတာ တစ်နည်း ၎င်း တို့ကို လူထုက နတ်ဘုရားတွေလို့ ထင်စေချင်လို့ ဖြစ်ပါသတဲ့။

**ဘာသာရေး တားမြစ်ချက်များ**

Leviticus (ဝတ်ပြုရာကျမ်း) အခန်း ၂၀ ကို အစအဆုံး ဖတ်ကြည့်ရင် အမေ၊ သမီးရင်း၊ နှမရင်း၊ အဒေါ်ရင်းတွေနဲ့ လိင်ဆက်ဆံရင် အင်မတန် ဆိုးသွမ်းလို့ ဘုရားသခင်က သေဒဏ်ပေးပါတယ်။ (တူရင်း တူမရင်း တွေနဲ့ ပတ်သက်ပြီး ဖော်ပြချက်ကို မတွေ့မိပါ။) ဒါပေမယ့် မောင်နှမ ဝမ်းကွဲတွေနဲ့ ပတ်သက်ပြီး တားမြစ်ချက်မရှိ။ ကိုရ်အာန်ကျမ်း ၄း၂၃- ၂၄ မှာတော့ အမေ၊ သမီးရင်း၊ နှမရင်း၊ အဒေါ်ရင်း၊ တူမရင်း၊ ယောက္ခ မ၊ မယားပါသမီးတွေနဲ့ မေထုန်ပြုတာကို ရိုင်းပျတဲ့အမှုဖြစ်လို့ တားမြစ် ပါတယ်။ ဝမ်းကွဲ မောင်နှမတွေကိုတော့ ခွင့်ပြုပါတယ်။ အချို့ ဟိန္ဒူတွေ က မိသားစုဝင် အချင်းချင်း လက်ထပ်ခွင့် မရှိဘူး။ အိန္ဒိယတောင်ပိုင်း ဟိန္ဒူအချို့ကတော့ cross-cousin (အဖေ့ အစ်မနှမရဲ့ သားသမီး၊ အမေ့

အစ်ကို မောင်ရဲ့ သားသမီး)တွေကို လက်ထပ်ခွင့်ရှိတယ်။ ဒါပေမယ့် အဖေညီအကိုရင်း အမေညီအမရင်းက မွေးတာကိုတော့ ခွင့်မပြုဘူး။

ဘုန်းကြီးတို့ အရပ်ဒေသမှာ အိန္ဒိယတောင်ပိုင်းက ဟိန္ဒူတွေနဲ့ တူတာကို တွေ့ရတယ်။ အမေ့မောင်အရင်းရဲ့ သမီးတွေ တစ်နည်း ဘုန်းကြီးရဲ့ နှမဝမ်းကွဲတွေနဲ့ ပတ်သက်ပြီး ငယ်ငယ်က ခံစားချက် နှစ်မျိုး ဖြစ်ဖူးတာကို အမှတ်ရပါတယ်။ သူတို့ကို ထိရင် မခံနိုင်တဲ့ မောင်နှမ သံယောဇဉ်မျိုးနဲ့ ပတ်ဝန်းကျင် သို့မဟုတ် အစဉ်အလာက ပေးတဲ့ အသိကြောင့် ခပ်စိမ်းစိမ်းနဲ့ ရှက်လည်း ရှက်နေတဲ့ အဖြစ်မျိုးပါ။ အမေ့ညီမက မွေးတာတွေကျတော့ ရှက်စိမ်းစိတ် မရှိဘူး။

စကားမစပ်၊ ဗုဒ္ဓဖြစ်လာမယ့် မင်းသားသိဒ္ဓတ္ထရဲ့ မယ်တော် မဟာမာယာနဲ့ မင်းသိဒ္ဓတ်ရဲ့ ကြင်ယာတော် ယသော်ဓရာ မင်းသမီးရဲ့ ဖခင် သုပ္ပဗုဒ္ဓမင်းတို့ဟာ မောင်နှမအရင်း ဖြစ်ပါတယ်။

## ဗုဒ္ဓဝါဒအစဉ်အလာ

ဗုဒ္ဓဝါဒ အစဉ်အလာမှာ အဖေနဲ့သမီး၊ သားနဲ့အမေ၊ မောင်နဲ့နှမ မေထုန်မှုကို အထူးစက်ဆုပ်ဖွယ်အနေနဲ့ ယူဆပါတယ်။ သားရဟန်းနဲ့ အမေဘိက္ခုနီတို့ တောကျောင်းမှာ နှစ်ယောက်တည်း အတူနေရင်း ဖောက်ပြန်ပြီး မေထုန်ပြုကြတဲ့ ဖြစ်ရပ်ကို မြတ်ဗုဒ္ဓ များစွာ ကဲ့ရဲ့ပြစ်တင်တော်မူပါတယ် (အံ ၂၊ ၅၉)။ ဒါပေမယ့် အခြားဘာသာတရားတွေလို ဘယ်သူ့ကို အိမ်ထောင်မပြုရ ဘယ်သူ့ကို ပြုရမယ်လို့ အတိအကျ လမ်းညွှန်ချက်မျိုး မရှိဘူး။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်မှု (ကာမေသု မိစ္ဆာစာရ)ဆိုတဲ့ ငါးပါးသီလထဲမှာ သွေးသားချင်း မေထုန်ပြုမှု ပါဝင်ကြောင်း နားလည်နိုင်တယ်လို့ buddhanet.net သုတေသန ဆောင်းပါး တစ်ပုဒ်မှာ ဖတ်ရပါတယ်။ လက်ခံနိုင်တဲ့ ယူဆချက်ပါ။

စက္ကဝတ္တိသုတ်လာ အဓမ္မရာဂ (မမှန် သို့မဟုတ် မတရားတဲ့ တပ်မက်မှု) ဆိုတာ အမေ (အဖေ)၊ အဒေါ်၊ ဦးလေး စတဲ့ မသင့်လျော်တဲ့ ပုဂ္ဂိုလ်တွေ အပေါ်မှာ မေထုနရာဂ ဖြစ်ခြင်းလို့ အဋ္ဌကထာ (ဒီ-ဋ္ဌ ၃၊ ၃၆) မှာ အဓိပ္ပာယ် ဖွင့်ဆိုပါတယ်။

**ငရဲကြီးပါသလား**

လူဆိုတာ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရား အမြင့်ဆုံးပါ။ အမေ၊ အဖေ၊ မောင်နှမဆိုတာတွေရဲ့ တန်ဖိုး၊ ကျေးဇူးနဲ့ သဘာဝအရဖြစ်တဲ့ ရင်းနှီးနီးစပ်မှု၊ ကြင်နာယုယမှု၊ မေတ္တာသံယောဇဉ်ဆိုတဲ့ စိတ်ခံစားချက်တွေဟာ ကြီးမား နက်ရှိုင်းပါတယ်။ ဘယ်အရာနဲ့မှ မတူနိုင်ပါဘူး။ သဘာဝနိယာမကိုက မိဘမောင်နှမမေတ္တာ ဆိုတာ ရယူခြင်းမပါတဲ့ အပေးသက်သက် အဖြူထည်ပါ။ အချို့တိရစ္ဆာန်တွေတောင် ဒီသဘာဝနိယာမကို လိုက်နာပါတယ်။ ဒါကြောင့် အဲဒီလို ပုဂ္ဂိုလ်တွေနဲ့ အဲဒီလိုပြုဆဲမှာ အားကြီးတဲ့ အကုသိုလ်စိတ်တွေ ဖြစ်လို့ တစ်နည်း ဗုဒ္ဓတားမြစ်တဲ့ ကာမေသု မိစ္ဆာစာရဖြစ်လို့ အပါယ်ရောက်ကြောင်း ဖြစ်ပါလိမ့်မယ်။

အစဉ်အလာ တစ်ခုတည်းနဲ့ ကောင်းတယ် မကောင်းဘူးလို့ မဆုံးဖြတ်နိုင်ဘူး။ အနောက်တိုင်းအမြင်မှာ အရက်သောက်တာဟာ အပြစ် မဟုတ်ဘူး။ သူတို့ ဘာသာတရားမှာကိုက အရက်ကို သောက်ခွင့်ပြုတယ်။ ဒါပေမယ့် အရက်ဟာ လူတွေကို ကောင်းကျိုးမပေးတာ သေချာပါတယ်။ တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲတွေ အချင်းချင်း လက်ထပ်တာနဲ့ ပတ်သက်လို့ ကမ္ဘာ့ဘာသာတရားတွေရဲ့ ရှုထောင့်နဲ့ ဗုဒ္ဓဝါဒအမြင် တစ်စိတ်တစ်ဒေသအရ အပြစ်လွတ်ဖွယ် ရှိပေမယ့် မိမိစိတ်အာရုံ ခံစားချက် အပေါ်မှာလည်း တည်နိုင်တယ်လို့ ထင်ပါတယ်။

ကျန်းမာရေး ရှုထောင့်အရတော့ သွေးနီးစပ်လွန်းရင် မပြည့်စုံတဲ့ သန္ဓေသားကို မွေးဖွားနိုင်တယ်လို့ သိရကြောင်းပါ။ □



သူများ မကောင်းကြောင်း ကိုယ်ကောင်းကြောင်းကို ပြောပြီး အချိန် မဖြုန်းပါနှင့်။




ဆရာတော် အရှင်ဘုရား၊

မြန်မာစကားၡ နှလုံးစိတ်ဝမ်း အေးချမ်း၊ စိတ်နှလုံးကောင်း စသည်ဖြင့် ပြောဆိုနေကြရာတွင် စိတ်သည် နှလုံးအိမ်မှာ တည်မှီသည်ဟူသော အဓိပ္ပာယ်မျိုးဖြစ်နေပါသည်။ ဗုဒ္ဓဘာသာ ကျမ်းဂန်တွေမှာ မည်သို့ ပြဆိုပါသနည်းအရှင်ဘုရား။ အကယ်၍ စိတ်သည် နှလုံးအိမ်မှာ တည်သည်ဆိုပါက နှလုံးအစားထိုး ကုသခံရသူ တစ်ယောက်အဖို့ မည်သို့သော စိတ်ထားမျိုးဖြစ်ပါမည်နည်း။ ယခင်လူ၏ စိတ်လား သို့မဟုတ် နှလုံးအသစ်၏ စိတ်လားဟူသည်ကို သိလိုပါသည်။ လှုပ်ရှားနေသည့် အိမ်မြှောင်မြီးပြတ် ကြွက်မြီးပြတ်များမှာ စိတ်ဝိညာဉ် ပါသလားဆိုတာကိုလည်း သိလိုပါသည် အရှင်ဘုရား။

သန်းထွန်းအောင်၊ ဂျမေကာ

---------------------

## စိတ်ဝိညာဉ်ရဲ့ တည်ရာ

မနောဓာတ် (ဘဝင်စိတ်) နဲ့ မနောဝိညာဏဓာတ် (ကြံသိစိတ်) ဟာ ဟဒယဝတ္ထုရုပ်ကို မှီတယ် (မနောဓာတုမနောဝိညာဏဓာတူနံ နိဿယလက္ခဏံ ဟဒယဝတ္ထု) လို့ အေဒီ ၅ ရာစု ရေးတဲ့ အဋ္ဌကထာကျမ်း (ဝိသုဒ္ဓိမဂ္ဂ ၂၊ ၇၈။ အဘိဓမ္မာဝတာရ၊ ၆၇၄ ဂါထာ) တွေမှာ ဆိုပါတယ်။ အစဉ်အလာအရ နှလုံးအိမ်ထဲမှာရှိတဲ့ သွေးမှာ စိတ်ဝိညာဉ် တည်မှီနေတယ်လို့ ဆိုပါတယ်။ ဒီအစဉ်အလာ ယူဆချက်ဟာ ဗုဒ္ဓခေတ်မှာ လွှမ်းမိုးနေပြီး ဗုဒ္ဓမတိုင်ခင်ကပင် တည်ရှိနေတဲ့ ဥပနိသျှဒ်ကျမ်းတွေမှာ လာတဲ့ အယူအဆလည်း ဖြစ်ပါတယ် (*Philosophy East and West*, Vol. 45, No. 3 (Jul., 1995), p. 409 မှာ အကျယ်ရှုပါ)။

## ဗုဒ္ဓရဲ့ အာဘော်

အဘိဓမ္မာစုနစ်ကျမ်းရဲ့ ပထမဆုံးဖြစ်တဲ့ ဓမ္မသင်္ဂဏီကျမ်းမှာ ဟဒယ ဝတ္ထုဆိုတဲ့ ဝေါဟာရ မပါတာ၊ မဟာပဋ္ဌာန်းပါဠိတော်မှာလည်း 'အကြင် ရုပ်ကို မှီ၍ (ယံ ရူပံ နိဿာယ) မနောဓာတ် (ဘဝင်စိတ်)နဲ့ မနောဝိညာ ဏဓာတ် (ကြံသိစိတ်)တွေ ဖြစ်တယ်'လို့ သာမန်ပဲ ဟောတော်မူတာ၊ ဒါတွေကို ထောက်ပြပြီး အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ပဌမဆုံး အင်္ဂလိပ် ဘာသာပြန်ဆိုခဲ့သူ ပညာရှင် ရခိုင်ပဏ္ဍိတ် ဦးရွှေဇံအောင်က ဗုဒ္ဓရှင် တော်မြတ်ဟာ စိတ်ဝိညဉ် ဘယ်မှာ တည်မှီတယ်ဆိုတာနဲ့ ပတ်သက်ပြီး ဆိတ်ဆိတ် နေတော်မူခဲ့တယ်လို့ ဆိုပါတယ်။

ဗုဒ္ဓခေတ်က လွှမ်းမိုး ထင်ရှားဆဲဖြစ်တဲ့ 'စိတ်ဟာ နှလုံးသားမှာ တည်တယ်'ဆိုတဲ့ အယူအဆကိုလည်း မငြင်းလို၊ ခေတ်သစ်သိပ္ပံက ယူ ဆသလို စိတ်ဟာ ဦးနှောက်မှာ တည်မှီတယ်ဆိုတဲ့ အယူအဆသစ် တစ်ခုကိုလည်း မဟောကြားလိုခဲ့ဘူးလို့လည်း ဦးရွှေဇံအောင်က မှတ် ချက် ပြုပါတယ် (*Compendium of Philosophy*, p. 277-278)။

နောင်းခေတ်ပညာရှင် အများစုလည်း နိကာယ်ငါးရပ်က ပါဠိတော် ဝေါဟာရတွေကို မွှေနှောက် ထုတ်နုတ်ပြီး အကျယ်တဝင့် ဝေဖန် ဆွေးနွေးကြရင်း နောက်ဆုံး နှလုံးအိမ် အတွင်းမှာ စိတ်ရှိတယ်လို့ ဗုဒ္ဓ ရှင်တော်မြတ် မဟောခဲ့ဘူးလို့ပဲ ကောက်ချက် ဆွဲကြပါတယ်။

## ယူဆချက် နှစ်မျိုး

ဒါကြောင့် ပညာရှင်တွေရဲ့ ဝေဖန်ဆန်းစစ်မှုအရ ဟဒယဝတ္ထု သို့မဟုတ် နှလုံးသားထဲက စိတ်ဝိညာဉ်၏ တည်မှီရာ ဆိုတာနဲ့ ပတ်သက်ပြီး ယူ ဆချက် နှစ်မျိုး တွေ့ရပါတယ်။

တစ်၊ မူရင်းအဘိဓမ္မာ ပါဠိတော်ရဲ့ အာဘော်အရ စိတ်ဟာ မည် သည့်နေရာက မည်သည့်ရုပ်မှာ တည်မှီတယ်လို့ အတိအကျ မဆိုနိုင်တဲ့ အတွက် ကိုယ်ကာယ တစ်နေရာရာမှာ သို့မဟုတ် အာရုံကြောရှိတဲ့ နေ ရာအနှံ့မှာ တည်မှီနေတယ်လို့ ယူဆနိုင်ပါတယ်။ ဒီလိုဆိုရင် နှလုံးသား

ထဲကရုပ်၊ ခေါင်းထဲက ရုပ်တွေလည်း ဖြစ်နိုင်တာပဲ။

နှစ်၊ အဋ္ဌကထာဋီကာကျမ်းတွေ (အောဒီ ၅ ရာစုကနေ ၁၂ ရာစုအထိ)တွေမှာ စိတ်ဟာ နှလုံးသားထဲက သွေးမှာ တည်မှီကြောင်း ဖွင့်ဆိုကြပါတယ်။ ဒီအဆိုဟာ ဥပနိသျှဒ်ကျမ်းတွေမှာ ပါရှိပြီး ဗုဒ္ဓခေတ်မှာ အလွန်ထင်ရှားတဲ့ အယူအဆလည်း ဖြစ်တယ်။

ဒါပေမယ့် မြတ်ဗုဒ္ဓရဲ့ အာဘော်ကို အမှန်အတိုင်း ဖွင့်ဆိုကြတဲ့ အဋ္ဌကထာ ဋီကာဆရာတွေဟာ ဗုဒ္ဓက အတိအကျ မဟောပါဘဲနဲ့ ဘာကြောင့် အဲဒီ ဗြာဟ္မဏဝါဒ (ဖြစ်ဖွယ်ရှိတဲ့) အစဉ်အလာအဆို နောက်ကို လိုက်ခဲ့ကြသလဲဆိုတာကတော့ ထပ်စဉ်းစားရာပေါ့။

**အဖြေ နှစ်မျိုး**

ပထမနည်းအရဆိုရင် စိတ်ဟာ ခန္ဓာကိုယ်တစ်နေရာရာ သို့မဟုတ် နေရာအနှံ့မှာ တည်နေနိုင်တာဖြစ်လို့ နှလုံး အစားထိုးမှုနဲ့ တိုက်ရိုက် မပတ်သက်တော့ဘူး။ ဒုတိယ ယူဆချက်နဲ့အညီ ဖြေရင် ဗုဒ္ဓတရားတော်အရ ရုပ်ရောနာမ်ပါ နှစ်မျိုးလုံးဟာ အမြဲပြောင်းလဲနေတဲ့ ဖြစ်စဉ်သက်သက်ပဲ။ လွန်ခဲ့တဲ့စက္ကန့်က စိတ်နဲ့ ရုပ်ဟာ ယခုစက္ကန့်မှာ ဖြစ်ဆဲစိတ်နဲ့ ရုပ် မဟုတ်ဘူး။ ဖြတ်ထုတ်သွားတဲ့ နှလုံးသားရဲ့ ဇီဝရုပ်တွေ ရှင်နေဆဲ သို့မဟုတ် သူ့ရဲ့အင်အား လုံးလုံးကြီး မပျက်စီးခင် အဲဒီ နှလုံးသား ဟောင်းထဲမှာ ရှေးစိတ်တွေရဲ့ အရှိန် သို့မဟုတ် သတ္တိနဲ့ ပါလာတဲ့ ဘဝင်စိတ်အစဉ် တည်မှီနေသေးဖွယ်ရှိပါတယ်။

အစားထိုးခံရတဲ့ ကိုယ်ထဲကသွေးနဲ့ နှလုံးအသစ်တို့ ပေါင်းစပ်မိတဲ့ အချိန်ကစပြီး အဲဒီ နှလုံးအသစ်ထဲမှာ ဘဝင်စိတ် ကြံသိစိတ် အသစ်တွေ ဆက်လက် ဖြစ်သွားတယ်လို့ ယူနိုင်ဖွယ်ရှိပါတယ်။

**အိမ်မြှောင်မြီးပြတ်**

ကြွက်၊ အိမ်မြှောင်၊ မြွေမြီးပြတ်တွေ လူးလှိမ့်ရှားနေရာမှာ သိစိတ်နဲ့ မကင်းဘူး၊ ခန္ဓာဟောင်းက စိတ်ဝိညာဉ်ရဲ့ သတ္တိနဲ့ လှုပ်နေတာလို့ အောဒီ ၁၂

ရာစု နှောင်းပိုင်းမှာ ရေးတဲ့ ဝိနည်းဋီကာမှာ ဆိုပါတယ် (ဝိမတိ-ဋီ ၂၊ ၂၃၁)။ မန်လည်ဆရာတော်ကလည်း -

'ကြွက်အိမ်မြှောင် မြွေမြီးတို့
ပြတ်ပြီးလျက် ဖြတ်ဖြတ်ခုန်
ဆတ်ဆတ်တုန် လှုပ်ရှား။
တလှည့်စိ ဝေဒနာ ယှဉ်လို့
စိတ်ဝိညာဉ် သတ္တိဖြစ်ခြား'လို့
ဝိမတိဋီကာ အဆိုကို ထောက်ခံခဲ့ပါတယ်။

**ကျီးသဲနဲ့ မန်လည်**

ဒါပေမယ့် 'ခေါင်းပြတ်၍ လွန့်၊ တတွန့်တွန့်၊ စွန့်ရန် ဝိညာဉ် ကြွင်းလိမ့်နည်း' ဆိုတဲ့ ကြေးကန် ရှင်ကြီးရဲ့ အမေးကို ကျီးသဲဆရာတော်က 'ဝိညာဉ် မကြွင်း (သိစိတ်မရှိ) ပြီ၊ စိတ္တဇရုပ် အဟုန်ကြောင့် ဥတုဇရုပ်တွေ တုန်လှုပ်နေခြင်းသာ ဖြစ်ကြောင်း' ဖြေဆိုပါတယ်။ အဲဒီ အဖြေကို မန်လည်ဆရာတော်က 'ယုတ္တိမရှိလွန်း'လို့ မှတ်ချက်ပြုခဲ့ပါတယ် (သတပဒီကကျမ်း)။

အာရုံကြောတွေ အသက်ရှင်နေဆဲ အလုပ် လုပ်နေဆဲဖြစ်လို့ ခုန်နေတာလို့ သိပ္ပံနည်းနဲ့ ဆိုနိုင်မလားဘဲ။ သက်ရှိတိုင်းမှာ ကိုယ့်အသက်ကို ကာကွယ်ဖို့ သဘာဝကပေးတဲ့ နည်းလမ်းတစ်ခုခု ပါပြီးသားဖြစ်လို့ အိမ်မြှောင်တွေ ကြွက်တွေဟာလည်း အန္တရာယ်နဲ့ ကြုံလာရင် ကိုယ့်ကိုယ်ကို ကာကွယ်တဲ့အနေနဲ့ သူတို့ရဲ့ အမြီးကို အလိုလို ဖြုတ်ပစ်နိုင်ပါသတဲ့။ လှုပ်နေတဲ့ မြီးပြတ်ကို ရန်သူ အာရုံစိုက်နေတုန်း သူတို့က လွတ်ရာကို ထွက်ပြေးနိုင်တာပေါ့။ အမြီးတော့ ပုံမှန်အတိုင်း ပြန်ထွက်လာပါသတဲ့ (Readers' Digest ခုနှစ်၊ လ အတိအကျ မမှတ်မိ)။ ▢





# ဗုဒ္ဓသာသနာ့အလံ

ဆရာတော် အရှင်မြတ်ဘုရား၊

ဗုဒ္ဓဘာသာ အခမ်းအနားတွေမှာ အသုံးပြုနေတဲ့ သာသနာ့အလံနဲ့ ပတ်သက်ပြီး မေးလျှောက်ပါရစေဘုရား။

၁) သာသနာ့အလံမှာပါတဲ့ ရောင်စဉ်တွေက မည်သို့ အဓိပ္ပာယ်ရှိသည်

၂) လက်ရှိ သာသနာ့အလံကို မည်သည့်ခေတ်မှာ မည်သူက သို့မဟုတ် မည်သည့် နိုင်ငံက တီထွင်ခဲ့သည်

၃) သာသနာ့အလံရဲ့ ရောင်စဉ်အဓိပ္ပာယ် ယူဆချက် သို့မဟုတ် အသုံးပြုမှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ အပါအဝင် ထေရဝါဒနိုင်ငံတွေ အကြားမှာရော တရုတ် (တိုင်ပေ) လို မဟာယာနနိုင်ငံတွေမှာပါ အယူအဆ ခြားနားချက်ရှိမရှိ ဆိုသည်တို့ကို သိလိုပါသည်ဘုရား။

မြပူးလျှံ (စမ်းချောင်း)

-------------------

## ရောင်ခြည်ခြောက်မျိုး

ဗုဒ္ဓရှင်တော်မြတ် သဗ္ဗညုတဉာဏ်ကို ရပြီးနောက် လေးပတ်အကြာမှာ ဗောဓိပင်ရဲ့ အနောက်မြောက်ဖက် ရတနာစင်္ကြံရာတော်ရဲ့ အနောက်ဖက်မှာရှိတဲ့ ရတနာဃရစံအိမ်မှာ သီတင်းသုံးတော်မူပါတယ်။ 'ရတနာစင်္ကမဋ္ဌာနဇ္ဈ အနောက်ဖက်၌ နတ်တို့က မြတ်ဗုဒ္ဓအား ရတနာဃရ = ရတနာခုနစ်ပါးဖြင့် ပြီးသော အိမ်ကို ဖန်ဆင်းပေးကြ၏ (ဝိ-၃ ၃၊ ၂၃၈။ ဗုဒ္ဓဝံသ-ဋ္ဌ၊ ၁၀။ မ-ဋ္ဌ ၂၊ ၇၉)။ ရတနာဃရစံအိမ်ဟူသည် ရတနာခုနစ်ပါး အစစ်ဖြင့် တည်ဆောက်သော အိမ်မဟုတ်၊ အဘိဓမ္မာ

ခုနစ်ကျမ်းကို ဟောကြားသည့် နေရာသာဖြစ်၏ (အဘိ-ဋ ၁၊ ၁၃)'။ (စကားမစပ် ဝိနည်း၊ သုတ္တန်အဋ္ဌကထာတွေအဆိုနဲ့ အဘိဓမ္မာအဋ္ဌကထာအဆို နှစ်ရပ် အနည်းငယ် ကွဲလွဲနေတာကို သတိပြုမိနိုင်ပါတယ်)။

အဲဒီရတနာဃရစံအိမ်မှာ သီတင်းသုံးနေတုန်း ဓမ္မသင်္ဂဏီ၊ ဝိဘင်္ဂ၊ ဓာတုကထာ၊ ပုဂ္ဂလပညတ္တိ၊ ကထာဝတ္ထု၊ ယမက ပဋ္ဌာန်းဆိုတဲ့ အဘိဓမ္မာခုနစ်ကျမ်းကို ဆင်ခြင်ရာမှာ နောက်ဆုံး မဟာပဋ္ဌာန်း ကျမ်းမြတ်ကို ဆင်ခြင်တဲ့အခါ ဗုဒ္ဓရဲ့ခန္ဓာကိုယ်က ရောင်ခြည်တော် ခြောက်မျိုးထွက်ပေါ်ခဲ့တယ်။ အဲဒီခြောက်မျိုးကို ကျမ်းဂန်လာအစဉ်နဲ့ ဖော်ပြရင် -

၁) နီလ = ညိုသောရောင်ခြည် (ဆံပင်မွေးညှင်းနှင့် မျက်လုံး စသော နေရာတော်တွေက ထွက်တယ်)

၂) ပီတ = ရွှေသောရောင်ခြည် (အရေတော်နှင့် မျက်လုံးတော်တွေက ထွက်တယ်)

၃) လောဟိတ = နီသောရောင်ခြည် (အသွေးအသားနှင့် မျက်လုံးတော်တွေက ထွက်တယ်)

၄) ဩဒါတ = ဖြူသောရောင်ခြည် (အရိုး၊ သွားနှင့် မျက်လုံးတော်တွေက ထွက်တယ်)

၅) မဉ္ဇိဋ္ဌ = ညိုမောင်းသောရောင်ခြည် (ထိုထို ခန္ဓာကိုယ် အစိတ်အပိုင်းတွေက ထွက်တယ်)

၆) ပဘဿရ = ပြိုးပြက်သောရောင်ခြည်၊ ထိုထို ခန္ဓာကိုယ် အစိတ်အပိုင်းတွေက ထွက်တယ်)

မြတ်ဗုဒ္ဓ ရုပ်ထွင်းနဲ့ ရုပ်ပုံပန်းချီကားတွေမှာ ဦးခေါင်းတော် ပတ်လည်မှာ ပါရှိတဲ့ ရောင်ခြည်စက်ဝန်းဟာ အဲဒီရောင်ခြည် ခြောက်မျိုးကို ရည်ညွှန်းတာပါ။ ဗုဒ္ဓသာသနာ့ အလံတော်က ရောင်စဉ် ခြောက်မျိုးလည်း အဲဒီ ခြောက်မျိုးကိုပဲ ရည်ရည်ညွှန်းပါတယ်။

**ဗုဒ္ဓသာသနာ့အလံ**

သီရိလင်္ကာနိုင်ငံမှာ ၁၈၈၅-ခုနှစ်၊ ဧပြီလ ၂၈-ရက်နေ့ကို ဝိဆက်ဒေး

(ကဆုန်လပြည့်ဗုဒ္ဓနေ့) ပြည်သူ့ရုံးပိတ်ရက်အဖြစ် အင်္ဂလိပ်အစိုးရက တရားဝင် ကြေညာပေးခဲ့ပါတယ်။ ပထမဆုံးအကြိမ်ကျင်းပမဲ့ အဲဒီ ဗုဒ္ဓနေ့ အခမ်းအနားအတွက် ဗုဒ္ဓသာသနာ ကိုယ်စားပြုအလံတစ်ခု လိုအပ်တာကို သီရိလင်္ကာဗုဒ္ဓဝါဒီ ဦးဆောင်သူတွေ သဘောပေါက်ခဲ့ကြတယ်။ ဒါကြောင့် အဓိပ္ပါယ်နဲ့ပြည့်စုံတဲ့ ဗုဒ္ဓသာသနာ့အလံတစ်ခုကို ဒီဇိုင်း ရေးဆွဲဖို့ အဖွဲ့ဝင်ကိုးဦးပါတဲ့ ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့တယ်။ ဗုဒ္ဓသာသနာ့အလံမှာ ပဌမန်းရောင်ခြည် ခြောက်မျိုးပါရှိဖို့ အဲဒီသာသနာ့အလံ ဒီဇိုင်းအဖွဲ့ကို အကြံပေး တိုက်တွန်းခဲ့သူကတော့ လူ့ခန္ဓာကိုယ်က ထွက်တဲ့ ကိုယ်ရောင်ကိုယ်ဝါကို အထူးစိတ်ဝင်စားပြီး အဲဒီ အကြောင်းကို ဆောင်ပါးတွေရေးခဲ့တဲ့ အမေရိကန်လူမျိုး ဗိုလ်မှူးကြီးဟောင်း ဟင်နရီ စတီးလ် အိုလ်ကော့ (Col. Henry Steel Olcott) ဖြစ်ပါတယ်။ အိုလ်ကော့ဟာ အဲဒီအချိန်က သီရိလင်္ကာမှာ ဗုဒ္ဓသာသနာ ပြန်လည် ရှင်သန်ရေး လှုပ်ရှားမှုမှာ အထူးပါဝင် ကူညီနေသူဖြစ်ပါတယ်။

အဲဒီ အဖွဲ့ရဲ့ အတွင်းရေးမှူးဖြစ်တဲ့ ပုဂျိထဂုဏဝါရ်ဒေနေ (Poojitha Goonawardene) အမည်ရှိ သီရိလင်္ကာလူမျိုးတစ်ဦးက ပုံစံဒီဇိုင်းရေးဆွဲပြီး အဖွဲ့ကိုတင်ပြရာမှာ အဖွဲ့က အရွယ်အစားကို အနည်းငယ်ပြုပြင်ပြီး သဘောတူ လက်ခံလို့ လက်ရှိ သာသနာ့အလံ ဖြစ်လာပါတယ်။

အဲဒီ (ပြုပြင်ပြီး) သာသနာ့အလံကို ဂျီ ပီ မာလာလာဆေကေရ (သီဟိုဠ်ပညာရှင်)က ၁၉၅၀-ခုနှစ်၊ မေလ ကိုလံဘိုမြို့မှာ ကျင်းပတဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံကို တင်ပြလို့ အဲဒီအလံဟာ ဗုဒ္ဓဘာသာဝင်အားလုံး လက်ခံတဲ့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသာနာ့အလံတော် ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံကို အင်္ဂလိပ်တွေ သိမ်းယူတော့မဲ့ အချိန်လောက်မှာ ဗုဒ္ဓသာသနာ့ အလံတော် စတင် ပေါ်ပေါက်ခဲ့တယ်လို့ အကြမ်းဖြင့် ဆိုနိုင်မယ် ထင်ပါတယ်။

**တီထွင်သူ**

အိုလ်ကော့ရဲ့ အကြံနဲ့ ဗုဒ္ဓသာသနာ့အလံကို ဒီဇိုင်းရေးဆွဲခဲ့တာ ဖြစ်လို့


အိုလ်ကော့ကိုပဲ ဗုဒ္ဓသာသနာ့အလံကို တီထွင်သူလို့ ပညာရှင်အများစုက အသိအမှတ်ပြုကြပါတယ်။ အိုလ်ကော့ဟာ အမေရိကန် အတွေးအခေါ် သမိုင်းမှာရော နိုင်ငံရေးနယ်ပယ်မှာပါ ထင်ရှားသူ ဖြစ်ပါတယ်။ အမေရိကန် သီအိုဆိုဖီအသင်းကို စတင်တည်ထောင်သူ၊ အဲဒီအသင်းရဲ့ ပထမဆုံးဥက္ကဋ္ဌ၊ အများကောင်းကျိုးဆောင်ရွက်သူ၊ စာရေးဆရာ၊ ရှေ့နေ၊ အရှေ့အနောက် တစ်ခွင် ဗုဒ္ဓဘာသာပြန့်ပွားအောင် ဆောင်ရွက်ခဲ့သူ အနေနဲ့ မှတ်တမ်းတင်ခံရသူပါ။ စတီဖင် ပရိုသဲရိုး (Stephen Prothero) က The White Buddhist လို့ အိုလ်ကော့ရဲ့ အတ္ထုပ္ပတ္တိကို ရေးခဲ့ပါတယ်။

၁၈၃၂-ခုနှစ်၊ ဩဂုတ်လ ၂-ရက်နေ့ဖွား၊ အမေရိကန်ပြည်ထောင်စု၊ နယူးဂျာစီပြည်နယ်၊ အောရင့်ဂျ် (Orange)မြို့သား။ ငယ်စဉ်အခါ ပရိုတင့်စတင့် ခရစ်ယန်ဘာသာဝင်။ နယူးယောက် စီးတီးကောလိပ်နဲ့ ကိုလမ်ဘီယာ တက္ကသိုလ်တွေမှာ ပညာဆည်းပူးခဲ့ပါတယ်။ အမေရိကန်ပြည်တွင်းစစ်အတွင်း စစ်မှုထမ်းပြီး ဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခံရတယ်။ သမ္မတလင်ကွန်း လုပ်ကြံခံရစဉ်က အိုလ်ကော့ဟာ လူသတ်သမား စုံစမ်းရေး အထူးအရာရှိ သုံးဦး အဖွဲ့ဝင်ဖြစ်တယ်လို့ သိရတယ်။ ၁၈၆၀-ပြည့်နှစ်မှာ မေရီ အက်ပလီ မေလ်ဂင် အမည်ရှိ အမျိုးသမီးနဲ့ အိမ်ထောင်ပြုပြီး သားသမီးနှစ်ယောက် ထွန်းကားပါသတဲ့။ စိတ်ပညာနှင့် ဂန္ဓာရီပညာတွေကိုလည်း စိတ်ဝင်စားခဲ့ပြီး နောင်အခါ အရှေ့တိုင်း ဘာသာတရားတွေကို လေ့လာလိုက်စားခဲ့တယ်။ ၁၈၈၀-ပြည့်နှစ်မှာ အိန္ဒိယမှတစ်ဆင့် သီရိလင်္ကာကို ရောက်ပြီးနောက် မကြာမီမှာ ငါးပါးသီလခံယူပြီး ဗုဒ္ဓဝါဒီအဖြစ် သီရိလင်္ကာနိုင်ငံ ဂေါလေ(Galle) မြို့မှာ ကြေညာခဲ့တယ် (John Snelling, *The Buddhist Handbook*, p. 107)။

အိုလ်ကော့ဟာ မိမိရဲ့စည်းရုံးရေးစွမ်းရည်ကို အသုံးချပြီး သီရိလင်္ကာနိုင်ငံမှာ ဗုဒ္ဓသာသနာ တိုးတက်အောင် ဆောင်ရွက်ရင်း ၁၈၈၁-မှာ 'ဗုဒ္ဓဝါဒအမေးအဖြေကျမ်း' (*The Buddhist Catechism*) ကို ရေးပြီး ၁၉၀၇ ခုနှစ်၊ အိန္ဒိယနိုင်ငံ မဒရပ်ပြည်နယ် အဍျာမြို့မှာ ကွယ်လွန်တယ်။

## အဓိပ္ပာယ်တစ်မျိုး

ဗုဒ္ဓသာသနာ့အလံ ရောင်စဉ်ခြောက်မျိုးထဲက နီလကို မဟာကရုဏာ၊ ပီတကို မဇ္ဈိမပဋိပဒါ လမ်းစဉ်၊ လောဟိတကို မင်္ဂလာတရား၊ ဩဒါတကို ဝိသုဒ္ဓိနဲ့ ဝိမုတ္တိ၊ မဉ္ဇိဋ္ဌကို ပညာ၊ ပဘဿရကို ယင်း ခြောက်မျိုး ပေါင်းလို့လည်း အဓိပ္ပါယ်ဖွင့်ဆိုကြပါတယ်။ မြန်မာနိုင်ငံမှာ အသုံးပြုတဲ့ ဗုဒ္ဓသာသနာ့အလံရဲ့ ရောင်စဉ်နဲ့ အနည်းငယ် ခြားနားတာက ငါးခု မြောက် မဥ္ဇဋ္ဌအရောင် ဖြစ်ပါတယ်။ အခြားဗုဒ္ဓဘာသာ နိုင်ငံတွေမှာ မဉ္ဇိဋ္ဌကို လိမ္မော်ရောင်(orange)လို့ ယူပြီး (၎င်းတို့အဆို) မြန်မာတို့က အစိမ်း (green)ရောင်လို့ယူတယ်လို့ ဆိုတယ်။ အမှန်က မြန်မာသုခမိန် တွေက မဉ္ဇိဋ္ဌကို မရမ်းစေ့ရောင် သို့မဟုတ် ညိုမောင်းသောအရောင်လို့ ယူခြင်းသာ ဖြစ်ပြီး ရည်ရွယ်ချက်ကတော့ အတူတူပါပဲ။ □




ဆရာတော်အရှင်ဘုရား၊

တပည့်တော်ရှိသေစွာ မေးလျှောက်အပ်ပါတယ်ဘုရား၊ စက်ကြီး တစ်ဆယ့်သုံးပါး ဘုရားရှိခိုးမှ စက်များအကြောင်းနှင့် တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃာ့စက်တို့သည် ဘယ်အချက်များကို ရေတွက်သည်ကို မသိပါသဖြင့် ရွတ်ဆိုရာတွင် အဓိပ္ပာယ်သိပါက ပိုမို ကြည်ညိုသဒ္ဓါ ပွားနိုင်စေရန် ရှင်းပြပေးတော်မူပါဘုရား။

မစန္ဒာ (စက်ာပူ)

---

**စက်ကြီး တစ်ဆယ့်သုံးပါး စာကိုယ်**

ဩောင်း၊ တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃာ့စက်၊ လရောင်ဝင်းလျက် ရှင်ပစ္စေကဗုဒ္ဓါ ရဟန္တာစက်၊ မြင်းမိုရ်တောင်ဦး မကကျုံးလျက် မိဘစက်၊ ဂုဏ်ကျေးဇူးကို အထူးသိလျက် ဆရာ့စက်၊ ဝရဇိန်လက်နက် ဖြဟ္မာ့စက်၊ မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျလျက် နတ်တို့စက်၊ ဘွဲပြုလက်နက် ဘီလူးစက်၊ တောင်ဟုန်ပြင်းလျက် ဂဠုန်စက်၊ အာကာတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ သုံးထောင်သချာ ဟေမဝန္တာ အာဏာစိုးလျက် သီဟစက်၊ စက်ကြီး တစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများမြင်ရှု မကောင်းမှုသည် ဝေးကကြဉ်ရှောင် အောင်စေတတ်သည် မြတ်ဇေါ်ပညာ ဆရာတည်း၊ ဩောင်း နမော ဒူရေ ဒူရေ သွာ ဟုံဟုံ။

**စက်ဆိုတာ**

ဒီနေရာမှာ စက်ဆိုတာကို ဘုန်းတန်ခိုး စွမ်းအားလို့ အဓိပ္ပာယ် ဖွင့်နိုင်မယ်ထင်ပါတယ်။ စာကိုယ်မှာပါတဲ့ ကြီး ၁၃ ကြီးရဲ့ အရှိန်အဝါ တန်ခိုးတေဇော် အာနုဘော်ကြောင့် ဘေးအန္တရာယ်တွေ ကင်းဝေးပါစေ သတည်းလို့ ဆုတောင်းခြင်း သို့မဟုတ် သစ္စာအဓိဋ္ဌာန်ပြုခြင်းလို့ ဆိုနိုင်ကောင်းပါတယ်။ အဲဒီ ဆုတောင်းမှု ပြည့်ဖို့အတွက်တော့ မိမိမှာ ထိုက်တန်တဲ့ ကောင်းမှုကုသိုလ်နဲ့ ကိုယ်ကျင့်တရား(သီလ)တွေရှိဖို့ လိုပါလိမ့်မယ်။ ဩောင်းဆိုတာ ဥုံနဲ့ အတူတူဖြစ်လို့ 'အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ အောင်ခြင်းမင်္ဂလာဖြစ်ပါစေ'လို့ အဓိပ္ပာယ် ဆိုနိုင်ပါတယ်။

**တစ်ရာ့ရှစ်ကွက်**

ပါဠိတော် (ဒီ ၂၊ ၁၄။ ဒီ ၃၊ ၁၁၇။ မ ၂၊ ၃၃၆ ) တွေမှာတော့ ဟေဋ္ဌာပါဒတလေသု စက္ကာနိ ဇာတာနိ သဟဿာရာနိ = ဗုဒ္ဓရဲ့ ခြေဖဝါးမှာ ဒေါက်ပေါင်း ၁၀၀၀ ရှိတဲ့ စက်ဝိုင်းပုံတွေ ပါတယ်လို့ ဆိုပါတယ်။ အချို့ ဗုဒ္ဓခြေတော်ရာပုံစေတီ (ဗုဒ္ဓပါဒစေတီ)နဲ့ ဗုဒ္ဓလျောင်းတော်မှုပုံ ဆင်းတု

ကြီးအချို့ရဲ့ ခြေဖဝါးတော်တွေမှာတော့ မင်္ဂလာအမှတ်အသား သို့မဟုတ် ပုံသဏ္ဌာန် ၁၀၈ မျိုးနဲ့ သရုပ်ဖော်ထားတာကို တွေ့နိုင်ပါတယ်။ အဲဒီအထဲမှာ အရှိန်အဝါ စွမ်းအင်ကြီးမားတဲ့ ဂဠုန်ပုံ (အကွက်အမှတ် ၆၃)၊ ရဲရင့်မှုသင်္ကေတ ခြင်္သေ့ပုံ (၆၈)၊ ဘူရိဒတ်နဂါးမင်း ကိုယ်စားပြု သီလရဲ့သင်္ကေတ နဂါးပုံ (၇၃)၊ လွတ်လပ်မှုသင်္ကေတ ဟင်္သာငှက်ပုံ (၇၄)၊ သစ္စာသင်္ကေတ ကိန္နရီကိန္နရာပုံ (၈၀)၊ သာယာ ချိုမြိန်မှုသင်္ကေတ ဥဒေါင်းပုံ (၈၃)၊ ဒို့အပြင် ဓမ္မစကြာသင်္ကေတ စက်ဝိုင်းပုံ (အလယ်ဗဟို) စတာတွေ ပါဝင်ပါတယ်။ အများစုက ဗုဒ္ဓလောင်းလျာ ပါရမီဖြည့်ခဲ့တဲ့ အတိတ်ဖြစ်ရပ်တွေကို သင်္ကေတပြု ဖော်ပြတာ ဖြစ်နိုင်ပါတယ်။

## တစ်ဆယ့်လေးချက်

အဓိပ္ပာယ် နှစ်မျိုး ယူနိုင်ပါလိမ့်မယ်။ ပထမနည်းက ဓမ္မ (တရား)လို့ ဆိုလိုက်ရင် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ္တိဓမ္မ၊ သစ္စာလေးပါး ဆိုတဲ့ ဗုဒ္ဓဓမ္မရဲ့ အနှစ်သာရဖြစ်တဲ့ တရားဆယ့်လေးမျိုးလို့ ယူနိုင်ပါတယ်။ နောက်တစ်နည်းက ဓမ္မဆိုတဲ့ စကားလုံးရဲ့ အတ္ထ (အနက် အဓိပ္ပာယ်) ၁၄ မျိုးလို့လည်း ယူနိုင်ပါတယ်။ အဲဒါတွေက သဘောတရား၊ သင်ကြားရမယ့် ဝိနည်း သုတ္တန် အဘိဓမ္မာ၊ ပညာ၊ အသင့်ယုတ္တိ၊ သစ္စာတရား၊ ပကတိ (သူ့သဘာဝ)၊ ကုသိုလ်၊ ဉေယျခံတရား ငါးပါး၊ ဂုဏ်၊ အကျင့်၊ သမာဓိ၊ သတ္တဇီဝမရှိ၊ အာပတ်၊ အကြောင်းတရား၊ ပေါင်း ၁၄ မျိုး (ပါဠိအဘိဓာန်၊ ၇၈၄ ဂါထာ)။ အမှန်တော့ ဓမ္မသဒ္ဒါဟာ အဲဒီ ၁၄ မျိုးအပြင် သမယ (အချိန်အခါ)၊ ဥပမာ (နှိုင်းယှဉ်ခြင်း)၊ အတိသာ (မနှိပ်စက်ခြင်း) လို့လည်း အဓိပ္ပာယ်ရပါသေးတယ်။

## တစ်ဆယ့်ရှစ်ချက်

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်၊ သမ္မုတိသံဃာ (အပေါင်းကိုယူ၍) တစ်ယောက်၊ ပေါင်း သံဃာကိုးမျိုးနဲ့ အဲဒီသံဃာရဲ့ ဂုဏ်ရည် (သံဃာ့ဂုဏ်တော်) ကိုးမျိုး၊ ပေါင်း ၁၈ မျိုးလို့ ယူ

နိုင်ပါတယ်။ ဘုန်းကြီး စဉ်းစားမိတာပါ။ ပညာရှင်တို့ ကျမ်းဂန်မှာ တွေ့ ဖူးလျှင် အများသူငါတို့ကို ဗဟုသုတ မျှဝေပါကုန်။

## လရောင်ဝင်းလျက်

ဘုရား၊ ပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာအရှင်မြတ်များကို 'လရောင်ပမာ ညာဏ် ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းများ' လို့ ချီးကျူးထောမနာ ပြုလေ့ ရှိပါတယ်။ ဒါကြောင့် 'လရောင်လို အေးမြကြည်လင်တဲ့ ဝိပဿနာ ပညာနဲ့ ပြည့်စုံကြတဲ့ ရဟန္တာများရဲ့ ဘုန်းတန်ခိုးကြောင့်' လို့ အဓိပ္ပာယ် ယူနိုင်ပါတယ်။ နောက်စက်နှစ်ခုက အနန္တမေတ္တာရှင် မိဘများနဲ့ ကျေး ဇူးအရှင် ဆရာသခင်တို့ရဲ့ မေတ္တာစေတနာ စွမ်းအားလို့ ယူနိုင်ပါတယ်။

'သိကြားမင်းရဲ့ ဝရဇိန်လက်နက်၊ အာဠာဝကဘီလူးရဲ့ ဘွဲ့ဖြူ လက်နက်၊ ဝေဿဝန် နတ်မင်းရဲ့ သန်လျက်လက်နက်၊ ယမမင်းရဲ့ မျက်လုံးလက်နက် (သံ-၅ ၁၊ ၂၉၀)' လို့ ကျမ်းဂန်မှာ လာတဲ့အတွက် ဘွဲ့ဖြူလက်နက် ဘီလူးစက် ဆိုတာကတော့ ကျမ်းဂန်နဲ့ ညီတယ်လို့ ဆို နိုင်ရာပါတယ်။ အခြားစက်တွေကတော့ လောကီကျမ်းတွေ ဂန္ဓာရီကျမ်း တွေရဲ့ အဆိုဖြစ်မလားလို့ ထင်နေပါတယ်။

## သွာ့ တုံတုံ

ပညာပါရမိတာသုတ် သို့မဟုတ် ဟဒယသုတ်လို့လည်း ခေါ်တဲ့ သက္ကတ ဘာသာ မဟာယာနသုတ္တန်ရဲ့ နိဂုံးမှာ 'ဂတေ ဂတေ ပါရဂတေ ပါရ သံဂတေ ဗောဓိ သွာဟ' ဆိုတဲ့ စာသားကို တွေ့ရပါတယ်။ အဲဒီ 'သွာဟ' ဆိုတဲ့ စကားလုံးဟာ မြန်မာလို 'သွာ့ ဟုံဟုံ' ဖြစ်လာဖွယ် ရှိပါ တယ်။ အဓိပ္ပာယ်က 'Hail! Glory!' (ရှိခိုးဦးတင်ပါ၏၊ ကောင်းချီး မင်္ဂလာ ဖြစ်ပါစေ) တဲ့။ ဒုရေ ဒုရေ ဆိုတာကတော့ 'ဝေးစေ ရှောင်စေ ရှားစေ' ပေါ့။ နမော ဆိုတာက 'ဦးညွှတ်ပါ၏၊ ရှိခိုးပါ၏'။

## သဗ္ဗမင်္ဂလာဂါထာ

ဗုဒ္ဓဝါဒသာသနတွေ အပြည့်ပါပြီး ဗုဒ္ဓဟော ကျမ်းဂန်ထွက် (ဓမ္မပဒ၊ ၃၈၇

ဂါထာ)ဖြစ်တဲ့ အောက်ပါ ပါဠိဂါထာလေးကို အာဂုံနှုတ်လွတ်ဆောင်ပြီး လိုအင်ဆန္ဒ ပြည့်ဝနိုင်ကြဖို့လည်း ထပ်ဆင့် အကြံပြုလိုက်ပါတယ်။

**ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိ မာဘာတိ စန္ဒိမာ။**

**သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။**

**အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။**

အာဒိစ္စော၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ထွန်းပြောင်ပဝင်း ရှင်နေမင်းသည်။ ဒိဝါ၊ နေ့အခါ၌။ တပတိ၊ လောကအလယ် ဂုဏ်မြင့်ကြွယ်၍ တင့်တယ်ပါပေ၏။

စန္ဒိမာ၊ စန်းငွေယုန်ခ သော်တာလသည်။ ရတ္တိံ၊ ညဥ့်အခါ၌၊ အာဘာတိ၊ နှစ်သက်စဖွယ် တင့်တယ်ပါပေ၏။

သန္နဒ္ဓော၊ ချပ်ဝတ်တန်ဆာ ကိုယ်မှာစုံလင် ဆင်ယင်၍ထားသော။ ခတ္တိယော၊ လူတို့သနင်း ပြည့်ရှင်မင်းသည်။ တပတိ၊ ကြီးမြင့်ခံ့ထယ် ဂုဏ်မြင့်ကြွယ်၍ တင့်တယ်ပါပေ၏။

ဈာယီ၊ ဘက်စုံကောင်းမြတ် သမာပတ်ကို မပြတ်ထင်ရှား ဝင်စားလျက်ရှိပေသော။ ဗြာဟ္မဏော၊ ကိလေသာကို အပပြုပြီးသော အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်သည်။ တပတိ၊ ရှာန်မင်္ဂ နှစ်သွယ် စွယ်စုံခြယ်၍ တင့်တယ်ပါပေ၏။ အထ၊ ထိုမှကြူး၍ ထူးသည်မှာကား။

ဗုဒ္ဓေါ၊ သစ္စာလေးဆင့် ခိုင်လုံးရင့်ကာ ပွင့်လာခေါ်ဖျား အောင်တော်မူ မြတ်စွာဘုရားသည်။ သဗ္ဗံ၊ အလုံးစုံသော။ အဟောရတ္တိံ၊ နေ့ညဥ့် ကာလပတ်လုံး။ တေဇသာ၊ ကြီးကဲစိုးရ တန်းခိုးတော်အနန္တဖြင့်။ တပတိ၊ အံ့ချီးလောက်ဖွယ် လောကလယ်၌ တင့်တယ်တော်မူပါပေ၏။

**တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။**

တာဒိသံ တေဇသမ္ပန္နံ၊ ထိုသို့သော ဘုန်းတန်ခိုးတော်နှင့် ပြည့်စုံပေသော။ ဗုဒ္ဓံ၊ သစ္စာသိမြင် ဘုရားရှင်ကို။ အဟံ၊ တပည့်တော်သည်။ အာဒရံ ဝန္ဒာမိ၊ ရိုသေစွာ ရှိခိုးပါ၏အရှင်ဘုရား။ ▢

# သံသရာ ဘယ်ကစ

ဆရာတော် အရှင်မြတ်ဘုရား၊

သံသရာရဲ့ အစဆိုတာကို နားမလည်နိုင် ဖြစ်နေပါသည်ဘုရား။ အခြား ဘာသာတွေမှာတော့ ထာဝရဘုရားသခင်က စတင်ဖန်ဆင်းသည်ဟု ကြားဖူးပါသည်။ သို့ဖြစ်၍ ဖန်ဆင်းရှင်ကို ယုံကြည်သူတို့ အနေဖြင့် ထိုကိစ္စကို လွယ်ကူစွာ နားလည်နိုင်မည်ဟု ထင်ပါသည်။ လူတွေဟာ ကမ္ဘာပေါ်မှာ ဒါမှမဟုတ် စကြဝဠာထည်းမှာ ဘယ်တုန်းက စတင်ဖြစ် ပေါ်ခဲ့ပါသနည်း။ သတ္တဝါတွေရဲ့ မူလအစဟာ ဘယ်အရာ ဖြစ်ပါသနည်း။ သို့မဟုတ် သက်ရှိလောက၏ အစဆုံးသောအရာဟာ မည်သည့်အရာ ဖြစ်ပါသနည်း။ ဖြစ်နိုင်ပါလျှင် ဗုဒ္ဓဝါဒအဆိုကိုသာမက အခြားဘာသာ တို့၏ အဆိုကိုပါ ပြည့်စုံစွာ သိလိုပါသည်ဘုရား။

ဗာဂျီးနီးယားမှ ဦးဦးသိန်းထွန်းပါဘုရား

---

## ကျမ်းတွေအဆို

'ထို့နောက် ထာဝရအရှင် ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်း၍ လူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်တော်မူလျှင် လူသည် အသက်ရှင်သော သတ္တဝါဖြစ်လေ၏ (ကမ္ဘာဦးကျမ်း ၁၊ ၇)။ ထိုအခါ ထာဝရ အရှင်ဘုရားသခင်သည် လူထည်းက ထုတ်သော နံရိုးဖြင့် လူ မိန်းမကို ဖန်ဆင်း၍ လူရှိရာသို့ ဆောင်ခဲ့လေ၏ (ယင်း ၁၊ ၂၂)'။

'ထို(အလ္လာဟ်) အရှင်မြတ်သည် လူသားကို သွေးခဲဖြင့် ဖန်ဆင်း တော်မူ၏ (ကုရ်အာန် ၉၆း၂)။ ထိုမှတစ်ပါး စင်စစ်ကေန် ငါ (အလ္လာဟ်) အရှင်မြတ်သည် လူသားကို ပုံသွင်းပြီးဖြစ်သော အသံမြည်သော ရွှံ့ပုပ် ခြောက်ဖြင့် ဖန်ဆင်းတော်မူခဲ့လေသည် (ယင်း ၁၅၊ ၂၆)'။ (စကားမစပ် အခန်း ၉၆ နဲ့ အခန်း ၁၅ အဆိုတွေ ဆန့်ကျင်နေသလားပဲ)။

ကမ္ဘာပေါ်မှာ ထင်ရှားတဲ့ ဘာသာတရားတွေ စတင်ရာ အဲဒီ ကျမ်းစာတွေအရ လူသတ္တဝါတွေဟာ ဘုရားသခင် ဖန်ဆင်းချိန်က စတင်ခဲ့တယ် တစ်နည်းဆိုရင် သက်ရှိနဲ့ စကြဝဠာအစ ဖန်ဆင်းရှင်ကလို့ ဆိုနိုင်ပါတယ်။ မဟာဗြဟ္မာ၊ ယေဟောဝါ၊ ထာဝရ၊ အလ္လာ၊ ခိုဒါ စတဲ့ အမည်နာမအားလုံးကို ဒီနေရာမှာ ဖန်ဆင်းရှင်လို့ ဆိုလိုပါတယ်။

## ဗုဒ္ဓ မိန့်ဆိုပုံ

'ဤစဉ်ဆက်မပြတ် လည်ပတ်မှုဖြစ်စဉ် မွေးသေစက်ဝန်း (ဘဝသံသရာ)သည် အစမထင်ဘဲရှိ၏။ အဝိဇ္ဇာ(မသိမှု)ဖြင့် မြှေးယှက်ကြကုန်လျက် တဏှာ(စွဲလမ်းမှု)ဖြင့် တုပ်နှောင်ဖွဲ့ချည်ထားခြင်း ခံနေကြရသော သတ္တဝါတို့၏ အဦးအစ မူလရင်းမြစ်ကို မသိမြင်နိုင် (သံ ၁၊ ၃၈၅)'။

ဗုဒ္ဓဝါအရ အကြောင်းဟာ အကျိုးကို ဖြစ်ပေါ်စေပြီး အဲဒီအကျိုးကပဲ တစ်ဖန် အကြောင်းတရား ဖြစ်လာတဲ့အတွက် သက်ရှိလောက ဒါမှမဟုတ် အခြားဘယ်အရာမဆိုရဲ့ ရှေးဦးအစ မူလရင်းမြစ် အကြောင်းတရားဆိုတာကို မသိမြင်နိုင်ဘူး။ ဘဝသံသရာ အလျဉ်ဟာ အဝိဇ္ဇာ တဏှာဆိုတဲ့ ညွှန်ရေတွေနဲ့ ဖြည့်တင်းထားသရွေ့ စက်ဝန်းလို မရပ်မစဲ လည်ပတ်နေတယ်။ စက်ဝန်းရဲ့ အစကို ရှာမတွေ့နိုင်ဘူး။

## ဆုံးစ မထင်နိုင်

သတ္တဝါတစ်ယောက် သို့မဟုတ် အရာဝတ္ထုတစ်ခု ဖြစ်ပေါ်လာဖို့ အဲဒီသတ္တဝါ အရာဝတ္ထုတွေ မပေါ်ပေါက်မီ ရှေးကတည်းက တည်ရှိနေနှင့်ပြီးဖြစ်တဲ့ ဖန်ဆင်းရှင် ရှိရမယ်လို့ယူဆရင် အဲဒီဖန်ဆင်းရှင် ကိုယ်တိုင်လဲ သူ့ကို ဖန်ဆင်းဖို့ နောက်ထပ် ဖန်ဆင်းရှင်တစ်ယောက် ရှိကိုရှိရမယ်လို့ ယုတ္တိနည်းကျ ယူဆခွင့်ရှိပါတယ်။ အဲဒီလိုဖြစ်ရင် ဖန်ဆင်းရှင်တွေ အစအဆုံး မရှိနိုင်တော့ဘူး။ တကယ်လို့ အဲဒီ ဖန်ဆင်းရှင်ဟာ အဆုံးအစ မရှိ၊ ၎င်းကြောင့် သူ့ကို ဖန်ဆင်းဖို့ ရှေးဦး အကြောင်းဖြစ်တဲ့ နောက်ထပ် ဖန်ဆင်းရှင် တစ်ယောက် မလိုပါဘူးလို့ ဆိုရင်တော့ 'ဖန်ဆင်းရှင်မှာ အဆုံးအစမရှိသလို ဘဝသံသရာလဲ အဆုံးအစ မရှိပါဘူး'

လို့ပဲ ဆိုရပါလိမ့်မယ်။ နောက်တစ်မျိုး ပြောရရင် အကယ်၍ အဲဒီ အဦး အစ မူလရင်းမြစ်ဖြစ်တဲ့ အကြောင်းတရား (ဆိုပါစို့ အဲဒီ ဆုံးစမဲ့ ဖန်ဆင်းရှင်) ဟာ တစ်စုံတစ်ဦးသော တန်ခိုးရှင်ရဲ့ ဖန်ဆင်းခြင်းမှု မခံရဘဲ တည်ရှိနိုင်တယ်ဆိုရင် စကြဝဠာထဲမှာရှိတဲ့ အခြားသော သဘာဝတရား တွေဟာလည်း ဖန်ဆင်းခြင်းမခံရဘဲ မတည်ရှိနိုင်စရာ အကြောင်းရှိပါ့ မလား။ ဖန်ဆင်းမှု ကင်းလွတ်နယ်ပယ်တစ်ခု ကေန်ရှိရမယ်ပ။

**သိပ္ပံလည်း မနိုင်သေး**

သိပ္ပံပညာရှင်တွေဟာ သက်ရှိ ဒါမှမဟုတ် အရာဝတ္ထုတစ်ခုရဲ့ မူလအစ ကို တစ်ခုပြီးတစ်ခု ရှာဖွေရင်း အကြောင်းတရားက အကျိုးတရား ဖြစ် သွားပြီး နောက်ဆုံးတော့ ဆိုပြီး အကျိုးတရားလည်း အခြားအကျိုး တရားတစ်ခုကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရား ဖြစ်သွားပြန်တယ်။ ရှာဖွေရင်း မူလမှတ်ကိုပဲ ပြန်ရောက်သွားကြတာကို တွေ့ရတယ်။

သက်ရှိတွေ၊ သစ်ပင်တွေ၊ ဂြိုဟ်တွေ၊ ဒြပ်ဝတ္ထုနဲ့ စွမ်းအင်တွေရဲ့ မူလအကြောင်းတရားတွေကို ရှာဖွေတွေ့ရှိကြပြီး ဖြစ်ပေမဲ့ မိမိတို့ ကိုယ် တိုင် ဖြစ်ပေါ်တည်ရှိမှုရဲ့ မူလရင်းမြစ် ရှေးဦးအကြောင်းတရားကိုတော့ တွေ့ရှိနိုင်စွမ်း မရှိကြသေးပါဘူး။

ဗုဒ္ဓမြတ်စွာကတော့ သတ္တဝါတွေရဲ့ ရှေးဦးမူလရင်းမြစ် အကြောင်း တရားကို မသိမြင်နိုင်ဘူး သံသရာအစမရှိဘူး ဆိုတာကို ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်နဲ့ ရှင်းပြထားပြီး ဖြစ်ပါတယ်။ အဲဒီလို အစမရှိတာကို အစမရှိဘူးလို့ အမှန်အတိုင်း ထိုးထွင်း သိမြင်လို့ပဲ ဗုဒ္ဓမြတ်စွာကို သဗ္ဗ ညုတ (အလုံးစုံသိ) ဉာဏ်တော် ပိုင်ရှင်လို့ ဆိုနိုင်တာပါ။ ဒါကြောင့် မူလရင်းမြစ် အကြောင်းတရား တစ်ခုမရှိဘဲ သတ္တလောက ဘယ်လို စတင် ဖြစ်ပေါ်လာသလဲ ဆိုတာနဲ့ ပတ်သက်လို့ ဗုဒ္ဓဒါတစ်ယောက်ရဲ့ အဖြေက ရှင်းပါတယ် 'ဒီ မေးခွန်းအတွက် အဖြေမရှိပါ' တဲ့။

အချိန်နဲ့ အာကာသ (Time and Space)ဟာ တစ်ခုစီ သီးခြား မ ဟုတ်ဘဲ တစ်ခုနှင့်တစ်ခု ကြောင်းကျိုးဆက်ဖြစ်စဉ်နဲ့ အမှီသဟဲ ပြုနေ

တယ်ဆိုတဲ့ Relitivity သဘောတရားကို နားလည်ရင် လောကမှာ အစ မရှိ ဆိုတာကိုလည်း နားလည်နိုင်ပါတယ်။

## လောကအရာ မကြံရာ

အာကာသရဲ့ အဆုံးကို သိမြင်ဖို့ ခဲယဉ်းတယ်။ အချိန်ရဲ့ သက်တမ်းကို နားလည်ဖို့လည်း မလွယ်ဘူး။ ဒီ့ထက် အချိန်ဆိုတဲ့အရာ မရှိတော့ရင် အ ချိန်ဆိုတာကို နားလည်ဖို့ ပိုပြီးခဲယဉ်းသွားတယ်။ အဲဒီလိုပဲ မူလရင်း မြစ် အစဦး အကြောင်းတရားကို အခြေပြုပြီး ဟောဒီကမ္ဘာလောက ဖြစ် ပေါ်လာပုံကို နားလည်ဖို့ ခက်ခဲပါတယ်။ အနိမ့်မူလရင်းမြစ် အကြောင်း တရားရဲ့ စတင်ဖြစ်တည်ပုံကို နားလည်ဖို့ဆိုရင် ပိုမို မခဲယဉ်းဘူးလား။

ဒါကြောင့် ဗုဒ္ဓရှင်တော်မြတ်က 'လောကစိန္တာ ဘိက္ခဝေ အစိန္တေယျာ = ရဟန်းတို့၊ လောကအရာကို မကြံစည်ကြနှင့် (အံ ၁၊ ၃၉၂)' လို့ မိန့် မှာတော်မူတာ ဖြစ်ပါတယ်။ လောကအကြောင်း စကြဝဠာအကြောင်းကို ကြံစည်စဉ်းစားဖို့က သိပ္ပံပညာရှင်တွေရဲ့ တာဝန်ပါ။

## ဗုဒ္ဓ မဖြေကြားဘူး

လူတွေ စိတ်ဝင်စားနိုင်ဖွယ်ရှိပေမယ့် ဝိမုတ္တိ (ဒုက္ခမှလွတ်မြောက်မှု)နှင့် မပတ်သက်လို့ အဲဒီလိုမေးခွန်းမျိုးကို ဗုဒ္ဓကိုယ်တိုင် မဖြေကြားခဲ့ပါဘူး။ ဘာကြောင့်ဆို မေးခွန်းကိုက လူတစ်ယောက်ရဲ့ အဆင့်မမီတဲ့ နား လည်မှုရဲ့ ရလဒ် ဖြစ်နေလို့ပါပဲ။ စကြဝဠာရဲ့ မူလရင်းမြစ်နဲ့ ပတ်သက် တဲ့ သီအိုရီတွေ၊ ယုံကြည်မှုတွေ၊ လောကဟာ အဆုံးရှိသလား မရှိဘူး လား ဆိုတာတွေကို စဉ်းစားနေမယ့်အစား ဒုက္ခမှ လွတ်မြောက်မှုကို ကြိုးစား ရှာဖွေကြဖို့သာ ဗုဒ္ဓက အရေးတကြီး တိုက်တွန်းခဲ့ပါတယ်။

မြားမှန်သူဟာ မြားဘယ်အရပ်က လာတယ်၊ ဘယ်သူ ပစ်တယ် ဆိုတာကို အချိန်ကုန်ခံ စုံစမ်းနေမယ့်အစား အသက်ရှင်ဖို့ ခန္ဓာကိုယ်ထဲ က မြားကို အရင်ဆုံး ဖယ်ရှားပစ်ဖို့က ပိုအရေးကြီးကြောင်းပါ။ ▢

# အရက်နှင့် အပါယ်ငရဲ

ဆရာတော် အရှင်မြတ်ဘုရား၊

တပည့်တော်ဟာ အရက်သေစာ သောက်စားမှုကို လုံးဝ ရှောင်ကြဉ်သူ ပါဘုရား။ ဒါပေမယ့် တပည့်တော် သိလိုသည်မှာ အရက်သောက်လျှင် အပါယ်ငရဲသို့ ရောက်မရောက် အရက်သောက်သူ တရားထိုင်လျှင် တရားထူးကို ရမရ ဆိုသည့်အချက် ဖြစ်ပါသည်။ ထူးခြားတာက ဒုစရိုက် ဆယ်ပါးထဲမှာ အရက်သောက်မှု မပါပါဘုရား။ ဖြစ်နိုင်လျှင် အခြားဘာသာတွေရဲ့ ကျမ်းတွေမှာ အရက်သောက်မှုနှင့် ပတ်သက်ပြီး မည်သို့ ညွှန်ကြားမှုရှိသည်ကိုလည်း သိလိုပါသည်အရှင်ဘုရား။

တပည့်တော် ဗာဂျီးနီးယားမှ ဦးဦးသိန်းထွန်းပါဘုရား

------------------

**ဗုဒ္ဓကျမ်းဂန်အဆို**

'ရဟန်းတို့၊ သေအရက်သောက်ခြင်းကို မှီဝဲလျှင် ကြိမ်ဖန်များစွာ ပြုလျှင် အပါယ်လေးဘုံ၌ ဖြစ်ရ၏။ အရက်သောက်သူသည် လူဖြစ်လာသော်လည်း အနည်းဆုံး ရူးသွပ်မှု အကျိုးကို ရတတ်၏။ အံ ၃၊ ၇၈'။ '(ဒုသီလစေတနာ) ငါးပါးလုံး (ငါးပါးသီလကို ချိုးဖောက်မှု အားလုံး) ကမ္မပထ မြောက်သည်သာ (ပဥ္စပိ ကမ္မပထာ ဝေ) အဘိ-ဋ္ဌ ၂၊ ၃၆၆'။

ဖော်ပြပါ အင်္ဂုတ္တိုရ်ပါဠိတော်အရ သေအရက်ကို သောက်သူဟာ အပါယ်ငရဲကို ရောက်ပါတယ်။ သေအရက်ကို သောက်စားခြင်းဟာ သူ့အသက်ကို သတ်တာ၊ ခိုးတာ၊ သူ့အိမ်ယာကို ပြစ်မှားတာတွေလိုပဲ ကံလည်း မြောက်ပါတယ်။ ကံမြောက်တယ်ဆိုတာက မကောင်းကျိုး ပေးတယ် တစ်နည်း အပါယ်လေးဘုံမှာ ပဋိသန္ဓေအကျိုးကို ပေးတတ်တယ်လို့ ဆိုလိုတာပါ။

**ဒုစရိုက်ဆယ်ပါးမှာ မပါ**

အရက်သောက်တာကို ဒုစရိုက်ဆယ်ပါးမှာ မထည့်တာက ကံမမြောက်

လို့ သို့မဟုတ် အပြစ်မရှိလို့ မဟုတ်ပါဘူး။ အကုသိုလ် ကမ္မပထတရား ဆယ်ပါး (ဒုစရိုက်ဆယ်ပါး) ဖြစ်ပေါ်လာအောင် ပင့်တင်ပေး (ကျေးဇူး ပြု) တတ်ခြင်း၊ ဒုစရိုက်ဆယ်ပါးထဲက ကာမေသု မိစ္ဆာစာရ သဘော ရှိခြင်းတို့ကြောင့် အရက်သောက်တာကို သီးခြား ဒုစရိုက်တစ်ပါး အနေနဲ့ မယူတာပါ (မူလဋီ ၂။ ၁၇၉။ အနုဋီ ၂။ ၁၉၀)။

အဲဒီ အဘိဓမ္မာဋီကာကြီး နှစ်စောင်ရဲ့ အဓိပ္ပာယ်ကို ညဏ်မီသမျှ ဖွင့်ဆိုရရင် 'ပစ်ခတ် သတ်ဖြတ်ရဲအောင်၊ ပြည်သူ့ဘဏ္ဍာကို အဓမ္မ ယူရဲအောင်၊ ကာမပိုင် ရှိသူတွေကို ကြာခိုရဲအောင်၊ ပေးမယ် ဆိုတာကို မပေးဘဲ ကတိဖျက်ရဲ လိမ်ရဲအောင်' ဘိန်း ကဇော် လှော်စာ အရက် အင်ပက်တမင်း စိတ်ကြွဆေးတွေကို သူများကျွေးလို့ဖြစ်စေ ကိုယ့်ဟာ ကိုယ်ဖြစ်စေ စားသုံးရင် 'ဒုစရိုက်ဆယ်ပါး ဖြစ်ပေါ်လာအောင် သုရာပါန (မူးယစ်ဆေးသုံးစွဲမှု) က ပင့်တင်ပေးတဲ့ (ဥပကာရ) သဘော' ပေါ့။

မူးရုံ ပျော်ရုံမျှ သို့မဟုတ် ပင်ပန်းတာ ပြေအောင် သို့မဟုတ် စိတ်ညစ်တာ ပျောက်အောင် သောက်တယ်ဆိုရင်တော့ 'ရသလို့ဆိုတဲ့ ဝတ္ထုကာမဂုဏ်နဲ့ ပတ်သက်ပြီး မှားယွင်းတဲ့ အကျင့်ဖြစ်လို့ ကာမေသု မိစ္ဆာစာရနဲ့ သဘောတူပါတယ် (ဋီကာကျော်၊ စာ- ၁၅၂)'။

## သမ္မာကျမ်းအဆို

*'Psamls 104:15:* And ***wine*** that maketh glad the heart of man, and oil to make his face to shine, and bread which strengtheneth man's heart. ဝိုင် (စပျစ်ရည်) သည်လည်း လူတို့ကို ရွှင်လန်းစေ၏။ ဆီအားဖြင့်လည်း သူတို့မျက်နှာကို ပြောင်စေနေတော်မူ၏။ မုန့်သည်လည်း သူ တို့ နှလုံးကို ထောက်မ၏ (ဆာလံ ၁၀၄း၁၅)'။ *'1 Timothy 5:23* Do not drink water any longer, but use ***a little wine*** for the sake of your stomach and your frequent cases of sickness. သင်၏ရင်ထဲ၌ အကျိုးဖြစ်စေခြင်းငှာ လည်းကောင်း၊ မကြာ မကြာခံရသော ရောဂါ ကြောင့် လည်းကောင်း ယခုမှစ၍ ရေကိုသာ မသောက်ဘဲ ဝိုင် (စပျစ် ရည်) အနည်းငယ်ကို သုံးလော့ (၁ တိမောသေ ၅း၂၃)'။

*'John 19:30:* When Jesus therefore had received *the vinegar*, he said, It is finished: and he bowed his head, and gave up the ghost. ယေရှုသည် ဝိုင် (ပုံးရည်) ကို ခံပြီးမှ အမှုပြီးပြီဟု မိန့်တော်မူလျက် ခေါင်းတော်ကို ငိုက်ဆိုက်ညွတ်၍ အသက်တော်ကို စွန့်တော်မူ၏ (ယောဟန် ၁၉း၃၀)'။ ယေရှုခရစ်တော်ဟာ ကွယ်လွန်ခါနီးမှာ *vinegar* လို့ခေါ်တဲ့ အရည်တစ်မျိုးကို သောက်သုံးခဲ့ပါတယ်။

သမ္မာကျမ်း *John 19:30,* King James's version မှာ *vinegar* လို့ဆိုတယ်။ Jehova's Witiness version မှာ အဲဒီ ဝေါဟာရအစား sour wine လို့ ဆိုတယ်။ ယုဒသန် (Rev. A.Judson, D.D.) က wine ကို စပျစ်ရည်၊ vinegar ကို ပုံးရည်လို့ မြန်မာပြန်ခဲ့ပါတယ်။ ယုဒသန်ဟာ မြန်မာ့ယဉ်ကျေးမှုကို ကောင်းစွာ ကျွမ်းကျင်ပါပေတယ်။

Jehova's Witiness အဖွဲ့ဝင်တွေ လာရောက် ဟောပြောစဉ် မေးမြန်းချက်အရ 'အရက် (alcohol) ကို ဥပါဒ်မဖြစ်ရုံ သောက်ရင် တစ်နည်း အမူးလွန်အောင် မသောက်ရင် ယေဟောဝါ ဘုရားသခင်က လူသားတို့အပေါ် ထားရှိတဲ့ မဟာကရုဏာတော်ကြောင့် ကြည်ဖြူစွာ ခွင့်ပြုပါတယ်'ဟု ဖြေဆိုတာကို မှတ်သားဖူးပါတယ်။

**ကုရ်အာန်ကျမ်းအဆို**

'စွန်ပလွံသီးများ၊ စပျစ်သီးများမှ မူးယစ်စေသောအရာနှင့် စားကောင်းသောက်ဖွယ်များ ပြုလုပ်ကြကုန်၏ (၁၆း၆၇)'။ 'အသင်တို့သည် မူးယစ်နေကြစဉ် ဆွလာတ်ဝတ်ပြုမှု၏ အပါးသို့ပင် မချဉ်းကပ်ကြလေနှင့် (၄း၄၃)'။ '၁၆း၆၇ မုခပါဌ်ကျရောက်စဉ်က မွတ်ဆလင်တို့ကို သေအရက်သောက်ခွင့် ပြုခဲ့သော်လည်း နောင်အခါ ၄း၄၃ မုခပါဌ်တော် ကျရောက်လာပြီး သေသောက်ခွင့်ကို တားမြစ်လိုက်၏ (ကိုရ်အာန်၊ တွဲ ၁၊ စာ-၁၈၅၊ အောက်ခြေမှတ်ချက်)'။

ဖော်ပြပါ ကျမ်းစာစကားအရ ယခုခေတ် မွတ်ဆလင်တွေ အရက်သောက်ခွင့် မရှိတော့ကြောင်း နားလည်ရပါတယ်။ စပ်မိလို့ ကိုရ်အာန်ကျမ်း ၂း၂၁၉ မှာ ဖော်ပြတဲ့ အရက်မသောက်ဖို့ အကြောင်းပြချက်တွေ

ဟာ အင်မတန် လက်တွေ့ကျပြီး လိုက်နာကျင့်သုံးရန် ကောင်းမွန်ကြောင်း အသိပေးလိုပါတယ်။

**အရက်သမားနဲ့ တရားထူး**

ညအရက်မူး မနက်တရားထိုင် ဆိုရင်တော့ ဘယ်တော့မှ တရားထူးရမှာ မဟုတ်ဘူး။ ယခင် သောက်ခဲ့ပေမယ့် ယခု လုံးဝ အရက်ဖြတ်ပြီး တရားထိုင်ရင် ဒီဘဝမှာ တရားထူးကို ရနိုင်ပါတယ်။ ဖြတ်လိုက် ထိုင်လိုက် ပြန်သောက်လိုက် ဆိုရင် တရားထူးရဖို့ ခဲယဉ်းပါလိမ့်မယ်။ တရားထူးကို ရပြီးသူဟာ အရက် လုံးဝ မသောက်တော့ဘူး။

**နည်းနည်းပါးပါး သောက်ရင်**

လူတွေဟာ အရသာခံဖို့ အရက်သောက်ကြတာ မဟုတ်ဘူးလို့ ထင်ပါတယ်။ စိတ်ပြေလက်ပျောက် ဒါမှမဟုတ် အပျော်သဘောမျိုးနဲ့ တစ်ခါတစ်ရံ လူမှုရေးအရ အများနဲ့ လိုက်လျောညီထွေ ဖြစ်ဖို့ သောက်ကြတာလဲ ရှိနိုင်တယ်။ နည်းနည်းလေး သောက်ရင်လည်း စိတ်ဓာတ်ပျက်စီးပြီး အမှားနဲ့ အမှန်ကို မခွဲခြားနိုင်ဘဲ သတိလက်လွတ် ဖြစ်တတ်တာပဲ။ မပြောသင့်တာ ပြောမိ၊ မလုပ်သင့်တာ လုပ်မိ ဖြစ်တာပဲ။ ဗုဒ္ဓဟောတဲ့ ငါးပါးသီလ သိက္ခာပုဒ်နဲ့ ပြောရရင် နည်းနည်းလေးကိုတောင် မစောင့်ထိန်းနိုင်ရင် မိမိရဲ့ သီလကို စောင့်ထိန်းဖို့ ဆုံးဖြတ်ချက်ဟာ ခိုင်မြဲနိုင်ပါ့မလား။ ပြီးတော့ နည်းရာကနေ တဖြည်းဖြည်း များလာတတ်တဲ့ လူ့သဘာဝကိုလည်း မမေ့သင့်ဘူး။

ဒါကြောင့် ဗုဒ္ဓဝါဒီ တစ်ယောက်အနေနဲ့ အရက်သောက်တာဟာ အပါယ်ငရဲ ကျကြောင်းဖြစ်လို့ ပါပ (မကောင်းမှု) တစ်ခုလို့ မြဲမြဲ မှတ်ယူပါ။ ပြီးတော့ အဲဒီ မကောင်းမှုမှ အာရတီ ရှောင်လိုက်ပါ။ ဝိရတီ ဝေးဝေးက ရှောင်လိုက်ပါ။ အဲဒီလို ရှောင်ရင် သူ့အလိုအလို ကုသိုလ်တိုးပွားပြီး မင်္ဂလာဖြစ်တယ်လို့ အကြံပြုပါရစေ။ ❐



# တောထွက်လိုချင်

ဆရာတော် အရှင်မြတ်ဘုရား၊

တပည့်တော်သည် ကွန်ပျူတာပရိုဂရမ်မာအဖြစ် သက်မွေးဝမ်းကျောင်းပြုပြီး နေထိုင်ခဲ့ရာမှာ အတော်အသင့် အောင်မြင်ပြီး ငွေကြေးလည်း အတော်အတန် စုဆောင်းမိခဲ့ပါသည်။ ဆရာဝန်တွေက မကြာမီ သေတော့မည်ဟုဆိုသော ရောဂါတစ်ခုကို ကံကောင်းစွာ ကျော်လွန်ခဲ့ပြီးနောက် တပည့်တော်၏ စိတ်ထဲ၌ လူ့ဘောင်ကိုစွန့်ပြီး ရဟန်းပြုလိုစိတ် ပြင်းပြလျက်ရှိပါသည်။ တပည့်တော်၏ အသက် ၄၇ နှစ်ပါ။ သားကြီး အရွယ်ရောက်ပြီဖြစ်၍ ဇနီးဖြစ်သူကလည်း ကြည်ဖြူစွာ သဘောတူပါသည်။ တပည့်တော်၏ ဆုံးဖြတ်ချက် မှန်ကန်ပါသလား။ ရဟန်းပြုရန် တပည့်တော် မည်သို့ ပြင်ဆင်သင့်ပါသနည်း။ သင်ယူလေ့လာ ဖတ်ရှုသင့်သည့် စာအုပ်များကိုလည်း ညွှန်ကြားပေးစေလိုပါသည် အရှင်ဘုရား။

မောင်လှမျိုး

---

## ရဟန်းဘဝ ရခဲလှ

'ပဗ္ဗဇိတာဘာဝေါ ဒုလ္လဘော' ဆိုတဲ့အတိုင်း ရဟန်းပြုတယ်ဆိုတာ ရခဲတဲ့အပြင် ခက်လဲ ခက်တဲ့အလုပ်ပါ။ သတိသံဝေဂ ရလို့ ရဟန်းဝတ်ချင်စိတ် ပေါက်လာကို မွန်မြတ်တယ်လို့ အကောင်းမြင်သဘောနဲ့ ဆိုနိုင်ပါတယ်။ တွယ်တာစရာတွေကို ဖြတ်နိုင်ခဲ့တဲ့ စိတ်ဓာတ်ကိုက လေးစားစရာပါ။ ဘုန်းကြီးတို့ ခပ်ငယ်ငယ် ကျောင်းသားဘဝတုန်းက ရွယ်တူကိုရင်လေးတွေ၊ ဦးပဉ္စင်းငယ်တွေကို အားကျပြီး ဘုန်းကြီး ဝတ်ချင်ခဲ့တယ်။ သူတို့ဘဝ လွတ်လပ်ပြီး သိပ်ပျော်စရာ ကောင်းမှာပဲလို့ ထင်တယ်။ မိဘတွေအပါအဝင် ပတ်ဝန်းကျင်က သူတို့တွေကို ကြည်ညိုစွာ ဆက်ဆံတာ လေးစားတာ ဖော်ရွေတာတွေကို အားကျတဲ့ လူ့သဘာဝ

လည်း ပါခဲ့တာပဲ။ ဘာပဲဖြစ်ဖြစ် ဖန်ဝါရောင် အဆင်းကိုက (ဒီနိုင်ငံ ဒီ ယဉ်ကျေးမှု ဒီအသိုင်းအဝိုင်းထဲမှာ) ချစ်ခင် လေးစားစရာ သွင်ပြင် ဖြစ် နေတာလည်း တစ်ကြောင်းပေါ့။ အင်း၊ ကိုယ်တိုင် ကိုရင်ဖြစ်လာတော့ ထင်သလောက် မလွယ်ဘူးဆိုတာကို တဖြည်းဖြည်း သိလာတယ်။ နေ့ အချိန် ဘုန်းကြီးဆီမှာ တစ်နေကုန် စာသင်ရတယ်။ ဥပုသ်နေ့က လွဲရင် ညတိုင်း ဘုရားဝတ်တက်၊ ပြီးရင် စာအံရတယ်။ ဝေယျာဝစ္စ အလုပ် တွေလည်း ပြည့်လို့။ မနက်က မိုးချုပ်ထိ အားတယ်ကို မရှိဘူး။

## လေ့ကျင့်မှု ထုထည်

ဆယ်ကျော်သက် အရွယ်မှာ မနက် ၅ နာရီ အိပ်ယာက ထရတာကိုက အိမ်ကသားသမီးတွေနဲ့ နှိုင်းစာကြည့်ပါ။ ပရိတ်ကြီး ၁၁ သုတ်၊ အတွင်း အောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ လောကနီတိ၊ ရှင်ကျင့် ဝတ်လို့ခေါ်တဲ့ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ သေခိယ ၇၅၊ စုဒ္ဒသခန္ဓက ဝတ်တွေကို ကိုရင်စည်းပြီးတာနဲ့ ကုန်အောင် သင်ရတယ်။ ပညာလည်း သင်၊ စိတ်ပိုင်းဘဝကိုလည်း လေ့ကျင့်ရတယ်။ ငယ်ငယ်တုန်းကတော့ သက်နှီးစည်းချင်တာ၊ စာမေးပွဲ အောင်ချင်တာ၊ အရေးပေး ခံရချင်တာ လောက်ပါပဲ။ စာသင်တိုက်ကြီးတွေကို ရောက်တော့ သီလသိက္ခာပုဒ် ထိန်းသိမ်းမှုနဲ့ စည်းကမ်း လိုက်နာရမှုတွေက ပိုကျပ်သွားတယ်။

စာသင်တော့လည်း အပြိုင်အဆိုင် အားကြိုးမာန်တက် လုပ်ရ တယ်။ အခက်အခဲကို ကျော်လွှားပြီး အနည်းဆုံး ဓမ္မာစရိယဘွဲ့ က လေးဆိုတာလောက်ကို ရဖို့ တော်ရုံဇွဲဝီရိယနဲ့ မလွယ်ဘူး။ အဲဒီလောက် အောင်ပြီးမှလည်း ပါဠိတော် အဋ္ဌကထာတွေကို အတော်အသင့် ဖတ် တတ် လေ့လာတတ်တဲ့သဘော ရှိတာကိုး။ အရည်အချင်း ပြည့်မီတဲ့ ရဟန်းတစ်ပါး ဖြစ်လာဖို့ စိတ်ပိုင်းဘဝ လေ့ကျင့်ပျိုးထောင်မှု Training ဟာ ထုထည် ကြီးမားပါတယ်။ ငယ်ငယ်ကဆို ကိုယ့်ကိုယ်ကို Training လုပ်လို့ လုပ်နေမှန်းတောင် မသိခဲ့ပါဘူး။ စည်းကမ်းကို လိုက်နာမယ်၊ စမေးပွဲ အောင်မြင်အောင် ကြိုးစားမယ်၊ ခလုတ်ဆူးငြောင့် မထိအောင်

ရှောင်မယ်၊ ဒါလောက်ပဲ သိခဲ့တယ်။ ကြီးလာမှပဲ မိမိမှာရှိခဲ့တဲ့ Training ဘဝကို အလေးအနက် စဉ်းစားရင်း ကိုယ့်ကိုယ်ကို နှမြောပြီး တန်ဖိုးထားမိလို့ သာသနာ့ဘောင်မှာ နေဖြစ်သွားခဲ့တာပါ။

## ကိုယ့်ကို နှိမ့်ချ

အဲဒီလို လေ့ကျင့်မှုအောက်မှာ နှစ်ပေါင်း နှစ်ဆယ် အစိတ်လောက် နေလာပြီးမှ ဘုန်းကြီးဘဝကနေ လူထွက်ရင် အများစုဟာ ရုတ်တရက် လူ့လောကနဲ့ အံဝင်ဂွင်ကျ မဖြစ်ဘဲ 'လူ့ဂွစာကြီး' ဖြစ်နေတတ်တယ်။ ဘုန်းကြီးလူထွက်ဟာ လူ့ဘဝမှာ အံမဝင်ဖြစ်တတ်သလို 'တောထွက်' အများစုဟာလည်း ဘုန်းကြီးဘဝနဲ့ သံဃာ့အသိုင်းအဝိုင်းမှာ အံဝင်လေ့ မရှိတတ်ဘူး။ အသက်လေးဆယ်နီးမှ ဘုန်းကြီးဝတ်ရင်တော့ အိမ်ထောင်ကျကျ မကျကျ အများက 'တောထွက်' လို့ပဲ နားလည်ကြမှာပဲ။'တောထွက်' လို့ ခေါ်ခံရတာကိုက နားခါးစရာ ခံစားရတယ်။ ဒါပေမယ့် မိမိဘဝမှန်ကို သိရင်တော့ သည်းခံနိုင်ပါတယ်။ ဘာကြောင့်ဆို ဗုဒ္ဓရှင်တော်မြတ်တောင် 'မဟာဘိနိက္ခမန' 'ကြီးမြတ်တဲ့ တောထွက်မှု'ကို ပြုခဲ့ပြီးမှ ဘုရားဖြစ်လာတာပါ။

ကိုယ်က ဝါတော် လေးငါးဆယ်ရတဲ့ ဆရာတော်ကြီးပုံစံ ပေါက်နေပေမယ့် ရဟန်းသိက္ခာကြီးတဲ့ ကိုယ့်သားလောက် ရဟန်းငယ်တွေကို ရှိခိုးရတယ်။ အချို့တောထွက်တွေဟာ အတော်အသင့် သိက္ခာဝါရပြီး အသိုင်းအဝိုင်းလေးတစ်ခုရှိလာရင် ကိုယ့်ကိုယ်ကို အထင်ကြီးသွားပြီး ပဉ္စင်းငယ်တွေကို ရှိမခိုးချင်တော့ဘူး။ တစ်ခါတစ်ရံ ရဟန်းငယ်က မှားပြီး ရှိခိုးဦးညွှတ်ရင်တောင် မသိလိုက်မသိပါနဲ့ ငြိမ်ပြီး သာယာနေတတ်တယ်။ ဘုရင့်သားပဲဖြစ်ဖြစ် မီလျံနာပဲဖြစ်ဖြစ် ဒေါက်တာပဲဖြစ်ဖြစ် ရဟန်းဘဝမှာ သိက္ခာဝါငယ်သူဟာ ကြီးသူကို ရှိခိုးရမယ် ဦးစားပေးရမယ်ဆိုတာကို သိမ်ထဲမှာ ရဟန်းခံတုန်းကပင် ညွှန်ကြားထားပြီးသား။ ဗုဒ္ဓရဲ့ ညီတော် မင်းညီမင်းသားတွေဟာ မိမိတို့ကို ဆံပင်ညှပ်ပေးတဲ့ အလုပ်သမား ဉပါလိလုလင်ကို အရင်ဆုံး ပဉ္စင်းခံခိုင်းတာဟာ

မာန်မာနကို နှိမ်ချတဲ့ အနေနဲ့ ဥပါလိကို ရှိခိုးချင်လို့ပါ။

**ရိုးရိုးကျင့်ပါ**

တစ်ချို့က မိမိအနေနဲ့ သူဌေးဘဝက ပညာတတ်ကြီးဘဝက ရှိတဲ့ ပစ္စည်းနဲ့ ရာထူးဂုဏ်သိန်ကို စွန့်ပြီး ဘုန်းကြီးဝတ်လာပါတယ်ဆိုတာကို လူတွေကို ကြွားလေ့ရှိတယ်။ အဲဒီလိုပြောတဲ့ ရည်ရွယ်ချက်က လူတွေက မိမိကို အထင်ကြီး လေးစားပြီး အရိုအသေခံချင်တာ၊ အဲဒီက တစ်ဆင့် ဘုန်းကြီး လာလ်ရှင်မှုကို မျှော်လင့်တာတွေပေါ့။ စွန့်ပြီးသား ဥစ္စာနဲ့ ရာထူးကို ဘာလို့ ခဏခဏ စားမြုံ့ ပြန်နေအုံးမှာလဲ။ ဒါတွေကို မမက်မောလို့ ဘုန်းကြီး ဝတ်ခဲ့တာပဲ မဟုတ်လား။

တစ်ချို့ဆိုရင် လူ့လောကဖွား (လူ့လောကကလာသူ) ဖြစ်တဲ့ အတိုင်း လူအများစုရဲ့ အထာကို ကျွမ်းလို့ လူတွေရှေ့မှာ လူတွေအကြိုက် ဟန်ဆောင်ပြတယ်။ လူအိမ်တွေကို အလည်သွား ညအိပ်ပြီး ခုတင်ပေါ်မှာ ကျောချမအိပ်ပါဘူးဆိုပြီး ကုလားထိုင်ကိုပါ ယူသွားပြီး တစ်ညလုံး ထိုင်ပြတတ်တဲ့ တောထွက်တွေ (လူအိမ်မှာ သွားအိပ်ပါတယ်ဆိုမှ ထိုင်အိပ်တဲ့ သူ့ခုတင်အကျင့်ကော စင်ကြယ်နိုင်ပါ့မလား)၊ လူတွေ ဆုံတဲ့ ပွဲညကျမှ ဖျော်ရည် လာကပ်သူတွေက အကြာကြီး စောင့်နေရတဲ့အထိ လူ့ရှေ့မှာ ကမ္မဋ္ဌာန်းထိုင်ပြတဲ့ တောထွက်တွေကို တွေ့ဖူးပါရဲ့။

ဂရုက(အပြစ်လေး) အာပတ်နဲ့ လဟုက(အပြစ်ပေါ့) အာပတ်ကိုတောင် ခွဲခြားနားမလည်ဘဲ ကိုယ်ကမှ ဝိနည်းစည်းကမ်းကို တကယ့်လိုက်နာသယောင်ပြုပြီး ဝိနယဂရုက (ဝိနည်းအလွန်လေးစားသူ) ကြီးအနေနဲ့ အထူးသဖြင့် မသိတဲ့ လူတွေရှေ့မှာ အထင်ကြီးအောင် ဟန်ဆောင်တယ်။ အဲဒီလောက် ဝိနည်းကို လေးစားပြပြီးမှ သမီးတွေကြည်ညိုအောင်လို့ သူတို့အမေ အဖွားကြီးရဲ့ ခြေသလုံးကို နှိပ်ပေးတဲ့ တောထွက်ကိုတောင် ကံမကောင်းစွာ တွေ့ခဲ့ဖူးပါရဲ့။

**မပြည့်အိုး**

မပြည့်တဲ့ အိုးလိုလည်း မဖြစ်သင့်ဘူး။ အလှူအိမ်မှာ ဘုန်းကြီးတွေ စုပြီး

ပရိတ်ရွတ်ပြီဆိုရင် လူကြားအောင် မိမိအသံကို အစွမ်းကုန် မြှင့်တတ် တတ်တဲ့ တောထွက်လည်း ရှိတယ်။ သဘောက မိမိဟာ ဒီဘုန်းကြီး တွေနဲ့ တန်းတူ ရွတ်ဖတ်နိုင်တယ် ဆိုတာကို သူ့လူတွေကို ပြချင်လို့။ ဒါပေမယ့် ကျန်တဲ့ ဘုန်းကြီးတွေ စိတ်ထဲက ပြုံးတော်မူကြမှာပေါ့။ ရွတ် ပုံကို ကြည့်ပါအုံး '၉၀ဝ - ဒေးယျုံ'တဲ့၊ 'စတ္တာရော တေ မဟာဗာလာ' တဲ့။ မပြည့်တော့ ဒီသဘောမျိုး ဖြစ်တတ်တယ်။ ကိုယ့်အခြေအနနဲ့ ကိုယ့်ပ မာဏကို နားလည်တာဟာ လိမ္မာတာပဲ။

ပိဋကတ်သုံးပုံကို ကြေအောင် ဖတ်ဖူးပါတယ်လို့ လူတွေကို ကြွား လုံးထုတ်တဲ့ နာမည်ကြီး တောထွက်တစ်ပါးကိုလည်း တွေ့ဖူးတယ်။ နှုတ်ကောင်းလို့ အပြောသွက်ပေမယ့် နာယူသူတွေမှာ အန္တရာယ်ဖြစ် မယ့်ဟာမျိုးတွေ ပါနေမှာကို တွေးမိပါသေးရဲ့။ ပိဋကတ်သုံးပုံဆိုတဲ့ စကားလုံးဟာ ကျယ်ပြောသလောက် နက်နဲပါတယ်။ တစ်သက်လုံး စာပေနဲ့ မပြတ်တဲ့ ဆရာတော်တွေတောင် ပိဋကတ်သုံးပုံကို ကြေတယ် ဆိုတာမျိုး မပြောရဲကြပါဘူး။ ပါဠိတော်ကို ဖတ်ဖူးရုံ သိရုံနဲ့လည်း မလုံ လောက်နိုင်ဘူး။ အဋ္ဌကထာ ဋီကာတွေကို ကျကျနန ဖတ်တတ်မှ ပါဠိ တော်ရဲ့ အာဘော်ကို အမှန်အတိုင်း ဖမ်းမိနိုင်လို့ပါ။

## ကြည်ညိုတတ်ပါ

တစ်ချို့ တောထွက်တွေဟာ ပရိယတ္တိရှိတဲ့ သံဃာယေ်တွေကို မကြည် ညိုတတ်ဘူး။ အကောင်း မမြင်နိုင်ဘူး။ တစ်နည်းနည်းနဲ့ အပြစ်ရှာပြော တတ်တယ်။ မိမိတို့မှာ ပိဋကတ်ဗဟုသုတ ခေါင်းပါးတာကို ဖုံးကွယ်လို တဲ့အတွက် သူတို့ပြောပုံက 'ဒီကိုယ်တော်က ဓမ္မာစရိယလေးတော့ အောင်ပါရဲ့ သုံးမရပါဘူး။ လူမှုစီးပွား ပထဝီ အုပ်ချုပ်ရေး ဆိုတာတွကို မသင်ဖူးလို့ ဘာမှနားမလည်ဘူး။ ဒါတောင် ''ထောင်''ချင်သေးတယ်' လို့ ကိုယ်ကတော့ ဟုတ်သတန် လုပ်ပြောတတ်တယ်။ (ဒါပေမယ့် ခုခေတ် သံဃာယေ်တွေ သူ ထင်သလို မညံ့ပါဘူး။)

အထူးသဖြင့် ကမ္မဋ္ဌာန်းတိုက်တွေမှာနေရင် အောက်ခြေလွတ်တတ်

တယ်။ သူတို့ကမှ တကယ့် ဘုန်းကြီးအလုပ်ကို လုပ်နေတယ်လို့ ထင်ပြီး သွေးနားထင်ကို ရောက်နေတတ်တယ်။ နိဗ္ဗာန်ကိုရောက်ဖို့ ပရိယတ္တိကို သင်စရာ မလိုဘူးလို့လည်း 'ဟစ်ကြွေး'တတ်တယ်။ အမှန်က နိဗ္ဗာန်ရဖို့ ပရိယတ္တိကို သင်ကိုသင်ရတယ်။

အင်း၊ အဲဒီလိုပုဂ္ဂိုလ်က နာမည်ကြီးတဲ့ ဘုန်းကြီးနောက်က အထုပ်ဆွဲပြီး လိုက်နေရရင်တော့ အဆိုးဆုံးပါပဲ။ ဟိုဘုန်းကြီးရဲ့ အရှိန်နဲ့ လူတွေ အရေးပေး ခံနေရတာကိုက သူ့ဘဝမှန်ကို သိဖို့ မဖြစ်နိုင်ဘဲ စုန်းကဝေ ပူးခံနေရသလို ဖြစ်ပါလိမ့်မယ်။

**သင်ကို သင်ပါ**

တစ်သက်လုံး ဘုန်းကြီးဝတ်တော့မယ်ဆိုရင် ခိုင်ကျည်ပြီး နှိမ်ချတဲ့ စိတ်ဓာတ်ဟာ အရေးအကြီးဆုံးပါ။ ပြီးတော့ အောက်ခြေကပဲ စသင့်တယ်။ ဘယ်လောကီ ဘွဲ့ဒီဂရီရရ၊ အင်္ဂလိပ်စာ တတ်တတ်၊ နိုင်ငံတကာမှာ နေပူးနေပူး၊ စည်းစိမ် ရာထူးဂုဏ်သိန် ရှိခဲ့ရှိခဲ့၊ ဒါတွေဟာ ဘုန်းကြီးတစ်ပါးရဲ့ အစစ်အမှန်ဘဝမှာ တိုက်ရိုက် အသုံးမဝင်ဘူး။ ဒါကြောင့် သီလ သမာဓိနဲ့ ပြည့်စုံတဲ့ ဆရာကောင်း ဆရာမြတ်ကို ရှာရမယ်။ ပြီးရင် အခြေခံကစပြီး ကိုယ့်ကိုယ်ကို ပရိယတ္တိရော ပဋိပတ္တိပါ Training တွေ လုပ်ရမယ်။ ကိုယ့်ကိုယ်ကို Training လုပ်ရတာဟာ သူများကို လုပ်ပေးရတာထက် ခက်တယ်။

သားသမီးတွေရပြီးမှ ရဟန်းပြုလာတဲ့ ဆရာတော်ကြီး တစ်ပါးဆိုရင် ဘုန်းကြီးဝတ်ပြီးတာနဲ့ စာသင်တိုက်ကြီး တစ်ခုမှာ သားအရွယ်မြေးအရွယ် ကိုရင်ယ်တွေနဲ့အတူ စာလိုက်သင်တယ်။ ကြီးမှ စာသင်တော့ ပိုပြီး သဘောပေါက် လွယ်တာပေ့ါ။ မကြာခင်မှာ ဓမ္မာစရိယဘွဲ့ရပြီး ကျမ်းစာတွေ အများကြီး ပြုစုတော်မူသွားတယ်။ အင်မတန် အတုယူစရာ ကောင်းလှပါတယ်။ ဆရာတော့် စာအုပ်တွေနဲ့ပဲ ဘုန်းကြီးတို့လည်း ပထမကြီး အောင်ခဲ့တာ။ အရွယ်လွန်ပြီးမှ ဘုန်းကြီးဝတ်လိုသူတွေ အဲဒီလို ဆရာတော်တွေရဲ့ အတ္ထုပ္ပတ္တိတွေကို ဦးစွာ ရှာဖွေ ဖတ်ရှုလေ့လာပြီး အားကျတဲ့ စိတ်ဓာတ်တွေ မွေးထားသင့်ပါတယ်။

အသက်ကြီးလို့ စာမသင်ချင်တော့ဘူး၊ တရားပဲ ထိုင်တော့မယ် ဆိုတဲ့ ဆင်ခြေမျိုးကိုတော့ ဘုန်းကြီးတို့ မနှစ်သက်ပါဘူး။ တရားလည်း ထိုင်ပေါ့။ ဒါပေမယ့် ရဟန်းဝတ်နဲ့ တစ်သက်လုံး နေမှာဖြစ်လို့ အနည်းဆုံး ပရိတ်ကြီး၊ ပါတိမောက်နဲ့ ကထိန်၊ ရဟန်းခံ၊ ဥပုသ်ပြုစတဲ့ သံဃာ့ကံဆောင်မှု ဆိုင်ရာတွေကို ဆရာနည်းကျသင်ကို သင်ယူရမယ်။ တတ်နိုင်သေးရင် ဓမ္မပဒ၊ အင်္ဂုတ္တိုရ်၊ သံယုတ်စတာတွေကိုလည်း သင်ယူပါ။

စာပေပရိယတ္တိနဲ့ ပြည့်စုံတဲ့ သံဃာငယ်တွေနဲ့ တွေ့ရင်လည်း တန်ဖိုး ထားပြီး မှီဝဲဆည်းကပ်ဖို့ ဆရာတင်ဖို့ ဝန်မလေးပါလေနဲ့။

**ဖတ်မှတ် နာယူ**

ရဟန်းဘဝ လမ်းညွှန်အနေနဲ့တော့ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် ရေးသားတဲ့ **ရုပ်ပုံရှင်ကျင့်ဝတ်** နဲ့ **ဘုရားဥပဒေတော်ကြီး**၊ မြောင်းမြို့ တိုက်သစ် ပဋ္ဌာနတာရုံဆရာတော် အရှင်ကုမာရမထေရ် ရေးသားတဲ့ **ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း** စတဲ့ စာအုပ်တွေကို ဘုန်းကြီး မဝတ်ခင်မှာ ကြိုပြီး ဖတ်ထားသင့်ပါတယ်။

ဗုဒ္ဓဓမ္မရေးရာ ညွှန်းစရာစာအုပ်တွေ များလွန်းလို့ မိမိနှစ်သက်တဲ့ ဆရာတော် သို့မဟုတ် လူပုဂ္ဂိုလ်ရေးတဲ့ ကျမ်းစာတွေကို ဖတ်နိုင်တယ်။ အင်္ဂလိပ်ဘာသာ ကျမ်းစာအုပ်တွေလည်း အများကြီးရှိတာမို့ အထူး မညွှန်းလိုပါဘူး။ ဗုဒ္ဓဘာသာအကြောင်းကို လေ့လာတဲ့ ဆရာကြီးတစ်ဦး ပြောဖူးတာက လေ့လာခါစမှာ ဘုရားစောင်းတန်းက တစ်မတ်တန် စာအုပ် ပိစိကွေးလေးတွေက စပြီး တဖြည်းဖြည်း ဖတ်လာလိုက်တာ နောက်ဆုံးတော့ ပိဋကတ်မြန်မာပြန်တွေကိုတောင် ဖတ်နိုင်လာပါသတဲ့။ ပိဋကတ်ဗဟုသုတပြည့်စုံတဲ့ ဓမ္မကထိက ဆရာတော်တွေရဲ့ တရားတိပ်ခွေတွေကလည်း ဓမ္မနားလည်မှု စွမ်းရည်ရည်ကို မြင့်စေနိုင်ပါတယ်။

ဗုဒ္ဓတရားဟာ ယုံရင်ပြီးရော ဆိုတဲ့ဝါဒမျိုး မဟုတ်လို့ သုတ ပညာ တိုးသထက် တိုးအောင် ဖတ်မှတ် နာယူနေသင့်ပါတယ်။ ▢




ဆရာတော်အရှင်မြတ် ဘုရား၊

ဗုဒ္ဓဟာ ထာဝရဘုရားမဟုတ်လျှင် ဘယ်လို ပုဂ္ဂိုလ်မျိုး ဖြစ်ပါသနည်း။ တပည့်တော် သိချင်တာတွေက (၁) သာမန် လူသား မဟုတ်သော ဗုဒ္ဓသည် ဘယ်လို အစားအသောက်မျိုးကို စားသုံးပါသနည်း (၂) ဗုဒ္ဓမှာ မစင် ကျင်ကြီးကျင်ငယ် စွန့်ခြင်းကိစ္စ ရှိပါသလား (၃) ဗုဒ္ဓဟာ ကျိန်းစက်ခြင်း ရှိပါသလား (၄) ဗုဒ္ဓဟာ သာမန် လူသားဖြစ်လို့ ဖျားနာခြင်း နာမကျန်းခြင်း ဖြစ်နိုင်ပါလား၊ ဖြစ်နိုင်လျှင် သာမန်လူသား မဟုတ်ဘူးလို့ ဆိုနိုင်ပါမည်လား (၅) ဗုဒ္ဓမှာ သင်္ကန်း ဘယ်နှစ်ထည်ရှိပါသလဲ (၆) ဗုဒ္ဓရဲ့ သပိတ်တော် အကြောင်းကိုလည်း သိလိုပါသည်။

စောဘချစ်

-------------------

## ပါရမီကိုယ်

ဗုဒ္ဓဟာ သက်ရှိနဲ့ စကြဝဠာအပါအဝင် အရာခပ်သိမ်းကို ဖန်ဆင်းပေးတဲ့ ထာဝရဘုရား မဟုတ်ပါဘူး။ 'အက္ခာတာရော တထာဂတာ' ဆိုတဲ့ အတိုင်း ကိုယ်တိုင် နှစ်ပေါင်းများစွာ တရားအားထုတ်လို့ ရရှိခဲ့တဲ့ ဓမ္မအတွေ့အကြုံကို လူအများ နားလည်အောင် လမ်းညွှန် ဟောကြားသူသာ ဖြစ်ပါတယ်။ ဒါပေမယ့် သာမန်လူသားလည်း မဟုတ်ပါဘူး။ လွန်ကဲတဲ့ သီလ သမာဓိ ပညာဂုဏ်သခင် လူသားလွန် (ဣတ္ထရိယ မနုဿ) ပုဂ္ဂိုလ်ထူး ဖြစ်ပါတယ်။ ဒီဘဝမှာ ဗုဒ္ဓအမည်ခံတဲ့ လူသားတစ်ယောက် ဖြစ်လာဖို့ ပါရမီလို့ဆိုတဲ့ ကျင့်စဉ်ဆယ်မျိုးကို ဘဝပေါင်းများစွာ ကျင့်ခဲ့ရပါတယ်။ ဒါကြောင့် ဗုဒ္ဓရဲ့ကိုယ်ဟာ ပါရမီကိုယ် ဖြစ်ပါတယ်။ ပါရမီကိုယ် ဖြစ်လို့လည်း ဗုဒ္ဓဖြစ်လာမယ့် ဒီဘဝမှာ ချမ်းသာတဲ့ မိသားစုဘဝကို စွန့်ပြီး ငယ်ရွယ်နုပျိုချိန်မှာ ဓမ္မကို ရှာဖွေဖို့ စွမ်းရည်ရှိခဲ့တာပေါ့။

## ဗုဒ္ဓဘုဉ်းပေးတဲ့ ဆွမ်း

(၁) ဗုဒ္ဓဖြစ်မဲ့နေ့မှာ သုဇာတာသူဌေးသမီး ကပ်လှူတဲ့ နွားနို့နဲ့ချက်တဲ့ ဆွမ်းကို ဘုဉ်းပေးပါတယ် (ဇာ-ဋ္ဌ ၁၊ ၉၁)။ ဗုဒ္ဓဖြစ်ပြီးနောက် ၄၉ ရက် အကြာမှာ သိကြားမင်း ဆက်ကပ်တဲ့ ဖန်ခါးသီးကို ဘုဉ်းပေးတယ်။ အဲဒီနောက် တပုဿနဲ့ဘလ္လိကတို့ လှူဒါန်းတဲ့ မုန့်ကြွက်ကျစ်နဲ့ ပျားမုန့်ဆုပ်ကို ဘုဉ်းပေးပါတယ် (ဇာ-ဋ္ဌ ၁၊ ၉၁။ ဝိ ၃၊ ၃)။ ဝေရဉ္ဇာမြို့မှာ ၁၂ ဝါမြောက် ဝါဆိုစဉ်က ဝေမ္ပတ်ခေါင်းပါးဘေးနဲ့ ကြုံလို့ 'မုယောဆန်မှုန့်' ကို သုံးဆောင်ရတယ် (ဝိ ၁၊ ၆)။ အခါတစ်ပါးမှာ ဝေသာလီပြည်သား သီဟအမည်ရတဲ့ စစ်သူကြီးဟာ ဗုဒ္ဓအမှူးရှိတဲ့ သံဃာကို 'အလို အလျောက်ဖြစ်သော အသား (ပဝတ္တမံသ)'နဲ့ စီမံချက်ပြုပ်တဲ့ ဆွမ်းကို ဆက်ကပ်ပါတယ် (အံ ၃၊၂၂)။ (**ပဝတ္တမံသ** ဆိုတာ မိမိကို ရည်ရွယ်ပြီး မသတ်တဲ့ ရဟန်းတို့ အပ်စပ်တဲ့ အသားလို့ ဆိုလိုပါတယ်။)

ဗုဒ္ဓဟာ မိမိရဲ့ ဆွမ်းကိစ္စအတွက် ရောက်ရာအရပ်မှာ ဆွမ်းခံ ထွက်ပြီး ကြည်ညိုသူတွေက လှူဒါန်းတဲ့ အစားအစာကို စားသုံးပါ တယ်။ ဒါကြောင့် ယေဘုယျအနေနဲ့ ပြောရရင် ဗုဒ္ဓဟာ လူ့သားပုဂ္ဂိုလ် လူသား အသွေးအသား ဖြစ်လို့ ထိုခေတ်က အိန္ဒိယတိုင်းရင်းသားတို့ စားသုံးတဲ့ အစားအစာကိုပဲ စားသုံးတယ်လို့ ဆိုနိုင်ပါတယ်။

## ဗုဒ္ဓရဲ့ ကိုယ်လက်သန့်စင်ကိစ္စ

(၂) 'ဗုဒ္ဓရှင်တော်မြတ်သည် နံနက်စောစော အိပ်ယာမှထပြီး အလုပ် အကျွေးပြုသူ တပည့်သာဝကတို့အား ချီးမြှောက်ရန်နှင့် ကိုယ်ခန္ဓာ ကျန်း မာစေရန် လုတ်ကျင်း (ပါးစပ်ဆေး)ခြင်းစသည့် ကိုယ်လက် သန့်စင်မှု ကို ပြုတော်မူ၏ (ဒီ-ဋ္ဌ ၁၊ ၄၅)'။

ဗုဒ္ဓဟာ ဗုဒ္ဓဖြစ်မယ့်နေ့ နေရဉ္စရာဖြစ်ထဲမှာ ရေချိုးတယ်။ သိကြား မင်းဆက်ကပ်တဲ့ ရေနဲ့ ခံတွင်းကို ဆေးတယ်၊ သိကြားမင်းပဲ ဆက် ကပ်တဲ့ ဖန်ခါးသီးကို စားပြီး ဝမ်းကို စင်ကြယ်အောင် လုပ်တယ် (ဇာ-ဋ္ဌ ၁၊ ၉၁)။ (ဝမ်းချုတဲ့ သဘောမျိုး စဉ်းစားနိုင်ပါတယ်)။ မြတ်စွာ

ဘုရား ပရိနိဗ္ဗာန်စံ တော်မူခါနီးမှာ ဝမ်းတော်လား (ဝမ်းလျှော) ပါတယ် (ဒီ ၂၊ ၂၀၅))။ ဒါကြောင့် ဗုဒ္ဓဖြစ်ပြီးတဲ့အခါလည်း သာမန်လူသား တစ်ယောက်လိုပဲ ကျင်ကြီး ကျင်ငယ်စွန့်ခြင်း ကိစ္စရှိပါတယ်။

## ဗုဒ္ဓကျိန်းစက်တယ်

(၃) 'ငါသည် နွေဥတုတို့၏ နောက်ဆုံးလ၌ ဆွမ်းခံရာမှ ဖဲခွာခဲ့၍ ဆွမ်းစားပြီးနောက် ဒုကုဋ်သင်္ကန်းကို လေးထပ်ခင်းကာ လက်ျာနံပါးဖြင့် သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ အိပ်ပျော်ဖူးသည်ကို အမှတ်ရ၏' (မ ၁၊ ၃၁၆)။ ဗုဒ္ဓရဲ့ တစ်နေ့တာ အချိန်ဇယားမှာ ကျိန်းစက် အနားယူတဲ့အချိန် ပါတယ်။ နေ့ဆွမ်းဘုဉ်ပေးပြီးနောက် ကုလားထိုင်ပေါ်မှာ ခေတ္တထိုင်နေ ခိုက်မှာ ရဟန်းတော်တွေ မေးတဲ့ မေးခွန်းကို ဖြေကြားတယ်။

အဲဒီနောက် ဂန္ဓကုဋိတိုက်ခန်းကို ဝင်ပြီး နေ့သန့်စင် (ခေတ္တကျိန်းစက်) ပါတယ်။ (ကြာတဲ့အချိန်ကို အတိအကျမသိပါ။ နောက်ထပ် အချိန်ဇယားကို ကြည့်ရင် တစ်နာရီလောက်လို့ ခန့်မှန်းပါတယ်)။ ညရဲ့ ပစ္ဆိမယာမ (နံနက် ၂-၆ နာရီ)ရဲ့ ဒုတိယပိုင်း (နံနက် ၃-၄ နာရီ) အချိန်မှာ တစ်ဖန် ဗုဒ္ဓ ကျိန်းစက် အနားယူပါတယ် (ဒီ-ဋ္ဌ ၁၊ ၄၅)။

## ဗုဒ္ဓ နာမကျန်းဖြစ်တယ်

(၄) ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်း၊ ကလန္ဒကနိဝါပမှာ သီတင်းသုံးခိုက် ဗုဒ္ဓရှင်တော်မြတ် ပြင်းစွာ နာမကျန်းဖြစ်လို့ အရှင်စုန္ဒမထေရ် ဟောတဲ့ ဗောဇ္ဈင်ခုနစ်ပါးတရားကို နာယူပါတယ် (သံ ၃၊ ၇၂)။ ဗုဒ္ဓဟာ ကပိလဝတ္ထု မြို့တော်ခန်းမသစ်ဖွင့်ပွဲမှာ သကျမျိုးတို့ကို တရားဟောနေဆဲ ခါးကိုက်လာလို့ ဟောလက်စတရားကို ရပ်နားပြီး အရှင်အာနန္ဒာကို ဆက်ပြီး ဟောခိုင်းပါတယ် (မ ၂၊ ၁၅)။

တစ်ခါ တစ်ခါမှာ ဗုဒ္ဓရှင်တော်မြတ်ဟာ ခေါင်းကိုက် ရောဂါကို ခံစားရတယ် (အပဒါန ၁၊ ၃၉)။ ဗုဒ္ဓဟာ ပရိနိဗ္ဗာန်စံခါနီးမှာ ဝမ်းတော်လား (ဝမ်းလျှော)တဲ့ ရောဂါဖြစ်ပါတယ်။ အဲဒီ ရောဂါနဲ့ပဲ ပရိနိဗ္ဗာန်စံတော်မူပါတယ် (ဒီ ၂၊ ၂၀၅)။

ဗုဒ္ဓဘုရားရှင်တို့မှာ ကိုယ်ကာယ နာမကျန်းဖြစ်မှုရှိပါတယ် (မူလဋီ ၁၊ ၁၅၀)။ အဲဒီလို နာမကျန်းဖြစ်တာဟာ လောကသဘာဝအတိုင်း ဖြစ်တာပါ။ သာမန် လူသားမဟုတ်တာက အတုမဲ့ သီလသမာဓိပညာ ဂုဏ်နဲ့ ပြည့်စုံတာရယ်၊ နက်နဲတဲ့ ဝိပဿနာပညာရှိတယ်၊ သဗ္ဗညုတ ဉာဏ်တော်ရှိတာရယ်၊ ပရစိတ္တဝိဇာနနဉာဏ် (သူတစ်ပါးစိတ်ကို သိနိုင်တဲ့ ဉာဏ်)ရှိတာရယ်တွေကြောင့် သာမန်လူသားလို့ မဆိုနိုင်တာပါ။

## ဗုဒ္ဓရဲ့ သက်န်းတော်များ

(၅) ဗုဒ္ဓဟာ အနောမာ သောင်ကမ်းမှာ ရဟန်းပြုနိုင်ဖို့ မိတ်ဆွေဖြစ်ဖူးတဲ့ ဃဋိကာရ ဗြဟ္မာက သက်န်းသုံးထည် (ကိုယ်ရုံ ကေသီ၊ ခါးဝတ် သင်းပိုင်၊ နှစ်ထပ်သက်န်း) အပါအဝင် ပရိက္ခရာရှစ်ပါး လှူဒါန်းခဲ့တယ် (ဇာ-ဌ ၁၊ ၇၄။ သုတ္တနိ-ဌ ၂၊ ၁၁၀)။ အခါတစ်ပါး မြတ်ဗုဒ္ဓဟာ ပံသကူ သက်န်းကို ရခဲ့တယ် (ဝိ ၃၊ ၃၆)။ အဲဒီသက်န်းဟာ ပုဏ္ဏာ အမည်ရှိတဲ့ ကျွန်မရဲ့ အလောင်းကောင်မှာ လွှမ်းပတ်ထားတဲ့ ဖုန်မှုန့်တွေ လိမ်းကျံပိုးလောက်တွေ ပြည့်နေတဲ့ ပိတ်စကိုခွာပြီး ဒုကုဋ်သက်န်းချုပ်ခဲ့တာကို ရည်ရွယ်တယ်လို့ ဆိုကြတယ် (ဝိမတိ-ဋီ ၂၊ ၉၇)။ ဗုဒ္ဓဟာ အဲဒီပုဏ္ဏာရဲ့ ကိုယ်က ခွာယူ ချုပ်ဆိုးတဲ့ ဒုကုဋ်သက်န်းကို အရှင်မဟာကဿပရဲ့ ပုဆိုးဟောင်း ဒုကုဋ်သက်န်းနဲ့ လဲလှယ်ခဲ့တယ် (သံ ၁၊ ၄၁၉)။ အဲဒီလို လဲရတာက အရှင်မဟာကဿပကို မိမိ(ဗုဒ္ဓ)မရှိတဲ့နောက် မိမိ (ဗုဒ္ဓ) နေရာမှာ ထားလိုလို့ပါ (သံ-ဌ ၂၊ ၁၈၃)။

(သံယုတ်ပါဠိတော် အသွားအရ ဒုကုဋ်သက်န်း လဲတဲ့အချိန်ဟာ အရှင်မဟာကဿပ ရဟန်းပြုပြီးခါစ ဖြစ်လို့ ပုဏ္ဏာရဲ့အလောင်းက ရယူတဲ့ ပံ့သကူသက်န်းကို ဗုဒ္ဓသုံးဆောင်တာလည်း ကြာသေးပုံ မရဘူး။ အနောမာသောင်ကမ်းမှာ ဃဋိကာရလှူတဲ့ ဒုကုဋ်သက်န်း ဘယ်ဆီမှာဆိုတာကို ကျမ်းဂန်နှံ့သိ ပညာရှိတို့ ဗဟုသုတ မျှဝေပါကုန်။)

မြတ်ဗုဒ္ဓရဲ့ နောက်ဆုံးခရီးဖြစ်တဲ့ ပါဝါမြို့မှ ကုသိနာရုံအကြွ လမ်းခရီး တစ်နေရာရှိ သစ်ပင်ရင်းမှာ ဒုကုဋ်သက်န်း (အရှင်မဟာကဿပ

လှူတဲ့ သက်န်းဖြစ်ဖွယ်ရှိ)ကို လေးထပ်ခင်းပြီး ထိုင်နေခိုက် ကာလာမ အနွယ် အာဠာရရဲ့တပည့် မလ္လမင်းသား ပုက္ကုသဟာ ဗုဒ္ဓကို ရွှေအဆင်း ရှိတဲ့ ပွဲထိုင်အဝတ်ချောတစ်စုံကို လှူဒါန်းပါတယ်။ အဲဒီအဝတ်ချောကို အရှင်အာနန္ဒာက မြတ်ဗုဒ္ဓရဲ့ ခန္ဓာကိုယ်ပေါ်မှာ လွှမ်းခြုံပေးလိုက်တော့ ဗုဒ္ဓရဲ့ကိုယ်ခန္ဓာ ရွှေရောင်လွှမ်းသွားတယ် (ဒီ ၂၊ ၂၀၅)။

## ဗုဒ္ဓ သပိတ်တော်

(၆) ဗုဒ္ဓဖြစ်ပြီးနောက် ခုနစ်ခုမြောက် သတ္တာဟ လင်းလွန်းပင်အောက် မှာ သီတင်းသုံးခိုက် အရပ်လေးမျက်နှာက နတ်မင်းကြီးလေးယောက် လာရောက်ပြီး **'ကျောက်ညိုဖြင့် ပြီးသော သပိတ်လေးလုံး'**ကို တစ် ပြိုင်နဲ့ လှူဒါန်းကြတယ် (ဝိ ၃၊ ၃)။ ဒုက္ကရစရိယာကျင့်စဉ်က ဗုဒ္ဓ အသုံး ပြုခဲ့တဲ့ သပိတ်တော် (ဃဋိကာရဗြဟ္မာလှူတဲ့ ပရိက္ခရာရှစ်ပါးထဲက သ ပိတ်တော် ဖြစ်နိုင်တယ်)မှာ သုဇာတာ သူဌေးသမီးရဲ့ နို့ဃနာဆွမ်းကို အလှူခံတဲ့ အချိန်ကစပြီး ပျောက်ကွယ်သွားခဲ့လို့ တပုဿနဲ့ ဘလ္လိကတို့ မုန့်လှူတဲ့ အချိန်မှာ ဗုဒ္ဓမှာ ထည့်စရာ သပိတ်မရှိခဲ့ဘူး (ဝိ-ဋ္ဌ ၃၊ ၂၃၉)။

'နတ်မင်းလေးယောက်သည် ပထမတွင် ဣန္ဒနီပတ္တာများဖြင့် ပြီး သော သပိတ်ကို လှူဒါန်းကြသော်လည်း ဗုဒ္ဓ လက်ခံတော်မမူ။ ကျောက် ညိုဖြင့် ပြီးသော သပိတ်ကို လှူဒါန်းမှသာ ဗုဒ္ဓသည် သပိတ်လေးလုံး စလုံးကို လက်ခံတော်မူ၏။ အလိုဆန္ဒကြီးသောကြောင့် မဟုတ်ဘဲ လှူ ဒါန်းသူတို့၏ သဒ္ဓါတရားကို စောင့်ရှောက်ရန်သာ သပိတ်လေးလုံး စလုံး ကို အလှူခံခြင်းဖြစ်၏။ အလှူခံပြီးနောက် သပိတ်လေးကို တစ်လုံး တည်းဖြစ်သွားအောင် အဓိဋ္ဌာန်ပြုလိုက်၏ (ဝိ-ဋ္ဌ ၃၊ ၂၃၉)'။

'အဖိုးများစွာ ထိုက်တန်သော၊ သို့မဟုတ် အသစ်ဖြစ်သော ကျောက်ညိုဖြင့် ပြီးသော သပိတ်'လို့ အဋ္ဌကထာ(ဝိ-ဋ္ဌ ၃၊ ၂၃၉)မှာ နှစ် မျိုး ဖွင့်ပါတယ်။ ဒါပေမယ့် သုတ္တနိဋီကာကျမ်းပြု အရှင်ဓမ္မပါလကတော့ 'အသစ်ဖြစ်သော ကျောက်ညိုသပိတ်' ဆိုတဲ့ အဋ္ဌကထာ ဒုတိယနည်း ကိုပဲ နှစ်သက်ပါတယ်။ ဘာကြောင့်ဆို 'ဗုဒ္ဓဘုရားရှင်တို့မည်သည် အဖိုး

တန်ပစ္စည်းကို ခံလည်းမခံယူ သုံးလည်း မသုံးဆောင်ကြသောကြောင့်ပါ (မ–ဋ္ဌ ၂။ ၁၃၈)'တဲ့။ မြတ်ဗုဒ္ဓဟာ ဒီသပိတ်တော်ကိုပဲ ဘဝတစ်သက်တာ အသုံးပြုသွားဖွယ် ရှိပါတယ်။

ဗုဒ္ဓရှင်တော်မြတ်ဟာ ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးအနေနဲ့ ဝေသာလီမြို့က ထွက်ခွာတဲ့အခါ ငိုယိုပြီးလိုက်နေကြတဲ့ လိစ္ဆဝီမျိုး ဗုဒ္ဓဝါဒီတွေကို ဗုဒ္ဓရှင်တော်မြတ်က ဆွမ်းခံသပိတ်တော်ကို ပေးခဲ့တယ်လို့ဆိုတယ်။ ရှေးခေတ် ဝေသာလီမြို့မှာ အဲဒီဗုဒ္ဓသပိတ်တော်ကို ကြီးကျယ်ခမ်းနားတဲ့ စေတီတော်မှာ ထည့်သွင်း(ဌာပနာ) ထားတယ်။ အေဒီ ၂ ရာစုမှာ ဗုဒ္ဓဝါဒီ ကနိသျှကဘုရင်ဟာ ဝေသာလီကို တိုက်ခိုက်အောင်နိုင်ပြီး ဗုဒ္ဓသပိတ်တော်ကို မိမိ၏မြို့တော် ပက်ရှဝါသို့ ယူသွားတယ်။

အေဒီ ၄ ရာစု ဖာဟီယန် ပက်ရှဝါကို ရောက်တဲ့အခါ အဲဒီသပိတ်တော်ကို ဖူးတွေ့ရသေးတယ်။ နောက်ထပ်နှစ်ပေါင်း ရှစ်ရာကျော်ထိ အဲဒီဓာတ်တော်အကြောင်းကို မှတ်တမ်းတွေမှာ ဖော်ပြကြတယ်။ ဗုဒ္ဓသပိတ်တော်ကို ဌာပနာထားတဲ့ စေတီတော်ဟာ ဟူနိဝါဒီတို့ ကျူးကျော် ဝင်ရောက်စဉ်က ဖျက်ဆီးခံခဲ့ရပေမယ့် သပိတ်တော်တော်ကတော့ မပျက်မစီး ကျန်ရစ်ခဲ့ပြီး ယနေ့ခေတ် အာဖဂန်နစ္စတန်နိုင်ငံ ကန္ဒာရ (Kandhara)မြို့က ဟူနိဝါဒီ ဘုရားကျောင်း တစ်ခုအတွင်း ဖူးတွေ့နိုင်ပါသတဲ့။ သပိတ်တော်ရဲ့ အပြင်မျက်နှာပြင်မှာ အာရဗီ အက္ခရာတွေ ရေးခြစ်ထားပါသတဲ့ (Middle Land Middle Way, p. 135)။

ဒေဝါနံပိယတိဿမင်းလက်ထက် (ဘီစီ ၃ ရာစု) မှာ ဗုဒ္ဓသပိတ်တော်တစ်ဆူကို သီရိလင်္ကာသို့ ဆောင်ယူခဲ့ကြောင်းလည်း သိရတယ် (မဟာဝံသ ၃း၁၃)။ ဒါပေမယ့် ဗုဒ္ဓသပိတ်တော်အကြောင်း နှောင်းခေတ်မှတ်တမ်းတွေရဲ့ သေချာမှုကိုတော့ ဆက်လက် လေ့လာရဦးမှာပါ။ □



ဆရာတော် အရှင်မြတ်ဘုရား၊

'ဤခုနစ်ဆူကုန်သော ဘုရားရှင်'ဟု ကြားဘူးပါသည်။ နှစ်ကျိပ် ရှစ်ဆူသော ဘုရားရှင်ဟုလည်း ကြားဘူးပါသည်။ ခုနစ်ဆူသောဘုရားရှင်သည် နှစ်ကျိပ်ရှစ်ဆူဘုရားထဲမှာ ပါဝင်ပါသလား။ မပါဝင်ဘူးဆိုလျှင် ဘုရားရှင် သုံးဆယ့်ငါးဆူဟု ဆိုလိုပါသလားဘုရား။ အဆိုပါ ဘုရားရှင်တို့၏ အမည်များကိုလည်း သိလိုပါတယ်ဘုရား။ ခုနစ်ဆူဘုရားသို့မဟုတ် နှစ်ကျိပ်ရှစ်ဆူဘုရားနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရှိလျှင် ဓမ္မဗဟုသုတ မျှဝေစေလိုပါသည်။

ကျော်ဇေယျ

----------------

## ရှေးဖြစ်ကို သိတဲ့ဉာဏ်

မဟာပဒါနသုတ် ပါဠိတော် (ဒီ ၂၊ ၄၉) မှာ 'ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ'လို့ ဗုဒ္ဓ ခုနစ်ဆူရဲ့ ဘွဲ့အမည်ကို ဟောပါတယ်။ ဗုဒ္ဓဝံသပါဠိတော် (စာ၊ ၃၂၁–၃၇၅) မှာ ဖော်ပြပြီး ခုနစ်ဆူအပြင် 'ဒီပင်္ကရ၊ ကောဏ္ဍည၊ မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတ၊ အနောမဒဿီ၊ ပဒုမ၊ နာရဒ၊ ပဒုမုတ္တရ၊ သုမေဓ၊ သုဇာတ၊ ပိယဒဿီ၊ အတ္ထ ဒဿီ၊ ဓမ္မဒဿ၊ သိဒ္ဓတ္ထ၊ တိဿ၊ ဖုဿ'လို့ ဗုဒ္ဓ နှစ်ဆယ့်ငါးဆူတို့ရဲ့ ဗုဒ္ဓဝင်ကို ဟောတော်မူပါတယ်။

အဲဒီ ဗုဒ္ဓဝင်တွေကို ဗုဒ္ဓ (ဂေါတမ) ရှင်တော်မြတ်ဟာ ပုဗ္ဗေနိဝါသာနုဿတိ (ရှေးဘဝတွေကို မြင်နိုင်တဲ့ ဝိပဿနာ အားထုတ်မှုကြောင့်ရရှိတဲ့) ဉာဏ်တော်နဲ့ ဟောတော်မူတာ ဖြစ်ပါတယ် (ဒီ–ဋ္ဌ ၂၊ ၁၄)။

## ဤခုနစ်ဆူ

မဟာပဒါနသုတ်တော်မှာ ကိုယ်တော်မြတ်နဲ့တကွ ဗုဒ္ဓ ခုနစ်ဆူကိုသာ ဟောတော်မူရတာက 'လူဖြစ်စဉ် တစ်ချိန်က ဖော်ပြပါ ဘုရား ခုနစ်ဆူ

ထံမှာ တပည့်ခံပြီး တရားကျင့်ကြံခဲ့ကြပြီး ယခုအခါ ဗြဟ္မာ့ဘုံသို့ ရောက်နေကြသည့် ဗြဟ္မာများကို ချီးမြှောက်လိုခြင်း၊ တရားနာပရိသတ်၏ အလိုဆန္ဒ (ဝေနေယျဇ္ဈာသယ) အရ နှစ်ဆဲ့ငါးဆူလုံးကို ဟောရန် မလိုအပ်ခြင်းတို့ကြောင့် (ဒီ-ဋ္ဌ ၂၊ ၁၄)' ဖြစ်ပါတယ်။

ဗုဒ္ဓဝံသပါဠိတော်မှာတော့ ကိုယ်တော်မြတ် နိယတဗျာဒိတ် (ဘုရားကေန်ဖြစ်မယ်လို့ မိန့်ကြားခြင်း) ကို ခံယူခဲ့တဲ့ ဘုရားရှင် ၂၄ ဆူနဲ့ ကိုယ်တော်မြတ်ကိုယ်တိုင်ပါ ပေါင်း ၂၅ ဆူကို ဟောတော်မူတာ ဖြစ်ပါတယ် (ယင်း ၂၊ ၁၄)။

**နှစ်ကျိပ်ရှစ်ဆူ**

အပဒါန်ပါဠိတော်မှာ ဂေါတမဗုဒ္ဓ နိယတဗျာဒိတ်ကို ခံယူတဲ့ ဗုဒ္ဓ ၂၄ ဆူ အပြင် ပထမဆုံး နိယတဗျာဒိတ်ကို ခံယူခဲ့တဲ့ ဒီပင်္ကရဗုဒ္ဓ မတိုင်ခင် ရှေ့က အဲဒီကမ္ဘာ တစ်ခုတည်းမှာပဲ ပွင့်တော်မူပြီးဖြစ်တဲ့ တဏှင်္ကရ၊ မေဓင်္ကရ၊ သရဏင်္ကရ ဆိုတဲ့ ဗုဒ္ဓသုံးဆူကိုပါ ဟောတော်မူလို့ ဗုဒ္ဓဂေါတမ အပါအဝင် ဗုဒ္ဓပေါင်း နှစ်ကျိပ်ရှစ်ဆူ ဖြစ်သွားပါတယ်။

အပဒါန်ပါဠိတော်မှာပဲ 'သုမင်္ဂလ (အပဒါန ၁၊ ၂၂၄)၊ ကကုသ (ယင်း ၁၊ ၂၅၄)၊ အာနန္ဒ (ယင်း ၁၊ ၂၅၆)၊ ရောမသ (ယင်း ၁၊ ၂၆၈)၊ သုဒဿန (ယင်း ၁၊ ၃၂၁)၊ သမ္ဘဝ (ယင်း ၁၊ ၃၂၂)၊ ဥပတိဿ (ယင်း ၁၊ ၃၂၂)၊ အနောမ (ယင်း ၁၊ ၃၃၂)၊ သတရံသိ (ယင်း၁၊ ၃၄၁)၊ အဇ္ဇုန (ယင်း ၁၊ ၃၄၅)၊ သုမန (ယင်း ၁၊ ၃၇၇) အနုရုဒ္ဓ (ယင်း ၁၊ ၄၁၀)၊ သတရံသိ (အပါဒန ၂၊ ၄၁)၊ ရောသိတ (ယင်း ၂၊ ၄၈)၊ သုမန (ယင်း ၂၊ ၅၃)၊ သုစိန္တိတ (ယင်း ၂၊ ၇၇)၊ အဇ္ဇုန (ယင်း ၂၊ ၉၀)၊ ကကုသ (ယင်း ၂၊ ၉၄)၊ သမ္ဘဝ (ယင်း ၂၊ ၁၀၀)'လို့ ဗုဒ္ဓ ၁၉ ဆူ (ဘွဲ့အမည် တူပေမဲ့ ပွင့်တော်မူတဲ့ ကာလချင်း မတူလို့ သီးခြား ရေတွက်ပါတယ်) တို့ရဲ့ ဘွဲ့အမည်တွေကိုလည်း တွေ့ရပါ တယ်။

အဲဒီ ဘွဲ့အမည်တွေကတော့ 'အဇ္ဇုနော နာမ သမ္ဗုဒ္ဓေါ ဟိမဝန္တေ ဝသိ တဒါ (အဇ္ဇုန ဘွဲ့တော်ရှိ ဘုရားရှင်သည် ထိုစဉ်အခါ ဟိမဝန္တာ

တော်၌ သီတင်းသုံးတော်မူ၏)' (အပဒါန ၁၊ ၃၄၅) စတဲ့ စကားရပ်တွေအရ သမ္မာသမ္ဗုဒ္ဓတို့ရဲ့ ဘွဲ့အမည်တွေ မဟုတ်ဘဲ ပစ္စေကဗုဒ္ဓတို့ရဲ့ ဘွဲ့အမည်တွေ ဖြစ်တယ်လို့ မှတ်ယူနိုင်ပါတယ်။ ပစ္စေကဗုဒ္ဓတွေ ဟာ တောမှာပဲ သီတင်းသုံးလေ့ရှိပါတယ်။

**အဖြေ**

အထက်က ဖော်ပြခဲ့တာတွေကို ဖတ်ပြီးတဲ့အခါ ၂၈ ဆူထဲမှာ ၇ ဆူ ပါဝင်ပြီး ဖြစ်တာ၊ သီးခြား မဟုတ်တာကို တွေ့ရပါလိမ့်မယ်။ ၇ ဆူ ဆိုရင် တပည့်ဖြစ်ဖူးတဲ့ ဗြဟ္မာတွေကို ညွှန်း၊ ၂၄ ဆူဆိုရင် ဗျာဒိတ် ခံခဲ့တဲ့ ဗုဒ္ဓတွေကိုညွှန်း၊ အပို ၃ ဆူက ပထမဆုံး ဗျာဒိတ်ခံဗုဒ္ဓရဲ့ နောင်တော်ဗုဒ္ဓတွေလို့ အချုပ်မှတ်လိုက်ပါ။ သုံးဆဲ့ငါးဆူလို့ မမှတ်ပါနဲ့။

အပဒါန်ပါဠိတော် မြန်မာပြန်ကို လေ့လာလို့ ဘုရားဘွဲ့ အမည်တွေ တိုးလာရင်လည်း အဲဒါတွေက ပစ္စေကဗုဒ္ဓတွေရဲ့ အမည်တွေဖြစ်တယ် လို့ နားလည်နိုင်ပါတယ်။ ❑




ဆရာတော် အရှင်မြတ်ဘုရား၊

အခြားလူတွေကို ညှဉ်းပန်း နှိပ်စက်တတ်တဲ့ လူဆိုး လူသွမ်းတွေကို မေတ္တာ ပို့သင့်ပါသလား။ သူတို့ကို ဘာကြောင့် မေတ္တာပို့ရပါသလဲ။ ဝေဿန္တရာမင်းကြီးဟာ သားတော် သမီးတော်တွေကို နှိပ်စက်တတ် တဲ့ ဇူဇကာ ပုဏ္ဏားကို မလှူဒါန်းသင့်ဘူးလို့ ထင်ပါတယ်။ သူတို့ကို လှူ

ဒါန်းလိုက်ရင် ကလေးတွေရဲ့ ဘဝ တိုးတက်မှာမှ မဟုတ်တာ။ တပည့်တော်သာ ဝေဿန္တရာဆိုရင် အဲဒီလို လှူဒါန်းမှာ မဟုတ်ပါဘုရား။ အဲဒီကိစ္စအတွက် ရှင်းလင်းပေးစေလိုပါသည် ဘုရား။

မန်းပုည

----------------

**အကန့်အသတ်မဲ့**

ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓနဲ့ ရဟန္တာစတဲ့ သူတော်ကောင်းတွေရဲ့ လောကအပေါ်ထားရှိတဲ့ မေတ္တာတရားမှာ အကန့်အသတ် မရှိပါဘူး။ လူကောင်းလူဆိုး၊ ဆင်းရဲ ချမ်းသာ၊ မိန်းမ ယောကျာ်း၊ အသားရောင်၊ လူမျိုးနဲ့ လူတန်းစားတွေနဲ့ ကန့်သတ်မထားပါဘူး။ ရန်သူ မိတ်ဆွေလည်း မခွဲခြားပါဘူး။ မြတ်ဗုဒ္ဓဆိုရင် ခြေမတော်မှာ သွေးစိမ်းတည်အောင် ပြုမူတဲ့ ဒေဝဒတ်နဲ့ သားတော် ရာဟုလာ၊ ရန်ငြိုးဖွဲ့သူ ဒေဝဒတ်ရဲ့ ဖခင် သုပ္ပဗုဒ္ဓတို့နဲ့ ညီတော် အရှင်အာနန္ဒာတို့ကို ခြားနားခြင်းမရှိဘဲ မေတ္တာ ထားနိုင်လို့ မဟာကရုဏာရှင်လို့ ဆိုရတာပါ။ မြတ်ဗုဒ္ဓမှာက ပိုပြီး ချစ်နှစ်သက်လို့ အထူးရွေးချယ် ထားတဲ့ပုဂ္ဂိုလ် သို့မဟုတ် လူမျိုးဆိုတာ မရှိဘူး။

ဒီလို အကန့်အသတ်မဲ့တဲ့ မေတ္တာမျိုးထဲမှာ ချစ်သူ သမီးရည်းစား လင်မယားတွေ အကြားမှာ ထားရှိတဲ့ အချစ်မျိုး (တဏှာပေမ)နဲ့ သားသမီး မိဘ၊ ညီအစ်ကို မောင်နှမ မိသားစုပေါက်ဖော် အချင်းချင်း ချစ်တဲ့ အချစ်မျိုး (ဂေဟဿိတပေမ)ဆိုတဲ့ မေတ္တာ နှစ်မျိုး အကျုံးမဝင်ဘူး။ သူလိုကိုယ်လို ပုထုဇဉ်တွေမှာ အဲဒီ မေတ္တာ သုံးမျိုးလုံး ရှိနိုင်ပေမယ့် ပထမအမျိုးအစားက အားနည်းပါလိမ့်မယ်။

ဒုတိယမေတ္တာမျိုးကတော့ ကိုယ်ချစ်တဲ့လူနဲ့သာ ပတ်သတ်တဲ့ အတွက် မစစ်မှန်နိုင်ဘူး။ မည်မျှကြီးကျယ် ခမ်းနားတဲ့ အချစ်သင်္ကေတ ဗိမာန်ကြီးတွေ တည်ဆောက်ခဲ့စေကာမူ ပရမတ္ထမေတ္တာ ရှုထောင့်မှ မေတ္တာ အစစ်အမှန် မဖြစ်နိုင်ဘူး။ တဏှာရာဂကိုသာ အခြေခံပါလိမ့်မယ်။ ချောမောလှပတဲ့အတွက် စွဲလမ်းစရာကောင်းလို့၊ ငါနဲ့ အယူဝါဒ

တူလို့၊ ငို စကားနားထောင်လို့ စတဲ့အကြောင်းတွေနဲ့ လူတစ်ယောက်၊ လူတစ်စုကိုသာ ချစ်ပြီး ကျန်တဲ့လူတွေကို မုန်းတယ်ဆိုရင် သို့တည်း မဟုတ် တူမျှတဲ့ မေတ္တာ မထားနိုင်ဘူးဆိုရင် အဲဒီမေတ္တာမျိုးဟာ အစွန်း ရောက်တာပဲ။ မိမိရဲ့ မိသားစု ကောင်းကျိုးကိုသာ ကြည့်တယ်ဆိုရင် ဒုတိယ မေတ္တာမျိုးလဲ အစွန်းရောက်နိုင်တာပဲ။

အစွန်းရောက်တဲ့ မေတ္တာမျိုးဟာ လောကကို အန္တရာယ်ပြုတတ်ပါ တယ်။ ဒီနေရာမှာ အာရှအလင်းရောင် (The Light of Asia) ကဗျာထဲက စာသားလေးတစ်ခုကို အမှတ်ရမိပါရဲ့။

That love is false
Which clings to love for selfish sweeets of love. (p. 68)

ကိုယ်ကျိုးဆန်တဲ့ အချစ်အရသာအတွက် ချစ်ဖို့ တွယ်တာတဲ့
အချစ်ဟာ မစစ်ဘူး။

**ဝေဿန္တရာ**

ဝေဿန္တရာနဲ့ မိမိနဲ့တော့ မယှဉ်သင့်ဘူး။ ဘာကြောင့်ဆို ဝေဿန္တရာက ဗုဒ္ဓဖြစ်ဖို့ ပါရမီပြည့်ပြီးသား ဖြစ်နေလို့။ ဝေဿန္တရာဘဝ ပြီးရင် တာဝတိံသာမှာ **သေတကေတု** နတ်သားဖြစ်ပြီးနောက် ဒီလူ့လောကမှာ ဗုဒ္ဓ ဖြစ်လာတော့မယ်။ ဒါကြောင့် ဝေဿန္တရာမှာရှိနေတဲ့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဖြည့်ဆည်းခဲ့တဲ့ ပါရမီထုထည် ပါရမီစွမ်းအင်ကို ခန့် မှန်းနိုင်ပါတယ်။ ဝေဿန္တရာလို့ နာမပညတ်ရှိနေတဲ့ အဲဒီကိုယ် (နာမ်နဲ့ ရုပ်) ဟာ ပါရမီဆယ်ပါးရဲ့ အစုအပုံကြီး ဖြစ်နေတယ်။

ဒါကြောင့် ဝေဿန္တရာမင်းသား အသက်ရှစ်နှစ် အရွယ်မှာ –

'ဟဒယံ ဒဒေယျံ စက္ခုံ၊ မံသမ္ပိ ရုဓိရမ္ပိ စ။
ဒဒေယျံ ကာယံ သာဝေတွာ၊ ယဒိ ကောစိ ယာစယေ မမ။
(စရိယပိဋက၊ အခန်း ၁၊ ၇၉ ဂါထာ)

''တစ်ယောက်ယောက်က ငါ့ဆီမှာ တောင်းခံလာခဲ့ရင်
ယနေ့မှစ၍ ငါသည် ဤအလှူခံပုဂ္ဂိုလ်၏ ကျွန်ဖြစ်တယ်လို့

ကြေညာပြီးတော့ (စရိယပိဋက-၅၊ ၇၉)”

နှလုံးသား၊ မျက်လုံး၊ အသား၊ အသွေးနဲ့ ဤခန္ဓာကိုယ်ကို ပေး

လှူလိုလိုပါတယ်’ လို့ မိမိရဲ့ နှလုံးသား ခံစားချက်ကို ထုတ်ဖော်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အလောင်းတော် မင်းသိဒ္ဓတ်ဟာ တောမထွက်ခင်လေးမှာ သစ္စာတည်တံ့တဲ့ ဘဝကြင်ဖော် ယသော်ဓရာမင်းသမီးကို ပြောပြတဲ့ဟန်နဲ့ အာရှအလင်းရောင်ကဗျာမှာ ရေးဖွဲ့ပုံကလဲ ထိခိုက်စရာကောင်းတယ် -

If sorrow falls,
Take comfort still in deeming if there may be
A way to peace on earth by woes of ours. (p. 60)
ဆွေးစရာကြုံရင်
ငါတို့ ဒုက္ခကြောင့် ကမ္ဘာပေါ်မှာ ငြိမ်းချမ်းမှု
ရှိနိုင်ကောင်းမယ်လို့ ယုံကြည်ပြီး မင်းဖြေတော့။

ဗုဒ္ဓဝါဒ အတွေးအခေါ် လွှမ်းမိုးတဲ့ အသိုင်းအဝိုင်းမှာ မွေးဖွားလာသူ မဟုတ်ဘဲ ဗုဒ္ဓအကြောင်း ဗုဒ္ဓဝါဒအကြောင်းကို စာပေမှာ ဖတ်ရှုပြီး ကြည်ညိုနေရတဲ့ အနောက်တိုင်းသား တစ်ယောက်က အဲဒီတုန်းက ဗုဒ္ဓဝါဒအကြောင်းကို လက်တစ်ဆုပ်စာလောက်သာ သိကြသေးတဲ့ အချိန်မှာ အလောင်းတော် မင်းသိဒ္ဓတ်ရဲ့ နှလုံးသားထဲကို ဝင်စားပြီး အဲဒီလို ခံစားနိုင်တာဟာ ချီးမွမ်း အံ့သြစရာပါပဲ။

ဗောဓိသတ္တတစ်ယောက်အဖို့ အလှူခံပုဂ္ဂိုလ်မှာ မိမိရဲ့ အလှူပစ္စည်းကို အမှန်တကယ် လိုအပ် မလိုအပ်ဆိုတာနဲ့ မဆိုင်ပါဘူး။ ဘာကြောင့်ဆို အလှူရဲ့ ရည်ရွယ်ချက်ကိုက အတွင်းက ကိုယ်ကျိုးဆန် အတ္တလွန်ကဲတဲ့ တဏှာကို ပယ်သတ်ဖို့ ဖြစ်လို့ပါ။ ဒါပေမဲ့ အရက်သမား တစ်ယောက် အကူအညီ လိုအပ်ချိန်မှာ အရက်သမားက မိမိအလှူကို မှားယွင်းစွာ အသုံးချမယ်လို့ ယူဆရင် မဆိုင်းမတွ ငြင်းပယ်ပါလိမ့်မယ်။ အဲဒီလို မှားယွင်းတဲ့ အလှူဟာ ပါရမီ မမြောက်လို့ပါပဲ။

**မဒ္ဒီစိတ်ထား**

အဆင့်အမြင့်ဆုံး မေတ္တာဟာ အရပ်ဒေသအားလုံးကို ခြားနားခြင်းမဲ့တဲ့ ညီမျှခြင်းနဲ့ ထွန်းလင်းတောက်ပတဲ့ လရောင်နဲ့ တူပါတယ်။ လရောင်ဟာ အမှောင်မှာ ဖောက်ထွင်း လုယက်သူတွေရဲ့ ရန်သူဖြစ်နိုင်ပေမဲ့ လရောင်ကို အပြစ်တင်ဖို့ အကြောင်းတရား မရှိပါဘူး။ လရောင်ရဲ့ ထွန်းလင်းတောက်ပမှုဟာ မပြောင်းလဲတဲ့ အမှန်တရားဖြစ်လို့ပါ။

ဝေဿန္တရာ ဇာတ်တော်ထဲက မဒ္ဒီဒေဝီနဲ့ သားတော် သမီးတော်တွေဟာ ကိလေသာ မကုန်သေးတဲ့ ပုထုဇဉ်တွေ ဖြစ်ပေမယ့် အားလုံးဟာ ပါရမီကို ဖြည့်ဆည်းပူးပြီးသား ဖြစ်ကြတဲ့အတွက် လေးယောက်ပေါင်း တစ်စိတ် ရှိသူတွေပါ။ ခန္ဓာကိုယ်လေးခုနဲ့ စိတ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သံသရာကြင်ဖော် မဒ္ဒီမင်းသမီးက ပြောလိုက်ပုံက –

'အနုမောဒါမိ တေ ဒေဝ၊ ပုတ္တကေ ဒါနမုတ္တမံ။

ဒတွာ စိတ္တံ ပသာဒေဟိ၊ ဘိယျော ဒါနံ ဒဒေါ ဘဝ။

မင်းကြီး၊ သားတော် သမီးတော်တွေကို လှူဒါန်းတဲ့ မင်းမြတ်ရဲ့ မွန်မြတ် အထက်တန်းကျတဲ့ ဒါနကုသိုလ်ကို သာဓုခေါ်ပါ၏။

လှူဒါန်းပြီးနောက် စိတ်ထဲမှာ ကြည်နူးပါလော့။ ဆထက်တံပိုးတိုး၍ လှူဒါန်းနိုင်သူ ဖြစ်ပါလော့ (ဇာတက ၂၊ ၃၅၂)'တဲ့။

အယူအဆ ခြားနားတာကတော့ အကြောင်းအရာ တစ်ရပ်ကို ရှုမြင်တဲ့ ရှုထောင့်အပေါ်မှာပဲ တည်ပါလိမ့်မယ်။ ဗောဓိဉာဏ်အတွက် ပါရမီပြည့်ပြီးဖြစ်တဲ့ ဘုရားလောင်း တစ်ယောက်ရဲ့ ရှုထောင့်အရဆိုရင် အခြားသူတွေ ဝေဖန်နိုင်ပေမယ့် သားတော် သမီးတော်တွေကို လှူဒါန်းတာဟာ လုပ်သင့်တဲ့ ကိစ္စလို့ ယူဆပါလိမ့်မယ်။

လူအားလုံးရဲ့ အကျိုးအတွက် သားသမီး၊ ဇနီး ခင်ပွန်းနဲ့ မိမိမှာရှိတဲ့ လူတန်းစား ပြည့်စုံမှုတွေကို စွန့်နိုင်တဲ့ နှလုံးစိတ်ဝမ်း ကြီးမြတ်တဲ့ လူတွေ မိမိပတ်ဝန်းကျင် လောကမှာလဲ အများကြီး ရှိနိုင်ပါတယ်။ □




ဆရာတော် အရှင်မြတ်ဘုရား၊

မွေးနေ့ပါတီတစ်ခုမှာ မိတ်ဆွေတစ်ယောက်နှင့် တွေ့ရင်း စပ်မိစပ်ရာ ပြောဆိုကြရာမှာ ထိုမိတ်ဆွေက ပရိတ်ရွတ်တာဟာ ဗုဒ္ဓဝါဒ မဟုတ်ဘူးလို့ ဆိုခဲ့ပါတယ်။ တပည့်တော် ဘာမှ ပြန်မပြောခဲ့ပေမဲ့ သူပြောတဲ့ စကားက တပည့်တော်ရဲ့ ရင်ထဲမှာ စူးဝင်ကျန်နေခဲ့ပါတယ်။ ပရိတ်ရွတ်ဆိုရန် ရှင်တော်ဗုဒ္ဓ ဟောကြားခဲ့ပါသလား ဘုရား။ ထိုမိတ်ဆွေပြောသလို ပရိတ်ရွတ်တာဟာ မန္တန်ရွတ်ဖတ်သလိုမျိုး ဖြစ်နေပါသလား ဘုရား။ ပရိတ်ရွတ်တဲ့ အတွက်ကြောင့် နာယူသူမှာ ဘာကြောင့် ဒါမှ မဟုတ် ဘယ်လိုနည်းနဲ့ အကျိုးတရားတွေ ရရှိပါသလည်း ဘုရား။ သနားကရုဏာ ရှေ့ထား၍ ဖြေကြားပေးစေချင်ပါတယ် ဘုရား။

ဦးသန်းစိန် (New Delhi, India)

-----------------------------------

**စိတ်ဦးစီးပုံ**

ဝါးခြမ်းနှစ်ခုကို ထပ်ခါထပ်ခါ ပွတ်တိုက်ရင် မီးထွက်တာ၊ ဘီးရဲ့ လည်ပတ် ပွတ်တိုက်မှုကြောင့် စွမ်းအင်ကိုရပြီး စက်ဘီးရှေ့က မီးလုံး လင်းလာတာတွေကို တွေ့နိုင်တယ်။ နီဗားဒါးပြည်နယ်က ကမ္ဘာ့အံ့ဖွယ် ရောမ ဟူးဗားဒမ် ရေအားလျှပ်စစ်စက်ရုံက ဘီးကြီးတွေရဲ့ လည်ပတ်မှုနဲ့ ထုတ်လုပ်တဲ့ လျှပ်စစ်စွမ်းအင်ကို ကာလီဖိုးနီးယား မြောက်ပိုင်း၊ နီဗားဒါးနဲ့ အရီဇိုးနားပြည်နယ်တွေမှာ လျှပ်စစ်မီးကို အလျှံပယ် သုံးနိုင်ပါတယ်။ မြန်မာနိုင်ငံလို သုံးနိုင်ငံနီးပါးလောက် သုံးနိုင်တဲ့ စွမ်းအင်ပါ။

အဲဒီလောက် ကြီးမားတဲ့ ရုပ်စွမ်းအင်ဆိုတာ အမှန်တော့ နာမ် စွမ်းအင်ရဲ့ ထုတ်လုပ်ချက်မျှသာ ဖြစ်ပါတယ်။ ရုပ်တရားမှာ အဲဒီလို

သဘာဝစွမ်းအင်မျိုးရှိသလို ပရိတ်တော်တွေကို ကြိမ်ဖန်များစွာ ရွတ်ဖတ်သူမှာလဲ မြင့်မားတဲ့ နာမ်စွမ်းအင်တွေ ရှိလာနိုင်ပါတယ်။ စကားလုံးတွေကို ထပ်ခါထပ်ခါ ရွတ်ဆိုပွားများရင် အဲဒီ စကားလုံးတွေက ထူးခြားတဲ့ နာမ်စွမ်းအင်တွေကို ထုတ်ပေးတဲ့ သဘာဝရှိပါတယ်။

## စွမ်းအင်ရရှိပုံ

ပရိတ်တော်တွေကို ရွတ်ဆိုဆဲမှာ ဖြစ်ပေါ်လာတဲ့ စေတနာ မေတ္တာ သစ္စာစတဲ့ နာမ်တရားတွေရဲ့ အစွမ်းသတ္တိဟာ အဲဒီ ရုပ်စွမ်းအင်ထက် ကြီးမားတဲ့ စွမ်းအင်ကို ထုတ်ပေးနိုင်ပါတယ်။ ဗုဒ္ဓကိုယ်တော်တိုင်လည်း နာမ်စွမ်းအင်ကို အသုံးပြုတော်မူခဲ့ပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ဟာ ပရိနိဗ္ဗာန်စံခါနီး မကြွလှမ်းနိုင်လောက်အောင် ဖြစ်နေတဲ့ ခန္ဓာကိုယ်ကို ဖလသမာပတ်သမာဓိနဲ့ ထောက်ကန်ပြီး ဆယ်လလောက် မရပ်နားဘဲ ခြေလျင်ခရီး ကြွချီတော်မူနိုင်ခဲ့ပါတယ်။

'အာနန္ဒာ၊ ငါ့အသက် ရှစ်ဆယ် ရှိနေပြီ။ လှည်းအိုသည် (ကြိုးဖြင့်) တုပ်နှောင်၍ တည်တံ့သကဲ့သို့ ငါဘုရား၏ ခန္ဓာကိုယ်သည် အရဟတ္တဖိုလ်သမာဓိဖြင့် ဖွဲ့ချည်၍ တည့်တံ့နေ၏ (ဒီ ၂၊ ၈၅)'။ ဆန္ဒ (လုပ်လိုတဲ့ဆန္ဒ)၊ စိတ္တ (စွဲမြဲတဲ့စိတ်)၊ ဝီရိယ (မပျင်းမရိ လုပ်ဆောင်မှု)၊ ပညာ (ချင့်ချိန်တတ်တဲ့ အသိ) ဒီတရား လေးမျိုးဟာ ဣဒ္ဓိပါဒ (စိတ်စွမ်းအင်ရဲ့ အခြေခံ) တွေ ဖြစ်ပါတယ်။ 'အဲဒီ (ဣဒ္ဓိပါဒ်) တရားလေးမျိုးကို ကြိမ်ဖန်များစွာ ပွားများသူသည် သက်တမ်း ဆုံးအောင် သက်တမ်း ကျော်အောင် အသက်ရှည် နေနိုင်၏ (ဒီ ၂၊ ၈၅)'။

မြတ်ဗုဒ္ဓဟာ နာမ်တရားတွေရဲ့ အစွမ်းသတ္တိ ကြီးမားပုံကို အခါများစွာ ဟောတော်မူလေ့ရှိပါတယ်။ ပရိတ်ရွတ်တယ်ဆိုတာ ဆိုခဲ့တဲ့ စေတနာ မေတ္တာ သစ္စာစတဲ့ နာမ်တရားတွေကို စွမ်းအင် မြှင့်တာပါ။ အဲဒီ တရားတွေက သမထ သို့မဟုတ် ဝိပဿနာ ဘာဝနာအဆင့်ကို မရောက်သေးပေမယ့် ကြိမ်ဖန်များစွာ ပွားများရင် ထူးခြားတဲ့ စွမ်းရည်တွေကို ရရှိစေတယ် ဆိုတာကို ကျမ်းဂန်တွေမှာ ဖော်ပြပါတယ်။

**ပရိတ်ရွတ်ခြင်း**

'ရဟန်းတို့၊ အာဋာနာဋိယမည်သော အရံအတား (ရက္ခ) ကို သင်ယူကြလော့၊ အပဖန်ဖန် လေ့လာကြလော့၊ ယင်းသည် လူအများ၏ အကာအကွယ် အစောင့်အရှောက်ဖြစ်၏ (ဒီ ၃၊ ၁၇၄)'။ 'ရဟန်းတို့၊ ဘေးရန်မှ လုံခြုံရေးအတွက် ပရိတ်ကို သင်ယူပို့ချသော ရဟန်းမိန်းမသည် အာပတ်မှ ကင်းလွတ်၏ (ဝိ ၂၊ ၄၀၂)။ ပရိတ်ဟူရာ၌ တစ္ဆေသရဲနိုင်မန္တန်၊ မြွေနိုင်မန္တန်စသည့် မန္တန်အမျိုးမျိုးလည်း အပ်၏ (ဝိ-ဋ္ဌ ၃၊ ၂၀၅)'။ ပထမ ကျမ်းကိုးအရ မြတ်ဗုဒ္ဓက ရဟန်းတော်တွေကို အာဋာနာဋိယသုတ်ကို သင်ယူဖို့ တိုက်တွန်းတာကို တွေ့နိုင်ပါတယ်။ ဒုတိယကျမ်းကိုးမှာပါတဲ့ မန္တာန်မျိုးကိုတောင် ရဟန်းမိန်းမ (ရဟန်းယောကျ်ားလည်း ပါတယ်) တွေ သင်ယူကောင်း လုပ်ကောင်းရင် ပါဠိတော်တွေမှာ တိုက်ရိုက်လာတဲ့ ပရိတ်တော် သုတ္တန်တွေဆိုရင် ပြောစရာမလိုဘူးပေါ့။

ပရိတ်ကြီး ၁၁ သုတ်ဆိုတာက ထိုထို သုတ္တန်တွေက ဆွဲထုတ်ထားတဲ့ ပါဠိတော် အပိုင်းအစတွေပါ။ တစ်သုတ်စီကို စစ်ကြည့်ရင် သစ္စာပြုတာ၊ မေတ္တာပို့တာ၊ ဂုဏ်တော်စီးဖြန်းတာတွေပါပဲ။ ဒါကြောင့် ပရိတ်ဆိုတာ ဘုရားဟော၊ ပရိတ်ရွတ်ဖို့ ဘုရားခွင့်ပြုခဲ့တယ်လို့ အခိုင်အမာ မှတ်ယူသင့်ပါတယ်။ ပရိတ်ရွတ်တာဟာ ဗုဒ္ဓဝါဒမဟုတ်ဘူးလို့ ဆိုရန် ခိုင်လုံတဲ့ အကြောင်းတရား မရှိပါဘူး။

**တားဆီးပုံ**

ပရိတ်တရားတော်တွေဟာ နာမ်တရားတွေဖြစ်လို့ အဲဒီနာမ်တရားတွေကို ခန္ဓာကိုယ်ထဲမှာ စိမ့်ထုံသွားအောင် စူးစူးစိုက်စိုက် ရွတ်ပွားနေရင် ဆန္ဒ စိတ္တ ဝိရိယ ဝီမံသဆိုတဲ့ ဣဒ္ဓိပါဒ်ဖြစ်သွားပြီး အကျိုးပြီးမြောက်နိုင်ပါတယ်။ နာမကျန်းဖြစ်တဲ့အခါ ပျောက်လိုတဲ့ ဆန္ဒလည်း ပြင်းပြမယ်၊ ပျောက်ဖို့လည်း စိတ်ထက်သန်နေမယ်၊ ပျောက်အောင်လည်း ကြိုးစားပြီး ကုသမယ်၊ သင့်မသင့် ချင့်ချိန်တဲ့ ဉာဏ်ကလည်း ဦးစီးနေမယ်ဆိုရင်၊ အဲဒီ အတွင်းစိတ်ဟာ ဗောဇ္ဈင်တရားတွေကို ကြားနာ ရွတ်ပွားတဲ့

သဒ္ဓါ စေတနာ တိုးပွားမှုအရှိန်နဲ့ ထိတွေ့တဲ့အခါ အဲဒီအရှိန် စွမ်းအင်ရဲ့ ရိုက်ခတ်မှုကြောင့် ပူလောင်နာကျင်မှုတွေ လျော့ပါးသွားပါတယ်။

အဲဒီလိုနဲ့ မိမိကိုယ်မှာ ရောဂါပျောက်၊ အပြင်မှာ အန္တရာယ်ကင်းတဲ့ အကျိုးကို ရရှိတာပါ။ အရှင်မဟာကဿပနဲ့ အရှင်မဟာမောဂ္ဂလ္လာန်တို့ နာမကျန်းဖြစ်လို့ ဗုဒ္ဓကိုယ်တိုင် ဗောဇ္ဈင် ခုနစ်ပါးတရားကို ဟောကြားလို့ ရောဂါ ပျောက်ကင်းသွားပါတယ်။ မြတ်ဗုဒ္ဓကိုယ်တိုင် နာမကျန်းဖြစ်လို့ အရှင်စုန္ဒမထေရ်က အဲဒီဗောဇ္ဈင်ခုနစ်ပါး တရားကို ရွတ်ပြတဲ့အခါ မြတ်ဗုဒ္ဓလဲ ကျန်းမာသွားပါတယ် (သံ ၃၊ ၇၁)။ အရှင်ဂိရိမာနန္ဒ (အံ ၃၊ ၃၄၂)၊ နကုလပိတာသုတ္တန် (အံ ၂၊ ၂၆၁) တို့လဲ ဗုဒ္ဓဟောတဲ့ သုတ္တန်တွေကို နာယူပြီး ကျန်းမာသွားကြပါတယ်။

## အင်္ဂါရပ်များ

ပရိတ်နာယူသူမှာ ၁) ပဉ္စာနန္တရိယကံ ကျူးလွန်ထားရင် ၂) နိယတ မိစ္ဆာဒိဋ္ဌိ (စွဲမြဲ ပြင်းထန် အစွန်းရောက်တဲ့ အယူမှား) ရှိနေရင် ၃) ပရိတ်စွမ်းအင်ကို မယုံကြည်ရင် ပရိတ်အကျိုး မရှိနိုင်ဘူး (မိလိန္ဒ၊ ၁၅၅)။ ဒကာဒကာမတို့အတွက် အထူးရည်ရွယ်ပြီး ရွတ်ပွားသူအနေနဲ့ ၁) အနက်အဓိပ္ပာယ်ကို နားလည်အောင် သင်ယူထားရမယ် ၂) ပုဒ်ဗျည်းတို့ကို မကျန်စေဘဲ ပြည့်စုံအောင် လေ့လာ ကျက်မှတ်ထားရမယ် ၃) ရမယ့် လာဘ်လာဘကို မငဲ့ဘဲ မေတ္တာရှေ့ထား၍ ရွတ်ဖတ်ရမယ် (ဒီ-ဋ္ဌ ၃၊ ၁၇၉)။ အဲဒီ အင်္ဂါရပ်တွေနဲ့ ပြည့်စုံရင် အထက်မှာ ပြောပြထားတဲ့အတိုင်း အကျိုး ပြီးမြောက်နိုင်ပါတယ်။

## ဗိယက်ရသုတ်

အရှင်အနုရုဒ္ဓါမထေရ်ဟာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးခိုက် တစ်ခုသော မိုးသောက်ယံမှာ သုတ္တန်တွေကို ရွတ်အံနေပါတယ်။ ဘီးလူးမတစ်ယောက် သားငယ်နှင့်အတူ ရောက်လာပြီး အရှင်မြတ်ရဲ့ ရွတ်ဖတ်သံကို နာယူပါတယ်။ သားငယ်က အသံပြုတဲ့အတွက် 'သား

ရေ၊ အသံမပြုနဲ့။ ရဟန်းရှတ်တဲ့ တရားကိုသိပြီး လိုက်နာကျင့်ကြံနိုင်ရင် တို့တွေ ဘီလူးဘ၀က လွတ်မြောက်နိုင်လိမ့်မယ်’လို့ ဆိုတယ်။ တရားတော် (သုတ္တန်) အဆုံးမှာ ဘီလူးမ သောတာပန် တည်သွားပါသတဲ့ (သံ ၁၊ ၂၁၁)။ ဗုဒ္ဓဓမ္မကို ရှုတ်ဖတ်မှုဟာ အဲဒီလိုလည်း သူတစ်ပါး အကျိုးကို ဆောင်ရွက်ပေးနိုင်ပါတယ်။

ဒါကြောင့် ပရိတ်မရွတ်ခင်မှာ ‘သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ = စကြဝဠာ ဝန်းကျင်က နတ်ဖြဟ္မာ အပေါင်းတို့၊ ဤပရိတ်တရားကို ဟောကြားသည့် နေရာသို့ လာရောက်ကြပါ’လို့ ဖိတ်ကြားတာဖြစ်ပါတယ်။ ‘သုတ္တန်တွေရဲ့ အဓိပ္ပာယ်မှန်ကို နားမလည်ဘဲ စွပ်စွဲပြောဆိုရင် ဘုရားကို စွပ်စွဲရာ ရောက်တယ်၊ ကိုယ့်ကိုယ်ကိုလည်း တူးဖြိုရာ ရောက်တယ်၊ အကုသိုလ်လည်း တိုးပွားပါတယ် (မ ၁၊ ၂၃၆)’။

အဓိပ္ပာယ်မှန်ကို သိလိုရင် ဆရာကောင်းကို ဆည်းကပ်ဖို့ ပညာရှိကို ဆရာတင်ဖို့ ဝန်မလေးသင့်ဘူး။ အသ္မိမာန် (ငါပဲဆိုတဲ့ မာန) ကို ရှေ့တန်းတင်နေရင် ဘဝတစ်လျှောက် အမှန်တရားနဲ့ မနီးစပ်နိုင်ဘူး။ ❑

## ရုပ်ပွားဆင်းတု ကိုးကွယ်ခြင်း

ဆရာတော်အရှင်မြတ်များဘုရား၊

အချို့ဗုဒ္ဓဘာသာဝင်များသည် အိမ်မှာ ကိုးကွယ်ထားသည့် ဒကွိဏသာခါ ဆင်းတုက မီးကွင်းတယ်၊ သူခိုးမဝင်ရဲအောင် ကာကွယ်ပေးတယ်ဟု ယုံကြည်ကြပါသည်။ ထိုယုံကြည်ချက် မှန်ကန်ပါသလားဘုရား။ ဗုဒ္ဓဘာသာကောင်း တစ်ယောက် ဖြစ်ရေးတွင် ဗုဒ္ဓဆင်းတုကို ကိုးကွယ်ပူဇော်မှုသည် အရေးကြီးပါသလား။ ရုပ်တုဆင်းတု ကိုးကွယ်မှုကို ဗုဒ္ဓကိုယ်တိုင် ခွင့်ပြုခဲ့ပါသလား။ မည်သည့် အချိန်ကစတင်ပြီး ရုပ်ပွား

ဆင်းတု ကိုးကွယ်မှု စတင်ခဲ့ပါသနည်း။

မေဝသန်ဦး၊ ခေတ္တ မလေးရှား

---

## စတင်ခဲ့ပုံ

ဗုဒ္ဓဆင်းတုတော် ထုလုပ်ကိုးကွယ်မှုဟာ ဗုဒ္ဓကိုယ်တိုင် ခွင့်ပြုတော်မူခဲ့တဲ့ အတွေးအမြင် ဟုတ်မဟုတ်ဆိုတာ အတိအကျဆိုဖို့ ခဲယဉ်းပါတယ်။ ထေရဝါဒပိဋကတ်မှာ မြတ်ဗုဒ္ဓက မိမိရဲ့ ဆင်းတုကို ထုလုပ်ကိုးကွယ်ရမယ်လို့ တိုက်ရိုက် မြွက်ဟတာ မရှိပါဘူး။ ဓာတ်တော် မွေတော်တွေကို စေတီတည်ထား ကိုးကွယ်ဖို့တော့ ခွင့်ပြုခဲ့ပါတယ် (ဒီ ၂၊ ၁၁၀)။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေကို ပူဇော်ဂုဏ်ပြုတဲ့အနေနဲ့ ၎င်းတို့ရဲ့ သင်္ဂြိုဟ်ကြွင်းကို စေတီတည် ကိုးကွယ်တဲ့ အဲဒီ ခေတ်ချိန်က အိန္ဒိယ ဓလေ့ထုံးစံအရ အဲဒီလို မိန့်တော်မူတာ ဖြစ်နိုင်တယ်။

ဒါပေမယ့် မြတ်ဗုဒ္ဓအနေနဲ့ ရုပ်ပွားဆင်းတု ကိုးကွယ်မှုကို တားလည်း မတားမြစ်ပါဘူး။ ဗုဒ္ဓဆင်းတုကို ကိုးကွယ်လိုတဲ့ အတွေးအမြင်ဟာ ဗုဒ္ဓကို ရှိခိုးပူဇော်ဖို့နဲ့ ဗုဒ္ဓရဲ့ တည်ငြိမ်အေးချမ်းတဲ့ ရုပ်သွင်ကနေ စိတ်ဓာတ် ခွန်အားကို ရလိုတာကနေ စတင်ခဲ့တာ ဖြစ်နိုင်ပြီး ထေရဝါဒပိဋကတ်မှာရော သမိုင်းအရပါ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် နှစ်ငါးရာခန့်ထိ အိန္ဒိယမှာ ဗုဒ္ဓဆင်းတု တည်ရှိခဲ့တယ်ဆိုတာကို ဖော်ပြဖို့ ခိုင်လုံတဲ့ အထောက်အထား မရှိဘူးလို့ သုတေသီတွေက ဆိုပါတယ်။

## ခြေတော်ရာစေတီ

ဗုဒ္ဓဆင်းတု ကိုးကွယ်မှု မတိုင်မီက ကြည်ညိုသူတွေဟာ ကြာပန်းပုံကိုဖြစ်စေ၊ မြတ်ဗုဒ္ဓရဲ့ ခြေရာတော်ပုံကိုဖြစ်စေ ပူဇော်ကိုးကွယ်ခဲ့ကြပါတယ်။ ဗုဒ္ဓဝါဒ အစောပိုင်းကာလမှာ ရုပ်ပွားဆင်းတု ကိုးကွယ်တာကို ဗုဒ္ဓဝါဒီအချို့ နှစ်သက်ကြဟန် မတူဘူး။ ဘာကြောင့်ဆို ဗုဒ္ဓရဲ့ ထူးခြားတင့်တယ်တဲ့ ရုပ်သွင်တော် ပျက်ယွင်းသွားနိုင်လို့ ဖြစ်ဖွယ်ရှိပါတယ်။ ဂရိနဲ့ ဆက်သွယ်မိချိန်ကျမှ ဗုဒ္ဓဆင်းတု ထုလုပ်ကိုးကွယ်မှု ပြန့်နှံ့လာ

တယ်လို့ သမိုင်းသုတေသီတို့ ယုံကြည်ကြပါတယ်။

နောင်းခေတ်မှာ ဗုဒ္ဓဆင်းတုထုလုပ်မှု အနုပညာနဲ့ ပတ်သက်ပြီး အိန္ဒိယလူမျိုးတွေကို ဂရိတို့က ကူညီအားပေးခဲ့ကြတယ်။ ဒီအချိန်ကစပြီး အခြားနိုင်ငံတွေမှာလည်း ရုပ်ပွားဆင်းတု ကိုးကွယ်မှု ခေတ်စားလာတယ်။ မိမိနိုင်ငံ လူမျိုးအသီးသီးရဲ့ ရုပ်သွင်ပုံဟန်တွေနဲ့ ဗုဒ္ဓဆင်းတုတွေ ထုလုပ်ခဲ့ကြတယ်။ ဗုဒ္ဓဘာသာ တစ်နိုင်ငံတည်းမှာပင် သမိုင်းခေတ်တစ်ခုနဲ့ တစ်ခုမတူဘဲ ပုံသဏ္ဌာန်အမျိုးမျိုး ထုလုပ် ခဲ့ကြတယ်လို့ ဆိုပါတယ်။

**ဒက္ခိဏသာခါ**

ဒက္ခိဏသာခါဆိုတဲ့ ပါဠိစကားက 'တောင်ဖက်ကိုင်း'လို့ အဓိပ္ပာယ်ရပါတယ်။ ဗောဓိပင်ရဲ့ တောင်ဖက်က အကိုင်းနဲ့ ထုလုပ်တဲ့ ဆင်းတုလို့ ဆိုဖွယ်ရှိပါတယ်။ ဒက္ခိဏသာခါဆင်းတု အကြောင်းကို ပိုမိုနားလည်ဖို့ ဆိုရင် ဆက်လက် သုတေသနပြုရဦးမှာပါ။ ဆင်းတုတော်ရဲ့ ပုံစံကလည်း တစ်မူ ထူးခြားနေပါတယ်။ ဘယ်ခေတ်က ဘယ်လိုအဓိပ္ပာယ်နဲ့ အဲဒီပုံစံမျိုး ထုလုပ်ခဲ့တယ်ဆိုတာကို ပညာရှင်တို့ တင်ပြပါကုန်။ ရုပ်ပွားဆင်းတု ကိုးကွယ်ရာမှာ အဲဒီဆင်းတုတော်က မိုးကွင်းအောင်၊ လေကွယ်အောင် လုပ်ပေးတယ်လို့ မယူဆသင့်ပါဘူး။ ဘာကြောင့်ဆို သက်တော် ထင်ရှား ဗုဒ္ဓဘုရားကိုယ်တိုင်လည်း အဲဒီလို လုပ်မပေးလို့ပါဘဲ။ ဗုဒ္ဓဆင်းတု ကိုးကွယ်တဲ့ ရည်ရွယ်ချက်က ဗုဒ္ဓဂုဏ်တော်ကို ပုံဖော်နိုင်ဖို့ပါ။

မြတ်ဗုဒ္ဓရဲ့ တည်ငြိမ်တဲ့ သွင်ပြင်၊ မေတ္တာတရား၊ သန့်ရှင်းစင်ကြယ်မှုနဲ့ ပြီးပြည့်စုံမှုတွေကို ထင်ဟပ်စေတဲ့ သင်္ကေတဟာ ကိစ္စများမြောင်လှတဲ့ဘောင်ထဲက နေ့စဉ် လူမှုဘဝ လှုပ်ရှားမှုတွေမှာ ရင်ဆိုင်ရဖွယ်ရှိတဲ့ အခက်အခဲတွေ၊ စိုးရိမ်ပူပန်မှုတွေကို ကျော်လွှားဖို့ စိတ်ဓာတ်အင်အားကို ရရှိစေပါတယ်။ စိတ်သက်သာရာရမှု၊ စိတ်ဓာတ် ပြန်လည် လန်းကြွလာမှုတို့ အတွက်လည်း ကြီးစွာ အထောက်အကူပြုပါတယ်။

ဗုဒ္ဓဆင်းတုကို ပူဇော်ကန်တော့ဆဲမှာ သက်တော်ထင်ရှား ဗုဒ္ဓဘုရားရဲ့ ကြီးမြတ်တဲ့ ဂုဏ်ရည်တွေအပေါ်မှာ တစ်ခဏလောက် မိမိစိတ်

**မဒ္ဒီစိတ်ထား**

အဆင့်အမြင့်ဆုံး မေတ္တာဟာ အရပ်ဒေသအားလုံးကို ခြားနားခြင်းမဲ့တဲ့ ညီမျှခြင်းနဲ့ ထွန်းလင်းတောက်ပတဲ့ လရောင်နဲ့ တူပါတယ်။ လရောင်ဟာ အမှောင်မှာ ဖောက်ထွင်း လုယက်သူတွေရဲ့ ရန်သူဖြစ်နိုင်ပေမဲ့ လရောင်ကို အပြစ်တင်ဖို့ အကြောင်းတရား မရှိပါဘူး။ လရောင်ရဲ့ ထွန်းလင်းတောက်ပမှုဟာ မပြောင်းလဲတဲ့ အမှန်တရားဖြစ်လို့ပါ။

ဝေဿန္တရာ ဇာတ်တော်ထဲက မဒ္ဒီဒေဝီနဲ့ သားတော် သမီးတော်တွေဟာ ကိလေသာ မကုန်သေးတဲ့ ပုထုဇဉ်တွေ ဖြစ်ပေမယ့် အားလုံးဟာ ပါရမီကို ဖြည့်ဆည်းပူးပြီးသား ဖြစ်ကြတဲ့အတွက် လေးယောက်ပေါင်း တစ်စိတ် ရှိသူတွေပါ။ ခန္ဓာကိုယ်လေးခုနဲ့ စိတ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သံသရာကြင်ဖော် မဒ္ဒီမင်းသမီးက ပြောလိုက်ပုံက –

'အနုမောဒါမိ တေ ဒေဝ၊ ပုတ္တကေ ဒါနမုတ္တမံ။
ဒတွာ စိတ္တံ ပသာဒေဟိ၊ ဘိယျော ဒါနံ ဒဒေါ ဘဝ။

မင်းကြီး၊ သားတော် သမီးတော်တွေကို လှူဒါန်းတဲ့ မင်းမြတ်ရဲ့ မွန်မြတ် အထက်တန်းကျတဲ့ ဒါနကုသိုလ်ကို သာဓုခေါ်ပါ၏။

လှူဒါန်းပြီးနောက် စိတ်ထဲမှာ ကြည်နူးပါလော့။ ဆထက်တံပိုး တိုး၍ လှူဒါန်းနိုင်သူ ဖြစ်ပါလော့ (ဇာတက ၂။ ၃၅၂)'တဲ့။

အယူအဆ ခြားနားတာကတော့ အကြောင်းအရာ တစ်ရပ်ကို ရှုမြင်တဲ့ ရှုထောင့်အပေါ်မှာပဲ တည်ပါလိမ့်မယ်။ ဗောဓိဉာဏ်အတွက် ပါရမီပြည့်ပြီးဖြစ်တဲ့ ဘုရားလောင်း တစ်ယောက်ရဲ့ ရှုထောင့်အရဆိုရင် အခြားသူတွေ ဝေဖန်နိုင်ပေမယ့် သားတော် သမီးတော်တွေကို လှူဒါန်းတာဟာ လုပ်သင့်တဲ့ ကိစ္စလို့ ယူဆပါလိမ့်မယ်။

လူအားလုံးရဲ့ အကျိုးအတွက် သားသမီး၊ ဇနီး ခင်ပွန်းနဲ့ မိမိမှာရှိတဲ့ လူတန်းစား ပြည့်စုံမှုတွေကို စွန့်နိုင်တဲ့ နှလုံးစိတ်ဝမ်း ကြီးမြတ်တဲ့ လူတွေ မိမိပတ်ဝန်းကျင် လောကမှာလဲ အများကြီး ရှိနိုင်ပါတယ်။ □

## ပရိတ်ရွတ်ခြင်း

ဆရာတော် အရှင်မြတ်ဘုရား၊

မွေးနေ့ပါတီတစ်ခုမှာ မိတ်ဆွေတစ်ယောက်နှင့် တွေ့ရင်း စပ်မိစပ်ရာ ပြောဆိုကြရာမှာ ထိုမိတ်ဆွေက ပရိတ်ရွတ်တာဟာ ဗုဒ္ဓဝါဒ မဟုတ်ဘူးလို့ ဆိုခဲ့ပါတယ်။ တပည့်တော် ဘာမှ ပြန်မပြောခဲ့ပေမဲ့ သူပြောတဲ့ စကားက တပည့်တော်ရဲ့ ရင်ထဲမှာ စူးဝင်ကျန်နေခဲ့ပါတယ်။ ပရိတ်ရွတ်ဆိုရန် ရှင်တော်ဗုဒ္ဓ ဟောကြားခဲ့ပါသလား ဘုရား။ ထိုမိတ်ဆွေပြောသလို ပရိတ်ရွတ်တာဟာ မန္တန်ရွတ်ဖတ်သလိုမျိုး ဖြစ်နေပါသလား ဘုရား။ ပရိတ်ရွတ်တဲ့ အတွက်ကြောင့် နာယူသူမှာ ဘာကြောင့် ဒါမှ မဟုတ် ဘယ်လိုနည်းနဲ့ အကျိုးတရားတွေ ရရှိပါသလည်း ဘုရား။ သနားကရုဏာ ရှေ့ထား၍ ဖြေကြားပေးစေချင်ပါတယ် ဘုရား။

ဦးသန်းစိန် (New Delhi, India)

---

**စိတ်ဦးစီးပုံ**

ဝါးခြမ်းနှစ်ခုကို ထပ်ခါထပ်ခါ ပွတ်တိုက်ရင် မီးထွက်တာ၊ ဘီးရဲ့ လည်ပတ် ပွတ်တိုက်မှုကြောင့် စွမ်းအင်ကိုရပြီး စက်ဘီးရှေ့က မီးလုံး လင်းလာတာတွေကို တွေ့နိုင်တယ်။ နီဗားဒါးပြည်နယ်က ကမ္ဘာ့အံ့ဖွယ် ရောမ ဟူးဗားဒမ် ရေအားလျှပ်စစ်စက်ရုံက ဘီးကြီးတွေရဲ့ လည်ပတ်မှုနဲ့ ထုတ်လုပ်တဲ့ လျှပ်စစ်စွမ်းအင်ကို ကာလီဖိုးနီးယား မြောက်ပိုင်း၊ နီဗားဒါးနဲ့ အရီဇိုးနားပြည်နယ်တွေမှာ လျှပ်စစ်မီးကို အလျှံပယ် သုံးနိုင်ပါတယ်။ မြန်မာနိုင်ငံလို သုံးနိုင်ငံနီးပါးလောက် သုံးနိုင်တဲ့ စွမ်းအင်ပါ။

အဲဒီလောက် ကြီးမားတဲ့ ရုပ်စွမ်းအင်ဆိုတာ အမှန်တော့ နာမ်စွမ်းအင်ရဲ့ ထုတ်လုပ်ချက်မျှသာ ဖြစ်ပါတယ်။ ရုပ်တရားမှာ အဲဒီလို

သဘာဝစွမ်းအင်မျိုးရှိသလို ပရိတ်တော်တွေကို ကြိမ်ဖန်များစွာ ရွတ်ဖတ်သူမှာလဲ မြင့်မားတဲ့ နာမ်စွမ်းအင်တွေ ရှိလာနိုင်ပါတယ်။ စကားလုံးတွေကို ထပ်ခါထပ်ခါ ရွတ်ဆိုပွားများရင် အဲဒီ စကားလုံးတွေက ထူးခြားတဲ့ နာမ်စွမ်းအင်တွေကို ထုတ်ပေးတဲ့ သဘာဝရှိပါတယ်။

**စွမ်းအင်ရရှိပုံ**

ပရိတ်တော်တွေကို ရွတ်ဆိုဆဲမှာ ဖြစ်ပေါ်လာတဲ့ စေတနာ မေတ္တာ သစ္စာစတဲ့ နာမ်တရားတွေရဲ့ အစွမ်းသတ္တိဟာ အဲဒီ ရုပ်စွမ်းအင်ထက် ကြီးမားတဲ့ စွမ်းအင်ကို ထုတ်ပေးနိုင်ပါတယ်။ ဗုဒ္ဓကိုယ်တော်တိုင်လည်း နာမ်စွမ်းအင်ကို အသုံးပြုတော်မူခဲ့ပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ဟာ ပရိနိဗ္ဗာန်စံခါနီး မကြွလှမ်းနိုင်လောက်အောင် ဖြစ်နေတဲ့ ခန္ဓာကိုယ်ကို ဖလသမာပတ်သမာဓိနဲ့ ထောက်ကန်ပြီး ဆယ်လလောက် မရပ်နားဘဲ ခြေလျင်ခရီး ကြွချီတော်မူနိုင်ခဲ့ပါတယ်။

'အာနန္ဒာ၊ ငါ့အသက် ရှစ်ဆယ် ရှိနေပြီ။ လှည်းအိုသည် (ကြိုးဖြင့်) တုပ်နှောင်၍ တည်တံ့သကဲ့သို့ ငါဘုရား၏ ခန္ဓာကိုယ်သည် အရဟတ္တဖိုလ်သမာဓိဖြင့် ဖွဲ့ချည်၍ တည့်တံ့နေ၏ (ဒီ ၂။ ၈၅)'။ ဆန္ဒ (လုပ်လိုတဲ့ဆန္ဒ)၊ စိတ္တ (စွဲမြဲတဲ့စိတ်)၊ ဝီရိယ (မပျင်းမရိ လုပ်ဆောင်မှု)၊ ပညာ (ချင့်ချိန်တတ်တဲ့ အသိ) ဒီတရား လေးမျိုးဟာ ဣဒ္ဓိပါဒ (စိတ်စွမ်းအင်ရဲ့ အခြေခံ) တွေ ဖြစ်ပါတယ်။ 'အဲဒီ (ဣဒ္ဓိပါဒ်) တရားလေးမျိုးကို ကြိမ်ဖန်များစွာ ပွားများသူသည် သက်တမ်း ဆုံးအောင် သက်တမ်း ကျော်အောင် အသက်ရှည် နေနိုင်၏ (ဒီ ၂။ ၈၅)'။

မြတ်ဗုဒ္ဓဟာ နာမ်တရားတွေရဲ့ အစွမ်းသတ္တိ ကြီးမားပုံကို အခါများစွာ ဟောတော်မူလေ့ရှိပါတယ်။ ပရိတ်ရွတ်တယ်ဆိုတာ ဆိုခဲ့တဲ့ စေတနာ မေတ္တာ သစ္စာစတဲ့ နာမ်တရားတွေကို စွမ်းအင် မြှင့်တာပါ။ အဲဒီ တရားတွေက သမထ သို့မဟုတ် ဝိပဿနာ ဘာဝနာအဆင့်ကို မရောက်သေးပေမယ့် ကြိမ်ဖန်များစွာ ပွားများရင် ထူးခြားတဲ့ စွမ်းရည်တွေကို ရရှိစေတယ် ဆိုတာကို ကျမ်းဂန်တွေမှာ ဖော်ပြပါတယ်။

## ပရိတ်ရွတ်ခြင်း

'ရဟန်းတို့၊ အာဋာနာဋိယမည်သော အရံအတား (ရက္ခ) ကို သင်ယူကြလော့၊ အဖန်ဖန် လေ့လာကြလော့၊ ယင်းသည် လူအများ၏ အကာအကွယ် အစောင့်အရှောက်ဖြစ်၏ (ဒီ ၃၊ ၁၇၄)'။ 'ရဟန်းတို့၊ ဘေးရန်မှ လုံခြုံရေးအတွက် ပရိတ်ကို သင်ယူပို့ချသော ရဟန်းမိန်းမသည် အာပတ်မှ ကင်းလွတ်၏ (ဝိ ၂၊ ၄၀၂)။ ပရိတ်ဟူရာ၌ တစ္ဆေသရဲနိုင်မန္တန်၊ မြွေနိုင်မန္တန်စသည့် မန္တန်အမျိုးမျိုးလည်း အပ်၏ (ဝိ-ဋ္ဌ ၃၊ ၂၀၅)'။ ပထမ ကျမ်းကိုးအရ မြတ်ဗုဒ္ဓက ရဟန်းတော်တွေကို အာဋာနာဋိယသုတ်ကို သင်ယူဖို့ တိုက်တွန်းတာကို တွေ့နိုင်ပါတယ်။ ဒုတိယကျမ်းကိုးမှာပါတဲ့ မန္တာန်မျိုးကိုတောင် ရဟန်းမိန်မ (ရဟန်းယောကျ်ားလည်းပါတယ်) တွေ သင်ယူကောင်း လုပ်ကောင်းရင် ပါဠိတော်တွေမှာ တိုက်ရိုက်လာတဲ့ ပရိတ်တော် သုတ္တန်တွေဆိုရင် ပြောစရာမလိုဘူးပေ့ါ။

ပရိတ်ကြီး ၁၁ သုတ်ဆိုတာက ထိုထို သုတ္တန်တွေက ဆွဲထုတ်ထားတဲ့ ပါဠိတော် အပိုင်းအစတွေပါ။ တစ်သုတ်စီကို စစ်ကြည့်ရင် သစ္စာပြုတာ၊ မေတ္တာပို့တာ၊ ဂုဏ်တော်စီးဖြန်းတာတွေပါပဲ။ ဒါကြောင့် ပရိတ်ဆိုတာ ဘုရားဟော၊ ပရိတ်ရွတ်ဖို့ ဘုရားခွင့်ပြုခဲ့တယ်လို့ အခိုင်အမာ မှတ်ယူသင့်ပါတယ်။ ပရိတ်ရွတ်တာဟာ ဗုဒ္ဓဝါဒမဟုတ်ဘူးလို့ ဆိုရန် ခိုင်လုံတဲ့ အကြောင်းတရား မရှိပါဘူး။

## တားဆီးပုံ

ပရိတ်တရားတော်တွေဟာ နာမ်တရားတွေဖြစ်လို့ အဲဒီနာမ်တရားတွေကို ခန္ဓာကိုယ်ထဲမှာ စိမ့်ထုံသွားအောင် စူးစူးစိုက်စိုက် ရွတ်ပွားနေရင် ဆန္ဒ စိတ္တ ဝီရိယ ဝီမံသဆိုတဲ့ ဣဒ္ဓိပါဒ်ဖြစ်သွားပြီး အကျိုးပြီးမြောက်နိုင်ပါတယ်။ နာမကျန်းဖြစ်တဲ့အခါ ပျောက်လိုတဲ့ ဆန္ဒလည်း ပြင်းပြမယ်၊ ပျောက်ဖို့လည်း စိတ်ထက်သန်နေမယ်၊ ပျောက်အောင်လည်း ကြိုးစားပြီး ကုသမယ်၊ သင့်မသင့် ချင့်ချိန်တဲ့ ဉာဏ်ကလည်း ဦးစီးနေမယ်ဆိုရင်၊ အဲဒီ အတွင်းစိတ်ဟာ ဗောဇ္ဈင်တရားတွေကို ကြားနာ ရွတ်ပွားတဲ့

သဒ္ဓါ စေတနာ တိုးပွားမှုအရှိန်နဲ့ ထိတွေ့တဲ့အခါ အဲဒီအရှိန် စွမ်းအင်ရဲ့ ရိုက်ခတ်မှုကြောင့် ပူလောင်နာကျင်မှုတွေ လျော့ပါးသွားပါတယ်။

အဲဒီလိုနဲ့ မိမိကိုယ်မှာ ရောဂါပျောက်၊ အပြင်မှာ အန္တရာယ်ကင်းတဲ့ အကျိုးကို ရရှိတာပါ။ အရှင်မဟာကဿပနဲ့ အရှင်မဟာမောဂ္ဂလ္လာန်တို့ နာမကျန်းဖြစ်လို့ ဗုဒ္ဓကိုယ်တိုင် ဗောဇ္ဈင် ခုနစ်ပါးတရားကို ဟောကြား လို့ ရောဂါ ပျောက်ကင်းသွားပါတယ်။ မြတ်ဗုဒ္ဓကိုယ်တိုင် နာမကျန်း ဖြစ်လို့ အရှင်စုန္ဒမထေရ်က အဲဒီဗောဇ္ဈင်ခုနစ်ပါး တရားကို ရွတ်ပြတဲ့ အခါ မြတ်ဗုဒ္ဓလဲ ကျန်းမာသွားပါတယ် (သံ ၃၊ ၇၁)။ အရှင်ဂိရိမာနန္ဒ (အံ ၃၊ ၃၄၂)၊ နကုလပိတာသူကြွယ် (အံ ၂၊ ၂၆၁) တို့လဲ ဗုဒ္ဓဟောတဲ့ သုတ္တန်တွေကို နာယူပြီး ကျန်းမာသွားကြပါတယ်။

## အင်္ဂါရပ်များ

ပရိတ်နာယူသူမှာ ၁) ပဉ္စာနန္တရိယကံ ကျူးလွန်ထားရင် ၂) နိယတ မိစ္ဆာဒိဋ္ဌိ (စွဲမြဲ ပြင်းထန် အစွန်းရောက်တဲ့ အယူမှား) ရှိနေရင် ၃) ပရိတ်စွမ်းအင်ကို မယုံကြည်ရင် ပရိတ်အကျိုး မရှိနိုင်ဘူး (မိလိန္ဒ၊ ၁၅၅)။ ဒကာဒကာမတို့အတွက် အထူးရည်ရွယ်ပြီး ရွတ်ပွားသူအနေနဲ့ ၁) အနက်အဓိပ္ပာယ်ကို နားလည်အောင် သင်ယူထားရမယ် ၂) ပုဒ် ဗျည်းတို့ကို မကျန်စေဘဲ ပြည့်စုံအောင် လေ့လာ ကျက်မှတ်ထားရမယ် ၃) ရမယ့် လာဘ်လာဘကို မငဲ့ဘဲ မေတ္တာရှေ့ထား၍ ရွတ်ဖတ်ရမယ် (ဒီ-ဋ္ဌ ၃၊ ၁၄၉)။ အဲဒီ အင်္ဂါရပ်တွေနဲ့ ပြည့်စုံရင် အထက်မှာ ပြောပြ ထားတဲ့အတိုင်း အကျိုး ပြီးမြောက်နိုင်ပါတယ်။

## ဝိယက်ရသုတ်

အရှင်အနုရုဒ္ဓါမထေရ်ဟာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံး ခိုက် တစ်ခုသော မိုးသောက်ယံမှာ သုတ္တန်တွေကို ရွတ်အံနေပါတယ်။ ဘီးလူးမတစ်ယောက် သားငယ်နှင့်အတူ ရောက်လာပြီး အရှင်မြတ်ရဲ့ ရွတ်ဖတ်သံကို နာယူပါတယ်။ သားငယ်က အသံပြုတဲ့အတွက် 'သား

ရေ၊ အသံမပြုနဲ့။ ရဟန်းရှတ်တဲ့ တရားကိုသိပြီး လိုက်နာကျင့်ကြံနိုင်ရင် တို့တွေ ဘီလူးဘဝက လွတ်မြောက်နိုင်လိမ့်မယ်’လို့ ဆိုတယ်။ တရားတော် (သုတ္တန်) အဆုံးမှာ ဘီလူးမ သောတာပန် တည်သွားပါသတဲ့ (သံ ၁၊ ၂၁၁)။ ဗုဒ္ဓဓမ္မကို ရွတ်ဖတ်မှုဟာ အဲဒီလိုလည်း သူတစ်ပါး အကျိုးကို ဆောင်ရွက်ပေးနိုင်ပါတယ်။

ဒါကြောင့် ပရိတ်မရွတ်ခင်မှာ ‘သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ = စကြဝဠာ ဝန်းကျင်က နတ်ဖြဟ္မာ အပေါင်းတို့၊ ဤပရိတ်တရားကို ဟောကြားသည့် နေရာသို့ လာရောက်ကြပါ’လို့ ဖိတ်ကြားတာဖြစ်ပါတယ်။ ‘သုတ္တန်တွေရဲ့ အဓိပ္ပာယ်မှန်ကို နားမလည်ဘဲ စွပ်စွဲပြောဆိုရင် ဘုရားကို စွပ်စွဲရာ ရောက်တယ်၊ ကိုယ့်ကိုယ်ကိုလည်း တူးဖြိုရာ ရောက်တယ်၊ အကုသိုလ်လည်း တိုးပွားပါတယ် (မ ၁၊ ၂၃၆)’။

အဓိပ္ပာယ်မှန်ကို သိလိုရင် ဆရာကောင်းကို ဆည်းကပ်ဖို့ ပညာရှိကို ဆရာတင်ဖို့ ဝန်မလေးသင့်ဘူး။ အသ္မိမာန် (ငါပဲဆိုတဲ့ မာန) ကို ရှေ့တန်းတင်နေရင် ဘဝတစ်လျှောက် အမှန်တရားနဲ့ မနီးစပ်နိုင်ဘူး။ □

## ရုပ်ပွားဆင်းတု ကိုးကွယ်ခြင်း

ဆရာတော်အရှင်မြတ်များဘုရား၊

အချို့ဗုဒ္ဓဘာသာဝင်များသည် အိမ်မှာ ကိုးကွယ်ထားသည့် ဒက္ခိဏာသာခါ ဆင်းတုက မီးကွင်းတယ်၊ သူခိုးမဝင်ရဲအောင် ကာကွယ်ပေးတယ်ဟု ယုံကြည်ကြပါသည်။ ထိုယုံကြည်ချက် မှန်ကန်ပါသလားဘုရား။ ဗုဒ္ဓဘာသာကောင်း တစ်ယောက် ဖြစ်ရေးတွင် ဗုဒ္ဓဆင်းတုကို ကိုးကွယ်ပူဇော်မှုသည် အရေးကြီးပါသလား။ ရုပ်တုဆင်းတု ကိုးကွယ်မှုကို ဗုဒ္ဓကိုယ်တိုင် ခွင့်ပြုခဲ့ပါသလား။ မည်သည့် အချိန်ကစတင်ပြီး ရုပ်ပွား

ဆင်းတု ကိုးကွယ်မှု စတင်ခဲ့ပါသနည်း။

မေဝသန်ဦး၊ ခေတ္တ မလေးရှား

---

## စတင်ခဲ့ပုံ

ဗုဒ္ဓဆင်းတုတော် ထုလုပ်ကိုးကွယ်မှုဟာ ဗုဒ္ဓကိုယ်တိုင် ခွင့်ပြုတော်မူခဲ့တဲ့ အတွေးအမြင် ဟုတ်မဟုတ်ဆိုတာ အတိအကျဆိုဖို့ ခဲယဉ်းပါတယ်။ ထေရဝါဒပိဋကတ်မှာ မြတ်ဗုဒ္ဓက မိမိရဲ့ ဆင်းတုကို ထုလုပ်ကိုးကွယ်ရမယ်လို့ တိုက်ရိုက် မြွက်ဟတာ မရှိပါဘူး။ ဓာတ်တော် မွေတော်တွေကို စေတီတည်ထား ကိုးကွယ်ဖို့တော့ ခွင့်ပြုခဲ့ပါတယ် (ဒီ ၂၊ ၁၁၀)။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေကို ပူဇော်ဂုဏ်ပြုတဲ့အနေနဲ့ ၎င်းတို့ရဲ့ သင်္ဂြိုဟ်ကြွင်းကို စေတီတည် ကိုးကွယ်တဲ့ အဲဒီ ခေတ်ချိန်က အိန္ဒိယ ဓလေ့ထုံးစံအရ အဲဒီလို မိန့်တော်မူတာ ဖြစ်နိုင်တယ်။

ဒါပေမယ့် မြတ်ဗုဒ္ဓအနေနဲ့ ရုပ်ပွားဆင်းတု ကိုးကွယ်မှုကို တားလည်း မတားမြစ်ပါဘူး။ ဗုဒ္ဓဆင်းတုကို ကိုးကွယ်လိုတဲ့ အတွေးအမြင်ဟာ ဗုဒ္ဓကို ရှိခိုးပူဇော်ဖို့နဲ့ ဗုဒ္ဓရဲ့ တည်ငြိမ်အေးချမ်းတဲ့ ရုပ်သွင်ကနေ စိတ်ဓာတ် ခွန်အားကို ရလိုတာကနေ စတင်ခဲ့တာ ဖြစ်နိုင်ပြီး ထေရဝါဒပိဋကတ်မှာရော သမိုင်းအရပါ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် နှစ်၂၀၀ ရာစုနှစ်ထိ အိန္ဒိယမှာ ဗုဒ္ဓဆင်းတု တည်ရှိခဲ့တယ်ဆိုတာကို ဖော်ပြဖို့ ခိုင်လုံတဲ့ အထောက်အထား မရှိဘူးလို့ သုတေသီတွေက ဆိုပါတယ်။

## ခြေတော်ရာစေတီ

ဗုဒ္ဓဆင်းတု ကိုးကွယ်မှု မတိုင်မီက ကြည်ညိုသူတွေဟာ ကြာပန်းပုံကိုဖြစ်စေ၊ မြတ်ဗုဒ္ဓရဲ့ ခြေရာတော်ပုံကိုဖြစ်စေ ပူဇော်ကိုးကွယ်ခဲ့ကြပါတယ်။ ဗုဒ္ဓဝါဒ အစောပိုင်းကာလမှာ ရုပ်ပွားဆင်းတု ကိုးကွယ်တာကို ဗုဒ္ဓဝါဒီအချို့ နှစ်သက်ကြဟန် မတူဘူး။ ဘာကြောင့်ဆို ဗုဒ္ဓရဲ့ ထူးခြားတင့်တယ်တဲ့ ရုပ်သွင်တော် ပျက်ယွင်းသွားနိုင်လို့ ဖြစ်ဖွယ်ရှိပါတယ်။ ဂရိနဲ့ ဆက်သွယ်မိချိန်ကျမှ ဗုဒ္ဓဆင်းတု ထုလုပ်ကိုးကွယ်မှု ပြန့်နှံ့လာ

တယ်လို့ သမိုင်းသုတေသီတို့ ယုံကြည်ကြပါတယ်။

နှောင်းခေတ်မှာ ဗုဒ္ဓဆင်းတုထုလုပ်မှု အနုပညာနဲ့ ပတ်သက်ပြီး အိန္ဒိယလူမျိုးတွေကို ဂရိတို့က ကူညီအားပေးခဲ့ကြတယ်။ ဒီအချိန်ကစပြီး အခြားနိုင်ငံတွေမှာလည်း ရုပ်ပွားဆင်းတု ကိုးကွယ်မှု ခေတ်စားလာတယ်။ မိမိနိုင်ငံ လူမျိုးအသီးသီးရဲ့ ရုပ်သွင်ပုံဟန်တွေနဲ့ ဗုဒ္ဓဆင်းတုတွေ ထုလုပ်ခဲ့ကြတယ်။ ဗုဒ္ဓဘာသာ တစ်နိုင်ငံတည်းမှာပင် သမိုင်းခေတ်တစ်ခုနဲ့ တစ်ခုမတူဘဲ ပုံသဏ္ဌာန်အမျိုးမျိုး ထုလုပ် ခဲ့ကြတယ်လို့ ဆိုပါတယ်။

**ဒက္ခိဏာသာခါ**

ဒက္ခိဏာသာခါဆိုတဲ့ ပါဠိစကားက 'တောင်ဖက်ကိုင်း'လို့ အဓိပ္ပာယ်ရပါတယ်။ ဗောဓိပင်ရဲ့ တောင်ဖက်က အကိုင်းနဲ့ ထုလုပ်တဲ့ ဆင်းတုလို့ ဆိုဖွယ်ရှိပါတယ်။ ဒက္ခိဏာသာခါဆင်းတု အကြောင်းကို ပိုမိုနားလည်ဖို့ ဆိုရင် ဆက်လက် သုတေသနပြုရဦးမှာပါ။ ဆင်းတုတော်ရဲ့ ပုံစံကလည်း တစ်မူ ထူးခြားနေပါတယ်။ ဘယ်ခေတ်က ဘယ်လိုအဓိပ္ပာယ်နဲ့ အဲဒီပုံစံမျိုး ထုလုပ်ခဲ့တယ်ဆိုတာကို ပညာရှင်တို့ တင်ပြပါကုန်။ ရုပ်ပွားဆင်းတု ကိုးကွယ်ရာမှာ အဲဒီဆင်းတုတော်က မိုးကွင်းအောင်၊ လေကွယ်အောင် လုပ်ပေးတယ်လို့ မယူဆသင့်ပါဘူး။ ဘာကြောင့်ဆို သက်တော် ထင်ရှား ဗုဒ္ဓဘုရားကိုယ်တိုင်လည်း အဲဒီလို လုပ်မပေးလို့ပါဘဲ။ ဗုဒ္ဓဆင်းတု ကိုးကွယ်တဲ့ ရည်ရွယ်ချက်က ဗုဒ္ဓဂုဏ်တော်ကို ပုံဖော်နိုင်ဖို့ပါ။

မြတ်ဗုဒ္ဓရဲ့ တည်ငြိမ်တဲ့ သွင်ပြင်၊ မေတ္တာတရား၊ သန့်ရှင်းစင်ကြယ်မှုနဲ့ ငြိမ်းပြည့်စုံမှုတွေကို ထင်ဟပ်စေတဲ့ သင်္ကေတဟာ ကိစ္စများမြောင်လှတဲ့ဘောင်ထဲက နေ့စဉ် လူမှုဘဝ လှုပ်ရှားမှုတွေမှာ ရင်ဆိုင်ရဖွယ်ရှိတဲ့ အခက်အခဲတွေ၊ စိုးရိမ်ပူပန်မှုတွေကို ကျော်လွှားဖို့ စိတ်ဓာတ်အင်အားကို ရရှိစေပါတယ်။ စိတ်သက်သာရာရမှု၊ စိတ်ဓာတ် ပြန်လည် လန်းဆန်းလာမှုတို့ အတွက်လည်း ကြီးစွာ အထောက်အကူပြုပါတယ်။

ဗုဒ္ဓဆင်းတုကို ပူဇော်ကန်တော့ဆဲမှာ သက်တော်ထင်ရှား ဗုဒ္ဓဘုရားရဲ့ ကြီးမြတ်တဲ့ ဂုဏ်ရည်တွေအပေါ်မှာ တစ်ခဏလောက် မိမိစိတ်

ကို တည်ကြည်စွာ ထားလိုက်နိုင်ရင် အဲဒီကြည်လင်တဲ့စိတ်ဟာ အမှန်ပင် ကောင်းကျိုးချမ်းသာကို ရရှိစေနိုင်ပါတယ်။

## မီးကွင်း ဆင်းတု

တစ်ခါတစ်ရံ လူအများ ပူဇော်ခံ စေတီတော်နဲ့ ဆင်းတုတော်တွေမှာ ထူးခြားတဲ့ စွမ်းအင် သို့မဟုတ် တန်ခိုးတစ်မျိုး ရှိနေတတ်ပါတယ်။ ဗုဒ္ဓဝါဒဟာ ပရလောကကို ယုံကြည် လက်ခံပါတယ်။ သူတော်စင် ရဟန်း ပုဂ္ဂိုလ် လူပုဂ္ဂိုလ် အချို့ဟာ မိမိတို့ပြုလုပ်တဲ့ ကုသိုလ်ထူးအတွက် ကွယ်လွန်ပြီးနောက်မှာ မိမိတို့ အထူးကြည်ညိုတဲ့ စေတီ သို့မဟုတ် ဗုဒ္ဓဆင်းတုတွေကို စောင့်ရှောက်လိုကြောင်း ဆုတောင်းကြတာမျိုး ရှိတယ်။

အဲဒီလို အစောင့်အရှောက်တွေ ရှိရင်၊ အနည်းဆုံး အဲဒီ ဗုဒ္ဓဆင်းတုကို ကြည်ညိုတဲ့ ပရလောကသားတွေ ရှိခဲ့ရင်၊ ကိုယ်တိုင်ကလဲ ဗုဒ္ဓါနုဿတိ (ဗုဒ္ဓကိုအာရုံပြုမှု) နဲ့ ကြည်ညိုစိတ်တွေ အားကောင်းနေရင် အဲဒီ ဗုဒ္ဓဆင်းတုတွေရဲ့ ထူးခြားအံ့သြဖွယ်ကို ရံဖန်ရံခါ တွေ့မြင်ရဖွယ်ရှိပါတယ်။ အဲဒီအခါမျိုးမှာ ဗုဒ္ဓဆင်းတုတော်က မီးကွင်း၊ လေကွယ် ဆိုတာမျိုးတွေ ဖြစ်နိုင်တယ်လို့ ဘုန်းကြီးအနေနဲ့ ယုံကြည်ထားပါတယ်။ ဆင်းတုဟာ ဆင်းတုပါပဲ။ အထဲမှာ ဗုဒ္ဓဓာတ်တော်မှ မရှိဘဲ။ ဒါကြောင့် ဗုဒ္ဓ ဆင်းတုက တိုက်ရိုက်ကြီးတော့ တန်ခိုး မပြတန်ရာပါဘူး။

## မရှိ မဖြစ်လား

ဗုဒ္ဓဝါဒီတွေဟာ ဗုဒ္ဓဆင်းတုတော်ကို ဖူးမြင်ရခိုက် နှလုံးသားထဲမှာ ဗုဒ္ဓရုပ်သွင် ထင်မြင်လာပြီး ကြည်ညိုသဒ္ဓါ တိုးပွားပါတယ်။ အဲဒီ ကြည်လင်တဲ့ စိတ်ဟာ ကြည်ညိုသူ ဗုဒ္ဓဝါဒီကို အတွေးအကြံကောင်းတွေ ရစေပါတယ်။ စိုးရိမ်ပူပန်မှု၊ စိတ်ညစ်ညူးမှုတွေနဲ့ နေ့စဉ်ဘဝပြဿနာ အထွေထွေကို တဒင်္ဂ မေ့ပျောက်ထားနိုင်ပြီး စိတ်ကို ကောင်းစွာ ထိန်းချုပ်နိုင်ဖို့ အထောက်အပံ့ပြုပါတယ်။ ဒါကြောင့် ဗုဒ္ဓဆင်းတုကို ကိုးကွယ်ကြတာလို့ နားလည်သင့်ပါတယ်။

ဗုဒ္ဓဝါဒမှာ ဓမ္မကိုကျင့်သုံးဖို့ ဗုဒ္ဓဆင်းတုကို ရှိခိုးပူဇော်ရမယ်လို့ အတင်းအကြပ် မတိုက်တွန်းပါဘူး။ ဗုဒ္ဓဆင်းတုတော် မရှိဘဲလဲ ဓမ္မကို ကျင့်သုံးနိုင်ပါတယ်။ ကျင့်သုံးပြီး ဝိမုတ္တိသုခ (လွတ်မြောက်မှုချမ်းသာ) ကို ခံစားနိုင်ပါတယ်။ ဗုဒ္ဓဆိုတာ လမ်းညွှန်သူသာ ဖြစ်ပြီး ဒုက္ခမှ လွတ်မြောက်ဖို့ဆိုရင် မိမိကိုယ်တိုင်ပဲ ကြိုးစားအားထုတ်ရပါတယ်။

ဒါပေမယ့် ယဉ်ကျေးပြီး ကမ္ဘာတစ်လွှားက မျိုးဆက်တစ်ခု ပြီး တစ်ခု လူသန်းပေါင်းများစွာရဲ့ စိတ်ဓာတ်အင်အားကို ပေးစွမ်းနိုင်ခဲ့တဲ့ ဗုဒ္ဓနဲ့ ဗုဒ္ဓဂုဏ်တော်တွေကို ပြန်ပြောင်း အောက်မေ့နိုင်ဖို့ ဗုဒ္ဓဆင်းတုတော် လိုအပ်ပါတယ်။ ဗုဒ္ဓဝါဒီတစ်ယောက်အနေနဲ့ မိမိအိမ်မှာ ဗုဒ္ဓဆင်းတု သို့မဟုတ် ဗုဒ္ဓရုပ်ပုံပန်းချီကားချပ် ထားရှိကောင်းပါတယ်။ ထားရှိသင့်ပါတယ်။ ရှိပြီးဖြစ်ရင်လည်း အိမ်အလှပြဖို့ မဟုတ်ဘဲ ချီးမွမ်းထောမနာပြုမယ့် အရာ၊ စိတ်ဓာတ် အင်အားကို မြှင့်တင်ပေးတဲ့ အရာ၊ ရှိသေပူဇော်မယ့် အရာအနေနဲ့ အမြတ်တနိုး သိမ်းဆည်းထားပါလေ။

**သူတို့အမြင်**

တည်ကြည်တဲ့ ဗုဒ္ဓဆင်းတုတော်ပုံဟာ စံဝင်လှပပြီး အာရှယဉ်ကျေးမှုရဲ့ အဖိုးမဖြတ်နိုင်တဲ့အရာ ဖြစ်ပါတယ်။ ကမ္ဘာကျော် ဒဿန(တွေးခေါ်) ပညာရှင်တွေနဲ့ နိုင်ငံခေါင်းဆောင်တွေဟာ ကိုယ်တိုင် မြင့်မြတ် ထက်မြက်တဲ့ အတွေးအကြံတွေနဲ့ စိတ်ဓာတ်အင်အားကို ရရှိဖို့ ၎င်းတို့ရဲ့ စာဖတ်ခန်းထဲက စာပွဲပေါ်မှာ ဗုဒ္ဓဆင်းတုတော်ကို သိမ်းဆည်းထားလေ့ရှိကြပါတယ်။ သူတို့ အများစုဟာ ဗုဒ္ဓဝါဒီတွေ မဟုတ်ပါဘူး။ ဗုဒ္ဓဆင်းတုနဲ့ ပတ်သက်လို့ အိန္ဒိယဝန်ကြီးချုပ်ဟောင်း ပဏ္ဍိတ်နေရူး ဆိုပုံက –

'မှိတ်ထားသော မျက်လုံးအစုံအတွင်းမှ စိတ်ပိုင်းစွမ်းရည် အချို့ကို အထင်းသား တွေ့ရပြီး ကိုယ်အမူအရာတွင် အသက်ဝိညာဉ်ရှိသည့် အလား စွမ်းအင်များ ပြည့်လျှံနေ၏။ ခေတ်ကာလတို့ ပြောင်းရွှေ့သွားသော်လည်း ဗုဒ္ဓရှင်တော်မြတ်မှာမူ ဝေးကွာ၍ မသွားသေး။ ဗုဒ္ဓ၏အသံသည် ကျွန်ုပ်၏ နားတွင်းသို့ တိုးညှင်းစွာ ကြားယောင်လာပါ၏။ လွတ်

လပ်ရေးလှုပ်ရှားမှုမှ နောက်မဆုတ်ရန် တည်ငြိမ်သော စိတ်ထားဖြင့် အန္တရာယ်ကို ရင်ဆိုင်ရန် ပြောပြနေသည့်အလားပင်ဖြစ်တော့၏။ ကျွန်ုပ် ထောင်ကျနေစဉ် ဤဆင်းတုတော်မြတ်အား ဖူးမြင်နေရခြင်းမှာ ကျွန်ုပ် အား ပြင်းပြသော စိတ်ဓာတ်ခွန်အားကို ဖြစ်ပေါ်စေခဲ့ပါသည်’။

ဒုတိယကမ္ဘာစစ်အတွင်းမှာ ဗိုလ်ချုပ် ဟန်မီလ်တန်ဟာ မြန်မာနိုင်ငံ ဘုန်းကြီးကျောင်းပျက် တစ်ခုက ဗုဒ္ဓဆင်းတုတစ်ဆူ ရရှိသွားပါတယ်။ အဲဒီဆင်းတုတော်ကို အဲဒီအချိန်က ဗြိတိသျှ ဝန်ကြီးချုပ် ဝင်စတန်ချာချီ ထံ ပေးပို့ပြီး စာတိုကလေး ရေးလိုက်ပုံက -

‘ခင်ဗျား စိုးရိမ်ပူပန်သောက ရောက်နေစဉ်မှာ ဟောဒီ ငြိမ်းချမ်း တည်ငြိမ်တဲ့ ဆင်းတုတော်ရဲ့ ရုပ်သွင်ကို တစ်ချက် ကြည့်လိုက်ပါ။ ပြီး တော့ ခင်ဗျားရဲ့ စိုးရိမ်ပူပန်မှုအပေါ် ပြုံးပစ်လိုက်စမ်းပါ’။

အာရှအလင်းရောင် ကဗျာမှာ ဖော်ပြပုံက-

'This is that bloosom on our human tree
Which opens once in many myriad years-
But opened, fills the world with Wisdom's scent
And Love's dropped honey. *(The Light of Asia, p 5)*

နှစ်ပေါင်း အသင်္ချေမှာ တစ်ခါသာ ပွင့်တဲ့
ပွင့်ပြီးရင် ကမ္ဘာကို ပညာရနံ့
မေတ္တာ ပျားရည်တွေ ပြည့်လျှံစေတဲ့
လူသားသစ်ပင်က ပန်းပွင့်’တဲ့။ ❐

မဟာမြတ်ဗွေ လျှာကုဋေဖြင့်
ဆန်းနေဂိုဏ်းညီ ဂါထာစီ၍
ကျူးသီမြွက်ဖော် ဆိုလှည့်သော်လည်း
ဘုန်းတော်ကဲလွန် အနေကန်ကို
ဝေဖန်ချီးမြှောက် ပြီးမရောက်လိမ့်။
(ဝလေ ဦးပုည)



# သစ္စာကံ အကျိုးပေးပုံ

ရိုသေစွာ လျှောက်ထားပါသည် အရှင်ဘုရား၊

သုဝဏ္ဏသာမ မြားဆိပ်သင့်သောအခါ ခမည်းတော်၊ မယ်တော်နှင့် နတ်သမီး ပေါင်းသုံးဦး သစ္စာပြုသဖြင့် အသက်ချမ်းသာခဲ့ရသည်ဟု ဆိုပါသည်။ တပည့်တော် သိလိုသည်မှာ သစ္စာသည် အကယ်၍ အစွမ်းထက်ပြားအံ့ ပါရိကာ သစ္စာပြုသောအခါကပင် သုဝဏ္ဏသာမ မြားဆိပ်ပြေသင့်ပါသည် ဘုရား။ သို့သော် အမှန်၌ ခမည်းတော် မယ်တော်နှင့် နတ်သမီးပါ သုံး ယောက်သား သစ္စာပြုမှ အသက်ချမ်းသာခဲ့ရပါသည်။ အဘယ်ကြောင့် ပါနည်းအရှင်ဘုရား။ သနားကရုဏာ ရှေ့ထား၍ ဖြေကြားပေးတော်မူပါ အရှင်မြတ်ဘုရား။

ရိုသေစွာဖြင့် အောင်စိုးမိုး

---

**သစ္စာနှုတ်သီး**

'သစ္စာနှုတ်သီး၊ မန္တန်ကြီးဖြင့်၊ ကျော်ချီးစေအောင်၊ အငြိမ်းဆောင်သည်' လို့ ပါရမီတော်ခန်းပျို့ (အပိုဒ် ၁၂၂) မှာ နှုတ်က သစ္စာပြုတာကို သစ္စာနှုတ်သီး မန္တန်ကြီးလို့ ဖော်ကျူးခဲ့ပါတယ်။ သစ္စာနဲ့ ပြောဆိုတာဟာ ကြီးမြတ်တဲ့ မန္တန်သဖွယ်ဖြစ်ပုံကို ဆိုလိုတာပါ။ ဗုဒ္ဓလောင်းလျာတွေ ကျင့်သုံးခဲ့တဲ့ ကျင့်စဉ်တစ်ရပ်ဖြစ်လို့ သစ္စာရဲ့အစွမ်း ထက်မြက်ပုံကို ဗုဒ္ဓဝါဒအစဉ်အလာမှာ များစွာ ချီးကျူး သရုပ်ဖော်ပါတယ်။

သစ္စာပြုတယ်ဆိုတာ အမှန်စကားကို နှုတ်က မြွက်ဆိုတဲ့ အလုပ်ဖြစ်ပါတယ်။ 'ကံဆိုတာ အလုပ်'လို့ အဓိပ္ပာယ်ဖွင့်ဆိုတာမို့ ကာယ ဝစီ မနောလို့ ကံသုံးမျိုးရှိရာမှာ ဝစီ(နှုတ်)နဲ့ ပြုလုပ်တဲ့ ကံကို သစ္စာပြုတယ်လို့ နားလည်နိုင်ပါတယ်။ ဒါကြောင့် သစ္စာအစွမ်း ထက်တယ်ဆိုပေမယ့် သစ္စာကံ အကျိုးပေးရာမှာ ခြားနားမှုတွေ ရှိနိုင်ပါတယ်။

## ကံပေါင်းစုံကိုယ်

ပုဂ္ဂိုလ် သတ္တဝါဆိုတာ လုပ်ထားပြီးသမျှ ကံတွေရဲ့ရလဒ် သို့မဟုတ် ကံပေါင်းစုံကိုယ် ဖြစ်ပါတယ်။ ဘဝပေါင်း များစွာမှာ မိမိကိုယ်တိုင် ပြု လုပ်ထားပြီးဖြစ်တဲ့ များလွန်းလှတဲ့ ကံအထုဟာ သတ္တဝါတွေမှာ အရိပ် လို ထက်ကြပ်မကွာ ရှိနေပါတယ်။ အဲဒီလို များပြားသလောက် ဘယ် ကံက ဘယ်အချိန်မှာ ဘယ်လိုအကျိုး ပေးမယ်ဆိုတာကိုလည်း ပုထု ဇဉ်တို့အနေနဲ့ သိနိုင်ခဲပါတယ်။ ကံတစ်ခုဟာ အားကောင်းလာလို့ အ ကျိုးပေးခွင့် ကြုံတဲ့အခါ ကောင်းကျိုး ဆိုးကျိုးကို ပေးတာပါပဲ။ ကံ အကျိုးပေးမယ့် အချိန်အခါကို ဗုဒ္ဓဘုရားတို့ သိနိုင်ပေမယ့် ကံအကျိုး ပေးကိုတော့ ဗုဒ္ဓဘုရားနဲ့တကွ မည်သူမှ ရှောင်လွှဲလို့ မရနိုင်ပါဘူး။

## ပြည့်စုံမှုလေးမျိုး

သစ္စာဆိုတာ ကံပဲလို့ နားလည်ပြီးရင် ကံအကျိုးပေးခွင့် ကြုံဖို့ သို့မ ဟုတ် သစ္စာစူးဖို့ သမ္ပတ္တိ (ပြည့်စုံမှု) လေးမျိုးကို သိရပါမယ်။

၁) ဂတိ (ဘဝပေးအခြေအနေ) သမ္ပတ္တိ။ တိရစ္ဆာန်ဘဝနဲ့ စာရင် လူ့ဘဝ က ကောင်းကျိုး ပေးခွင့်သာအောင် ပိုပြီး ညဏ်နဲ့ ပြုပြင်လို့ ရနိုင်ခြေရှိ တယ်။ ဒီလိုပဲ နတ်ပြဟ္မာဘဝတွေမှာ အကုသိုလ်ကံတွေ ရှိနေပေမဲ့ ကုသိုလ်ကံ အကျိုးပေးခွင့် ပိုများနိုင်တာပေါ့။

၂) ဥပဓိ (ရုပ်ဆင်းကြန်အင်)သမ္ပတ္တိ။ ဟသ်ာတနယ်က သာမန် တောသူ မမြလေးဟာ ဥပဓိသမ္ပတ္တိကြောင့် နန်းမတော် မမြလေး ဖြစ်သွားတာ။

၃) ကာလ (အချိန်အခါ) သမ္ပတ္တိ။ လူစိတ်မဲ့တဲ့ ဝိသမလောဘသား (ကိုယ်ကျိုးဆန်လွန်းသူ) တွေ တိုင်းပြည်အုပ်ချုပ်ပြီး အဓမ္မလူကြီး လုပ် နေချိန်မှာ လူတွေလည်း မလွှဲသာလို့ အဲဒီအသိုင်းအဝိုင်းက လူတွေနဲ့ အ ပေါင်းအသင်း လုပ်နေရသရွေ့ အကုသိုလ် အကျိုးပေးခွင့် ပိုရှိနိုင်ပါ တယ်။ ဧရာတ်သီးနဲ့ ပေါင်းလို့ ကြက်သွန် အထောင်းခံရသလိုပေါ့။

၄) ပယောဂ (သတိ ညဏ် ဦးစီးဘဲ့ အားထုတ်မှု) သမ္ပတ္တိ။ ပညာ ဗဟု

သူတနဲ့ ပြည့်စုံသူတွေကို ဘယ်နိုင်ငံကမဆို မိမိနိုင်ငံသားအဖြစ် လက်ခံလိုကြလို့ ချမ်းသာပြည့်စုံတဲ့ ကောင်းကျိုးကိုရဖို့ အခွင့်အလမ်း ပိုသာတာပေ့ါ။ အချိန်အခါကောင်းနဲ့ ကြုံပေမယ့် ကြိုးစား အားထုတ်မှု မရှိဘဲ သတိလက်လွတ်နေရင် ကုသိုလ် အကျိုးပေးခွင့် နည်းပါလိမ့်မယ်။

အဲဒီ လေးမျိုးထဲမှာ ပယောဂသမ္ပတ္တိ အရေးကြီးပါတယ်။ သတိပညာ ဉီးစီးတဲ့ အားထုတ်မှုရှိရင် ကောင်းမြတ်တဲ့ ကာယ ဝစီ မနောကံကောင်းတွေ အကျိုးပေးခွင့် အားကောင်းပါတယ်။

**သစ္စာစူးမှု ခြားနားချက်**

သစ္စာပြုခံ ပုဂ္ဂိုလ်က အဲဒီလေးမျိုးနဲ့ ပြည့်စုံရင် သစ္စာပြုတဲ့ ပုဂ္ဂိုလ်ကလဲ သီလသိက္ခာ တည်တံ့သူဖြစ်နေရင် သစ္စာစွမ်းအင် ပိုထက်မှာပဲ။ သစ္စာအစွမ်းကတော့ ထက်တာပေ့ါ။ ထက်လို့ပဲ မြားဆိပ်သင့်ပြီး သေတော့မယ့် သုဝဏ္ဏသာမ သေတွင်းကနေ ရှင်ပြန်ထမြောက်ခဲ့တာ မဟုတ်လား။ မြားထိရာက ပြန်ရှင်လာတာဟာ တော်ရုံ ကြီးကျယ်တဲ့ကိစ္စ မဟုတ် ဘူးဆိုတာကိုလည်း သတိပြုဉီးမှပေ့ါ။ ဒါပေမယ့် ပါရိကာ သစ္စာပြုဆဲခဏမှာပဲ သေဘေးက လွတ်မြောက်ပြီးသား ဖြစ်နေပြီ။ တစ်ကြိမ်တည်းနဲ့ ငုတ်ခနဲ ထမထိုင်တာကလည်း သစ္စာအစွမ်း ညံ့လို့ မဟုတ်ပါဘူး။ အဲဒီအချိန်က သစ္စာပြုခံသူမှာရှိရမယ့် သမ္ပတ္တိနဲ့ သစ္စာပြုကြသူတွေမှာ ရှိရမယ့် ဝစီကံ စွမ်းအင်တွေက အဲဒီအခြေအနေပဲ ရှိနေခဲ့လို့ပါ။

ဉပမာဆိုရင် ဆေးဟာ အစွမ်း ထက်တာပဲ။ ဒါပေမယ့် ကုသပေးသူ ကုသမှုခံယူသူတို့ရဲ့ အချိန်အခါ နေရာဒေသအလိုက် ပျောက်ကင်းမှုအခြေအနေနဲ့ အချိန်ကာလ အနှေးအမြန်တွေ ရှိနိုင်သလိုပါပဲ။ တစ်ကြိမ်တည်း သောက်သုံးရုံနဲ့ သက်သာသွားပြီးတဲ့နောက် အမြစ်ပြတ်ဖို့ အဲဒီဆေးကိုပဲ အကြိမ်ကြိမ် ဆက်သောက်ရသလိုပါပဲ။

**သုဝဏ္ဏသာမ**

ပိဠိယက္ခမင်းဟာ မြားနဲ့ ပစ်မိတဲ့ သုဝဏ္ဏသာမကို သူတော်ကောင်းပဲလို့ သိလိုက်တာနဲ့ အလွန်အမင်း စိတ်မချမ်းသာဖြစ်သွားပြီး သုဝဏ္ဏသာမရဲ့

မျက်မမြင် မိဘတွေကို စောင့်ရှောက်ဖို့ သွားရာကနေ မိဘတွေရဲ့ ဆန္ဒအရ ၎င်းတို့ကို မြားထိခံ မင်းသုဝဏ်ဆီ ခေါ်လာခဲ့ရပါတယ်။ မယ်တော် ပါရိကာက မင်းသုဝဏ်ရဲ့ ရင်ဝကို စမ်းကြည့်ရာမှာ အသက်ရှူဆဲဖြစ်လို့ 'ငါ့သား မသေသေးဘူး'ဆိုပြီး သစ္စာပြုတယ်။ မင်းသုဝဏ်က ဘယ်ညာ လူးလိမ့်ပြီး ပြန်မေ့သွားတယ်။ ခမည်းတော် ဒုကူလက ဆက်ပြီး သစ္စာပြုရာမှာ နောက်တစ်ကြိမ် လူးလိမ့်ပြီး မေ့သွားပြန်တယ်။ နောက်ဆုံး မင်းသုဝဏ်ရဲ့ မိခင်ဟောင်း ဖြစ်ဖူးတဲ့ ဗဟုသုန္ဒရီ အမည်ရှိတဲ့ နတ်သမီးက သစ္စာပြုတော့မှ မင်းသုဝဏ် ထထိုင်ပြီး မြားဆိပ် ကျသွားပါတယ်။

ကဏှဒီပါယနဇာတ်အရ သူဌေးသားငယ် မြွေကိုက်ခံရလို့ အဆိပ်မွှန်နေတုန်း ရသေ့၊ ဖခင်နဲ့ မိခင် သုံးယောက်လုံး သစ္စာပြုမှ အသက်ချမ်းသာသွားတယ်လို့ ဆိုတယ်။ ဒါဟာလည်း အဲဒီ သုဝဏ္ဏသာမ ဇာတ်တော်ထဲက သဘောသွား အတိုင်းပါပဲ။

## သစ္စာပြုပုံ အမျိုးမျိုး

သမ္မုလာမင်းသမီး သစ္စာပြုလို့ သောတ္ထိသေနမင်း နူနာရောဂါ ပျောက်ကင်းသွားတဲ့ ဖြစ်ရပ်၊ အရှင်အင်္ဂုလိမာလရဲ့ သစ္စာစကားကြောင့် ကိုယ်ဝန်ဆောင် မိခင်ရော ကလေးပါ ကျန်းမာစွာ မွေးဖွားသွားတဲ့ ဖြစ်ရပ်တွေမှာ တစ်ဦးတည်းက တစ်ကြိမ်တည်းနဲ့ သစ္စာပြုလို့ ကောင်းသွားတာမျိုး တွေ့ရတယ်။ သိဝိဇာတ်မှာတော့ သိဝိမင်းဟာ သိကြားမင်းရဲ့ အကြံပြုချက်နဲ့ သစ္စာဆိုရာမှာ ပထမအကြိမ်မှာ မျက်လုံး တစ်လုံး၊ နောက်တစ်ကြိမ်ဆိုမှ မျက်စိ နောက်တစ်လုံး အလင်းပြန်ရတယ်။ ဒီဖြစ်ရပ်အရ တစ်ယောက်တည်းက နှစ်ကြိမ် သစ္စာပြုတာကို တွေ့နိုင်တယ်။

ရတနသုတ်တော်အရ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဂုဏ်တော်တွေကို ဖော်ကျူးပြီး 'ဧတေန သစ္စေန သုဝတ္ထိ ဟောတု = ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတွေ ကျန်းမာကြပါစေ'လို့ ညလုံးပေါက် သစ္စာပြုဆုတောင်းတဲ့အတွက် ဝေသာလီမြို့သူမြို့သားတွေ ကျန်းမာ ဘေးကင်းသွားကြပါတယ်။ အရှင်အာနန္ဒာ တစ်ပါးတည်းက အကြိမ်ကြိမ် ရွတ်ဆို

ပြီး သစ္စာပြုဆုတောင်းလို့ လူအမြောက်အမြား ကျန်းမာ ချမ်းသာသွား ကြတာကို တွေ့မြင်နိုင်တယ်။

**သစ္စာကံရဲ့ သဘော**

သစ္စာကံ အကျိုးပေးတဲ့အခါ တစ်ယောက်တည်း လုပ်လို့ အကျိုးတစ်ခု တည်းကို ပေးတာ၊ အများစုပေါင်းပြီး လုပ်လို့ တစ်ဦးတစ်ယောက်ကို ဖြစ်စေ၊ အများကိုဖြစ်စေ အကျိုးပေးတာ၊ တစ်ကြိမ်တည်း လုပ်လို့ အကျိုးပေးသလို အကြိမ်များစွာ လုပ်မှ အကျိုးပေးခွင့် ကြုံလာတာ၊ ချက်ခြင်း အကျိုးပေးသလို နောက်မှ အကျိုးပေးတာ၊ ကိုယ်တိုင် လုပ်လို့ အကျိုးပေးတာ၊ သူများက လုပ်ပေးလို့ အကျိုးပေးတာမျိုးတွေ ရှိတတ် ရှိနိုင်ကြောင်း မှတ်သင့်ပါတယ်။

အဲဒီ သစ္စာကံရဲ့ အကျိုးပေးသဘောကို နားလည်ရင် သုဝဏ္ဏသာမ မြားဆိပ် သင့်တုန်းက ပုဂ္ဂိုလ်သုံးဦး စုံညီ သစ္စာပြုမှ ဘုရားလောင်း မင်းသုဝဏ် အသက်ချမ်းသာပြီး ငုတ်တုတ် ထထိုင်တယ်ဆိုတဲ့ သဘော ကို နားလည် လက်ခံနိုင်ပါလိမ့်မယ်။ □

## ဗီဒီယိုဂိမ်း ကစားရင်

ဆရာတော် အရှင်မြတ်ဘုရား၊

တပည့်တော်၏ ညီတစ်ယောက် ဗီဒီယိုဂိမ်း ကစားနေတာကို ကြည့်ရင်း မေးစရာတစ်ခု စိတ်ထဲမှာ ပေါ်လာပါတယ်။ ယနေ့ခေတ် ဗီဒီယိုဂိမ်း များမှာ တကယ့် လူအစစ်တွေနှင့် အလွန်တူပါသည်။ ကစားသူက လက်နက် အစစ်လိုဟာတွေနဲ့ လူအစစ်နှင့်တူတဲ့ အရုပ်တွေကို ပစ် သတ်ရပါသည်။ အဲဒီလို ဂိမ်းမျိုးကစားရင် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်ပါသ လား။ အဲဒီ လူလို အရုပ်တွေကို သေစေလိုတဲ့စိတ်နှင့် လက်နက်အစစ်

လိုဟာမျိုးတွေနဲ့ ပစ်ခတ်သတ်ဖြတ်ရင် လူအစစ်ကို သတ်ဖြတ်တာနဲ့ တူလားဆိုတာကို သိလိုပါတယ်ဘုရား။

ဒေးဗစ်ချပ်

---

**လူအစစ်တွေလို**

ခေတ်သစ်ကမ္ဘာမှာ နည်းပညာတွေ တရှိန်ထိုးတိုးတက်လာလို့ ကလေးကစားတဲ့ ဗီဒီယိုဂိမ်းတွေမှာ ကစားစရာအရုပ်တွေက တကယ့်လူအစစ်နဲ့ တစ်ထပ်တည်း တူလာတယ်။ လူအစစ်တွေရဲ့ ခံစားမှု လှုပ်ရှားမှုတွေ အတိုင်းပါပဲ။ တိုက်ပွဲမှာ လူအစစ်တွေ ဗုံးကြဲတိုက်ခိုက်သလို ကစားသူက တစ်ဖက်စစ်တပ်က လူတွေကို သေနတ်နဲ့ ပစ်သတ်ပုံ၊ လှံစွပ်နဲ့ ထိုးသတ်ပုံ လူတွေ အစုလိုက်အပြုံလိုက် လဲကျ သေဆုံးသွားပုံတွေက တကယ့် စစ်မြေပြင်မှာ တွေ့မြင်ရတဲ့ အတိုင်းပါပဲ။

အဲဒီလို နည်းပညာတွေ တိုးတက်လာတော့ လူတွေရဲ့ ကိုယ်ကျင့်တရားနဲ့ လူ့အရည်အချင်းတွေနဲ့ ဆိုင်တဲ့ ဆွေးနွေးစရာတွေလဲ ပိုလာတာပေါ့။ ဒီအင်န်အေ (မျိုးဗီဇ)နည်းနဲ့ ကလုန်း (မျိုးဗီဇပုံတူပွားစွမ်း) တွေက တကယ့်ပုံတူ သက်ရှိကို လုပ်နိုင်တဲ့အခါ အဲဒီလို မလုပ်ဖို့ ဘာသာရေးဝါဒီတွေရဲ့ တားမြစ်သံတွေ ဆူညံသွားခဲ့ပါတယ်။

**မသတ်ဘူး၊ ဒါပေမယ့်**

ဗီဒီယိုဂိမ်းရုပ်တွေကို ကစားသူက သေစေလိုတဲ့ စေတနာနဲ့ ပစ်သတ်ရင် ပါဏာတိပါတကံ မမြောက်ပါဘူး။ ဘာကြောင့်ဆို ဗီဒီယိုဂိမ်းရုပ်တွေက ပရိုဂရမ်ရေးတဲ့ ပညာရှင်တွေ ဖန်တီးထားတာ။ လူအစစ်မှ မဟုတ်ဘဲ။ ကစားသူဟာ သေစေလိုတဲ့ စေနာရှိတယ်။ သတ်တယ်၊ သေတယ်။ ဒါပေမယ့် လူအစစ်မဟုတ်လို့ ပါဏာတိပါတကံ မြောက်ပါဘူး။

ဒါပေမယ့် မကောင်းပါဘူး။ အဲဒီလို ဂိမ်းမျိုးကို ကစားပါများလာလို့ အပြင်လောကက လူတွေကို အဲဒီလူတူ အရုပ်လို မြင်လာရင် ဘယ့်နှယ်လုပ်မလဲ။ အလုပ်တစ်ခုဟာ လုပ်ပါများရင် အလေ့အကျင့် ဖြစ်သွားရာ

နေ အဲဒီအလေ့အကျင့်က မိမိရဲ့ စိတ်ပိုင်းဘဝကို လွှမ်းမိုးသွားတတ်တာမို့ အရုပ်တွေရဲ့ အမူအကျင့်ဟာ မိမိရဲ့ အမူအကျင့်တွေ ဖြစ်သွားတတ်တယ်။ ဆိုပါစို့၊ စိတ်ကြမ်း လူကြမ်း ဖြစ်သွားနိုင်တယ်၊ တိုက်ဖို့ ခိုက်ဖို့နဲ့ စစ်မက်ကို လိုလားသူလည်း ဖြစ်သွားနိုင်တာပဲ။ လေ့ကျင့်ပါများတဲ့စိတ်ဟာ လူတစ်ယောက်ကို ပုံသွင်းပေးတတ်တယ်။

## ဗုဒ္ဓ မကြိုက်လို့

ဂိမ်းဆိုတာ အပျော်တမ်း ကစားတယ်ဆိုပေမဲ့ အမှန်တော့ လောင်းကစားပါပဲ။ ဗုဒ္ဓရှင်တော်မြတ်က ပစ္စည်းဥစ္စာ ပျက်စီးကြောင်း လေးမျိုးကို ဟောတော်မူပါတယ်။ အဲဒါတွေက ဣတ္ထိဓုတ္တ (မိန်းမလိုက်စားသူ၊ ယောက်ျား လိုက်စားသူ)၊ သုရာဓုတ္တ (အရက်သောက်စားမှု လွန်ကဲသူ၊ အရက်သမား) အက္ခဓုတ္တ (လောင်းကစား အပျော်ကြူးသူ)၊ ပါပမိတ္တ (အဲဒီသုံးမျိုးကို နှစ်သက်တဲ့ မိတ်ဆွေယုတ်တွေနဲ့ အပေါင်းအသင်း လုပ်သူ) တို့ ဖြစ်ပါတယ် (အံ ၃၊ ၁၀၉)။

အချို့က အိမ်မှာ မိသားစုတွေ ဒါမှမဟုတ် မိတ်ဆွေတွေ ဆုံပြီး အပျော်အပါး သို့မဟုတ် မိတ်ဆွေဖြစ် ဖဲကစားတာပဲ၊ အပြစ်ရှိသလားလို့ ဆိုသံ ကြားဖူးပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီအလုပ်ဟာ လူတစ်ယောက်ရဲ့ စိတ်ဓာတ်ကို ဒီ့ထက် ကောင်းတာတွေကို လုပ်ဖို့ အားနည်းစေတာ၊ ပျက်ကွက်စေတာကိုတော့ မငြင်းသာပါဘူး။

ပုဂ္ဂိုလ်ရေး အမြင်အရဆိုရင် မည်သည့် လောင်းကစားမျိုးကို မဆို ဗုဒ္ဓ မကြိုက်လို့ အသိညာဏ်ရှိသူ တစ်ယောက်အနေနဲ့ ဂိမ်းရော ဖဲပါ ရှောင်ပါလို့ ဆိုချင်တယ်။ ကုသိုလ် ပညာ ဥစ္စာ တစ်ခုခုမရဘဲ အချိန်ဖြုန်းနေရင် လူဖြစ်ကျိုး နပ်နိုင်ပါ့မလား။ ဘဝအဓိပ္ပာယ်ကို လောင်းကစား အပျော်ကြူးပြီး ရှာဖွေလို့ မရနိုင်ပါဘူး။

ဒါကြောင့် ကလေးကိုလဲ ဗီဒီယိုဂိမ်းနဲ့ပဲ အချိန်မကုန်စေသင့်ပါဘူး။ စည်းကမ်းလေး လုပ်ပေးသင့်ပါတယ်။ လူကြီးတွေလဲ လောင်းကစားမှန်သမျှကို ရှောင်ကြဉ်သင့်ကြောင်းပါ။ ▫



## ဘုရားရှေ့က ခြင်္သေ့ရုပ်

ရှိသေစွာ မေးလျှောက်အပ်ပါသည် အရှင်ဘုရား၊

မြန်မာပြည်က ဘုရားတိုင်း ဘုရားစောင်းတန်းတိုင်း နီးပါးမှာ ခြင်္သေ့ရုပ်တုကို တွေ့ရပါသည်။ မြန်မာနိုင်ငံ နိုင်ငံတော် တံဆိပ်၌ တွေ့ရသည့် ခြင်္သေ့နှစ်ကောင်နှင့် ဘုရားရှေ့က ခြင်္သေ့နှစ်ကောင် ပတ်သက်မှုရှိပါသလား။ မည်သည့်အချိန်ကစ၍ ဘုရားရှေ့မှာ ခြင်္သေ့ရုပ်ကို ထားခဲ့ကြပါသနည်း။ ထိုသို့ ခြင်္သေ့ရုပ် ထားရသည့် ရည်ရွယ်ချက်ကိုလည်း သိလိုပါသည်။

ဘိုရွှေမောင်

---

**သီဟဗာဟုရဲ့ ခြင်္သေ့ဖခင်**

ဗုဒ္ဓပွင့်ချိန်လောက်မှာ ဝင်္ဂတိုင်း (ခုခေတ်ဘင်္ဂလားနယ်)ရဲ့ မင်းသမီးတစ်ပါးဟာ ခြင်္သေ့သတ္တဝါနဲ့ သန္ဓေခပြီး သားတော် သီဟဗာဟုနဲ့ သမီးတော် သီဟသီဝလီကို မွေးတယ်။ သီဟဗာဟု အသက် ၁၆ နှစ်မှာ မယ်တော် နှမတော်တွေနဲ့အတူ ခြင်္သေ့ဆီက ထွက်ပြေးပြီး ဝင်္ဂတိုင်းရဲ့မြို့တော်ကို ရောက်လာတယ်။ သားသမီးဇောနဲ့ မြို့ကိုလိုက်လာတဲ့ ဖခင်ခြင်္သေ့ကို သီဟဗာဟုမင်းသားက လေးနဲ့ပစ်ခွင်းပြီး သတ်လိုက်တယ်။ သားတော်ရဲ့လေးနဲ့ ပစ်ခွင်းတာကိုခံရတဲ့ တိရစ္ဆာန်ခြင်္သေ့ မင်းရဲ့ ဖခင်မေတ္တာဖွဲ့ဟာ နှစ်သက်ဖွယ် ကောင်းပါတယ်။ သီဟဗာဟုမင်းသား မြို့နန်းတည်လို့ မင်းပြုတဲ့အခါ နှမတော်ရင်းကို မိဖုရားမြှောက်တယ်။ သီဟဗာဟုမင်းရဲ့ သားသမီး ၃၂ ယောက်အနက် တိုင်းပြည်က နှင်ထုတ်ခံရတဲ့ အကြီးဆုံး ဝိဇယမင်းသားဟာ သီဟိုဠ်ကျွန်းကို ထွက်ပြေးလာရာမှာ ကျွန်းသားတွေကို တိုက်ခိုက်အောင်မြင်ပြီး ပထမဆုံးသော သီဟိုဠ်ဘုရင် ဖြစ်လာပါတယ် (မဟာဝံသ ၆း၁၁၊ ၂၄–၃၈)။

သီဟဗာဟုမင်းဟာ သူ့ဖခင်ခြင်္သေ့ကို သတ်မိတဲ့ မိုက်နောင်တကို ဖြေတဲ့အနေနဲ့ သူ့ဖခင်ကို ဘုရားနဲ့ တန်းတူ ကန်တော့လိုရာကနေ ဘုရားရှေ့မှာ ခြင်္သေ့ရုပ်တုကို တည်ထားတယ်လို့ အစဉ်အလာ ပြော

စမှတ်ရှိပါတယ်။ ဒါပေမယ့် သီဟဇာဟုမင်းဟာ ဗုဒ္ဓဝါဒီ ဟုတ်မဟုတ် မသေချာဘူး။ အကြောင်းက မဟာဝံသ(၄း၂၇)အရ မဂဓတိုင်းဘုရင် အဇာတသတ်မင်း နန်းသက် ၂၄ နှစ်မြောက်မှာ သီဟိုဠ် ဝိဇယမင်း နန်းသက် ၁၆ နှစ်။ ဝိဇယမင်း နန်းတက်နှစ် (အဇာတသတ် နန်းသက် ၈ နှစ်)မှာ ဗုဒ္ဓပရိနိဗ္ဗာန်စံတယ် ဆိုလို့ပါ။ သီဟိုဠ်ရာဇဝင်အစ ခြင်္သေ့ ဇာတ်လမ်းဟာ မြန်မာပြည်မှာ ဘယ်လို ပတ်သက်လာသလဲ ဘယ် တုန်းကလဲ ဆိုတာကိုတော့ ဆက်လေ့လာရဦးမှာပါ။

## အာဇာနည် တိရစ္ဆာန် ၄ မျိုး

ကမ္ဘာကျော် အသောကကျောက်စာတိုင်ထိပ်က စည်ပုံ(အဝိုင်း) ပတ် လည်မှာ သဘာဝသရုပ်မှန်အတိုင်း ထွင်းထုထားတဲ့ နွားလားဥသဘ၊ မြင်း၊ ခြင်္သေ့နဲ့ ဆင်ပြောင်လို့ အာဇာနည် တိရစ္ဆာန်လေးမျိုးကို တွေ့နိုင် တယ်။ အဲဒီလေးမျိုးကို ရှေးခေတ်အိန္ဒိယမှာ ရဲရင့်မှုနဲ့ မြင့်မြတ်မှုအတွက် လေးစားကြတယ်။ ဒါကြောင့် ဗုဒ္ဓ သို့မဟုတ် ရဟန္တာပုဂ္ဂိုလ်တွေကို အဲဒီ အာဇာနည် တိရစ္ဆာန်လေးမျိုးနဲ့ ပုံနှိုင်းတင်စားတာတွေကို ဗုဒ္ဓစာပေ တွေမှာ တွေ့နိုင်တယ်။ ဥပမာ ခြင်္သေ့မင်းလို ရဲရဲရင့်ရင့် အိပ်စက်ခြင်း၊ ဗုဒ္ဓတည်းဟူသော ဆင်ပြောင် ... စသည်။ ဒီတော့ ဗုဒ္ဓဝါဒ ထွန်းကားတဲ့ မြန်မာပြည်မှာလဲ အဲဒီတိရစ္ဆာန် ၄ မျိုးကို အာဇာနည်အနေနဲ့ သတ်မှတ် တာ၊ ယေဘုယျအနေနဲ့ ခြင်္သေ့နဲ့ဆင်ကို အသုံးများတာ မဆန်းပါဘူး။

ဒါကြောင့် ဘုရားတန်းဆောင်အဝင်၊ ဘုန်းကြီးကျောင်းတိုက်အဝင် မုခ်ဝတွေမှာ ခြင်္သေ့ရုပ်တုတွေ တည်ဆောက်တဲ့ သဘောက မြင့်မြတ် မှုနဲ့ ရဲရင့်မှုတို့ကို ပုံဖော်တာလို့လဲ ဆိုနိုင်တယ်။ ဝင်ရောက်လာသူတွေ ဖက်ကို လှည့်ပြီး အားမာန် အပြည့်နဲ့ ကြည့်နေတဲ့ ခြင်္သေ့ရုပ်ဟာ အကာအကွယ် အဆီးအတားရဲ့ သင်္ကေတကော မဖြစ်နိုင်ဘူးလား။

## နိုင်ငံတော်တံဆိပ်နဲ့ ခြင်္သေ့

မြန်မာနိုင်ငံရဲ့ နိုင်ငံတော်တံဆိပ်က ခြင်္သေ့နှစ်ကောင်ဟာ မြင့်မြတ်ခြင်းနဲ့ ရဲရင့်ခြင်းကို ရည်ညွှန်းသည်ဆိုရင် ဖော်ပြပြီး အတွေးအမြင်ကို အခြေခံ

တာဖြစ်နိုင်လို့ ဘုရားရှေ့က ခြင်္သေ့ရဲ့ အဓိပ္ပာယ်နဲ့ ပတ်သက်နိုင်ပါတယ်။ အဲဒီအဓိပ္ပာယ်နဲ့ပဲ ဘုရင် အသောကမင်းဟာ သူ့ရဲ့ကျောက်စာတိုင်ခေါင်းမှာ ခြင်္သေ့ရုပ်ကို အသုံးပြုသလိုပါပဲ။ အိန္ဒိယနိုင်ငံရဲ့ နိုင်ငံတော် တံဆိပ်က အသောကမင်းရဲ့ ခြင်္သေ့ခေါင်းကျောက်စာတိုင် ထိပ်ပိုင်းပါ။ သီရိလင်္ကာ နိုင်ငံတော်တံဆိပ် အလယ်မှာလည်း ခြင်္သေ့ပုံပါတယ်။ စင်္ကာပူနိုင်ငံတံဆိပ်နဲ့ ကမ္ဘောဒီးယား နိုင်ငံတော်တံဆိပ်တွေမှာလည်း ခြင်္သေ့ရုပ်ပါတယ်။ ယဉ်ကျေးမှုရဲ့သဘောက ဒေသတစ်ခုနဲ့တစ်ခု ဆက်နွယ်မှုတွေ ဩဇာလွှမ်းမိုးမှုတွေ ရှိနေတတ်လို့ အဓိပ္ပာယ်အနေနဲ့ အားလုံး မဟုတ်ရင်တောင် တစ်စိတ်တစ်ဒေသအားဖြင့် တူနိုင်ပါတယ်။ ▢

## ကျောင်းထိုင်အရည်အချင်း

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

မကြာခင်က သားမွေးနေ့မှာ ဘုန်းကြီးတစ်ပါးကို အိမ်ပင့်ပြီး ဆွမ်းကပ်ပါသည်။ ထိုဘုန်းကြီးက အသက် ၄၀ ကျော်မှ ရဟန်းဝတ်ခဲ့သည်ဟု ဇနီးပြောလို့ သိရပါသည်။ အနေအထိုင် အပြောအဆို တစ်မျိုးကြီးဟု ထင်ပါသည်။ ကန်တော့ပါဘုရား ... တပည့်တော် သိပ်ဘဝင်မကျနိုင်ပါ။ တရားဟောရာမှာလည်း ကိုယ့်ကိုယ်ကို အထင်ကြီးစေလိုခြင်းက ပိုများနေပါသည်။ သို့ဖြစ်၍ ကျောင်းထိုင်ဘုန်းကြီး တစ်ပါး ပြည့်စုံသင့်သော အင်္ဂါရပ်များကို သိလိုပါသည်ဘုရား။

မောင်စိန်

---

**ဘုရားအပေ ဖြစ်ချင်သူ**

မေးခွန်းရှင်က 'တစ်မျိုးကြီး'ဆိုလို့ ဘုန်းကြီး မှတ်မှတ်ရရ ဖြစ်နေတဲ့ ကြားဖူး ကြုံဖူးတာလေးတွေကို ပြောပြချင်တဲ့စိတ် နိုးကြွလာလို့ ပြောရ

အုံးမယ်။ ညောင်တုန်းမြို့ ရွှေဟသ်ာတောရကျောင်းတိုက်မှာ နေတုန်းက သီလက္ခန်စာဝါကို ပို့ချတဲ့ ဝေဇယန္တာကျောင်းဘုန်းကြီး မိန့်ဖူးတာကို အမှတ်ရမိတယ်။ ဝေဘုန်းတို့ ပဥ္စင်းငယ်ဘဝက စစ်ကိုင်းတောင်ရိုးတောင်ဖီလာချောင်မှာ ဘုရားဆုပန် ဆရာတော် ဦးပဏ္ဍဝဆိုတာ ရှိသတဲ့။ ဆရာတော်ဟာ ညနေ ဘုရားဝတ်ပြုပြီးတိုင်း မိမိပန်တဲ့ဆုကို သံဃာတွေကို လျှောက်တယ်။ ကျောင်းတိုက်စည်းကမ်းအရ အခြား သံဃာတွေလည်း ကိုယ်ပန်တဲ့ ဆုကို သံဃာ့ရှေ့မှာ လျှောက်ရသတဲ့။

တစ်နေ့ အဲဒီလို လျှောက်ကြလို့ အပြီးမှာ နောက်ဆုံးတန်းမှာ မလျှောက်ဘဲနေတဲ့ တောထွက် ဦးပဥ္စင်းကြီးကို မြင်သွားတယ်။ ဒီတော့ ဆရာတော်က 'ကိုယ်တော်ကြီး တောင်းတဲ့ဆုကို လျှောက်စမ်းပါအုံး' ဆိုတော့ ဦးပဥ္စင်းကြီးက ဦးခေါင်းကို မတ်လိုက်ပြီး 'အားနာလို့ မလျှောက်ပါရစေနဲ့ဘုရား' လို့ ပြန်လျှောက်သတဲ့။ ဆရာတော်က လျှောက်သာ လျှောက်ပါဆိုတော့ 'တပည့်တော်က သုဒ္ဓေါဒနမင်းလို ဘုရားအဖေဖြစ်ချင်တာဘုရား' လို့ လျှောက်ပါသတဲ့။ ဆရာတော်က ခေါင်းတညိတ်ညိတ်နဲ့ 'အေး တောထွက် ခင်ကြီးတို့များ၊ စကားအရာတော့ တတ်လည်းတတ် ကပ်လည်း ကပ်သကိုး' လို့ မိန့်တော်မူသတဲ့။

**တောထွက်**

လေးဆယ်ကျော် အရွယ်နှောင်းခါမှ ဘဝပြောင်းပြီး သင်္ကန်းစည်းလာရင် အိမ်ထောင်ကျခဲ့သည်ဖြစ်စေ မကျခဲ့သည်ဖြစ်စေ အရပ်ထဲမှာတော့ 'တောထွက်' လို့ပဲ ခေါ်ပါတယ်။ တစ်ချို့အရပ်မှာတော့ အိမ်ထောင်မကျဘဲ အသက်ကြီးမှ ဘုန်းကြီး ဝတ်လာရင် 'တောင်ပြန်' လို့လည်း ခေါ်ကြတယ်။ တောထွက် အများစုဟာ စာပေကျမ်းဂန် မသင်ဖူးရှာကြပါဘူး။ ဒါပေမယ့် စာပေပရိယတ္တိ တတ်ကျွမ်းတဲ့ ရဟန်းတွေကို သူတို့လောက် မဟုတ်သေးဘူးဆိုတဲ့ (negative) အမြင်မျိုးရှိနေပြီး ဒီအမြင်နဲ့ သူ့ကိုနှိမ့်ချ ကိုယ့်ဂုဏ်ပြလေ့ ရှိတယ်။ သူတို့က လူတွေရဲ့အထာကို ကျွမ်းလို့ လူအထင်ကြီးအောင် လုပ်ပြ၊ လူရှေ့မှာ အင်မတန် ဝိနည်းလေးစားတဲ့ပုံနဲ့ နေပြတတ်တယ်။ ပြီးတော့မှ အခွင့်အရေးကို အမိအရ 'ဟပ်' ယူပြီး

ဘုန်းကြီးဝတ်နဲ့ ချမ်းသာအောင် လုပ်တတ်တယ်။ တကယ့် စာပေပို့ချပြီး သာသနာပြုနေတဲ့ စာချဘုန်းကြီးတွေ သူတို့လောက် မစွံဘူး။

သူ့လူ သူ့တပည့် အသိုင်းအဝိုင်းမှာတော့ ဆရာကြီးပေါ့။ တစ်ခါက တောထွက်တစ်ပါး ပြောပုံက '... ဆရာတော် (သူက နာမည်အတိ အကျ ပြောပါတယ်) ဆိုရင် အမေရိကမှာနေတာ နှစ်နှစ်ဆယ် လောက် ရှိပြီ။ သာသနာပြုနေတယ်လို့တော့ ဆိုတာပဲ။ စာလည်း တတ်တာပဲ။ ဒါပေမယ့် ဒကာဒကာမတွေ ဩကာသကလေးတောင် မရရှာကြဘူး။ တပည့်တော်ရောက်မှ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ကြိုးစားလို့ ဩကာသကလေး၊ မေတ္တာသုတ်ကလေးကို ရသွားကြတာ။ ဒီက ဒကာဒကာမတွေ သိပ်သနားစရာ ကောင်းတယ်'တဲ့။ သူမဆင်မခြင်ပြောတဲ့ ဆရာတော်ကို သံဃာတွေ ဘယ်လောက် လေးစားတယ်ဆိုတာကို စာသင်တိုက်မှာ မနေဖူးတဲ့ တောထွက်ခမျာ သိရှာပုံ မပေါ်ဘူး။

ဟုတ်ပါတယ် ... သိမ်မွေ့ပြီး ကိုယ့်ကို နှိမ့်ချတဲ့ ကြည်ညိုဖွယ်ဂုဏ်ဆောင် တောထွက်တွေလည်း ရှိပါတယ်။ တောထွက်လည်း ရဟန်းပဲဖြစ်လို့ ကြည်ညိုသူ ဥပါသကာအနေနဲ့ ထောက်ပံ့ လှူဒါန်းရမှာပါ။ ဒါပေမယ့် ဘုန်းကြီးတစ်ပါးကို ဆရာတင် ကိုးကွယ်ရာမှာတော့ အဲဒီဘုန်းကြီးက ကိုယ့်ကို လောကုတ္တရာရေး ဗဟုသုတ ဘယ်လောက် ပေးနိုင်မလဲဆိုတဲ့ အသိမျိုး ရှိသင့်တယ်။ လက်သမားလုပ်တတ်လို့ ပန်းပုထုတတ်လို့ ဆရာတင်ရင်တော့ လွဲတာပဲ။

## ကျောင်းထိုင်ဘုန်းကြီးအင်္ဂါ

ပရိသတ်နဲ့နေမယ့် ပုဂ္ဂိုလ်တွေ ပြည့်စုံရမယ့် အင်္ဂါငါးရပ်ရှိပါတယ်။ အဲဒါတွေက 'ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ပောစွမ်းနိုင် ကျောင်းထိုင် ငါးအင်္ဂါ'တဲ့။

၁) ဆယ်ဝါပြည့်တင်းအရ ဘုန်းကြီး ဝတ်ပြီးလို့ လူမထွက်ဘဲ ဆယ်နှစ် ဆက်တိုက်နေပြီးမှ ကျောင်းထိုင်ရတယ်။ ၂) ဝိဘင်း နှစ်ဖြာအရ ရဟန်းတို့ရဲ့ ဝိနည်းတွေကို ဖော်ပြတဲ့ ပါရာဇိကဏ်နဲ့ ပါစိတ်ပါဠိတော်တွေကို သင်ကို သင်ရတယ်။ ၃) ကမ္မာကမ္မအရ ပဥ္စင်းခံ

ကထိန်ခင်းစတဲ့ ဘုန်းကြီးနဲ့ ပတ်သက်တဲ့ အလုပ်တွေကို လုပ်တတ်အောင် ညွှန်ပြတဲ့ မဟာဝါပါဠိတော်ကို သင်ယူရတယ်။ ၄) ခန္ဓကပုဒ်အရ ညွှံ့သည် ရဟန်းအပေါ် ကျောင်းနေရဟန်းများ ပြုရမယ့် ကျင့်ဝတ်၊ ဝါကြီးသူကို ဝါငယ်သူက ကျင့်ရမယ့် ကျင့်ဝတ် စတာတွေကို ဖော်ပြတဲ့ စူဠဝါ၊ ပရိဝါပါဠိတော်တွေကိုလည်း သင်ယူထားရတယ်။ အားလုံးခြုံရင် ဝိနည်းငါးကျမ်း ပါဠိတော် အဋ္ဌကထာ ဋီကာတွေကို လေ့လာထားရမယ်။ ဒါမှသာ ကိုယ်တိုင်လည်း ကျင့်သုံး၊ ကိုယ့်ကိုမှီပြီး ရဟန်းပြုလာတဲ့ တပည့်တွေကိုလည်း သင်ပြပေးနိုင်မှာပေါ့။ ၅) နာမ်ရုပ်ပိုင်ပိုင် ဟောနိုင်ဖို့ဆိုရင် တရားမထိုင်ဖူးတောင် အနည်းဆုံး အဘိဓမ္မာအခြေခံကို သင်ဖူးရမယ်။ စကားမစပ်၊ အဘိဓမ္မာသင်တန်း တက်ဖူးလို့ အတော်အတန် အဘိဓမ္မာဗဟုသုတရှိတဲ့ ဒကာတစ်ယောက်ကို ကျောင်းထိုင်တောထွက်က 'အရူပ ငါးဘုံပါ'လို့ ဇွတ်ငြင်းနေတာကို နားနဲ့ဆတ်ဆတ်ကြားဖူးခဲ့ပါတယ်။ အဲဒီလိုဖြစ်ရင် 'တစ်မျိုးကြီး'ပဲပေါ့။ ပေါက္ကံမောင်ချိုဆိုးမစာကတော့ 'စကားတတ်၏၊ ပါဌ်ကားမပြေ' တဲ့။ ◻

# ရေဈေးထက် ဝိုင်ဈေးပေါပေမယ့်

ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား၊

တပည့်တော်တို့ မြန်မာလူမျိုးအများစုမှာ အရက်သေစာကို အလွန် နှစ်ခြိုက်တတ်ပါသည်။ တပည့်တော် သိလိုသည်မှာ ဘုရားရှင်ထံ၌ သီလခံယူပြီး ဘယ်အချိန်ထိ ထိုသီလကို စောင့်ထိန်းသင့်သလဲ ဆိုတာနှင့် အကယ်၍ ထိုသီလကို ချိုးဖောက်ပါက အဘယ်သို့သော အပြစ်ကို ခံစားရမည်ဆိုတာကို သိလိုပါသည်။ နောက်ပြီး အရက်သောက်ပြီး ဘုရားရှိခိုးသင့် မသင့် သိလိုပါသည်ဘုရား၊ အကျိုးအပြစ်ကို ရှင်းပြပေးစေချင်ပါသည် အရှင်ဘုရား။

မျိုးဦးမောင် (စင်ကာပူ)

---

## ဝိုင်ဈေးပေါ်တဲ့နိုင်ငံ

မကြာခင်က ဗုဒ္ဓဘာသာအကြောင်းကို လေ့လာနေတဲ့ ဗစ်ဗီယန် အမည်ရတဲ့ ပြင်သစ်အမျိုးသမီး တစ်ယောက်နဲ့ တွေ့တယ်။ သူက ဗုဒ္ဓဘာသာကို စပြီး လေ့လာကတည်းက အရက် မသောက်တော့ဘူးတဲ့။ အခုဆို သူ အရက်မသောက်တာ ခုနစ်နှစ် ရှိပြီတဲ့။ ငယ်ငယ်တုန်းက အရက်သောက်ခဲ့တာက အပြစ်ကို မသိတာရယ်၊ ပြင်သစ်မှာ သောက်ရေက ဝိုင်ထက် ပိုဈေးကြီးတာရယ်ကြောင့် မိဖတွေနဲ့အတူ မလွှဲသာလို့ သောက်ခဲ့တာတဲ့။ မကောင်းဘူးဆိုတာကိုတော့ အဲဒီတုန်းကပင် သိပါတယ်တဲ့။ ရေအစား ဝိုင်ကို သောက်ရေအဖြစ် သောက်ရတဲ့ နိုင်ငံက လာတဲ့ ဒီအမျိုးသမီးရဲ့ အတွေးအမြင်က တကယ့် အံ့သြစရာပါပဲ။

အရက်သေစာကို သူတို့ရဲ့ ယဉ်ကျေးမှု၊ သူတို့ရဲ့ ဘာသာတရားက ကျေကျေနပ်နပ်ကြီး ခွင့်ပြုထားပေမယ့် အတွေးအခေါ် လွတ်လပ်ပြီး ဘဝအဓိပ္ပာယ်ကို ရှာမှီးကြတဲ့ အနောက်တိုင်းက ပညာတတ် အသိုင်းအဝိုင်းက လူတော်တော်များများဟာ အရက်သောက်တာကို မကောင်းဘူးလို့ နားလည်ကြတယ်။ ပြုပြင်သင့်တာကို ပြုပြင်ရမယ်လို့ အမှန်အတိုင်းသိပြီး ပြုပြင်ဖို့လည်း ဝန်မလေးလို့ သူတိုတွေ ကြီးပွားကြတာ။

## ဒီလို မပြောပါနဲ့

'မြန်မာအများစု အရက်ကို အလွန်ကြိုက်တယ်' ဆိုတဲ့ စကားကို ဘုန်းကြီး မကြိုက်ဘူး။ ဝမ်းနည်းပါတယ်။ ကြည့်မိသမျှ မြန်မာရုပ်ရှင်အများစုမှာ မင်းသားတွေ (တစ်ခါတစ်ရံ မင်းသမီးတွေတောင်) အရက်သောက်ခန်းတွေ ပါနေလို့ ခုခေတ် မြန်မာပြည်မှာ အဲဒီလို အယူအဆမျိုးတွေ ဖြစ်နေသလားလို့ ထင်မိတယ်။ ဒါမှမဟုတ် နိုင်ငံရေး စီးပွားရေး ကပ်ဆိုးကြီးနဲ့ ကြုံနေလို့ အဲဒီလို ပြောင်းပြန် တွေးမိတာလား။ မစဉ်းစားတတ်ဘူး။ တိုင်းပြည်ကို ဖျက်မယ့် အယူအဆပါ။

အနာဂတ်မှာ နိုင်ငံကို ထူထောင်မယ့် လူငယ်တွေ ဒီအယူအဆကို ခေါင်းထဲက အကြွင်းမဲ့ ထုတ်ပစ်ပါ။ ဘာကြောင့်ဆို သေသောက်ကြူးတို့

တိုင်းပြည် ဘယ်လိုနည်း ကြီးပွားနိုင်မလဲ။ ဆားဆားချင်း လုံလုံချင်းဆိုတဲ့ အဆင့်ပဲ ရှိနေမှာ။ မြန်မာတွေ အရက်ကို မကြိုက်ဘူး။ အရက်သောက် တာကို မြန်မာတွေ ကဲ့ရဲ့တယ်၊ အရက်သမားကို မြန်မာတွေ စက်ဆုပ် တယ်။ မြန်မာနိုင်ငံကို ဗုဒ္ဓဝါဒ ရောက်ကတည်းက ပုဂံ ပင်းယ အင်းဝ တောင်ငူ ညောင်ရမ်း ကုန်းဘောင် ခေတ်အဆက်ဆက်မှာ လူတိုင်းကို ကလေးပေါက်စ အရွယ်ကပင် အရက်မသောက်ဖို့ ဆုံးမလာခဲ့တာပါ။

**သီလယူပြီးနောက်**

ငါးပါးသီလဆိုရင် ခံယူပြီးနောက် သေတဲ့အထိ အချိန်အကန့်အသတ်မရှိ စောင့်ရမှာ။ ရှစ်ပါး ကိုးပါး ဆယ်ပါးသီလဆိုရင်တော့ ဖြစ်နိုင်တဲ့ အခြေ အနေထိ ကိုယ့်ဟာကိုယ် ကန့်သတ်ပြီး စောင့်သုံးနိုင်ပါတယ်။ အနည်း ဆုံး တစ်ရက် (၂၄ နာရီ)ကနေ တစ်ပတ် ဆယ်ရက် တစ်လ သုံးလ ပေါ့။ ဒါပေမယ့် ကာလပရိယန္တဆိုတဲ့ တစ်ထိုင် ဥပုသ်သီလမျိုးကိုတော့ 'အားမကျ'ပါဘူး။ ငါးပါးသီလထဲက သူ့အသက်ကို သတ်ရင် ကိုယ့် အသက်တိုမှာပဲ။ သူတစ်ပါးပစ္စည်းကို မတရားယူထားရင် တစ်နေ့ မွဲမှာ ပဲ။ သူ့အိမ်ယာကို ကျူးလွန်ရင် 'both' သို့မဟုတ် 'ဘာမှန်းမသိ' တွေ ဖြစ်မယ်။ လိမ်ရင် ကိုယ့်ကို သူများ မယုံတော့ဘူး။ သေသောက်ရင် အနည်းဆုံး ရူးရောက် ဂဝ်ရောက်ဖြစ်မယ်၊ ဒရိုင်ဗာလိုင်စင် အသိမ်းခံ ရမယ်။ 'သေအရက် သောက်ခြင်းကို မှီဝဲလျှင် ကြိမ်ဖန် များစွာပြုလျှင် အပါယ်လေးဘုံ၌ ဖြစ်ရ၏။ အရက်သောက်သူသည် လူဖြစ်လာသော် လည်း အနည်းဆုံး ရူးသွပ်မှုအကျိုးကို ရတတ်၏ (အံ ၃၊ ၇၈)'။

**အရက်သောက်ပြီးနောက်**

ဘုရားမကြိုက်တဲ့ အလုပ်ကို လုပ်ပြီးမှ အဲဒီဘုရားကို ရှိခိုးလို့ ဘာအ ကျိုးရှိမှာလဲ။ ဘုရားရှိခိုးကိုတောင် ဖြောင့်အောင် ဆိုနိုင်အုံးမှာလား။ ဘုရားကို မရိုသေရာ ရောက်တယ်။ သတ္ထုအဂါရဝ ဖြစ်လို့ ငရဲတောင် ကြီးအုံးမှာ။ ဒါကြောင့် အရက်သောက်ပြီးရင် Please စကားမပြောဘဲ အိပ်နေလိုက်။ အဲဒီ အပြစ်ကင်းလို့ အကောင်းဆုံး ဖြစ်ပါတယ်။ □

# Shunyata vāda

Dear Sayadaw,

I have a question about Emptiness. I am really confused about what does Emptiness really mean in Buddhism? What does it mean to have an Emptiness? Does Emptiness mean things are lack of inherent characters? Could you explain me more about Emptiness?

Aye Chan

**Emptiness**

The word Emptiness is a translation of Pali word *Suññata* (Skrt. *Shunyata*). Emptiness here means non-substantiality, void, latency, and relativity. This idea belongs to *Madhyamika* (The Middle Way) School of Mahāyāna Buddhism. This concept of emptiness was systematized by Nāgarjuna who founded the mentioned School in the 2nd century A.D..

It is said that Nagarjuna received the doctrine of Emptiness (*Shunyata*) from dragon's king beneath the ocean. *Sahharma Pundarika Sutra* and the *Prajnapāramitā Sutras* are the texts of this school.

In his small book *Madhyamika-Kārika,* Nāgarjuna proved that everything is void. According to him, a living entity, being not more than a temporary union of the five aggregates, cannot be said to have an absolute self which is unchanged, and that because the *dharmas* or elements of existence arise through dependent origination, they have no unchanging self-nature too.

The practical implications lie in the rejection of attachments to transient phenomena and to the egocentricity of one who envisions himself as being absolute and independent of all other existences.

**The Heart Sutra**

There are forty Sutras that constitute the *Prajnapāramita* group of Sutras. One of the most important sutras is the Heart (*Hridaya*) Sutra. Here you can

taste the original idea of Emptiness as stated in this Sutra:

*Iha sariputra rupam sunyata sunyataiva rupam, rupan na prithak sunyata sunyataya na prithag rupam, yad rupam sa sunyata ya sunyatā tac rupam; evam eva vedana-samjna- samskāra-vijnānam.*

Here, O Sariputra, bodily-form is voidness; verily, voidness is bodily-form. Apart from bodily-form there is no voidness; so apart from voidness there is no bodily-form. That which is voidness is bodily-form; that which is bodily-form is voidness. Likewise (the four aggregates) feeling, perception, mental imaging, and consciousness (are devoid of substance).

*Iha sāriputra sarva-dharmah sunyata-laksanā, anutpannā aniruddhā, amalā avimalā, anunā aparipurnah.*

Here, O Sariputra, all phenomena of existence are characterized by voidness: neither born nor annihilated, neither blemished nor immaculate, neither deficient nor overfilled. (*Sutra Translations*, p. 34)

Empty World (*Suññataloka*) Sutta

In Theravada tradition, there is a Sutta called *Suññaloka* (San 2, p. 279). According to this Sutta, once Ananda asked the Buddha, "Venerable Sir, it is said, 'Empty is the world, empty is the world.' In what way, Sir, is it said, Empty is the world?" Then the Buddha answered,

"It is, Ananda, because it is empty of self and of what belongs to self that it is said, ' Empty is the world'. And what is empty of self and of what belongs it self? The eye, Ananda, is empty of self and of what belongs to self. Forms are empty of self and of what belongs to self. ... Whatever feeling arises with mind-contact as condition --- weather pleasant or painful or neither-painful-nor-pleasant --- that too is empty of self and of what belongs to self." (*Sanyutta nikaya translation*, p. 1163 )

Here the Buddha means that there is no self, nor anything pertaining to self in this world..Therefore, the world is empty (*suñño loko*).

Analysis

From the carefully study of the two original Suttas, the Emptiness doctrine given by Nagarjuna is closely linked to the *Suññataloka Sutta* of Samyutta

nikaya and to that of Dependent Origination (*Paticcasamuppāda*). It is said that the Madyamika-vadins extended their doctrine into Māyā (opposite of essential absolute which is the Dharmakāya) and Tantaric idea (which later becomes Tibetan Buddhism), and they have developed it into a deep psychology and philosophy.

It should be noticed that Madhyamika (the Middle Way) here means the concept which is free from the two extremes of neither existence nor non-existence, neither soul nor no-soul, and so forth while the Theravada's Middle Way means the two extremes of self-mortification and self-indulgent. The difference between the two is that the former deals with the concept and the latter with the practice. ❐

## အရိမေတ္တေယျ

ဆရာတော် အရှင်မြတ်ဘုရား၊

ဒီကမ္ဘာပေါ်မှာ အရိမေတ္တေယျ အမည်ဖြင့် ဘုရားတစ်ဆူ ပွင့်ဦးမည်ဟု ကြားဖူးပါသည်။ အရိမေတ္တေယျ ဘုရားလောင်းသည် ယခုအချိန်၌ မည်သည့် ဘုံဘဝတွင် ရောက်နေပါသနည်း။ လူ့ပြည်မှာလော နတ်ပြည်မှာလော ဟူသည်ကို သိလိုပါသည်။ ဤဘုရားလောင်း အကြောင်းကို ထေရဝါဒကျမ်းဂန်မှာ ပြဆိုချက် ရှိပါသလား။ မဟာယာန အယူအဆ ဖြစ်သည်လော ဆိုသည်ကိုလည်း သိလိုပါသည်။

ရှိသေစွာဖြင့် Dr. မြင့်သိမ်းကြူ

---

**ထေရဝါဒကျမ်းဂန်အဆို**

'ရဟန်းတို့၊ (ဤဘဒ္ဒ ကမ္ဘာတွင်) အနှစ်ရှစ်သောင်း အသက်ရှည်သော လူတို့ခေတ်၌ (အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော် ကိုးပါးနှင့် ပြည့်စုံ

သော) မေတ္တေယျမည်သော ဘုရားရှင်သည် ပွင့်တော်မူလတ္တံ့ (ဒီ ၃၊ ၈၃။ ဗုဒ္ဓဝံသ၊ ၃၈၂)'။ အဲဒီ မူရင်းပါဠိတော်တွေအရ ဒီကမ္ဘာမှာ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပနဲ့ ဂေါတမလို့ ဘုရားလေးဆူ ပွင့်တော်မူပြီး ဖြစ်ကြောင်းနဲ့ နောက်ဆုံး မေတ္တေယျဘုရားရှင် ပွင့်တော်မူအုံးမယ်ဆိုတာကို သိမှတ်ရပါတယ်။

မေတ္တေယျ ဘုရားလောင်းဟာ ယခုအခါမှာ တုသိတာ နတ်ပြည်မှာ နတ်အပေါင်းခြံရံပြီး စံနေပါသတဲ့ (မဟာဝံသ ၅၀း၄၇)။ ထေရဝါဒအစဉ်အလာမှာ ဖော်ပြ လက်ခံထားတဲ့ မေတ္တေယျ ဘုရားလောင်းရဲ့ အကြောင်းအရာကတော့ ဒီမျှပဲဖြစ်ပါတယ်။

## လလိတဝိတ္ထာရ (မြောက်ပိုင်းဗုဒ္ဓဝင်)အဆို

ဂေါတမဗုဒ္ဓလောင်းလျာ (သေတကေတု) နတ်သားသည် လူ့ပြည်သို့ သက်ဆင်း၍ ပဋိသန္ဓေယူခါနီး၌ တုသိတာ နတ်အပေါင်းတို့သည် ငိုကြွေးလျက် အလောင်းတော်မြတ်အား 'အရှင်နတ်သား၊ တုသိတာ နတ်ဘုံသည် အရှင်နတ်သားမရှိလျှင် တောက်ပမည် မဟုတ်ပါ'ဟု ဆိုကြ၏။ ထိုစဉ်အခါ အလောင်းတော်က '(ငါမရှိသည်နောက် သင်နတ်အပေါင်းတို့အား ဗုဒ္ဓလောင်းလျာ အရိမေတ္တေယျ နတ်သားက တရားဟောတော်မူ ပါလိမ့်မည်'ဟု နှစ်သိမ့်စကားဆို၏။

ယင်းနောက် မိမိ၏ ဦးခေါင်းမှ ပိုးသားခေါင်းဆောင်းကို ချွတ်ပြီး မေတ္တေယျဘုရားလောင်း၏ ဦးခေါင်းပေါ်၌ ဝတ်ဆင်ပေးလျက် 'အရှင်နတ်သား၊ သင်သည်ကား ငါ၏နောက်၌ ဗောဓိဉာဏ်ကို ရမည့်သူပါတည်း'ဟု မိန့်ဆို၏ (*Lalitavistrara*, Tran. by Bijoya Goswami, p.46)။

## အရှင်မဟာကဿပ နဲ့ မေတ္တေယျ

အသောကဝဒါနနဲ့ ဒိဗျာဝဒါန သက္ကတမှတ်တမ်းတွေအရ အရှင်မဟာကဿပထေရ်ဟာ ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ ဂယာမြို့အနီးက ကုက္ကုဋပါဒဂိရိတောင်ကို တစ်ပါးတည်း ကြွတော်မူတယ်။ ဒီနောက် ဂူတစ်ခုအတွင်း တင်ပလ္လင်ခွေထိုင်ပြီး ဒီခန္ဓာကိုယ်သည် မေတ္တေယျ ဘုရားရှင်

ပွင့်တော်မူသည်အထိ မပျက်မစီးတည်နေပါစေလို့ အဓိဋ္ဌာန်ပြုပြီး နိရောဓသမာပတ်ကို ဝင်စားတယ်လို့ ဆိုတယ်။

အဲဒါကြောင့် အရှင်မဟာကဿပရဲ့ ကိုယ်ခန္ဓာဟာ အဲဒီဂူထဲမှာ မေတ္တေယျဘုရားရှင် ပွင့်တဲ့အချိန်ထိ မပျက်မစီး တည်ရှိနေပါလိမ့်မယ်။ ဂေါတမဗုဒ္ဓဟာ အသက်ထင်ရှားရှိစဉ်က မိမိရဲ့ ပံ့သကူ နှစ်ထပ်သင်္ကန်းကို အရှင်မဟာကဿပရဲ့ နှစ်ထပ်သင်္ကန်းနဲ့ လဲလှယ်ခဲ့တယ်။ အဲဒီ ဗုဒ္ဓဂေါတမရဲ့ နှစ်ထပ်သင်္ကန်းဟာ အရှင်မဟာကဿပနဲ့အတူ ရှိနေမှာဖြစ်ပြီး မေတ္တေယျဘုရား ပွင့်ချိန်မှာ မေတ္တေယျဘုရားရှင်ကို အဲဒီ နှစ်ထပ်သင်္ကန်းကို လွှဲပြောင်း ပေးအပ်မယ်လို့လဲ ဆိုတယ်။ (Hellmuth Hecker, *Great Disciples of the Buddha*, p.132)

### မေတ္တေယျ ဩဇာလွှမ်းမိုးမှု

အရိမေတ္တေယျ ဘုရားလောင်း အကြောင်းကို ထေရဝါဒကျမ်းဂန်တွေမှာ သာမန်သာ ဆိုပေမယ့် သဒ္ဓမ္မပုဏ္ဍရိကသုတ်နဲ့ ဝဇိရစ္ဆေဒိကာ သုတ်လို မဟာယာနသုတ္တန် အများစုမှာတော့ အရိမေတ္တေယျ ဘုရားလောင်းကို အဆင့်မြင့် အဝလောကိတေသွာရ၊ မဉ္ဇုသီရိနဲ့ အမိတာဘာ ဘုရားလောင်းတွေနဲ့ တန်းတူထားတယ်။

ဒါပေမယ့် ထေရဝါဒအစဉ်အလာမှာလည်း · အရိမေတ္တေယျဘုရားလောင်းနဲ့ဆိုင်တဲ့ စိတ်ဝင်စားမှုဟာ ဗုဒ္ဓပရိနိဗ္ဗာန် စံလွန်ပြီးနောက် ရာစုနှစ်သုံးခုထက်မစောဘဲ အေဒီနှစ်ရာစုကနေ ရှစ်ရာစုအချိန်ထိ အင်မတန် ဩဇာလွှမ်းမိုးခဲ့ပြီး အရှင်မဟာဗုဒ္ဓဃောသခေတ် အေဒီ၅ရာစုမှာ မေတ္တေယျဘုရားလောင်း ဩဇာလွှမ်းမိုးမှု အထွတ်အထိပ်သို့ ရောက်ခဲ့တယ် (John C. Holt, *Anagatavamsa Desana*, Trans. Intro. p. 2)။

### အသောက၊ ဒုဋ္ဌဂါမဏိ၊ အရှင်မဟာဗုဒ္ဓဃောသ

အနာဂတဝံသဒေသနာကျမ်း (စာ၊ ၄၇)အရ အိန္ဒိယဧကရာဇ် အသောကမင်းကြီးဟာ မေတ္တေယျဘုရားရှင်ရဲ့ အဂ္ဂသာဝက တစ်ဆူ ဖြစ်လာမယ်လို့ ဆိုတယ်။ မဟာဝံသကျမ်း (မဟာဝံသ ၃၂း၈၃) အရ ဋ္ဌောရကျေး

မင်းကို အောင်နိုင်ပြီး သီဟိုဠ်တစ်ကျွန်းလုံးကို စည်းရုံးနိုင်ခဲ့တဲ့ သူ့ရဲ့ ကောင်းဘုရင် ဒုဋ္ဌဂါမဏိမင်းကြီးဟာ နောက်ဆုံးဘဝမှာ အရိမေတ္တေယျ ဘုရားလောင်းရဲ့ မိဘားစုမှာ ပြန်လည် မွေးဖွားမယ်။

ထေရဝါဒ အဋ္ဌကထာကျမ်းပြုဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ ဟာ ဝိသုဒ္ဓိမဂ်ကျမ်းကို ရေးစဉ်က ပထမစာမူနှစ်စောင်ကို နတ်ဒေဝါတို့ ဖွက်ထားပြီး တတိယအကြိမ် စာမူရေးပြီးမှ ပြန်ပေးလို့ သုံးစောင်လုံး ကို တိုက်ဆိုင်ကြည့်ရာမှာ တစ်လုံးတစ်ပါဒမျှ ကွဲလွဲတာမရှိလို့ သံဃာ တွေက အရှင်မြတ်ရဲ့ မှတ်ဉာဏ်ကြီးကျယ်မှုကို အံ့ဩပြီး 'ဤပုဂ္ဂိုလ် ကား မေတ္တေယျဗုဒ္ဓ လောင်းလျာ ကေန်ဖြစ်ပေ၏'လို့ ချီးမွမ်းကြတယ် (မဟာဝံသ ၃၇း၂၄၂)။

## မေတ္တေယျဗုဒ္ဓကို ဖူးလိုသူ

မဟာသံဃရက္ခိတ မထေရ်ဟာ အသက်ရှစ်ဆယ်အရွယ် ပျံလွန်ခါနီး သေရာ ညောင်စောင်းပေါ် လဲလျောင်းနေစဉ် လူနာသတင်းလာမေးကြ တဲ့ ရဟန်းတွေက အရှင်မြတ် ရဟန္တာဖြစ်ပါပြီလားလို့ မေးလျှောက်ကြ ရာမှာ 'မဖြစ်သေးပါ'လို့ ရိုးသားစွာ ဖြေတယ်။ ဒီတော့ အလုပ်အကျွေး ပြုနေတဲ့ ရဟန်းငယ်က 'အရှင်ဘုရား ပရိနိဗ္ဗာန်ပြုပြီဆိုပြီး လူတွေ ဝေးလံတဲ့အရပ်က လာရောက် ဖူးမြော်နေကြပါတယ်။ သူတို့တွေ အရှင် ဘုရား ရဟန္တာ မဖြစ်သေးဘူးလို့ သိသွားရင် စိတ်မချမ်းသာ ဖြစ်ကြမှာ ပဲဘုရား'လို့ လျှောက်လိုက်တယ်။

ဒီတော့ မထေရ်ကြီးက 'ငါက မေတ္တေယျ ဘုရားရှင်ကို ဖူးဦးမယ် လို့ ဆုံးဖြတ်ပြီး ဝိပဿနာ မတင်ရှုဘဲ နေခဲ့တာ။ ကဲလေ၊ ဒါဖြင့် ငါ့ကို ထူပေးစမ်းကွဲ့'လို့ ဆိုတယ်။ ပြီး နာမကျန်းဖြစ်နေတဲ့ မထေရ်ကြီးဟာ ဝိပဿနာ တင်ရှုတဲ့အတွက် ရဟန်းငယ်ထွက်သွားပြီးလို့ မကြာခင်မှာ ဘဲ ရဟန္တာဖြစ် သွားတယ်။ အဲဒီနောက် လက်ဖျစ်တီးပြီး အရဟတ္တ ဖိုလ်ကို ရပြီဖြစ်ကြောင်း မိန့်ကြားတဲ့အခါ ရဟန်းသံဃာ ပရိသတ်က မထေရ်ကြီးကို ချီးမွမ်းအံ့ဩတယ်' (ဝိသုဒ္ဓိမဂ္ဂ ၁၊ ၄၄)။

**ဆုတောင်းအထူး**

အေဒီ ၁၂ ရာစု သီဟိုဠ်မှာ သာသနာတော် သန့်ရှင်းရေး ဆောင်ရွက်ခဲ့တဲ့ ဝိနယသင်္ဂဟအဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ အင်္ဂုတ္တရဋီကာ ကျမ်းတွေကို ပြုစုသွားတဲ့ အရှင်သာရိပုတ္တရာက 'ကျမ်းပြုကုသိုလ်ကြောင့် ဒုတိယဘဝမှာ တာဝတိံသာ နတ်ပြည်မှာ သူတော်ကောင်းနတ် ဖြစ်လျက် နတ်အဖြစ်နှင့်ပင် သောတာပတ္တိဖိုလ်ကိုရပြီး အရိမေတ္တေယျဘုရားရှင် ပွင့်ချိန်မှာ ထိုဘုရားရှင်၏ တရားကိုနာပြီး အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရပါလို၏' ဆုတောင်းပါတယ်။

ဒါပေမယ့် အဲဒီဆုတောင်းနဲ့ ပတ်သက်ပြီး အရှင်မြတ်ရေးတဲ့ ဝိနယသင်္ဂဟအဋ္ဌကထာရဲ့ အဖွင့်ဋီကာကို ပါဠိဘာသာနဲ့ ရေးသားခဲ့သူ မြန်မာနိုင်ငံသား တောင်ဖီလာဆရာတော်က ဘဝင်ကျဟန် မတူဘူး။ 'သောတာပန်တို့ မည်သည် ကာမဘုံမှာ ခုနစ်ဘဝသာ နေရခြင်း၊ တာဝတိံသာ နတ်တို့၏အသက်နှင့် ဘဝပေါင်း အထောင်မက နေပြီးမှသာ မေတ္တေယျဘုရားရှင် ပွင့်နိုင်ခြင်းတို့ကြောင့် မသင့်မြတ်ဘူး'လို့ ဆရာတော်က မှတ်ချက်ပြုခဲ့ပါတယ် (ဝိနယာလင်္ကာရဋီကာ၊ နိဂုံး)။

**နှစ်ဂိုဏ်းလုံး လက်ခံ**

မဟာယာနတွေက အထွတ်အထိပ်ထားတဲ့ အဝလောကိတေသွာရ၊ မဉ္ဇုသိရိ၊ အမိတာဘာ၊ ဝဇိရပါဏိ စတဲ့ ဘုရားလောင်းတွေ အကြောင်းကို ထေရဝါဒကျမ်းဂန်တွေမှာ မတွေ့ရဘူး။ စကားမစပ်၊ မဉ္ဇုသိရိဆိုတဲ့ နာမည်ကိုတော့ မူလဋီကာ(ယင်း ၂၊ ၄၈)မှာ တွေ့ဖူးပါတယ်။ ဒါပေမယ့် မေတ္တေယျ ဗောဓိသတ္တကတော့ ထေရဝါဒရော မဟာယာနပါ လက်ခံယုံကြည်တဲ့ တစ်ဆူတည်းသော ဘုရားလောင်း ဖြစ်ဖွယ်ရှိပါတယ်။ ▢

## ရဟန်းတို့ ရှိမခိုးကောင်းသူ

ဆရာတော် အရှင်မြတ်ဘုရား၊

တပည့်တော် ရိုသေစွာ လျှောက်ထားအပ်ပါသည်။ ရဟန်းသံဃာတော်များ ရှိမခိုးကောင်းသည့် နေရာဌာန ဆယ်မျိုးရှိသည်ဟု ကြားဖူးပါသည်။ တကယ်ရှိသည်ဆိုလျှင် ဘယ်လို နေရာတွေ ဖြစ်ကြောင်း ဖြေကြားပေးစေလိုပါသည်။ နောက်ပြီး လယ်တီဆရာတော်ဘုရားကြီး၏ ဗျာဒိတ်ကွာအကြောင်း ကဗျာကိုလည်း ကြားဖူးရုံသာ ရှိသဖြင့် ဖော်ပြပေးစေလိုပါသည်။

ကျော်လေး၊ ရှရား

----------------

**ရှိခိုးခံခြင်း**

ဗုဒ္ဓဘာသာမှာ လူ့အဆင့်အတန်းကို အသက်ကြီးတာနဲ့ မဆုံးဖြတ်ပါဘူး။ အကျင့်သီလနဲ့ပဲ ဆုံးဖြတ်ပါတယ်။ စောင့်ထိန်းနေတဲ့ သီလသိက္ခာပုဒ်တွေ များပြားလို့ ရဟန်းတွေကို လူတွေက ရှိခိုးကြရတာ။ ရဟန်းတွေအချင်းချင်းလဲ ကိုယ့်ထက် ရဟန်းဖြစ်ချိန် အနည်းဆုံး မိနစ်ပိုင်းလောက်ပင် ကြီးစေ၊ ငယ်သူက ကြီးသူကို ရှိခိုးအရိုအသေပေးရပါတယ်။ ကိုယ့်ထက်ကြီးပေမယ့် ရှိခိုးစရာမလိုတဲ့ ရဟန်းမျိုးလည်း ရှိတယ်။ အဲဒီ ရဟန်းမျိုးအပါအဝင် ရဟန်းတို့ ရှိမခိုးကောင်းသူ ဆယ်မျိုးကို ဝိနည်း စူဠဝါပါဠိတော် (ဝိ ၄၊ ၃၁၁) မှာ ဖော်ပြပါတယ်။ အဲဒါတွေကို အကျဉ်းချုပ် ရေတွက်ပြရရင် –

**ရဟန်းတို့ ရှိမခိုးကောင်းသူ ၁၀ မျိုး**

၁။ မိမိထက် သိက္ခာငယ်တဲ့ ရဟန်း (မိမိနောက်မှ ရဟန်းပြုလာသူ) ၂။ အနုပသမ္ပန္န (လူနဲ့ သာမဏေ)။ ရဟန်းဟာ မိမိထက် ကြီးငယ်မဟူ လူ

တွေနဲ့ သိက္ခာမတင် (သိမ်ထဲဝင်ပြီး ရဟန်းမခံရသေး)တဲ့ သာမဏေတွေကို ရှိမခိုးကောင်းဘူး။ ၃။ မိမိထက် သိက္ခာကြီးပေမယ့် အဓမ္မဝါဒီ နာနာသံဝါသ (အဓမ္မကို ဓမ္မလို့ဆိုပြီး ယင်းဝါဒကိုမစွန့်သရွေ့ ပေါင်းသင်းဆက်ဆံမှု မပြုကောင်းတဲ့ သို့မဟုတ် အယူမှားကို မစွန့်လို့ နှင်ထုတ်ထားတဲ့ အပယ်ခံ ရဟန်း)။ ဥပမာ ဆွမ်းစားတာလည်း ကာမဂုဏ်၊ မေထုန်မှီဝဲတာလည်း ကာမဂုဏ်၊ ကာမဂုဏ်ချင်းအတူတူ ရဟန်းဟာ ဆွမ်းစားကောင်းသလို မေထုန်ကိုလည်း မှီဝဲကောင်းတယ်လို့ ဆိုခဲ့တဲ့ အရိဋ္ဌ ရဟန်းလို အယူမှားနေတဲ့ ရဟန်းကို အဲဒီအယူကို မစွန့်သရွေ့ ရဟန်းငယ်က ရှိမခိုးကောင်းဘူး။ ၄။ မာတုဂါမ (မိမိထက် အသက်သိက္ခာ ကြီးတဲ့ ဘိက္ခုနီလို့ ခေါ်တဲ့ ရဟန်းမိန်းမတွေလည်း ပါတယ်)။

၅။ ပဏ္ဍုက် ငါးမျိုး (ဉသူယ = သူတစ်ပါး မေထုန်မှုကို ကြည့်ပြီး အာသာပြေသူ။ ပက္ခ = လခွဲတစ်ကြိမ် လိင်ပြောင်းသူ။ အာသိတ္တ = သူတစ်ပါးရဲ့ သုက်သွေးကို ခံတွင်းဖြင့် စုပ်ယူသူ။ ဩပက္ကမိက = ဝှေးစေ့သင်းထားသူ။ နပုံသက = မွေးရာပါ ကျားမ လိင်အင်္ဂါ မကွဲပြားသူ။ အဲဒီလို ပုဂ္ဂိုလ်တွေ ရဟန်းအဖြစ်နဲ့ ရှိနေခဲ့ရင် သိက္ခာကြီးပေမဲ့ ရှိခိုးစရာ မလိုဘူး (ဝိ-၅ ၃၊ ၂၉၇)။

၆။ သံဃာဒိသေသ် အာပတ်သင့်လို့ မကုစားဘဲ နေခဲ့တဲ့ ရက်အတိုင်းအတာထိ ပရိဝတ်ကျင့်နေတဲ့ ရဟန်း။ ၇။ အဲဒီလို ကျင့်နေတုန်း အကြောင်းတစ်ခုကြောင့် တစ်ရက်ပျက်သွားလို့ အစက ပြန်ကျင့်နေရတဲ့ ရဟန်း။ ၈။ အဲဒီအာပတ်သင့်လို့ မာနတ်ကျင့်ထိုက်တဲ့ ရဟန်း။ ၉။ အဲဒီ အာပတ်သင့်လို့ သံဃာ နှစ်သက်အောင် အပို မာနတ် ခြောက်ရက်ကျင့်နေတဲ့ ရဟန်း။ ၁၀။ သံဃာဒိသေသ်ကို ကုစားဖို့ သိမ်ထဲမှာ သံဃာ အပါးနှစ်ဆယ်နဲ့ အဗ္ဘာနကံဆောင်နေတဲ့ ရဟန်း။

## ဗျာမိဒုက္ကဘွဲ့

လယ်တီဆရာတော် ရေးတဲ့ လေးချိုးတွေ၊ တေးထပ်တွေ၊ မေတ္တာစာတွေနဲ့ ဆုံးမစာတွေထဲမှာ ဗျာမိဒုက္ခအကြောင်း အထူး ဖော်ကျူးတာတွေ ရှိနိုင်ပါတယ်။ အဲဒီ ကဗျာရဲ့ စာပိုဒ်တိုလေး တစ်ခုလောက်ကို ဖော်

ပြပေးလိုက်ရင် မေးလိုတဲ့ ကဗျာကို အတိအကျ ရှာဖွေပေးနိုင်ဖွယ် ရှိပါတယ်။ ဒါပေမယ့် အနက်အဓိပ္ပာယ် အင်မတန် ကောင်းတဲ့ အလွတ်ရမိနေသေးတဲ့ ဆိုပိမ့်မညှာ ဆုံးမစာထဲက စာပိုဒ်တိုကလေးကို ရေးပေးလိုက်ပါတယ်။ ဒီကဗျာပိုဒ်ကလေးကို 'အထုပ်ပြင်ကဗျာ'လို့ ခေါ်နိုင်တယ်ရင် ဆီလျော်မလားပါဘဲ။

**အထုပ်ပြင်ကဗျာ**

သေမင်းအစာ နင့်ခန္ဓာကို တဏှာဘီလူး အမှောင့်ပူး၍
အရှုးပြင်ပြင် နင့်ကိုယ်ထင်၏။
နင်နှင့်မဆိုင် နင်ပိုင်မဟုတ်
နင့်ရုပ်နင့်နာမ် နင့်သန္တာန်ကို နင်ညာဏ်မစူး အပေါ်ဖြူး၍
မူးမူးမေ့မေ့ အများလေ့ဖြင့် နေ့ရက်အပုံ လွန်ခဲ့တုံပြီ။
အာရုံဝတ္ထု မီးစာစုကို မှုမှုရရ နင်အားကျလည်း
ဓားပြသေမင်း သူ့တပ်နင်းက မငြင်းဆန်သာ
နင့်ခန္ဓာသည် ပြာပုံအတိ ဖြစ်လုနီးပြီ။
ရီးတီးရားတား သေ၍သွားလည်း တရားမကြွယ်
အထုပ်ငယ်လျက် အပါယ်စခန်း သွားမြဲလမ်း၌
တပန်းဟိုက်ဟိုက် တရှိုက်ငင်ငင် တငြင်ငြိုငြို
ဆင်းရဲပိုလျက် ထိုထိုဘဝ အနန္တလျှင်
အစမဆုံး အများထုံးတည့်။

အထုပ်ဆိုတာ ကိုယ်တိုင် ပြုလုပ်ဆည်းပူးထားတဲ့ ကုသိုလ်အစုကို ဆိုလိုတာပါ။ အထုပ်ကြီးလေ မငြင်မငြို ချမ်းသာပိုလို့ ကောင်းလေပဲပေါ့။ ဒါကြောင့် 'ယခုပင်လျှင် မအိုခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုကြဖို့' တိုက်တွန်းလိုရင်း ဖြစ်ကြောင်းပါ။ ▫

## ရိုးသားမှု ထွန်းကားအောင်

ဆရာတော် ဘုရား၊

မြန်မာနိုင်ငံက နာမည်ကျော် တရားဟော ဆရာတော်တစ်ပါးရဲ့ စာအုပ်ငယ်မှာ ဖော်ပြထားတဲ့ အတွေးအမြင်တစ်ခုနဲ့ ပတ်သက်ပြီး ဘဝင်မကျဖြစ်နေလို့ပါဘုရား။ ဆရာတော်ဟာ ပဲရစ်မြို့ (ပြင်သစ်နိုင်ငံ)က ဟိုတယ်တစ်ခုမှာ တည်းခိုနေခိုက် သီဟိုဠ်လူမျိုး ဗုဒ္ဓဘာသာဝင် ဟိုတယ် လုပ်သား ဒကာက နောက်တစ်ကြိမ် ပြင်သစ်ကို ကြွလာရင် သီရိလင်္ကာ ဘုန်းကြီး ကျောင်းမှာ တည်းခိုနိုင်အောင် စီစဉ်ပေးမယ်လို့ ဖိတ်ကြားပြီး သူ့ရဲ့ ဖုန်းနံပါတ်နဲ့ အီးမေးလ် လိပ်စာတွေကို ပေးပါသတဲ့။

အဲဒါနဲ့ ပတ်သက်ပြီး ပရိသတ်ကို ဆရာတော် အသိပေး ရေးထားပုံက 'အေး၊ ပြောပါ့မယ်လို့တော့ ပြောလိုက်ပါတယ်။ ဒါပေမယ့် အခြေအနေအရ ပြောလိုက်တာပါ။ နှုတ်က အဲဒီလို ပြောလိုက်ရပေမဲ့ စိတ်ထဲကတော့ သီဟိုဠ်ကျောင်းမှာ ဘယ်တော့မှ မတည်းဘူးကွ၊ ပဲရစ်မှာ မြန်မာကျောင်း ဖြစ်အောင် လုပ်ပေးမယ်၊ နောက်တစ်ခေါက်ကျရင် မြန်မာကျောင်းမှာပဲ တည်းမယ်လို့ သန္နိဋ္ဌာန် ချလိုက်ပါတယ်'တဲ့။

တပည့်တော်ရဲ့ မေးခွန်းက စံပြ တရားဟော ရဟန်းတစ်ပါး အနေနဲ့ အဲဒီလို အတွင်းတစ်မျိုး အပြင်တစ်မျိုးနဲ့ မရိုးသားမှုကို ပေါ်လွင်စေတဲ့ ဟောပြောမှုမျိုး လုပ်သင့်ပါသလား။ ပရိသတ်ထဲက အထူးသဖြင့် လူငယ်တွေက ဆရာတော်ကို အားကျပြီး အဲဒီအပြုအမူမျိုးကို အတုယူသွားရင် ရိုးသားတဲ့ လူ့ဘောင်တစ်ခု ဖြစ်လာနိုင်ပါမည်လား။ တိုးတက်တဲ့ နိုင်ငံတွေမှာ ကလေးဘဝကစပြီး အမှန်ကို ပြောတတ်အောင် ပြောရဲအောင် စည်းကမ်းကို လိုက်နာအောင် လေ့ကျင့်ပေးပါတယ်။

ကြည်ညို ရှိသေလို့ သဒ္ဓါတရားနဲ့ ဖိတ်ကြားတာကို ရိုးသား ခံသာတဲ့ နည်းနဲ့ မပြောသင့်ဘူးလား၊ အနည်းဆုံး ပရိသတ်ကို အသိပညာ ပေးရာမှာ အတွင်းအပြင် မတူတဲ့ အတွေးအမြင်မျိုး ဖြစ်သင့်ပါသလား။ ဆရာတော်ရဲ့ အတွေးအမြင်ကို သိပါရစေဘုရား။

မောင်ဝင်းကြူ (ထိုင်ဝမ်)

---

## သူတို့ဆီကအမြင်

မေးသင့်တဲ့ မေးခွန်းပါ။ မြန်မာရုပ်ရှင်တွေထဲက မင်းသမီး မင်းသားတွေ လိမ်ပြောတာ၊ လူကြမ်းတွေက မင်းသမီးကို လမ်းမပေါ်မှာ လိုက်နှောင့်ယှက်တာ၊ ကလေးကို ကတိဖျက်တာ၊ နေရာမရွေး ဖျစ်ခနဲ တံတွေးထွေးချတာ၊ ဗီးထုပ်ခွံ စက္ကူစုတ်တွေကို တွေ့ကရာ လွှင့်ပစ်တာတွေကို အမှတ်ရစေပါတယ်။ အနည်းဆုံး စင်္ကာပူလို နိုင်ငံလောက်မှာ နေဖူးရင် အဲဒီလို အပြုအမူမျိုးကို မကြိုက်နိုင်တော့ဘူး။ မေးခွန်းရှင်ရဲ့ ခံစားချက်က ကျယ်လွန်းလို့ ပဲရစ်ဥ္ဆည်သည် ကိစ္စကိုပဲ ဖောင်းပေးပါရစေ။

## သူတော်ကောင်း

သူတော်ကောင်းဆိုတာ စိတ်ထဲမှာ ရှိတာကိုပဲ ထုတ်ဖော် ပြောဆိုတတ်အောင် လေ့ကျင့်ပါတယ်။ အကန်းကို အကန်းကြီး ပြောရင် ခံနိုင်မလားလို့ စောဒက မတက်ပါနဲ့။ အဲဒီ သဘောမျိုးကို မဆိုလိုပါဘူး။ အတွေးအကြံ အပြောအဆိုနဲ့ အပြုအမူတွေကို တစ်ထပ်တည်း ဖြစ်အောင် ကြိုးစားတာကိုသာ ဆိုလိုတာပါ။ အဲဒီလို ဖြူစင်ရိုးသားလို့လည်း သူတော်ကောင်းကို လူအများက လေးစား ယုံကြည်တာ ဖြစ်ပါတယ်။

ယထာဝါဒီ တထာကာရီ (နှုတ်မြွက်အတိုင်း လုပ်တတ်သူ) ဆိုတဲ့ အဓိပ္ပာယ်မျိုးပါ။ သူတော်ကောင်း စစ်မှန်ရင် အတွင်းစိတ်နဲ့ အပြင်သဘော တစ်ထပ်တည်း ဖြစ်သင့်ပါတယ်။ ဘုန်းကြီးတွေ နေ့စဉ် ရွတ်ဖတ်တဲ့ မေတ္တသုတ်ထဲက ဥဇူ စ (ဖြောင့်မတ်ခြင်း) သုဟုဇူ စ (ကောင်းစွာ ဖြောင့်မတ်ခြင်း) ဆိုတာဟာ အဲဒီလို ဖြစ်ဖို့ ညွှန်ကြားတာပါ။

## နှုတ်ကျွံရင်

ကြမ်းပေါက်ကျွံလို့ ဒဏ်ရာရရင် ခံရမှ တစ်ပတ်ပေါ့။ နှုတ်ကျွံရင်တော့ တစ်သက်လုံး ပြင်ရခက်တတ်တယ်။ တစ်ခါတုန်းက ဘီဘီစီ အသံလွှင့်ဌာနနဲ့ မေးဖြေခန်းမှာ ဘုန်းကြီးတစ်ပါးက 'နိဗ္ဗာန်အရသာဟာ ဘာအရသာနဲ့မှ မတူဘူး။ အလွန့်အလွန် ချိုမြိန် ချမ်းသာတယ်။ လက်တွေ့ခံစား

ကြည့်မှ သိနိုင်တယ်’လို့ ပြောလိုက်တော့ မေးသူက ‘အဲဒီလောက် အတိအကျ ဆိုနိုင်တော့ အရှင်ဘုရားကိုယ်တိုင် နိဗ္ဗာန်အရသာကို ခံစားဖူးပါသလား ဘုရား’လို့ ဆက်မေးတော့ သူ့အဖြေက လေသံပြောင်းပြီး ကြောင်လည်လည် ဖြစ်သွားတာ ကြားလိုက်ရတယ်။

ဘုန်းကြီး ရဟန်းတွေ အထူးသတိထားသင့်တာ တစ်ခုရှိတယ်။ ဘာလဲဆိုရင် ရဟန်းတစ်ပါးဟာ လူတွေကို ‘ဒကာကြီးရေ၊ ကျုပ်ကတော့ ဆိတ်ငြိမ်ပြီး လူသူကင်းဆိတ်တဲ့ နေရာမှာပဲ ပျော်မွေ့တော့တယ်’ လို့ ပြောမိလို့ အဲဒီလူက ပြောတဲ့ ဘုန်းကြီးကို ဈာန်မဂ်ဖိုလ်ကို ရသူလို့ အထင်ကြီးသွားရင် အဲဒီဘုန်းကြီးဟာ ရဟန်းအဖြစ်က အလိုလို လျှောကျပြီး နောက်တစ်ဖန် ရဟန်း ဖြစ်မလာနိုင်အောင် အပြစ် ကြီးလေးတဲ့ သိက္ခာပုဒ် (ရဟန်း ဥပဒေ) နဲ့ ငြိစွန်းသွားနိုင်တယ်ဆိုတဲ့ အချက်ပါ။

**တစ်ဖက်က အမြင်**

လူတိုင်း ကိုယ်ပိုင် အတွေးအယူ ရှိတာမို့ တရားဟော ဆရာတော်ရဲ့ အယူအဆကို အမှားအမှန် မဝေဖန်လိုပါဘူး။ ဒါပေမယ့် အတွင်းအပြင် ခြားနားတဲ့ သဘောထားကို စံပြဘုန်းကြီး တစ်ပါးအနေနဲ့ ပရိသတ်ရှေ့မှာ လှစ်မပြသင့်ဘူးဆိုတာကို ဘုန်းကြီး ထောက်ခံပါတယ်။ သီဟိုဠ်သား ဥပါသကာဟာ ဘုန်းကြီးကို ကြည်ညိုတဲ့ စိတ်ရင်းအမှန်နဲ့ ဖိတ်ကြားတာဖြစ်လို့ မဆိုင်တဲ့နေရာမှာ အဲဒီလို အတွေးမျိုးနဲ့ အမျိုးမာန် ဆိုတာကို ထုတ်မပြသင့်ဘူးလို့လည်း ဘုန်းကြီး ယုံကြည်ပါတယ်။

ဘုန်းကြီးသာ ပဲရစ်ခရီးသည် တရားဟောဘုန်းကြီး ဖြစ်ခဲ့ရင် ‘အင်း၊ သူကတော့ သီဟိုဠ်သားတွေ တည်ထောင်ထားတဲ့ ဘုန်းကြီးကျောင်းရှိလို့ ဧည့်သည်ဆရာတော်ကို ဖိတ်ကြားနိုင်ပေတယ်။ ဒို့မြန်မာတွေလည်း ဘုန်းကြီးကျောင်း ရှိသင့်တာပဲလို့ စဉ်းစားပြီး ပဲရစ်မှာ မြန်မာဘုန်းကြီးကျောင်းတစ်ခု ဖြစ်လာအောင် ကြိုးပမ်းဖို့ သန္နိဋ္ဌာန်ချခဲ့တယ်’လို့ပဲ ပရိသတ်ကို အသိပေးမှာပါ။ ဒါဆိုရင် အတွင်းအပြင်သဘော ဆန့် ကျင်နိုင်ပေမယ့် ဓမ္မနည်းကို မကျော်လွန်ဘူးလို့ ယူဆပါတယ်။ □

ဆရာတော် အရှင်ဘုရား၊

အိန္ဒိယကို ဘုရားဖူးသွားစဉ်က မြန်မာဘုန်းကြီးကျောင်း တစ်ခုမှာ မြန်မာ အင်္ဂလိပ် ဟိန္ဒီဘာသာများဖြင့် ဗုဒ္ဓဘာသာ ခရစ်ယန်ဘာသာ အစ္စလမ်ဘာသာ ဟိန္ဒူဘာသာစသော ကမ္ဘာ့ဘာသာတရားများမှာ နာမည်သာ ကွဲပြားပြီး ဟောကြားသည့် တရားဓမ္မ အနှစ်သာရမှာ အတူတူသာ ဖြစ်သည်ဟု နံရံမှာ စာလုံးကြီးဖြင့် ရေးထားသည်ကို တွေ့ရခဲ့ရ၍ အံ့သြနေမိပါသည်။ ထိုအယူအဆနှင့် ပတ်သက်ပြီး ဗုဒ္ဓမြတ်စွာက မည်သို့ ဟောကြားသည်ကို သိလိုပါသည် ဘုရား။

ကွမ်းထန်၊ ကနေဒါ

---

**ဝါဒပုံစံနှစ်မျိုး**

ဘာသာတရားတွေ အားလုံးကို ခြုံကြည့်ရင် တွေ့ကြုံသိဝါဒ နဲ့ စိတ်ကူးပုံဖော်ဝါဒလို့ နှစ်မျိုးတွေ့ရတယ်။ ဗုဒ္ဓဟာ ကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီး တရားထူးကို သိခဲ့တယ်။ အဲဒီအသိကို သူတစ်ပါးတို့ကို သင်ပေးတယ်။ သင်ယူပြီး လိုက်နာကျင့်သုံးသူ အားလုံးလည်း ဗုဒ္ဓသိတဲ့ အသိကို နားလည်ပြီး ချမ်းသာသွားကြတယ်။ ဒါကြောင့် ဗုဒ္ဓဝါဒဟာ ပထမအမျိုးအစားမှာ ပါတယ်။ ဒီအမျိုးအစားမှာ နားလည်မှုဟာ ယုံကြည်မှုရဲ့ အခြေခံ ဖြစ်တယ်။ အတင်းအကြပ် မယုံကြည်ခိုင်းဘူး။

ဒုတိယ ဝါဒအမျိုးအစားကတော့ ရှေးဦး ဟောပြောသူတို့ရဲ့ စိတ်ကူး စိတ်သန်း (conception) ကို ဗဟိုပြုတဲ့အတွက် တည်ရှိပြီး ယုံကြည်မှုနဲ့ လူမျိုးမတူလို့ ဖြစ်ရတဲ့ ခြားနားမှုတွေကို လက်တွေ့ (ကိုယ်ကာယနဲ့) ဆန့်ကျင်ဖို့၊ တော်လှန်တိုက်ခိုက်ဖို့ တိုက်တွန်းတာတွေကို

တွေ့ရတယ်။ အုပ်စုနှစ်ခုရဲ့ နာကျည်းစိတ် အရင်းခံကြောင့် ဣဿာ (မနာလိုမှု)၊ ဝေရပ္ပဋိကာရ (လက်စားချေမှု) နဲ့ အာဃာတ (ရန်ငြိုးဖွဲ့မှု) တွေကို တိုးပွားစေတဲ့ လမ်းညွှန်ချက်တွေကို ၎င်းတို့ရဲ့ မြင့်မြတ်တဲ့ Holy ကျမ်းဂန်တွေမှာ အတိအကျ မှတ်တမ်းတင်ထားပါတယ်။

## ကျမ်းညှိခြင်း (၁)

ထွက် ၂၀း၃။ ငါမှတစ်ပါး အခြားသော ဘုရားကို မကိုးကွယ်နှင့်။ ၄။ အထက်မိုးကောင်းကင်၌ လည်းကောင်း၊ မြေကြီးအောက် ရေထဲ၌လည်းကောင်း ရှိသောအရာနှင့် ပုံသဏ္ဌာန်တူအောင် ရုပ်တုဆင်းတုကို ကိုယ့်အဘို့ မလုပ်နှင့်။ ၅။ ဦးမချ ဝတ်မပြုနှင့်။ အကြောင်းမူကား သင်၏ဘုရားသခင် ငါထာဝရဘုရားသည် သင်၌ အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား (ဖြစ်သတည်း)၊ ငါ့ကို မုန်းသောသူတို့၏ အမျိုးအစဉ် အဆက် တတိယအဆက် စတုတ္ထအဆက်တိုင်အောင် အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သော ဘုရားဖြစ်သတည်း။

စက္ကဝတ္တိသုတ်၊ ပိုဒ် ၈၀။ ရဟန်းတို့ သင်တို့သည် မိမိကိုသာလျှင် ဓမ္မကိုသာလျှင် ကျွန်းသဖွယ် မှီခိုရာပြု၍ မိမိကိုသာလျှင် ဓမ္မကိုသာလျှင် အားကိုးရာ ပြု၍၊ မိမိမှတစ်ပါး ဓမ္မမှတစ်ပါး အခြားအရာများကို အားမကိုးဘဲ နေကြလော့။ (အဘယ်သို့နည်းဟူမူ) ဤသာသနာတော်၌ ရဟန်းသည် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၌ သတိဖြင့် အဖန်ဖန်ရှု၍ နေမှု မိမိကိုသာလျှင် ဓမ္မကိုသာလျှင် အားကိုးရာပြု၍၊ မိမိမှတစ်ပါး ဓမ္မမှ တစ်ပါး အခြားအရာများကို အားမကိုးဘဲ နေသည်မည်၏ (ဒီ ၃၊ ၄၃)။

## ကျမ်းညှိခြင်း (၂)

ဝတ်ပြု ၂၄း၁၉။ လူသည် အိမ်နီးချင်းကို နာအောင်ပြုလျှင် သူ့ကို ပြုသည် အတိုင်း ကိုယ်ခံရမည်။ ၂၀။ အရိုးကို ချိုးသည်အတွက် အရိုးချိုးခြင်းကို လည်းကောင်း၊ မျက်စိကို ဖျက်သည်အတွက် မျက်စိဖျက်ခြင်းကို လည်းကောင်း၊ သွားကို ချိုးသည်အတွက် သွားချိုးခြင်းကို လည်းကောင်း၊ သူ့ကို နာကျင်စွာ ပြုသည်အတိုင်း ကိုယ်တိုင် နာကျင်စွာ ခံရ

မည်။ ၂၁။ လူအသက်ကို သတ်သောသူသည် အသေသတ်ခြင်းကို ခံရမည်။ ၂၃။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားဖြစ်သည်ဟု (ထာဝရဘုရားက) မောရှေအား မိန့်တော်မူ၏။

ကိုရ်အာန် ၉း၃၉။ အကယ်၍ အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် မထွက်ကြပါလျှင်၊ ထို အရှင်မြတ်သည် အသင်တို့အား နာကျင်သော ပြစ်ဒဏ်ကို ပေးတော်မူအံ့။ ထို့မှတစ်ပါးလည်း ထိုအရှင်မြတ်သည် အသင်တို့အစား အခြားလူမျိုး တစ်မျိုးကို လှဲလယ် (ဖန်ဆင်း) တော်မူအံ့။ ထို့ပြင် အသင်တို့သည် ထို အရှင်မြတ်အား အနည်းငယ် စိုးစဉ်းမျှလည်း အကျိုးယုတ်အောင် ပြုနိုင်ကြမည်မဟုတ်ပေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းကို ပြုစွမ်းနိုင်တော်မူသော အရှင်မြတ် ဖြစ်တော်မူပေသတည်း။

ဥပက္ကိလေသသုတ်၊ ဗိုဒ် ၂၃၇။ ရန်ကို ရန်တုံ့မူ၍ မငြိမ်းနိုင်။ ရန်မတုံ့ပြန်ခြင်းဖြင့်သာ ရန်ငြိမ်းနိုင်၏။ ဤသည်မှာ ဘုရားရှင်တို့၏ အဆုံးအမ ဖြစ်၏ (မ ၃၊ ၁၉၂)။ Holy ကျမ်းဂန်တွေက ထုတ်နုတ်ချက်တွေပါ။

## အမှားနဲ့ အမှန်

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူခါနီးမှာ သုဘဒ္ဒပရိဗိုဇ်က 'အယူဝါဒ တီထွင်သူတွေဟာ မိမိဝါဒသာ မှန်တယ်လို့ ဟောပြောကြပါတယ်။ အမှန်တရားကို ဘယ်လို သိနိုင်မလဲ'လို့ ဗုဒ္ဓကို မေးပါတယ်။ ဗုဒ္ဓရဲ့ အဖြေက 'အကြင်သာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဟူသော ဓမ္မ မရှိ၊ ထို သာသနာ၌ စိတ်ပိုင်းဘဝ ရင့်ကျက်ပြီး တိုးတက်မှု ဖြစ်စဉ် မရှိ။ ငါ (ဗုဒ္ဓ) ဘုရား၏ သာသနာ၌မူ အရိယမဂ္ဂ ဓမ္မ ရှိသောကြောင့် စိတ်ပိုင်းဘဝ တိုးတက်မှုဖြစ်စဉ် အဆင့်ဆင့် ရှိ၏'လို့ ဖြေကြားခဲ့ပါတယ်။ စိတ်ပိုင်းဘဝ ငြိမ်းချမ်းမှုအတွက် လေ့ကျင့်အားထုတ်ပုံ နည်းလမ်းကို ပေးနိုင်တဲ့ ဘာသာတရားမျိုးဖြစ်ရင် ကိုးကွယ်ဆည်းကပ်သူမှာ စိတ်ပိုင်း ရုပ်ပိုင်း နှစ်မျိုးလုံးကို လုံခြုံစေပါတယ်။ ဘာသာတရား တစ်ခုဟာ သူတစ်ပါးကို ရန်ပြုရင် မိမိလည်း အန္တရာယ်ရှိတာပေါ့။

ဗုဒ္ဓဝါဒအလို အမှားနဲ့ အမှန်ကို မမြင်နိုင်ကောင်းတဲ့ စိတ်ကူးထဲက တန်ခိုးရှင်ထံမှာ အဆုံးအဖြတ် မခံဘဲ မဂ္ဂင်ရှစ်ပါး ပေတံနဲ့ မိမိဖာသာ တိုင်းတာတတ်အောင် ကြိုးစားပါတယ်။

**မတူပါဘူး**

ဘုန်းကြီးရဲ့ အမြင်အရ ဘာသာဝါဒတိုင်းမှာ ဦးတည်ချက် ပန်းတိုင် ကိုယ်စီရှိကြလို့ ဘာသာရေးမှန်ရင် အားလုံး အတူတူပါလို့ 'ရောကြော်' မလုပ်ပစ်နိုင်ပါဘူး။ သူများက လုပ်လာရင်လဲ ဗုဒ္ဓဝါဒီတွေက လက်မခံ နိုင်ပါဘူး။ အချို့ဘာသာတရားတွေဟာ အဓိပ္ပာယ်အနေနဲ့ မိုးနဲ့မြေလို ခြားနားပါလျက် ဗုဒ္ဓဝါဒဝေါဟာရတွေကို ယူသုံးနေတာတွေရှိတယ်။ ဒါ မျိုးတွေ့ရင်တောင် မိမိတို့ဗုဒ္ဓဝါဒီတွေက အဲဒီဝေါဟာရရဲ့ ဗုဒ္ဓဝါဒအဓိပ္ပာယ် မှန်ကို ရှင်းပြရအုံးမှာ။ မေးခွန်းပါ ဘာသာတရားတွေက စကြဝဠာကို စိုးပိုင်တဲ့ ဖန်ဆင်းရှင် (ဣဿရ နိမ္မာန) ပုဂ္ဂိုလ်ကို ယုံတယ်။ ဗုဒ္ဓဝါဒီ တွေက မိမိကိုယ်တိုင်မှတစ်ပါး ပြင်ပက တန်ခိုးရှင်ဆိုတာတွေကို လုံးဝ မယုံဘူး။ လူသာ ပဓာနဖြစ်ပါတယ်။ အဲဒါ အဓိက ခြားနားချက်ပဲ။

အဲဒီလို အခြေခံ ယုံကြည်ချက် မတူရင် ဟောကြားတဲ့ တရားဓမ္မ လဲ ဘယ်နည်းနဲ့မှ မတူနိုင်ပါဘူး။ ဘာကြောင့်ဆို စိုးပိုင် ဖန်ဆင်းရှင်ရှိ ဝါဒက ထာဝရတည်မြဲတဲ့ တစ်ဆူတည်းသော ဘုရားရှိတယ်ဆိုတာကို 'ယုံလိုက်စမ်းပါ မိတ်ဆွေ'လို့ အရေးတကြီး တောင်းဆိုသလို မယုံတဲ့ ဗုဒ္ဓဝါဒကလဲ 'ကံဆိုတာအလုပ်၊ အလုပ်ကောင်းမှ ကံကောင်းတယ်'လို့ ကိုယ့်အားကိုယ်ကိုးဖို့ အဓိကညွှန်ပြတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ▫

လောကမှာ ဗုဒ္ဓဆိုတဲ့ ပုဂ္ဂိုလ် မရှိခဲ့ဖူးဘူးလို့ သက်သေ ပြခဲ့နိုင်ရင်တောင် ဗုဒ္ဓဓမ္မကတော့ တည်ရှိနေဦးမှာပါ။
Buddhism would remain what it is even if it were proved that the Buddha never lived.
*Christmas Humphreys.*

# ဘုန်းကြီးအရိပ်ကိုနင်းခြင်း

ဆရာတော် အရှင်မြတ်ဘုရား၊

တပည့်တော် တစ်ခု မရှင်းလင်းသောကြောင့် လျှောက်ထားခွင့် ပြုပါဘုရား။ မိဘဘိုးဘွားများက ကလေးများအား ဘုန်းကြီးများ၏အရိပ်ကို မနင်းကောင်းဟု ဆုံးမကြပါသည်ဘုရား။ ထိုသို့ဆိုလျှင် တပည့်တော်တို့ စေတီပုထိုးများကို သွားရောက်ကြသည့် အခါများတွင် အချိန်အခါအပေါ်လိုက်ပြီး နေရောင်၏ အရိပ်ကြောင့် ထိုစေတီပုထိုးများ၏ အရိပ်ကို နင်းမိကြမည်မှာ မလွဲကေန်ဖြစ်ပါသည်ဘုရား။ ဘုန်းတော်ကြီးများ၏ အရိပ်ထက် မြတ်စွာဘုရားရှင်၏ ဓာတ်တော် မွေတော်များကို ဌာပနာထားသော ထိုစေတီပုထိုးများ၏ အရိပ်ကို ပို၍မနင်းသင့်သလို ဖြစ်နေပါသည်။ မနင်းသင့်ဟူသော စကားရပ်နှင့် ပတ်သက်၍ မှန်မမှန် ရှင်းပြပေးပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

လွင်မြင့်ဦး၊ စက်ာပူ

---

## စိတ်ထားတူနေ

ဆင်းတုဟာ သက်ရှိ မဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီဆင်းတုကိုပဲ သက်ရှိ ဗုဒ္ဓလို စိတ်ထားနိုင်ရင် 'သမေ စိတ္တေ သမံ ဖလံ = စိတ်ထားတူနေ ကျိုးနေမျှ၏' ဆိုတဲ့ ဒေသနာတော် (ဝိမာန၊ ၆၆) အရ ဗုဒ္ဓဆင်းတု ဗုဒ္ဓ ဓာတ်တော်တွေ ကိန်းဝပ်တဲ့ စေတီတော်တွေကို သက်တော်ထင်ရှား ဗုဒ္ဓအလား ရှိသေဖို့ သင်ကြားကြတာ ဖြစ်ပါတယ်။ အဲဒီတော့ စေတီတွေရဲ့ အရိပ်ကိုလည်း သက်တော်ထင်ရှား ဗုဒ္ဓရဲ့အရိပ်လို သဘောထားနိုင်ရင် ပိုမိုလေးနက်လို့ ကောင်းတဲ့ အလုပ်ပါ။

ဒါပေမယ့် အရာရာမှာ ပညာနဲ့ ချင့်ချိန်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ဗုဒ္ဓဘာသာမှာ စိတ် (စေတနာ) နဲ့ ပညာ ပြဋ္ဌာန်းပါတယ်။

**ရွှေတိဂုံပေါ်မှာ**

နံနက်ဖြစ်စေ ညနေခင်းဖြစ်စေ ရွှေတိဂုံဘုရားကို တက်ရင် အနောက်သို့မဟုတ် အရှေ့ဖက်ခြမ်းတွေမှာ စေတီရဲ့အရိပ်ကို ဘယ်နည်းနဲ့မျှ မရှောင်နိုင်လို့ ကောင်းမှု ပြုသူတွေ အပြစ်မရှိနိုင်ပါဘူး။ ဘုရားရိပ်ခိုပြီး မတော်တာကို လုပ်ရင်ဖြစ်စေ၊ ငရဲ မကြောက်ဘူးဆိုပြီး ရှော့ဟလို့ တမင်သက်သက် ဘုရားရိပ်ကို ဖနောင့်နဲ့ ဆောင့်တာဖြစ်စေ လုပ်ရင်တော့ အပြစ်ရှိမှာပဲ။ စိတ်ထား ကွာလို့ပါ။

အမှန်တော့ မတော်လို့ မရှောင်နိုင်လို့ အရိပ်ကို နင်းမိရုံနဲ့လဲ အပြစ်မရှိတန်ရာပါဘူး။ ဘုရားနောက်က အမွေတောင်းရင်း လိုက်သွားတဲ့ သားတော် ရာဟုလာက 'ခမည်းတော်ရဲ့ အရိပ်ဟာ သိပ်အေးတာပဲ'လို့ ဆိုတယ်။ အဲဒီအရိပ်ဟာ နေရောင်ကြောင့် ဗုဒ္ဓရဲ့ ကိုယ်ကထွက်တဲ့ အရိပ်လဲ ဖြစ်နိုင်ပါတယ် (သုခါ တေ သမဏ ဆာယာ။ ဇာ-႒ ၁၊ ၁၀၇)။ ဗုဒ္ဓရှင်တော်မြတ်ဟာ မိမိအရိပ်ကို နင်းမိလို့ အပြစ်ရှိမယ်ဆိုရင် သားတော် ရာဟုလာကို အရိပ်မနင်းမိအောင် ဆုံးမတော်မူမှာပါ။

သီလဝန္တ ရဟန်းတော်တွေရဲ့ အရိပ်နဲ့ ပတ်သက်လို့လည်း အဲဒီအတိုင်းပဲ နားလည်ပြီး အခြေအနေ အချိန်အခါအလိုက် ကျင့်သုံးပါ။

**ဟန်မဆောင်နဲ့**

ကံမကောင်းလို့ မျက်လုံးကို မပွင့်တပွင့်မှေးပြီး ငါးသလောက်ပြုံးနဲ့ လူတွေကို ယုံအောင် အချိုသာဆုံး ပြောတတ်တဲ့ လူတစ်ယောက်နဲ့ ဆုံဖူးပါတယ်။ လူရှေ့မှာတော့ ဘုန်းကြီးရဲ့ အရိပ်ကိုတောင် မနင်းရဲဘူး။ အင်မတန် ဘာသာရေး ကိုင်းရှိုင်းတယ်၊ ဘုန်းကြီး ကပ်ွယပေါ့။ ဒါပေမယ့် အဲဒီလူက ဘုန်းကြီးရဲ့ ပရိက္ခရာ(အသုံးအဆောင်)တွေကို မတရား လိမ်ယူသွားတယ်။ ဒါမျိုးဆိုရင် ဘုန်းကြီးအရိပ်ကို မနင်းလည်း ဘာအကျိုးမှ ရှိနိုင်မှာ မဟုတ်ဘူး။ စိတ်ထဲကမှ မပါဘဲ။ ကြည်ညို ရိုသေစိတ် တကယ်ရှိပေမယ့် မရှောင်သာလို့ နင်းမိရင်လည်း အရိပ်ဟာ အရိပ်ပါပဲ။ ရှောင်နိုင်တဲ့ နေရာမှာ ဘုန်းကြီးကို ရိုသေလွန်းလို့ အရိပ်ကိုတောင်

မနင်းမိအောင် ရှောင်တယ်ဆိုရင်လည်း မလုပ်နဲ့လို့ တားမြစ်စရာ အကြောင်းမရှိပါဘူး။ ရဟန်းသံဃာကို မြင်လို့ ကြည်ညိုတဲ့စိတ် ဖြစ်နိုင်ရင် ရိုသေမှုကို ပြနိုင်ရင် အဲဒါဟာ ကုသိုလ် တိုးပွားကြောင်း မင်္ဂလာဖြစ်ပါတယ်။ အတွင်းစိတ်ထားနဲ့ အပြင်သဘော တစ်ထပ်တည်းရှိနေဖို့သာ အရေးကြီးပါတယ်။ သဒ္ဓါနဲ့ ပညာ တူမျှပါစေ။ □

# အရှင်ဥပဂုတ္တ



ဆရာတော် အရှင်မြတ်ဘုရား၊

သမီးက ဗဟန်းမှာ နေပါသည်ရှင့်။ မနီးမဝေးမှာ အရှင်ဥပဂုတ္တကျောင်းဆောင် ရှိပါတယ်။ နာဂစ် မုန်တိုင်းကြီးတိုက်လို့ ဥပဂုတ္တကျောင်းဆောင် အနည်းငယ် ပျက်စီးသွားတာကို ပြုပြင်ဖို့ ယခုအခါ ဂေါပကတွေက အလှူခံနေကြပါတယ်။ သမီးတို့ အိမ်နားက ဘကြီးက ဥပဂုတ်ဟာ ဘုရားဟော မဟုတ်ဘူး၊ ဟုတ်တယ်ဆိုရင် ခုလိုမျိုး လေဘေးဆိုးကြီးနဲ့ မကြုံအောင် ဘာပြုလို့ တားဆီး မပေးတာလဲ၊ မိုးမရွာအောင် တားပေးနိုင်တယ် မဟုတ်လားလို့ သမီးတို့ဖေဖေကို ပြောတာကို ကြားလိုက်ရပါတယ်။ အဲဒီ ဘကြီးပြောတာ ဟုတ်ပါသလားရှင့်၊ အရှင်ဥပဂုတ္တမထေရ်၏ အကြောင်းကို သိလိုပါသည်ရှင့်။

ဦးတင်လျက် မြမဥ္ဇူ ဗဟန်း

---

**သက္ကတကျမ်းတွေအဆို**

ဒိဗျာဝဒါနကျမ်းမှာ ဗုဒ္ဓမြတ်စွာက မထုရာမြို့ကို ရောက်ခိုက် နောင်နှစ်တစ်ရာအကြာမှာ ဒီမြို့မှာ ဥပဂုတ္တဘွဲ့ အမည်နဲ့ ရဟန္တာတစ်ပါး ပွင့်ထွန်း

ပြီး ဗုဒ္ဓကိုယ်စား ဗုဒ္ဓသာသနာတော်ကို စည်ပင်အောင် ဆောင်ရွက် မယ်လို့ ဗျာဒိတ် ပေးတော်မူကြောင်း ဖော်ပြတယ်။ (စကားမစပ် မထု ရာမြို့ကို ဗုဒ္ဓရောက်ကြောင်း ထေရဝါဒ ပါဠိတော် အံ ၂၊ ၂၂၄ မှာလည်း ဖော်ပြတယ်)။ ဘီစီ သုံးရာစု အသောကခေတ်က မထုရာမြို့မှာ သဗ္ဗတ္ထိ ဝါဒဂိုဏ်း ထွန်းကားပါတယ်။ အရှင်ဥပဂုတ္တမထေရ် အကြောင်းကို သဗ္ဗတ္ထိဝါဒီ ဂိုဏ်းသားတွေဆီက ရရှိတာလို့ ဆိုတယ်။ ဒါကြောင့် အရှင် ဥပဂုတ္တဟာ အိန္ဒိယ အနောက်မြောက်ပိုင်း မထုရာမြို့သား သဗ္ဗတ္ထိဝါဒ ဂိုဏ်းဝင် ဖြစ်ဖွယ်ရှိတယ်လို့ ခန့်မှန်းရတယ်။

သက္ကတ အစဉ်အလာနဲ့ ရေးကျတဲ့ တရုတ်၊ တိဗက်မှတ်တမ်း တွေအရ အရှင်ဥပဂုတ္တဟာ မထေရ်စဉ်အရ လေးပါးမြောက် သံဃာ့ ခေါင်းဆောင် မထေရ်၊ အသောကမင်းရဲ့ ထင်ရှားတဲ့ ဆရာအရှင် ဖြစ်ရုံ မက အသောကမင်းကို လုမ္ဗိနီစတဲ့ ဗုဒ္ဓဝင်နေရာတွေကို သွားရောက် ဖူးမြော်ဖို့ တိုက်တွန်းသူလည်း ဖြစ်တယ်။ မဟာယာန အစဉ်အလာအရ အရှင်မြတ်ကို သဗ္ဗတ္ထိဝါဒ ဝိနည်းကို စုစည်းသူ၊ နေတ္တိပဒကျမ်းကို ရေး သားသူ အဖြစ်လည်း လေးစားကြတယ် (John H. Strong, *The Legand and Cult of Upagupta,* Intro, p. 6)။

**ထေရဝါဒကျမ်းနဲ့ အရှင်ဥပဂုတ်**

အရှင်ဥပဂုတ္တနဲ့ အသောကမင်းတို့ ပတ်သက်ပုံ အစအနကို ထေရဝါဒ ပါဠိတော် အဋ္ဌကထာတွေမှာ မတွေ့ရတာကတော့ အင်မတန် ထူးခြား တာပဲ။ ဒါပေမယ့် အေဒီ ၁၂ ရာစု မတိုင်ခင်က ရေးခဲ့တဲ့ ရှေးအကျဆုံး ဝိနည်းဋီကာဖြစ်တဲ့ ဝဇိရဗုဒ္ဓိဋီကာမှာ ယခု ဖော်ပြနေတဲ့ အရှင်ဥပဂုတ္တ အကြောင်းကို ရှားရှားပါးပါး ရည်ညွှန်းထား (စာ၊ ၆၃) တာကလည်း စဉ်းစားစရာပါပဲ။ John H. Strong ရဲ့ အလိုအရ အေဒီ ၁ ရာစု အချိန် ကစပြီး အိန္ဒိယ အနောက်မြောက်ပိုင်းမှာ အရှင်ဥပဂုတ္တကို ကိုးကွယ်မှု စတင်ခဲ့ပြီး မြန်မာ၊ ထိုင်းနဲ့ လာအိုနိုင်ငံတွေမှာတော့ အေဒီ ၁၂ ရာစု လောက်မှာ စတင် ကိုးကွယ်ခဲ့ဖွယ်ရှိတယ်၊ သီရိလင်္ကာမှာတော့ အရှင် ဥပဂုတ္တ အကြောင်းကို လုံးဝမသိကြဘူးလို့ ဆိုတယ် (*ibid*, p. 5)။

ကစ္စည်းသဒ္ဒါကျမ်း (အေဒီ ၅ သို့မဟုတ် ၆ ရာစုခန့်) မှာ 'ဥပဂုတ္တေန မာရော ဗန္ဓော'လို့ ရည်ညွှန်းထားတာကို တွေ့ရတယ်။ အဲဒီဝါကျကိုပဲ ပုဂံခေတ် မြန်မာနိုင်ငံသား အရှင်အဂ္ဂဝံသ ရေးတဲ့ သဒ္ဒနီတိပါဠိသဒ္ဒါကျမ်း (အေဒီ ၁၂ ရာစု အစပိုင်း)မှာလည်း ထပ်ဆင့် ဖော်ပြတယ်။ ဒီပါဠိသဒ္ဒါကျမ်းတွေကို မြန်မာတို့ ပုဂံခေတ်ကပင် သင်ယူကြတာဖြစ် လို့ မထုရာမြို့သား အရှင်ဥပဂုတ္တ အကြောင်းကို အနည်းဆုံး အေဒီ ၁၂ ရာစု အချိန်က မြန်မာနိုင်ငံသားတို့ ကြားဖူးနေပြီလို့ ဆိုနိုင်တယ်။

ယိုးဒယား၊ ဇင်းမယ်အရပ်က အမည်မသိပုဂ္ဂိုလ် ပါဠိဘာသာနဲ့ ရေးတဲ့ **ပဌမသမ္ဗောဓိကျမ်း** (PTS version နိဒါန်းဖော်ပြချက်အရ အေဒီ ၁၂ ရာစု) နောက်ဆုံးခန်း (မာရဗန္ဓနအခန်း၊ အေဒီ ၁၈ ရာစု ထပ်ဖြည့်တဲ့ အခန်း)မှာလည်း ဥပဂုတ္တနဲ့ အသောကမင်း အကြောင်းကို ဖော်ပြတယ်။ နှောင်းခေတ် မြန်မာဘာသာ ကျမ်းတွေဖြစ်တဲ့ ဦးကုလား မဟာရာဇဝင်၊ မှန်နန်းရာဇဝင်၊ မဟာဝင်ဝတ္ထုနဲ့ ကျီးသဲလေးထပ် ဆရာတော်ရဲ့ ဇိနတ္ထပကာသနီကျမ်းတွေမှာလည်း အရှင်ဥပဂုတ္တမထေရ် မာရ်နတ်ကို တန်ခိုးနဲ့ ဆုံးမပုံ အကြောင်းကို တခမ်းတနား ဖော်ပြတယ်။

မှန်နန်းရာဇဝင် ပြုစုရေးအဖွဲ့က အရှင်ဥပဂုတ္တ အကြောင်းဟာ ပါဠိတော် အဋ္ဌကထာကျမ်းတွေမှာ မပါဘဲ သံဂါယနတင် ကျမ်းဂန် မဟုတ်တဲ့ **လောကပညတ္တိကျမ်း**က ယူတာဖြစ်လို့ ဒီအကြောင်းကို အလေးဂရု မပြုထိုက်ဘူးလို့ မှတ်ချက် ပြုထားခဲ့ပါတယ်။

**လောကပညတ္တိကျမ်း**

အေဒီ ၁၁ သို့မဟုတ် ၁၂ ရာစု လောက်မှာ မြန်မာနိုင်ငံ သထုံမြို့နေ အရှင်သဒ္ဓမ္မဃောသမထေရ် ပါဠိဘာသာနဲ့ ရေးခဲ့ကြောင်း သိရတယ်။ ပါဠိ–ပြင်သစ် နှစ်ဘာသာနဲ့ ၁၉၇၇ ခုနှစ်က ပဲရစ်မြို့မှာ ထုတ်ဝေတယ်။ မူရင်းဖြစ်တဲ့ သက္ကတကျမ်းကတော့ ယခုအခါ တရုတ်ဘာသာနဲ့ပဲ ရှိတော့ ကြောင်း သိရတယ်။ ဒီကျမ်းမှာ အရှင်ဥပဂုတ္တမထေရ်က အသောကမင်းကို ကူညီပြီး သာသနာပြုပုံကို ဒီလို ဖော်ပြပါတယ် –

'အသောကမင်းဟာ စေတီပေါင်း ရှစ်သောင်းလေးထောင်ကို တည်

ပြီးနောက် စေတီပူဇော်ပွဲ ကျင်းပဖို့ ပြင်ဆင်ရာမှာ ပွဲကို မနှောင့်ယှက်နိုင်အောင် ထိန်းစောင့်ဖို့ တန်ခိုးနဲ့ ပြည့်စုံတဲ့ ရဟန္တာတစ်ပါး ခန့်အပ်ပါရန် သံဃာကို လျှောက်ထားတယ်။ သံဃာက သမုဒ္ဒရာထဲမှာ ရတနာပြာသာဒ် ဖန်ဆင်းပြီး တစ်ပါးတည်း သီတင်းသုံး နေထိုင်တဲ့ အရှင်ဥပဂုတ္တ မထေရ်ကို ခန့်အပ်လိုက်တယ်။ ဥပုသ်ပြုခြင်းစတဲ့ သံဃာ့ကိစ္စကို လာရောက် မဆောင်ရွက်လို့ အပြစ်ပေးတဲ့ သဘောနဲ့ပါ။

ပါဠိလိပုတ်မြို့နားက အသောကမင်း တည်ဆောက်တဲ့ မဟာစေတီ မီးထွန်းပွဲတော် ပျက်အောင် မာနတ်က မိုးရွာ လေတိုက် လုပ်ပြီး နှောင့်ယှက်တာကို အရှင်ဥပဂုတ္တက တားဆီးတယ်။ မာနတ်က ရောမ နွားကြီးအသွင်၊ ကျားအသွင်၊ နဂါးအသွင်၊ ဂဠုန်အသွင်နဲ့ ဆီမီးတိုင်တွေကို ဖျက်ဆီးဖို့ ပြေးလာတာကို အရှင်ဥပဂုတ္တက နှစ်ဆ ကြီးတဲ့ ကိုယ်ကို ဖန်ဆင်းပြီး မာနတ်ကို မောင်းထုတ်တယ်။ နောက်ဆုံး အရှင်ဥပဂုတ္တဟာ လူအသွင်နဲ့ နှောင့်ယှက်ဖို့လာတဲ့ မာနတ်ရဲ့ လည်ပင်းမှာ လောက်တွေ ပြည့်နေတဲ့ ခွေးကောင်ပုပ်တစ်ခု ဖန်ဆင်းပြီး ဆွဲပေးလိုက်တယ်။ အဲဒီ ခွေးပုပ်ကို အရှင်ဥပဂုတ္တမှ တစ်ပါး မည်သူမျှ မဖြုတ်နိုင်တဲ့အတွက် (*Journey to the West* ထဲက မျောက်မင်း ဝူခုန်းရဲ့ ခေါင်းမှာ ဘုရားလောင်း ရဟန်းမှတစ်ပါး မည်သူမျှ ဖြုတ်မရတဲ့ ခေါင်းပေါင်း စွပ်ပေးလိုက်သလိုပါပဲ) နောက်ဆုံး မာနတ်က အရှင်ဥပဂုတ္တကို ရှိခိုး တောင်းပန်ရတယ်။ မာနတ်ဟာ ဗုဒ္ဓဝါဒီ ဖြစ်သွားပြီး ဘုရားဆုကို ပန်တယ် (လောကပညတ္တိ၊ စာ ၂၄၁–၂၆၄)’။

ဒီကျမ်းအလို မာနတ်ဟာ ဘုရားလောင်းပါ။

**မှန်နန်းအဆို သင့်မြတ်ပုံ**

လူ့အသွင်ကို ဖျောက်ပြီး နဂါး ဂဠုန်စတဲ့ အသွင်မျိုး ဖန်ဆင်းတာကို ဝိကုဗ္ဗနိဒ္ဓိလို့ ခေါ်တယ်။ ရဟန်းဟာ အဓိဋ္ဌာနိဒ္ဓိ (အဓိဋ္ဌာန်တန်ခိုး) ကို ပြကောင်းပေမယ့် ဝိကုဗ္ဗနိဒ္ဓိ တန်းခိုးကိုတော့ မပြကောင်းဘူး (အဓိဋ္ဌာနိဒ္ဓိယာ အနာပတ္တိ၊ ဝိကုဗ္ဗနိဒ္ဓိ ပန န ဝဋ္ဋတိ၊ ဝိ–ဌ ၁၊ ၃၄၄)။

ရဟန္တာ အရှင်ဥပဂုတ္တဟာ အာပတ်သင့်ခံပြီး ဝိကုဗ္ဗနိဒ္ဓိ တန်ခိုးကို

ပြမှာ မဟုတ်လို့ လောကပညတ္တိကျမ်း အဆိုဟာ ရဟန်းဝိနည်းနဲ့ မညီဘူး။ ထေရဝါဒကျမ်းတွေမှာ အသောကမင်း အသောကာရာမကျောင်းတိုက်ကို ဆောက်လုပ်စဉ်က သာမန်နဲ့ မပြီးပြတ်နိုင်တာကို တန်ခိုးနဲ့ ပြီးပြတ်အောင် ဆောင်ရွက်ဖို့ အရှင်ဣန္ဒဂုတ္တ မထေရ်ကို သံဃာက တာဝန်ပေးတယ် (ဝိ-၌ ၁၊ ၃၇) လို့သာဆိုပြီး အရှင်ဥပဂုတ္တနဲ့ မာရ်နတ်အကြောင်းကို မပြဆိုဘူး။ ဒါကြောင့် မှန်နန်းရာဇဝင်အဖွဲ့ရဲ့ 'အလေးဂရုမပြုထိုက်ဘူး' ဆိုတဲ့ မှတ်ချက်ဟာ သင့်မြတ်ပါတယ်။

**အဝိရောဓိအမြင်**

အယောနိသော မနသိကာရ (မသင့်မတင့် နှလုံးသွင်းမှု) ဖြစ်ရင် ကုသိုလ် မဖြစ်ဘူး။ ခပ်ငယ်ငယ်က စာပေ အဖတ်အရှုများတဲ့ အသက် ၆၀ ယောက် ဒကာကြီး တစ်ယောက်နဲ့ ဆုံးဖူးတယ်။ သူက ဘုန်းကြီးနေတဲ့ ကျောင်းဝင်းထဲက အရှင်ဥပဂုတ္တ ကျောင်းဆောင်ကို ဖျက်ပစ်ဖို့ ဆရာတော်ကို အကြံပေးတယ်။ ဆရာတော်က လက်မခံဘူး။

ဘုန်းကြီးရဲ့ အမြင်အရ တစ်ချိန်က အနည်းဆုံး အရှင်ဥပဂုတ္တဘွဲ့တော်နဲ့ တန်ခိုးဣဒ္ဓိပါဒ်ရှိတဲ့ အများအကျိုးဆောင် ရဟန္တာကြီး တစ်ပါး ကေန် ရှိခဲ့ဖူးတယ်။ အဲဒီ ရဟန္တာကြီးကို ရည်ညွှန်းပြီး ကိုးကွယ်တဲ့ မြန်မာတို့ရဲ့ အစဉ်အလာဟာ နွားလည်ပင်းကို လှီးပြီး အလှူပေးတာ ယဇ်ပူဇော်တာမျိုးလို ဆိုးသွမ်းတာမှ မဟုတ်ဘဲ။ တည်ရှိပြီး အစဉ်အလာကောင်းကို ဘာလို့ ဖျက်ပစ်မလဲ။ ကိုးကွယ်နိုင်ပါတယ်။ အရှင်သာရိပုတြာကို ကြည်ညိုရင် အရှင်သာရိပုတြာ အထိမ်းအမှတ်ပြု ဆင်းတုကိုလည်း ထုလုပ် ကိုးကွယ်ကောင်းတာပဲ။ အရှင်သီဝလိကို ကြည်ညိုရင် အရှင်သီဝလိ ဆင်းတုပေါ့။

တစ်ချို့ အရှင်ဥပဂုတ္တ ဆင်းတုတော်တွေဆိုရင် သက်တမ်းအရ နှစ်ပေါင်း ရာချီ ရှိနိုင်တယ်။ ဒီသမိုင်းဝင် အမွေအနှစ်ကို ကျမ်းဂန်နဲ့မညီလို့ သို့မဟုတ် ထေရဝါဒ မဟုတ်လို့ 'ပျက်ရင် မပြင်နဲ့၊ ရှိနေတာကို ဖျက်ပစ်' ဆိုရင် အာဖဂန်နစ္စတန်က သမိုင်းဝင် ဗုဒ္ဓဆင်းတုကြီးကို ဖျက်ဆီးသူတွေနဲ့ ဘာထူးအုံးမှာလဲ။ အနည်းဆုံးတော့ အဲဒီလို (သမိုင်းဝင်)

ဆင်းတုတွေဟာ နိုင်ငံရပ်ခြားက လူတွေကို ဆွဲဆောင်နိုင်လို့ မိမိတို့မှာ နေရင်းထိုင်ရင်း ဂုဏ်လဲတက် အမြတ်လဲထွက်နိုင်တာပဲ။ ဗုဒ္ဓဝါဒ လိုက်နာကျင့်သုံးမှု အပိုင်းကိုတော့ နှလုံးသားထဲမှာ တစ်ကန့်စီ ခွဲခြားထားလိုက်ပေါ့။ အဲဒီဆိုရင် မဇ္ဈိမပဋိပဒါနဲ့လည်း မဆန့်ကျင်နိုင်ရာပါဘူး။

## နေကိုကြည့်နေပုံ

အစဉ်အလာ ပြောဆိုချက်အရ အရှင်ဥပဂုတ် နေကိုကြည့်ပြီး ဆွမ်းဘုဉ်းပေးရာမှာ အဓိပ္ပာယ် နှစ်မျိုးရှိတယ်။ အရှင်မြတ်ဟာ ဝိနည်းအင်မတန်လေးစားလို့ မွန်းမတိမ်းမီ ဆွမ်းစားပြီးအောင် နေကို ကြည့်နေတာ။ နောက်တစ်မျိုးက ဆွမ်းဘုဉ်းပေးနေတုန်း နေမွန်းတည့်နေလို့ မွန်း မတိမ်းအောင် တန်ခိုးနဲ့ နေကို ဖမ်းကိုင်ပြီး ဆွမ်းဆက်ဘုဉ်းပေးတာ ဖြစ်ပါတယ်။ ဒီလို နားလည်ရင် ခိုင်မာတဲ့ ကျမ်းဂန်အဆို မရှိ၊ ယုတ္တိအရလည်း စဉ်းစားစရာ ဖြစ်ပေမယ့် အဓိပ္ပာယ်အနေနဲ့ နှစ်သက်စရာ ဖြစ်လို့ လည်ပင်းစောင်းကြီးနဲ့ ဆင်းတုဆိုပြီး ဘာမှ ကဲ့ရဲ့စရာမရှိပါဘူး။

သဒ္ဓါ ပညာ တူမျှရင် ဆိုင်ကလုန်း မုန်တိုင်းကို တားမပေးလို့ ဆိုပြီး အရှင်ဥပဂုတ္တ ဆင်းတုတော်ကို အပြစ်မတင်သင့်ပါဘူး။ မိဘဘိုးဘွားတွေ တည်ဆောက်ခဲ့တဲ့ ဆင်းတုဆောင် ပျက်စီးသွားတာကို မွေခံထိုက်တဲ့ သားသမီးတွေအနေနဲ့ ပါဝင် လှူဒါန်းပြီး ပြုပြင်သင့်ပါတယ်။ □

## သင်္ကန်းဂုဏ်ရည်



ဘုန်းဘုန်း ဘုရား၊

တပည့်တော်၏ ဖခင် မကွယ်လွန်မီ ဒုလ္လဘ ပဉ္စင်းခံတုန်းက ဝတ်ခဲ့တဲ့ သင်္ကန်းကို အဖေ့အမှတ်တရ ခေါက်ပြီး ဘုရားကျောင်းပေါ်မှာ တင်

ထားလိုပါသည်။ မိတ်ဆွေ တစ်ယောက်က အဝတ်ဟောင်း ဖြစ်သည့် အတွက် မတင်ကောင်းဟု အကြံပေးပါသည်။ တပည့်တော် မည်သို့ ပြု ရမည်ကို မိန့်ကြားပေးစေချင်ပါတယ် အရှင်ဘုရား။

ခင်နှင်းသက် (Ohio)

---

## တူပေမယ့် မတူပါဘူး

ပဉ္စင်းဖြစ်ခါစက ဆယ်တန်းဖြေဖို့ ရန်ကုန် အင်းစိန်–ဖော့ကန်မှာ ကျူရှင် တက်တုန်း အေးလွင်ခေါ်တဲ့ ကျောင်းသား လူငယ်တစ်ယောက် (သူ့ အပြောအရ အဖေ ဗုဒ္ဓဘာသာ၊ အမေ ဗုဒ္ဓဘာသာ မဟုတ်) က 'သင်္ကန်းဆိုတာ ပိတ်စပဲ။ ဘုန်းကြီးဝတ်ရင် သင်္ကန်း၊ လူဝတ်ရင် ပုဆိုး ပဲပေါ့' ဆိုတော့ နှုတ်သွက် လျှာသွက်နဲ့ ထိရင် လုံးဝ မခံတတ်တဲ့ ကျောင်းသူ လဲ့လဲ့ဦး (Nick Name ဗောဓိ၊ ဗောဓိညောင်ပင်လမ်းမှာ နေလို့) က 'ဒါဆို နင့်အဖေကို နင့် အမေထဘီ ပေးဝတ်ကြည့်ပါလား၊ ရမယ် မှတ်လို့' လို့ ပြန်ချေတာကို အမှတ်ရမိပါတယ်။

Home Depot ကို ရောက်တော့ အမည်းမ တစ်ယောက်က ဘုန်းကြီး သင်္ကန်းကို စိုက်ကြည့်ပြီး အဲဒီ ဒီဇိုင်းပုံစံကို ဘယ်သူ ထွင် တာလဲလို့ မေးပါတယ်။ ဗုဒ္ဓဆိုတဲ့ ပုဂ္ဂိုလ်ကို နင် ကြားဖူးသလားလို့ ပြန် မေးတော့ သူက 'Oh! yes' တဲ့။ အေး အေး၊ အဲဒီပုဂ္ဂိုလ် ထွင်တာ ဆို တော့ ဘယ်တုန်းကလဲတဲ့။ နှစ်ပေါင်း ၂၅၀၀ ကျော်ပြီ ဆိုတော့ သူက မရပ်သေးဘူး 'Too old! But I love it.' တဲ့။ ဒါမျိုးကို ဝတ်ချင်ရင် ငါ့လို ကတုံး တုံးရတယ် ဆိုတော့ သူက ပခုံးကို တွန့်ပြီး ခေါင်းခါပြတယ်။

သင်္ကန်းဆိုတာ သမိုင်းတန်ဖိုး ကြီးမားပါတယ်။ လောက သတ် မှတ်ချက် ဆိုတာရှိလို့ နေရာတိုင်းလည်း အေးလွင် ပြောသလို မဖြစ်နိုင် ပါဘူး။ ဗုဒ္ဓဘုရား အဆူဆူနဲ့ ရဟန္တာ အရှင်မြတ်တွေဟာ ဒီအရောင် အဆင်း (ကာလ ကြာမြင့်ပြီ ဖြစ်လို့ အရောင် အနုအရင့်တော့ နည်း နည်း ကွာမှာပေါ့) ဒီ အတိုင်းအရှည်နဲ့ ဒီလို ချုပ်စပ်ထားတဲ့ သင်္ကန်းကို

ဝတ်ရုံပြီး အရဟတ္တဖိုလ်ကို ရရှိခဲ့ကြလို့ 'အရဟတ္တဓဇ = ရဟန္တာတို့ရဲ့ အောင်လံ တံခွန်' ဖြစ်ပါတယ်။ ဗုဒ္ဓဒေသနာအရ လူဝတ်ကြောင်ဟာ ရဟန္တာ ဖြစ်ပြီးရင် သက်န်းကို ဝတ်ကို ဝတ်ရတယ် (ဒီ-ဋ္ဌ ၃၊ ၉၇)။

## သူတော်ကောင်းနဲ့ သက်န်း

ဗုဒ္ဓလောင်းလျာ ဆဒ္ဒန်ဆင်မင်းဟာ မိမိကို ဆိပ်လူးမြားနဲ့ ပစ်ခွင်းသူ သောနုတ္တရ မုဆိုးရဲ့ ကိုယ်ပေါ်မှာ ပတ်ထားတဲ့ သက်န်းစကို တွေ့လိုက်ဆဲ ခဏမှာ 'အော် ... ဘုရား ပစ္စေကဗုဒ္ဓါတို့ရဲ့ အောင်လံ တံခွန် ဖြစ်တဲ့ သက်န်းတော်ပါပဲလား။ သက်န်းဝတ်ထားသူကို ပညာရှိသူတော်ကောင်းတို့ မသတ်ပုတ်၊ မညှဉ်းဆဲကောင်းဘူး'လို့ ဆင်ခြင်ပြီး မုဆိုး အလိုရှိတဲ့ အစွယ်ကို ကိုယ်တိုင် ဖြတ်ပြီး ပေးလိုက်တယ် (ဇာ-ဋ္ဌ ၅၊ ၃၈)။

ဘုရားလောင်း ဆိုပေမဲ့ ဆဒ္ဒန်ဆင်မင်းဟာ အဟိတ် တိရစ္ဆာန်မျှပဲ ဖြစ်ပါတယ်။ လူအဆင့်ကို မမီသေးပါဘူး။ ဒါတောင် သက်န်းဆိုတာ 'အရဟတ္တဓဇ' ပဲ လို့ နားလည်ပြီး အဲဒီ လောက်ထိ ရိုသေတတ်တယ်။

ဝိနည်းတေဒင်္ဂရ အရှင်ဥပါလိ မထေရ်ကြီး သက်န်းကို ရိုသေပုံက 'လမ်းခရီး၌ စွန့်ပစ်ထားသော မစင်လိမ်းကျံနေသည့် သက်န်းစကိုပင် လက်အုပ်ကို ခေါင်းမှာ ချီမိုး၍ ရှိခိုးပါမည်' တဲ့ (အပဒါန ၁၊ ၅၂)။

## စေတီတည်ထိုက်

'ရဟန်း အသုံးအဆောင်သည် လူဝတ်ကြောင်များအဖို့ စေတီအရာ၌ တည်၏' လို့ ကျမ်းဂန် (ဝိ-ဋ္ဌ ၂၊ ၆၇) မှာ ဆိုတယ်။ ရဟန်း အသုံးအဆောင်ထဲမှာ သက်န်းဟာ ထိပ်တန်းက အရေးတကြီး ပါတာပေါ့။ သက်န်းမရှိရင် ရဟန်းပြုလို့မှ မရဘဲ။ ရဟန်း အသုံးအဆောင်လို့ သာမန်ဆိုတဲ့ အတွက် ပုထုဇဉ်၊ အရိယာ၊ ဒုဿီလ (သီလမရှိသူ)၊ သီလဝန္တ (သီလရှိသူ) ဘယ်ရဟန်းပဲ ဝတ်ဝတ်၊ ဟောင်းသည် ဖြစ်စေ သစ်သည် ဖြစ်စေ သက်န်းရဲ့ ဂုဏ်ရည် လျော့မသွားဘူး။ သီလ မရှိဘဲ သက်န်းကို ဝတ်ရင် ဝတ်သူနဲ့ပဲ ဆိုင်ပါတယ်။ ဝတ်သူပဲ အကုသိုလ် ပွားပါလိမ့်မယ်။

လူဝတ်ကြောင်တွေ အနေနဲ့တော့ ဘယ်လိုသက်န်းပဲ ဖြစ်ဖြစ် အရို

အသေ ပြုကောင်းတယ်၊ အရိုအသေ ပြုသင့်တယ်။ ဒါကြောင့် အဖေ့အမှတ်တရ သက်နိုး ဟောင်းလေးကို ဘုရားကျောင်းပေါ်မှာ အမြတ်တနိုး သိမ်းဆည်း ပူဇော်ထားပါလေ။ ပြီးရင် အဖေဆုံးမတာကို လိုက်နာနိုင်အောင်လည်း ကြိုးစားပါလေ။ ဟုတ်ပါတယ်၊ ဒီသင်္ကန်းမှ ဒီသင်္ကန်းပဲလို့ အလွန်ကြီးတော့ အစွဲအလမ်း မထားသင့်ဘူးပေ့ါ။ □

## ကောသလအိပ်မက်

ဆရာတော် အရှင်ဘုရား၊

တပည့်တော် မေကြင်ပါဘုရား။ Vancouver မှာ နေထိုင်ပါသည်။ အိပ်မက် မက်သည့်အတိုင်း အပြင်မှာ တကယ် ဖြစ်တတ်ပါသလား။ အိပ်မက်နှင့် ပတ်သက်ပြီ ဗုဒ္ဓက ဘယ်လို ဟောကြားတော်မူပါသနည်း။ တပည့်တော်ကတော့ အိပ်မက် မက်ခဲပါသည်။ အိပ်မက် မက်လျှင်လည်း အပြင်မှာ တကယ် ဖြစ်လာလေ့ ရှိပါသည်။ အိပ်မက်နှင့် ပတ်သက်ပြီး ဆရာတော်တို့၏ ဗဟုသုတကို မျှဝေပေးစေလိုပါသည်။ နောက်ပြီး မဖတ် မနာရသည်မှာ ကြာပြီဖြစ်သည့် ကောသလအိပ်မက် ၁၆ ချက်ကိုလည်း ထပ်မံပြီး မှတ်သားလိုပါသည် အရှင်ဘုရား။

မေကြင်

---

**အိပ်မက်နဲ့ ဗုဒ္ဓဝါဒ**

ဗုဒ္ဓလောင်းလျာ သန္ဓေယူမယ့် ရှေ့ပြေးနိမိတ်အနေနဲ့ မယ်တော် မာယာ အိပ်မက် မက်တယ်။ သဗ္ဗညုဗုဒ္ဓ မဖြစ်မီ မင်းသိဒ္ဓတ် ကိုယ်တိုင်လဲ အိပ်မက် မက်ဖူးတယ်။ (ဒါပေမယ့် ဗုဒ္ဓဖြစ်ပြီးနောက် အိပ်မက် မမက်တော့ဘူး။) ကောသလမင်းရဲ့ အိပ်မက်ကို ဗုဒ္ဓရှင်တော်မြတ်က ကြိုပြီး ဟော

ကိန်း ထုတ်ဖူးတယ်။ ဒါကြောင့် အိပ်မက်ရဲ့ အကျိုးဆက်ကို ဗုဒ္ဓဝါဒ အစဉ်အလာမှာ လက်ခံမှုရှိပါတယ်။ ကမ္ဘာဦးကျမ်း (၄၁း၁၄-၂၀) မှာလဲ ဖာရောဘုရင် မြင်မက်တဲ့ အိပ်မက်ရဲ့ အဓိပ္ပာယ်ကို ဘယ်သူမှ မသိလို့ ယောသပ်ကို ထောင်ထဲက ထုတ်ပြီး အဓိပ္ပာယ် ဖွင့်ဆိုခိုင်းတာကို တွေ့ ရတယ်။ ဒါကြောင့် ဘာသာခြား အချို့လည်း အိပ်မက်နဲ့ ပတ်သက်ပြီး ယုံကြည်မှု အစဉ်အလာ ရှိပုံရတယ်။

**အိပ်မက် မက်ကြောင်း လေးပါး**

၁၊ ဓာတ်ချောက်ချား (နေထိုင် မကောင်း) ခြင်း ၂၊ အပြင်မှာ ကြုံတွေ့ ခံစားဖူး (မြင်ဖူး၊ ကြားဖူး၊ ဖတ်ဖူး) ခြင်း ၃၊ အကျိုးကို လိုလား သို့မဟုတ် မလိုလားတဲ့ မမြင်နိုင်ကောင်းတဲ့ ပုဂ္ဂိုလ် (နတ်ဒေဝါ) တွေ ဆောင်ပြခြင်း ၄၊ ကောင်းကျိုး မကောင်းကျိုး ဖြစ်ဖို့ ရှေ့ပြေးနိမိတ်ကို ပြခြင်း ဆိုတဲ့ အကြောင်း လေးမျိုးကြောင့် အိပ်မက် မက်ရတယ်လို့ ကျမ်းဂန်မှာ ဆိုတယ်။ အဲဒီ လေးမျိုးထဲက နောက်ဆုံး နှစ်မျိုးက အပြင်မှာ အမှန်တကယ် ဖြစ်ပေါ်လာနိုင်တယ်။

ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် နဲ့ အနာဂါမ် ပုဂ္ဂိုလ်တွေ အိပ်မက် မက်တယ်။ နိုးနေသူ နှိုက်နှိုက်ချိုက်ချိုက် အိပ်ပျော်နေသူတွေ နဲ့ ရဟန္တာ ပုဂ္ဂိုလ်တွေ အိပ်မက် မမက်ဘူး (ဝိ-ဋ္ဌ ၂၊ ၁၀၇)။ မျောက်အိပ်သလို အချိန်တိုတိုနဲ့ အိပ်မပျော့်တပျော် ဖြစ်နေချိန်မှာ အိပ်မက် မက်တယ် (မိလိန္ဒ၊ ၂၈၉)။ ဒါကြောင့် မိမိ အိပ်မက်ရဲ့ မှန်နိုင်ခြေကို အဲဒီ စာဆိုနဲ့ ညှိပြီး ခန့်မှန်းနိုင်ပါတယ်။ အိပ်မက် မက်တာနဲ့ ကျိန်းသေ တစ်ခုခုတော့ ဖြစ်တော့မှာပဲလို့ စွဲလမ်းနေရင်လည်း အဲဒီ စွဲလမ်းမှုက လူကို ဒုက္ခဖြစ်စေတတ်လို့ သတိထားသင့်ပါတယ်။

**ကောသလအိပ်မက် ၁၆ မျိုး**

မိုးလင်းခါနီးအချိန် ခဏမှေးအိပ်သွားခိုက် အိပ်မပျော့်တပျော် ဖြစ်နေတုန်း ကောသလမင်း အိပ်မက် မက်တယ်။ အိပ်မက်တွေက ထူးခြားများပြားလို့ ထိတ်လန့် ကြောက်ရွံ့နေရာမှာ ပထမတော့ ပုဏ္ဏားတွေရဲ့

အကြံပေးချက်နဲ့ တိရစ္ဆာန်တွေကို သတ်ပြီး ယာဇ်ပူဇော်ဦးမလို့။ ဒါပေမဲ့ တိရစ္ဆာန်တွေ အဓိပ္ပာယ်မဲ့ သေဆုံးမှာကို မမြင်လိုတဲ့ လိမ်မာပါးနပ်သူ မိဖုရားကြီး မလ္လိကာက မြတ်ဗုဒ္ဓထံ သွားရောက် မေးမြန်းဖို့ အကြံပေးလို့ ဗုဒ္ဓထံမှောက်ကို ရောက်လာခဲ့ပါတယ်။ အဲဒီအခါ ဗုဒ္ဓရှင်တော်မြတ်က အိပ်မက်ရဲ့ အကျိုးဆက်ဟာ ယခု မဖြစ်သေးဘဲ နောင်အနာဂတ်တစ်ချိန် တရားမစောင့်တဲ့ မင်းတွေရဲ့ လက်ထက်ကျမှ ဖြစ်မယ်လို့ ဟောတော်မူလို့ မင်းကြီး စိတ်သက်သာရာ ရသွားပါတယ်။

အိပ်မက် ၁၆ မျိုးကို **'ဥ္သ သီး စို့ ပိန် စား၊ ကျင် ခွေး ရေကန် ကျက်၊ ရက် ဗူး ကျောက်၊ ဖား ကျီး ကျား'** လို့ အတိုမှတ်ပါ။ အိပ်မက်တွေရဲ့ အကျိုးဆက်အပေါ် မြတ်ဗုဒ္ဓ အဓိပ္ပာယ် ဖွင့်ဆိုတာကို ခေတ်နဲ့အညီ ပြောရရင် –

၁။ (ဥ္သ) နွားနက်လေးကောင် ဥ္သမဲ့ဟန် ပြုပြီး မဥ္သဘဲ ရှောင်သွား။ တရားမရှိတဲ့ လူရမ်းကားတွေ တိုင်းပြည်အစိုးရ ဖြစ်ချိန်မှာ မိုးရွာမလိုနဲ့ တိမ်တွေ မည်းပြီး မရွာ၊ မကြုံစဖူး ရာသီဥတု ဖောက်ပြန်ပျက်စီး။

၂။ (သီး) သစ်ပင်တွေ အချိန်မတန်ဘဲ သီးပွင့်။ နိုင်ငံအတွင်း အရွယ်မရောက်သေးတဲ့ မိန်းကလေးငယ်တွေ ပျက်စီး။

၃။ (စို့) မွေးခါစ နွားမငယ်ရဲ့ နို့ကို နွားမကြီးတွေက စို့။ မိဘိုဖအိုတွေကို စောင့်ရှောက်တဲ့ အစဉ်အလာ ပျက်ယွင်းလို့ သားသမီးနဲ့ သမက်ချွေးမတွေကို မိဘယောက်ခမတွေက ခယ မျက်နှာချိုသွေးရ။

၄။ (ပိန်) ဝန်ကို မရုန်းနိုင်တဲ့ နွားပိန်တွေ လှည်းဝန်ကို ရုန်း။ ပညာမဲ့ အုပ်ချုပ်သူတွေကို မြှောက်ပင့် ပေါင်းစားတတ်တဲ့ လိပ်လိုလူတွေ အခွင့်အရေးရ ရာထူးမြင့်ပြီး နေရာတကာ ကြီးစိုး ချယ်လှယ်။

၅။ (စား) ကျွေးသမျှ အကုန်စားတဲ့ ခေါင်းနှစ်လုံးနဲ့ မြင်းသိုး။ အာဏာကို မတရား ရယူထားသူတွေ တရားဥပဒေ မဲ့လွန်းလို့ တရားဆုံးဖြတ်သူတွေ တရားလို တရားခံ နှစ်ဖက်လုံးဆီက လာဘ်စား။

၆။ (ကျင်) အမျိုးယုတ် မြေခွေးအိုရဲ့ ကျင်ငယ်ကို လူအများက ရွှေခွက်နဲ့ ခံယူ။ အာဏာရှိနေတဲ့ အမျိုးမစစ်သူတွေကို သမီးကညာ ဘဏ္ဍာငွေကြေး ဆက်သရ၊ လက်အုပ်ချီ အရိုအသေပေးရ။

၇။ (ခွေး) ကျစ်ချလိုက်တဲ့ သားရေကြိုးကို ခုံအောက်က ခွေးမက စားပစ်။ အာဏာရှူးနဲ့ အပေါင်းပါတွေရဲ့ ဇနီးမယားတွေ လင်ကြိုးလုပ်စာကို လင်ငယ်နဲ့ စားသောက် သုံးဖြုန်း၊ ဖဲရိုက် အပျော်ကြူး။

၈။ (ရေ) ရေပြည့်နေတဲ့ အိုးကိုပဲ လူတွေ လာရောက်ပြီး ရေထပ်ဖြည့်။ ဘေးက ရေအိုးတွေ ရေမရှိ။ အာဏာရှိ လူတစ်စုက တိုင်းပြည်ရဲ့ ဘဏ္ဍာရေးနဲ့ စီးပွားရေးကို မတရား လက်ဝါးကြီး အုပ်ထားလို့ ထိုလူတစ်စုပဲ ချမ်းသာ၊ အများစု ဆင်းရဲမွဲတေ ဗိုက်ထဲ အစာမရှိ။

၉။ (ကန်) ရေကန်အလယ်မှာ ရေနောက်ပြီး အနားပတ်လည်မှာ ရေကြည်။ ဆင်းရဲမွဲတေမှုနဲ့ ဖိနှိပ်မှုဒဏ်ကို မခံနိုင်လွန်းလို့ လူတော်လူကောင်း ပညာတတ်တွေ အတွေးအမြင်နဲ့ စွမ်းရည် ထက်မြက်သူတွေ ပြည်ပကို ထွက်ပြေးရတဲ့အတွက် ပြည်တွင်းမှာ ဥကျောက်မရှိ။

၁၀။ (ကျက်) ထမင်း တစ်အိုးတည်းမှာ တစ်ခြမ်းမာ တစ်ခြမ်းပျော့ အကျက် မညီ။ တိုင်းပြည် ခြစား တရားပျက်လွန်းလို့ လေဘေး ရေဘေးကြီးတွေနဲ့ ကြုံပြီး နေရာအချို့ စိုက်ပျိုးနိုင်ပေမဲ့ အဓိကနေရာတွေမှာ စိုက်ပျိုးရေး လုံးဝ ပျက်စီး။

၁၁။ (ရက်) အဖိုးတန် စန္ဒကူးနံ့သာနှစ်ကို ရက်တက်ပုပ်ရည်နဲ့ လဲလှယ်။ ဓမ္မကထိက (တရားဟောဆရာ) တွေ ဗုဒ္ဓရဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကို ငွေကြေးရဖို့ ရည်ရွယ်ချက်နဲ့ ဟောကြား။

၁၂။ (ဗူး) ရေဗူးတောင်းခွံတွေ ရေနစ်။ အလဗ္ဗီ (အရှက်မဲ့) ရဟန်းတို့ မင်းဆရာ အမည်ခံပြီး မင်းအကြိုက် ပြောဆိုလုပ်ကိုင်၊ ထင်ပေါ် ကျော်ကြား လာဘ်လာဘ ပေါ်များ။ လဇ္ဇီရဟန်းတွေ တောမှာ နေရ။

၁၃။ (ကျောက်) ကျောက်တောင် ကျောက်ခဲများ ရေပေါ်မှာ ပေါလော ပေါ်။ အဓမ္မဝါဒီ (မတရားသူ) တို့ အားကောင်း၊ သစ္စာ (အမှန်) တရား ကို မြတ်နိုးသူတွေ တိမ်မြုပ် ပျောက်ဆုံး ချောင်ထိုးခံရ။

၁၄။ (ဖား) ဖားတွေက မြွေတွေကို လိုက်ဖမ်း။ နွားအို မြက်နုကြိုက် လုပ်လို့ မယားက လင်ကို နိုင်။

၁၅။ (ကျီး) ကျီးကန်းကို ဒေါင်းတွေ ဝန်းရံ။ အာဏာပိုင်ရဲ့ လက်ကိုင် တုတ် လူမိုက်အုပ်စုကို ပညာတတ်တွေက ဝန်းရံ ခစား။

၁၆။ (ကျား) ခြသေ့် သစ် ကျား စသည်တို့ မြေခွေး ဆိတ် သိုးတွေကို ကြောက်လို့ ပြေးနေရ။ ကောက်ကျစ် ယုတ်မာတဲ့ ရဟန်းနဲ့ လူတွေကို ကြောက်လို့ လဇ္ဇီ (ရှက်တတ်တဲ့) ရဟန်းရှင်လူတွေ တိုင်းပြည်ကနေ လွတ်လပ် ဘေးကင်းရာသို့ ထွက်ပြေး တိမ်းရှောင်ရ။ ◻

## အတုမပြုံးပါနဲ့

ဆရာတော် အရှင်မြတ် ဘုရား၊

တပည့်တော်က M.V. Lomonosov Moscow State University မှာ ပညာ သင်ကြားနေပါသည်။ ဘာသာတရား ကိုးကွယ်မှုနှင့် ယဉ်ကျေးမှု ခြား နားသည့် လူမျိုးအသီးသီးနှင့် ပေါင်းသင်း ဆက်ဆံရသဖြင့် အနည်း ဆုံးတော့ အနောက်တိုင်း ယဉ်ကျေးမှုနှင့် နီးစပ်ခွင့်ရ၍ ဝမ်းသာပါ သည်။ တပည့်တော် တွေ့ဆုံကျွမ်းဝင်ဖူးသူ ရုရှားလူမျိုး အများစုမှာ ရိုးသား ပွင့်လင်းပြီး သူတို့ရဲ့ အတွင်းစိတ်ကို မျက်နှာပေါ်မှာ အထင်း သား တွေ့မြင်နေရသဖြင့် အင်မတန် ချစ်စရာ ကောင်းပါသည်။ သူ တစ်ပါးကို ကောက်ကျစ် ယုတ်မာခြင်း မရှိကြပါ။

မြန်မာကျောင်းသား မဆိုစလောက် ရှိရာမှာတော့ အချင်းချင်း ပြိုင်ဆိုင်မှုနှင့် မနာလိုမှုတွေ များစွာ တွေ့ရပါသည်။ မကျေနပ်တာကို စိတ်ထဲမှာ သိုဝှက်ထားပြီး ပြုံးပြနေရင်းက တစ်ဖက်သား ဒုက္ခရောက်အောင် လုပ်ကြံကြပါသည်။ ထို့ကြောင့် မြန်မာ အချင်းချင်း စကားကို အကုန် မပြောရဲကြပါ။ 'ပြုံးနေရင်သတိထား' ရမည့်သူတွေ များပါသည်။ တပည့်တော် သိချင်တာက ဘယ်လို အတွေးအမြင်မျိုးနှင့် မြန်မာနိုင်ငံကို ပြန်လည် ထူထောင်သင့်ပါသနည်း။ အရှင်ဘုရားတို့ရဲ့ ပြည်ပ (အထူးသဖြင့် အနောက်တိုင်း) အတွေ့အကြုံနှင့် ဗုဒ္ဓဝါဒကို အခြေခံပြီး ဆုံးမ ပေးစေချင်ပါသည် အရှင်ဘုရား။

မော်စကိုရောက် မြတ်သူ

---

**အခြေခံလေးပါ**

တိုင်းပြည်ကို ပြန်လည် ထူထောင်ဖို့ အတွေးအမြင်ဆိုလို့ ခေါင်းနားပန်းတောင် ကြီးသွားတယ်။ ဘုန်းကြီးအနေနဲ့ အဲဒီပညာရပ်ကို များစွာ မသိလို့ ပြောသလောက်တော့ မစွမ်းနိုင်ပါဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အမေးရှိတော့ အဖြေလည်း ရှိသင့်တာပဲ။ ဘုန်းကြီး မြင်မိ တွေးမိတာလေးကိုတော့ အမြွက်လောက် ပြောပြပါမယ်။ လူ့အဖွဲ့အစည်းတစ်ခု တိုးတက်ခြင်းရဲ့ အတွင်းသဘောလို့ ဆိုရင် ဆိုနိုင်ကောင်းပါလိမ့်မယ်။ ဒါလေးတွေကို ထောက်ပြလို့ ဒီလူ့အဖွဲ့အစည်းဟာ အားလုံး အကောင်းပဲလို့တော့ ဘုန်းကြီး မဆိုလိုပါဘူး။ သူတို့ရဲ့ လူ့အဖွဲ့အစည်း အတွင်းမှာ တိုးတက် ကြီးပွားဖို့ ဒီလို အခြေခံလေးတွေ ရှိတယ်ဆိုတာကို ဘုန်းကြီး တွေ့မိတဲ့ အောက်ဆုံး အဆင့်ကနေ ထောက်ပြတာပါ။

**လူထုနဲ့ စည်းကမ်း**

ဘုန်းကြီးနေတဲ့ မြို့က အောက်တိုဘာပွဲတော် (October Festival) ခေါ်တဲ့ ညပွဲတစ်ခုကို သွားကြည့်တယ်။ မဏ္ဍပ်တွေ ထိုးပြီး ပြပွဲတွေ ပြိုင်ပွဲတွေ အကတွေ လမ်းဘေးဈေးဆိုင်တွေနဲ့ စုံလို့။ မြန်မာပြည်က ဘုန်း

ကြီးပျံ့ပွဲ အတိုင်းပဲ။ လူတွေ ကြိတ်ကြိတ်တိုး။ အပြုံးကိုယ်စီနဲ့ အားလုံး တက်ကြွ ပျော်ရွှင်နေကြတာပဲ။ ပွဲခင်းထဲမှာ မူးယစ်ရမ်းကားတာ ရန်ဖြစ်တာ လုံးဝမရှိဘူး။ အရွယ်ရောက်·ယောကျ်ားလေးတွေက အုပ်စုဖွဲ့ပြီး လမ်းသွား မိန်းကလေးတွေကို မယဉ်မကျေး နောက်ပြောင် ပြောဆိုတာ လိုက်စတာ နှောင့်ယှက်တာ လုံးဝ မတွေ့ရဘူး။ ဘူးခွံ၊ ပလတ်စတစ်အိတ်၊ စက္ကူစုတ်၊ အမှိုက်သရိုက်တွေ လမ်းပေါ် လုံးဝ ပစ်မချဘူး။ မြို့တော်စည်ပင်က နေရာတိုင်းမှာ သန့်ရှင်းလုံခြုံတဲ့ ယာယီအိမ်သာတွေ အမှိုက်ပုံးတွေ အလုံအလောက် ချထားပေးတယ်။ ဆေးလိပ်နဲ့ အရက် သောက်လို့ရတဲ့ နေရာကိုလဲ သီးခြား လုပ်ပေးတယ်။ လူတိုင်း အသိကိုယ်စီနဲ့ သတ်မှတ် နေရာကိုပဲ သွားကြတယ်။

ပွဲအပြီး နောက်တစ်နေ့ အဲဒီ ပန်းခြံနေရာကို ဘုန်းကြီး တမင်တကာ သွားကြည့်သေးတယ်။ သန့်လို့ ရှင်းလို့။ ညက ပွဲရှိခဲ့တယ်လို့တောင် မထင်ရဘူး။ ကမ္ဘာ့အေး ဆွမ်းဆန်စိမ်း လောင်းအပြီး တွေ့ရတဲ့ မြင်ကွင်းကိုတောင် သတိရလိုက်မိသေးရဲ့။

ဘုန်းကြီး သတိပြုမိတာ ပြောရရင် လူတွေ စည်းကမ်းရှိတယ်။ လူတစ်ယောက်ရဲ့ လုံခြုံမှု (security) ကို ထိခိုက်အောင် မလုပ်ဘူး။ အဲဒီလို ဖြစ်အောင်လည်း သက်ဆိုင်ရာက အခြေအနေ ဖန်တီးပေးတယ်။

### လေ့ကျင့်ပေးပုံ

ဘုန်းကြီး သိတဲ့ အဖြူမိသားစုမှာ ၆ နှစ် သမီးလေး တစ်ယောက် ရှိတယ်။ ဘုန်းကြီးက အဲဒီ ကလေးကို မိဘတွေ ကိုင်တွယ်ပုံကို စိတ်ဝင်စားတယ်။ ကလေးကို ရိုက်တာ၊ ကြောက်သွားအောင် လှန့်ပစ်တာ၊ Don't do it. လို့ မျက်လုံးပြူးပြပြီး ပြောတာကို မတွေ့မိဘူး။ မိဘတွေက ကလေးဆိုပြီး လိမ်မပြောဘူး။ မသိစေချင်ရင် သူ့ရှေ့မှာ မပြောဘူး။ ပေးထားတဲ့ ကတိကို ကလေးဆိုပြီး လွယ်လွယ်နဲ့ မဖျက်ဘူး။ မဖြစ်နိုင်ရင် ဘာကြောင့် မဖြစ်နိုင်တဲ့အကြောင်း ကလေးလက်ခံတဲ့ အထိ ရှင်းပြတယ်။ မဝင်ရ မထိရလို့ ရေးထားတာ တွေ့ရင် ကလေးကို ပြပြီး စည်းကမ်းကို လိုက်နာတတ်အောင် လေ့ကျင့်ပေးတယ်။ တစ်ခါတစ်ရံ

ကလေးတို့ ဘာဝ ဂျစ်ကန်ကန်နဲ့ လက်မခံချင်ဘူး။ အဲဒီလို အခါမျိုးမှာ အခြေအနေ အပေါ်ကို လိုက်ပြီး လုပ်ပုံက –

သောက်ရေစက်က ရေပူခလုတ်ကို ကလေးက သွားကလိတယ်။ အမေက တစ်နေရာကနေ ကြည့်နေပြီး 'အဲဒီ ရေက သိပ် ပူတယ်နော်၊ ရေကို ထိရင် သမီးလက်ကို လောင်မှာ သေချာတယ်' လို့ အလေး အနက် လှမ်းပြောတယ်။ ကလေးက မရပ်ဘူး။ စမ်းသပ်ကြည့်တယ်။ ရေပူ ထွက်ကျလာတယ်။ အမေက ရင်တမမနဲ့ မျက်တောင် မခတ်ဘဲ ကြည့်နေတယ်။ ကလေးလက်ကို ရေပူထိတယ်။ ငိုတယ်။ ဒီတော့ အမေက 'သမီးကို အမေ ပြောသားပဲ။ ယုံပြီးလား' တဲ့။ ကလေးက ငိုပြီး ခေါင်းညိတ်ပြတယ်။ အမေက ဆေးထည့်ပေးတယ်။ နောက်တစ်ကြိမ်မှာ ကလေးက အနီရောင် ခလုတ်ကို လက်ညှိုး ထိုးပြီး 'ဒါ သိပ် ပူတယ်။ မကိုင်တော့ဘူး' တဲ့။ ...

Hiking (တောင်တက်) သွားကြတော့ ၆ နှစ် သမီးလေးက မုန့်ခြောက် ရေပုလင်းစတဲ့ ကိုယ့်ပစ္စည်းတွေကို ကိုယ့်ကျောပိုးအိတ်ငယ်ထဲမှာ ထည့်ယူတယ်။ မိဘက သယ်ယူ မပေးဘူး။ ရေပုလင်းထဲမှာ ရေကုန်တော့ ပုလင်းခွံကို ကျောပိုးအိတ်ထဲမှာပဲ ပြန်ထည့်ထားတယ်။ (တောထဲဆိုပြီး လှစ်ကနဲ ပစ်စလက်ခတ် လွှင့်မပစ်ဘူး။) ဆောင်းရာသီ နံနက်ခင်းမှာ နှင်းစိုစိုနဲ့ ပွင့်လန်းနေတဲ့ ခရမ်းရောင် ပန်းပွင့်တွေကို တွေ့တော့ သမီးလေးက ပန်းတစ်ပွင့်ကို ဖျတ်ကနဲ ခူးယူလိုက်တယ်။ အမေက သမီးဆီကို အသာ့ကလေး လိုက်သွားပြီး စိတ်မကောင်းတဲ့ဟန်နဲ့ ပြောပုံက 'သမီးလေးရေ၊ မေမေတို့ အရင်က တောင်တက်လာသူတွေ သမီးလို ပန်းတွေ မခူးကြလို့ မေမေတို့ ခုလို လှပတဲ့ ပန်းလေးတွေကို တွေ့ရတာ။ သမီးလေး ပန်းခူးမိတာအတွက် မေမေ စိတ်မကောင်းဘူးကွယ်' တဲ့။ ဒီတော့ ၆ နှစ် သမီးလေးက ငိုမဲ့မဲ့ မျက်နှာထားနဲ့ 'သမီး တောင်းပန်ပါတယ် မေမေ၊ နောက် မလုပ်တော့ပါဘူး' ဆိုတော့ မိခင်က 'မေမေ့ကို ကတိပေးနော်' တဲ့။ ကလေးက ခေါင်းညိတ်ပြတယ်။ ဒီကလေး မျက်မှောက်မျက်ကွယ် အဲဒီလို သဘာဝအလှ

ပျက်အောင် မလုပ်တော့ ဘူးဆိုတာကို ဘုန်းကြီး အာမခံရဲပါတယ်။ ...

တစ်နေ့မှာ လူတွေ ကားနဲ့ လာပြီး အပန်းဖြေ တောင်တက် လမ်း လျှောက်ဖို့ လုပ်ထားတဲ့ ကျောက်ခင်း တောလမ်းလေးတစ်ခုကို ဆယ် မိုင်လောက် မောင်းလာကြပြီးမှ နောက်က ဇနီးက ခင်ပွန်းသည် ဒရိုင် ဗာကို နားရှက်နား ကပ်ပြောလို့ လမ်းလျှောက်မယ့် နေရာကို မရောက် ဘဲ ပြန်လှည့်ခဲ့ရတယ်။ အကြောင်းက သမီးဖြစ်သူ Going to party လုပ် (ရှူးပေါက်) ချင်လို့။ ကလေးရော လူကြီးပါ လမ်းဘေးမှာ 'ပေါက်တော' မလုပ်တတ်လို့ လုပ်လေ့လုပ်ထ မရှိဘူး။ ဒါကြောင့် မြို့ကြီး တစ်မြို့နဲ့ တစ်မြို့ကို သွားတဲ့ အဝေးပြေး လမ်းမကြီးတွေရဲ့ ဘေးမှာ Rest Area (အိမ်သာနဲ့ ကိုယ်လက် သန့်ရှင်းတဲ့ နေရာ) တွေရှိတယ်။ သန့်ရှင်းပါ တယ်။ အညစ်အကြေးတွေ ပြည့်ပြီး အနံ့အသက် ဆိုးတာမျိုး မရှိဘူး။ သောက်ရေ၊ Coke နဲ့ တစ်ခါတစ်ရံ ဒေသထွက် လက်ဆောင် ပစ္စည်း လေးတွေတောင် ဝယ်လို့ ရသေးတယ်။

ဘုန်းကြီး သိလိုက်ရတာက အိမ်မှာ ကျောင်းမှာ ကလေးတွေကို စည်းကမ်း လိုက်နာတတ်ဖို့၊ ကိုယ့်အား ကိုယ်ကိုးတတ်ဖို့၊ အဆင့် အတန်း မီအောင် နေထိုင်တတ်ဖို့ စနစ်တကျ ပညာပေး လေ့ကျင့်ပေး တယ် ဆိုတာပါပဲ။ ကလေးပင် ဖြစ်ပေမယ့် မတရားဘူး ထင်ရင် လက် မခံဘူး။ ပွင့်လင်းတယ်။ အမှန်ကို ပြောရဲအောင် လေ့ကျင့်ပေးတယ်။ ဒီလိုနည်းနဲ့ လူ ၅၀ ရာနှုန်းလောက် အရွယ် ရောက်ခဲ့ကြရင် လူ့အဖွဲ့ အစည်းတစ်ခု တိုးတက်နိုင်ပါလိမ့်မယ်။

## ရိုးသားပွင့်လင်းမှု

အမြို့ ဒကာတစ်ယောက် ဘုန်းကြီးကျောင်းမှာ တရားလာထိုင်တယ်။ တရားထိုင်ပြီးနောက် စကားစမြည် ပြောကြတော့ စကားမဆုံး မပြတ် နိုင်လို့ အချိန် နည်းနည်း လွန်သွားတယ်။ အဲဒီတော့ သူက ချိန်းထား တာတစ်ခု ပျက်သွားတဲ့ အကြောင်း ပြောတယ်။ ဆက်ပြောတာက အိမ်ရှင်က သူ့ကို သွားချိန်တန်ကြောင်း ပြောသင့်ခဲ့တယ်တဲ့။ အဲဒီတော့ ဒို့ မြန်မာ ထုံးစံက အိမ်ရှင်က ဧည့်သည်ကို ပြန်ချိန်တန်ပြီလို့ ပြောလေ့

မရှိဘူးဆိုတော့ သူက 'ဒို့ဆီမှာတော့ ပြောတယ်။ လူတိုင်း ကိုယ်ပိုင် အချိန်မှာ လုပ်စရာတွေ များလွန်းလို့ အဲဒီအထဲက ကိုယ် ဘာလုပ်စရာ ရှိတယ်ဆိုတာကို ပြပြီး ဧည့်သည် ပြန်သင့်ပြီဆိုတာကို အိမ်ရှင်က ပြော ပါတယ်၊ အဲဒီလို ပြောတာဟာ ရိုင်းရာ မကျတဲ့အပြင် ကူညီ ရာရောက် လို့ ကျေးဇူးတောင် တင်ပါတယ်' တဲ့။

သဘောက မကြိုက်ဘဲနဲ့ ဧည့်သည်ကို အောင့်ပြီး လက်ခံ မထား ဘူးပေါ့။ ဒီအယူအဆကို ဘုန်းကြီးအနေနဲ့ ကြိုက်တယ်။ ဘာကြောင့် ဆို ဘုန်းကြီးရဲ့ အမြင်အရ ဒါဟာ ရိုးသား ပွင့်လင်းလို့ပဲ။ ဘုန်းကြီးတို့ မွေးရပ်က ဒေသစရိုက် တစ်ခုမှာ စားလောက်အောင် အမှန်တကယ် မရှိဘဲ လာပါ စားပါအုံးလို့ ဖိတ်ခေါ်လေ့မရှိတာပဲ။ စားလောက်လို့ ဖိတ် ရင်လည်း ရှောင်တခင် ဧည့်သည်က မစားရသေးပါလျက် ငြင်းရင်တော့ တကယ် စားစေချင်လို့ ဖိတ်တဲ့ အိမ်ရှင်က မကြိုက်တတ်ဘူး။

ဘုန်းကြီး မြင်မိတာ လူ့အဖွဲ့အစည်းရဲ့ အခြေခံဖြစ်တဲ့ ငါးပါးသီလ ကို စောင့်ထိန်းဖို့ လေ့ကျင့်တဲ့နေရာမှာ ဒီလိုအခြေခံ စရိုက်လက္ခဏာနဲ့ သဘောထားလည်း အရေးကြီးတယ် ဆိုတာပါပဲ။

## 'သူ့ထက်ကဲ' ရင်

မြန်မာပြည်တုန်းက ဘုန်းကြီးတစ်ပါးက ကက်ဆက်တိပ်ခွေကို ဘာ ကြောင့် ဒီအရွယ်အစားချည်း တစ်ပုံစံတည်း လုပ်ရတာလဲလို့ မေးဖူး တာကို အမှတ်ရမိပါတယ်။ အဖြေကတော့ ခုထိ မသေချာပါဘူး။ ဒါပေ မဲ့ ဆိုနိုင်တာက မလုပ်ခင်ကတည်းက ဘယ် အရွယ်အစားဟာ အသင့် တော်ဆုံးလဲ ဆိုတာကို လူဦးရောက်ပေါင်း များစွာ စုပေါင်းပြီး အကြိမ် ကြိမ် ဆွေးနွေးပြီးသားဖြစ်လို့ ဆိုတာပါပဲ။ သူတစ်မျိုး ကိုယ်တစ်မျိုး ဆိုရင် ဈေးကွက်မှာ အဲဒီတိပ်ခွေ ရောင်းစွံပါ့မလား။ ဒါကြောင့် တိပ်ခွေ ကုမ္ပဏီအားလုံး တစ်ပုံစံတည်းပဲ ထုတ်လုပ်ကြတယ်။ ရှေးဦး တီထွင် ထုတ်လုပ်တဲ့ ကုမ္ပဏီရဲ့ လုပ်နိုင်း ကြီးမားကျယ်ပြန့်မှုလဲ ပါမှာပေါ့။ ...

Golden Gate ပန်းခြံ (ဆန်ဖရန်စစ္စကို) ထဲက ချောင်းကလေး တစ်ခုကို ဖြတ်ထိုးထားတဲ့ သစ်သား လူကူးတံတားလေး တစ်ခုပေါ်မှာ

ရပ်ရင်း စတင် သတိပြုမိတာလေး တစ်ခုက တံတား တိုင်ထိပ်ကို ၄၀ ဒီဂရီလောက် စောင်းပြီး ဖြတ်ထားတဲ့ ကိစ္စ။ နောက်တော့ ရောက်ဖူးတဲ့ နေရာတိုင်းမှာ သစ်သား တံတားမှန်ရင် တိုင်ထိပ်ကို ၄၀ ဒီဂရီလောက် စောင်းပြီး ဖြတ်ထားတာကို သတိထားမိတယ်။ အကြောင်းက မိုးရွာရင် နှင်းစိုရင် တိုင်ထိပ်မှာ ရေမတင်အောင်လို့။ လူကို မထိမရှအောင် ဘေး စောင်းကို အချောကိုင်ထားတာကအစ အားလုံး တစ်ပုံစံတည်းပဲ။

ဘုန်းကြီး သတိပြုမိတာက အသုံးအဆောင် ပစ္စည်းကအစ အရာ ခပ်သိမ်းမှာ Standard ဆိုတာရှိတယ်။ ကုန်ကုန် ပြောရရင် မိသားစု အိမ်သာသုံး စက္ကူလိပ်တစ်ခုရဲ့ အရွယ်အစား အထုအပါးဟာ တစ်နိုင်ငံ လုံး တစ်ပုံစံတည်း။ ဒါကြောင့် အဲဒီစက္ကူလိပ်ကို နံရံမှာချိတ်မယ့် သတ္တု သို့မဟုတ် ပလပ်စတစ် သို့မဟုတ် သစ်သားကွင်း ထုတ်လုပ်သူတွေ လည်း အားလုံး အရွယ်အစား အတူတူပဲ ထုတ်လုပ်လို့ စီးပွားရေး ချောမွတ် လည်ပတ်တာပေါ့။ သူတစ်မျိုး ငါတစ်ဖုံနဲ့ 'ငါ့ ဩကာသ ကန် တော့ချီးမှ မှန်တယ်' ဆိုရင် သိပ် မဟုန်သေးဘူးလို့ ထင်ပါတယ်။

**စီးပွားရေးသိက္ခာ**

အမေရိကမှာ နေတာ ကြာပြီဖြစ်တဲ့ မွန်ဒကာလေး တစ်ယောက်နဲ့ တွေ့တယ်။ အခြားပြည်နယ်မှာ နေပေမယ့် အလုပ်လုပ်တဲ့ ကုမ္ပဏီက လွှတ်လို့ ဘုန်းကြီးနေတဲ့ မြို့မှာ ခေတ္တ အလုပ်လာလုပ်တယ်။ ဟိုတယ် ခန်း၊ အစားအသောက်၊ ကား၊ ဓာတ်ဆီဖိုး အားလုံးကို ကုမ္ပဏီက တာဝန်ယူတယ်။ တစ်နေ့ ဘုန်းကြီးနဲ့အတူ အသွားအပြန် ရှစ်နာရီ လောက် မောင်းရတဲ့ Grand Canyon (နာမည်ကျော် မဟာချောက်ကြီး) ကို သွားကြည့်တဲ့အခါ ဓာတ်ဆီဖိုးကို ကိုယ့်ဟာကိုယ် ဖြည့်ရတာ တွေ့လို့ ဘုန်းကြီးက ကုမ္ပဏီအသုံးစရိတ်ထဲမှာ ရောပြရင် ရတာပဲလို့ ပြောတယ်။ ဒီတော့ စီးပွားရေးနဲ့ မဟာသိပ္ပံဘွဲ့ ရထားတဲ့ ဒကာလေးက 'ဘုန်းဘုန်း၊ ဒီက ကျောင်းတွေမှာ Business Ethic (စီးပွားရေး ကိုယ် ကျင့်တရား ဗေဒ) ဆိုတာကို သင်ရတယ်။ စီးပွားရေး လုပ်သူတွေဟာ

အများ ယုံကြည်ခံရဖို့ သိပ်အရေးအကြီးတယ်။ တပည့်တော် ဒီမြို့ထဲမှာ တစ်နေ့ကို အများဆုံး ဓာတ်ဆီ ဘယ်လောက် သုံးနိုင်တယ်ဆိုတာကို ကုမ္ပဏီက ခန့်မှန်းထားပြီးသား။ တပည့်တော် ကိုယ့်ကိစ္စနဲ့ ခရီးဝေး သွားတာကို ကုမ္ပဏီက သိတယ်။ ကုမ္ပဏီ အသုံးစရိတ်ထဲမှာ ထည့်ပြ ရင် ရပေမယ့် ကုမ္ပဏီက မှတ်တမ်း တင်ထားမှာဖြစ်လို့ တပည့်တော်ရဲ့ Business Ethic ကို ထိခိုက်နိုင်တာပေါ့' တဲ့။

ဟုတ်တယ်၊ Business Ethic မရှိရင် ရာထူးတက်ဖို့ သို့မဟုတ် ဒီကုမ္ပဏီရဲ့ မှတ်တမ်းကြောင့် လက်ရှိအလုပ်ပြုတ်လို့ နောက်အလုပ် တစ်ခု ထပ်ရှာရင် ခက်ခဲနိုင်တယ်။ ဘုန်းကြီး မြင်မိတာ Business Ethic ကောင်းလို့ အောက်ခြေ အလုပ်သမားက ဓာတ်ဆီ ခိုးရောင်းတာမျိုး၊ အောက်ဆိုက် နည်းနဲ့ ဝင်ငွေ ရှာတာမျိုး မရှိဘူးဆိုတဲ့ အချက်ပါ။

ဒါကတော့ ဘုန်းကြီး လိုက်မိတဲ့ အသိုင်းအဝိုင်းထဲမှာ ဘုန်းကြီးရဲ့ မဆိုစလောက် ဗဟုသုတနဲ့ သတိပြုမိပြီး တိုးတက်ဖို့ အခြေခံအနေနဲ့ ယူဆတဲ့ အောက်ခြေအဆင့် အသေးအမွှား ကိစ္စတွေပါ။

## အသိပညာပေးခြင်း

နောက်ထပ် ပြောပြချင်တာက ပြည်သူ့ဆက်ဆံရေးနဲ့ ပတ်သက်သူတွေ က လူထုကို မှန်ကန်တဲ့ အသိပညာ ပေးနိုင်ဖို့ ဖြစ်ပါတယ်။ ရုပ်ရှင် အနုပညာဟာ စွမ်းအင် ကြီးမားတာကို သိကြပါတယ်။ အတွေးအမြင်၊ အနေအထိုင်၊ ဝတ်စားဆင်ယင်မှု၊ ဟန်ပန်မူရာ၊ စကားလုံး ဝေါဟာရ ကအစ လူထုထဲကို အရောက် ပို့ပေးနိုင်တာဟာ ရုပ်ရှင်ပါပဲ။ အဲဒီ ရုပ်ရှင်ရဲ့ စွမ်းအင်ကို မှန်မှန် အသုံးချဖို့က ပိုအရေးကြီးပါတယ်။

ချစ်သူနဲ့ အဆင်မပြေလို့ စိတ်ညစ်ရင် ဇာတ်လိုက်မင်းသားဟာ ကိုယ့်ကိုယ်ကို ဘဝပျက်အောင် မလုပ်ပြသင့်ဘူး။ လုပ်ပြတယ်ပဲထား၊ အဲဒီလို လုပ်တာဟာ မမှန်ဘူးဆိုတာနဲ့ အခြားဘယ်နည်းနဲ့ ဘဝကို အသုံးချသင့်တယ်ဆိုတာ ပရိသတ်ကို အသိမှန် ပေးသင့်တယ်။ ဘုန်း ကြီး လေ့လာမိသလောက်မှာ ဂုဏ်ရည်မတူလို့ သမီးရှင်က သဘော

မတူရင် မင်းသား အရက်သောက်၊ အလုပ်အကိုင် ပျက်၊ လေလွင့်ပြီး ပစ်စလက်ခတ် နေထိုင်တာမျိုးပဲ အများစု တွေ့ရတယ်။ ဘဝခံစားချက် အပြည့်နဲ့ မိမိဘဝ အဆင့်မြင့်အောင် အားကြိုးမာန်တက် ကြိုးစားလို့ အဆင်ပြေလာတယ်ဆိုတဲ့ အတွေးမျိုးက ရှားရှား ပါးပါးပါပဲ။

အမှန်က အဲဒီလို ကြိုးစားနိုင်ဖို့ စီးပွားရေးလောက တစ်ခုကိုပင် ရှာဖွေ သုတေသန လုပ်ပြပေးသင့်တယ်။ ဆိုပါတော့ အညာကျေးလက် တစ်ခုမှာ သိပ္ပံနည်းကျ မန်ကျည်းပင် စိုက်ပျိုးတဲ့ လုပ်ငန်း။ နည်းနည်း ကနေ များလာတယ်။ မန်ကျည်းနုတွေကို နိုင်ငံခြား တင်ပို့။ ပိန္နဲပင် စိုက်ပျိုးလုပ်ငန်း၊ ရေပ် စိုက်ပျိုး၊ (စကားမစပ်၊ အမေရိကမှာ မကျည်းနု စည်သွပ်ဘူး၊ ပိန္နဲသီး စည်သွပ်ဘူး၊ ရေပ်သီး စည်သွပ်ဘူးတွေ အလျှံ ပယ်ရတယ်)။ ငှက်ပျောပင် စိုက်ပျိုး။ သရက်ပင် စိုက်ပျိုး။ သခွားပင် စိုက်ပျိုး။ သနပ်ခါးပင် စိုက်ပျိုး အကုန်ရတယ်။ သင်ဖျူးဖျာရက် လုပ် ငန်း။ ပန်းချီ ပန်းပု၊ ယွန်းထည် စုံလို့။ ခြောက်နှစ်လောက် အကြာမှာ သစ္စာရှိတဲ့ ချစ်သူနဲ့ ပြန်ဆုံ၊ မိဘတွေ သဘောတူပေါ့။

ရုပ်ရှင်ထဲမှာ မင်းသား မင်းသမီးတွေက ဗီးထုပ်ခွံ၊ သံဘူးခွံ၊ စက္ကူ စုတ်တွေကို တာဝန်မဲ့ ပစ်ချ မပြသင့်ဘူး။ တံထွေးကို လမ်းမပေါ် ဗျစ် ကနဲ ထွေးချ မပြသင့်ဘူး။ ပြတယ် ထားအုံး၊ အဲဒီလို မလုပ်ရဘူး ဆို တာ ပေါ်လွင်စေဖို့ လိုပါတယ်။ မိန်းကလေးက တစ်ယောက်တည်း လမ်းလျှောက် လာတယ်။ လူကြမ်းတွေက အုပ်စုဖွဲ့ပြီး နောက်လား ပြောင်လား၊ တို့လားထိလား၊ ဆွဲလားရမ်းလား မလုပ်ပြသင့်ဘူး။ လူ ကြီး လူကောင်းအဖြစ် သရုပ်ဆောင်သူတွေ အရက်သောက်ပြ အငယ် အနှောင်းတွေနဲ့ နေပြလို့ လူငယ်တွေရဲ့ ဦးနှောက်နုနုထဲကို အဲဒီလို လုပ်မှ ခေတ်မီ လူရာဝင်တယ်ဆိုတဲ့ အတွေးမျိုး ဝင်သွားရင် အဲဒီ အတွေးမျိုးနဲ့ တိုင်းပြည်ကို ကောင်းအောင် မလုပ်နိုင်ပါဘူး။

အရက်စွဲနေသူတွေကို ဘယ်လို အရက်ဖြတ်ရတယ် ဆိုတဲ့ အကြံ ပေးချက်မျိုးကိုတော့ မတွေ့စဖူးပါဘူး။ DNA ခေတ်မှာ ကိုယ့်သား မဟုတ်ပါဘူးလို့ ငြင်းတာမျိုးတွေကလည်း သိပ် မဟန်ပါဘူး။ ခိုးပြေးကြ

မယ့်အတုတူ 'မိဘ သဘောမတူလို့ ချစ်သူ နှစ်ယောက်ကို မတွေ့နိုင်အောင် အိမ်ခန်းထဲမှာ သော့ခတ်ထားတယ်' ဆိုတဲ့ အယူအဆလည်း မော်ဒန်အောက်နေပါပြီ။ မိဘတွေက အောင့်သက်သက်နဲ့ ပေးစားလိုက်ပေါ့။ လူငယ်ကို စေတနာ မှန်မှန် (နှိမ်လိုလို့ မဟုတ်ဘဲ) နဲ့ အလုပ်ခိုင်း၊ လူငယ်မှာ သမီးထင်ထားသလို အရည်အချင်းရှိ။ ကြိုးစားလို့ သမီးရှင်ရဲ့ လုပ်ငန်းကို ဦးဆောင်လာနိုင်တဲ့အခါ မိဘတွေ တစ်ဦးတည်းသော သမီးအတွက် စိတ်ချမ်းသာရ။ ဒီနည်းနဲ့ အများစု ဆင်းရဲသား လူတန်းစားရဲ့ စိတ်ဓာတ်ကို မြှင့်တင် ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျေးလက်သဘာဝ သရုပ်ဖော်ရာမှာ ထန်းရည်မူး၊ ဖဲရိုက်၊ ကြက်တိုက်၊ လောင်းကစား၊ အလုပ်လက်မဲ့၊ ခြေသလုံးအိမ်တိုင် ဘဝသရုပ်ဖော်ကို ပြည်ပက မိတ်ဆွေ တစ်ယောက်ကို ဒို့ဆီက ယဉ်ကျေးမှုကွ ကြည့်ပါအုံးလို့ ပြောရမှာ ဝန်လေးပါတယ်။ အဲဒီလို သရုပ်ဖော်မယ့် အစား ရိုးရာ ဝတ်စားဆင်ယင်မှု၊ ရိုးရာပွဲ၊ ရိုးရှင်းတဲ့ ဘဝနေထိုင်မှု၊ ထူးခြားတဲ့ ယဉ်ကျေးမှု၊ ရိုးသားတဲ့စရိုက်၊ ဒေသထွက်ကုန် လုပ်ငန်း၊ သာယာ လှပတဲ့ နောက်ခံမြင်ကွင်းတွေကို ဖော်ပြရင် ပိုကောင်းပါတယ်။

**အတုမပြုံးပါနဲ့**

ရည်းစားကို လွမ်းနေတဲ့ သမီးကို မိဘက 'သမီး၊ မျက်နှာလည်း မကောင်းဘူး။ နေမကောင်းဘူးလား၊ ဘာဖြစ်တာလဲ' ဆိုတော့ ကြားမြဲတိုင်း အဖြေက 'သမီး ဘာမှ မဖြစ်ပါဘူး' တဲ့။ ရိုးသားတဲ့ လူ့ဘောင်တစ်ခုကို တည်ဆောက်ဖို့ ကြိုးစားရာမှာ အဲဒီလို အခန်းမျိုး မပါသင့်တော့ဘူး။ ဖြစ်နိုင်သမျှ 'မုသားမပါ လက်ာမချော' အယူအဆကို ရှောင်သင့်တယ်လို့ ထင်တယ်။ ပွင့်ပွင့် ပြတ်ပြတ် ရဲရဲဝံ့ဝံ့ ပြောဆိုခန်းကို အသားပေးရင် ပိုပြီး အကျိုးမရှိနိုင်ဘူးလား။

တစ်ခါ ကိုယ်နဲ့ မညားလိုက်ရတဲ့ ရည်းစားရဲ့ ခင်ပွန်းသည်ကို ဘဝပျက်အောင် အပြင်မှာ မျက်နှာချိုသွေးပြီး ကုလားကြံ ကြံတယ်။ အပြင်က အကောင်း ပြောတယ်၊ အတွင်းက ပျက်စီးအောင်လုပ်ဖို့ ကြံစည်တယ်။ အဲဒါမျိုး ဇာတ်လမ်းတွေက ပိုများမယ်လို့ ထင်တယ်။ ဒါမျိုး

ဖြစ်ရပ် အပြင်မှာ ရှိချင်ရှိနိုင်ပေမယ့် ပရိသတ်ကို များများ အသိပေးရင် ဒီအကျင့်ဟာ အဲဒီပရိသတ် သို့မဟုတ် လူမျိုးဆိုဆို လူ့အဖွဲ့အစည်း ဆိုဆိုရဲ့ စရိုက်လက္ခဏာအသွင် ဆောင်သွားမှာကို စိုးရိမ်ပါတယ်။ စရိုက်လက္ခဏာ အနေနဲ့ ရှိပြီးဖြစ်ရင်တောင် လူ့အဖွဲ့အစည်းကို အကျိုး မပြုလို့ ဒီစရိုက်မျိုး ပျောက်သွားဖို့ အားပေးရမှာပါ။ ကြည့်ပေါ့၊ မေးခွန်း ရှင်မေးသလို တိုင်းတစ်ပါးမှာ ပညာသွားသင်နေကြတာတောင် တစ်မြေ တည်းနေ၊ တစ်ရေတည်း သောက်သူတွေ ဖြစ်လျက်နဲ့ အချင်းချင်း ယုံကြည် စိတ်ချရမှု မရှိနိုင်တာ ဘယ်လောက် ဆိုးသလဲ။ ဘုန်းကြီးတို့ ပတ်ဝန်းကျင်မှာလည်း ဒါမျိုးတွေရှိပါတယ်။ ဒါဟာ အကြောက်တရားနဲ့ အဲဒီ စရိုက်လက္ခဏာက အစပြုခဲ့တာလို့ ဘုန်းကြီး ယူဆပါတယ်။

ဆင်ထိန်းရဲ့သား ပေဿ အမည်ရှိသူက ဗုဒ္ဓရှင်တော်မြတ်ကို 'ရှင် တော်မြတ်ဘုရား၊ တပည့်တော်သည် ဆင်ရိုင်းကို ယဉ်အောင် ဆုံးမသူ ဖြစ်ပါ၏။ ဆင်ရိုင်းသည် စမ္ပာပြည် အသွားအပြန် ခရီးအတွင်း သူလုပ် လိုရာကို မဖုံးမကွယ် မလှည့်ဖြားဘဲ ပွင့်လင်းစွာ လုပ်ပါ၏။ ကျင်ကြီး ကျင်ငယ် စွန့်လိုလျှင် စွန့်လိုက်ကြ၏။ ရပ်လိုလျှင် ဘေးဖယ်လိုလျှင် ရပ် လိုက် ဘေးဖယ်လိုက်ကြ၏။ ထို့ကြောင့် တိရစ္ဆာန်များသည် ဖြောင့်စင်း ပေါ်လွင်ပါ၏။ ပုထုဇဉ် လူသားတို့ကား ရှေ့တွင်တစ်မျိုး ကွယ်ရာတွင် တစ်မျိုး၊ စိတ်ထဲကတစ်မျိုး၊ အပြင် အမူအရာက တစ်ဖုံနှင့် အလွန် ရှုပ် ထွေးပြီး အသိခက်ပါ၏' (မ ၂၊ ၂) လို့ လျှောက်ဖူးတယ်။ ဒီသုတ်ရဲ့ အာ ဘော်က အသိခက်တဲ့ ပုထုဇဉ် လူသားကို ဗုဒ္ဓက သတိပဋ္ဌာန်ကျင့်စဉ် နဲ့ အကျိုးရှိအောင် လုပ်ပေးနိုင်တာကို ချီးမွမ်းလိုရင်း ဖြစ်ပါတယ်။

တိရစ္ဆာန်တွေလို ပွင့်လင်းလိုက်ပါလားလို့ ဘုန်းကြီး မဆိုလိုပါဘူး။ လူ့လောကနဲ့ အကိုက်ညီဆုံး ရိုးသားပွင့်လင်းမှုရှိမှ ပြုံးနေသူကို သတိ ထားစရာ မလိုဘူးလို့ ဆိုချင်တာပါ။ 'လုပ်ချင်တာကို လျှို့ထားပြီး နှုတ် က မမှန်တာ မြွက်ဆိုမှု'ကို ကိုယ်မကြိုက်သလို သူတစ်ပါးလည်း မ ကြိုက်နိုင်ပါဘူး။ 'Yes'လို့ ဆိုပေမယ့် အစစ်အမှန်က 'No' ဖြစ်လို့ ရိုးမှ မရိုးသားပဲ။ ကိုယ်မကြိုက်တာကို သူတစ်ပါးကို မလုပ်သင့်ဘူး။ ခံသာ

တဲ့ နည်းနဲ့ လောကကို တုံ့ပြန်သင့်ပါတယ်။ White Lie (မုသား အလင်္ကာ) ကို နည်းအောင် ကြိုးစားရာမှာ ဘုရင့်ခေတ်က ဆရာတော် တစ်ပါးက အတုယူစရာပါ။ သူခိုး တစ်ယောက် သိမ်ထဲကို ဝင်ပြေးလာ တယ်။ ဆရာတော်နဲ့တွေ့တယ်။ ဆရာတော် သိမ်ပြင် အထွက်မှာ သူခိုး ဖမ်းတဲ့ ဘုရင့်ဝန်ထမ်းတွေနဲ့ တွေ့တယ်။ လူတစ်ယောက် ဝင်ပုန်းနေ တာကို မြင်မိပါသလား ဘုရားတဲ့။ ဆရာတော် အနေနဲ့ 'Yes' နဲ့ 'No' အဖြေနှစ်မျိုးလုံးအတွက် အပြစ် မလွတ်နိုင်ဘူး။ ဒီတော့ 'ငါမြင်တယ်လို့ မင်းတို့ကို ဘယ်သူပြောသလဲ' လို့ ပြန်မေးတယ်။ အဲခေတ် အခြေအနေ အရ ဆရာတော်ကို လေးစားလွန်းလို့ မင်းဝန်ထမ်းတွေ ပြန်မမေးတာ ကြောင့် သူခိုးအသက် ချမ်းသာပြီး ဆရာတော့် အဆုံးအမနဲ့ လူကောင်း ဖြစ်သွားပါတယ်။ နှစ်ဦးလုံး အပြစ်ကင်းတာပေါ့။

ငယ်စဉ်က ငါးပါးသီလကို ရွတ်ဆို ဆောက်တည်ဖို့ သင်ကြားပေး တဲ့ အစဉ်အလာနဲ့ မကြီးပြင်းခဲ့ရတဲ့အပြင် မဂ္ဂင်ရှစ်ပါးကျင့်စဉ် ဆိုတာကို ကြားတောင် မကြားဖူးကြတဲ့ တိုင်းတစ်ပါးက လူတွေဟာ လက်တွေ့မှာ အဲဒီ ကျင့်စဉ်တွေကို ဘဝပေးအသိနဲ့ မျက်မှောက် လူမှုရေးအခြေ အ နေအရ လက်တွေ့ကျင့်သုံးပြီး တိုးတက်ဖွံ့ဖြိုးတဲ့ လူ့ဘောင်ကို တည် ဆောက်နိုင်ကြတာကို တွေ့ရတယ်။

ပြည်သူနဲ့ ထိတွေ့ ခွင့်ရတဲ့ တရားဟော ပုဂ္ဂိုလ်ကျော် အရှင်မြတ် တွေရဲ့ အသိပေးမှုနဲ့လည်း လူတွေ စစ်မှန်တဲ့ အပြုံးမျိုးကို ရရှိလာစေ နိုင်ပါတယ်။ ထိုထို တရားဟော အရှင်မြတ်တွေမှာ ဘုန်းကြီးတို့ထက် အကြားအမြင် ဗဟုသုတ ပိုရှိမှာဖြစ်လို့ ငါးပါးသီလနဲ့ မဂ္ဂင်ရှစ်ပါး လက် တွေ့ကျင့်စဉ်ကို ပိုပြီး လက်တွေ့ဘဝနဲ့ ကိုက်အောင် ပြောပြနိုင်ကြပါ လိမ့်မယ်။ ပြောပြနိုင်ပါစေလို့လည်း ဆန္ဒရှိပါတယ်။ ▢

# တစ်ထောင့်ငါးရာ ကိလေသာ

ဘုန်းဘုန်း ဘုရား၊

ရုပ်ရှင်မင်းသမီး အိန္ဒြာကျော်ဇင် သီဆိုသော သီချင်းတစ်ပုဒ်၏ အမည်မှာ 'ကျမချစ်တာ ထောင့်ငါးရာ' ဖြစ်ပါသည်။ ရုပ်ရှင်တွေထဲမှာလည်း မင်းသားက မင်းသမီးကို ထောင့်ငါးရာ သချာင်္ကိုပြလျှင် မိမိကို ချစ်ရေး ဆိုသည်ဟု မင်းသမီးက နားလည်ပါသည်။ ထောင့်ငါးရာ မေတ္တာဆိုသည်မှာ ဘာသာတရား အဆုံးအမမှ ဆင်းသက်လာသည်ဟု ယူဆပါသည်။ ထောင့်ငါးရာ မေတ္တာကို ရေတွက်ပုံနှင့် အဓိပ္ပာယ်ကို သိလို၍ ဖြေကြား ပေးစေချင်ပါသည် အရှင်ဘုရား။

ချိုမာသွင် (စက်ာပူ)

---

တစ်ထောင့်ငါးရာ သချာင်္ကို ရေတွက်ပြဖို့ဆိုရင် ပထမဆုံး မဖြစ်မနေ လိုအပ်တဲ့ အောက်ပါ အဘိဓမ္မာ အခြေခံလေးတွေကို သိရမယ်။ အာရုံစိုက်ပြီး ဖတ်ကြည့်ပါ။ ပါဠိဝေါဟာရ တစ်ချို့ကို မြန်မာလို ပြောဖို့ ခက်တယ်။ ဒါကြောင့် ဒီလို ဘာသာရပ်ဆိုင်ရာ အကြောင်းအရာကို ဖတ်တဲ့အခါ စိတ်ရှည် သည်းခံရတယ်။ ဖတ်ပြီးရင် ထောင့်ငါးရာသချာ ဖြစ်လာပုံနဲ့ အဓိပ္ပာယ်ကို ကောင်းကောင်း နားလည်သွားပါလိမ့်မယ်။

**နာမ်တရား ၅၃ ပါး**

ဒီခန္ဓာကိုယ်မှာ ရှိတဲ့ စိတ်နဲ့ စေတသိက် နှစ်မျိုးပေါင်းကို နာမ်တရားလို့ ခေါ်တယ်။ စိတ်ဟာ အကုသိုလ်၊ ကုသိုလ်၊ ဝိပါက်၊ ကြိယာ၊ ကာမ၊ ရူပ၊ အရူပ စတဲ့ နာမည်တွေနဲ့ ပြောရင် အကျဉ်း ၈၉ ပါး (အကျယ် ၁၂၁ ပါး) ရှိပေမဲ့ အာရုံကို သိတတ်တဲ့ သဘာဝအနေနဲ့ဆိုရင် ၁ မျိုးတည်းပဲ။ စိတ်ကို အရောင်ခြယ်ပေးတဲ့ စေတသိက် တရားကတော့ ၅၂ မျိုး။ ပေါင်း ဒီတရား ၅၃ ပါးဟာ အာရုံကို ရယူတတ်တဲ့ သဘာဝရှိလို့ နာမ်ဆိုတဲ့ အမည်ကို ရတယ်။ နာမ်တရား ၅၃ ပါးပေါ့။

**နိပ္ဖန္နရုပ် ၁၈ ပါး**

၁။ မဟာဘုတ် ၄ ပါး။ ပထဝီ (အမာ၊ အပျော့)၊ အာပေါ (အစို၊ အစေး)၊ တေဇော (အအေး၊ အပူ)၊ ဝါယော (တောင့်တင်း၊ တွန်းကန်)။

၂။ ပသာဒရုပ် ၅ ပါး။ စက္ခု (မျက်စိအကြည်)၊ သောတ (နားအကြည်)၊ ဃာန (နှာခေါင်းအကြည်)၊ ဇိဝှါ (လျှာအကြည်)၊ ကာယ (ကိုယ်အကြည်)။ ပသာဒဆိုတာ အာရုံတွေ ဝင်ဖို့ ပြတင်းပေါက်ပါပဲ။

၃။ ဂေါစရရုပ် ၄ ပါး။ (အမှန်က ဂေါစရရုပ် ၇ ပါး။ ဒါပေမဲ့ မဟာဘုတ် ၃ ပါးကို ပေါင်းခေါ်တဲ့ ဖောဋ္ဌဗ္ဗာရုံကို ထပ်မရေတွက်လို့ ၄ ပါးပဲယူတာ) ရူပါရုံ (အဆင်း)၊ သဒ္ဒါရုံ (အသံ)၊ ဂန္ဓာရုံ (အနံ့)၊ ရသာရုံ (အစာအာဟာရမှာ ပါသည့် ဩဇာဓာတ်)၊ ဖောဋ္ဌဗ္ဗာရုံ (မဟာဘုတ်လေးပါးထဲက ထိတွေ့လို့ ရတဲ့ ပထဝီ၊ တေဇော၊ ဝါယော သုံးပါး)

၄။ ဘာဝရုပ် ၂။ ပုရိသဘာဝ (အထီးသဘာဝ) ရုပ်၊ ဣတ္ထိဘာဝ (အမသဘာဝ) ရုပ်။ ခြားနားတဲ့ အမူအရာ၊ စိတ်ဝင်စားမှု စတာတွေ။

၅။ ဟဒယဝတ္ထုရုပ် ၁။ နှလုံးအိမ် အတွင်းက သွေးကို မှီဖြစ်တဲ့ရုပ်

၆။ ဇီဝိတရုပ် ၁။ ရုပ်တရားတို့ရဲ့ အသက်။ ခြောက်သွေ့တဲ့ အသားအရေမှတစ်ပါး အစိုဓာတ်ရှိတဲ့ ခန္ဓာတစ်ကိုယ်လုံးမှာ ပျံ့နှံ့နေတယ်။

၇။ အာဟာရရုပ် ၁။ အစာ အာဟာရတွေမှာ ပါတဲ့ အဆီအနှစ် ဩဇာ

ပေါင်း ၁၈ ပါး။ ဒီ ၁၈ ပါးကို ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ အကြောင်း ၄ ပါးကြောင့် ဖြစ်ပေါ်လာတဲ့အတွက် နိပ္ဖန္နရုပ်လို့ ခေါ်တယ်။

ဒီခန္ဓာကိုယ်ကို အစစ်အမှန် သဘာဝတရားအတိုင်း ခွဲခြမ်းကြည့်ရင် အပျော့အမာ၊ အစိုအစေး စတဲ့ ရုပ် ၁၈ မျိုးကို တွေ့ရမယ်။ ဒီရုပ် ၁၈ မျိုး အပေါင်းကိုပဲ လောကမှာ ဖြူ ငနီလို့ ခေါ်ဝေါ် ပြော ဆိုနေကြတာ။ အဲဒီလို ရုပ်တွေရဲ့ အစုအပေါင်းဖြစ်တဲ့ ခန္ဓာကိုယ်ဟာ တဏှာ (တပ်မက်မှု)ရဲ့ ကျင်လည်ရာ၊ အာသဝေါ တရားတွေရဲ့ ကျက်စားရာ၊ အရပ်စကားနဲ့ ချစ်စရာ အာရုံတရားလည်း ဖြစ်တယ်။

**လက္ခဏရုပ် ၄**

နိပ္ဖန္နရုပ်တွေမှာ ဖြစ်ပေါ်မြဲ လက္ခဏာ ၄ မျိုး ဖြစ်ပါတယ်။ ရုပ် ၄ ပါးလို့

ရေတွက်ပေမဲ့ သီးခြားလက္ခဏာ မရှိဘူး။ ဥပစယ (ရုပ်တို့စ၍ ဖြစ်ခြင်း) သန္တတိ (ရုပ်တို့ရဲ့ဖြစ်စဉ်)၊ ဇရတာ (ရင့်ရော်ခြင်း)၊ အနိစ္စတာ (မမြဲခြင်း)

**ကိလေသာ ၁၀ ပါး**

ကိလေသာ ဆိုတာ စိတ်ကို ညစ်ပေစေတဲ့ အညစ်အကြေး။ လောဘ (တပ်မက်)၊ ဒေါသ (စိတ်ဆိုး)၊ မောဟ (တွေဝေ)၊ မာန (ထောင်လွှား)၊ ဒိဋ္ဌိ (အမြင်မှား)၊ ဝိစိကိစ္ဆာ (သံသယ)၊ ထိန (ထိုင်းမှိုင်း)၊ ဥဒ္ဓစ္စ (ပျံ့လွင့်)၊ အဟိရိက (မရှက်)၊ အနောတ္တပ္ပ (မကြောက်)။ ပေါင်း ၁၀ ပါး။

**သန္တာန် ၂ ပါး**

အဇ္ဈတ္တသန္တာန် (ကိုယ့်သန္တာန်)၊ ဗဟိဒ္ဓသန္တာန် (သူ့သန္တာန်)

**၁၅၀၀ ကိလေသာ**

နာမ် ၅၃၊ နိပ္ဖန္နရုပ် ၁၈၊ လက္ခဏာရုပ် ၄ ဆိုတာ ဒိဋ္ဌခန္ဓာကိုယ်ပဲ။ ဖြေ့ ငေးလို့ ခေါ်ဝေါ်နေတဲ့ ဒိဋ္ဌခန္ဓာကိုယ်မှာ နာမ်နဲ့ ရုပ်ပဲရှိတယ်လို့ နားလည်ရ တယ်။ နာမ် ၅၃ ပါးက ရုပ်ဆိုတဲ့ အာရုံကို ရယူတတ်တဲ့ သဘာဝ ရှိ ပြီး ရုပ်တရားက နာမ်တရား ၅၃ ပါးရဲ့ အာရုံ အပြုခံသဘာဝ ရှိတယ်။ အဲဒီ ရုပ်နာမ် ခန္ဓာကိုယ်ကို လောဘ (တပ်မက်မှု) ဒေါသ (စိတ်ဆိုးမှု) စတဲ့ (ကိလေသာ) ၁၀ ပါးနဲ့ မြှေးယှက် တုပ်နှောင်တာပဲ။ တစ်နည်း ပြောရင် ချစ်ပြီးယင်း ချစ်နေကြတာပဲ။ ကိုယ့်သန္တာန်မှာရော သူ့ သန္တာန် မှာပါ ရှိတယ်။ တစ်ထောင့်ငါးရာ ကိလေသာ ဆိုတာ အဲဒါပါပဲ။

**(၁) နာမ် နိ လက် ကိုခံ၊ ကိ သန္တာန် နှင့် မြှောက်။**
**(၂) တစ်ထောင့်ငါးရာ၊ ကိလေသာ၊ ထိုခါ အပြီးမြောက်။**

နာမ် ၅၃၊ နိ (နိပ္ဖန္နရုပ်) ၁၈၊ လက် (လက္ခဏာရုပ်) ၄။ ပေါင်း (၅၃ + ၁၈ + ၄ =) ၇၅ ပါး။ ဒီတရား အပေါင်း ၇၅ ကို ခံ (တည်) ပါ။ ကိ (ကိလေသာ ၁၀ ပါး) သန္တာန် (၂ ပါး) နှင့် မြှောက်ရင် တစ်ထောင့် ငါးရာ ကိလေသာ ဖြစ်ပါတယ် (၇၅ × ၁၀ = ၇၅၀ × ၂ = ၁၅၀၀)။

အရပ်သုံးစကား ထောင့်ငါးရာ မေတ္တာဆိုတာ အမှန်တော့ ဖော်ပြ ထားတဲ့ ထောင့်ငါးရာ ကိလေသာကို ဆိုလိုတာပါ။

**မေတ္တာသုံးမျိုး**

၁။ ဗြဟ္မဝိဟာရ (ဗြဟ္မာတို့နေတဲ့) မေတ္တာ။ ဒီမေတ္တာမျိုးက ရန်သူ မိတ်ဆွေ၊ ကိုယ့်လူ သူ့လူ မခွဲခြားဘူး။ သံယောဇဉ် အနှောင်အဖွဲ့လဲ မရှိဘူး။ ၅၂၈ မေတ္တာဆိုတာ ဒီမေတ္တာမျိုးပါ။ ၂။ ဂေဟဿိတပေမ။ ညီအစ်ကို မောင်နှမချစ်၊ မိဘနဲ့ သားသမီးချစ်။ ၃။ တဏှာပေမ။ တဏှာ (တပ်မက်မှု)နဲ့ချစ်တဲ့ သမီးရည်းစားချစ်၊ လင်မယားချစ်။ ၂ နဲ့ ၃ နှစ်မျိုးလုံးကို ၁၅၀၀ ကိလေသာထဲမှာ သွင်းတယ်။

ဒါကြောင့် သမီးရည်းစားချစ်နဲ့ မောင်နှမ သားသမီးချစ် နှစ်မျိုးလုံးဟာ ၁၅၀၀ ကိလေသာပါပဲ။ ဒါပေမယ့် အဘိဓမ္မာကို မတတ်တဲ့ အရပ်သား လောကမှာတော့ ၁၅၀၀ မေတ္တာဆိုရင် သမီးရည်းစား လင်မယားချစ်ပဲ ဖြစ်ပြီး မောင်နှမ သားသမီးချစ် မပါဘူးလို့ ထင်နေကြတယ်။ ဒီနားလည်မှုအရ လုလင်ပျိုက လုံမပျိုကို ၁၅၀၀ သချာကို ဖော်ပြရင် နှမတစ်ယောက်လို ချစ်တာမျိုး မဟုတ်ဘဲ ဘဝကြင်ဖော် ရည်းစားတစ်ယောက်အနေနဲ့ ချစ်တာလို့ အဓိပ္ပာယ် သက်ရောက်ပါတယ်။

'ကျမချစ်တာ ထောင့်ငါးရာ'ဆိုတာလည်း ကျွန်မချစ်တာက မောင်နှမလို မဟုတ်ဘူး၊ ချစ်သူ ရည်းစားလို ချစ်တာလို့ ဆိုလိုပါတယ်။ အိမ်ထောင်တစ်ခု တည်မြဲဖို့ အဲဒီ မေတ္တာ သုံးမျိုးလုံး လိုပါတယ်။ ❐




လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ဘုန်းကြီးကျောင်း ဘုရားတန်ဆောင်း အုတ်တံတိုင်းတွေမှာ မနုဿသီဟ ဟုခေါ်သည့် ဖင်နှစ်ခွနှင့် ဒဏ္ဍာရီရုပ်တွေကို တွေ့ဖူးပါသည်။ ထိုအရုပ်၏ သမိုင်းစဉ်နှင့် ဘာကြောင့် ဘုန်းကြီးကျောင်း ဘုရားတန်ဆောင်းတွေမှာ

အဲဒီအရုပ်တွေကို ထားရပါသနည်း။ ကျမ်းဂန်ထွက်ရှိလျှင် ဗဟုသုတ မျှဝေပေးစေလိုပါသည်ဘုရား။

သန်းထွန်းအောင်၊ ဂျမေကာ

-------------------

## အမိပ္ပာယ်

ပါဠိပုဒ်နှစ်ခု မန နှင့် သီဟ။ မန = လူ၊ သီဟ = ခြင်္သေ့။ လူဦးခေါင်းနှင့် ခြင်္သေ့ကိုယ် သို့မဟုတ် ခြင်္သေ့ဦးခေါင်းနှင့် လူကိုယ်လို့ အဓိပ္ပာယ်နှစ်မျိုး ယူခွင့်ရှိပါတယ်။ စာအရဆိုရင် ခြင်္သေ့ဦးခေါင်းနှင့် လူကိုယ်လို့ အဓိပ္ပာယ် ယူသင့်တယ်။ ဒါပေမယ့် မြင်ဖူးသမျှ မနသီဟ ရုပ်တုတွေက လူဦးခေါင်းနဲ့ ခြင်္သေ့ကိုယ် ဖြစ်ပါတယ်။ ဆက်လက် သုတေသနပြုပါကုန်။ စွမ်းနိုင်သမျှနဲ့ အမြွက်မျှ ကျမ်းညွှန်ပြလိုက်ပါတယ်။

## ဝိနည်းအဋ္ဌကထာအဆို

'အရှင်သောဏသည် အရှင်ဥတ္တရနှင့်အတူ သုဝဏ္ဏဘူမိသို့ ရောက်လာ၏။ ထိုအချိန်၌ ဘီလူးမတစ်ယောက်သည် သမုဒ္ဒရာမှတက်၍ မင်းအိမ်၌ ကလေးမွေးတိုင်း လာရောက်၍စားပစ်၏။ အရှင်နှစ်ပါး ရောက်သောနေ့တွင် မင်းသားတစ်ပါး မွေးဖွား၏။ လူအများသည် မထေရ်တို့ကို မြင်သော် ဘီလူးတို့၏ အပေါင်းပါများ ဖြစ်မည်ဟုထင်ပြီး လက်နက်ကိုယ်စီနှင့် မထေရ် (အရှင်သောဏ) ကို သတ်ရန် ဝိုင်းလာကြ၏။

အဘယ်ကြောင့် လက်နက်ကိုယ်စီနှင့် လာကြသနည်းဟု မထေရ်တို့က မေး၏။ မင်းအိမ်မှာ ကလေးမွေးတိုင်း ဘီလူးတွေ လာစား၏၊ သင်တို့သည် ဘီလူးတို့၏ မိတ်ဆွေဖြစ်၏ဟု ဖြေ၏။

ငါတို့ ဘီလူးတို့၏ မိတ်ဆွေမဟုတ်၊ သူ့အသက်သတ်မှုကို ရှောင်ကြဉ်သော သူတော်ကောင်း ရဟန်းများသာ ဖြစ်ကြ၏ဟု မထေရ်က ဖြေ၏။ ထိုသို့ ပြောဆိုနေခိုက်ပင် ဘီလူးမသည် ဘီလူးပရိသတ်နှင့်အတူ မွေးကင်းစ မင်းသားငယ်ကို စားရန် ရောက်လာ၏။ အရှင်ကောင်းတို့၊ ဘီလူးမ လာနေပါပြီဟု လူအများသည် ကြောက်လန့်စွာ အော်ကြ၏။

မထေရ်သည် ဘီလူးတို့ထက် နှစ်ဆကြီးသော ခန္ဓာကိုယ်ကို ဖန်ဆင်း၍ ဘီလူးများကို ဝိုင်းလိုက်၏။ ဘီလူးများသည် ကြောက်ပြီး မင်းသားငယ်ကို မစားဘဲ ပြေးကြ၏။ မထေရ်က ပရိသတ်အား ဗြဟ္မဇာလသုတ်ကို ဟောကြားပြီး သရဏဂုံသီလ တည်စေ၏ (ဝိ-၄ ၁၊ ၅၁)'။

**သာသနာလင်္ကာရစာတမ်းအဆို**

'ဘီလူးမအုပ်စု လာသောကြောင့် လူအများ ကြောက်ရွံ့၍ အော်ဟစ်နေကြစဉ်တွင် မထေရ်တို့လည်း ကြောက်မက်ဖွယ်ရှိသော ခြင်္သေ့နှင့်တူသော ခေါင်းတလုံး ကိုယ်နှစ်ခုရှိသော မနုဿဗီဟ သဏ္ဌာန်နှင့် အရေအတွက် နှစ်ဆထက်သာအောင် ဖန်ဆင်းပြီးမှ ဘီလူးမတို့ကို လိုက်၍ ပိတ်ဆီးကုန်လျှင် ဘီလူးမတို့ ကြောက်၍ ပြေးသွားလေကုန်၏။ ထိုကာလမှစ၍ ယနေ့ဘွားမြင်စ မင်းသားငယ်တို့အား သောဏုတ္တရ ဟူ၍ ယယ်မည် မှည့်လင့်ကုန်သတည်း။

သူငယ် ခပ်သိမ်းတို့အားလည်း ဘီလူးဘေးကို တားဆီးခြင်းငှာ ထန်း၍ရွက် သလူရွက်များတွင် မထေရ်တို့ ဖန်ဆင်းသော မနုဿဗီဟရုပ်ကိုရေး၍ ခေါင်းထက် တင်ထားကုန်၏။ ထိုအရုပ်ကို သထုံမြို့၏ အရှေ့မြောက်ထောင့် တောင်ထိပ်ထက် ကျောက်ရုပ် ထုလုပ်၍ထားရာ ယခုထက်တိုင် ထင်ရှားရှိသတည်း (ဟံသာဝတီ၊ ၁၉၅၆၊ စာ-၅၇)'။

သာသနာလင်္ကာရစာတမ်းကို ဘကြီးတော်မင်းကြီး တောင်းပန်လို့ သီလက္ခန္ဓဝဂ္ဂဋီကာသစ်ကို ရေးသားတဲ့ မောင်းထောင်ဆရာတော် သာသနာပိုင်လူထွက် မင်းတိုင်ပင်အမတ် မဟာဓမ္မသင်္ကြန်က မြန်မာနှစ် ၁၁၉၃ (ခရစ် ၁၇၅၂)မှာ ရေးသားခဲ့ပါတယ်။

**သာသနဝံသကျမ်းအဆို**

'ဘီလူးမလာသည်ကို မြင်သောအခါ လူအပေါင်းသည် ကြောက်လန့်ပြီး အော်ငိုကြ၏။ မထေရ်တို့လည်း ကြောက်မက်ဖွယ် ခြင်္သေ့ဦးခေါင်းနှင့် ခေါင်းတလုံး ကိုယ်နှစ်ခုရှိသော မနုဿဟအသွင် ဖန်ဆင်းပြပြီး ဘီလူးမနှင့် အပေါင်းပါများကို ခြောက်ထုတ်ကြ၏ (တဒါ ထေရာ ဘယာနကံ

သီဟာသီသဝသေန ကောသီသသရီရဒွယသမ္ဘန္ဓသဏ္ဌာနံ မနုဿီဟရူပံ မာပေတွာ ဒဿေတွာ တံ ယက္ခိနီ သပရိသံ ပလာပေသိ။ သာသန-ဝံသ၊ ဘောဂဝတီ-မန္တလေး၊ ၁၂၈၅၊ စာ- ၄၂)'။ သာသနဝံသကျမ်းဆို တာက မြန်မာ ၁၂၁၂ (ခရစ် ၁၈၅၂)မှာ မောင်းထောင် အရှင်ပညာ သာမိထေရ်က မဟာဓမ္မသင်္ကြန်ရဲ့ သာသနာလင်္ကာရကျမ်းကို ပါဠိဘာ သာနဲ့ ရေးခဲ့တဲ့ကျမ်းပါ။


**သုံးသပ်ချက်**

ဝိနည်းအဋ္ဌကထာမှာ ဖော်ပြတဲ့ သုဝဏ္ဏဘူမိကို မြန်မာနိုင်ငံ ရာမည တိုင်း သထုံမြို့လို့ ယူရင် အရှင်သောဏတို့က ဘီလူးမအုပ်စုကို သူတို့ ထက် နှစ်ဆကြီးတဲ့ ကိုယ်ကို ဖန်ဆင်းပြီး ထွက်ပြေးအောင် လုပ် တယ်။ သာသာနာလင်္ကာရနဲ့ သာသနဝံသတို့က မနုဿီဟပုံကို ဖန် ဆင်းပြီး ဘီလူးမအုပ်စုကို နှင်ထုတ်တယ်လို့ သိရပါတယ်။ ဒါကြောင့် မနုဿီဟအစ အရှင်သောဏနဲ့ အရှင်ဥတ္တရတို့ကလို့ ဆိုရပါလိမ့်မယ်။

မကာရလောပအကျော် မန်လည်ဆရာတော်ဘုရားလည်း သာသ နာလင်္ကာရစာတမ်း စကားနဲ့ပဲ အောက်ပါအတိုင်း မိန့်ဆိုခဲ့ပါတယ်။

ရုပ်ပလီ
မနုဿီ ကိုယ်နှစ်ခွငယ်လို့
ဆိုကြအများ၊
မြို့သထုံ
ပြည်သုဝဏ်ရွှေဘုံ၌
သည်ရုပ်ပုံ ဟန်ပန်ယူလို့
ရန်သူကို ပယ်နိမ်ကြောင်းငယ်နှင့်
ကျမ်းဟောင်း စာစောင်မြွတ်မှာ
ကျမ်းတတ်စကား။ ❐





# သပိတ်သွတ်ခြင်း

ဆရာတော် အရှင်ဘုရား၊

မကြာခင်က တပည့်တော်၏ဘခင်သည် မြန်မာပြည်က ဆရာတော်တစ်ပါး၏ တရားပွဲသို့ သွားရောက် တရားနာပါသည်။ တရားပွဲမှ အပြန်တွင် ဆရာတော်၏ ဟောကြားချက်အရ ကွယ်လွန်သူ မိခင်အား သုံးလပြည့် သပိတ်သွတ်မည့် ကိစ္စမှာ အရေးတကြီး လိုအပ်သော ကိစ္စမဟုတ်ဟု ဆိုပါသည်။ ဘခင်၏ယူဆချက် မှန်ကန်ပါသလား။ ကွယ်လွန်သူကို ရည်မှန်းပြီး သပိတ်သွတ်ရန် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့ပါသလား။ ဖြေကြားပေးစေချင်ပါသည် အရှင်ဘုရား။

ယုယုမွန် (ကနေဒါ)

---

## သပိတ်သွတ်

သပိတ်သွတ်ဆိုတာ သပိတ်ထဲကို ထည့်တယ်လို့ တိုက်ရိုက် အဓိပ္ပာယ်ရနိုင်ပါတယ်။ အလှူခံတို့ရဲ့ သပိတ်ထဲကို ထည့်တယ်ဆိုတော့ သံဃာတော်တွေကို ဆွမ်း သင်္ကန်း ကျောင်း ဆေးဆိုတဲ့ ပစ္စည်းလေးပါးကို လှူဒါန်းတာပါပဲ။ သပိတ်သွတ် အဓိပ္ပာယ်မှာက သာမန်လှူတာ မဟုတ်ဘဲ ကွယ်လွန်သူကို အထူးရည်မှန်းပြီး လှူတာဖြစ်လို့ အလှူပေးတဲ့ ပုဂ္ဂိုလ်ဟာ မိမိရရှိတဲ့ ရည်မှန်းကုသိုလ်ရဲ့ အဖို့ကို ကွယ်လွန်သူအား အထူးပြုပြီး အမျှပေးဝေရပါတယ်။

ကွယ်လွန်သူကလည်း မိမိကို အထူးရည်မှန်းထားတဲ့ ကုသိုလ်အဖို့ကို ကုသိုလ်ရှင်တွေက အမျှပေးဝေစဉ်မှာ ဝမ်းမြောက် သာဓုခေါ်နိုင်ရင် အဲဒီကုသိုလ်ဟာ မိမိကိုယ်တိုင် ပြုတဲ့အတိုင်းပါပဲ။ ထပ်တူ ကောင်းကျိုးကို ရရှိစေပါတယ်။ ဒါပေမယ့် တမလွန်ဘဝက ပုဂ္ဂိုလ်ဟာ ဒီဘဝကုသိုလ် ရှင်တွေရဲ့ အမျှပေးဝေသံကို သာဓုခေါ်နိုင်ခွင့် ရှိရပါတယ်။

**ပုဏ္ဏားရဲ့ အမေး**

အခါတစ်ပါး ဇာဏုသောဏိ အမည်ရှိတဲ့ ပုဏ္ဏားက မြတ်ဗုဒ္ဓကို 'မြတ်စွာဘုရား၊ တပည့်တော်တို့သည် ကွယ်လွန်သော ဆွေမျိုးသားချင်းများထံသို့ ရောက်ပါစေဟု ရည်မှန်း၍ အလှူဒါနပြုကြပါ၏။ ထိုအလှူသည် ရည်မှန်းသူသို့ ရောက်ပါသလား' လို့ လျှောက်တယ်။ မြတ်ဗုဒ္ဓက 'သေပြီးနောက် ငရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ လူ့ဘဝ၊ နတ်ဘဝသို့ ရောက်နေသူများထံသို့ အလှူသည် မရောက်။ ပြိတ္တာဘဝ၌ ဖြစ်နေသူများထံသို့ကား ရောက်ပေ၏' လို့ ဖြေကြားပါတယ် (အံ ၃၊ ၄၇၈)။

ဒီပါဠိတော်အရ နတ်၊ လူ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ ဆိုတဲ့ လူတစ်ယောက် ကွယ်လွန်ပြီးနောက် သွားရောက်ရမယ့် ဂတိ (ဌာန) ငါးမျိုးထဲက ပေတဂတိသို့ ရောက်နေသူတွေသာ ရည်မှန်းကုသိုလ် အဖို့ကို သာဓုခေါ်ပြီး ကောင်းကျိုးကို ခံစားနိုင်ခွင့် ရှိပါတယ်။

**ပတ္တာနုမောဒန**

ကောင်းမှုတစ်ခုကို ပြုလိုက်လို့ မိမိရရှိတဲ့ ကုသိုလ်ကို အမျှပေးဝေတာဟာ ပတ္တိဒါန ကုသိုလ် ဖြစ်ပါတယ်။ သူတစ်ပါးတို့ ပေးဝေတဲ့ ကုသိုလ်ကို မိမိက ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်တာက ပတ္တာနုမောဒန ကုသိုလ်ပါ။ တမလွန်ဘဝကို ရောက်နေတဲ့ သာဓုခေါ်နိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ် က လူ့ဘဝက ဆွေမျိုးသားချင်းတို့ ပြုတဲ့ ကုသိုလ်အဖို့ကို ဝမ်းပန်းတသာနဲ့ သာဓုခေါ်ဆိုနိုင်ရင် ပတ္တာနုမောဒန ကုသိုလ်ကို ပြုတာဖြစ်လို့ အဲဒီကုသိုလ်ရဲ့ ကောင်းကျိုးကို ရရှိပါလိမ့်မယ်။

လိုရင်းက သပိတ်သွတ်ဆိုတာ ကျန်ရစ်သူတွေက တမလွန်ဘဝက ဆွေမျိုး သားချင်းတွေကို ၎င်းတို့ကိုယ်စား ပတ္တာနုမောဒန ကုသိုလ်ပြု ပေးကြတာဖြစ်လို့ အကျိုးရှိပါတယ်။ ဘုရားကိုယ်တိုင်လဲ ဟော၊ အနှစ်သာရလဲ ရှိတဲ့အတွက် အစဉ်အလာကို ထိန်းသိမ်းထားပါလေ။□□

# KAMMA AND *YADAYAR*

Dear Sayadaw,

I have a question regarding black magic. Does black magic realy exist? If so, how? who was the teacher? I have seen a few monks who give out yadayar to people whenever they face a hardship. Does it real work? Is ther any consequences? I enen saw an article online about a king who keeps his power using such methods. Did Buddha allow to give out yasayar.

I am sure most Buddhists believe in Kamma. People can turn around the Kamma using yadayar if it realy works. Therefore, what is the point of doing good deeds or bad deeds.

I believe there is another type of black magic which can be used against other people. I often heard people say this person is using black bagic to make me sick or this or that. Can it really be used to harm someone ese? and the wost scenariio will be killing someone using such magic. If someone die due to such doings what will he/she become? It was not his fault and it might not be time for him yet. Can you please explain to me more in depth? Thanks.

Kevin

----------------------------

*Yadayar*

It is to me that *yadatar* is something that makes one's mind and body harmony and also is like a medicine which is not real but sometimes works. For example, a doctor gave just water injection to a sick person. But the latter thinking the former cured him well felt better.

There also was a queen who always feels herself sick thinking a lizard hides inside her belly. Then a wise royal physician used a *yadayar*. He secretly put a dead lizard underneath the toilet seat after giving her a purgative medicine. When she had done, the physician showed her the lizard saying her belly was clear. Exactly, she was cured. *Yadayar* can help one's will power reach high enough to accomplish something if he believes in it. Is it said that mind leads the world?

*Kamma*

We reap what we have sown and we will be the result of what we are. In other words, kamma is action and every action has its reaction. You cannot avoid the result of the kamma, but can control it and you can turn it around by doing good or bad. This is what the Buddhists believe.

According to this belief, if your *yadayar* says that before your job interview you should develop Metta meditation twice a day and you do it seriously, then I am sure you can experience something as the result of that good deed. It is acceptable that a proper and intelligent understanding of *yadayar* can be a useful tool, although it has no religious value.

*Never say*

The Buddha never makes any direct pronouncement on this subject because the *yadayar*, astrology and such things do not pertain to spiritual development. The Buddha's advice was that people should not be slaves to any of those forces. A good Buddhist must overcome all his problems and difficulties by his own efforts, but not through the medium of anything like that. 'You do luck or unluck yourself. There is no one who can make you lucky or unlucky (*Jataka 2*, p 142)'.

Although Buddhism does not refute belief in such things and some Buddhists practice *yadayar* under the guise of religion, the Buddha at no time encouraged anyone to do so.

*It is time for him*

In a small town, I saw a young man who vomits whenever and whatever he eats. People said he was obsessed by a girl. When a black magic master gave him a medicine, he tried to vomit a curl of woman's hair and his mother pulled it out of her son's mouth. But I can't explain about it more than what I saw. I was 27 then. But, I am sure it could not be used to harm everyone.

If a person died of that reason, it was time for him to die even though it was not his fault. If you say no, how can you say when a person died from a car accident? And what the person will become depends on only what he or she has done. ❒

# သီလရှင်ကို ရှိခိုးခြင်း

ရိုသေစွာ လျှောက်ထား မေးမြန်းအပ်ပါသည် အရှင်ဘုရား၊

လူမိန်းမတို့ သီလရှင် ဝတ်ခြင်းကို မြတ်စွာဘုရား ခွင့်ပြုခဲ့ပါသလား ဘုရား။ ယောကျ်ားသားတို့ အနေဖြင့် သီလရှင်တို့အား ရှိခိုးခြင်း၊ ဘုရား ထူးခြင်းများ ပြုအပ်ပါသလား ဘုရား။ ရဟန်းတု ရဟန်းယောင်များကို ရဟန်းအစစ်ထင်၍ လှူဒါန်းမှုပြုလျှင် ကုသိုလ် ရနိုင်ပါသလား ဘုရား။ မသိနား မလည်၍ မေးမြန်းခြင်း လျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား။

သန်းထွန်းဦး

---

သီလရှင် ဝတ်ဖို့ မြတ်စွာဘုရား ခွင့်ပြုသလား ဆိုတာကို မပြောခင်မှာ ဗုဒ္ဓလက်ထက်နဲ့ အဲဒီနောက် အတန်ကြာတဲ့အထိ ဗုဒ္ဓသာသနာ သမိုင်းမှာ ထင်ရှားရှိခဲ့တဲ့ ဘိက္ခုနီနဲ့ သိက္ခမာန်အကြောင်းကို နည်းနည်း ပြောပြသင့်ပါတယ်။ အဲဒါဆိုရင် ပိုပြီး ရှင်းသွားပါလိမ့်မယ်။

**ဘိက္ခုနီ**

ဘိက္ခုနီဆိုတာ ရဟန်းမိန်းမပါ။ သိမ်ထဲမှာ ကမ္မဝါစာ ဖတ်ပြီး ပထမ ဘိက္ခုနီသံဃာထံမှာ တစ်ကြိမ်၊ ဒုတိယ ဘိက္ခုသံဃာထံမှာ တစ်ကြိမ်၊ ပေါင်း ရဟန်း ၂ ကြိမ် ခံရတယ်။ မိထွေးတော် ဂေါတမီအပါအဝင် ရှေးဦး ဘိက္ခုနီတွေကတော့ မြတ်ဗုဒ္ဓရဲ့ အထူးခွင့်ပြုချက်နဲ့ ဘိက္ခုနီ ဖြစ်လာကြလို့ ခြွင်းချက်ပေါ့။ ယနေ့ခေတ် ဘိက္ခုတွေရဲ့ သင်္ကန်းပုံစံအတိုင်းပဲ ဝတ်ရုံကြတယ်။ ဘိက္ခုနီတွေမှာ ပိုတာက အပေါ်ပိုင်းမှာ ရင်စည်း သင်္ကန်းတိုနဲ့ အောက်ပိုင်းမှာ အတွင်းကခံဝတ်တဲ့ ဥတုနီးလို့ ခေါ်တဲ့ သင်္ကန်း တစ်မျိုးပါပဲ။ ဘိက္ခုတွေရဲ့ သိက္ခာပုဒ် ၂၂၇ ပါး။ ဘိက္ခုနီတွေရဲ့ သိက္ခာပုဒ်က ၃၁၁ ပါး။ ၈၄ ပါး ကွာတာပေါ့။

## သိက္ခမာန်

ဘိက္ခုနီ မပြုခင်မှာ ငါးပါးသီလနဲ့ ဝိကာလဘောဇန (နေမွန်းလွဲ မစား) ဆိုတဲ့ သိက္ခာပုဒ် ၆ ပါးကို စောင့်ထိန်းပြီး ၂ နှစ် နေရသေးတယ်။ အဲဒီလို နေဆဲကာလမှာ သိက္ခမာန်လို့ ခေါ်တယ်။ ယနေ့ခေတ် သီလရှင်တွေရဲ့ ရှေးပြေးလို့ ဆိုနိုင်မလားပါပဲ။ ဒါပေမယ့် လူဝတ်ကြောင် အဝတ်အစားနဲ့ ခေါင်း မရိတ်ဘဲ နေနိုင်တယ်။ သိက္ခမာန် ၂ နှစ် မလုပ်ရင် ဘိက္ခုနီ ပြုခွင့်မရှိဘူး။ တောင်ပိုင်း (ထေရဝါဒ) ဗုဒ္ဓသာသနာ အစဉ်အလာမှာ သိက္ခမာန်တွေနဲ့ ဘိက္ခုနီတွေ ခပ်စောစောကပင် ကွယ်ပျောက်သွားပုံရတယ်လို့ သုတေသီတို့ ဆိုတယ်။

## သီလရှင်

ဖန်ရည်စွန်း အဝတ်ကို မြတ်နိုးကြတဲ့ ထေရဝါဒ နိုင်ငံက ဗုဒ္ဓဝါဒီအမျိုးသမီးတွေဟာ သံဃာတော်တွေကို အားကျပြီး အတုယူကျင့်သုံးရာက နေ သီလရှင် သာသနာ ထွန်းကားလာတာ ဖြစ်ဖွယ်ရှိပါတယ်။ မြတ်ဗုဒ္ဓလက်ထက်က သီလရှင်ဆိုတာ မရှိပေမယ့် ဘိက္ခုနီပြုဖို့တောင် ခွင့်ပြုခဲ့သေးတာပဲ။ သီလရှင်တွေဟာ ရှစ်ပါးသီလကိုပဲ စောင့်ပေမဲ့ ဒီ့ထက်ပိုပြီး အများကြီး နက်ရှိုင်းပါတယ်။

အလှအပနဲ့ မာန်မာနကို ခဝါချပြီး နိက္ခမ္မပါရမီ ဖြည့်ကျင့်နိုင်ကြလို့ သီလရှင် တစ်ပါးရဲ့ ဘဝဟာ အင်မတန် ကြည်ညို လေးစားစရာ ကောင်းပါတယ်။ သီလရှိသူအနေနဲ့ ရိုသေ ပူဇော် ရှိခိုးကြရာမှာ ကျားမ ခွဲခြားမှု မရှိပါဘူး။ သီလဂုဏ်ရည်ကို မြတ်နိုး ဦးတင်တာပါ။

## ရဟန်းအတု

ဗုဒ္ဓရဲ့ အဆုံးအမမှာ စိတ်ထားဟာ အရေးကြီးပါတယ်။ ရဟန်းတုကို ရဟန်းစစ် အမှတ်နဲ့ စိတ်ထဲက လိုက်လိုက်လှဲလှဲ ကြည်ညိုပြီး ရိုသေ ပူဇော်မှုပြုရင် အကျိုးဖွံ့ ဖြိုးမှု နည်းနိုင်ပေမဲ့ အကုသိုလ်တော့ မဖြစ်ပါဘူး။ ရဟန်းတုမှန်း သိရင်တော့ လျစ်လျူရှုထားလိုက်ပါ။ ▫

# သီလဖြင့်သူနှင့် ဒဝမ္ပဒဝိန့်



ဆရာတော် အရှင်မြတ်ဘုရား၊

မကြာမီက အွန်လိုင်းကနေ ဖတ်လိုက်ရတဲ့ ဆောင်းပါးတစ်ပုဒ်မှာ မြတ်စွာဘုရားက 'အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ = ရဟန်းတော်တွေဟာ ဘုရင်မင်း အုပ်ချုပ်သူတို့ရဲ့ အမိန့်ကို နာခံရမည်' ဟောတော်မူလို့ အာဏာရှိတဲ့ လူတွေကို ဆန့်ကျင်ဖက် မလုပ်ကောင်းဘူးဆိုတဲ့ သဘောမျိုး ရေးထားပါသည်။ အဲဒီ ရေးသားချက်နှင့် ပတ်သက်ပြီး စိတ်ထဲမှာ မကျေမလည် ဖြစ်နေပါသည် အရှင်ဘုရား။ ဗုဒ္ဓဘုရားရှင်က အမှန်တကယ် အဲဒီလို ဟောတော်မူခဲ့သလော ဆိုသည်ကို သိလိုပါသည် အရှင်ဘုရား။

မြတ်ထန် (စက်ာပူ)

---

**သမိုင်းနောက်ခံ**

မြတ်ဗုဒ္ဓ လက်ထက်က မဂဓတိုင်းရှင် ဗုဒ္ဓဝါဒီ ဘုရင် ဗိမ္ဗိသာရဟာ ရဟန်းတွေ ဝါဆိုမဲ့ရက်ကို နောက်ဆုတ်လိုတဲ့ အတွက် 'အရှင်မြတ်တို့ ရှေ့လကျမှ ဝါဆိုရင် ဖြစ်နိုင်ပါသလား' လို့ သံဃာတွေထံ သတင်းစကား ပါးလိုက်တယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ မြတ်ဗုဒ္ဓကို မေးလျှောက်တဲ့ အခါ 'အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ = ရဟန်းတို့၊ မင်းတို့၏ အလိုသို့ လိုက်စိမ့်သောငှာ ငါဘုရား ခွင့်ပြု၏' လို့ မိန့်တော်မူပါတယ် (ဝိ ၃၊ ၁၉၃)။ ဗိမ္ဗိသာရမင်းက ဝါဆိုလမှာ ဝါမဆိုသေးဘဲ ဝါခေါင်လကျမှ ဝါဆိုဖို့ သံဃာတော်တွေကို လျှောက်ထားတာကို ဗုဒ္ဓက အဲဒီလို ဖြေကြားတော်မူတာ ဖြစ်ပါတယ်။

အဲဒီ စာပိုဒ်ကို အဋ္ဌကထာမှာ '**မင်းအလိုသို့ လိုက်စိမ့်သောငှာ ခွင့်ပြု၏** ဟူသည် နောက်သို့ (တစ်လ) ဆုတ်ပြီး ဝါဆိုရာ၌ ရဟန်းတော်များမှာ မည်သည့် အကျိုး ဆုတ်ယုတ်မှုမှ မရှိနိုင်သောကြောင့် မင်းအလိုသို့ လိုက်ရန် ခွင့်ပြုခြင်းဖြစ်၏။ သို့ဖြစ်၍ ဓမ္မနှင့်ညီသော ကိစ္စများ၌ မင်းအလိုသို့ လိုက်ရမည်။ အဓမ္မကိစ္စမျိုး ဖြစ်လျှင်ကား (ဘုရင်မင်းအဝါအဝင်) မည်သူ့အလိုသို့မျှ မလိုက်ရ (အဓမ္မိကေ ပန န ကဿစိ အနုဝတ္တိတဗ္ဗံ (ဝိ-ဋ ၃၊ ၁၅၀)'လို့ အဓိပ္ပာယ် ဖွင့်ဆိုပါတယ်။

လိုရင်းကတော့ အဓမ္မမှု ဖြစ်နေရင် ဘုရင်က ဘာအမိန့်ပဲ ထုတ်ထုတ် လိုက်နာစရာ မလိုဘူးတဲ့။

## ရာဟုလာရဲ့ အယူအဆ

*History of Buddhism in Ceylon* ကျမ်း (p. 66) မှာ သီဟိုဠ် ဆရာတော် ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာက 'ဗုဒ္ဓရှင်တော်မြတ်ဟာ စကြဝတေး မင်းမှာလည်း ဗုဒ္ဓလိုပဲ လက္ခဏာ ၃၂ ပါးရှိတယ်၊ ဗုဒ္ဓကိုရော စကြဝတေး မင်းကိုပါ စေတီ တည်ထိုက်တယ်လို့ ဟောတော်မူတယ်။ ဒီလိုယူဆလို့ပဲ ရဟန်းတွေဟာ ဘုရင်မင်းတို့ရဲ့ ညွှန်ကြားချက်ကို လိုက်နာရမယ်လို့ ဗုဒ္ဓအနေနဲ့ သာမန် ဘုရင်မင်းတွေကိုတောင် များစွာ အရေးပေးထားတာ တွေ့ရတယ်' လို့ ဆိုပါတယ်။

ဝါလ်ပိုလာ ရာဟုလာအနေနဲ့ သူ့ကျမ်းထဲမှာ အဋ္ဌကထာကျမ်းတွေရဲ့ အဆိုအမိန့်တွေကို များစွာ ကိုးကားတဲ့ အတွက် ဒီနေရာမှာလည်း အဋ္ဌကထာ ကျမ်းရင်း ဖွင့်ဆိုချက်ကို ကြည့်ပြီး ဒီထက်ပိုမို ပြည့်စုံအောင် ရှင်းပြပေးသင့်တယ်လို့ ဘုန်းကြီး ထင်ပါတယ်။

## ထုတ်ဖော် ရှင်းပြခွင့်

'ဘိက္ခုတို့၊ သူတစ်ပါးတို့က ဗုဒ္ဓ၊ ဓမ္မ၊ သံဃာကို ကဲ့ရဲ့စကား-ဆိုလာလျှင် နှလုံးမသာမယာ မဖြစ်ကြနှင့်။ ၎င်းတို့၏ ကဲ့ရဲ့ပြစ်တင်မှု မမှန်ကန်ပုံကို ကြောင်းကျိုးပြ၍ ဖြေရှင်းကြရမည်။ ချီးမွမ်းစကား ဆိုလာသည်ကိုလည်း တက်ကြွ ဝမ်းသာခြင်း မဖြစ်သင့်။ သင်တို့ ပြောသည့်

ဂုဏ်ပုဒ်တွေ ဤအကြောင်းကြောင့် ငါတို့မှာ ရှိ၏ဟု ခိုင်လုံစွာ ရှင်းပြရမည် (ဒီ ၁၊ ၃)' လို့ ဗုဒ္ဓ ဟောတော်မူပါတယ်။

ဒါကြောင့် ဗုဒ္ဓဝါဒဟာ မမှန်တာကို မမှန်တဲ့အတိုင်း ပြောဆို ဖြေရှင်းဖို့ ညွှန်ကြားပါတယ်။ ရေငုံနှုတ်ပိတ် နေပြီး အားလုံးကို အရှုံးပေးတဲ့ ဝါဒမျိုး မဟုတ်ပါဘူး။ ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်း အဓိပ္ပာယ်ဖြစ်လို့ အဓမ္မမှန်း သိလျက်နဲ့ ငြိမ်နေရင် ကိုယ်လည်း အဓမ္မမှုကို သဘောတူတယ်ဆိုတဲ့ အဓိပ္ပာယ် ဖြစ်သွားနိုင်ပါတယ်။

## ငွေယံရှင်ရဲ့ သီလဂုဏ်ရည်

ပုဂံ နရပတိစည်သူ မင်းဟာ တူးရွှင်းတောင်က အပြန် တစ်နေရာ ရောက်တော့ ချောက်ထဲမှာ ပတ္တမြား အရောင်တောက်နေတာကို မြင်မိပါသတဲ့။ အဲဒါကို အဓိပ္ပာယ် တစ်မျိုး ကောက်ယူရာကနေ အဲဒီ နေရာမှာ ဘုရားတစ်ဆူ(ယနေ့ခေတ် စူဠာမဏိဘုရား) တည်မယ်ဆိုပြီး တိုင်းသူ ပြည်သားတွေကို အဲဒီ ချောက်ကို မြေဖို့ခိုင်းပါသတဲ့။ ရဟန်း သံဃာကိုလည်း အလှူပေးဖို့ ပင့်ဖိတ်ပါသတဲ့။

အဲဒီတော့ သီလသမာဓိနဲ့ အင်မတန် ပြည့်စုံတဲ့ ပံ့သကူဆောင် ငွေယံရှင် အမည်နဲ့ (ငွေယံယေ် အမည်ရှိသူရဲ့ ကိုယ်က အဝတ်ကို ပံ့သကူ ကောက်ယူပြီး အသုံးပြုလို့ အဲဒီ အမည်တွင်) ရဟန္တာလို့ ကျော်ကြားတဲ့ အရှင်သီလဗုဒ္ဓိမထေရ်က 'မင်းကြီး ပြုသောအမှုသည် ကောင်းမှု မဖြစ်၊ မကောင်းမှုသာ ဖြစ်၏၊ မင်းကြီး လှူသော ဆွမ်းကိုလည်း ငါမခံ' လို့ မိန့်တယ်။ မင်းကြီးက 'ပြည်သူတို့ လှူသော ဆွမ်းလည်း ငါ့ဆွမ်းပင် မဟုတ်လော'တဲ့။

ဒါနဲ့ ရဟန္တာ ငွေယံရှင်ဟာ နရပတိရဲ့ တိုင်းပြည် (ပုဂံ) မှာ မနေတော့ဘူးလို့ ဆုံးဖြတ်ပြီး သီဟိုဠ်ကို ထွက်ဖို့ ပြင်ဆင်တယ်။ ဒါပေမယ့် နောက်တော့ အနန္တပစ္စည်း ဆိုတဲ့ အမတ်ရဲ့ လိမ်မာစွာ ဆောင်ရွက်မှုကြောင့် မင်းကြီးက တောင်းပန်လို့ ဆရာနဲ့ဒကာ ပြန်ပြီး အဆင်ပြေသွားကြပါတယ် (တွင်းသင်း ၁၊ ၁၂၈။ မှန်နန်း ၁၊ ၃၂၄)။

**အကြောင်းရင်း**

ရာဇဝင်ကျမ်းတွေမှာ ဘာကြောင့် အရှင်မြတ်က အဲဒီလို ပြောရတယ်ဆိုတာ မဖော်ပြဘူး။ ဒါပေမယ့် အရှင်မြတ်အနေနဲ့ မလိုအပ်ဘဲ ချောက်ကို မြေဖို့ပြီး ပြည်သူတွေ ပင်ပန်းကြရတာ၊ သူကြီးဘုရား ရှာသားကောင်းမှု လုပ်တာတွေကို မတရားဘူးလို့ ယူဆလို့ တစ်နည်း အဓမ္မအနေနဲ့ မြင်လို့ ဖြစ်နိုင်တယ်လို့ ဘုန်းကြီး ယူဆပါတယ်။ ပြီးတော့ မြင်းခံပြေည့်၊ နောင်တော် မင်းယဉ်နရသိခ်၊ အောင်စွာယယ်နဲ့ အနန္တသူရိယ အမတ်တို့ကို မဆင်မခြင် ကွပ်မျက်ပစ်တာတွေကလည်း ပြည်သူအကြား ပြောစရာတွေ ဖြစ်နေမှာပဲ။ ပြည်သူ့ ခံစားချက်တွေဟာ ပြည်သူနဲ့ ထိတွေ့နေရတဲ့ အရှင်မြတ်ရဲ့ နှလုံးသားကိုလည်း ရိုက်ခတ်နိုင်တာပဲ။

သက်ဦးဆံပိုင် ခေတ်မှာ အဲဒါလောက် လက်ရဲ ဇက်ရဲရှိလှတဲ့ နရပတိစည်သူလို မင်းကို အဲလို ဖြောင်ပြောပြီး သပိတ်မှောက်ရဲတဲ့ အရှင်မြတ်ရဲ့ သတ္တိကတော့ တကယ့်ကို ပြောင်မြောက်လွန်းလို့ ရာဇဝင်မှာ စာတင်ခံရတာ ဖြစ်ပါတယ်။ အရှင်မြတ်အနေနဲ့ မိမိ စောင့်ထိန်းထားတဲ့ သီလသိက္ခာ၊ ပွားများထားတဲ့ သမာဓိနဲ့ ပညာကို လုံးဝ ဉဿုံ ယုံကြည်လို့ပဲ ဖြစ်ပါလိမ့်မယ်။ ❐

# နတ်တွေကို တွေ့ချင်ရင်

လျှောက်ထားအပ်ပါသည် အရှင်မြတ်ဘုရား၊

ဘုရားရှင်လက်ထက်က နတ်များ လာရောက် ဖူးမြော် လျှောက်ထားကြကြောင်း ဖတ်ရှုရပါသည်။ ဘုရားရှင် ကိုယ်တိုင်လည်း နတ်ပြည်သို့ ကြွရောက် တရားဟောတော်မူကြောင်း သိရပါသည်။ သို့သော် ယနေ့ ခေတ်တွင် ထိုနတ်များနှင့် ပတ်သက်၍ မကြားရသလောက် ရှိပါသည်။

နတ်များသည် ယနေ့ခေတ်မှာကျမှ အဘယ်ကြောင့် တွေ့ကြုံရ ရှားပါးပါသနည်း။ ဆရာတော်တို့ အမြင်ကို သိလိုပါသည်။

ထွန်းလင်း

---

## ရီလီဂျင်း မဟုတ်

ဗုဒ္ဓရှင်တော်မြတ်ဟာ အိန္ဒိယဒေသနရဲ့ ထင်ရှားတဲ့ လက္ခဏာတွေဖြစ်တဲ့ ဘဝသံသရာ၊ ပရလောကနဲ့ နတ်ဒေဝါတွေကို ယုံကြည် မှုမျိုးလို တည်ရှိပြီး ယူဆချက် တစ်ချို့ကို မငြင်းပယ်ပေမယ့် လူသားကို ကောင်းကျိုးမပြုနိုင်တဲ့ အဓိက အတွေးအမြင် တော်တော် များများကိုတော့ တော်လှန်ခဲ့ပါတယ်။ ဥပမာ တိရစ္ဆာန်ကို သတ်ပြီး ယဇ်ပူဇော်တာ၊ ဇာတ်ခွဲခြားတာ၊ ထာဝရဖန်ဆင်းရှင် မဟာဗြဟ္မာ၊ အတ္တ (တည်မြဲတဲ့ ဝိညာဉ်ကောင်) ဆိုတာတွေကို လုံးဝ ငြင်းပယ်ပါတယ်။

ဘာသာတရားတိုင်းမှာ လက်တွေ့ မပြနိုင်တဲ့ ယုံကြည်မှုအပိုင်းဆိုတာရှိပါတယ်။ ဥပမာ ဗုဒ္ဓဘာသာတို့ ယုံကြည်တဲ့ကံ (အထူးသဖြင့် အတိတ်ကံ)၊ အတိတ်ဘဝ ဆိုတာတွေကို အထည်ကိုယ် ဒြပ်ဝတ္ထု အနေနဲ့ ဆုပ်ကိုင်ပြီး မပြနိုင်ပါဘူး။ ဒါပေမယ့် ဗုဒ္ဓဘာသာမှာ အားကောင်းတာက လက်တွေ့ကျင့်ကြံမှု အပိုင်းပါ။ လူမှု ရေးကျင့်ဝတ်နဲ့ အဆင့်မြင့် ကျင့်စဉ်တွေ ပါရှိလို့ Religion သက်သက် မဟုတ်သလို ယုံကြည်မှုပိုင်းတွေပါလို့ Social Ethic သက်သက်လည်း မဟုတ်ဘူး။ ဗုဒ္ဓဘာသာဆိုတာကို အဲဒီလို သဘောပေါက် နားလည်ထားသင့်ပါတယ်။

## ဗုဒ္ဓနဲ့ နတ်လောက

ဗုဒ္ဓပြီးရင် တန်ခိုးအကြီးဆုံး ဖြစ်တဲ့ အရှင်မောဂ္ဂလ္လာန်ဟာ အခါတစ်ပါး ဂိဇ္ဈကုဋ်တောင်ပေါ်က အဆင်းမှာ လှစ်ခနဲ ကိုယ့်ဟာကို ပြုံးမိတာကို နောက်ကပါလာတဲ့ အရှင်လက္ခဏမထေရ်က ဘာကြောင့် ပြုံးပါသလဲလို့ မေးတဲ့အခါ ဘုရားရှင်ရှေ့မှာ မေးပါတဲ့။ ဒါနဲ့ ဘုရားရှင်ရှေ့ ပရိတ်သတ် စုံတုန်း အရှင်လက္ခဏက ထပ်မေးတော့ တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့


အရှင်မောဂ္ဂလ္လာန်က 'ရောမ ရိုးဆက် ပြိတ္တာကြီး တစ်ကောင်ကို ပြိတ္တာဖြစ်တဲ့ လင်းတငှက်တွေက ဝိုင်းပြီး ထိုးဆိတ်နေကြတာကို မြင်မိလို့ ပြုံးမိတာပါ' လို့ ဖြေလိုက်တယ်။

ဒီတော့ ဗုဒ္ဓရှင်တော်မြတ်က သာဓု သုံးကြိမ်ခေါ်ပြီး 'ငါဘုရားလဲ အဲဒီ ရိုးဆက်ပြိတ္တာကို မြင်မိတာ ကြာပြီ၊ ဒါပေမယ့် သက်သေ မရှိလို့ မပြောဘဲ နေခဲ့တာ။ ခုတော့ မောဂ္ဂလ္လာန်ဟာ ငါ့ရဲ့ သက်သေဖြစ်ပြီ။ ငါ့ရဲ့ တပည့်သားတွေ တန်ခိုးစွမ်းရည်နဲ့ ပြည့်စုံကြပေတယ်'လို့ ချီးမွမ်းတော်မူပါတယ်။ ဗုဒ္ဓလက်ထက်က နတ်တွေကို မြင်ရသူတွေဟာ အရှင်မောဂ္ဂလ္လာန်လို စိတ်ပိုင်းဘဝ တိုးတက် ပြည့်စုံပြီးသူတွေ များပါတယ်။

**မင်းတုန်းမင်းနဲ့ ရေမြွေ**

မင်းတုန်းမင်းက ဆရာတော် သံဃာတော်တွေကို အတည်အပေါက် လိုလိုနဲ့ မေးလျှောက်ဖူးတယ်။ အသောကမင်းကြီးရဲ့ ဆရာမထေရ် ရဟန်းတွေ ပရိတ်ရွတ်ရင် ပရိတ်ရေဆူလို့ ဒကာတော် (မင်းတုန်း) ရဲ့ ဆရာအရှင်တွေကော ပရိတ်ရေ ဆူပါသလားတဲ့။ ဒီတော့ သံဃာ့ကိုယ်စား ဗန်းမော်ဆရာတော် ခပ်ရွဲ့ရွဲ့နဲ့ ဖြေလိုက်ပုံက 'အသောကမင်းက အမိန့်တော်နဲ့ ခေါ်လိုက်ရင် လူကို အသာထားလို့ ရေအောက်က နဂါးတွေတောင် လာရတယ်။ အဲဒါလောက် ဘုန်းအာဏာနဲ့ ပြည့်စုံတဲ့ မင်းကြီးရဲ့ ဆရာဖြစ်တဲ့ သံဃာတော်တွေ ပရိတ်ရွတ်ရင် ပရိတ်ရေ ဆူတာပေါ့။ ယခု ဒကာတော်မှာက ရေထဲက ရေမြွေကိုတောင် လာအောင်မှ မခေါ်နိုင်တာဘဲ၊ ဒကာတော်ရဲ့ ဆရာဘုန်းကြီးတွေ ပရိတ်ရေ မဆူတာ ဆန်းပါ့မလား'တဲ့။

အရှင်မောဂ္ဂလ္လာန် မထေရ်ကြီးလို အဘိညာဉ်တန်ခိုးတွေကို ရကြရင် ခုခေတ်မှာလည်း နတ်တွေကို မြင်နိုင်မလားလို့ စဉ်းစားမိတယ်။ ❑



# ပေထက်အကျွတင်
# နောက်ကျပေမယ်

ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား၊

(၁) တပည့်တော် သိရသလောက် ဗုဒ္ဓ၏တရားတော်များကို ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း များစွာ ကြာပြီးမှ စာအုပ်အဖြစ်နှင့် ရေးသား မှတ်တမ်းတင်သည်ဟု ကြားဖူးပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဓမ္မ အတွင်းသို့ အခြားဘာသာတရားမှ အယူအဆများ ဝင်ရောက် ရောထွေးခြင်းမှ ကင်းလွတ်နိုင်ပါမည်လော။ နောင်းခေတ်မှာလည်း ဓမ္မရေးရာ အဓိပ္ပာယ် ကောက်ယူမှု ကွဲလွဲသောကြောင့်ပင် ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများ ဖြစ်ပေါ်လာသည်ဟု ယူဆပါသည်။

(၂) တပည့်တော်တို့ မြန်မာလူမျိုးများသည် ကမ္ဘာပေါ်မှာ ဗုဒ္ဓဝါဒကို အကြည်ညိုဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ သို့ဖြစ်ပါလျက် တပည့်တော်တို့ မြန်မာနိုင်ငံ ဆင်းရဲမွဲတေပြီး အောက်တန်းကျနေရပါသနည်း။ ဖိနှိပ်မှု အမျိုးမျိုးမှ မလွတ်မြောက်ဘဲ ရှိရပါသနည်း။ ဗုဒ္ဓရဲ့ တရားတော်ကြောင့် တပည့်တော်တို့ မြန်မာနိုင်ငံ ချမ်းသာကြွယ်ဝသင့်သည် မဟုတ်ပါလောဘုရား။ ဆရာတော်ရဲ့ အမြင်ကို သိပါရစေ။

စိုးပိုင်၊ နယူးယောက်

---

**အာဂုံဆောင် အစဉ်အလာ**

ဗုဒ္ဓရဲ့ နောက်က အမြဲလိုက်ပါရတဲ့ အရှင်အာနန္ဒာဟာ ခုခေတ် အသံဖမ်းစက်လို ဗုဒ္ဓဟောသမျှ တရားတွေကို စိတ်အာရုံမှာ အတိအကျ မှတ်တမ်းတင်နိုင်ခဲ့တယ်။ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံလို့ သုံးလအကြာ ရဟန္တာ ၅၀၀ ရာ စည်းဝေးပြီး ဗုဒ္ဓဓမ္မကို နိကာယ်အနေနဲ့ ၅ ရပ်၊ ပိဋကတ်အနေနဲ့ သုံးပုံ

လို့ စနစ်တကျ စုစည်းကြတဲ့အခါ အရှင်အာနန္ဒာလည်း ပါတာပေါ့။ အဲဒီ အစည်းအဝေးကပဲ 'အရှင်ဥပါလိကို ဝိနယပိဋက၊ အရှင်အာနန္ဒာကို ဒီဃနိကာယ်၊ အရှင်သာရိပုတ္တာရဲ့ တပည့်တွေကို မဇ္ဈိမနိကာယ်၊ အရှင်မဟာကဿပကို သံယုတ္တနိကာယ်၊ အရှင်အနုရုဒ္ဓါကို အင်္ဂုတ္တရနိကာယ်ကို သင်ကြားပေးဖို့ တာဝန်ပေးခဲ့တယ် (ဒီ-ဋ္ဌ ၁၊ ၁၅)'။

ခုဒ္ဒကနိကာယ်ကို မည်သူ့အား တာဝန်ပေးကြောင်း မသိရပေမယ့် အဘိဓမ္မာပိဋကကိုတော့ အရှင်သာရိပုတ္တာရဲ့ တပည့်တွေကပဲ တာဝန်ယူပို့ချခဲ့ကြဖွယ်ရှိပါတယ်။ သင်ကြားပုံက ကျောက်သင်ပုန်းနဲ့ ပေရွက်နဲ့ မဟုတ်ဘူး။ မူရင်း ပါဠိတော်ကို ဆရာက နှုတ်တိုက်ချပေးလိုက်၊ အဲဒီ ပါဠိတော်ရဲ့ အနက်အဓိပ္ပာယ်ကို ရှင်းပြလိုက်နဲ့ တပည့်တွေကို သင်ပေးကြတာ။ ဆရာစဉ်ဆက် ဒီလိုပဲ ပို့ချလာလိုက်တာ အသောကမင်းလက်ထက် တတိယသံဂါယနာ တင်ချိန်ထိ အိန္ဒိယမှာ ဆရာစဉ် ငါးဆက် (နှစ်ပေါင်း ၂၃၀) ကျော် ကြာတယ်။

အာဂုံဆောင်တာဟာ စာကြည့်တိုက်က စာအုပ်တွေထက် အားကိုးရတယ်ဆိုတဲ့ သီအိုရီကို ကြားဖူးပါတယ်။ ဟုတ်တာပေါ့၊ စာကြည့်တိုက်ကို မီးလောင်ရင် နာရီပိုင်းအတွင်း စာအုပ်တွေ ပျက်စီးသွားနိုင်တာပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ်ကျော်လောက်တုန်းက ကွက်စိပ်ဟောဆရာ ဦးလေးဝမ်းကွဲ နှုတ်တိုက် သင်ပေးခဲ့တဲ့ ပဒုမပေါင်တိုဇာတ်ထဲက စာသားတစ်ချို့ကို ဘုန်းကြီး ယနေ့တိုင် ဦးလေးရဲ့ လေယူလေသိမ်းအတိုင်း အလွတ်ရနေပါတယ်။ ငယ်ငယ်က ရေးကူးထားတဲ့ စာအုပ်ကတော့ ပျောက်ပျက်သွားပါပြီ။ ဒါကိုကြည့်ရင် အဲဒီ သီအိုရီကို ထောက်ခံရပါလိမ့်မယ်။

## ဗုဒ္ဓဓမ္မကို အက္ခရာနဲ့ ရေးချိန်

အသောကမင်းရဲ့ သားတော် အရှင်မဟိန္ဒ ဦးဆောင်တဲ့ မထေရ်ငါးပါးဟာ တတိယသံဂါယနာမှာ အတည်ပြုတဲ့ ပိဋကတ်သုံးပုံနဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် (အဋ္ဌကထာ)တွေကို ဗုဒ္ဓလွန်ပြီး ၂၃၆ နှစ်အကြာ (မဟာဝံသ မှတ်တမ်းအရ) မှာ အိန္ဒိယကနေ သီဟိုဠ်ကို နှုတ်နဲ့ပဲ သယ်ယူခဲ့ကြ

တယ်။ အရှင်မဟိန္ဒဟာ သီဟိုဠ် အနုရာဓမြို့မှာ မဟာဝိဟာရကျောင်းတိုက်ကြီးကို တည်ထောင်တယ်။ အဲဒီကျောင်းတိုက်ကြီးမှာပဲ အိန္ဒိယက အမွေရခဲ့တဲ့ ပိဋကတ်သုံးပုံနဲ့ အဋ္ဌကထာတွေကို နောက်ထပ် နှစ်ပေါင်း နှစ်ရာကျော်ကြာ ဆရာစဉ်ဆက် နှုတ်တိုက် ပို့ချခဲ့ကြတယ်။ ဒီအချိန်ထိ ဗုဒ္ဓဓမ္မကို အက္ခရာနဲ့ မရေးရသေးဘူး။ ဝဋ္ဋဂါမဏိမင်းလက်ထက် (ဘီစီ ၂၉-၁၇) သီဟိုဠ်မှာ ကြီးမားတဲ့ စစ်မက်ဘေး၊ ငတ်မွတ်ခေါင်းပါးဘေးတွေနဲ့ ကြုံလို့ ပါဠိ အဋ္ဌကထာကို နှုတ်လွတ်ဆောင်ဖို့ ခဲယဉ်းတာကို ရဟန္တာမထေရ်ကြီးတွေ သတိပြုမိသွားပြီး ပိဋကတ်သုံးပုံနဲ့ အဋ္ဌကထာကို ပေပေါ်မှာ ရေးတင်ပါတယ်။ ဒါကို စတုတ္ထသံဂါယနာတင်တာလို့လည်း ခေါ်ပါတယ်။ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန် စံလွန်ပြီးနောက် နှစ်ပေါင်း ၄၅၀ လောက် အကြာမှာလို့ အကြမ်းဖြင်း ဆိုနိုင်ပါတယ်။

**သုံးသပ်ချက် နှစ်မျိုး**

၁) အဲဒီလောက် ကြာတဲ့ နှစ်ကာလအတွင်း ထေရဝါဒ မဟုတ်တဲ့ စာပိုဒ်တွေ အယူအဆတွေ သုတ္တန်တွေ ပိဋကတ်သုံးပုံထဲမှာ မရောနှောဘဲ ရှိပါ့မလား၊ စတုတ္ထသံဂါယနာမှာ ရေးတင်တယ်ဆိုတဲ့ ပိဋကတ်သုံးပုံကော ယနေ့ခေတ် ပိဋကတ်သုံးပုံနဲ့ ဘယ်လောက်များ တူညီနိုင်ပါ့မလဲလို့ အနောက်တိုင်းသားတွေက ဝေဖန်လေ့ရှိပါတယ်။ သမိုင်းရှုထောင့်နဲ့ သုတေသနအမြင်အရ အဲဒီလို ဝေဖန်ခွင့် ရှိပါတယ်။

ဒါပေမယ့် ၎င်းတို့အနေနဲ့ 'ဘုရားသခင်က တမန်တော်တွေကို ကျမ်းမြတ်တွေ သင်ပေးတာကို တမန်တော်တွေက ရေးမှတ်ထားတယ်' ဆိုတာကို မျက်စိမှိတ် ယုံကြည်နိုင်ပေမယ့် ဗုဒ္ဓရဲ့ တပည့်တွေက ဗုဒ္ဓဟောတဲ့ တရားတွေကို တိတိကျကျ အာဂုံဆောင်လာတယ် ဆိုတာကိုတော့ မယုံကြည်နိုင်ဘဲ ဖြစ်နေတယ်လို့တော့ ထောက်ပြရလိမ့်မယ်။

၂) ရဟန္တာကြီး အရှင်မောဂ္ဂလ္လာန် မထေရ်ဟာ ဓားပြတွေ ရိုက်နှက်လို့ရတဲ့ သေလောက်အောင် ပြင်းထန်တဲ့ ဒဏ်ရာကို ဖလသမာပတ်သမာဓိနဲ့ တည်ငြိမ်စွာ သည်းခံနိုင်တယ်။ (အနောက်တိုင်းသား ဆရာဝန်တစ်ယောက်တောင် လူနာကို သတိပဋ္ဌာန်နည်းနဲ့ တရားမှတ်ခိုင်းပြီး

စမ်းသပ် ခွဲစိတ်တယ်ဆိုတဲ့ သတင်းကို မကြာခင်က ဖတ်ရတယ်)။ ဗုဒ္ဓဓမ္မကို နှုတ်ငုံဆောင်ကြတဲ့ ဗုဒ္ဓရဲ့ တပည့်တွေဆိုတာက အဲဒီလို ပုဂ္ဂိုလ်တွေပါ။ ရန်သူတွေ နှိပ်စက်ခံရလို့ အသက်ကုန်ခါနီးမှာ 'ကြီးသော အသံ'နှင့် အဖဘုရားသခင်ကို အော်ဟစ် တမ်းတတဲ့ တမန်တော်၊ စစ်တိုက်တဲ့ တမန်တော်တွေမှာ အဲဒီလို အထက်တန်းကျတဲ့ စိတ်ပိုင်းဘာဝလေ့ကျင့်မှု အရည်အချင်းမျိုး မရှိလို့ ဘုရားသခင်က ပေးတယ်ဆိုတဲ့ ကျမ်းမြတ်တွေမှာလည်း လောဘရိပ်၊ ဒေါသရိပ်၊ မောဟရိပ်တွေ များစွာ လွှမ်းမိုးနေတာကို တွေ့နိုင်ပါတယ်။

## ဗုဒ္ဓဝါဒီ ပညာရှင်ရဲ့ အမြင်

'အရှင်မဟာဗုဒ္ဓဃောသနဲ့ တရုတ်ရဟန်းတော် ဖာဟီယန်တို့ အေဒီ ငါးရာစုမှာ အိန္ဒိယကနေ သီဟိုဠ်ကို ရောက်လာကြတာဟာ (သီဟိုဠ်မှာ ရှိနေတဲ့) လက်ရှိပိဋကတ်ကို ရှေးဟောင်း ထေရဝါဒ အမှန်ဖြစ်တယ်လို့ ယုံ ကြည်ကြလို့ပဲ။ ထေရဝါဒ ရဟန်းတော်တွေဟာ စကားလုံး တစ်လုံးတလေရဲ့ သန့်ရှင်းမှု (အနက်အဓိပ္ပာယ် မချွတ်ယွင်းစေမှု) ကိုပင် အထူးဂရုစိုက်ကြတယ်ဆိုတဲ့ ရှုထောင့်ကနေ ကြည့်ရင် ပိဋကတ်ကျမ်းစာတွေဟာ အထည်ကိုယ်အနေနဲ့ တစ်စုံတစ်ရာ ပြောင်းလဲခြင်း ဖြစ်နိုင်ဖွယ် မရှိ (Malalasekera, *Pali Literatur of Ceylon*, p. 44)'။

## ဂိုဏ်းကွဲတာ ဘာကြောင့်

ဗုဒ္ဓဝါဒမှာ ဂိုဏ်းကွဲရတာဟာ ဓမ္မရေးရာ အဓိပ္ပာယ်ကောက်ယူမှု မတူတာက စတင်ခဲ့တာ မဟုတ်ဘူး။ ဝိနယအယူအဆနဲ့ လိုက်နာကျင့်ကြံရေး အလျော့အတင်း အတိမ်အနက် ကွဲပြားတာက စတင်ခဲ့တာပါ။ ဂိုဏ်းကွဲပြီးနောက် ဓမ္မရေးရာ အယူအဆတွေလည်း တဖြည်းဖြည်း ကွဲလွဲ သွားတယ်။ ဒါတောင် အခြေခံဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်၊ ဘဝသံသရာ ယူဆချက်တွေဟာ အတူတူပဲ။ ယုံကြည်မှုသို့မဟုတ် ဗုဒ္ဓဘာသာ ဟူသောအကြောင်းကြောင့် ဗုဒ္ဓဝါဒီတွေ အချင်းချင်း စစ်မက်ဖြစ်ခြင်း ရာဇဝင်မှာ မရှိဖူးပါဘူး။

## မြန်မာပြည် ဘာကြောင့် ဆင်းရဲ

ကမ္ဘာပေါ်မှာ မြန်မာတွေလောက် ဘယ်သူမှ ဗုဒ္ဓဝါဒကို မယုံကြည် မကိုးကွယ်ပါဘူးဆိုတာကို ဘုန်းကြီး လက်မခံဘူး။ အနည်းဆုံး သီရိလင်္ကာနဲ့ ထိုင်းလောက်ကို သွားပြီး စနစ်တကျ လေ့လာကြည့်ပါ။ ဗုဒ္ဓဝါဒဆိုင်ရာ သမိုင်းအရရော ယုံကြည်မှုအရပါ မြန်မာနိုင်ငံအောက် မညံ့ဘူးဆိုတာကို တွေ့ရပါလိမ့်မယ်။ ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ်လောက်က မုန့်ဟင်းခါး တစ်ပွဲကို ငါးပြားနဲ့ အဝစားနိုင်ခဲ့တာ၊ ရွှေတစ်ကျပ်သားကို နှစ်ရာ့ငါးဆယ်ကျပ် လောက်နဲ့ ဝယ်ယူနိုင်ခဲ့တာတွေကို အမှတ်ရရင် ယခုမြန်မာနိုင်ငံ ဆင်းရဲနေရတာ ဗုဒ္ဓဝါဒနဲ့ မဆိုင်ဘူးလို့ ဆင်ခြင် နားလည်နိုင်ပါလိမ့်မယ်။

နိုင်ငံ ကြီးပွားချမ်းသာအောင်နဲ့ ဖိနှိပ်မှုတွေ လွတ်မြောက်အောင် လုပ်ရမှာက ပုဂ္ဂိုလ်ကိုယ်စီတို့ရဲ့ လုံ့လအားထုတ်မှု၊ ပါဝင်ပတ်သက်မှု အပေါ်မှာပဲ တည်မှီပါလိမ့်မယ်။ ဗုဒ္ဓဟောတဲ့ ကမ္မဝါဒကို ယုံကြည်လက်ခံရင်ပေါ့လေ ... ။ □

## သရဏဂုံမှတ်စု

ဆရာတော် အရှင်ဘုရား၊

ဗုဒ္ဓဘာသာဝင်တွေမှာ သရဏဂုံ ဆောက်တည်မှု အရေးကြီးပါသည် ဘုရား။ သို့ဖြစ်၍ သရဏဂုံ အဓိပ္ပာယ်နှင့်တကွ သရဏဂုံဆောက်တည်ပုံ၊ သရဏဂုံ ပျက်စီးပုံတွေကို သိလိုပါသည်။ ပျက်စီးသွားသည့် သရဏဂုံကို ပြန်လည် ဆောက်တည်လို့ ရပါသလားဘုရား။

ဇာဇာမြဲ့သဲ

-----------------

## သရဏဂုံအဓိပ္ပာယ်

သရဏ = ဗိုခိုရာ အားကိုးရာ (အနေနဲ့) ဂမန = အသိအမှတ်ပြု ဆည်းကပ်ခြင်း။ ဒါကြောင့် အားကိုးရာ အနေနဲ့ ဆည်းကပ်ရမယ့်အရာ သုံးမျိုးကို သရဏဂမန = သရဏဂုံလို့ ခေါ်ပါတယ်။

၁) ဘေးရန်ကို ပယ်ဖျောက်တတ်လို့

၂) ကြောက်ရွံ့ခြင်းကို ပယ်ဖျောက်လို့

၃) မကောင်းတဲ့ လားရာဘဝကို ပယ်ဖျောက်လို့

၄) ကိလေသာ အညစ်အကြေးကို ပယ်ဖျောက်တတ်လို့

ဆိုတဲ့ အကြောင်းလေးမျိုး သို့မဟုတ် ဂုဏ်ရည်လေးမျိုးကြောင့် ဒီသုံးမျိုးကို အားကိုး ကိုးကွယ်ရတာ ဖြစ်ပါတယ်။

(ဆောင်) ဘေးအန္တရာယ်ကို ပယ်၊ အကြောက်ကွယ်၊ အပါယ်မလားရ။
ကိလေညစ်ကြေး ကင်းစင်ဝေး ဆိုရေး သရဏ။

## သရဏဂုံထိုက်ပုံ

မြတ်ဗုဒ္ဓဟာ မိမိကို သေကြောင်းကြံတဲ့ အဇာတသတ်၊ ဒေဝဒတ်နဲ့ သုပ္ပဗုဒ္ဓစတဲ့ ပုဂ္ဂိုလ်တွေကိုတောင် သားတော် ရာဟုလာနဲ့ ထပ်မေတ္တာမျိုး ထားနိုင်ပါတယ်။ ဗုဒ္ဓဟောတဲ့ ပိဋကတ်သုံးပုံထဲမှာ 'ငါ၏ အမည်နာမတော်ကို ကဲ့ရဲ့ ပုတ်ခတ်သူအား သေဒဏ်စီရင်ရမည်'။ 'ရုပ်တု ဆင်းတုကိုးကွယ်သူများကို တွေ့လျှင် နေရာမရွေး (ဓားဖြင့်) နုပ်နုပ်စဉ်းရမည်' စတဲ့ ဟောကြားချက်မျိုး လုံးဝ မပါရှိဘူး။ 'စိတ်ဆိုးသူကို စိတ်မဆိုးဘဲ အောင်နိုင်ရာ၏' လို့သာ ဟောတော်မူပါတယ်။ အဲဒီလို နားလည်ပြီး မေတ္တာရှင်ကြီး ဗုဒ္ဓကို ကိုးကွယ်တာ ဖြစ်ပါတယ်။

ဗုဒ္ဓဟောတဲ့ ဓမ္မအနှစ် ချုပ်က 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား' ဆိုတဲ့ သီလ သမာဓိ ပညာ ကျင့်စဉ်ပါပဲ။ 'ကိုယ့်နံကိုချီးလို့ သူ့နံရိုးကို ပြန်ချိုး'ရင် ရန်မငြိမ်းနိုင်ဘူး။ နောက်

နံရိုး တစ်ချောင်းကို ထပ်ချိုးပါလို့လည်း ပြောစရာ မလိုပါဘူး။ မဇ္ဈိမပဋိပဒါ ကျင့်စဉ်အရ 'ရန်သူကို ရန်တုံ့ပြန် မပြု' ဘဲနေရင် လုံလောက်ပါပြီ။ ဒီနည်းနဲ့ လိုက်နာကျင့်သုံးဖို့ ဓမ္မကို ကိုးကွယ်တာပါပဲ။ အရိယမဂ် လေးပါးထဲက တစ်ပါးပါးကို ရပြီးတဲ့ သံဃာ၊ လောဘ ဒေါသ မောဟငြိမ်းကြောင်းအကျင့်ကို ကျင့်ကြံနေကြလို့ သံဃာကို ကိုးကွယ်တာ။ ရဟန်းကျင့်ဝတ် တစ်ပါးတတ်ရင် လူနတ်ဦးခိုက် ပူဇော်ထိုက်ပါတယ်။ 'ချိုးကင် သိုးကင်ကို အရက်နဲ့ မြည်း'တဲ့ တန်ခိုးရှင်တွေနဲ့ မနှိုင်းသာပါဘူး။

## သရဏဂုံအကျိုး

ကြောက်တာဟာ ဒေါသကြောင့်ပဲ။ ဘုရား ရဟန္တာတွေမှာ ဒေါသကို အရဟတ္တမဂ်နဲ့ အကြွင်းမဲ့ ပယ်ပြီးဖြစ်လို့ အကြောက်တရား မရှိဘူး။ ကိုးကွယ်ခံ ပုဂ္ဂိုလ်က ဒေါသကင်းမှ ကိုးကွယ်သူလည်း အကြောက်ကင်းမှာပေါ့။ သရဏဂုံ သုံးပါးက ညွှန်ပြတဲ့ ငါးပါးသီလောက်ကို လိုက်နာရင် ဒီလူ ယခုဘဝ ချမ်းသာရုံမက သေရင်လဲ အပါယ်မကျဘူး။ ကမ္ဘာပေါ်မှာ စစ်မက်တွေ ဖြစ်ပွားရတာဟာ စိတ်ရဲ့ အညစ်အကြေးတွေကြောင့်ပဲ။ ဘာသာတရားတွေက 'ဖန်ဆင်းရှင်ကို ယုံလိုက်ရုံနဲ့ အဲဒီဖန်ဆင်းရှင်က ကယ်တယ် မစမယ်၊ အပြစ်ကို ခွင့်လွှတ်ပြီး ကောင်းချီး မင်္ဂလာပေးမယ်'လို့ ကတိပေးကြပေမဲ့ စိတ်ထဲက အညစ်အကြေးကို ကုစားမဲ့ နည်းလမ်းကိုတော့ မပေးနိုင်ကြဘူး။

ဗုဒ္ဓဓမ္မမှာ စိတ်ကို ကုစားတဲ့ နည်းကောင်းတွေ အများကြီး ရှိပါတယ်။ ဒါကြောင့်လည်း မျက်မှောက်ခေတ် ရာစုနှစ်တွေမှာ အိမ်ရှေ့မှာ တံခါးခေါက်၍ တစ်မျိုး ပိုက်ဆံငွေကြေး ပြ၍တစ်ဖုံ စည်းရုံးစရာ မလိုဘဲ ဓမ္မရတနာကို ဖွေရှာကြတဲ့ ကမ္ဘာအရပ်ရပ်က ပညာတတ်တွေ ဗုဒ္ဓဓမ္မကို လိုက်နာ ကျင့်သုံးလာကြတာကို တွေ့နိုင်ပါတယ်။

## သရဏဂုံ ဆောက်တည်ပုံ

သရဏဂုံဆောက်တည်ဖို့ ဘာအဆောင်အယောင် ပွဲလမ်းသဘင် ကတိဝန်ခံချက်မှ မလိုဘူး။ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ

သရဏံ ဂစ္ဆာမိ’လို့ နှလုံးသားထဲက စီးဆင်းလာတဲ့ စိတ်အလျဉ်နဲ့ နှုတ်က အလေးအနက် မြွက်ဆိုပြီး ဗုဒ္ဓဓမ္မကို လိုက်နာကျင့်သုံးရင် သရဏဂုံဆောက်တည်တာပဲ။ ဗုဒ္ဓဝါဒီပါလို့ လူသိရှင်ကြား မထုတ်ဖော်တဲ့ အနောက်တိုင်းသား ပညာရှင်တစ်ယောက်က ‘ကျွန်ုပ်ဟာ ပြောမယ် ပြုမယ်ကြံတိုင်း ဗုဒ္ဓဟောတဲ့ မဂ္ဂင်ရှစ်ပါး လမ်းစဉ်ကို နှလုံးသွင်းပြီးမှ ပြောဆို ပြုလုပ်ပါတယ်’လို့ ဆိုဖူးပါတယ်။ ဒီလူကို သရဏဂုံ ဆောက်တည်သူလို့ ယေဘုယျ ဆိုနိုင်တယ်။ ဗုဒ္ဓက ‘ဓမ္မကို သိသူသည် ငါဘုရားကို သိ၏’လို့ ဟောတော်မူပါတယ်။ ‘ငါ အဖဘုရားသခင်ကို သိသူအား ကိုယ်တော်မြတ်က ပြန်၍ သိ၏’ ဆိုတာနဲ့တော့ ဆန့်ကျင်တယ်။

မကြိုက်လို့ စွန့်ပစ်ရုံနဲ့လည်း သရဏဂုံသုံးပါးက ဘာဒဏ်မှ မခတ်ပါဘူး။ သရဏဂုံက ပေးတဲ့ အဆုံးအမကို မလိုက်နာဘဲ ဒုစရိုက်မှုကို ကျူးလွန်ရင်တော့ သူ့အပြစ်ကို သူခံရုံပါပဲ။

## သရဏဂုံ ပျက်ပုံ

ရှိခိုးရုံ အရိုအသေပေးရုံနဲ့ သရဏဂုံ မတည်နိုင်ဘူး။ ဒါကြောင့် ပိတ်ဖြူစကို ချိုင်းကြားပတ်ပြီး ဘုန်းကြီးရှေ့ ပရိသတ်ရှေ့မှာ ထိုင်ပြရုံနဲ့ သရဏဂုံ တည်နေသူလို့ မဆိုနိုင်ဘူး။ ဆရာဖြစ်ဖူးလို့ အမျိုးတော်လို့ ကြောက်လို့ ရှိခိုးရင် သရဏဂုံ မဟုတ်ဘူး။ ဖော်ပြပြီး ဂုဏ်ရည်လေးပါးနဲ့ ပြည့်စုံတယ်လို့ စိတ်ထဲမှာ နှစ်နှစ်ကာကာ နားလည်ပြီး ရှိခိုးကိုးကွယ်မှ သရဏဂုံ မြောက်တယ်။ ‘ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ’လို့ ဆိုတိုင်းမှာ ဒီသရဏဂုံ သုံးပါးဟာ အတုမရှိတဲ့ သီလ သမာဓိ ပညာဂုဏ်နဲ့ ပြည့်စုံတယ်လို့ နှလုံးသွင်းကြည့်ပါ။

သရဏဂုံတည်ပြီးသူဟာ အခြားဘာသာ တစ်ခုကို ယုံကြည်သွားတာနဲ့ သရဏဂုံ ပျက်တယ်။ ဒါပေမယ့် သရဏဂုံတည်နေရင်းနဲ့ အခြားဘာသာက ဆုံးမတဲ့ ‘မိဖကို စောင့်ရှောက်ရမယ်၊ သူ့အိမ်ရာကို မကျူးလွန်ရ’ ဆိုတာမျိုးကို လိုက်နာကျင့်သုံးလို့ သရဏဂုံ မပျက်နိုင်ဘူး။ သေရင်လဲ သရဏဂုံ ပျက်တယ်။ သေလို့ သရဏဂုံပျက်ရင် ပြန်ဆောက်

ဆောက်တည်လို့ မရတော့ဘူး။ ဓမ္မကို မသိခင်က ဝါဒတစ်ပါးကို ပြောင်းပြီးမှ ဓမ္မကို ပြန်လေ့လာ နားလည် သဘောပေါက်လို့ ပြန်ပြီး သရဏဂုံ ဆောက်တည်ရင် ရပါတယ်။

**သရဏဂုံ ညစ်နွမ်းပုံ**

သရဏဂုံသုံးပါးနဲ့ ပတ်သက်ပြီး ယုံမှားသံသယ ဖြစ်ရင် ဥပမာ ဘုရား စစ်မှ စစ်ရဲ့လားလို့ ဒွိဟဖြစ်နေရင်၊ မရိုသေရင်၊ ဂုဏ်ရည်ကို နားမလည် ရင်၊ အမှန်အတိုင်း မသိရင် သရဏဂုံ ညစ်နွမ်းတယ်။ ခွန်အားရှိတဲ့ သရဏဂုံ ဖြစ်မလာနိုင်ဘူး။ ဘာသာခြားဖြစ်တဲ့ အရာရှိ၊ ရှင်ဘုရင်၊ ပညာ သင်ပေးတဲ့ ဆရာ၊ ဆွေမျိုးတွေကို ပူဇော် အရိုအသေပေးလို့ သရဏဂုံ မပျက်ဘူး။ မညစ်နွမ်းဘူး။

အယူဝါဒ အဆုံးအမတစ်ခုရဲ့ အနှစ်သာရကို မဂ္ဂင်ရှစ်ပါးကျင့်စဉ် ဆိုတဲ့ နှုန်းစံနဲ့ တိုင်းတာရမယ်လို့ ဗုဒ္ဓရှင်တော်မြတ် မိန့်မှာပါတယ်။ ဒီ ကျင့်စဉ် ရှိမှသာ ကိလေသာငြိမ်းပြီး ဆင်းရဲဒုက္ခ ကုန်ဆုံးနိုင်ပါတယ်။ သရဏဂုံသုံးပါးမှာ မဂ္ဂင်ရှစ်ပါးကျင့်ရှိကြောင်း အာမခံပါတယ်။ ❑

## ပြဿနာအကြောင်း

လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ရူပဘုံ အရူပဘုံဆိုပြီး ရှိရာမှာ အရူပဘုံကတော့ ရုပ်မရှိဘဲ နာမ်သာ လျှင်ရှိပြီး ပီတိကို ခံစားပြီး နေတယ်လို့ နားလည်ပါတယ် ဘုရား။ ရူပ ဘုံမှာတော့ နာမ်မရှိဘဲ ရုပ်ကြီးပဲ ရှိလို့ ဘာကို ခံစားပါသလဲ ဘုရား။

ကိုလင်း၊ ကိုရီးယား

--------------------

**ရူပဘုံဆိုတာ ရုပ်ရှိတဲ့ဘုံ**

ရူပဘုံမှာ နာမ်မရှိဘဲ ရုပ်ပဲရှိတယ်လို့ ခြွင်းချက်မဲ့ မဆိုနိုင်ဘူး။ ရူပဘုံဆိုတာကို ရုပ်ရှိတဲ့ဘုံလို့ပဲ နားလည်ပါ။ ရူပ ၁၆ ဘုံ ရှိတယ်။ ဒီအထဲမှာ အသညသတ္တလို့ ခေါ်တဲ့ဘုံက ဗြဟ္မာတွေပဲ ပဋိသန္ဓေကစပြီး စုတိ(သေ)ကာလအထိ ဘဝတစ်လျှောက်လုံး နာမ်တရား လုံးဝမဖြစ်ဘဲ ဇီဝိတနဝကလို့ခေါ်တဲ့ ရုပ်ကလာပ်စည်း သက်သက်နဲ့ အသက်ရှင်နေကြတယ် (ကထာဝတ္ထု၊ ၁၉၇)။ ကျန်ရူပ ၁၅ ဘုံမှာ ရုပ်ရောနာမ်ပါ ရှိတယ်။

ရူပဗြဟ္မာတွေရဲ့ ရုပ်သွင် ဘယ်ပုံဆိုတာကိုတော့ ဘုန်းကြီး မသိဘူး။ ဒါပေမဲ့ သူတို့မှာ မျက်စိ နား နှာ လျှာ ကိုယ်တွေက ပုံသဏ္ဌာန်အနေနဲ့ အပြည့်အစုံ (အင်္ဂါနိန္ဒြိယ) ရှိတယ်။ မျက်စိနဲ့ အဆင်းကို မြင်နိုင် နားနဲ့ အသံကို ကြားနိုင်တဲ့ ပသာဒရုပ်တွေ ရှိပေမယ့် နှာခေါင်း လျှာ ကိုယ်တွေကတော့ ပုံသဏ္ဌာန်ပဲရှိပြီး အာရုံခံနိုင်တဲ့ ပသာဒရုပ် မရှိဘူး။ နှာခေါင်း ရှိပေမယ့် အနံ့ မနံဘူး။ လျှာပါပေမယ့် အရသာကို မသိဘူး။ သူတို့ ကိုယ်ကို ထိပေမယ့် မသိဘူး။ ဒါကြောင့် ဘာကို စားသလဲလို့ မေးစရာ မလိုတော့ဘူး။

ရူပဈာန် ငါးပါးကို ရအောင် အားထုတ်ပြီး အဲဒီဈာန်စိတ်နဲ့ သေရင် သူတို့ အားထုတ်ခဲ့တဲ့ အတိုင်းအတာအရ ရူပ ၁၆ ဘုံထဲက တစ်ဘုံဘုံမှာ ဖြစ်ရတယ်လို့ ယေဘုယျ မှတ်ထားလိုက်ပါ။

**ရူပဗြဟ္မာဘဝ ဗဟုသုတ**

ဗဟုသုတအနေနဲ့ နည်းနည်း ဆက်ပြောရရင် အသညသတ္တဗြဟ္မာ့ဘုံမှာ ပုထုဇဉ်တွေပဲ ရှိပြီး တစ်မဂ်တစ်ဖိုလ်ကို ရတဲ့ အရိယာပုဂ္ဂိုလ် မရှိဘူး (အဘိဓမ္မာဝတာရ၊ ၄၅၁ ဂါထာ)။ ကျန် ၁၅ ဘုံထဲက သုဒ္ဓါဝါသငါးဘုံမှာ အနာဂါမ်တွေပဲ ရှိတယ်။ (ဒါကြောင့် ဒီဘုံတွေမှာ ဖြစ်ဖူးပုဂ္ဂိုလ် မရှိဘူး)။ ဝေဟပ္ဖလဘုံနဲ့ အကနိဋ္ဌဘုံတွေမှာ ဖြစ်တဲ့ အရိယာပုဂ္ဂိုလ်တွေကတော့

အဲဒီဘုံတွေမှာပဲ ရဟန္တာဖြစ်တဲ့အထိ နေကြပြီး နောက်ဘုံတွေမှာ ထပ်မဖြစ်ကြတော့ဘူး (အဘိဓမ္မာဝတာရ၊ ၄၅၂ ဂါထာ)။ မဃဒေဝလင်္ကာမှာ ရူပဗြဟ္မာတွေရဲ့ ဘဝကို မန်လည်ဆရာတော်ကြီး သရုပ်ဖော်ပုံက ...

'ယောက်ျားမိန်းမ၊ မဟူစွဘဲ၊ ပုရိသသဏ္ဌာန်၊ ဟန်ပန်ရူပ၊ သွင်သေဌနှင့်၊ ကာမငါးလီ၊ နှိုစိမ်းညှိကို၊ မသိနှလုံး၊ ဗြဟ္မာ့ထုံးဖြင့်၊ ကျင့်သုံးဗြဟ္မစိုရ်၊ ပွားရှုကြံ၍၊ ထိုကိုယ်သက်ဆုံး၊ စံ၍ပြုံးဇို' တဲ့။

## နာမ်ပဲရှိတဲ့ အရူပဘုံ

အရူပဘုံမှာ ရုပ်လုံးဝမရှိဘဲ နာမ်ပဲရှိတယ်။ အရူပလေးဘုံရှိတယ်။ ရူပဈာန် ငါးပါးထဲက စတုတ္ထဈာန်ကို ရပြီးနောက် 'နာမ်သက်သက်ကား၊ ကျိုးပျက်ပူချမ်း၊ မရှိစွမ်းကြောင့်၊ ဆံခြမ်းဒုက္ခ၊ မရနိုင်စွာ၊ ငြိမ်းချမ်းရာ၏၊ ရုပ်သာကေန်၊ ဒုက္ခမှန်' (မဃဒေဝ၊ ပိုဒ် ၄၈၄) လို့ ရုပ်ရဲ့ အပြစ်ကို ရှုပြီး အားထုတ်ရင် ရုပ်မရှိတဲ့ အရူပဈာန်ကို ရတယ်။ အဲဒီဈာန်စိတ်နဲ့ သေရင် အရူပဘုံကို ရောက်တာပဲ။

ဗုဒ္ဓမပွင့်မီက အာဠာရနဲ့ ဥဒကအမည်ရတဲ့ ရသေ့တွေဟာ ဒီအရူပဈာန်စိတ်နဲ့ ကွယ်လွန်ပြီး အရူပဘုံမှာ နာမ်ကိုယ်အနေနဲ့ ဖြစ်နေကြလို့ ဗုဒ္ဓကိုယ်တိုင် တရားဟောခွင့် မရလိုက်ဘူး။ 'အထက်ဘဝဂ် အောက်အဝီစိ'ဆိုရာမှာ ဘဝဂ်ဆိုတာ အရူပလေးဘုံမှာ အမြင့်ဆုံးဘုံ၊ သုံးဆယ့်ဘုံထဲမှာလဲ အမြင့်ဆုံးဘုံပဲ။ ဒီဘုံကို ရောက်နေတဲ့ အရိယာတွေလဲ နောက်ဘုံကို မသွားတော့ဘူး (အဘိဓမ္မာဝတာရ၊ ၄၅၂ ဂါထာ) တဲ့။

## ဗြဟ္မာတွေ ဘာကို စားသလဲ

ဗြဟ္မာတွေ ဘာကိုစားပြီး အသက်ရှင်ကြသလဲ။ 'ဈာန်သုခနှင့်၊ ဘဝသိမ်မွေ့၊ မငွေ့ကာမ၊ ဒုဂ္ဂန္ဓဖြင့်၊ ရာဂစိမ်းသျှော်၊ မညှိစော်ဘဲ၊ အဟော်ဝတ၊ ဩဇာ်သုခဟု၊ စိတ်ချကြည်နူး၊ ဥဒါန်းကျူးလျက်၊ ဝမ်းမြူးရွှင်ပျော်၊ လွန်မွေ့လျော်' (မဃဒေဝ၊ ပိုဒ် ၄၈၆) ဆိုတဲ့ အတိုင်း ဗြဟ္မာတွေဟာ ဈာနသုခ (ဈာန်ဝင်စားလို့ ဖြစ်ပေါ်လာတဲ့ ချမ်းသာ)နဲ့ နေကြတယ်။ လူတွေစားတဲ့ အစားအစာမျိုးကို မစားဘူး။ စားပြီး အရသာခံဖို့ လျှာအကြည်

ဓာတ်လည်း မရှိဘူး။ ပီတိကို စားတယ် (ပီတိဘက္ခာ)ဆိုတာက တင်စား ပြီး ပြောတာ။ အမှန်တော့ မိမိရရှိထားတဲ့ ရှာတ်စိတ်နဲ့ တစ်နည်း ရှာန် စိတ်ထဲမှာ ပါတဲ့ ပီတိနဲ့ မွေ့လျော်နေတယ်လို့ ဆိုလိုပါတယ်။

အသံဆိုတာ ရုပ်ပဲ။ ရုပ်ဆိုတာ နာမ်နဲ့စာရင် အင်မတန် ကြမ်း တမ်း ထင်ရှားပါတယ်။ အဲဒီ ရုပ်ကြမ်းကိုတောင် ဒီဖက်ကမ္ဘာခြမ်းကနေ ဟိုဖက်ကမ္ဘာခြမ်းကို ရောက်အောင် ပို့လွှတ်နိုင်သေးရင် ဝေးကွာ ကျယ် ပြောလှတဲ့ စကြဝဠာ တစ်နေရာမှာ အဲဒီလို သက်ရှိမျိုးတွေ မရှိဘူးလို့ ဘယ်သူဆိုနိုင်မလဲ။ စိတ်ကို နိုင်နင်းတော်မူလွန်းတဲ့ ဗုဒ္ဓရှင်တော်မြတ်က သဗ္ဗညုတဉာဏ်နဲ့ သိပြီး ဟောတော်မူခဲ့တာပါ။ □

## ရဟန်း အာပတ်မဖြေရင်

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ရဟန်းတော်များ အာပတ်သင့်ပြီး အာပတ်ကို မဖြေဘဲထားလျှင် ဘယ် လို အကျိုးတွေ ရပါသလဲဘုရား။

ကိုလင်း၊ ခေတ္တ ကိုရီးယား

---

### အာပတ်သင့်ရင် အပြစ်ရှိတယ်

အာပတ်ဆိုတာ ဖြစ်သွားတာ၊ သင့်ရောက်သွားတာဟု အဓိပ္ပာယ်ရ တယ်။ ရဟန်းတစ်ပါးဟာ ဝိနည်းသိက္ခာပုဒ်တွေကို ချိုးဖောက်လို့ အာ ပတ်သင့်ရင်၊ သင့်တဲ့အာပတ်ကို မဖြေ (မကုစား) ဘဲ ထားရင် အကျိုးမ ရှိဘူး၊ အပြစ်ဘဲ ရှိတယ်။ အပြစ်ကလဲ မိမိသင့်ရောက်တဲ့ အာပတ်အမျိုး

အစား အလေးအပေါ့ ကွာတယ်။ အာပတ် ခုနစ်မျိုးထဲမှာ ပါရာဇိက အာပတ်က အပြစ်အကြီးဆုံး။ ဒီအာပတ်သင့်ရင် ရဟန်းမဟုတ်တော့တဲ့ ပြင် နောက်ထပ် ရဟန်းခံခွင့်လည်း မရှိတော့ဘူး။ ပြတ်ပြီးတဲ့ ဦးခေါင်း ကို ကိုယ်နဲ့ ပြန်ဆက်လို့ မရသလိုပါဘဲ။ အာပတ်ဖြေနည်းက လူထွက် သို့မဟုတ် သာမဏေ ကိုရင်အဖြစ်နဲ့ နေရုံပါပဲ။ မေထုန်မှီဝဲရင် (တိရစ္ဆာန်မနဲ့ပင် မှီဝဲရင်)၊ တစ်မတ်ကို ဖြစ်စေ တစ်မတ်ထက် အထက် ကိုဖြစ်စေ ခိုးရင်၊ လူကိုသတ်ရင် (ကိုယ်ဝန်ကိုပင် ပျက်အောင် ကူညီ ရင်)၊ ဈာန်တရား မဂ်ဖိုလ်တရားကို မရဘဲ ရတယ်လို့ လိမ်ပြောရင် (အ ရိပ်အမြွက်တောင် ပြောရင်) ပါရာဇိက အာပတ်သင့်တယ်။

ဒုတိယ အပြစ်ကြီးတာက သံဃာဒိသေသ်အာပတ် ၁၃ ပါး။ ဒီအာ ပတ်သင့်ရင် ဖုံးလွှမ်းထားတဲ့ ရက်ပမာဏအတိုင်း ပရိဝတ်ဆောက် တည်၊ ခြောက်ရက် မာနတ်ကျင့်၊ ပြီးတော့မှ သံဃာအပါး ၂၀ အတိအ ကျနဲ့ ပုံစံကျ ပြန်တမ်းတွေကို မြွက်ဆိုပြီး ကုစားရတယ်။ ကျန်အာပတ် ငါးမျိုးကိုတော့ ရဟန်းတစ်ပါးထံမှာ 'တပည့်တော် ဤမည်သော အာ ပတ်သင့်တာကို အရှင်ဘုရားအား ဖွင့်ပြောပါတယ်။ အဲဒီ အာပတ်ကိုလဲ ရှု (ဂရုစိုက်)ပါတယ်။ နောင်အခါ အာပတ်မသင့်အောင် စောင့်စည်းပါ့ မယ်'လို့ ဖွင့်ပြောပြီး အာပတ်မသင့်အောင်နေရင် အပြစ်မရှိတော့ဘူး။

## သင့်ပြီးအာပတ်ကို မဖြေဘဲထားရင်

အာပတ်သင့်မှာကို သိလျက်နဲ့ ကျူးလွန်ရင်၊ သင့်ပြီးအာပတ်ကို မကု စားဘဲထားရင်၊ အဲဒီရဟန်းဟာ အလဇ္ဇီ (အရှက်မဲ့သူ) ဖြစ်သွားတယ်။ အလဇ္ဇီကို ဗုဒ္ဓမချီးမွမ်းဘူး။ အာပတ်ကို မရှု (ဂရုမစိုက်)ရင်၊ သင့်ပြီးအာ ပတ်ကို မကုစား (မဖြေဘဲထား) ရင် အဲဒီရဟန်းဟာ သံဃဥပုသ်ပြုတဲ့ အခါ ပါဝင်ခွင့် မရှိဘူး။ ဒါက ဝိနည်းနဲ့ဆိုင်တဲ့ အပြစ်။ ရဟန်းတို့ရဲ့ ဝိ နည်းကို ပါတိမောက္ခလို့ ခေါ်တယ်။ အဲဒီ ပါတိမောက္ခကို လုံခြုံအောင် မစောင့်ထိန်းရင်၊ ပါတိမောက္ခသံဝရသီလနဲ့ မပြည့်စုံလို့ သီလဝိသုဒ္ဓိနဲ့ စိတ္တဝိသုဒ္ဓိတွေ မဖြစ်ဘူး။ ဒီတော့ ကမ္မဋ္ဌာန်း အားထုတ်ပေမဲ့ ဝိပဿနာ ဉာဏ် မရင့်သန်လာနိုင်ဘူး။

**အာပတ်တန်းလန်းနဲ့ သေရင်**

'သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိံ ဝါ'အရ ရဟန်းဟာ အာပတ်တန်းလန်းနဲ့ ကွယ်လွန်ရင် နတ်ရွာနိဗ္ဗာန်နဲ့ ဝေးပြီး အပါယ်ရဲ့ကို ကျရောက်နိုင်တယ်။ ဒါပေမဲ့ အရိယာပုဂ္ဂိုလ်တွေကို စော်ကားသူတွေတောင် ဝန်ချတောင်းပန်ရင် အကုသိုလ် အကျိုးမပေးဘဲ အဟောသိကံ ဖြစ်သွားတာမို့ သင့်ပြီး အာပတ်ကို ဒေသနာကြားရင်၊ စင်ကြယ်အောင် ကုစားရင် အပြစ်မရှိပါဘူး (သာရတ္ထ ၃၊ ၃၇၉)။ ။ □

# ရဟန်းငွေမကိုင်ရ

အရှင်ဘုရား ရှိသေစွာ လျှောက်ထားအပ်ပါသည်၊

ယခုခေတ် ရဟန်းတော်များ ပိုက်ဆံများကို ကိုင်ဆောင်နေပါသည်။ ထိုအရာသည် မည်သည့် ဝိနည်းတော်နှင့် ငြိစွန်းပါသနည်း။ ဒါယကာများအနေဖြင့် ဝိနည်းနှင့် ညီစေရန် မည်ကဲ့သို့ ဆောင်ရွက်သင့်ပါသနည်း။ ဖြေကြားပေးရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်။

မင်းလှိုင်

---

**ငွေအလှူမခံရသိက္ခာပုဒ်**

၁) ရွှေနဲ့ ငွေကြေးအားလုံး (အရောင်းအဝယ်ပြုနိုင်သမျှ)ကို ကိုယ်တိုင် အလှူမခံရ၊ သူတစ်ပါးကိုလဲ အလှူမခံခိုင်းရ၊ အနီးမှာ ချထားတာကို တောင် မသာယာရ (ရူပိယသိက္ခာပုဒ်)

၂) ရွှေငွေကို လဲလှယ်ရောင်းဝယ်ခြင်း မလုပ်ရ (ရူပိယသံဝေါဟာရ သိက္ခာပုဒ်)
၃) အရောင်းအဝယ် မလုပ်ရ၊ ရောင်းလို့ ဝယ်လို့ရတဲ့ ပစ္စည်းကို မသုံးရ (ကယဝိက္ကယသိက္ခာပုဒ်)

အဲဒီသိက္ခာပုဒ်တွေအရ ရဟန်းဟာ ရွှေငွေကို အလှူမခံကောင်း။ ရွှေငွေနဲ့ ရောင်းလို့ ဝယ်လို့ရတဲ့ ပစ္စည်းကိုလည်း မသုံးစွဲကောင်း။ အာပတ်သင့်တဲ့အပြင် အဲဒီပစ္စည်းတွေကိုလည်း စွန့်ပစ်ရတယ်။ ဥပမာ ငွေကို အလှူခံထားရင် သို့မဟုတ် ကိုယ်လိုချင်တဲ့ ပစ္စည်းတစ်ခုကို ငွေနဲ့ ဝယ်ယူ ရင် ၁) ပါစိတ်လို့ ခေါ်တဲ့ အာပတ်သင့်တယ် ၂) အဲဒီငွေနဲ့ ဝယ်တဲ့ ပစ္စည်းကိုလည်း တစ်ယောက်ယောက်ကို စွန့်ပစ်ရတယ်။

**ငွေကြေးကို အလှူခံနည်း**

ငွေအလှူရှင်ဟာ ရဟန်းရဲ့ အလုပ်အကျွေး (ကပ္ပိယ)ဆီမှာ အလှူငွေကို ပေးအပ်ပြီး 'အရှင်ဘုရား လိုတာကို ဒီဒကာဆီမှာ အလှူခံပါ' လျှောက်ထားရတယ်။ ရဟန်းက အဲဒီကပ္ပိယဆီမှာ ရဟန်းတို့ အပ်စပ်တဲ့ ပစ္စည်းကို အလှူခံနိုင်တယ်။ ကပ္ပိယက ငွေကို မပေးဘဲထားရင် အလှူရှင်ဒကာကို ပုံစံကျ တိုင်ကြားခွင့်တော့ ရှိတယ်။

စပ်မိလို့ ပြောရအုံးမယ်။ ဘုန်းကြီး ကိုရင်ဘဝနဲ့ စာသင်တိုက်ကိုကို ရောက်တော့ ဝိနည်းနဲ့ အညီနေရမယ်ဆိုတဲ့ ကျောင်းတိုက် စည်းကမ်းအရ ကိုယ့်ကပ္ပိယကို ကိုယ်ရှာရတယ်။ ဒါနဲ့ ဘုန်းကြီးကျောင်းမှာ နေတဲ့ အသက် ၁၅ အရွယ် မောင်ဖိုးတာကို ကပ္ပိယခန့်ပြီး စာသင်လာခါနီး ရွာကမိဘတွေ ပေးလိုက် ငွေ ၃၂၈ ကျပ်ကို အပ်ထား လိုက်ပါတယ်။ တစ်ဝါတွင်းလုံး ဘာမှ မသုံးဖြစ်ပါဘူး။ ဒါပေမယ့် သီတင်းကျွတ် လပြည့်ကျော် နှစ်ရက်နေ့မှာ ရွာကိုတစ်ညအိပ် ပြန်မယ်ဆိုပြီး မောင်ဖိုးတာ ပျောက်သွားလိုက်တာ ယနေ့ထိပါပဲ။ ကိုရင်သုံးပါး အပ်ထားတဲ့ ငွေခုနစ်ရာကျော်ကို မောင်ဖိုးတာ 'လစ်'သွားပါတယ်။ တစ်ပြားမှ ပြန်မရဘူး။ ဒီကိစ္စကို ကျောင်းတိုက်ကလည်း တာဝန် မယူပါဘူး။

## ပြောင်းလဲနေတဲ့ လူ့အဖွဲ့အစည်း

ရဟန်းတွေဟာ ဂန္ထဓုရ (စာသင်စာချ)နဲ့ ဝိပဿနာဓုရ (ကမ္မဋ္ဌာန်းအားထုတ်) တာဝန် နှစ်မျိုးကိုပဲ လုပ်ပါတယ်။ ဒါပေမယ့် အခြားဘာသာက ဘုန်းကြီးတွေလို အိမ်ထောင်နဲ့ လစာယူပြီး လုပ်တာမျိုး မဟုတ်ပါဘူး။ ဝင်ငွေရတဲ့ အလုပ်ကို မလုပ်ပါဘူး။ အဲဒီတာဝန်နှစ်ပါးကို လုပ်နိုင်ဖို့ လူတွေက ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးနဲ့ ထောက်ပံ့ကြပါတယ်။ ရဟန်းတွေရဲ့ တာဝန်က လူတွေကို စိတ်ပိုင်းဘဝ လေ့ကျင့်မှုကို သင်ပေးခြင်းပါပဲ။ ဒါပေမယ့် လူ့အဖွဲ့အစည်း ပြောင်းလဲလာတဲ့အခါ ရဟန်းတွေလည်း ထုံးစံကို တစ်သဝေမတိမ်း လိုက်နာကျင့်သုံးဖို့ ခက်ခဲလာတဲ့ သဘာဝအခြေအနေကို ပညာရှိ ဗုဒ္ဓဝါဒီတို့ နားလည်ပေးသင့်ပါတယ်။ ‘ယခုခေတ် ရဟန်းတော်များ ပိုက်ဆံများကို ကိုင်ဆောင်နေပါသည်’နဲ့ ပတ်သက်လို့ မလေးရှားနိုင်ငံမှာ နှစ်ပေါင်းအကြာကြီး ဗုဒ္ဓသာသနာပြုသွားတဲ့ သီဟိုဠ်ဆရာတော်ကြီး ဒေါက်တာ သိရိဓမ္မနန္ဒမထေရ်ရဲ့ အယူအဆ သဘောထားကို ဖတ်ကြည့်ပါ ...

‘လူတစ်ချို့ဟာ ရဟန်းတွေကို ငွေကြေးကိုင်ဆောင်တာနဲ့ ပတ်သက်ပြီး ဝေဖန်ကြတယ်။ ခေတ်သစ် လူ့အဖွဲ့အစည်းမှာ ငွေကြေးနဲ့ ပတ်သက်မှု မရှိဘဲ ရဟန်းတွေဟာ မိမိတို့ရဲ့ ဘာသာရေးကိစ္စ ဆောင်ရွက်ဖို့နဲ့ သက်ဝင်လှုပ်ရှားနေဖို့ ခက်ပါတယ်။ ရဟန်းတွေ လုပ်ရမှာက ငွေကြေးကို ဖြစ်စေ ပစ္စည်းဝတ္ထုကို ဖြစ်စေ တစ်ကိုယ်ရေ ပိုင်ဆိုင်မှု အနေနဲ့ မတပ်မက်ဖို့ပါဘဲ။ ဒါဟာ ဗုဒ္ဓရဲ့ အာဘော်ပါ ...

‘တောထွက် ကမ္မဋ္ဌာန်းအားထုတ်ပြီး လူ့အဖွဲ့အစည်းနဲ့ လုံးဝကင်းဝေးလိုတဲ့ ရဟန်းတွေက လောကီ အနှောင်အဖွဲ့ မရှိဘဲ နေနိုင်ပါတယ်။ ဒါတောင် ဆွမ်းကွမ်း နေစရာနဲ့ ဆေးဝါး အထောက်အပံ့တွေတော့ ရှိရပါလိမ့်မယ်။ တစ်ချိန်တည်းမှာ လူ့အဖွဲ့အစည်းရဲ့ စိတ်ပိုင်းဘဝ လိုအပ်ချက်ကို ဖြည့်စည်းပေးမယ့် ရဟန်းတွေလည်း လူတွေနဲ့အတူ ရှိရပါမယ်။ ဒီလိုမဟုတ်ရင် ဗုဒ္ဓဘာသာဟာ လူမှုနေ့စဉ် ဘဝနဲ့ ကင်းကွာသွားမှာပေါ့ (Dr.K. Sri Dhammasiri, *What Buddhists Believe*, p. 154)’။

**တန်မဆောင်ပါနဲ့**

ရဟန်းကောင်းရဲ့ လက္ခဏာတွေက စင်ကြယ်ခြင်း ပစ္စည်းမဲ့ခြင်း နှိမ့်ချခြင်း ရိုးသားခြင်း ကိုယ်ကျိုးစွန့် ဆောင်ရွက်ခြင်း ကိုယ့်ကိုယ်ကို ထိန်းချုပ်ခြင်း သည်းခံခြင်း ကရုဏာ အကြင်နာပြယုဂ်တို့ ဖြစ်ပါတယ်။ ရဟန်းဟာ လာဘ်ရအောင်လို့ လာဘ်ကို ရှောင်ပြတာမျိုး မဖြစ်သင့်ဘူး။

ငွေမကိုင်ဘူးဆိုတဲ့ တောထွက်ကိုယ်တော် တစ်ပါးနဲ့ ဆုံဘူးပါတယ်။ ဆွမ်းစား အလှူတစ်ခုကို သွားတော့ ထုံးစံအတိုင်း ငွေအလှူ မခံ ငွေမကိုင်ဘူးပေါ့။ အရှင်ဘုရား အလိုရှိတာကို အလှူခံပါဘုရားဆိုတော့ ‘ကိစ္စမရှိပါဘူး၊ လိုမှ ပြောတာပေါ့’တဲ့။ နောက်နှစ်ရက်လောက် အကြာမှာ အဲဒီ ဆွမ်းကျွေးဒကာကို ဖုန်းဆက်ပြီး ပြောတယ် ‘ကျောင်းမှာ အသုံးလိုလို့ ကွန်ပျူတာ တစ်လုံးလှူပါ’တဲ့။ ဆက်ပြောသေးတယ် ‘ကွန်ပျူတာ လှူရင် ပရင်တာလည်း မမေ့နဲ့နော်’တဲ့။

ကြည်ညိုတဲ့ ဒကာဒကာမ အသိုင်းအဝိုင်းနဲ့ အမှန်တကယ် ကျင့်ကြံနိုင်တဲ့ အခြေအနေနဲ့ အရှိန်အဝါ ရှိတော်မူကြတဲ့ ဆရာတော်ကြီးတွေကတော့ ဒီနေရာမှာ ခြွင်းချက်ပေါ့။ ❑

## ကိလေသာ (၁၀) ပါးမှာ မိဒ္ဓ မပါ

အရှင်ဘုရား ရှိသေစွာ လျှောက်ထားအပ်ပါသည်၊

တပည့်တော်သည် မိမိအိမ်တွင်သာ အဘိဓမ္မာတရားကို လေ့လာနေသူဖြစ်ပါသည်။ တပည့်တော် မရှင်းသည့် အချက်မှာ အကုသိုလ် စေတသိက် ၁၄ ပါးကို ကိလေသာ ၁၀ ပါး ဖွဲ့ရာတွင် ဣဿာ၊ မစ္ဆရိယ၊ မိဒ္ဓနှင့် ကုက္ကုစ္စတို့ အဘယ်ကြောင့် မပါဝင်ရသည်ကို အကျယ်တဝင့် ရှင်းပြတော်မူပါ အရှင်ဘုရား။

ရှိသေစွာဖြင့် ရဲမင်းထွန်း

---

## အကုသိုလ် စေတသိက် ၁၄ ပါး

၁၊ မောဟ = အမှန်သဘောကို ဖုံးကွယ် ၂၊ အဟိရိက = မကောင်းမှု လုပ်ဖို့ မရှက် ၃၊ အနောတ္တပ္ပ = မကောင်းမှု လုပ်ဖို့ မကြောက် ၄၊ ဥဒ္ဓစ္စ = စိတ်ပျံ့လွင့် ၅၊ လောဘ = လောကီအာရုံကို တွယ်တာတပ်မက် ၆၊ ဒိဋ္ဌိ = မှားယွင်းစွာ သိမြင် ၇၊ မာန = ထောင်လွှား

၈၊ ဒေါသ = ခက်ထန် ၉၊ ဣဿာ = သူတစ်ပါးစည်းစိမ်ကို မနာလို ၁၀၊ မစ္ဆရိယ = ကိုယ့်စည်းစိမ်ကို တွန့်တို ၁၁၊ ကုက္ကုစ္စ = (မကောင်းတာ လုပ်မိ၊ ကောင်းတာ မလုပ်မိလို့) နောင်တပူပန် ၁၂ = ထိန = စိတ်မလန်း ထိုင်းမှိုင်း ၁၃၊ မိဒ္ဓ = ယှဉ်ဘက်စေတသိက်တွေ မလန်း ထိုင်းမှိုင်း ၁၄၊ ဝိစိကိစ္ဆာ = ရတနာသုံးပါး ကံကံ၏ အကျိုးပေးကို မယုံ

## အုပ်စုလိုက် နာမည် ၉ မျိုး

အဲဒီ အကုသိုလ်စေတသိက် ၁၄ ပါးကို အဘိဓမ္မတ္ထသင်္ဂဟကျမ်း သမုစ္စည်းပိုင်း အကုသလသင်္ဂဟမှာ အုပ်စုလိုက် နာမည် ၉ မျိုးနှင့် ခွဲခြားပြီး ဖော်ပြတယ်။

၁၊ အာသဝ = ခန္ဓာအစဉ်မှာ ကြာမြင့်စွာ စိမ်နေတဲ့တရား ၄ ပါး
၂၊ ဩဃ = ရေအလျဉ်လို လွှမ်းမိုး ဖိသတ်တတ်တဲ့တရား ၄ ပါး
၃၊ ယောဂ = ဝဋ်ဆင်းရဲမှာ တွယ်ကပ်စေတဲ့တရား ၄ ပါး
၄၊ ဂန္ထ = ဝဋ်ဆင်းရဲ တစ်ခုနဲ့ တစ်ခုကို ချိတ်ပေးတဲ့တရား ၄ ပါး
၅၊ ဥပါဒါန် = မြွေက ဖားကိုဖမ်းထားသလို စွဲလမ်းစေတဲ့တရား ၄ ပါး
၆၊ နီဝရဏ = ဈာန်စတဲ့ ကုသိုလ်ကို ပိတ်ပင်တတ်တဲ့တရား -၅ ပါး
၇၊ အနုသယ = သတ္တဝါတို့ သန္တာန်မှာ အမြဲကိန်းနေတဲ့တရား ၇ ပါး
၈၊ သံယောဇဉ် = ဘဝသံသရာမှာ ဖွဲ့ချည်တတ်တဲ့တရား ၁၀ ပါး
၉၊ ကိလေသာ = စိတ်ကို ညစ်ပေစေတတ်တဲ့တရား ၁၀ ပါး

ဒီအုပ်စုနာမည် ၉ မျိုးကို 'အာ၊ သြ၊ ယော၊ ဂန်၊ ဒါန်၊ နီ၊ နု၊ သံ၊ ကိ'လို့ အတိုမှတ်ပါ။ အာ = အာသဝ၊ သြ = သြဃ စသည်လို့ နားလည်ပါ။ အာ သြ ယော ဂန် တို့ရဲ့ တရားကိုယ်က လောဘ ဒေါသ ဒိဋ္ဌိ ၃ ပါး။ ဥပါဒါန် ၄ မျိုးက လောဘ ဒိဋ္ဌိ။ နီဝရဏ ၅ ပါးက လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟလို့ တရားကိုယ် ၈ ပါး (ထိနမိဒ္ဓ နဲ့ ဥဒ္ဓစ္စကုက္ကုစ္စ တို့ကို တစ်မျိုးစီယူ)။ အနုသယတွေက လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟ ၇ ပါး။ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မောဟလို့ သံယောဇဉ် တရားကိုယ် ၇ ပါး။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပလို့ ကိလေသာတရားကိုယ် ၁၀ ပါး။

## စေတသိက် ၁၄ နှင့် နာမည်အုပ်စု ၉ ကို တွဲစပ်ခြင်း

လောဘစေတသိက်ကို အုပ်စုနာမည် ၉ မျိုးလုံးနဲ့ တွေ့ရတယ်။ ဒိဋ္ဌိစေတသိက်က 'နီ'မှတစ်ပါး ကျန် အုပ်စုနာမည် ၈ မျိုးနဲ့ တွေ့ရလို့ ဗုဒ္ဓဝါဒီ မဟုတ်သူအချို့ လူ့ဒါန်းခြင်းစတဲ့ သာသနာပ ကုသိုလ်လောက်တော့ လုပ်နိုင်ကြတာကို တွေ့နိုင်ပါတယ်။ မောဟက ဂန်၊ ဒါန် မှ တစ်ပါး ကျန် ၇ မျိုး။ ဒေါသက ဂန်၊ နီ၊ နု၊ သံ၊ ကိ နာမည် ၅ မျိုး။ ဝိစိကိစ္ဆာက နီ၊ နု သံ၊ ကိ ၄ မျိုး။ မာနက နု၊ သံ၊ ကိ ၃ မျိုး။ ဥဒ္ဓစ္စက နီ၊ သံ၊ ကိ ၃ မျိုး။ ထိနက နီ၊ ကိ ၂ မျိုး။ ကုက္ကုစ္စက နီ ၁ မျိုး။ မိဒ္ဓက နီ ၁ မျိုး။ အဟိရိကနဲ့ အနောတ္တပ္ပက ကိ ၁ မျိုးစီ။ ဣဿာနဲ့ မစ္ဆရိယက သံ ၁ မျိုးစီ နာမည်နဲ့ ထင်ရှားပါတယ်။

ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စဟာ သာမန်ဆိုရင် တူသယောင်ရှိပေမဲ့ လုပ်ဆောင်ချက်နဲ့ ယှဉ်ရာစိတ် (ဥဒ္ဓစ္စက အကုသိုလ် ၁၂၊ ကုက္ကုစ္စက ဒေါမနဿစိတ် ၂) မတူလို့ ဥဒ္ဓစ္စက အုပ်စုနာမည် ၃ မျိုး ကုက္ကုစ္စက ၁ မျိုးပဲ ရတယ်။

## ကိလေသာထဲမှာ မိဒ္ဓမပါ

ထိနက စိတ်ရဲ့ ထိုင်းမှိုင်းတာ ဖြစ်လို့ ကုသိုလ်ကို နီ (နီဝရဏ)နဲ့ ကိ

(ကိလေသာ) ဆိုတဲ့ အုပ်စုနာမည် ၂ မျိုးနဲ့ ထင်ရှားပြီး မိဒ္ဓကတော့ စေတသိက်တို့ရဲ့ ထိုင်းမှိုင်းတာဖြစ်လို့ နီ (နီဝရဏ) အမည် ၁ မျိုးနဲ့ပဲ ထင်ရှားပါတယ်။ ထိန (စိတ်ထိုင်းမှိုင်းမှု) မဖြစ်ပေါ်ရင် မိဒ္ဓ (စေတသိက်တွေ ထိုင်းမှိုင်းမှု)လည်း မဖြစ်လာတော့ဘူးလို့ ဆိုလိုတဲ့ သဘောပါ။

**ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ**

စိတ်ထဲမှာ ဣဿာ (သူတစ်ပါးပစ္စည်းကို မနာလို) ဖြစ်လာရင် ထိုလူကို စိတ်ဆိုး အငြိုးသိုပြီး စိတ်ကတစ်ဆင့် နှုတ်ပေါ်မှာ ကိုယ်ပေါ်မှာ လုပ်ဆောင်မှု (ကံ) တွေ ဖြစ်လာတယ်။ အဲဒါရဲ့ ထင်ရှားတဲ့ အကျိုးက ချည်နှောင်ခြင်းပဲ။ ကိုယ့်ကိုယ်လည်း တုပ်ချည်တယ်၊ ကိုယ်နဲ့ သူတစ်ပါး ကိုလည်း တံပိုးမှာ ချည်ထားတဲ့ နွားနှစ်ကောင်လို နှောင်ဖွဲ့တယ်။ ဒါကြောင့် ဣဿာ မစ္ဆရိယ စေတသိက်နှစ်ပါးဟာ သံ(သံယောဇဉ်) အမည်နဲ့ ပိုပြီး ထင်ရှားတာ ဖြစ်ပါတယ်။

ကုက္ကုစ္စ (နောင်တပူပန်မှု)လည်း ဒေါသစိတ်(စိတ်ဆိုးမှု)နဲ့ အတူဖြစ်တဲ့ စေတသိက်ပါပဲ။ ဒါပေမယ့် ကုက္ကုစ္စ လွှမ်းမိုးနေရင် ပထမဆုံးဖြစ်ပေါ်လာတဲ့ အကျိုးရင်းက ကုသိုလ်ကို မလုပ်နိုင်တာပဲ။ ဒါကြောင့် ကုသိုလ် မဖြစ်အောင် တားဆီးခြင်းလို့ အဓိပ္ပာယ်ရှိတဲ့ နီ(နီဝရဏ) နာမည်နဲ့ပဲ ထင်ရှားတာ။

**လုပ်ဆောင်ချက်မတူလို့**

လိုရင်းက စေတသိက် ၁၄ ပါးရဲ့ သဘာဝ၊ လုပ်ဆောင်ချက် ဒီဂရီ အနိမ့်အမြင့်၊ အကျိုးဆက်နဲ့ အကြောင်းရင်းတွေ ခြားနားလို့ အုပ်စုခွဲပြီး နာမည်ပေးရာမှာ ခြားနားသွား (တစ်ချို့ ပါ တစ်ချို့ မပါဖြစ်) ရပါတယ်။ လောဘ တစ်ခုတည်းကိုပဲ တဏှာ၊ ရာဂ၊ ပေမ၊ သမုဒယစတဲ့ နာမည်တွေနဲ့ ဟောထားတာတွေလည်း ရှိပါတယ်။ ကြားနာတဲ့ ပုဂ္ဂိုလ်တွေရဲ့ စရိုက် အကြိုက်ကို ကြည့်ပြီး မြတ်ဗုဒ္ဓက အဲဒီလို အမည်အမျိုးမျိုး ခွဲခြားပုံ အထွေထွေနဲ့ ဟောကြားတော်မူတာပါ။ □



# ကံကောင်းအောင်လုပ်နည်း

ရတနာသုံးပါး ဦးထိပ်ထား၍ ရိုသေစွာ လျှောက်ထားအပ်ပါသည်၊

တပည့်တော်သည် မိဘကို ပြုစုလုပ်ကျွေးလိုပါ၍ စင်ကြယ်သောနည်းဖြင့် ဝင်ငွေ ရှာဖွေပါသည်။ တပည့်တော် ကြံစည်တိုင်း မအောင်မြင်တာများပါသည်။ သာသနာ့ဘောင်မှာ နေ၍ တရားဓမ္မနှင့်လည်း ကျေးဇူးမဆပ်နိုင်သေးပါဘုရား။ မိဘများ၏ ကျန်းမာရေးနှင့် သူတို့၏ တမလွန်အတွက် အလှူဒါနများ ပြုနိုင်အောင် တပည့်တော် ဝင်ငွေရှာခြင်း ဖြစ်ပါသည်။ တပည့်တော် ကြိုးစားလုပ်သမျှ မအောင်မြင်ခဲ့လျှင် တပည့်တော်၏ ရှေးဘဝ အကုသိုလ်ကံကြောင့်လို့ပဲ မှတ်ယူလိုက်ပါသည်ဘုရား။ တပည့်တော်၏ ဆိုးနေသော ကံများ ကောင်းလာအောင် ပြုလုပ်နိုင်သော နည်းလမ်းများ ပေးသနားစေချင်ပါသည်ဘုရား။

ချစ်လွန်းသူ

---

**ကံရဲ့ သဘာဝ**

'ကံ'ဆိုတဲ့ စကားလုံးက 'လုပ်ခြင်း'လို့ အဓိပ္ပာယ်ရတယ်။ အရင်က လုပ်ခဲ့ပြီးသား အလုပ် (အတိတ်ကံ)နဲ့ ယခု လုပ်တဲ့အလုပ် (ပစ္စုပ္ပန်ကံ) လို့ နှစ်မျိုးရှိတယ်။ ဒါကြောင့် အလုပ်တစ်ခုခု အဆင်မပြေရင် အရင်ဘဝ အကုသိုလ်ကံကြောင့်လို့ပဲ လွှဲချပြီး ကံကြမ္မာကိုချည်း ယိုးစွဲရင် မမှန်ဘူး။ ပစ္စုပ္ပန်ကံဟာ မိမိအစွမ်းနဲ့ဖြစ်စေ၊ အတိတ်ကံရဲ့ အထောက်အပံ့ကြောင့်ဖြစ်စေ ဒီဘဝမှာရော နောင်ဘဝမှာပါ အကျိုးအပြစ်ကို ဖြစ်စေပါတယ်။ အဆောက်အအုံတွေကို လူတွေစုပေါင်းပြီး တည်ဆောက်သလို ကံက လောကဓာတ်ကို ဖန်ဆင်းပါတယ်။

**ကံဖြစ်ခြင်း အကြောင်းတရား**

အလိုအလို ရေထွက်တဲ့ သဘာဝရေအိုင်နဲ့ စမ်းချောင်းတွေလို အစွမ်း

သတ္တိကြီးမားတဲ့ကံ (ဗလဝကံ)၊ နည်းနည်း တူးရုံယက်ရုံနဲ့ ရေထွက်တဲ့ စမ်းရေတွင်းလို လုံ့လနည်းနည်း စိုက်ရုံနဲ့ အကျိုးများစွာ ခံစားရတဲ့ကံ (မဏ္ဍိမကံ)နဲ့ အလွန်ပင်ပန်းခံ တူးဖော်မှ ရေရတဲ့ ရေတွင်းလို အလွန်များစွာ လုံ့လပြုမှ အကျိုးခံစားရတဲ့ကံ (ဒုဗ္ဗလကံ)လို့ ကံသုံးမျိုးရှိတယ်။ အဲဒီကံသုံးမျိုးဟာ ပြည့်စုံမှု ငါးမျိုးရှိရင် အကျိုးပေး ဖွံ့ဖြိုးတယ်။

၁) နေရာကောင်း ဘဝကောင်း (လူ့အခွင့်အရေးနဲ့ ပြည့်စုံတဲ့နေရာ)

၂) ရုပ်ဆင်းသွင်ပြင် (အဆင့်မီ ဝတ်စားဆင်ယင် နေထိုင်မှု)

၃) အချိန်အခါကောင်း (ငြိမ်းချမ်း တည်ငြိမ်တဲ့အချိန်)

၄) ကြိုးစား အားထုတ်ခြင်း

၅) ဉာဏ်အမြော်အမြင်

ဒါကြောင့် ကံကောင်းဖို့ဆိုရင် နေရာကောင်း၊ သွင်ပြင်ကောင်း၊ အခါကောင်း၊ ကြိုးစား၊ ဉာဏ်အမြော်အမြင်ကောင်းတို့ကို အမှီသဟဲ ပြုရပါတယ်။ ဒါကို ကံရဲ့ သမ္ပတ္တိ (ပြည့်စုံမှု) လေးမျိုးလို့ခေါ်ပါတယ်။ အဲဒီလေးမျိုး မရှိရင် ကံရဲ့ ဝိပတ္တိနဲ့ ကြုံလို့ အကျိုးပေး မပြည့်စုံနိုင်ဘူး။

## ကံကောင်းအောင် လုပ်နည်း

သင့်တော်တဲ့ နေရာမှာ နေခြင်း၊ လူကောင်းနဲ့ ပေါင်းဖော်ခြင်း၊ ကိုယ်နှုတ် နှလုံးကို ဆုံးမခြင်း (ကိုယ်ကျင့်သီလနှင့် ပြည့်စုံခြင်း)၊ ရှေးဘဝ ကုသိုလ်အထူး ရှိခြင်းဆိုတဲ့ အကြောင်းလေးပါးကြောင့် ကုသိုလ်ကံ ကောင်းလာနိုင်ပါတယ် (အံ ၁၊ ၁၁)။ ကံကောင်းဖို့ ကြက်တွေကို နည်းယူသင့်တယ်။ ကြက်တိရိစ္ဆာန်တွေဟာ အချိန်မှန် အိပ်တယ်၊ အချိန်မှန် ထတယ်၊ ဆန်ပုံပေါ် ရောက်နေတာတောင် ယက်ပြီးမှ စားတယ်။ ညဥ့် အချိန်မှာ ကန်းနေတယ်။ ဘယ်သူ ဘယ်လောက်ပဲ ခြောက်ခြောက် အိပ်တန်းကို မစွန့်ဘူး။

ကြက်တွေကို နမူနာယူပြီး အလုပ်လုပ်တဲ့အခါ အချိန်ကို လေးစား၊ အချိန်မီ ပြီးအောင်လုပ်၊ မဆင်မခြင် ပေါ့ပေါ့နေ ပေါ့ပေါ့စား မလုပ်နဲ့။ အကျိုးမရှိရင် မကန်းသော်လည်း ကန်းယောင်ဆောင်ပါ။ အကျိုးရှိ

ရင် ဘယ်သူဖျက်ဖျက် နောက်မဆုတ်ဘဲ ပြီးအောင်လုပ်။ ဒါဟာ ကံကောင်းမယ့် နည်းလမ်းပဲ။

## ကံကောင်းဖို့ ဝီရိယအဓိက

အချို့မှာ ကံအားကောင်းလို့ ချမ်းသာတယ်။ အချို့က ဉာဏ်ကောင်းလို့ ကြီးပွားတယ်။ အချို့ကျတော့ ကြိုးစားနိုင်လွန်းလို့ အောင်မြင်တယ်။ ဒါပေမဲ့ ဝီရိယမပါဘဲ ကံရော ဉာဏ်ပါ နှစ်ခုလုံး မဖြစ်နိုင်လို့ ဝီရိယသာ အဓိကကျပါတယ်။ အောင်မြင်ကျော်ကြားသူတွေရဲ့ ပုဂ္ဂိုလ်ရေးရာဇဝင်ကို ပြန်ကြည့်ရင် ဝီရိယကို အရင်းတည်ခဲ့ကြရတာချည်းပါ။

'ဝီရိယာရမ္ဘော ဘိက္ခဝေ မဟာတော အတ္ထာယ သံဝတ္တတိ။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဝီရိယရမ္ဘော၊ ဝီရိယကို အားထုတ်ခြင်းသည်။ မဟာတော၊ ပြောမဆုံးဖွယ် ကြီးကျယ်ခမ်းနား များစွာသော။ အတ္ထာယ၊ လောကီလောကုတ္တရာ နှစ်ဖြာအကျိုး တိုးပွားခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏' (အံ ၁၊ ၁၁)လို့ မြတ်ဗုဒ္ဓ ဟောတော်မူပါတယ်။

## တိုက်တွန်းချက်

အချုပ်ပြောရရင် 'ကံဟူသည် အလုပ်၊ အလုပ်ရှိမှ ကံရှိသည်။ အလုပ်မရှိလျှင် ကံမရှိ။ အလုပ်ကောင်းမှ ကံကောင်းသည် အလုပ် မကောင်းလျှင် ကံမကောင်း' (ကံဉာဏ်ဝီရိယအဖွင့်၊ စာ-၂၂၉) ဆိုတဲ့ ရွှေဟင်္သာတောရ စံကျောင်းဆရာတော်ကြီးရဲ့ ဩဝါဒကိုလိုက်နာပြီး ရှိမြဲ ကောင်းတဲ့ စိတ်ကလေးနဲ့ ဆက်လက် ကြိုးစားရင် ရည်ရွယ်ချက်တွေ တစ်နေ့ကျရင် အောင်မြင်ပါလိမ့်မယ်။ □

လုံ့လမထု ဉာဏ်မကူဘဲ
အယူတစောင်း ကံတကြောင်းမျှ
မကောင်းလည်းကံ ကောင်းလည်းကံဟု
ကံကိုချည်းသာ မကိုးရာဘူး ပညာဉာဏ်ဖြင့်
သင့်မသင့်ကို အခွင့်ရှု၍ အပြုလုံ့လ ရှိအပ်စွတည်း။
(မဃဒေဝ၊ ပိုဒ် ၂၅၄)

# ကိုယ်စောင့်နတ်



ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား၊

အလှူဒါန ပြုပြီးသောအခါဖြစ်စေ၊ မေတ္တာပို့ပြီးတဲ့အခါဖြစ်စေ ကိုယ်စောင့်နတ်ကိုပါ အမျှပေးဝေကြပါသည်။ လူတစ်ယောက်စီကို ကိုယ်စောင့်နတ် တစ်ယောက်စီ စောင့်ရှောက်ပါသလား၊ သို့မဟုတ် လူအများကို ကိုယ်စောင့်နတ် တစ်ပါးတည်းက စောင့်ရှောက်ပါသလား၊ ကိုယ်စောင့်နတ်သည် ဘယ်ဘုံက ဖြစ်ပါသနည်း၊ လူတစ်ယောက်ကို ဘယ်အသက်အရွယ်မှာ စတင် စောင့်ရှောက်ပါသနည်း၊ ကိုယ်စောင့်နတ်ကို သိကြားမင်းလို အခြားတန်ခိုးကြီး နတ်တစ်ပါးက စေခိုင်းပါသလား ဆိုသည်ကို သိလိုပါသည်ဘုရား။

ထွန်းလင်း

---

**စူဠကာလိင်္ဂဇာတ်**

ကာလိင်္ဂမင်းဟာ အဿကမင်းကို စစ်မတိုက်ခင်မှာ အကြားအမြင်ရတဲ့ ရသေ့ကို မထင်မရှားအသွင်နဲ့ ချဉ်းကပ်ပြီး ဒီစစ်ပွဲမှာ ဘယ်သူ နိုင်မလဲလို့ မေးပါတယ်။ ရသေ့က ကာလိင်္ဂမင်းနိုင်မယ်လို့ ဖြေတဲ့အတွက် ကာလိင်္ဂမင်းဟာ ဝမ်းသာလုံးဆို့ပြီး သုတ်ခနဲ ထပြန်သွားတယ်။ အခြေအနေကို ဆက်မမေးတော့ဘူး။ အဿကမင်းရဲ့ ပညာရှိအမတ် နန္ဒိသေနကတော့ ဆင်ခြင်စဉ်းစားတတ်ပြီး စေ့စပ်သေချာတဲ့အတွက် 'မင်းနှစ်ပါးကို စောင့်နေတဲ့ နတ်နှစ်ယောက်က အရင်တိုက်ခိုက်ကြမယ်၊ ကာလိင်္ဂမင်းကို စောင့်တဲ့နတ်က ဆင်ဖြူအသွင်နဲ့၊ အဿကမင်းရဲ့ နတ်

က ဆင်နက်အသွင်နဲ့ရှိမယ်၊ ဒါကို မင်းနှစ်ပါးပဲ မြင်နိုင်မယ်’ ဆိုတဲ့ အခြေအနေမှန်ကို အတိအကျ သိသွားတယ်။

ကာလိင်္ဂမင်းနဲ့ စစ်သည်တွေက နိုင်မှာပဲဆိုပြီး မကြိုးစားကြတော့ဘူး။ အဿကရဲ့ စစ်သည်တွေကတော့ အောင်နိုင်မဲ့ နည်းလမ်းကို ရှာဖွေပြီး ပိုကြိုးစားတယ်။ အဿကမင်းကလဲ မိမိပဲမြင်နိုင်တဲ့ ကာလိင်္ဂစောင့် ဆင်ဖြူနတ်ကို စစ်သည်တွေကို ညွှန်ပြနိုင်လို့ ဝိုင်းတိုက်ရာမှာ ဆင်းဖြူ ထွက်ပြေးရတဲ့အတွက် ကာလိင်္ဂမင်း ရှုံးပါတယ်။ ဒီဇာတ်အရ မင်းနှစ်ပါးကိုစောင့်တဲ့ နတ်တစ်ပါးစီရှိတယ်လို့ ဆိုနိုင်ပါတယ်။

## ကိုယ်စောင့်နတ်

ဗုဒ္ဓဝါဒဟာ ပကတိမျက်စိနဲ့ မမြင်နိုင်တဲ့ နတ်ဒေဝါ ဆိုတာတွေကို ယုံကြည်ပါတယ်။ ကိုယ်စောင့်နတ်လို့ ဆိုရာမှာ ဣန္ဒြေကိုယ်မှာ မှီကပ်နေတဲ့ နတ်တစ်မျိုးလို့ မယူဆနိုင်ပါဘူး။ လူတစ်ယောက်ကို ကူညီစောင့်ရှောက်နေတဲ့ နတ်ဆိုတာမျိုးတော့ ရှိနိုင်တယ်။ နတ်တစ်ယောက်က လူတစ်ယောက်ကိုပဲ အထူးစောင့်ရှောက်တာမျိုးလဲ ရှိနိုင်တယ်။ လူအများကို ကူညီစောင့်ရှောက်တဲ့ နတ်တစ်ယောက်က ကြုံကြိုက်လို့ သို့တည်းမဟုတ် မိမိရဲ့ လုပ်ဆောင်ချက် မှန်ကန်ပြီး ကိုယ်ကျင့်တရားကောင်းလို့ မိမိကို ကူညီတာမျိုးလဲ ရှိနိုင်တယ်။

ကိုယ်စောင့်နတ်ဟာ လူထက် ဘုန်းကံနိမ့်တဲ့ နတ်မျိုးတော့ ဖြစ်နိုင်မယ် မထင်ဘူး။ လူကို ကူညီပေးနိုင်တဲ့ နတ်ဟာ လူထက်တော့ သာရမှာပါ။ ဒါကြောင့် နတ်ပြည်ခြောက်ထပ်က နတ်တွေ ဖြစ်နိုင်သလို လူ့ပတ်ဝန်းကျင်မှာ နေထိုင်ကြတဲ့ တန်ခိုးကြီး နတ်တွေလဲ ဖြစ်နိုင်ပါတယ်။ လူတစ်ယောက် ပဋိသန္ဓေ နေချိန်ကစပြီး အဲဒီလူကို စောင့်ရှောက်တဲ့ နတ်ဆိုတာမျိုး ရှိနိုင်ပါတယ်။ ▢

## ရှိခိုးခြင်းအာနိသင်ဘာရ

ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား၊

ဘုရားရှိခိုးသည့်အခါ ထိခြင်းငါးပါးနှင့် အညီရှိခိုးရမည်ဟု မိဖဆရာသမားတွေ ဆုံးမပါသည်ဘုရား။ စိတ်သာရှင်စေ ဘုရားဟောဖြစ်၍ စိတ်ထဲက မပါလျှင် ရှိခိုးရာရောက်ပါသလား။ ထိခြင်းငါးပါးနှင့် ရှိခိုးပုံကို သိလိုပါသည်။ အဘယ်ကြောင့် ထိခြင်းငါးပါးနှင့် ရှိခိုးရသည်ကိုလည်း သိလိုပါသည် အရှင်ဘုရား။

ရန်နိုင်ဝင်း၊ စက်ာပူ

---

**အစဉ်အလာ**

အိန္ဒိယနိုင်ငံမှာ မြတ်ဗုဒ္ဓမပွင့်မီက ကြီးသူကို ငယ်သူက ရှိခိုးရတဲ့ အစဉ်အလာ (ဇေဋ္ဌာပစာယန) ရှိပါတယ်။ မြတ်ဗုဒ္ဓဟာ ဒီအစဉ်အလာကို မငြင်းပယ်ပါဘူး။ ဒါကြောင့် ရဟန်းအချင်းချင်း လူအချင်းချင်း ကြီးသူကို ငယ်သူက ရှိခိုးအရိုအသေပြုကြတာ ဖြစ်ပါတယ်။ လူက ရဟန်းကို ရှိခိုးတာက ရဟန်းရဲ့ ကျင့်သုံးဆဲသီလနဲ့ သံဃာ့ဂုဏ်ရည်ကြောင့် ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို နှိမ့်ချပြီး ရှိခိုးဆဲမှာ စိတ်ကြည်နူးပါတယ်။ အဲဒီလို ကြည်နူးနေတာကို ကုသိုလ်ရတယ်လို့ ဆိုတာပါ။

**စိတ်ထဲက မပါရင်**

ဘုန်းကြီးကျောင်းကို သွားတဲ့အခါ စိတ်ထဲကမပါဘဲ သူများတွေ မကဲ့ရဲ့အောင် သို့မဟုတ် သူများအထင်ကြီးအောင် ဟန်ဆောင်ပြီး ရှိခိုးပြတာမျိုးကတော့ အကျိုးမရှိနိုင်ဘူး။ ရှိခိုးအရိုအသေ ပြုဆဲခဏမှာ ခန္ဓာကိုယ်နဲ့ရော စိတ်ထဲကပါ လိုက်လိုက်လှဲလှဲ ပြုမှ အကျိုးများပါတယ်။

**ထိခြင်းငါးပါး**

ထိခြင်းငါးပါးကို ရေတွက်ပုံ ခြားနားမှုရှိတယ်။ ၁၊ မတ်တတ် ရပ်ပြီး ရှိခိုးရင် ခြေကို စုံရပ်၊ လက်ဝါးနှစ်ခု ပူးပြီး နဖူးပေါ်တင်၊ ပြီးတော့မှ

ခါးကို ကိုင်းညွတ်ရတယ်။ ခြေနှစ်ချောင်း ကြမ်းမှာထိခြင်း၊ လက်ဝါး နှစ်ခု ထိခြင်းနဲ့ ပူးထားတဲ့လက်အုပ် နဖူးနဲ့ ထိခြင်းလို့ ထိခြင်းငါးမျိုး။ ၂။ ထိုင်ပြီး ရှိခိုးရင် ခြေဖဝါးနှစ်ခု ထိခြင်း၊ ဒူးခေါင်းနှစ်ခု ထိခြင်း၊ တံတောင် ဆစ်နှစ်ခု ထိခြင်း၊ လက်ဝါးနှစ်ခု ထိခြင်းနဲ့ ကြမ်းပြင်မှာ နဖူးထိခြင်းလို့ ထိခြင်းငါးမျိုး ယူပါတယ်။

ပထမနည်းက ကျမ်းဂန်နဲ့ညီညွတ်ပြီး ဒုတိယနည်းကတော့ အစဉ် အလာဖြစ်ပေမဲ့ ကျမ်းဂန်တွေမှာတော့ မတွေ့ရဘူးလို့ တောင်ဖီလာ ဆရာတော်က (ဝိနယာလင်္ကာရ ၂၊ ၃၆၇) ဆိုပါတယ်။ သာသနာပိုင် မောင်းထောင်ဆရာတော်ကတော့ ထိခြင်းငါးပါးဆိုရာမှာ အစဉ်အလာ နည်း (ဒုတိယနည်း)ကို နှစ်သက်ပုံပါပဲ (သီ-ဋီသစ် ၂၊ ၁၈)။ ▢



အိုခီတီယို

***

ပြောင့်စင်း ခိုင်ကျည်တဲ့
ပင်စည် ရိုးတံရှည်မှာ
နီတွေးတွေး ပွင့်ချပ်တွေ
ဆောင်းနေမှာ ရန့်သင်း။
ရွက်ဝိုင်းစိမ်း ကျိုးကျဲကြား
ချွန်ထက် ဆူးသွားတွေနဲ့
နွေ လေပူ သဲမုန်တိုင်း
ဘယ်လောက် ရိုင်းစေ ကြမ်းစေ၊
သူ့ငါ ရေ့ပြန်းပေမယ့်
သူ့မှာ ထာဝရလန်းတဲ့
ကန္တာရ အလှတန်ဆာ
အိုခီတီယို ပါပဲလေ။

***

# Egg and Killing

Dear Sayadaw,

Please help me get red of my confusing. Staying and working in Singapore, I have to cook food myself. It is very easy for me to cook egg and I eat it almost everyday. After I read a Dhamma book, I feel that I shouldn't cook egg to keep Panatipata, because the book says if you break and fry or boil or cook egg, then you violate the precept. Please clarify me whether it is Panatipata or not.

Mee Mee

--------------------------------

*Where eggs from*

I remember that I asked my friend's son 7 years old Thomas, "Hey Thomas, do you know where eggs come from?", and his answer was "Eggs come from refrigerator!". I am sure that he noticed his mother taking eggs from it at home or in the market.

*What is killing*

To violate Panatipata, you intentionally killed a living being including fetus in the womb or egg and the being was dead by your effort. You killed a dog, but it didn't die and you just made its legs broken, still you keep the precept. But because you broke dog's legs, you sow Akusala and you will have to reap its effect.

*Two types of eggs*

If you saw a cobra's egg which is alive under a bush, and thinking it is dangerous you smashed it, you killed it. If the egg was already dried or dead or not alive or a little cobra cannot be born from it, never say you killed it. If you took an egg from chicken's net at your home and fried or boiled it, you killed it, because it is hundred percent sure that the egg is alive.

Dou you think that baby chickens can be born from the eggs which sellers keep in refrigerators systematically? I don't think so. They are frozen and fetus was already dead, that is, the eggs in the market are not alive.

***Difference***

Vegetarian means not to eat meet. Panatipata means not to kill a living being. For health reason, if researchers say eating egg is same as meet and you want to avoid meet-eating, that is your wish. But, in this issue, breaking or frying or boiling frozen eggs cannot break your Panatipata. They will be something like all kinds of frozen meet from the market.

***Just to think***

Yes, if a lay man sees a monk breaking or boiling or frying any kind of egg, he may think ill of monks. So, monks should avoid doing so to maintain the lay persons' devotion. ❐

## ကမ္ဘာပျက်ခြင်း

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

တပည့်တော်တို့ ကမ္ဘာမှာ ဘုရားငါးဆူ ပွင့်မည်ဟု သိရပါသည်ဘုရား။ သို့ရာတွင် ခုတလော ကြားကြားနေရသည့် မကြာခင် ကမ္ဘာပျက်မည်ဆိုသည်ကို သံသယဖြစ်မိပါသဖြင့် ကမ္ဘာပျက်ခြင်း အဆိုနှင့် ပတ်သက်၍ ရှင်းလင်းပေးစေလိုပါသည် အရှင်ဘုရား။

လင်းလင်း

---

**ဗုဒ္ဓဝါဒီတို့အမြင်**

ဗုဒ္ဓစာပေမှာ ကမ္ဘာမြေ တစ်နေ့ကျရင် ပျက်စီးမယ်ဆိုတာကို ဖော်ပြပါတယ်။ ဘယ်နေ့ ပျက်မယ်လို့ အတိအကျ မဆိုပါဘူး။ လူတွေ တရား

ပျက်လွန်းလို့ ကမ္ဘာလောကမှာ လူတွေ မရှိနိုင်တော့တဲ့ အချိန်ကျမှ ပျက်စီးမယ်လို့ပဲ ဆိုပါတယ်။ ဒါလည်း သဘာဝ အလျောက် ပျက်စရာရှိလို့ ပျက်စီးခြင်းသာ ဖြစ်ပါတယ်။ ဒါပေမယ့် မျက်မှောက်ခေတ်လောလော လတ်လတ်မှာတော့ ဘယ်နည်းနဲ့မှ ကမ္ဘာပျက်ခြင်း မဖြစ်နိုင်သေးပါဘူး။ ဘာကြောင့်ဆို ဒီကမ္ဘာပေါ်မှာ လက်ရှိဂေါတမဗုဒ္ဓရဲ့ သာသနာ ကွယ်ပြီးနောက် မေတ္တေယျဘွဲ့အမည်နဲ့ နောက်ထပ် ဘုရားတစ်ဆူ ပွင့်ပြီး သူတော်ကောင်းတရားတွေ ထွန်းကားအုံးမှာ ဖြစ်လို့ပါ။

ထူးခြားတာက ဗုဒ္ဓဝါဒီတို့ရဲ့ ကမ္ဘာပျက်အမြင်ဟာ အစွန်းမရောက်တာ၊ ကမ္ဘာပေါ်က လူသားတွေအပေါ် အဆိုးမြင်ပြီး ယင်းအမြင် အခြေခံနဲ့ လူတွေကို စည်းရုံးခြင်း မရှိတာ လုံးဝ သေချာပါတယ်။

## သူတို့အမြင်

ကင်းမျှော်စင် (Jehovah's Witnesses) နဲ့ ဇေဝံဂေလိ ခရစ်ယန်ဝါဒီတွေက ကမ္ဘာကြီး မကြာခင် အဆုံးသတ် ပျက်စီးမယ်လို့ ဟောပြောလေ့ရှိပါတယ်။ ကင်းမျှော်စင်အဖွဲ့က ထုတ်တဲ့ မဂ္ဂဇင်းတွေကို သတိပြု ဖတ်ကြည့်ရင် တွေ့နိုင်ပါတယ်။ ၁၉၉၅-ခုနှစ်၊ ၁၉၁၄-ခုနှစ်တွေမှာ ကမ္ဘာပျက်မယ်လို့လည်း ယင်းတို့က ဟောကိန်း ထုတ်ခဲ့ဖူးတယ်။ အဲဒီလိုပဲ ၁၉၉၀-ပြည့်လွန် နှစ်တွေက ၂၀၀၀-ပြည့်နှစ်မှာ ကမ္ဘာကြီးပျက်မယ်လို့ ဘုရားကျောင်းတွေက ဟောပြောတာကို ယုံကြည်ပြီး ကိုယ့်ကိုယ်ကို သတ်သေတဲ့ လူတွေတောင် ရှိဖူးတယ်။

ဆင်ခြင်တုံတရားနဲ့ အသိပညာ နည်းပြီး စိတ်ပြောင်းလွယ်သူအချို့ အဲဒီ ဟောပြောချက်ကို ယုံကြည်လို့ ဘာသာ ကူးပြောင်းသွားတာတွေ ရှိတယ်။ လူတွေကို ကြောက်စရာ အခြေအနေနဲ့ ဟောပြောပြီး မိမိတို့ ဘာသာတရားထဲကို ဝင်လာအောင် စည်းရုံးခြင်းမျိုးလို့ပဲ ဆိုပါရစေ။ ☐

ဆရာတော် အရှင်မြတ်ဘုရား၊

သောတာပန်တည်တယ်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ရှင်းပြပေးစေချင်ပါသည်။ လူသာမန်သည်အဘယ်သို့ဖြစ်လျှင် သောတာပန်တည်သွားပါသနည်း။ သောတာပန်ပုဂ္ဂိုလ်၏ ထူးခြားချက်များနှင့် ဂုဏ်ရည်များကိုလည်း သိလိုပါသည် အရှင်ဘုရား။

စိန်မြထွန်း

-------------------

**သောတာပန်တည်**

လူတွေမှာ စိတ်နှစ်မျိုး ရှိတယ်။ ၁) သူ့အလိုလို (အားမစိုက်ရဘဲ) ခဏတိုင်း မပြတ်မလပ် ဖြစ်နေတဲ့ စိတ်နဲ့ ၂) တမင်တကာ ကြိုးပမ်းများစွာ ပွားများယူမှ ဖြစ်ပေါ်လာတဲ့စိတ် ဖြစ်ပါတယ်။ ပထမစိတ်မျိုးကို ကာမစိတ်ခေါ်တယ်။ ဥပမာ မကောင်းတဲ့ ဘက်မှာ လိုချင်၊ စိတ်ဆိုး၊ မနာလို၊ စိတ်လေး၊ စိတ်ပျံ့လွင့် စတာတွေနဲ့ အကောင်းဘက်မှာ အလှူပေး၊ တရားနာ၊ သီလစောင့်စတဲ့ ကုသိုလ်တစ်ခု ပြုနေဆဲမှာဖြစ်တဲ့ စိတ်မျိုး။ သောတာပန် တည်တယ်ဆိုတာက ဒုတိယစိတ်မျိုး မိမိသန္တာန်မှာ ဖြစ်သွားပြီးတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အဲဒီစိတ်မျိုးက ဖြစ်ပြီဆိုရင် ဒုက္ခကို သိခြင်း၊ သမုဒယကို ပယ်ခြင်း၊ မဂ္ဂကို ပွားခြင်းနဲ့ နိရောဓကို မျက်မှောက်ပြု ခြင်းဆိုတဲ့ စိတ်ရဲ့ လုပ်ဆောင်မှု ၄လေးမျိုး ပြီးစီးတယ်။

**ခိုင်မာသွားပုံ**

တစ်ယောက်က အတင်းအကြပ် တိုက်တွန်းလို့ မဟုတ်ဘဲ ကိုယ်တိုင်ပွားများလို့ရတဲ့ အတွေ့အကြုံနဲ့ ဓမ္မကို သိမြင်သွားလို့ ဗုဒ္ဓသာသနာမှ တစ်ပါး ကိုးကွယ်ရာမရှိဘူးလို့ အကြွင်းမဲ့ယုံကြည်သွားခြင်း၊ ကိုယ်ကျင့်တဲ့ဓမ္မကို ယုံမှားသံသယ လုံးဝကင်းသွားခြင်းစတဲ့ အရည်အချင်းတွေနဲ့

ပြည့်စုံလို့ 'တွင်းနက်နက်တူးပြီး စိုက်ထူထားတဲ့ တံခါးတိုင်ဟာ အရပ်လေးမျက်နှာက တိုက်ခတ်တဲ့ လေပြင်းမုန်တိုင်းကြောင့် မတုန်လှုပ်နိုင်သလို (သံ ၃၊ ၁၈၈)' သူ့ရဲ့သဒ္ဓါတရား သိပ်ခိုင်မြဲတယ်။ အသက်ဟူသော အကြောင်းနဲ့တောင် ငါးပါးသီလကို မချိုးဖောက်တော့ဘူး။

**နမော တဿ**

သောတာပန် ဓနဉ္စာနီ ပုဏ္ဏားမဟာ ချေဆတ်ရင်၊ ခလုတ်တိုက်မိရင်၊ တစ်ခုခု အမှတ်တမဲ့ပြုမိရင် 'နမော ဗုဒ္ဓဿ'လို့ နှုတ်က ဆိုပြီး ဘုရားရှိခိုးတယ်။ ယောင်ပြီး လုပ်မိရာမှာတောင် မြတ်ဗုဒ္ဓကို သတိရနိုင်တဲ့အထိ ဗုဒ္ဓါနုဿတိဂုဏ်က နှလုံးသားထဲမှာ စွဲမြဲနေတဲ့သဘော။ သူ့ခင်ပွန်းကတော့ ဗုဒ္ဓဝါဒီ မဟုတ်လို့ ဓနဉ္စာနီရဲ့ အပြုအမူကို မကြိုက်ဘူး။ မနာလို ဖြစ်တယ်။ ဒါနဲ့ ခင်ပွန်း ပုဏ္ဏားကိုးကွယ်တဲ့ တတ္တိဆရာကြီးတွေကို အိမ်ဖိတ်ပြီး ကျွေးမွေးတဲ့နေ့မှာ အဲဒီလို မရွတ်ဆိုဖို့၊ ဆိုမိရင် ဓားနဲ့ နုပ်နုပ်စဉ်းပစ်မယ်လို့ ပုဏ္ဏားက ခြိမ်းခြောက်တယ်။ ဒါပေမဲ့ ဓနဉ္စာနီက မကြောက်တဲ့အပြင် အဲဒီနေ့ကျတော့မှ တိတ္ထိဆရာကြီးတွေရှေ့မှာပဲ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'လို့ အပြည့်အစုံ ဘုရားရှိခိုးလိုက်တယ် (သံ-ဌ ၁၊ ၂၀၇)။

**သောတာပန်ဂုဏ်အင်္ဂါ**

သောတာပန်ဟာ အရိယာတို့ရဲ့ တရားကို ကိုယ်တိုင်သိ အတွေ့အကြုံနဲ့ သိပြီးဖြစ်လို့ ဗုဒ္ဓကို၊ ဓမ္မကို၊ သံဃာကို မတုန်မလှုပ် ယုံကြည်ခြင်း၊ အသက်ဟူသော အကြောင်းကြောင့်ပင် ငါးပါးသီလကို မချိုးဖောက်ခြင်း ဆိုတဲ့ ဂုဏ်အင်္ဂါလေးပါးနဲ့ ပြည့်စုံတယ်။ ဒီအင်္ဂါလေးမျိုးကို 'တရားမှန်' လို့လဲ ခေါ်တယ်။ မှန်ကို ကြည့်ရင် ကိုယ့်ရုပ်ပုံကို သိရသလို အဲဒီတရားလေးပါးရှိနေတဲ့ သောတာပန်ဟာ 'ငါ့အပါယ် မလားတော့ဘူး၊ ခိုင်မြဲတဲ့ အရိယမဂ်ကို ရပြီ၊ အထက်ဖြစ်တဲ့ မဂ်တွေကို မချွတ်ငါရမည်'လို့ ကိုယ့်ရုပ်ပုံကို ပီပီပြင်ပြင် သိမြင်သွားတယ်။ □

# ရဟန်းခံမှု ပြည့်စုံခြင်း



ဆရာတော် အရှင်မြတ်ဘုရား၊

ရဟန်းခံ သိမ်ဝင်ရာမှာ အနည်းဆုံး သံဃာ ငါးပါးရှိရကြောင်း သိရပါသည်။ အကယ်၍ အဲဒီ သံဃာငါးပါးထည်းမှာ တစ်ပါးက ပါရာဇိကကျနေလျှင် (အဲဒီလို ပါရာဇိကကျနေကြောင်းကိုလည်း အခြားသံဃာတွေက မသိရင်) အဲဒီ ရဟန်းလောင်းရဲ့ ရဟန်းအဖြစ် အောင်မြင်ပါသလားဘုရား။ အကယ်၍ ရဟန်းမဖြစ်မြောက်ခဲ့လျှင် အဲဒီရဟန်းဟာ ကိုယ်တိုင် မသိဘဲ ရဟန်းအဖြစ်နှင့် ဆက်နေလျှင် အကုသိုလ်ဖြစ်ပါသလား။

ရိုသေစွာဖြင့် ထွန်းလင်း

---

**ပြည့်စုံမှုငါးမျိုး**

ရဟန်းခံရာမှာ ပြည့်စုံမှုငါးမျိုးရှိတယ်။ အဓိပ္ပာယ်က အဲဒီငါးမျိုး မပြည့်စုံရင် ရဟန်းခံကိစ္စ မအောင်မြင်ဘူး။ အဲဒီ ငါးမျိုးက -

၁) ဝတ် (ဝတ္ထု) = ရဟန်းလောင်း၏ ပြည့်စုံခြင်း။ ရဟန်းလောင်းဟာ အသက် ၂၀ တင်းတင်းပြည့်ရမယ်။ ဘုန်းကြီးဝတ်ဖူးရင် ပါရာဇိကကျဖူးခဲ့သူ မဖြစ်ရ။ ကိုယ့်ဟာကိုယ် သင်္ကန်းပတ်ပြီး ဘုန်းကြီးယောင်ဆောင်ဖူးသူလည်း မဖြစ်ရ။ အနန္တရိယကံထိုက်နေသူ၊ သံဃာသင်းခွဲသူလည်း မဖြစ်ရ။ ပဏ္ဍုက် (ငါးမျိုးရှိတယ်၊ ရှင်းအောင်ပြောရင် လိင်စိတ်ဖောက်ပြန်နေသူငါးမျိုး) မဖြစ်ရ။ မိန်းမစိတ် ယောကျာ်းစိတ် နှစ်မျိုးလုံးရှိနေသူလည်း မဖြစ်ရ။ အဲဒီလူတွေကို ရဟန်းခံ မပေးကောင်းဘူး။

၂) ဥတ် = သံဃာကို အသိပေးခြင်း။ သံဃာကို အသိပေးတဲ့ ပုံစံ စာတန်းကို ဦးစွာ မဖတ်ရင်၊ ကမ္မဝါစာကို ဖတ်ပြီးမှ အဲဒီ ပုံစံပြစာတန်း ကိုဖတ်ရင် သံဃာကို အသိပေးပုံ (ဉတ်) မမှန်လို့ ရဟန်းခံမှု မအောင် မြင်ဘူး။ ရဟန်းလောင်း ရဟန်းမဖြစ်ဘူး။

၃) ကမ္မဝါ = ကမ္မဝါစာကို သုံးကြိမ် မဖတ်ရင်၊ ဖတ်စဉ်မှာ ပုဒ်အက္ခရာ တွေကို စုံစေ့အောင် မဖတ်ဘဲ ကျန်နေရင်၊ သံဃာကို အသိပေးခြင်း (ဉတ်)ကို မဖတ်ရင်၊ နောက်ဆုံးမှ ဖတ်ရင် မအောင်မြင်ဘူး။

၄) ပရိသာ = ရဟန်းခံပေးတဲ့ သံဃာ့ပရိသတ်။ သံဃာ့ပရိသတ်ထဲက တစ်ပါးပါးက အဲဒီ ရဟန်းလောင်းကို ရဟန်းခံမပေးပါနဲ့လို့ ကန့်ကွက် ရင်၊ ရဟန်းခံရာမှာပါဝင်တဲ့ ရဟန်းတွေ သိမ်ထဲမှာ နှစ်တောင်ထွာ အ တွင်း ရှိမနေရင်၊ မကျန်းမာလို့ ပရိသတ်ထဲ မဝင်နိုင်တဲ့ ရဟန်းတွေရဲ့ သဘောတူချက်ကို မရရင် အဲဒီပရိသတ်နဲ့ ရဟန်းခံလို့ မအောင်မြင်ဘူး။

၅) သီမာ = ဝိနည်းနဲ့ညီတဲ့သိမ်၊ ဝိနည်းက ခွင့်ပြုတဲ့သိမ် ဖြစ်ရမယ်။

**ဆောင်။ ။ ဝတ် ဉတ် ကမ္မဝါ၊ ပရိသာ၊ သီမာ သမ္ပတ္တိ။**

**ပါရာဇိကကျပြီးသူ ပါနေရင်**

ရဟန်းလောင်းကို ရဟန်းခံပေးဖို့ အိန္ဒိယနိုင်ငံမှာ အနည်းဆုံး ရဟန်း ဆယ်ပါး၊ မြန်မာစတဲ့ အခြားဒေသတွေမှာ အနည်းဆုံး ရဟန်းငါးပါး လို တယ်။ ရဟန်းငါးပါး မပြည့်ရင် ရဟန်းခံပေးလို့ မရဘူး။ အဲဒါကြောင့် ပါရာဇိကကျတဲ့ ရဟန်းကိုပါထည့်မှ သံဃာငါးပါးပဲ ရှိတယ်ဆိုရင် ရဟန်းစစ်က လေးပါးပဲရှိလို့ ရဟန်းလောင်း ရဟန်းမဖြစ်ဘူး။ သူ့အပြင် ပါရာဇိကမကျတဲ့ ရဟန်းစစ်က ငါးပါးပြည့်ရင်တော့ သံဃာ့ပရိသတ် ထဲမှာ ရှိနေပေမဲ့ ရဟန်းလောင်း ရဟန်းဖြစ်တယ်။ ဥပမာ ဥပဇ္ဈာယ် ဆရာက ပါရာဇိကကျပြီးသူ ဖြစ်ပေမဲ့ သူမပါဘဲ ရဟန်းငါးပါး ပြည့်ရင် ရဟန်းလောင်း ရဟန်းဖြစ်တယ်။

## ပါရာဇိကကျသူ ကမ္မဝါစာဖတ်ရင်

ပါရာဇိကကျပြီးတဲ့ ရဟန်းပဲ ရွတ်တတ် ဖတ်တတ်နိုင်စွမ်း ရှိတာကြောင့် သူတစ်ပါးတည်းပဲ ကမ္မဝါစာကို ဖတ်တယ်ဆိုရင် (တခြား ရဟန်းစစ်တွေနဲ့ အတူတူ တွဲဖတ်ရင်တော့ ကိစ္စမရှိဘူး) အဲဒီ ရဟန်းဟာ သမဏသညာ (ငါရဟန်းပဲဆိုတဲ့အသိ)ကို မစွန့်သေးတာ၊ အခြား သံဃာတွေကလည်း သူ့ကို ရဟန်းစစ်လို့ပဲ ယုံကြည်နေတာတွေကြောင့် ကံမပျက်နိုင်ဘူး။ အဓိပ္ပာယ်က ရဟန်းလောင်း ရဟန်းဖြစ် တယ်ပေါ့။ ကမ္မဝါစာဖတ်သူဟာ ပါရာဇိကကျသူ ဖြစ်ကြောင်း သံဃာ့ပရိသတ်က သိနေရင်တော့ ရဟန်းခံကိစ္စ မအောင်မြင်ဘူး (ဝဇိရ-ဋီ၊ ၁၀၉)။

'သံဃော ဥပသမ္ပါဒေယျ = သံဃာသည် (ပဉ္စင်းလောင်းကို) ရဟန်းပြုပေးရမည်' (ဝိ ၃၊ ၁၃၃) ဆိုတဲ့ ပါဠိတော်အရ သံဃာလို့ အခေါ်ခံနိုင်သူ သံဃာထဲမှာ ပါဝင်ခွင့်ရှိတဲ့ ရဟန်းစစ်ကပဲ ကမ္မဝါစာကို ဖတ်ပေးကောင်းပါတယ်။ လူနဲ့ သာမဏေ ကမ္မဝါစာဖတ်ရင် ရဟန်းခံကိစ္စ မအောင်မြင်ဘူး။ ပါရာဇိကကျပြီးတဲ့ ရဟန်းဟာ သင်္ကန်းဝတ်ထားပေမဲ့ သံဃာထဲမှာ ပါဝင်ခွင့် မရှိတော့ဘူး။

**မန်လည် စာချိုး**

ကမ္မဝါ ရွတ်မှုဌ
ဘိက္ခုမှ ပြည့်စုံ
ဆိုပုံက လွန်များ။
လူ့အသွင်
သမဏသညာ ကြဉ်လို့
ထိုသူပင် မှန်အောင် ရွတ်သော်လည်း
ကံချွတ်လောက်သာ။
(သတပဒိက၊ သောဠသမဝိသဇ္ဇနာ)

## သိတဲ့ အချိန်မှာ

သိမ်ဝင်ရဟန်းခံစဉ်က ကိုယ်တိုင်က အသက် ၂၀ ပြည့်ပြီး ရဟန်းပြုခွင့်

ရှိသူ ဖြစ်လျက်နဲ့ အခြားပြည့်စုံမှုတွေ မရှိခဲ့လို့ ရဟန်းအဖြစ် မအောင်မြင်ခဲ့ပေမယ့် ကိုယ့်ကိုယ်ကို ရဟန်းဖြစ်တယ်လို့ ထင်မှတ်ပြီး သာသနာ့ဘောင်မှာ ကောင်းကောင်းနေရင် အကုသိုလ် မဖြစ်ပါဘူး။ ဒါပေမယ့် မိမိ ရဟန်းမဖြစ်ခဲ့ကြောင်း သိတဲ့အချိန်မှာ သိက္ခာ ပြန်တင် သို့မဟုတ် ရဟန်း ထပ်ခံရပါတယ်။ အဲဒီလိုလုပ်ရင် အရင်ရပြီးသား ရဟန်းဝါ (သိက္ခာ)တွေကို ပြန် မရေတွက်ရတော့ဘူး။ ▢

# ကျွန်းကြီးလေးကျွန်း ဘယ်မှာလဲ

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ဘုရားဟောထဲမှာပါတဲ့ ကျွန်းကြီးလေးကျွန်းနဲ့ မြင်းမိုရ်တောင်ကို ရှင်းပြပေးစေလိုပါသည်။ တောင်ကျွန်းဆိုတာ ဤကမ္ဘာကို ခေါ်တာလား။ ဤကမ္ဘာပေါ်က ဒေသတစ်ခုကို ခေါ်တာလား။ ကျွန်းကြီး လေးကျွန်းဟာ ဒီကမ္ဘာအတွင်းမှာလား၊ ဒါမှမဟုတ် စကြဝဠာ တစ်နေရာမှာလား ဆိုတာကို သိလိုပါသည် အရှင်ဘုရား။

ရန်နိုင်ဝင်း၊ စက်ာပူ

---

**စကြဝဠာနဲ့ ဤကမ္ဘာ**

စကြဝဠာဆိုတာ ဒီကမ္ဘာမြေအပါအဝင် မရေတွက်နိုင်အောင် များပြားတဲ့ အခြားသော ဂြိုဟ်နက္ခတ်တွေကိုပါ ခေါ်တာ။ လေးကျွန်းတစ်မြင်းမိုရ်ဆိုတာက ဒီကမ္ဘာမြေကို ခေါ်တာ။ ကျွန်းကြီးလေးကျွန်းဟာ လူတို့နေထိုင်ရာ ဒီကမ္ဘာမြေပေါ်မှာပဲ ရှိတယ်။ ဒီကမ္ဘာရဲ့ အပြင်မှာ မဟုတ်ဘူး။ ကျွန်း

ကြီးလေးကျွန်းလို့ ဆိုလိုက်တာနဲ့ ရေပတ်လည်ဝိုင်းနေတဲ့ အရှေ့က တစ်ကျွန်း အနောက်ကတစ်ကျွန်း တောင်ကတစ်ကျွန်း မြောက်က တစ်ကျွန်းလို့ အထူးတိကျ သတ်မှတ်ပြီး နားမလည်သင့်ဘူး။ သက်ရှိတို့ နေထိုင်တဲ့နေရာ ကမ္ဘာမြေလို့ သာမန် နားလည်ရင် ယုတ္တိရှိပြီး ကျမ်းဂန်နဲ့ မညီဘူးလို့လည်း မပြောနိုင်ဘူး။

**တောင်ကျွန်းလား**

ကျမ်းဂန်မှာ ဖော်ပြပုံတွေအရဆိုရင် တောင်ကျွန်းဆိုတာ မြတ်ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသ (အိန္ဒိယအလယ်ပိုင်း)နဲ့ အနီးအနားက အိန္ဒိယတိုက်ငယ်ကို ခေါ်တာလို့ ဆိုနိုင်ပါလိမ့်မယ်။ ဒီလိုဆိုရင် အိန္ဒိယတိုက်ငယ်ရဲ့ အရပ်လေးမျက်နှာမှာရှိတဲ့ လူနဲ့ သတ္တဝါတွေ နေထိုင်တဲ့ ကုန်းပိုင်း နေရာဌာနကြီး လေးခုကို ကျွန်းကြီးလေးကျွန်းလို့ မဆိုနိုင်ဘူးလား။ လူမနေနိုင်တဲ့ အိန္ဒိယ၊ ပစိဖိတ်နဲ့ အတ္တလန်တိတ် သမုဒ္ဒရာတွေ၊ တောင်နဲ့မြောက် ဝင်ရိုးစွန်းတွေတော့ ခြွင်းချက်အနေနဲ့ ကျွန်းကြီး လေးကျွန်းထဲ မထည့်ဘဲ ချန်ချင် ချန်ထားလိုက်အုံးပေါ့။

**အတိအကျ မဆိုနိုင်**

ယနေ့ ကမ္ဘာ့မြေပုံပေါ်မှာ ဥရောပတိုက်ဆိုတာကို နယ်နိမိတ် ပိုင်းခြားပြီး အတိအကျ မသတ်မှတ်သလို အဲဒီလေးဌာနကိုလဲ အာရှ၊ အမေရိက စတဲ့ ဝေါဟာရ အတိအကျနဲ့ မဆိုဘဲ မြတ်ဗုဒ္ဓ ပွင့်တော်မူရာ အိန္ဒိယကို ဗဟိုပြုပြီး ကမ္ဘာ့အရှေ့ခြမ်း အနောက်ခြမ်း တောင်ခြမ်း မြောက်ခြမ်းက သတ္တဝါတွေလို့ သာမန်ပဲ နားလည်ထားလိုက်ရင် ကျမ်းဂန်စာဆိုလဲ အလွန်ကြီး မလွတ်၊ လက်တွေ့ ယုတ္တိနဲ့လည်း အကွာကြီး မကွာဘူးလို့ ထင်ပါတယ်။ (ဤကျမ်း၊ စာ-၄၀ ကိုလဲ ရှုပါ)။ ❐




ဆရာတော်အရှင်မြတ်ဘုရား၊

စေတီတော်နှင့် ဗုဒ္ဓဆင်းတုတော်မှာ မည်သည်က ပို၍ အရေးကြီးပါသနည်း။ မိတ်ဆွေတစ်ယောက်က စေတီမှာ ဗုဒ္ဓရဲ့ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာဖြစ်သောကြောင့် ပို၍ အရေးကြီးသည်ဟု ဆိုပါသည်။ တပည့်တော် အမြင်ကတော့ စေတီပဲဖြစ်ဖြစ် ဆင်းတုတော်ပဲဖြစ်ဖြစ် အားလုံးမှာ ဗုဒ္ဓသာသနာနှင့် ပတ်သက်သည့် ရိုသေစရာဖြစ်၍ အတူတူဟုပင် ထင်ပါသည်။ ဆရာတော်တို့၏ အဆုံးအဖြတ်ကို ခံယူပါရစေ အရှင်ဘုရား။

မောင်လမင်း

---

**ဆင်းတုကိုးကွယ်မှု အစ**

အိန္ဒိယမှာ ဗုဒ္ဓဆင်းတု ထုလုပ်ကိုးကွယ်တာဟာ အသောကခေတ်မှာ မရှိသေးဘူး၊ ဒါပေမယ့် စုဆောင်းရရှိတဲ့ အထောက်အထားတွေ အားလုံးအရ ဘီစီ ၁-ရာစု ထက်တော့ နောက်မကျနိုင်ဘူးလို့ ပညာရှင် ကာရ်န် (Karn)က ဆိုတယ် (*Maunal of Indian Buddhism*, p. 95)။ ဒါပေမယ့် ဒေဝါနံပိယသိဿမင်းဟာ ထူပါရာမစေတီတော်ကို တည်စဉ်က အင်မတန် သပ္ပာယ်တဲ့ ကျောက်ဆင်းတုတော် (သိလာပဋိမာ)ကြီး တစ်ဆူ ထုလုပ်ခဲ့ကြောင်း မဟာဝံသကျမ်း (၃၅း၁၂၈)မှာ ဆိုတယ်။ အေဒီ သုံးရာစုက စပြီး သီဟိုဠ်ဘုရင် အဆက်ဆက် ဒီဆင်းတုတော်ကို ပူဇော်လှူဒါန်းမှု ပြုခဲ့ကြတယ်။ မဟာဝံသအဆိုကို လက်ခံနိုင်ရင် ကာရ်န်ရဲ့ အဆိုကို ပြန်သုံးသပ်ရမလိုပါပဲ။

**ဆင်းတုထဲမှာ ဓာတ်တော်မပါရင်**

အဋ္ဌ ၅ ရာစု ပါဠိဘာသာနဲ့ ရေးသားပြုစုတဲ့ အဋ္ဌကထာကျမ်းတွေမှာ ဗုဒ္ဓဆင်းတုတော်နဲ့ ပတ်သက်ပြီး နေရာဌာနနှစ်ခုမှာ ရည်ညွှန်းထား တာကို တွေ့ရတယ်။

၁) 'ပညာရှိပုဂ္ဂိုလ်ဟာ အစားအစာနဲ့ သောက်တော်ရေကို ဗုဒ္ဓဓာတ် တော်ပါရှိတဲ့ ဆင်းတုတော်ကို ဖြစ်စေ၊ စေတီတော်ကို ဖြစ်စေ (သဓာ တုကံ ပဋိမံ ဝါ စေတိယံ ဝါ)ကို ဦးစွာ လှူဒါန်းတယ်' (ဝိ-႒ ၃၊ ၄၂၄)။

၂) 'ဗောဓိ (ညောင်) ကိုင်းတစ်ခုဟာ ထူပကိုဖြစ်စေ ဓာတ်တော်ပါရှိတဲ့ ဆင်းတုတော်ကို ဖြစ်စေ နှောင့်ယှက်မှသာ (သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓယမာနံ) အဲဒီ ဗောဓိကိုင်းကို ခုတ်ဖြတ်နိုင်တယ်' (အဘိ-႒ ၂၊ ၃၃၂။ အံ-႒ ၁၊ ၃၄၁)။

ဒီအဋ္ဌကထာတွေရဲ့ အာဘော်အရ ဗုဒ္ဓဓာတ်တော်တွေကို ဌာပနာ (ထည့်သွင်း)ထားမှသာ ဆင်းတုတော်ဟာ အရေးပါပြီး ဘာသာရေး တန်ဖိုးရှိကြောင်း သတ်မှတ်တယ်လို့ မဆိုနိုင်ဘူးလား။

**စေတီ ဗောဓိပင် ဗုဒ္ဓဆင်းတု**

ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းမဲ့ ရဟန်းတော်ဟာ စေတီတော်နဲ့ ဗောဓိပင် ကို ပူဇော်ပြီးမှ ဆွမ်းခံဝင်ရတယ် (ဒီ-႒ ၁၊ ၁၅၇။ အဘိ-႒ ၂၊ ၃၃၄)။ ဗုဒ္ဓမရှိတော့တဲ့အချိန်မှာ စေတီကို ဖြိုဖျက်သူ၊ ဗောဓိကိုင်းကို ခုတ်ဖြတ် သူ၊ ဗုဒ္ဓဓာတ်တော်ကို ပွန်းပဲ့အောင်လုပ်သူဟာ အနန္တရိယကံကို ကျူး လွန်သူနဲ့ အလားတူတယ် (အဘိ-႒ ၂၊ ၄၀၈။ မ-႒ ၄၊ ၇၈)။ 'တစ်စုံ တစ်ယောက်ဟာ စေတီကိုဖြစ်စေ ဗောဓိပင်ကိုဖြစ်စေ ဖူးမြော်ရင် ဗုဒ္ဓါ ရမ္မဏပီတိ (ဗုဒ္ဓကို ဖူးမြော်လို့ ဗုဒ္ဓဂုဏ်ကို အောက်မေ့လို့ ရရှိတဲ့ နှစ် သက်မှုပီတိ)ကို ရရှိတယ်' (အဘိ-႒ ၂၊ ၃၃၂)။

ဒီဖော်ပြချက်တွေမှာ ဗုဒ္ဓ ဆင်းတုတော် မပါတာကို သတိပြုမိနိုင် တယ်။ မျက်မှောက်ခေတ် အမြင်နဲ့ဆိုရင် ဗုဒ္ဓဆင်းတုတော်ကို ဖူးမြော် ရင် ဗုဒ္ဓါရမ္မဏပီတိကို ရတယ်လို့ မဆိုင်းမတွ ဆိုမှာပဲ။

## စေတီနဲ့ သက်ရှိဘုရား

'ဗုဒ္ဓဝါဒီတစ်ယောက်ဟာ ဘုန်းကြီးကျောင်းတိုက်ထဲကို ဝင်ရောက်တဲ့ အခါ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းဖြစ်တဲ့ ဓာတ်တော် တွေ ကိန်းဝပ်နေလို့ စေတီတော်ကို ရှေးဦးစွာ သုံးကြိမ် လက်ျာရစ် လှည့်ပြီး ပူဇော်ရတယ်။ စေတီတော်က ကြီးရင် လေးနေရာမှာ၊ ငယ်ရင် ရှစ်နေရာမှာ ရှိခိုးဝတ်ပြုရတယ်။ အဲဒီနောက် ဗောဓိပင်ကို ရှိခိုးဝတ်ပြုရ တယ်' (ဒီ-ဋ္ဌ ၁၊ ၁၅၇။ အဘိ-ဋ္ဌ ၂၊ ၃၃၄)။ ရဟန်းတော်ဟာ စေတီ တော်ကို ပူဇော်ဝတ်ပြုဖို့ မသွားရင် ဗုဒ္ဓဘုရားရှင်ကို မဖူးမြော်တာနဲ့ အတူတူပဲ။ ဗုဒ္ဓဘုရားရှင်ကို ပြုရမဲ့ ရိုသေပူဇော်မှုအားလုံးကို စေတီ တော်မှာလဲ ထပ်တူပြုရတယ်။ ရဟန်းဟာ စေတီတော် တစ်ဆူရဲ့ မြင် ကွင်းအတွင်းမှာ ပခုံးနှစ်ဖက်လုံးကို မဖုံးလွှမ်းရ၊ ဖိနပ် မစီးရ၊ ထီး မဆောင်းရ၊ ရေမချိုးရ' (ဒီ-ဋ္ဌ ၃၊ ၂၁၇။ အဘိ-ဋ္ဌ ၂၊ ၄၈၉)။ ရှိခိုးပူဇော် မှုကို ကြောင်းကျိုးဆီလျော်စွာ ဖော်ပြတဲ့ အခြားနေရာတွေမှာလဲ စေတီ နှင့် ဗောဓိပင်ကိုသာ ပြဆိုပြီး ဆင်းတုတော်ကို ညွှန်းဆိုခြင်း မရှိဘူး (မ-ဋ္ဌ ၁၊ ၂၅၈။ အံ-ဋ္ဌ ၂၊ ၃၇၇။ ဝိ-ဋ္ဌ ၄၊ ၁၅၂)။

ဒါကြောင့် အေဒီ၅ရာစုက ရေးသားတဲ့ ရှေးဦး အဋ္ဌကထာကျမ်း စာတွေအရ အဲဒီခေတ်အချိန် ဗုဒ္ဓဆင်းတုတော် တည်ရှိနေပြီဖြစ်ကြောင်း အတိအကျ ဆိုနိုင်ပေမယ့် ဗုဒ္ဓဆင်းတုတော်ကို စေတီနဲ့ ဗောဓိပင်တို့ လောက် ရှိခိုးပူဇော်စရာအနေနဲ့ အရေးတကြီး အလေးပေး မဖော်ပြ ဘူးလို့ သုံးသပ်နိုင်ပါတယ်။

## အကြောင်းကို ရှာရင်

ဗုဒ္ဓဆင်းတုတော် ကိုးကွယ်မှု အစီအမံကို အဋ္ဌကထာကျမ်းတွေမှာ ဘာ ကြောင့် လျှော့ပေါ့ထားရသလဲ အရေးမပေးခဲ့သလဲ ဆိုတာနဲ့ ပတ်သက် လို့ အကြောင်း နှစ်ရပ်ကို စဉ်းစားနိုင်တယ်။

၁) ရှေးဟောင်း သီဟိုဠ်ဘာသာအဋ္ဌကထာကျမ်းတွေ (ပါဠိဘာသာမပြန် ခင်က ရှိနေပြီးဖြစ်တဲ့ အဋ္ဌကထာကျမ်းတွေ)ကို ရေးသားချိန်က ဆင်း

တုတော်တွေဟာ ရှိခိုးပူဇော်မှု စနစ်ပေါင်းကို ဆန်းသစ်တီထွင်မှု တစ်ရပ်ဖြစ်လို့ အရေးမပါသေးခြင်း။ ဆင်းတုတော်တွေရဲ့အသဲမှာ ဗုဒ္ဓဓာတ်တော်တွေကို ထည့်သွင်းထားမှသာ ပူဇော်စရာအနေနဲ့ ယူဆခြင်း။

၂) ဗုဒ္ဓဆင်းတုတော်ကို ကိုးကွယ်မှုဟာ အဲဒီအချိန်က မဟာယာနဝါဒီတွေမှာပဲ အထူးထင်ရှားတယ်။ မဟာယာနဝါဒကို အပြင်းအထန် ဆန့်ကျင်တဲ့ ထေရဝါဒ မဟာဝိဟာရ အစဉ်အလာတွေကို အထူးမြှင့်တင်လိုတဲ့ ထေရဝါဒီ ပါဠိဘာသာ အဋ္ဌကထာကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသဟာ မဟာယာနနဲ့ ပတ်သက်တဲ့ မည်သည့်အချက်ကိုမှ ရည်ညွှန်းလိုခြင်း ရှိပုံမရဘူး။ ဗုဒ္ဓ ဆင်းတုတော်ကို နှစ်ကြိမ်လောက် ရည်ညွှန်းရာမှာတောင် ဆင်းတုတော်ရဲ့ အရေးပါမှုကို မပြဘဲ ဆင်းတုတော်ထဲက ဓာတ်တော်ကိုပဲ အသားပေး ဖော်ပြတယ်။

## အဋ္ဌကထာနဲ့ ဗုဒ္ဓစွယ်တော်

အေဒီလေးရာစု ကိတ္တိသိရိ မေဃဝဏ္ဏမင်းလက်ထက်မှာ ဗုဒ္ဓစွယ်တော်ဓာတ်ကို သီဟိုဠ်သို့ ပင့်ဆောင်ခဲ့ပါတယ်။ သီဟိုဠ်မှာ အရေးပါတဲ့ ဓာတ်တော်ဖြစ်ပေမဲ့ အေဒီ ၅ ရာစု ပါဠိအဋ္ဌကထာကျမ်းများမှာ ဒီစွယ်တော်ဓာတ်အကြောင်းကို တစ်စွန်းတစ်စမျှ မဖော်ပြဘူး။ အရှင်ဗုဒ္ဓဃောသနဲ့ ခေတ်ပြိုင်ဖြစ်တဲ့ တရုတ်ရဟန်းတော် ဖာဟီယန်ဟာ ဗုဒ္ဓစွယ်တော်လှည့်ပွဲအပြီး စွယ်တော်ဓာတ်ကို အဘယဂိရိကျောင်းတိုက်သို့ ပင့်ဆောင်ပုံ မျက်မြင်ကို အသေးစိတ် ဖော်ပြတယ် (*A Rcord of Buddhist Kingdoms*, Trans., Fa Hien, p. 102-103.)။

အင်မတန် အရေးပါတဲ့ စွယ်တော်ဓာတ်ကို ပါဠိအဋ္ဌကထာကျမ်းတွေမှာ မဖော်ပြတာအတွက် တစ်ခုတည်းသော အဖြေက အဲဒီ စွယ်တော်ဓာတ်ကို မဟာယာနဝါဒရဲ့ အထောက်အပံ့နဲ့ သီဟိုဠ်သို့ ပင့်ယူခဲ့တာရယ်၊ အဲဒီ စွယ်တော်ဓာတ်ဟာ အဘယဂိရိကျောင်းတိုက်ပိုင် အနေနဲ့ ထင်ရှားနေတာရယ်တွေကြောင့် ဖြစ်နိုင်ပါတယ်။

ဗုဒ္ဓဆင်းတုတော်တွေကို ဘာသာရေးတန်ဖိုး လျှော့ရာမှာလည်း ဒီသဘောမျိုး မဖြစ်နိုင်ဘူးလား။

**ပိုအရေးကြီးသည်**

ဗုဒ္ဓဆင်းတုတော်နဲ့ ပတ်သက်လို့ စာပေသဘောထားက အဲဒီလို ဖြစ်ပါတယ်။ ဒီစာပေအရပဲ ဗုဒ္ဓဆင်းတုတော်မှာရော စေတီမှာပါ ဗုဒ္ဓဓာတ်တော်ကို ဌာပနာပြုထားမှ ဘာသာရေးတန်ဖိုး ရှိတယ်လို့ ယေဘုယျသဘော ဆိုနိုင်မယ်။ စေတီနဲ့ ဆင်းတုမှာ ဘာက ပိုအရေးကြီးသလဲဆိုရင် ဓာတ်တော် ကိန်းဝပ်မှု မကိန်းဝပ်မှုနဲ့ပဲ ဆိုင်တယ်လို့ ဆိုနိုင်တယ်။

ဒါပေမဲ့ စေတီဆိုတာ လူတွေ အရိုအသေပြုရမယ့် နေရာဖြစ်ပါတယ် (စယိတဗ္ဗံ ပူဇေတဗ္ဗန္တိ စေတိယံ၊ ခုဒ္ဒကပါဌ–ဋ္ဌ၊ ၁၈၈)။ ဗုဒ္ဓဓာတ်တော် ကိန်းဝပ်တဲ့ ထူပကို ဓာတုကစေတီ၊ ဗောဓိပင်ကို ပရိဘောဂစေတီ၊ ဗုဒ္ဓ ဆင်းတုတော်ကို ဥဒ္ဒိဿကစေတီလို့ ခေါ်ပါတယ် (ဗုဒ္ဓပဋိမာ ဥဒ္ဒိဿကစေတိယံ၊ ခုဒ္ဒကပါဌ–ဋ္ဌ၊ ၁၈၈)။ ဒီစာအရဆိုရင် ဗုဒ္ဓဆင်းတုတော်ဟာ စေတီထိုက် (အရိုအသေပြုထိုက်)တဲ့ အရာဖြစ်ပါတယ်။

ဒါကြောင့် စေတီ ဆင်းတုရယ်လို့ မခွဲခြားဘဲ ရိုသေပူဇော်စရာ ဖြစ်တဲ့ သက်တော်ထင်ရှားဗုဒ္ဓအနေနဲ့ စိတ်ထားတူစွာ အာရုံပြုနိုင်ရင် သမေစိတ္တေ သမံ ဖလံ (စိတ်ထားတူနေ ကျိုးနေမျှ၏)အရ အကျိုးတူ နိုင်ကြောင်းပါ။ ဗုဒ္ဓဓာတ်တော် ကိန်းဝပ်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ □

**စေတီ သုံးမျိုး**

ဗောဓိပင်သည် ပရိဘောဂစေတီ၊ ဗုဒ္ဓဆင်းတုတော်သည်
ဥဒ္ဒိဿကစေတီ၊ ဗုဒ္ဓဓာတ်တော် ကိန်းဝပ်သည့် ထူပသည်
ဓာတုကစေတီ။ ဤသို့ စေတီ သုံးမျိုးရှိ၏ (ခုဒ္ဒပါဌ–ဋ္ဌ၊ ၁၈၈)။



## ဂင်္ဂါဝါဠု သဲစုမက

ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား၊

အရိမေတ္တေယျ ဘုရားရှင် ပွင့်တော်မူပြီးရင် နောက်ထပ် ပွင့်ဦးမယ့် ဘုရားရှင်တွေ ရှိပါသေးသလား ဘုရား။

ကြည်ညိုစွာဖြင့် ဝင်းမြတ်သူ

---

**နောက်ဆုံးဘုရား**

အရိမေတ္တေယျဆိုတာက ဒီကမ္ဘာ (ဘဒ္ဒကမ္ဘာ)မှာ ဘုရားငါးဆူ ပွင့်တဲ့ အနက် မပွင့်သေးတဲ့ နောက်ဆုံး အနေနဲ့ ပွင့်မယ်လို့ ဗုဒ္ဓဝါဒီတို့ ယုံကြည်ကြတဲ့ဘုရား ဖြစ်ပါတယ်။ လက်ရှိ ဂေါတမဗုဒ္ဓရဲ့ သာသနာ လုံးဝ ကွယ်ပျောက်သွားပြီးနောက် အနာဂတ်တစ်ချိန်မှာ အဲဒီဘုရားရှင် ပွင့်တော်မူမယ်လို့ ဆိုတယ်။ အရိမေတ္တေယျဘုရားက နောက်ဆုံးဘုရား ဖြစ်လို့ ဒီဘုရားပြီးနောက် ဒီကမ္ဘာမှာ ပွင့်မယ့်ဘုရား မရှိတော့ဘူး။ ဒီဘုရားရဲ့သာသနာ ကွယ်ပြီးရင် ဒီကမ္ဘာလည်း ပျက်စီးမယ်။ (ကမ္ဘာပျက်မယ်ဆိုလို့ မကြောက်ပါနဲ့။ တွန်တီးတွဲလ် ကောလာဟလမျိုး မဟုတ်ပါဘူး။ ဘယ်တော့မှန်းမှ မသိဘဲ။)

**ကမ္ဘာသစ်မှာ**

အဲဒီနောက် ကမ္ဘာသစ်တစ်ခု ထပ်ဖြစ်မယ်။ အဲဒီကမ္ဘာသစ်မှာ ဘုရားတွေ ပွင့်ဦးမယ်။ တစ်ချို့ကမ္ဘာမှာ ဘုရားတစ်ဆူပွင့်တယ်၊ တစ်ချို့ နှစ်ဆူ သုံးဆူ စသည် ပွင့်တာရှိတယ်။ အများဆုံး ဘုရားငါးဆူပဲ ပွင့်တယ်လို့ ဆိုတယ်။ အချို့ကမ္ဘာတွေမှာ ဘုရားတစ်ဆူမှ မပွင့်ဘူး။ ဒါကြောင့် ဗုဒ္ဓဝါဒအရ စကြဝဠာ ဆုံးစမထင်သလို ပွင့်ဦးမယ့် ဘုရားတွေလည်း မရေမတွက်နိုင်အောင် များပြားတယ်လို့ ဆိုနိုင်တယ်။ ဒါကြောင့် ဂင်္ဂါဝါဠုသဲစုမကသော ဘုရားရှင်လို့ ဆိုရိုးပြုတာ ဖြစ်ပါတယ်။ ❒

# ဗုဒ္ဓဝါဒီရဲ့ သဘောထား

Dear Sayadaw,

Is this a wrongdoing if I, as a Buddhist, sing Christian songs? I lived with Christian friends for 3 years. They listen to their religious songs and I also become used to all these songs until I remember all these in my mind. I try to control my mind to not sing these songs. Now it becomes a problem for me. My friends said to forget and it is not sin. Please explain to me. Thank you.

Nandar Yi

ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား၊

ဗုဒ္ဓဝါဒီတစ်ယောက်အနေနဲ့ ခရယန် ဓမ္မသီချင်း သီဆိုရင် အပြစ်ရှိပါသလားဘုရား။ တပည့်တော် ခရစ်ယန်ဘာသာဝင် မိတ်ဆွေတွေနဲ့ သုံးနှစ် အတူနေခဲ့ပါတယ်။ သူတို့က ဓမ္မသီချင်းကို နားထောင်တဲ့အတွက် တပည့်တော်လည်း အဲဒီသီချင်းတွေကို နားယဉ်သွားပါတယ်။ စိတ်ထဲမှာ သီချင်းတွေ အားလုံးကို အမှတ်ရနေပါတယ်။ အဲဒီ သီချင်းတွေကို မဆိုမိစေဖို့ ကြိုးစားပြီး စိတ်ကို ထိန်းပါတယ်။ ဒီကိစ္စဟာ တပည့်တော်အဖို့ အနှောင့်အယှက် ဖြစ်နေပါတယ်။ တပည့်တော် မိတ်ဆွေတွေကတော့ မေ့ထားလိုက်ဖို့နဲ့ အကုသိုလ် မဟုတ်ပါဘူးလို့ ပြောပါတယ်။ ကျေးဇူးပြု၍ ဖြေကြားပေးစေချင်ပါတယ် ဘုရား။

နန္ဒာရည်

---

**အကုသိုလ် မဖြစ်**

၁) ဘေးအန္တရာယ်ကို ပယ်ဖျောက်တယ် (ဘယ) ၂) ကြောက်ရွံ့မှုကို ပယ်ဖျောက်တယ် (သန္တာသ) ၃) မကောင်းသော လားရာဂတိကို ပယ်

ရှားတယ် ၄) စိတ်အညစ်အကြေးကို ပယ်ရှားတယ်ဆိုတဲ့ သရဏဂုံသုံး ပါးရဲ့ စွမ်းရည်ကို လက်ခံ ယုံကြည်ပြီး စိတ်ထဲက အဲဒီသရဏဂုံ သုံး ပါးကို ကိုးကွယ်ဆည်းကပ်နေသရွေ့ ဗုဒ္ဓဝါဒီပါပဲ။ ခရစ်ယန် ဓမ္မသီချင်း သီချင်းဆိုရုံ နားထောင်ရုံနဲ့ အကုသိုလ် မဖြစ်ပါဘူး။

ခရစ်ယန် မိတ်ဆွေတွေနဲ့ ငြိမ်းချမ်းစွာ နေနိုင်တာဟာ ဗုဒ္ဓဝါဒီ ကောင်း တစ်ယောက်ရဲ့ သဘောထားပါ။ သီချင်းကိုရော လူကိုပါ ဆန့် ကျင်ဘက် ခံစားမှုမရှိဘဲ အဲဒီ ဓမ္မသီချင်းတွေ နှုတ်ထဲ ရောက်လာတာ ဟာ ဗုဒ္ဓဝါဒီတစ်ယောက် အနေနဲ့ သဘောထား ကြီးရာရောက်ပါတယ်။ ဗုဒ္ဓဝါဒကို နှစ်သက်သလို အခြားသူတစ်ယောက်ရဲ့ ယုံကြည်မှုကိုလည်း လေးစားရမှာပေါ့။

## လုံခြုံတဲ့ စိတ်ရှိဖို့

ကိုယ်ဘာသာတရားကို ဝေဖန်လာရင်တော့ နိုင်ယှဉ် ရှင်းပြခွင့်ရှိပါတယ်။ သူများစည်းရုံးလာရင် ကာကွယ်ဖို့လည်း ကိုယ့်မှာ ဗုဒ္ဓဝါဒဗဟုသုတ အလုံအလောက်ရှိသင့်တယ်။ ဗုဒ္ဓဓမ္မစာအုပ်တွေ အများကြီးကို ကြိုးစား ဖတ်ပါ။ ဒါမှမဟုတ် တရားဓမ္မတွေကိုသော်လည်း နာယူပါ။ သီချင်း တွေကို တကူးတက မှေ့ပစ်နေစရာမလိုပါဘူး။ အနည်းဆုံး တစ်ပတ် သုံးရက် အဓိဋ္ဌာန်နဲ့ ဗုဒ္ဓဂုဏ်တော်တွေကို ရွတ်ဖတ် သို့မဟုတ် ပွားများ အားထုတ်ပြီး ကိုယ့်စိတ်ကို ကာကွယ်ထားတာက ပိုကောင်းပါတယ်။

ဂုဏ်တော်ပွားရင် အရဟံ .. အရဟံလို့ စိတ်ထဲကဆိုဆဲမှာ ဂုဏ် တော်ရဲ့ အဓိပ္ပာယ်ကို နားလည်ပြီး ပုတီးလုံးတွေကိုချ ပုတီးမရှိရင် ကိုယ့်လက်ချောင်းလေးတွေကို ချိုးနိုင်တယ်။ မိမိစိတ်ဟာ ရတနာသုံး ပါးမှာပဲ တည်နေမယ်။ အဲဒီလို ကာကွယ်ထားတဲ့ စိတ်ဟာ ချမ်းသာကို ဆောင်တာပဲ။ ◻

# Buddhist Attitude

### No Akusala

You keep yourself as a Buddhist as long as you take refuge in Three Gems in your heart, accepting and trusting the four qualities of them that they can destroy 1) danger (bhaya) 2) fear (santasa) 3) rebirth in bad life (duggati) and 4) mental impurities (parikilesa). Just singing or listening to Christian songs is not unwholesome (akusala). It is a good Buddhist attitude that you can stay with Christian friends peacefully.

It also means that, as a Buddhist, you are broad minded when you picked up their religious songs, not feeling negative on them also on the people. As you love Buddha's teachings, you should respect other's belief too.

### Guarded mind

But it is your right to clarify the Dhamma when criticized. You should have enough Buddhist knowledge to protect yourself also when persuaded. Please try to read a lot of Buddhist books or listen to the Dhamma talks. I don't think you should erase the songs by force. It is better if you guard your mind doing regular or Addhitthana chanting or meditation on Buddha-guna at least three days a week. For guna meditation, you may count beads or your own fingers, mentally saying araham .. araham etc. while understanding each guna's meaning.

Your mind will be with Three Gems then. The mind such guarded brings you happiness. ❒

# Marriage during Buddhist Lent

Dear Sayadaw,

Why Burma Buddhists don't allow to marry during three raining retreat months? What is history behind this? What will happen if married during these months? Did Buddha prohibit to do so? Do other Buddhist countries follow this tradition?

Barry

-------------------------------

Just Tradition

Burma is a country that Theravada Buddhist tradition is flourishing. According to Vinaya, the Theravada monks stay home during rainy season when people also try to come to the temple for their spiritual practices more frequently than normal, observing eight precepts and listening to the Dhamma talks given by the monks. They also pay stress to themselves to do so during the season, leaving their household duties temporarilly. Finally, this becomes a special religious season.

**Buddha said nothing**

I think, this is why devout Buddhists don't want to marry during this time, Indenting to do more religious things. There is no a remarkable history behind this. Nothing will happen even if you get married during the season. May be the traditionalists blame you, saying why you broke it. Buddha said nothing about this though. I asked a Sri Lankan monk who answered me that they don't follow this tradition and a Thai monk who also said same. ❑

## မဂ္ဂင်ရှစ်ပါးအဖွင့်

ဆရာတော် အရှင်မြတ်ဘုရား၊

ဘုရားတပည့်တော်သည် နိုင်ငံရပ်ခြားမှာ အလုပ်လုပ်နေသည့် မြန်မာ တစ်ဦး ဖြစ်ပါသည်ဘုရား။ မြန်မာလိုရေးထားသည့် ဘာသာရေးစာအုပ် များမှာ ရှားပါး၍ ဝက်ဘ်ဆိုက်မှ မြန်မာလို ဖတ်ရှုရခြင်းမှာ များစွာ အကျိုးဖြစ်ထွန်းပါသည်။ တပည့်တော်တို့အား မဂ္ဂင်ရှစ်ပါးကို ပါဠိနှင့် တကွ အဓိပ္ပာယ်ကို အသေးစိတ် ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား။

ထွတ်ထွတ်နိုင်

---

**ကံကောင်းသူ**

ကမ္ဘာအရပ်ရပ်က လွတ်လပ်အတွေးရှိကြတဲ့ ပညာရှင်တွေဟာ ဗုဒ္ဓဝါဒရဲ့ မဂ္ဂင်ရှစ်ပါးကျင့်စဉ်ကို နှစ်သက် လက်ခံကြပါတယ်။ ကိုယ်ယုံကြည်တဲ့ အယူဝါဒကို ကောင်းပါတယ် မှန်ပါတယ်လို့ လူတိုင်း ဆိုခွင့်ရှိပေမယ့် ဗုဒ္ဓရှင်တော်မြတ်ကတော့ ဒီကျင့်စဉ်မရှိတဲ့ ဘာသာတရားမှာ အရိယာ သူတော်စင်ဆိုတာ မရှိနိုင်ဘူးလို့ မိန့်တော်မူပါတယ်။ ဒီကျင့်စဉ်ထူးကို သင်ကြားပေးတဲ့ ဗုဒ္ဓဝါဒနဲ့ ကြုံကြိုက်ရသူ ဗုဒ္ဓဝါဒီတစ်ယောက်အဖို့တော့ ကံကောင်းတာပဲ။ ဒီကျင့်စဉ်ကို နားလည်ပြီး လိုက်နာကျင့်သုံးရင် အ ဆင့်မြင့် ဗုဒ္ဓဝါဒီတစ်ယောက် ဖြစ်နိုင်တာပေါ့။ ဗုဒ္ဓဘာသာဆိုတာ ဘာလဲ လို့ မေးရင်လည်း ဒီကျင့်စဉ်ကိုပဲ အသားပေးပြီး ဖြေသင့်ပါတယ်။ တစ် ထိုင်တည်းနဲ့ အသေးစိတ် ဖြေဖို့ခက်ပေမယ့် ကြိုးစားပေးလိုက်ပါတယ်။

**သီလမဂ္ဂင်သုံးပါး**

၁။ သမ္မာဝါစာ = မှန်စွာ ပြောခြင်း။ မလိမ်၊ ချစ်ခင်နေသူ နှစ်ယောက် ကွဲအောင် ကုန်းမတိုက်၊ ဆဲဆိုကြမ်းတမ်း မပြု၊ အနှစ်မဲ့ စကားကို မပြောဆို။ ၂။ သမ္မာကမ္မန္တ = မှန်စွာ ပြုခြင်း။ သက်ရှိကို မသတ်၊ သူ

များးပစ္စည်း မတရားယူခြင်း လုလက် ခိုးဝှက်ခြင်း မပြု ကာမပိုင် ရှိသူတွေနဲ့ မဖောက်ပြန်။ ၃။ သမ္မာအာဇီဝ = မှန်စွာ အသက်မွေးခြင်း။ လိမ်ညာ သတ်ဖြတ် ခိုးဝှက်ပြီး သက်မွေးဝမ်းကျောင်း မပြု သူတောကောင်းတွေရဲ့ ကိုယ်ကျင့်တရားနဲ့ ကင်းလွတ်ပြီး ပစ္စည်းမရှာ။

**သမာဓိမဂ္ဂင် သုံးပါး**

၁။ သမ္မာဝါယာမ = မှန်စွာ အားထုတ်ခြင်း။ မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ မဖြစ်အောင်၊ ဖြစ်ပြီး အကုသိုလ်တရားတွေကို ပယ်နိုင်အောင်၊ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်အောင်၊ ဖြစ်ပြီး ကုသိုလ်တရားတွေ ပိုမိုဖြစ်အောင် အားထုတ်ခြင်း။ ၂။ သမ္မာသတိ = မှန်စွာအမှတ်ရခြင်း။ ရုပ်အပေါင်းကိုယ်၌ ... ခံစားမှုဝေဒနာတို့၌ ... ကြံသိမှုစိတ်၌ ... မြင်ကာမျှ ကြားကာမျှ သဘောတရားတို့၌ မမြဲ ဆင်းရဲ အစိုးမရအနေနဲ့ ရှုမှတ်နေခြင်း။ ၃။ သမ္မာသမာဓိ = မှန်စွာ စူးစိုက်တည်ခြင်း။ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဆိုတဲ့ ဈာန်လေးပါးသို့ ကပ်ရောက်၍ စိတ်တည်နေခြင်း။ ဈာန်ဆိုတာ အာရုံတစ်ပါးကို စိတ်မသွားဘဲ မှတ်မြဲအာရုံမှာသာ စူးစိုက်တည်နေတာ။

**ပညာမဂ္ဂင် နှစ်ပါး**

၁။ သမ္မာဒိဋ္ဌိ = မှန်စွာ မြင်ခြင်း။ သစ္စာလေးပါးကို အမှန်အတိုင်း သိခြင်း။ ၂။ သမ္မာသင်္ကပ္ပ = မှန်စွာ ကြံခြင်း။ ကာမဂုဏ်မှ လွတ်မြောက်ရေး အကြံ၊ အများတကာ ချမ်းသာစေလိုရေး အကြံ၊ သနားစောင့်ရှောက်ရေး အကြံ။ သမ္မာဒိဋ္ဌိကို (အံ-၅ ၁၊ ၃၆၉ မှာ) ငါးမျိုးပြတယ်။ (၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ = ကံ ကံရဲ့အကျိုးကို ယုံကြည်တာ။ ဒီသမ္မာဒိဋ္ဌိရှိမှ အကုသိုလ်ကို ရှောင်ပြီး ကုသိုလ်ကို ပြုကျင့်နိုင်တယ်။ ဒါကြောင့် ဒီသမ္မာဒိဋ္ဌိကို သီလနဲ့ ပညာမဂ္ဂင်တို့ရဲ့ အစိတ်အပိုင်းလို့လည်း ဆိုရတယ် (၂) ဈာနသမ္မာဒိဋ္ဌိ = ဈာန်သမာဓိနဲ့ ယှဉ်တဲ့ဉာဏ်။ (၃) ဝိပဿနာ သမ္မာဒိဋ္ဌိ = ဝိပဿနာ သမာဓိနဲ့ ယှဉ်တဲ့ ဉာဏ်။ (၄) မဂ္ဂ

သမ္မာဒိဋ္ဌိ = အရိယမဂ်စိတ်နဲ့ ယှဉ်တဲ့ ဉာဏ်။ (၅) ဖလသမ္မာဒိဋ္ဌိ = ဖိုလ်စိတ်နဲ့ ယှဉ်တဲ့ ဉာဏ်။

**ဝိပဿနာမဂ္ဂင် ဖြစ်ပုံ**

ရုပ်နာမ်တရားတွေ ဖြစ်ရင်ဖြစ်ချင်း သိနေတာက သမ္မာသတိ။ စိတ်ကို အစွန်းတရားတွေဆီ မလွင့်ပါးစေဘဲ ပစ္စုပ္ပန်တည့်တည့်မှာ တည်နေအောင် ကြိုးစားတာက သမ္မာဝါယာမ။ စိတ်ဟာ ဖြစ်ဆဲအာရုံမှာသာ မြဲမြဲစွာ တည်တံ့လာရင် သမ္မာသမာဓိ။ ဆက်လက် အားထုတ်ရင်း ဥပစာရသမာဓိအဆင့်နဲ့ ညီတဲ့ ခဏိကသမာဓိဖြစ်လို့ ရုပ်နာမ်တို့ရဲ့ သဘာဝကို အမှန်အတိုင်းသိရင် သမ္မာဒိဋ္ဌိ။ သမ္မာဒိဋ္ဌိဆီသို့ စိတ်ကို ပို့ပေးတာက သမ္မာသင်္ကပ္ပ။ ပြီး မဂ္ဂင်တရားတွေကို ကျင့်ဆဲမှာ သီလမဂ္ဂင်သုံးပါးလည်း အလိုလို ပြည့်စုံတယ်။ အဲဒီလို ကျင့်ရင်းနဲ့ နောက်ဆုံး ဝိပဿနာဉာဏ်တွေ အပြည့်အစုံ ဖြစ်ပြီဆိုရင် သစ္စာလေးပါးကို သိပါတယ်။ ဒီအသိထူးကိုရဖို့ဟာ ဗုဒ္ဓဝါဒီတို့ရဲ့ နောက်ဆုံးပန်းတိုင်ပါပဲ။ ❑

# ပဋ္ဌာန်းဆက်

ဆရာတော် အရှင်ဘုရား၊

လူများသည် ပဋ္ဌာန်းဆက်ကြောင့် တွေ့ကြုံရသည်ဟု လူအချို့ စကားပြောရာတွင် ထည့်သွင်း ပြောဆိုကြပါသည်။ ထိုပဋ္ဌာန်းဆက်ဟူသည်မှာ ဘယ်အရာ ဘယ်သဘောဆောင်သည်ကို ရှင်းပြပေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ရိုသေလေးစားလျက်
ကျော်ခန့်

**အကြောင်းနှင့် အကျိုး**

မာနတ်က အင်မတန် ချောမောလှပတဲ့ ဘိက္ခုနီတစ်ပါးကို ဘာကြောင့် ဒီလို ချောမောလှပရသလဲလို့ မေးပါတယ်။ ဘိက္ခုနီက 'အကြောင်းကြောင့် ဖြစ်ရတာပါ'တဲ့ (သံ ၁၊ ၁၃၅)။ 'အကြောင်းဖြစ်တဲ့ မကောင်းစိတ်ကို ရှောင်ကြဉ်ပြီး ကောင်းစိတ်ကို ပွားများရင် ချောမော လှပခြင်းဆိုတဲ့ အကျိုးကို ရတာပေါ့။ ကိုယ့်ဟာကိုယ်ပဲ ရုပ်ချောအောင် ရုပ်ဆိုးအောင် လုပ်တာ။ ဘယ် ဗြဟ္မာဘုရား နတ်သိကြားကမှ လုပ်ပေးလိုက်တာ မဟုတ်ဘူး'လို့ ဘိက္ခုနီက ဆိုလိုတယ်။

'ပဋ္ဌာန်းဆက်' ဆိုတာ အဲဒီ ဗုဒ္ဓဒေသနကို အခြေခံတဲ့ စကားပါ။ အကြောင်းကြောင့် ဖြစ်ရတဲ့ အကျိုးလို့ ဆိုလိုပါတယ်။ ဘယ်သူ စတွင်လိုက်လို့ ဒီဝေါဟာရ အရပ်ထဲမှာ တွင်ကျယ်လာသလဲဆိုတာကို မသိနိုင်ပေမယ့် ဗုဒ္ဓဒေသနကို မထိခိုက်ပါဘူး။ ဒီဒေသနကို ပေါ်လွင်စေတဲ့ နာမည်ကျော် ဖြစ်ရပ်နှစ်ခုကို ဖော်ပြလိုက်ပါတယ်။

**အသောကနှင့် နိဂြောဓ**

ဘဝတစ်ခုမှာ ပျားကုန်သည် ညီနောင် သုံးယောက်ရှိဖူးတယ်။ ညီအငယ်ဆုံးက အိမ်မှာနေပြီး ပျားရည်ကို ရောင်းတယ်။ အစ်ကို နှစ်ယောက်က တောထဲသွားပြီး ပျားဖွပ်တယ်။ တစ်နေ့ အစ်ကိုတွေ အိမ်မှာမရှိတုန်း ပစ္စေကဗုဒ္ဓတစ်ဆူ ဆွမ်းလာရပ်တော့ ညီငယ်က ပျားရည်ကို သပိတ်ထဲ အပြည့် လောင်းလှူလိုက်တယ်။ အစ်ကိုကြီးက စိတ်ဆိုးပြီး 'အဝါရောင်မြင်တိုင်း လှူရသလား။ သူတောင်းစားတွေလည်း အဝါရောင်ဝတ်တာပဲ'တဲ့။ အစ်ကိုလတ်ကလည်း စိတ်ဆိုးပြီး 'မင်းရဲ့ ပစ္စေကဗုဒ္ဓကို ဖမ်းပြီး မြစ်တစ်ဖက်ကမ်း လွှင့်ပစ်လိုက်ကွာ'တဲ့။ ဒါပေမယ့် ညီငယ်က အပြောကောင်းလို့ နောက်ပိုင်းမှာတော့ အစ်ကိုနှစ်ယောက်လည်း ဝမ်းမြောက်သာဓု ခေါ်ကြပါသတဲ့။ အဲဒီ ညီအစ်ကို သုံးယောက်ဟာ (ဘီစီသုံးရာစုမှာ) ညီငယ်က အသောကမင်း၊ အစ်ကိုလတ်က သမုဒ္ဒရာ ဟိုဖက်ကမ်းက သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿ

မင်း၊ အစ်ကိုကြီးက သူတောင်းစားရွာမှာ မွေးဖွားရတဲ့ မင်းသားလေး နိဂြောဓသာမဏေ ဖြစ်လာတယ် (သာရတ္ထ-ဋီ ၁၊ ၁၂၇)။

အဲဒီလို အကြောင်းဆက်သွယ်မှု သို့မဟုတ် ပဋ္ဌာန်းဆက် ရှိဖူးကြလို့ ဗုဒ္ဓဝါဒီ မဟုတ်သေးတဲ့ အသောကမင်းက လမ်းပေါ်မှာ ဆွမ်းခံကြွနေတဲ့ နိဂြောဓသာမဏေကို မြင်ရင်မြင်ချင်း ချစ်ခင် ကြည်ညို စိတ်တွေ ဖြစ်နိုင်တာ။ သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿနှင့် အသောကတို့လည်း လူချင်းမတွေ့ရပေမယ့် မိတ်ဆွေရင်းတွေ ဖြစ်နိုင်ကြတာ။

**မိလိန္ဒနှင့် နာဂသိန်**

ကဿပဘုရား လက်ထက်က ဂင်္ဂါမြစ်ကမ်းမှာ သံဃာတွေ သီတင်းသုံးတဲ့ ကျောင်းတိုက်တစ်ခုရှိတယ်။ သံဃာတော်တွေ ဗုဒ္ဓဂုဏ်တော်ကို ပွားများရင်း ကျောင်းတိုက် ပရိဝုဏ်ကို တံမြက်လှည်းကြတယ်။ တစ်နေ့မှာ ရဟန်းငယ်တစ်ပါးက သာမဏေ ငယ်တစ်ပါးကို လှည်းထားတဲ့ အမှိုက်ကို စွန့်ခိုင်းရာမှာ သာမဏေငယ်က မကြားယောင် ပြုနေတယ်။ နှစ်ကြိမ် သုံးကြိမ် ပြောမရ တဲ့နောက် စိတ်ဆတ်ဆတ် ရဟန်းငယ်က သာမဏေငယ်ကို တံမြက်ရိုးနဲ့ ရိုက်လိုက်တော့မှ သာမဏေငယ်က ငိုပြီး ကြောက်ကြောက်နဲ့ အမှိုက်ကို သွားစွန့်တယ်။ အမှိုက်စွန့်ရင်း ဂင်္ဂါမြစ်ထဲက ရေလှိုင်းတွေကို ကြည့်ပြီး သာမဏေငယ်က 'ဒီအမှိုက်စွန့်ရတဲ့ ကုသိုလ်ကြောင့် ဖြစ်ရာဘဝမှာ ဒီရေလှိုင်းတွေလို ပညာဉာဏ်ထက်မြက်ပြီး မေးခွန်းပေါင်း များစွာကို မေးမြန်းနိုင်သူ ဖြစ်ရပါလို၏'လို့ ဆုတောင်းတယ်။

ရေချိုးဖို့ မြစ်ကမ်းနားကို ဆင်းလာတဲ့ ရဟန်းငယ်က သာမဏေဆုတောင်းနေတာကို ကြားလိုက်ရတော့ ငါခိုင်းလို့ လုပ်တဲ့သူတောင် ဆုတောင်းနိုင်သေးတာပဲလို့ စဉ်းစားပြီး 'ဖြစ်ရာဘဝမှာ ဒီသာမဏေမေးတဲ့ မေးခွန်းတိုင်းကို ဖြေဆိုနိုင်သူ ဖြစ်ရပါလို၏' လို့ ဆုတောင်းလိုက်တယ်။ (ဘီစီ ၁ ရာစုမှာ) သာမဏေက မိလိန္ဒမင်း၊ ရဟန်းငယ်က အရှင်နာဂသိန် ဖြစ်လာတယ် (မိလိန္ဒပဉှာ၊ ၁)။

ဒီလို အကြောင်းဆက် ရှိခဲ့ဖူးလို့ ဘယ်သူမှ မဆုံးမနိုင်တဲ့ မိလိန္ဒမင်းကို အရှင်နာဂသိန်က ဆုံးမနိုင်ခဲ့တယ်။

ဘုန်းကြီးကျောင်းကို သွားဖို့ ခေါ်လို့မရတဲ့ အယူသည်းတဲ့ လူကြီးတစ်ယောက်ကို အိမ်မှာ ဆွမ်းခံကြွနေတဲ့ ကိုရင်လေးတစ်ပါးက အရက်ပြတ်အောင် စည်းရုံးနိုင်တာကို တွေ့ဖူးပါတယ်။ ပဋ္ဌာန်းဆက် ရှိဖူးလို့ ဖြစ်နိုင်တာပေ့ါ။ ဘဝသံသရာဆိုတာ ဆန်းကြယ်ပါတယ်။ □

## ခေတ်သစ် သုသီမ



ဆရာတော် အရှင်မြတ်ဘုရား၊

လော့စ်အိန်ဂျယ်လိစ်က ထုတ်တဲ့ စာစောင်တစ်ခုမှာ ဓမ္မစကြာသုတ်ကို ပစ္စုပ္ပန်ကမ္မဝါဒနှင့်အညီ အဓိပ္ပာယ်ဖွင့်သည်ဟု ဆိုပါသည်။ ပစ္စုပ္ပန်ကမ္မဝါဒဆိုတာ ဗုဒ္ဓဝါဒနှင့် ပတ်သက်နိုင်ပါသလား။ 'ကာမဂုဏ်ချမ်းသာကို ပြန်ရဖို့ ဒါန သီလ ဘာဝနာ ကောင်းမှုတွေကိုပြုရင် ကာမသုခလ္လိကာနုယောဂအကျင့်'လို့ ဆိုထားပါသည်။ တစ်ဖန် 'အတ္တကိလမထာနုယောဂအကျင့်ဆိုတာ ရူပ အရူပဈာန်အကျင့်တွေသာ ဖြစ်တယ်'ဟုလည်း ဆိုပါသည်။ အဲဒီ အဆိုတွေ ဟုတ်ပါသလား။

ကာမသုခလ္လိကာနုယောဂအကျင့် နှင့် အတ္တကိလမထာနုယောဂအကျင့်တို့၏ ကျမ်းဂန်ထွက် အဓိပ္ပာယ်မှန်ကို သိလိုပါသည်။ ဆောင်းပါးရေးသူက သူ့အဆိုအချို့ကို 'ပိဋကမှာ တွေ့ပါတယ်'ဟုလည်း ဆိုပါသည်။ 'ဒုက္ကရစရိယာအကျင့်ဆိုတာ ဘယ်လို ကျင့်သုံးနေထိုင်ခြင်း ဖြစ်တယ်လို့ အသေးစိတ် ရှင်းပြချက် မတွေ့ရပါဘူး'ဟုလည်း ဆိုပါသည်။ မှန်ပါသလား။ ဖြေကြားပေး စေလိုပါသည်။

တောက်ထက်၊ သုတမြေ

----------------

**ကာလသုံးပါး**
ဝါဒတစ်ရပ်ကို တင်ပြမယ်ဆိုရင် သတ္တိရှိသင့်တယ်။ ဦးပွကိုယ်တိုင် တွေးခေါ်တင်ပြတဲ့ 'ဦးပွဝါဒ'၊ ကြိုက်ရင် ယူ၊ မကြိုက်ရင် ဆောရီးပေါ့။ ဘာလို့ ဗုဒ္ဓဝါဒပါလို့ ပြောနေအုံးမှာလဲ။ အိန္ဒိယမှာ ဗုဒ္ဓဝါဒ ကွယ်ပျောက်တာဟာ အဲဒီလို ပူးသတ်ခံရလို့ပဲ။ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို လေ့လာဖူးရင် ဗုဒ္ဓဟောတဲ့ ကမ္မဝါဒဟာ ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါးလုံးနဲ့ ပတ်သက်တယ် ဆိုတာကို ရှင်းလင်းစွာ တွေ့ပါလိမ့်မယ်။ ပစ္စုပ္ပန်ကမ္မဝါဒကိုပဲ လက်ခံတယ်ဆိုရင် ဗုဒ္ဓဝါဒ မဟုတ်ဘူး။ ဆောင်းပါးရေးသူရဲ့ ဝါဒပဲ ဖြစ်မယ်။ အဲဒီဝါဒကို လက်ခံထားသူက ဗုဒ္ဓဝါဒီပါလို့ဆိုရင် ဗုဒ္ဓဝါဒကို စော်ကားတာပဲ။ ကျုပ်က ဖန်ဆင်းရှင်ကို မယုံတဲ့ ခရစ်ယန်အစစ်ပါလို့ဆိုရင် ခရစ်ယန်ဝါဒကို စော်ကားရာ ကျသလိုပဲ။

**ဓမ္မစကြာလက်သစ်**
မိမိယူဆချက် ခိုင်လုံဖို့နဲ့ ခွန်အားရှိဖို့ ဗုဒ္ဓကျမ်းဂန်ကို ကိုးကားချင်သပဆိုရင် မည်သူမဆို ကိုးကားခွင့် ရှိပါတယ်။ ဒါပေမယ့် ဗုဒ္ဓဟောလိုရင်းအဓိပ္ပာယ်နဲ့ မိမိယူဆချက်ဟာ တစ်ထပ်တည်းတော့ ဖြစ်ရမယ်။ ကိုယ်ယူဆတာက တစ်မျိုး၊ ဗုဒ္ဓဟောတာက တစ်ခြားဆိုရင် ဒီကိုးကားမှုဟာ မမှန်ဘူး။ ဓမ္မစကြာသုတ်မှာက အဓိပ္ပာယ်ဖွင့်ဆိုချက်အမှန် ရှိပြီးသားဖြစ်လို့ ဗုဒ္ဓဝါဒနဲ့ မကိုက်ညီတဲ့ အခြားရှုထောင့်တစ်ခုက သုံးသပ်ပြတယ်ဆိုရင် လူသေလူဖြစ်ဝါဒီတို့ လုပ်သလို ဓမ္မစကြာလက်သစ်ပဲ ဖြစ်မယ်။

ဘုန်းကြီးအနေနဲ့ ဓမ္မစကြာသုတ်ထဲမှာ ပစ္စုပ္ပန်ကမ္မဝါဒဆိုတာနဲ့ ကိုက်ညီတဲ့ အတွေးအမြင်ကို လုံးဝ မတွေ့မိပါဘူး။ ပစ္စုပ္ပန်ကမ္မဝါဒ ဆိုတာနဲ့ ဓမ္မစကြာသုတ် ဘာမှ မဆိုင်နိုင်ပါဘူး။ ကျုပ်ဝါဒကတော့ ဗုဒ္ဓဝါဒနဲ့ မဆိုင်ဘူး၊ ကျုပ်ယူဆတာကို ကျုပ်ရေးတာဆိုရင် ရှင်းပါတယ်။ ဘာမှ တုံ့ပြန်နေစရာလည်း မလိုပါဘူး။

**ကာမသုခလ္လိကာနုယောဂ**

**ဗုဒ္ဓဖြစ်ဖို့** ပါရမီဖြည့်မယ့် ဗုဒ္ဓလောင်းလျာဟာ 'သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ'လို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဓိပ္ပာယ်က 'ဗောဓိ ဉာဏ်ကို ရပြီးရင် နတ်လူတွေကို ဘဝသံသရာမှ ကယ်တင်မယ်'တဲ့။ ဗုဒ္ဓလောင်းလျာဟာ ဇနီးမယားသမီးသားနဲ့ ကိုယ်အသက်ကိုပါ ပေးစွန့်ရာမှာ ရည်ရွယ်ချက်က ဗောဓိဉာဏ်ကို ရဖို့ပဲ။ တစ်နည်းပြောရင် ဗောဓိဉာဏ်ကို ရဖို့ ရင်းနှီးခဲ့တာပဲ။ ဒါန သီလ ဘာဝနာထဲက ဘာကောင်းမှုပဲ ပြုပြု ရည်ရွယ်ချက်တော့ ရှိကောင်းပါတယ်။ 'အလိုရှိရာကို တောင့်တ (ဆုတောင်း)၍ သမဏ ဗြာဟ္မဏတွေကို ထမင်းအဖျော်စတဲ့ လှူဖွယ် ဝတ္ထုကို ပေးလှူရင် အလိုရှိတဲ့ သူဌေး သူကြွယ်အဖြစ်နဲ့ လူ့ဘဝ၊ ထို ထက်မြင့်တဲ့ နတ်ဗြဟ္မာဘဝတွေကို ရနိုင်တယ်'လို့ သင်္ဂီတိသုတ် (ဒီ ၃၊ ၂၁၄)မှာ ဗုဒ္ဓကိုယ်တိုင် ဟောထားပါတယ်။

သူဌေးဖြစ်ချင်လို့ပဲ လှူလှူ နတ်ဖြစ်ချင်လို့ပဲ လှူလှူ အဲဒီလို လှူတဲ့ အတွက်တော့ လောကလူသားတွေမှာ အနည်းနဲ့အများ ကောင်းကျိုး ရကြတာပါပဲ။ ဥပမာ ဆေးရုံကြီးတစ်ခု ဆောက်လှူတယ် ဆိုပါတော့။ အလှူ့ရှင်က အဲဒီကောင်းမှုရဲ့ အကျိုးအနေနဲ့ ဘာပဲဖြစ်ချင်ဖြစ်ချင် ပထမဆုံး အဲဒီက နယ်သူနယ်သား အများကောင်းကျိုး ရတာပဲ မဟုတ်လား။ အဲဒါကို ဘယ်လိုလုပ်ပြီး ကာမသုခလ္လိကာနုယောဂလို့ ဆိုနိုင်မှာ တုန်း။ 'သူတပါးအကျိုး၊ အများအကျိုး၊ လူသားလောက အကျိုးကို ရည်စူး ဦးတည်ခြင်းရှိပြီး' ကိုယ့်အိတ်ထဲက ပစ္စည်းနဲ့ ဘယ်လောက် လှူဒါန်းပြီးပြီလဲလို့ ကိုယ့်ဟာကိုယ်ပဲ ဆန်းစစ်ကြည့် သင့်ပါတယ်။

အခက်အခဲနဲ့ ကြုံနေလို့ စိတ်တွေ ရောက်ရက်ခတ်နေတဲ့အခါ အဓိဋ္ဌာန်ပြုပြီး ပုတီးစိပ်လိုက်တော့ စိတ်ငြိမ်၊ စိတ်ငြိမ်တော့ ဆုံးဖြတ် ချက် မှန်ကန်လို့ အောင်မြင်သွားတာပေါ့။ ပုတီးစိပ်တာဟာ ဗုဒ္ဓဝါဒီအဖို့ အောက်ဆုံး အဆင့်ပါ။ အဲဒီကနေ စစ်မှန်တဲ့ ဝိပဿနာအဆင့်ကို တက် သွားနိုင်တာပေါ့။ ဒါကို ကာမသုခလ္လိကာနုယောဂပါလို့ ဘာလို့ အပြစ် တင်နေမလဲ။ ဗုဒ္ဓရဲ့ ညီတော် ရဟန္တာကြီး အရှင်နန္ဒ ရဟန်းဝတ်ခဲ့တာ

ဟာ နတ်သမီးတွေကို လိုချင်လို့ပါ။ သာသနာအစ သို့မဟုတ် ဘာသာရေး လုပ်ခါစမှာ အဲဒါလေးတွေတော့ ရှိတတ်ပါတယ်။

ဘဝတစ်လျှောက်လုံး ကာမချမ်းသာကိုချည်း ခံစားမနေဘဲ သင့်တင့်တဲ့ အစားအစာ၊ အဝတ်တန်ဆာနဲ့ နေထိုင်စရာကို သုံးဆောင်ပြီး ဝိမုတ္တိသုခကို ရအောင် အားထုတ်နိုင်ဖို့ ကာမသုခလ္လိကာနုယောဂကို ပယ်တာ ဖြစ်ပါတယ်။ ဒါဟာ ဒီအစွန်းကိုပယ်ရတဲ့ အဓိကရည်ရွယ်ချက်ပါ။ ဒီအကျင့်ရဲ့ အဓိပ္ပာယ်မှန်ကို လယ်တီ၊ မဟာစည်၊ တောင်ပြို့စတဲ့ ပိဋကတ် အိုးကွဲ ဆရာတော်ကြီးတွေ ဖွင့်ဆိုထားပြီးသားပါ။

**အတ္တကိလမထာနုယောဂ**

'အတ္တကိလမထာနုယောဂအကျင့်ဆိုတာ ရူပ အရူပဈာန်အကျင့်တွေသာ ဖြစ်တယ်'ဆိုရင် တက်တက်စင် လွဲတာပဲ။ ကြံကြီး စည်ရာ။ ဒီအတိုင်း ဆက်ရေးရင် ရေးလေ လွဲလေဖြစ်နေမှာပဲ။ သူ့အဆိုအရ ဆိုရင် ရူပဈာန် လေးပါးနဲ့ အရူပဈာန် လေးပါးဆိုတဲ့ သမာပတ်ရှစ်ပါးကိုရတဲ့ ရဟန္တာတွေအားလုံး အတ္တကိလမထအကျင့်ကို ကျင့်လို့ရတယ်လို့ ဆိုရတော့မှာပေါ့။ ဈာန်ရဲ့ အဓိပ္ပာယ်ကို သိအောင် အရင် လုပ်သင့်တယ်။

ငါးပါး ရှစ်ပါးသီလကို သီလလို့ သာမန်ခေါ်ပြီး ရဟန်းတို့ရဲ့ ပါတိမောက္ခသံဝရသီလကို အဓိသီလလို့ ခေါ်ပါတယ်။ ဝဋ်အခြေပြု လောကီသမာပတ်ရှစ်ပါးကို စိတ္တလို့သာမန်ခေါ်ပြီး ဝဋ်ကထွက်မြောက်တဲ့ လောကုတ္တရာ သမာပတ်ရှစ်ပါးကိုတော့ အဓိစိတ္တလို့ ခေါ်ပါတယ်။ ကမ္မဿကတာပညာကို ပညာလို့ သာမန်ခေါ်ပြီး ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာတွေကို အဓိပညာလို့ ခေါ်ပါတယ်။ ဒါက ဗုဒ္ဓဝါဒရဲ့ ကျင့်စရာ အနှစ်သာရသုံးပါးပါ။ ဒီအထဲက စိတ္တကို အကြောင်းပြုပြီး အဓိ စိတ္တကို ရရှိနိုင်ပါတယ် (ဝင္ကပါဒိကာ အဋ္ဌသမာပတ္တိယော ဥပါဒါယ ဝိပဿနာ-ပါဒိကာ အဋ္ဌသမာပတ္တိယော အဓိစိတ္တံ နာမ (အဘိ-ဋ ၂၊ ၃၉၅)။

**ဒုက္ကရစရိယာ**

'ဒုက္ကရစရိယာဆိုတာ ဘယ်လို ကျင့်ခဲ့သုံး နေထိုင်ခြင်း ဖြစ်တယ်လို့

အသေးစိတ် ရှင်းပြချက် မတွေ့ရပါဘူး’လို့ ဆိုရင် ဆောင်းပါး ရေးသူ ဟာ မဟာသီဟနာဒသုတ် (မ ၁၊ ၉၇)၊ မဟာသစ္စကသုတ် (မ ၁၊ ၃၀၁) စတာတွေကို မဖတ်ဖူးလို့ ဖြစ်ပါလိမ့်မယ်။ အဲဒီသုတ်တွေမှာ ဒုက္ကရစရိယ အကျင့်အကြောင်းကို အသေးစိတ်ပြဆိုထားပါတယ်။ ဗုဒ္ဓဝါဒ အကြောင်း ကို ရေးတော့မယ်ဆိုရင် ဗုဒ္ဓဝါဒဆိုင်ရာ ဗဟုသုတ အတော်အတန်တော့ ရှိသင့်တာပေါ့။ ပါဠိတော်မှာ တိုက်ရိုက် ပါနေတာပဲ။ ဆောင်းပါးရှင်ဟာ ထေရဝါဒဗုဒ္ဓဓမ္မ အစစ်အမှန်ကို တကယ်စေတနာနဲ့ တင်ပြချင်တယ် ဆိုရင် ယောနိသောမနသိကာရ (အသင့်တွေး နှလုံးသား)နဲ့ ဗုဒ္ဓကျမ်း ဂန်ကို တကယ်တတ်သိတဲ့ ပုဂ္ဂိုလ်တွေ ဖွင့်ဆိုထားတာကို အများကြီး ရှာဖွေလေ့လာ ဖတ်ရှုရဦးမယ်လို့ သုံးသပ်မိပါတယ်။

**ခေတ်သစ်သုသိမ**

‘လူသေသော် လူမဖြစ်လျှင်လ
ဘာဖြစ်မှာတုန်း၊
ရွှေပျက်လျှင်
မြေထွက်နှယ် အဝင်ပေမို့
တကယ်ပင် ရွှေပြန်ဖြစ်တယ်ကွယ်
လောကစံထုံး’ (လူသေလူဖြစ်၊ စာ-၃၀၁)

လို့ ဦးဥက္ကဋ္ဌက ဆိုလိုက်တော့ အဆွယ်ကောင်းတာနဲ့ ဗုဒ္ဓဝါဒရေးရာ ဗဟုသုတ အခံမရှိတဲ့ စာဖတ်သူအနေနဲ့ နားယောင်စရာပါပဲ။

ဒါပေမယ့် အတော်အတန် ဉာဏ်ရှိရင် ဒီလိုလေးဆက်ပြီး စဉ်းစား ကြည့်လိုက်နိုင်မှာပါ ...

‘လူသေသော် လူမဖြစ်လျှင်လ
ပါယ်နတ်စစ် နိဗ္ဗူတာ
မှန်စွာပ ဖြစ်ထုံး၊
ရွှေနှင့်လူ
လုံးလုံးပင် ခန်မတူလို့
စံတမူ မှားရာက မှောက်ပေပေါ့

နာမ်တဆူ ကြားမှာ ပျောက်တယ်ကွယ်
သားမျောက် ကတုံး'

(ရွှေမှာက အဆင်းရုပ်ဆိုတဲ့ ရူပက္ခန္ဓာပဲ ရှိတယ်။ လူက ရုပ်ရော နာမ်ပါ ခန္ဓာငါးပါး ရှိတယ်။ ဒါကြောင့် ဥပမာနဲ့ ဥပမေယျ မဟပ်စပ်တဲ့ အတွက် အမှားကြီး မှားတယ်လို့ ဆိုလိုက်တာပါ)။

လူသေလူဖြစ်ဝါဒီတို့လည်း သူတို့ ရေးပြောတာတွေမှာပဲ ဗုဒ္ဓဝါဒနဲ့ ကိုက် ညီသလိုလို၊ လယ်တီစတဲ့ ဆရာတော်ကြီးတွေရဲ့ အယူအဆ တွေက ဗုဒ္ဓဝါဒအတုအယောင် ဖြစ်နေသလိုလို လုပ်ကြံ ရေးပြောခဲ့ကြ ဖူးပါတယ်။ ဘာရည်ရွယ်ချက်နဲ့ ရေးခဲ့သလဲ ဆိုတာတော့ ကာယကံရှင် တွေပဲ သိကြပါလိမ့်မယ်။

ဗုဒ္ဓလက်ထက်က ရာဇဂြိုဟ်မြို့သား သုသိမလို့ ခေါ်တဲ့ ပရိဗိုဇ်ဟာ ဗုဒ္ဓဝါဒကို သူ့ရဲ့ တိတ္ထိဝါဒထဲမှာ ထည့်ပြီးဟောရင် သူ့တရားနဲ့ သူ့ဝါဒကို လူကြိုက် များမှာပဲဆိုပြီး အမည်ခံ ဗုဒ္ဓဝါဒီအဖြစ်နဲ့ ဗုဒ္ဓသာသနာထဲကို ဝင်ရောက်ပြီး ရဟန်းဝတ်ခဲ့ဖူးတယ်။ ဒါပေမယ့် ဝါဒခိုးဖို့ ကြံစည်သူ သုသိမကတော့ ကံကောင်းခဲ့ပါတယ်။ ဘာကြောင့်ဆို ဗုဒ္ဓကိုယ်တိုင်နဲ့ တွေ့လို့ ရဟန္တာ ဖြစ်သွားလို့ပါ (သံ ၁၊ ၃၄၀)။

ဒီလို ဗုဒ္ဓဝါဒကို ခိုးယူတဲ့ ဝါဒသူခိုးသူတွေဟာ ခေတ်အဆက် ဆက်မှာ ရှိတာပဲ။ ရှိလည်း ရှိနေဦးမှာပဲ။ ဗုဒ္ဓဝါဒဖက်က ကြည့်ရင် ဒီလိုလူတွေဟာ ဗုဒ္ဓဝါဒကို ရှုပ်ထွေး မှေးမှိန်အောင် ကွယ်ပျောက်အောင် လုပ်နိုင်တာမို့ အင်မတန် ကြောက်စရာ ကောင်းပါတယ်။

ဝါဒသူခိုး ခေတ်သစ်သုသိမတွေဟာ မိမိရေးတာ ပြောတာကို လူကြိုက်အောင်လို့ အလံရှူး ရှဲဒိုးနည်းတွေကိုလည်း အသုံးပြုတတ်ပါ တယ်။ ဗုဒ္ဓဝါဒီတို့ ကြပ်ကြပ် သတိထားကြပါကုန်။ □

# ကိုယ့်ကိုယ်ကို သတ်သေရင်

ဆရာတော် အရှင်မြတ်ဘုရား၊

တပည့်တော် သိလိုသည်မှာ ကိုယ့်ကိုယ်ကို သတ်သေသူများသည် အဖန် ငါးရာငါး ကမ္ဘာလား၊ ငါးရာ့ငါးဘဝလား ဆိုတာကို သိလိုပါသည် အရှင်ဘုရား။

ကိုလေး

---

**ဗုဒ္ဓဝါဒအမြင်**

ကိုယ့်ကိုယ်ကို သတ်သေတာနဲ့ပတ်သက်ပြီး ဗုဒ္ဓဝါဒအမြင်ကို ကျမ်းဂန်လာ အရှင်ဆန္နနဲ့ အရှင်ဝက္ကလိတို့ရဲ့ဖြစ်ရပ်၊ တတိယပါရာဇိက နိဒါန်းလာဖြစ်ရပ် စတာတွေကို ကိုးကားပြီး အနောက်တိုင်းသားအချို့ ဝေဖန်တင်ပြထားတာတွေ ရှိတယ်။ ဘုန်းကြီး သေသေချာချာ လေ့လာပြီး နားလည်ထားတာကို အမြွက်လောက်ဆိုရရင် ကိုယ့်ကိုယ်ကို သတ်သေတဲ့ ကိစ္စကို အရိယာဖြစ်ပြီးတဲ့ ဗုဒ္ဓသာဝကတွေ လုံးဝမလုပ်ဘူး၊ ကိုယ့်ကိုယ်ကို သတ်သေတာကို ဗုဒ္ဓဝါဒက လုံးဝ ငြင်းပယ်တယ် ဆိုတာပါပဲ။

**သဘင်သည်စကားလော**

ဗုဒ္ဓဝင် တောထွက်ခန်းမှာ ရွှေမန်းတင်မောင်က ဘုရားလောင်း မင်းသိဒ္ဓတ်စီးတဲ့ ကဏ္ဍကမြင်းကို ခန္တကမြင်းလို့ ဆိုလိုက်တော့ တစ်တိုင်းပြည်လုံး ခန္တကမြင်း ဖြစ်ကုန်တာပဲ။ အသံထွက်အမှန်က ကဏ္ဍကမြင်းပါ။ တစ်ခါတစ်ရံမှာ သဘင်သည်နဲ့ ရုပ်ရှင်တွေဆီက တစ်ဆင့် အဲဒီမျိုးတွေ ဖြစ်တတ်ပါတယ်။ ကိုယ့်ကိုယ်ကို သတ်သေရင် အဖန် ၅၀၅ ကမ္ဘာ ပြန်ခံရတယ်လို့တော့ အရပ်ထဲ ပြောကြတာပဲ။ ဒါပေမဲ့ အဲဒီလို ကန့်သတ်ချက်တော့ ရှိမယ်မထင်ဘူး။ ကိုယ့်ကိုယ်ကို သတ်သေတယ် ဆိုတာ ပါဏာတိပါတကံပဲဖြစ်လို့ ဘဝသံသရာမှာ အဲဒီကံ အားကောင်း

ခိုက်နဲ့ ကြုံလာသရွေ့ အကျိုးပေးကို ခံရမှာပါ။ ငါးရာ့ငါးဆယ်ဇာတ်တော်လို့ဆိုရင် ငါးရာ့ငါးဆယ် သချ်ာကို အတိအကျ မယူရသလို အချို့နေရာတွေမှာ အရေအတွက် သချ်ာကို အတိအကျ မယူရဘူး။

**ဘဝငါးရာလော**

ကျမ်းဂန် အသွားအလာအရ ဘဝကြိမ်ဖန် ဖြစ်တာကို ရည်ညွှန်းလေ့ရှိတာမို့ ကမ္ဘာဆိုတာထက် ဘဝဆိုရင် ပိုပြီး ယုတ္တိရှိပါလိမ့်မယ်။ တစ်ခါမှာ ဗုဒ္ဓဟာ သုသုမာဂိရိမြို့ကို ရောက်တော့ ထိုမြို့က သက်ကြီးရွယ်အို ဇနီးမောင်နှံ နှစ်ယောက်ကို ချီးမြှောက်ဖို့ သူတို့ အိမ်ကိုပဲ တိုက်ရိုက်ကြွတော်မူသတဲ့။ အဲဒီလောက် အရေးတယူ ကြွသွားရတာက အဲဒီဇနီးမောင်နှံက ဗုဒ္ဓရဲ့ မိဘအဖြစ် ဘဝငါးရာ၊ ဘကြီး မိကြီး (ဒေါ်ကြီး)အဖြစ် ဘဝငါးရာ၊ ဘထွေး မိထွေး (ဒေါ်လေး)က ဘဝငါးရာ ဖြစ်ဖူးတဲ့အတွက် ပထမအကြိမ် ဗုဒ္ဓနဲ့ တွေ့ကတည်းက ဗုဒ္ဓကို သားအရင်းလို ရင်းနှီးကျွမ်းဝင်ပြီး သောတာပန်အရိယာတွေ ဖြစ်နေကြလို့ပါ (အံ ၁၊ ၃၇၂။ အံ-ဋ္ဌ ၂၊ ၃၁၁)။ ဒီမှာလည်း ငါးရာသချ်ာက အတိုးအလျော့ ရှိမှာပဲ။ ▢

# ဝါဆိုသင်္ကန်း လှူဒါန်းခြင်း

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊
ဝါဆိုသင်္ကန်း ကပ်ခြင်းအကြောင်းကို သိလိုပါသည် ဘုရား။ မည်သို့ကပ်မှသာ ဝိနည်းစည်းကမ်းနှင့် ညီညွတ်ပါသနည်း ဘုရား။ ဝါဆိုသင်္ကန်း ကပ်ခြင်းဖြင့် မည်သို့သော အကျိုးများကို ရပါသနည်းဘုရား။

ကြည်ကြည်ကျော်

**ဝါဆိုသင်္ကန်း**

ပါဠိလို ဝဿာဝါသိကစီဝရ လို့ခေါ်တယ်။ ကျောင်းတိုက် သို့မဟုတ် နေရာတစ်ခုမှာ ဝါဆိုဝါကပ်တဲ့ (ဝါဆိုဝါကပ်ဆိုတာ ဝါတွင်းသုံးလ ခရီး မသွားဘဲ နေတာ) သံဃာ သို့မဟုတ် ရဟန်းကို ရည်မှတ်ပြီး လှူတဲ့ သင်္ကန်းလို့ အဓိပ္ပာယ်ရပါတယ်။ အမှန်တော့ ဝါဆိုသင်္ကန်းလှူဖို့ အချိန် သတ်မှတ်ချက် မရှိပါဘူး။ ဝါတွင်းမှာဖြစ်စေ ဝါပမှာဖြစ်စေ လှူကောင်း ပါတယ်။ ဥပမာ ဝါဆိုသင်္ကန်း ဆိုပြီး ဝါဆိုလမှာ မဟုတ်ဘဲ တပေါင်း တန်ခူး ဘယ်လမဆိုမှာလည်း လှူကောင်းတယ်။ ဝါဆိုဝါကပ်တဲ့ သံဃာ ကို ရည်ညွှန်းဖို့သာ အဓိကပါ။ ဝါဆိုဝါကပ်တဲ့ ရဟန်းကို ဝါကျွတ်ပြီးမှ လှူရင် ဖြစ်စေ၊ အဲဒီရဟန်းကို ဝါကျွတ်ပြီးမှ ဝတ်ရုံဖို့ ဝါတွင်း(ဝါဆိုနေ တုန်း)မှာ လှူရင်ဖြစ်စေ ဝါဆိုသင်္ကန်းပါပဲ (မဟာဝါဘာသာဋီကာ၊ ၆၁၃)။

**သင်္ကန်းရထိုက်သူ**

များသောအားဖြင့် ဝါမဆိုခင် လှူကြတဲ့အတွက် ကျောင်းတိုက်မှာ ဝါဆို သီတင်းသုံးကြတဲ့ သံဃာတွေ ဝါဆိုတဲ့နေ့မှာ သင်္ကန်းကို ခွဲဝေယူကြ တယ်။ ဝါဆိုတဲ့ သံဃာကို ရည်မှန်းပြီး လှူတာဖြစ်လို့ အလှူခံတဲ့ သံဃာ ဟာ ဝါမကျိုးရဘူး။ သာရေး နာရေးကိစ္စမှ တစ်ပါး မိမိဝါဆိုတဲ့ကျောင်း မှ သို့မဟုတ် ကျောင်းတိုက်ဝင်း ပြင်ဖက်မှ အခြားကျောင်းကို ခုနစ် ရက်ထက် လွန်အောင် ညအိပ် ခရီးသွားရင် ဝါကျိုးပါတယ်။ ဝါကျိုးရင် ဝါဆိုသင်္ကန်းကို အလှူမခံကောင်းဘူး။ ‘ဤကျောင်းမှာ ဝါတွင်းသုံးလ နေထိုင်ပါအံ့’လို့ ဝါဆိုလပြည့်နေ့မှာ ဝါမကပ်ခဲ့ရင်လည်း ဝါဆိုသင်္ကန်း အလှူမခံကောင်းဘူး (ဝိနယဂဏ္ဌိဋ္ဌာနဝိနိစ္ဆယကျမ်း၊ စာ-၃၆၁)။

**သောတာပန်လို**

သောတာပန်လို ဂတိမြဲတဲ့ ကုသိုလ် ခုနစ်မျိုးရှိတယ်။ သရဏဂုံ တည်ရင်၊ ငါးပါးသီလမြဲရင်၊ စာရေးတံဆွမ်း လှူရင်၊ လဆန်း လဆုတ်မှာ ဆွမ်းလှူရင်၊ ဝါဆိုသင်္ကန်း လှူရင်၊ ရေတွင်း ရေကန်လှူရင်၊ ကျောင်းလှူ

ရင် အဲဒီလူဟာ စူဠသောတာပန် (သောတာပန် အငယ်စား) ပါပဲ။ သေ ရင် သုဂတိ မြဲတယ် (အံ-၅ ၃၊ ၂၆၄)။ ခြွင်းချက်က ဝါဆိုသင်္ကန်း လှူပေမယ့် လုယက်သူခိုး အရက်ချိုး ဆိုရင်တော့ အောက်ကိုပဲ ဆင်း မှာပါ။ ဝါဆိုသင်္ကန်း မကယ်နိုင်လောက်ပါဘူး။

**ထုံးနည်း ညီစေ**

နိုင်ငံရပ်ခြား တိုင်းပြည်များမှာ မြန်မာတွေ ဝါဆိုသင်္ကန်း ကပ်လှူကြပါ တယ်။ သင်္ကန်းဆိုတာ ရဟန်းသံဃာကို လှူတာပါ။ ရဟန်းသံဃာ တစ် ပါးစ နှစ်ပါးစသာရှိလို့ ဝါဆိုသင်္ကန်းတွေ ပိုလျှံနေရင် ဝါဆိုသင်္ကန်းမှ ဖြစ်ပေါ်လာတဲ့ အလှူဝတ္ထု (အလှူငွေ)ကို ကျောင်းတိုက် ထိန်းသိမ်းစောင့် ရှောက်ဖို့ ဆိုပြီး သံဃာတွေက ဇေါပကအဖွဲ့ကို စွန့် သို့မဟုတ် လွှဲအပ် ကြပါတယ်။ ဗုဒ္ဓသာသနာ တိုးတက် စည်ပင်ဖို့ ရည်ရွယ်လို့ အလှူရှင် ဒကာဒကာမတွေ ဝမ်းမြောက် သာဓုခေါ်ရုံပဲ ရှိပါတယ်။ ▫

# ဗုဒ္ဓမှာ ဆရာမရှိ၊ မာရ်နတ်ဆိုတာ ဘာလဲ

ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

(၁) ဗုဒ္ဓမြတ်စွာ ဘုရားမှာ ဆရာ ငါးယောက်ရှိသည်ဟု ကြားဖူးပါသည်၊ ထိုဆရာ ငါးယောက်အကြောင်း သိလိုပါသည် အရှင်ဘုရား။

(၂) မာရ်နတ်အကြောင်းကိုလည်း သိလိုပါသည် အရှင်ဘုရား။

(၃) သားပြွမ်းဆွမ်းဟူသည် အဘယ်ကို ခေါ်ပါသနည်း။

အနန္တာဓမ္မစာပေ

ဘာသာခြား မိတ်ဆွေတစ်ယောက် မေးသော မေးခွန်းဖြစ်၍ ဖြေကြားပေးစေချင်ပါသည် အရှင်ဘုရား။

ကျော်မှန်

---

**မင်းသိဒ္ဓတ်ရဲ့ ဆရာတွေ**

မင်းသိဒ္ဓတ် မွေးတဲ့နေ့မှာ လက္ခဏာဖတ်ကြတဲ့ ပုဏ္ဏားရှစ်ယောက်က လိုအပ်တာကို ညွှန်ကြားပြီး မင်းသားကို စောင့်ရှောက်ပေးကြတယ်။ သူတို့က ပထမဆရာ။ မင်းသားငယ်ကို ပညာသင်ပေးတဲ့ သဗ္ဗမိတ္တ အမည်ရှိတဲ့ ပုဏ္ဏားက ဒုတိယဆရာ။ ဘုရားလောင်း သံဝေဂရအောင် နိမိတ်ကြီးလေးပါးကို ပြပေးကြတဲ့ နတ်ဒေဝါတွေက တတိယဆရာ။ တတိယာရူပဈာန်ကို သင်ပေးတဲ့ ကာလာမအနွယ်ဝင် အာဠာရ ရသေ့က စတုတ္ထဆရာ။ စတုတ္ထာရူပဈာန်ကို သင်ပေးတဲ့ ရာမရဲ့သား ဥဒကရသေ့ကတော့ ပဉ္စမဆရာ ဖြစ်ပါတယ် (မိလိန္ဒ၊ ၂၂၈)။ အဲဒီ ဆရာငါးမျိုးကို ဗုဒ္ဓမဖြစ်မီ မင်းသိဒ္ဓတ်ရဲ့ လောကီဆရာတွေလို့ မှတ်ပါ။

**သဗ္ဗာသဗ္ဗညုဗုဒ္ဓဂုဏ်တော်**

ဗောဓိဉာဏ်ကို ရပြီးနောက် ပဉ္စဝဂ္ဂီရဟန်းတွေကို တရားဦးဟောဖို့ ရည်ရွယ်ချက်နဲ့ ဗုဒ္ဓဂယာက ဗာရာဏသီကို အကြွ လမ်းခရီး တစ်နေရာမှာ ဗုဒ္ဓရှင်တော်မြတ်ဟာ ဥပကအမည်ရတဲ့ ဂျိန်းဝါဒီ ပရိဗိုဇ်နဲ့ တွေ့တယ်။ ပရိဗိုဇ်က ဗုဒ္ဓကို ကြည့်ပြီး အို ကြည်သိုစရာကောင်းလိုက်တာ၊ အသားအရေက ဝင်းနေတာပဲဆိုပြီး 'အရှင်ဘုရားရဲ့ ဆရာက ဘယ်သူပါလဲ' လို့ မေးတယ်။ အဲဒီတော့ ဗုဒ္ဓက 'န မေ အာစရိယော နတ္ထိ = ငါ့မှာ ဆရာမရှိဘူး'လို့ ဖြေပါတယ်။ ဒါက အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရအောင် သင်ပေးတဲ့ ဗုဒ္ဓထက် လွန်ကဲထူးမြတ်တဲ့ ဆရာမရှိ

တာကို ရည်ရွယ်ပြီး မိန့်တော်မူတာ ဖြစ်ပါတယ်။ အဲဒီလို ဆရာမရှိဘဲ ကိုယ့်ဟာကို ထိုးထွင်းသိမြင်လို့လည်း ဗုဒ္ဓရဲ့ဂုဏ်တော် ကိုးပါးထဲမှာ 'သမ္မာသမ္ဗုဒ္ဓ'ဆိုတဲ့ ဂုဏ်ရှင် ဖြစ်တာပေါ့။

**အာဠာရနဲ့ ဥဒက**

ဗုဒ္ဓလောင်းလျာအဖြစ်နဲ့ သစ္စာဓမ္မကို ရှာဖွေစဉ်မှာ ကာလာမအနွယ် အာဠာရနဲ့ ရာမရဲ့သား ဥဒကတို့ထံမှာ ဈာန်တရားတွေကို သင်ယူဖူးတယ်။ ဗုဒ္ဓဖြစ်ပြီးနောက် ဗုဒ္ဓက သူတို့နှစ်ယောက်ကို ညွှန်းဆိုရာမှာ 'ရဟန်းတို့၊ ကာလာမအနွယ် အာဠာရသည် ငါ၏(ဗုဒ္ဓ၏) ဆရာဖြစ်လျက် မိမိ၏ (အာဠာရ၏) တပည့်ဖြစ်သော ငါ့ကို မိမိနှင့် အညီအမျှ ထား၏'လို့ မိန့်တော်မူပါတယ် (မ ၁၊ ၂၇၁)။ ဒီတော့ ငါ့မှာဆရာမရှိဘူး ဆိုတာနဲ့ ဆန့်ကျင်နေသလားလို့ စဉ်းစားစရာပေါ့။ မဆန့်ကျင်ပါဘူး။ အခုစကားရပ်က ဗုဒ္ဓဖြစ်ဖို့ ကြိုးစားတုန်း ဗုဒ္ဓလောင်းလျာအနေနဲ့ ဆရာဖြစ်ဖူးတာကို ရည်ရွယ်တာပါ။ ဒါပေမယ့် သူတို့နှစ်ယောက်ဆီက ရတဲ့တရားနဲ့ ဗုဒ္ဓဖြစ်လာတာမှ မဟုတ်ဘဲ။ ဗုဒ္ဓဖြစ်ကြောင်း မဂ္ဂါမပဋိပဒါ ကျင့်စဉ်ဆိုတာက ဗုဒ္ဓကိုယ်တိုင်သိတဲ့ တရားပါ။

**မာရ်နတ်ဆိုတာ**

'မာရ်နတ်ဆိုတာ ဝသဝတ္တီနတ်ပြည်က နတ်သူပုန် တစ်ယောက်ပါပဲ။ သူက သူ့ရဲ့ နတ်ဘုံကို ကျူးကျော်လိုသူကို ကျူးကျော် နိုင်စွမ်း ရှိမယ်ဆိုရင် သတ်ပစ်တယ်၊ (ကျူးကျော်လိုပေမယ့်) မစွမ်းနိုင်သူကိုလည်း သေစေချင်တယ်။ အဲဒီလို နတ်မျိုးပါ' (သုတ္တနိ-ဋ္ဌ ၁၊ ၄၀)။ 'မာနတ် ဆိုတာ ကာမာဝစရနတ်ပြည်ကို အစိုးရတယ်။ တစ်ခါတစ်ရံ ဖြဟ္မပါရိသဇ္ဇာ ဘုံကိုတောင် အုပ်စိုးနိုင်စွမ်းရှိတယ် (ဇိနာလင်္ကာရဋီကာ၊ ၂၁၇)'။

**ဗောဓိပင်အောက်မှာ**

ဇာတကအဋ္ဌကထာ (ဇာ-ဋ္ဌ ၁၊ ၈၃)နဲ့ ဗုဒ္ဓဝံသအဋ္ဌကထာ (စာ၊ ၁၀) မှာ မာရ်နတ်ဟာ နဂါးဂဠုန်တွေပါတဲ့ စစ်တပ်ကြီးနဲ့အတူ ကိုယ်တိုင်လည်း

လက်မောင်းတစ်ထောင် ဖန်းဆင်း၊ ဂိရိမေခလာ အမည်ရှိတဲ့ နတ်ဆင်ပြောင်ကိုစီးပြီး ဗုဒ္ဓဂယာ မဟာဗောဓိပင်အောက်မှာ ဗုဒ္ဓအဖြစ်ကိုရောက်တော့မယ့် သူတော်စင် ဗုဒ္ဓလောင်းလျာကို လာရောက် နှောင့်ယှက်တိုက်ခိုက်ပေမယ့် မာရ်နတ် ထွက်ပြေးရပုံကို သရုပ်ဖော်တယ်။ ကျမ်းဂန်တွေမှာ ကမန်းကတန်းပြေးရတဲ့ မာရ်နတ်ကြီးရဲ့ ချိုင်းကြားက ကျကျန်ခဲ့တဲ့ ဗေလုဝစောင်းကို သကြားမင်းက ကောက်ယူပြီး ပဥ္စသိခနတ်သားကို ပေးပုံ (သုတ္တနိ-ဋ္ဌ ၂၊ ၁၂၂) ထိ အသေးစိတ် ဆိုပါတယ်။

**အယူအဆတစ်မျိုး**

အချို့ သုတေသီတွေက မာရ်နတ်က အဲဒီလို လာရောက်ပြီး တိုက်ခိုက်တယ်ဆိုတဲ့ အယူအဆဟာ ရှေးဦးပါဠိတော်တွေရဲ့ အာဘော်နဲ့ မညီဘူးဆိုပြီး အဓိပ္ပာယ်တစ်မျိုး ယူလိုကြတယ်။ အင်္ဂလိပ်လူမျိုး ပါဠိပညာရှင် ရေးစ်ဒေးဗစ်က 'နှစ်ပေါင်းများစွာ ဒုက္ကရစရိယကို ကျင့်ပြီးနောက် ဗောဓိဉာဏ်ကိုရခါနီးမှာ တစ်ချိန်က ထီးနန်းရဲ့သာယာပုံ၊ ကြွယ်ဝမှုနဲ့ အာဏာတို့ရဲ့ နှစ်သက်ဖွယ်ကောင်းပုံတွေ အတွေးထဲကို ဝင်လာရာကနေ မိမိရှာဖွေနေတာဟာ တကယ်ရှိရဲ့လားလို့ သံသယဖြစ်မိပေမယ့် အဲဒီညနေဝင်ချိန်မှာ အဲဒီသံသယတွေကို အကြွင်းမဲ့ အောင်နိုင်ပြီး ဗောဓိဉာဏ်ကို ရသွားတယ်' (ဗြိတိသျှစွယ်စုံကျမ်း၊ 'ဗုဒ္ဓ'ဆောင်းပါး)လို့ ဆိုတယ်။

ဒီအယူအဆကိုပဲ အခြေခံဖွယ်ရှိတဲ့ အိန္ဒိယက ရေးတဲ့ ဗုဒ္ဓဝင် စာအုပ်ငယ်တစ်ခုမှာ 'မင်းသိဒ္ဓတ်ဟာ တစ်ခါမှာ တကယ်မရှိတာ အတွက် မိသားစုနဲ့ ထီးနန်းကို စွန့်ခဲ့မိလေသလားလို့ သံသယဝင်မိပေမယ့် မိမိပတ်ဝန်းကျင်မှာရှိတဲ့ လန်းဆန်းနေတဲ့ သစ်ပင် ပန်းမန်တွေ၊ ပျော်ရွှင်နေကြတဲ့ ကျေးငှက်သာရကာတွေဟာ သူတို့ကို အဲဒီလို ပျော်ရွှင် လန်းဆန်းစေတဲ့ ကမ္ဘာမြေရဲ့ မြင့်မြတ်တဲ့ သဘာဝလျှို့ဝှက်ချက်ကို သိနေကြတာပဲလို့ နားလည်သွားတဲ့အတွက် သံသယတွေ ပျောက်ပြီး ဒီလျှို့ဝှက်ချက်ကို တွေ့အောင်ရှာဖို့ အဓိဋ္ဌာန်ပြု ဆုံးဖြတ်ခဲ့တယ် (Gautama-The Story of Lord Buddha, p. 50)'လို့ ဆိုပါတယ်။

**မာရ်ငါးမျိုး**

မာရဆိုတဲ့ ပါဠိပုဒ်ကို ရှေးဟောင်းပါဠိတော် တော်တော်များမှာ 'ခန္ဓာ ငါးပါး၊ ကိလေသာ၊ ကုသိုလ် အကုသိုလ်စေတနာ ဆိုတဲ့ အဘိ သင်္ခါရ၊ သေခြင်းတရား၊ ဒါတွေ အားလုံးကို ချုပ်ပြောရင် မွေးသေ စက်ဝန်းမှ မလွတ်နိုင်သေးတဲ့ လောကီခန္ဓာ သံသရာကို ရည်ညွှန်းတဲ့ ဝေါဟာရ ဖြစ်ပြီး မာရ်နတ်သားအနေနဲ့ ဖွင့်ဆိုတာက နောက်ကျတယ်လို့ ဆိုပါ တယ်။ ပါဠိပညာရှင်တွေ အလိုအရ မာရ်နတ်အကြောင်းကို ဖော်ပြတဲ့ ပဓာနသုတ် (သုတ္တနိ၊ ၃၄၁)ရဲ့ ဒုတိယပိုင်းကိုတောင် နောက်မှထပ် ဖြည့်တာ ဖြစ်နိုင်တယ်လို့ ဆိုတယ်။ သူတို့ အလိုအရဆိုရင် မာရ တဇ္ဇနိယသုတ် (မ ၁၊ ၄၀၇)စတဲ့ မာရ်နတ်သားနဲ့ ပတ်သက်တဲ့ သုတ္တန် တွေကိုလည်း နောက်တိုးတွေလို့ ဆိုရမလိုပါပဲ။ ဒါကတော့ ဆွေးနွေး ရဦးမယ့် အကြောင်းအရာဖြစ်လို့ မစဉ်းစားတော့ဘူး။

**ဆေတန်နဲ့ မတူဘူး**

သို့ပေမယ့် ခရစ်ယန်တို့ရဲ့ Satan ကိုလည်း မာရ်နတ်လို့ ဘာသာ ပြန်လို့ အခုမာရ်နတ်ကို Satan နဲ့ တူတယ်လို့တော့ ဗုဒ္ဓဘာသာ မဟုတ်သူတွေကို မပြောမှားမိပါစေနဲ့။ Satan က ဘယ်တော့မှ မသေ ဘူး၊ အတောင်ရှိတယ်။ ဘုရားသခင် ဖန်ဆင်းထားတာ။ အခုမာရ်နတ် က အတောင်မရှိဘူး၊ သေဦးမှာ။ လူ နတ် တိရစ္ဆာန် ဖြစ်ခွင့် ရှိတယ်။

**သားပွဲမ်းဆွမ်း**

မံသောဒနဆိုတဲ့ ပါဠိပုဒ်ကို ရှေးမြန်မာ ဆရာတော်ကြီးများက 'အသား ရောပွဲမ်း ဒံပေါက်ဆွမ်း'လို့ ဘာသာပြန်ပါတယ်။ သားပွဲမ်းဆွမ်းဆိုတာ မံသောဒန ကို ဆိုလိုတာ ဖြစ်နိုင်တယ်။ ▫

# အဓမ္မဝါဒီ မေးခွန်းကို သည်းခံပါ

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ဘုရား၊

မကြာမီက ပြည်ပတွင် ထုတ်ဝေသော သတင်းစာတစ်စောင်မှာ ဓမ္မဆောင်းပါးကို တပည့်တော် ဖတ်မိပါသည်ဘုရား။ အဆိုပါ သတင်းစာပါ ဓမ္မဆောင်းပါးတွင် အောက်ပါအချက်များကို မရှင်းလင်းပါသဖြင့် ဖြေကြားပေးစေချင်ပါသည်။ ဆောင်းပါး၏ အစအလယ်အဆုံး သုံးပါးလုံးတွင် ခလုတ်တိုက်စရာတွေ အများကြီး ပါနေသော်လည်း တပည့်တော် မျက်စိ စပါးမွေးစူးမိသော စာပိုဒ်တစ်ချို့ကိုသာ ဖော်ပြလိုက်ပါသည်။ ထေရဝါဒီစစ်စစ်တို့ သို့လောဒ္ဒိဟ မဖြစ်စေရန် ဗုဒ္ဓသာသနာတော်၏ မျက်နှာကိုသာကြည့်၍ အဓိပ္ပာယ်မှန်ကို ကျမ်းဂန်နှင့်အညီ ဖော်ပြပေးပါ အရှင်ဘုရား။

၁။ ဘုံ ၃ ပါး သံသရာလည်၍ ရရှိသော၊ ထိုထိုဘဝများသည် ရိုးသားဖြူစင် ယဉ်ကျေးမြင့်မြတ်သူဟူသော အရိယာသူတော်စင် (ဥတ္တရိမနုဿ)အဖြစ်ကို မရနိုင်သော၊ လူကို ဝန်ထုပ်ဝန်ပိုး ပိစေသော၊ မစင်ဘင်ပုပ်ကဲ့သို့ စက်ဆုတ် ရွံရှာဖွယ်ဖြစ်သော၊ ကံက မွေးဖွားပေးသော၊ ကံသာလျှင်အမိ ကံသာလျှင် အဖဖြစ်သော ဘဝများ ဖြစ်ကြသည်။

၂။ ဒုက္ခအရကောက်ရာတွင် ကိုယ်စိတ် ၂ ပါးဆိုင်ရာ ခံစားချက် အဆိုးများ (ဒုခမ)သည် အရယသစ္စာထိုက်သော ဒုက္ခ မဖြစ်နိုင်ပါ။ ကိလေသာ ကံ ဝိပါက်တို့ သံသရာလည်သော ပြုရပ်ဆိုး ပြုရပ်မှားများနှင့် ဖြစ်ရပ်ဆိုး ဖြစ်ရပ်မှားများ (ဒုကရ) သည်သာ သံသာရဝဋ်ဒုက္ခဟု အရကောက်ယူသင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ခံစားချက် ကောင်းသော်လည်း ပြုရပ်မှားခဲ့လျှင် လူ့ငြိမ်းချမ်းရေး ပျက်ပြားစေ နိုင်သောကြောင့် ဖြစ်ပါသည်။

၃။ ရူပ အရူပ ဘာဝနာများ ပွားများလျှင်လည်း ဝေဒနာကောင်းကို ပေးစွမ်းနိုင်ပါသည်။ သို့သော် ကာမသညာ ချို့တဲ့မှုကြောင့် လူ့လိုအပ်

ချက်များ မပြည့်မီတော့ဘဲ လောကကို စောင့်ရှောက်နိုင်စွမ်း မရှိသူ အဖြစ် ရရှိသဖြင့် လူ မပြုသင့်သော ပြုရပ်မှားများ ပင် ဖြစ်ကြသည်။

၄။ သေပြီးနောက် အမိဝမ်းတွင် ပဋိသန္ဓေ နေရခြင်း ဒုက္ခကို ဇာတိ ဒုက္ခဟု ဖွင့်ဆိုလျှင် ခံစားချက် မကောင်းသော ဝေဒနာဒုက္ခသာ ဖြစ်ပါမည်။ ဥပပတ္တိပဋိသန္ဓေအဖွင့်နှင့် ညှိကြည့်လျှင် အမိဝမ်းတွင် မေနေရသဖြင့် ဇာတိဒုက္ခမှ အလိုအလို လွတ်မြောက် နေပါလိမ့်မည်။

၅။ လူ့ဗိဇခန္ဓာ၏ အိုမင်းရင့်ရော်ခြင်းကို ဇရာ၊ သေဆုံးခြင်းကို မရဏ ကောက်ယူလျှင် ဘုရား ရဟန္တာတို့တွင် အသက်ရှင်နေစဉ်အတွင်း ဇရာ မရဏဒုက္ခ မချုပ်ပါ။ ဝေဒနာမှား အရှိန်လျော့လာမှု၊ အရှိန်ကုန်ဆုံးမှုကို ဇရာ မရဏ ဒုက္ခ အရကောက်လျှင်မူ ဘုရားရဟန္တာတို့တွင် အသက်ရှင် နေစဉ်အတွင်း ကိလေသာ ထကြွလွန်ကျူးကိန်အောင်းခြင်း မရှိတော့သဖြင့် ဇရာ မရဏ ဒုက္ခ ချုပ်ကာ ဒုက္ခနိရောဓ ဆိုက်နေမည် ဖြစ်ပါသည်။

မောင်ပေါ်တင်

---

**သည်းခံပါ**

မေးခွန်းမှာပါတဲ့ ကောက်နုတ်ချက်တွေကို အာရုံစိုက် လေ့လာကြည့်တဲ့အခါ ၁၉၈၃ ခုနှစ်လောက်က အခမ္မဝါဒအဖြစ် ဆုံးဖြတ်ခံထားရတဲ့ ဆူးလေဦးမြင့်သိန်းရဲ့ ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာဆိုတာနဲ့ ဆင်တူနေကြောင်း သတိပြုလာမိပါတယ်။ ဒါကြောင့် အဲဒီလို အခမ္မဝါဒနဲ့ ပတ်သက်နေတဲ့ မေးခွန်းမျိုးတွေကို နောင်အခါ ဖြေကြားမည် မဟုတ်ပါကြောင်း ဝက်ဘ်ဆိုက် ဖန်တီးသူတွေကို အသိပေးလိုက်ပါတယ်။ ခုတစ်ကြိမ်တော့ မေးခွန်းမေးသူ စိတ်ချမ်းသာစေဖို့ ဖြေပေးလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ထေရဝါဒ မဟုတ်**

၁။ ဖော်ပြပါ ဝါကျထဲက ဝိသေသနပုဒ် ၇ ခု ပါရှိရာမှာ ပထမ ဝိသေသနပုဒ် 'ဘုံ ၃ ပါး သံသရာလည်၍ ရရှိသော'ကို (နောက် မှာရှိနေတဲ့ တစ်ချောင်းပုဒ်ကို ရိုက်မှား သို့မဟုတ် မလိုအပ်ဘဲ ထည့်တယ်လို့ ယူဆလျက်) 'ထိုထိုဘဝများသည်' နဲ့ တွဲပြီး အဓိပ္ပာယ်ဖော်ကြည့်ရင် 'ဘုံ ၃ ပါး သံသရာလည်၍ ရရှိသော ထိုထိုဘဝများသည် ရိုးသား ဖြူစင် ယဉ်ကျေး မြင့်မြတ်သူဟူသော အရိယာသူတော်စင် (ဥတ္တရိမနုဿ) အဖြစ်ကို မရနိုင်သော ဘဝများဖြစ်သည်'လို့ ဖြစ်မယ်။ ဒီအဓိပ္ပာယ်မျိုး ဖြစ်ရင် ထေရဝါဒ မဟုတ်ဘူး။ ထေရဝါဒ အဓိပ္ပာယ်မှန်က ဒီလိုပါ 'လူ့ဘုံမှာရောက်နေတဲ့ စာဖတ်သူဟာ တကယ်ကျင့်ရင် ဒီဘဝမှာ ရဟန္တာ (ဥတ္တရိမနုဿ) ဖြစ်နိုင်တယ်။ နတ်တွေ ဗြဟ္မာတွေလည်း ဒီအတိုင်းပဲ။ အပါယ်ဘုံ ရောက်နေရင်တော့ မဖြစ်နိုင်ဘူး။

**တစ်ခြားစီပါ**

၂။ ထေရဝါဒမှာ အရိသစ္စာထိုက်သော ဒုက္ခ မထိုက်သော ဒုက္ခရယ်လို့ ခွဲပြတာ မကြားဖူးပါဘူး။ ခန္ဓာကို ရရင် ဒုက္ခဆိုတာ ရှိတာပဲ။ လောကမှာ ဒုက္ခတည်ရှိတယ်ဆိုတာကိုက သစ္စာတရားပါ။ သုခဝေဒနာ (ကောင်းတဲ့ ခံစားမှု)ဟာ ဖောက်ပြန်သွားတဲ့အခါ ဆင်းရဲခြင်းရဲ့ အကြောင်း ဖြစ်လို့ ဝိပရိဏာမဒုက္ခ။ ကာယိကဒုက္ခ စေတသိကဒုက္ခ နှစ်မျိုးက ခံစားမှုသဘာဝတူလို့ ဒုက္ခဒုက္ခ၊ ဥပေက္ခာဝေဒနာ (ကောင်း မကောင်း ခံစားမှု)နဲ့ ကြွင်းတဲ့ သင်္ခါရတရားတွေကတော့ ဖြစ်ပျက်တွေနဲ့ နှိပ်စက်ခံရလို့ သင်္ခါရဒုက္ခ စသည်ဖြင့် ဒုက္ခတွေ အမျိုးမျိုးရှိပြီး အဲဒါတွေ အားလုံးဟာ ဒုက္ခသစ္စာထဲမှာ ပါတယ် (ပဋိသံ-ဋ္ဌ ၁၊ ၁၁၃)။

**ဘာမှ မဆိုင်ဘူး**

၃။ ဒီစာပိုဒ်က ထေရဝါဒနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တာကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို သင်ဖူးတဲ့ ကိုရင်ငယ်ကလေးကအစ သိပါတယ်။ မဟာယာနတွေက ဘုန်းကြီးတို့ ထေရဝါဒကို ကိုယ်ကျိုးဆန်တယ်၊

လောကကို မစောင့်ရှောက်ဘူးလို့ ကဲ့ရဲပြစ်တင်တာတွေကို သွားပြီး အမှတ်ရမိသေးတော့တယ်။

## လွဲပြန်ပြီ

၄။ ဒီစာပိုဒ်ကလည်း ထေရဝါဒ မဟုတ်ပါဘူး။ ထေရဝါဒမှာ ပဋိသန္ဓေနေပုံ ၃ မျိုး ပြဆိုတယ်။ ၁၊ သံသေဒဇ = ရေပုပ် ငါးပုပ် စသည်မှာ သန္ဓေတည်တဲ့ ပိုးလောက်လို သတ္တဝါတွေ။ ၂။ ဩပပါတိက = ခန္ဓာကိုယ် အထင်အရှားဖြစ်သူတွေ (ကမ္ဘာဦးလူသားနဲ့ နတ်ပြဟ္မာတွေ)။ ၃၊ ဂဗ္ဘသေယျက = အမိဝမ်းမှာကိန်းတဲ့ သတ္တဝါတွေ (ဇလာဗုဇ = သားအိမ်မှာ သန္ဓေတည်တဲ့ လူ၊ ဝေလငါးစတဲ့ သတ္တဝါတွေနဲ့၊ အဏ္ဍဇ = ဥမှာ သန္ဓေနေတဲ့ ငှက်၊ မိကျောင်း စတဲ့ သတ္တဝါတွေ)။ ဘယ်လိုပဲ သန္ဓေနေနေ ခန္ဓာ အသစ်ကို ရရင် ဇာတိဒုက္ခကို ရတာပဲ။

## ဘယ်ကျမ်းဂန်မှာ ပါသလဲ

၅။ ဒီစာပိုဒ်ကလည်း ထေရဝါဒနဲ့ လုံးလုံးလျားလျား ဆန့်ကျင်ပါတယ်။ ဘုရား ရဟန္တာတွေမှာ အဝိဇ္ဇာ တဏှာဆိုတဲ့ ဒုက္ခရဲ့ ရင်းမြစ်တွေ ချုပ်ပြီး ဖြစ်လို့ ဇာတိအသစ် မရှိတော့ဘူး။ ဒါပေမဲ့ ရပြီးခန္ဓာငါးပါးရဲ့ ဇာတိ၊ ဇရာ၊ ဗျာဓိနဲ့ မရဏဒုက္ခကို ခံစားရပါတယ်။ မြတ်စွာဘုရားဟာ တစ်ခါတစ်ခါ ခေါင်းကိုက်တယ် (အပါန ၁၊ ၃၉)၊ ခါးလည်း နာတတ်တယ် (ပိဋ္ဌ မေ အာဂိလာယတိ၊ ဒီ ၃၊ ၁၇၅)။ ဒါဟာ ဗုဒ္ဓမှာ ခန္ဓာ ငါးပါးရှိလို့ပဲ။ 'ဝေဒနာများ အရှိန်လျော့လာမှု၊ အရှိန်ကုန်ဆုံးမှုကို ဇရာ မရဏ ဒုက္ခအရကောက်' ယူ ရမယ်လို့ ဘယ်ပါဠိတော် အဋ္ဌကထာ ကျမ်းတွေမှမှ မဖွင့်ဆိုပါဘူး။ □



# အရှင်မဟာကဿပ၊
# အလောင်းတော်ကဿပ

ဆရာတော် အရှင်သူမြတ်ဘုရား၊

အရှင်မဟာကဿပမထေရ်ကြီး ပရိနိဗ္ဗာန်စံပုံကို သိလိုပါသည် အရှင်ဘုရား။ မဟာဗုဒ္ဓဝင်ကျမ်းမှာ အရှင်မဟာကဿပဟာ ပထမသံဂါယနာကို ဦးဆောင် တင်တော်မူပြီးနောက် သက်တော် ၁၂၀ မှာ ပရိနိဗ္ဗာန်စံတော်မူကြောင်းသာ ပါရှိပြီး ဘယ်နေရာမှာ ဘယ်လို ပရိနိဗ္ဗာန်စံသည် မည်သူတွေက ရှာပနဆောင်သည်ဟု မပြဆိုပါ။ မြန်မာနိုင်ငံ အညာက အလောင်းတော်ကဿပမှာ အရှင်မဟာကဿပ၏ အလောင်းတော် ဖြစ်သည်ဟုလည်း ကြားဖူးပါသည်။ ဟုတ်ပါသလား အရှင်ဘုရား ရှင်းပြပေးစေချင်ပါသည်။

ဒေါ်သန္တာခင်၊ ခေတ္တ ဘန်ကောက်

---

**ပါဠိမှတ်တမ်း**

ဗုဒ္ဓရှင်တော်မြတ်ဟာ မိမိရဲ့ နှစ်ထပ်သင်္ကန်းနဲ့ အရှင်မဟာကဿပရဲ့ နှစ်ထပ်သင်္ကန်းကို လဲလှယ် သုံးဆောင်တော်မူတယ် (သံ ၁၊ ၄၂၀ )။ အဲဒီလိုလဲတာဟာ ဗုဒ္ဓရှင်တော်မြတ်က မိမိမရှိတဲ့နောက် အရှင်မြတ်အား သာသနာနဲ့သံဃာကို ဆက်လက် ထိန်းသိမ်းဖို့ တာဝန်ပေးတဲ့ သဘောပါ (သံ-ဋ္ဌ ၂၊ ၁၈၁)။ အရှင်မဟာကဿပဟာ ပုဗ္ဗေနိဝါသာနုဿတိ (အတိတ်ဘဝတွေကို သိနိုင်ခြင်း)၊ ဒိဗ္ဗစက္ခု (နတ်မျက်စိကဲ့သို့ မြင်နိုင် ခြင်း) စတဲ့ အညီညာဉ်တွေမှာ ဗုဒ္ဓရှင်တော်မြတ်နဲ့ ထပ်တူစွမ်းရည်ရှိတယ် (သံ ၁၊ ၄၁၃)။ အရှင်မြတ်ဟာ အရှင်အာနန္ဒာနဲ့ ပုဂ္ဂိုလ်ရေး အင်မတန် ခင်မင်တယ်။ ဒါကြောင့် အရှင်အာနန္ဒာ သက်တော်ကြီးလို့ ဦးခေါင်းမှာ ဆံ

ပင် ဖြူနေချိန်မှာတောင် 'ကုမာရက = ကောင်လေး'လို့ ခေါ်ဝေါ်ပြီး ဖြစ်တင်မှုတွေ ပြုဖူးတယ် (သံ ၁၊ ၄၁၈)။ သက်တော် ၁၂၀ ရှည်တယ် (ဒီ-ဋ ၂၊ ၄)။ နှစ်ပေါင်း ၁၂၀ ပတ်လုံး အိပ်ရာပေါ်မှာ ကျောချပြီး ကျိန်းစက်တော်မမူဘဲ နိသဇ္ဇဓုတင် ဆောက်တယ် (အံ-ဋ ၂၊ ၃၂၈)။ ပထမသံဂါယနာတင်ဖြစ်အောင် ဦးဆောင် စီစဉ်ခဲ့သူပါ (ဒီ-ဋ ၁၊ ၂-၃)။ ပထမသံဂါယနာ တင်ချိန်မှာ အရှင်မြတ်ရဲ့ သက်တော် ၁၂၀ ရှိပြီ (သံ-ဋ ၂၊ ၁၈၁)။ ပါဠိတော်နဲ့ အဋ္ဌကထာ မှတ်တမ်းတွေထဲက ထူးခြားတာလေးတွေကတော့ ဒါလောက်ပါပဲ။

အရှင်မဟာကဿပရဲ့ သွားတော်ဓာတ်တစ်ဆူကို သီဟိုဠ်မှာရှိတဲ့ ပဉ္စယောဇနလို့ခေါ်တဲ့အရပ် (ယခု ကိုလံဘိုနှင့် ဂေါလေမြို့ အကြားမှာ ရှိတဲ့ Bentota)က ဘီမတိတ္ထဝိဟာရမှာ ကျောင်းတိုက်မှာ ဌာပနာထားတယ် (စူဠဝံသ၊ အခန်း ၈၅၊ ၈၀-၈၁ ဂါထာ)။

ဗုဒ္ဓကိုယ်စား ဗုဒ္ဓသာသနာကို အခြေခိုင်အောင် ဆောင်ရွက်တော်မူတဲ့ အရှင်မဟာကဿပမထေရ်ကြီး ပရိနိဗ္ဗာန်စံတော်မူပုံ အသေးစိတ်ကို ပါဠိစာပေမှတ်တမ်းတွေမှာ မဖော်ပြတာကတော့ အတော် ထူးခြားပြီး စိတ်ဝင်စားစရာကောင်းတာတော့ သေချာတယ်။

**သက္ကတမှတ်တမ်း**

သက္ကတဘာသာနဲ့ ရေးထားတဲ့ အသောကဝဒါနကျမ်းနဲ့ ဒိဗျာဝဒါနကျမ်းတွေမှာတော့ အရှင်မြတ်ပရိနိဗ္ဗာန်စံပုံကို အနည်းအကျဉ်း ဖော်ပြတယ်။ ပထမသံဂါယနာတင်ပြီးတဲ့အခါ အရှင်မဟာကဿပဟာ ဗုဒ္ဓအပ်နှင်းခဲ့တဲ့ မိမိတာဝန်ကို ဆောင်ရွက်ပြီးပြီလို့ ဆင်ခြင်ပြီး ပရိနိဗ္ဗာန်စံဖို့ ဆုံးဖြတ်ပါတယ်။ အရှင်မြတ်ဟာ ဓမ္မကို အရှင်အာနန္ဒာနဲ့ လွှဲအပ်ပြီး သံဝေဇနီယဌာနတွေကို ကြွပြီး နောက်ဆုံး ရာဇဂြိုဟ်မြို့ကို ကြွပါတယ်။ အဇာတသတ်ဘုရင်နဲ့ တွေ့လိုပေမယ့် ဘုရင် အိပ်စက်နေချိန်ဖြစ်လို့ ဘုရင်ကို မနှိုးလိုတာကြောင့် ကုက္ကုဋပါဒဂိရိတောင်ကို တစ်ပါးတည်း ကြွတော်မူတယ်။ ဗုဒ္ဓသက်တော် ထင်ရှားရှိစဉ်က အရှင်မြတ်နဲ့ လဲလှယ်

ခဲ့တဲ့ **နှစ်ထပ်သင်္ကန်းကို မေတ္တေယျဘုရားရှင်အား လွှဲအပ်ဖို့ တာဝန်ရှိ** တဲ့အတွက် ဂူတစ်ခုထဲမှာ တင်ပလ္လင်ခွေ ထိုင်ပြီး 'ဤခန္ဓာကိုယ်သည် မေတ္တေယျဘုရားရှင် ပွင့်တော်မူချိန်ထိ တည်ပါစေ'လို့ အဓိဋ္ဌာန်ပြုလိုက် ပါတယ်။ မြေငလျင် တုန်လှုပ်ပြီး နတ်တွေက အရှင်မြတ်ရဲ့ ခန္ဓာကိုယ် ပေါ်မှာ ပန်းတွေနဲ့ သွန်းချပြီးနောက် တောင်ကြီးဟာ အရှင်မြတ်ရဲ့ ခန္ဓာ ကိုယ်ပေါ်မှာ ဖုံးအုပ်သွားပါတယ်။ ဒါပေမယ့် သင်္ကန်းကို လွှဲပြောင်း ပေးအပ်ပြီးမှ အရှင်မြတ် ပရိနိဗ္ဗာန်စံတော်မူမယ်။

မကြာမီ အဇာတသတ်မင်းနဲ့ အရှင်အာနန္ဒာတို့ အရှင်မြတ်ကို ဖူး မြော်ဖို့ တောင်ပေါ်သို့ သွားရောက်ခဲ့ကြပါတယ်။ ပိတ်ဖုံးနေတဲ့ တောင် တံခါး အနည်းငယ် ပွင့်လာလို့ အရှင်မဟာကဿပရဲ့ ကိုယ်ခန္ဓာကို တွေ့မြင်ကြရပါတယ်။ ဘုရင်က အရှင်မြတ်ရဲ့ ကိုယ်ခန္ဓာကို ရှာပန ပြု လိုပေမယ့် အရှင်အာနန္ဒာက အရှင်မြတ်ရဲ့ ကိုယ်ခန္ဓာမှာ မေတ္တေယျ ဘုရားရှင် ပွင့်တော်မူသည်ထိ မပျက်မစီး တည်ရှိရမည်ဖြစ်ကြောင်း မိန့် တော်မူလို့ မပြုဖြစ်ဘူး။ အဲဒီနောက် တောင်တံခါးကြီး ပြန်ပိတ်ဖုံးသွား ပြီး အဇာတသတ်နဲ့ အရှင်အာနန္ဒာတို့လည်း နေရာမှ ထွက်ခွာခဲ့ကြပါ တယ် (Erienne Lamotte, *History of Indian Buddhism*, p. 206-207)။

## တရုတ်အစဉ်အလာ

တရုတ်ဗုဒ္ဓဘာသာ အစဉ်အလာအရ ကုက္ကုဋပါဒဂိရိတောင်ဟာ တရုတ် နိုင်ငံ အနောက်တောင်ပိုင်းတစ်နေရာမှာ ရှိတယ်လို့ ဆိုတယ်။ အရှင် မြတ်ကို ကြည်ညိုကြတဲ့ တရုတ်ရဟန်းတော်တွေ အဲဒီတောင်မှာရှိတဲ့ အရှင်မြတ်ကို အဖူးအမြော် ကြွလေ့ရှိကြရာမှာ အရှင်မဟာကဿပရဲ့ ကိုယ်ခန္ဓာကို တင်ပလ္လင်ခွေလျက် ဖူးတွေ့ကြသူတွေ အများကြီးရှိပါ သတဲ့ (*Ibid*, p. 207)။

## ပေါင်လောင် ရှင်ကဿပ

'ရန်မန် ငထွေးကို အမှုတော် ကုံတွင်ပေးသည်ဟု အားရတော်မူ၍ အနန္တပစ္စည်းဟူသောအမည်နှင့် ဆုလပ်ပေးတော်မူ၏၊ တိုင်းစွန်ပြည်နား

ခိုးသားဓားမြ သူပုန်သူကန်ရှိရာ စေတော်မူတိုင်း အောင်ဘန်များ၌ ရ သည့်ဆုလပ်များနှင့် ရှင်ကဿပ တွင်သော ပေါင်လောင်ရှင်ကို ဆရာပြု ၍ ဘုရားသိမ်ကျောင်း ကောင်းမှု အလှူကံပည်းစာရင်းများကို လျှောက် ဆက်လျှင် ပစ္စုပ္ပန်သံသရာ အကျိုးကို များစွာဆောင်ပေသည်ဟု **အနန္တ သူရိယ အမည်နှင့် သမီးတော် ကျောင်းတော်သည် နှင့် ဆောက်နှင်း** တော်မူ၏ (တွင်းသင်းသစ်၊ တ–တွဲ၊ စာ–၁၃၀)။

ပေါင်လောင် ရှင်ကဿပဟာ ထီးလင်းမြို့စီရင်စု ပေါင်လောင်ရွာ ဇာတိဖြစ်ပြီး ပုဂံမြို့တောင်ဖက် ခရီးတစ်တိုင်ကျော် ကွာမှာရှိတဲ့ တောရ ကျောင်းမှ သီတင်းသုံး တယ် (ပိဋကတ်တော်သမိုင်း၊ စာကိုယ်အမှတ်၊ ၃၇၀)။ စစ်ကိုင်းခရိုင်၊ မြောင်နယ်ရှိ ရွှေပေါင်လောင် ဘုရားကျောက်စာ အရ မြောင်မြို့နယ်၊ ကျောက်ရစ်ရွာဇာတိ၊ သက္ကရာဇ် ၅၃၀ ဖွား၊ ငယ် မည် 'ငပေါင်လောင်သင်' ဖြစ်တယ်။

ပေါင်လောင်အရပ်မှာ သာသနာပြုစဉ် ပေါင်လောင်လူမျိုးတို့ ရှိသေ ကိုင်းညွတ်ခံရလို့ 'ပေါင်လောင်ရှင်'လို့ တွင်တယ်။ သီဟိုဠ်နိုင်ငံ အနံ့ အပြားသို့ ဘုရားဖူးကြွပြီး သီဟိုဠ်မှ ဓာတ်တော် ၃၇–ဆူနှင့် မေးရိုး တော်တစ်ဆူ ပင့်ခဲ့လို့ အဲဒီဓာတ်တော်တွေကို ဌာပနာပြီး အထက် မြန်မာနိုင်ငံတစ်ခွင်မှာ ဘုရားစေတီတွေ တည်တယ်။ မိမိ ဘုရားတည် ထားတဲ့ အရပ်တွေမှာ လှည့်လည် သီတင်းသုံးတယ်။ (ဇာတကပါဠိ နိဿယနိဒါန်း၊ စာ–၁၀)။

ပေါင်လောင် အရှင်ကဿပဟာ ပုဂံခေတ်က ရဟန္တာအဖြစ် ထင် ရှားခဲ့တဲ့ ဆရာတော်ပါ။ ဤအရှင် သီဟိုဠ်ကို ကြွတဲ့အခါ နတ်သိကြား တို့က ကျားယောင်ဖန်ဆင်ပြီး ပို့ပေးတယ်။ တစ်ခါတစ်ရံ သင်္ဘောနဲ့ လည်း ကြွတယ်။ သင်္ဘောစီးသွားစဉ် တစ်ခါမှာတော့ ပင်လယ်ထဲမှာ သင်္ဘော မရွေ့ဘဲ ရပ်နေလို့ 'မသူတော် ပါချေပြီ'ဆိုပြီး (ဒီအဆိုဟာ အ ချို့ဇာတကမှာ ပါတာနဲ့ တူနေတယ်) မဲချတော့ အရှင်ကဿပကိုပဲ သုံး ကြိမ်ကျလို့ သင်္ဘောပေါ်က ပစ်ချတဲ့အခါ မထေရ်ကို မိကျောင်းကြီး တစ်ကောင်က ကျောကုန်းပေါ်တင်ပြီး သီဟိုဠ်သို့အရောက် ပို့ပေးတယ်။

ပေါင်လောင်ကဿပ သီဟိုဠ်ကျွန်းမှာ လှည့်လည်စဉ် မျက်မမြင် ဘိလူးတွေကို မေတ္တာရေချမ်းနဲ့ မျက်စိအလင်း ရစေတယ်။ ဒါကြောင့် ဘိလူးတို့က ရေမန်၊ တင်ကျည်း အမည်ရှိတဲ့ ဘိလူးညီနောင်ကို ဆရာ တော်အား လှူလိုက်တယ်။ ဆရာတော်အပြန်မှာ သီဟိုဠ်က မဟာစေတီ ပုံ၊ လောဟပါသာဒ (ကြေးပြာသာဒ်)ပုံ၊ ဓာတ်တော်မွေတော်၊ မဟာဗော ဓိ ညောင်စေ့တွေ မြန်မာပြည်ကို ယူခဲ့တယ်။ ပေါင်လောင် အရှင် ကဿပမထေရ်ဟာ နရပတိစည်သူမင်းကြီးရဲ့ ဆရာပြုကိုးကွယ်ခံရ တယ် (သာသနာလင်္ကာရစာတမ်း၊ စာ- ၁၁၄)။

ဒီအရှင်ဟာ ၁။ ခုဒ္ဒသိက္ခာနိဿယဟောင်း (ပိဋကတ်တော်သမိုင်း၊ စာကိုယ်အမှတ်၊ ၇၆၀) ၂။ သဟဿရံသီ ခေါ်တဲ့ ဗောဓိဝင်ဋီကာကျမ်း တွေကို ရေးခဲ့တယ် (ယင်း၊ ၃၃၀)။ ဗောဓိဝင်ဋီကာနိဂုံးအရ နရပတိ စည်သူမင်းရဲ့သားတော် သီခဝိဇယမင်းက ယင်းဋီကာကို သက္ကရာဇ် ၅၆၅-ခု ပေရွက်ပေါ်မှာ ရေးတင်တယ်။ ပုဂံမြို့ တောင်ဘက် တစ်တိုင် ကျော် ကွာဝေးတဲ့ တောရကျောင်းမှာ သီတင်းသုံးစဉ် ခုဒ္ဒသိက္ခာ အဋ္ဌ ကထာနိဿယကို စီရင်ခဲ့ကြောင်း ကဿပကျောင်း ကျောက်စာမှာဆို တယ် (မဟာဗုဒ္ဓရန်ကာယ သာသနဝံသဒီပနီ၊ စာ၊ ၉၂)။

ပေါင်လောင် ရှင်ကဿပနဲ့ ပတ်သက်ဖွယ်ရှိတဲ့ ပုဂံကျောက်စာ အချို့ကို လေ့လာကြည့်တဲ့အခါ ပိဋကတ် အလွန်တတ်ကျွမ်းသူ၊ ဘုရင် တွေ မှူးမတ်တွေ ကြည် ညို ကိုးကွယ်ခံရသူ၊ ပုဂံမင်း (သက္ကရာဇ် ၅၇၇ မှာဖြစ်လို့ နားတောင်းများမင်း ဖြစ်ဖွယ် ရှိတယ်)က အတန်တန်ပင့်လို့ ပုဂံကို ကြွရောက်ပြီး ဘုရင်ခံစားနေရတဲ့ ရောဂါကို ပျောက်အောင် ကုသပေးတဲ့အတွက် ဘုရင်က ထီးဖြူဆောင်းပြီး ပူဇော် ခံရသူ၊ တော ကျောင်းဂိုဏ်းကို စတင်တည်ထောင်သူအဖြစ် တွေ့ရကြောင်းပါ။

တောင်ငူမြို့ မြို့ထောင့်ကျောင်း ဆရာတော်ဘဒ္ဒန္တသီရိသံဝရ ထေရ် ရေးစီရင်တဲ့ အလောင်းတော်ကဿပသမိုင်းကျမ်းအရ သက္ကရာဇ် ၇၆၃ ခုနှစ် နန်းတက်တဲ့ ရွှေနန်းစံ ပထမင်းခေါင်းကြီး လက်ထက် တောင် ကြားရွာ ဇာတိလို့ ဆိုတယ်။ သီဟိုဠ်မှာ ပညာသင်ယူ တတ်မြောက်ပြီး

ပြန်ရောက်တဲ့အခါ ချင်းတွင်းမြစ်ရဲ့ အရှေ့ဖက်ကမ်း ရွှေလှေအရပ်မှာ စာပေပို့ချခဲ့ကြောင်း သိရတယ်။

**အလောင်းတော်ကဿပ**

တစ်ခါသော် မြင်းမူတောကျောင်းမှ အမြင့်တောကျောင်း၊ တုံတောကျောင်းမှ ဖြတ်၍ ယောနယ်ဖက်သို့ သာသနာပြုကြွအသွား ပုံညာတောင်နှင့် မဟူတောင်တို့ဆုံရာ ယခုအလောင်းတော်ကဿပနေရာမှာ ပေါင်လောင်ကဿပအရှင်မြတ် ပျံလွန်တော်မူတယ်။ အနီးအနား ရွာသားများ၊ ကိုးကွယ်သူ ဒါယကာများက ကောင်းစွာ သဂြိုဟ်ကြပြီး အထိမ်းအမှတ်အဖြစ် ကိုယ်စားပုံတော် အလောင်းတော်သဏ္ဌာန် တည်ထားကိုးကွယ်ရာမှ အလောင်းတော်ကဿပလို့ ဝေးနီးအနှံ့ ကျော်စောလာတယ် (ဇာတကပါဠိနိဿယနိဒါန်း၊ စာ-၁၂)။

ဒါကတော့ ဘုန်းကြီး လေ့လာမိသလောက်ပါပဲ။ အလောင်းတော်ကဿပနဲ့ ပတ်သက်ပြီး သမိုင်းအဆို ကွဲလွဲမှုတွေ ရှိတယ်။ ပြည့်ပြည့်စုံစုံ နားလည်ဖို့ဆိုရင် ဆက်လက်ပြီး ရှာဖွေ လေ့လာဖတ်ရှုသင့်ပါတယ်။

**သုံးသပ်ချက်**

ခုတင်ဆောင်တေဒဂ်ရ အရှင်မဟာကဿပဟာ ဗုဒ္ဓသာသနာမှာ အလွန်ထင်ရှားတယ်။ ထင်ရှားသူတွေရဲ့ ဖြစ်ရပ်တွေမှာ အံ့ဩဖွယ် ဖြစ်ရပ်ဆန်းတွေ ပါနေလေ့ရှိ တတ်တယ်။ အရှင်မဟာကဿပ အစစ်က အိန္ဒိယနိုင်ငံ ဗိဟာပြည်နယ် တစ်နေရာမှာ ပရိနိဗ္ဗာန်စံဖို့ ပိုဖြစ်နိုင်တယ်။

တရုတ်နိုင်ငံက အရှင်ကဿပနဲ့ မြန်မာနိုင်ငံက ပေါင်လောင်အရှင်ကဿပတို့က အဂ္ဂသာဝကကြီး အရှင်မဟာကဿပနဲ့ ပတ်သက်နိုင်ဖွယ် မရှိပါဘူး။ အင်း၊ ပေါင်လောင် အရှင်ကဿပဟာ ပုဂံခေတ်က ရဟန္တာအနေနဲ့ အလွန် ထင်ရှားတဲ့ ဘုရင်ကိုးကွယ်ခံ ပုဂ္ဂိုလ်ဖြစ်လို့ ထူးဆန်း ဖြစ်ရပ်တွေနဲ့အတူ နောင်အခါ အလောင်းတော်ကဿပ ဖြစ်လာတယ်ဆိုရင်တော့ မငြင်းသာပါဘူး။ □

# သိက္ခာစွန့် ခေတ်ပုဒ်ကြောင့် သရဏဂုံမပျက်

ဆရာတော် အရှင်မြတ်ဘုရား၊

ဆန်ဖန်ရန်စွကိုမှာ နေတဲ့ တပည့်တော်၏ မိတ်ဆွေတစ်ယောက် ပြီးခဲ့တဲ့ နွေရာသီက ကျောင်းတကျောင်းမှာ ၅ ရက်ကြာ ဒုလ္လဘရဟန်း ပြုခဲ့ပါသည်။ လူထွက်ရန် သိက္ခာချသည့်အခါ 'ဘုရားကို စွန့်ပါ၏၊ တရားကို စွန့်ပါ၏၊ သံဃာကို စွန့်ပါ၏'ဟု ကျောင်းထိုင် ဆရာတော်က တိုင်ပေးသည်ကို လိုက်ဆိုရသည်ဟု ဆိုပါသည်။ မိသားစုကို စောင့်ရှောက်ရန် ရဟန်းဘဝမှ လူ့အဖြစ်ကို ပြန်သွားခြင်းသာ ဖြစ်ပြီး ဘုရား တရား သံဃာကို စွန့်ခြင်း မဟုတ်ပါကြောင်း ကျောင်းထိုင် ဆရာတော်အား လျှောက်သော်လည်း ဆရာတော်က 'ကျုပ်ခိုင်တဲ့အတိုင်းပဲ ဆိုစမ်းပါ' ဟုသာ ပြန်ပြောကြောင်း သိရပါသည်။ ဘာသာတရား ကိုင်းရှိုင်းသူ တပည့်တော်ရဲ့ မိတ်ဆွေမှာ သရဏဂုံ ပျက်ပြီအထင်နှင့် စိတ်မ ကောင်း ဖြစ်နေပါသည် ဘုရား။ သို့ဖြစ်ပါသဖြင့် သိက္ခာချလျှင် သရဏဂုံ ပျက် မပျက် မေတ္တာ ကရုဏာဖြင့် ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား။

အောင်ရဲကျော်

---

မလိုအပ်ဘဲ ချဲ့တယ်လို့တော့ အပြစ်မတင်ပါနဲ့။ သိက္ခာတင်ပုံကို အမြွက် လောက် ပြလိုက်ရင် သိက္ခာချပုံနဲ့ ပတ်သက်ပြီး ပိုမိုပြည့်စုံစွာ နားလည် သွားမယ်လို့ ယူဆပါတယ်။ သည်းခံပြီး ဖတ်ကြည့်ပါ။ ဖတ်ပြီးရင် သရဏဂုံ ပျက်မပျက် လုံးဝ ရှင်းလင်းသွားရုံမက ဆင်ခြင်စရာလည်း ရသွားပါလိမ့်မယ်။

**သိက္ခာတင် ပဍွက်**

ရဟန်းဘဝနဲ့ သီလသိက္ခာပုဒ်တွေကို ဆောက်တည်နိုင်အောင် အခြား သံဃာတွေက ဆောင်ရွက်ပေးတာကို သိက္ခာတင်တယ်လို့ နားလည်ပါ။

သိက္ခာတင်ပြီးရင် ရဟန်းဖြစ်သွားတာပဲ။ သိက္ခာတင်ရာမှာ 'ဝတ် ဉတ် ကမ္မဝါ ပရိသာ သီမာ သမ္ပတ္တိ' ဆိုတဲ့ အင်္ဂါငါးချက် ပြည့်စုံရတယ်။

၁။ ဝတ် = ဝတ္ထု = သိက္ခာတင်မယ့် ပဉ္စင်းလောင်းဟာ အသက် ၂၀ ပြည့်ခြင်း၊ မိဘတွေ ခွင့်ပြုခြင်း၊ နူနာရောဂါ မရှိခြင်း စတဲ့ အရည်အချင်းတွေ ပြည့်မီရမယ်။

၂။ ဉတ် = ဉတ္တိ = ဉတ် (သံဃာကို သိစေခြင်း) တစ်ကြိမ်နဲ့ ကမ္မ ဝါစာ (ပြန်တမ်း = ကြေညာချက်) သုံးကြိမ်၊ ပေါင်း လေးကြိမ် ရွတ်ဖတ် ပြီး ရဟန်းခံရမယ်။

၃။ ကမ္မဝါ = ကမ္မဝါစာကို ဖတ်ဆဲမှာ ပုဒ်ပါဠိကို ကျော်ဖတ်တာ၊ မပီ မသ ဖတ်တာမျိုး မဖြစ်ရ။

၄။ ပရိသာ = အာပတ်စင်ကြယ်တဲ့ ရဟန်းစစ် အနည်းဆုံး ငါးပါးဟာ နှစ်တောင်ထွာ အတွင်းမှာ ရှိနေရမယ်။

၅။ သီမာ = ရဟန်းခံတဲ့သိမ်ဟာ ဝိနည်းနဲ့ ညီညွတ်တဲ့ သိမ်ဖြစ်ရမယ်။

**သိက္ခာချ ဆင့်**

သိက္ခာချဆိုတာ တင်ထားတဲ့ (= ရဟန်းအဖြစ်နဲ့ ကျင့်သုံးနေတဲ့) သိက္ခာပုဒ်တွေကို ပြန်စွန့်တာ။ နည်းမှန်လမ်းကျ သိက္ခာချမှ လူပြန်ဖြစ် တယ်။ သင်္ကန်းအစား ပုဆိုး သို့မဟုတ် ဘောင်းဘီကို လဲဝတ်လိုက်ရုံနဲ့ လူပြန်ဖြစ်မသွားဘူး။ 'စိတ် ခေတ် ကာလ ပယောဂနှင့် ပုဂ္ဂလ ဝိဇာ ဉ်ခြောက်ဖြာ သိက္ခာကျကြောင်းတည်း'လို့ အင်္ဂါခြောက်ချက် ရှိတယ်။

၁။ စိတ် = သိက္ခာကို ချလိုစိတ် သို့မဟုတ် လူထွက်လိုစိတ် အမှန်တ ကယ်ရှိမှ သိက္ခာကျတယ်။ ကိုယ့်ဆန္ဒမပါဘဲ တစ်စုံတစ်ယောက်က အာဏာနဲ့ ခြိမ်းခြောက်ပြီး အတင်းသိက္ခာချခိုင်းလို့ သိက္ခာ မကျဘူး။

၂။ ခေတ်ဆိုတာကို ပြီးမှ သီးသန့် ရှင်းပြမယ်။

၃။ ကာလ = သိက္ခာကို စွန့်ပါ၏လို့ ပစ္စုပ္ပန်ကာလနဲ့ သိက္ခာချရတယ်။ သိက္ခာချရင် ကောင်းမှာပဲ၊ သိက္ခာ ချပြီးပြီ၊ ချမယ်လို့ မလုပ်ရဘူး။

၄။ ပယောဂ = သိက္ခာကိုစွန့်ပါ၏လို့ နှုတ်ကမြွက်ဆိုမှ သိက္ခာကျတယ်။

ဘယ်ဘာသာစကားကိုမဆို အသုံးပြုနိုင်တယ်။ လက်ဟန် ခြေဟန် နဲ့ ဖြစ်စေ စာရေးလို့ ဖြစ်စေ သိက္ခာ မချကောင်းဘူး။

၅။ ပုဂ္ဂလ = သိက္ခာချရာမှာ သိက္ခာချသူရော၊ သက္ခာချခံ ပုဂ္ဂိုလ်ပါ မရူးသွပ်သူ စိတ်မှန်သူ အရွယ်ရောက် နားလည်နိုင်သူ ဖြစ်ရတယ်။ လူထံမှာဖြစ်စေ ရဟန်းထံမှာဖြစ်စေ သိက္ခာချနိုင်တယ်။ ဒါပေမယ့် တစ်ဆင့် စေလွှတ်ပြီး မလုပ်ရ၊ ကိုယ့်ရှေ့မှာ ရှိနေရမယ်။

၆။ ဝိဇာ (ဝိဇာနန) = သိက္ခာချသူ ဆိုနေတဲ့ ခေတ်ပုဒ်ရဲ့ အဓိပ္ပာယ်ကို သိက္ခာချခံ ပုဂ္ဂိုလ်က ထိုသူ ဆိုနေဆဲမှာ စကားလုံးတိုင်းကို ချက်ခြင်း နားလည်ရမယ်။

**ခေတ်ပုဒ်များ**

ခေတ်ပုဒ်ဆိုတာ သိက္ခာချဖို့ ဆိုရတဲ့ စကားလုံးတွေ သို့မဟုတ် ဝါကျတွေကို ပြောတာ။ ခေတ်ပုဒ် ၂၂ မျိုး ရှိတယ် -

| | |
|---|---|
| ဗုဒ္ဓံ ပစ္စက္ခာမိ | = ဘုရားကို စွန့်ပါ၏၊ |
| ဓမ္မံ ပစ္စက္ခာမိ | = တရားကို စွန့်ပါ၏၊ |
| သံဃံ ပစ္စက္ခာမိ | = သံဃာကို စွန့်ပါ၏၊ |
| သိက္ခံ ပစ္စက္ခာမိ | = သိက္ခာကို စွန့်ပါ၏၊ |
| ဝိနယံ ပစ္စက္ခာမိ | = ဝိနည်းကို စွန့်ပါ၏၊ |
| ပါတိမောက္ခံ ပစ္စက္ခာမိ | = ပါတိမောက်ကို စွန့်ပါ၏၊ |
| ဥဒ္ဒေသံ ပစ္စက္ခာမိ | = ဥဒ္ဒေသကို စွန့်ပါ၏၊ |
| ဥပဇ္ဈာယံ ပစ္စက္ခာမိ | = ဥပဇ္ဈာယ်ဆရာကို စွန့်ပါ၏၊ |
| အာစရိယံ ပစ္စက္ခာမိ | = စာသင်ဆရာကို စွန့်ပါ၏၊ |
| သဒ္ဓိ ဝိဟာရိကံ ပစ္စက္ခာမိ | = အတူနေတပည့်ကို စွန့်ပါ၏၊ |
| အန္တေဝါသိကံ ပစ္စက္ခာမိ | = အနီးနေတပည့်ကို စွန့်ပါ၏၊ |
| သမာနုပဇ္ဈာယကံ ပစ္စက္ခာမိ | = ဥပဇ္ဈာယ်တူ ရဟန်းကို စွန့်ပါ၏၊ |
| သမာနာစရိယကံ ပစ္စက္ခာမိ | = စာသင်ဆရာတူ ရဟန်းကို စွန့်ပါ၏၊ |
| သဗြဟ္မစာရိံ ပစ္စက္ခာမိ | = သီတင်းသုံးဖော်ကို စွန့်ပါ၏၊ |

ဂိဟီတိ မံ ဓာရေဟိ = တပည့်တော်အား လူဝတ်ကြောင် ဟူ၍ မှတ်တော်မူပါ။

ဥပါသကောတိ မံ ဓာရေဟိ = ဥပါသကာဟူ၍ မှတ်တော်မူပါ။

အာရာမိကောတိ မံ ဓာရေဟိ = ကျောင်းအရာမ်စောင့်ဟူ၍ မှတ်တော်မူပါ။

သာမဏေရောတိ မံ ဓာရေဟိ = သာမဏေဟူ၍ မှတ်တော်မူပါ။

တိတ္ထိယောတိ မံ ဓာရေဟိ = ဘာသာခြားဟူ၍ မှတ်တော်မူပါ။

တိတ္ထိယသာဝကောတိ မံ ဓာရေဟိ = ဘာသာခြားဆရာတို့၏ တပည့်ဟူ၍ မှတ်တော်မူပါ။

အသမဏောတိ မံ ဓာရေဟိ = ရဟန်းမဟုတ်သူ ဟူ၍ မှတ်တော်မူပါ။

အသကျပုတ္တိယောတိ မံ ဓာရေဟိ = တပည့်တော်အား သကျသာကီနွယ် မဟုတ်သူဟူ၍ မှတ်တော်မူပါ။

အဲဒီ ၂၂ မျိုးထဲက အချို့ကို သို့မဟုတ် တစ်ခုခုကို ဆိုရုံနဲ့ ပြဆိုပြီး အင်္ဂါ ခြောက်ချက်နဲ့ ညီရင် သိက္ခာကျတယ်။

**သရဏဂုံနဲ့ မဆိုင်**

လူထွက်တယ်ဆိုတာနဲ့ သိက္ခာချတယ်ဆိုတာ အဓိပ္ပာယ် အတူတူပါပဲ။ သိက္ခာချဖို့ ခေတ်ပုဒ်ကို ရွေးချယ်ရာမှာ ကိုယ်သိရင် ကိုယ့်ဟာကိုယ် ရွေးနိုင်တယ်။ ကိုယ်မသိရင် သိက္ခာချခံ ပုဂ္ဂိုလ်က ရွေးပေးနိုင်တယ်။ မိမိဟာ လူထွက်ပြီးရင် ဗုဒ္ဓဘာသာအဖြစ်မှ ပြောင်းသွားမှာ မဟုတ်လို့ 'ဘုရားကို စွန့်ပါ၏၊ တရားကို စွန့်ပါ၏' စတဲ့ ခေတ်ပုဒ်မျိုးတွေနဲ့ 'ဘာသာခြားဟူ၍ မှတ်။ ဘာသာခြား ဆရာတို့၏ တပည့်ဟူ၍ မှတ်'စတဲ့ ခေတ်ပုဒ်မျိုးတွေကို သုံးစရာ မလိုဘူး သို့မဟုတ် မသုံးသင့်ဘူးလို့ ထင်ပါတယ်။ အကယ်၍ အဲဒီ ခေတ်ပုဒ်တွေကို အသုံးပြုမိရင်တောင် သိက္ခာချသူဟာ ရဟန်းအဖြစ်ကို စွန့်ရုံကလွဲပြီး သရဏဂုံ မပျက်နိုင်ပါဘူး။ စိတ်သာရှင်စေ ဘုရားဟော မဟုတ်ပါလား။

ဘုန်းကြီးသာဆိုရင် ကြည်ညိုသူတွေရဲ့ သဒ္ဓါတရားကို စောင့်တဲ့

အနေနဲ့ 'သိက္ခာကို စွန့်ပါ၏။ တပည့်တော်အား လူဝတ်ကြောင်ဟူ၍ မှတ်တော်မူပါ။ တပည့်တော်အား လူဥပါသကာဟူ၍ မှတ်တော်မူပါ' ဆိုတဲ့ ခေတ်ပုဒ်တွေကို ရွေးပေးမှာပဲ။

**အနုသာသနီ (ဆုံးမစကား)**

ရတဲ့အချိန်ကလေးမှာ အိမ်ရာတည်ထောင် လူ့ဘောင်ကို ခေတ္တခဏ ခွာ ရှောင်ပြီး ပဗ္ဗဇိတ ဒုလ္လဘ အဖြစ်ကို ရယူကြတဲ့ ကြည်ညိုသူ ဥပါသကာ တွေအနေနဲ့ ရဟန်းပြုနေစဉ်မှာ ဖြစ်စေ၊ ရဟန်းပြုပြီးနောက်မှာ ဖြစ်စေ စိတ်ချမ်းချမ်းသာသာ ဖြစ်သင့်တာပေ့ါ။ ပြီးတော့ ခုနစ်ရက် ဆယ်ရက် ရဟန်းပြုပြီးနောက် လူထွက်တဲ့အခါ (ယတြာချေရုံ၊ ပူဇာငြိမ်းရုံ၊ စုပေါင်း ရဟန်းခံပွဲမှာ ဆရာဝန်တွေ အင်ဂျင်နီယာတွေနဲ့ အတူ မိတ်ဆွေရရုံ၊ အရက် ဘိန်း ဆေး ဖြတ်ရုံ၊ ရောဂါသက်သာရုံ ရည်ရွယ်ချက်နဲ့ ရဟန်း ပြုတာ မဟုတ်ခဲ့ရင်) မှန်ကန်သေချာတဲ့ ဘာသာရေး ဗဟုသုတ တစ်ခုခုလည်း လူ့ဘဝကို ပါလာသင့်တာပေ့ါ။ နို့မဟုတ်ရင် ကုယ်သိုလ် ရတယ် ဆိုတာလောက်ပဲရှိလို့ အမြတ်နည်းမှာပေ့ါ။

ဒါကြောင့် ရဟန်းမပြုခင်မှာ မိမိအား ဘာသာရေး ဗဟုသုတတွေ ကို ကောင်းမွန် မှန်ကန်စွာ သင်ကြားပေးနိုင်တဲ့ အရည်အချင်း ရှိတဲ့ ရဟန်းသံဃာ ဆရာကောင်းကို ရွေးချယ်ဆည်းကပ်မိဖို့ အလွန် အရေး ကြီးပါတယ်။

၁။ ယတြာချေ ပူဇာဝေ မိတ်ဆွေ ဆေး ရောဂါ။
၂။ မကထိုထက် ကြည်လေးနက် ကိုယ့်တွက် ကျန်သင့်တာ။
၃။ ထေရ်ရှင်သံဃာ ပညာဝါ ဖွေရှာ ဆည်းကပ်ရာ။
၄။ ကုသိုလ်လည်းရ အမြတ်ရ ပြုကြ ပဗ္ဗဇ္ဇာ။ ❑

## ကျမ်းဝန်ဃ

## ကာမေသုမိစ္ဆာစာရ အပြစ်များ

ဆရာတော်များဘုရား၊

ကာမေသုမိစ္ဆာစာရနှင့်စပ်၍ မြတ်စွာဘုရား၏ အကျယ်ဟောကြားချက်ပါသည့် သုတ္တန်အမည်နှင့် မြန်မာပြန်ကို သိလိုပါသည်။ ဖြစ်နိုင်လျှင် ယင်းသုတ္တန်၏ အင်္ဂလိပ်ဘာသာပြန်ကိုပါ ရလိုပါသည်။ အရှင်ဘုရားတို့ ဘာသာပြန်ပေးနိုင်လျှင် ပြန်ပေးစေလိုပြီး ဘာသာပြန်ပြီးသား ရှိလျှင်လည်း ရနိုင်သည့် နေရာကို ညွှန်းပေးစေလိုပါသည်။ လက်မထပ်မီ နှစ်ဦးသဘောတူ ကာမဆက်ဆံပါက နှစ်ဦးလုံး ကာမေသုကံ မြောက် မမြောက်လည်း သိလိုပါသည်။ ယင်းနှင့် ပတ်သက်၍ မြတ်စွာဘုရား မည်သို့ ဟောကြားပါသနည်း။

ရှိသေလျက် ဝေယံဘုန်း

---

### နှစ်ဦးသဘောတူ ပြုရင်

ကာမေသု–ဆိုတာ ဒီနေရာမှာ မေထုန်ကိစ္စ သို့မဟုတ် ကျားနှင့်မ လိင်ဆက်ဆံမှု၊ မိစ္ဆာစာရ–ဆိုတာ မှားယွင်း ဖောက်ပြန်စွာ ပြုကျင့်တာလို့ပဲ ယူရတယ် (မ–ဋ္ဌ ၁၊ ၂၀၃။ အဘိ–ဋ္ဌ ၂၊ ၃၈၅။ ပဋိသံ–ဋ္ဌ ၁၊ ၂၀၄)။ အိမ်ရာ တည်ထောင် လူ့ဘောင်မှာ နေကြသူတွေအဖို့ ကာမ ဆက်ဆံတာဟာ သဘာဝနိယာမဖြစ်လို့ အပြစ်မဟုတ်ဘူး။ ဒါပေမယ့် လူမှုကိုယ်ကျင့်တရား သတ်မှတ်ချက်၊ ယဉ်ကျေးမှုနဲ့ သူတော်ကောင်းတို့ မနှစ်သက်ခြင်းဆိုတဲ့ အကန့်အသတ် စည်းကမ်းဘောင်ကို ကျော်လွန်ပြီး ပြုမူတဲ့အခါ စိတ်ပိုင်းဘာဝ ဆုတ်ယုတ် ပျက်စီးတဲ့အတွက် အပြစ် ဖြစ်ရတယ်။ ကျမ်းစာအရ ယောကျ်ားတွေအဖို့ မသွားကောင်းတဲ့ မိန်းမ ၂၀၊ မိန်းမတွေအဖို့ မသွားကောင်းတဲ့ ယောကျ်ား ၁၂ နဲ့ သွားလာ (မှိဝဲ၊

ဆက်ဆံ)ရင် မိစ္ဆာစာရဖြစ်တယ် (မိန်းမ ၂၀၊ ယောကျ်ား ၁၂ သရုပ်ကို ဤကျမ်း၊ စာမျက်နှာ ၄၃၅ ကိုလည်း ကြည့်ပါ)။

လက်မထပ်ခင် နှစ်ဦးသဘောတူ ဆိုတာရာမှာ သဘောတူကြတဲ့ ကျားမနှစ်ဦးဟာ အဲဒီ မိန်းမ အဲဒီ ယောကျ်ားမျိုးထဲမှာ မပါရင် အပြစ် မဖြစ်နိုင်ဘူး။ တစ်နည်းဆိုရင် အရွယ်ရောက်၊ အနှောင်အဖွဲ့ကင်း၊ လွတ်လပ်သူဖြစ်ရင် ခွင့်ပြုနိုင်တယ်၊ သို့မဟုတ် ဘာသာရေးအပြစ် မရှိနိုင်ဘူး။ ဒီ့အတွက် ဗုဒ္ဓဟောကြားချက် မူရင်းသာဓက မရနိုင်ဘူး။ အတူနေလို့ ဖြစ်လာဖွယ်ရှိတဲ့ လောကပြစ်ကိုတော့ တစ်ခြားစီ မှတ်သင့်တယ်။

**ကျမ်းဂန်လာ အပြစ်များ**

(တရားလမ်းမှန်ကို) သတိမထားဘဲ သူတပါးမယားကို မှီဝဲသူသည် အကုသိုလ်ရခြင်း၊ အလိုရှိတိုင်း ချမ်းသာစွာ မအိပ်ရခြင်း၊ သူတပါးတို့ အကဲ့ရဲ့ခံရခြင်း၊ ငရဲခံရခြင်း ဤလေးပါးသော ဆင်းရဲခြင်း၏ အကြောင်းတရားတို့သို့ ရောက်ရ၏။ (ဓမ္မပဒ၊ ၃၀၉ ဂါထာ)။ မကောင်းမှုကိုလည်း ရ၏၊ ယုတ်သော လားရာဂတိလည်း ရှိ၏၊ ကြောက်ရွံ့ထိတ်လန့်သော ယောကျ်ား၏ ကြောက်ရွံ့ထိတ်လန့်သော မိန်းမနှင့် မွေ့လျော်ပျော်ပါးရခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏၊ မင်းသည်လည်း ကြီးလေးသော ပြစ်ဒဏ်ကိုပေး၏၊ ထို့ကြောင့် ယောကျာ်းသည် သူတပါးမယားကို မမှီဝဲရာ။ (ယင်း၊ ၃၁၀ ဂါထာ)။

ကာမတို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိသူသည် ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းကြောင့် မျက်မှောက်၌ဖြစ်သော ဘေးရန်သည် ပွားစီး၏။ တမလွန်၌ဖြစ်သော ဘေးရန်သည် ပွားစီး၏။ စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏။ (သံ ၁၊ ၂၉၈)။ ရဟန်းတို့၊ ပစ္စုပ္ပန်၌ ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲကျိုးရှိသည့် တရားဟူသည် အဘယ်နည်း။ ... ချမ်းသာမှု ဝမ်းမြောက်မှု နှင့်တကွ ကာမတို့၌ မှားသောအားဖြင့် ကျင့်၏။ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံ

စားရ၏။ ... ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသဖြင့်လားရာ ပျက်စီး၍ကျရာ ငရဲသို့ ရောက်ရ၏။ (မ ၁၊ ၃၈၈)။

## လင်သုံးယောက် စွန့်ပစ်ခံရသည့် အမျိုးသမီး

ပါဋလိပုတ်မြို့၌ ဣသိဒါသီနှင့် ဗောဓိအမည်ရှိ အဘိညာဥ်ရ ရဟန္တာ ထေရီ နှစ်ပါးရှိ၏။ တစ်နေ့ ဆွမ်းဘုဉ်းပေးပြီးနောက် ဂင်္ဂါမြစ်ကမ်း သဲသောင်ပြင်၌ ထိုင်နေကြစဉ် ဗောဓိထေရီက 'အရှင်မဣသိဒါသီ၊ သင် သည် ငယ်ရွယ်သူ အချောအလှ ဖြစ်လျက် အဘယ်ကြောင့် ရဟန်းပြုခဲ့ ပါသနည်း'ဟု မေး၏။ အဟောအပြော ကောင်းသူ ဣသိဒါသီထေရီက မိမိ၏ အဟောင်းဖြစ်ရပ် ဘဝဇာတ်ကို ဤသို့ ပြောပြ၏ -

အရှင်မဗောဓိ၊ တပည့်တော်သည် အဝန္တိတိုင်း ဥဇ္ဇေနီသူဌေး၏ တစ်ဦးတည်းသော သမီးဖြစ်ပါ၏။ အချိန်တန်သော် သာကေတမြို့က သူဌေးသားနှင့် အကြောင်းပါခဲ့၏။ တပည့်တော်က သစ္စာရှိစွာ ကျိုးနွံစွာ ပေါင်းသင်းလျက် ထိုယောကျ်ားသည် တပည့်တော်အား နှိပ်စက်ပြီး စွန့်ပစ်ပါ၏။ မိဘများက ဒုတိယအကြိမ် သူဌေးသားတစ်ယောက်နှင့် လက် ထပ်ပေး ပြန်ပါ၏။ ထိုယောကျ်ားလည်း တပည့်တော်အား အကြောင်းမဲ့ အိမ်မှ နှင်ထုတ်ပါ၏။ တစ်ဖန် သူတောင်းစား တစ် ယောက်နှင့် အကြောင်းပါသော် သူတောင်းစားလည်း တစ်ဆယ့်ငါးရက် မျှ ပေါင်းသင်းပြီးနောက် အိမ်မှထွက်သွားပါ၏။ ထိုအချိန်၌ အကျင့် သီလနှင့် ပြည့်စုံသော ရဟန္တာထေရီ အရှင်မဇိနဒတ္တာသည် တပည့် တော်၏ မိဘများအိမ်သို့ ဆွမ်းခံကြွလာပါ၏။ တပည့်တော်သည် အရှင် မ ထံမှာ ရဟန်းပြု၍ ခုနစ်ရက်အတွင်း အရဟတ္တဖိုလ်ကို ရရှိခဲ့ပါ၏။ တပည့်တော်သည် ခုနစ်ဘဝတို့ကို မြင်နိုင်ပါ၏။ လင်ယောကျ်ားတို့ စွန့်ခွာခြင်း၊ မနှစ်သက်ခြင်းဟူသော ဆိုကျိုးကို ရခဲ့သည့် မကောင်းမှုကံ ကို တပည့်တော် လျှောက်ပါဦးမည် -

အရှင်မ၊ တပည့်တော်သည် လွန်ခဲ့သော ခုနစ်ဘဝက ဧရကစ္ဆမြို့၌

ရွှေပန်းထိမ်သည် ဖြစ်ခဲ့၏။ အရွယ်နှင့်ပြည့်စုံသူ ဖြစ်ခြင်း၌ တပည့်တော်သည် သူတစ်ပါးမယားကို ကျူးလွန်ခဲ့ပါ၏။ အဲဒီဘဝ လွန်သော် အဝီစိငရဲမှာ ခံရပါ၏။ ငရဲမှ လွတ်ပြီးနောက် မျောက်ထီး ဖြစ်လာသော် မွေးပြီး ခုနစ်ရက်အကြာ၌ ဝှေးစေ့ကို ကိုက်ဖြတ် ခံရပါ၏။ ထို့နောက် ဆိတ်ငယ် ဘဝ၌လည်း ဝှေးစေ့ ထုတ်ခံရပါ၏။ နွားပေါက်ငယ်ဘဝဖြင့်လည်း ဝှေးစေ့ ထုတ်ခံရပါ၏။

ထို့နောက် ကျွန်မ၏သား မိန်းမမဟုတ် ယောကျ်ားမဟုတ် နပုံးပဏ္ဍုက် ဖြစ်ရ၏။ အသက်သုံးဆယ်မှာ သေလွန်ပြီး ဆင်းရဲသား လှည်းသမားမျိုး၌ မွေးဖွားစဉ် လှည်းကုန်သည် သူကြွယ်သား၏ မယားငယ်ပြုခြင်းကို ခံရ၏။ သီလနှင့်ပြည့်စုံသူ မယားကြီးကို သူကြွယ်သား မုန်းသွားအောင် ပြုခဲ့မိ၏။ ထိုသို့ သူတစ်ပါးမယားနှင့် လင်သားတို့ကို ကျူးလွန်ပြီး မုန်းအောင်ပြုခဲ့သည့် အကုသိုလ်ကံကြောင့် ဤဘဝ၌ တပည့်တော်အား လင်သုံးယောက်တို့ စွန့်ပစ်ခဲ့ကြပါ၏။ ယခုအခါ အရဟတ္တမဂ်ဖိုလ်ကို ရပြီးဖြစ်၍ အစဉ်လိုက်သော ထိုအကုသိုလ်ကံသည် အဆုံးသတ်ခဲ့ပါပြီ။ (ထေရီဂါထာ၊ ၄၂၈)။

**ကောသလမင်း၏ သားနှစ်ယောက်**

ကောသလဘုရင်မှာ ချောမောလှပတဲ့ သားနှစ်ယောက်ရှိတယ်။ မိမိတို့ရဲ့ ရုပ်ရည်လေးကို ဘန်းပြပြီ လင်ရှိမယားတွေနဲ့ ဖောက်ပြန်တယ်။ သေတော့ သာဝတ္ထိမြို့ရိုးဘေးမှာ ပြိတ္တာဖြစ်ကြပြီး ညညကျရင် အဲဒီပြိတ္တာနှစ်ယောက် အသံပြုကြီးနဲ့ အော်ငိုကြသတဲ့။ လူတွေက အဲဒီအသံကို ကြားပြီး မင်္ဂလာမရှိတဲ့ အသံဘဲဆိုပြီး အဲဒီအမင်္ဂလာသံတွေပျောက်ဖို့ ဘုရားအမှူးရှိတဲ့ သံဃာတွေကို ဆွမ်းကျွေးကြတယ်။ ဒီငိုသံတွေအကြောင်းကို ဗုဒ္ဓကိုလျှောက်ထားတဲ့အခါ ဗုဒ္ဓက အဲဒီပြိတ္တာ နှစ်ယောက်အကြောင်းကို ပြောပြပြီး 'ဥပါသကာတို့ အဲဒီအသံကြောင့် သင်တို့မှာ မည်သည့်အန္တရာယ်မှ မကျရောက်ပါဘူး။ မကောင်းမှု ကျူးလွန်သူတွေရဲ့ အသံတွေ ဖြစ်တယ်'လို့ မိန့်တော်မူတယ်။ (ပေတ-၌ ၊ ၂၄၃)။

**အရှင်အာနန္ဒာရဲ့ ဒုက္ခ**

အရှင်အာနန္ဒာလောင်းလျာဟာ ကမ္ဘာတစ်သိန်းကြာ ပါရမီဖြည့်စဉ် ပန်းထိန်သည်ဖြစ်တဲ့ နစဉ်ဘဝတစ်ခုမှာ သူတစ်ပါးမယားကို ကျူးလွန်မိလို့ အဝီစိငရဲမှာ ဖြစ်ခဲ့ရတယ်။ အဲဒီ အကုသိုလ်ကံကုန်လို့ လူ့ဘဝမှာ ပြန်ဖြစ်တော့ ၁၄ ဘဝတိုင်တိုင် အလုပ်အကျွေး မိန်းမဖြစ်ရတယ်။ ခုနစ်ဘဝတိုင်တိုင် ဝှေးစေ့ ထုတ်ခံရတယ်။ (ဓမ္မပဒ-ဌ ၁၊ ၂၀၈)။

**သာရတ္ထသင်္ဂဟကျမ်း အဆို**

မိစ္ဆာစာရ ကျူးလွန်ကမူ မှန်းကြသူများ ရန်သူပွားး၏ ရှားပါးဘဏ်သပ်ပကာ ချမ်းသာမရ မိန်းမပဏ္ဍုက် မျိုးယုတ်ခါခါ မျက်နှာမလှ အရှက်ရရာ လက္ခဏာကန္တြေ ယွင်းသွေချို့သိမ် စိုးရိမ်များစွာ ချစ်သူကွာ၏။

(ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ စာ-၃၈၇)

**ဝေသန္တရာဆုတောင်း**

တစ်ခါမှာ သိကြားမင်းဟာ ဝေဿန္တရာရဲ့ ဒါနပါရမီ စိတ်ဓာတ်ကို စမ်းသပ်လိုတဲ့အတွက် ပုဏ္ဏားယောင်ဆောင်ပြီး မိဖုရား မဒ္ဒီဒေဝီကို အလှူခံတယ်။ ဝေဿန္တရာမင်းကြီးက မတွန့်မဆုတ် ရေစက်ချ လှူဒါန်းတဲ့အခါ သိကြားမင်းဟာ အံ့သြ တုန်လှုပ်ပြီး အင်မတန် လေးစားသွားတယ်။ သိကြားမင်းက အဖြစ်မှန်ကို ပြောပြ၊ ဝေဿန္တရာဆီ မိဖုရားကြီးကို ပြန်အပ်ပြီး ဆုရှစ်မျိုး ပေးသနားရာမှာ ဝေဿန္တရာတောင်းတဲ့ ဆုက 'သူတစ်ပါးမယားကို ကျူးလွန်သူ မဖြစ်ရလိုပါ။ အခါခပ်သိမ်း မိမိဇနီးမယားနှင့်သာ ရောင့်ရဲနိုင်သူ ဖြစ်ရပါလို၏။ မိန်းမများ၏ အလိုသို့လိုက်သည့် (ဖျားယောင်းခံပုဂ္ဂိုလ်) မဖြစ်ရလိုပါ။ ဤကား ကျွန်ုပ်တောင်းသည့် စတုတ္ထဆု ဖြစ်ပါ၏'တဲ့။ (ဇာ ၂၊ ၃၆၅)။

ဤတစ်ပါးသီလကို လုံအောင် စောင့်ထိန်းနိုင်ကြပါစေ။ ◻

## Results for Sexual misconduct as described in scriptures

### Pre-marriage sex

*Kamesu* means sexual activity and *micchacāra* is misconduct. (*MA. I,* 203; *AbhiA. II,* 385; *PtsA. I,* 204). Sex is not blameable for the common worldling who lives a marriage life as it is universal nature. But, when it is conducted beyond the line of social ethic, culture and the disciplinary rules appreciated by noble ones, it can be harmful as it destroys the spiritual standard. According to the scriptures, if you have intercourse with 20 kinds of women for men and 12 of men for women, which are prohibited, it can be misconduct. (See also *The Dhamma Answers Vol. I*, p. 310)

Dealing with the agreement of the two persons, if man and woman, who agree with each other, do not pertain to the above mentioned, it should not be misconduct. In other words, if both are adults, independent and free, it can be allowed or not be of secular guilty. We can't find the original words of the Buddha for this. It should be understood that the worldly problems that might happen by living together are other issues.

### Results described in scriptures

Four misfortunes befall a careless man who commits adultery: acquisition of demerit, disturbed sleep, thirdly blame, and fourthly a state of woe (*Dhpa.* Verse 309). There is acquisition of demerit as well as evil destiny. Brief is the joy of the frightened man and woman. The king imposes a heavy punishment. Hence no man should frequent another's wife. (*Ibid.* Verse 310).

One who engages in sexual misconduct, on account of such behavior, fearful animosity pertaining to the present life and fearful animosity pertaining to the future life and he experiences mental pain and displeasure. (*S. I,* p. 298).

What, bhikhus, is the thing that is pleasant now and ripens in the future as pain? .. One in pleasure and joy practices sexual misconduct and on account of such behavior, he experiences pleasure and joy. .. On the dissolution of the body, after death, he reappears in a state of deprivation, and in unhappy destination, in perdition, even in hell. (*M. I,* p. 388)

**A woman abandoned by three husbands**

In city of Pātali, there were two Arahant Theris with supernatural power named Isidāsi and Bodhi. One day, while sitting on the sandy bank of river Gangā after lunch, *Theri* Bodhi said, 'Venerable Isidāsi, why are you ordained though young and beautiful?' As an eloquent one, Isidasi narrated about her old life –

Venerable Bodhi, I was the only daughter of the rich man of Avnti country. When grown up, I got married to a rich man's son of Saketa city. After beating me, he discarded me while I was faithful and humble to him. Second time, my parents made me married to another rich man's son. There was no reason when he also drove me out of home. Again, I got married to a beggar who also left me after fifteen days. At that time, *Theri* Jinadattā, an Arahat endowed with good morality visited my parents' home for alms. I was ordained under her and attained arahatship during seven days. I can reveal previous seven lives. Now I will tell you the unwholesome deeds that gave me these bad results, that is, why husbands hated and left me –

Venerable Sir, I was a blacksmith in Erakaccha city past seven lives ago. As a youth, I committed adultery. Next life, I was born in the hell of Avici. On being free from this, I became a male monkey whose scrotum was bitten and cut off after seven days birth. Again, in next lives as a male goat and bull, I was castrated too.

Then, I was born in human beings as one who is neither male nor female. I died in 30 and was reborn in a poor cartman's house and the trader leader's son made me his inferior wife. I made him hate his first wife whose morality was good. As the result of that unwholesome deed, in this life I was hated and abandoned by three husbands. But, now I attained arahatship and the bad *kamma* that follows me was ended over. (*Theri gātha*, p. 428).

**Two sons of king Kosala**

Two handsome sons of King Kosala misused their body frequenting another's wives. After death, they were born as hungry ghosts near the wall of fort of Savatthi and cried loudly at nights. Hearing their cries and thinking that is inauspicious, people invited Buddha accompanied by monks for their alms-food so that the voices will be quiet. When the Buddha was told about the voices, he identified the two men and said, 'Householders, no danger will come to you by these voices. It is just the cries of evil doors.' (*PetaA.* p. 243).

**Ananda's suffering**

While in fulfilling perfections for a hounded thousand eons, once as an imperfect one, Ananda was born as a blacksmith, committed adultery and suffered in Avici hell. At the end of the Akusala, he was reborn as a slave woman for 14 times and his eggs (testicles) were removed for 7 times. (*DhpA. 1*, 208).

***Sāratthasangaha's* words**

The person committing adultery is hated by many, increases his enemy, is hard to get gains and has to feel unhappy. He will be reborn as one who is neither a male nor a female. It will also be in a lower caste, being ugly. He will be ashamed, being lack of good

personality, and also with much worries, he will be left by his lovers. (*Withoat-dayon-ashon-aphyat*, p. 387).

**King Vessantara's wish**

Once Sakka, King of *Devas* wanted to examine King Vessantara's mind of charity and disguising as a Brahman asked for the King's wife, queen Maddi. When with no hesitation the king, pouring donation water, donated her to the Brahman, the latter felt marvelously impressed. Then, Sakka confessed what he did and the queen was returned to the King and gave him eight rewards whatever he wanted.

The King said what he wished 'I never want to be a man who commits adultery. I want to be a man who can ever be satisfied with my own wife only . I never want to be a man who is snared by a woman's charms. This is my forth wish." (*Jataka II,* p. 365).

May all keep this principle moral conduct. □



၁) မလှူခင်ရှေး
၂) လှူနေဆဲ
၃) လှူပြီးနောက်
စိတ်ထား ဖြူစင်တတ်ပါစေ။

ရှိသေစွာ မေးလျှောက်အပ်ပါသည် အရှင်မြတ်များဘုရား၊

ဘုန်းကြီးကိုဖြစ်စေ ဘုန်းကြီးကျောင်းကိုဖြစ်စေ လှူဒါန်းပြီးနောက် အဲဒီ ဘုန်းကြီးနှင့် မတည့်သောအခါ သို့မဟုတ် ဘုန်းကြီးကျောင်း ဂေါပက အဖွဲ့ဝင်များ ကွဲသောအခါ မိမိလှူထားသည့် အလှူငွေ၊ ပိဋကတ် စာအုပ် စာပေ၊ ဘုရားဆင်းတုနှင့်တကွ ကြေးစည်ပါမကျန် ပြန်တောင်းသော လူအချို့ (အထူးသဖြင့် အမျိုးသမီးများ)ကို တွေ့ကြုံဘူးပါသည်။ တပည့် တော်အနေဖြင့် ဘဝင်မကျတာတော့ အမှန်ပါ။ လှူပြီးပစ္စည်းကို ပြန် တောင်းလျှင် ငရဲကြီးပါသလား။ မည်သို့သော အပြစ် ဖြစ်နိုင်ပါသနည်း။ သနားသောအားဖြင့် ဖြေကြားပေးပါဘုရား။

မောင်မောင်လေး

---

**ဖိုးအေးနဲ့ ပေါက်ကျော်**

လှူပြီးမှ ပြန်တောင်းတယ်ဆိုတာနဲ့ ပတ်သက်ပြီး ဆက်စပ် တွေးမိရင်း ငယ်စဉ်က ရွာဦးကျောင်းမှာ ကြုံခဲ့ရတာလေးကို ပြောပြချင်တယ်။ ဖိုးအေးက ကိုရင်၊ အသက် ၁၃ နှစ်လောက်ရှိပြီ။ ရွာမှာက လူနာမည် ကိုပဲ ခေါ်ကြတာ။ သူက ဆေးတံ သောက်တယ်။ ကိုယ့်ဟာကိုယ် လုပ် တဲ့ လက်မသာသာလောက်ရှိတဲ့ ဝါးမြစ်ဆေးတံနဲ့ပေါ့။ သူ့အစ်မ နှစ် ယောက်က အလိုလိုက်တော့ သူက ဆေးရွက်ကြီးမှုန့် မရှားဘူး။

ပေါက်ကျော်က ညီအစ်ကို သုံးယောက်ထဲက အလယ်ကောင်။ ဒီကောင်လည်း ဖိုးအေးနဲ့ ပေါင်းလို့ ဆေးတံချိုး။ ဒါပေမယ့် သူ့အိမ်က ဆေးရွက်မှုန့် တောင်းမရလို့ ဖိုးအေးဆီက ကပ်သောက်ရတယ်။ နေ့ ဆွမ်း စားပြီးတိုင်း စာမအံခင် ဖိုးအေးက ဝါးမြစ်ဆေးတံလေး ခဲပြီး ကျောင်းအောက်မှာ မှိန်းနေတုန်း ပေါက်ကျော်ရဲ့ 'ငါ ဖွာပါရစေအုံး ဖိုးအေးရယ်' လို့ တစီစီတောင်းသံ၊ ဂရုမစိုက်ပဲနေတဲ့ ဖိုအေးက ကုန်ခါ

နိုးကျမှ 'ရှော့'လို့ မာဆတ်ဆတ်နဲ့ ပေးသံကို ကြားရမြဲ။ ပြီး တစ်ခုခု အလိုမကျရင် ဖိုးအေးက 'မင်း ငါ့ဆေးတံကို သောက်တာ ပြန်ပေး' ဆိုတာနဲ့ ပေါက်ကျော်ကို အနိုင်ယူမြဲပေါ့။

တစ်နေ့ ပေါက်ကျော်ရဲ့ အမေ ဘုန်းကြီးကျောင်းကို ကောက်ညှင်းပေါင်း လာလှူတယ်။ ကိုရင် ဖိုးအေးက ကောက်ညှင်းပေါင်း သိပ်ကြိုက်တယ်၊ စားတာပေါ့။ ဒါကို ပေါက်ကျော်က မှတ်ထားတယ်။ နောက်တစ်ခါ ဖိုးအေးက ဆေးတံကို ပြန်တောင်းတော့ လေသံမာမာနဲ့ ပေါက်ကျော် ပြန်ပြောပုံက 'ကိုရင် ငါ့အမေလှူတဲ့ ကောက်ညှင်းပေါင်း စားတာ၊ အခု ပြန်အန်ထုတ်'တဲ့။ (ဖိုးအေးဆိုတာ ယခု နာဂစ်ဒေသ တစ်နေရာမှာ ကျောင်းထိုင်နေတဲ့ ဘုန်းကြီးနဲ့ တစ်ရွာတည်းသား ဆရာတော် ဦးကုဏ္ဍလ ဖြစ်နေပါပြီ)။

**ကလေးစိတ်မျိုးနဲ့ မလှူဒါန်းရ**

ဖိုးအေးနဲ့ ပေါက်ကျော်ဆိုတာ ဘာမှ ကြားမြင်သုတ မရှိသေးတဲ့ တောက လူမမယ် ကလေးတွေပါ။ အလှူဒါန ပြုတယ်ဆိုတာက ကလေးတို့ဘာဝ ဖိုးအေးပေါက်ကျော် အဆင့်လောက်နဲ့ လုပ်သလိုမျိုး မဖြစ်သင့်ဘူး။ လှူပြီးသားကို ပြန်တောင်းတယ် ဆိုတာကိုက မင်္ဂလာ မရှိပါဘူး။ ကလေးဘဝတုန်းက သင်ခဲ့ရတာက 'သုံးတန်စေတနာ ဖြူစင်လန်းလို့ ပေးကမ်းဝေမျှ လှူနိုင်စေ'လို့ မဟုတ်ပါလား။ အလှူပေးရာမှာ စေတနာ သုံးမျိုးပြည့်စုံမှ အကျိုးပေး ပြည့်စုံတယ်။ အဲဒီသုံးမျိုးက -

၁။ ပုဗ္ဗစေတနာ = မလှူခင်ကပင် ကိုယ်လှူမှာကို စဉ်းစားပြီး စိတ်ထဲက ရွှင်လန်း တက်ကြွနေရမယ်။

၂။ မုဉ္စစေတနာ = လှူဆဲအချိန်မှာ ကိုယ်လုပ်နေတာနဲ့ ပတ်သက်ပြီး စိတ်ထဲက အားရဝမ်းသာ ဖြစ်နေရမယ်။

၃။ အပရစေတနာ = လှူပြီးနောက်မှာ လှူဒါန်းခဲ့တာကို စဉ်းစားပြီး တစိမ့်စိမ့် ကြည်နူး နှစ်သက်နေရမယ်။

အဲဒီအင်္ဂါသုံးရပ် ပြည့်စုံမှ အလှူရဲ့ အကျိုးပေး ပြည့်စုံကြောင်း ဆင္ဂုတ်ဒါနသုတ် (အံ ၂၊ ၂၉၆)မှာ မြတ်ဗုဒ္ဓ ညွှန်ပြခဲ့တယ်။ မဟာဓမ္မပါလ

ဇာတ်(ဇာ ၁၊ ၂၁၄)အရ အဲဒီ အင်္ဂါသုံးရပ်နဲ့ ပြည့်စုံပြီး အလှူဒါနပြုရင် ယယ်ယယ်ရွယ်ရွယ်နဲ့ မသေနိုင်ဘူး၊ သက်တမ်းပြည့်အောင် နေရတယ်။

**ပြန်တောင်းရင် ငရဲကြီးပါသလား**

ဗုဒ္ဓလက်ထက်က သာဝတ္ထိမြို့မှာ အလွန်ချမ်းသာတဲ့ သူဌေးတစ်ယောက် ရှိတယ်။ အဲဒီသူဌေးက ချမ်းသာပေမယ့် သူ့ပစ္စည်းတွေကို ကိုယ်တိုင်လည်း သူဌေးဆိုတဲ့ဂုဏ်နဲ့ လိုက်အောင် ထိုက်ထိုက်တန်တန် မသုံးဘူး။ အဝတ်ဟောင်းတွေကိုပဲ ဝတ်ပြီး ဆင်းရဲသားလိုပဲ နေထိုင် စားသောက်တယ်။ ရွှေထီးဆောင်းနိုင်ပေမယ့် သစ်ရွက်ထီးဆောင်းတဲ့ လူမျိုး။ သူ တစ်ပါးကိုလည်း ကူညီထောက်ပံ့ခြင်း လှူဒါန်းပေးကမ်းခြင်း မပြု။ ဒီသူဌေးဟာ တစ်သက်လုံး တစ်ခါမှ ကောင်းကောင်းမွန်မွန် စားသောက်ဝတ်ရုံခြင်း မရှိခဲ့ဘူးတဲ့။ သေတော့ ရောဂရဝရဲကို ရောက်တယ်။ အမွေဆက်ခံမယ့်သူလည်း မရှိတော့ သူ့ပစ္စည်းတွေကို ကောသလ ဘုရင်က ပြည်သူပိုင် သိမ်းသွားတာပေါ့။

ဒါနဲ့ပတ်သက်ပြီး ကောသလမင်း မေးလျှောက်လို့ ဗုဒ္ဓမြတ်စွာက အတိတ်က သူ့လုပ်ခဲ့တာကို ဟောကြားတော်မူတယ် -

သူက အတိတ်ဘဝတစ်ခုမှာ ဗာရာဏသီမြို့က ကပ်စေးနဲ ကော်တရာ သူဌေးဖြစ်ခဲ့တယ်။ ဘုရင့်နန်းကို အသွားမှာ တဂရသိခီလို့ ခေါ်တဲ့ ပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွနေတာကို မြင်တော့ 'ဆွမ်း ရခဲ့ပါရဲ့လား'လို့ လျှောက်တဲ့အတွက် 'ဆွမ်းခံနေတုန်းပါပဲ'လို့ အရှင်မြတ်က မိန့်တဲ့အခါ ဆွမ်းလှူလိုစိတ် ပေါက်လာပြီး အစေအပါး တစ်ယောက်ကို 'အိမ်ကိုသွားချေ၊ ငါထိုင်တဲ့ နေရာမှာ ဟောဒီ ပစ္စေကဗုဒ္ဓါကို နေရာပေးပြီး ငါ့ဖို့ပြင်ထားတဲ့ အစားအစာတွေကို လှူဒါန်းချေ'လို့ ခိုင်းလိုက်တယ်။ နန်းတော်ကအပြန် လမ်းမှာ ပစ္စေကဗုဒ္ဓါကို တွေ့ပြန်တော့ 'ဆွမ်း ရခဲ့ပါရဲ့လား'လို့ မေးပြန်တယ်။ 'ရခဲ့ပါပြီ'လို့ အရှင်မြတ်က ပြန်ကြားတုန်း သူဌေးဟာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ သပိတ်ထဲမှာ ပါလာတဲ့ သူ့အိမ်က လှူလိုက်တဲ့ ဆွမ်းကို ကြည့်ပြီး သဒ္ဓါတရား မတိုးပွားနိုင်တဲ့အပြင် 'ဒီလို ကောင်းတဲ့ အစားအစာတွေကို အိမ်က အစေအပါးတွေကို ကျွေးလိုက်

ရင် သူတို့တွေ ငါခိုင်းတဲ့ အလုပ်ကို ကောင်းကောင်း လုပ်ပေးကြမှာပဲ၊ ခုတော့ ဆုံးပါပြီ’လို့ တွေးပြီး နှမြောဝန်တိုစိတ် ဖြစ်တယ်။ ပစ္စေက ဗုဒ္ဓါကို ဆွမ်းလှူဖူးတဲ့ ကုသိုလ်ကြောင့် သာဝတ္ထိမြို့မှာ သူဌေး ဖြစ်လာ ပေမယ့် အပရစေတနာ ပျက်ကွက်ခဲ့လို့ စည်းစိမ်ကို ကောင်းစွာ မခံ စားနိုင်ကြောင်း မြတ်ဗုဒ္ဓ ဟောတော်မူတယ်။ (ဇာ-၄ ၃၊ ၂၀၀)။ သူဌေး ဟာ ပြန်တောင်းတဲ့ထိ မလုပ်ခဲ့ဘူး။ စိတ်ကွက်ရုံပဲ ကွက်ခဲ့တာ။

**ဝမ်းသာနိုင်အောင် ကြိုးစားပါ**

ဘုန်းကြီးကျောင်းတစ်ခုမှာ ပြဿနာဖြစ်တော့ ဒေါ်လာတစ်သောင်းကျော် နဲ့ လှူထားတဲ့ ဘုရားကို ဂေါပကဆိက ပြန်တောင်းပြီး သူကြည်ညိုတဲ့ ဆရာတော်ကို ပြန်လှူဖို့ ဘုရားဒကာက လျှောက်တယ်။ ဒီတော့ ဆရာ တော်က ဒကာကြီးအနေနဲ့ လှူပြီးသား ဘုရားနဲ့ပတ်သက်ပြီး ဝမ်း မြောက်ဝမ်းသာ ဖြစ်နိုင်အောင် ကြိုးစားပါ။ ဒကာကြီးရဲ့ ဘုရားကို အဲဒီ ဘုန်းကြီးကျောင်းကို သွားသူတိုင်း ဘယ်သူမဆို ကြည်ညိုနိုင်ရင် သူတို့ ကုသိုလ်ရသလို သူတို့ဝေတဲ့ ကိုသိုလ်အမျှကိုလည်း ဒကာကြီး ရနေမှာ ဖြစ်လို့ ဆရာတော်ကို မလှူပေမယ့် ဒကားကြီးမှာ ကုသိုလ် ရမြဲပါပဲ။ အခုဖြစ်တဲ့ ဘုန်းကြီးကျောင်း ပြဿနာကို ဒကာကြီးရဲ့ အလှူဒါနနဲ့ ခွဲ ခြားထားလိုက်ပါလို့ နှစ်သိမ့်ခဲ့ဖူးပါတယ်။

ပိဋကတ်စာအုပ်တွေ၊ ကြေးစည်တွေ လှူရင်လည်း ဒီအတိုင်းပါပဲ။ ကိုယ်လှူတဲ့ဘုန်းကြီး လူထွက်ရင်တောင် တစ်ခြားဘုန်းကြီးက ဆက် လက် အသုံးပြုမှာ ဖြစ်လို့ အလှူရှင်မှာ ကုသိုလ်ရ နေဦးမှာပါ။

**ဖိုးအေးတို့အတွက် လက်ဆောင်**

ဒါနဟူသည် ပြုအံ့ရည်သော်
မလည်မသုန် သဒ္ဓါဟုန်ဖြင့်
မတုန်မလှုပ် ထိန်းအုပ်မိစ္ဆေ
မတွန့်စေနှင့်။ (မဃဒေဝ၊ ပိုဒ် ၂၈၅)။ ▢



# ဗုဒ္ဓနဲ့ခေတ်ပြိုင်
# တိတ္ထိဆရာကြီး ခြောက်ယောက်

မေးမြန်းအပ်ပါသည် အရှင်ဘုရား၊
ဗုဒ္ဓဘုရားနှင့် ခေတ်ပြိုင် တိတ္ထိဆရာကြီး ခြောက်ယောက် ရှိသည်ဟု ကြားဖူးပါသည်၊ အဲဒီ ခြောက်ယောက်၏ အတ္ထုပ္ပတ္တိနှင့် သူတို့ ဟောတဲ့ အယူဝါဒ အကြောင်းကိုလည်း အကျဉ်းမျှ ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား။

ခေတ္တ စင်္ကာပူရောက် ဦးခင်အေး

---

**အသက်အငယ်ဆုံး ဗုဒ္ဓ**

ဗုဒ္ဓနဲ့ တွေ့ခါစမှာ ကောသလမင်းက ပူရဏကဿပစတဲ့ ဆရာကြီးတွေနဲ့စာရင် အသက်ကလည်း ငယ်တယ်၊ ရဟန်းပြုတာလည်း မကြာသေးလို့ အရှင်ဂေါတမအနေနဲ့ ဗုဒ္ဓအဖြစ်ကို ဝန်ခံပါသလားလို့ မေးလျှောက်ပုံအရ ဗုဒ္ဓရှင်တော်မြတ်ဟာ ဆရာကြီး ခြောက်ယောက်ထက် သက်တော် ငယ်တယ်။ မိလိန္ဒပဉှ (စာ၊ ၄) မှာ မိလိန္ဒမင်းဟာ ပူရဏကဿပစတဲ့ တိတ္ထိဆရာကြီး ခြောက်ယောက်နဲ့ တွေ့ကြောင်းဆိုတာက ဗုဒ္ဓလက်ထက်က ပုဂ္ဂိုလ်တွေ မဖြစ်နိုင်ဘူး။ ၎င်းဆရာကြီး ခြောက်ယောက်တို့ရဲ့ အဆက်အနွယ်ဖြစ်တဲ့ ထိုခေတ်က ဂိုဏ်းခေါင်းဆောင်တွေကို သွားတွေ့တာ ဖြစ်နိုင်တယ်။

**ပူရဏ ကဿပ**

ကဿပ အနွယ်ဝင် ပူရဏအမည်ရတဲ့ ဆရာကြီး။ ငယ်စဉ်က ကျွန်ဖြစ်ခဲ့တယ်။ တစ်ရာယောက်မြောက် မွေးဖွားတဲ့အတွက် မင်္ဂလာကျွန်အဖြစ် သတ်မှတ်ခံရလို့ သခင်ရဲ့ မျက်နှာသာပေးတာ ခံရတယ်။ နောက်တော့

အိမ်ကထွက်ပြေးတယ်။ ပါလာတဲ့ အဝတ်အစားတွေကို လမ်းမှာ သူခိုး လုခံရတယ်။ အဝတ်မပါဘဲ ရွာတစ်ရွာကို ဝင်မိရာမှာ ရွာကလူတွေက သူ့ကို ရဟန္တာ ထင်ပြီး ဝိုင်းဝန်း ပူဇော်ကြသတဲ့။ အဝတ်မဝတ်လို့ ပူဇော်ခံရတာဆိုပြီး အဝတ်ရတဲ့အခါ မဝတ်တော့ဘူး။ အဝတ်မဝတ်လို့ သူ့ဂိုဏ်းကို အာဇီဝကလို့ ခေါ်တယ် (ဒီ-ဋ္ဌ ၁၊ ၁၃၀)။ သူ့မှာ နောက်လိုက်တပည့် ငါးရာရှိတယ်။ နတ်တပည့်တွေတောင် ရှိတယ်။ 'အသွ' လို့ခေါ်တဲ့ နတ်သားက ပူရဏကဿပကို ရှိခိုးထိုက်ကြောင်း မြတ်ဗုဒ္ဓထံ လာရောက် လျှောက်ထားဖူးတယ် (သံ ၁၊ ၆၆)။ လိစ္ဆဝီအုပ်ချုပ်ရေးအဖွဲ့ဝင် မဟာလိမင်းဟာ ပူရဏကဿပဆီ အဝင်အထွက် ရှိတယ်။ ဒီဆရာကြီးဟာ အလုံးစုံကို မြင်သိသူ (သဗ္ဗညူ) ဖြစ်ကြောင်း ဝန်ခံတယ် (သံ ၂၊ ၅၇)။ သူ့ကိုယ်သူ ဘုရားလို့ ပြောတဲ့သူပါ။

ဗုဒ္ဓနဲ့ တန်ခိုးပြိုင်ရာမှာ ရှုံးလို့ ရှက်ပြီး သာဝတ္ထိမြို့က ရှောင်အသွားလမ်းတစ်နေရာမှာ သူတန်ခိုးပြတာကို ကြည့်ဖို့လာတဲ့ သူ့တပည့်ဆီက ရေအိုးနဲ့ ကြိုးကိုယူ၊ အိုးကို ကြိုးနဲ့ လည်ပင်းမှာချည်၊ အနီးမှာရှိတဲ့ မြစ်ထဲဆင်းပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်တယ် (ဓမ္မပဒ-ဋ္ဌ ၂၊ ၁၃၆)။ ဒီဖြစ်ရပ်မတိုင်ခင် ၄ လလောက်က ရာဇဂြိုဟ်မှာ ဗိမ္ဗိသာရမင်း မကွယ်လွန် သေး (ယင်း၊ ၁၃၆) တဲ့အတွက် ပူရဏကဿပ ကိုယ့်ကိုယ်ကို အဆုံးစီရင်ချိန်မှာ အဇာတသတ် မင်းမဖြစ်သေးတာရယ်၊ ဗုဒ္ဓ တန်ခိုးပြတာဟာ ဗုဒ္ဓဖြစ်ပြီးနောက် ခုနစ်နှစ်အကြာမှာ ဖြစ်တာ (မ-ဋ္ဌ ၄၊ ၁၇၄) ရယ်ကြောင့် အဇာတသတ္တုက ပူရဏကဿပဆီ သွားတယ် (ဒီ ၁၊ ၄၉) ဆိုတာ သူ မင်းမဖြစ်ခင်က ဖြစ်လေမလားလို့ စဉ်းစား စရာပါပဲ။

**ပူရဏဝါဒ**

တိုက်ခိုက်လုယူသူ၊ လုယူစေသူ၊ သူ့မယားကို သွားလာသူ၊ သွားလာစေသူ၊ မမှန်စကားကို ပြောဆိုသူ၊ ပြောဆိုစေသူများသည် မကောင်းမှုကို ပြုသော်လည်း ပြုသည်မမည်။ ဤကမ္ဘာမြေပေါ်ရှိ သတ္တဝါတို့ကို သင်တုန်းသွားစက်ဖြင့် တစ်ခုတည်းသော အသားစု အသားပုံဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှုမရှိ၊

မကောင်းမှုဖြစ်ခြင်းမရှိ။ ... အလှူပေးခြင်း၊ သီလစောင့်စည်းခြင်း၊ အမှန်ကို ဆိုခြင်းတို့ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်းမရှိ (ဒီ ၁၊ ၄၉)။ သတ္တဝါတို့ ညစ်ညူးရန် အကြောင်းအထောက်အပံ့ မရှိသကဲ့သို့ စင်ကြယ်ရန်လည်း အကြောင်းအထောက်အပံ့ မရှိ (သံ ၂၊ ၅၈)။ သတ်အပ် ဖြတ်အပ်သည်၌ မကောင်းမှုကို အဖန်ဖန် မရှုတတ်၊ မိမိ၏ ကောင်းမှုကိုလည်း အဖန်ဖန် မရှုတတ် (သံ ၁၊ ၆၆)။ ပူရဏကဿပဟာ အကြောင်းကို ပယ်သူ ဖြစ်ပါတယ်။

## မက္ခလိ ဂေါသာလ

နာမည်ရင်းက မက္ခလိ၊ ဂေါသာလ ဆိုတာက သူ့ကို မွေးဖွားတဲ့ နေရာနွားတဲ (ဒီ-ဋ္ဌ ၁၊ ၁၃၁)။ ယေ်စဉ်က အိမ်တစ်အိမ်မှာ ကျွန်ခံရင်း ဆီအိုးကို သယ်ယူလာစဉ် သခင်က 'မာ ခလိ' (ချော်မလဲစေနဲ့)လို့ ပြောနေဆဲမှာ ချော်လဲလို့ ဆီအိုးကွဲတယ်။ သခင်ကိုကြောက်လို့ ထွက်ပြေးမယ်လုပ်တုန်း ဝတ်ထားတဲ့အဝတ်ကို သခင်က ဖမ်းဆွဲရာမှာ အဝတ်ကို စွန့်ပြီး ပြေးရာကနေ အဝတ်မစည်းတဲ့ တက္ကတွန်း ဖြစ်လာတယ်။

ဂျိန်းမှတ်တမ်းတွေအရ သူ့ကို ဂေါသာလ မံခလိပုတ္တလို့ ခေါ်တယ်။ သာဝတ္ထိမြို့နားက သာရဝန (အရပ်)မှာ မွေးတယ်။ သူ့အဖေ နာမည် မံခလိ၊ အမေ့နာမည်က ဘဒ္ဒါ။ သူ့အဖေက ပန်းချီဆေးရေး အရောင်းအဝယ် လုပ်သူ။ ဂေါသာလဆိုတာ အဲဒီသက်မွေး ဝမ်းကျောင်းကြောင့် ရခဲ့တဲ့နာမည်။ ဒီတွေးခေါ်ရှင်ရဲ့ အမည်မှန်က ပြာကရိတ် ဘာသာစကားနဲ့ မဿကရိန် (Maskarin)၊ ပါဠိပုံစံနဲ့ မက္ခလိ ဖြစ်နိုင်တယ်။ မဿကရိန် (Maskarin) ပုဒ်ကို ပါဏိနိကျမ်းမှာ ဝါးတောင်ဝှေးကို ကိုင်ဆောင်သူ (Maskara) လို့ အဓိပ္ပာယ် ဖွင့်တယ်။ မဿကရိန်ကို ဧကဒဏ္ဍီလို့လည်း ခေါ်တယ်။ ပတဉ္စလိအလိုအရ မဿကရိန်ဆိုတာ လှည့်လည်သွားလာသူ ပရိဗိုဇ်ဂိုဏ်းလို့ ဆိုတယ်။ ဝါးတောင်ဝှေးကို ကိုင်ဆောင်လို့ မဟုတ်ဘဲ သူတို့က စိတ်ဆန္ဒလွတ်လပ်မှုကို ငြင်းပယ်လို့ အဲဒီလို ခေါ်တာ။ မဿကရိန်တွေက ကံကြမ္မာ ယိုးမယ်စွဲဝါဒီတွေဖြစ်တယ်။ (Barua, *Pre-Buddhistic Indian Philosophy*, p. 372)။

**မဏ္ဍလိဝါဒ**

ရှစ်သန်းလေးသိန်းသော မဟာကပ်တို့ပတ်လုံး လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ (တစ်ဘဝမှ တစ်ဘဝသို့) ပြေးသွားကျင်လည်၍ ဆင်းရဲ ကုန်ဆုံးခြင်းကို ပြုကြလတ္တံ့။ ထိုအတွင်း (ဆင်းရဲကုန်ဆုံးခြင်း) မရှိ။ သံသရာသည် အပိုင်းအခြား ပြုထားပြီး ဖြစ်၏။ အလွန်အယုတ်မရှိ။ ချည်လုံးကို ပစ်လိုက်သော် (ချည်ရှိသရွေ့သာ) ပြေလျက် ပြေးသွားသကဲ့သို့ ဤအတူ လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ (တစ်ဘဝမှ တစ်ဘဝသို့) ပြေးသွား ကျင်လည်၍ ဆင်းရဲ ကုန်ဆုံးခြင်းကို ပြုကြလတ္တံ့။

သူ့အလို သတ္တဝါအားလုံးဟာ သတ်မှတ်ချိန်ရောက်ရင် သူ့အလိုလိုပြီးပြည့်စုံသွားတယ်၊ အဲဒီအချိန် မကျသရွေ့ ကောင်းကောင်း ဆိုးဆိုးဘာလုပ်လုပ် အတူတူပဲလို့ ယူဆပုံရတယ်။ ပါဠိတော်နဲ့ အဋ္ဌကထာမှာ ဖော်ပြတဲ့ မဏ္ဍလိဝါဒအားလုံးရဲ့ ဆိုလိုရင်းကို ဘုန်းကြီး နားမလည်ဘူး။ နားလည်နိုင်တာလောက်ကိုပဲ ထုတ်ပြလိုက်ပါတယ်။

ဗုဒ္ဓရဲ့ အမြင်အရ တိတ္ထိဆရာကြီး ခြောက်ယောက်ထဲမှာ မက္ခလိဂေါသာလရဲ့ ဝါဒဟာ လောကလူ့ဘောင်အတွက် အန္တရယ်အကြီးမားဆုံးဝါဒများ ဖြစ်တယ်။ 'ရဟန်းတို့ မက္ခလိဂေါသာလကဲ့သို့ လူအများ အကျိုးစီးပွား မဲ့အောင် ဆင်းရဲဒုက္ခ ရောက်အောင် ပြုကျင့်သူ အခြားတစ်ယောက်ကိုမျှ ငါဘုရား မြင်တော်မမူ။ ရဟန်းတို့ လောက၌ မက္ခလိဂေါသာလ ပေါ်ပေါက်လာခြင်းမှာ ငါးတို့၏ အကျိုးစီးပွားမဲ့ ဆင်းရဲဒုက္ခဖြစ်အောင် မြစ်ဆုံမြစ်ဝ နေရာများမှာ မြှုံးကို ချထားသကဲ့သို့ ဖြစ်၏' (အံ ၁၊ ၃၆)။ သူ့ဝါဒကို မြတ်ဗုဒ္ဓက 'လူထောင်မြှုံး' လို့ မိန့်ခဲ့ပါတယ်။

**အဇိတ ကေသကမ္ဗလ**

အဇိတဆိုတာ သူ့နာမည်။ ကေသဆိုတာ လူ့ဆံပင်။ ကမ္ဗလဆိုတာ ဝတ်ရုံ။ လူ့ဆံပင်နဲ့ ချုပ်ထားတဲ့ ကမ္ဗလာကို ဝတ်ရုံသူ။ အဲဒီ လူ့ဆံပင်ဝတ်ရုံနဲ့ ပတ်သက်လို့ ဗုဒ္ဓရဲ့ မှတ်ချက်က 'လူ့ဆံခြည်မျှင်ဖြင့် ရက်လုပ်သော ကမ္ဗလာသည် အဝတ်တူသမျှတွင် အညံ့ဆုံးဖြစ်၏။ အေးချိန်မှာ အလွန် အေး၏။ ပူချိန်မှာ အလွန်ပူ၏။ အဆင်းမလှ။ အနံ့မကောင်း။

ကြမ်းတမ်း၏ တဲ့။ (အံ ၁၊ ၂၉၀)။ မြတ်ဗုဒ္ဓနဲ့ အပြိုင် တပည့်တပန်း များပြားသူဖြစ်တယ်။ မဟာဗောဓိဇာတ် (ဇာ ၂၊ ၄၇)အရ ဗုဒ္ဓရှင်တော်မြတ်ဟာ ဗုဒ္ဓ မဖြစ်ကပင် အဇိတရဲ့ ဝါဒကို ငြင်းပယ်ခဲ့ပူးတယ်။

**အဇိတဝါဒ**

သတ္တဝါသည် ဓာတ်ကြီးလေးပါး အစုအဝေးဖြစ်၏။ သေလွန်သော် မြေဓာတ်သည် မြေဓာတ်အစုနှင့်၊ ရေဓာတ်သည် ရေဓာတ်အစုနှင့်၊ လေဓာတ်သည် လေဓာတ်အစုနှင့်၊ မီးဓာတ်သည် မီးဓာတ်အစုနှင့် ပေါင်းစည်းသွား၏။ နာမ်ဣန္ဒြေတို့သည်ကောင်း ကင်သို့ ပြောင်းရွှေ့ကုန်၏။ ... အလှူတို့သည် သေပြီးနောက် ပြာအဆုံးရှိကုန်၏။ အလှူပေးခြင်းကို လူမိုက်တို့က ဟောကြားထား၏။ အချို့သူတို့သည် (ပေးလှူခြင်းစသည်၏ အကျိုးသည်) ရှိ၏ဟူသောဝါဒကို ဟောပြောကုန်၏။ ထိုသူတို့၏ စကားသည် အချည်းနှီးဖြစ်၏။ မှားယွင်း၏။ ယောင်ယမ်းပြောဆိုသော စကားဖြစ်၏။ လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲကုန်၏။ ပျက်စီးကုန်၏။ သေည်မှနောက်၌ (ဘာမျှ) မရှိကုန်။ အကျိုးကို ပယ်တဲ့ဝါဒ ဖြစ်ပါတယ်။

**ပကုဓ ကစ္စာယန**

ပကုဓဆိုတာ နာမည်ရင်း။ ကစ္စာယနဆိုတာ သူ့အမျိုးအနွယ်။ ပကုဓဟာ ရေအေးကို လုံးဝ မသုံးဘူး။ ရေထဲက ပိုးကောင်တွေ သေရင် သီလပျက်လို့ မြစ်ချောင်းကို လုံးဝ ဖြတ်မကူးဘူး။ အိမ်သာတက်ပြီးတောင် ရေနွေး မရှိရင် မသန့်စင်ဘဲ ဒီအတိုင်း နေတယ် (ဒီ-ဋ္ဌ ၁၊ ၁၅၁)။ ပကုဓဟာ မေးခွန်း မေးတာကို မကြိုက်ဘူး၊ စိတ်လည်း ဆိုးတတ်တယ်။ သူ့ တပည့်တွေက အလွန်ကြီး မလေးစားကြဘူး (မ ၁၊ ၃၁၇)။ ဒါပေမယ့် ပကုဓရဲ့ အသိုင်းအဝိုင်းလည်း မသေးဘူး။ ကြည်ညိုလေးစားတဲ့ နောက်လိုက် တပည့်တွေ အများကြီးရှိတယ်။ ဂိုဏ်းခေါင်းဆောင် ဖြစ်တယ်။ သူကိုယ်သူတော့ အားလုံးကိုသိသူ မြင်သူ အနေနဲ့ ဝန်မခံဘူး (သံ ၁၊ ၆၈)။

**ပကုဓဝါဒ**

'ခုနစ်ပါးသောအစုတို့၌ သတ်သူ သတ်စေသူ ကြားသူ ကြားစေသူ သိသူ သိစေသူများ မရှိကုန်။ ထက်စွာသော လက်နက်ဖြင့် ဦးခေါင်းကို ဖြတ် စေကာမူ တစ်ဦးတစ်ယောက်သည် တစ်ဦးတစ်ယောက်ကို သတ်သည် မမည်။ လက်နက်သည် ခုနစ်ပါးသောအစုတို့ အကြား ဟင်းလင်းသို့ ကျရောက်၏'။ သူ့အလိုအရ မြေ၊ မီး၊ လေ၊ ရေ၊ ပျော်ရွှင်မှု၊ နာကျင်မှုနဲ့ ဝိညာဉ်ကောင် ဆိုတဲ့ ဓာတ်ခုနစ်မျိုးမှာ ပြုလုပ်တတ်တဲ့ သတ္တိ မရှိ။ ဒါကြောင့် ထက်စွာ သောဓားနဲ့ လည်ပင်းကို လှီးပေမယ့် သူ့အသက်ကို သတ်တယ်လို့ မဆိုနိုင်။ အဲဒီ ဓားထက်ထက်ဟာ အဲဒီ ဓာတ်ခုနစ်မျိုးရဲ့ အကြားကို ဝင်ရောက်သွားခြင်းသာ ဖြစ်တယ်။ သတ်ခြင်း၊ ကြားခြင်း သိခြင်း မှတ်သား ခြင်းဆိုတာတွေ မရှိ။ အကောင်းအဆိုး ခွဲခြားခြင်း မရှိ။ အကျိုးကို ပယ်တဲ့ဝါဒလို့ပဲ ဆိုရမှာပဲ။

**နိဂဏ္ဌ နာဋပုတ္တ**

နှောင်ဖွဲ့တဲ့ ကိလေသာမရှိဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ နိဂဏ္ဌလို့ တွင်လာတယ်။ နာဋပုတ္တဆိုတာ နာဋအမည်ရှိသူရဲ့သား။ ဒီပုဂ္ဂိုလ်က ယခုခေတ်ထိ အိန္ဒိယမှာ ခေတ်စားဆဲဖြစ်တဲ့ ဂျိန်းဝါဒကို တည်ထောင်သူ မဟာဝီရ ပါပဲ။ ဝါဒမာနလို့လည်း ခေါ်သေးတယ်။ နာဋဆိုတာ ဝေသာလီက သူ့အမျိုးရဲ့ နာမည်။ နိဂဏ္ဌဆိုတာ ရဟန်းပြုပြီးနောက် တွင်လာတဲ့ နာမည်။ နာဋဆိုတာ သူ့အဖေရဲ့ နာမည် (သုတ္တနိ-ဋ္ဌ ၂၊ ၁၄၈)။ သူ လည်း အားလုံးကိုသိသူ ဗုဒ္ဓဖြစ်တယ်လို့ သူ့ကိုယ်သူ ဝန်ခံတယ် (အံ ၁၊ ၂၁၁)။

ဂျိန်းအစဉ်အလာအရ သူ့အဖေ နာမည်ရင်းက သိဒ္ဓတ္ထဖြစ်ပြီး ခတ္တိယမျိုး၊ သူ့အမေက တြိသာလာခေါ်သတဲ့ (Barua, *Pre-Buddhistic Indian Philosophy*, p. 272)။ နိဂဏ္ဌဟာ သွားဆဲ ရပ်ဆဲ အိပ်ဆဲ အချိန်တိုင်းမှာ အကန့်အသတ်မဲ့ သဗ္ဗညု (အားလုံးကိုသိသူ) ဖြစ်ကြောင်း ဆိုတယ်။ တန်ခိုးရှိကြောင်း ဝန်ခံပေမယ့် ရာဇဂြိုဟ်သူဌေးရဲ့ စန္ဒကူးသား သပိတ်ကို တန်ခိုးနှင့် မယူနိုင်ခဲ့ဘူး (ဓမ္မပဒ-ဋ္ဌ ၁၊ ၂၁၁)။ ဗုဒ္ဓရဲ့ ခမည်းတော်ဘက်က ဦးလေးတော် ဝပ္ပ အမည်ရှိ သာကီဝင်မင်းဟာ

ဗုဒ္ဓဝါဒီ မဖြစ်ခင်တုန်းက နိဂဏ္ဍာရဲ့ တပည့် ဖြစ်ခဲ့တယ် (အံ ၁၊ ၅၁၇)။ သူအားထားရတဲ့ ဥပါလိအမည်ရှိ သူကြွယ်က သူ့ဝါဒကို စွန့်ပြီး ဗုဒ္ဓသာဝက ဖြစ်သွားလို့ စိတ်ထိခိုက်ပြီး သွေးအန်တယ်။ ရာဇဗြိုဟ်အနီး ဗာလကရွာမှ ပါဝါမြို့ (ယခုအခေါ် ပါဝါပူရီ)ကို ရောက်လို့ မကြာခင် ကွယ်လွန်တယ်။ အဲဒီမြို့မှာ မဟာဝီရရဲ့ ကိုယ်လုံးတီး မတ်ရပ်ရုပ်တုကြီးကို ယနေ့ခေတ် တွေ့နိုင်တယ်။ ဒိဂိမ္ဗာဝင်တွေလည်း အဝတ်မဝတ်ကြဘူး။ နာဋပုတ္တ ကွယ်လွန်လို့ မကြာခင် သူတို့ ဂိုဏ်းအတွင်း အငြင်းပွားမှုဖြစ်ပြီး ကွဲပြဲကြတယ် (မ ၁၊ ၄၉)။

**နိဂဏ္ဍဝါဒ**

နိဂဏ္ဍာသည် ရေအေး အားလုံးကို တားမြစ်၏။ (နိဂဏ္ဍာလည်း ရေအေးမှာ အသက်ရှိတယ်လို့ ယူဆသူ ဖြစ်တယ်။) (မကောင်းမှုကို) အလုံးစုံကို တားမြစ်၏။ အလုံးစုံ တားဖြစ်ခြင်းဖြင့် (မကောင်းမှုကို) ပယ်ခွာပြီး ဖြစ်၏။ မကောင်းမှုကို အလုံးစုံ တားမြစ်ခြင်း ဖြင့် (လွတ်မြောက်ရာကို) တွေ့ပြီး ဖြစ်၏။ ဤစောင့်ထိန်းမှု လေးမျိုးကြောင့် သူ့ကို နိဂဏ္ဍာ = အနှောင်အဖွဲ့ မရှိသူလို့ ခေါ်တယ်။ စောင့်ထိန်းမှု လေးမျိုးထဲက ရေအေးမသောက်တာလောက်တော့ ယေဘုယျ နားလည်ပေမယ့် ကျန်သုံးမျိုးကို ဘုန်းကြီး ရှင်းလင်းစွာ နားမလည်ဘူး။

သူ့ဝါဒမှာ ဗုဒ္ဓအဆုံးအမနဲ့ ကိုက်ညီတာလေးတွေ ပါပေမယ့် အယူဝါဒ မစင်ကြယ်လို့ ဒိဋ္ဌိ (အယူမှား) လို့ပဲ ဆိုရတယ် (ဒီ-ဌ ၁၊ ၁၅၁)။ နိဂဏ္ဍာဟာ သူ့တပည့်တွေ သေပြီးနောက် ဘယ်ကို ရောက်တယ်ဆိုတာကို မဆိုင်းမတွဖြေကြား လေ့ရှိတယ်။ ဒါပေမယ့် သကုလုဒါယီ ပရိဗိုဇ်က မေးခွန်းတွေ မေးတဲ့အခါမှာတော့ မဖြေဘဲ ရှောင်နေတယ်။ နောက်ဆုံး စိတ်ဆိုးတယ် (မ ၂၊ ၁၉၄)။

ယခု အပြင်းအထန် ကျင့်ခြင်းဖြင့် အတိတ်က လုပ်ခဲ့တာတွေကို ငြိမ်းစေနိုင်တယ်။ အတိတ်က လုပ်ခဲ့တဲ့ မကောင်းမှုအားလုံးကို ပစ္စုပ္ပန်မှာ ဒဏ်ခတ်ပြီး ပယ်ရှားတဲ့သဘောပါပဲ။ အမှုသစ်ကိုတော့ မလုပ်ဘဲ ရှောင်ကြဉ်ရမယ်။ အသစ်ဖြစ်သော မကောင်းမှုတွေကို မလုပ်ခြင်းဖြင့်

အနာဂတ်အခြေအနေ ကောင်းမွန်လာတယ်။ လုပ်ဆောင်ချက်တွေကို ဖျက်ဆီးလိုက်ခြင်းဟာ ဒုက္ခကို ဖျက်ဆီးခြင်းပါပဲ။ အဲဒီလို ဖျက်ဆီးရင် ဝေဒနာကို ဖျက်ဆီးခြင်းသို့ ရောက်သွားတာပဲ။ ယင်းသို့ဖြင့် ဒုက္ခ အားလုံး ကုန်ခမ်းပြီး သံသရာမှ လွတ်မြောက်နိုင်တယ်။ (အံ ၁၊ ၂၂၁)။

**သဥ္စယ ဗေလဋ္ဌပုတ္တ**

သဥ္စယဆိုတာ နာမည်ရင်း။ ဗေလဋ္ဌပုတ္တဆိုတာ ဗေလဋ္ဌအမည်ရှိသူရဲ့ သား။ ပြဟ္မဇာလသုတ်နိဒါန်းအရ ဗုဒ္ဓရှင်တော်မြတ် နာလန္ဒာနဲ့ ရာဇဂြိုဟ် အကြား ခရီးသွားခိုက် ရတနာသုံးပါးကို ကဲ့ရဲ့ပြစ်ဆိုပြတဲ့ သုပ္ပိယ ပရိဗိုဇ်တာ ဒီပုဂ္ဂိုလ်ရဲ့တပည့်ပဲ။ အရှင်သာရိပုတ္တရာ ဖြစ်လာမယ့် ဥပတိဿနဲ့ အရှင်မောဂ္ဂလ္လာန်ဖြစ်လာမယ့် ကောလိတတို့ဟာ ဗုဒ္ဓနဲ့ မတွေ့ခင်က ဒီဆရာကြီးဆီမှာ တပည့်ခံဖူးတယ်။ ဥပတိဿနဲ့ ကောလိတတို့ဟာ နောက်ပါ အဖော်နှစ်ရာ့ ငါးဆယ်နှင့်အတူ ဗုဒ္ဓရဲ့ တပည့်အဖြစ် ခံယူကြချိန်မှာ သဥ္စည်းဆရာကြီး မေ့မြောသွားသတဲ့။ ဥပတိဿနဲ့ ကောလိတတို့က မိမိတို့နှင့် အတူလိုက်ဖို့ ခေါ်တဲ့အခါ သဥ္စည်းက ကိုယ်က ဂိုဏ်းဆရာကြီး ဖြစ်နေလို့ ခုပြီးမှ တပည့်မလုပ်ချင်တော့ကြောင်းနဲ့ လောကမှာ မသိမလိမ္မာသူတွေ ပိုများလို့ အဲဒီမသိမလိမ္မာသူတွေ ငါ့ဆီကို လာကြလိမ့်မှာဖြစ်ကြောင်း ဆိုတယ်။ (ဓမ္မပဒ-ဋ္ဌ ၁၊ ၈၀)။

**သဥ္စယဝါဒ**

တပါးသော လောကရှိသလောဟု (သင်တို့) ငါ့ကို မေးသော် တပါးသော လောကရှိ၏ဟု ငါအယူရှိခဲ့လျှင် တပါးသော လောကရှိဟု သင့်အား ငါဖြေရာ၏။ (သို့ရာတွင်) ဤသို့ဟုလည်း ငါမယူ။ ထိုသို့ဟုလည်း ငါမယူ။ အခြားသို့ဟုလည်း ငါမယူ။ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်ဟုလည်း ငါမယူ။ (ဤသို့ ထိုသို့ အခြးသို့) မဟုတ်သည် မဟုတ်ဟုလည်း ငါမယူ' (ဒီ ၁၊ ၄၉)။

သဥ္စယဟာ အဖြေကို တွေးခေါ်စဉ်းစားဖို့ ပြဿနာတစ်ရပ်အနေနဲ့ အမြဲချန်ထားရတဲ့ မေးခွန်းတွေနဲ့ပဲ သူ့ရဲ့ ကောက်ချက်တွေကို ချည်နှောင်ထားတာ ဖြစ်နိုင်တယ်။ မေးခွန်းတိုင်းကို ရှောင်လွှဲတဲ့ ဝါဒပါပဲ။

အနောက်တိုင်း ဒဿအများစုလည်း တိကျအဖြေကို ပေးလေ့မရှိဘူး။ လူတွေကို ကိုယ့်ဟာကိုယ် စဉ်းစားဖို့နဲ့ စဉ်းစားတတ်အောင်ပဲ သင်ကြားပေးတဲ့ သဘောပေလော။

အမှန်နဲ့ နီးစပ်အောင် တွေးမြင်နိုင်ပါစေ။ □

## ဝေယျာဝစ္စ ကုသိုလ်ရှင်

ဘုန်းဘုန်းဘုရား၊

ဩဂုတ်လတုန်းက သမီးတို့မြို့နားက ဘုန်းကြီးကျောင်းတခုမှာ ပြုလုပ်တဲ့ သမီးမိတ်ဆွေရဲ့ မွေးနေ့ပွဲကို သွားရောက်ခဲ့ပါသည်။ ဝေယျာဝစ္စဆောင်ရွက်သူ တယောက်နဲ့ တွေ့ပါသည်။ သမီးက သူ့ကို မြန်မာပြည်မှာတုန်းက သမီးတို့သွားတဲ့ ဘုန်းကြီးကျောင်းက ဦးလေးကို ခေါ်သလို ဦးကပ္ပိယလို့ ခေါ်မိပါတယ်။ အဲဒါကို ဒီက ဦးလေးက စိတ်ဆိုးပါတယ်။ သမီးရဲ့ မိတ်ဆွေက ကပ္ပိယဆိုတာ ဘုန်းကြီးကျောင်းက အစားအစာကို ကပ်ပြီး စားတဲ့လူ၊ ဘုန်းကြီးကျောင်းပစ္စည်းကို ကပ်ပြီး ယူတဲ့လူလို့ အဓိပ္ပာယ်ရှိတယ်။ အဲဒါကြောင့် နင့်ကို စိတ်ဆိုးတာနေမှာပေါ့လို့ ပြောပါတယ်။ ကပ္ပိယ ဆိုတာဘာလဲလို့ သိလိုပါသည်ရှင့်။

မေပပမျိုး

---

**တစ်ချိန်က ဂုဏ်ရှိန်**

မြန်မာနိုင်ငံကို ဗြိတိုရိယဘုရင်မ အုပ်ချုပ်စဉ်က အင်္ဂလိပ်ကျောင်းမှာ စာသင်တဲ့ မြန်မာတွေက ဘုန်းကြီးကျောင်းမှာ မြန်မာစာ မြန်မာစကားသင်သူတွေကို အထင်သေးပြီး နှိမ့်ချပြောဆိုခဲ့တာတွေ ရှိတယ်။ အုပ်ချုပ်သူတွေက ဘာသာရေး လူမှုရေးအခြေခံနဲ့ မြန်မာအချင်းချင်း သွေး

ကွဲအောင် ပြောက်ထိုးပင့်ကော် လုပ်တဲ့သဘောလည်း ဖြစ်မှာပဲ။ အဲဒီ အချိန်ကစပြီး ဘုန်းကြီးကျောင်း ဝေယျာဝစ္စဆောင်ရွက်တဲ့ ကပ္ပိယ၊ ဘုန်းကြီးကျောင်းမှာ နေပြီး ကျောင်းတက်သူတွေကို အထင်သေးတဲ့ အတွေးအမြင်တွေ စတင်ခဲ့တယ်။ ကျွန်စိတ် မကုန်သေးတဲ့ လူအချို့ရဲ့ စိတ်ထဲမှာ အဲဒီ အတွေးများတွေကို ယနေ့ထိ မြဲမြဲမြံမြံ သိမ်း ထားဆဲ ဖြစ်နေတာကတော့ ဝမ်းနည်းစရာပါပဲ။

မြန်မာတွေ လေးစားတဲ့ နာမည်ကျော် မင်းတုန်းမင်းဟာ ငယ်စဉ် က ဘုန်းကြီးကျောင်းသား ကပ္ပိယ ဖြစ်ခဲ့တာကို မမေ့သင့်ဘူး။ မြန်မာ နိုင်ငံကို မြန်မာမင်းတွေ အုပ်ချုပ်စဉ်က မင်းသားတွေ အမတ်တွေ စစ် သူကြီးတွေကအစ အားလုံး ဘုန်းကြီးကျောင်းသားတွေပါပဲ။ ဒါကြောင့် တစ်ချိန်က ဘယ်ဘုန်းကြီးကျောင်းထွက် ဘယ်ဆရာတော်ရဲ့ တပည့်ဆို လိုက်ရင် ဘယ်လို အရှိန်အဝါရှိမယ် ဆိုတာကို ခန့်မှန်းကြည့်နိုင်တယ်။

**ကပ္ပိယအဓိပ္ပာယ်**

ဘာသာရေးအသိ မရှိရှာတဲ့ ဘုန်းကြီးနဲ့ နီးစပ်သူတစ်ယောက်ကို ဘုန်း ကြီးက 'ဒါက ဘုန်းကြီးရဲ့ အားအကိုးရဆုံး ကပ္ပိယဒကာပါ'လို့ အဝေး ကလာသူတွေကို မိတ်ဆက်ပေးမိတယ်။ ဘုန်းကြီးရဲ့ ဒကာဟာ မျက် နှာညိုသွားပြီး ဘာစကားမှ မပြောတော့ဘူး။ မေးခွန်းရှင်က ဦးကပ္ပိယ လို့ခေါ်လိုက်တဲ့အခါ အဲဒီဦးလေး စိတ်ဆိုးသွားသလို နေမှာပေါ့။ နောက် တော့ သူက 'ဦးဇင်းရဲ့ ကျောင်းမှာ လာလုပ်ပေးနေတာဟာ ဘာမှ ကပ်ပြီး ရဖို့ မဟုတ်ဘူး၊ အိမ်ကအလုပ်ကို ဖျက်ပြီး စေတနာနဲ့ အခမဲ့ ဖော်လန်တီယာ လာလုပ်ပေးနေတာ'လို့ မာဆတ်ဆတ်နဲ့ ဘုန်းကြီးကို ပြောပါတယ်။ လက်စသတ်တော့ ဘုန်းကြီးဆီက ကပ်ပြီး ရနေတဲ့လူကို ကပ္ပိယလို့ သူက နားလည်လိုက်တာကိုး။ မြန်မာပြည်တုန်းက တစ် ယောက်ယောက်က သူ့ကို အဲဒီလို ပြောလိုက်ပုံရတယ်။

ကပ္ပိယ အဓိပ္ပာယ်မှန်က အဲဒီလိုမှ မဟုတ်ဘဲ။ ဝိနည်းအရ ဘုန်း ကြီး မလုပ်နိုင်တာကို ဘုန်းကြီးနဲ့ အဆင်ပြေသွားအောင် ဘုန်းကြီးနဲ့ အပ်စပ်သွားအောင် လုပ်ပေးသူ၊ တစ်နည်း ဝေယျာဝစ္စကုသိုလ်ရှင်လို့

အမိပ္ပာယ်ရှိပါတယ်။ ကြုံတောင့်ကြုံခဲ ဗုဒ္ဓသာသနာနဲ့ ကြုံခိုက် ရခဲလှတဲ့ ရဟန်းအဖြစ်နဲ့ နေနိုင်သူကို ကိုယ်က တတ်စွမ်းသမျှ ကူညီတာဟာ မွန်မြတ်တဲ့ ကုသိုလ်ဖြစ်လို့ အင်မတန် ကျက်သရေရှိတဲ့ လူကြီး လူကောင်း အလုပ်ပါ။ နောက်တစ်ခါ ကပ္ပိယလို့ ခေါ်ခံရရင် ရင်ကို ကော့ပြီး ပြုံးပြလိုက်ပါ။

**နှစ်ဖက် နားလည်ခြင်း**

ခုခေတ်မှာ ဝိတိုရိယစိတ် မကုန်သေးတဲ့ ကြေးရတတ်အချို့ဟာ ဘုန်းကြီးကျောင်းမှာ အောက်ခြေသိမ်း ဝေယျာဝစ္စဆောင်ရွက်သူတွေကို အထင်အမြင်သေးပြီး တစ်ဖက်သားရဲ့ ကုသိုလ်နှလုံးသားကို ထိခိုက်စေမယ့် မလေးစားတဲ့ အပြုအမူမျိုးတွေကို လုပ်မှား မိတတ်တယ်။ ပြုပြင်စရာပါ။ နောက်တစ်ချက်၊ ဘုန်းကြီးကျောင်းကို ရောက်လာရင် 'တစ်ရောင်တည်းသော သွေးမှာ ဂုဏ် ဇာတ်မရှိ၊ အားလုံး အတူတူပဲ' ဆိုတဲ့ ဗုဒ္ဓရဲ့ အဆုံးအမကို လိုက်နာနိုင်အောင်လည်း ကြိုးစားသင့်ပါတယ်။ ဝေယျာဝစ္စ ကုသိုလ်ရှင်ဟာ ပညာ ဉစ္စာ နွမ်းပါးနေသေးတယ် ဆိုရင် ပိုပြီး သတိထားသင့်တယ်။

ဒါပေမယ့် ... ဘုန်းကြီးကျောင်းကို မကြာကြာ ရောက်နေတဲ့ လူငယ်တစ်ယောက်ကို ဘုန်းကြီး တွေ့ခဲ့ဖူးတယ်။ သူက မွေးနေ့ပွဲလို လူအများစုရုံးပြီး ဆွမ်းလာကပ်ပြီဆိုရင် လူရှေ့ထွက်ပြီး ဆရာတော် ဘာအလိုရှိလဲ၊ ဘာလုပ်ပေးရမလဲလို့ ပျာပျာသလဲနဲ့ ဆွမ်းပန်းကန်တွေကို ဟိုကိုင်ဒီရွှေ့ လုပ်ပြတယ်။ သာမန် ရက်တွေမှာ ဘုန်းကြီး ဆွမ်းဘုဉ်းပေးနေတာ တွေ့ရင် ရှောင်သွားတယ်။ အေး ... အေး၊ အဲဒါမျိုး ကပ္ပိယကတော့ ခြွင်းချက်ပေါ့။

ကပ္ပိယနဲ့ ပတ်သက်လို့ ဆင်ခြင်စရာ ပြုပြင်စရာလေးတွေပါ။ □

# ယောက်ျားမိန်းမ ဘယ်သူစ

ဆရာတော် အရှင်မြတ်ဘုရား၊

ကမ္ဘာဦးအစမှာ မိန်းမနှင့် ယောက်ျား ဘယ်သူအလျင် စဖြစ်ပါသနည်း။ ဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌ လူစတင်ဖြစ်ပေါ်လာပုံ ဖော်ပြချက်ရှိပါက ဖြေကြားပေးစေ လိုပါသည်။ ဖြစ်နိုင်လျှင် ခရစ်ယန်စသော အခြားဘာသာတရားတို့၌ ဖော်ပြသည်ကိုလည်း ဖော်ပြပေးစေလိုပါသည်။

မောင်သိန်းလှ၊ ဘရူနိုင်း

---

သမ္မာကျမ်းအဆို

ကမ္ဘာဦးကျမ်း ၂း၇၊ ထိုနောက်၊ ထာဝရအရှင် ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကို ဖန်ဆင်း၍၊ လူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်တော်မူလျှင်၊ လူသည် အသက်ရှင်သော သတ္တဝါ ဖြစ်လေ၏။ ၈၊ ထာဝရအရှင် ဘုရားသခင်သည်လည်း အရှေ့မျက်နှာ၊ ဧဒင်အရပ်၌ ဥယျာဉ်ကို စိုက်ပျိုးပြီးလျှင်၊ ဖန်ဆင်းတော်မူသောလူကို ထိုဥယျာဉ်၌ နေရာချတော်မူ၏။ ... ၂၁၊ ထိုအခါ ထာဝရအရှင် ဘုရားသခင်သည် လူကို ကြီးသော အိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူသည် အိပ်ပျော်စဉ်၊ နံရိုးတချောင်းကို ဘုရားသခင် ထုတ်ပြီးလျှင်၊ ထိုအရိုးအစား အသားကို စေ့စပ်စေတော်မူ၏။ ၂၂၊ ထာဝရအရှင် ဘုရားသခင်သည် လူထဲက ထုတ်သော နံရိုးဖြင့် လူမိန်းမကို ဖန်ဆင်း၍ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။ ၂၃၊ လူကလည်း၊ ယခု ဤလူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲက အသားဖြစ်၏။ လူထဲက ထုတ်သောကြောင့် သူ့ကို လူမိန်းမဟု ခေါ်ဝေါ် အပ်သည်ဟု ဆိုလေ၏။

၂း၂၄၊ ထိုအကြောင်းကြောင့် ယောက်ျားသည် ကိုယ်မိဘကို စွန့်၍၊ ကိုယ်ခင်းပွန်း၌ မှီဝဲသဖြင့်၊ ထိုသူတို့သည် တသားတကိုယ်တည်း ဖြစ်ရ

လိမ့်မည်။ ၂၅၊ ထိုလူလင်မယား နှစ်ဦးတို့သည် အဝတ်မဝတ်ဘဲ နေ၍ ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်ကြ၏။

ခရစ်ယန်တို့အလို လူယောကျ်ားကို မြေမှုန့်နဲ့ စတင် ဖန်ဆင်းပြီးမှ လူယောကျ်ားရဲ့ နံရိုးနဲ့ မိန်းမကို ဖန်ဆင်းတယ်။ ယောကျ်ားကို ဖန်ဆင်းပြီးမှ မိန်းမကို ဖန်ဆင်းတယ်ပေါ့။

**ကုရ်အာန်ကျမ်းအလို**

၉၆း၂ ထိုအရှင်မြတ်သည် လူသားကို သွေးခဲဖြင့် ဖန်ဆင်းတော်မူ၏။ ၁၅း၂၆ ထိုမှတစ်ပါး စင်စစ်ကေန် ငါအရှင်မြတ်သည် လူသားကို ပုံသွင်းပြီးဖြစ်သော အသံမြည်သော ရွံ့ပုပ်ခြောက်ဖြင့် ဖန်ဆင်းတော်မူသည်။ ၂း၃၆ ကမ္ဘာဦးဘခင် အာဒမ်(အ)နှင့် ကြင်ရာတော် ဟောင်ဝါတို့သည် အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသော ဂျန္နတ် အမတသုခဘုံတွင် သုခစည်းစိမ် ရိပ်ငြိမ်ချမ်းသာကို မွေ့လျော်စွာ စံစား၍ နေကြကုန်၏။

တစ်ဦးတည်းဖြစ်နေသော အာဒမ်(အ)အဘို့ ကြည်နူးမေတ္တာ ချစ်ခင်စွာ ပေါင်းသင်းဆင်ဆံ နေထိုင်ရန်အလို့ငှာ အလ္လာဟ် အရှင်မြတ်သည် ကြင်ယာတော်တစ်ပါးကို ဖန်ဆင်းတော်ပေးတော်မူ၏။ အလ္လာဟ် အရှင်မြတ်သည် အာဒမ်(အ)၏ ဘယ်နံရိုးဖြင့် ကြင်ယာတော် (ဟောင်ဝါ) ကို ဖန်ဆိုင်းတော်မူ၏။ (၂း၃၆ အဖွင့်။ အတွဲ ၁၊ စာ ၂၆)။

ကိုရန်ကျမ်းအလို လူယောကျ်ားကို သွေးခဲဖြင့် သို့မဟုတ် ပုံသွင်း ရွံ့ပုပ်ခြောက်ဖြင့် စတင် ဖန်ဆင်းတယ်။ ဒီနောက် လူယောကျ်ားရဲ့ ဘယ် နံရိုးနဲ့ လူမိန်းမကို ဖန်ဆင်းတယ်။ ယောကျ်ားကို ဖန်ဆင်းပြီးမှ မိန်းမကို ဖန်ဆင်းတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

ခရစ်ယန်နဲ့ မူဆလင်ဘာသာရေး ကျမ်းစာတွေအရ လူယောကျ်ား ကအရင် ကမ္ဘာမြေကို နင်းခွင့်ရခဲ့ပြီး မိန်းမကိုတော့ ယောကျ်ားရဲ့ ကိုယ်က ထုတ်ယူတဲ့ အရိုးနဲ့ နောက်မှ ဖန်ဆင်းခဲ့တာဖြစ်တယ်။ ဒါ ကြောင့်လည်း မိန်းမတွေဟာ ယောကျ်ားတွေရဲ့ အမိန့်ကို နာခံရမယ်၊ မိန်းမတွေက ယောကျ်ားတွေရဲ့ အုပ်ချုပ်မှုကို ခံယူရမယ်၊ ယောကျ်ား

တွေဟာ မိန်းမတွေထက် ထူးချွန်ထက်မြက်ကြောင်း အဲဒီကျမ်းစာတွေမှာ အတိအကျ ဆိုထားပါတယ်။ (ကုရ်အာန် ၄း၃၄။ သမ္မာကျမ်း ၁ တိမော ၂း၁၁-၁၅။ ၁ ကော ၁၁း၃။ ၁ ကော ၁၄း၃၅)။

**ဗုဒ္ဓဝါဒအရ ကျားနဲ့မ ဘယ်သူစ**

ဘုရားလောင်း ဝေဒေဟ ပညာ်မင်းဟာ ပညာ်ဒုက်မကို တပ်မက်ပြီး ညွတ်ကွင်း မိနေစဉ်မှာ သုမုခ အမည်ရတဲ့ အရှင်အာနန္ဒာအလောင်း သစ္စာရှိ စစ်သူကြီး ပညာ်ဒုက်က မိန်းမတွေဟာ ဆုတ်ယုတ် ပျက်စီး ခြင်းရဲ့ အကြောင်းတရား ဖြစ်ကြောင်း၊ သေမင်းနဲ့ပင် တူကြောင်း ဆို တဲ့အခါ ပညာ်ဒုက်မကို ကြိုက်မိနေတဲ့ ဝေဒေဟ ပညာ်မင်းက အမျိုး သမီးတွေ ကြီးမြတ်တာကို ပညာဗဟုသုတ နှံ့စပ်သူတွေမှ ကောင်းစွာ သိနိုင်ကြောင်း၊ လက်နက်အားကိုး လူမိုက်မျိုးတွေ မသိနိုင်ကြောင်း၊ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ အရိယသာဝကနဲ့ စက္ကဝတ္တိမင်းတို့ ဆိုတာတွေဟာ အမျိုး သမီးတွေဆီမှာပဲ သန္ဓေတည်ကြရကြောင်း ရှင်းပြပါတယ်။

အဲဒီဇာတ်ထဲမှာ 'မဟာဘူတိတ္ထိယော နာမ၊ လောကသ္မိံ ဉဒပဋ္ဋိသုံ (ဇာ ၂၊ ၉၃)လို့ ဆိုပါတယ်။ အဓိပ္ပာယ်က အမျိုးသမီးတွေဟာ ဂုဏ် အားဖြင့် ကြီးမြတ်ပြီး အကျိုးကျေးဇူး များပါတယ်။ ကမ္ဘာဦးကာလမှာ အမျိုးသမီးရဲ့ လိင်အင်္ဂါက စပြီးဖြစ်လို့ လောကမှာ အမျိုးသမီးတွေက (အမျိုးသားတွေထက်) အရင် ဖြစ်ပေါ်ခဲ့တယ်လို့ ဆိုလိုပါတယ်။ (ဉဒ- ပဋ္ဋိသုန္တိ ပဌမကပ္ပိကကာလေ ဣတ္ထိလိင်္ဂသေဝ ပဌမံ ပါတုဘူတတ္တာ ပဌမံ နိဗ္ဗတ္တာတိ အတ္ထော (ဇာ-ဋ္ဌ ၅၊ ၃၆၈)'။

ဒါက ဇာတကအဋ္ဌကထာမှာပါတဲ့ ဖွင့်ဆိုချက်ပါ။ တစ်နည်းပြောရင် ဇာတကဘာဏက (ဇာတကပါဠိကို အာဂုံဆောင်ကြတဲ့ ရဟန်းအုပ်စု) ရဲ့ အဓိပ္ပာယ် ကောက်ယူချက် ဖြစ်ပါတယ်။ အဲဒီဖွင့်ဆိုချက်အရ ကမ္ဘာ ဦးမှာ အမျိုးသမီးတွေ အရင် စဖြစ်တယ်လို့ မှတ်ဖို့ပါ။

**အဆိုကွဲလွဲခြင်း**

ဝိနည်း ပရိဝါရပါဠိတော်မှာ ယောကျ်ားကနေ မိန်းမအဖြစ်သို့ ကွင်းလုံး ကျွတ် ပြောင်းပုံနဲ့ ပတ်သက်ပြီး 'လိင်ပြန်သော ရဟန်းသည် မိန်းမလိင်

ကို ရသည်နှင့်တကွ ရှေး(ယောကျ်ားလိင်)ကို စွန့်၏။ နောက် (မိန်းမလိင်)၌ တည်၏’ဆိုတဲ့ စကားရပ် ပါရှိတယ်။ ဒါကို အဋ္ဌကထာကျမ်းမှာ အဓိပ္ပာယ် ဖွင့်ဆိုပုံက ‘အဲဒီလို လိင်ပြောင်းတဲ့အခါမှာ ၁) ပဋ္ဌမဆုံး ဖြစ်ခြင်း ၂) မြင့်မြတ်ခြင်းဆိုတဲ့ အကြောင်းနှစ်ရပ်ကြောင့် ယောကျ်ားလိင်ကို အရင် စွန့်ပြီး၊ နောက်မှ မိန်းမလိင်က ပေါ်လာတယ်’ လို့ဖြစ်ပါတယ်။

အဲဒီစကားရပ်ထဲမှာ ပဌမဖြစ်ခြင်းဆိုတာနဲ့ ပတ်သက်ပြီး အဲဒီအဋ္ဌကထာကို ထပ်ပြီး အဓိပ္ပာယ်ဖွင့်တဲ့ ဋီကာကျမ်းက ‘ကမ္ဘာဦးကာလမှာ ယောကျ်ားလိင်ကပဲ အရင်ဖြစ်လို့ ပဌမဆုံးဖြစ်ခြင်းလို့ ဆိုတာ’လို့ ဆိုပြန်တယ်။ (ပဌမကပ္ပိကေသု ပဌမံ ပုရိသလိင်္ဂမေဝ ဥပ္ပဇ္ဇတီတိ အာဟ ပဌမံ ဥပ္ပန္နဝသေနာတိ။ သာရတ္ထ-ဋီ ၃၊ ၄၇၃။ ဝိမတိ-ဋီ ၂၊ ၂၈၈)။

ဒီတော့ ဝိနယဘာဏက (ဝိနည်းဆောင် ရဟန်းအုပ်စု) အလိုက ကမ္ဘာဦးမှာ ယောကျ်ားတွေ အရင် စဖြစ်တယ်လို့ မှတ်ဖို့ပါ။

**မန်လည်အဆို**

ကွတ္တိတဲ့ ပုရိသာ
ပေါ်စ ကမ္ဘာက
မိန်းမမှာ အစထူး
ရှေးဦးဖြစ်လာ၊
သွေမလွဲပါဘူး
ဝေခွဲငဲ့ မဟာဆွေငယ်
မှတ်ပါစေချင်လွန်း။
ဥဒါန်းငယ်ပြောင်
လူ့တမ်းမှာ တမှုဆောင်လို့
ဇမ္ဗူဘောင် နောင်မညှိုးအောင်
ထိုးတော့ မော်ကွန်း။


(သတပဒိက ဒုတိယပုစ္ဆာ အဖြေ)

ဒီအဖြေအရဆိုရင် မန်လည် ဆရာတော်ကြီးကတော့ မိန်းမအရင် ဖြစ်တယ်ဆိုတာကို ပိုပြီး သဘောကျခဲ့ပုံပါပဲ။

**ဘာကြောင့် ဝါဒကွဲသလဲ**

ဒီတော့ စဉ်းစားစရာက ဝိနည်းအဋ္ဌကထာကို အရှင်မဟာဗုဒ္ဓဃောသ ရေးတယ်၊ အစဉ်အလာအရ ဇာတကအဋ္ဌကထာကိုလည်း အရှင်မဟာ ဗုဒ္ဓဃောသပဲ ရေးတယ်လို့ ဆိုတယ်။ ဒါဖြင့် ဘာကြောင့် ကျမ်းပြုဆရာ တစ်ဦးတည်းက ရေးတာဖြစ်လျက် ဒီလို ဝါဒကွဲပြားရသလဲလို့ မေးစရာ ရှိတယ်။ ဂရုတစိုက်ဖတ်ရင် အဖြေက အပေါ်မှာ ပါပြီးသားပါ။

အရှင် မဟာဗုဒ္ဓဃောသဟာ ထိုထို ဘာဏကဆောင် ပုဂ္ဂိုလ်တို့ရဲ့ ဝါဒအတိုင်းပဲ ဖွင့်ဆိုခဲ့တာ ဖြစ်ကြောင်းပါ။ အရှင်မြတ်ရဲ့ နိကာယ်အဋ္ဌ ကထာကျမ်းတွေမှာတော့ တစ်ခါတစ်ရံ 'အယံ ဒီဃဘာဏကာနံ မတိ = ဒါကတော့ ဒီဃနိကာယ်ဆောင် ပုဂ္ဂိုလ်တို့ရဲ့ အလိုပါပဲ' စသည်ဖြင့် အမှာပြုထားတာမျိုးကို တွေ့နိုင်ပါတယ်။ □



## ယုံကြည်ချက် မခိုင်လို့

ဘုန်းဘုန်းဘုရား၊

ဘုန်းကြီးကျောင်း တစ်ခုကို ငွေကြေးချမ်းသာသူတစ်ယောက်က ဘဏ် က ငွေချေးပြီး ဝယ်လှူပါသည်။ မကြာမီ အဲဒီလူက ဘုန်းကြီးကို ကျောင်းမှာ မနေနိုင်အောင်လုပ်ပြီး ဘုန်းကြီးကျောင်းကို ပြန်သိမ်းယူ သွားပါသည်။ ဘုန်းကြီးလည်း ပြန်ကြွသွားရပါသည်။ လူတွေလည်း အုပ်စုကွဲ သွားပါသည်။ ထိုကဲ့သို့ ရဟန်းသံဃာနှင့် လူဥပါသကာတွေကို

စိတ် မချမ်းသာအောင် လုပ်သည့်အတွက် သံသရာမှာ အဘယ်အပြစ်မျိုး ဖြစ်နိုင်ပါသနည်း အရှင်ဘုရား။ တပည့်တော်က Seattel မြို့မှာ နေထိုင်ပါသည်။ မြန်မာပြည်က ရောက်လာတာလည်း မကြာသေးပါဘုရား။ ဒါကြောင့် အမှားရှိလျှင် ခွင့်လွှတ်စေချင်ပါသည်။

မောင်စိုးနိုင်

---

## သတိချပ်ဖွယ်

ကျောင်းဆောက် ဘုရားတည်ဆိုတာ စေတနာမှန်ရင် အင်မတန်အကျိုးကြီးမားတဲ့ ကုသိုလ်ပါ။ ညစ်ကျူတဲ့ အခြားရည်ရွယ်ချက် တစ်ခုရှိနေရင်တော့ အကုသိုလ်ဖြစ်မှာပဲ။ ဘာသာရေးလုပ်ဖို့ တစ်ကိုယ်ရေအရေးတကြီး လိုအပ်တာလေးတွေ ရှိတယ်။ အဲဒါတွေကို နီးစပ်တဲ့ ပတ်ဝန်းကျင်နဲ့ ဒေသကာလအခြေအနေကို ကြည့်ပြီး ပြောရရင် ...

ပထမဆုံး ကုသိုလ် အကုသိုလ်၊ ကံကံ၏အကျိုးကို အလေးအနက် ယုံကြည်ဖို့ အရေးကြီးတယ်။ လူမှုရေးအခြေခံနဲ့ ဆောင်ရွက်ခြင်းမျိုး မဖြစ်သင့်ဘူး။ ဉပမာ ခင်မင်လို့၊ သနားလို့ လုပ်ပေးတယ်ဆိုတာမျိုးက မခင်မင်တော့ရင်၊ မုန်းပြီဆိုရင် ဖောက်ပြန်သွားတတ်တယ် (သံယောဇဉ်နဲ့ အတင်းအကြပ် နှောင်ဖွဲ့ထားတဲ့ အချစ်အိမ်ကြီးတောင် ပြိုကွဲတတ်သေးတာပဲ)။ ဗုဒ္ဓဘာသာ အတွေ့အကြုံနဲ့ ဗုဒ္ဓဝါဒအဆုံးအမကို ကျင့်သုံးနေသူလည်း ဖြစ်သင့်တယ်။ အနည်းဆုံး ငါးပါးသီလကို စောင့်ထိန်းနိုင်ရမှာပေါ့။ လူရှေ့မှာ ကျွန်တော်က ကပ္ပိယပါ၊ ဂေါပကပါလို့ လူကြား ကောင်းအောင် ဟစ်ပြပေမယ့် အတွင်းစိတ်က ရတနာသုံးပါးရဲ့ အနှစ်သာရကို မသိ၊ မလေးစားရင် အယောင်ဆောင်သာသနာပြုစားသူ ဖြစ်နေတတ်တယ်။ ဂေါပကလူကြီးပါဆိုပြီး ပွဲလမ်းသဘင်ကျမှ ရှေ့တန်းကိုထွက် နှုတ်လျှာသွက်ပြဖို့ထက် အဲဒီ ဘုန်းကြီးကျောင်း အဲဒီဂေါပကအဖွဲ့မှာ လိုအပ်တာတွေကို အများဆုံး အားသွန်ခွန်စိုက် လုပ်နိုင်သူဖြစ်ရင် ပိုမကောင်းဘူးလား။

**ဘာအပြစ်ရှိသလဲ**

မမှန်တဲ့ စေတနာနဲ့ အများသူငါ စိတ်မချမ်းသာအောင် မိမိလုပ်ခဲ့တဲ့ မကောင်းမှုရဲ့ အကျိုးဆက်မျိုးစုံကတော့ လာပြီး လာဆဲ လာလတ့ံ ဖြစ်မှာပါပဲ။ မတရား ရယူလိုက်တဲ့ ပစ္စည်းဆိုတာလည်း ခဏတာ ပိုင်ဆိုင်နေဆဲမှာတော့ ကျိတ်ပြုံး ပြုံးနိုင်မှာပေါ့။ ဒါပေမယ့် 'ကမ္မဝိပါကော နာမ န သက္ကာ ကေနစိ ပဋိဗာဟိတုံ (ဝိ-၄ ၂၊ ၅) = ကံရဲ့ အကျိုးပေးဆိုတာကို ဘုရားတောင် မရှောင်လွှဲနိုင်ဘူး'လို့ အဆိုအမိန့် ရှိသားပဲ။ ဒီလိုလည်း အပြစ်ကို နှလုံးသွင်းကြည့်ပါ။

မဓုဝါ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။

ယဒါ စ ပစ္စတိ ပါပံ၊ ဗာလော ဒုက္ခံ နိဂစ္ဆတိ။

ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ ပါပံ၊ မိမိပြုထားသည့် အကုသိုလ်သည်။ န ပစ္စတိ၊ အကျိုးမပေးသေး။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဗာလော၊ လူမိုက်သည်။ ပါပံ၊ မိမိပြုထားသည့် ထိုမကောင်းမှု (၏အကျိုး)ကို။ မဓုဝ မညတိ၊ ပျားသကာကဲ့သို့ (ချိုမြိန်သည်ဟု) မှတ်ထင်၍နေ၏။ ယဒါ စ၊ အကြင်အခါမှာကား။ ပါပံ၊ ထိုမကောင်းမှု (၏အကျိုး)သည်။ ပစ္စတိ၊ အကျိုးပေး၏။ တဒါ၊ ထိုအခါမှာတော့။ ဒုက္ခံ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မှန်သမျှ ဒုက္ခအထွေထွေကို။ နိဂစ္ဆတိ၊ ခံစားရ၏၊ ခံစားရပါလိမ့်မည်။

**အပြစ်ရောက်လာပုံ**

သုံးခွင်ဝဋ္ဋ ကျင်လည်ကြသား
သဗ္ဗသတ္တာ သတ္တဝါတို့
တံထွာပင်ကို ပျက်လလိုက
အဆိုတပါး အသွားချွတ်ကာ
အစာစားမှား အပါးခြေရင်း
ညွှတ်ကွင်းပိုက်ကွန် ရှိလတွန်လည်း
အမှန်မမြင် ပျက်ဘိထင်၏။ (ရွှေဟံမင်းပျို့ ပိုဒ် ၃၆)။ ❒

## သိကြားမင်း မလိမ်ပါ

ဆရာတော် အရှင်သူမြတ်ဘုရား၊

တပည့်တော်တို့ ဆယ်တန်းတုန်းက သင်ခဲ့ရတဲ့ စလေဦးပုညရေးတဲ့ သိကြားလိမ်ကဗျာမှာ 'ဘုရားကို နှစ်ရစ်လိမ် ညစ်တဲ့ မာဃိန်' လို့ သင်ခဲ့ဘူးပါသည်။ အဲဒီအထဲမှာ ဘုရားကို နှစ်ရစ်လိမ် ဆိုတာလေးကို ဖြစ်နိုင်လျှင် အဓိပ္ပာယ် ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား။

မောင်ရှိုင်းလှချိန်

---

### ဘုရားကို နှစ်ရစ်လိမ်

နှစ်ရစ်လိမ်ဆိုတာ နှစ်ခါလိမ်ဆိုတဲ့ အဓိပ္ပာယ် ဖြစ်နိုင်ပါတယ်။ ဘုရားကို နှစ်ကြိမ် လိမ်တယ်ပေါ့။ လိမ်သူက နတ်တို့သနင်း သိကြားမင်း။ ဒါကြောင့် ဦးပုညက သိကြားမင်းကို သိကြားလိမ်လို့ ခေါ်လိုက်တာ။ ဗုဒ္ဓကို နှစ်ခါတောင် ကတိပေးထားပါလျက် (ဗုဒ္ဓနဲ့ ဗုဒ္ဓသာသနာကို ကူညီဖို့) ပေါ်မလာတော့တဲ့ သိကြားမင်းလို့ စလေဦးပုညက ဆိုလိုတာ ဖြစ်လေမလား။ နှစ်ခါကူညီတဲ့ ဖြစ်ရပ်တော့ ရှိဖူးတယ်။

ပထမဖြစ်ရပ်က .. .မြတ်ဗုဒ္ဓက အမ္ဗဋ္ဌလုလင်ကို ကျွန်မျိုးဖြစ်တယ်လို့ မိန့်တော်မူတော့ အမ္ဗဋ္ဌက ဝန်မခံဘဲနေတဲ့အတွက် သိကြားမင်းက ဘီလူးအသွင်နဲ့ ရဲနေအောင် မီးဖုတ်ထားတဲ့ သံတူကိုပြပြီး အမ္ဗဋ္ဌကို အမှန်အတိုင်း ဝန်ခံခိုင်းပါတယ် (ဒီ ၁၊ ၉၅)။ ဒုတိယဖြစ်ရပ်က ... မြတ်ဗုဒ္ဓက ရုပ်နှင့် နာမ်တရားအစုကို အနတ္တလို့ ဟောတော်မူတဲ့အခါ နိဂဏ္ဌရဲ့သား သစ္စကပရိဗိုဇ်က အတ္တလို့ ငြင်းတော့လည်း သိကြားမင်းက အမ္ဗဋ္ဌတုန်းကလို မီးရဲနေတဲ့ သံတူကြီးနဲ့ ခြိမ်းခြောက်မှ သစ္စကပရိဗိုဇ်က ဝန်ခံတယ် (မ ၁၊ ၂၉၄)။ ဒီပါဠိတော်မှတ်တမ်းအရ ဆိုရင် သိကြားမင်းက ဘုရားကို ကူညီခဲ့တာ နှစ်ကြိမ်လို့ ဆိုရပါလိမ့်မယ်။

ဒါနဲ့ ပတ်သက်ပြီး သိကြားမင်းက ဘုရားကို ဘယ်တုန်းက ဘယ်နေရာမှာ ကတိပေးခဲ့သလဲဆိုတာကို လေ့လာမိပါတယ်။

**သိကြားမင်းရဲ့ ကတိစကား**

မြတ်ဗုဒ္ဓ အဇပါလညောင်ပင်ရင်းမှာ ခုနစ်ရက် သီတင်းသုံးခိုက် လောကကို တရားဟောဖို့ တောင်းပန်ရန် သဟမ္ပတိ ဗြဟ္မာကြီး လာရောက်စဉ်က နတ်တို့သနင်း သိကြားမင်းလည်း ဗြဟ္မာကြီးနှင့်အတူ နောက်က ပါလာခဲ့တယ်။ ဗြဟ္မာကြီးက တရားဟောဖို့ ဗုဒ္ဓကို တောင်းပန်ပြီးတဲ့အခါ သိကြားမင်းကလည်း 'ဗုဒ္ဓအနေနဲ့ လောကကို ဓမ္မနဲ့ ဆုံးမတော်မူပါ၊ တပည့်တော်က အာဏာစက်နဲ့ ကူညီပါမည်'လို့ ကတိစကား လျှောက်ထားပါတယ်။ အဲဒီကတိစကားအတိုင်း အမှန်ကို ဝန်မခံဘဲ ခေါင်းမာနေတဲ့ သစ္စကနဲ့ အမ္ဗဋ္ဌလို လူတွေကို ခြောက်လှန့်ပြီး ကူညီဖို့ သိကြားမင်း ရောက်လာခဲ့တာ ဖြစ်ပါတယ် (ဒီ–ဋ္ဌ ၁၊ ၂၃၆။ မ–ဋ္ဌ ၂၊ ၁၇၉)။ ဒီစကားအရဆိုရင် သိကြားမင်းဟာ ဗုဒ္ဓကို တစ်ကြိမ်ပဲ ကတိပေးခဲ့ပြီး ကတိအတိုင်းလည်း လုပ်ခဲ့ပါတယ်။

အဋ္ဌကထာမှတ်တမ်းတွေမှာတော့ သိကြားမင်း ကူညီတဲ့ ဖြစ်ရပ်တွေ အများကြီး ဖော်ပြပါတယ်။ စိဉ္စမာဏဝိကာ(စိဉ္စမန်)က မြတ်ဗုဒ္ဓကို စွပ်စွဲစဉ်က သိကြားမင်းက တပည့်နတ်သား လေးယောက်ကို ကြွက်အသွင်နဲ့ ထိုအမျိုးသမီးရဲ့ ဗိုက်က သစ်သားပြားကို ချည်တဲ့ကြိုးကို ကိုက်ဖြတ်ခိုင်းတယ် (ဓမ္မပဒ–ဋ္ဌ ၂၊ ၁၁၇)။ ဒါ့အပြင် သိကြားမင်း ကူညီတဲ့ အခြားဖြစ်ရပ်တွေ အများကြီး ရှိပါသေးတယ်။ သိကြားမင်းက ဘုရားလောင်းကို ကူညီခဲ့တဲ့ ဇာတ်ဝတ္ထုတွေလည်း များသားပဲ။

ဒါကြောင့် သူ့ကတိအတိုင်း လိုအပ်တဲ့အခါမှာ ဗုဒ္ဓနဲ့ ဗုဒ္ဓသာသနာကို ကူညီတဲ့အတွက် သိကြားမင်း လိမ်ရာမကျပါဘူး။ သိကြားမင်းဟာ လိမ်လည်း မလိမ်တော့ပါဘူး။ ဘာကြောင့်ဆို သူက ရာဇဂြိုဟ်မြို့နားက ဣန္ဒသာလလိုဏ်ဂူမှာ ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံးတော်မူခိုက် ဗုဒ္ဓကို မေးခွန်းပြဿနာတွေ မေးလျှောက်ရာမှာ ဗုဒ္ဓဖြေကြားတဲ့ သက္ကပဉှသုတ္တန်ကို နာယူလို့အပြီးမှာ သောတာပန် ဖြစ်သွားလို့ပါပဲ။

## သိကြားလိမ်ကဗျာ

စလေဦးပုညဟာ အကျင့်ပျက် ဖောက်ပြန်နေကြတဲ့ မင်းတုန်းမင်းရဲ့ နန်းတွင်း မိဖုရားကြီးအချို့ကို ဝေဖန်လိုလို့ ပဒုမပြဇာတ်၊ မြင်ကွန်းစား မင်းသား အပါအဝင် အကျင့်ပျက် ဆိုးသွမ်းကြတဲ့ မင်းသားတွေကို မနှစ်သက်လို့ ဝိဇယပြဇာတ်တွေကို ရေးခဲ့တယ်။ အဲဒီ ကိုယ်ကျင့်တရား ပျက်ယွင်းမှုတွေကို လှောင်ပြောင်လို ပြုပြင်လိုတဲ့ အတွက်ကြောင့်ပဲ သိကြားလိမ်ကဗျာကို ရေးခဲ့တာ ဖြစ်နိုင်တယ် –

'ဘုရားကို နှစ်ရစ်လိမ်၊
ညစ်တဲ့ မာဃိန်။
ပစ်ရှာမယ့် ဝရဇိန်ငယ်၊
ပန်းထိမ်မှာ ပြင်တုန်းထင့်လေး'တဲ့။

စာဆိုကြီး စလေဦးပုညဟာ လက်ရှိ ဆိုးသွမ်းတဲ့ လူလိမ်ကြီးတွေ အာဏာထန်နေတာကို မကြိုက်နိုင်လို့ အမ္ဗဋ္ဌနှင့် သစ္စကတို့ တုန်းကလို မီးမြိုက် သံတူကြီးနဲ့ လာမခြောက်တဲ့ သိကြားမင်းကို အားမလို အားမရဖြစ်ပြီး အပြစ်တင်လိုဟန်နဲ့ စာပန်းချီ ခြယ်ခဲ့ခြင်းသာ ဖြစ်ပါတယ်။

စကားမစပ်၊ ဦးပုညဟာ မြင်ကွန်းနှင့် မြင်ခုန်တိုင်တို့ တော်လှန်ရာမှာ အခါပေးမှုနှင့် မြောက်မြို့ဝန် ဦးသာအိုးထံမှာ အကျယ်ချုပ် ခံနေရ ခိုက် ဦးသာအိုးရဲ့ မယားငယ်တွေနဲ့ ရည်ငံတယ်ဆိုပြီး ၁၂၂၉–ခုနှစ်၊ နှစ်ဦးပိုင်းမှာ ဦးသာအိုးက သူ့ကို အဆုံးစီရင်လိုက်တယ်။

စလေဦးပုညကို ကွပ်မျက်ပစ်တာနဲ့ ပတ်သက်ပြီး နောင်အခါ မင်းတုန်းမင်းက 'လူကို ခွေးသတ်လေရဲ့'လို့ မှတ်ချက် ပြုပါသတဲ့။ □

ရှိသေစွာ မေးလျှောက်အပ်ပါသည် အရှင်ဘုရား၊

တရားကျင့်သူပုဂ္ဂိုလ်အနေဖြင့် မိမိသည် သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် သိနိုင်သူ ဖြစ်မဖြစ်ကို ဘယ်လိုဝေဖန် ပိုင်းခြား သိနိုင်ပါမည်လဲဆိုတာ သိလိုပါတယ်ဘုရား။ မိမိသည် တိဟိတ်ပုဂ္ဂိုလ်ဖြစ်သလား ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်သလားဆိုတာ ဘယ်လိုအင်္ဂါရပ်မျိုးနှင့် ကွဲကွဲပြားပြား သိနိုင်ပါသလဲ။ ဒွိဟိတ်ဖြစ်ခဲ့သော် ဤဘဝ၌ တရားကို မျက်မှောက်မပြုနိုင်ဟုလည်း မှတ်သားဖူး၍ မှန်မမှန် သိလိုပါသည်။ အကယ်၍ တိဟိတ်ပုဂ္ဂိုလ်သည် ဤဘဝ၌ တရားကို မကျင့်ခဲ့သော် နောင်ဘဝတွင် ဆက်၍ တိဟိတ် ပဋိသန္ဓေနေပါဦးမည်လားဆိုတာလည်း သိလိုပါသည်။

ဇင်မာဦး

---

**ဆန်းစစ်ဖွယ် မလိုပါ**

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ မိမိရဲ့ သဒ္ဓါတရား၊ စွန့်လွှတ်မှု၊ စိတ်ဝင်စားမှု၊ ကြိုးစားအားထုတ်မှု၊ လေ့ကျင့် အားထုတ်ဆဲ ကာလမှာ တိုးတက်မှု အခြေအနေကို ဆင်ခြင်ပြီး မိမိကိုယ်ကိုမိမိ အကဲဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်မျိုး ရှိနိုင်ကောင်းပါတယ်။ သာမန် အနေနဲ့တော့ မိမိတရားထူးကို ရနိုင်မရနိုင်ဆိုတာကို မိမိကိုယ်တိုင် မသိနိုင်ရာပါဘူး။ ဘုရားလက်ထက်က မာတုပေါသက (မိဘ လုပ်ကျွေးတဲ့) ရဟန်းတော်ဟာ နှစ်ပေါင်းများစွာ တရားအားထုတ်ပြီးနောက် တရားထူးကို မရနိုင်ဘူးထင်လို့ လူထွက်ပြီး မိဘလုပ် ကျွေးမယ်အကြံနဲ့ တောကျောင်းက ပြန်ခဲ့ရာမှာ မြတ်ဗုဒ္ဓနဲ့ အရင်တွေ့မိလို့သာ ရဟန်းဘဝ မဆုံးရှုံးဘဲ ရှိခဲ့တယ်။ ဒါ့ပြင် လောက် သဒ္ဓါတရားထက်သန်ပြီး တကယ်တရားအားထုတ်တဲ့ ရဟန်းတော်တောင် မိမိမှာ မဂ်ဖိုလ်ကို ရနိုင်မရနိုင်ဆိုတာကို ရဟန်းမပြုမီကပင် ကြိုတင် မသိနိုင်ခဲ့ဘူး။

တရားအားထုတ်သူဟာ တရားထိုင်တယ်ဆိုတာနဲ့ မိမိဟာ တရားစစ် တရားမှန်နဲ့ တွေ့ပြီး မိမိကြိုးစားရင် ကြိုးစားသလောက် တရားထူးကို မြန်မြန်သိမြင်မှာပဲလို့ ယုံကြည် စိတ်ချထားရမည်ဖြစ်ကြောင်းကို ကမ္မဋ္ဌာန်းသင်ပြတဲ့ ဆရာမြတ်တို့ မိန့်တော်မူလေ့ ရှိပါတယ်။ ရခဲလှတဲ့ လူ့အဖြစ်ကိုရပြီး ဗုဒ္ဓဓမ္မနဲ့ ကြုံကြိုက်ခွင့်ရနေတာ၊ တရားအားထုတ် လိုစိတ်ရှိနေတာ၊ ဟောတဲ့တရားကို ကောင်းစွာ နာယူမှတ်သား နားလည်နိုင်တာတွေကြောင့် မိမိမှာ ဓမ္မကို ထိုးထွင်းသိနိုင်ခွင့် လက်တစ်ကမ်းမှာ ရှိနေတယ်လို့ပဲ လက်ခံထားရတယ်။ မိမိကိုယ်တိုင်က မိမိဟာ သစ္စာလေးပါးကို သိနိုင်သူလား မသိနိုင်သူလားလို့ ဆန်းစစ်ဖွယ် မလိုပါဘူး။

## ဒွိဟိတ် တိဟိတ် နှစ်မျိုးစီ

ကုသိုလ်ပြုတဲ့အခါ ကလေးတွေက ပေးကမ်းသလို ကံနှင့် ကံရဲ့အကျိုးကိုသိတဲ့ ဉာဏ်မရှိရင် ဒွိဟိတ်ကုသိုလ်။ ကုသိုလ်ခြံရံရင် အမြတ်စား ဒွိဟိတ်၊ အကုသိုလ် ခြံရံရင် အညံ့ဒွိဟိတ်လို့ နှစ်မျိုးရှိတယ်။ ဒီနှစ်မျိုးလုံးက ပဋိသန္ဓေ ပဝတ္တိ နှစ်မျိုးလုံးမှာ ဉာဏ်မပါတဲ့ အကျိုးကိုပဲ ပေးတယ်။ ဉာဏ်မရှိဘူးဆိုတာနဲ့ကို လူ့လောကမှာ လူစဉ်မီသူတစ်ယောက် မဖြစ်နိုင်တော့ဘူး။ လူစဉ်မမီဆိုတာက ဆင်းရဲ ချမ်းသာ လူမျိုး အသားရောင် ဘွဲ့ဒီဂရီနဲ့ မဆိုင်ဘူး။ အသိဉာဏ်နဲ့ နားလည်နိုင်စွမ်း မရှိတာကို ဆိုလိုတာပါ။ ဒွိဟိတ်အညံ့ ကုသိုလ်ကြောင့် သန္ဓေပါ အသိဉာဏ် မပြည့်သူ၊ အမြင်အာရုံ အကြားအာရုံ ချို့တဲ့သူတွေ ဖြစ်ရတယ်။ ဒွိဟိတ်ပုဂ္ဂိုလ်တွေ တရားထိုင်ရင် ပါရမီဖြစ်ရုံပါပဲ။ မိဿကကုသိုလ် (ဥပမာ သူ့အသက်သတ်ပြီး လှူဒါန်းခြင်း) ဖြစ်ရင်တော့ အမြင် အကြားအာရုံ မရှိပေမယ့် အသိဉာဏ်ရှိနိုင်လို့ တရားထူးကို ရနိုင်တယ်။

တိဟိတ်လည်း အမြတ်စားနဲ့ အညံ့စားလို့ နှစ်မျိုးရှိတယ်။ ကုသိုလ် မပြုခင်နဲ့ ပြုပြီးနောက်မှာ ကုသိုလ်စိတ်တွေ ဖြစ်နေရင် အမြတ်၊ အကုသိုလ်စိတ်တွေ ဖြစ်နေရင် အညံ့လို့ ဆိုရတယ်။ ဥပမာ လှူပြီးနောက် မလှူဘဲနေလိုက်ရင် ကောင်းမှာပဲ၊ ဝိုပစ္စည်းကို ပြန်တောင်းရ

မယ်လို့ လောဘပြန်ဝင်ရင် ချမ်းသာတဲ့ အကျိုးကို ရနိုင်ပေမယ့် လူချမ်းသာနဲ့ တူအောင် နေလိုစိတ်မရှိတာစတဲ့ မနှစ်သက်စရာတွေနဲ့ ရောထွေးနေတတ်တယ်။ ဆင်ခြင်တုံ အသိဉာဏ်ရှိခြင်း၊ ကိုယ်လက် အင်္ဂါပြည့်စုံခြင်း၊ အဆုံးအမမှန်ကို ရနိုင်တဲ့ အထောက်အပံ့ကောင်း (ဥပမာ မိတ်ဆွေကောင်း၊ ဆရာသမားကောင်း၊ ၎င်းတို့နဲ့ဆုံဖို့ အခွင့်အလမ်း စသည်) ရှိခြင်း စတဲ့ မြင့်နိုင်တဲ့ အခြေအနေတွေအရ ဤဘဝမှာ လူဖြစ်နေသူတွေ အများစုဟာ တိဟိတ်ပုဂ္ဂိုလ်တွေ ဖြစ်နိုင်တယ်။ ဒါကြောင့် လူအများစု တကယ်ကျင့်ရင် တရားထူးကို ရနိုင်တယ်။

**မသေချာဘူး**

ဒီဘဝ တိဟိတ်အမြတ်စား ပုဂ္ဂိုလ် ဖြစ်နေပေမယ့် အပါယ်လေးပါးကို ရောက်စေတတ်တဲ့ ဒုစရိုက်မှုတွေကို ကျူးလွန်ရင် နောက်ဘဝမှာ တိဟိတ်ပုဂ္ဂိုလ် ပြန်မဖြစ်နိုင်ဘူး။ နတ်ဘဝနဲ့ အချို့ ဗြဟ္မာဘဝတွေတောင် ပြန်ဖြစ်ဖို့ မသေချာလို့ လူ့ဘဝကိုရပြီး ဗုဒ္ဓအဆုံးအမနဲ့ ကြုံခိုက်မှာ ကုသိုလ် များများပြုဖို့ အနည်းဆုံး တစ်မဂ်တစ်ဖိုလ်ရအောင် အားထုတ်ဖို့ ဆရာတော်ကြီးတွေ ဆုံးမ ဩဝါဒ ပေးတော်မူကြတာ ဖြစ်ပါတယ်။ ဘဝသံသရာဟာ ဒီလိုင်းလိုပဲ။ အနိမ့်အမြင့် အတက်အကျ ရှိတယ်။ ဒါကြောင့် မြင့်နေတဲ့ အချိန် ကမ်းကို မြင်ရခိုက်မှာ အဲဒီကမ်းကို ရောက်အောင် ကူးခတ်ဖို့က အဓိကဖြစ်ကြောင်းပါ။ □

ဗုဒ္ဓသာသနေ၊ ဗုဒ္ဓမြတ်စွာ သာသနာလမင်း ကမ္ဘာ့အတွင်း၌။ ပါရမီသုတ္တာနီ၊ အမျိုးအလိုက် စရိုက်အညီ ပါရမီဆယ်ပါး ချည်မျှင်များတို့ကို။ ကန္တဝေ၊ ဖြိုင်ကြဲဆိုင်ကြဲ အနိုင်ရလျက် မြန်မာ့တိုင်းခွင် ကမ္ဘာ့ဂိုဏ်းဝင်အောင် မိုင်းငင်လိုက်ကြကုန်ရာသတည်း။

## ဖွားဖက်တော် ၇ မျိုး

ဆရာတော် အရှင်မြတ်ဘုရား၊

တပည့်တော်တို့၏ ဗုဒ္ဓမြတ်စွာဘုရားနှင့် အတူ မွေးဖွားလာသည့် ဖွား ဖက်တော် ခုနစ်ယောက်ကို သိလိုပါသည် အရှင်ဘုရား။

ရွှေဝင်းထွန်း

---

**ဖွားဖက်တော်**

အားလုံး လူတွေချည်း မဟုတ်လို့ ဖွားဖက်တော် ခုနစ်ယောက် ဆိုတာ ထက် ခုနစ်မျိုးလို့ သုံးရင် ပိုသဘာဝကျပါတယ်။ အလောင်းမင်း သိဒ္ဓတ် ကို မွေးတဲ့နေ့မှာ အတူမွေးဖွားလာသူ ၄ ယောက်နဲ့ ထိုနေ့မှာပင် ဖြစ် ပေါ်လာတဲ့ အသုံးအဆောင် ပစ္စည်း ၃ မျိုး၊ ပေါင်း ၇ မျိုး ဖြစ်ပါတယ်။

**အရှင်အာနန္ဒာ ပါတယ်**

အတူတူ မွေးဖွားသူ လေးယောက်က –

၁။ အရှင်ရာဟုလာရဲ့ မယ်တော်၊ မင်းသိဒ္ဓတ်ရဲ့ ကြင်ယာတော် ယသော် ဓရာမင်းသမီး

၂။ အရှင်အာနန္ဒာ ဖြစ်လာမယ့် မင်းသား အာနန္ဒ

၃။ အရှင်ဆန္နဖြစ်လာမယ့် ဆန္နအမတ် (မင်းသိဒ္ဓတ် တောထွက်လာတဲ့ အခါ အနော်မာမြစ်ကမ်းထိ အတူလိုက်လာသူ)

၄။ အရှင်ကာဠုဒါယီ ဖြစ်လာမယ့် ကာဠုဒါယီအမတ် (နောင်တွင် ဗုဒ္ဓနဲ့ နောက်ပါ သံဃာကို ဗုဒ္ဓရဲ့မွေးရပ် ကပိလဝတ်သို့ ပင့်ဆောင်သူ)။

အသုံးအဆောင် ပစ္စည်း ၃ မျိုးက –

၁။ ရွှေအိုးကြီး ၄ လုံး

၂။ ကဏ္ဍကမြင်း

၃။ ဗုဒ္ဓဂယာမှာရှိတဲ့ မဟာဗောဓိပင်။ ပေါင်း ဖွားဖက်တော် ၇ မျိုး။

ဒါက ဒီဃနိကာယ်အဋ္ဌကထာ (ဒီ-ဋ္ဌ ၂၊ ၁၈)၊ ဇာတကအဋ္ဌကထာ (ဇာ-ဋ္ဌ ၁၊ ၆၄)၊ ဗုဒ္ဓဝံသအဋ္ဌကထာ (စာ၊ ၁၅၈) တို့မှာ ဖော်ပြတဲ့ ဖွားဖက်တော် ၇ မျိုး ဖြစ်ပါတယ်။

**အရှင်အာနန္ဒာ မပါဘူး**

အင်္ဂုတ္တရအဋ္ဌကထာ (အံ-ဋ္ဌ ၁၊ ၂၃၄)၊ ထေရဂါထာအဋ္ဌကထာ (၂၊ ၁၆၅)၊ အပဒါနအဋ္ဌကထာ (၂၊ ၂၅၇)၊ သာရတ္ထဒီပနီဋီကာ (၃၊ ၂၄၄) ကျမ်းတွေမှာတော့ ဖွားဖွက်တော် ၇ နစ်မျိုးထဲမှာ အရှင်အာနန္ဒာ မပါဘူး။ အရှင်အာနန္ဒာအစား အာရောဟနိယတတ္တိ (အာရောဟနိယဆင်) လို့ ဖော်ပြတယ်။

ဖွားဖက်တော် ၇ မျိုးနဲ့ ပတ်သက်လို့ အဲဒီလို ဝါဒကွဲ ရှိကြောင်းပါ။

**မှတ်ချက်**

ဒီဃနိကာယ်အဋ္ဌကထာ၊ ဇာတကအဋ္ဌကထာနှင့် အင်္ဂုတ္တရအဋ္ဌကထာကို အရှင်မဟာဗုဒ္ဓဃောသ တစ်ပါးတည်းက ရေးပါတယ်။ ဗုဒ္ဓဝံသအဋ္ဌကထာကို အရှင်ဗုဒ္ဓဃောသနှင့် ခေတ်ပြိုင် အရှင်ဗုဒ္ဓဒတ္တမထေရ် ရေးပါတယ်။ ထေရဂါထာအဋ္ဌကထာကိုတော့ အရှင်ဓမ္မပါလ (အေဒီ ၆ ရာစုခန့်) ရေးပါတယ်။ အရှင်သာရိပုတ္တရာ (အေဒီ ၁၂ ရာစု)ရေးတဲ့ သာရတ္ထဋီကာကတော့ နောက်ကျပါတယ်။

ဒီဃနိကာယ်ဆောင်၊ အင်္ဂုတ္တရနိကာယ်ဆောင်စတဲ့ ထိုထိုနိကာယ်ဆောင် မထေရ်တို့ရဲ့ အာဘောအတိုင်း ရှေးဟောင်း သီဟိုဠ်ဘာသာနဲ့ ရှိနေတဲ့ အဋ္ဌကထာကျမ်းတွေမှာ မှတ်တမ်း တင်ထားတာကို ပါဠိဘာသာသို့ ပြန်ဆိုရုံသာဖြစ်လို့ အဋ္ဌကထာ ကျမ်းသစ်ကို ပြုစုကြတဲ့ ပုဂ္ဂိုလ်တွေမှာ အပြစ်မရှိဘူးလို့ မှတ်နိုင်ပါတယ်။ ◻

## အနာမျိုး ၉၆ ပါး
## ကိုယ်ထဲက ပိုးကို သတ်ရင်

အရှင်ဘုရား၊ သိချင်တာလေးကို မေးလျှောက်ခွင့် ပြုပါဘုရား၊

(၁) **အစုခေတ်မှာ** ပေါ်ပေါက်လာတဲ့ ရောဂါဆန်းတွေနဲ့ ပေါင်းရင် ၉၆ ပါး ကျော်တယ်လို့ သူငယ်ချင်းက ဆိုပါတယ်။ အနာမျိုး ၉၆ ပါး ဆိုတာကို တစ်ပါးချင်းစီ သိချင်ပါတယ်ဘုရား။

(၂) **ခရစ်ယန်** သူငယ်ချင်းတစ်ယောက်က တပည့်တော် အကြပ်တွေ့တဲ့ **မေးခွန်းတစ်ခု** မေးပါတယ်။ ဖြစ်ပုံက ဒီလိုပါ။ ပိုးလောက်လန်းတွေရှိနေရင် **အသက်သေမှာစိုးလို့** ဘုရားပန်းအိုးကို ရေမလဲချင်ဘူးလို့ တပည့်တော်က ပြင်းတော့ သူက ကိုယ်ထဲက ပိုးတွေကိုလည်း နင် မသတ်နဲ့၊ ရောဂါရှိရင် ပိုးရှိမှာဖြစ်လို့ ဆေးလည်း မသောက်နဲ့လို့ ပြောပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဖြေရှင်းပေးစေချင်ပါတယ် ဘုရား။

တပည့်တော် စိုင်းစိုးလှိုင် (ကျိုင်းတုံမြို့)

---

**အခေါ်အဝေါ် ခြားနားပေမယ့်**

ခုခေတ်မှာ နည်းပညာတွေကလည်း အံ့ဘနန်း ထွန်းကားတဲ့အတွက် ရောဂါအမျိုးအစား တစ်ခုကိုပင် အဆင့်အမျိုးမျိုး သတ်မှတ်ချက်တွေနဲ့ အသေးစိတ်ပြီး ပိုမိုများပြားစုံလင်မှာ သေချာပါတယ်။ ဒါပေမယ့် ရောဂါလက္ခဏာ ဖော်ပြချက်တွေကို ကြည့်ပြီး ရောဂါအချို့ကတော့ ၉၆ ပါးထဲမှာပဲ အကျုံးဝင်နိုင်ပါတယ်။ မြန်မာဗိန္ဓောဆေးကျမ်း အများစုက မူရင်းရှေးဟောင်း သက္ကတဆေးကျမ်းတွေကို ဘာသာပြန်ထားတာ ဖြစ်လို့ ခေတ်သုံးဝေါဟာရ အင်္ဂလိပ်ဝေါဟာရတွေနဲ့ ထပ်တူပြုဖို့တော့ ခက်ခဲနိုင်ပါတယ်။ အနာမျိုး ၉၆ ပါးသရုပ်ကို ဘုန်းကြီး ရေးမှတ်ထားတဲ့အတိုင်း ဖော်ပြပေးလိုက်ပါတယ်။ ဦးကဲ ရေးသားတဲ့ ဇီဝိတဝမနဆေးကျမ်း သို့ မဟုတ် ဆရာမြစ်ရေးတဲ့ လောကဟိတရာသီဆေးကျမ်း တစ်ခုခုထဲက ကိုရင်ဝတ်နဲ့ ကတည်းက ဝါသနာပါလို့ ကူးယူထားခဲ့တာပါ။

**အနာမျိုး ၉၆ ပါး (၁-၃၀)**

၁။ စက္ခုရောဂါ = မျက်စိရောဂါ
၂။ သောတရောဂါ = နားရောဂါ
၃။ ဃာနရောဂါ = နှာခေါင်းရောဂါ
၄။ ဇိဝှါရောဂါ = လျှာရောဂါ
၅။ ကာယရောဂါ = ကိုယ်၌ဖြစ်သောအနာ
၆။ သီသရောဂါ = ဦးခေါင်း၌ဖြစ်သော အနာ
၇။ ကဏ္ဏရောဂါ = နားရွက်နာ
၈။ မုခ ရောဂါ = ခံတွင်းနာ
၉။ ဒန္တရောဂါ = သွားရောဂါ
၁၀။ ဩဋ္ဌရောဂါ = နှုတ်ခမ်းရောဂါ
၁၁။ ကာသော = ချောင်းဆိုးနာ
၁၂။ သာသော = ပန်းနာ၊ ရှူနာ
၁၃။ ပိလာသော = ဖွတ်သိုနာ ထိပ်ကပ်နာ (ဖွတ်စအိုနာ)
၁၄။ ဍာဟော = ကိုယ် ပူနာ
၁၅။ ဇရော = ဖျားနာ
၁၆။ ကုစ္ဆိရောဂါ = ဝမ်း၌ဖြစ်သောရောဂါ
၁၇။ မုစ္ဆာ = မူးဝေမိန်းမောသောအနာ
၁၈။ ပက္ခန္ဒိကာ = သွေးအန်နာ (မြင်းသရိုက်နာ)
၁၉။ သူလာ = ဘေးထိုးရင်ကျပ်နာ (လေထိုးနာ)
၂၀။ ဝိသူစိကာ = ဝမ်းလျှောနာ
၂၁။ ကုဋ္ဌံ = နူနာ
၂၂။ ဂဏ္ဍော = ထွတ်မြင်အနာ၊ အိုင်းနာ
၂၃။ ကိလာသော = ခရုသင်း သမင်ကွက် ကွက်သောအနာ (ညှင်းနာ)
၂၄။ သောသော = အသွေး အသား ခမ်းခြောက်သော ခယရုဂ်အနာ
၂၅။ အပမာရော = ဝက်ရူးနာ

၂၆။ ဒဒ္ဒု = ပွေးနာ (ဝဲပို ဝဲကြီး)
၂၇။ ကဏ္ဍု = ဝဲခြောက်နာ
၂၈။ ကစ္ဆု = ယားယံနာ
၂၉။ နခသာ = လက်သည်း ခြေသည်း ခြစ်မိရာ၌ ဖြစ်သောအနာ
၃၀။ ဝိတစ္ဆိကာ = လက်ဖဝါး ခြေဖဝါးကွဲသောအနာ

**အနာမျိုး ၉၆ ပါး (၃၁-၆၀)**
၃၁။ လောဟိတပိတ္တံ = ရတ္တပိတ်နာ
၃၂။ မဓုမေဟော = ဆီးချိုနာ
၃၃။ အံသာ = နုလာလိပ်ခေါင်းနာ
၃၄။ ပိဠကာ = ထွတ်မြင်းနာ
၃၅။ ဘဂန္ဒလာ = အရည်တစိုစိုယိုသော ဘဂန္ဒြုလ်နာ
၃၆။ ပိတ္တသမုဋ္ဌာနာ အာဗာဓာ = သည်းခြည်ကြောင့်ဖြစ်သော အနာ
၃၇။ သေမှသမုဋ္ဌာနာ အာဗာဓာ = သလိပ်ကြောင့်ဖြစ်သော အနာ
၃၈။ ဝါတသမုဋ္ဌာနာ အာဗာဓာ = လေကြောင့်ဖြစ်သော အနာ
၃၉။ သန္နိပါတိကာ အာဗာဓာ = သည်းခြေ သလိပ် လေ ပေါင်းစု၍ ဖြစ်သော အနာ
၄၀။ ဥတုပရိဏာမဇာ အာဗာဓာ = ဥတုဖောက်ပြန်ခြင်းကြောင့် အနာ
၄၁။ ဝိသမပရိဟာရဇာ အာဗာဓာ = ဣရိယာပုထ် မညီညွတ်မှုကြောင့် ဖြစ်သော အနာ
၄၂။ ဩပက္ကမိကာ အာဗာဓာ = သူတစ်ပါး လုံ့လကြောင့် ဖြစ်သော အနာ
၄၃။ ကမ္မဝိပါကဇာ အာဗာဓာ = ကံအကျိုးကြောင့်ဖြစ်သော အနာ
၄၄။ ဂဟဏီ = ဝမ်းမီးပျက် ဝမ်းကိုက်နာ
၄၅။ ပဏ္ဍုရောဂါ = အဆင်းဖျော့တော့သော ဝါသင့်နာ
၄၆။ ရာဇယက္ခမာ = သက်ပျက်၍ ချည့်နဲ့သော အနာ
၄၇။ ဟိက္ကာရောဂါ = ကြို့ထိုးနာ

**၄၈။ အရောစကရောဂါ = နှုတ်မမြိန်နာ (အစားအသောက် ပျက်သော အနာ)**

၄၉။ ဆန္ဒိရောဂါ = ပျို့အန်တတ်သောအနာ

၅၀။ ဥပ္ပာဒရောဂါ = ရူးသွတ်သောအနာ

၅၁။ ဦရုထမ္ဘရောဂါ = ပေါင်တောင့်တင်းသော ရောဂါ

၅၂။ အာမာဝါတရောဂါ = တစ်ကိုယ်လုံးတောင့်တင်းသော အနာ

၅၃။ ဥပဒါဝတ္တရောဂါ = ဝမ်းဖောဝမ်းရောင်နာ

၅၄။ ဂုလမရောဂါ = ဝမ်း၌အလုံးအခဲ စွဲသောအနာ

၅၅။ ဟဒယရောဂါ = နှလုံးသည်းပွတ်နာ

၅၆။ ဥရောဂဟရောဂါ = ရင်အောင့်သောအနာ

၅၇။ မုတ္တကိစ္ဆရောဂါ = ဆီးအောင့်ကျင်အောင့်သောအနာ

၅၈။ မုတ္တယာတရောဂါ = ဆီးဝမ်းချုပ်သောအနာ

၅၉။ အသ္မရိရောဂါ = ကျောက်တည်သောအနာ

၆၀။ ဝိဟာလရောဂါ = အဖျင်းအဆုတ်နာ

**အနာမျိုး ၉၆ ပါး (၆၁–၉၆)**

၆၁။ သောတရောဂါ = ကိုယ်ရောင်သော သာနာရုပ်အနာ

၆၂။ ဂလပဏ္ဍိရောဂါ = လည်ပင်းကြီးသောအနာ

၆၃။ ပဏ္ဍု မာလာရောဂါ = ဆီးသီးခန့် အလုံးပေါက်တတ်သော မြင်းစဉ်နာ

၆၄။ ဂန္တိရောဂါ = ကြွက်နို့နာ

၆၅။ သိပဒရောဂါ = ခြေထုံနာ (ခြေသလုံးရောင်နာ)

၆၆။ ဝိဒြဓိရောဂါ = အနာပဆုပ် (သွေးစုနာ၊ သက်တန့်နာ)

၆၇။ ဘန္ဒရောဂါ = အရိုကျိုးသောအနာ၊ ဆတ် သောအနာ

၆၈။ ဥပဒံသရောဂါ = ဂုရင်ကျိနာ

၆၉။ သုကရောဂါ = အင်္ဂါဇာတ်၌ အဖုပေါက်သော ရောဂါ

၇၀။ ဝိသပ္ပရောဂါ = ဝက်သက်ရောဂါ

၇၁။ မသုရိကရောဂါ = ကျောက်နာ

၇၂။ **နာရုရောဂါ** = ချည်မျှင်ကဲ့သို့ အကြောထသောရောဂါ
၇၃။ **ဝိပ္ဖေါဋ ရောဂါ** = မီးလောင်မာနာ
၇၄။ **အဇိဏ္ဏရော** = အစာမကြေရောဂါ
၇၅။ **အာဍ္ဎာယရောဂါ** = ဝမ်းကြောတက်သော ရောဂါ
၇၆။ **ဂဏ္ဍာပစီရောဂါ** = ကြပ်နာ
၇၇။ ဂလဂဟာရောဂါ = လည်ချောင်းနာ
၇၈။ အာနာယရောဂါ = ဝမ်းချုပ်နာ
၇၉။ ဝိဋ္ဌကရောဂါ = အနာစိမ်းရောဂါ
၈၀။ ဝါတက္ကဏ္ဍရောဂါ = လိင်ဥရောင် သာမုသနာ
၈၁။ ဝိပါဒိကာရောဂါ = ခြေဖောသောအနာ
၈၂။ ကိဋ္ဌပရောဂါ = ဆင်ခူလည်ပြွတ်နာ
၈၃။ အဇဂလ္လိကော = နို့သတ်နာ
၈၄။ ပါသာဏဂဒ္ဒကံ = မေးနှင့် လည်ချောင်းအစပ်၌
ပေါက်သော အနာ
၈၅။ ကစ္ဆရောဂါ = လက်ရိုးနံဘေး ခုံး၍ပေါက်သောအနာ
၈၆။ စိပ္ပရောဂါ = လက်သည်းခြေသည်း ပုပ်သောအနာ
၈၇။ ကဒရန္ဒုရောဂါ = တံသင်းနာ၊ အနာသစ်ငုတ်
၈၈။ ဏ္ဍန္ဒေလုဏ္ဍရောဂါ = မိတ်နာ၊ ကြာဆူးနာ
၈၉။ ဟာသရုရောဂါ = သင်းလိပ်နာ
၉၀။ တိလကာလကရောဂါ = မှဲ့နာ
၉၁။ မုခဗျင်္ဂရောဂါ = ပါးသက်နာ
၉၂။ ပရိဝတ္တိကရောဂါ = မုသကုတ်နာ
၉၃။ အာပေါဋ္ဌိကရောဂါ = လိင်ရေလျော့သောအနာ
၉၄။ မဏိဓမ္မရောဂါ = ကျင်သွားလိင်သေနာ
၉၅။ နိရုဒ္ဓပကာသရောဂါ = ကျင်ချုပ်လိင်သေနာ
၉၆။ ဝူဒြိသရောဂါ = ဘင်ထွက် သောအနာ
၉၇။ ဝိသရောဂါ = အဆိပ်သင့်သောအနာ

**မှတ်ချက်**

ဖော်ပြပါ ၉၇ ပါးထဲမှ အမှတ် ၁ မှ ၄၃ အထိကို ဂိရိမာနန္ဒသုတ် (အံ ၃၊ ၃၄၃)၊ မဟာနိဒ္ဒေသ (စာ-၁၀)နှင့် စူဠနိဒ္ဒေသ (စာ-၂၈) ပါဠိတော်များမှာလည်း တွေ့ရပါတယ်။ အမှတ် ၉၄ ကျင်သွား လိင်သေနာ နှင့် အမှတ် ၉၅ ကျင်ချုပ် လိင်သေနာကို အဓိပ္ပာယ်တူ ယူနိုင်အံ့ထင်ပါတယ်။ အဲဒီလို တူရာနှစ်ခုကို ပေါင်းလိုက်ရင် အနာမျိုး ၉၆ ပါးလို့ ရေတွက်လို့ ရနိုင်ကြောင်းပါ။

**ကိုယ်ထဲက ပိုးကို သတ်ရင်**

ရဟန်းတွေဟာ ရေထဲမှာ လောက်လန်းတွေရှိမှန်းကို သိလျက်နဲ့ အဲဒီရေကိုသောက်ရင် အပြစ်သင့်တယ်။ ဒါကြောင့် ရေထဲမှာ လောက်လန်းတွေကို မြင်နေရရင် အဲဒီရေကို သန့်စင်အောင် လုပ်တဲ့အခါ သတိနဲ့ လုပ်သင့်တယ်။ ဘုရားပန်းအိုးထဲက ရေကိုလဲတဲ့ အခါမျိုးပေါ့။ ပန်းအိုးထဲမှာ လောက်လန်းတွေ မဖြစ်လာခင် ရေကိုလဲထားရင် အကောင်းဆုံးပါပဲ။ ဝမ္မိကသုတ္တန်အရ အရှင်အနုရုဒ္ဓါ မထေရ်ကြီးဟာ အချိန်ရတိုင်း အဘိညာဉ်တန်ခိုးနဲ့ ခန္ဓာကိုယ်ထဲက ပိုးတွေကို ကြည့်ရှုတော်မူရာမှာ 'အသီတိ ကိမိကုလ သဟဿာနိ = ပိုမျိုးပေါင်း ရှစ်သောင်း'ကို မြင်တော်မူတယ်။ Reader's Digest မှာပါတဲ့ What is on your eyelash? ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးလေးတစ်ပုဒ်မှာ အားကောင်းတဲ့ မိုက်ခရိုစကုပ်နဲ့ ကြည့်ရင် မျက်တောင်မွေးလေးပေါ်မှာ ပိုးတွေ သန်းချီပြီး ရှိတာ၊ တစ်ကောင်နဲ့ တစ်ကောင် ထိုးဆိတ် ကိုက်ဖြတ်နေကြတာကို တွေ့ရတယ်လို့ ဆိုတယ်။

ဒါပေမယ့် ပကတိမျက်စိနဲ့ မမြင်နိုင်တဲ့ အဲဒီ ပိုးဆိုတာတွေကို အသားဆိုင်ရဲ့ ဆဲလ် အပွားလေးတွေမျှသာ ဖြစ်လို့ ဗုဒ္ဓဝါဒက သက်ရှိလို့ မယူဆပါဘူး။ ဒါကြောင့် ဆေးသောက်လို့ ဗိုင်းရပ်စ်ပိုးတွေ သေတာကို သူ့အသက် သတ်တယ်လို့ မဆိုပါဘူး။ ☐



## ဓွေးကလေးကို ရည်စူး၍

မေးလျှောက်အပ်ပါသည် အရှင်ဘုရား၊

လွန်ခဲ့တဲ့ နှစ်ပတ်လောက်က သားကလေးလို ချစ်ရတဲ့ တပည့်တော်၏ ခွေးကလေး ဖော်ဘီ အသက် ၁၂ နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ တပည့်တော်အနေနဲ့ သားကလေး ကောင်းရာသုဂတိ ရောက်ဖို့ ရည်ရွယ်လျက် နီးရာ ဘုန်းကြီးကျောင်းကို သွားပြီး ဆွမ်းကပ်ပါသည်။ ကျောင်းထိုင်ဆရာတော်၏ ဆန္ဒအရ စေတီမှာလည်း ဆွမ်းကိုးပွဲ သစ်သီးကိုးပွဲ တင်ပါသည်။ ဆရာတော်က 'ခွေးသေလို့ ဘုန်းကြီး ဆွမ်းကပ်တာ ခုမှပဲ ကြားဖူးတယ်'ဟု ဆိုသဖြင့် 'ခွေးကလေးကို အမျှဝေလို့ ကုသိုလ်အမျှရပါမည်လား'လို့ တပည့်တော်က မေးတဲ့အခါ ဆရာတော်က 'ခွေးသေရင် ခွေးပဲဖြစ်မှာပေါ့၊ ခွေးက လူစကားကိုမှ နားမလည်ဘဲ'ဟု ဆိုပါသည်။ အမှန်က ဖော်ဘီဟာ လူရိပ်လူကဲကို လူလောက်နီးပါး နားလည်ပါသည် ဘုရား။

ခွေးလေးအတွက် တပည့်တော် ကုသိုလ် လုပ်သင့်ပါသလား။ ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ ခွေးတိရစ္ဆာန်ကို ရည်မှန်းပြီး ကုသိုလ်လုပ်တာဟာ အကဲ ပိုရာကျမည်ကိုလည်း စိုးရိမ်ပါသည် အရှင်ဘုရား။

လေးစားလျက် မြတ်ကို

---

**ခွေးပဲ ဖြစ်မလား**

ခွေးသေရင် ခွေးပြန်နိုင်သလို လူလည်း ဖြစ်နိုင်တယ်၊ နတ်လည်း ဖြစ်နိုင်တာပဲ။ ဗုဒ္ဓဟောကြားတဲ့ တရားသံကို ကြားနာရတဲ့ ဖားတိရစ္ဆာန်လေးဟာ တရားရဲ့ အဓိပ္ပာယ်ကို နားမလည်နိုင်ပေမယ့် အသံကို ကြည်နူးမိရုံနဲ့ နတ်သား ဖြစ်သွားတယ်။ သုဘလုလင်ရဲ့ ဖခင် ပုဏ္ဏားကတော့ ဥစ္စာကို စွဲလန်းပြီးသေလို့ သုဘရဲ့ အိမ်မှာပဲ ခွေးဖြစ်ရတယ်။ ဒါကြောင့် 'ခွေးသေရင် ခွေးပဲဖြစ်မှာပေါ့'လို့ ဆိုရင် 'လူသေသော် လူ မဖြစ်လျှင်လ၊ ဘာဖြစ်မှာတုန်း' ဆိုတဲ့ လူသေလူဖြစ်ဝါဒမျိုး ဖြစ်နေမှာပေါ့။

ကွယ်လွန်သူ နားလည်းတာ မလည်တာကို မစဉ်းစားပါနဲ့။ အမျှဝေရ မှာက ကျန်ရစ်သူရဲ့ တာဝန်ပါ။ ဗုဒ္ဓဘာသာကို မသိတဲ့ ဘာသာစကား ကိုလည်း နားမလည်တဲ့ ခင်ပွန်းသည် ကွယ်လွန်တဲ့အခါ ဗုဒ္ဓဝါဒီ ဇနီး ဖြစ်သူက ဘုန်းကြီးကို အိမ်ပင့်ပြီး ဆွမ်းသွတ် အမျှဝေကောင်းပါတယ်။

**မသေချာပေမယ့်**

မည်သူမဆို သေပြီးနောက် သွားရမယ့် ဂတိ ၅ မျိုး ရှိပါတယ်။ အဲဒီ အထဲက လူဖြစ်စေ ခွေးဖြစ်စေ ပေတဂတိသို့ ရောက်မှ ကုသိုလ် အမျှ ကို ရနိုင်တယ်။ အတိအကျဆိုရင် ပေတလို့ခေါ်တဲ့ ပြိတ္တာအမျိုးမျိုး ရှိရာ မှာတောင် ပရဒတ္တူပဇီဝိတလို့ ခေါ်တဲ့ သူတစ်ပါးတို့ ပေးကမ်း စွန့်ပစ် တာကို မှီခိုစားသောက်ရတဲ့ ပြိတ္တာဘဝသို့ ရောက်မှသာ ကျန်ရစ်သူတို့ အမျှဝေတာကို သာဓု ခေါ်နိုင်စရာ ရှိပါတယ်။ ဒါကြောင့် ကွယ်လွန်သူကို ရည်မှန်းပြီး ကုသိုလ်ပြုရာမှာ ရေထဲမှာရှိနေတဲ့ ငါးကို ခဲနဲ့ပစ်တဲ့အခါ ရေထဲကို ခဲကျဖို့ သေချာသလို မိမိကုသိုလ်ရဖို့ သေချာပေမယ့် ပစ် လိုက်တဲ့ခဲ ငါးကို မှန်မမှန် မသေချာသလို ကွယ်လွန်သူ ကုသိုလ် အဖို့ ကို ရဖို့ကတော့ မသေချာဘူး။ ဒါပေမယ့် ကွယ်လွန်သူကို ရည်မှန်းပြီး ကုသိုလ်ပြုတာဟာ ဗုဒ္ဓဝါဒ ထုံးစံပါ။

**အကဲ မပိုပါဘူး**

မြတ်ဗုဒ္ဓ လက်ထက်က ကျောင်းအမကြီး ဝိသာခါရဲ့ မြေးမကလေးမှာ ကစားစရာ ရုံ့ရုပ်ကလေးတစ်ခု ရှိသတဲ့။ ဒီရုံ့ရုပ် ကလေးကို သမီး လေးအမှတ်နဲ့ ပွေ့ပိုက် ကစားနေရင်း လက်က လွတ်ကျပြီး ရုံ့ရုပ် ကလေး ကွဲပါလေရော။ ဒါနဲ့ သမီးကလေး သေပါပြီ ဆိုပြီး ချော့မရ အောင် ငိုနေခိုက် ဗုဒ္ဓမြတ်စွာ ကြွလာတော်မူတာနဲ့ ဆုံတယ်။ ကျောင်း အမကြီးက ဒီအကြောင်းကို မြတ်ဗုဒ္ဓကို လျှောက်ထားတယ်။ အဲဒီ နောက် မြေးမကလေးရဲ့ ရုံ့ရုပ်မယ်ကို ရည်စူးပြီး သံဃာတော် ငါးပါးနဲ့ မြတ်ဗုဒ္ဓကို အိမ်ကိုပင့်ပြီး ဆွမ်း လှူဒါန်းတယ်။ မြတ်ဗုဒ္ဓကိုယ်တိုင် ကြွ ရောက်ပြီး ဆွမ်းအနုမောဒနာတရား ဟောကြားပါသတဲ့။ (ပေတ-ဌ၊ ၁၅။ ဓာရုဓီတလိကာ ဝတ္ထု)။

ရှုံ့ရှုပ်ကလေးကို ရည်မှန်း၍ပင် ဆွမ်းလှူဒါန်းဖို့ စဉ်းစားမိတဲ့ သော တာပန်အရိယာ ကျောင်းအမကြီးနဲ့ အနုမောဒနာတရား ဟောကြား တော်မူတဲ့ မြတ်ဗုဒ္ဓတို့ရဲ့ လုပ်ရပ်ကို အကဲ ပိုတယ်လို့ ဘုန်းကြီးတော့ မဝေဖန်ရဲပါဘူး။ □



# သက်သတ်လွတ်

**ဆရာတော် အရှင်သူမြတ်တို့ဘုရား။**

ဘုရားတပည့်တော်သည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် ဖြစ်ပါသည်။ ငယ် စဉ်ကလေးဘဝမှ ယခုအထိတိုင်အောင် စိတ်ထည်းတွင် ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေဖြင့် မရှင်းလင်းသည့် အရာတစ်ခု ရှိပါသည် ဘုရား။ ဗုဒ္ဓဘာသာတွင် သက်သတ်လွတ် စားသည့်ပုဂ္ဂိုလ် (ရဟန်း) များသည် အထူးကျင့်စဉ်ကို ကျင့်နေသူများ ဖြစ်ကြပါသလား ဘုရား။ မြတ်စွာဘုရားရှင် ကိုယ်တိုင်က သက်သတ်လွတ် စားရန်ကို မဟော ကြားခဲ့ပါ။ သတ္တဝါများကို သနားကရုဏာထားရန်ဟု ကျမ်းဂန်များတွင် ဖတ်မှတ်ခဲ့ရပါသည်။ မဇ္ဈိမပဋိပဒါ (အလယ်အလတ်လမ်းစဉ်)ဖြင့် တရား အားထုတ်ရန်သာ ဆရာတော်များ ဟောကြားသည်များကို ကြားဖူးပါ သည်။ တပည့်တော် သိလိုသည်မှာ ...

၁။ သက်သတ်လွတ် စားသော ရဟန်းသံဃာများသည် သက်သတ် လွတ် မစားသော ရဟန်းများထက် ပိုမိုမွန်မြတ်ပါသလား။

၂။ သက်သတ်လွတ် စားခြင်းဖြင့် မဇ္ဈိမပဋိပဒါ (အလယ်အလတ် လမ်း စဉ်)မှ လွဲချော်နေပါသလား။

၃။ သက်သတ်လွတ်စားခြင်း၊ မစားခြင်း၏ အကျိုးအပြစ်များကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိနားလည်ရန် ရှင်းပြပေးတော်မူပါဘုရား။

ဘုရား တရား သံဃာတော်များကို အစဉ် ဦးတင်းလျက် ...

ကိုမျိုးအောင်၊ အော်စတင်မြို့

တက္ကဆပ်စ် ပြည်နယ်

အမေရိကန်ပြည်ထောင်စု

---

စုရိုက်ထားတဲ့ အုပ်စုခွတ်ပုံထဲမှာ ကိုယ့်ရုပ်ပုံ ကိုယ်နဲ့ ပတ်သက် သူရဲ့ ရုပ်ပုံကို အရင်ဆုံး ရှာဖွေ ကြည့်ရှုတတ်တာဟာ လူ့သဘာဝပါပဲ။ ဒါ ကြောင့် သက်သတ်လွတ်နဲ့ ပတ်သက်လို့ အစွန်းမရောက်ဘဲ တွေးမြင် နားလည်နိုင်ဖို့ဆိုရင် ထေရဝါဒ ဗုဒ္ဓဝါဒီတို့ရဲ့ ယူဆပုံကိုသာမကဘဲ မဟာ ယာန ဗုဒ္ဓဝါဒီတို့ရဲ့ သုံးသပ်ပုံကိုပါ အကြမ်းဖြင်း သိထားသင့်တယ်။ သူ့ဝါဒကို နားလည်မှ ကိုယ့်ဝါဒရဲ့ အခြေအနေမှန်နှင့် အတိမ်အနက်ကို ပြန်ပြီး စဉ်းစားကြည့်နိုင်မှာ ဖြစ်လို့ပါပဲ။ အဲဒီနောက်တော့ မေးခွန်းရှင် မေးတဲ့ အမှတ် ၁၊ ၂၊ ၃ မေးခွန်းတွေကို ဖြေမှာပေါ့။

**မဟာယာနအမြင်**

မဟာယာနဆိုတာ အေဒီ ၁ ရာစုလောက်မှာ ထင်ရှားလာတဲ့ ဗုဒ္ဓဝါဒ ဂိုဏ်းကွဲရဲ့ အမည်ပါ။ ဂိုဏ်းကွဲဆိုတဲ့အတိုင်း သဘောထား မတိုက်ဆိုင် လို့ မူရင်းဗုဒ္ဓဝါဒက ခွဲထွက်ပြီး တစ်စင်ထောင်တဲ့ ဗုဒ္ဓဝါဒသစ်လို့ ဆိုနိုင် စရာပေါ့။ ယနေ့ခေတ်မှာ မဟာယာနခေါင်းစဉ် အောက်မှာ ယောဂါစာရ၊ ဝဇိရယာန၊ ဂေလုပ၊ သုခဝတီ၊ ဈင်၊ ဂျိုဒိုရှင် စတဲ့နာမည်တွေနဲ့ ဂိုဏ်း ကွဲတွေ စုံလို့ပါပဲ။ အဲဒီခေါင်းစဉ်ငယ် အောက်မှာပဲ အဓိပ္ပာယ်ကောက် ယူပုံ တစ်မျိုးစီနဲ့ ခေါင်းစဉ်ကွဲလေးတွေ ရှိသေးတယ်။ အဲဒီလို စုံလင် များပြားလှတဲ့ မဟာယာနဗုဒ္ဓဝါဒီတို့ လက်ကိုင်ပြုတဲ့ ရှေးဦး ကျမ်းဂန် နှစ်ခု ရှိတယ်။ အဲဒါတွေက ...

၁) လင်္ကာဝတာရသုတ်။ အေဒီ ၃၅၀ မှာ သက္ကတ ဘာသာနဲ့ အိန္ဒိယမှာ ရေးတယ်။ ရေးသူ မသိ။ ယောဂါစာရနဲ့ ဈာင်ဂိုဏ်းတို့ရဲ့ အယူအဆတွေ အခြေပြုတဲ့ကျမ်း။

၂) သူရင်္ဂမသုတ်။ ရေးသူမသိ၊ အေဒီ ၇၁၇ မှာ ပရမတ္ထလို့ခေါ်တဲ့ အိန္ဒိယ ရဟန်းတော်က တရုတ်ပြည်ကို ယူခဲ့တယ်။ တရုတ် ဗုဒ္ဓါဒီတို့ အထူး လေးစားပြီး ဈာင်ဂိုဏ်းနဲ့ သုခဝတီဂိုဏ်းတို့ရဲ့ မူရင်းကျမ်းပါပဲ။

ဒီမဟာယာနကျမ်း နှစ်စောင်မှာ အသားစားခြင်းကို အထူး အပြစ် ဆိုပြီး တားမြစ်ထားတယ်။ Daise Teita Suzuki, *Studies in the Lankavatara Sutra* ကျမ်း (စာ-၃၆၉) အရ သူတို့ အကြောင်းပြပုံကို ဘုန်းကြီး နားလည်သလောက် ပြောပြရရင် ...

**... အကြောင်းပြချက် ၁**

သတ္တဝါတွေဟာ ကိုယ်လုပ်တဲ့ ကံကြောင့် ဘဝသံသရာမှာ မြုပ်ချည် ပေါ်ချည် ဖြစ်နေကြရတယ်။ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ တိရိစ္ဆာန်ဖြစ် လိုက်ပေါ့။ ဒါကြောင့် ဘဝသံသရာမှာ အမေ၊ အဖေ၊ ဇနီး ခင်ပွန်း၊ အစ်ကို မောင်၊ ညီမ အစ်မ၊ ဘကြီး ဘထွေး မတော်စပ်ခဲ့ဖူးသူရယ်လို့ မရှိဘူး။ တော်စပ်နေကြရအုံးမှာပဲ။ စာရေးသူဟာ စာဖတ်သူရဲ့ နေ့ လယ်စာ ဖြစ်ဖူးသလို စာဖတ်သူလည်း စာရေးသူရဲ့ ညစာ ဖြစ်ဖူး တာပဲ။ ဖြစ်နေအုံးမှာပဲ။

ဒါဆိုရင် သက်ရှိအားလုံးအပေါ် မိမိနှင့် ထပ်တူပြုပြီး စိတ်ပိုင်းဘဝ ဖြူစင်အောင် လေ့ကျင့် အားထုတ်နေသူ တစ်ယောက်အဖို့ အဲဒီလို မိမိနှင့် သဘာဝတူ အခြားသက်ရှိတစ်ဦးရဲ့ အသားကို စားသင့်ပါ့မလား။ ဒီလိုနည်းနဲ့ နက်နက်နဲနဲ တွေးကြည့်လိုက်ရင် အသားစားမှု အားလုံး ဟာ လူက အခြား လူတစ်ယောက်ရဲ့ အသားကို စားခြင်းမျိုး ဖြစ်တယ် လို့ကော မဆိုနိုင်ပေဘူးလား။

**... အကြောင်းပြချက် ၂**

တိရိစ္ဆာန်တို့ရဲ့ အသားကို စားရလို့ ပျော်တယ်ဆိုရင် အဲဒီ ပျော်ရွှင်မှုဟာ အခြား ဘဝတူ သက်ရှိတစ်ယောက် သေခြင်းကြောင့် ရရှိတဲ့ ပျော်ရွှင်

မှုပါပဲ။ ဒုက္ခမှ လွတ်မြောက်မှုကို ရှာဖွေသူ တစ်ယောက်အဖို့ အခြား သတ္တဝါ တစ်ယောက်အပေါ် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ နာကျင်အောင် ဒုက္ခရောက်အောင် လုပ်သင့်ပါသလား။

သက်ရှိတိုင်းမှာ ဗုဒ္ဓဖြစ်လာနိုင်တဲ့ သဘာဝ (Buddha-nature) ရှိလို့ တိရိစ္ဆာန်ရဲ့ အသက်ကို စားခြင်းဟာ ဗောဓိသတ္တ(ဗုဒ္ဓလောင်းလျာ) တစ်ယောက်ရဲ့ အသက်ကို စားခြင်းလို့လည်း အဓိပ္ပာယ်ရှိတယ်။ ဒီကမ္ဘာမြေပေါ်မှာ လူသားတွေ အသက်ရှင် နေထိုင်ခွင့်ရှိသလို ကိုယ့်ဘဝကို ကိုယ် ချစ်တတ်တဲ့ တိရိစ္ဆာန်တွေမှာလည်း ဒီအခွင့်အရေး တန်းတူ ရှိရမှာဖြစ်လို့ ကျွန်ုပ်တို့ဘဝ ရှင်သန်ဖို့နဲ့ ပျော်ရွှင်ဖို့ဆန္ဒသက်သက်နဲ့ ကျွန်ုပ်တို့မှာ အခြား သတ္တဝါတွေကို သတ်ဖြတ်ဖို့ အထူးအခွင့်အရေး မရှိဘူး။

**ဝါဒ ခိုင်မာသွားခြင်း**

အေဒီ ၄ ရာစု ဂရိတွေးခေါ်ရှင် ပေါ်ဖရီ (Porphyry)က သတ်ဖြတ် ခံနေရတဲ့ တိရိစ္ဆာန် တစ်ကောင်ရဲ့ အော်ညည်းသံကို ကြားဖူးသူ တစ်ယောက်အနေနဲ့ တိရိစ္ဆာန်ရဲ့ အသားကို ဘယ်တော့မှ မစားသင့်တော့ဘူးလို့ ရေးဖူးပါတယ်။ မဟာယာန ဗုဒ္ဓဝါဒီတွေရဲ့ အကြောင်းပြပုံနဲ့ ယူဆပုံတွေဟာ ပေါ်ဖရီ ရေးသလိုပဲ ချောမွတ် ပြေပြစ်လှပါတယ်။ အများ လက်ခံနိုင်တဲ့ စွဲလောက်တဲ့ ဖော်ပြချက်တွေပါပဲ။

သက်သတ်လွတ်ဝါဒဟာ အဲဒီလို လှပတဲ့ တွေးမြင်မှုတွေနဲ့ စတင်ခဲ့ပြီး ဒီဝါဒကို နှစ်သက်စွဲလမ်းစွာ ဟောပြော ရေးသားရင်းက ရာစုနှစ်တွေ ကြာလာတဲ့အခါ သက်သတ်လွတ် စားတာဟာ မဟာယာနတွေရဲ့ အခြေခံ ကိုယ်ကျင့် တရားရေးရာ ကျင့်စဉ် သို့မဟုတ် စည်းမျဉ်းတစ်ခု ဖြစ်သွားပုံရတယ်။ နောက်ဆုံး တိရိစ္ဆာန်အသားကို စားတာဟာ လူ့အသားကို စားတာ၊ ဘုရားလောင်းရဲ့ အသားကို စားတာတွေနဲ့ အတူတူပဲလို့ တိုးတက် ယုံကြည်သွားတဲ့ အထိပါပဲ။

**ထေရဝါဒအမြင်**

လက်ရှိ ပညာရှင်အများစု လက်ခံထားပုံအရ ထေရဝါဒဆိုတာ မဟာ

ယာနတို့ရဲ့ ခွဲထွက်ခံဖြစ်တဲ့ မူရင်းဗုဒ္ဓဝါဒပါပဲ။ ထေရဝါဒီ အချင်းချင်း ပိဋကတ်သုံးပုံ မူကွဲမရှိဘူး။ ထေရဝါဒီတွေဟာ မိမိတို့အနေနဲ့ ဗုဒ္ဓရဲ့ စစ်မှန်တဲ့ ဓမ္မကို မူရင်းအတိုင်း အက္ခရာ၊ ပုဒ်ပါဌ်၊ အနက် အဓိပ္ပာယ်တွေ မပျက်ယွင်းအောင် ကောင်းကောင်း ထိန်းသိမ်းထားတယ်လို့ ယုံကြည်ကြတဲ့အတိုင်း မည်သည့် နောက်တိုးကျမ်းစာ၊ နောက်တိုးဝါဒကိုမျှ ဗုဒ္ဓဝါဒအနေနဲ့ လက်မခံပါဘူး။ မိမိတို့ရဲ့ ပိဋကတ်သုံးပုံဟာ မူရင်းကျတဲ့ အပြင် ဗုဒ္ဓနှုတ်ထွက် အစစ်အမှန်တွေ ဖြစ်တယ်လို့ ယုံကြည်ကြတယ်။

ထေရဝါဒက ဗုဒ္ဓဟောအနေနဲ့ လက်ခံထားတဲ့ အာမဂန္ဓသုတ် (သုတ္တနိ၊ ၃၁၅)မှာ အသားငါး မစားတာကို သူတော်ကောင်း အကျင့်လို့ ယူဆနေရင် အဲဒီယူဆချက်ဟာ မိစ္ဆာဒိဋ္ဌိ (အယူမှား) ဖြစ်တယ်လို့ မြတ်ဗုဒ္ဓ ဟောပါတယ်။ အသားစားတာနဲ့ ပတ်သက်လို့ ထေရဝါဒတို့ ရှင်းပြပုံကို ၁) ဇီဝကသုတ် (မ ၂၊ ၃၂) နဲ့ ၂) ပဉ္စဝတ္ထုယာစနကထာ (ဝိ ၄၊ ၃၅၈) တွေမှာ အရှင်းလင်းဆုံး လေ့လာနိုင်တယ်။ ဒီပါဠိတော်တွေမှာ ပါတာကို အနှစ်ချုပ်ပြီး ပြောပြရရင် ...

**... ရှင်းလင်းချက် ၁**

မိမိကို ရည်ညွှန်းပြီး သတ်တာကို မြင်ခြင်း ကြားခြင်း သံသယဖြစ်ခြင်း မရှိတဲ့ အသားကို ရဟန်းတွေ စားကောင်းတယ်။ အရပ် လေးမျက်နှာကို မေတ္တာပို့သပြီး နေတဲ့ရဟန်းဟာ ကြည်ညိုသူ ဥပါသကာတွေ ကပ်လှူတဲ့ မွန်မြတ်တဲ့ ဆွမ်းတွေကို မတပ်မက်ဘဲ မျှတရုံ သုံးဆောင်တယ်။ ပစ္စဝေက္ခဏာဆင်ခြင်ပြီး စားသုံးတယ်။ နောက်တစ်ကြိမ် ဒီ့ကို ဒီမျိုးလှူရင် ကောင်းမှာပဲလို့လဲ မစွဲလမ်းဘူး။ အဲဒီရဟန်း အနေနဲ့ အဲဒီ ဆွမ်းကို စားလို့ မိမိသူတစ်ပါး နှစ်ဦးသားကို ဒုက္ခရောက်အောင် လုပ်ရာ မရောက်ပါဘူး။ ဒါကြောင့် အဲဒီဆွမ်းဟာ အပြစ် မရှိပါဘူး။

ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကကို ရည်ညွှန်းပြီး သတ္တဝါကို သတ်ရင်တော့ သတ်သူလည်း အကုသိုလ် အပြစ်ရှိတယ်။ ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့လည်း အဲဒီ အသားကို မစားကောင်းဘူး။ အကုသိုလ် အပြစ်ရှိတယ် ဆိုတာ ပါဏာတိပါတ (သူ့သက်သတ်တဲ့) ကံ မြောက်တယ်လို့ ဆိုလိုတာပါ။

**... ရှင်းလင်းချက် ၂**

လူအများရဲ့ ကြည်ညိုဖွယ်ကို ဆောင်နိုင်အောင်ဆိုပြီး ဒေဝဒတ်က မြတ်ဗုဒ္ဓကို တင်ပြတဲ့ တောင်းဆိုချက် ငါးမျိုးထဲမှာ ရဟန်းတွေဟာ ရာသက်ပန် ငါးအမဲကို မစားရလို့ ပညတ်ချက် ထုတ်ပြန်ပါ ဆိုတဲ့ အချက်ပါတယ်။ အဓိပ္ပာယ်က ရဟန်းတွေ ရာသက်ပန် သက်သတ်လွတ် စားရမယ်ဆိုတဲ့ သဘောပါ။ မြတ်ဗုဒ္ဓက လက်မခံပါဘူး။ 'မမြင်အပ် မကြားအပ် မယုံမှားအပ်သော၊ (ထို) အစွန်းသုံးပါးမှ စင်ကြယ်သော ငါးအမဲကို ငါဘုရား ခွင့်ပြု၏' (ဝိ ၄၊ ၂၅၉) လို့ မိန့်ပါတယ်။

အစွန်းသုံးပါးဆိုတာ 'မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း'တို့ပါပဲ။ ဒီအသားငါးဟာ ငါ့ကို ရည်ရွယ်ပြီး သတ်ထားတာ၊ ငါစားဖို့ သတ်ထားတာ'လို့ မြင်ရင်၊ ကြားရင်၊ စိတ်မရှင်းရင် အဲဒီအသားငါးဟာ အစွန်းသုံးပါး မလွတ်ဘူး။ ဒါကြောင့် ရဟန်းတို့ မစားကောင်းတော့ဘူး။

ဝိနည်းအရ ရဟန်းတို့ စားကောင်းတဲ့ ဘောဇဉ်ငါးမျိုးကို ခွင့်ပြုထားပါတယ် ... ထမင်း၊ မယောမုန့်၊ မုန့်လုံး၊ ငါး၊ အမဲ (ဝိ ၂၊ ၁၁၁)။ ရဟန်းတို့ မစားကောင်းတဲ့ အသားကြီး ဆယ်မျိုးရှိတယ်။ 'လူ ခွေး မြင်း ဆင်၊ သစ် ကျား (ကျွဲ)၊ ခြင်္သေ့ ဝံ အောင်း မြွေ' (ဝိ ၃၊ ၁၁၀)တဲ့။ ကျန်တဲ့ အသားတွေကို ရဟန်းတို့ စားကောင်းတယ်။

**ဗုဒ္ဓရဲ့ နောက်ဆုံးဆွမ်း**

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံး ဘုဉ်းပေးတဲ့ဆွမ်း သူကရမဒ္ဒဝနဲ့ ပတ်သက်လို့ ယူဆကြပုံဟာလည်း သက်သတ်လွတ်နဲ့ ပတ်သက်မှုရှိတယ်။ ရှေးဦး ဗုဒ္ဓဝါဒဆိုင်ရာ သင်ကြားမှုတွေမှာ သူကရမဒ္ဒဝနဲ့ ပတ်သက်ပြီး အဓိပ္ပာယ်ကောက်ယူမှု မသေချာခဲ့ဘူးလို့ ယူဆရတယ်။ အေဒီ ငါးရာစုမှာ ရေးတဲ့ အဋ္ဌကထာမှာ ဖြစ်နိုင်ခြေရှိတဲ့ အဓိပ္ပာယ် သုံးမျိုးကို ဖော်ပြတယ်။ သူကရမဒ္ဒဝဆိုတာ ...

၁) မငယ်လွန်း မကြီးလွန်းတဲ့ ပံသကူရတဲ့ တောဝက်သား

၂) နွားထွက်ပစ္စည်း ငါးမျိုး နဲ့ ရောချက်ထားတဲ့ ထမင်းပျော့

၃) ရသာယနဆေးဖြင့် စီမံထားသော အစားအစာ (ဒီ-ဋ္ဌ ၂၊ ၁၅၉)။

မိတ်ပြချက်အရ သက်သတ်လွတ် အငြင်းပွားမှုဟာ ဗုဒ္ဓဝါဒသမိုင်း ဦးကပင် ရှိနေခဲ့ပုံပါပဲ။ ထေရဝါဒီတို့က ပထမအဓိပ္ပာယ် (တောဝက်ပျို သားဆွမ်း)ကို အဓိပ္ပာယ်မှန်လို့ ယူတယ်။ ဒါကို မဟာယာနဝါဒီတို့က 'သူ(ထေရဝါဒီ)တို့ သက်သတ်မလွတ်နိုင်လို့ တမင်တကာ အရွဲ့တိုက်ပြီး အဲဒီလို အဓိပ္ပာယ် ယူကြတာ'လို့ ဝေဖန်မှုတွေ ရှိတယ်။

**... သူ့မှတ်ချက်**

အနောက်တိုင်းသား ထေရဝါဒ ကျမ်းပြုဆရာ Maurice Washe ကတော့ ဒီဃနိကာယ် အင်္ဂလိပ်ဘာသာပြန်မှာ ပထမအဓိပ္ပာယ်ကိုပဲ အတည်ယူခဲ့ပါတယ်။ ပြီးတော့ 'အသားစားတာနဲ့ ပတ်သက်ပြီး စာရေးဆရာအချို့က ထေရဝါဒကို ဝေဖန် ပြစ်တင်မှုရှိတယ်။ ဘယ်လိုပဲဆိုစေ သတ္တဝါတွေကို ကရုဏာထားတဲ့အနေနဲ့ သက်သတ်လွတ် စားတယ်ဆိုတဲ့ အကြောင်းပြချက်လောက်နဲ့တော့ မခိုင်လုံပါဘူး'လို့ မှတ်ချက်ပြုပါတယ်။

သူဆက်ပြောပုံက 'ဂျပန်ရှိ ရှင်ဗုဒ္ဓဝါဒ (မဟာယာနဂိုဏ်းကွဲ)ကို တည်ထောင်သူ ရှင်ရန် ရှုန်အင် (Shinran Shonin)ဟာ သက်သတ်လွတ် စားတာ၊ အိမ်ထောင်မပြုဘဲ နေတာတွေဟာ ကိုယ့်ကိုယ်ကို ညှဉ်းဆဲခြင်း (အတ္တကိလမထ) ဖြစ်တယ်ဆိုပြီး အဲဒီစည်းကမ်းတွေကို ပယ်ဖျက်ခဲ့တယ်'တဲ့ (Maurice Washe, *The Long Discourseds of the Buddha, Foot Note,* p. 572 )။ သိပ် အစွန်းရောက်ရင် အယူသည်းရင် မသင့်ဘူးဆိုတဲ့ သဘောနဲ့ မှတ်ချက်ပြုတာ ဖြစ်မယ်ထင်ပါတယ်။

**ယထာဘူတအမြင်**

သက်သတ်လွတ်ပြီး စားစား၊ မလွတ်ဘဲ စားစား၊ စားနေဆဲမှာ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ စတဲ့ ကိလေသာစိတ် မဖြစ်ဖို့က အရေးကြီးပါတယ်။ 'အသားတုဟင်းက ရှယ်ပဲ၊ ကောင်းလိုက်တာ'၊ 'ဝက်သားတုချည်း ငြီးငွေ့လှပြီ'၊ 'သူတို့က ငါ့လို (ငါတို့ ဘုန်းကြီးလို) သက်သတ်လွတ် စားနိုင်တာ မဟုတ်ဘူး'၊ 'သက်သတ်လွတ်စားမှ ကုသိုလ်ရတယ်'။ စဉ်းစားကြည့်ပေါ့၊ အဲဒီစိတ်မျိုးနဲ့ သက်သတ်လွတ် စားနေလို့ ကုသိုလ် ရပါ့မလားလို့။ ကုသိုလ်ရခြင်း မရခြင်း၊ မေတ္တာစိတ်ဖြစ်ခြင်း

မဖြစ်ခြင်း၊ ကရုဏာ ဘာဝနာကို ပွားခြင်း မပွားခြင်းဟာ သက်သတ်လွတ် စားတာနဲ့ မဆိုင်ဘူး။ စားသူရဲ့ စိတ်အခြေအနေနဲ့ပဲ ဆိုင်တယ်။ သက်သတ်လွတ် စားရုံနဲ့ ကုသိုလ်ရတယ်ဆိုရင် အရက်သမားတွေ အာလူးကြော်၊ မြေပဲလှော်တွေ ဝါးနေရင်လည်း ကုသိုလ်ရမှာပေါ့။ အစားအစာ မတူပေမယ့် စိတ်ချင်းတူရင် ကုသိုလ် အကုသိုလ် စိတ်ဖြစ်ပုံ အတူတူပါပဲ။ နည်းနည်း ဆက်ပြီး တွေးကြည့်အုံး၊ သက်သတ်လွတ် စားသူနဲ့ အသားငါးစားသူ ဘယ်သူ ကုသိုလ်ပိုရသလဲ။ သက်သတ်လွတ် စားသူလို့ ဆိုရင် ... ပန်းသီးစားသူနဲ့ လိမ္မော်သီးစားသူ ဘယ်သူ ကုသိုလ် ပိုရသလဲ... ။ ဒါက ဇီဝကသုတ် (ဖော်ပြပြီး)ကို အခြေခံတဲ့ စဉ်းစား တွေးမြင်မှုပါ။

**သက်သတ်လွတ်တွေ**

ယခင်ကရော ယခုပါ ထေရဝါဒ ဗုဒ္ဓသာသနာမှာ သက်သတ်လွတ် စားတဲ့ ဆရာတော်ကြီးတွေ ရှိပါတယ်။ ဒါပေမယ့် ကုသိုလ်ရတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ဘုဉ်းပေးကြတာ ဟုတ်မယ်မထင်ဘူး။ တစ်ချိန်က ရဟန္တာလို့ လူသိများခဲ့တဲ့ ဆရာတော် ဦးသီလဟာ သားငါး မစားပါဘူး။ ဆရာတော် မိန့်ပုံက 'တို့များ သက်သတ်လွတ် စားနေတာဟာ ကုသိုလ်ဖြစ်အောင် ကျင့်နေတယ်လို့ မထင်လိုက်ပါနဲ့၊ သွားနာ သက်သာလို့ စားနေတာပါ'တဲ့ (ဘုန်းတော်ကြီး ဦးသီလထေရုပ္ပတ္တိ (စာ-၂၀၅)။

ဖော်ပြထားတဲ့ အချက်တွေကို အခြေခံ သုံးသပ်ပြီး မေးခွန်းတွေကို အဖြေထုတ်ကြည့်ရင် ...

**... အဖြေ အမှတ် ၁**

သက်သတ်လွတ် စားတာနဲ့ ပတ်သက်ပြီး ထေရဝါဒီရဟန်း သို့မဟုတ် လူ အချင်းချင်းတော့ ဘာမှ မပြောပလောက်ပါဘူး။ သက်သတ် လွတ်သူက မလွတ်သူထက် ပိုမြတ်တယ်ဆိုရင် ရာစုနှစ်နဲ့ချီပြီး သက်သတ်လွတ် စားလာတဲ့ မဟာယာန ရဟန်းတွေက ထေရဝါဒ ရဟန်းတွေထက် ပိုသာနေမှာပဲ။ အမှန်က ဤခန္ဓာကိုယ် ရှင်သန်ရေးအတွက် အစားအစာကို စားသုံးရာမှာ ကုသိုလ်စိတ် ဖြစ်ခြင်း မဖြစ်ခြင်းသာ အဓိက

ကျလို့ သက်သတ် လွတ်သူတွေက ဒါမှဒါလို့ မဖြစ်သင့်သလို မလွတ်သူတွေကလည်း မဟာယာနဝါဒကြီးပါ၊ ဒေဝဒတ် ဝါဒကြီးပါလို့ လက်ညှိုးထိုး အပြစ်တင်နေစရာ မလိုဘူးလို့ ထင်ပါတယ်။

**... အဖြေ အမှတ် ၂**

ဓမ္မကို မူရင်းအတိုင်း သိမ်းထားပြီး နောက်တိုးကို လက်မခံတဲ့ ထေရဝါဒ အမြင်အရဆိုရင် သက်သတ် မလွတ်ဖို့ ဗုဒ္ဓရဲ့ တားမြစ်ချက် မရှိလို့ သက်သတ်လွတ် စားတာဟာ မရှိမပဋိပဒါနဲ့ မသတ်သက်ဘူးလို့ ဆိုခွင့်ရှိပါတယ်။ ဒါပေမယ့် သက်သတ်လွတ်စားပြီး သမထနည်းနဲ့ တရားထိုင်ကြတဲ့ မဟာယနရဟန်းတွေလည်း သမာဓိကို ထူထောင်နိုင်တာ သေချာတယ်။ ဒါကြောင့် သူတို့ဟာ ထေရဝါဒ တရားရိပ်သာတစ်ခုခုမှာ သက်သတ်လွတ်စားပြီး ဝိပဿနာနည်းနဲ့ စနစ်တကျ တရားအားထုတ်ပေမယ့် တစ်မဂ် တစ်ဖိုလ်ကို မရနိုင်ဘူးလို့ ငြင်းရင် မှားတာပဲ့မလား။

**... အဖြေ အမှတ် ၃**

သက်သတ်လွတ် စားတာကို ဓုတင်ဆောက်တည်တာလို စရဏကျင့်စဉ်တစ်ရပ်အနေနဲ့ ဘုန်းကြီး မယူဆဘူး။ ဒါပေမယ့် မိမိခန္ဓာကိုယ် မျှတဖို့အတွက် အထောက်အပံ့ ပြုတယ်ဆိုရင် သက်သတ်လွတ်မှုဟာ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ အလုပ်မျိုး ဖြစ်နိုင်တာပေါ့။ ဘောဇနမတ္တညူ (စားသောက်ရာမှာ အတိုင်းအတာကို နားလည်းတဲ့) အင်္ဂါနဲ့ အညီ ကြုံရာရရာကို စားသောက်ရင်လည်း အကုသိုလ်အပြစ် မဖြစ်ပါဘူး။ အကျိုးတရားလည်း မလျော့နိုင်ပါဘူး။

စကားမစပ်၊ အပြစ်တင်ရင်လည်း ခံရမှာပဲ။ တိုက်တိုက်ဆိုင်ဆိုင် နေ့လယ်က အမဲခြောက်ကြော် နည်းနည်းစားမိတာ အခု အစာမကြေချင်သလို ဖြစ်နေလို့ သက်သတ်လွတ် ကိစ္စဒီမျှနဲ့ ကျေနပ်ပါဘိ။

သတ္တဝါတွေ သံသယဝဲကို လွန်မြောက်နိုင်ကြပါစေ။ ❐

# သစ္စာပါရမီ

ရှိသေစွာ လျှောက်ထားအပ်ပါသည်၊

ဗုဒ္ဓလောင်းလျာ ဘုရားအဖြစ်ကို ရရှိဖို့ ဖြည့်ကျင့်ခဲ့ရသည့် ပါရမီ ဆယ်ပါးရှိရာတွင် သစ္စာပါရမီ အကြောင်းကို သိလိုစိတ် ပြင်းပြနေပါသဖြင့် မေတ္တာရှေ့ထား၍ ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား။

အောင်ထွန်းလင်း

---

## သစ္စာ ၂ နှစ်မျိုး

သစ္စာပုဒ်ကို မေတ္တာသုတ်ထဲက ဥဇုနဲ့ သုဟုဇု နှစ်ပုဒ်နဲ့ အဓိပ္ပာယ်ဖွင့်ဆိုလေ့ ရှိပါတယ်။ နှုတ်ထွက်နဲ့ အလုပ် တူညီတာ ဥဇု။ နှုတ်ထွက်၊ အလုပ်၊ စိတ်ကြံ သုံးမျိုးလုံး တစ်ထပ်တည်း ကျရင်တော့ သုဟုဇု။ ဥဇု = ဖြောင့်မတ်ခြင်း၊ သုဟုဇု = သိပ် ဖြောင့်မတ်ခြင်းလို့ မြန်မာလို မှတ်နိုင်တယ်။ တစ်ယောက်ကို ဖြစ်စေ၊ အများကို ဖြစ်စေ မမှန်တာကို မပြောတာ၊ တကယ် လုပ်နိုင်တာထက် ပိုပြီး မကြွားဝါတာ၊ နှုတ်က ပြောတဲ့အတိုင်း လုပ်တာ ... ဒါတွေဟာ 'သစ္စာ' ပါပဲ။ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုဆိုတာဟာ နှုတ်ထွက်စကားတွေ စကားလုံးတွေပေါ်မှာ တည်မှီတယ်။ သစ္စာနဲ့ ယှဉ်နေတဲ့ ကိုယ်မှု နှုတ်မှုတွေဟာ လောကကို ကောင်းကျိုးပြုပြီး ဆိုးကျိုးကို ကာကွယ်တယ်။

အလုပ်နဲ့ အပြောဟာ စိတ်ဆန္ဒ သို့မဟုတ် စိတ်အကြံက စီးဆင်းတာ။ ဒါကြောင့် ရိုးသားတယ်လို့ ပြောရာမှာ ဘယ်လောက်ပဲ အပြောချိုချို အလုပ် ကောင်းကောင်း စိတ်ထား မမှန်ရင် သစ္စာ မဖြစ်နိုင်ဘူး။ ဆောက်လိုက်တဲ့ တံတားကြီးက အများအမြင် ကောင်းတာပဲ၊ ဒါပေမယ့် ရည်ရွယ်ချက်က ရန်သူကို အပေါ်စီးက ကြည့်ပြီး အနိုင်ယူဖို့ဆိုရင် သစ္စာ မဖြစ်နိုင်ဘူး။ သစ္စာပါရမီ အဖွင့်အရ နှုတ်ပြောနှင့် အတွင်းစိတ်ထား တစ်ထပ်တည်း မကျရင် လိမ်သာခြင်းပါပဲ။

## ပါရမီပြည့်ခြင်း

ပါရမီဆိုတာ ပရမ = မြင့်မြတ်သူတို့ရဲ့။ ဏျ = အလုပ် (ပရမ + ဏျ = ပါရမီ)။ လူတော်လူကောင်းတွေရဲ့ အလုပ်။ တစ်နည်း ပရ = ဗောဓိဉာဏ်သို့။ မီ = သွားသည် (ပရ + မီ = ပါရမီ)။ ဗောဓိဉာဏ်ဆီသို့ သွားတဲ့အကျင့် (သီ-ဋီ-သစ် ၁၊ ၂၄၈)။ ဒါကြောင့် လူကောင်း ဖြစ်ချင်သူတိုင်း၊ ဗောဓိဉာဏ်ကို ရလိုသူတိုင်း ပါရမီအလုပ်ကို လုပ်ရတယ်။

ဒီအလုပ်ကို လုပ်ရာမှာ တဖြည်းဖြည်း လုပ်ယူရတယ်။ အချိန်ကြာပေမယ့် စိတ်မလျှော့ရဘူး။ ယနေ့လုပ် မနက်ဖြန် တော်ပြီဆိုတာမျိုးလည်း မဖြစ်ရဘူး။ ကောင်းတာမှန်ရင် အကုန် လုပ်နိုင်အောင် ကြိုးစားရတယ်။ လေးလေးစားစား၊ ပျော်ပျော်ပါးပါးလည်း လုပ်ဦးမှ။ ဆိုပါစို့၊ ကိုယ့်ကို ဒုက္ခရောက်အောင် လုပ်ထားသူတစ်ယောက်ကို ညက်ညက်ကြေအောင် ပြန်'တွယ်'ချင်တဲ့စိတ် တစ်နေ့ကို ဆယ်ကြိမ် ဖြစ်တယ် ဆိုရင် တဖြည်းဖြည်း လျှော့ချ၊ တစ်ကြိမ်လောက်ပဲ စိတ်ပိုင်းလေ့ကျင့်မှု လုပ်ဖြစ်တယ်ဆိုရင် အဲဒီထက် များနိုင်အောင် ကြိုးစား။ အဲဒါ ပါရမီပြည့်တာပဲ။ တစ်နေ့ ငါးကြိမ်လောက် မမှန်တာကို ပြောမိတယ်ဆိုရင် အဲဒီထက် နည်းအောင် လျှော့ချနိုင်ဖို့ ကြိုးစားတာဟာ သစ္စာပါရမီကို ပြည့်ကျင့်နေတာပဲ။ မကောင်းတာတွေ နည်းသွားပြီး ကောင်းတာတွေ များလာရင် ပါမီပြည့်တာပါပဲ။

## ဓမ္မကို သစ္စာမဖောက်နဲ့

အသတ်ခံရမှာကို သိလျက်နဲ့ ပြန်လာပါမယ်ဆိုတဲ့ နှုတ်ကတိအတိုင်း လူသားစားတဲ့ ပေါရိသာဒဆီကို ပြန်သွားဖို့ ဘုရားလောင်းတော်ကြီး မဟာသုတသောမမင်းရဲ့ စဉ်းစားပုံက --

'ဘီလူးထက်လည်း၊ ကြမ်းခက်ကြွပ်ဆတ်၊ ပေါရိသာဒ်သည်၊ ရှတ်ရှတ်မစား၊ ကျွန်ုပ်အားကို၊ ဖမ်းငြားပြီးမြောက်၊ လက်သို့ရောက်မှ၊ တခေါက်ပြည်ရွာ၊ ဂါထာနာဟု၊ သစ္စာယုံထွေ၊ လွှတ်လိုက်ပေသည်၊ မသွေထိမ်မြူး၊ သူ့ကျေးဇူးကို၊ အထူးဖြင့်လျှင်၊ ကျွန်ုပ်တင်၏' (ပျို့စာပိုဒ်၊ ၈၈) တဲ့။

စေတနာကောင်းနဲ့ ယှဉ်ပြီး သစ္စာဖြစ်နေတဲ့ စကားလုံးတွေမှာ ကြီးမားတဲ့ စွမ်းအင် (Energy) ရှိကြောင်းကို ဗုဒ္ဓစာပေမှာ အများကြီး ဖော်ပြပါတယ်။ သစ္စာပြုပြီး ကိစ္စကို အောင်မြင်စေတယ် ဆိုတာ ဒီစွမ်းအင်ကြောင့် ဖြစ်ရတာပါ။ ဒါပေမယ့် ... အလွန် အစွမ်းထက်တယ်ဆိုတဲ့ ဂါထာတွေ၊ ဓမ္မစာတွေကို ဘယ်လောက်ပဲ ရွတ်ဆိုစေ၊ ဒါတွေက အပေါ်ယံ အကာလွှာမျှသာ ဖြစ်ပြီး ဓမ္မရဲ့ အနှစ်သာကို အဲဒီနည်းနဲ့ မရနိုင်ဘူး။ အကာနဲ့အနှစ် ဆန့်ကျင်မယ် ဆိုရင်တော့ နှုတ်က ဓမ္မကို မြွက်ဆိုပေမယ့် ကိုယ်က အဓမ္မကို လုပ်မိလျက်သား ဖြစ်နေတတ်တယ်။ အဲဒီလို ဖြစ်တာကို ဓမ္မကို သစ္စာဖောက်တာပဲ။

**စိတ်မရှိပါနဲ့**

တစ်ခါက မြန်မာ ဓမ္မကထိက ဆရာတော် တစ်ပါးက ပြင်သစ်နိုင်ငံကို ရောက်ခိုက် သီရိလင်္ကာလူမျိုး ဟိုတယ် ဝန်ထမ်းကို နှုတ်က Yes လို့ ပြောလိုက်ပေမယ့် စိတ်ထဲကတော့ လုံးဝ No ပဲလို့ မှတ်ထားကြောင်း တရားထဲမှာ ထည့်ဟောသတဲ့။ အဲဒီတရားကို စာအုပ်ထုတ်တော့ ရေမြေခြားမှာ နေထိုင်တဲ့ ဖတ်မိသူ ဒကာတစ်ယောက်က ပရိသတ်ကို အဲဒီလို အသိပေးသင့်သလားလို့ မေးဖူးတာကို အမှတ်ရတယ်။ မြန်မာပြည်က ရောက်ခါစ ရှစ်နှစ် ကိုးနှစ်လောက် မောင်နှမ နှစ်ယောက် ကျောင်းမှာ မမှန်တာကို ပြောလို့ ဆရာမက အိမ်ကို တိုင်စာ ပို့တာကို အဖွားဖြစ်သူက စိတ်ဆိုးပြီး ကျောင်းပြောင်းပစ်တဲ့ ဖြစ်ရပ်ကို ဘုန်းကြီးကိုယ်တွေ့ ကြုံဖူးပါတယ်။ စိတ်မရှိပါနဲ့။ ကလေး နှစ်ယောက် ဖြစ်ပုံနဲ့ ဓမ္မကထိကရဲ့တရား ကွင်းဆက် ရှိနိုင်မလားလို့ သံသယဖြစ်မိတယ်။

ဒါကြောင့် သစ္စာပါရမီ ဆိုတာနဲ့ ဟာ ... ဘုရားလောင်းကျင့်စဉ်တို့နဲ့ မဆိုင်ဘူးလို့ မတွက်လိုက်ပါနဲ့။ ဆိုင်မှ ဆိုင်။ ဒီဖက်နိုင်ငံတွေမှာ ကလေးတွေကို ကျောင်းစနေတာနဲ့ မလိမ်တတ်အောင်၊ အမှန်ကို ပြောရဲအောင်၊ မှားတာကို ဝန်ခံရဲအောင် အထူး လေ့ကျင့်ပေးတယ်။ ဒီအချက်ကို လူမျိုးနဲ့ နိုင်ငံ တိုးတက်ဖို့ အခြေခံအနေနဲ့ ယူဆကြတာကိုး။

ဒါကြောင့် ဒီက ကလေးတွေရဲ့ နှုတ်က 'It's no fair.' ဆိုတဲ့ စကားကို မကြာမကြာ ကြားရလေ့ရှိပါတယ်။

**အားလုံးရဲ့ အခြေခံ**

စရိယာပိဋက အဖွင့်အရ ဗုဒ္ဓလောင်းလျာဟာ နစဉ်ဘဝမှာလည်း မမှန်မသား လုံးဝ မပြောဘူးတဲ့။ တစ်ခါတစ်ရံ သတ်ဖြတ် လုယက်စတဲ့ အကုသိုလ်ကံကို လုပ်မိလို့ တိရစ္ဆာန် သူတောင်းစားစတဲ့ နိမ့်ချာတဲ့ဘဝ မျိုးကို ရောက်ရပေမယ့် ကိုယ်ကျိုးမပါတဲ့ စွန့်လွှတ်မှုဆိုတဲ့ နေက္ခမ္မနဲ့ ဖြောင့်မတ်ခြင်း တကယ့် ဖြောင့်မတ်ခြင်းဆိုတဲ့ သစ္စာပါရမီ နှစ်ပါး ကြောင့် လူစတဲ့ မြင့်မြတ်တဲ့ ဘဝတွေကို ပြန်ရတာလို့ ဆိုပါတယ်။

ဒါကြောင့် နေက္ခမ္မပါရမီကို အခြေခံအုတ်မြစ်နဲ့ နှိုင်းဆိုပြီး သစ္စာ ပါရမီကိုတော့ အပေါ် အဆောက်အအုံနဲ့ ဥပမာပြုလေ့ရှိပါတယ်။ ဗုဒ္ဓဟာ သစ္စာပါရမီ ရှိလို့သာ ဗုဒ္ဓအဖြစ်ကို ရခဲ့တာလို့တော မဆိုနိုင်ဘူးလား။ လူတစ်ယောက် တိုင်းပြည်တစ်ခု တိုးတက်တက်ဖို့လည်း ဒီအခြေခံကပဲ စရမှာပါ။ သစ္စာပါရမီကို ကြိုးစားပြီး ဖြည့်ကျင့်နိုင်ကြပါစေ။ ▫

**ဗုဒ္ဓ ဆံတော် ပယ်သလား**
**နားရွက်တော် ရှည်မရှည်**

ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

တပည့်တော် စက်ရုံမှာ အလုပ်လုပ်နေပါသည်။ တပည့်တော်နှင့် အခန်းတူ နေသည့် အမျိုးသမီးမှာ ခရစ်ယာန်ဘာသာဝင် ဖြစ်ပါသည်။ ဘာသာရေးအကြောင်းကို ပွင့်လင်းစွာ ဆွေးနွေးနိုင်သူ ဖြစ်ပါသည်။ သူ

သည် ဗုဒ္ဓဓမ္မကိုလည်း စိတ်ဝင်းစားပုံရပါသည်။ သူမေးသည့် မေးခွန်း တွေကို ဖြေနိုင်ဖို့ ဘုရားတပည့်တော်လည်း ကြိုးစားပြီး လေ့လာပါ သည်။ ယခု တပည့်တော် မေးလျှောက်လိုသည်မှာ ဗုဒ္ဓဘုရားရှင်သည် ဆံတော်ကို ပယ်ပါသလား။ ဆင်းတုတော်များမှာ ဖူးတွေ့ရသည့်အတိုင်း ဆံတော်ကို မပယ်ဘူးလား။ နားရွက်တော်မှာ ဆင်းတုတော်အတိုင်း ရှည်လျားပါသလား ဆိုတာကို ဖြေကြားပေးစေချင်ပါသည် ဘုရား။

မစုစု

---

**ဗုဒ္ဓ ဆံတော် ပယ်မပယ်**

သိဂိီရဝပုဏ္ဏားနဲ့ အဂ္ဂိဘာရဒွါဇပုဏ္ဏားတို့က မြတ်ဗုဒ္ဓကို 'မုဏ္ဍက (ဦးပြည်းကတုံးစုတ်)'လို့ နှိမ့်ချပြီး ခေါ်ဖူးတယ် (မ ၂၊ ၄၂၄။ သုတ္တနိ၊ ၂၉၇)။ ဗုဒ္ဓကိုယ်တိုင်လည်း 'ထိုငါသည် မိဘများ မလိုလား၍ ငိုကြွေး ကြစဉ် ဆံမုတ်ဆိတ်ကို ရိတ်ပယ်ပြီး ဖန်ရည်ဆိုး အဝတ်ကို ဝတ်၍ ရဟန်းပြုခဲ့၏ (မ ၁၊ ၃၀၃။ မ ၂၊ ၄၂၄)'လို့ သစ္စကနဲ့ သိဂိီရဝပုဏ္ဏား တို့ကို မိန့်တော်မူဖူးပါတယ်။ ဒီပါဠိတော် တွေအရဆိုရင် ဗုဒ္ဓရှင်တော် မြတ်ဟာ ခေါင်းရိတ်ထားတယ်လို့ ဆိုနိုင်တယ်။ ဒါပေမယ့် နှောင်းခေတ် အဖွင့်ကျမ်းတွေမှာတော့ 'ဗုဒ္ဓရဲ့ ဦးခေါင်းပေါ်မှာ ရစ်ခွေနေတဲ့ လက်နှစ် သစ်လောက် ဆံပင်ရှည် ရှိတယ်။ မုတ်ဆိတ်မွေးလည်း အနေတော်မျှ ရှိတယ်။ အသက်ထက်ဆုံး ထိုထက် ပိုမရှည်ဘူး (ဇာ-ဋ္ဌ ၁၊ ၇၄)'လို့ ဆိုတယ်။ သက္ကတဘာသာနဲ့ ရေးတဲ့ ကျမ်းတွေမှာလည်း လက်နှစ်သစ် ဆံခွေနှင့် အနေတော် မုတ်ဆိတ်မွေး ရှိတယ်ဆိုတဲ့ အဆိုတွေရှိတယ်။ (မေးခွန်းအမှတ် ၁ ရဲ့ အဖြေကို ပြန်ကြည့်ပါ။)

ဒါကြောင့် နှောင်းခေတ် ပန်းပုဆရာတွေ မြတ်ဗုဒ္ဓရဲ့ ပုံတုဆင်းတု ကို ထုလုပ်ကြတဲ့အခါ အချို့ ဆံပင်ကို ပယ်ထားပြီး အချို့မှာ ဆံပင် ပုံပါတယ်။ သီဟိုဠ် မြန်မာ ယိုးဒယားစတဲ့ နိုင်ငံက ဆင်းတုတွေမှာတော့ ညာဘက်ကို ရစ်ခွေနေတဲ့ လက်နှစ်သစ်ဆံပင် ဆိုတာကို သရုပ်ဖော်တဲ့

အနေနဲ့ ဆံပင်ပုံပါနေတာ ဖြစ်နိုင်တယ်။ အမှန်တော့ ဗုဒ္ဓမှာ ဆံထုံး မရှိတန်ရာပါဘူး။ တစ်ချို့ ဆင်းတုတွေမှာ ဦးခေါင်းတော်ရဲ့ အလယ်တည့်တည့်မှာ ဆံပင်ပေါ်က သန်လျက်ပုံ ရှည်ရှည်မျောမျော တစ်ခုပါတယ်။ အဲဒါက တော့ သဗ္ဗညုတဉာဏ်တော်ကို ကိုယ်စားပြုတာလို့ ဆိုတယ်။

## ဗုဒ္ဓရဲ့ နားရွက်တော်

ဗုဒ္ဓရဲ့ ခန္ဓာကိုယ်မှာပါတဲ့ လူသာမန်တို့နှင့် မတူတဲ့ ထူးခြားတဲ့ လက္ခဏာတော်ကြီး ၃၂ ပါးထဲမှာ နားရွက်နှင့် ပတ်သက်တဲ့ ထူးခြားမှု မတွေ့ရဘူး။ လက္ခဏာတော်ငယ် ၈၀ ပါးထဲမှာတော့ '(၄၇) အာယတ ရုစိရ ကဏ္ဏတာ = ရှည်ပြီး လှပတင့်တယ်သော နားရွက်တော် ရှိခြင်း' ဆိုတာ ပါတယ်။ လူသာမန်ထက် ထူးခြားစွာ ရှည်ပေမယ့် အချိုးအစား ကျပြီး ဖူးမြင်လို့ကောင်းတဲ့ အနေမျိုးရှိမှာပါပဲ။ ကြည်ညိုလို့ မကောင်းအောင် ပခုံးတော်ကို ထောက်နေတဲ့အထိတော့ မရှည်တန်ရာပါဘူး။ ကျိုးမသွားအောင် ပန်းပုဆရာတွေ အဲဒီလို ဖန်းတီးခဲ့တာ ဖြစ်နိုင်တယ်။

အချို့ ကြေးသွန်း ဆင်းတုတွေမှာ နားရွက်အောက် တည့်တည့်မှာ နားရွက်တော် အနေအထား မပြောင်းအောင်လို့ ထည့်ထားဟန်တူတဲ့ ပခုံးကို ထောက်နေတဲ့ သံချောင်းရှည်ကိုတောင် တွေ့နိုင်တယ်။ အချို့ ဆင်းတုတော်တွေမှာ နားရွက်တော် ကြီးလွန်းနေတယ်။ ဘာအဓိပ္ပာယ်နဲ့ ဆိုတာတော့ မသိဘူး။ ဘုန်းကြီးအထင် ဒါတွေက ထုလုပ်သူရဲ့ အနုပညာစွမ်းရည်နဲ့ပဲ ဆိုင်မယ်ထင်တယ်။

## နှလုံးသွင်းရန်

ဗုဒ္ဓသာသနာရဲ့ သမိုင်းဦးအချိန်က ဗုဒ္ဓရဲ့ပုံတူ ဆင်းတု ပန်းချီ ထုလုပ်ရေးဆွဲမှုကို အလွန်ကြီး မနှစ်သက်ဘူးလို့ သုတေသီတို့ မှတ်ချက် ပြုထားတာရှိတယ်။ အထူးသဖြင့် ထေရဝါဒ ခေါင်းဆောင် ပုဂ္ဂိုလ်တွေက အားမပေးဘူးလို့ ဆိုတယ်။ အကြောင်းက သက်တော်ထင်ရှား ဗုဒ္ဓကို ကိုယ်တိုင် မမြင်တွေ့လိုက်ရဘဲ စိတ်ကူးနဲ့ ထုလုပ်ရေးဆွဲရုံနဲ့ ဗုဒ္ဓအစစ်နဲ့ မတူနိုင်ဘူးလို့ ယူဆလို့ ဖြစ်ပါတယ်။ ဒါကြောင့် ရှေးခေတ်အချိန်က ဆင်းတုနဲ့ ပန်းချီအစား ဗုဒ္ဓပါဒစေတီ (ဗုဒ္ဓရဲ့ ခြေတော်ရာစေတီ)ကို ထု

လုပ်ကိုးကွယ်တာ ဖြစ်ပါတယ်။ ပန်းချီပန်းပုပညာ ထွန်းကားလာတဲ့ အခါ ကျွန်းဂန်မှာ ဖော်ပြတဲ့အတိုင်း ဒီလိုပုံမျိုး ဖြစ်တန်ကောင်းရဲ့လို့ မှန်းဆပြီး ဗုဒ္ဓဆင်းတုတွေနဲ့ ပန်းချီရုပ်ပုံတွေ ထုလုပ်ရေးဆွဲ ကိုးကွယ်ကြတာ ဖြစ်ပါတယ်။

ဗုဒ္ဓရဲ့ ဆင်းတုတော်တွေ ပန်းချီကားတွေကို ဖူးမြင်ရတဲ့အခါ ဘယ်လို ပုံစံနဲ့ပဲ ထုလုပ် ရေးဆွဲထားစေကာမူ ဗုဒ္ဓရှင်တော်မြတ်ဆိုတာ အင်မတန် သပ္ပာယ်လှပတဲ့ ဉပမိရုပ် ပိုင်ရှင်ပါပဲလို့ သက်တော်ထင်ရှားဘုရားကို အာရုံပြုလိုက်ရုံပါပဲ။ ဗုဒ္ဓနဲ့ ဗုဒ္ဓဓမ္မ အကြောင်းကို ဆွေးနွေးတဲ့အခါ ဗုဒ္ဓဆင်းတုတော်ဟာ ဒုတိယနေရာမှာပဲ ရှိသင့်တယ်။ □

## မဟာသွေး တော်ဝင်ရှင်

ရိုသေစွာ မေးလျှောက်အပ်ပါသည် အရှင်ဘုရား၊

အရှင်ရာဟုလာသည် ဗုဒ္ဓဘုရားရှင်ရဲ့ သားတော်ဖြစ်ရန် မည်သို့ ဆုတောင်းခဲ့သည်ကို သိလိုပါသည်။ အရှင်မြတ်သည် ကိုရင်ဝတ်နဲ့ ရဟန္တာဖြစ်တာလား ရဟန်းအဖြစ်သို့ ရောက်ပြီးမှ ရဟန္တာဖြစ်တာလား။ အရှင်ရာဟုလာသည် မည်သည့် အချိန်တွင် ပရိနိဗ္ဗာန်စံပါသနည်း။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးမှလား မစံခင်လားဆိုတာကို ပြောကြားပေးစေလိုပါသည်။

စုသက်မွန်

---

မေးခွန်းကို ဖြေဖို့ ဗုဒ္ဓရဲ့ သားတော် အရှင်ရာဟုလာအကြောင်းကို လေ့လာရင်း စိတ်ဝင်စားဖွယ် အချက်အလက်တွေကို တွေ့ရှိရပြီး အဲဒါတွေကို ချန်မထားခဲ့ချင်တာနဲ့ အားလုံးကို စုပေါင်းဖော်ပြလိုက်ပါတယ်။ သဒ္ဓါတရား ရှေ့သွားပြုပြီး ဖတ်ရှုလေ့လာပြီး အတုယူကျင့်သုံးနိုင်ပါစေ။

**နဂါးမင်း**

ပဒုမုတ္တရ ဘုရားလက်ထက်က ဟံသာဝတီပြည်မှာ အင်မတန် ချစ်ခင်ကြတဲ့ သူဌေးသား နှစ်ယောက် ရှိတယ်။ အမျိုးအမည်ကို မဖော်ပြဘူး။ အတွေးအမြင် တူညီကြတဲ့ သူငယ်ချင်း နှစ်ယောက်ဟာ ပစ္စည်းဥစ္စာရဲ့ အနှစ်သာရကိုပဲ ရယူတော့မယ်ဆိုပြီး အလှူဒါန များစွာ ပြုလုပ်ကြရင်း ကွယ်လွန်တဲ့အခါ မိမိတို့ ကိုးကွယ်တဲ့ ဆရာရသေ့ သင်ကြားတာကို လိုက်နာ ဆုတောင်းခဲ့တဲ့အတိုင်း တစ်ယောက်က ပထဝိန္ဓရ အမည်ရှိတဲ့ နဂါးမင်း (မ-ဠ ၃၊ ၂၀၀။ ရဋ္ဌပါလသုတ် အဖွင့်မှာတော့ ဘူမိန္ဓရ နဂါးပြည်မှာ ပါလိတ အမည်ရှိတဲ့ နဂါမင်းလို့ ဆိုတယ်)၊ ကျန်တစ်ယောက်က သိကြားမင်း ဖြစ်တယ်။

နဂါးမင်းဟာ သိကြားမင်းကို ခစားရတယ်။ နဂါးမင်း အခစားလာတဲ့အခါ သိကြားမင်းက မှတ်မိပြီး နဂါးအဖြစ်ကို မနှစ်သက်တဲ့ သူငယ်ချင်းကို ပဒုမုတ္တရ မြတ်ဗုဒ္ဓနဲ့ ရဟန္တာတွေကို ပင့်ဖိတ်အလှူဒါနပြုပြီး သိကြား မင်းအဖြစ်ကို ပြန်ဆုတောင်းဖို့ အကြံပေးတယ်။ ဒါနဲ့ နဂါးမင်းဟာ ဗုဒ္ဓအမှူးပြုတဲ့ ရဟန္တာတစ်ထောင်ကို ဆွမ်းကပ်လှူတယ်။ ရဟန်းတွေထဲမှာ ဗုဒ္ဓနဲ့ အင်မတန် ရုပ်ချင်းတူတဲ့ ချစ်စဖွယ် သာမဏေငယ် တစ်ပါး ပါတယ်။ ဥပရေဝတ ဘွဲ့မည်ရှိတဲ့ ဒီသာမဏေဟာ ဗုဒ္ဓရဲ့ သားတော် ဖြစ်ကြောင်း သိသွားတဲ့အခါ နဂါးမင်းဟာ သာမဏေကို အလွန်ကြည်ညို စွဲလမ်းသွားပြီး သိကြားမင်းအဖြစ် ဆုမတောင်းတော့ဘဲ မိမိလည်း ဗုဒ္ဓရဲ့ သားတော်ဖြစ်လိုကြောင်း ဆုပန်တယ် (အံ-ဋ္ဌ ၁၊ ၁၉၇။) ဘုရားသီတင်းသုံးတဲ့ ကျောင်းတော်မှာ ကြေးမုံအခင်း (မှန် စီအခင်း)ကိုလည်း လှူဒါန်းတယ် (အပါဒန ၁၊ စာ-၆၆)။

**သိကြားမင်း**

နောက်တစ်ကြိမ် သိကြားမင်းဆီကို အခစားသွားတဲ့အခါ နဂါးမင်းက မိမိတောင်းခဲ့တဲ့ဆုကို ပြောပြတဲ့အတွက် ဘဝသံသရာမှာ ချစ်သူငယ်ချင်း နှစ်ယောက် ပြန်ဆုံစည်းနိုင်ဖို့ ရည်ရွယ်ပြီး သိကြားမင်းလည်း မြတ်စွာဘုရားနဲ့ သံဃာတွေကို အလှူဒါနပြုတဲ့အခါ သဗ္ဗီပဗ္ဗဇိတ တောဒင်

(ဗုဒ္ဓသာသနာကို ကြည်ညိုလို့ ရဟန်းပြုလာသူတွေထဲမှာ အမြတ်ဆုံး) ဘွဲ့ရတဲ့ ရဟန္တာတစ်ပါးကို အားကျလို့ ထိုမထေရ်လို ဖြစ်ဖို့ ဆုတောင်းတယ်။ ပဒုမုတ္တရ မြတ်စွာဘုရားဟာ သူငယ်ချင်းနှစ်ယောက်ရဲ့ ပြုပြီးတဲ့ ကောင်းမှုအထူးကို မြင်တော်မူလို့ နဂါးမင်းက ဂေါတမဗုဒ္ဓရဲ့ သားတော်၊ သိကြားမင်းက ထိုဂေါတမဗုဒ္ဓသာသနာမှာပဲ သဒ္ဓါပဗ္ဗဇိတ ဖြစ်ရတဲ့ ရဟန္တာဖြစ်မယ်လို့ ဗျာဒိတ် ချွေတော်မူပါတယ်။

ဒီဖြစ်ရပ် နှစ်ခုက ဒီကမ္ဘာမတိုင်ခင် ကမ္ဘာတစ်သိန်းအလွန်က ဖြစ်ခဲ့တဲ့ ဖြစ်ရပ်ပါ။ ဂေါတမဗုဒ္ဓသာသနာမှာတော့ နဂါးမင်းက ဗုဒ္ဓလောင်းလျာ မင်းသိဒ္ဓတ်ရဲ့ သားတော် အရှင်ရာဟုလာ၊ သိကြားမင်းက သူဌေးသား ဖြစ်ဒဂ်ရှင် အရှင်ရဋ္ဌပါလ ဖြစ်လာပါတယ် (အံ-ဋ္ဌ ၁၊ ၁၉၇)။

## ရှင်ရာဟုလာ

ဗုဒ္ဓလောင်းလျာ မင်းသိဒ္ဓတ် တောထွက်မယ့်နေ့မှာ သားတော် ရာဟုလာကို မွေးဖွားခဲ့တယ် (အံ-ဋ္ဌ ၁၊ ၁၁၂)။ အဲဒီနောက် ခုနစ်နှစ်အကြာ မင်းသိဒ္ဓတ် ဗုဒ္ဓဖြစ်တဲ့အခါ ခမည်းတော် သုဒ္ဓေါဒနမင်း ပင့်ဖိတ်လို့ မွေးရပ်မြေ ကပိလဝတ္ထုကို ပထမဆုံးအကြိမ် ကြွစဉ်မှာ ယသော်ဓရာ မိဖုရားက သားတော်ကို ဗုဒ္ဓထံမှ အမွေ တောင်းခိုင်းတယ်။ ဗုဒ္ဓရှင်တော်မြတ် ကျောင်းကို အပြန်မှာ အမွေတောင်းရင်း နောက်က လိုက်လာတဲ့ ရာဟုလာကို လောကီအမွေကို မပေးဘဲ လောကုတ္တရာ အမွေကိုပေးတဲ့အနေနဲ့ သားတော်ကို ရှင်ပြုပေးဖို့ အရှင်သာရိပုတြာကို မိန့်တော်မူပါတယ်။ အရှင်မဟာမောဂ္ဂလ္လာန်က ခေါင်းရိတ်၊ သင်္ကန်း ဝတ်ပေးပြီး သရဏဂုံပေးတယ်။ အရှင်မဟာကဿပက ရှင်ရာဟုလာကို သာမဏေတို့ ကျင့်ဝတ်ကို သင်ကြားပေးပါတယ်။ အရှင်သာရိပုတ္တရာကတော့ ရှင်ရာဟုလာကို အနီးကပ် ဆုံးမပေးရတဲ့ ဥပဇ္ဈာယ်ဆရာ ဖြစ်ပါတယ်။ ဗုဒ္ဓရဲ့ ခမည်းတော် တောင်းပန်မှုအရ အဲဒီအချိန်ကစပြီး မိဘခွင့်မပြုသူကို ရှင်ရဟန်း ပြုမပေးရတော့ဘူး (ဝိ-ဋ္ဌ ၃၊ ၂၉၁)။

## ဗုဒ္ဓနှင့်အတူ

ရှင်ရာဟုလာ ရှင်ပြုပြီးသည်နဲ့ ဗုဒ္ဓရှင်တော်မြတ်က မပြတ်မလပ် ဩဝါဒ

ပေးပြီး သုတ္တန် များစွာ ဟောကြားတော်မူတယ်။ တစ်ချို့ ဩဝါဒတွေကို ထပ်ခါထပ်ခါ ပေးတော်မူတယ်။ ရှင်ရာဟုလာ အသက် ၇ နှစ်အရွယ်မှာ ပျော်စေ ပျက်စေသဘောနဲ့ပင် လိမ်ညာ ပြောဆိုတာကို ရှောင်ကြဉ် တတ်အောင် ရည်ရွယ်ပြီး ဗုဒ္ဓက အမ္ဗလဋ္ဌိကရာဟုလောဝါဒ သုတ်ကို ဟောကြားပါတယ်။ ငယ်စဉ်ကပင် မလိမ်တတ်အောင် လေ့ကျင့် သင်ကြားပေးတာဟာ ရှင်ရာဟုလာက အစပြုခဲ့တာပါ။

ရှင်ရာဟုလာ အသက် ၁၈ နှစ် အရွယ်မှာ ဗုဒ္ဓရှင်တော်မြတ်နဲ့အတူ ဆွမ်းခံ လှည့်လည်ရင်း ခမည်းတော်ဗုဒ္ဓနဲ့ မိမိကိုယ်တိုင်ရဲ့ ဥပဓိသမ္ပတ္တိ (ရုပ်ဆင်းအင်္ဂါ သပ္ပာယ်မှု)ကို အကြောင်းပြုပြီး ဆွေမျိုးမိဘချစ် စိတ်မျိုး တွေးကြံမိလို့ ဗုဒ္ဓရှင်တော်မြတ်က မဟာရာဟုလောဝါဒသုတ်ကို ဟော ပြီး အဲဒီစိတ်မျိုးမဖြစ်အောင် ဩဝါဒပေးတော်မူပါတယ်။ ထိုအစွဲကြောင့် ပဲ ဒီအချိန်ထိ တစ်မဂ် တစ်ဖိုလ်ကို မရနိုင်ခဲ့ဘူး (သုတ္တနိ-ဋ္ဌ ၂၊ ၇၃)။

## ရဟန္တာ ဖြစ်ပြီ

ရှင်ရာဟုလာဟာ အသက် ၂၀ ပြည့်ခါနီးမှာ ရဟန်းဖြစ်ပုံရပါတယ်။ အဋ္ဌကထာ (သုတ္တနိ-ဋ္ဌ ၂၊ ၇၄) မှာတော့ အရွယ်ရောက်လာတဲ့ ရှင်ရာ ဟုလာကို အရှင်သာရိပုတ္တရာကပဲ ဥပဇ္ဈာယ်ဆရာပြုပြီး ရဟန်းပြုပေး တယ်၊ အရှင်မောဂ္ဂလ္လာန်ကတော့ ကမ္မဝါစာဆရာ ဖြစ်တယ်လို့ သာမန် ပဲ ဆိုပါတယ်။ ရဟန်းဖြစ်ပြီးနောက်မှ အရှင်မြတ်ကို ဝိပဿနာရှုမှတ်ပုံ ကို သင်ကြားတဲ့အနေနဲ့ ရာဟုလောဝါဒသုတ္တန် (အံ ၁၊ ၄၈၃။ သံ ၂၊ ၃၂၄) တွေကို ဗုဒ္ဓ ဟောကြားတော်မူတယ်။

အရှင်ရာဟုလာ ရဟန်းဖြစ်ပြီးစ ဝါမရသေးခင်မှာ ဗုဒ္ဓရှင်တော် မြတ်ဟာ အရှင်မြတ်ရဲ့ စိတ်ဓာတ် ရင့်ကျက်လာတာကို သိတဲ့အတွက် အရှင်မြတ်နဲ့အတူ အန္ဓဝနကို နှစ်ပါးတည်းကြွပြီး အဲဒီမှာ စူဠရာဟုလော ဝါဒသုတ်ကို ဟောပါတယ်။ ယင်းသုတ်အဆုံးမှာ အရှင်ရာဟုလာ ရဟန္တာဖြစ်သွားတယ်။ တရားနာတဲ့ ထောင်ပေါင်းများစွာသော နတ် ဒေဝါတွေလည်း မဂ်ပေါက်ဖိုလ်ဝင် ဖြစ်သွားကြတယ်။ ဒီနတ်ဒေဝါတွေ ဟာ ပဒုမုတ္တရာဘုရား လက်ထက်တုန်းက အရှင်ရာဟုလာ လောင်းလျာ

နဂါမင်း ဗုဒ္ဓရဲ့သားတော်ဖြစ်ဖို့ ဆုပန်စဉ် ကြားလိုက်ကြတဲ့ မိတ်ဟောင်းတွေဖြစ်တယ်။ သူတို့အားလုံး အရှင်ရာဟုလာ ရဟန္တာဖြစ်မယ့်နေ့မှာ အန္ဓဝနမှာ စုဝေးရောက်လာကြသတဲ့ (သံ-ဋ္ဌ ၃၊ ၃၇)။

**မာရ်နတ်ရဲ့ အကြံ**

အရှင်ရာဟုလာဟာ ရဟန္တာဖြစ်ပြီးလို့ ဝါမရခင် ညတစ်ညမှာ ကျိန်းစရာနေရာမရှိလို့ ဇေတဝန်ကျောင်းတိုက်အတွင်း ဗုဒ္ဓသီတင်းသုံးတဲ့ ဂန္ဓကုဋိရှေ့နားက လွင်တီးခေါင်မှာ ကျိန်းရတယ်။ ညကျတော့ မာနတ်ဟာ ရောမ ဆင်ကြီးယောင် ဆောင်ပြီး အရှင်ရာဟုလာကို ခြောက်လှန့်ဖို့ လာသတဲ့။ ဒါပေမယ့် ဗုဒ္ဓက 'ရာဟုလာဟာ ဒေသကုန်ပြီဖြစ်လို့ နင်လိုကောင်မျိုး တစ်သိန်းမက လာခြောက်လည်း မကြောက်တော့ကြောင်း၊ အရှင်မြတ်ဟာ ဝိပဿနာပညာနှင့် ပြည့်စုံကြောင်း' ကြိုပြီး တရားဟောလွှတ် လိုက်လို့ မာရ်နတ်ကြီး တပ်ခေါက် ပြန်ခဲ့ရတယ် (ဓမ္မပဒ-ဋ္ဌ ၂၊ ၃၄၆)။ (သီဟိုဠ်မူမှာ အဝဿိကော၀ ပုဒ်အစား အဋ္ဌဝဿိကော၀ လို့ ရှိနေပုံပါပဲ။ ဒီအလိုဆိုရင် အရှင်ရာဟုလာ ရဟန္တာဖြစ်လို့ ရှစ်နှစ် အကြာမှာ ဒီကိစ္စ ဖြစ်တယ် ဆိုရလိမ့်မယ်။)

**ဆရာနဲ့အတူ အဆဲခံရပုံ**

တစ်ခါမှာ အရှင်သာရိပုတ္တရာဟာ နောက်ပါ သံဃာငါးရာနှင့်အတူ မွေးရပ်မြေ နာလကရွာက မိခင်ရဲ့အိမ်ရှေ့မှာ ဆွမ်းခံရပ်သတဲ့။ မယ်တော်ကြီးက အရှင်သာရိပုတ္တရာနဲ့ သံဃာတွေကို ဆွမ်းတော့ လောင်းတယ်။ ဒါပေမဲ့ ပါးစပ်က တစ်ဖျစ်တောက်တောက် မြည်တွန် ဆဲဆိုတယ်။ အဲဒီအချိန်မှာ နောက်က အရှင်ရာဟုလာလည်းပါလို့ ကျောင်းပြန်ရောက်တော့ မြတ်စွာဘုရားက အရှင်ရာဟုလာကို မေးတယ် -

'ဒီနေ့ ဘယ်ကို ဆွမ်းခံကြသလဲ'။ 'ဒကာမကြီး (အရှင်သာရိပုတ္တရာရဲ့မယ်တော်ကို ရည်ညွှန်းတယ်)အိမ်ကိုပါဘုရား'။ 'သင့် ဒကာမကြီးက သင့်ရဲ့ ဥပဇ္ဈာယ်ဆရာ (အရှင်သာရိပုတ္တရာကို ညွှန်းတယ်)ကို ဘာပြောလဲ'။ 'ဒကာမကြီးက တပည့်တော်ရဲ့ ဥပဇ္ဈာယ်ဆရာကို ဆဲဆိုပါသည် (အဏ္ဏုဗ္ဗော)'။ 'ဘယ်လို ဆဲဆိုတုန်း'။ 'သူတောင်းစား၊

ခုလို **တောင်းစားမလို့** ဒီက ကုဋေရှစ်ဆယ်ကို စွန့်ရက်ပလေလို့ ဆဲဆိုပါတယ်'။ 'သင့် ဥပဇ္ဈာယ်ဆရာက ဘာပြန်ပြောလဲ'။ 'ဘာမှ ပြန်မပြောပါ'။ အရှင်သာရိပုတ္တရာရဲ့ မတုံ့ပြန်ဘဲ တုံ့ပြန်မှုကို အကြောင်းပြုပြီး ရဟန္တာဆိုတာ စိတ်ဆိုးအမျက်ထွက်မှုကို ထွေးအန်ပြီးပြီလို့ မြတ်ဗုဒ္ဓက ရဟန်းတွေကို ဟောကြားတော်မူတယ် (ဓမ္မပဒ-႒ ၂၊ ၄၀၉)။

**ကံကောင်းသူ**

အရှင်ရာဟုလာဟာ ရဟန်းတော်တွေ ကြားထဲမှာ ရာဟုလဘဒ္ဒ (ကံကောင်းတဲ့ ရာဟုလာ)လို့ ထင်ရှားတယ်။ အဲဒီလို ခေါ်ခံရတာနဲ့ ပတ်သက်လို့ အရှင်မြတ်က 'ဗုဒ္ဓသားတော်ဖြစ်ခြင်းနဲ့ ရဟန္တာဖြစ်ခြင်းဆိုတဲ့ အကြောင်းနှစ်ပါးကြောင့် အဲဒီ နာမည်ကို ရထိုက်ပါသည်' (ထေရ၊ ၂၉၅ ဂါထာ)တဲ့။ ဗုဒ္ဓရှင်တော်မြတ် အနေနဲ့တော့ ဒေဝဒတ္တ၊ အင်္ဂုလိမာလနဲ့ ဓနပါလ (ဆင်ပြောင်)တို့ အပေါ်နဲ့ အရှင်ရာဟုလာအပေါ် ထားရှိတဲ့ မေတ္တာဟာ အတူတူပါပဲ (သုတ္တနိ-႒ ၁၊ ၂၀၀။ မိလိန္ဒ၊ ၄၁၀)။

အရှင်ရာဟုလာ ဟောကြားတာ ထေရဂါထာမှာ လေးဂါထာ (ဂါထာအမှတ် ၂၉၅ မှ ၂၉၈ ထိ) တွေ့ရတယ်။ မိလိန္ဒပဥှာမှာတော့ အရှင်ရာဟုလာ ဟောတဲ့ ဂါထာ ၅ ပုဒ် တွေ့ရတယ်။ (စာ- ၃၅၄ မှာ ၁ ဂါထာ။ ၃၅၉ မှာ ၃ ဂါထာ။ ၃၉၉ မှာ ၁ ဂါထာ။) မိလိန္ဒပဥှာမှာ ပါတဲ့ အရှင်ရာဟုလာကို သားတော် အရှင်ရာဟုလာလို့ ဆိုနိုင်ရင် အရှင်မြတ်ဟောတဲ့ တရားအနေနဲ့ ဂါထာ ၉ ပုဒ်ရှိကြောင်း မှတ်သင့်တယ်။ နောင် ကြုံရင် အဲဒီဂါထာ ၉ ပုဒ်ကို အကျယ် ရေးပြဦးမှာပါ။

**ဗုဒ္ဓရဲ့ ကုဋီမှာ ကျိန်းစက်ရ**

ဗုဒ္ဓရှင်တော်မြတ် ကောသမ္ဗီမြို့ ဗဒရိကာရာမကျောင်းတိုက်မှာ သီတင်းသုံးခိုက် အရှင်မြတ်ဟာ တစ်ညနေမှာ ကောသမ္ဗီကို ရောက်လာတယ်။ ထိုအချိန်က ရဟန်းတော်တစ်ပါးဟာ သာမဏေနဲ့အတူ တစ်မိုးတစ်ရံတည်းသောကျောင်းမှာ အတူမအိပ်ရဆိုတဲ့ သိက္ခာပုဒ်ကို ပညတ်ထားခါစ ဖြစ်တယ်။ ထိုအချိန်က ညကျိန်းစက်ဖို့ နေရာမရှိတဲ့အတွက် အရှင်ရာဟုတာ ဗုဒ္ဓရဲ့ ကုဋီ (အိမ်သာ)ထဲမှာ ကျိန်းစက်ရတယ်။ (ဗုဒ္ဓသုံးတဲ့

ကုဋ္ဌိဆိုတာ တံခါးရှိတယ်၊ နံ့သာတွေ ပန်းတွေနဲ့ ထုံမွမ်းထားပြီး စေတီ တိုက်ခန်းနဲ့ အတူတူပဲ၊ တစ်ခြားပုဂ္ဂိုလ်တွေ မသုံးဆောင်ကောင်းဘူး၊ ဝိ-၄ ၃၊ ၁၀။ တစ်ညလုံး ဆီးမီးတိုင် ထွန်းထားတယ်၊ ဇာ-၄ ၁၊ ၁၇၇)။ နံနက်လင်းလို့ ဗုဒ္ဓရှင်တော်မြတ် ရေအိမ်ဝင်တဲ့အခါ အရှင်ရာဟုလာကို တွေ့လို့ ဗုဒ္ဓက သိက္ခာပုဒ်မှာ ချွင်းချက်စာသား ပြန်ထည့်ရတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ဗုဒ္ဓရှင်တော်မြတ်က အရှင်သာရိပုတ္တရာကို ပြစ်တင်တော်မူတယ် 'ချစ်သား သာရိပုတ္တရာ၊ ရာဟုလာကို သင်ကိုယ် တိုင် ရှင်ပြု ရဟန်းခံပေးပြီး ယခုလို ပစ်ထားရင် အခြား အမျိုးကောင်း သားလေးတွေကို ရဟန်းပြုပေးပြီး ဘယ်လိုများ ကိုင်တွယ် ဆောင်ရွက် ပါ့မလဲ'တဲ့ (ဇာ-၄ ၁၊ ၁၇၇)။

**တေဒဂ်ဘွဲ့**

အရှင်ရာဟုလာဟာ သာမဏေဘဝနဲ့ ကတည်းကပင် ဗုဒ္ဓနှင့် မိမိရဲ့ ဆရာသခင်များထံမှ သင်ကြားချက်တွေကို ရလိုစိတ် အင်မတန် ပြင်း ပြတယ်။ မနက်လင်းတာနဲ့ လက်တစ်ဆုပ်စာ သဲကို ကောက်ယူပြီး 'ဒီနေ့ဆရာတွေဆီက ဤလက်ထဲက သဲလုံးများ ပမာဏရှိတဲ့ ဩဝါဒ စကားတွေကို ငါရနိုင်ပါစေ'လို့ မြွက်ဆိုလေ့ရှိတယ်။ အင်မတန် ဆုံးမ လွယ်တာနဲ့ ပတ်သက်ပြီး ရဟန်းတော်တွေက ရှင်ရာဟုလာကို ချီးမွမ်း စကားဆို နေကြခိုက်မှာ ဗုဒ္ဓကြွလာပြီး ယခင် ဘဝတွေတုန်းကလည်း နားထောင်လွယ်တဲ့ 'သုဝစ'ဂုဏ် ရှိခဲ့ကြောင်း တိပလ္လတ္ထမိဂဇာတ်နဲ့ တိတ္တိရဇာတ်တွေကို ဗုဒ္ဓ ဟောကြားတယ်။

နောင်အခါ အရိယာသံဃာ့ ပရိသတ်အလယ်မှာ အရှင်ရာဟုလာ ကို ဗုဒ္ဓရှင်တော်မြတ်က 'အကျင့်သိက္ခာကို ကျင့်လိုသူတွေအနက် အရှင် ရာဟုလာဟာ အသာဆုံး အမြတ်ဆုံး ဖြစ်၏'လို့ တေဒဂ်ဘွဲ့ ချီးမြှင့် တော်မူတယ် (အံ-၄ ၁၊ ၂၀၂)။

**ပရိနိဗ္ဗာန်စံခြင်း**

အရှင်ရာဟုလာဟာ ဗုဒ္ဓနဲ့ အရှင်သာရိပုတ္တရာတို့ထက်အရင် စောပြီး ပရိ နိဗ္ဗာန်စံတယ်။ တာဝတိံသာ နတ်ပြည်မှာ စံလွန်တယ် (ဒီ-၄ ၂၊ ၅၄၀)။

ဗုဒ္ဓရဲ့ သက်တော် ၂၉ မှာ မွေးဖွားတာဖြစ်လို့ အရှင်ရာဟုလာ ပရိနိဗ္ဗာန်စံလွန်ချိန်မှာ သက်တော် ၅၀ ထက် မကြီးနိုင်ပါဘူး။ သက်တော်ငယ်ငယ်ရွယ်ရွယ်နဲ့ ပရိနိဗ္ဗာန်စံလွန်တော်မူပါတယ်။ ဒါကြောင့် ပထမသံဂါယနာမှာ အရှင်ရာဟုလာ မပါနိုင်တော့ဘူး။ အရှင်မြတ်ဟာ ၁၂ နှစ်ပတ်လုံး အိပ်ရာပေါ်မှာ ကျောချ မအိပ်ဘဲ နိသဇ္ဇဓုတင် ဆောက်တည်ခဲ့တယ် (ဒီ-ဋ္ဌ ၂၊ ၃၂၉)။

ဘီစီ ၃ ရာစုမှာ အိန္ဒိယ ဧကရာဇ် ဘုရင်အသောကဟာ ရှင်သာမဏေတွေ ရှိခိုးဝတ်ပြုဖို့ ရည်ရွယ်ပြီး အရှင်ရာဟုလာ အမှတ်တရ စေတီတစ်ဆူ တည်ထားခဲ့ပါသတဲ့ (Beal, Buddhist Records of the Western World i, 180-181)။ □

# ရွှတ်ပွားကျင့်ကြံ

ရိုသေစွာ လျှောက်ထားအပ်ပါသည်၊

ပဋ္ဌာန်း ၂၄ ပစ္စည်းကို အသေးစိတ် (ပစ္စယုဒ္ဒေသ)ကို လူတွေ မရွတ်ကောင်းဘူးလား။ တန်ခိုးကြီးလွန်းလို့ ရွတ်ရင် ကိုယ်စောင့်နတ် အိမ်စောင့်နတ်နှင့် အခြားနတ်တွေ မခံနိုင်ဘူးလို့ ဆိုတယ်။ ဒီမေးခွန်းမျိုးကို မြန်မာပြည်က တိပိဋကဆရာတော် အချို့ကိုတောင် မေးဖူးရာမှာ အဲဒီလိုပဲ ဖြေကြတယ်။ အဲဒါ ဟုတ်ပါသလား။ ရှင်းပြပေးစေလိုပါသည်။

ပြေသက်မင်း

---

## လူငယ်တွေ ပဋ္ဌာန်းရွတ်ပွဲ

ဘုန်းကြီး ညောင်းတုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်မှာ နေစဉ် (လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀)က နှစ်စဉ် မိုးဟုတ်ဘုရားကြီးမှာ ပဋ္ဌာန်းပွဲ

ကျင်းပတယ်။ ပဋ္ဌာန်းရွတ်တဲ့ အထဲမှာ ဘုန်းကြီးတွေ မပါဘူး။ ဆယ်ကျော်သက် ကျောင်းသား ကျောင်းသူ မိန်းကလေး ယောကျ်ားလေးတွေချည်း လေးယောက်တစ်စု ငါးယောက်တစ်စု တွဲပြီး ပဋ္ဌာန်းပါဠိတော် ငါးအုပ် ကုန်အောင် ၂၄ နာရီ အသံမစဲ ရွတ်ကြတာ။ အကောင်းဆုံး ရွတ်နိုင်တဲ့အဖွဲ့ကို ဆုတောင် ပေးသေးသတဲ့။

သုတ္တန်တစ်ခု သို့မဟုတ် ပါဠိတော်တစ်ခုဟာ လူတွေ မရွတ်ဖတ်နိုင်လောက်အောင် တန်ခိုးကြီးတယ်လို့ ဘုန်းကြီးတော့ မကြားဖူးဘူး။ ပဋ္ဌာန်းသံကို မနာခံနိုင်ဘူး ဆိုရင်တောင် အိမ်ထဲမှာ အခန့်သား နေရာယူနေတဲ့ အုန်းသီးနတ်တို့၊ ဦးမင်းကျော်တို့လို ဟာတွေပဲ ဖြစ်မှာပါ။


**တိုက်တွန်းပါရစေ**

အမှန်က သုတ္တန်တွေ ပါဠိတော်တွေဆိုတာ ဂါထာမန္တရားလို ရွတ်ဖတ်ရုံသက်သက်ကို မဟုတ်ဘူး။ ဗုဒ္ဓဝါဒမှာ သီအိုရီထက် စရဏ (လက်တွေ့ကျင့်သုံး မှု)က ပိုအရေးကြီးပါတယ်။ ဒါကြောင့် ပဋ္ဌာန်း ၂၄ ပစ္စည်းကို အသေးစိတ် ရွတ်တယ်ဆိုတာထက် လိုက်နာကျင့်သုံးနိုင်ဖို့ အဲဒီပစ္စည်းတွေရဲ့ အဓိပ္ပာယ်ကို နားလည်အောင် ကြိုးစားတယ်ဆိုရင် ပိုပြီးလူနတ် လေးစားစရာ ဖြစ်မှာပါ။

ဒါကြောင့် ပဋ္ဌာန်း ၂၄ ပစ္စည်းဆိုတာကို နေ့တိုင်းလည်း ရွတ်၊ အဓိပ္ပာယ် နားလည်အောင် သင်တန်းတွေလည်း သွားတက်ပါလို့ စေတနာရင်းနဲ့ အကြံပြုပါတယ်။ ◻

နှလုံးဖုံဖုံ၊ ထုံတုံတုံ၊ နင့်ပုံ ကြော့ကြမ်းသည်။
နင်နှင့်နင့်ကာ၊ စီရင်ဖန်၊ အမှန်ဖြစ်တော့သည်။





## ကောင်းမှုလည်းပြု
## ကောင်းဆုလည်းခွေ

**ဆရာတော် အရှင်မြတ်ဘုရား၊**

ယခုခေတ်အခါတွင် ဆုတောင်းခြင်း ကိစ္စ အလွန် ပေါ်ပြူလာ ဖြစ်နေပါသည်။ တစ်ချို့ဆိုလျှင် လုပ်တာက နည်းနည်း တောင်းလိုက်တဲ့ဆုက များလွန်းနေသည်ကို တွေ့ရပါသည်။ ဆုတောင်းပြည့်ဘုရား၊ ဆုတောင်းပြည့်စေတီ ဆိုပြီးတော့လည်း စေတီတွေ ဘုရားဆင်းတုတော်တွေ တည်ဆောက်နေကြပါသည်။ တပည့်တော် မေးလျှောက်လိုသည်မှာ အလှူဒါန သို့မဟုတ် ကောင်းမှုတစ်ခု ပြုလုပ်ပြီးပါက ထိုကောင်းမှုသည် ကောင်းကျိုးကို ပေးမည်ကေန်ဖြစ်၍ ဆုတောင်းနေစရာ လိုပါသေးသလား။ ဆုမတောင်းရင်ကော ကောင်းကျိုးကို မရတော့ဘူးလား ဆိုတာကို ကျမ်းဂန်အတိအကျဖြင့် သိမှတ်လိုပါသည် အရှင်ဘုရား။

ဗုဒ္ဓဓမ္မ ဦးခင်အောင်၊ ခေတ္တ မွန်ဘိုင်းမြို့

---

**ပရိယတ္တိ နှင့် အသင့်နှလုံးသွင်း**

တစ်ခါတလေ အပြောတစ်သွင် အထင်တစ်မျိုးနဲ့ ကြုံရတတ်တယ်ဆိုတာရယ်၊ ကိုယ့်နှလုံးသားမှာ ပရိယတ္တိ(သင်ယူလေ့လာထားမှု) အခြေခံ မရှိရင် မဇ္ဈိမပဋိပဒါနဲ့ လွဲတတ်တယ်ဆိုတာရယ်ကို ဗုဒ္ဓဓမ္မဆရာတို့ သတိထားပါကုန်။ တစ်ခါက ပုဂံမှာ ဘုရားတွေ အများကြီး တည်ခဲ့တဲ့ ရှေးမြန်မာတွေကို ‘အရူးထတာ’လို့ လိမ့်ဝေဖန်တဲ့ လူတစ်ယောက်နဲ့ ဆုံဖူးတယ်။ ဒါပေမယ့် ကျွတ်မင်းနဲ့ သံပျင်မင်းသမီးတို့ဆိုရင် ’ဘုန်းကြီးကို စာချ’ နိုင်တယ်။ ကမ္ဘာကျော် သဒ္ဒနီတိကျမ်းဟာ ပုဂံခေတ်ကရေးတာ။ ရှင်အရဟံလို ပဋိပတ္တိ (အကျင့်) ထူးချွန်သူတွေလည်း အများကြီး

ပါပဲ။ အမှန်က အဲဒီ ပုဂံသင်္ကေတတွေဟာ တစ်ချိန်က ကြွယ်ဝခဲ့တဲ့ ပုဂံသားတွေရဲ့ သဒ္ဓါ ပညာ တူမျှမှုအတွက် နှုတ်မမြွက်တဲ့ သက်သေတွေပဲလို့ အသင့် နှလုံးသွင်းနိုင်ရင် ကုသိုလ် မရပေဘူးလား။

## လုပ်တာ နည်းပေမယ့်

အဌသာလိနီအဌကထာကို ပို့ချတဲ့ ဆရာဘုန်းကြီးဟာ တစ်နေ့သုံးကြိမ် ဘုရားသောက်တော်ရေ ကပ်တယ်။ ကြွေကျနေတဲ့ တရုတ်စကားပန်းတွေကို ကောက်ယူ ဆေးကြော၊ ပန်းကန်ပိုင်းထဲ စိတ်ရှည်လက်ရှည်နဲ့ စနစ်တကျ စီထည့်ပြီး အနည်းဆုံး တစ်ပတ်ကို သုံးရက် ပန်းကပ်တယ်။ အလွန် ကြည်ညိုစရာကောင်းတဲ့ ဆရာတော်ပါ။ ပြီးတိုင်း ဆုတောင်းပုံက 'ဣဒံ မေ ပုညံ .. ဣဒံ မေ ပုညံ .. ဣဒံ မေ ပုညံ .. သဗ္ဗညုတ ဉာဏဿ ပစ္စယော ဟောတု'တဲ့။ တစ်ခါတစ်ရံ မြန်မာလို 'ဤကောင်းမှု .. ဤကောင်းမှု .. ဤကောင်းမှုသည် သဗ္ဗညုတဉာဏ်၏ အထောက်အပံ့ ဖြစ်ပါစေသတည်း'တဲ့။

ဆရာတော်ဟာ တကယ့်ကို အလေးအနက်ပြုပြီး ဆုတောင်းတာတွေ့ရတယ်။ အဲဒီတုန်းက ဆရာတော်ရဲ့ စကားလုံးတွေ အသံတွေကို ကြားတိုင်း ကြက်သီး ထလောက်အောင် ခံစားမိခဲ့ဖူးတယ်။

ဝိပဿီဗုဒ္ဓ ပရိနိဗ္ဗာန် စံတဲ့အခါ အလောင်းတော် တစ်ခုလုံးကို ဌာပနာပြီး စေတီတည်တယ်။ စေတီတော် ထီးတင်ပွဲမှာ ဆင်းရဲသား ဥပါသကာ တစ်ယောက်ဟာ ပိတ်ဖြူစလေး တစ်တည်ကို စေတီပေါ်က လွှမ်းခြုံ လှူဒါန်းပြီး စေတီစောင့်နတ်ဖြစ်ဖို့ ဆုတောင်းတယ်။ ဒီကုသိုလ်ကြောင့် ဂေါတမဗုဒ္ဓလက်ထက်မှာ အင်မတန် ကိုယ်ခန္ဓာ ကျစ်လစ် သန်မာတဲ့ အရှင်ဥပဝါဏမထေရ် ဖြစ်လာတယ်။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံခါနီး ဗုဒ္ဓရဲ့ မျက်နှာတော်ရှေ့က ထိုင်နေရာမှာ အရှင်မြတ်ရဲ့ ကိုယ်ကို နတ်တွေက ထွင်းဖောက် မမြင်နိုင်လို့ နေရာရွှေ့ ပေးရတယ်။ (ဒီ-၄ ၂၊ ၁၇၁)။

ဒါကြောင့် ဘဝသံသရာမှာ နည်းများမဟူ ကောင်းမှုတစ်ခု ပြုလုပ်ပြီးရင် ကိုယ့်ဆန္ဒအတိုင်း ဆုတောင်းခွင့် ရှိတယ်ဆိုတာကိုတော့ မြဲမြဲမှတ်သားထိုက်တယ်။

**ဆုတောင်းစရာ လိုသလား**

ကုသိုလ်ပြုပြီးရင် ဆုတောင်းဖို့ မမေ့ပါနဲ့။ ဆုတောင်းဖို့ လိုတယ်။ ကျမ်းဂန် အတိအကျ ရှိလို့ အဲဒီ အတိုင်းပဲ မှတ်တာပေါ့။

၁။ ယဿ ပဥ္စဓမ္မာ အတ္ထိ န ပတ္ထနာ၊ တဿ ဂတိ အနိဗဒ္ဓါ။ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟူသော တရားငါးပါးရှိ၏။ ကုသိုလ် ကောင်းမှုလည်း ပြုလုပ်ပါ၏။ ဒါပေမယ့် ဆုတောင်းမှု (ပတ္ထနာ)ကို မပြုရင် လားရာဂတိ မမြဲဘူး။ ဆုမတောင်းရင် ကောင်းမှု ပြုပေမယ့် လားချင်ရာကို လားမယ်ဆိုတဲ့ သဘောပေါ့။

၂။ ယဿ ပတ္ထနာ အတ္ထိ န ပဥ္စဓမ္မာ၊ တဿပိ ဂတိ အနိဗဒ္ဓါ။ လိုချင် ဖြစ်ချင်တဲ့ ဆုကိုတော့ တောင်းပါ၏၊ အဲဒီ တရားငါးမျိုး မရှိရင်လည်း ဂတိမမြဲဘူး။ ဘာမှ မလုပ်ဘဲ ဆုတောင်းရုံနဲ့တော့ ဘယ်ရနိုင်မလဲ။ နည်းများမဟူ ထိုက်တန်တဲ့ အရင်းအနှီး တစ်ခုကိုတော့ မှန်မှန်ကန်ကန် စိတ်ပါလက်ပါ လုပ်ရတယ်။

၃။ ယေသံ ဥဘယ မတ္ထိ၊ ဟေသံ ဂတိ နိဗဒ္ဓါ။ သဒ္ဓါ သီလ သုတ စာဂ ပညာ တရားငါးပါးနှင့်လည်း ပြည့်စုံ၏။ ကောင်းမှုလည်း ပြု၏။ တောင်းဆုလည်း ဆို၏။ ဒီလိုဆိုရင် အဲဒီလူ ဂတိမြဲတယ်။ ဆုတောင်း ပြည့်တယ်ပေါ့။

ကောင်းကင်းကို ပစ်တင်လိုက်တဲ့ တုတ်ချောင်းဟာ အရင်းနဲ့ ကျလာမှာလား၊ အဖျားနဲ့ ကျလာမှာလား၊ အလယ်နဲ့ ကျလာမှာလား ဆိုတာကို မသတ်မှတ်နိုင်သလို သတ္တဝါတို့ရဲ့ ပဋိသန္ဓေယူခြင်း ဆိုတာဟာလည်း သတ်မှတ်ချက် မရှိဘူး။ ဒါကြောင့် ကုသိုလ် ကောင်းမှုတစ်ခု ပြုလုပ်ပြီးတဲ့အခါ ဆုတောင်းရပါတယ် (မ-ဋ္ဌ ၄၊ ၁၀၇)။

**ဆုတောင်းမှန်စေ**

ဂတိမြဲတယ်ဆိုရင် အပါယ်တံခါး ပိတ်လို့ စိတ်ချရတယ်။ ဒီလိုပုဂ္ဂိုလ်ကို စူဠသောတာပန်လို့လည်း ခေါ်နိုင်တယ်။ ဒါကြောင့် ကောင်းမြတ်တဲ့ ဆု

မျိုးကို တောင်းကောင်းတယ်။ သူတစ်ပါးကို ဒုက္ခပေးမယ့် ဆုမျိုး ကိုတော့ မတောင်းသင့်ဘူး။ ဥပမာ နောင်ဘဝမှာ ဘီလူးဖြစ်ပြီး ဒီဘဝ တုန်းက ဒုက္ခပေးသူတွေကို စားရပါလို၏ ဆိုရင် မသင့်ပါဘူး။ ဥမ္မာဒန္တီ တို့ရဲ့ ဆုတောင်မျိုးလည်း မသင့်ပါဘူး။

ချစ်သူခင်သူ မိသားစု ညီအစ်ကို မောင်နှမအနေနဲ့ ဘဝသံသရာမှာ အတူတူ ဖြစ်ချင်သေးတယ် ဆိုသူတွေအတွက် အထက်က ပြောပြ ထားတဲ့ ပဉ္စမမှာ အရ တရားငါးကိုကို ဒီဘဝ စိတ်တူကိုယ်တူ ပြုပြီး ဆုတောင်းအထူး ပြုကြရင် ဘဝတိုင်း မဟုတ်ရင်တောင် အတော်နီးနီး စပ်စပ် ဖြစ်ဖို့ အခွင့်အရေးတွေ ရှိနေပါလိမ့်မယ်။

**ချွင်းချက် မှတ်ဖို့**

သံသရာဒုက္ခမှ လွတ်ဖို့ဆိုရင် ဆုတောင်းမှုထက် ကျင့်သုံးမှု (စရဏ) အဓိက ဖြစ်သင့်တယ်။ ဥပမာ သြကာသ ကန်တော့ခန်းနဲ့ 'ဆွေမျိုး ပျက်၊ စည်းစိမ်ပျက်၊ ရောဂါရ၊ သီလပျက်၊ အယူပျက်ဆိုတဲ့ ပျက်စီး ခြင်း(ဗျသန)ငါးမျိုးမှ လွတ်ပါရစေ'လို့ ဆုတောင်းရာမှာ ကိုယ်တိုင်က ဘာသီလမှ မတောက်တည်ဘဲနဲ့ သီလပျက်ခြင်းမှ လွတ်ပါရစေလို့ ဆုတောင်းလို့ မရနိုင်ဘူး။ ဒါကြောင့် ဆုတောင်းသူဟာ **အနည်းဆုံး** သီလတော့ မဆောက်တည်သင့်ဘူးလား။

ကိုယ်ကိုယ်တိုင်က ဟိုလိုလို ဒီလိုလို လက်အုပ်ချီ အဆင့်လောက် နဲ့ အယူပျက်ခြင်းမှ လွတ်ပါရစေလို့ ဆုတောင်းရင်ကော မှန်ပါ့မလား။ ဒီအတွက် အနည်းဆုံး ခိုင်လုံတဲ့ ဆုံးဖြတ်ချက်တစ်ခုတော့ ရှိရလိမ့် မယ်။ ဒါကြောင့် ကုသိုလ်ပြုပြီး ဆုတောင်းရမယ် ဆိုရာမှာ ဆုတောင်းနဲ့ လုပ်ငန်း တစ်ခြားစီ ဖြစ်မနေဖို့တော့ လိုပါတယ်။

ကျင့်သုံးသင့်တာကို ကျင့်သုံး ရှောင်ကြဉ်သင့်တာကို ရှောင်ကြဉ်မှ ပြည့်စုံနိုင်တယ် ဆိုတာ ကိုလည်း ချွင်းချက်နဲ့ မှတ်ထားဖို့ပါ။ ▫

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ဗုဒ္ဓဝင်မှုကို လိုက်နာကျင့်သုံးရာ၌ တပည့်တော်တို့ ဗုဒ္ဓဝါဒီ ပုထုဇဉ် လူသာမန်များ အနေဖြင့် တရားထိုင်ခြင်းနှင့် ပုတီးစိပ်ခြင်း နှစ်မျိုးတွင် မည်သည်က ပို၍ အကျိုးရှိပါသနည်း။ ထိုနှစ်မျိုး ကျင့်ကြံပုံကို အကျဉ်းမျှ ရှင်းပြပေးစေလို ပါသည် အရှင်ဘုရား။

ပေါက်ဖော်၊ ပီကင်း

---

**ဘာဝနာ နှစ်မျိုး**

တရားထိုင်ခြင်းဆိုတာကို ဝိပဿနာဘာဝနာ၊ ပုတီးစိပ်ခြင်းဆိုတာကို သမထဘာဝနာလို့ နားလည်လိုက်မယ်။ ဒီဘာဝနာ နှစ်မျိုးကို ကျင့်သုံးရာမှာ ဗုဒ္ဓဘာသာ၊ ပုထုဇဉ်၊ သို့မဟုတ် အရိယာလို့ သီးခြားတံဆိပ်ခတ်နှိပ်စရာ မလိုဘူး။ မည်သူမဆို ကျင့်သုံးနိုင်ပါတယ်။

ထပ်ခါထပ်ခါ လုပ်တာက ဘာဝနာ။ ဝိပဿနာနည်းနဲ့ ထပ်ခါထပ်ခါ လုပ်ရင် ဝိပဿနာဘာဝနာ၊ သမထနည်းနဲ့ ထပ်ခါထပ်ခါ လုပ်ရင် သမထဘာဝနာပေါ့။ သိတတ် ခံစားတတ်တဲ့ အုပ်စု (နာမ်တရားများ)နဲ့ အသိခံအုပ်စု (ရုပ်တရားများ) ဒီနှစ်မျိုး ပေါင်းစည်းနေတဲ့ ခန္ဓာကိုယ်ကို အနိစ္စ (အမြဲမရှိ)၊ ဒုက္ခ (ဆင်းရဲ)၊ အနတ္တ (အထည်ကိုယ်မဲ့) ဆိုတဲ့ သဘာဝ လက္ခဏာသုံးပါး ထင်အောင် ကြိမ်ဖန်များစွာ ရှုတာက ဝိပဿနာ၊ သမာဓိ (စိတ်တည်ကြည်မှု) အရှိန် မြင့်မားအောင် ထပ်ခါထပ်ခါ လုပ်တာက သမထလို့ လိုရင်းကို မှတ်ပါ။

**ဘာက အကျိုးပိုရှိသလဲ**

'ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊ ဘာဝနာဒွယ မုတ္တမံ' ဆိုတဲ့ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းအရ နေ့စဉ် မိသားစုဘဝထဲမှာ နေထိုင်တဲ့ လူသာမန်တစ်ယောက်

အဖြစ်နဲ့ပဲ ဘာဝနာ နှစ်မျိုးလုံးကို ပွားများနိုင်ပါတယ်။ တကယ် ပွားများရင် နှစ်မျိုးလုံး တကယ်အကျိုးရှိပါတယ်။ ကိုယ်က ဝိပဿနာ သန်ရင် ဝိပဿနာ၊ သမထ သန်ရင် သမထပေါ့။ ခန္ဓာ(ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်)မှာ ခဏတိုင်း ခဏတိုင်း ထင်ထင်ရှားရှား ဖြစ်ပေါ်နေတာတွေကို သိအောင် လုပ်နေတာက ဝိပဿနာ၊ ဗုဒ္ဓါနုဿတိ (ဗုဒ္ဓဂုဏ်ကို ဆင်ခြင်ခြင်း)ကို ဖြစ်စေ အာနာပါန (ထွက်လေဝင်လေ)ကို ဖြစ်စေ အဲဒီအာရုံတစ်ခုမှာပဲ စိတ် စွဲမြဲတည်တံ့နေအောင် လုပ်နေရင် သမထ။

ဘာက အကျိုး ပိုရှိသလဲဆိုတော့ ဝိပဿနာပွားရင် ဖောဓိဉာဏ်ကို ရမယ်၊ သမထကို ပွားများရင် ဈာန်အဘိညာဉ်ကို ရမယ်။ ကိုယ်က ဘာကို လိုချင်သလဲ။ ဗုဒ္ဓကတော့ ဖောဓိဉာဏ်ကို ရတော်မူတယ်။

**ဘာဝနာနှစ်မျိုး ရှုပွားနည်း**

ဗုဒ္ဓါနုဿတိကို ပွားများနေရင် သမထပေါ့။ ပုတီးကို မသုံးလဲ ကိစ္စမရှိ၊ သမာဓိတည်ထောင်နိုင်ဖို့ အဓိကပါ။ ပုတီးသုံးရင် အရဟံလို့ စိတ်ထဲက ဆိုလိုက်တိုင်းမှာ ကိလေသာရန်သူကို ပယ်သတ်တတ်သော မြတ်စွာဘုရားလို့ အဓိပ္ပာယ်ကို နားလည်ခြင်းနဲ့အတူ အဲဒီစိတ်အာရုံ တစ်ခုလုံးကို ပုတီးလုံးပေါ်မှာ စိတ်မှတ်နဲ့ တင်ထား။ အရဟံလို့ စိတ်ထဲက ရွတ်ပြီး အဓိပ္ပာယ်ကို နားလည်မှုဖြင့် ဗုဒ္ဓကို အာရုံပြုခိုက် စိတ်ဖြစ်စဉ်တစ်ခု၊ စိတ်ကို ပုတီးလုံးသို့ ပြောင်းပြီး လက်က ပုတီးတစ်လုံး ရွှေ့တော့ စိတ်ဖြစ်စဉ်တစ်ခု၊ ဖြစ်စဉ်နှစ်ခုလုံးမှာ စိတ်ကို မပျံ့လွင့်အောင် ကြိုးစားပါ။

ခန္ဓာကိုယ်မှာ ဖြစ်ပေါ်နေတာကို ရှုရင်းနဲ့ တစ်နည်း သိအောင် လုပ်ရင်းနဲ့ ဖြစ်ပျက်သဘာဝကို အလိုလို ထိုးထွင်းပြီး သိသွားတယ်။ ကိုယ်ခန္ဓာ လှုပ်ရှားမှုတိုင်း၊ ကိုယ်ခန္ဓာမှာ ဖြစ်ပေါ်နေတဲ့ ခံစားမှုတိုင်း၊ စိတ်ခံစားမှုနဲ့ ကြံစည် စဉ်းစားမှုတိုင်းကို မလွတ်တမ်း သိအောင် လုပ်ရတယ်။ ဒီ့ထက် ပိုမို နားလည်လိုရင် ဆရာတော်ကြီးတွေ ဟောတဲ့ ဝိပဿနာ အလုပ်ပေးတရားတွေကို နာယူသင့်တယ်။ □

ဆရာတော်အရှင်ဘုရား၊

မြတ်စွာဘုရားက ကာလာမသုတ်တွင် အယူဝါဒတစ်ခုကို သူများပြောလို့လည်း ယုံစရာမလို၊ အစဉ်အလာဖြစ်လို့လည်း ယုံစရာမလို၊ ကြောင်းကျိုးဆီလျော်၍လည်း ယုံစရာမလို စသော အချက် ၁၀ ခုကို ဟောကြားခဲ့ပါတယ်။ ဗုဒ္ဓဘာသာဟာ အခြား ဘာသာတွေနှင့် မတူ၊ ယုံကြည်မှု အပေါ်မှာ အခြေမခံဘဲ လက်တွေ့ကိုသာ အခြေခံသည်ဟု နားလည်ပါတယ် ဘုရား။ ဒါပေမဲ့ သူတော်ကောင်းတရား ၇ ပါးမှာ သဒ္ဓါ (ယုံကြည်မှု) ဆိုတာလည်း ပါနေပြန်ပါတယ်။ နောက်တစ်ခါ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့ အင်္ဂါရပ်တွေထဲမှာလည်း 'ယုံကြည် ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင်မဂ်ရကြောင်း' စသည်ဖြင့် သဒ္ဓါယုံကြည်မှုရှိမှ မဂ်ဖိုလ်ကို ရနိုင်တယ်လို့ပါတယ်။ အဲဒီနှစ်ခုဟာ ဝိရောဓိဖြစ်နေပါတယ်။ နားလည်အောင် ရှင်းပြပေးပါဘုရား။

ဝေယံဘုန်း၊ မနီလာ၊ ဖိလစ်ပိုင်

------------

**သဒ္ဓါရဲ့အဓိပ္ပာယ်ဖွင့်**

သဒ္ဓါဆိုတာ ပါဠိစကားလုံး။ ညီမျှတဲ့ မြန်မာဝေါဟာရ မရှိလို့ သဒ္ဓါဆို တဲ့ ပါဠိစကားလုံးကိုပဲ ပြောဆိုသုံးစွဲရင်းက တွင်ကျယ်သွားလို့ မြန်မာစကားလုံးလိုလို ဖြစ်သွားတယ်။ ယုံကြည်မှုလို့ အပေါ်ယံ နားလည်နေကြပေမဲ့ မူရင်းအဓိပ္ပာယ်နဲ့ တစ်ထပ်တည်း မဖြစ်ဘူး။ မဆင်ခြင် မစဉ်းစားဘဲ သူများပြောတိုင်းကို မျက်စိမှိတ်ပြီး ယုံကြည်တာမျိုးကို သဒ္ဓါ (ယုံကြည်မှု)လို့ မဆိုလိုဘူး။ အမှန်တော့ သဒ္ဓါဆိုတာ အဘိဓမ္မာမှာသုံးတဲ့ အဆင့်မြင့် ဗုဒ္ဓဒဿန ဝေါဟာရပါ။ ကုသိုလ်စိတ်တွေနဲ့ အတူ

တွဲပြီးဖြစ်တဲ့ စိတ်ရဲ့ အခြေအနေ (သဘာနစေတသိက်) တစ်ခု ဖြစ်ပါတယ်။ အဲဒီလို အဘိဓမ္မာသဘောတွေရဲ့ အဓိပ္ပာယ်ကို အတိအကျ နားလည်နိုင်ဖို့ လမ်းညွှန်လေးမျိုး ရှိပါတယ် –

၁) သဒ္ဓါဆိုတဲ့ စိတ်ရဲ့ အခြေအနေဟာ ယုံကြည်ခြင်း (သဒ္ဒဟန)၊ နက်နဲနဲ နားလည်ခြင်း (ဩကပ္ပန) လက္ခဏာ ရှိတယ်။

၂) ရေကို ကြည်စေတဲ့ ပတ္တမြားလို စိတ်ကို ကြည်လင်အောင် လုပ်ပေးတတ်တဲ့ လုပ်ဆောင်ချက် ရှိတယ်။

၃) ဆုံးဖြတ်ချက်ချတဲ့ အနေနဲ့ ထင်ရှားတယ်။

၄) ယုံကြည်စရာ (ရတနာသုံးပါးစတဲ့) အရာဝတ္ထုဟာ အဲဒီစိတ်အခြေအနေ ဖြစ်ပေါ်လာဖို့ အကြောင်းရင်း (နီးစပ်တဲ့ အကြောင်းတရား) ဖြစ်တယ်။

**သဒ္ဓါစစ်ရဲ့ အရည်အသွေး**

ယုံကြည်စရာ (ရတနာသုံးပါး)အပေါ် အဲဒီလို ယုံကြည်ထိုက်တယ်ဆိုတာကို အသေအချာ သဘောပေါက် နားလည်ပြီး လက်ခံတာဟာ ဗုဒ္ဓဒေသနမှာ ဖော်ပြတဲ့ သဒ္ဓါတရားရဲ့ အရည်အချင်း ဖြစ်ပါတယ်။ အစစ်အမှန်ကို ဒီသဒ္ဓါတရားနဲ့ လက်ခံပါတယ်။ ကိုယ်ပိုင် အတွေ့အကြုံနဲ့ ဓမ္မ (သင် ကြားချက်)ရဲ့ စစ်မှန်မှုကို ဆုံးဖြတ်ပါတယ်။ အဲဒီ စစ်မှန်မှု ဆိုတာကတော့ သဘာဝအတိုင်း ရှိနေတဲ့ အမှန်တရားပါပဲ။

အဲဒီ အမှန်တရားမျိုးမှာ ကြီးမားတဲ့ စွမ်းအင်ရှိပါတယ်။ ဇာတ်တော်တွေမှာ တွေ့ရတဲ့ သစ္စာ တန်ခိုးတွေဟာ ဒီအမှန်တရားနဲ့ သဒ္ဓါတရားတွေရဲ့ စွမ်းအင်ကြောင့် ဖြစ်ရတာပါ။ မိမိ အားထုတ်နေတဲ့ တရားအပေါ် အလေးအနက် နားလည် ယုံကြည်မှု မရှိရင် အားကောင်းတဲ့ ဝီရိယမရှိနိုင်ဘူး။ ကိုယ်သွားနေတဲ့ လမ်းစဉ်အပေါ် မယုံကြည်ဘဲ ခရီးဆုံးကို ရောက်နိုင်ပါ့မလား။ ဒါကြောင့် အဲဒီ သဒ္ဓါတရားဟာ ပန်းတိုင်ရောက်ဖို့ လှေလှော်ရာမှာ လက်နှစ်ချောင်းလို အရေးကြီးပါတယ်။

**ပညာ ဦးစီးတဲ့ သဒ္ဓါ**

'ပညာရှိသော အရိယာသာဝကအား ထိုပညာသို့ အစဉ်လိုက်သော ယုံကြည်မှု သဒ္ဓါသည် ကောင်းစွာ တည်၏။ ထိုပညာသို့ အစဉ်လိုက်သော အားထုတ်မှု ဝီရိယသည် ကောင်းစွာ တည်၏။ ထိုပညာသို့ အစဉ်လိုက်သော အောက်မေ့မှု သတိသည် ကောင်းစွာ တည်၏။ ထိုပညာသို့ အစဉ်လိုက်သော သမာဓိသည် ကောင်းစွာတည်၏ (သံ ၃၊ ၁၉၅)'လို့ မြတ်ဗုဒ္ဓ ဟောပါတယ်။ ဒါကြောင့် 'ထာဝရဘုရားသခင်ကို ယုံလိုက်စမ်းပါ မိတ်ဆွေ'လို့ အခြားသူတစ်ယောက်က ဆွယ်လို့ ယုံလိုက်ရတဲ့ မျက်ကန်း ယုံကြည်မှုမျိုးကို သဒ္ဓါလို့ မခေါ်ဘူး။ စုံစမ်း လေ့လာမှု (ပညာ)ကို အခြေပြုမှသာ သဒ္ဓါအစစ် ဖြစ်ပါတယ်။ သဒ္ဓါကို ပညာက ဦးဆောင်တယ်။ ပညာမပါတဲ့ သဒ္ဓါဟာ မပြည့်စုံဘူး။ သံသယ ခလုတ်ကို ပယ်ရှားနိုင်အောင် အရာခပ်သိမ်းကို အလေးအနက် စဉ်းစား ဆင်ခြင်ပြီးမှ မိမိရဲ့ ကိုယ်ပိုင်အမြင်နဲ့ ဘာမှားတယ် မှန်တယ်ဆိုတာကို ပီပီပြင်ပြင် ဆုံးဖြတ်ချက်ချဖို့ ကာလာမသုတ်မှာ ဗုဒ္ဓညွှန်ကြားတာပါ။

ဗုဒ္ဓသာသနမှာ ပါရှိတဲ့ သူတော်ကောင်းတရား ခုနစ်ပါး၊ ပဓာနိယင်္ဂ တရား (ဝိပဿနာ အားထုတ်သူတို့ ရှိရမယ့် အင်္ဂါရပ်) တွေမှာပါတဲ့ သဒ္ဓါ တရားဆိုတာနဲ့ ကာလာမသုတ်လာ ကိုယ်တိုင်သိပြီးမှ ယုံကြည်ဖို့ အဆိုဟာ သိပ်ရှင်းပါတယ်။ ဆက်လက်ပြီး ဗုဒ္ဓစာပေကို များများ လေ့လာဖတ်ရှုဖို့ မေတ္တာနဲ့ တိုက်တွန်းပါတယ်။

---

## BLIND FAITH?

**Venerable Sayadaws,**

Tha Buddha said in the Kalama Sutta that there are 10 principales before following a particular teaching. In this regard, I understand Buddinsm encourages critical thinking unlike other regiligions which

rely on 'faith' in God and his words. But Saddha (faith/belief) is included in seven feartures of a Kalyana, and Again, it is said that a person who practics Vipassana should have faith, good health, and so. So, the two statements are contradictory. Please explain to me.

Wai Yan Phon, Manila, Philippines.

--------------------------------

Defination of Saddha

Saddha is a Pali word. There is no English word equivalent to it. Nor Burrmese but original Pali word is commonly used, becoming as a Buremese word. 'Faith' as it is understood outwardly, doesn't cover the original meaning though. In Saddha, there is no blind faith, i.e., no faith without logical reason in it. In fact, Saddha is a higher Buddhist philosophical term used in Abhidhamma. It is one of the beautiful mental states that is associated with wholesome consciousness. To understand that mental state exactly, there are four guide lines:

1) Saddha has the characteristic of faith or trusting;
2) Its function is to clarify mind as a water-cleaning gem causes muddy water to become clear;
3) It is manifested as resolution;
4) Its proximate cause is something to place faith in.

Qualities of Saddha

In Buddhist view, the quality of Saddha is the knowledge and belief that the Three Refuges are worthy of such accepcance. By this Saddha, the reality is received. The authority for the Dhamma (teachings) clainms one's own personal experience. The authority is that the truth itself possesses. Such truth has great power. The miracles of Sacca, as shown in Jataka stories, is made of this power of Truth and Saddha. Can one arrive at his destination, if he

doesn't have confidence or trust in the Way he is walking? That is why Saddha palys a vital role for the Part when rowing a boat as if two hands.

**Saddha followed by wisdom**

Buddha says 'A noble ddisciple who possesses wisdom, the faith that follows from it becomes stabilized, the energy that follows from it becomes stabilized, the energy that follows from it becomes stabilized, mindfulness that follows from it becomes stabilized, the concentration that follows from it becomes stabbilized.' (Sam 3, p. 195). So, in Buddhism, the blind faith which you come to believe being persuaded by the words "My friend, please come and believe in God is not Saddha." Real Saddha appeares only when it is followed by knowledge and led by wisdom. Without knowledge and wisdom Saddha is not perfect. It is the meaning of Kalama Sutta that everything should be clearly weighed, examined and judged according to whether it is true or false in the light of one's own convictions so that one can get rid of obstacles caused by doubt.

In Buddhist philosophy, the difference between Saddha, which you see in Seven Gems for noble persons, Five Padhaniyanga Dhammas, and the teacheings of Kalama Sutta is very clear. It is my sincere wish for you to try to continue to read more Buddhist writings. ❐

ပညရှိမှ၊ ပဏ္ဍိတ၊ နာမကျော်ထင်ရှား။
ပညာရှိမှာ၊ လက္ခဏာ၊ အင်္ဂါကြောင်းသုံးပါး။
ကိုယ်နှုတ်နှလုံး၊ စောင့်စည်းသုံး၊ ကျင့်ထုံးမတိမ်းပါး။

## ဘာသာမဲ့တွေ ဘာကြောင့်တိုးလာ

ဆရာတော် အရှင်ဘုရား၊

ရိုသေစွာ လျှောက်ထားအပ်ပါသည်။ မြတ်စွာဘုရားသည် ဘယ်အတွက်ကြောင့် လောကသုံးပါးကို ဆင်ခြင်တော်မူပါသနည်း။ ဘာသာမဲ့ ဆိုတာရဲ့ အဓိပ္ပာယ်ကိုလည်း သိလိုပါသည်ဘုရား။ ယခုခေတ်မှာ ဘာလို့ ဘာသာမဲ့တွေ ပိုများလာပါသလဲ ဘုရား။

လင်းလင်း

---

**ဗုဒ္ဓကိစ္စ**

နံနက် လင်းအားကြီးအချိန်မှာ မဟာကရုဏာသမာတ်ကို ဝင်စားပြီးနောက် ကမ္ဘာလောကအတွင်းမှာရှိတဲ့ ဗောဓိဉာဏ်ကို ရနိုင်တဲ့ ကျွတ်ထိုက်သူ သတ္တဝါတွေကို ကြည့်ရှုတော်မူတာဟာ ဗုဒ္ဓကိစ္စ (ဘုရားရှင်တို့ လုပ်လေ့ရှိတဲ့ အလုပ်) ဖြစ်ပါတယ်။ လောကသုံးပါးကို ဆင်ခြင်တယ်ဆိုတာ အဲဒီလို လောကကို ကြည့်ရှုတာကို ဆိုလိုရင် အဓိပ္ပာယ်က ရှင်းပါတယ်။ ကျွတ်ထိုက်သူကို မြင်ရင် အဲဒီပုဂ္ဂိုလ်ဆီ သွားပြီး တရားဟော၊ တရားပြ အဲဒီလူ ဗောဓိဉာဏ်ကို ရလို့ ဒုက္ခငြိမ်းပေါ့။

**ဘာသာမဲ့ ဆိုတာ**

Religion လက်မခံတဲ့လူကို Atheist (ဘာသာမဲ့)လို့ ဆိုနိုင်တယ်။ ဒါပေမယ့် Religion ကို ဘာသာရေးလို့ ဘာသာပြန်ပြီး ကမ္ဘာမိုးမြေကို တန်ခိုးရှင်က ဖန်ဆင်းတာကို ယုံကြည်ခြင်းဆိုတဲ့ အဓိပ္ပာယ်လည်း ပါမယ်၊ လူတို့ရဲ့ ကိုယ်ကျင့်တရား ထိန်းသိမ်းစောင့်မှုဆိုင်ရာ ဥပဒေသတွေလည်း ပါမယ်ဆိုရင် Atheist တွေဟာ ဘာသာရေး အားလုံးကို မပယ်ဘူးလို့ ဆိုနိုင်တယ်။ Atheist ရဲ့ အဓိပ္ပာယ်ရင်းက ဖန်ဆင်းရှင်ကိုပဲ ငြင်းတာ၊ ကိုယ်ကျင့်တရားကို မငြင်းဘူး။ ဘုန်းကြီးဆီမှာ တရားလာထိုင်နေသူ တွေဟာ Atheist တွေပါ။ သူတို့က No Religion လို့ ပြောကြပေမယ့် ကိုယ်ကျင့်တရားကို ကိုးကွယ်ရာမှာ ကိုယ့်ကိုယ်ကို တံဆိပ်ခတ်

ထားသူတွေအောက် မလျော့ပါဘူး။ Atheist တွေဟာ လက်တွေ့ ကျပြီး ဖန်ဆင်းရှင်ကိုပယ်တဲ့ ဗုဒ္ဓဝါဒဖက်ကို ယိုင်တယ်လို့ ဘုန်းကြီးထင်တယ်။

**ဘာသာမဲ့တွေ ဘာကြောင့်တိုးလာ**

အင်တာနက် ဇယားတစ်ခုအရ အမေရိကမှာ ၂၀၀၄ တုန်းက Atheist တွေ တစ်နိုင်ငံလုံး ၁၂ ရာနှုန်းရှိတယ်လို့ ဆိုတယ်။ လိင်တူဆက်ဆံမှု (homosexuality) ကို လက်ခံသူ များပြားလာသလောက် Atheist တွေလည်း တဖြည်းဖြည်း တိုးလာနေတယ်လို့လည်း အဲဒီဆောင်းပါးမှာ ဆိုတယ်။ လိင်တူဆက်ဆံသူတွေ တိုးလာတာနဲ့ ပတ်သက်မှု ရှိနိုင်ပေမယ့် ဘာကြောင့် တိုးလာသလဲ ဆိုတာကို အတိအကျ ဆိုဖို့တော့ ခဲယဉ်းမယ်။ လူတွေဟာ လက်ငင်း ပျော်ရွှင်မှုအတွက် ရုပ်ဝတ္ထုနောက်ကို အလွန် လိုက်ပြီး ရုပ်ဝါဒလွှမ်းမိုးတဲ့ ကာလဒေသနဲ့ ပတ်ဝန်းကျင်မှာ နေထိုင်လာရင်း နောင်တစ်ချိန်မှာ ရရှိမယ်ဆိုတဲ့ စိတ်ကူးယဉ် ကောင်းကင်ဘုံဆိုတာကို လက်ခံဖို့ ခဲယဉ်းလာတဲ့ သဘောလည်း ရှိပါတယ်။ ▢

## ငါးရာ့နှစ်ဆယ့်ရှစ်မေတ္တာ

ဘုန်းဘုန်း ဘုရား၊

ငါးရာနှစ်ဆယ့်ရှစ် မေတ္တာဆိုတာကို ကြားရုံသာ ကြားဖူးနေပါသည်။ ငါးရာနှစ်ဆယ့်ရှစ် အရေအတွက်ကို သိလိုပြီး ထိုမေတ္တာကို မည်သို့ ပို့သ ပွားများရမည်ကိုလည်း ရှင်းပြပေးစေချင်ပါသည်။

မိမိလွင်

---

**မေတ္တာပို့မဲ့ ဒွာန ၄ မျိုး**

၁။ အဝေရာ ဟောန္တု = ဘေးရန် ခပ်သိမ်း ငြိမ်းကြပါစေ

၂။ အဗျာပဇ္ဈာ ဟောန္တု = ဆင်းရဲ ခပ်သိမ်း ငြိမ်းကြပါစေ
၃။ အနီဃာ ဟောန္တု = စိုးရိမ် ခပ်သိမ်း ငြိမ်းကြပါစေ
၄။ သုခီ အတ္တာနံ ပရိဟရန္တု = နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

**အနောဓိသ (မရည်ညွှန်း) ၅**

၁။ သဗ္ဗေ သတ္တာ = သတ္တဝါအားလုံး
၂။ သဗ္ဗေ ပါဏာ = ထွက်သက် ဝင်သက်ရှိသူအားလုံး
၃။ သဗ္ဗေ ဘူတာ = သက်ရှိအားလုံး
၄။ သဗ္ဗေ ပုဂ္ဂလာ = ပုဂ္ဂိုလ်အားလုံး
၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ = အတ္တဘော (ခန္ဓာ) ရှိသူ အားလုံး

**ဩဓိသ (ရည်ညွှန်း) ၇**

၁။ သဗ္ဗာ ဣတ္ထိယော = အမသတ္တဝါ အားလုံး
၂။ သဗ္ဗေ ပုရိသာ = အထီးသတ္တဝါ အားလုံး
၃။ သဗ္ဗေ အရိယာ = အရိယာပုဂ္ဂိုလ် အားလုံး
၄။ သဗ္ဗေ အနရိယာ = ပုထုဇဉ် အားလုံး
၅။ သဗ္ဗေ ဒေဝါ = နတ်ဗြဟ္မာအားလုံး
၆။ သဗ္ဗေ မနုဿာ = လူအားလုံး
၇။ သဗ္ဗေ ဝိနိပါတိကာ = အပါယ်ဘုံးသား အားလုံး

**အရပ်မျက်နှာ ၁၀**

၁။ ပုရတ္ထိမာယ ဒိသာယ = အရှေ့
၂။ ဒက္ခိဏာယ ဒိသာယ = တောင်
၃။ ပစ္ဆိမာယ ဒိသာယ = အနောက်
၄။ ဥတ္တရာယ ဒိသာယ = မြောက်
၅။ ပုရတ္ထိမာယ အနုဒိသာယ = အရှေ့တောင်
၆။ ဒက္ခိဏာယ အနုဒိသာယ = အနောက်တောင်
၇။ ပစ္ဆိမာယ အနုဒိသာယ = အနောက်မြောက်
၈။ ဥတ္တရာယ အနုဒိသာယ = အရှေ့မြောက်

၉။ ပေဋ္ဌိမာယ ဒိသာယ = အောက်အရပ်
၁၀။ ဥပရိမာယ ဒိသာယ = အထက်အရပ်

**အနောဓိသ မေတ္တာ ၂၀**

မေတ္တာပို့တဲ့အခါ ရှေးဦးစွာ အနောဓိသ (မည်သူမည်ဝါလို့ မသတ်မှတ်တဲ့) မေတ္တာ ပို့ရာဌာန ၅ မျိုးကို အဝေရာ ဟောန္တု စသည်ဖြင့် ၄ ကြိမ်စီ ပို့တယ်။ ၁ မျိုးကို ၄ ကြိမ်ပို့တော့ ၅ မျိုးကို အကြိမ် ၂၀။

၁။ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု
၂။ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာ ဟောန္တု
၃။ သဗ္ဗေ သတ္တာ အနီဃာ ဟောန္တု
၄။ သဗ္ဗေ သတ္တာ သုခီ အတ္တာနံ ပရိဟရန္တု

ဤနည်းအတိုင်း သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု၊ သဗ္ဗေ ပါဏာ အဗျာပဇ္ဇာ ဟောန္တု စသည်။ အဲဒါ အနောဓိသ မေတ္တာ ၂၀။

**အနောဓိသ ၅ × နှုန်း ၄ = ၂၀**

**ဩဓိသ မေတ္တာ ၂၈**

အဲဒီနည်း အတိုင်းပဲ ဩဓိသ (မည်သူမည်ဝါလို့ ခွဲခြားသတ်မှတ်တဲ့) မေတ္တာ ပို့ရာဌာန ၇ မျိုးကို အဝေရာ ဟောန္တု စသည်ဖြင့် ၄ ကြိမ်စီ ပို့တယ်။ ၁ မျိုးကို ၄ ကြိမ်စီ ပို့တော့ ၇ မျိုးကို ၂၈ ကြိမ်။

**ဩဓိသ ၇ × နှုန်း ၄ = ၂၈**

(သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု စသည်ဖြင့် ပို့ကြည့်ပါ။)

**အနောဓိသမေတ္တာ ၂၀ + ဩဓိသမေတ္တာ ၂၈ = နှစ်မျိုးပေါင်း ၄၈**

**ဒိသာဖရဏ (အရပ်မျက်နှာ ဖြန့်ကြက်) မေတ္တာ ၄၈၀**

အဲဒီ အနောဓိသနဲ့ ဩဓိသ မေတ္တာပို့ကြိမ် ၄၈ ကိုပင် အရပ် ဆယ်မျက်နှာနဲ့ သတ်မှတ်ပြီး ပို့ရင် အကြိမ်ပေါင်း ၄၈၀ ဖြစ်သွားတယ်။

၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု
၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာ ဟောန္တု
၃။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အနီဃာ ဟောန္တု
၄။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ သုခီ အတ္တာနံ ပရိဟရန္တု

၅။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု
၆။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဗျာပဇ္ဇာ ဟောန္တု
၇။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ အနီဃာ ဟောန္တု
၈။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ သုခီ အတ္တာနံ ပရိဟရန္တု
၉၊ ၁၀၊ ၁၁၊ ၁၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု ... စသည် ... ၄၈ မျိုး ကုန်အောင် ပွားကြည့်ပါ။

ပုရတ္ထိမာယ ဒိသာယ × ၄၈ (အနောဓိသ ၂၀ + ဩဓိသ ၂၈) = ၄၈
ဒက္ခိဏာယ ဒိသာယ × ၄၈ (အနောဓိသ ၂၀ + ဩဓိသ ၂၈) = ၄၈
ပစ္ဆိမာယ ဒိသာယ × ၄၈ (အနောဓိသ ၂၀ + ဩဓိသ ၂၈) = ၄၈
ဥတ္တရာယ ဒိသာယ × ၄၈ (အနောဓိသ ၂၀ + ဩဓိသ ၂၈) = ၄၈
ပုရတ္ထိမာယ အနုဒိသာယ × ၄၈ (အနောဓိသ ၂၀ + ဩဓိသ ၂၈) = ၄၈
ဒက္ခိဏာယ အနုဒိသာယ × ၄၈ (အနောဓိသ ၂၀ + ဩဓိသ ၂၈) = ၄၈
ဥတ္တရာယ အနုဒိသာယ × ၄၈ (အနောဓိသ ၂၀ + ဩဓိသ ၂၈) = ၄၈
ဟေဋ္ဌိမာယ ဒိသာယ × ၄၈ (အနောဓိသ ၂၀ + ဩဓိသ ၂၈) = ၄၈
ဥပရိမာယ ဒိသာယ × ၄၈ (အနောဓိသ ၂၀ + ဩဓိသ ၂၈) = ၄၈

**အရပ်မျက်နှာ ၁၀ × ၄၈ (အနောဓိ ၂၀ + ဩဓိ ၂၈) = ၄၈၀**

**၅၂၈ မေတ္တာ**

အရပ်မျက်နှာ မပြန့်မီ မေတ္တာပို့ကြိမ် ၄၈ ကို အရပ်မျက်နှာ ပြန့်ပြီးနောက် မေတ္တာပို့ကြိမ် ၄၈၀ နှင့် ပေါင်းရင် မေတ္တာပို့ကြိမ်ပေါင်း ၅၂၈ ဖြစ်ပါတယ်။ အဲဒါကို ငါးရာနှစ်ဆယ့်ရှစ်မေတ္တာလို့ ခေါ်တာပါ။ (အနောဓိသ ၂၀ + ဩဓိသ ၂၈ = ၄၈ × အရပ်မျက်နှာ ၁၀ = ၄၈၀။ ဒိသာဖရဏ မေတ္တာ ၄၈၀ + အနောဓိသ မေတ္တာ ၂၀ + ဩဓိသ မေတ္တာ ၂၈။ စုစုပေါင်း မေတ္တာ ၅၂၈။) ဒီမေတ္တာမျိုးက မေတ္တာအစစ်ပါ။ ပွားပါများရင် ဈာန်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် အရဟတ္တဖိုလ်ထိ ရောက်နိုင်တယ်။ □

ငါးရာနှစ်၊ ရှစ်တသွယ်၊ ပြယ်မပြေ၊ လေမသွေ့၊
နေ့တိုင်းလိမ်း၊ ငြိမ်းလိမ့်မည်။ (ရှင်မဟာရဋ္ဌသာရ)




ဘုန်းဘုန်း ဘုရား၊

သမီးနာမည် နန်းပွင့်ဆက် ပါ။ ရန်ကုန်မှာ နေပါတယ်။ သမီးမသိတာလေးတစ်ခုကို ဘုန်းဘုန်းတို့ ဖြေကြားပေးစေချင်ပါသည်။ သမီးငယ်ငယ်ကပင် ဖေဖေ သင်ပေးလို့ သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဖတ်ခဲ့ပါသည်။ သမ္ဗုဒ္ဓေသီချင်းကိုပါ သမီး အလွတ်ရပါသည်။ သမ္ဗုဒ္ဓေဂါတော်နဲ့ သမီးရဲ့ အခက်အခဲ တော်တော်များများကို အောင်မြင်နိုင်ခဲ့ပါသည်။

သမီးက သီချင်းဆိုပြီး သက်မွေး ဝမ်းကျောင်းပြုပေမယ့် သီချင်းမဆိုခင်မှာ သမ္ဗုဒ္ဓေဂါထာကို စိတ်ထဲက အမြဲရွတ်ပါသည်။ ဖျော်ဖြေပွဲတခု မတိုင်ခင်မှာ သမီးရဲ့ သူငယ်ချင်းတယောက်က သမ္ဗုဒ္ဓေဂါထာဟာ ဘုရားဟော မဟုတ်ဘူးဟု ပြောလာပါသည်။ အဲဒါ ဟုတ်ပါသလား။ သူငယ်ချင်းရဲ့ စကားကြောင့် သမီးရဲ့ ယုံကြည်မှုတော့ ပျက်ပြားသွားမည် မဟုတ်ပါ။ ကျေးဇူးတင်ပါသည်။

သမီး နန်းပွင့်၊ ရန်ကုန်

---

**တိုက်တွန်းချက်**

ကျမ်းဂန်တွေ ကျမ်းညွှန်းတွေ မပါဘဲ ဖတ်လို့ကောင်းရုံ သာမန်ပဲ ဖြေလိုက်ရင်လည်း ရတော့ရပါတယ်။ ဒါပေမယ့် ခိုင်လုံပြည့်စုံပြီး လေးနက်စေချင်တဲ့ စေတနာရင်း ရှိပါတယ်။ မေးခွန်းရဲ့ အဖြေအတွက် လေ့လာဖတ်ရှုရင်း စိတ်ဝင်စားမိလို့ ရရှိ အချက်အလက်တွေကို စုစည်း ပြလိုတဲ့ ဆန္ဒလည်း ရှိပါတယ်။ ပရိသတ်ကို သီချင်းဆိုပြီး မဖြေဖျော်ခင် သမ္ဗုဒ္ဓေဂါထာကို ရွတ်လေ့ရှိတဲ့ သမီး နန်းပွင့်အနေနဲ့ ဘာသာရေး ဗဟုသုတကိုလည်း မြတ်နိုးမှာဖြစ်လို့ ဖြည်းဖြည်းချင်း သည်းခံ ကြိုးစားပြီး ဖတ်ရှု

နိုင်မယ်လို့ မျှော်လင့်ပါတယ်။ အသိဉာဏ် ပွင့်လင်းမှုနဲ့ ဗဟုသုတ တစ်မျိုး ကေနတိုးပါလိမ့်မယ်။ ဒီမေးခွန်းကို ပြည့်စုံစွာ ဖြေနိုင်ဖို့ Arizona State University က Hayden စာကြည့်တိုက်ကို ပို့ပေးတဲ့ ဓမ္မမိတ်ဆွေ Mr. James McShea ကို ကျေးဇူး အထူးတင်ပါတယ်။

## သမ္ဗုဒ္ဓေဂါထာ မြန်မာပြန်

(၁) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာ မဟံ။

နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်၊ တစ်သောင်း နှစ်ထောင်သော ဘုရားရှင်၊ ငါးသိန်းသော ဘုရားရှင် (၅၁၂၀၂၈ ဆူသော ဘုရားရှင်) တို့ကို ဦးခေါင်းဖြင့် ရိုသေစွာ ရှိခိုးပါ၏။

(၂) အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာ မဟံ။

ဂင်္ဂါမြစ်ကမ်းရှိ သဲပွင့်များမှာ နည်း၏။ ပရိနိဗ္ဗာန် စံတော်မူပြီးသော အောင်တော်မူ ဘုရားရှင်တို့ကား အဆုံးမရှိကုန်။ ထိုဘုရားရှင်များနှင့် ထိုဘုရားရှင်တို့၏ ဓမ္မနှင့် သံဃာကိုလည်း ရိုသေစွာ ရှိခိုးပါ၏။

(၃) နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေကအန္တရာယာပိ၊ ဝိနာသန္တု အသေသတော။

ရှိခိုးရသည့် အစွမ်းအာနုဘော်ကြောင့် ဘေးရန်ခပ်သိမ်းကို ရှောင်ရှား၍ အန္တရာယ်များစွာတို့လည်း အကြွင်းမဲ့ ပျောက်ကင်းပါစေသတည်း။

## သမ္ဗုဒ္ဓေ ဘယ်ကရ

ဂါထာမှာ ဖော်ပြတဲ့အတိုင်း ဘုရားရှင် (သမ္ဗုဒ္ဓေ) ပေါင်း ၅၁၂၀၂၈ ဆူ ဘယ်လို ဖြစ်လာတယ်ဆိုတာကို ကျမ်းဂန်မှာ ဖွေရှာရင်း စိတ်ဝင်စားဖွယ် ယုံကြည်မှု ကွင်းဆက်တွေကို တွေ့ရတယ်။ ဗုဒ္ဓဝံသပါဠိ၊ စရိယပိဋကပါဠိနဲ့ မိလိန္ဒပဉှပါဠိ ကျမ်းတွေမှာ ပွင့်တော်မူပြီး ဗုဒ္ဓ ၂၇ ဆူ (ဂေါတမဗုဒ္ဓ ပါရင် ၂၈)ဆူ ပြတယ်။ ပထမဆုံး ထေရဝါဒ အဖွင့်ကျမ်း

ဖြစ်တဲ့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိမဂ္ဂ ၁၊ ၂၉၁)မှာ သမ္မာသမ္ဗုဒ္ဓဖြစ်လာဖို့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရကြောင်း ဆိုတယ်။

သုတ္တနိပါတအဋ္ဌကထာ (သုတ္တနိ-ဋ္ဌ ၁၊ ၄၇)နဲ့ အပဒါနအဋ္ဌကထာ (အပဒါန-ဋ္ဌ ၁၊ ၉၅)တွေမှာတော့ -

၁) ပညာအထူးပြု ဘုရားရှင်တွေက လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း

၂) သဒ္ဓါအထူးပြု ဘုရားရှင်တွေက ရှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း

၃) ဝီရိယအထူးပြု ဘုရားတွေက ၁၆ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း

ပါရမီ ဖြည့်ရကြောင်းနဲ့ ဂေါတမဗုဒ္ဓဟာ ပညာအထူးပြု ဗုဒ္ဓဖြစ်ကြောင်း ဆိုတယ်။ ဒီကျမ်းတွေမှာ ဗုဒ္ဓရှင်တော်မြတ်က အရှင်အာနန္ဒာကို မိန့်ကြားတဲ့အနေနဲ့ ဆိုပေမယ့် ဒီအဆိုပါရှိတဲ့ ပါဠိတော်မူရင်းကို နိကာယ်ငါးရပ်မှာ ရှာမတွေ့တာကတော့ ထူးခြားတယ်။

ပြီးတော့ ဒီကျမ်းဂန်တွေမှာ ဂေါတမဗုဒ္ဓ ပါရမီဖြည့်ခဲ့တဲ့ ဘုရားရှင်တွေရဲ့ အရေအတွက်ကို အတိအကျ မဖော်ပြဘူး။ ဒီအဋ္ဌကထာကျမ်းတွေကို ယေဘုယျအနေနဲ့ အေဒီ ၅ ရာစုနဲ့ ၆ ရာစုမှာ ရေးခဲ့တာဖြစ်လို့ အဲဒီခေတ်ထိ သမ္ဗုဒ္ဓေ (ဂေါတမဗုဒ္ဓ ပါရမီဖြည့်တဲ့ ဘုရား) အရေအတွက် မတိကျသေးဘူးလို့ ဆိုနိုင်မလားဘဲ။

## သမ္ဗုဒ္ဓေ သဲလွန်စ

ယိုးဒယားနိုင်ငံမှာ ရေးတဲ့ သောတတ္ထကီမဟာနိဒါန (ပါဠိဘာသာ)ကျမ်း (PTS, London, p. 4, 5) နဲ့ ဇိနကာလမာလီ (ပါဠိဘာသာ)ကျမ်း (PTS, London, p. 5, 24) တွေမှာတော့ -

စိန္တိတံ သတ္တ သင်္ချေယျံ၊ နဝ သင်္ချေယျဝါစကံ။

ကာယဝါစာ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ။

ဘုရားဖြစ်ဖို့ စိတ်က ကြံစည်တာ ၇ အသင်္ချေ၊ စိတ်ရော နှုတ်ပါ ပါရမီဖြည့်တာ ၉ အသင်္ချေ၊ ကိုယ် နှုတ် နှလုံး သုံးပါးလုံးနဲ့ ပါရမီဖြည့်တာ ၄ အသင်္ချေ၊ စုစုပေါင်း ၂၀ အသင်္ချေနဲ့ နောက်ထပ် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီဖြည့်ပြီးမှ ဗုဒ္ဓအဖြစ်ကို ရတယ်လို့ ဆိုတယ်။

ဒီ့အပြင် ပါရမီဖြည့်ခဲ့တဲ့ ဘုရားရှင် အရေအတွက်ကိုလည်း အတိအကျ ဖော်ပြတယ်။ စိတ်ကြံ ၇ အသင်္ချေကာလကို စတင်ခဲ့တဲ့ ဘုရားရှင် ၁ သူ (ပေါရာဏဒီပင်္ကရာဘုရား)၊ နှုတ်ပြော စိတ်ကြံ ၉ အသင်္ချေ ပါရမီ^ဖြည့် ကာလအတွင်း ၁၂၅၀၀၀ ဆူ၊ ကိုယ်နှုတ်နှလုံး သုံးပါးနဲ့ ၄ အသင်္ချေအတွင်း ၃၈၇၀၀၀ ဆူ၊ ကိုယ် နှုတ် နှလုံး သုံးပါးနဲ့ ပါရမီဖြည့်တဲ့ ကမ္ဘာတစ်သိန်းမှာ ၂၇ ဆူ၊ သဗ္ဗညုဗုဒ္ဓ (ပါရမီဖြည့်ခံ ဘုရားရှင်) စုစုပေါင်း ၅၁၂၀၂၈ ဆူ ဖြစ်ပါတယ်။

ဗုဒ္ဓဂေါတမ ပါရမီဖြည့်တဲ့ ဘုရားပေါင်း အတိအကျကို ဖော်ပြတာဟာ ထေရဝါဒ နောက်တိုး အယူအဆသစ် ဖြစ်ဖွယ်ရှိပြီး ဒီအယူအဆဟာ ဗုဒ္ဓရဲ့ ပါရမီဖြည့်ကာလ ရှည်ကြာမှုအယူအဆ စတင်ခဲ့တဲ့ သီဟိုဠ်၊ ပုလတ္ထိ (Polonnaruva) ခေတ် (အေဒီ ၁၁–၁၃ ရာစု) လောက်မှာ စတင်ခဲ့လေမလားလို့ ယူဆရတယ်။ အေဒီ ၁၅၀၈ ခုနှစ်၊ မြန်မာနိုင်ငံ၊ ပြည်မြို့နေ အရှင်သာဂရဗုဒ္ဓိမထေရ် ရေးစီရင်တဲ့ သီမဝိသောဓနီပါဌ် (စာ၊ ၇) မှာ ဇာတတ္ထကီသောတ္ထကီကျမ်း အမည်နဲ့ အထက်ပါ ဂါထာကို ကိုးကား ဖော်ပြပါတယ်။ အေဒီ ၁၄၄၂ ခုနှစ်၊ ပုဂံက ဘုန်းကြီးကျောင်းတစ်ခုကို လှူဒါန်းတဲ့ စာအုပ်စာရင်းမှာ သောတတ္ထကီမဟာနိဒါနကျမ်းရဲ့ အမည်ပါတယ် (*Pali Literature of Burma*, p. 104)။ ဒါကြောင့် အဲဒီအချိန်က မြန်မာနိုင်ငံမှာ သဗ္ဗညုဗုဒ္ဓအယူအဆ ရှိနေပြီလားပဲ။

## ပညာအထူးပြု ဂေါတမဗုဒ္ဓ

ဂေါတမဗုဒ္ဓဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း သို့မဟုတ် စိတ်ကြံနှုတ်ပြောပါထည့်ပြီး ၂၀ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဆည်းပူးရတဲ့ ပညာအထူးပြု ဗုဒ္ဓဖြစ်ပါတယ်။ အမှာကံ ဘဂဝါ ကပ္ပသတသဟဿာဓိကာနိ စတ္တာရိ အသင်္ချေယျာနိ ပါရမိယော ပူရေတွာ ဗုဒ္ဓဘာဝံ ပတ္တော ပညာဓိကော နာမ ပညိန္ဒြိယဿ ဗလဝတာ (ဇိနကာလမာလီ၊ ၂၆)။ သဗ္ဗညုဗုဒ္ဓဂါထာအရ ပညာဓိက(ပညာအထူးပြု) ဘုရားရှင်တွေဟာ ဘုရားရှင်ပေါင်း ၅၁၂၀၂၈ ဆူနဲ့ တွေ့ဆုံ ပါရမီဖြည့်ရဖွယ် ရှိတယ်။

**ဗုဒ္ဓဝါဒ ဂိုဏ်းကွဲအချို့ရဲ့ အဆို**

မဟာယာနနဲ့ အခြားဗုဒ္ဓဝါဒ ဂိုဏ်းကွဲတွေမှာလည်း ဗုဒ္ဓပါရမီဖြည့်တဲ့ ဘုရားရှင် အရေအတွက်ကို ဖော်ပြတယ်။ ကွဲလွဲမှုတော့ ရှိတယ်။ မဟာယာနတို့ ရှေးဦး ဗုဒ္ဓဝင်ဖြစ်တဲ့ လလိတဝိတ္ထာရကျမ်း (Bijoya Goswami, *Lalitavistara*, p. 6-7)မှာ ဂေါတမဗုဒ္ဓ ပါရမီဖြည့်ခဲ့တဲ့ ဘုရားရှင် ၅၅ ဆူတို့ရဲ့ အမည်ကို ပြဆိုတယ်။ သမိတ္တိယနဲ့ မူလသဗ္ဗတ္ထိဝါဒစတဲ့ အချို့ဗုဒ္ဓဝါဒ ဂိုဏ်းကွဲတွေမှာတော့ ပါရမီဖြည့် ဘုရားရှင်ပေါင်း ၂၂၈၀၀၀ လို့ ဆိုပါသတဲ့ (E. Obermiller, *History of Buddhism* I, p. 103)။

ဒါကြောင့် သမ္ဗုဒ္ဓေဟာ အခြားသော ဗုဒ္ဓဝါဒဂိုဏ်းကွဲတွေရဲ့ အယူအဆနဲ့လည်း ပတ်သက်ကောင်း ပတ်သက်နိုင်တယ်။ ဆိုလိုတာက အဲဒီဂိုဏ်းတွေရဲ့ အယူအဆနဲ့ ရောထွေးသွားတာလဲ ဖြစ်နိုင်တယ်။

**သမ္ဗုဒ္ဓေစေတီ ၂ ဆူ**

မြန်မာနိုင်ငံမှာ သမ္ဗုဒ္ဓေဂါထာကို ဗုဒ္ဓဝါဒီတိုင်းနီးပါး အာဂုံဆောင်ပြီး ရွတ်ဖတ်ကြပါတယ်။ 'မြို့တိုင်း ရွာတိုင်း ... ရွတ်ဖတ်ကြ ဂါထာ သမ္ဗုဒ္ဓေ' လို့လဲ တိုက်တွန်းပါတယ်။ သမ္ဗုဒ္ဓေဂါထာကိုရွတ်ရင် ဘေးအန္တရာယ် ကင်းတယ်၊ မကောင်းဆိုးရွားတွေ မကပ်နိုင်ဘူး၊ စီးပွားဥစ္စာ တိုးတက်တယ်လို့ ဗုဒ္ဓဝါဒီတို့ ယုံကြည်ပါတယ်။ မုံရွာမြို့အနီးမှာ လွန်ခဲ့တဲ့ နှစ်တစ်ရာနီးပါးလောက်က မိုးညင်းဆရာတော်ကြီးကလည်း ဘုရားဆင်းတုပေါင်း ၅၁၂၀၂၈ ဆူပါရှိတဲ့ စေတီကြီးတစ်ဆူကို တည်ခဲ့ပါတယ်။

ယိုးဒယားနိုင်ငံက စူဠရာပရိတ် ၇ စောင်တွဲ (Cularaja Paritta) လို့ခေါ်တဲ့ ဘုရင့်ဝတ်ရွတ်စဉ်စာအုပ်နဲ့ ပရိတ်ကြီး ၁၂ စောင်တွဲ (Maharaja Paritta) ကျမ်းတွေမှာ သမ္ဗုဒ္ဓေဂါထာ ပါလို့ (မြန်မာမူနဲ့ အနည်းငယ်ကွဲတယ်) ယိုးဒယားမှာလည်း သမ္ဗုဒ္ဓေဂါထာ ရွတ်ဖတ်မှု ထင်ရှားတာ သေချာတယ်။ ၁၉၈၆ ခုနှစ်က ယိုးဒယားနိုင်ငံ Mae Sot ခရိုင်မှာ မုံရွာ သမ္ဗုဒ္ဓေစေတီတော်ကို အတုယူပြီး စေတီယဝိဟာရသမ္ဗုဒ္ဓေစေတီကို တည်ပါတယ် (*Bangkok Post*, August 25, 1986)။

**ဘယ်တုန်းက ဘယ်အရပ်မှာ**

ဘုရားရှင်တို့ရဲ့ ပါရမီဖြည့်ကျင့်တဲ့ ကာလဟာ အလွန့်အလွန် ကြာညောင်းတယ်ဆိုတဲ့ အယူအဆကနေ သမ္ဗုဒ္ဓေ အယူအဆသို့ တိုးတက်သွားခဲ့တာ ဖြစ်နိုင်တယ်။ ထေရဝါဒကျမ်းအနေနဲ့ လက်ခံတဲ့ သောတတ္ထကီမဟာနိဒါနဟာ အဲဒီတိုးတက်ပြီး နိုင်မာလာတဲ့ အယူအဆကို မှတ်တမ်းတင် ဖော်ပြတဲ့ ကျမ်းဖြစ်နိုင်တယ်။ သမ္ဗုဒ္ဓေဂါထာကို ဘယ်အချိန်က ဘယ်အရပ်မှာ ရေးသလဲ၊ ယိုးဒယား သမ္ဗုဒ္ဓေဂါထာက Origin လော၊ မြန်မာ သမ္ဗုဒ္ဓေဂါထာက အရင်လော ဆိုတာတော့ သုတေသီတို့ ဆက်လက် တင်ပြပါကုန်။

**ထေရဝါဒနဲ့ နောက်တိုး**

သမ္ဗုဒ္ဓေဂါထာတော်က တန်ခိုးနဲ့ ကာကွယ်မှုအတွက်ပဲ ဖြစ်ပြီး လေးနက်တဲ့ ဗုဒ္ဓဒဿနနဲ့ တွေးမြင်မှု မပါရှိဘူး။ ယင်းစွမ်းရည် တန်ခိုးတွေဟာ ဂါထာမှာ ပါရှိတဲ့ ဘုရားရှင်တို့ရဲ့ စွမ်းရည်ကြောင့်ပဲ ဖြစ်တယ်။ သမ္ဗုဒ္ဓေဂါထာမှာပါတဲ့ များပြားလှတဲ့ ၅၁၂၀၂၈ ဆူ ဘုရားရှင် (သမ္ဗုဒ္ဓေ) အရေအတွက်ဟာ ပါဠိတော် အဋ္ဌကထာကျမ်းရင်းတွေမှာ မတွေ့ရဘူး။ အခြားသော ဗုဒ္ဓဝါဒဂိုဏ်းကွဲတွေနဲ့ မဟာယာန ယူဆပုံတွေနဲ့လည်း ခပ်ဆင်ဆင်ဖြစ်နေတယ်။ လေ့လာချက်တွေအရ အဘယဂိရိဂိုဏ်း အယူအဆလည်း ဖြစ်နိုင်လို့ ထေရဝါဒီတွေအနေနဲ့ ဒီအယူအဆကို အလေးအနက်ထားပြီး လက်ခံဖွယ် မလိုဘူးလို့ ဝေဖန်ကြတာတွေလည်း ကြားရတယ်။ ဒါကတော့ နောက်တိုး အယူအဆတွေကို လက်ခံဖို့ ဝန်လေးတတ်တဲ့ ထေရဝါဒီတို့ရဲ့ ထုံးစံအတိုင်းပါပဲ။

**အဝိရောဓိ (မဆန့်ကျင်တဲ့) အမြင်**

သုတေသနအမြင်နဲ့ ဘုန်းကြီးက အဲဒီလို ဝေဖန်ပြပေမယ့် စဉ်းစားစရာတွေ အများကြီး ရှိပါသေးတယ်။ ဘုရားရှင်တို့ရဲ့ အမည် သို့မဟုတ် ဂုဏ်ရည်ကို ရွတ်ဖတ်ခြင်းဖြင့် ဘေးအန္တရာယ်ကို ကာကွယ် ဖယ်ရှားတယ်လို့ ယူဆတာဟာ ပါဠိတော်နဲ့ မဆန့်ကျင်ပါဘူး။ ဓဇဂ္ဂပရိတ်တော်

(သံ ၁၊ ၂၂၀) မှာ ဗုဒ္ဓဂုဏ်ရည်ကို ဖော်ပြတဲ့ 'ဣတိပိ သော'ကို ရွတ်ဆိုရင် ကြောက်ရွံ့မှုကို ပယ်ရှားကြောင်း ဗုဒ္ဓရှင်တော်မြတ်က မိန့်ပါတယ်။ ဣသိဂိလိသုတ်တော် (မ ၃၊ ၁၁၃)အရ ပစ္စေကဗုဒ္ဓါတို့ရဲ့ အမည်နာမတွေကို ရွတ်ပွားရင်၊ မဟာသမယသုတ်နဲ့ အာဋာနာဋိယသုတ်တို့အရ တန်ခိုးကြီး နတ်ဒေဝါတို့ရဲ့အမည်ကို ရွတ်ပွားရင် အန္တရာယ်ကင်းတယ်၊ နတ်တွေ ချစ်တယ်။ ပါဠိတော် ကျမ်းဂန်ထွက် မဟုတ်တဲ့ မဟာဒိဗ္ဗမန္တ နဲ့ ဥပတသန္တိလို ပရိတ်တော်တွေဟာလည်း ဒီအတိုင်းပါပဲ။

'ဆုံးစမထင် သံသရာ'ဆိုတဲ့ ဗုဒ္ဓဟော တရားနဲ့အညီ ဗုဒ္ဓဘုရားရှင်တွေဆိုတာလဲ အဲဒီသံသရာ အတွင်းမှာ ဆုံးစ မထင်အောင် ပွင့်တော်မူကြမှာပါ။ ဗုဒ္ဓဟောကြားချက်အရ ဗုဒ္ဓနှစ်ဆူ တစ်ပြိုင်နက် မပွင့်ထွန်းနိုင်ပေမဲ့ (အံ ၁၊ ၃၀) မည်သူမဆို ဗုဒ္ဓဖြစ်ခွင့်ရှိတယ်။ ဂါရဝသုတ် (သံ ၁၊ ၁၄၁) မှာ လွန်လေပြီး ဘုရားရှင်များနဲ့ အနာဂတ်ဘုရားရှင်များ ရှိကြောင်း ဗုဒ္ဓဟောကြားပါတယ်။

အာဋာနာဋိယသုတ် (ဒီ ၃၊ ၁၉၆)မှာ 'ထိုဝိပဿီစသော ဘုရား ခုနစ်ဆူ၊ ထိုမှတစ်ပါး ကုဋေရာပေါင်း များစွာသော ဘုရားရှင်တို့သည် ... (ဧတေ စညေစ သမ္ဗုဒ္ဓါ၊ အနေကသတကောဋိယော)'လို့ ဟောပါတယ်။ ဒါကြောင့် သချာအတိအကျ သတ်မှတ်ပြတာက လွဲပြီး အခြေခံ မူရင်း အယူအဆ တူလို့ 'သမ္ဗုဒ္ဓေ'ရဲ့ အစွမ်းသတ္တိ ထက်မြ ထက်နေမှာပဲလို့ ယူဆကြောင်းပါ။ ▢





# ကာမေသုမိစ္ဆာစာရအဖွင့်

ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ငါးပါးသီလမှ ကာမေသုမိစ္ဆာစာရ အကြောင်းကို ရှင်းပြပေးစေလိုပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် တော်တော်များများမှာ 'ကာမကိစ္စ၌ လွဲမှားစွာ ပြုကျင့်ခြင်း' လို့သာ ဖော်ပြလေ့ရှိပါတယ်။ မည်သို့သော ပြုကျင့်မှုများသည် ဤကံကို ကျူးလွန်ရာ ရောက်ပါသနည်း။ လူပြိန်းနားလည်သော စကားဖြင့် ရှင်းပြပေးပါဘုရား။

ထို့ပြင် ဤကံကို ကျူးလွန်ရာ၌ ယောကျ်ားများသာ အပြစ်ရှိပါသလား။ အမျိုးသမီးများ၌လည်း အပြစ် ရှိပါသလား။ အမျိုးသမီးတစ်ယောက်ဟာ အိမ်ထောင်ရှိသော အမျိုးသားတစ်ယောက်ကို သိလျက်ဖြစ်စေ မသိ၍ဖြစ်စေ လက်ထပ်ပေါင်းသင်းလျှင် ဤသိက္ခာပုဒ်ကို ကျူးလွန်ရာ ရောက်ပါသလား။

သန်းထွန်းဦး

---

## ကာမေသုမိစ္ဆာစာရ

'ကာမေသုမိစ္ဆာစာရော-ဟူသော စကားရပ်၌ ကာမေသု-ဟူသည် မေထုန်အကျင့်တို့၌ (ဟုဆိုလို၏)။ မိစ္ဆာစာရော-ဟူသည် အမှန်ပင် ကဲ့ရဲ့ထိုက်ပြီး အောက်တန်း ကျသော အပြုအမူတည်း။ လက္ခဏာအားဖြင့်မူ မသူတော်တို့၏ အကျင့်ကို အလိုရှိသဖြင့် ကာယဒွါရ(ကိုယ်ခန္ဓာ)၌ ဖြစ်သော မသွားလာထိုက်သူများ၌ ကျူးလွန်သည့် စေတနာသည် ကာမေသု မိစ္ဆာစာရတည်း။ မသွားလာကောင်းသူများဟူသည် ယောကျ်ားများအဖို့ မသွားလာကောင်းသူ အမျိုးသမီး နှစ်ဆယ်၊ မိန်းမများအဖို့ မသွားလာကောင်းသူ အမျိုးသား ၁၂ ယောက်တည်း။ ၁) မသွားလာ

ကောင်းသည့် အမျိုးသမီး သို့မဟုတ် အမျိုးသား ဖြစ်ခြင်း၊ ၂) ယင်းတို့၌ မှီဝဲလိုစိတ်ရှိခြင်း၊ ၃) မှီဝဲရန် လုံ့လပြုခြင်း၊ ၄) မဂ်ချင်း ထိတွေ့မှုကို သာယာခြင်းဟု ကံမြောက်ရန် အကြောင်း လေးချက်ရှိ၏' (မ-ဋ္ဌ ၁၊ ၂၀၃။ အဘိ-ဋ္ဌ ၂၊ ၃၈၅။ ပဋိသံ-ဋ္ဌ ၁၊ ၂၀၄)။

ကာမေသုမိစ္ဆာစာရရဲ့ ကျမ်းဂန်လာအဓိပ္ပာယ်ကို အထက်ပါအတိုင်း အရင်မှတ်ပြီးမှ ခေတ်အမြင်နဲ့ တွေးကြည့်ရအောင်ပါ။ ယင်း အဋ္ဌကထာကျမ်းတွေရဲ့ အာဘော်အရ ကာမေသု-ဆိုတာ မေထုန်ကိစ္စ၊ မိစ္ဆာစာရ-ဆိုတာ မှားယွင်းစွာ ပြုကျင့်တာ၊ ဘယ်လိုကျင့်ရင် မှားသလဲဆိုရင် ယောက်ျားတွေအဖို့ မသွားထိုက်တဲ့ မိန်းမ ၂၀၊ မိန်းမတွေအဖို့ မသွားထိုက်တဲ့ ယောက်ျား ၁၂ နဲ့ သွားလာ (မှီဝဲ၊ ဆက်ဆံ)ရင် မှားတယ်လို့ လိုရင်းကို အရင် မှတ်လိုက်ပါ။

**အမျိုးသမီး ၂၀၊ အမျိုးသား ၁၂**

ပါရာဇိကဏ်ပါဠိတော် (ဝိ ၁၊ ၂၀၂) မှာ ဘိစီ ၆ ရာစု ဗုဒ္ဓခေတ်က အမျိုးသမီးပုံစံ ၂၀ ကို ဖော်ပြတယ်။ ညွှန်းပြီး အဋ္ဌကထာကျမ်းတွေမှာ အဲဒီ ၂၀ ကိုပဲ ယောက်ျားတွေ မကျူးလွန်ကောင်းတဲ့ အမျိုးသမီး ၂၀ လို့ ဖွင့်ဆိုတယ်။ အမျိုးသမီးပုံစံ ၂၀ စာရင်းကို

**မာ ပိ မာပိ ဘ နှင့် ဘာ၊ ညာ ဂေါ် ဓံ သ သာ။**

**ဓ ဆန် ဘော ပ၊ ဩ ဩ ဓ၊ ကမ္မ ဒ် မုဟာ -**

လို့ ပထမဆုံး စာလုံးလေးတွေကို စီပြီး မှတ်လိုက်ပါ။

၁။ မာ (မာတုရက္ခိတာ) = အမိစောင့်သော မိန်းမ ၂။ ပိ (ပိတုရက္ခိတာ) = အဖစောင့်သော မိန်းမ ၃။ မာပိ (မာ တာပိတုရက္ခိတာ) = အမိအဖစောင့်သော မိန်းမ ၄။ ဘ (ဘဂိနိရက္ခိတာ) = အစ်မညီမစောင့်သော မိန်းမ ၅။ ဘာ (ဘာတု ရက္ခိတာ) = မောင်စောင့်သော မိန်းမ ၆။ ညာ (ညာတိရက္ခိတာ) = ဆွေမျိုးစောင့်သော မိန်းမ ၇။ ဂေါ် (ဂေါတ္တရက္ခိတာ) = အနွယ်စောင့်သော မိန်းမ ၈။ ဓံ (ဓမ္မရက္ခိတာ) = တရားကျင့်ဖော်တို့ စောင့်သောမိန်းမ ၉။ သ (သပရိဒဏ္ဍာ) = ဤမည်

သော မိန်းမကို သွားလာသူအား ဤမျှလောက် ဒဏ်တပ်စေ’ဟု (ဘုရင်စသည်က) ဒဏ်ထားသော မိန်းမ ၁၀။ သာ (သာရက္ခာ) = အမိဝမ်းတွင်း၌ပင် ‘ဤကား ငါ့၏မယားတည်း’ဟု အနည်းဆုံး ပန်းတုံးတိုင်စက်၍ သတ်မှတ်သော ဇနီး။

၁၁။ ဓ (ဓနက္ကီတာ) = ငွေဖြင့်ဝယ်ယူသော ဇနီး ၁၂။ ဆန် (ဆန္ဒဝါသိနီ) = အလိုတူ၍နေသော ဇနီး ၁၃။ ဘော (ဘောဂဝါသိနီ) = စည်းစိမ်ကြောင့် ဇနီးပြုနေသူ ၁၄။ ပ (ပဋဝါသိနီ) = အဝတ်အထည်ကြောင့်နေသော ဇနီး ၁၅။ ဩ (ဩဒပတ္တကိနီ) = ရေခွက်၌ လက်စုံချ၍ လက်ထပ်သော ဇနီး ၁၆။ ဩ (ဩဘဋစုမ္ဗတာ) = ခေါင်းခုကို ချစေ၍ နေသော ဇနီး ၁၇။ ဓ (ဓဇာဟတာ) = သုံ့ပန်းရ ဇနီး ၁၈။ ကမ္မ (ကမ္မကာရီ စ ဘရိယာ စ) = အမှုကိစ္စ ဆောင်ရွက်ရင်း ဇနီးပြုနေသူ ၁၉။ ဒါ (ဒါသီ စ ဘရိယာ စ) = ကျွန်မက ဇနီးပြုနေသူ ၂၀။ မုဟာ (မုဟုတ္တိကာ) = ပြည့်တန်ဆာ ဇနီး။

ညွှန်းပြီး အဋ္ဌကထာကျမ်းတွေမှာပဲ အမျိုးသမီးတွေ မကျူးလွန်ကောင်းတဲ့ ယောကျ်ား ၁၂ မျိုးကို ဖော်ပြရာမှာ ပုံစံ ၂၀ ထဲက အမှတ် ၉ မှ ၂၀ ထိ ဖြစ်ကြောင်း ဆိုပါတယ်။ ‘ဤမည်သော ယောကျ်ားကို သွားလာသူအား ဤမျှလောက် ဒဏ်တပ်စေ’ဟု (ဘုရင်စသည်က) ဒဏ်ထားသော ယောကျ်ား၊ အမိဝမ်းတွင်း၌ပင် ‘ဤကား ငါ့၏ လင်ယောကျ်ားတည်း’ဟု သတ်မှတ်ထားသော ယောကျ်ား၊ ငွေဖြင့် ဝယ်ယူသော ယောကျ်ား စသည်ဖြင့် ယောကျ်ားပုံစံ ၁၂ မျိုးကို မှတ်ကြည့်ပါ။

**ကာလ ဒေသနဲ့ အညီ**

ဒီအမျိုးသမီး ပုံစံ ၂၀ ဟာ ဗုဒ္ဓလက်ထက်က အိန္ဒိယနိုင်ငံက ပုံစံ ဖြစ်ပါတယ်။ ယခုခေတ် နိုင်ငံ၊ လူမျိုး၊ ဘာသာတရား၊ ယဉ်ကျေးမှုတွေ အပြင် အမျိုးသမီးအခွင့်အရေး လူ့အခွင့်အရေး ရှုထောင့်တွေနဲ့ တစ်ထပ်တည်း မကျနိုင်ပါဘူး။ ဒါကြောင့် ကျမ်းဂန်ကို အခြေပြုပြီး ယေဘုယျပဲ ဆိုပါမယ်။ အဲဒီခေတ်က အိန္ဒိယမှာ မမွေးခင်ကတည်းက ဇနီးခင်ပွန်းအဖြစ်

သတ်မှတ်တာကို အမှတ် ၁၀ ပုံစံအရ သိနိုင်တယ်။ အရွယ်မရောက်ခင် သတ်မှတ်တာလဲ ရှိတယ်။ မသွားလာကောင်းတဲ့ ယောကျ်ားစာရင်းမှာ အမှတ် ၁ ကနေ ၈ ထိ ပုံစံများ မပါတာကို ထောက်ရင် အမျိုးသမီး တွေဖက်က ပိုပြီး ကင်းလွတ်ခွင့် ရှိနေမလားဘဲ။ အမှတ် ၁၅ က ရေခွက်တစ်ခုထည်းမှာ 'ယောကျ်ား မိန်းမနှစ်ဦးရဲ့ လက်ကို ထည့်ပြီး ဤရေကဲ့သို့ မကွဲမပြား နေထိုင်ကြ'လို့ ဆိုပြီး လက်ထပ်ထားတဲ့ ဇနီးခင်ပွန်း။ မြန်မာတို့ ယဉ်ကျေးမှုနဲ့ တူနိုင်မယ်။ အမှတ် ၁၆ က ခေါင်းခုပြင့် ထင်းခွေ စားသောက်သူ ဆင်းရဲသူမကို အဲဒီအလုပ်ကို မလုပ်စေတော့ဘဲ ဇနီးပြုထားသူ။

**ကျားမ မခွဲခြားပါဘူး**

မဟုတ်တာကို လုပ်လို့ အပြစ်ရှိတယ်ဆိုရာမှာ ယောကျ်ားပဲ အပြစ်ရှိပြီး မိန်းမ အပြစ်မရှိဘူးဆိုတဲ့ ထုံးစံ ဗုဒ္ဓဝါဒမှာ လုံးဝမရှိဘူး။ ဒီသိက္ခာပုဒ် က မိန်းမ ယောကျ်ားမဟူ စောင့်ရှောင့်ရတဲ့ သိက္ခာပုဒ်ပဲ။ အမျိုးသမီး တစ်ယောက်ဟာ အိမ်ထောင်ရှင် ယောကျ်ားကို အိမ်ထောင်ရှင်မှန်း သိ လျက် ရည်းစားဖြစ်ဖူးလို့ ကျော်ကြားလို့ ချမ်းသာလို့ ချောလို့ အာဏာ ရှိလို့ လင်ပြုရင် ဒီသိက္ခာပုဒ်အရ အပြစ်ရှိသလားလို့ မေးစရာတောင် မလိုဘူး။ လုံးဝ အပြစ်ရှိပါတယ်။ ရည်းစား ဖြစ်ဖူးသူက ယခု မုဆိုးဖို သို့မဟုတ် မုဆိုးမ ဖြစ်နေပါတယ်လို့ လိမ်တာကို ယုံစားမိလို့ လက်ခံ တဲ့ အမျိုးသမီး သို့မဟုတ် အမျိုးသား အပြစ်မရှိတန်ရာဘူး။ ဒါပေမဲ့ မယားကြီး လင်ကြီး ရှိနေတာကို သိတာနဲ့ အဲဒီ ရည်းစားဟောင်းကို ကွဲပစ်ရမယ်။ မကွဲရင် သိလျက်နဲ့ ပေါင်းသင်းတာဖြစ်လို့ အပြစ်ရှိတယ်။ ပေါင်းပြီးမှ ဒီလို ကွဲပစ်ဖို့ မလွယ်လို့ မကွဲရင် မိစ္ဆာစာရမြောက် အပြစ် လဲဖြစ်လို့ ဇာတ်လမ်းမစခင် သေချာဖို့ လိုပါတယ်။

**အင်္ဂါလေးချက် အဓိပ္ပာယ်**

'အလိုမတူဘဲ နိုင်ထက်စီးနင်း ကျူးလွန်သော် မိစ္ဆာစာရမှု ပိုအပြစ်ကြီး ၏။ သို့မဟုတ်မူ နှစ်ဦး ဆန္ဒတူနေသောကြောင့် အပြစ် မကြီး။ နိုင်ထက်

စီးနင်းပြုရာ၌ အပြုခံရသူ (အမျိုးသမီး)သည် မင်္ဂအချင်းချင်း ထိတွေ့မှုကို သာယာသော်လည်း ရှေးဦးစွာ ဖြစ်ပေါ်သော မှိဝဲမှုနှင့် ပတ်သက်သည့် လုံ့လပြုမှု မရှိသောကြောင့် မိစ္ဆာစာရကံမမြောက်ဟု ဆိုကြ၏။ များသောအားဖြင့် အမျိုးသမီးမှာ မှိဝဲမှုလုံ့လ မရှိသောကြောင့် (ပြုခံရသူ အမျိုးသမီး) မှိဝဲလိုစိတ်ရှိမှု လုံ့လမပြုခြင်းမှာ ပမာဏ မဟုတ် (လုံ့လမပြုသော်လည်း မိစ္ဆာစာရ မြောက်၏)။ ... ထို့ကြောင့် အလိုတူ ကျူးလွန်ရာမှာ (အမှတ် ၃ မပါဘဲ) အင်္ဂါသုံးရပ်၊ အလိုမတူရာမှာ (အမှတ် ၂ မပါဘဲ) အင်္ဂါ ၃ ရပ်၊ တူရာပေါင်း အင်္ဂါ ၄ ရပ်ဟု မှတ်ရမည် (မ-ဋီ ၁၊ ၃၀၂။ ဒီ-ဋီ ၃၊ ၂၆၃။ သံ-ဋီ ၁၊ ၁၄၂)'။

အဘိဓမ္မာအနုဋီကာက အဲဒီ ဋီကာယ်ဋီကာတွေရဲ့ အဆိုကို မနှစ်သက်တာတွေ့ရတယ် 'အမျိုးသားများကို ရည်ညွှန်းပြီး အများဆုံး အင်္ဂါလေးရပ်ဟု ဆိုခြင်းဖြစ်၏။ သို့မဟုတ်ပါက မိန်းမက ယောကျ်ားကိစ္စကို ပြုသောအခါ ယောကျ်ားက လုံ့လ မပြုသောကြောင့် မိစ္ဆာစာရ မဖြစ်ဟု အဓိပ္ပာယ် သက်ရောက်သွားမည် (အနုဋီ ၁၊ ၈၉)'။

## နားလည်မှုတစ်ရပ်

အဲဒီ မူရင်းကျမ်းတွေကို လေ့လာပြီး နားလည်ကြည့်ရင် - တရားဝင် အရွယ်ရောက် လုလင်ပျိုက တရားဝင် အရွယ်ရောက်တဲ့ မိဘစသူတို့ရဲ့ စောင့်ရှောက်ခံ မိန်းမပျိုကို စောင့်ရှောက်သူတွေက သဘောမတူဘဲ ခိုးယူရင် မိစ္ဆာစာရ ဖြစ်တယ်။ ဒါပေမယ့် မိန်းမပျိုက သဘောတူ ချစ်ကြိုက်လို့ အပြစ်မကြီး။ လုလင်ပျိုဟာ (အမှတ် ၁ မှ ၈ ထိ ယောကျ်ားပုံစံထည်းမှာ မပါလို့) ခိုးခံရတဲ့ မိန်းမပျိုအနေနဲ့ မိစ္ဆာစာရလည်း မဖြစ်၊ အပြစ်လည်း မကြီးလို့ ဆိုနိုင်မယ်။ မျက်မှောက် နားလည်မှုနဲ့ ကြည့်ရင် စိတ်ဝင်စားဖွယ်ပါ။

အရွယ်ရောက် လွတ်လပ်တဲ့ ... လွတ်လပ်တဲ့ဆိုတာ မိဘစသူတွေက ဒီကိစ္စအတွက် သမီးရဲ့ ဆန္ဒပါလို့ ခွင့်ပြုထားတဲ့ မိန်းမပျိုကို အလိုတူ ဖခိုးပြုရင် ယောကျ်ားရော မိန်းမပါ ဒီသိက္ခာပုဒ်အရ ဘာအပြစ်

မှ မရှိဘူး။ ပြည့်တန်ဆာနဲ့ ပေါင်းသင်းလို့ မိစ္ဆာစာရမဖြစ်။ ဒါပေမယ့် ပြည့်တန်ဆာကို ဇနီး သို့မဟုတ် လင်ပြုတဲ့ ယောကျ်ား မိန်းမဟာ မိမိမှာ ဇနီး သို့မဟုတ် လင်ရှိရင် ပြုသူရော အပြုခံ (ပြည့်တန်ဆာ)ပါ မိစ္ဆာစာရ မြောက်ပြီး အပြစ်ရှိတယ်။ □

# ရဟန္တာတို့ရဲ့ ဝါသနာ

ရိုသေစွာ လျှောက်ထားအပ်ပါသည်၊

အရှင်ဥပဂုတ္တရဟန္တာ မထေရ်ကြီးက မာနတ်ကို ဆုံးမတဲ့အနေနဲ့ မာနတ်ရဲ့ လည်ပင်းမှာ ခွေးသေကောင်ပုပ်ကို ဆွဲထားလိုက်တယ်လို့ ကြားဖူး ဖတ်ဖူးပါသည်။ ကိလေသာ အာသဝေါကုန်ခမ်းပြီးဖြစ်တဲ့ ရဟန္တာကြီးက အဲဒီလို လုပ်တယ်ဆိုတာ ဖြစ်နိုင်ပါသလား။ မာနတ်က လူတွေကို အနှောင့်အယှက် ပြုတယ်ဆိုရင်တောင် အခြားနည်းနဲ့ မာနတ်ကို လိမ်မာအောင် ဆုံးမသင့်ပါသည်။ ဥပမာ ဘုရားရှင်က နာဠာဂိရိဆင်ကို ဆုံးမသလိုမျိုး။ အဲဒီအဆိုဟာ ရှင်တော်ဗုဒ္ဓ ဟောကြားသည့် တရားတော်နှင့် ညီညွတ်နိုင်ပါသလား။ ကျမ်းဂန်မှာ ပါသလား ဆိုတာကို ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား။

ရှိုင်းလင်းမောင်၊ သန္တာမြေ

---

**မာနတ်ရဲ့ လုပ်ကြံမှု**

ထေရဝါဒီတို့ အလေးဂရုပြုတဲ့ အဋ္ဌကထာကျမ်းတွေမှာ အရှင်ဥပဂုတ္တ အကြောင်းကို မဖော်ပြဘူး။ ဒါကြောင့် အရှင်ဥပဂုတ္တ မထေရ်က မာနတ် လည်ပင်းမှာ ခွေးသေကောင်ပုပ်ကို ဆွဲတယ်ဆိုတာလည်း ထေရဝါဒ ကျမ်းဂန်ထွက်စကား မဟုတ်ဘူး။ စာပေညြဇာကြီးမားတဲ့ ဝိနတ္ထပကာ

သနီ စတဲ့ နောက်ပေါ် မြန်မာကျမ်းအချို့မှာ အဲဒီလို ရေးသားရာကနေ နှောင်းခေတ်မှာ လူတွေ အဲဒီလို နားလည်သွားကြပုံ ပေါ်တယ်။ ဒါပေမယ့် လေးစားရတဲ့ ထေရဝါဒကျမ်းဂန်ဖြစ်တဲ့ ထေရဂါထာအဋ္ဌကထာ (ထေရဂါထာ-ဋ္ဌ ၁၊ ၄၆၀) မှာလည်း အလားတူ ဖြစ်ရပ်ကို ဖော်ပြတာ တွေ့ရတယ်။ ဖော်ပြပုံက ဒီလိုပါ။

ဗုဒ္ဓလက်ထက်က အဘိညာဉ် ခြောက်ပါးရ ရဟန္တာကြီး တစ်ပါး ရှိတယ်။ ဘွဲ့အမည်က အရှင်သာဋိမတ္တိယတဲ့။ သာသနာကို မကြည်ညို တဲ့ မိသားတစ်စုဟာ မထေရ်ရဲ့ တရားကြောင့် မထေရ်ကို အလွန် ကြည်ညိုသွားလို့ နေ့စဉ် အိမ်ကို ပင့်ပြီး ဆွမ်းကပ်ရာမှာ အဲဒီအိမ်က ချောမောလှပတဲ့ မိန်းမငယ်က မထေရ်ကို ပြုစုတယ်။ တစ်နေ့ မာနတ် ဟာ အိမ်သားတွေ မထေရ်ကို အကြည်ညိုပျက်အောင် မထေရ်ယောင် ဆောင်ပြီး မိန်းမပျိုရဲ့လက်ကို ဖမ်းကိုင်တယ်။ မိန်းမပျိုကတော့ လူသား ကိုယ်ခန္ဓာရဲ့ အတွေ့ မဟုတ်မှန်း သိပါသတဲ့။ နောက်နေ့မှာ အိမ်သား တွေ မထေရ်ကို မရိုသေကြတော့ဘူး။

မထေရ်ကြီးက အဘိညာဉ်နဲ့ ဆင်ခြင်တဲ့အခါ မာနတ် လုပ်ကြံမှုဆို တာကိုသိလို့ မထေရ်က တန်ခိုးနဲ့အဓိဋ္ဌာန်ပြီး မာနတ် လည်ပင်းမှာ ခွေး ကောင်ပုပ်ကို ဆွဲပေးလိုက်တယ်။ ဒီတော့ မာနတ်ဟာ မထေရ်နဲ့ အ ပေးအယူ လုပ်ပြီး အိမ်သားတွေကို အဖြစ်မှန် ရှင်းပြလို့ အိမ်သား တွေက အဖြစ်မှန်ကိုသိ၊ မထေရ်ကို တောင်းပန်ပြီး ဆက်လက် ဆွမ်း စားကြွဖို့ ပင့်တယ်။ ဒါပေမယ့် မထေရ်က 'ပုထုဇဉ်တို့ရဲ့ သဒ္ဓါတရား ဆိုတာ မြင်းပေါ်က ရေအိုးလို မခိုင်ဘူး။ ကြိုက်ချင် ကြိုက်ပြီး မုန်းချင် မုန်းလိုက်တာပဲ။ အဲဒီလို ကြိုက်ခြင်း မကြိုက်ခြင်းကြောင့် ရဟန်းတစ် ပါးမှာ ဘာအရှုံးရှိပါ့မလဲ။ အိမ်ရှိရင် ဆွမ်းမရှားပါဘူး။ ငါ့ခြေသလုံးတွေ ကောင်းပါသေးတယ်'လို့ ဆိုပြီး အိမ်ပင့်ဆွမ်းကို လက်မခံတော့ဘူး။

## ရဟန္တာဆိုတာ

ဗုဒ္ဓ အဘိဓမ္မာ သဘောအရ ရဟန္တာပုဂ္ဂိုလ်ဟာ ဒေါသ မဖြစ်၊ စိတ်မဆိုး၊

အပြီးမရှိ။ အဲဒါတွေ မရှိလို့ သူများ ဒုက္ခရောက်အောင် လုပ်ဖို့ စိတ်စေတနာမရှိ။ အကြောက်တရားမရှိ။ မနာလို ဝန်တိုစိတ်မရှိ။ စိတ်ပျံ့လွင့်ခြင်းမရှိ။ ရာဂစိတ်မရှိ။ ဒါကြောင့် ဇိမ့်ပစ္စည်း ဇိမိုင်လို့ ဘာကိုမျှ မစွဲလမ်း။ ကိုယ့်ကိုယ်ကို ဘဝင်မြင့် စိတ်ကြီးဝင် အထင်ကြီးမှုမရှိ။ လိမ်ညာ ကြွားဝါမှု လုံးဝမရှိ။ သစ္စာကို သိမြင်ပြီးဖြစ်တဲ့အထိ စိတ်ပိုင်းဘာဝ ဖြူစင်မှုကို အလုံးစုံ ပြီးပြည့်စုံအောင် လေ့ကျင့် အားထုတ်ထားပြီး ဖြစ်လို့ ပကတိ ရိုးသားဖြူစင်တဲ့ စိတ်ထားနဲ့ အတွယ်အတာမဲ့ လွတ်လပ်စွာ သွားလာနေထိုင်တဲ့ လောကရဲ့ ပူဇော်ခံ ပုဂ္ဂိုလ်ထူး ဖြစ်ပါတယ်။ လောကမှာ ဘုရားကလွဲရင် စိတ်ထား အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တယ်။

## ရဟန္တာ လုပ်သင့်သလား

အဋ္ဌကထာ စာသွားအရ အရှင်သာဠ္ဌမတ္တိယ ရဟန္တာကြီးဟာ ခွေးကောင်ပုပ်ကို တန်ခိုးနဲ့ အဓိဋ္ဌာန်ပြီး ဖန်ဆင်းတာလို့ဆိုတယ်။ တန်ခိုးရှိတဲ့ ရဟန်းဟာ အဲဒီလို အဓိဋ္ဌာန်တဲ့ တန်ခိုးမျိုးကို ပြကောင်းတဲ့အတွက် ခွေးသေကောင်ပုပ်ကို ဖန်ဆင်းလို့ အာပတ်မသင့်ဘူးလို့ ဆိုနိုင်တယ်။ မာနတ်လည်ပင်းမှာ ဆွဲတာက တန်ခိုးနဲ့ ဖန်ဆင်းထားတဲ့ ခွေးပုပ်၊ အဲဒီလိုဆွဲရတဲ့ အကြောင်းက လူတွေ အမှန်တရားကို သိစေချင်လို့။ လူတွေ အကုသိုလ် မဖြစ်အောင်လို့။ မာနတ် ဒုက္ခရောက်စေချင်လို့ မဟုတ်ဘူး။ အရှင်မောဂ္ဂလ္လာန်က နန္ဒောပနန္ဒနဂါးကို နှစ်ဆကြီးတဲ့ ခန္ဓာကိုယ်နဲ့ အပေါ်ကဖိပြီး ဆုံးမရာမှာလဲ ဒီနဂါးကို မာန်ချရုံ သက်သက်ပါပဲ။ ဗုဒ္ဓဝါဒမှာ စိတ်စေတနာဟာ အဓိက ကျပါတယ်။ စိတ်ထား ဖြူစင်ပြီး တစ်ဖက်သားကို အကျိုးမယုတ်စေရင်တော့ အပြစ်မဖြစ်နိုင်ပါဘူး။ ဘုရားမှ တစ်ပါး ရဟန္တာသာဝကတွေဟာ ဝါသနာကိုမပယ်ဘူး။ တစ်ချို့ ရဟန္တာကြီးတွေ နှုတ်ကြမ်းတယ်။ ဥပမာ ပိလိန္ဒဝစ္ဆရဟန္တာကြီး။

မပယ်နိုင်တဲ့ စရိုက်ဝါသနာအရ အချို့ရဟန္တာကြီးတွေဟာ လောကကို ခပ်ကြမ်းကြမ်းလေး ကိုင်တွယ်လေ့ရှိသလားလို့ တွေးမိပါရဲ့။ ▢

## အနတ္တနှင့်နိဗ္ဗာန်

ဆရာတော် အရှင်သူမြတ်ဘုရား၊

လက္ခဏာရေးသုံးပါး၏ ကျမ်းဂန်လာ အဓိပ္ပာယ်နှင့် ဉာဏ်ကိုယ်၏ အသုဘလက္ခဏာ သဘောကိုလည်း အကျဉ်းမျှ သိလိုပါသည် ဘုရား။ တစ်ဆက်တည်းပင် နိဗ္ဗာန်၏ နိစ္စ သုခ သဘာဝနှင့် အနတ္တသဘောကို လည်း ရှင်းပြပေးစေလိုပါသည်။

ကိုမြွေ

---

**စာတွေ့ လက္ခဏာ သုံးပါး**

'၁) အစအလယ်အဆုံးရှိလို့၊ မမြဲလို့၊ အခိုက်အတံ့သာ တည်တံ့လို့၊ ထိုထိုနေရာ၌ ပျက်စီးတတ်လို့ အနိစ္စ။ ၂) ဘေးရန်ဖြစ်လို့၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်တတ်လို့၊ ဆင်းရဲလို့၊ သုခရဲ့ ဆန့်ကျင်ဘက်ဖြစ်လို့ ဒုက္ခ။ ၃) အနှစ်သာရမရှိလို့၊ မိမိ အလိုသို့ မလိုက်လို့၊ အထည်ကိုယ် ကင်းဆိတ်လို့၊ အတ္တနဲ့ဆန့်ကျင်လို့ အနတ္တ' လို့ ကျမ်းဂန်လာ အတိုင်း မှတ်နိုင်ပါတယ်။ အဘိဓမ္မတ္ထသင်္ဂဟ (သင်္ဂြိုဟ်) ကျမ်းအရ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ခန္ဓာကိုယ်ထဲက တရားအားလုံးဟာ မတည်မြဲခြင်း (အနိစ္စ) သဘာဝ၊ ပျက်စီးခြင်း(ဒုက္ခ) သဘာဝ၊ အထည် ကိုယ် မရှိ ငါ ကောင်သူကောင်မဲ့ (အနတ္တ) သဘာဝရှိတယ်။

အဲဒီ လက္ခဏာသုံးပါး ထင်မြင်ရင် ယောဂီပုဂ္ဂိုလ်ဟာ ခန္ဓာကိုယ် ကို အသုဘ(မတင့်တယ်ဘူး)လို့ အရှိအတိုင်း ဆင်ခြင်နိုင်လို့ အသုဘ လက္ခဏာလည်း ထင်တာပဲ။ လက်တွေ့ တရားအားထုတ်ဖူးရင်တော့ ဒီ လက္ခဏာသုံးပါးရဲ့ အဓိပ္ပာယ်ကို ရေးရေးလောက် နားလည်နိုင်တယ်။

**နိဗ္ဗာန်သည် အနတ္တ**

'နိဗ္ဗာန်သည် စိတ်စေတသိက် ရုပ်တို့ကဲ့သို့ကဲ့သို့ပင် တိတ္ထိတို့ ကြံဆ အပ်သော အတ္တ မဟုတ်သောကြောင့် အနတ္တမည်၏ (ယော ကောစိ

သင်္ခတာသင်္ခတဓမ္မော အတ္တာသ အဘာဝတော အနတ္တာ နာမ။ ပဋိသံ-ဋ္ဌ ၁၊ ၂၄၆)'။ ဒါကြောင့်လည်း အနတ္တ အရ ဓမ္မတွေထဲမှာ စတုဘူမက တရား(ကာမ ရူပ အရူပ လောကုတ္တရာ)ကို ကောက်ယူပါတယ် (သဗ္ဗေ ဓမ္မာ အနတ္တာတိ သဗ္ဗေ စတုဘူမကဓမ္မာ အနတ္တာ၊ သံ-ဋ္ဌ ၂၊ ၂၉၂)။

ဒီနေရာမှာ တိတ္ထိတွေ ယူဆတဲ့ အတ္တ မဟုတ်လို့ နိဗ္ဗာန် အနတ္တလို့ ဆိုပေမဲ့ စိတ် စေတသိက် ရုပ်တရားတွေရဲ့ အနတ္တသဘောမျိုး မဟုတ်။ ဘာကြောင့်ဆို စိတ် စေတသိက် ရုပ်တို့မှာ ခဏတ္တယ (ဥပါဒ် ဌီ ဘင်) ရှိလို့ ဖြစ်ပျက်သဘော၊ နိဗ္ဗာန်က ခဏတ္တယမရှိလို့ အတည် (နိစ္စ) သဘောရှိလို့ပါ။ ခန္ဓာကြောင့် ဖြစ်တဲ့ ဘဝသံသရာ ဒုက္ခတွေ မရှိလို့ နိဗ္ဗာန်ဟာ သုခ (ချမ်းသာ)၊ သုဘ (တင့်တယ်) သဘော ရှိပါတယ်။

**စဉ်းစားဖွယ် ဆဲလွန်စ**

ဒသမနယ ဓာတုကထာပါဠိ ရူပက္ခန္ဓပဒမှာ နိဗ္ဗာန်ကို ကေဟိစိ အရ ယူတာနဲ့ ပတ်သက်လို့ အဋ္ဌကထာက 'နိဗ္ဗာန်သည် (ဣတ္ထိဘာဝ ပုံဘာဝ ဇိဝိတိန္ဒြိယစသော သိမ်မွေ့သည့်) သုခုမရုပ်များနှင့် အလားတူသည်သာ တည်း (နိဗ္ဗာနံ ပန သုခုမရူပ ဂတိကမေဝ၊ အဘိ-ဋ္ဌ ၃၊ ၂၀)'လို့ ဖွင့်ပါ တယ်။ အဲဒီ စကားကို အနုဋီကာမှာ 'ဤကဲ့သို့သော နေရာတို့၌ နိဗ္ဗာန် သည် (ဣတ္ထိဘာဝ ပုံဘာဝ ဇိဝိတိန္ဒြိယစသော သိမ်မွေ့သည့်) သုခုမရုပ် များနှင့် အလားတူသည်ဟု သိအပ်၏ (ဧဒိသေသု ဌာနေသု နိဗ္ဗာနံ သုခုမရူပဂတိကန္တိ ဝိညာယတိ၊ အနုဋီ ၂၊ ၃၀)'လို့ ထပ်ပြီး ဖွင့်တယ်။ ဒီဖွင့်ဆိုချက်အရ ပိဋကတ် တတ်ကျွမ်းပြီး ဝါဒရေးရာ ရဲရင့်တော်မူကြ တဲ့ မြန်မာ ဆရာတော်အချို့က 'နိဗ္ဗာန်ဟူသည် ပရိနိဗ္ဗုတ္တ (ပရိနိဗ္ဗာန် စံ ပြီး) ပုဂ္ဂိုလ်တို့၏ ဗဟိဒ္ဓ သန္တာန်၌ အလွန်နက်နဲ သိမ်မွေ့စွာ ရှိနေသည်' လို့ အဓိပ္ပာယ် ကောက်ယူကြပါတယ်။ ▫




ဆရာတော် အရှင်မြတ်ဘုရား၊

ရှင်သီဝလိသည် အဘယ်မည်သော ဆုတောင်းကြောင့် ရဟန္တာဖြစ်သည့်ဘဝ၌ ကြည်ညိုချစ်ခင်သူ ပေါ်များပြီး လာဘ်ရွှင်ရပါသနည်း။ ရှင်သီဝလိမထေရ်၏အရင်ဘဝက ဆုတောင်းခဲ့ပုံကို သိလိုပါသည် အရှင်ဘုရား။ ယခုခေတ်၌ ရှင်သီဝလိဆင်းတုကို ဆောင်သူ၊ ရှင်သီဝလိဂါထာကို ရွတ်ဖတ်သူတို့သည် ဘယ်လိုနည်းနှင့် လာဘ်ပေါ်စေနိုင်သည် ဆိုတာကိုလည်း ဆက်စပ်ပြီး ရှင်းပေးစေလိုပါသည်။ ရှင်သီဝလိဂါထာ အားလုံးကိုမကျက်မှတ်နိုင်ပါသဖြင့် သင့်လျော်သည့် ရှင်သီဝလိဂါထာ နှစ်ပုဒ်ကိုလည်း ညွှန်ကြားပေးစေချင်ပါသည် အရှင်ဘုရား။

ဝင်းရွှေရည်

---

## ရှင်သီဝလိ ဆုတောင်းခဲ့ပုံ

အရှင်သီဝလိ ဖြစ်လာမယ့် လုလင်ဟာ ပဒုမုတ္တရဘုရားက ရဟန္တာတစ်ပါးကို လာဘ်ပေါ်တဲ့နေရာမှာ အသာဆုံး တေဒဂ်ဘွဲ့ပေးနေတာကို မြင်ရပြီး အားကျလို့ ဘုရားအမှူးပြုတဲ့ သံဃာကို အိမ်ကိုပင့်၊ ခုနစ်ရက်ဆွမ်းကျွေးပြီးနောက် 'မြတ်စွာဘုရား၊ ဤဆွမ်းဒါနကြောင့် တစ်ခြားကိုမရည်ရွယ်ပါ၊ အရှင်ဘုရား တေဒဂ်ဘွဲ့ပေးတဲ့ ရဟန္တာကြီးလို လာဘ်လာဘ တေဒဂ်ရတဲ့သူသာ ဖြစ်ရပါလို၏'လို့ ဆုတောင်းပြီး အဲဒီဘုရားရှင်က ဂေါတမဗုဒ္ဓလက်ထက်မှာ ဆုတောင်းပြည့်မယ်လို့ ဗျာဒိတ်ပေးပါတယ်။ ဝိပဿီဘုရားရှင် လက်ထက်မှာလည်း 'ဖြစ်ရာဘဝမှာ လာဘ်

ပေါ်ပြီး ခြွေရံများတဲ့ကိုယ် ဖြစ်ရပါလို၏’ဆိုတဲ့ ဆုကိုပဲ တောင်းခဲ့တယ်။ ပါရမီပြည့်တဲ့နောက် ဂေါတမဗုဒ္ဓ လက်ထက်မှာ သုပ္ပဝါသာ မင်းသမီးရဲ့ သားတော် ဖြစ်လာတယ်။ သန္ဓေခတဲ့နေ့မှာပဲ မိခင် သုပ္ပဝါသာဆီကို လက်ဆောင် ပစ္စည်းတွေကို လှည်းတွေနဲ့ လာပို့ကြပါသတဲ့။ အရှင် သီဝလိလောင်းလျာကို မမွေးနိုင်လို့ မယ်တော် ခုနစ်ရက် ဒုက္ခခံရတယ် ဆိုတာတော့ ယုတ္တိရှိပါတယ်။ ဒါပေမယ့် ကိုယ်ဝန် ခုနစ်နှစ် လွယ်ရတယ်ဆိုတာကိုတော့ ယုတ္တိနည်းနဲ့ စဉ်းစားလို့ မနိုင်ဘူး။ အင်း .. ထူးခြားတဲ့ ပုဂ္ဂိုလ်တွေမှာ အဲဒီလိုဒဏ္ဍာရီဆန်ဆန် ဖြစ်ရပ်ကလေးတွေ ပြောစမှတ် ရှိစမြဲပဲလို့ မှတ်ထားလိုက်ရင် ကျေနပ်သွားပါလိမ့်မယ်။

ဆုတောင်းခဲ့တဲ့အတိုင်း အရှင်မြတ်ကို မြတ်ဗုဒ္ဓက လာဘ်ပေါ်များမှုမှာ မိမိ (ဘုရားရှင်ပြီးရင်) အသာဆုံးဆိုတဲ့ တေဒဂ်ဘွဲ့ကို ပေးတော်မူတယ်။ အရှင်သီဝလိဟာ လာဘ်ပေါ်တဲ့နေရာမှာ ဗုဒ္ဓရဲ့ အဂ္ဂသာဝက (အကြီးဆုံးတပည့်) တွေဖြစ်တဲ့ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန် အရှင်မဟာကဿပတို့ထက် သာတယ်။

## ရှင်သီဝလိဂါထာ အကျိုးပေးပုံ

အရှင်သီဝလိ ရဟန္တာကြီး မရှိတော့ပေမယ့် အရှင်မြတ်ရဲ့ ရုပ်ပွားကို ကိုးကွယ်သူ၊ အရှင်မြတ်ကို ရည်မှတ်ပြီး ပူဇော်သူ၊ ရှင်သီဝလိဂါထာကို ရွတ်ပွားသူတွေ ဘယ်လိုနည်းနဲ့ လာဘ်ပေါ်များနိုင်သလဲ ဆိုရင် ၁) ရှင်သီဝလိဟာ အာသဝေါကင်းတဲ့ ရဟန္တာ ၂) လာဘ်ပေါ်တဲ့ နေရာမှာ တေဒဂ်ရသူ ၃) ရတနာသုံးပါးမှာ သတ္တိထူးတွေ ရှိတယ် ၄) သဒ္ဓါယ တရတိ ဩဃံ = သဒ္ဓါတရားနဲ့ ဘဝလောကဓံကို ကျော်လွှားနိုင်တယ် ဆိုတဲ့အတိုင်း ရတနာသုံးပါးကို ယုံကြည်သက်ဝင်တဲ့ စိတ်စေတနာဟာ အကျိုးပေး ဆန်းကြယ်တယ် ၅) ဆန္ဒဝတော ကိံ နာမ န သဇ္ဈတိ = ဆန္ဒပြင်းပြရင် အားလုံးကို ကျော်လွှားနိုင်တယ် ၆) ဓဇဂ္ဂသုတ်မှာလည်း ဗုဒ္ဓဂုဏ်ကို အာရုံပြုရင် ကြောက်လန့် တုန်လှုပ် ကြက်သီး မွေး

ညင်းထတာတွေ မရှိဘူးလို့ မြတ်ဗုဒ္ဓဟောတော်မူတယ် မဟုတ်လား။ ဒါကြောင့် လာဘ်လာဘ တေဇဂ်ရ အရှင်သီဝလိကို ကိုးကွယ်ရင်လည်း လာဘ်လာဘ ပေါ်များခြင်းဆိုတဲ့ အကျိုးကို ရနိုင်တာပေါ့။

**ရှင်သီဝလိဂါထာ**

ဂါထာဆယ်ပုဒ် ရှိပါတယ်။ ဆယ်ပုဒ်လုံးကို အရကျက်မှတ်ဖို့ တိုက်တွန်းပါရစေ။ အားလုံး အလွတ်မရသေးခင် အစနဲ့ အဆုံးနှစ်ဂါထာကို ရွတ်ပွားနေပေါ့။

သီဝလိ စ မဟာနာမံ၊ သဗ္ဗလာဘံ ဘဝိဿတိ။

ထေရဿ အာနုဘာဝေန၊ သဗ္ဗေ ဟောန္တု ပိယံ မမ။

အမည်နာမ ကြီးမြတ်တော်မူသော အရှင်သီဝလိ မထေရ်သည် လာဘ်ပူဇော်သကာ အမျိုးမျိုးကို ဖြစ်စေပါလိမ့်မည်။ အရှင်မြတ်၏ ဘုန်းတန်ခိုး အစွမ်းကြောင့် လူအားလုံးသည် ကျွန်ုပ်အား ချစ်ခင်ကြပါစေသတည်း။

သီဝလိ စ မဟာထေရော၊ ဒေဝမနုဿ ပူဇိတော။

သော ရဟော ပစ္စယာဒိနံ၊ မဟာလာဘံ ကရောတု မေ။

နတ်လူတို့ ပူဇော်ခြင်းကို ခံရပြီး ပစ္စည်းလေးပါးစသော ပူဇော်အထူးကို ခံယူထိုက်သော ထိုအရှင်သီဝလိ ရဟန္တာသည် ကျွန်ုပ်အား လာဘ်ပေါ်များအောင် ပြုတော်မူပါစေသတည်း။

**သူချစ်ရှစ်ချပ်ကြာ**

ဒါပေမယ့် ဘယ်လောက်ပဲ ရှင်သီဝလိဂါထာကို ရွတ်ရွတ် မိမိမှာ ပြည့်စုံသင့်တဲ့ ကိုယ်နှုတ်နှလုံး သုံးပါးနဲ့ဆိုင်တဲ့ စည်ကမ်းတွေ မရှိရင်လည်း အောင်မြင်ဖို့ အခွင့်အလမ်း နည်းပါလိမ့်မယ်။ ရွတ်ဆဲမှာ ကုသိုလ်တော့ ရမှာပေါ့။ ဒါပေမယ့် မိမိရဲ့ ကိုယ်နှုတ် အပြုအမူတွေ မကောင်းရင်လည်း လူချစ်များခြင်း လာဘ်ပေါ်ခြင်းဆိုတဲ့ အကျိုးပေး ထက်သန်မှာ မဟုတ်ဘူး။ လူချစ်လူခင်များဖို့ဆိုရင် 'ကြာရှစ်ချပ်'ကိုလည်း ဆောင်ထားရပါလိမ့်မယ်။ 'ကုသိုလ်ရှစ်အင် မဂ္ဂင်ရှစ်တည် ရှစ်မည်သီလ ဤသုံးဝကို

မှတ်ကြတုံပါ သူချစ်ရှစ်ချပ်ကြာ’တဲ့။ မဟာကုသိုလ်စိတ်ရှစ်ပါး အဖြစ်များရင်၊ မဂ္ဂင်ရှစ်ပါးကို ကျင့်ကြံပွားများရင်၊ ရှစ်ပါးသီလနဲ့ ပြည့်စုံရင် လူ့နတ် ချစ်ခင်တယ်။ လာဘ်ပေါတယ်။

ထပ်ပြည့်လိုက်အုံးပေ့ါ။ လူအများ ချစ်မြတ်နိုးကြောင်း တရားရှစ်ပါး။ ၁) ချိုသာသော စကားကိုဆိုခြင်း ၂) ပေးကမ်း စွန့်ကြဲခြင်း ၃) သူတစ်ပါး အကျိုးကို လိုလားခြင်း ၄) ကွယ်ရာမှာ အတင်းမပြောခြင်း ၅) ကိုယ်ကျင့်တရား ကောင်းခြင်း ၆) လောကဝတ်ကျေပွန် ဖော်ရွေခြင်း ၇) အထာအကျကောက်ပြီး စိတ်မဆိုးတတ်ခြင်း ၈) ဆင်ခြင်တုံတရားရှိခြင်း။ ဒီတရားရှစ်ပါးလည်း သူချစ်ကြောင်း ကြာရှစ်ချပ်ပါပဲ။ ကြည်လင်လှပတဲ့ ကြာပန်းကို လူတွေ နှစ်သက်သလို အဲဒီတရားရှစ်မျိုးနဲ့ ပြည့်စုံသူလည်း စိတ်လှ၊ စိတ်လှလို့ ရုပ်ကြည်၊ ရုပ်ကြည်လို့ လူတွေနှစ်သက်ကြလို့ ကြာပန်းနဲ့ ပမာပြုတာပေ့ါ (ကန်တော်မင်းကျောင်း မေတ္တာစာ၊ ပိုဒ်အမှတ် ၈၂ က ရတဲ့ အတွေးအမြင်ပါ)။

အရှင်သီဝလိဂါထာကိုလည်း ရွတ်ပွား၊ သူချစ်ရှစ်ချပ်ကြာကိုလည်း ပန်ဆင်ထားရင် ဂါထာတန်ခိုး ပိုပြီး အကျိုးကြီးပါလိမ့်မယ်။ ▫

## ပြုတုံ့ ပြုခြင်း မပြုခြင်း

ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

အစုတလော New York (USA) မှာ နေထိုင်သည့် နာမည်ကြီးဆရာတော်များ၏ ဝုဏ်သိက္ခာ ကျစေမည့် အပြန်အလှန် အပုပ်ချ ရေးသားချက်များကို ဖတ်ရှုရ၍ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေဖြင့် အလွန် စိတ်မကောင်း ဖြစ်မိပါသည်ဘုရား။ ဤသို့ အပြန်အလှန် ပုတ်ခတ် ရေးသားချက်တွေကို Email နှင့် ဖြန့်သည့်အတွက် ရရှိနိုင်သည့် ဗုဒ္ဓဘာသာသနာ၏

ချက်တွေကို Email နှင့် ဖြန့်သည့်အတွက် ရရှိနိုင်သည့် ဗုဒ္ဓသာသနာ၏ ကောင်းကျိုးနှင့် ဆိုးကျိုးတွေကို ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား။

မောင်အောင်မျိုး၊ Austin

---

**ဆင်တူဝတ်ခြင်း အကျိုး**

အိန္ဒိယကို ဘုရားဖူးသွားတဲ့အခါ ဘယ်လောက်ချမ်းသာပါစေ ယောဂီ ရောင် ပုဆိုး ထမိန်နဲ့ အဖြူရောင် အင်္ကျီကိုပဲ ဝတ်ဖို့ ညွှန်ကြားပါတယ်။ ကောင်းပါတယ်။ ဘာကြောင့်ဆို ဒီအရောင်ကို မြင်လိုက်တာနဲ့ ကိုယ့် ကိုယ်ကို ဘုရားဖူးပဲဆိုတဲ့ သိစိတ်တွေ ဖြစ်လွယ်လို့ အကုသိုလ် လျော့ ရာကနေ ဘုရားဖူး အချင်းချင်း စည်းလုံးပြီး ယိုင်းပင်း ကူညီလိုစိတ် တွေ ဖြစ်ပေါ်စေတယ်။ အကယ်ဒမီဧွေးခံပွဲသွားသလို သူ့ထက်ငါ အပြိုင် ဝတ်ဆင်မှု မရှိလို့ လမ်းခရီးမှာ လုယက်ဘေးရန်လည်း ကင်းတာပေါ့။

လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဗုဒ္ဓရှင်တော်မြတ်က သံဃာတော်တွေကို အရောင်တူ အတိုင်းအထွာ ပုံစံတူ ဝတ်ဖို့ ပညတ် တော်မူရာမှာလဲ အဲဒီလို ကောင်းမြတ်တဲ့ ရည်ရွယ်ချက်တွေ ရှိပါတယ်။ နောက်ပေါ် ဘာသာတရားတွေမှာ ခေါင်းပေါင်း ဦးထုပ် ဝတ်ရုံ ပုံစံတူ တွေ ဝတ်တာ၊ ကျောင်းသားတွေ ဆင်တူ ဝတ်စုံဝတ်တာ၊ စစ်သားတွေ စစ်ရောင် ပုံစံတူ ဝတ်တာတွေလည်း ဒီအဓိပ္ပာယ်မျိုးပါပဲ။

**ဆင်တူဝတ်ခြင်း အပြစ်**

အာဠဝီမြို့သား ရဟန်းတော်တွေ ကိုယ့်ဟာကိုယ် ကျောင်းဆောက် တော့ လူတွေကို ခဏခဏခေါ်ပြီး ခိုင်း၊ လူတွေဆီက ပစ္စည်း အလှူခံ၊ တူတွေ ဆောက်တွေ ဓားတွေငှား လုပ်လိုက်ကြတာ လူတွေက ဘုန်း ကြီးတွေကို အတွေ့မခံရဲတဲ့ အထိပဲ။ နောက်ဆုံး အနီရောင်နွားကို မြင် ရင်တောင် ဘုန်းကြီးထင်ပြီး ပြေးကြသတဲ့။ ၁၉၇၉ ခုနှစ်က လူသားစား တယ်လို့ နာမည်ကြီးတဲ့ ရွှေဘိုလာဘ၊ မုတ်ဆိတ်လာဘ၊ မိုးကျလာဘ ဘွဲ့ခံ ဦးလာဘဆိုတာကို သတင်းစာထဲမှာ တခမ်းတနား ထည့်ရေး

လိုက်တော့ ဘုန်းကြီးမှန်ရင် အဲဒီမျိုးထင်ပြီး လူတွေ သဒ္ဓါတရား ပျက်ကုန်တယ်။ ကျောင်းသူကျောင်းသားတွေက ဆွမ်းခံကြွတဲ့ သံဃာတွေကို ဦးလာဘလို့ခေါ်ပြီး နောက်ပြောင်ကြတယ်။ ဦးလာဘ မကောင်းပေမဲ့ ခံရတာက ဦးလာဘလို ဖန်ဝါသက်နီးဝတ်တဲ့ သံဃာအားလုံး ဖြစ်ခဲ့ရတယ်။ စစ်သားတွေက ဘုန်းကြီးတွေကို သေနတ်နဲ့ ပစ်သတ်တဲ့အခါ စစ်ရောင် ဘောင်းဘီဝတ်တွေ မုန်းသမျှကို ရဟန်းရှင်လူတို့ စက်ဆုပ်ကုန်တယ်။ အနီရောင်ကို မြင်တာနဲ့ ခတ်ဖို့ လိုက်တဲ့ ကျွဲတိရိစ္ဆာန်လို မောဟမကင်းသူတိုင်းရဲ့ မသိစိတ်ထဲမှာ အဲဒီအရိုင်းသဘာဝ ကိန်းဝပ်မြဲရှိတာကို သူတော်ကောင်းတို့ မှတ်သင့်ပါတယ်။

## သူ့ဇာတ်ကောင်နဲ့ သူ့စရိုက်

ရုရှ စာရေးဆရာကြီး တော်လ်စတွိုင်း ယယ်စဥ်က ငှက်ကလေးတွေလို အတောင်ပေါက်ပြီး အဝေးကြီးကို ပျံချင်လွန်းလို့ အိမ်ပေါ်က ခုန်ချတာ ခြေကျိုးဖူးသတဲ့။ အဲဒီ ပြင်းပြစွာ ဖြစ်ဖူးတဲ့ သူ့ဆန္ဒကို သူရေးတဲ့ စစ်နှင့်ငြိမ်းချမ်းရေး ဝတ္ထုထဲက ခပ်ဆတ်ဆတ် ဇာတ်ကောင် မိန်းမပျို နာတာရှာဆီမှာ ထည့်ခဲ့ပါတယ်။ ဝတ္ထုတိုတစ်ပုဒ်မှာ ဇာတ်ကောင် လုလင်က သူများရဲ့ ချစ်သူကို အချောင်နှိုက်ဖို့ စဥ်းစားနေပုံကို စာရေးဆရာက သရုပ်ပေါ်အောင် ရေးထားတာကို ဖတ်မိတော့ ဒီစာရေးဆရာဟာ သူကိုယ်တိုင် အဲဒါမျိုးလုပ်ဖူးမှာပဲလို့ ခံစားဖူးတာကို အမှတ်ရပါတယ်။

မိမိရေးတဲ့စာမှာ မိမိရဲ့ စရိုက်နဲ့ အတွင်းစိတ်ထား ပေါ်လွင်နေတတ်တယ်။ ဘယ်သူ ရေးတယ်ဆိုတာကို သိသိ မသိသိ၊ ရေးတဲ့ အာဘော်အရ အသိုင်းအဝိုင်းတစ်ခုရဲ့ အတွင်းသရုပ်ကို စာဖတ်သူတို့ ရိပ်စားမိနိုင်တယ်ဆိုတာကို နှစ်ဖက် ဝိရောဓိရှင်တို့ သတိချပ်ပါကုန်။

## ပြုတုံ့ပြုခြင်း မပြုခြင်း

ကဲ့ရဲ့တာ စွပ်စွဲတာ အငြင်းပွားတာတွေဟာ လူ့အဖွဲ့အစည်းတိုင်းရဲ့ သွင်ပြင် လက္ခဏာပါ။ ပုထုဇဥ်ဘာဝ သူ့သူ့ငါငါ ပြဿနာနဲ့ မကင်းကြပါဘူး။ အတတ်နိုင်ဆုံး ဖြေသိမ့်နိုင်အောင် ကြိုးစားရုံပါပဲ။ ရံခါ ပုထုဇဥ်တို့ရဲ့

ဆန့်ကျင်ဖက် တုံ့ပြန်မှုတွေ ရှိတတ်ပေမယ့် အကျိုးယုတ်စေတဲ့ အထိ တော့ မလုပ်ကောင်းဘူး။ ကျေနပ်တဲ့အထိ ဗုဒ္ဓကို ဆဲဆိုကြိမ်းမောင်းပြီး နောက် မောသွားတဲ့ ဘာရဒွါဇကို ဗုဒ္ဓက 'ဧည့်သည်ကို ကျွေးဖို့ ယူလာ တဲ့ အစားအစာကို ဧည့်သည် မစားရင် သင် ဘာလုပ်သလဲ'တဲ့။ 'ကိုယ့် ဟာကိုယ် ပြန်သိမ်းထားလိုက်ရုံပေါ့'လို့ ဘာရဒွါဇက ဖြေတယ်။ ဒီတော့ ဗုဒ္ဓက 'ဒီလိုပဲ၊ သင် ဆဲတာကို ငါမခံယူရင်၊ အဲဒီဆဲရေးမှုဟာ သင့်ဆီ မှာပဲ ရှိနေမှာပေါ့'တဲ့။ 'စိတ်ဆိုးသူကို သိ၍ သတိဖြင့် ကိုယ့်အေးသကို ထိန်းနိုင်သူသည် မိမိသူတစ်ပါး နှစ်ဦးသား၏ အကျိုးစီးပွားကို ကျင့် သည်မည်၏'ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ မိန့်ကြားချက်ကို စိတ်ထဲမှာ တစ်ခဏ လောက် ထားလိုက်နိုင်ရင် 'ပြုတုံ့ ပြုခြင်း မပြုခြင်း ဘယ်သင်းပို၍ သင့် လိမ့်မည်'ဆိုတာကို စဉ်းစားနိုင်ပါလိမ့်မယ်။ □

# ယူနီဗာစိတီ

လျှောက်ထားလိုပါသည်ဘုရား၊

ဇာတ်နိပါတ်တော်တွေကို ဖတ်ရှုတဲ့အခါ မင်းသားတွေ သူဌေးသားတွေ တက္ကသိုလ်ကို ပညာသင်သွားပြီး တော်တဲ့ကျောင်းသားတွေ ပါမောက္ခချုပ်ရဲ့ သမီးချောနှင့် အိမ်ထောင်ပြုပြီး ပြည်တော်ပြန်ပုံ ဇော်ပြချက်တွေကို ဖတ်ရှုရပါသည်။ အဲဒီတက္ကသိုလ်က ဘယ်လောက် ကြီးကျယ်ပြီး ဘယ်အချိန်က ဘယ်မှာရှိခဲ့သည်ဆိုတာကို သိလိုပါသည်ဘုရား။ အရှေ့တိုင်းမှာ တချိန်တခါတုန်းက အဲဒီလောက် ကြီးကျယ်တဲ့ တက္ကသိုလ်တွေ ရှိခဲ့တယ်ဆိုတာကို ဂုဏ်ယူချင်လို့ပါဘုရား။

တိုင်းချစ်

---

**တက္ကသိုလ်**

တက္ကသိုလ်ဆိုတာ ဂန္ဓာရတိုင်း(ယနေ့ ပါကိစ္စတန်နိုင်ငံထဲက နယ်တစ်ခု)ရဲ့ မြို့တော်ဖြစ်ပါတယ်။ ဗာရာဏသီမြို့ကနေ ယူဇနာ နှစ်ထောင်

အဝေးမှာရှိတယ် (ဇာတက-ဋ္ဌ ၁၊ ၄၁၉)။ ဒါပေမယ့် အဲဒီခရီးကို တစ်နေ့တည်း ရောက်နိုင်တယ်လို့လည်း ဆိုပြန်တယ် (ဇာတက-ဋ္ဌ ၂၊ ၄၂)။ ခိုးသားတွေထူပြောတဲ့ တောနက်ခရီး ဖြစ်တယ် (ဓမပဒ-ဋ္ဌ ၁၊ ၃၂၁)။ တက္ကသိုလ်မြို့ဟာ ဗာရာဏသီနဲ့သာမက အိန္ဒိယနိုင်ငံ တစ်ဝန်းလုံးနဲ့ ကုန်သွယ်ရေး မြို့တော်လည်း ဖြစ်တယ် (ဇာတက-ဋ္ဌ ၁၊ ၃၂၆)။ တက္ကသိုလ်မြို့အမည်နာမကို မူရင်းပါဠိတော် (ဝိ ၂၊ ၇)တွေမှာလည်း တွေ့ရလို့ မြတ်ဗုဒ္ဓ မပွင့်မီကပင် တည်ရှိတဲ့ ရှေးဟောင်းမြို့လို့ ဆိုနိုင်ရာပါတယ်။

ဇာတ်တော်တွေထဲမှာတော့ ဗုဒ္ဓဝါဒမတိုင်မီတုန်းက ပညာသင်ရာ ဗဟိုဌာနအဖြစ် ဖော်ပြတယ်။ အဋ္ဌကထာကျမ်းတွေမှာတော့ ဗုဒ္ဓခေတ်မှာလည်း မင်းညီမင်းသားတွေနဲ့ အခြားထင်ရှားတဲ့ ပုဂ္ဂိုလ်တွေ တက္ကသိုလ်မှာ ပညာသင်ယူကြတယ်လို့ ဆိုတယ်။ ကောသလဘုရင် ပသေနဒီ၊ လိစ္ဆဝီခေါင်းဆောင် မဟာလိ၊ မလ္လာမင်းသား ဗန္ဓုလတို့ဟာ တက္ကသိုလ်မြို့မှာ ပညာအတူသင်ခဲ့ကြတဲ့ မိတ်ဆွေတွေဖြစ်တယ်။

ဇီဝကဆေးဆရာကြီး (ဝိ ၃၊ ၃၇၉)၊ အင်္ဂုလိမာလ၊ အဝန္တိတိုင်းသား ဓမ္မပါလ၊ ကဏှဒိန္နနှင့် ယသဒတ္တတို့လည်း တက္ကသိုလ်မြို့မှာ ပညာသင်ယူခဲ့ကြတယ် (ဓမ္မပဒ-ဋ္ဌ ၁၊ ၂၁၄)။ ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရနဲ့ ခေတ်ပြိုင် တက္ကသိုလ်မြို့ရဲ့ အကြီးအကဲကတော့ ပုက္ကုသာတိ (ဇာ-ဋ္ဌ ၁၊ ၄၃၂)။ ဒီပဝံသကျမ်း (အခန်း ၃၊ ၃၁ ဂါထာ)မှာတော့ ဒီပင်္ကရမင်းကို ဆက်ခံသူ ဘုရင်ဆယ့်နှစ်ယောက်က တက္ကသိုလ်ကို အုပ်ချုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒိဗ္ဗာဝဒါနကျမ်း (အင်္ဂလိပ်ပြန်၊ စာ၊ ၃၇၁)မှာ ဗိန္ဒုသာရ (အသောကမင်းကြီးရဲ့ ဖခင်)မင်းရဲ့ အင်ပါယာဟာ တက္ကသိုလ်မြို့အထိ ရောက်ပါသတဲ့။ တက္ကသိုလ်မြို့မှာ သူပုန်တွေထလို့ နှိမ်နင်းဖို့ သားတော် အသောကကို စေလွှတ်ခဲ့ဖူးတယ်လို့ ဆိုတယ်။

တက္ကသိုလ်မြို့ဟာ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် ရဝလပိန္ဒိ (Rawalpindi) ခရိုင်က တက္ကသိလာ(Taxila)မြို့ ဖြစ်တယ်လို့လည်း ခေတ်သစ် အိန္ဒိယ ပညာရှင်တွေက ဆိုပါတယ်။

## ယူနီဗာစီတီ

ယူနီဗာစီတီ(University)ဆိုတဲ့ အင်္ဂလိပ်ဝေါဟာရကို ရှေးမြန်မာ ဆရာကြီးတွေက တက္ကသိုလ်လို့ မြန်မာမှုပြုခဲ့ကြပါတယ်။ ယူနီဗာစီတီဆိုတဲ့ ဝေါဟာရကို ဝိဇ္ဇာပညာရပ်ဆိုင်ရာ ကောလိပ်တစ်ခုနှင့် နည်းပညာ၊ ဆေး၊ ဥပဒေစတဲ့ သက်မွေးဝမ်းကျောင်းပညာ သင်ပေးတဲ့ ကျောင်းပေါင်းများစွာကို စုပေါင်းထားတဲ့ အဆင့်မြင့် ပညာသင်ယူရာ ဌာနလို့ **အကြမ်းအားဖြင့်** အဓိပ္ပာယ် ဖွင့်ဆိုပါတယ်။ ဖော်ပြပြီးအရ ယူနီဗာစီတီကို တက္ကသိုလ်လို့ တိုက်ရိုက် ဘာသာပြန်လို့ မပြည့်စုံပါဘူး။

ဒါပေမဲ့ ခေတ်သစ်မှာ တက္ကသိုလ်ဆိုရင် ယူနီဗာစီတီကို ခေါ်တယ်လို့ လူတိုင်း နားလည်ပါတယ်။ ယူနီဗာစီတီဆိုတာ အသိပညာ အတတ်ပညာကို လွတ်လပ်စွာ သင်ကြားပေးပြီး အနာဂတ် နိုင်ငံ့ သားကောင်းတွေကို မွေးထုတ်ပေးတဲ့ ကျောင်းတော်သာ၊ အတွေးအခေါ်တွေကို ထောင်ချမထားတဲ့ ကန့်သတ်ချုပ်ချယ်မှု ကင်းလွတ် နယ်မြေ ဖြစ်တယ်လို့ ယေဘုယျ အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါတယ်။

## ဂုဏ်ယူဖွယ်

ဘာပဲဖြစ်ဖြစ် တက္ကသိုလ်မြို့မှာ ရှေးဟောင်း ပညာသင်ယူရာဌာနကြီး (ယူနီဗာစီတီ)တစ်ခုရှိခဲ့မှာ သေချာပါတယ်။ အဲဒီဌာနကြီးမှာ ဝေဒကျမ်းတွေ၊ ဓိသုကာနှင့် ဆေးပညာ ခွဲစိတ်ပညာတွေပါဝင်တဲ့ သိပ္ပံ ဘာသာတွဲ ၁၈ မျိုးကို သင်ပေးတယ်။ မျက်လှည့်ပညာ၊ အလင်္ကာယ် (မြွေနိုင်)ပညာ စသည်ကိုလည်း သင်ပေးတယ်။ ကျောင်းသားတွေဟာ ပုံမှန်အားဖြင့် ရွှေစင်ငွေသား(ကဟာပဏ) တစ်ထောင် ကျောင်းဝင်ကြေး ပေးရတယ်။ အဖိုးအခပေးတဲ့ ကျောင်းသားတွေကတော့ ဆရာရဲ့ မိသားစုလို နေထိုင်ရတယ် (ဇ-၅ ၄၊ ၃၉၅)။

ခေတ်သစ် ယူနီဗာစီတီဖွဲ့စည်းပုံနဲ့ ထပ်တူမဖြစ်နိုင်ပေမယ့် ခေတ်သစ် တက္ကသိုလ်တွေရဲ့ ရှေ့ပြေးဖြစ်လို့ ‘တက္ကသိုလ်အစ အာရှက’ ဆိုတဲ့ အတွေးနဲ့ အရှေ့တိုင်းသားတွေ ဂုဏ်ယူစရာ ဖြစ်နိုင်ပါတယ်။ ▢

# ဥပပါတ်ပဋိသန္ဓေ

ဆရာတော် အရှင်မြတ်ဘုရား၊

ဥပပတ်ပဋိသန္ဓေ အကြောင်းသိလိုပါသည် ဘုရား။ သိကြားမင်း၏ ဧရာ ဝဏ်ဆင်နှင့် ပတ်သက်၍ နတ်ပြည်မှာ တိရစ္ဆာန်ရှိသလားဆိုတာကို လည်း သိလိုပါသည်။ တပည့်တော် ဆိုလိုတာက တိရစ္ဆာန်အနေနဲ့ ဥပ ပတ် ပဋိသန္ဓေရှိနိုင်သလား ဟု ဖြစ်ပါသည်။ ဥပပတ်ပဋိသန္ဓေဆိုတာကို ယနေ့ခေတ်မှာ လက်တွေ့မမြင်ဖူးသဖြင့် မည်သို့ နားလည်ရမည်ဆိုတာ ကို ဖြေကြားပေးစေချင်ပါသည်။

နေခြည်ဝင်း

---

**ယောနိ လေးမျိုး**

ယောနိဆိုတာကို အမျိုးဇာတ်လို့ ဘာသာပြန်ပါတယ်။ ဒီနေရာမှာ မွေးဖွားပုံ လေးမျိုးလို့ အဓိပ္ပာယ်ယူရင် သင့်ပါလိမ့်မယ်။

၁) ဇလာဗုဇ = အမိဝမ်းမှ မွေးတဲ့ သတ္တဝါ။ လူတွေ ကျွဲနွား တိရစ္ဆာန် တွေနဲ့ ဝေလငါး လိုမျိုး မွေးတာ။

၂) အဏ္ဍဇ = ဥကပေါက်တဲ့ သတ္တဝါ။ ကြက် ငှက် မိကျောင်း ဒိုင်နို ဆောတွေလိုမျိုး။ (ဒီနှစ်မျိုးပေါင်းကို ဂဗ္ဘသေယျက = အမိဝမ်းမှာ ကိန်း တဲ့ သတ္တဝါလို့ ပေါင်းပြီး ခေါ်တယ်)။

၃) သံသေဒဇ = ငြိတွယ်တဲ့ နေရာမှာ ဖြစ်တဲ့ သတ္တဝါ။ ရေအိုးထဲမှာ ကြာနေတဲ့ ရေထဲမှာတွေ့ရတဲ့ လောက်လန်းလေးတွေ၊ ငါးပုပ်ထဲက ပိုး လောက်တွေ၊ ငယ်ငယ်က မြွေတစ်ပိုင်းဖြစ်ပြီး အမြီး ရမ်းနေတဲ့ ပုံလုံ သီး (ပဲလင်းမြွေသီး)ကို တွေ့ဖူးတယ်။

၄) ဩပပါတိက = ဥပပါတ် = ဒီဘဝကနေ နောက်ဘဝတစ်ခုမှာ ဘွား ကနဲ့ ပြန်ဖြစ်တဲ့ သတ္တဝါ။ ကမ္ဘာဦးအခါက ဗြဟ္မာ့ဘုံက စုတေလာသူ တွေဟာ ဤမြေပြင်မှာ ဘွားကနဲ့ လူလာပြန်ဖြစ်သတဲ့။ ဒီလူ့ဘုံက သေ

လို့ နတ်ပြဟ္မာ ဖြစ်ခွင့်ရှိသူတွေလည်း တစ်ခါတည်း ၁၆ နှစ်မ သားတွေ ဘွားကနဲ့ သွားဖြစ်ပါသတဲ့။ (စကားမစပ်၊ နို့တိုက်စရာ မလိုဘူးပေါ့)။

**ရောဝဏ်ဆင်**

တိရစ္ဆာန်အနေနဲ့ နတ်ပြည်မှာ မွေးဖွားသူ မရှိဘူး။ ဒါကြောင့် နတ်ပြည်မှာ ကြွက်၊ ယင်ကောင်၊ မြွေ၊ ပိုးဟပ်၊ ပင့်ကူတွေ မရှိဘူး။ နတ်တို့ အစားအစာ နတ်သုဒ္ဓါ ဘယ်လောက် ကောင်းသလဲဆိုတာ မသိနိုင်ပေမဲ့ နတ်ပြည်မှာ beef နဲ့ Seafood တွေ မရတာတော့ သေချာတယ်။

'နတ်ပြည်၌ ရောဝဏာ (ရောဝဏ်)စသော နတ်သားများသည် ဆင်အသွင် မြင်းအသွင်ကို ဖန်ဆင်းကြ၏။ တိရစ္ဆာန်အသွင်နှင့် တွေ့ရသည့် နတ်များကို မြင်၍ အန္ဓက (နိုင်ငံသား) ရဟန်းအချို့က နတ်ပြည်မှာ တိရစ္ဆာန်ရှိကြောင်း ယုံမှတ်ကြ၏ (အဘိ-ဋ္ဌ ၂။ ၂၇၃)'။

'ရောဝဏ်ဆင် ဆိုတာလဲ နတ်သားပါပဲ။ နတ်ပြည် လောကမှာ တိရစ္ဆာန်မှ မရှိဘဲ။ သိကြားမင်း ဥယျာဉ်ကို ထွက်တဲ့အခါ ရောဝဏ် နတ်သားက နတ်အသွင်ကိုစွန့်ပြီး ဆင်အသွင်နဲ့ သိကြားမင်းကို ဆောင်ကြဉ်းပေးတာပါ (သာရတ္ထ-ဋီ ၁၊ ၂၆၈)'။

**ဂတိ (လားရာဌာန) လေးမျိုး နဲ့ ယောနိ**

ဘုမ္မစိုးနတ်မှတစ်ပါး နတ်ပြဟ္မာတွေ၊ နိရယမှာ တဏှာကြီးကြီးက ပြိတ္တာမျိုးတွေနဲ့ ငရဲဘုံသားတွေမှာ ဥပပတ်ပဋိသန္ဓေတစ်မျိုးပဲ ရှိတယ်။ လူ့ဘုံ၊ တိရစ္ဆာန်၊ ပြိတ္တာနဲ့ ဘုမ္မစိုးနတ်တွေမှာ ယောနိလေးမျိုးလုံး ရှိနိုင်တယ်။

'ဘုမ္မစိုးဖြတ်၊ ကြွင်းနတ် နိစ္ဈာ၊ ငရဲ ဈာ၊ တစ်သာ ဥပပတ်။

အကြွင်းဂတိ၊ လေးယောနိ၊ ရ၏ပုံသေမှတ် (ပရမတ္ထသရူပဘေဒနီ)'။

ရောဝဏ်ဆင်အကြောင်း လေ့လာကြည့်ရင်း တိရစ္ဆာန်ဘဝနဲ့ ဥပပတ် ပဋိသန္ဓေနေတဲ့ အကြောင်းကို ကျမ်းဂန်မှာ ရှားရှားပါးပါး တွေ့ရပါတယ်။ သားချစ်စိတ်နဲ့ ကွယ်လွန်တဲ့ အမျိုးသမီးတစ်ယောက် ဥပပတ်ပဋိသန္ဓေနဲ့ ဘွားကနဲ မြေခွေးမဖြစ်သွားပြီး သားဖြစ်သူ ရတနာထုပ်ကို


ပိုက်ပြီးပြန်လာစဉ် လမ်းမှာအန္တရာယ်ဖြစ်မှာကို မြင်လို့ ဒီလမ်းကို ဆက်မသွားဖို့ သားရှေ့လာပြီး တားမြစ်ပါသတဲ့ (ဇာ-၌ ၂၊ ၃၄၈)။ နောက် ဇာတ်တော် တစ်ခုမှာ ပဒုမဝတီ မိဖုရားဟာ ကြာပန်းမှာ သံသေဒဇ သန္ဓေတည်တယ်။ ဥကပေါက်တဲ့ လူတွေလဲ ရှိတတ်ပါသတဲ့။

## ဥပပတ်ပဋိသန္ဓေ

ဥပပတ်ပဋိသန္ဓေနဲ့ မွေးဖွားလာသူကို ဘုန်းကြီးကိုယ်တိုင် မမြင်ဖူးပေမယ့် ဗုဒ္ဓဒေသနာမှာ ပါလို့ ဘုန်းကြီးတော့ ယုံတယ်။ လက်တွေ့ ပြဖို့ဆိုရင် နတ်ပြည်ကို ရောက်ရင်လည်း ရောက်ဖူးမှ ဖြစ်မလိုရှိတယ်။ အတွေ့အကြုံ လေးတစ်ခုတော့ ပြောပြစရာ ရှိတယ်။

ရိုမန်ကက်သိုလစ် ဘုရားကျောင်းက ဘုန်းကြီးရဲ့ မိတ်ဆွေဟောင်း Tucson မြို့မှာ နေတဲ့ ဘာသာဗေဒပညာရှင် ဒေဗရာ (Dr. Debrah) ဟာ ဗုဒ္ဓဘာသာပါလို့ သူ့ကိုယ်သူ လူသိရှင်ကြား ပြောတဲ့ အမျိုးသမီးပါ။ မြန်မာပြည်မှာ သုံးပတ်ကြာတရားထိုင်ဖူးလို့ မြန်မာယဉ်ကျေးမှုကို အတော်အတန် သိတယ်။ လွန်ခဲ့တဲ့ အပတ်က ဘုန်းကြီးဆီကို ရောက်လာတယ်။ ဘုန်းကြီးဆီ မလာခင်တစ်ပတ်က အတူနေတဲ့ သူ့မိခင် အသက် ၉၈ နှစ် ဆုံးတာနဲ့ ပတ်သက်ပြီး ဒါနလုပ်ချင်လို့တဲ့။ အမည်မပြောတတ်တဲ့ သက်သတ်လွတ် ဆွမ်းဟင်းလေးတွေနဲ့ အလှူငွေ $ 100 လှူပါတယ်။ သူပြောတာက မေတ္တာသုတ်ကို ရွတ်ပြီးလို့ အိပ်ရာဝင်ဖို့ ပြင်နေတုန်း သူ့အမေကို တွေ့တာ နှစ်ကြိမ်ရှိပြီတဲ့။ ပြုံးပြီး နှုတ်ဆက်မယ်လုပ်တော့ ပျောက်သွားလို့ စိတ်ကူးယဉ်လိုလို တကယ်လိုလို ဝေခွဲမရ ခံစားမိတယ်တဲ့။ မြန်မာပြည်မှာတုန်းကလည်း ကျောင်းနားက ဘာသာခြား အမျိုးသမီးတစ်ဦး ကွယ်လွန်လို့ သူ့ခင်ပွန်းက ကျောင်းထိုင်ဆရာတော်ကို လာလျှောက်တာကို ကြားဖူးပါတယ်။

စဉ်းစားဖို့ပါ။ အဲဒီ ဘဝတစ်ခု တကယ်ရှိခဲ့ရင် သေပြီးတာနဲ့ အဲဒီလို လာပြနိုင်တာဟာ ဥပပတ်ပဋိသန္ဓေကြောင့် ဖြစ်နိုင်တာပေါ့။ ▭



ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ဥစ္စာသယန မဟာသန မြင့်သောနေရာ မြတ်သောနေရာဟူသည် အဘယ်ကို ဆိုလိုပါသနည်း။ ထိုနေရာ နှစ်ခု၏ အဓိပ္ပာယ်ကို သိလိုပါသည် အရှင်ဘုရား။ အလွန်အေးသည့် နိုင်ငံခြားတိုင်းပြည်များ၌ မွေ့ယာမရှိဘဲ အိပ်ရန် အလွန်ခက်ခဲပါသည်။ သို့ဖြစ်၍ ရှစ်ပါးသီလကို မည်သို့ ဆောက်တည်ရမည်ကို သိလိုပါသည် အရှင်ဘုရား။

လင်းလင်း

---

## မြင့်သောနေရာ မြတ်သောနေရာဟူသည်

မြင့်သောနေရာ (ဥစ္စာသယန)ဆိုတာ အတိုင်းအတာထက် မြင့်တဲ့ အိပ်ရာနေရာ၊ မြတ်သောနေရာ (မဟာသယန)ဆိုတာ သီလစောင့်သူတို့ မအပ်တဲ့ အခင်း(မွေ့ယာစသည်)လို့ အဓိပ္ပာယ်ဖွင့်ပါတယ် (အံ-ဋ ၂၊ ၁၇၁)။ အင်္ဂုတ္တရပါဠိမှာ ထုတ်ပြသလောက်ဆိုရင် 'အခြေရှည်သော ညောင်စောင်း၊ အခြေမှာ သားရဲရုပ်တွေ တပ်ထားတဲ့ ပလ္လင်၊ မွေးရှည် ကော်ဇောကြီး၊ ဆန်းပြားတဲ့ သားမွေးအခင်း၊ အဖြူရောင် သားမွေး အခင်း၊ ပန်းပြောက်ခြယ် သားမွေးအခင်း၊ လဲသွတ်အခင်း၊ ရုပ်ပုံခြယ် သားမွေးအခင်း၊ နှစ်ဖက်မွေးရှိ အခင်း၊ တစ်ဖက်မွေးရှိ အခင်း၊ ရွှေချည်ထိုး အခင်း၊ ပိုးချည်အခင်း၊ သားမွေး အခင်းကြီး၊ ဆင်ကုန်းနှီး၊ မြင်းကုန်းနှီး၊ ရထား ခင်းနှီး၊ သစ်နက်ရေအခင်း၊ ဝံပိုင်ရေအခင်း၊ အနီရောင် မျက်နှာကြက်၊ အုံးနီနှစ်ဖက်ရှိ နေရာ (အံ ၁၊ ၁၈၂)'။ အဲဒါတွေကို မြင့်သော နေရာ မြတ်သောနေရာလို့ ဆိုပါတယ်။

အဲဒီအထဲက 'ပိုးမွေးသက်သက် အခင်းကို ခုတင် ညောင်စောင်းမှာ ခင်းပြီး သုံးကောင်းတယ်။ မွေးရှည်ကော်ဇောကြီးကို ကြမ်းခင်း အနေနဲ့ သုံးရင် အပ်တယ်။ အခြေမြင့်တဲ့ ညောင်စောင်းကို အခြေကို ဖြတ်

သုံးရင် အပ်တယ်။ သားရေရုပ် မခံတဲ့ပလ္လင်၊ လဲမသွတ်တဲ့ **အခင်း** (မွေ့ယာ) တွေလဲ အပ်တယ်လို့ ဖွင့် ဆိုပါတယ် (အံ-၄ ၂၊ ၁၇၁)’။


## ဥပုသ်စောင့်ခြင်းရဲ့ ရည်ရွယ်ချက်

မြတ်ဗုဒ္ဓ လက်ထက်က အဲဒီပစ္စည်းတွေဟာ တန်ဖိုးကြီးလို့ အာဏာနဲ့ ဥစ္စာရှိတဲ့ လူတွေပဲ သုံးနိုင်တဲ့ ဇိမ်ခံပစ္စည်းတွေ ဖြစ်တယ်။ ယခု မြန်မာနိုင်ငံမှာ ရေခဲသေတ္တာနဲ့ ကားတွေလိုပဲ။ အဲဒီတော့ ရိုးရှင်းတဲ့ ဘဝနဲ့နေဖို့ ရဟန်းပြုတာဖြစ်လို့ သင်္ဃါကောင်းသူတွေ လူ့ရင်တောင် သင်္ဃါတရားနည်းသူတွေက ဘုန်းကြီးတွေလည်း လူတွေလိုပဲလို့ ကဲ့ရဲ့နိုင်တယ်။ စိတ်ပိုင်းအရလည်း အဲဒီပစ္စည်းတွေကို အသုံးပြုဆဲမှာ လောဘမာန ဦးစီးတဲ့ ကာမအာရုံတွေ နိုးကြွနိုင်တာပဲ။ ဒါကြောင့် ဗုဒ္ဓက အဲဒီပစ္စည်းတွေကို တားမြစ်တော်မူတာ ဖြစ်ပါတယ်။ လူတွေ ရှစ်ပါးသီလကို ဆောက်တည်တဲ့ ရည်ရွယ်ချက်က အနည်းဆုံး အထုံပါရမီ ဖြစ်ဖို့နဲ့ ကုသိုလ်စိတ်တွေ အဖြစ်များအောင် လေ့ကျင့်ဖို့ ရည်ရွယ်ချက်နဲ့ ရိုးရှင်း ခြိုးခြံတဲ့ ဘဝကလေးနဲ့ အခိုက်အတံ့ နေကြည့်တာပါ။ ဒီရည်ရွယ်ချက်ကို အခြေခံပြီး ဘယ်လိုဟာကို သုံးသင့် မသုံးသင့်ဆိုတာ ဆင်ခြင်နိုင်ပါတယ်။

## ဒီလိုဆိုရင် သင့်နိုင်တယ်

အမေရိက တရားစခန်းအချို့မှာ ဆိုဖာအတွင်း ထည့်တဲ့ ရေမြှုပ်ကို တစ်ယောက်အိပ် အရွယ်အစားဖြတ်ပြီး ခုတင်ပေါ်မှာ ထားတယ်။ အပေါ်က ပိတ်ဖြူစ ခင်းလိုက်တော့ အိပ်ရတာ အဆင်ပြေပါတယ်။ အအေးဒဏ်လည်း ကာကွယ်၊ ဇိမ်ခံပစ္စည်းလည်း မဟုတ်ဘူးပေါ့။ အချို့က အိမ်က ယူလာတဲ့ Sleeping bag နဲ့ ကော်ဇောပေါ်မှာပဲ အိပ်ခွင့်ပြုတယ်။ အအေးဒဏ်ကို ခံနိုင်ရုံ ရိုးရှင်းတဲ့ အိပ်ယာဆိုရင် ရှစ်ပါးသီလစောင့်သူအဖို့ သင့်နိုင်ပါတယ်။ တစ်ခါတစ်ရံပဲ ဥပုသ်စောင့်တာဖြစ်လို့ အအေး မကြမ်းတဲ့ ရာသီမှာ ဘုရားခန်းထဲက ကြမ်းခင်းကော်ဇောပေါ်မှာ ပိတ်စ ခင်းပြီး အိပ်နိုင်ရင်တော့ ဥက္ကဋ္ဌပုဂ္ဂိုလ် (ခပ်ပြင်းပြင်းကျင့်သူ) ဖြစ်မှာပေါ့။ ❐

# ဘာသာရေးကြောင့် ဘေးမဖြစ်သင့်



ဆရာတော် အရှင်မြတ် ဘုရား၊

ဇန်နဝါရီ ၁၅ ရက်စွဲနှင့် အေအက်ဖ်ပီ သတင်းတစ်ပုဒ်အရ ဘင်လာဒင်၏ အသံသွင်းတိပ်ခွေမှာ ဘာသာရေးစစ်ပွဲ (Religious War) ဆင်နွှဲမည်ဟု ဆိုကြောင်း ဖော်ပြထားပါသည်။ တပည့်တော်သည် ဘာသာရေးစစ်ပွဲ ဟူသောအသံကို ကြားရတိုင်း စိတ်မချမ်းမြေ့ ဖြစ်မိပါသည်။ ဘာသာရေးမှာ စစ်ပွဲဆိုတာ ရှိပါသလား။ ရှိကောရှိသင့်ပါသလား။ ဘာသာရေးရဲ့ ရည်ရွယ်ချက်က ဘာပါလဲ။ ဗုဒ္ဓဘာသာ၌ ဘာသာရေးကို အကြောင်းပြု၍ စစ်ပွဲဆင်နွှဲရန် တိုက်တွန်းမှု လှုံ့ဆော်မှု ရှိပါသလား။ ဘုရားတပည့်တော် အလွန် သိချင်သော အကြောင်းအရာဖြစ်၍ သနားသောအားဖြင့် ဖြေကြားပေးပါ ဘုရား။

အောင်ထွန်းရွှေ၊ ဒူမိုင်းမြို့

---

## မုက္ခပါဌ်တွေကို ဖန်တီးသူ

ရှေးဦးလူတွေဟာ သဘာဝ ဘေးအန္တရာယ်တစ်ခုခုနဲ့ ကြုံစဉ်မှာ အားကိုးရာ ရှာဖွေရင်း သစ်ပင် တောတောင် ပင်လယ် သမုဒ္ဒရာ ရေမြေ နေလ နက္ခတ်တာရာတွေကို ကိုးကွယ်ခဲ့ကြတယ်။ စိတ်ကူးယဉ် ပုံဖော် ပန်းချီ ရုပ်တုတွေကို ပူဇော်ပသခဲ့ကြတယ်။ အဲဒီလို ကိုးကွယ်ကြရင်း အပူအအေး ရွေ့ရှားမှု ရုပ်တည်မှုစတဲ့ စွမ်းအင်တွေသာဖြစ်တဲ့ သဘာဝ ယန္တရားကြီးကို ဆက်ကာဆက်ကာ လည်စေတဲ့ စကြဝဠာ ကမ္ဘာမိုးမြေကို အုပ်စိုးပိုင်သသူ စူပါတန်ခိုးရှင်တစ်ဦး ကေန်ရှိရမယ်လို့ စွဲလမ်းပုံဖော်ရာကနေ အဲဒီ စိတ်ကူးထဲက တန်ခိုးရှင်ဟာ လူတွေရဲ့ နှလုံးအိမ်မှာ သံဇါးမျှားချိတ်လို စူးဝင်သွားခဲ့ပါတယ်။

နောက်ဆုံးမှာ လူတွေကပဲ ပြုပြင်ဖယ်ရှားလို့မရတဲ့ အပြည့်စုံဆုံး မုက္ခပါဠိကျမ်းမြတ် ဆိုတာတွေကို ဖန်တီးခဲ့ကြတာပဲ။ အဲဒီမုက္ခပါဠိတွေမှာ ညွှန်ကြားထားတာရှိရင် အဲဒီဘာသာဝါဒမှာ စစ်ပွဲဆိုတာ ရှိနေမှာပဲ။ အမှန်သော် ဘာသာရေးရဲ့ ရည်ရွယ်ချက်က လူတွေကို စိတ်ပိုင်းဘဝ ဖွံ့ဖြိုးအောင် လေ့ကျင့်ပေးဖို့ ယုံကြည်မှု အသားရောင် လူမျိုးဇာတ် မခွဲခြားဘဲ လူကိုလူလို့ မြင်တတ်အောင် သင်ကြားဖို့ပဲ ဖြစ်သင့်ပါတယ်။

**မုက္ခပါဠိတော်များရဲ့ ညွှန်ကြားချက်**

၁ ရာ ၁၅း၂ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည် ကား အဲဂုတ္တုပြည်မှ ထွက်လာသော ဣသရေလအမျိုး၌ အာမလက် အမျိုးပြုသော ဆီးတားခြင်းအမှုကို ငါမှတ်လျက်ရှိ၏။ ၃။ ယခု သွား၍ ထိုအမျိုးကို လုပ်ကြလော့။ နှမြောခြင်းမရှိဘဲ ရှင်းရှင်း ဖျက်ဆီး၍ ယောကျာ်း၊ မိန်းမ၊ သူငယ်၊ နို့စို့မှစ၍ သိုး၊ နွား၊ ကုလားအုပ်၊ မြည်း တို့ကို သတ်လော့ဟု ရှောလုအား ဆင့်ဆိုသည်အတိုင်း ၄။ ရှောလု သည် လူတို့ကို စုဝေးစေ၍ တေလိမ်မြို့မှာ စာရင်းယူသဖြင့် ခြေသည် သူရဲ နှစ်သိန်း၊ ယုဒ စစ်သူရဲ တစ်သောင်းရှိကြ၏။

**ကိုရ်အာန် ၄း၃၄** စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင် မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်အံ့၊ ထိုသို့ တိုက်ခိုက်ရာတွင် ထိုသူသည် အသတ်ခံရသည်ဖြစ်စေ၊ အောင်နိုင်သည်ဖြစ်စေ ငါအရှင် သည် ထိုသူ့အား မကြာမြင့်မီအတွင်း ကြီးကျယ်မြင့်မြတ်သော အကျိုး ကို ပေးသနားတော်မူအံ့။ **ကိုရ်အာန် ၈း၁၂။** အသင်တို့သည် မယုံ မကြည် သွေဖည်ငြင်းပယ်သောသူတို့၏ လည်ကုပ်များကို ခုတ်ဖြတ်ကြ လေကုန်။ ထိုနည်းတူစွာ အသင်တို့သည် ၎င်းတို့၏ လက်ချောင်းများ၏ အဆစ်များကို တခုစီ ဖြတ်တောက်ကြလေကုန်။

**ဝါဒရေးရာ စိန်ခေါ်တဲ့ သဘောထား**

နာမည်ကျော် ဗြိတိသျှလူမျိုး တွေးခေါ်ရှင် ဘာထရန်ရပ်ဆယ်လ်က 'သ မိုင်းမှာ ပေါ်ပေါက်ခဲ့တဲ့ ဘာသာတရားတွေထဲမှာ ကျုပ်ကတော့ ဗုဒ္ဓဘာ

သာကိုပဲ နှစ်သက်တယ်။ အထူးသဖြင့် ဒီဝါဒရဲ့ ရှေးအကျဆုံး ပုံစံကို ပေါ့။ ဘာကြောင့်ဆို ဒီဝါဒရဲ့သမိုင်းမှာ အတင်းအကြပ် ဘာသာသိမ်း သွင်းတာ ဘာသာရေး နှိပ်ကွပ်တာတွေ မတွေ့ရသလောက် ဖြစ်လို့ပါပဲ' လို့ ဆိုခဲ့ပါတယ်။ နှစ်ခြင်းခရစ်ယန် ဘုန်းကြီးရဲ့သား နောင်အခါ လန်ဒန် ပါဠိအသင်းကို တည်ထောင်သူ ပါမောက္ခ ရေးစ်ဒေးဗဒ်ကလည်း 'ဗုဒ္ဓ ဝါဒီတွေရဲ့ ကြီးမြတ်အထက်တန်းကျမှု နှစ်ပရိစ္ဆေဒကို ရှည်လျားစေခဲ့တဲ့ ရာစုနှစ်ပေါင်းများစွာ ကြာပြီဖြစ်တဲ့ ဗုဒ္ဓဝါဒသမိုင်းတစ်လျှောက်လုံး ကျုပ် သိရသမျှ ဗုဒ္ဓဝါဒီတွေက အခြားမည်သည့် ဘာသာဝါဒီတွေကိုမှ အကြမ်း ဖက်ပြီး ဘာသာကူးပြောင်းနိုင်းတယ်ဆိုတဲ့ မှတ်တမ်း မရှိပါဘူး'တဲ့။

ဘာကြောင့် ဗုဒ္ဓဝါဒီတွေဟာ အဲဒီလို အတင်းအကြပ်ကိစ္စ မလုပ်တာ လဲဆိုရင် မြတ်ဗုဒ္ဓရဲ့ 'လာလှည့် ရှုလှည့်၊ ကြိုက်ရင် ဆက်လုပ်၊ မကြိုက် ကိုယ့်သဘောပဲ' ဆိုတဲ့ ဝါဒရေးရာ စိန်ခေါ်တဲ့ သဘောထားကြောင့်ပါပဲ။

### ဗုဒ္ဓဝါဒမှာ စစ်ဆိုတာ လုံးဝမရှိ

ဗုဒ္ဓဝါဒမှာက မိမိဟောပြောတာကို မယုံကြည်သူတွေအပေါ် တိုက်ခိုက်ဖို့ သတ်ပစ်ဖို့ လက်နက်ဆွဲကိုင်တယ် ဆိုတာမျိုးကို အင်မတန် ကြီးမား မိုက်မဲတဲ့ အကုသိုလ်အလုပ်လို့ နားလည်ပါတယ်။ ဗုဒ္ဓဝါဒရဲ့ လောကကို ရှုမြင်ပုံက 'ဟေတုံ ပဋိစ္စ သမ္ဘူတံ၊ ဟေတု ဘင်္ဂါ နိရုဇ္ဈတိ = အ ကောင်း အဆိုးဆိုတဲ့ ဖြစ်စဉ်တစ်ခုဟာ အကြောင်းကြောင့် ဖြစ်ရတာ၊ အကြောင်းချုပ်ရင် အဲဒါတွေ ငြိမ်းတာပဲ'လို့ ဖြစ်ပါတယ်။

'အကြောင်း'ဆိုတာ ငါမှငါပဲဆိုတဲ့ အတ္တလွန်ကဲမှု၊ စိတ်ဆိုး အငြိုး ကြီးမှုနဲ့ ဆင်ခြင်တုံတရားမဲ့မှု ဆိုတဲ့ ကိုယ်တွင်း (အဇ္ဈတ္တ) စိတ်ခံစားမှုနဲ့ အဲဒီ ခံစားမှုတွေ ဖြစ်ပေါ်အောင် လှုံ့ဆော်ပေးတဲ့ ပြင်ပ(ဗဟိဒ္ဓ) အခြေ အနေတွေ ဖြစ်ပါတယ်။ ဒီလို ယုံကြည်တဲ့ အတွက်ကြောင့် ဗုဒ္ဓဝါဒဆိုတဲ့ အမည်နာမ သို့မဟုတ် ဗုဒ္ဓဝါဒပြန့်ပွားရန်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ခစ်ပွဲဆိုတာ မရှိနိုင်ဘူး။ ရှိလဲ မရှိခဲ့ပါဘူး။ လူမျိုးရေး စီးပွားရေး နိုင်ငံရေး အရင်းခံနဲ့ ဗုဒ္ဓဝါဒီတွေ ပါဝင်တဲ့ စစ်ပွဲမျိုးတော့ ရှိကောင်းရှိနိုင်ပါတယ်။

**ဘာသာရေးမှာ စစ်ပွဲရှိသင့်သလား**

ဒီအဖြေအတွက် ဗုဒ္ဓဝါဒကတော့ ရှင်းပါတယ်။ Absolutely No ပါပဲ။ ဖော်ပြပါ ကျမ်းမြတ်တွေကို ယုံကြည်ကိုးကွယ်တဲ့ ဘာသာရေးအုပ်စု ကြီး နှစ်ခုမှာပါတဲ့ ပညာတတ် မိတ်ဆွေနှစ်ယောက် မကကို ဒီမေးခွန်း မျိုး မေးဖူးပါတယ်။ အီရန်ကလာတဲ့ အင်ဂျင်နီယာ ဒုက္ခသည် တစ်ဦးရဲ့ အဖြေက ‘ဘုရားသခင်ကိုယ်တိုင် ခွင့်ပြုထားတာဖြစ်လို့ ကိုယ့်နိုင်ငံနဲ့ လူ မျိုးကို ကျူးကျော်လာရင် စစ်ဆိုတာ တိုက်ရမှာပဲ’ တဲ့။

‘ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး’ သီအိုရီက ယဉ်ကျေးမှု ဦးပိုင်းကာလ ကပင် ရှိနေခဲ့လို့ ဘာသာရေး အမြင်ထဲမှာ မထည့်လိုပါဘူး။ ဒါပေမဲ့ ဘာသာမတူ ယုံကြည်မှု မတူသူတွေကို အတင်းအကြပ် ဘာသာ ကူး ပြောင်းခိုင်း၊ မရရင် ကွပ်မျက်ပစ်တဲ့ ရာဇဝင်တွေက အင်မတန် ရှည် လျားစွာ ရှိခဲ့တယ် ရှိနေတယ် မဟုတ်ပါလားလို့ ဆိုတော့ သူတို့ reason တွေ များစွာ ပေးကြပေမဲ့ ဘုန်းကြီးကတော့ သူတို့အနေနဲ့ မေးခွန်းကို ရှောင်လွှဲနေတယ်၊ အကြောင်းပြချက် မမှန်ဘူးလို့ ခံစားနေမိတဲ့အတွက် ဆက်မမေးဘဲ ဆိတ်ဆိတ်ပဲ နေခဲ့ပါတယ်။ ☐



Brain Wash

***

သတ္တဝါတယောက်
ယူမှားမှောက်ကို
သိန်းလောက်ဘုရား
လှန်သောအားဖြင့်
ဟောကြားချေချွတ်
ဖြေမလွတ်ဘူး။

(မဃဒေဝ)

# ဗြဟ္မာနတ်ပြည် စေတီတည်

ရှိသေစွာ လျှောက်ထားအပ်ပါသည်၊

ဗြဟ္မာနတ်ပြည် စေတီတည် မည်သည့်အုတ်နှင့် တည်လိမ့်နည်း ဟု အမေးစကား ကြားသာ ကြားဖူးရာ အဖြေမသိဘဲ ဖြစ်နေပါသောကြောင့် ဖြေကြားပေးစေလိုပါသည် ဘုရား။

အရှင်ဝိမလသာရ

---

## စူဠာမဏိစေတီ

တောထွက်လာတဲ့ အလောင်းမင်းသိဒ္ဓတ်ဟာ အနောမာ မြစ်ကမ်းကို ရောက်တော့ ပါလာတဲ့ သန်လျက်နဲ့ ဥဏှသျှောင်နှင့်တကွ ဆံထုံးကို အရင်းက ဖြတ်လိုက်တယ်။ အဲဒီ သျှောင်ထုံးကို 'ငါသည် ဗုဒ္ဓ ဧကန် ဖြစ်မယ်ဆိုရင် ဒီဆံပင် မြေကြီးပေါ် ပြန်မကျပါစေနဲ့' လို့ အဓိဋ္ဌာန်ပြီး မိုးပေါ်ကို မြှောက်တင်လိုက်ရာမှာ သိကြားမင်းက ဗုဒ္ဓလောင်းလျာရဲ့ သျှောင်ကေသာကို တာဝတိံသာ နတ်ပြည်ကို ယူသွားပြီး စူဠာမဏိ စေတီ တည်တယ်၊ သုံးယူဇနာ မြင့်တယ်၊ ရတနာခုနစ်ပါးနဲ့ တည်တယ် (ဗုဒ္ဓဝံသ-ဋ္ဌ၊ ၃၂၂)။ မြင်းမိုရ်တောင်ရဲ့ ထိပ်မှာ ဣန္ဒနီလာကျောက်နဲ့ တည်တယ်၊ သုံးယူဇနာ မြင့်တယ် (ထူပဝံသ၊ စာ ၁၆။ ဒါဌာဝံသ ၃၅ ဂါထာ)။ တာဝတိံသာ နတ်ပြည်မှာ တည်တယ်၊ ယူဇနာသုံးဆယ် မြင့်တယ် (ဇိနာလင်္ကာရ-ဋီ၊ စာ ၂၆၁)။

## ဒုဿစေတီ

ပဒုမုတ္တရာဘုရား လက်ထက်က အချစ်ဆုံး သူငယ်ချင်းဟောင်း ဖြစ်ဖူးတဲ့ ဃဋိကာရဗြဟ္မာ (ဒီဗြဟ္မာက အနာဂါမ် ဖြစ်ပြီးသား၊ အဝိဟာဘုံမှာ နေတယ်။ သံ ၁၊ ၈၅။ မ ၂၊ ၂၄၂) ယူလာတဲ့ ပရိက္ခရာ ရှစ်ပါးထဲက သင်္ကန်းကို ဝတ်ရုံပြီး မင်းသိဒ္ဓတ် ရဟန်းအသွင်ကို ယူလိုက်တယ်။

အဲဒီနောက် မင်းဝတ်စုံကို ကောင်းကင်သို့ မြှောက်တင်လိုက်ရာမှာ ဃဋိကာရဗြဟ္မာကြီးကပဲ ဒီဝတ်စုံကို ယူသွားပြီး ဗြဟ္မာ့ပြည်မှာ ဒုဿစေတီ တည်တယ်၊ ရတနာမျိုးစုံနဲ့ တည်တယ်၊ ဆယ့်နှစ်ယူဇနာ မြင့်တယ် (ဗုဒ္ဓဝံသ-ဌ၊ ၃၂၃။ ထူပဝံသ၊ စာ ၁၆)။

အခါတစ်ပါး အဘိညာဉ် တန်ခိုးရှင် အရှင်ဘဒ္ဒဇိမထေရ်ဟာ ဗြဟ္မာ့ပြည်က ဒုဿစေတီကို ထန်းတစ်ဖျား အမြင့်ရှိတဲ့ အရပ်ထိ လူ့ပြည်ကို တန်ခိုးနဲ့ ယူလာပြီး လူပရိသတ် ရဟန်းပရိသတ်ကို မြင်အောင် ပြပူးသတဲ့ (မဟာဝံသ၊ ၃၃း၁၁)။

**ကမ္မဇစေတီ**

နတ်တွေ ဗြဟ္မာတွေဆိုတာ ကံကြောင့်ဖြစ်တဲ့ ကမ္မဇဗိမာန် ကိုယ်စီမှာ နေကြတယ်။ ဗြဟ္မာတွေက ကာမစည်းစိမ်ကို မခံစားကြဘူး။ နတ်တွေကတော့ ကာမစည်းစိမ်ကို ခံစားကြတယ်။ နိမ္မာနရတိ နတ်တွေလို အချို့နတ်တွေဟာ ရှိပြီးစည်းစိမ်ထက် ပိုပြီး ခံစားလိုတဲ့အခါ ကိုယ့်ဟာကိုယ် စိတ်တိုင်းကျ ဖန်ဆင်းပြီး စည်းစိမ် ခံစားကြတယ်။ နတ်တို့ သနင်း သိကြားမင်းဟာ ဆင်စီးလိုတဲ့အခါ နတ်သားတစ်ယောက်က ဆင်လို ဖန်ဆင်းပြီး ပို့ဆောင်ပေးရတယ်။ နတ်တွေ ဗြဟ္မာတွေရဲ့ သဘာဝက အဲဒီသဘောမျိုး ရှိပါတယ်။

ဒါကြောင့် ဗြဟ္မာ့ပြည် နတ်ပြည်တွေမှာ လူ့ပြည်မှာလို စေတီကို အုတ်နှင့်တည်စရာ မလိုပါဘူး။ မိမိတို့ အလိုရှိသလို ရတနာမျိုးစုံနဲ့ ဒါမှမဟုတ် တ္ကန္တနီလာကျောက်နဲ့ လိုသလောက် အမြင့်ပမာဏနဲ့ ဖန်ဆင်းပြီး အဲဒီ နိမ္မိတ (ဖန်ဆင်းထားတဲ့) ထူပထဲမှာ မင်းသိဒ္ဓတ်ရဲ့ ဆံတော်တွေ ဝတ်ရုံတွေကို ထည့်သွင်းပြီး ပူဇော်ကိုးကွယ်ကြတယ်လို့ ယူနိုင်ပါတယ်။ ကမ္မဇစေတီလို့ ခေါ်နိုင်ကောင်းပါတယ်။

၁။ ဗြဟ္မာနတ်ပြည် စေတီတည် အုတ်သည် မလိုတည်း။

၂။ ကံကြောင့်ဖြစ်သည် စိတ်ဖြင့်တည် စေတီထွန်းသတည်း။ ▫

# လူတိုင်း အသုံးချတရား

မရှင်လင်းတာ မေးလျှောက်ပါရစေ အရှင်ဘုရား၊

သောက်ဆေးစားခြင်း ဆေးထိုးခြင်းတို့သည် ကိုယ်တွင်းရှိ ပိုးများကို သတ်ခြင်းဖြစ်ရာ ပိုးသေသည် ဖြစ်သောကြောင့် ပါဏာတိပါတကံ ဖြစ် မဖြစ် သိလိုပါသည် ဘုရား။

အရှင်ဝိမလသာရ

---

**ပိုးမျိုးပေါင်း ရှစ်သောင်း**

ဗုဒ္ဓနဲ့ ခေတ်ပြိုင် တိတ္ထိဆရာကြီး အချို့ဟာ ရေထဲက ပိုးတွေ သေမှာ စိုးလို့ ရေးနွေးမရှိရင် အိမ်သာတက်ပြီးတောင် ရေမသုံးဘဲ နေသတဲ့။ ဒါဆိုရင် မလွန်လွန်းဘူးလား။ ဗုဒ္ဓဝါဒ မဇ္ဈိမပဋိပဒါ သဘောထားအရတော့ တရားဓမ္မတစ်ခုဟာ နေ့စဉ်ဘဝမှာ လူတိုင်း အသုံးချနိုင်ရမယ်လို့ သင်ကြားပါတယ်။ ဗုဒ္ဓဟာ ဒေဝဒတ်လိမ့်ချတဲ့ ကျောက်တုံးနဲ့ ထိတဲ့အတွက် ပဲ့ထွက်လာတဲ့ ကျောက်တုံးစ ထိလို့ မိမိခြေမတော်မှာ သွေးစိမ်း တည်တဲ့အခါ ဆေးဆရာကြီး ဇီဝကရဲ့ ခွဲစိတ်ကုသမှုကို ခံယူတော်မူတယ်။

အဲဒီလို ဆေးကုသမှု ခံယူတဲ့အခါ အနည်းဆုံးတော့ အနာမှာ မှီတွယ်နေတဲ့ ပိုးဆိုတဲ့ အရာတွေ ပျက်စီးမှာကို ဗုဒ္ဓ သိတော်မူပါတယ်။ ဘာကြောင့်ဆို ဝမ္မိကသုတ်အရ ခန္ဓာကိုယ်မှာ ပိုးမျိုးပေါင်း ရှစ်သောင်း (အသီတိ ကိမိကုလသဟဿာနိ) ရှိတယ်လို့ ဗုဒ္ဓကိုယ်တိုင် ဟော တော်မူထားလို့ပါပဲ။

**ကျင်ကြီးကျင်ငယ် စွန့်ရင်**

အမှန်တော့ ဗုဒ္ဓမြတ်စွာဘုရားဟာ ကိုယ်တွင်းမှာ ရှိနေတဲ့ အဲဒီ ပိုးလို့ သုံးနှုန်းခေါ်ဝေါ်တဲ့ အရာတွေကို သတ္တဝါ သက်ရှိအနေနဲ့ ယူဆတော် မမူခဲ့ပါဘူး။ ဒါကြောင့် ဆေးကုသမှုကို ခံယူတာပေါ့။ ခန္ဓာကိုယ်ထဲက ကူးစက်တတ်ပြီး လူကို မကျန်းမာအောင် ဒုက္ခပေးတဲ့ ပိုးဆိုတာတွေ

ကို ဇီဝအခြေခံရှိတဲ့ ဆဲလ်အစိတ်အပိုင်း တစ်ခုအနေနဲ့ပဲ ယူဆသင့်ပါ တယ်။ ကျင်ကြီး ကျင်ငယ်မှာလည်း ပကတိ မျက်စိနဲ့ မမြင်နိုင်တဲ့ ပိုးကတော့ ရှိနေတာပဲ။ ခန္ဓာကိုယ်ထဲက ပိုးတွေ သေမှာကို စိုးရိမ်နေ ရင် ကျင်ကြီး ကျင်ငယ်ကိုတောင် လွတ်လွတ် လပ်လပ် စွန့်နိုင်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် ဘုရားကြိုက်တဲ့ မဇ္ဈိမပဋိပဒါနဲ့ပဲ နေလိုက်ပါ။ စာမျက်နှာ ၃၇၉ ပါ မေးခွန်းရဲ့ အဖြေကို ပြန်ဖတ်ကြည့်ဖို့လည်း တိုက်တွန်းပါတယ်။ ☐

## မြေကြီးလိုကျင့်

ဘုန်းဘုန်းဘုရား ... ရိုသေစွာ လျှောက်ထားခွင့်ပြုပါ အရှင်ဘုရား၊

လောကမှာ လူတယောက်ကို ဥပေက္ခာပြုထားလိုက်တယ် ဆိုလို့ ရှိလို့ ရှိရင် အဲဒီလူနဲ့ ပတ်သက်ပြီး ဖြစ်ချင်ရာဖြစ်ပါစေ ဘာမှ မပြောတော့ ဘူးဆိုတဲ့ အဓိပ္ပါယ် ဖြစ်ပါတယ်။ မနှစ်သက်တော့တဲ့အတွက် ပစ်ထား လိုက်တဲ့ သဘောဖြစ်ပါတယ်။ ဒါပေမယ့် ဥပေက္ခာဆိုတာ လုပ်ရခက်တဲ့ ပါရမီလို့လည်း ဆိုပြန်တယ်။ အဲဒါကို တပည့်တော် နားမလည်တော့ပါ။ ဥပေက္ခာပြုထားတယ် ဆိုတာနဲ့ ဥပေက္ခာပါရမီဆိုတာ ဘယ်လို ကွာခြား ပါသလဲ .. ဖြေကြားပေးစေချင်ပါသည်။

ခင်ခင်ကြီး ... သာကေတ

---

**ဥပေက္ခာပြုထား**

အမြင်ကပ်လို့ မုန်းလို့ မနှစ်သက်လို့ ဥပေက္ခာပြုထားလိုက်တယ် ဆိုရာမှာ အဓိပ္ပာယ်က အဆိုးနဲ့ တုံ့ပြန်လာတဲ့ လောကအပေါ် အမုန်းခံစားချက်နဲ့ လက်လျှော့ အရှုံးပေးပြီး ဘာမှ မတုန့်ပြန်ဘဲ ပစ်ထားလိုက်တယ်လို့

နားလည်ရတယ်။ ဒါကြောင့် 'ဥပေက္ခာပြု' ဆိုရာမှာ ဒေါသ (စိတ်ဆိုး အမျက်ထွက်မှု) မြုပ်နေတယ်၊ ရှိနေတယ်။ တစ်ချိန်တည်းမှာ အကောင်း နဲ့ တုံ့ပြန်လာမယ့် လောကကိုတော့ အမြင်မကပ်ဘူး၊ ချစ်တယ်၊ ကြိုက် တယ်၊ ဒါကြောင့် ဥပေက္ခာပြု မထားဘူး၊ ဂရုစိုက်မယ်၊ လက်ခံ သိမ်း ပိုက်ထားမယ်ဆိုတဲ့ အနုနယ (တပ်မက်၊ စွဲလမ်းမှု) သဘောကိုလည်း အဲဒီ စကားလုံးထည်းမှာပဲ အလိုလို တွေ့ရပြန်တယ်။

အဲဒီလို ပဋိဃနဲ့ အနုနယ ရှိနေရင် ဥပေက္ခာပါရမီ မဟုတ်ဘူး။ ဒါကြောင့် ဥပေက္ခာ ပြုထားလိုက်တယ်လို့ ပြောဆိုတဲ့အခါ 'ဖြစ်ချင်ရာ ဖြစ်၊ ပစ်ထားလိုက်တယ်'လို့ သာမန်ပဲ နားလည်ရင် မရှုပ်တော့ဘူး။

**ဥပေက္ခာပါရမီ**

ဥပေက္ခာဆိုတဲ့ ပါဠိဝေါဟာရမှာ ဥပ နဲ့ ဣက္ခ လို့ ပုဒ်နှစ်ခု ပါတယ်။ ဥပ (သမံ ကတ္တာ) = အညီအမျှပြု၍၊ မခွဲခြားဘဲ။ ဣက္ခ = ရှုတယ်၊ မြင်တယ်၊ ခံယူတယ်။ အဓိပ္ပာယ်က လောဘနဲ့ တွယ်ကပ်ထားခြင်း ဒေါသနဲ့ ငြင်းပယ်ပစ်ခြင်း မရှိဘဲ၊ တစ်နည်း နှစ်သက်ခြင်း မနှစ်သက် ခြင်း မရှိဘဲ ခံယူတယ်လို့ ဖြစ်ပါတယ်။ ပါရမီဆယ်ပါးမှာ အခက်ခဲဆုံးနဲ့ အောင်မြင်ပြီး အထွတ်အထိပ် ပန်းတိုင်ကို ရောက်လိုသူတွေအဖို့ အလို အပ်ဆုံး ကျင့်စဉ် ဖြစ်ပါတယ်။ ဘာတွေကို တွယ်ကပ်ပြီး ဘာတွေကို ငြင်းပယ်သလဲ ဆိုရင် လောက လူသားတွေ ကြုံတွေ့ရမြဲ ဖြစ်တဲ့ အ ကောင်း အဆိုး ဘဝလောကဓံတွေကိုပါပဲ။

လူ့ဘဝဆိုတာ သုသုဋ်ဋ် ပန်းခင်းလမ်းနဲ့ ခရောင်းလမ်း နှစ်မျိုး ပေါ်မှာ တစ်လှည့်တစ်ပြန်စီ ပင်ပန်းကြီးစွာ လျှောက်နေကြရတာပါ။ အကောင်းကို တွေ့ရင် သာယာမက်မောပြီး တွယ်ကပ်ထားချင်တယ်။ အဆိုးကို တွေ့ရင် စိတ်ဆိုး ဒေါသဖြစ်ပြီး ငြင်းပယ်လိုတယ်။ ဥပေက္ခာ ကျင့်စဉ်အရ အဲဒီသဘော နှစ်မျိုးရဲ့နောက်ကို မလိုက်ဘဲနဲ့ အဲဒီနှစ်မျိုးနဲ့ ပတ်သက်ပြီး တူညီတဲ့ ခံစားမှုနဲ့ အလယ်က သွားရတယ်။ ဘယ် လောက်ပဲ အကောင်းနဲ့ တွေ့စေ မြောက်မသွားဘဲ၊ ဘယ်လောက်ပဲ အဆိုးနဲ့ တွေ့စေ စိတ်မပျက် လက်မလျှော့ မသွားဘဲ သွားမြဲလမ်းကို

မှန်မှန်ဖြောင့်ဖြောင့် တည်တည်တံ့တံ့ ခိုင်ခိုင်ခံ့ခံ့ သွားနိုင်တဲ့ ခံနိုင်ရည် ရှိရင် ပါရမီဖြစ်တာပါပဲ။

**မြေကြီးတူစွာ**

မြေကြီးဟာ ကျလာတဲ့ ကောင်း မကောင်း နှစ်မျိုးကို အညီအမျှပြုပြီး ခံယူတယ်။ အနုမြူဗုံး ဖောက်တော့လည်း မြေကြီးပေါ်မှာ။ ရနံ့လှိုင်တဲ့ ပန်းတွေ ကြွေကျတော့လည်း မြေကြီးပေါ်မှာ။ ပန်းနံ့သာပဲ ကျလာလာ၊ မစင် အညစ်အကြေးပဲ ကျလာလာ နှစ်မျိုးလုံးကို ဒီကမ္ဘာမြေက အညီအမျှ ခံယူတယ်။ အဲဒီလိုပဲ ဘဝပတ်ဝန်းကျင်က ပေးအပ်တဲ့ အကောင်း နဲ့ အဆိုး သဘာဝနှစ်မျိုးနဲ့ ကြုံတွေ့ ခံစားရတဲ့အခါ အဆိုးအပေါ်မှာ ပဋိဃ = စိတ်ဆိုးခြင်း၊ အကောင်းကိုလည်း အနုနယ = တွယ်တာ တပ်မက်ခြင်း မရှိဘဲ မြေကြီးလို မခွဲမခြား အညီအမျှထားတဲ့ ကျင့်စဉ် ဟာ ဥပေက္ခာပါပဲ။ ကဲ့ရဲ့ ပြစ်ဆိုသံ ကြားရင် ငြင်းပယ်ခြင်း၊ တုံ့ပြန် တွန်းကန်ခြင်း မရှိဘူး။ ချီးမွမ်းသံ ဂုဏ်ပြုသံတွေ ကြားရင်လည်း သာ ယာ ကြည်နူးပြီး တက်ကြွ မြောက်ကြွားခြင်း မရှိဘူး။ ကောင်းချင်တိုင်း ကောင်းနေပါစေ အနုနယ မဖြစ်၊ ဆိုးချင်တိုင်း ဆိုးနေပါစေ ပဋိဃ မဖြစ်ဘဲ ပုံမှန်ညီမျှပဲ ခံယူတယ်။

သိပ်ပြီး အောင်မြင်ကျော်ကြား ကြီးပွားတိုးတက်လို့ ချီးမွမ်းမြှောက် ပင့် ခံရတဲ့အခါ မြှောက်ကြွ မြှောက်ကြွ မဖြစ်ဘူး။ မြှောက်ပင့်တဲ့ဖက် ကို မကပ်ငြိဘူး။ သိပ်ပြီး ကဲ့ရဲ့ ခံရတဲ့အခါလည်း စိတ်ဆိုး ဒေါသမဖြစ် ဘူး။ အလယ်ကပဲ သွားတယ်။ ကောင်းလည်း ပျက်တာပဲ၊ ဆိုးလည်း ပျက်တာပဲလို့ ဆင်ခြင်ပြီး အကောင်းအဆိုးကို အညီအမျှပြုရင်း အစွန်း နှစ်ပါးကို ရှောင်တယ်။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေ အထက်တန်းကို ရောက်သွားသူတွေဟာ အဲဒီ ပဋိဃ အနုနယ ဆိုတဲ့ အစွန်းနှစ်ဖက်ကို ရှောင်ပြီး ပန်းတိုင်ကို အရောက် တက်လှမ်းသွားကြတာ။

**ဥပေက္ခာ သြဝါဒ**

ဘိက္ခုတို့၊ (မကြည်ညိုသူတွေက) ဗုဒ္ဓ ဓမ္မ သံဃာ၏ အပြစ်ကို ပြောကြ လျှင် ရန်ငြိုးဖွဲ့ခြင်း၊ နှလုံးမသာယာခြင်း၊ စိတ်မကျေချမ်းခြင်း မဖြစ်ကြ

လင့်။ အမျက်ထွက် နှလုံးမသာ ဖြစ်ကြမည်ဆိုလျှင် သင်တို့မှာသာလျှင် (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ဖြစ်ရာ၏။ သူတစ်ပါးတို့၏ စကားကောင်း စကားဆိုးကို(လည်း) သိနိုင်ကြမည် မဟုတ်။ (စိတ်ထဲက အပြစ်မယူဘဲ) မဟုတ်သည်ကို မဟုတ် သည့်အတိုင်း ဖြေရှင်းရမည်။

ဘိက္ခုတို့၊ (ကြည်ညိုသူတွေက) ဗုဒ္ဓ ဓမ္မ သံဃာ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုကြလျှင် သင်တို့သည် နှစ်သက် ဝမ်းသာခြင်းဖြင့် မြောက်ကြွားတက်ကြွ မဖြစ်ကြလင့်။ ထောင်လွှား မြောက်ကြွ ဖြစ်မည်ဆိုလျှင် သင်တို့မှာသာလျှင် (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ဖြစ်ရာ၏။ (စိတ်ထဲက မသာယာဘဲ) ဟုတ်သည်ကို ဟုတ်သည့်အတိုင်း ဝန်ခံရမည်။

ချမ်းသာဆင်းရဲ၊ သဘောကွဲလည်း၊ လက်စွဲချိန်ခွင်၊
လေးတူတင်သို့ ပုံပြင်နှုန်းယူ၊ မြေအတူလျှင်၊
လျစ်လျူဆောင်ဆောင်၊ အကျဉ်းထောင်လျက်၊
အမောင်စိတ်ဇော၊ ကြည်စေလသေး (ပါရမီ၊ ပိုဒ် ၁၄၂)။ ▢

# လ၃ လဖြုန်း လကိုးလုံး

ဘုန်းဘုန်း ဘုရား၊

သမီးရဲ့ စာတမ်းအတွက် ရှင်ဥတ္တမကျော် တောလားကဗျာကို လေ့လာနေပါသည်။ သမီး သိလိုသည်မှာ တောလားစာကိုယ်၏ အဆုံးမှာပါသည့် အချစာပိုဒ်ကိုးခုမှ ထူးခြားသည့် အသုံးအနှုန်းများနှင့် ပတ်သက်ပြီး စာဆို ရှင်ဥတ္တမကျော်၏ ရည်ရွယ်ချက်ကို သိလိုပါသည် ဘုရား။

ရွှေမိ Ithaca, NY

---

**တောလားအချ စာပိုဒ်များ**

စာဖတ်သူတွေ နားလည်နိုင်ဖို့ မေးခွန်းရှင် ပြောတဲ့ တောလားအချ စာပိုဒ် ကိုးခုဆိုတာကို အရင်ဆုံး ထုတ်နုတ်ပြပါရစေ။

... သီမျိုးခိုင်ညှာ လပြွတ်တည်း။

... ဘီလူးသွားကို လဖြုတည်း။

... တောကြက်ဘောင်ပံ လပြုန်းတည်း။

... မုဆိုးချုံက လချောင်းတည်း။

... မိုးမှာရွှေကြယ် လဥတည်း။

... ရွှေဖောင်မြစ်ညာ လဆန်တည်း။

... တရားဓားသို့ လထစ်တည်း။

... ပြုစုပျိုးထောင် လမွေးတည်း။

... မြစ္စာဖြစ်လိမ့် လမှန်တည်း။

'လဥတည်း၊ လပြွတ်တည်း၊ လထစ်တည်း' စသည်ဖြင့် ပဟေဠိဆန်ဆန် သို့မဟုတ် ဂါမ္ဘဒေါသ (စကားရိုင်း) ဖြစ်နေတဲ့ စကားလုံးတွေကို ထည့်သွင်းခဲ့တဲ့ စာဆိုရဲ့ ရည်ရွယ်ချက်ကို မေးတယ်လို့ ယူဆပါတယ်။ အဲဒီ စကားလုံး အသုံးတွေက စာဆိုရဲ့ မွေးရာပါ ညဥ်တစ်ခုကြောင့် နှလုံးသားထဲက အံကျလာခဲ့တာလို့ ပညာရှင်တို့ ဆိုတာကို မှတ်မိနေပါတယ်။ မောင်သုတ (ဗိုလ်ကြီး ဘသောင်း)ရဲ့ 'ညီမလေးသို့ ပေးစာများ'၊ သို့မဟုတ် ဒဂုန်ဦးစန်းငွေ ရေးတဲ့ 'မြန်မာစာ မြန်မာသဒ္ဒါ' ဆောင်းပါးတွေမှာ ဖတ်ဖူးခဲ့တာ ဖြစ်မယ်လို့ ထင်ပါတယ်။

**ဗုဒ္ဓတွိဇိဇ်ကို ရှိခိုးသူ**

စာဆိုရှင်ဥတ္တမကျော်က မြန်မာ ၈၁၅ ခုနှစ်ဖွား၊ တောင်တွင်းကြီးမြို့နယ်၊ မြို့လုလင်ရွာသား။ ငယ်စဉ်က တောင်တွင်းကြီးမြို့ ထူပါရုံဆရာတော် ဦးသီလာစာရဆီမှာ စာသင်တယ်။ ပါရမီတော်ခန်းပျို့ကို ရေးတဲ့ အရှင်သီလဝံသနှင့် ငယ်စဉ်အခါ စာအတူသင်ရတဲ့ ဆရာတူတပည့်။ အသက်

၁၅ နှစ်အရွယ် သာမဏေဘဝနဲ့ 'ဣတ္ထိ ဗီဇံ အဟံ ဝန္ဒာမိ'လို့ ဘုရားရှိခိုးသတဲ့။ တိုက်ရိုက် အဓိပ္ပာယ်က 'မိန်းမအစေ့ကို ကျွန်ုပ် ရှိခိုးပါ၏'။ သူများတွေလို ရိုးရိုး ရှိမခိုးဘဲ အဲဒီလို အရွဲ့တိုက်ပြီး ဘုရားရှိခိုးတာကို ဆရာဘုန်းကြီးက ခေါ်ယူစစ်မေးတဲ့အခါ ရှင်ဥတ္တမက 'မယ်တော်မာယာ ဣတ္ထိမှ ဖွားမြင်တော်မူသော သိဒ္ဓတ္ထမင်းသား ဘုရားမျိုးစေ့ ဗီဇကို ရှိခိုးပါ၏'လို့ ကျမ်းကိုးတွေနဲ့ ဖြေရှင်းတယ်။ ဆရာဘုန်းကြီးက နှစ်သက်သွားပြီး 'ငါ့တပည့် မောင်ဥတ္တမ ကျော်ပေစွ'လို့ ပြောဆိုရာကနေ နောင်အခါ 'ရှင်ဥတ္တမကျော်' လို့ အမည်နာမ တွင်သွားခဲ့သတဲ့။

## ပါးရိုက် ဆွမ်းဖိတ်သူ

အသက် ၄၀ အရွယ် (သက္ကရာဇ် ၈၅၅) အင်းဝမြို့တော်ကို ကြွလာစဉ် မောင်ကျာဘမ်းနဲ့ တွေ့တော့ အင်းဝမြို့မှာ ဆွမ်းဖိတ်လို့ ရနိုင်သလားလို့ မေးတဲ့အခါ 'ဆွမ်းတစ်အုပ်မျှကို ဘယ်အိမ်မှာမဆို ပါးရိုက်ဖိတ်တော့ ရပါတယ်'လို့ ပြောလိုက်တယ်။ အရှင်ဥတ္တမကျော်က အရွဲ့တိုက်တဲ့ အနေနဲ့ မောင်ကျာဘမ်းရဲ့ ဇနီးကို ပါးရိုက်ပြီး ဆွမ်းဖိတ်တယ်။ မောင်ကျာဘမ်းက စိတ်မာန်ဆိုးပြီး သူ့မယားကို 'နင့်လင်စားဖို့ မြန်မြန်ချက်'လို့ ဆိုပြန်ရာ ဆွမ်းစားပြီးတဲ့အခါ ထပ်မံ အရွဲ့တိုက်ပြီး 'ဟဲ့ ဒကာမ လာ၊ ငါ့နောက်လိုက်ခဲ့။ နင့်လင်က နင့်ကို ငါနဲ့ ပေးစားပြီးပြီ'လို့ ဆိုပြီး ဆွဲခေါ်သတဲ့။ မောင်ကျာဘမ်းက သူ့မယားကို ပါးရိုက်မှု လက်ဆွဲမှုတွေနဲ့ သံဃာ့ရုံးမှာ တရားစွဲပေမယ့် အမှုသွားအရ အရှင်ဥတ္တမကျော်ကပဲ အနိုင်ရသတဲ့။ အရှင်ဥတ္တမကျော်မှာ အဲဒီလို အရွဲ့တိုက်တတ်တဲ့ ဗီဇည်ရှိတယ်။

## လ အသုံးအနှုန်း

အရှင်ဥတ္တမကျော် အင်းဝကို ရောက်လာချိန်မှာ အရှင်မဟာသီလဝံသနှင့် အရှင်မဟာရဋ္ဌသာရတို့ရဲ့ ပျို့ကဗျာတွေက ထီးပေါက် နန်းရောက် ရေပန်းစားနေတယ်။ သူတို့ရဲ့ ပျို့ကဗျာတွေမှာ 'ကျင့်ချင်ရေသို့ လတော်တည်း' (ပါရမီ၊ အပိုဒ် ၇၂)။ 'အခေါင်မြတော လထိတည်း (ယင်း၊ အပိုဒ် ၁၂၂)။ တရားဆီမီး လသို့တည်း (ဆုတောင်းခန်း၊ အပိုဒ် ၂)။ သက်ရင့်

မကြီး လမိတည်း (ကိုးခန်းပျို့ ပိုဒ် ၄၁)။ လူတွင်ဆူးသို့ လပုံတည်း (ယင်း၊ ပိုဒ် ၉၂)။ အဲဒီလို နားခလုတ်တိုက်ဖွယ်ရာ လ အက္ခရာ အသုံးတွေနဲ့ ပတ်သက်ပြီး စာရေးသူတွေကိုရော စာဖတ်သူတွေကိုပါ အရှင်ဥတ္တမကျော်က နှစ်သက်ပုံ မပေါ်ဘူး။ အဲဒါကြောင့် ဆရာတော်ရဲ့ အရွဲ့တိုက်တတ်တဲ့ ဝမ်းတွင်းပါ ညဉ်အတိုင်း တောင်တွင်းလာ တောလား ၉ ပုဒ်မှာ လအက္ခရာကို လှိုင်လှိုင်ကြီး သုံးပြလိုက်တာလို့ ယူဆရပါတယ်။

## လ ကိုးလုံး အဓိပ္ပာယ်

အမှန်တော့ အဲဒီ လအက္ခရာတွေက အရွဲ့တိုက်တာထက် ပိုပြီး အထူး အဓိပ္ပာယ် မရှိနိုင်ပါဘူး။ လပွတ်၊ လဖြဲ၊ လထစ် စသည်ဖြင့် ဆိုရာမှာ လနှင့် ပွတ်၊ လနှင့် ဖြဲ၊ လနှင့် ထစ်ကို ရှေ့နောက်ပြန်ရုံ တော့လွဲလေး လှည့်စားပြီး အရွဲ့တိုက်ထားခြင်းသာ ဖြစ်ပါတယ်။ သ၊ လ၊ က အက္ခရာတွေက မိတ်တူ စကားများဖြစ်လို့ လဲလှယ် သုံးနိုင်တယ်။ ဥပမာ ဖြစ်လတည်း = ဖြစ်သတည်း။ ဖြစ်လျှင်ကတည်း = ဖြစ်သတည်း။ လ အတွက် အထူးအဓိပ္ပာယ် မရှိ။ လ ဟာ စကားပို စကားချောင်မျှသာ။ ဒါကြောင့် ဘီလူးသွားကို လဖြဲတည်း စသည်ဖြင့် ဆိုရာမှာ ဘီလူးသွားကို ဖြဲလတည်း = ဖြဲသတည်း စသည်ဖြင့် မှတ်ဖို့ပါ။

ဆရာတော်ရဲ့ တောလားဟာ စာ၊ စာပေ၊ ပတ်ဝန်းကျင်နဲ့ စာဆိုကို ပေါ်လွင်စေတာရယ်၊ ဆရာတော် ခြယ်သထားတဲ့ ထူးခြားတဲ့ ဆေးပန်းပန်းချီ လ–ကိုးလုံးရယ်ကြောင့် ယနေ့ထိ အဆင့်မြင့် တောလားကဗျာအနေနဲ့ ရှင်သန်နေတာ ဖြစ်ဖွယ်ရှိပါတယ်။

မှတ်မိတာလေးကို ပြောပြလိုက်ရလို့ ကျမ်းညွှန်း အတိအကျ မပေးလိုက်နိုင်တာကို ခွင့်လွှတ်စေချင်ပါတယ်။ ❐



ဆရာတော် အရှင်ဘုရား၊

အင်တာနက် ဝက်ဘ်ဆိုက်အချို့မှာ မဟာယာန ရဟန်းတွေ သီလရှင်တွေရဲ့ ဓာတ်တော်များကို ဖော်ပြထားပါသည်။ တပည့်တော် သိလိုသည်မှာ မဟာယာန ရဟန်းတော်တွေ သီလရှင်တွေ ရဟန္တာ ဖြစ်နိုင်ပါသလား၊ ဓာတ်တော်ကော ကျန်နိုင်ပါသလား။ ဝိပဿနာမှလွဲ၍ အခြား မည်သည့်နည်းနဲ့မျှ ရဟန္တာ မဖြစ်နိုင်ဟု မှတ်သားဖူးပါသည်။ မဟာယာန ရဟန္တာတို့ရဲ့ ဓာတ်တော်အကြောင်း (ပါဠိ)ကျမ်းဂန်မှာ ပါသလားဆိုသည်ကို သိလိုပါသည်။ နောက်တစ်ခုက ထေရဝါဒီ (လူပုဂ္ဂိုလ်ပါ သကာ) တွေက မဟာယာန ဘုန်းကြီးတွေကို ရှိခိုးသင့်ပါသလား။ ထေရဝါဒ ကျမ်းဂန်တွင်လာသော မဟာယာန ဝိနည်းများသည် ရဟန္တာများနှင့် ပတ်သက်နိုင်သလား ဆိုသည်ကိုလည်း သိလိုပါသည်။

ဦးတင်လျက် ရဲလင်း

---

မေးခွန်းကို မဖြေခင် ရဟန္တာ၊ ဓာတ်တော်ဆိုတဲ့ ဝေါဟာရနှစ်ခုရဲ့ ထေရဝါဒက နားလည်တဲ့ အဓိပ္ပာယ်ကို အမြွက်လောက် အရင်ဆုံး ပြောပြပါမယ်။ အဲဒီ အဓိပ္ပာယ်အောက်မှာ မေးခွန်းရဲ့ အဖြေကို မိမိဖာသာ စဉ်းစားကြည့်ဖို့ပါပဲ။

**ရဟန္တာ**

ထေရဝါဒ ပါဠိကျမ်းဂန်တွေရဲ့ အာဘော်အရ ရဟန္တာဆိုတာ ဒိဋ္ဌိ (ငါ ကောင် သူကောင် စွဲလမ်း)၊ ဝိစိကိစ္ဆာ (ဓမ္မ၌ ယုံမှား)၊ ဒေါသ (စိတ်ဆိုး၊ စိုးရိမ်)၊ မာန (မာန်ထောင်)၊ လောဘ (တွယ်တာ၊ တပ်မက်)၊ မောဟ (သစ္စာကို မသိ)၊ ဣဿာ (မနာလို)၊ မစ္ဆရိယ (ဝန်တို)၊ ဥဒ္ဓစ္စ (ပျံ့လွင့်) စတဲ့ ကိလေသာ သံယောဇဉ်တွေကို အရဟတ္တမဂ်စိတ်နဲ့ နောက်တစ်ဖန် ပြန်မဖြစ်အောင် လုံးဝ အကြွင်းမဲ့ ပယ်ပြီးတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။

တစ်ခါတစ်ရံ မဂ်စိတ်နဲ့ မပယ်ရသေးပေမယ့် သမထ သို့မဟုတ် ဝိပဿနာကို အဆက်မပြတ် အားထုတ်လို့ အကုသိုလ်စိတ်တွေ နှစ်ပေါင်းများစွာ မဖြစ်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ရဟန္တာလို့ အထင်ရောက်နေတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်။ ဒီလို ပုဂ္ဂိုလ်တွေမှာ သာယာတပ်မက်တာ၊ အပြင်းအထန် ရယ်ရှင်တာ၊ မနှစ်သက်လို့ ပူဆွေး စိတ်ပျက် စက်ဆုပ်ရွံရှာတာ၊ ထိတ်လန့် ကြောက်ရွံ့တာ၊ သူတစ်ပါး အကျိုးမဲ့ဖြစ်အောင် ပြောဆိုတာ၊ ဘုရားနဲ့ တရားကျမ်းဂန်တွေ ဝိနည်းသိက္ခာတွေကို မရိုသေတာ၊ ကိုယ်လက်တွန့်ခြေ မတည်ငြိမ်တာတွေ အခိုက်အတန့်အားဖြင့် ငြိမ်းနေတယ်။

## ဓာတ်တော်

မြတ်ဗုဒ္ဓရဲ့ ရုပ်အလောင်းတော်ကို မီးရှို့ပြီးတဲ့အခါ သရီရတွေ (သရီရာနိ) ပဲ ကျန်တယ်လို့ မူရင်းပါဠိတော် (ဒီ ၂၊ ၁၃၄)မှာ ဆိုတယ်။ သရီရတွေ (သရီရာနိ)ဆိုတာ ဓာတ်တော်တွေပါပဲ (ဒီ-ဋ္ဌ ၂၊ ၁၉၆)။ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေ ဖြစ်တဲ့ အရိုးတွေကိုပဲ 'သရီရတွေ'လို့ ဆိုတာပါ (ဒီ-ဋီ ၂၊ ၁၈၉)။ ဒါကြောင့် ဓာတ်တော်တွေဆိုတာ အမှန်တော့'အရိုးတွေ' ပါပဲ။ မီးရှို့ပြီးနောက် ကြွင်းကျန်တဲ့ မြတ်ဗုဒ္ဓရဲ့ အရိုးတော်တွေက သက်တော်ရှိစဉ်က အဓိဋ္ဌာန်ထားခဲ့လို့ အလုံးလေးတွေ ဖြစ်သွားတယ်။ ဗုဒ္ဓဓာတ်တော် ဆိုတာ အဲဒါပါပဲ။

အင်္ဂလိပ်ကကြီး နှစ်ပါးအပါအဝင် အခြားသော ရဟန္တာတွေရဲ့ ဓာတ်တော်တွေကတော့ မြတ်ဗုဒ္ဓလို မဟုတ်ဘဲ ပကတိ **အရိုးအတိုင်း** ပါပဲလို့ မဟာစည် ဆရာတော်ကြီးက ကိုယ်တိုင် ဖူးတွေ့ရတဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလ္လာန်တို့ရဲ့ ဓာတ်တော်တွေကို ကိုးကားပြီး မိန့်ပါတယ် (သလ္လေခသုတ်တရား၊ အင်္ဂလိပ်ပြန်၊ စာ – ၃၆)။

## အကဲဖြတ်နိုင်တယ်

ဘုရား ရဟန္တာတို့ရဲ့ သင်္ဂြိုဟ်ကြွင်း အရိုးတော်တွေကို လောကရဲ့ ရိုသေစရာ ပူဇော်ဖွယ် အနေနဲ့ ဓာတ်တော်လို့ သတ်မှတ်တယ်။ သာမန်

ပုထုဇဉ် ရဟန်း သို့မဟုတ် လူတွေရဲ့ အရိုးကတော့ အရိုးပဲပေါ့။ အဲဒီလို ခွဲမှတ်လိုက်ရင် ဓာတ်တော်လို့ သုံးနှုန်းနိုင်ဖို့ ရဟန္တာ ဖြစ်ခြင်း မဖြစ်ခြင်း အပေါ်မှာ တည်နေတယ်။ ထေရဝါဒအလိုအရ ရဟန္တာဆိုတာ ဖော်ပြပြီး အဓိပ္ပာယ် အတိုင်းပါပဲ။

သတင်းမှာ ဖော်ပြတဲ့ ဓာတ်တော်ရှင်တွေနဲ့ မကွယ်လွန်မီက အတူ သွားလာ နေထိုင်ဖူးရင် သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှု အဆင့် အတန်းကို အမှန်အတိုင်း အကဲဖြတ်နိုင်မှာပါ။ အဲဒီလောက် လူအများ ကြည်ညိုခံရတဲ့ ပုဂ္ဂိုလ်တွေမှာ ထူးခြားပြီး ရင့်ကျက်တဲ့ စိတ်ပိုင်း ဆိုင် ရာ လေ့ကျင့်မှုတွေ ရှိမယ်လို့တော့ ဆိုနိုင်ပါတယ်။

## အကျိုးမယုတ်နိုင်

မဟာယာန ခေါင်းစဉ်အောက်မှာ ဂိုဏ်းကွဲတွေ အများကြီးရှိတယ်။ ဂျပန်က ဂျိုဒိုရှင်ဂိုဏ်းဝင် မဟာယာန ဘုန်းကြီးတွေက စီးပွားရေးလုပ်၊ အိမ်ထောင်ပြု၊ အရက်သောက်တယ်။ အဲဒီလို ဘုန်းကြီးတွေတော့ မည် သည့်နည်းနဲ့မျှ ရဟန္တာ မဖြစ်နိုင်ပါဘူး။ အိမ်ထောင်သားမွေး မပြုဘဲ (အနည်းဆုံး) ငါးပါးသီလရှိတဲ့ မဟာယာန ရဟန်းမျိုးလည်း ရှိတယ်။ သူတို့အနေနဲ့ သမထနည်းနဲ့ စွဲစွဲ မြဲမြဲ တရားအားထုတ်ရင် ကိလေသာ တွေ တဒင်္ဂငြိမ်းလို့ အပြောအဆို ကိုယ်လက်တ္တနြေ တည်ငြိမ်တာ ကြောင့် လူအများက ရဟန္တာလို့ အထင်ခံရနိုင်တယ်။

ကိလေသာကို မဂ်စိတ်နဲ့ မပယ်သတ်နိုင်လို့ ပုထုဇဉ်အဆင့်ပင် ရှိ နေသေးပေမယ့် အဲဒီလို ပုဂ္ဂိုလ်တွေကို စိတ်ထဲမှာ ကြည်ညိုပြီး အရို အသေပြုမိသူ တစ်ယောက်အဖို့ အကျိုး မယုတ်တန်ရာပါဘူး။

## မဟာယာနဝိနည်း

မဟာယာန ရဟန္တာတို့ရဲ့ ဓာတ်တော်အကြောင်း ထေရဝါဒ (ပါဠိ) ကျမ်း ဂန်မှာ မတွေ့ဖူးပါ။ ထေရဝါဒ ကျမ်းဂန်မှာလာတဲ့ မဟာယာနဝိနည်း ဆိုတာမျိုးလည်း မရှိဘူး။ ဆိုနိုင်တာက မဟာယာနရဟန်းတွေ ရဟန်း မိန်းမတွေ (မြန်မာတို့ သိတဲ့ မဟာယာန သီလရှင်ဆိုတာ သူတို့အလို


အရ ရဟန်းမိန်းမတွေပါပဲ) ကြက်သွန်ဖြူ မစားတာကို ထောက်ရင် ထေရဝါဒ ဘိက္ခုနီဝိနည်းမှာ လာတဲ့ လလုဏသိက္ခာပုဒ် (ရဟန်းမိန်းမ တွေ ကြက်သွန်မစားရ ဝိနည်း) သူတို့မှာ ရှိပုံရတယ်။

တစ်မဂ်တစ်ဖိုလ်ကို ရဖို့ ရဟန်းဝိနည်းကို ကျင့်စရာမလိုဘဲ ငါးပါး သီလလောက် လုံရင် ဖြစ်နိုင်လို့ အိမ်ရာမထောင်တဲ့ မဟာယာန ဘိက္ခု ဘိက္ခုနီတွေဟာ အကယ်၍ အကျင့်မှန်ကို ရခဲ့ရင် အရိယာအဆင့်ကို ရောက်နိုင်ပါတယ်။

**ဝိပဿနာမှလွဲ၍**

မဟာသတိပဋ္ဌာန သုတ်မှာ သတိပဋ္ဌာန်လေးပါးဟာ နိဗ္ဗာန်ကို မျက် မှောက်ပြုဖို့ တစ်ကြောင်းတည်းသော လမ်းပဲလို့ မြတ်ဗုဒ္ဓ ဟောတော် မူပါတယ်။ ဒါကြောင့် သတိပဋ္ဌာန် ဝိပဿနာနဲ့ပဲ မဂ်ဖိုလ်ကို မျက် မှောက်ပြုနိုင်တယ်လို့ ထေရဝါဒီတို့ ဆိုခွင့်ရှိပါတယ်။ ▢

## ဗုဒ္ဓကျမ်းထွက် စကြဝဠာဗေဒ



ဆရာတော်ဘုရား၊

ရိုသေစွာ လျှောက်ထားအပ်ပါသည်။ ကမ္ဘာပျက်သည်နှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားခဲ့သည်များ ရှိလျှင် သိလိုပါသည်။ ဖြေကြား ပေးတော်မူပါဘုရား။

ရိုသေလေးစားလျက်
ဝတ်ရည်ကျော်

---

## ပျက်ခြင်း ဖြစ်ခြင်း

''ကာလ ကြာမြင့်၍ နေခုနစ်စင်း ထွက်ပေါ်လာသောအခါ ဤမဟာပထဝီ မြေနှင့် မြင်းမိုရ်တောင်သည် မီးတောက် မီးလျှံဖြင့် လောင်ကျွမ်း၏။ မီးတောက် မီးလျှံသည် လေဟုန် ပင့်တင်သဖြင့် ဗြဟ္မာ့ပြည်တိုင်အောင် တက်၏။ လောင်ကျွမ်းသွားသော ဤမဟာပထဝီမြေနှင့် မြင်းမိုရ်တောင်၏ ပြာကိုမျှ မီးသွေးကိုမျှ မမြင်ရတော့ချေ။ ... ဤမဟာပထဝီမြေကြီးရော မြင်းမိုရ်တောင်ပါ လောင်ကျွမ်း ပျက်စီးကုန်လတ့်၊ ဘာတခုမျှ မရှိကုန်တံ့ (အံ ၂၊ ၄၇၆)''။

''လောက ပျက်သော် သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရ(ဗြဟ္မာ့)ဘုံ၌ ဖြစ်ကြ၏။ သူတို့သည် ထိုဘုံ၌ ဈာန်စိတ်ကြောင့် ဖြစ်ကုန်၏။ ပီတိလျှင် အစာရှိကုန်၏။ ကောင်းကင်၌ ကျက်စားကုန်၏။ ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။ ... ရှည်သောကာလ လွန်လတ်သော် ဤလောကသည် ဖြစ်တည်၏၊ လောက ဖြစ်လတ်သော် သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရဘုံမှ စုတေ၍ ဤလူ့ဘုံသို့ လာကုန်၏။ သူတို့သည် ဤလူ့ဘုံ၌ ဥပစာရ ဈာန်စိတ်ကြောင့် ဖြစ်ကုန်၏။ ပီတိလျှင် အစာရှိကုန်၏။ ကောင်းကင်၌ ကျက်စားကုန်၏။ ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏ (ဒီ ၃၊ ၆၉)''။

## ဖြစ်ပျက် ကာလ

''ကမ္ဘာ၏ အသင်္ချေယျကပ် လေးမျိုး ရှိ၏။ (၁) သံဝဋ္ဋကပ် = ပျက်ဆဲကမ္ဘာ။ (၂) သံဝဋ္ဋဋ္ဌာယီကပ် = ပျက်ပြီးအတိုင်း တည်နေဆဲ ကမ္ဘာ။ (၃) ဝိဝဋ္ဋကပ် = ဖြစ်နေဆဲ ကမ္ဘာ။ (၃) ဝိဝဋ္ဋဋ္ဌာယီကပ် = ဖြစ်ပြီးနောက် တည်နေဆဲ ကမ္ဘာ။ ဤကပ်လေးမျိုး၏ အချိန်ကာလကို ဤမျှလောက်သော နှစ်ပေါင်း အရာ အထောင် အသိန်းတို့ ကာလပတ်လုံး ရှည်တယ်လို့ ရေတွက်ရန် မလွယ်ကူ (အံ ၁၊ ၄၆၀)''။

ကမ္ဘာပျက်နေတဲ့ အချိန်၊ အပျက်အတိုင်း ကမ္ဘာသစ်တစ်ခု မဖြစ်သေးဘဲ တည်နေတဲ့အချိန်၊ ကမ္ဘာဖြစ်နေတဲ့အချိန်၊ ကမ္ဘာဖြစ်ပြီးနောက် တည်နေတဲ့ အချိန်တွေဟာ နှစ်ပေါင်း သန်းပေါင်းများစွာ ကြာတယ်လို့ ယေဘုယျ ဆိုနိုင်ပါလိမ့်မယ်။ ဖော်ပြပြီး စကားရပ်တွေက ပါဠိတော်လာ ဗုဒ္ဓနှုတ်ထွက် စကားတွေ ဖြစ်ပါတယ်။

## ကမ္ဘာ မပျက်မီ

ဗုဒ္ဓရဲ့ နှုတ်ထွက်စကားတွေကို အဓိပ္ပာယ်မှန် ကောက်ယူပြတဲ့ကျမ်းကို အဖွင့်ကျမ်းလို့ ခေါ်ပါတယ်။ အဋ္ဌကထာကျမ်းတွေ၊ ဋီကာကျမ်းတွေပေါ့။ ဗုဒ္ဓဟောတဲ့ မူရင်းပါဠိတော်ကို ဖွင့်ရင် အဋ္ဌကထာ၊ အဲဒီအဋ္ဌကထာကို ထပ်ဖွင့်ရင် ဋီကာလို့ ခေါ်ပါတယ်။ အဲဒီ အဖွင့် ကျမ်းတွေမှာ ဖော်ပြပြီး သုတ္တန်တွေကို အခြေခံတဲ့ ဗုဒ္ဓခေတ် cosmology (စကြဝဠာဗေဒ)ကို ဖော်ပြတာတွေကို ဆက်ပြီး အနည်းငယ် ပြောပြပါမယ်။

ကမ္ဘာပျက်ချိန် မရောက်မီ နှစ်တစ်သိန်းလောက်က နတ်တွေရဲ့ လှုံ့ဆော်မှုကြောင့် လူတွေ ကောင်းမှုပြု၊ ရှာန်တွေ ပွားကြလို့ ကမ္ဘာပျက်ရာမှာ မပါနိုင်တဲ့ အာဘဿရစတဲ့ အထက်ဗြဟ္မာ့ဘုံတွေမှာ ဖြစ်ကြရတယ်။ ငရဲဘုံသားတွေလည်း အပရာပရိယ ဝေဒနီယကုသိုလ်ကံ (ပြုထားဖူးတဲ့ ကုသိုလ်) ကြောင့် လွတ်မြောက်ပြီး ကင်းလွတ် ဘုံတွေကို ရောက်ကုန်တယ်။ အကြောင့် ပျက်ခါနီးမှာ ဒီကမ္ဘာမြေပေါ်မှာ လူ နတ် တိရစ္ဆာန်တွေ မရှိတော့ဘူး။ (ဝိသုဒ္ဓိ ၂။ ၄၆)။

## ပျက်ပုံ တည်ပုံ

ဒီကမ္ဘာမြေဟာ တစ်ချိန်မှာ မီးလောင်၊ ရေလွှမ်း၊ လေပြင်းတိုက် ဆိုတဲ့ ပျက်ပုံ သုံးမျိုးနဲ့ ပျက်စီးလိမ့်မယ်။ ကမ္ဘာပေါ်က လူသားတွေ လောဘ လွှမ်းမိုးလွန်းရင် မီးလောင်ပြီး ပျက်တယ်။ ဒေါသ အားကြီးရင် ရေလွှမ်းပြီး ပျက်တယ်။ မောဟ ထူပြောရင် လေပြင်းတိုက်လို့ ပျက်တယ်။ မီးကြောင့် ခုနစ်ကြိမ် ပျက်ပြီးတိုင်း ရေကြောင့် တစ်ကြိမ်စီ ပျက်တယ်။ အဲဒီလိုနဲ့ မီးရှစ်ကြိမ် ပြီးနောက် ၆၄ ကြိမ်မြောက်မှာ ရေအစား လေ

ကြောင့် တစ်ကြိမ်စီ ပျက်စီးတယ်။ ပျက်ပြီးအတိုင်း နှစ်သန်းပေါင်းများစွာ ကြာပြီးနောက် ကမ္ဘာသစ် ဖြစ်ထွန်းချိန် ရောက်တဲ့အခါ ထုထည်ကြီးမားတဲ့ ရေက အရင်ဆုံး ဖြစ်တည်တယ်။ အဲဒီရေထုကို လေထုက ပတ်လွှမ်းထားတယ်။ တဖြည်းဖြည်း ရေတွေ လျော့သွားပြီး ကုန်းမြေတွေ ပေါ်လာတယ်။ အဲဒီနောက် ဗြဟ္မာ့ဘုံမှ စုတေလာသူတွေ ရေပြင် မြေပြင်မှာ ဗြိတွယ်ရာကနေ သက်ရှိတွေ စလာခဲ့တယ်။ (ဝိသုဒ္ဓိ ၂၊ ၅၂။ ပဋိသံ-ဋ္ဌ ၁၊ ၃၃၃)။

## ဘယ်လို သိသလဲ

သမထဘာဝနာကို အဆင့်မြင့်အောင် ပွားများရင် မည်သူမဆို ရနိုင်တဲ့ အဘိညာဉ် ငါးမျိုးထဲမှာ ပုဗ္ဗေနိဝါသာနုဿတိ ဆိုတာ ပါတယ်။ အတိတ်ဘဝတွေကို ကမ္ဘာနဲ့ချီပြီး မြင်နိုင်တဲ့ ဉာဏ်ထူးဖြစ်ပါတယ်။ ဗုဒ္ဓ နဲ့ ဗုဒ္ဓသာဝကတွေ၊ ပစ္စေကဗုဒ္ဓတွေအပြင် သာသနာပ ရသေ့တွေလည်း ရနိုင်တယ်။ စွမ်းရည်တော့ မတူကြဘူး။ သာသနာပ ရသေ့တွေက ကမ္ဘာပေါင်း ၄၀ လောက်ပဲ မြင်နိုင်တယ်။ ဗုဒ္ဓရဲ့ မြင်နိုင်စွမ်းက ကမ္ဘာပေါင်း ဘယ်မျှလို့ အကန့်အသတ် မရှိဘူး၊ အလိုရှိသမျှ မြင်နိုင်စွမ်း ရှိတယ်။ (ဝိသုဒ္ဓိ ၂၊ ၄၆)။

အဲဒီလို သိမြင်နိုင်တာကို အဘိညာဉ်ခန်းတွေမှာ မြတ်ဗုဒ္ဓကိုယ်တိုင် ဟောတော်မူထားတာတွေလည်း များစွာ ရှိပါတယ်။ ဒါကြောင့် ဖော်ပြပြီး စကြဝဠာ ဖြစ်တည်ပုံကို အဘိညာဉ်စွမ်းအင်နဲ့ သိမြင်ပြီး ဟောတော်မူခဲ့တာ ဖြစ်ကြောင်းပါ။ (စာမျက်နှာ ၂၀၇ မှာပါတဲ့ မေးခွန်းရဲ့ အဖြေကိုလည်း ဖတ်ကြည့်စေချင်တယ်။) ▫

# ရဟန္တာအရိုး တော့ဆက်၊
# ရဟန္တာ သုက်မလွှတ်

ရိုသေစွာ မေးလျှောက်အပ်ပါသည် အရှင်ဘုရား၊

(၁) ရဟန္တာတို့၏ အရိုးဆက်သည် ချိတ်ဆက်လော တော့ဆက်လောဟူသည်ကို သိလိုပါသည်။

(၂) ရဟန္တာပုဂ္ဂိုလ်များ သုက်လွှတ်ခြင်း ရှိမရှိ သိလိုပါသည်။ ပါရာဇိက ဝတ္ထုများ၌ ရဟန္တာ ပုဂ္ဂိုလ်များ သုက်လွှတ်သေးဟု တွေ့ရပါသည်။

ရိုသေလျက် ရဲမင်း

-------------------

**(၁) အရိုးဆက်ပုံ သုံးမျိုး**

ကျမ်းဂန်မှာ အရိုးဆက်ပုံ သုံးမျိုး ဖော်ပြတယ် -

၁) သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့ရဲ့ အရိုးက ကွင်းဆက်၊ သံခြေကျင်း ဆက်သလို (သင်္ခလိကာနိ ဝိယ)။

၂) ပစ္စေကဗုဒ္ဓတို့ရဲ့ အရိုးက ချိတ်ချက်၊ ချွန်းချိတ်ချင်း ဆက်သလို (အင်္ကုသကာနိ ဝိယ)။

၃) ကျန်လူတွေ အားလုံးရဲ့အရိုးက တော့ဆက်၊ ထိပ်တစ်ခုနဲ့ တစ်ခု ထိပြီး ဆက်တယ် (ကောဋိယာ ကောဋိ အာဟစ္စ) (ဒီ-ဋ္ဌ ၂၊ ၁၆၅)။

ဒီကျမ်းစာ အရဆိုရင် သမ္မာသမ္ဗုဒ္ဓနဲ့ ပစ္စေကဗုဒ္ဓကလွဲရင် ကျန်အားလုံးရဲ့ အရိုးဟာ တော့တွဲ တွဲထားတဲ့ တော့ဆက်တွေလို့ ဆိုနိုင်တယ်။ အဲဒီတော့ ဗုဒ္ဓရဲ့ အဂ္ဂသာဝကတွေ ဖြစ်တဲ့ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်တို့ရဲ့ အရိုးတွေလည်း တော့ဆက်ပါပဲ။ ဒါကြောင့် ရဟန္တာတွေရဲ့ အရိုးတွေဟာ တော့ဆက်ဖြစ်ပါတယ်။

## (၂) ရဟန္တာ သုက်မလွတ်

'သတိဖြင့် ဆင်ခြင်လျက် အိပ်ပျော်သော ရဟန်းအား သုက်လွတ်ခြင်း မရှိ။ ကာမဂုဏ်တို့၌ တပ်ခြင်း ကင်းခိုက်ဖြစ်သော ပုထုဇဉ်တို့အား လည်း သုက်မလွတ်။ ရဟန္တာအား သုက်လွတ်ရန် အကြောင်းအခွင့် မရှိချေ (အဋ္ဌာနမေတံ အနဝကာသော ယံ အရဟတော အသုစိ မုစ္စေယျ (ဝိ ၃၊ ၄၀၉)'။ ဒီဝိနည်း မဟာဝဂ္ဂ ပါဠိတော်အရ 'ပါရာဇိက ဝတ္ထုများ၌ ရဟန္တာတွေ သုက်လွတ်သေးကြောင်း ဖတ်ရသည်' ဆိုတဲ့ ဖော်ပြချက်မှာ အမှတ်မှားခြင်း ဖြစ်နိုင်ပါတယ်။

ပုဗ္ဗသေလိယနှင့် အပရသေလိယ(ဗုဒ္ဓဝါဒဂိုဏ်းကွဲ) ဂိုဏ်းသားတို့က ရဟန္တာတွေ သုက်လွတ်သေးတယ်လို့ ယူဆကြတယ်။ ထေရဝါဒီတို့က 'ရဟန္တာ ပုဂ္ဂိုလ်တွေမှာ ကာမရာဂကို အကြွင်းမဲ့ ပယ်ပြီးဖြစ်လို့ သုက် မလွတ်တော့ဘူး။ သမထဝိပဿနာကို အမြဲ အားထုတ်နေတဲ့ ပုထုဇဉ် ပုဂ္ဂိုလ်တွေလည်း ရာဂကို ပယ်ခွာလို့ သုက်မလွတ်ကြဘူး။ လောကီ ဈာန်ရတဲ့ သာသနာပ ရသေ့သူတော်စင်တွေတောင် သုက်မလွတ်ဘူး (ကထာဝတ္ထု၊ ၁၃၃)'ဆိုပြီး အဲဒီ အယူအဆကို ပယ်တယ်။ □

## စေတီတောင့်

ရှိသေစွာ မေးလျှောက်အပ်ပါသည် အရှင်ဘုရား၊

သေပြီးသူသည် ဘုရားတွင် စောင့်သောသူ ဖြစ်တယ်ဆိုတာ ရှိနိုင်ပါသ လား။ ရှိခဲ့လျှင် ထိုသူသည် မည်သည့် အမျိုးအစားတွင် ပါဝင်ပါသနည်း။ ထိုသူကို ကျွတ်လွတ်အောင် မည်သည့်ကုသိုလ် ပြုလုပ်ပေးရပါမည် နည်း။ နောင်ဘုရားပွင့်မှ ကျွတ်လွတ်မည်ဆိုတာ မှန်သလား။ ဖြေကြား ပေးစေလိုပါသည် အရှင်ဘုရား။

မကြည်ပြာဝင်း၊ မကွေး။

---

**ကိုယ့်ဆန္ဒသာ**

သေပြီးသူဟာ ဘုရား (ဆင်းတု သို့မဟုတ် စေတီ)မှာ စောင့်သောသူ ဖြစ်တယ်ဆိုတာ ရှိနိုင်ပါတယ်။ ဝိပဿီဗုဒ္ဓ ပရိနိဗ္ဗာန်စံတဲ့အခါ သရီရ အလောင်းတော် တစ်ခုလုံးကို ဌာပနာပြီး စေတီတည်တယ်။ စေတီတော်က ခုနစ်ယူဇနာလောက် မြင့်လို့ စေတီတော် ထီးတင်ပွဲကို လာကြတဲ့ လူတွေက ပန်းနံ့သာစသည်နဲ့ ပူဇော်လိုတဲ့အခါ စေတီစောင့် နတ်သားတစ်ယောက်က ပူဇော်သူတွေ ကြည့်နေစဉ်မှာပဲ သူတို့ရဲ့ ပူဇော်စရာတွေကို စေတီတော်မှာ သတ်မှတ်တဲ့နေရာ အရောက် ယူသွားပြီး အလှူရှင်တွေ ကိုယ်စား ပူဇော်ပေးရတယ်။

အညတရ ဥပါသကာ တစ်ယောက်လည်း ဗိတ်ပြုစလေး တစ်ပိုင်းနဲ့ စေတီကို ပူဇော်မယ်ဆိုပြီး ရောက်လာရာမှာ အဲဒီစေတီစောင့် နတ်သားက သူ့ရဲ့ ဗိတ်ပြုစလေးကို ပေးပေးဆို ယူသွားပြီး စေတီပေါ်က လွှမ်းခြုံ လှူဒါန်းလိုက်တယ်။ ဒီဥပါသကာဟာ အဲဒီစေတီစောင့် နတ်ရဲ့ လုပ်ဆောင်ပုံကို ကြည်ညို လေးစားသွားပြီး 'ငါလည်း အနာဂတ်မှာ ခုလို ဘုရားရှင်တွေရဲ့ စေတီကို စောင့်တဲ့နတ် ဖြစ်ရပါလို၏' လို့ ဆုတောင်းတယ်။ ဆုတောင်းအတိုင်းပဲ ကဿပဗုဒ္ဓရဲ့ သရီရ အလောင်းတော် ဓာတုစေတီကို စောင့်တဲ့ နတ်ဖြစ်တယ်။

စေတီကို စောင့်တဲ့ ကောင်းမှုကြောင့် ဂေါတမဗုဒ္ဓ လက်ထက်မှာတော့ ဆင်ပေါက်ကလေးလို အင်မတန် ကိုယ်ခန္ဓာ ထွားကျိုင်းပြီး ကျစ်လစ်သန်မာတဲ့ အရှင်ဥပဝါဏမထေရ် ဖြစ်လာတယ်။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံခါနီး ဗုဒ္ဓရဲ့ မျက်နှာတော်ရှေ့က ထိုင်နေရာမှာ အရှင်မြတ်ရဲ့ ကိုယ်ခန္ဓာကို နတ်တွေတောင် ထွင်းဖောက် မမြင်နိုင်လို့ မြတ်ဗုဒ္ဓက အရှင်မြတ်ကို နေရာရွှေ့ ပေးရသတဲ့။ (ဒီ-ဋ္ဌ ၂၊ ၁၇၁)။

ဒီသာဓကအရ ခုခေတ်မှာလည်း စေတီစောင့်နတ်ဖြစ်ဖို့ ဆုတောင်း အထူး ပြုသူတွေ ရှိမယ်ဆိုရင် စေတီစောင့်နတ်ဆိုတာ ရှိနိုင်ပါတယ်။

ဒါပေမယ့် ထေရဝါဒ ဗုဒ္ဓဓမ္မရဲ့ သဘောမှန်အရ သေသူတိုင်း ဘုရားမှာ စောင့်သူဖြစ်ရမယ် ဆိုတဲ့ သတ်မှတ်ချက်မျိုးတော့ ဘယ်ရှိပါ့မလဲ။ ကိုယ်တိုင် ဆန္ဒမရှိရင် စေတီစောင့်နတ် မဖြစ်နိုင်ပါဘူး။

## မည်သည့် အမျိုးအစား

အင်းဝခေတ် ပုဂ္ဂိုလ်ကျော် တောင်ဖီလာဆရာတော်က 'ဟိမဝန္တာရှိ ဂန္ဓမာဒနတောင် ပတ္တမြားဂူအနီး မဉ္ဇူသကနတ်ပန်းပင်၌ သက်တမ်းရှည် ဗုဒ္ဓဝါဒီ ရုက္ခစိုးနတ် ဖြစ်ရလို၏'လို့ ဆုတောင်းဖူးပါတယ်။ ဒါကြောင့် စေတီစောင့်နတ်ဆိုတာလည်း တောင်ဖီလာဆရာတော် ဖြစ်လိုတဲ့ ရုက္ခစိုးနတ် သဘောမျိုးပဲ ဖြစ်ပါလိမ့်မယ်။ သစ်ပင်ကို စောင့်ရင် ရုက္ခစိုးနတ်၊ စေတီကို စောင့်ရင် စေတီစိုးနတ်လို့ ခေါ်နိုင်ကောင်းပါတယ်။ ယေဘုယျအားဖြင့် ချမ်းသာပြည့်စုံတဲ့ နတ်ဖြစ်လို့ သုဂတိဘဝပါပဲ။

ဒီလိုနတ်မျိုးအတွက်တော့ လူတွေက ကျွတ်လွတ်အောင် လုပ်ပေးစရာ မလိုပါဘူး။ သက်တမ်းကုန်ရင် စေတီစောင့်နတ်ဘဝက စုတေပြီး သူ့ရဲ့ ကုသိုလ်ကံအတိုင်း နောက်တစ်ဘဝ ဖြစ်ပါလိမ့်မယ်။ တောင်ဖီလာဆုတောင်းမှာ 'ဗုဒ္ဓဝါဒီ ရုက္ခစိုးနတ်'လို့ ဆိုတဲ့အတွက် 'ဗုဒ္ဓဝါဒီ မဟုတ်တဲ့ ရုက္ခစိုးနတ်' တွေလည်း ရှိနိုင်တာပေါ့။

## ကျွတ်လွတ်အောင်

ဖုဿဘုရားရှင် လက်ထက်က ဘုရင့်ဝန်ထမ်းအချို့ဟာ ဘုရားမှူးရှိတဲ့ သံဃာတော်တွေကို ကပ်လှူဖို့ ပြင်ဆင်ထားတဲ့ ဆွမ်းဟင်းတွေကို ဦးဦးဖျားဖျား ခိုးပြီး ခူးခပ်စားသောက်မိကြလို့ ပြိတ္တာဖြစ်ရတယ်။ သူတို့ဟာ သုဂတိ ဒုဂ္ဂတိ ဘဝတွေမှာ ကျင်လည်ပြီးနောက် ဂေါတမ ဗုဒ္ဓလက်ထက်မှာ အဲဒီတုန်းက ဘုရင်က ဗိမ္ဗိသာရဘုရင် ဖြစ်လာပြီး ဝန်ထမ်းတွေက ပြိတ္တာဘဝမှာ ဖြစ်ကြတယ်။ ယခင်ဘဝတုန်းက အဲဒီလို ပဋ္ဌာန်းဆက် ရှိခဲ့ဖူးလို့ ဒီဘဝမှာ ဗိမ္ဗိသာရရဲ့ အလှူဒါနပြုလုပ် ပေးဝေတဲ့ ကုသိုလ်အမျှကို ရယူပြီး ပြိတ္တာဘဝက လွတ်မြောက်သွားကြတယ်။ (ဓမ္မပဒ-ဋ္ဌ ၁၊ ၆၄)။

ပြိတ္တာဆိုတာ မပြည့်စုံ မချမ်းသာတဲ့ ဒုဂ္ဂတိဘဝဖြစ်လို့ လူတို့ ပြုလုပ်တဲ့ ကုသိုလ်အမျှကို စောင့်မျှော်ကြရတာ။ ဒီသာဓကအရ ပြိတ္တာအနေနဲ့ စေတီအနီးမှာ မှီခိုကပ်ပါး လုပ်နေရတဲ့ ပြိတ္တာဘဝဆိုရင်တော့ တစ်ယောက်ယောက် သို့မဟုတ် အထူး ပဋ္ဌာန်းဆက်ဖူးသူ (သို့မဟုတ် အိမ်မက်ပေး၊ ကိုယ်ထင်ပြ ခံရတဲ့အတွက် ပဋ္ဌာန်းဆက် ရှိဖူးမယ်လို့ ယူဆရသူ) က အထူးရည်မှတ်ပြီး ကုသိုလ် ပြုလုပ်ပေးရင် ကျွတ်သွားနိုင်ပါတယ်။

**အချိန် မကန့်သတ်ဘူး**

ဒုတိယပုဂ္ဂိုလ်မျိုး (ပြိတ္တာဘဝမျိုး) ဖြစ်နေရင်တော့ စေတီကိုပဲ စောင့်စောင့်၊ သစ်ပင်ကိုပဲ ပိုင်ပိုင်၊ ကျွတ်လွတ်ဖို့အတွက် နောင်ဘုရား ပွင့်တဲ့ထိ စောင့်စရာမလိုပါဘူး။ ကိုယ် (ဒီဘဝလူသား)က သူတို့ (ဘဝခြားနေသူတွေ)ကို ကုသိုလ်အမျှ မဝေမိလို့ သူတို့က ကိုယ့်ကို သတိပေးလာတဲ့အချိန်၊ သို့မဟုတ် ကိုယ်က နေ့စဉ်ကုသိုလ်ပြုလို့ ကိုယ်ပေးဝေတဲ့ ကုသိုလ်အဖို့ကို လိုချင်တဲ့ ဘဝခြားသူတွေက လာရောက် ဆုံစည်းမိလို့ ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်နိုင်ခဲ့ရင် အချိန်မရွေး အဲဒီဘဝမှ လွတ်မြောက်သွားနိုင်ပါတယ်။ ❑

# ဘုရားကျွန် ကျောင်းကျွန်

မေးလျှောက်အပ်ပါသည် အရှင်ဘုရား၊

မြတ်စွာဘုရားနှင့် ရဟန်းသံဃာသည် ကျွန်ကို အလှူခံနိုင်ပါသလား၊ မြန်မာနိုင်ငံ ပုဂံခေတ်က ဘုရားကျွန် ကျောင်းကျွန်များ အကြောင်းကို သိလိုပါသည် အရှင်ဘုရား။

မြမြစိန် (သီရိပစ္စယာ)

---

## ကျွန်ကို အလှူမခံကောင်း

'လောက၌ ကုသိုလ်ဟု သမုတ်သော်လည်း ကုသိုလ်မမည်သော အလှူ ဒါန ၅မျိုးရှိ၏။ ယင်းတို့မှာ သေရည်အရက်အလှူ၊ ကချေသဘင် အလှူ၊ နွားမအပေါင်း အလယ်၌ နွားလားဥသဘကို လွှတ်သောအလှူ၊ ပန်းချီဆေးရေးအလှူတို့ ဖြစ်၏' (ပရိဝါ၊ ၂၃၁)။ 'ပန်းချီ ဆေးရေး အလှူ ဆိုရာ၌ ကျောင်းဆောက်ရာမှာ ပန်ချီဆေးရေးအလှူကတော့ အပ်ပါ တယ် (ဝိ–ဋ ၄၊ ၁၇၄)'။

'ဒါန မမြောက်သော အလှူဆယ်မျိုး ရှိ၏။ ယင်းတို့မှာ – သေရည် အလှူ၊ ကချေသဘင်အလှူ၊ နွားလားဥသဘအလှူ၊ မိန်းမအလှူ၊ ပန်းချီ ဆေးရေးအလှူ၊ အဆိပ်အလှူ၊ လက်နက်အလှူ၊ နှောင်အိမ် နှောင်ကြိုး အလှူ၊ ကြက် ခွေး ကြောင် စသော သားကောင်အလှူ၊ မမှန်သော ချိန်ခွင် အလေးစသည် အလှူတို့ဖြစ်၏' (မိလိန္ဒ၊ ၂၇၀)။

'မြတ်ဗုဒ္ဓသည် သားစိမ်း ငါးစိမ်းကို ခံယူခြင်း၊ မိန်းမငယ် ယော ကျ်ားငယ်များ၊ ကျွန်မိန်းမ ကျွန်ယောကျ်ားများကို ခံယူခြင်း၊ ကြက်ဝက် မြင်းဆင်တို့ကို ခံယူခြင်းတို့မှ ရှောင်ကြဉ်၏ (ဒီ ၁၊ ၆၁)'။

ဖော်ပြပါ ပါဠိတော်တွေအရ မြတ်ဗုဒ္ဓနဲ့ တပည့် ရဟန်းသံဃာတွေ ဟာ ကျွန်ကို အလှူမခံကောင်းပါဘူး။

## ရတနာသုံးပါးရဲ့ ကျွန်

သရဏဂုံ ဆောက်တည်ရာမှာ မိမိကိုယ်ကို ရတနာသုံးပါးအား အပ် နှံခြင်း (အတ္တသံနိယျာတန)ဆိုတာ ပါတယ် (အံ–ဋ ၁၊ ၃၀၄)။ ဂေါတမ ဗုဒ္ဓ လက်ထက်မှာ ဝိသာခါ ကျောင်းအမကြီး ဖြစ်လာမယ့် အမျိုးသမီး ဟာ ကဿပဗုဒ္ဓ လက်ထက်က ကိကီမင်းကြီးရဲ့ သမီးအငယ်ဆုံး ဖြစ် ခဲ့တယ်။ သူ့နာမည်က သံဃာဒါသီ (သံဃာ့ကျွန်မ) ဖြစ်ပါတယ် (ဓမ္မ ပဒ–ဋ ၁၊ ၂၅၀)။ မိမိကိုယ်ကို အရိယာ သံဃာတော်ရဲ့ ကျေးကျွန် အဖြစ်ခံယူပြီး အလုပ်အကျွေးပြုတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဒေဝါနံပိယ တိဿမင်းကြီးဟာ အိန္ဒိယက မဟာဗောဓိကိုင်းမြတ် သီဟိုဠ်ကိုရောက်

ရှိပြီးနောက် အဲဒီဖောမိကိုင်းကို ပူဇော်တဲ့အနေနဲ့ သုံးရက်တိုင်တိုင် ဖောမိပင်တံခါးစောင့်အဖြစ် ဆောင်ရွက်ပြီး နိုင်ငံတော်နဲ့ မိမိရဲ့ ပိုင်ဆိုင်မှု အားလုံးကို ဗုဒ္ဓသာသနာတော်ကို လှူဒါန်းခဲ့တယ် (မဟာဝံသ ၁၉း၃၂)။

ဒီလုပ်ရပ်မျိုးဟာ နောင်အခါ အဆင့်မြင့် ဘာသာရေး လုပ်ဆောင်ချက်နဲ့ လူ့ဂုဏ်သိက္ခာ တန်ဖိုးအတွက် အထူးလုပ်ဆောင်မှု တစ်ရပ် ဖြစ်လာပြီး မင်း၊ မှူးမတ်၊ သူဌေးသူကြွယ်၊ ကုန်သည်၊ လယ်လုပ် လူတန်းစားမရွေး မိမိကိုယ်ကို ရတနာသုံးပါးရဲ့ ကျေးကျွန်အဖြစ် ခံယူကြတယ်။ မဟာဒါဌိက မဟာနာဂမင်း (အေဒီ ၆၇-၇၉)ဟာ မင်းကြီး၊ မိဖုရား၊ သားတော် နှစ်ယောက်၊ စီးတော် ဆင်နှင့် ထီးနန်းကို သံဃာတော်အား လှူဒါန်းပြီး ကျွန်အဖြစ်မှ လွတ်မြောက်ဖို့ အသပြာ တစ်သိန်း တန်ဖိုးနဲ့ သံဃာတော်များထံမှ ပြန်လည် ရွေးယူတယ် (မဟာဝံသ ၃၄း၈၆-၈၈)။

တစ်ချိန်က အဲဒီလို ကိုယ့်ကိုယ်ကို ဘုရားကျွန် သံဃာ့ကျွန်အဖြစ် လှူဒါန်းမှု ထင်ရှားခဲ့တယ်။

## ဘုရားကျွန် အစ

အဲဒီအစဉ်အလာဟာ နောင်အခါ ဘုန်းကြီးကျောင်းတွေမှာ ကျွန်ကို လက်ခံတဲ့အထိ ပြောင်းလဲသွားခဲ့ပုံရတယ်။ လူ့အဖွဲ့အစည်း တစ်ခုဟာ တိုးတက်လာတဲ့အခါ ကျင့်ဝတ်စည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ လည်း ဖြစ်ပေါ်လာလေ့ ရှိပါတယ်။ သမိုင်းသုတေသီတွေရဲ့ အလိုအရ မူလက ပြုပြင်ပြောင်းလဲမှုကို ငြင်းဆိုတဲ့ ထေရဝါဒ ရဟန်းသံဃာဟာ အရေအတွက် များပြား တိုးတက်လာတဲ့အတွက် ကျင့်သုံးဆဲ ဝိနည်းသိက္ခာပုဒ် တစ်ချို့ကို ဘောင်အတွင်းက လိမ်မာပါးနပ်စွာ ပြုပြင်ပြောင်း လဲမှုတွေ လုပ်ခဲ့ရတယ်လို့ ဆိုတယ်။

ဘုရင်မင်းတွေဟာ စစ်ရှုံးသုံ့ပန်းတွေကို သံဃာ့ဝေယျာဝစ္စ ဆောင်ရွက်ဖို့ ရည်ရွယ်ပြီး ကျေးကျွန်တွေအဖြစ် ဘုန်းကြီးကျောင်းကို လှူဒါန်းကြတယ် (မဟာဝံသ၊ ၄၄း၇၃)။ အဲဒီလို လှူဒါန်းတဲ့အခါ ဗုဒ္ဓဒေသနာအရ ရဟန်းသံဃာဟာ ကျွန်ကို လက်မခံကောင်းတဲ့အတွက် အလှူ

ရှင်က 'ကပ္ပိယကာရကကို လှူဒါန်းပါ၏၊ အာရာမိက (အရာမ်စောင့်) ကို လှူဒါန်းပါ၏'လို့ ဆိုပြီး သံဃာကို လှူဒါန်းရင် အပ်တယ် (မ-ဋ္ဌ ၂၊ ၁၁၃)' လို့ ဗုဒ္ဓဒေသနာတော်နဲ့ မဆန့် ကျင်အောင် သတ်မှတ်ရပါတယ်။

အစေခံကို အိမ်ဖော်လို့ သုံးသလို ကိုယ်ကျင့်သိက္ခာအရ သင့်တော်တဲ့ ဝေါဟာရတစ်ခု ဖြစ်နိုင်ပေမယ့် အစစ်အမှန်က ကျွန်ကို အလှူခံခြင်းပါပဲ။ ဝိနယအဋ္ဌကထာ (ဝိ-ဋ္ဌ ၃၊ ၂၈၃)အရ အေဒီ ၅ ရာစုအချိန်က ဘုန်းကြီးကျောင်းတိုက်တွေမှာ ကျေးကျွန်တွေ ရှိခဲ့တာကတော့ သေချာတယ်။ ဘုန်းကြီးကျောင်းတိုက်ရဲ့ ကပ္ပိယကာရက၊ အရာမ်စောင့်အနေနဲ့ သားစဉ် မြေးဆက် နှစ်ကာလတွေ ကြာလာတဲ့အခါ ဘုရားကျွန် ကျောင်းကျွန်ဆိုတာတွေ ဖြစ်သွားပုံရတယ်။

## ပုဂံ ဘုရားကျွန်

ပုဂံ လေးထောင့်ကန် အရပ်က မင်းသမီး အစောကြွမ်းကျောက်စာမှာ 'တြိလောကစန္ဒာ နာမ မဟာဒေဝီ သုံးလူလမိဖုရား တောင်ပြင်သည် သမီး အစောကြွမ်း သခင်သည် သံသရာဆိုးငြမှ ထွက်ချင်ရကား ဤကောင်းမှု ဝန်ခပ်သိမ်းသောကာ (ဝ်သား ၂ ယောက်) ပဥ္စင်း ပြည့်စုံ ၁၊ ငနိုင်ငံ ၁၊ သားစဉ် မြေးစဉ်လျှင် ဤရတနာသုံးပါးအား လှူသတေး။ အယင်းထိုမြို့ ငါလည်း ရတနာသုံးပါး ကျွန်တည်း'လို့ ဆိုတယ်။

ဒီကျောက်စာအရ ပုဂံခေတ်မှာလည်း အရပ်သားတွေရော မင်းသား မင်းသမီးတွေပါ ရတနာသုံးပါးရဲ့ ကျေးကျွန်အဖြစ် ခံယူကြောင်း သိရတယ်။ ကျန်စစ်သားမင်းရဲ့ မိဖုရား သမ္ဘူလတောင် ကျောင်းကျွန်မျိုးရိုးဖြစ်ကြောင်း အဆိုရှိတယ်။ ရတနာသုံးပါးကို ကိုးကွယ်သူမှန်ရင် ရတနာသုံးပါးရဲ့ အလုပ်အကျွေးပါပဲ။

ပုဂံခေတ်က ကျောင်းကျွန်၊ ဘုရားကျွန်၊ ပိဋကတ်ကျွန်တွေကို ကျွန်သီးတော်လို့ ခေါ်ပါတယ်။ အသီးအခြား အမြတ်ထားအပ်တဲ့ကျွန်လို့ အဓိပ္ပာယ် ဖွင့်နိုင်ပါတယ်။ ရဟန်းသံဃာတွေရဲ့ ဆွမ်းချက် ဆွမ်းပြင် စတဲ့ အလုပ် အကျွေး၊ ဘုရားကျောင်းကန်အတွင်း မြေတူး မြက်ထွင်၊ ဆွမ်းတော် ပန်းတော်ကပ် စတာတွေကို ဆောင်ရွက်ရတယ်။ သူတို့

တွေကို ကျွန်ပိုင်ရှင်က ရွေးယူရင်၊ တန်ရာတန်ကြေး လွှတ်ခွင့်ပြုရင် ကျွန်အဖြစ်က လွတ်တယ်။ ဒါပေမယ့် သက်သက်သာသာနဲ့ ကုသိုလ်ရ ဝမ်းဝတဲ့အလုပ် ဖြစ်လို့ ပုဂံခေတ်က ဘုရားကျွန် ဖြစ်ရခြင်းကို ဂုဏ်ယူတယ်လို့ ယူဆဟန် မတူဘူး။

**တောင်းမစားရင် နုသလော**

ဘုရားကျွန်တွေ ဘာကြောင့် တောင်းစားကြသလဲ ဆိုတာကိုတော့ ဆက်လက် လေ့လာရဦးမယ်။ နေထိုင်စရာမဲ့ homeless ဖြစ်သွားပြီး တောင်းစားရတယ်ဆိုတာ စွန့်စွန့်စားစား အလုပ်လုပ်လိုစိတ် မရှိဘဲ ဘဝကို လက်မြှောက် အရှုံးပေးတဲ့ သဘောပါပဲ။ သားစဉ်မြေးဆက် ကျွန်သီးတော် ဖြစ်နေရာကနေ ပတ်ဝန်းကျင်မှာ နိုင်ငံရေး လူမှုရေးနဲ့ စီးပွားရေးအခြေအနေ အပြောင်းအလဲ ဖြစ်ပေါ်တဲ့အခါ ခိုကိုးရာမဲ့ ဖြစ်သွားရာကနေ တောင်းစားတဲ့ ဘဝကို ရောက်သွားတယ်လို့ပဲ ယေဘုယျ ဆိုနိုင်ပါလိမ့်မယ်။

မတောင်းစားရင် နုနာစွဲတယ်ဆိုတာကိုတော့ ကံကြမ္မာကို ယိုးမယ်ဖွဲ့တဲ့ အယူသည်းခြင်းသာ ဖြစ်လို့ ဘုန်းကြီး လက်မခံပါဘူး။ ◻

# ဂုဏ်တော်မှတ်စု

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာဂုဏ်တော်တို့၏ အနက် အဓိပ္ပာယ်ကို ဓမ္မအမေးအဖြေအနေဖြင့် ဖတ်ရှုလိုသည် ဖြစ်၍ ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား။

ဒကာ လှိုင်မျိုး၊ ခေတ္တ စင်ကာပူ။

---------------------

**ဗုဒ္ဓဂုဏ်တော် ကိုးပါး**

အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား၊ စိတ်အညစ်အကြေး အားလုံး စယ်ကြယ်တော်မူသော မြတ်စွာဘုရား၊ ဆိတ်ကွယ်ရာမှာ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

သမ္မာသမ္ဗုဒ္ဓေါ၊ ဓမ္မကို ဆရာမရှိဘဲ ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား။

ဝိဇ္ဇာစရဏ သမ္ပန္နော၊ အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

သုဂတော၊ အပြစ်ကင်းသော ဓမ္မကို ညွှန်ပြတော်မူသော မြတ်စွာဘုရား။

လောကဝိဒူ၊ သတ္တဝါ သင်္ခါရ ဩကာသ ဟူသော လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရား။

အနုတ္တရော ပုရိသဒမ္မသာရထိ၊ အတုမရှိသူဖြစ်၍ မယဉ်ကျေးသော သတ္တဝါတွေကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်သော မြတ်စွာဘုရား။

သတ္ထာဒေဝမနုဿာနံ၊ နတ်လူပြဟ္မာတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။

ဗုဒ္ဓေါ၊ သစ္စာလေးပါးကို ကိုယ်တိုင်သိ သူတစ်ပါးကိုလည်း သိစေတော်မူသော မြတ်စွာဘုရား။

ဘဂဝါ၊ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

**အဓိပ္ပာယ်အကျဉ်း**

သမ္မာသမ္ဗုဒ္ဓ ဆိုရင် မင်းသိဒ္ဓတ်ဘဝနဲ့ ရသေ့အဖြစ်နဲ့ တုန်းကတော့ ဆရာတွေ ရှိဖူးတာပေါ့။ ဒါပေမယ့် သစ္စာလေးပါးကို သိတာက ဗောဓိ

ပင်အောက်မှာ ကိုယ်ပိုင်အကျင့် လမ်းစဉ်နဲ့ သိခဲ့တာ။ ဒါကြောင့် ဆရာမရှိလို့ သမ္မာသမ္ဗုဒ္ဓဂုဏ်နဲ့ ပြည့်စုံတယ်လို့ ဆိုရတယ်။

ဝိဇ္ဇာစရဏမှာ ဝိဇ္ဇာနဲ့ စရဏ။ ပု၊ ဒိ၊ အာလို့ ဝိဇ္ဇာ သုံးပါးရှိတယ်။ ပု (ပုဗ္ဗေနိဝါသာနုဿတိ) = အတိတ်ဘဝ ဖြစ်စဉ်တွေကို သိတယ်။ ဒိ (ဒိဗ္ဗစက္ခု) = အဝေးမှာ ရှိတာတွေကို သိမြင်နိုင်တယ်။ အာ(အာသဝက္ခယ) = စိတ်အညစ်အကြေးကို စင်ကြယ်စေတဲ့ဉာဏ်။ ဒါတွေ အားလုံးက နေရင်းထိုင်းရင်း အကုန်သိနေတာ မဟုတ်ဘူး။ သမာပတ် ဝင်စားပြီး ဆင်ခြင်ကြည့်မှ သိတာ။ အဲဒီ ဝိဇ္ဇာကိုလည်း ဘာမှ မလုပ်ဘဲ ရတာ မဟုတ်ဘူး။ စရဏကို ကျင့်လို့ ရခဲ့တာ။ စရဏ(ကျင့်စရာ) ကတော့ ၁၅ ပါးရှိတယ်။ သီလ စောင့်ထိန်းတာ၊ မျက်စိ နားနှာစတဲ့ ဣန္ဒြေကို ထိန်းသိမ်းတာ၊ အတိုင်းအတာနဲ့ ဆင်ခြင်ပြီးစားတာ၊ နိုးကြားတာ၊ ဟိရီ (အရှက်)၊ ဩတ္တပ္ပ (အကြောက်)၊ သုတ၊ ပညာ၊ ယုံကြည်ချက်၊ သတိ၊ လုံ့လ၊ ပထမဈာန်၊ ဒု တ စ ဈာန်။

သုဂတ၊ မြတ်ဗုဒ္ဓဟာ ဟုတ်မှန်၊ ကျိုးရှိ၊ သူတစ်ပါး မနှစ်သက်သော စကားကို အချိန်အခါ ကြည့်ပြီး မိန့်ဆိုတယ်။ ဟုတ်မှန် ကျိုးရှိ သူတစ်ပါးနှစ်သက်မှု အချိန်အခါမရွေး မြွက်ဆိုတယ်။ မမှန် ကျိုးမဲ့ မနှစ်သက်၊ မမှန် ကျိုးမဲ့ နှစ်သက်၊ ဟုတ်မှန် ကျိုးမဲ့ မနှစ်သက်တဲ့ စကားတွေကို မြတ်ဗုဒ္ဓ မမိန့်မြွက်ဘူး (မ ၂၊ ၅၇)။

လောကဝိဒူ = သတ္တဝါ သင်္ခါရ ဩကာသဆိုတဲ့ လောကသုံးမျိုးကို သိတယ်။ သတ္တဝါကို သိရာမှာ လူနတ်ဗြဟ္မာ ငရဲသား တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အမျိုးမျိုးတို့ရဲ့ ယခင် ယခု နောင် ဖြစ်စဉ်တွေကို သိတယ်။ ဩကာသဆိုတာ ဘုံဌာန။ အပါယ် လေးဘုံ၊ လူ့ဘုံ၊ နတ်ခြောက်ဘုံ၊ ဗြဟ္မာ နှစ်ဆယ်ဆိုတဲ့ သုံးဆယ့်တစ်ဘုံကို သိမြင်တော်မူတယ်။ အဲဒီ သတ္တ ဩကာသ ဆိုတာတွေက ရုပ်နာမ် အစုအဝေးကို ခေါ်ဝေါ် သမုတ်ထားတာ။ အမှန်တော့ ရုပ်ကလာပ်စည်းတွေ နာမ်ကလာပ်စည်းတွေ ကုဋေပေါင်း များစွာနဲ့ ဖွဲ့စည်းထားတာလို့ ပရမတ္ထ သဘာဝကို သိတော်မူတယ်။

**တရားဂုဏ်တော် ခြောက်ပါး**

သွက္ခာတော ဘဂဝတာ ဓမ္မော၊ အစ အလယ် အဆုံး သုံးပါးလုံး၌ ကောင်းစွာ ဟောကြားထားသော တရားတော်။

သန္ဒိဋ္ဌိကော၊ လက်တွေ့ကျင့် လက်ငင်းအကျိုးရသော တရားတော်။

အကာလိကော၊ အချိန်အခါမရွေး အကျိုးပေးသော တရားတော်။

ဧဟိ ပဿိကော၊ လာပါ ကျင့်သုံးကြည့်ပါဟု အစမ်းသပ်ခံနိုင်သော တရားတော်။

ဩပနေယျိကော၊ အမြဲတမ်း ဆောင်ထားရမည့် တရားတော်။

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ပညာရှိတို့သာ လက်တွေ့ သိမြင်နိုင်သော တရားတော်။

**အဓိပ္ပာယ်အချုပ်**

အစ အလယ် အဆုံး သုံးပါးလုံးမှာ ရှေ့စကားနဲ့ နောက်စကား ညီနေတာ၊ နာယူကျင့်ကြံသူကို အဆိပ်အတောက်ဖြစ်စေတဲ့ အဓိပ္ပာယ်မျိုးတွေ တစ်ခွန်းမျှ မပါဘူးလို့ အာမခံနိုင်တာဟာ သွာက္ခာတ ဂုဏ်ပါပဲ။

သူများက ဟောပြောလို့ ယုံလိုက်ရတဲ့ တရားမျိုး မဟုတ်ဘူး။ ဘယ်သူမဆို ကိုယ့်ဟာကိုယ်ကျင့်မှ ရနိုင်တဲ့ တရားမျိုးဖြစ်လို့ သန္ဒိဋ္ဌိက။ မဂ်လေးပါးကို ရပြီးတာနဲ့ ဖိုလ်လေးပါး မဂ်လေးပါးကို ရပြီးတာနဲ့ ဖိုလ်လေးပါး အကျိုးကို ချက်ခြင်းရလို့ အကာလိက။ မဂ်ဖိုလ်ကို အသာထား၊ ဒီတရားကို ကျင့်တာနဲ့ ကောင်းကျိုးတစ်ခုတော့ အခါမလင့် ရနိုင်လို့ အကာလိက။ စမ်းသပ် ခံနိုင်လို့ ဧဟိပဿိက။ ဗုဒ္ဓရှင်တော်မြတ်က သတိပဋ္ဌာန်ကျင့်စဉ်ဟာ ဉာဏ်ထူးကိုရဖို့ တစ်ကြောင်းတည်းသော လမ်းပဲလို့ ဟောပါတယ်။

လွယ်လွယ်နဲ့ ရနိုင်တဲ့ တရားမျိုး မဟုတ်၊ စိတ်ထဲမှာ စွဲနေမြဲနေအောင် ကြိုးစား အားထုတ်မှ ရနိုင်တဲ့ တရားမျိုးဖြစ်လို့ ဩပနေယျိက။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ထူးကို ရတဲ့ပုဂ္ဂိုလ်တွေ ကိုယ်စီခံစားနိုင်တဲ့ တရား၊

အစားခံစားလို့ မရ ခံစားနိုင်အောင် လုပ်ပေးလို့လည်း မရတဲ့ တရားမျိုး ဖြစ်လို့ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

**သံဃာ့ဂုဏ်တော် ကိုးပါး**

သုပ္ပဋိပန္နော၊ ကောင်းစွာ ကျင့်သော အရိယာသံဃာ။

ဥဇုပ္ပဋိပန္နော၊ ဖြောင့်မတ်စွာ ကျင့်သော အရိယာသံဃာ။

ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်သို့ ရောက်ရန် ကျင့်သော အရိယာသံဃာ။

သာမီစိပ္ပဋိပန္နော၊ ရိုသေမှုကို ခံယူထိုက်အောင် ကျင့်တော်မူသော အရိယာသံဃာ။

အာဟုနေယျော၊ အဝေးမှ ဆောင်ယူလာသော အလှူကို ခံယူထိုက်သော အရိယာသံဃာ။

ပါဟုနေယျော၊ ဧည့်သည်တို့အတွက် စီမံထားသော ပစ္စည်းဝတ္ထုကို အလှူခံထိုက်သော အရိယာသံဃာ။

ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံထိုက်သော အရိယာသံဃာ။

အဉ္ဇလိကရဏီယော၊ လက်အုပ်ချီခြင်းကို ခံထိုက်သော အရိယာသံဃာ။

အနုတ္တရံ ပုညက္ခေတ္တံ လောကဿ၊ လောက၏ ကောင်းမှုပြုရာ အတုမဲ့ လယ်ယာမြေကောင်းနှင့် တူသော အရိယာသံဃာ။

**အဓိပ္ပာယ်အချုပ်**

စရဏာနဲ့ ဝိဇ္ဇာကို ရအောင်ကျင့်ရင် သုပ္ပဋိပန္နပါပဲ။ အလယ်အလတ် လမ်းစဉ်ကို ကျင့်ရင် ဥဇုပ္ပဋိပန္န။ (မိမိကို သူတစ်ပါး အထင်ကြီးအောင်၊ ဒကာ ဒကာမပေါ်အောင်လို့ သီမရှိဘဲ သီလရှိယောင်ဆောင်၊ စာမတတ်ဘဲ စာတတ်ယောင် ဆောင်ရင် ဒီအထဲ မပါနိုင်ဘူး။) သီလ သမာဓိ ပညာ သိက္ခာသုံးရပ်ကို ကြားမလပ်အောင် မပြတ်မစဲ အားထုတ်ရင်

ညွှယပွင့်ပန္နံ။ လူတွေရဲ့ အရှိအသေပြုတာကို ခံထိုက်အောင် မေတ္တာပို့ခြင်းစတဲ့ ဘာဝနာတစ်ခုခုနဲ့ နေလို့ သာမိစိပွင့်ပန္နံ။ ကျန်ဂုဏ်တော်တွေကို ဒီအတိုင်း နားလည်နိုင်ရင် လုံလောက်ပါတယ်။

## သကျတွေ ယူဆပုံ

မြတ်ဗုဒ္ဓ ကပိလဝတ္ထုမြို့မှာ သီတင်းသုံးစဉ်အခါ သာကီယတွေက 'တရားထူးကို ရပြီးသူက ပိုမြတ်တယ်။ တရားထူးကို အရင်ရသူက နောက်မှ ရသူထက် ပိုမြတ်တယ်။ ဒါကြောင့် ပုထုဇဉ်ဖြစ်တဲ့ ရဟန်းသာမဏေက အရိယာဖြစ်ပြီးတဲ့ လူပုဂ္ဂိုလ်တွေကို ရှိခိုးရမယ်'လို့ ငြင်းခုံကြတယ်။ ဒီတော့ မြတ်ဗုဒ္ဓက 'လူ့အသွင်ဟာ ပူဇော်ခံ အရာဝတ္ထုမဟုတ်လို့ လူပုဂ္ဂိုလ်ဟာ အနာဂါမ်ပင် ဖြစ်နေပေမယ့် ပြသစ်စ ပုထုဇဉ်ရဟန်း သာမဏေကို ရှိခိုးရတယ်။ ဥဒေါင်းငှက်ဟာ ဟင်္သာငှက်ကို လိုက်မမီနိုင်သလိုပါပဲ (သုတ္တနိ-ဌ ၁၊ ၂၈၂)'လို့ မိန့်တော်မူပါတယ်။

## သံဃံ သရဏံ

ကြုံလို့ သံဃာဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ် မှတ်စုလေးကို ပေးလိုက်ပါအုံးမယ်။ 'သံဃာဆိုတဲ့ ပုဒ်က သာမန်ဆိုရင်တော့ ပုဂ္ဂိုလ်အပေါင်းလို့ အဓိပ္ပာယ်ရတယ်။ ဒါပေမယ့် ဒီနေရာမှာ ဒက္ခိဏေယျသံဃာ = အရိယာဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်အပေါင်းနဲ့ သမ္မုတိသံဃာ = ပထုဇဉ် အရိယာ မခွဲခြားဘဲ သိမ်ဝင် ရဟန်း အားလုံးလို့ နှစ်မျိုး မှတ်ရမယ် (ကင်္ခါ-ဌ၊ ၈၅။ ကင်္ခါ-ဋီကာဟောင်း၊ ၁၃၁)'။

'အမှန်တော့ သမ္မုတိသံဃာထဲမှာ ဒက္ခိဏေယျသံဃာလည်း ပါတာပဲ။ ဒါပေမယ့် သရဏဂုံထိုက်ခြင်း၊ ရှိခိုးပူဇော်ထိုက်ခြင်း၊ သံဃာနုဿတိ (သံဃာ့ဂုဏ်ကို အာရုံပြုခြင်း)တွေမှာ အတုမဲ့ ပုဂ္ဂိုလ်ဖြစ်လို့ ဒက္ခိဏေယျသံဃာအနေနဲ့ သီးခြား မှတ်ရတာပါ။ ပုထုဇဉ်သံဃာဟာ ပုညခေတ္တ (ကောင်းမှုပြုရာဌာန) ဖြစ်ပေမယ့် အနုတ္တရ (အတုမဲ့)တော့ မဖြစ်နိုင်ဘူး (ပရမတ္ထဒီပနီ၊ ၁၄)'။

'သရဏဂုံ၊ ရှိခိုးခံ၊ သံဃာ့ဂုဏ် နေရာမှာတော့ ရဟန်းကိုပဲ သံဃာ

လို့ ယူရမယ်။ ပုဂ္ဂလိကအလှူရဲ့ အလှူစင်ကြယ်မှု (ဒက္ခိဏာဝိသုဒ္ဓိ) ဖြစ်ရာမှာတော့ သောတာပန် သကဒါဂါမ် အနာဂါမ် လူ သာမဏေကိုလည်း ယူနိုင်ပါတယ်။ သံဃိကဒါန (သံဃာကို ရည်ညွှန်းတဲ့အလှူ) ထဲမှာတော့ ရဟန်းတွေကိုပဲ သံဃာကို ယူရတယ် (အနုဒီပနီ၊ ၂၇)'။

**ဆက်၍ ဆွေးနွေးပါကုန်**

ပရမတ္ထဒီပနီနဲ့ အနုဒီပနီကျမ်းပြု လယ်တီဆရာတော်ကြီးရဲ့ အလိုအရ 'သံဃံ သရဏံ ဂစ္ဆာမိ'ထဲက သံဃအရမှာ အရိယာ ဖြစ်ပြီးတဲ့ လူတွေ မပါနိုင်ဘူး။ ဒါပေမယ့် အရိယာ လူပုဂ္ဂိုလ်ကို လှူဒါန်းရင် အဲဒီအလှူဟာ စင်ကြယ်တဲ့ အလှူဖြစ်ပါတယ်တဲ့။

ဘုန်းကြီးအနေနဲ့ ဒီမှတ်စုလေးနဲ့ အစဖော်ပေးလိုက်ပါတယ်။ ပညာရှိ ပုဂ္ဂိုလ်မြတ်တွေ ဆက်လက်ပြီး သုတေသနပြုပါကုန်။ ▫

## ဝက်ဘ်ဆောက် ကုန်းကောက်လို့ မကုန်

ဆရာတော် အရှင်သူမြတ်ဘုရား၊

ယခုတလော အင်တာနက် စာမျက်နှာများတွင် တရားဓမ္မနှင့် ပတ်သက်ပြီး ဝက်ဘ်ဆိုက်နှင့် ဘလော့ဂ် တော်တော်များများ တွေ့မိပါသည်။ တော်တော်များများမှာ အလကားရ (ငွေမကုန်)သော ဝက်ဘ်ဆိုက်များ ဖြစ်ပါသည်။ ဓမ္မဥပဒေ၊ တရားဓမ္မကို ဆန်းစစ်တိုင်းတာခြင်း စသော အမည်နာမဆန်းများဖြင့် တစ်ဦးကိုတစ်ဦး လက်လွတ်စပယ် ပြောဆိုနေသည်ကို ဖတ်ရှုရပါသည် ဘုရား။ တပည့်တော် သိလိုသည်မှာ -

၁။ တရားဓမ္မများကို မည်သို့ တိုင်းတာနိုင်ပါသလဲ ဘုရား၊

၂။ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ တရားဓမ္မကို စော်ကားမိလျှင်

မည်သို့ အပြစ်ရနိုင်ပါသနည်း ဘုရား၊
၃။ ဓမ္မကို စည်းမဲ့ကမ်းမဲ့ လိုရာဆွဲ လက်လွတ်စပယ် အသုံးပြုသူများ အား ရှင်တော်မြတ်ဘုရားက မည်သို့ ဆုံးမတော်မူပါသနည်း ဘုရား။

တပည့်တော်သည် လူတစ်ဦးစီ၏ လွတ်လပ်စွာ ရေးသားခွင့်ကို အကြွင်းမဲ့ ထောက်ခံပါသော်လည်း ဗုဒ္ဓဓမ္မကို ယင်းသို့ လက်လွတ် စပယ် ရေးသားသည်ကို မရှုစိမ့်နိုင်ပါ။

ကရုဏာရှေ့ထားပြီး ရှင်းပြပေးတော်မူပါ အရှင်ဘုရား။

ရှိသေလျက် ကိုဝင်းမင်း

---

**ထင်ပေါ်လိုခြင်းရောဂါ**

ပုထုဇဉ်မှန်ရင် သူသူ ကိုယ်ကိုယ် ရူးသွပ်တဲ့ ရောဂါတစ်မျိုး ရှိတတ်ပါ တယ်။ နည်းနည်း ရူးတာနဲ့ များများ ရူးတာပဲ ကွာမှာပါ။ အနောက် တိုင်း စာရေးဆရာ တစ်ယောက်က လူဟာ စိတ်ထင်တိုင်း အထင်ကြီး ခွင့် ရပြီဆိုရင် အဲဒီလူဟာ ရူးသွပ်သွားတော့တာပဲလို့ ရေးဖူးပါတယ်။ ရူးခြင်းအစ ကိုယ့်ကိုယ်ကို အထင်ကြီးခြင်းကပါပဲ။ လူအထင်ကြီးခံရဖို့ ကြိုးစားရင်း ရူးရင်ရူး မရူးရင် ကိုယ့်ကိုယ် သတ်သေတဲ့ သာဓကတွေ ကိုလည်း ကြားဖူးကြမှာပါ။

တစ်ခါမှာ တပည့်ကျော် ခရစ်စ်နဲ့ တောင်တက် သွားတော့ ချောက် နက် တစ်ခုနားကို ရောက်ခိုက် နာမည်ကြီးအောင် ဘာလုပ်မလဲလို့ သူမေးဖူးတာကို သတိရလို့ ဘုန်းကြီးက 'ဟော့ ခရစ်စ်၊ ကားကို ခဏ ရပ်ကွာ' ဆိုပြီး ကားပေါ်က ဆင်းပြီးနောက် မင်း နာမည်ကြီးချင်သလား လို့ မေးလိုက်တယ်။ သူက အားတက်သရောနဲ့ 'Of course' တဲ့။ 'ဒါဖြင့် ဟောဒီ ချောက်ထဲသာ ခိုင်ဗင် ထိုးချလိုက် ကိုယ့်လူရေ။ မင်း မနက်ဖြန် စီအင်နင်မှာ ပါမှာပဲ' လို့ ဘုန်းကြီးက ခပ်တည်တည် ပြောတော့ ခရစ်စ် အူတက် မတတ် ရယ်ပါတယ်။

ထင်ပေါ်ချင်တာဟာ လူ့သဘာဝပဲ ဖြစ်လို့ အပြစ်တင်စရာလို့တော့

မဆိုချင်ပါဘူး။ ဒါပေမယ့် မိမိ သူတစ်ပါး နှစ်ဦးသားကို မထိခိုက်ဘဲ ရိုး သားပြီး စေတနာမှန်တော့ ရှိသင့်ပါတယ်။

**ကောင်းတဲ့ လက္ခဏာ**

အင်တာနက်မှာ အခမဲ့ ဘလောက်တွေ ဝက်ဘ်ဆိုဒ်တွေ ဖန်တီးပြီး မြန်မာလို စာရေးခွင့် ရလာတာဟာ မြန်မာစာပေ တိုးတက်ဖို့ အ ထောက်အပံ့ ပြုနိုင်လို့ ကောင်းပါတယ်။ စာဖတ်သူတွေက ကိုယ့်ဟာ ကိုယ် စဉ်းစားပြီး ရွေးချယ် ဖတ်ရှုကြဖို့ပါပဲ။ အမည်နာမက အဓိက မဟုတ်ပါဘူး။ သူ့ဟာသူ ခေါ်ချင်ရာ ခေါ်ပေါ့။ သူ့စာကို ဖတ်ပြီး အမှား အမှန်ကို သိနိုင်ဖို့ ကိုယ့်မှာ ဆင်ခြင်တုံတရား ရှိဖို့ပဲ လိုပါတယ်။

ဒါပေမယ့် လွတ်လပ်ပြီဆိုပြီး လမ်းပေါ်မှာ ဆေးခြောက် လှန်းသလို မသမာတဲ့နည်းနဲ့ ကိုယ့်ဘလော့ဂ် ကိုယ့်ဝက်ဆိုဒ်ကို လူလာအောင် လုပ်တာကိုတော့ အားမပေးပါဘူး။

ဗုဒ္ဓဘာသာကိုသာ မဟုတ်ပါဘူး။ ဘာသာအားလုံးရဲ့ အားနည်း ချက်တွေကို ထောက်ပြပြီး ဟုတ်တာရော မဟုတ်တာပါ ရောသမမွှေ ထားတာတွေ အင်္ဂလိပ်ဘာသာနဲ့ အများကြီး ရှိပါတယ်။ ဗုဒ္ဓဘာသာကို ရှုတ်ချတဲ့ ဝက်ဘ်ဆိုဒ် ရာနှုန်းကတောင် နည်းချင် နည်းနေအုံးမှာ။ မေးခွန်းရှင် ပြောသလို ခုတော့ မြန်မာလိုလည်း အဲဒီလို ဘလောက်မျိုး ရှိလာပြီပေါ့။ ရှိနိုင်ကောင်းပါတယ်။ ဒါပေမယ့် ကိုယ့်နှလုံးသားမှာ ထည့် ထားရမှာက လောကမှာ စိန်ခဲ့တို့ရဲ့ တန်ဖိုးကို မသိသူတွေ အများ ကြီးရှိသလို လေ့လာဆည်းပူးထားတဲ့ အသိပညာနဲ့ သိမြင်နားလည်ပြီး တန်းဖိုး ဖြတ်တတ်သူတွေလည်း အများကြီးပါပဲလို့။

**၁။ ဘယ်လို တိုင်းတာမလဲ**

Sam Harris ရေးတဲ့ The End of Faith ဆိုတဲ့ စာအုပ်ကလေးကို ဖတ် မိပါတယ်။ ကမ္ဘာလောကကို ဖန်ဆင်းသူ တန်ခိုးရှင်ရဲ့ ရက်စက်ပုံတွေနဲ့ ဖန်းဆင်းရှင်ကို ဖန်ဆင်းသူဟာ လူမျိုးရေး နိုင်ငံရေး ပြင်းထန်တဲ့ လူ တွေပဲ ဖြစ်တယ် ဆိုတာကို ကျမ်းစာထဲက စာပိုဒ်တွေကို အတိအကျ ကိုးကားပြီး ကြောင်းကျိုးပြ ဝေဖန်တဲ့ စာအုပ်ပါ။ စာအုပ်မှာ ညစ်ညမ်း

စွာ ဆဲဆိုတာ အသားလွတ်ကြီး စွပ်စွဲတာတွေ မပါဘူး။ ဒါကြောင့် သူများရဲ့ ယုံကြည်မှုကို ရဲရဲတောက် ဝေဖန်တဲ့ စာအုပ်ပင် ဖြစ်ပေမယ့် လွတ်လပ် အတွေးရှိကြတဲ့ ပညာရှင်တွေ စာရေးဆရာတွေက ကောင်းချီး ပေးကြတဲ့အတွက် The New York Times Best Seller ဖြစ်သွားတဲ့ ပြင် ၂၀၀၅ ခုနှစ်မှာ PEN ဆုရစာအုပ် ဖြစ်သွားခဲ့ပါတယ်။

တရားဓမ္မကို တိုင်းတာဖို့ ကိုယ်တိုင်မှာ လွတ်လပ်အတွေး ရှိဖို့နဲ့ တိုင်းတာမယ့် အရည်အချင်း လိုပါတယ်။ စာတစ်အုပ်တည်းကို ဖတ်ပြီး ဓမ္မအရည်အချင်းကို တိုင်းတာရင် မမှန်နိုင်ဘူး။ ရေးသူရဲ့ ဖော်ပြချက်ဟာ မူရင်းကျမ်းဂန် ဖော်ပြချက်အတိုင်း ဟုတ်ရဲ့လား သူ့ရင်ထဲက ခံစားချက်နဲ့ အဓိပ္ပာယ် ဖွင့်ဆိုတာလားလို့ ဆန်းစစ်ရတယ်။ ကိုယ် ဉာဏ်မမီရင် အမှန်တကယ် တတ်သိသူတွေကို မေးမြန်းပြီး အမှန်ကို နားလည်အောင် လုပ်ရတယ်။ ပညာရှိယောင် ဆောင်ပြီး ရမ်းဖြီးတာတွေလောက်နဲ့ မကျေနပ်သင့်ဘူး။

## ၂။ အပြစ်ရှိသလား

ညအခါ မစင်ကို ခိုးစားတဲ့ ဆရာ ဇမ္ဗူကတောင် မြတ်ဗုဒ္ဓနဲ့ မတွေ့ခင် သူ့ကိုယ်သူ ဘုရားအမည်ခံခဲ့တာပဲ။ မသိနားမလည်သူတွေက မြှောက်စားလို့ ကိုယ့်ဟာကိုယ် မြှောက်တက်လာပြီး အမှန်တကယ် မသိနားမလည်ဘဲ သိယောင်ဆောင်ပြီး ရေးရင် ပြောရင် တကယ်သိတဲ့ ပညာရှိတွေက ထောက်ပြတဲ့အခါ ဇမ္ဗူကလို အရှက်ရမှာပေါ့။

ကံရဲ့အကျိုးကို မယုံကြည်လို့ မိုက်ရိုင်း ဝါဒဟာရတွေနဲ့ ရေးသား ပြောဆိုသူတွေရဲ့ ကံ(သူ့လုပ်ရပ်)အတွက် တမလွန်ကျိုးကို မပြလိုပါဘူး။ ဒါပေမယ့် သားကို လူသေလူဖြစ် တရားဟောတဲ့ လူတစ်ယောက်ကို တော့ တွေ့ဖူးတယ်။ အဲဒီသား ဆယ်တန်းနှစ်မှာ မူးယစ်ဆေး စွဲတယ်။ အိမ်ဂရမ်ကို ခိုးပြီး အိမ်ကို ပေါင်တယ်။ သူ့အဖေကို ယောက်ဖလို့ ခေါ်တယ်။ သူ့အမေ မျက်မပြင်ကို မအေ နှမနဲ့ ဆဲဆိုတယ်။ လက်တွေ့ အကျိုးကတော့ အဲဒီလို လူလုံးမလှ ဖြစ်ခွင့်ရှိတာပါပဲ။

နောက်တစ်ချက်က သူ့ကို မဟုတ်မဟတ် ရေးသားပြောဆိုပြီ ဆိုမှ

ဖြင့် ကိုယ် ပြင်းထန်သလောက် အတိုင်းအတာနဲ့ သက်ရောက်လာမယ့် သူ့ရဲ့ တုံ့ပြန်မှုကို ပြန်ရမှာပဲ။ ဝေဖန်သူဟာ အဲဒီ တန်ပြန် သက်ရောက်မှုကို ခံယူဖို့ သတ္တိစွမ်းအင် မွေးထားရလိမ့်မယ်။ ဒါက လောကပြစ်ပါ။ သံသရာပြစ် အနေနဲ့တော့ ကိုယ် စိတ်ထားယုတ်ရင် ယုတ်သလောက် အကျိုးပေး ဆိုးမှာပါ။

**၃။ မြတ်ဗုဒ္ဓ ဘယ်လို ဆုံးမ**

'ဓမ္မကို အဓမ္မလို့ ပြတဲ့ ပုဂ္ဂိုလ်တွေဟာ လူအများရဲ့ အကျိုးမဲ့အောင် စိတ်နှလုံး မငြိမ်းချမ်းအောင် လုပ်ရာရောက်တယ်။ ဒီပုဂ္ဂိုလ်ဟာ မိမိရဲ့ နှလုံးသားထဲမှာလည်း စိတ်ပုပ် စိတ်ယုတ်တွေကို အများကြီး သို လှောင်ထားရတယ် (အံ ၁၊ ၇၀)'။ 'ချစ်၊ ကြောက်၊ မုန်း၊ မသိ ဆိုတဲ့ နှလုံးသား အကျည်းတန်မှု လေးမျိုးကြောင့် ဓမ္မကို ပုတ်ခတ်သူရဲ့ အသိုင်းအဝိုင်းဟာ တဖြည်းဖြည်း ဆုတ်လလို ပျက်စီးသွားတယ် (ဒီ ၃၊ ၁၄၇)'လို့ မြတ်ဗုဒ္ဓ ဆုံးမပါတယ်။

'တေ အဓမ္မံ ပုရက္ခတွာ အပါယေသု နိဗ္ဗတ္တန္တိ = အဓမ္မနဲ့ နေရင် တော့ တစ်နေ့ ဆင်းရဲနဲ့ ဇကန် ကြုံမှာပါပဲ (ဒီ-ဋ္ဌ ၃၊ ၁၅၀)'။ ဗုဒ္ဓ လက်ထက်က လူ့ဆံပင်ကို ဝတ်ရုံလုပ်ပြီး ဝတ်တဲ့ အဇိတခေါ်တဲ့ ဆရာကြီးက 'အလှူဒါနဆိုတာ လူမိုက်တွေရဲ့ အလုပ်ပါပဲ'လို့ မိုက်မဲမဲ ဟောပြောပါတယ်။ ဒီလို ပုဂ္ဂိုလ်မျိုးကိုတော့ မြေစောင့်လူယုတ် ဝင့်ငုတ်လူမိုက်လို့ ခေါ်ပါတယ်၊ ဘဝသံသရာက လွတ်မြောက်ဖို့ အလွန့်အလွန် ကွာလှမ်းတယ် (ဒီ-ဋ္ဌ ၁၊ ၁၅၀)'။'ဆင်ခြင်တုံတရားနဲ့ ပြည့်စုံတဲ့ ကြောင်းကျိုး မြင်သိ ပညာရှိသူမှန်ရင် အဲဒီလို လူယုတ်မျိုးကို အဆိပ်ပြင်းတဲ့ မြီးလှုပ် မြွေပွေး (Rattler Snake)လို သဘောထားပြီး အဝေးကပင် ရှောင်ကြဉ်ပါလေ (ဒီ-ဋ္ဌ ၁၊ ၁၅၀)'လို့ အရှင်မဟာဗုဒ္ဓဃောသ ဆုံးမပါတယ်။

မန်လည်ဆရာတော်ကတော့ အဲဒီလူမျိုးတွေဟာ ဘုရားတစ်သိန်းလောက် ဟောလို့တောင် မကျွတ်နိုင်ဘူးလို့ မှတ်ချက်ပြုပါတယ်။ ◻

## မဇ္ဈိမပဋိပဒါနဲ့ နေပါ

ရှိသေစွာ မေးလျှောက်အပ်ပါသည် အရှင်ဘုရား၊

သေစေလိုစိတ် မရှိဘဲ သတ်ဖြတ်လျှင် ကံမြောက်ပါသလား။ စိုက်ပျိုးရေးခြံမှာ ပိုးသတ်ဆေး ဖြန်းလျှင် အပြစ် ဖြစ်ပါသလား။ အိမ်ကို ညစ်ပတ်စေသည့် ကြွက်သိုက်ကို ဖျက်လျှင် ဝင်္ကလည်နိုင်သလား။ မိမိအသက် ရှင်သန်နိုင်ရေးအတွက် သေစေလိုစိတ် မရှိဘဲ သူ့အသက်ကို သတ်လျှင် ကံမြောက်သလား။ နေမကောင်း၍ ဆေးသောက်လျှင် ပိုးမွှားများ သေသောကြောင့် ကံမြောက်ပါသလား။

သန်းဇော်စိုး

------------------

**ဒီလို အရှင် နားလည်ထား**

ပါဏာတိပါက သိက္ခာပုဒ်နဲ့ ပတ်သက်ပြီး သံသယရှင်းဖို့ဆိုရင် ဒါလေးတွေကို အရင်ဆုံး ဦးနှောက်ထဲမှာ ထည့်လိုက်ပါ –

(၁) သတ် (သေစေ) လိုတဲ့ စိတ်ရှိမှ ကံမြောက်တယ်။ ညအိပ်နေတုန်း ကျောအောက် အခင်းပေါ်က ကြမ်းပိုးကို ကြမ်းပိုး မှန်းသိလို့ ညှစ်သတ်လိုက်ရင် ကံမြောက်တယ်။ မိမိဝယ်လာတဲ့ ဒံပေါက်ထမင်းမှာ အဆိပ်သင့်နေမှန်း မသိဘဲ အခြားတစ် ယောက်ကို ကျွေးမိလို့ စားသုံးမိသူ သေဆုံးရင် စိတ်ကောင်းနှင့် ကျွေးခဲ့သူဟာ (သေသူရဲ့ မိဘဆွေမျိုးတွေ မျက်မုန်းကျိုးတာ၊ တရားစွဲခံရတာ စတဲ့ လောကပြစ် ရှိနိုင်ပေမယ့်) ပါဏာတိပါတကံ မမြောက်ဘူး။

(၂) အသက်ရှိနေမှန်း သိမှ ကံမြောက်တယ်။ လမ်းပေါ်က ပိုးကောင်ကို သစ်ရွက်ခြောက် အထင်နှင့် နင်းလိုက်မိလို့ ပိုးကောင် သေသွားရင် သက်ရှိမှန်း မသိခဲ့လို့ ကံမမြောက်ဘူး။ ပစ်လိုက်တာက သစ်သီးပဲ၊ ဒါပေမယ့် သားကောင်ကို သွားထိလို့ သားကောင် သေရင် ကံမမြောက်ဘူး။ သားကောင်ကို ပစ်ခဲ့တာမှ မဟုတ်ဘဲ။

(၃) သေအောင် လှံ့လပြုမှု ကံမြောက်တယ်။ လက်နဲ့ ကိုင်ပေါက် အမြင့်က တွန်းချ သို့မဟုတ် ကိုင်ထားတဲ့ တုတ်နဲ့ရိုက် ဓားနဲ့ခုတ် လှံနဲ့ထိုး လေးမြား သေနတ်နဲ့ ပစ်ပြီး သတ်တာ၊ အခြားတစ်ယောက်ကို သတ်ခိုင်းတာ (စေခိုင်းရာမှာ ပုဂ္ဂိုလ် အချိန် နေရာ လက်နက် စသည်ကို အတိအကျ ခိုင်းရင်ပေါ့ ခိုင်းတဲ့အတိုင်း မဟုတ်ရင် ခိုင်းသူ ကံမမြောက်ဘူး)၊ ရေတွင်းရေကန် စသည်မှာ အဆိပ်ခပ်ပြီး သတ်တာတွေဟာ ကံမြောက်တယ်။

(၄) သတ်ခံရတဲ့ သတ္တဝါ သေမှသာ ကံမြောက်တယ်။

**ပိုးသတ်ဆေး ဖြန်းရင်**

စိုက်ခင်းတစ်ခုကို ပိုးသတ်ဆေး ဖြန်းခိုက်မှာ သစ်ရွက်စားပိုးကို မြင်တယ် ဆိုပါစို့။ သက်ရှိမှန်း သိတယ်၊ အသက်ရှင်ဆဲလို့လည်း သိတယ်၊ ပြီးတော့ စိုက်ခင်းက အရွက်တွေ ပေါက်ပြနေတာ ဒီကောင်ကြောင့်၊ သေပေတော့ဆိုပြီး ဆေးကို ဖြန်းချလိုက်တယ်၊ ခဏကြာတော့ ပိုးကောင် သေတယ်။ ပါဏာတိပါတ သိက္ခာပုဒ် ကျိုးပါပြီ။ ပိုးကောင် မတွေ့ဘူး၊ ဆေးဖြန်းထားလိုက်တယ်။ ပိုးကောင်က လာစားတယ်။ သေတယ်၊ ကံမြောက်တယ်။

ဆေးဖြန်းပြီ ဆိုကတည်းက သေစေလိုတဲ့ စေတနာ မရှိပါဘူးလို့ ငြင်းလို့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ပါဏာတိပါတ သိက္ခာပုဒ်ကို အတိအကျ လိုက်နာမယ် ဆိုရင်တော့ စိုက်ခင်းကို ပိုးသတ်ဆေး ဖြန်းရတဲ့ အလုပ်လိုဟာမျိုးတွေကတော့ စဉ်းစားစရာပါပဲ။

**ကြွက်သိုက်ကို ဖျက်ရင်**

ကြွက်ပေါက်လေးတွေနဲ့ အသက်ဝင် လှုပ်ရှားဆဲ ကြွက်သိုက်ဆိုရင် ဗုဒ္ဓဝါဒအရ ဝင်္ဂလည်မှာ သေချာပါတယ်။ အင်ဂျင်နီယာ တစ်ယောက်ပြောပြဖူးတယ်။ မြန်မာပြည်တုန်းက သူ့အိမ်ကို ခြကိုက်တော့ ဆေးဖြန်းလို့ မနိုင်တော့ဘူး။ ဒါနဲ့ ခြရှင်းနည်း စာအုပ်ကို ရှာဖတ်ရာမှာ ခြံဝင်းထဲက ခြဘုရင်မရှိတဲ့ ခြတောင်ပို့ကို သိသွားတယ်။ အဲဒီ ခြတောင်ပို့ကို အနက် နှစ်တောင်၊ အရှည် တစ်လံလောက် တူးလိုက်တော့ ဖိုးကြမ်း

ငှက်ပျောသီး လောက်ရှိတဲ့ ရွှံ့တုံးတစ်ခု ရတယ်။ ဒီရွှံ့တုံးရဲ့ တစ်ဖက် စွန်းမှာ အပေါက်ရှိပြီး အဲဒီအပေါက်ကနေ ခြကောင်ပေါက်တွေ စက္ကန် မလပ် ထွက်နေကြတာ လေယာဉ်ပျံအမြီးက အင်ဂျင်မီးခိုး ထွက်နေ သလိုပဲတဲ့။ မိနစ်ပိုင်းအတွင်း မြေပေါ်မှာ ခြတွေအများကြီး ဖြစ်ကုန် တယ်။ အဲဒီ ရွှံ့တုံးကို ဓါးခြမ်းပြားနဲ့ တဖြည်းဖြည်း ခြစ်ခြစ်သွားတော့ နောက်ဆုံး အရှည်သုံးလက်မ လောက်ရှိတဲ့ လက်မလုံးသာသာ ပျော့ စိစိနဲ့ လိမ်တွန့်လိမ်တွန့် ဖြစ်နေတဲ့ ခြဘုရင်မကို တွေ့သတဲ့။ အပြင်က အပူရှိန်နဲ့ မကြာခင်ပဲ ခြဘုရင်မလည်းသေ၊ ခြကောင်ပေါက် အမျှင် လည်း ပြတ်သတဲ့။ အဲဒီအချိန်ကစပြီး အိမ်မှာ ခြအစအန လုံးဝ မတွေ့ ရတော့ပေမယ့် ခြအိမ်ကို ဖျက်ဆီးမိတာအတွက် ရက်အတန်ကြာ စိတ် မကောင်း ဖြစ်နေမိသတဲ့။

ဒါနဲ့ တစ်လလောက် အကြာမှာ တိုက်ဆိုင်မှု ပြဿနာတစ်ခုနဲ့ ကြုံ ရတယ်။ သူ့အိမ်နဲ့ခြံ (တန်ဖိုးသိန်းတစ်ထောင်မက)ကို နာရီပိုင်း ရက် ပိုင်းအတွင်း ဆုံးရှုံးလိုက်ရသတဲ့။ ကံရဲ့ အကျိုးပေးကို ယုံကြည်တဲ့ အဲဒီ အင်ဂျင်နီယာကတော့ ခြဘုရင်မကို အစီအစဉ်တကျ ရှင်းပစ်လို့ ခိုက် တာလို့ တစ်ထစ်ချ ယုံကြည်နေကြောင်းပါ။ သက်ရောက်မှု ရှိရင် အဲဒီရဲ့ တန်ပြန်သက်ရောက်မှု တစ်ခု မရှိနိုင်ဘူးလား။

**အတ္တနဲ့ ပရ**

ဝက်ကို သင့်အစာအတွက် သတ်တာ မျှတတယ် ဆိုရင် .. သင့်ကလေး ကို ကျားမင်းက ဗိုက်ဆာလို့ ငါးစားလိုက်ရတယ်လို့ ပြောလာရင် ကျား မင်းကို စိတ်မဆိုးပါလေနဲ့။ ဗုဒ္ဓဝါဒအရ မည်သည့် အကြောင်းကြောင့်နဲ့မျှ အခြားသက်ရှိရဲ့ အသက်ကို သတ်ဖို့အခွင့်အရေး အခြား မည်သူတစ် ယောက်မှာမှ မရှိပါဘူး။ သင့်ကိုသင် သေဖို့ ကြောက်တယ်ဆိုရင် သင့်ခန္ဓာကိုယ်မှာ ပြေးနေတဲ့ ပုရွက်ဆိတ်ကလေးလည်း သင့်လိုပါပဲ လားလို့ စဉ်းစားနိုင်ရင် အတ္တနဲ့ ပရ မျှတကြောင်းပါ။

**ဆေးသောက်ရင်**

ဒေဝဒတ် လုပ်ကြံလို့ ခြေမတော်မှာ ပြည်တည်တာကို ဆေးဆရာကြီး

ဇီဝကရဲ့ ခွဲစိတ်ကုသမှုကို ဗုဒ္ဓ ခံယူခဲ့ပါတယ်။ ဘာကြောင့်ဆို ပြည်ထဲက မမြင်နိုင်တဲ့အရာကို သက်ရှိအနေနဲ့ ယူဆတော် မမူလို့ပါပဲ။ ဒါကြောင့် လူကို မကျန်းမာအောင် ဒုက္ခပေးတဲ့ ကိုယ်တွင်းမှာ ရှိနေတဲ့ ပိုးလို့ သုံးနှုန်းခေါ်ဝေါ်တဲ့ အရာတွေကို သတ္တဝါ သက်ရှိအနေနဲ့ မယူဆဘဲ ဇီဝ အခြေခံရှိတဲ့ ဆဲလ်အစိတ်အပိုင်း တစ်ခုအနေနဲ့ပဲ ယူဆသင့်ပါတယ်။

သိပ်ပြီး အတွေး ချဲ့လွန်းရင် ကျင်ကြီး ကျင်ငယ်ကိုတောင် လွတ်လွတ်လပ်လပ် စွန့်နိုင်မှာ မဟုတ်ဘူး။ ဗုဒ္ဓနဲ့ ခေတ်ပြိုင် တိတ္ထိဆရာကြီး အချို့ဟာ ရေထဲကပိုးတွေ သေမှာစိုးလို့ ရေးနွေးမရှိရင် အိမ်သာတက်ပြီးတောင် ရေမသုံးဘဲ နေသတဲ့။ ဒါဆိုရင် မလွန်လွန်းဘူးလား။ အစွန်း မရောက်ဘဲ ဆင်ခြင်တုံတရားနဲ့ နေဖို့ကိုသာ ဗုဒ္ဓဓမ္မက ညွှန်ကြားပါတယ်။ ဒါကြောင့် ဘုရားကြိုက်တဲ့ မဇ္ဈိမပဋိပဒါနဲ့ပဲ နေလိုက်ပါ။ ▢

# ကမ္ဘာကြီးပျက်စီးလုနီးပြီလော

ရိုသေစွာ မေးလျှောက်အပ်ပါသည် အရှင်ဘုရား။

၂၀၁၂ ခုနှစ်မှာ ကမ္ဘာပျက်မည်ဟု သူသူငါငါ ပြောဆိုနေတာကို ကြားနေရပါသည်။ တပည့်တော်သည် ဗုဒ္ဓဘာသာဝင် ဖြစ်သဖြင့် ထိုကိစ္စကို မယုံကြည်ပါ။ တစ်ချိန်တည်းတွင် ၂၀၁၂ မှာ ကမ္ဘာအရပ်ရပ်မှာ ဆိုးဝါးကြီးမားသည့် သဘာဝဘေးအန္တရာယ် တစ်ခုခုနှင့် ကြုံတွေ့နိုင်သည်ဟုလည်း စိတ်ထဲမှာ အလိုအလို စွဲထင်နေပါသည် အရှင်ဘုရား။ ထိုကိစ္စနှင့် ပတ်သက်ပြီး ဆရာတော်၏ ထင်မြင်ချက်နှင့် ဩဝါဒကို သိလိုပါသည် အရှင်ဘုရား။

ဦးတင်လျှက်
သူ့ရှိနိုင် (Capital 8 Trading C, Ltd, Myanmar )

---

**သိပ္ပံ နက္ခတ်**

နှစ်ပေါင်း သိန်းချီကြာပြီးမှ တစ်ကြိမ်လောက် ဖြစ်လေ့ရှိတဲ့ ဘုန်းကြီး တို့ရဲ့ နေစကြဝဠာ (မြင်နေရတဲ့ နေအပါအဝင် ဂြိုဟ်ကိုးလုံး) ဟာ လာမယ့် ၂၀၁၂ မှာ မဟာဂေလက်ဆီရဲ့ အလယ်ကို ရောက်သွား မယ်လို့ သိပ္ပံဆရာတွေက ခန့်မှန်းနေကြပါတယ်။ အဲဒီလို ဖြစ်ခဲ့ရင် ..

(၁) နေရဲ့ ရောင်ခြည် ပေါက်ကွဲမှုဟာ ပုံမှန်ထက် အရှိန်ပိုမြင့်ပြီး အနီး အနားက နေထက် အဆပေါင်း များစွာငယ်တဲ့ ကမ္ဘာလို ဂြိုဟ်ငယ်တွေ ကို သက်ရောက်မှု ဖြစ်စေနိုင်တယ်။

(၂) ၂၀၁၂ မှာပဲ နေနဲ့ ကမ္ဘာအကြားမှာ ဂြိုဟ်လေးလုံး တစ်တန်းတည်း ကျရောက်မှာဖြစ်လို့ ကမ္ဘာ့ဆွဲငင်အား ပြောင်းလဲနိုင်တဲ့အတွက် ကမ္ဘာ့ ဝင်ရိုး အနေအထား ပြောင်းသွားနိုင်တယ်။ ဆိုပါတော့ တောင်ဝင်ရိုး စွန်းဟာ မြောက်ဝင်ရိုးစွန်း ဖြစ်သွားနိုင်တယ်။ အဓိပ္ပာယ်က ကမ္ဘာကြီး ဂွမ်းထိုးမှောက်ခုံ ဖြစ်သွားမယ်ပေါ့။ အိုင်စတိုင်းရဲ့ သီအိုရီတစ်ခုအရ အလာစကာပြည်နယ်ဟာ တစ်ချိန်က အီကွေတာ ဖြစ်ခဲ့ဖူးသတဲ့။

တောင်အမေရိက အလယ်ပိုင်းက နက္ခတ်ပညာ အဆင့်မြင့်တယ် ဆိုတဲ့ မာယန်လူမျိုးတွေရဲ့ ပြက္ခဒိန်မှာ ၂၁ ရက်၊ ဒီဇင်ဘာ၊ ၂၀၁၂ ပဲရှိ တာဟာ အဲဒီနောက် ဒီကမ္ဘာမြေ မရှိတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ် သတဲ့။ တရုတ်လူမျိုးတွေ ရာစုနှစ်ပေါင်း များစွာ ယုံကြည်လာခဲ့ကြတဲ့ ခေါင်းပန်းလှန် ဗေဒင်ကလည်း ၂၀၁၂ မှာ ကမ္ဘာပေါ်မှာ ကြီးမားဆိုးရွား တဲ့ ကပ်ဘေးတွေ ကျရောက်မယ်လို့ ဟောကြားပါသတဲ့။

**ဘာသာရေး မဲဆွယ်မှု**

ဘာသာရေး တီဗွီလိုင်းတစ်ခုမှာ ကမ္ဘာပျက်တော့မယ်ဆိုတဲ့ သက်သေ သာဓကတွေကို အဲဒီလို အားရပါးရ ရှင်းပြပြီးနောက် ဟောပြောချက် ကို နိဂုံးချုပ်လိုက်ပုံက 'မိတ်ဆွေ .. သင်ဘာလုပ်သင့်သလဲ။ ဘုရား သခင်ကို မမေ့ပါနဲ့။ အပြစ်ကို ခွင့်လွှတ်ဖို့ ဖဘုရားကို တောင်းပန်ပါ။ ပြီး

ရင် ဆုတော် ပေးသနားဖို့လည်း ဆုတောင်းလိုက်ပါ'တဲ့။ Y2K တုန်းကလည်း ခရစ်နှစ် ၂၀၀၀ ပြည့်မှာ ကမ္ဘာပျက်မယ်လို့ ဟောပြောပြီး အဲဒီလို ဘာသာရေး ဆွယ်တရား ဟောပြောမှုတွေ ရှိခဲ့ဖူးတယ်။

ပြီးခဲ့တဲ့ စနေနံနက်က ကင်းမျှော်စင် အုပ်စုတွေ တံခါးလာခေါက်လို့ ဒီကိစ္စကို သတိရတာနဲ့ ထွက်ပြီး ကြည့်တော့ အလွန် စိုးရိမ်နေတဲ့ လေသံနဲ့ သူတို့ ပြောပုံက 'ရှေ့တစ်ပတ် အင်္ဂါညမှာ ဒီအနားမှာ (လိပ်စာပေးပါတယ်) ဆွေးနွေးပွဲရှိတယ်၊ လာဖြစ်အောင်လာပါ။ နောက် တစ်နှစ်ကြာရင် ကမ္ဘာကြီး ပျက်စီးတော့မယ်၊ အချိန်မရှိတော့ဘူး၊ တစ်နှစ်ဆိုတာ တိုလွန်းတယ်၊ ဘုရားသခင်နဲ့တွေ့ဖို့ လာဖြစ်အောင် လာပါ'တဲ့။

အဲဒီလို ဘာသာရေး အစွန်းရောက်တွေရဲ့ ပုံကြီးချဲ့ ဟောပြော ရေးသားမှုတွေကြောင့် မကြာခင် ကမ္ဘာပျက်မယ်လို့ အပြောများလာတာ ဖြစ်နိုင်တယ်။ မပူပါနဲ့ ... အနန္တမေတ္တာရှင် ဘုရားသခင်ဟာ သူဖန်ဆင်းထားတဲ့ သတ္တဝါတွေရဲ့ ဖခမည်းတော်ဖြစ်လို့ သူ့ကို ကျောခိုင်းနေကြတဲ့ ဘုန်းကြီးတို့လို အမိုက်ကလေးတွေကို မိဘမေတ္တာနဲ့ ခွင့်လွှတ်ပြီး ချမ်းသာပေးပါလိမ့်မယ်။ တွန်တီးတွဲလ် ရုပ်ရှင်ကားကတော့ အရောင်းရဆုံး စံချိန်ဝင်သွားလို့ ၂၀၁၂ ကမ္ဘာပျက်အဆိုကြောင့် ထောတဲ့လူတွေလည်း ထောကုန်ပြီ။ သူဌေးဖြစ်သွားတဲ့ အဲဒီရုပ်ရှင်ကား ထုတ်လုပ်သူတွေဟာ နောက်တစ်နှစ်ဆိုရင် ကမ္ဘာပျက်မယ့်အတူတူ ဒီအမြတ်ငွေတွေ ဘာလုပ်အုံးမှာလဲဆိုပြီး ဆင်းရဲတဲ့နိုင်ငံက လူတွေကို ပေးပစ်လိုက်ရင် ဘယ်လောက် ကောင်းမလဲလို့ ဘုန်းကြီး စဉ်းစားနေမိတယ်။

## မဖြစ်နိုင်ပါဘူး

ဂျာနယ်ကျော် ဦးချစ်မောင်က ဒုတိယကမ္ဘာစစ် မဖြစ်မီက စာတစ်အုပ် ရေးခဲ့ပါတယ် 'ကမ္ဘာကြီးပျက်စီးလုနီးပြီလော'တဲ့။ ရေးသူဟာ သတင်းစာဆရာ ဖြစ်တဲ့အတိုင်း လက်တွေ့ ကမ္ဘာ့နိုင်ငံရေး အခြေအနေအရ နိုင်ငံ့ခေါင်းဆောင်တွေရဲ့ အုပ်စုဖွဲ့ စစ်ရေး ပြင်ဆင်မှုတွေ၊ အုပ်စု တစ်စုနဲ့ တစ်စုရဲ့ တင်းမာမှုတွေ၊ လတ်တလော ဖြစ်ပျက်မှုတွေကို ကြည့်ပြီး

ဒုတိယကမ္ဘာစစ် ဖြစ်နိုင်ခြေကို ခန့်မှန်းတဲ့ စာအုပ်ပါ။ ခန့်မှန်းတဲ့အတိုင်း အမှန်ပဲ ကမ္ဘာကြီး ပျက်စီးခဲ့တာပဲ။

ဒါပေမယ့် .. တူးသောင်ဖင်တွဲလ် ခန့်မှန်းချက်ကတော့ အားလုံး ဟာ ထင်ကြေးတွေချည်းပါပဲ။ သိပ္ပံအဆို မှန်ခဲ့ရင်တောင် ဖြစ်နိုင်ခြေရှိ တာက ကမ္ဘာ့အချို့နေရာတွေမှာ နေကြာကြာ ကြွတ်နိုင်တယ်။ မေး ခွန်းရှင် သိနေသလို လျှော၊ မုန်တိုင်းနဲ့ ရေလွှမ်းမိုးမှုတွေလို သဘာဝ ဘေးအန္တရာယ်တွေ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဝုန်းကနဲ့ တောင်နဲ့မြောက် ဝင်ရိုးစွန်း ပြောင်းလဲပြီး ကမ္ဘာပျက်တဲ့ အထိတော့ မဖြစ်နိုင်ပါဘူး။ ဗုဒ္ဓဝါဒီတစ်ယောက်အနေနဲ့ မဖြစ်နိုင်းဘူးလို့ပဲ ယုံကြည် ထားလိုက်ပါ။ ပျက်မယ်ဆိုရင် ယခုအချိန်ကတည်းက ကမ္ဘာပေါ်မှာ ဆိုး ဆိုးရွားရွား အရိပ်အယောင်တွေ စတင်နေလောက်ပါပြီ။

**မဂ္ဂင်ယာဉ်စီး**

အင်း .. ကမ္ဘာပျက်တယ်ပဲထား၊ တစ်ယောက်တည်း မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံး ကြုံရမှာမို့ တစ်ကိုယ်တည်း အကြောက် လွန်နေစရာ မလိုပါဘူး။ အများနဲ့ သေရမှာဖြစ်လို့ ပျော်စရာကြီးပါ။ 'မဂ္ဂင်ယာဉ်ကြီး အမြန်စီး ခရီးထွက်တော့မည်'လို့ တောင်မြို့ဆရာတော်ကြီး မပျံလွန်ခင် ရက်ပိုင်းလောက်အလိုက ရေးခဲ့သလို 'မဂ္ဂင်ကျင့်စဉ်'နဲ့ လာမယ့် ဘေး ကို ပြေးတွေ့ဖို့ ပြင်ဆင်ထားပါလို့ပဲ ဘုန်းကြီးလည်း (သူများကို အား ကျလို့) ဆွယ်တရား ဟောလိုက်ပါရစေ။ (စာမျက်နှာ ၂၈၇ နဲ့ ၄၈၀ မှာ ဖော်ပြထားတဲ့ အဖြေတွေကိုလည်း ဖတ်ကြည့်စေချင်တယ်။) ▢

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

သာသနာ့ဘောင်သို့ ဝင်ခွင့်မရသူ ... သို့မဟုတ် ရဟန်းပြုခွင့်မရှိသူ ဘယ်နှစ်ယောက်ရှိသည်ကို သိလိုပါသည် အရှင်ဘုရား။ ၎င်းတို့ကို မြတ်စွာဘုရားက အဘယ်ကြောင့် ရဟန်းပြုခွင့် မပေးသည်ကိုလည်း သိလိုပါသည် အရှင်ဘုရား။

Dr. အောင်လွင် နယူဇီးလန်

---

## မခွဲခြားပေမယ့် စိစစ်ခြင်း

မြတ်ဗုဒ္ဓဟာ လူသားဇာတ် မှန်ရင် ဇာတ်နိမ့်ဇာတ်မြင့် ဆင်းရဲ ချမ်းသာ မရွေး ဘယ်သူ့ကိုမဆို ရဟန်းပြုခွင့် ပေးခဲ့ပါတယ်။ ရဟန်းပြုခွင့် ရဖို့ မင်းမျိုးဖြစ်ရမယ်၊ သူကြွယ်မျိုး ဘာလူမျိုး ဖြစ်ရမယ်စတဲ့ ကန့်သတ် ချက် မရှိဘူး။ အင်မတန် လွတ်လပ်ပါတယ်။ ဒါပေမယ့် ပုဂ္ဂိုလ်တစ်ဦး ချင်းစီ အနေနဲ့တော့ စိစစ်ရွေးချယ်ဖို့ မိန့်တော်မူခဲ့ပါတယ်။ ဘာကြောင့် ဆို ရဟန်းဆိုတာ မြင့်မြတ်တဲ့ ကိုယ်ကျင့်သီလ ရှိတဲ့အတွက် အများ ပြည်သူတွေရဲ့ လေးစား မြတ်နိုးခြင်းကို ခံရတယ်။ ဆွမ်းဦး ပူဇော်တာ၊ လက်အုပ်ချီမိုး ရှိခိုးတာတွေကိုလည်း ခံရတယ်။ အဲဒီလို အရိုအသေခံ ရှိခိုးခံ ပုဂ္ဂိုလ်တွေဖြစ်လို့ သင့်တင့်တဲ့ ရုပ်ဆင်းအင်္ဂါနဲ့ ပြည့်စုံမှု (ဉပမိ သမ္ပတ္တိ) ရှိဖို့ သူတစ်ပါး အနှောင်အဖွဲ့က လွတ်မြောက်ဖို့ဟာ အရေးကြီး လို့ အဲဒီလို စိစစ်ခဲ့တာ ဖြစ်ပါတယ်။ ဝိနည်း မဟာဝဂ္ဂပါဠိတော်မှာ ပါရှိ တဲ့ ရဟန်းပြုပေးခွင့် မရှိသူတွေရဲ့ စာရင်းကို ဖော်ပြရရင် ...

## ရဟန်းပြုခွင့် မရှိသူများ

'နူနာ၊ ထွက်မြင်းနာ၊ ယားနာ၊ ချောင်းဆိုး သွေးပါနာ ရူးသွပ်နာဆိုတဲ့ အနာကြီး ငါးမျိုးရှိသူ။ မင်းခစား၊ ကြွေးမြီရှိသူ၊ ကျွန်၊ အသက်နှစ်ဆယ် မပြည့်သူ၊ မိဘ ခွင့်မပြုသူ၊ လူ မဟုတ်သူ၊ ယောကျာ်း မစစ်သူ၊ ကိုယ် ပိုင် သပိတ် သင်္ကန်း မရှိသူ၊ ဉပဇ္ဈာယ် ဆရာ မရှိသူတွေကို ရဟန်းပြု

မပေးရ (ဝိ ၃၊ ၁၀၁)'။ 'နိုင်ငံကျော် ခိုးသားဓားပြ၊ အချုပ်ပြေး (ထောင်ပြေး)၊ ဖမ်းမိန့် သတ်မိန့် ထုတ်ခံထားရသူ (ခေတ်စကားနဲ့ ဆိုရင် ဥပဒေနဲ့ မလွတ်ကင်းသူ)၊ ကြိမ်ဒဏ် ထိထားသူတွေကိုလည်း ရဟန်းခံ မပေးကောင်းဘူး (ဝိ ၃၊ ၁၀၅)။

ဖော်ပြပြီး ပုဂ္ဂိုလ်တွေကို ရဟန်းပြုပေးရင် ပြုပေးတဲ့ ရဟန်း အာပတ်သင့်တယ်။ အပြုခံ ပုဂ္ဂိုလ်တွေက ရဟန်း မဖြစ်ဘူး။ ရောဂါပျောက် သို့မဟုတ် ခွင့်ပြု သို့မဟုတ် ညီညွတ်တဲ့ အချိန်ကျမှ ရဟန်းပြုပေးကောင်းတယ်။ မသိလို့ ရဟန်းပြုခဲ့ရင် သိတဲ့အချိန်မှာ အလိုလို သာမဏေ ဖြစ်သွားလို့ သိမ်ဝင်ပြီး သိက္ခာ ပြန်တင်ရတယ်။ ယခင်ရခဲ့တဲ့ သိက္ခာ(ဝါ)ကို ပြန်မရေတွက်ရဘူး။

**... မှတ်စုတို**

မင်းခစား ဆိုရာမှာ 'မင်း(သို့မဟုတ် အာဏာပိုင်)က ခွင့်ပြုလျှင် ရဟန်းပြုပေးကောင်း၏ (ဝိ-ဌ ၃၊ ၂၇၈)'ဆိုတဲ့ အဋ္ဌကထာ စကားအရ ယခုခေတ် လခစား အမှုထမ်းတွေ ခွင့်ယူထားတဲ့ အချိန်အတွင်း ရဟန်းခံပေးကောင်းတယ်လို့ စစ်ကိုင်းတောင်ရိုး ဇွဲဟသာ်ဆရာတော်ကြီးက ဆုံးဖြတ်ပါတယ် (မဟာဝါမြန်မာပြန်၊ စာ-၁၇၆)။ ကြွေးမြီဆိုတာ မိဘဘိုးဘွားလက်ထက်ကပင် တင်ခဲ့တဲ့ကြွေး၊ ကိုယ်တိုင်ချေးယူတဲ့ ကြွေးတွေ။ အဲဒီကြွေးကို ဆွေမျိုးသားချင်းကဖြစ်စေ၊ တစိမ်းကဖြစ်စေ၊ ဆပ်ပေးဖို့ တာဝန်ယူရင် ရဟန်း ခံပေးကောင်းတယ်။ တာဝန်ယူသူ မရှိရင် ရှင်ရဟန်း ပြုပေးမယ့် ပုဂ္ဂိုလ်က မိမိရဲ့ ပစ္စည်းလေးပါး အိယကာကို အဲဒီ အကြွေးကို ဆပ်ပေးဖို့ ပြောပေးရင်လည်း ခွင့်ပြုပါတယ်။ ကျွန်ဆိုရာမှာ လုံး၀ ကျွန်အဖြစ်မှ လွတ်ပြီးမှ ရဟန်း ခံပေးကောင်းတယ် (ဝိ-ဌ ၃၊ ၂၈၃)။ ဖမ်းမိန့် သတ်မိန့် ထုတ်ခံထားရသူတွေနဲ့ ကြိမ်ဒဏ် ထိထား သူတွေလည်း အမိန့်ကို ရုပ်သိမ်းပြီးရင်၊ ကြိမ်ဒဏ်ရာ ပျောက်ပြီးရင် ရဟန်းပြုပေးကောင်းတယ် (ယင်း၊ ၂၈၃)။

**ဗုဒ္ဓသာသနာနဲ့ မထိုက်သူများ**

'ပဏ္ဍုက်၊ ဥဘတောဗျည်း၊ လိင်ခိုး ထေရ်ခိုးသူ၊ တိတ္ထိဘောင်သို့ ဝင်

ရောက်သွားသူ၊ တိရိစ္ဆာန်၊ အမိသတ်သူ၊ အဖသတ်သူ၊ မြတ်စွာဘုရား အား သွေးစိမ်းတည်စေသူ၊ သံဃာသင်းခွဲသူ၊ ရဟန္တာသတ်သူ၊ ဘိက္ခုနီ မကို မေထုန်မှီဝဲ၍ ဖျက်ဆီးသူ (ဝိ ၃၊ ၁၁၉)'။

သူများ အင်္ဂါဇာတ်ကို စုပ်သူ၊ သူများ မေထုန်ကိစ္စကို ကြည့်ရရင် ကျေနပ်သူ၊ ဇေးသင်းထားသူ၊ လဆန်း လဆုတ် တစ်ကြိမ်စီ ရာဂစိတ် ငြိမ်နေသူ၊ ကျားမ မပီပြင်သူလို့ ပဏ္ဍုက်ငါးမျိုး။ ကျားမ အင်္ဂါဇာတ် နှစ် မျိုးလုံးပါရင် ဥဘတောဗျည်း။ ကိုယ့်ဖာသာ သက်န်းဝတ်ပြီး ရဟန်းတို့နဲ့ ပေါင်းသင်း ဆက်ဆံမှုကို ခိုးယူရင် လိင်ခိုး ထေရ်ခိုး။ ဒီအုပ်စုမှာ ပါသူ တွေက ရှင်ရောရဟန်းပါ လုံးဝ ပြုခွင့်မရှိဘူး။ ရှင်ရဟန်း အသွင်ရှိနေ ရင် ဖျက်ဆီးရတယ်။ ခြွင်းချက်က ပဏ္ဍုက် ၅ မျိုးထဲမှာ ပထမ ၂ မျိုး ကို ရဟန်းပြုပေးကောင်းတယ် (ဝိ-ဋ ၃၊ ၂၉၇)။

## ရှင်ပြုခွင့် မရှိသူများ

'လက်ပြတ်သူ၊ ခြေပြတ်သူ၊ လက်ခြေနှစ်မျိုးလုံး ပြတ်သူ၊ နားရွက် ပြတ် သူ၊ နှာခေါင်း ပြတ်သူ၊ နားရွက်နှာခေါင်း နှစ်မျိုးလုံး ပြတ်သူ၊ လက် ချောင်း ခြေချောင်း ပြတ်သူ၊ လက်မခြေမ ပြတ်သူ၊ ဖနောင့်ကြော စ သော အကြောမကြီး ပြတ်သူ၊ လက်ချောင်း ခြေချောင်း ပြတ်သူ၊ ခါး ကုန်းသူ၊ ပုကွသူ၊ လည်ပင်းကြီးသူ၊ သံပူဖြင့် တံဆိပ်ခတ် ခံရသူ၊ ကြိမ် ဒဏ် ရိုက်ခံရသူ၊ တွေ့ရာ၌ သတ်စေဟု ကြေညာခံရသူ၊ ခြေဆွံ့သူ၊ မြင်း သရိုက်နာ ရှိသူ၊ ပရိသတ်ကို ဖျက်ဆီးတတ်သူ၊ မျက်စိကန်းသူ၊ လက် ကောက်သူ၊ ခြေခွင်သူ၊ ကိုယ်တစ်ခြမ်း သေသူ၊ ဆွံ့သူ၊ အိုမင်း မစွမ်းရှိ သူ၊ ပင်္ကသန္ဓေအားဖြင့် ကန်းသူ၊ အသောသူ၊ နားထိုင်းသူ၊ ကန်းလည်း ကန်း အလည်းအသူ၊ ကန်းလည်းကန်း နားလည်းထိုင်သူ၊ အလည်းအ နားလည်း ထိုင်းသူ၊ ကန်း၊ အ နားထိုင်းသူ (ဝိ ၃၊ ၁၂၆)'။

'ရှင်ပြုခွင့် မရှိရင် ရဟန်းပြုခွင့်လည်း မရှိတော့ဘူး။ ဒီပုဂ္ဂိုလ် ၃၂ မျိုးက ရဟန်းခံပေးရင် ရဟန်းတော့ ဖြစ်တယ်။ ဒါပေမယ့် ရဟန်းပြု ပေးရာမှာ ပါဝင်တဲ့ ရဟန်းတွေ (ကာရကသံဃာ)နဲ့ ဥပဇ္ဈာယ် ဆရာမှာ အာပတ် သင့်တယ် (ဝိ-ဋ ၃၊ ၃၁၃)'။

**မှတ်ချက်ကလေး မြဲမြဲပိုက်**

'ရှင်ရဟန်းပြုပေးသော ပုဂ္ဂိုလ်သည် ရှင်လောင်း ရဟန်းလောင်းကို စိစစ်၍ ရှင်ရဟန်းပြုပေးရမည်။ စိစစ်၍ မှီရာနိဿယည်းကို ပေးရမည်။ အကြောင်းမှု အမျိုးကောင်းသား တစ်ယောက်သည်ပင် ရှင်ရဟန်း အဖြစ်ကို ရရှိပါက သာသနာတော် သုံးရပ်လုံးကို တည်တံ့စေနိုင်သော ကြောင့် ဖြစ်၏ (ဝိ-၅ ၄၊ ၇၂)'။ မှီရာနိဿယည်းကို ပေးတယ်ဆိုတာ ရှင်ရဟန်းပြုပေးသူက အပြုခံပုဂ္ဂိုလ် (ရှင်ရဟန်းသစ်)အား မိမိကို အမှီပြုနေထိုင်ခွင့် ပေးတာကို ဆိုလိုပါတယ်။ ဒီအဋ္ဌကထာ မှတ်ချက်ကလေးဟာ အဓိပ္ပာယ် အင်မတန် လေးနက်ပါတယ်။

တိုက်ဆိုင်လို့ ပြောလိုက်ပါရစေ .. ချမ်းသာ ပြည့်စုံပြီး အခြေအနေကောင်းတွေ ရှိလို့ ကျော်ကြားတဲ့ ဆရာတော်တွေထံမှာ ဒုလ္လဘ ရဟန်းခံလိုသူတွေ အများကြီး ရှိနိုင်ပါတယ်။ ဒါပေမယ့် .. ပေါ်များသော်ငြား အရည်အသွေး မပြည့်မီရင် တန်ဖိုး ကျတတ်ပါတယ်။ ဒါကြောင့် ဘယ်နှစ်ရက်ပဲ ရဟန်းပြုပြု၊ ပြုပေးမယ့် ဆရာတော် သို့မဟုတ် တာဝန်ရှိသူ အနေနဲ့ ဖော်ပြပါ အဋ္ဌကထာ မှတ်ချက်ကလေးကို နှလုံးသားမှာ မြဲမြဲပိုက်ပြီး အမေရိကလို နိုင်ငံမျိုးမှာ ရဟန်းပြုမယ့် ပုဂ္ဂိုလ်ဟာ ဝိနည်းခွင့်ပြုချက်နဲ့ ညီညွတ်ရဲ့လား အထူးသဖြင့် ဒီနိုင်ငံဥပဒေနဲ့ ငြိစွန်းမှုလွတ်ကင်းရဲ့လား ဆိုတာကို မဖြစ်မနေ စစ်ဆေးသင့်ပါတယ်။

ဘာကြောင့်ဆို တစ်ဦးရဲ့ ထင်ပေါ် ကျော်ကြားမှုကို အကြောင်းပြု၍ပင် ဗုဒ္ဓသာသနာတော်မှာ စွန်းထင်းတဲ့ ဖြစ်ရပ်တွေ ရှိဖူးလို့ပါ။ ဆိုပါစို့ .. မိမိ ရဟန်းပြုပေးလိုက်တဲ့ ပုဂ္ဂိုလ်ဟာ ဥပဒေနဲ့ မလွတ်ကင်းသူ ဖြစ်လို့ သင်္ကန်းဝတ်ကြီးနဲ့ လက်ထိပ်ခတ် ခံရပြီဆိုရင် ငါးရောသူပါ အားလုံး အရက်တကွဲ အကျိုးနည်း ဖြစ်ရတာပါပဲ။ USA မှာက မှတ်တမ်း ဝင်သွားပြီဆိုရင် အဝါရောင်ဝတ် ဦးပြည်း ကတုံးတွေလို့ပဲ နားလည်မှာပါ။

**ဓမ္မစေတီမင်း အမိန့်ပြန်တမ်း**

'အရှင်ဘုရားတို့၊ ယနေ့မှစ၍ ရှင်သာမဏေပြုလိုပါသည်ဟု အရှင်ဘုရားတို့ အထံသို့ လာရောက်လျှင် သံပုကပ်သသူ၊ ခိုးမှု ပြုသသူ၊ နှောင်အိမ်

ဖောက်သသူ၊ မင်းအား ပြစ်မှားသသူ၊ အို၍ မစွမ်းနိုင်သသူ၊ ပြင်းစွာ အနာနှိပ်စက်သသူ၊ လက်ပြတ်ခြင်း အစရှိသော အင်္ဂါချို့သသူ၊ ကုန်း သော ကွသော ခွင်သော ကောက်သူ၊ သည်မှ တစ်ပါးလည်း ပရိသတ် ကို ဖျက်တတ်သူ၊ လူမြင်၍ ပြက်ရယ်ကဲ့ရဲ့ခြင်း ပြုစရာဖြစ်သော စိတ် ကြည်ညိုဖွယ် မရှိသောသူတို့ကို လက်ခံ၍ ရှင်သာမဏေ မပြုကုန်နှင့်။

အရှင်ဘုရားတို့ အထံသို့ ပဥ္စင်းခံလိုပါသည်ဟူ၍ လာရောက်လျှင် အကျွန်ုပ်အားသော်လည်း အကြောင်းကြားစေ၊ ဟံသာပြည်၌ သိတင်း သုံးနေသော ဂိုဏ်းဆရာတို့အားသော်လည်း အကြောင်းကြားစေ၊ အ ကြောင်းမကြားမူ၍ မိမိတို့နေရာအရပ်၌သာ အရှင်ဘုရားတို့သည် ပဥ္စင်း ခံခြင်းကို ပြုသည်ဖြစ်အံ့၊ ပဥ္စင်းလောင်း အမိအဖဆွေမျိုး အရှင်ဘုရားတို့ အလုပ်အကျွေး၊ ဒကာ ဥပါသကာတို့အား မင်းဒဏ် စီရင်မည် (ကလျာ ဏီကျောက်စာ မြန်မာပြန်၊ စာ-၁၀၆)'။

## ပုဂ္ဂိုလ်ရေး အမြင်

အရေအတွက် များပြားလာရင် ကျစ်လျစ် သိပ်သည်းမှု လျော့နည်းသွား တတ်တဲ့ သဘာဝရှိပါတယ်။ ရဟန်းသံဃာဆိုတာ မိမိတို့ ကိုယ်တိုင် မိမိတို့အတွက် ရိက္ခာကို မထုတ်လုပ်ပါဘူး။ အခြားပုဂ္ဂိုလ်တွေရဲ့ သဒ္ဓါ တရားအပေါ် အမှီပြုပြီး ရပ်တည်ကြတယ်။ လူတွေ သဒ္ဓါတရား အား ကောင်းတာနဲ့အမျှ ရဟန်းသံဃာတွေ လာဘ်လာဘ ပေါ်များတာပေါ့။ ရဟန်းသံဃာတွေ မကြောင့်မကြ နေထိုင်ကြရတာကိုတွေ့တော့ ရေသာ ခိုချင်တဲ့ အချောင်သမားတွေဟာ သဒ္ဓါတရားအမှန် မရှိဘဲ သက်န်းဝတ် လာကြတယ်။ အသောကမင်း လက်ထက်က ဒီမျိုး ဖြစ်ဖူးပါတယ်။ အဲဒီ လို မကြည်ညိုသူတွေရဲ့ အလဇ္ဇီ ဒုဿီလ အပြစ်အနာ အဆာတွေဟာ ဗုဒ္ဓသာသနာအပေါ် စွန်းထင်း ကျန်နေခဲ့မြဲ ရှိပါတယ်။ ဒါကြောင့် စိစစ် ပြီး ရှင်ရဟန်း ပြုပေးတာဟာ ဗုဒ္ဓသာသနာတော် လုံခြုံရေးအတွက် အလွန် လိုအပ်လို့ အင်မတန် သင့်မြတ်ကြောင်းပါ။ ❑



# လဇ္ဇီစောင့်တဲ့ ဗုဒ္ဓသာသနာ

ဆရာတော် အရှင်မြတ်ဘုရား၊

မကြာမီက တပည့်တော် ဖတ်ရှုရသော ဗုဒ္ဓဘာသာစာအုပ်တွင် ဗုဒ္ဓသာသနာကို အလဇ္ဇီပုဂ္ဂိုလ်များက ဖျက်ဆီးကြောင်း သိရပါသည်။ မည်သို့သော ပုဂ္ဂိုလ်ကို အလဇ္ဇီဟု ခေါ်ပါသနည်း။ ထိုပုဂ္ဂိုလ်တွေက ဗုဒ္ဓသာသနာကို မည်သို့ ပျက်စီးအောင် ပြုလုပ်ပါသနည်း။ ကရုဏာ ရှေ့ထား၍ ဖြေကြားပေးစေလိုပါသည် အရှင်ဘုရား။

အေးမြတ်သူ (ပြည်)

-------------------

**အလဇ္ဇီ သာသနာဖျက်**

အလဇ္ဇီဆိုတာ အရှက်မရှိသူလို့ အဓိပ္ပာယ် ရတယ်။ အလဇ္ဇီပုဂ္ဂိုလ်ဟာ ပညာဗဟုသုတ ပြည့်စုံပေမယ့် ထင်ပေါ် ကျော်ကြား လာဘ်ပေါ်များတာကို နှစ်သက်လွန်းလို့ ကျမ်းဂန်မှာ ပါရှိတာကို ပြောင်းပြန် ယူပြီး ဓမ္မကို အဓမ္မ၊ ဝိနယ (ဝိနည်းအမှန်)ကို အဝိနယ(ဝိနည်းမဟုတ်)လို့ ဆိုရင်းနဲ့ နောက်လိုက်တွေကို များစွာ စည်းရုံးနိုင်တာမို့ ဗုဒ္ဓသာသနာတော်ကို အန္တရာယ်ကြီးစွာ ပြုတတ်ပါတယ်။ သံဃာ ကွဲပြားအောင်လည်း လုပ်နိုင်ပါတယ်။ အဓမ္မဝါဒီ (ဗုဒ္ဓဓမ္မ မဟုတ်ဘဲ ဟုတ်ပါတယ်လို့ ဟောပြောမှု)တွေ အားကောင်းလာရင် အစစ်အမှန်ဖြစ်တဲ့ ဓမ္မဝါဒီတွေ ကွယ်ပျောက် ဆုတ်ယုတ်တာပဲ။ သံဃာတွေအကြား ဂိုဏ်းဂဏတွေ ကွဲရင် အင်အားနည်းပြီး သာသနာပတို့ရဲ့ ရန်ကို စည်းလုံးညီညွတ်စွာ မခုခံနိုင်တဲ့အတွက် နှစ်ဦးလုံး ဆုံးရှုံး ပျက်စီးရတယ်။

ဘယ်လိုဖြစ်ရင် အလဇ္ဇီခေါ်သလဲဆိုရင် .. သိသိကြီးနဲ့ အာပတ်ကို ကျူးလွန်သူ၊ သင့်ပြီး အာပတ်ကို မကုစားဘဲ လျှို့ဝှက်ထားသူ၊ အာဂတိလိုက်စားသူ ဖြစ်နေရင် အဲဒီလို ရဟန်းကို အလဇ္ဇီလို့ ခေါ်ပါတယ် (ဝိ ၄၊ ၂၇၄)။ ဒါတင် မကသေးပါဘူး ...

**မိစ္ဆာဇီဝ (အသက်မွေးမှု မမှန်ခြင်း)**

ဟိတ်ဟန်ထုတ်ခြင်း (ကုဟန)၊ ဥပမာ .. ပစ္စည်းသစ်ကို လိုချင်လို့ အယောင်းကို သုံးပြတာ၊ တန်ခိုးရှိတယ်လို့ ထင်အောင် လူတွေကို လုပ်ပြတာ၊ လူမြင်အောင် ထိုင်အိပ်ပြပြီး ဓုတင်ဆောင်တာ၊ ဘယ်ဆရာဝန် ဘယ်ဝန်ကြီးက ငါ့တပည့်၊ ငါ့ဆီမှာ တရားထိုင်သွားတာပဲလို့ (တမင်ရည်ရွယ်ပြီး) လူရှေ့မှာ လူအထင်ကြီးအောင် ဟစ်ပြတာမျိုးတွေ။ ဒကာဒကာမတွေကို မြှောက်ပင့် ပြောဆိုခြင်း (လပန)၊ ဥပမာ .. ပိုက်ဆံရှိသူကို အရေးပေး ပြောဆိုတာ၊ ဗိုလ်မှူး ဒေါက်တာလို့ မြှောက်ပင့် ခေါ်ဝေါ်တာတွေ။ မိမိကို လှူအောင် စောင်းပါးရိပ်ခြည် ပြောခြင်း (နေမိတ္တိက)၊ ဥပမာ .. လိုချင်တဲ့ပစ္စည်းကို ချီးမွမ်းပြတာ။ လှူအောင် အတင်းအကြပ် ပြောဆိုခြင်း (နိပ္ပေသိက)၊ ဥပမာ .. မလှူတဲ့လူကို ကျောင်းအမကြီး ဘုရားအမကြီးလို့ ခေါ်တာ။ အဲဒီလို လုပ်ပြီး အသက်မွေးမှု မမှန်ရင်လည်း အလဇ္ဇီထဲမှာ ပါတယ် (ဝိသုဒ္ဓိ ၁၊ ၂၆-၂၈)။

**လဇ္ဇီစောင့်တဲ့ ဗုဒ္ဓသာသနာ**

အလဇ္ဇီရဲ့ ပြောင်းပြန်က လဇ္ဇီပါပဲ။ ရှက်တတ်သူလို့ အဓိပ္ပာယ်ရတယ်။ သိလျက် အာပတ်ကို မကျူးလွန်သူ၊ သင့်ပြီး အာပတ်ကို ဖုံးမထားဘဲ ကုစားသူ၊ အာဂတိ မလိုက်စားသူလို့ မှတ်ဖို့ပါ။ သီလသိက္ခာကို ဟန်ဆောင်မှု မပါဘဲ ရိုးသားစွာ ကျင့်ကြံသူ၊ သူတော်ကောင်း ပုဂ္ဂိုလ်လို့လည်း မှတ်နိုင်တယ်။ လဇ္ဇီပုဂ္ဂိုလ်ကတော့ အသက်ဟူသော အကြောင်းကြောင့်ပင် အဓမ္မကို ဓမ္မ၊ ဝိနယကို အဝိနယလို့ မဆိုဘူး။ လာဘ်ကိုမမှု သာသနာကိုသာ ရှုတတ်လို့ အနာဂတ်မှာ ဗုဒ္ဓသာသနာကို လဇ္ဇီရဟန်းတို့ စောင့်ရှောက်မယ်လို့ မထေရ်မြတ်တို့ မိန့်ဆိုကြပါတယ်။

လဇ္ဇီ သူမွန် သီလဝန်ဖြစ်တဲ့ ရဟန်းတော်တွေကို စောင့်ရှောက်ပြီး သာသနာပြုနိုင်ပါစေ။ □



## ဘိက္ခုနီ ရှိသင့်ကြောင်း

ဆရာတော် အရှင်မြတ်များဘုရား

ယိုးဒယားနိုင်ငံ ဘိက္ခုနီကျောင်းတိုက်တခုမှာ ဘိက္ခုနီ (အမျိုးသမီး ရဟန်း) အများကြီးကို တွေ့ရပြီး အဲဒီ ဘိက္ခုနီတွေကို ယိုးဒယား ဘုန်းကြီးတွေက လက်မခံကြောင်း အင်တာနက် သတင်းတွေမှာ ဖတ်ရှုရပါသည် အရှင်ဘုရား။ မြန်မာနိုင်ငံမှာလည်း ဘိက္ခုနီတွေကို အသိအမှတ် မပြုဟု သိရပါသည်။ သီရိလင်္ကာမှာတော့ အချို့သံဃာတွေက လက်ခံပြီး အချို့က လက်မခံဟု သိရပါသည်။ ဘုရားရှင်လက်ထက်၌ ဘိက္ခုနီတွေ ရှိခဲ့တဲ့အတွက် အဘယ်ကြောင့် ယခုခေတ်မှာ ဘိက္ခုနီတွေကို အသိအမှတ် မပြုသည်ကို ရှင်းပြပေးစေလိုပါသည်။ နောက်ပြီး ဘိက္ခုနီ သာသနာဖြစ်ပေါ်လာတဲ့အတွက် ဗုဒ္ဓသာသနာ တိုးတက်မည်လား ဆုတ်ယုတ်မည်လား ဆိုသည်ကိုလည်း သိလိုပါသည် အရှင်ဘုရား။

သိန်းသိန်းအေး (ကွန်ပျူတာတက္ကသိုလ်)

-------------

**အုပ်စုနှစ်ခု**

အမျိုးသမီးတွေ ဘိက္ခုနီပြုခွင့်ရှိ မရှိဆိုတာနဲ့ ပတ်သက်ပြီး ကျယ်ကျယ်လောင်လောင် အချေအတင် ငြင်းခုံမှုတွေ မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ ရာစုနှစ်တွေက ရှိခဲ့ဖူးတယ်။ ယခုလည်း မကြာမီက ဘိက္ခုနီသံဃာ ပြန်လည် ရှင်သန်ရေး လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး ထေရဝါဒနိုင်ငံတွေမှာ အငြင်းပွားဆဲ ရှိပါတယ်။ ထေရဝါဒ ကျမ်းဂန်အရ အမျိုးသမီးတွေ ရဟန်းပြုခွင့် ရှိမရှိ၊ ဘိက္ခုနီသံဃာ ပေါ်ပေါက်လာတာဟာ ဗုဒ္ဓသာသနာရဲ့ အန္တရာယ်လား၊ မြတ်ဗုဒ္ဓအလို မည်သို့ရှိနိုင်တယ် ဆိုတာတွေကို ဝေဖန်

ဆွေးနွေးကြရင်း ဘိက္ခုနီမရှိသင့်အုပ်စုနဲ့ ရှိသင့်အုပ်စု ကွဲနေပါတယ်။ ရှိသင့်အုပ်စုက ဆက် လက်ပြီး လှုပ်ရှားလို့ ယိုးဒယားနဲ့ သီရိလင်္ကာမှာ ဘိက္ခုနီတွေ တွေ့ရတာပေါ့။ ကျန်အုပ်စုကလည်း ကျမ်းထွက်နဲ့ ယုတ္တိအရ မရှိသင့်အဆိုကို ဆုပ်ကိုင်ထားဆဲပါပဲ။

အုပ်စု ကွဲနေတာဟာ ဗုဒ္ဓသာသနာအတွက် ကောင်းတဲ့ လက္ခဏာတော့ မဟုတ်ဘူး။ ဘာပဲ ဖြစ်ဖြစ် အမေးရှိတော့ အဖြေလည်း ရှိသင့်လို့ အုပ်စုနှစ်ခုရဲ့ အဆိုတွေကို လေ့လာပြီး နှစ်ဖက် နားလည်ထားပုံကို အကျဉ်းမျှ ပြောပြလိုပါတယ်။

## ဘိက္ခုနီသံဃာ ကွယ်ချိန်

ဘိက္ခုနီသံဃာ ကွယ်ပျောက်ရတာဟာ နိုင်ငံရေး လူမှုရေးနဲ့ ယဉ်ကျေးမှု အခြေခံတွေကြောင့်လို့ ယေဘုယျ ဆိုနိုင်ပါတယ်။ နိုင်ငံရေး မတည်ငြိမ်လို့ ပြည်တွင်းမှာ သံဃာတွေ စာပေပို့ချ တရားအားထုတ်ပြီး ငြိမ်းချမ်းစွာ မနေနိုင်တဲ့အတွက် ကျောင်းတိုက်ကြီးတွေ ဖရိုဖရဲ ဖြစ်ရတာ၊ ဒကာဒကာမတွေနဲ့ ဘိက္ခုတွေရဲ့ ထောက်ပံ့မှု အားနည်းတာ၊ ဝိနည်းသိက္ခာပုဒ်တွေ ကျပ်တည်းလွန်းတာ၊ တစ်ချိန်တည်းမှာ အညတိတ္ထိယ (ဘာသာခြား)တွေရဲ့ ထိုးနှက်မှု ခံရတာတွေကြောင့်လို့ အဓိပ္ပာယ် ဖော်နိုင်ပါတယ်။ သီရိလင်္ကာနိုင်ငံမှာ အေဒီ ၁၀ ရာစုလောက်ထိ ဘိက္ခုနီတွေ တည်ရှိခဲ့တဲ့ အထောက်အထား ရှိတယ်လို့ ပညာရှင်တို့ ခန့်မှန်းကြပါတယ်။ သီရိလင်္ကာဘုရင် ပဉ္စမ ကဿပမင်း (အေဒီ ၉၂၉-၉၃၉)ရဲ့ မိဖုရား ဝဇိရာဒေဝီက ထေရဝါဒဘိက္ခုနီတွေကို ကျောင်းတိုက် ဆောက်လုပ် လှူဒါန်းတဲ့ မှတ်တမ်း (မဟာဝံသ ၅၂း၆၃) ရှိပါတယ်။

ပဉ္စမ မဟိန္ဒမင်းလက်ထက် (အေဒီ ၁၀၁၇) အိန္ဒိယတောင်ပိုင်းက တမိလ် လူမျိုးတို့ သီရိလင်္ကာကို ဝင်ရောက် တိုက်ခိုက်တဲ့အခါ ဗုဒ္ဓသာသနာ အကြီးအကျယ် ဖျက်ဆီးခံရလို့ (မဟာဝံသ ၅၅း၂၀-၂၃) အန္တရာယ် ကပ်ဘေးဆိုးကြီးနဲ့ ကြုံရပြီးတဲ့နောက် ဘိက္ခုနီတွေ ရှားပါးသွားရာကနေ အေဒီ ၁၁ ရာစု နောက်ပိုင်းမှာ ဘိက္ခုနီသံဃာ အဆက်ပြတ်သွားခဲ့ပုံပါပဲ။

## ဘိက္ခုနီ မရှိသင့်

**... အကြောင်းပြချက် ၁**

မြတ်ဗုဒ္ဓ ချမှတ်တဲ့ ဂရုဓမ်ရှစ်ပါးလို့ခေါ်တဲ့ အရေးကြီး စည်းမျဉ်းရှစ်ခုကို လက်ခံလိုက်တာနဲ့ တောင်းပန်သူ မိထွေးတော် ဂေါတမီ ဟာ ဘိက္ခုနီ ဖြစ်သွားတယ်။ ဂရုဓမ်ရှစ်ခုအနက် ခြောက်ခုမြောက်က 'သိက္ခာပုဒ် ခြောက်မျိုးကို နှစ်နှစ်ကြာ ကျင့်သုံးပြီးသူ သိက္ခမာန်သည် နှစ်ဖက်သော (ဘိက္ခု ဘိက္ခုနီ )သံဃာ၌ ရဟန်းခံရမည်'တဲ့။ ရဟန်းအဖြစ်ကို မရ သေးတဲ့ သကျမင်းသမီး ငါးရာကိုတော့ မြတ်ဗုဒ္ဓက 'ဘိက္ခုတို့သည် ဘိက္ခုနီမတို့ကို ရဟန်းပြုပေးရန် ခွင့်ပြု၏'လို့ ထပ်ဆင့်စည်းမျဉ်း (အနု ပညတ်)ကို သတ်မှတ်ပေးလို့ ဘိက္ခုသံဃာကပဲ ရဟန်းပြုပေးခွင့် ရ သွားတယ်။ အဲဒီ ထပ်ဆင့်ပညတ်ကို သကျမင်းသမီး ငါးရာအတွက်ပဲ သီးခြား ပညတ်တာ ဖြစ်တယ်။ ဒီလို ပညတ်တာကို ဗုဒ္ဓကိုယ်တိုင်ပဲ လုပ်နိုင်ခွင့်ရှိတယ်။ သာကီဝင် မင်းသမီးငါးရာတို့ ဘိက္ခုနီ ဖြစ်ပြီး တာနဲ့ ဒီအနုပညတ် ပျက်ပြယ်သွားတယ်။

**... အကြောင်းပြချက် ၂**

'ဘိက္ခုနီဟူသည် ဘိက္ခု ဘိက္ခုနီ နှစ်ဖက်လုံး၌ ရဟန်းခံထားသော ရဟန်းမတည်း' (ဝိ ၁၊ ၂၂၃)လို့ ပါဠိတော်မှာ ရှိတယ်။ ဒါကို ဋီကာ (ဝဇိရ-ဋီ၊ ၉၂) မှာ 'ဘိက္ခုထံမှာပဲ ပဥ္စင်းခံတဲ့ ဘိက္ခုနီ၊ ဘိက္ခု ဘိက္ခုနီ နှစ်ဖက်လုံးထံမှာ ပဥ္စင်းခံတဲ့ ဘိက္ခုနီလို့ နှစ်မျိုးရှိပေမယ့် သကျ မင်း သမီး ငါးရာလို ဘိက္ခုထံမှာပဲ ပဥ္စင်းခံတဲ့ ဘိက္ခုနီမျိုးကို ပယ်ပြီးဖြစ်လို့ ဒီနေရာမှာ ဘိက္ခု ဘိက္ခုနီ နှစ်ဖက်လုံးထံမှာ ပဥ္စင်းခံထားတဲ့ ဘိက္ခုနီ တွေကိုပဲ ယူရမယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပါဠိတော်မှာ အဲဒီလို ဖော်ပြတာ ဖြစ်တယ်'လို့ ဖွင့်ဆိုပါတယ်။ ဒီအဆိုဟာ သကျမင်းသမီး ငါးရာတို့ ဘိက္ခုနီ ဖြစ်ပြီးတာနဲ့ ဘိက္ခုတွေက ဘိက္ခုနီတွေကို ရဟန်း ပြုပေးခွင့် ပြုတယ်ဆိုတဲ့ အနုပညတ် ပျက်ပြယ်သွားတာကို ထင်ရှားစေတယ်။

ဒါကြောင့် နောက်ထပ် ဘိက္ခုနီပြုသူ မှန်သမျှ ဆဌမ ဂရုဓမ်နဲ့အညီ သိက္ခမာန်အဖြစ် နှစ်နှစ်နေပြီးမှ ဘိက္ခုနီသံဃာထံမှာ ဦးစွာ ရဟန်းခံ၊

ပြီးရင် ဘိက္ခုသံဃာထံမှာ ရဟန်းခံရတယ်။ အဲဒီလို နှစ်ကြိမ် ရဟန်းခံပြီးမှ ဘိက္ခုနီ ဖြစ်ခွင့်ရှိတယ်။

**... အကြောင်းပြချက် ၃**

မိဖုရား အနုဋ္ဌာဒေဝီ ရဟန်းပြုလိုကြောင်း ဒေဝါနံပိယတိဿမင်းက အရှင်မဟိန္ဒကို လျှောက်တဲ့အခါ 'ငါတို့အား မာတုဂါမကို ဘိက္ခုနီ ပြုပေးရန် မအပ်ပါ၊ ဒါကြောင့် ငါ့ရဲ့ နှမတော်ဖြစ်တဲ့ သံဃမိတ္တာထေရီကို ပင့်ပါ (ဝိ-ဋ္ဌ ၁၊ ၅၇)'လို့ မိန့်ပါတယ်။ ဒီလို မိန့်တာဟာ ဘိက္ခုနီသံဃာထံမှာ ရဟန်းမခံရသေးတဲ့ အမျိုးသမီးတွေကို ဘိက္ခုတွေက တိုက်ရိုက်ရဟန်းပြုခွင့် မရှိဘူးဆိုတာက လွဲလို့ အခြားအဓိပ္ပာယ် တစ်မျိုးနဲ့ ဖွင့်ဆိုတာကို အဋ္ဌကထာဋီကာ ကျမ်းကြီးတွေမှာ မတွေ့ရဘူး။ ဒါကြောင့် ဘိက္ခုသံဃာက အမျိုးသမီးတွေကို ဘိက္ခုနီ ပြုပေးတာဟာ လုံးဝ မဖြစ်နိုင်။ 'မာတုဂါမကို ဘိက္ခုနီတွေမှ တစ်ပါး အခြားသောသူသည် ရှင်ပြုပေးခြင်းငှာ မအပ်' (ဝိ-ဋ္ဌ ၃၊ ၂၄၈)ဆိုကဲ့ စကားအရ ဘိက္ခုတွေဟာ အမျိုးသမီးတွေကို သာမဏေတောင် မပြုပေးကောင်းဘူး။

**... အကြောင်းပြချက် ၄**

ဘိက္ခုနီသံဃာ မရှိတော့တဲ့ ယခုအချိန်မှာ ဘိက္ခုသံဃာကပဲ အမျိုးသမီးတွေကို ဘိက္ခုနီ ပြုပေးနိုင်တယ်လို့ သာဝက (ယနေ့ခေတ် သံဃာ)တွေက ဆိုခဲ့ရင် ဒါဟာ မြတ်ဗုဒ္ဓ ချမှတ်ခဲ့တဲ့ မူလပညတ်ချက်လည်းဖြစ်၊ ယနေ့တိုင် တည်ရှိဆဲလည်းဖြစ်တဲ့ ဆဋ္ဌမ ဂရုဓမ်ကို ချိုးဖောက်ရာ ရောက်တယ်။ ဒါကြောင့် ဘိက္ခုတွေက အမျိုးသမီးတွေကို ဘိက္ခုနီပြုပေးခွင့်ရှိတယ်ဆိုတဲ့ ယူဆချက်ဟာ မှားယွင်းပြီး ဗုဒ္ဓသာသနာအတွက် ကြီးမားတဲ့ အန္တရာယ် ဖြစ်တယ်။

ထေရဝါဒ ဝိနည်းသည် မြတ်ဗုဒ္ဓဟောကြားတဲ့ အပြင်အဆင် မရှိ ပြောင်းလဲခြင်းမရှိ ပညတ်တော်မူရင်း အတိုင်း ယနေ့တိုင် ထိန်းသိမ်းထားတဲ့ ဝိနည်းတော်ဖြစ်လို့ အခြားမည်သည့် ဂိုဏ်းက ဝိနည်း သို့မဟုတ် ဘိက္ခုနီကိုမှ ဘိက္ခုနီအစစ်လို့ အသိအမှတ် မပြုနိုင်။ ဒါကြောင့် အခြားဂိုဏ်းမှာ ဘိက္ခုနီပြုလို့ ထေရဝါဒ ဘိက္ခုနီ ဖြစ်မလာနိုင်။

## ဘိက္ခုနီ ရှိသင့်

**... ချေပချက် ၁**

'ဘိက္ခုထံမှာပဲ ပဥ္စင်းခံတဲ့ ဘိက္ခုနီမျိုးကို ပယ်ပြီးဖြစ်လို့'ဆိုတဲ့ ဋီကာအဆို တစ်နည်း ပုဂ္ဂိုလ်တစ်ဦးရဲ့ ယူဆချက် တစ်ခုတည်းနဲ့ 'ဘိက္ခုတို့သည် ဘိက္ခုနီမတို့ကို ရဟန်းပြုပေးရန် ခွင့်ပြု၏'ဆိုတဲ့ ထပ်ဆင့်ပညတ်ဟာ သကျမျိုး မင်းသမီးတွေ ရဟန်းပြုပြီးတာနဲ့ ပျက်ပြယ်ပြီးဖြစ်တယ်ဆိုတဲ့ အကြောင်းပြချက်မှာ စဉ်းစားစရာတွေ ရှိတယ်။

ဗုဒ္ဓကိုယ်တိုင် ဒီထပ်ဆင့်ပညတ်ကို ပြန်လည် မရုပ်သိမ်းခဲ့ဘူး။ ပါဠိတော် စာသွားအရလည်း 'ဒီလိုပဲလုပ်၊ အခြား မည်သည့်နည်းနဲ့မျှ မလုပ်ရ'လို့ ဆိုတာမှ မဟုတ်ဘဲ။ ဘိက္ခုနီတွေ မပေါ်ခင်တုန်းက အမျိုးသမီးတွေကို ရဟန်းပြုပေးဖို့ မြတ်ဗုဒ္ဓအနေနဲ့ ဘိက္ခုတွေကို ခွင့်ပြုနိုင်တာကိုက ဘိက္ခုသံဃာကို လုပ်ပိုင်ခွင့် ပေးအပ်တဲ့သဘောပဲ မဟုတ်လား။ အထူးသဖြင့် ယခုလို ဘိက္ခုနီသံဃာ မရှိတော့တဲ့ အချိန်မျိုးမှာ အဲဒီ အနုပညတ်ချက်အရပဲ ဘိက္ခုသံဃာထံမှာ သိက္ခမာန် နှစ်နှစ် ကျင့်ပြီး ဘိက္ခုနီပြုပေးနိုင်တယ်လို့ အဓိပ္ပာယ်ယူခွင့် မရှိနိုင်ဘူးလား။

**... ချေပချက် ၂**

ရဟန်းတွေ ဝါတွင်းကာလ ခရီးသွားတာနဲ့ ပတ်သက်ပြီး 'သိက္ခာကို ဆောက်တည်လိုသော သာမဏေမိန်းမက ပင့်ဖိတ်လျှင် (၇ ရက်ကြာ) ခရီးသွားကောင်း၏ (ဝိ ၃၊ ၂၀၅)'လို့ ပါဠိတော်မှာ ရှိတယ်။ သိက္ခာကို ဆောက်တည်လိုတယ်ဆိုတာ သိက္ခမာန်လုပ်လိုတာလို့ ဆိုနိုင်ရင် ဘိက္ခုက အမျိုးသမီးကို သိက္ခမာန် လုပ်ပေးနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့။ ဒီလိုဆိုရင် ဘိက္ခုနီပြုဖို့ အရေးတကြီးလိုအပ်တဲ့ သိက္ခမာန် အဖြစ်ကို ဘိက္ခုတွေက ပြုမပေးကောင်းဘူးလို့ ဆိုနိုင်အံ့လော။ ဒါကတော့ ဝိနယစည်းကမ်းကို အခြေခံတဲ့ လစ်ဘရယ်ကျ (ပွင့်လင်းပြီး မတင်းလွန်း)တဲ့ ယူဆချက်ပါ။ ထေရဝါဒီတွေအနေနဲ့ မဇ္ဈိမပဋိပဒါ ကျင့်စဉ်နှင့်အညီ အလျှော့အတင်းကို နှစ်သက်နိုင်ရင် ယခုလို ဘိက္ခုနီတွေ မရှိတော့တဲ့

အခြေအနေမျိုးမှာ အမျိုးသမီးတွေကို ဘိက္ခုနီပြုပေးပြီး ဗုဒ္ဓသာသနာ တည့်တံ့ ပြန့်ပွားရေးမှာ အားသွန်ခွန်စိုက် ပါဝင်လာခွင့်ပြုပြီး စိတ်ပိုင်း ဘဝလေ့ကျင့်မှုကို မြှင့်တင်ပေးရင် ငြင်းဆိုနိုင်တဲ့ အကြောင်းရှိပါ့မလား။

**... ချေပချက် ၃**

အနုဋ္ဌာဒေဝီ မိဖုရားနဲ့ နန်းတွင်းသူတွေ ဘိက္ခုနီ ပြုလိုကြောင်း ဒေဝါနံ ပိယတိဿရဲ့ လျှောက်ထားချက်ကို အရှင်မဟိန္ဒ မိန့်ဆိုတာနဲ့ ပတ် သက်ပြီး အဋ္ဌကထာ ဋီကာကျမ်းကြီးတွေမှာ အခြားအဓိပ္ပာယ် တစ်မျိုး နဲ့ မဖွင့်ဆိုဘူးလို့ မရှိသင့်အုပ်စုက ဆိုတယ်။ ကောင်းပြီ၊ အဲဒီလို ဖွင့်ဆို ချက်မရှိသလို 'အမျိုးသမီးတွေကို ဘိက္ခုတွေက တိုက်ရိုက် ရဟန်းပြု ခွင့်မရှိဘူးလို့ပဲ မှတ်ရမယ်'လို့ကော ဘယ်အဋ္ဌကထာ ဋီကာကျမ်းအရ ဆိုနိုင်သလဲ။ ဒါကြောင့် အဲဒီလို အထူးမဖွင့်လို့ပဲ ဒီနေရာမှာ ဘိက္ခုနီ သံဃာ ပြန်လည် ရှင်သန်လာတာကို နှစ်သက်သူတွေအနေနဲ့ သင့်တော် တဲ့ ယူဆချက်တစ်ရပ်ကို စဉ်းစားနိုင်ဖို့ အခွင့်အလမ်း ပွင့်သွားတာပဲ။ အဲဒီယူဆချက်က 'အိန္ဒိယမှာ ဘိက္ခုနီသံဃာ တည်ရှိသေးလို့ နမတော် သံဃမိတ္တာကို ပင့်ဖိတ်စေလိုတဲ့အတွက် အရှင်မဟိန္ဒက အဲဒီလို မိန့် ကြားတာ ဖြစ်တယ်။ မြတ်ဗုဒ္ဓ တားမြစ်လို့ မဟုတ်ဘူး'လို့ပါပဲ။

**... ချေပချက် ၄**

'အမျိုးသမီးတွေ ဘိက္ခုနီအဖြစ် မရခဲ့ရင် ဗုဒ္ဓသာသနာဟာ နှစ်တစ် ထောင် ရှည်နိုင်ပေမယ့် ဘိက္ခုနီအဖြစ် ရခဲ့ရင်တော့ နှစ်ငါးရာပဲ ကြာ မယ် ... ခုတော့ ကြိုတင်ပြီး ကန်ပေါင် ကန်ရိုးနဲ့တူတဲ့ ဂရုဓမ်ရှစ်ပါးကို ဘိက္ခုနီတွေအတွက် ပညတ်လိုက်ပြီ (ဝိ ၄၊ ၄၄၆)'လို့ မြတ်ဗုဒ္ဓ မိန့်ဆို တာဟာ (မဟာသာသကဂိုဏ်းက ထိန်းသိမ်းထားတဲ့ ဝိနည်းပါဠိတော် မှတစ်ပါး ကျန်ဂိုဏ်းအားလုံးက ထိန်းသိမ်းထားတဲ့ ဝိနည်းပါဠိတော်မှာ ဒီဖော်ပြချက် ပါသတဲ့) မိထွေးတော် ဂေါတမီ ဘိက္ခုနီ ဖြစ်ပြီးမှ မိန့်ဆို တာ ဖြစ်တယ်။ 'ဂရုဓမ်ကို ကြိုတင် ပညတ်ထားလိုက်တဲ့အတွက် နှစ် ငါးရာမလျော့တော့ဘဲ ပဌမမိန့်ဆိုချက်အတိုင်း နှစ်တစ်ထောင်ပင် တည် လိမ့်မယ်ဟူလို (ဝိ-ဋ္ဌ ၄၊ ၁၂၇)' ဆိုတဲ့ ဖွင့်ဆိုချက်အရလည်း ဘိက္ခုနီ

တွေ ရှိပေမယ့် ဗုဒ္ဓသာသနာဟာ သက်တမ်းစေ့အောင် တည်နိုင်တယ် ဆိုတဲ့ အဓိပ္ပာယ်ပဲ မဟုတ်လား။ ဘိက္ခုနီတွေဟာ ဗုဒ္ဓသာသနာအတွက် တကယ် အန္တရာယ်ရှိရင် အရှင်အာနန္ဒာ တောင်းပန်ရုံနဲ့လည်း မြတ်ဗုဒ္ဓ လိုက်လျောမှာ မဟုတ်ဘူး။ အမျိုးသမီးတွေ ဘိက္ခုနီပြုနိုင်တယ်လို့ ယူဆတာဟာ မှားယွင်းပြီး ဗုဒ္ဓသာသနာအတွက် ကြီးမားတဲ့ အန္တရာယ် ဖြစ်တယ်လို့ မရှိသင့် အုပ်စုက ဘာကြောင့် ဆိုနိုင်ရသလဲ။

## ... ယုတ္တိဆက် ၁

အိန္ဒိယဗုဒ္ဓဘာသာ (ခန့်မှန်းခြေ အေဒီ တစ်ရာစုလောက်ထိ) မှတ်တမ်း တွေအရတော့ ဘိက္ခုတွေနဲ့ ဘိက္ခုနီတွေ နိုးစပ်လွန်းလို့ သာသနာ ဆုတ်ယုတ် ပျက်စီးတာမျိုး မဖော်ပြဘူး။

'တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု၊ ဓမ္မာ နုဓမ္မ ပဋိပတ်ကွာ၊ ဤငါးဖြာသည်၊ ဘုရားသာသနာ ကွယ်ကြောင်း တည်း (အံ ၂၊ ၁၅၈)'။ 'ဘိက္ခု၊ ဘိက္ခုနီ၊ ဥပသကာ၊ ဥပါသိကာဟူသော ပရိသတ်လေးပါးသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ သိက္ခာ၊ သမာဓိ၊ အပ္ပမာဒကို အလေးဂရု မပြုသော် တထာဂတ မရှိသည့်နောက် သဒ္ဓမ္မသည် ကြာ ကြာ မတည်တံ့ နိုင် (အံ ၂၊ ၂၉၉)'လို့ပဲ ဗုဒ္ဓ ဟောတော်မူတယ်။

မြတ်ဗုဒ္ဓဟာ ဘုရားဖြစ်ပြီးစ လောကကို တရားမဟောဖို့ ကြံစည် မိတယ် ဆိုတာလည်း သဒ္ဓမ္မရဲ့ အင်မတန် ရတောင့်ရခဲဖြစ်ပုံ ဖော်ပြလို ရင်းပါပဲ။ ဘိက္ခုနီတွေကို ရဟန်းပြုခွင့်ပေးဖို့ အလျင်စလို ခွင့်မပြုတာ လည်း တန်ဖိုးကြီးမားတာကို ဖော်ပြချင်လို့ပဲ ဖြစ်မှာပါ။ '(ပညာတည်း ဟူသော) နားရှိသူများအတွက် နိဗ္ဗာန်တံခါးကို ငါဘုရား ဖွင့်ထားပါပြီ (ဝိ ၃၊ ၁၀)'လို့ ဟောတော်မူတာဟာ အမျိုးသားတွေကိုသာ မရည်ရွယ် တာတော့ သေချာပါတယ်။

## ... ယုတ္တိဆက် ၂

ကမ္ဘာပေါ်မှာ မကြာသေးတဲ့ ရာစုနှစ်တွေကစပြီး အမျိုးသမီးတွေဟာ မဲပေးခွင့်၊ တန်းတူလစာ၊ စစ်မှုထမ်းခွင့်နဲ့ နောက်ဆုံး နိုင်ငံ့ခေါင်းဆောင် ဖြစ်ခွင့်တွေကိုတောင် တောင်းဆိုပြီး အမျိုးသမီး အခွင့်အရေး လှုပ်ရှားမှု

တွေ စတင်ခဲ့တာ ယခုအခါ အရိုန် မြင့်နေပါပြီ။ မိန်းမ ဖြစ်ခြင်းဆိုတဲ့ အကြောင်းကြောင့် ခွဲခြားဆက်ဆံတာမျိုးကို အလယ်အလတ် လမ်းစဉ်နဲ့ ကျော်ကြားတဲ့ ဗုဒ္ဓဘာသာက လက်ခံသင့်သလား။ ယခုအခါ တိဗက်၊ ထိုင်ဝမ်၊ တရုတ်နဲ့ ဗီယက်နမ်လို နိုင်ငံတွေမှာ ဘိက္ခုနီတွေဟာ ဘိက္ခု တွေနဲ့အတူ ထွန်းကားနေပါတယ်။ (စကားမစပ်၊ သူတို့ လိုက်နာတဲ့ ဝိနည်းက ရှေးဦး ဗုဒ္ဓဝါဒဂိုဏ်းကွဲတွေဖြစ်တဲ့ မူလသဗ္ဗတ္ထိဝါဒနဲ့ ဓမ္မ ဂုတ္တကဂိုဏ်းက ထိန်းသိမ်းထားတဲ့ ဝိနည်းဖြစ်ပြီး ထေရဝါဒ ပါဠိဝိနယ နဲ့ အားလုံးနီးပါး တူညီပါသတဲ့။)

ယခုခေတ်မှာ ကမ္ဘာအရပ်ရပ်က လူတွေ ဗုဒ္ဓဓမ္မကို စိတ်ဝင်စားပြီး တရားအားထုတ် ကျင့်ကြံမှုတွေ တိုးပွား များပြားလာနေပါတယ်။ 'လူ ဝတ်ကြောင်ဟာ ရဟန္တာဖြစ်သွားရင် ရဟန်းပြုရင်ပြု၊ မပြုရင် ပရိနိဗ္ဗာန် စံရတယ် (ဒီ-၅ ၃၊ ၉၇)'ဆိုတဲ့ စကားအရ ယော်၍ယ်တဲ့ အမျိုးသမီး တစ်ယောက် ကြိုးစားလို့ ရဟန္တာဖြစ်သွားတဲ့အခါ လူဝတ်ကြောင်မှာ မနေနိုင်ခဲ့ရင် အလိုလို သက်တမ်း ကုန်ရတော့မှာလား .. ဒါမှမဟုတ် သက်တမ်း ကုန်တော့မယ့်လူပဲ ရဟန္တာ ဖြစ်ရတော့မှာလား ...

## ဘယ်လို ထင်မြင်သလဲ

ဘိက္ခုနီ မရှိသင့်ဘူးလို့ ဆုံးဖြတ်သူတွေကလည်း မရှိနိုင်တဲ့ အကြောင်း ပြချက်ကိုပဲ ရှာဖွေ ပြောဆိုကြမှာပဲ။ ရှိသင့်တယ်လို့ ယူဆသူတွေက လည်း ရှိသင့်တဲ့ ယုတ္တိကိုပဲ စဉ်းစားပြီး ပြောဆိုကြမှာပဲ။ ခေတ်ရဲ့ တောင်းဆိုမှုက ဘယ်လိုလဲ။ ခေတ်သစ် ဘိက္ခုနီတွေဟာ ဗုဒ္ဓသာသနာ အတွက် ဘာလုပ်နေကြသလဲ။ မဟာကရုဏာရှင် မြတ်ဗုဒ္ဓ သက်တော် ထင်ရှား ရှိခဲ့ရင် 'မာတုဂါမတွေ ကိုယ့်ဟာကိုယ် အေးအေးပဲ နေကြ'လို့ မိန့်တော်မူမည်လား။ ပညာရှင်တို့ မိမိဖာသာ စဉ်းစားကြရုံပါပဲ။

## ... ပုဂ္ဂိုလ်ရေးအတွေး ၁

နှစ်ဖက်သော ပညာရှင်တွေရဲ့ တင်ပြချက်တွေကို လေ့လာပြီးတဲ့အခါ ဒီ နေရာမှာ ပါဠိမုတ္တက (ပါဠိတော် မဟုတ်တဲ့) အဆုံးအဖြတ် ဆိုတာကို

စဉ်းစားမိပါတယ်။ မြတ်ဗုဒ္ဓ ပညတ်တော်မူရင်းအရ ရဟန်းတစ်ပါးဟာ မြေကို မတူးကောင်း၊ မတူးခိုင်းကောင်းဘူး။ ဒါကြောင့် 'ရေကန် တူးပါ' လို့ လူသာမဏေကို ခိုင်းရင် အာပတ်သင့်တယ်။ ဒါပေမယ့် အေဒီ ၆ါးရာစု သီရိလင်္ကာနိုင်ငံမှာ ဘုန်းကြီးကျောင်းတိုက်တွေ တိုးတက်လာ တာနဲ့အမျှ ရေတွင်း ရေကန် လှူဒါန်းသူတွေ ပေါ်များလာတဲ့အခါ ခေတ် ရဲ့ တောင်းဆိုမှုအရ 'ရေကန်ကို သိပါ'လို့ ဆိုပြီးခိုင်းရင် အပ်တယ်လို့ ဝိနည်းဘောင် အတွင်းကပဲ ရဟန်းသံဃာနဲ့ အပ်စပ်နဲ့ နည်းလမ်းကို တီထွင်ရတယ်။ တူးပါဆိုဆို သိပါဆိုဆို မြေကိုတူးတာပါပဲ။ ဒါပေမယ့် ပရိယာယ်နဲ့ပဲ ရဟန်း အာပတ် လွတ်ပါတယ်။ အဲဒီလို နည်းလမ်းမျိုး တွေ မရှိနိုင်ဘူးလား ...

**... ပုဂ္ဂိုလ်ရေးအတွေး ၂**

ဆယ်စုနှစ် ၆ါးခုလောက် အလွန်က အင်္ဂလိပ်စာကို တရှိန်ထိုးစာ ဆိုပြီး ဘုန်းကြီးတွေကို သင်ခွင့်မပြုဖို့ ပါဠိတော် အဋ္ဌကထာဋီကာ ကျမ်းကိုး တွေနဲ့ အကျိုးအနယ် စကားစစ်ထိုးခဲ့ကြတဲ့ ထေရဝါဒ ပညာရှင် ရဟန်းရှင်လူတွေဟာ ဒေါက်တာဆိုတဲ့ ရှေ့ဆက်ပုဒ်ပါမှ ခေတ်မီတယ်လို့ ယူဆလာတဲ့ ယနေ့ခေတ် သံဃာတော်တွေကို တွေ့ရင် ဗုဒ္ဓသာသနာ ပျက်ပါပြီဆိုပြီး ဝမ်းနည်းပက်လက် ဖြစ်နိုင်ပေမယ့် ခုအခါမှာတော့ ပြင်ပကမ္ဘာရဲ့ ရိုက်ခတ်မှုနဲ့အတူ ကျယ်ပြောလာတဲ့ ခေတ်အမြင်အရ အတော်များများ နားလည် ပေးနိုင်ပါပြီ။

ထေရဝါဒ ဘိက္ခုနီသာသနာလည်း မကြာတော့တဲ့ နောင်တစ်ချိန် မှာ အဲဒီလို ဖြစ်လာလေမလား ...။ ပရိယတ္တိ နယ်ပယ်မှာရော ပဋိ ပတ္တိမှာပါ ထင်ရှားတဲ့ ဆရာတော်ကြီးတစ်ပါးက အချိန်တန်သေးဘူးလို့ မိန့်ဖူးပါတယ်။ ဆရာတော်ကြီး မိန့်သလိုဆိုရင်တော့ ထေရဝါဒသံဃာ တော်တွေ အများစု သဘောတူ လက်ခံတဲ့ အချိန်ထိ စောင့်ရဦးမယ် လိုပဲ ဆိုနိုင်ပါလိမ့်မယ်။ □

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

၁) နိုင်ငံရပ်ခြားတွင် တရားမဝင် နေထိုင်သူများသည် **အဒိန္နာဒါန**ကံ မြောက်ပါသလား။

၂) လောင်းကစား ပြုခြင်းသည် အကုသိုလ် ဖြစ်ခြင်းအကြောင်းတွင် ပါဝင်ပါသလားဘုရား။ ကာယဒုစရိုက် သုံးပါးတွင် လောင်းကား ပြုခြင်း အား တားမြစ်ချက်ကို မတွေ့ရပါဘုရား။ တပည့်တော် သိသော ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလများတွင်လည်း တားမြစ်ချက် မပါပါ။ ရဟန်းသီလတွင် လောင်းကစား မပြုရ တားမြစ်ချက် ပါပါသလား။ ရဟန်းများ ထိထိုး၊ ချဲထိုးလျှင် အာပတ်သင့်ပါသလား ဘုရားဘုရား။ လောင်းကစား ပြုလုပ်မှုကြောင့် ရရှိသည့် အပြစ်များကို သိလိုပါသည်။

အေးမြတ်ကို၊ ရန်ကုန်

---

**၁။ ခိုးမှုမြောက်ခြင်း**

ခိုးယူရာမှာ ကံမြောက်ဖို့ အင်္ဂါ ငါးရပ်ရှိတယ်။

(၁) လူဇာတ်ရှိသူ အခြားတစ်ယောက် ပိုင်ဆိုင်တဲ့ ဥစ္စာဖြစ်ခြင်း

(၂) သူတစ်ပါးပိုင်တဲ့ ဥစ္စာဖြစ်တယ်လို့ စိတ်ထဲက သိနေခြင်း

(၃) တစ်မတ်၊ တစ်မတ်ထက် ပိုသော ဥစ္စာ ဖြစ်ခြင်း

(၄) ခိုးယူလိုတဲ့ စိတ်ရှိခြင်း

(၅) ခိုးယူပုံ ၂၅ မျိုးအနက် တစ်မျိုးမျိုးနဲ့ ခိုးယူခြင်း

ဒီငါးမျိုးထဲမှာ နံပါတ်သုံးကတော့ ရဟန်းတစ်ပါး ပါရာဇိကကျစေနိုင်တဲ့ အနည်းဆုံး သတ်မှတ်ချက်ကို ပြလိုတာဖြစ်ပါတယ်။ အမှန်တော့ ဘယ်လောက်ပဲခိုးခိုး ကျန်တဲ့ အင်္ဂါ လေးရပ်နဲ့ ညီရင် ခိုးမှုမြောက်တယ်။

**ခိုးယူပုံ ၂၅ မျိုး**

နားလည်ရုံ ချုပ်ပြီး ပြောပြပါမယ်။ (၁) ကိုယ်မပိုင်တဲ့ ဥယျာဉ် ခြံ ကျောင်းကန် လယ်ယာ စသည်ကို တရားဆင် ယူခြင်း (၂) သူတစ်ပါး

ထည့်ပေးလိုက်တဲ့ ဆောင်းပါးပစ္စည်းကို ယူထားခြင်း (၃) သူတစ်ပါး အပ်နှံထားတဲ့ ဘဏ္ဍာ၊ အိမ်ဂရမ် စသည်ကို မအပ်ပါဘူးလို့ ငြင်းဆိုခြင်း (၄) တ္တရိယာပုတ်ကို ဖျက်ပြီး ခိုးယူခြင်း (၅) နေရာ ရွှေ့ပြီး ခိုးယူခြင်း

(၆) သူ့ကျွန် သူ့မယား သူ့တိရစ္ဆာန်တွေကို တရားဆင်ယူ (၇) သူ တစ်ပါး ထည့်ပေးလိုက်တဲ့ ကျွန် ကျွဲနွားစသည်ကို ယူ (၈) သူတစ်ပါး အပ်နှံထားတဲ့ ကျွန် ကျွဲနွား စသည်ကို မအပ်ပါဘူးလို့ ငြင်းဆို (၉) ယူ ဆောင်လာတဲ့ ကျွန် ကျွဲနွားစသည်ကို တ္တရိယာပုတ် ဖျက်ပြီး ယူ (၁၀) ယင်းတို့ကို ရှိနေတဲ့ နေရာက အခြားနေရာသို့ ရွှေ့ပြီး ယူခြင်း

(၁၁) ကိုယ်တိုင် ခိုးယူခြင်း (၁၂) သူတစ်ပါးကို ခိုးခိုင်းခြင်း (၁၃) ပစ္စည်း ဝတ္ထုကို ပစ်လွှတ်၍ ခိုးယူခြင်း (၁၄) အဆင်ပြေတဲ့ အချိန် နေ့ ရက်မှာ ခိုးချေလို့ စေခိုင်းပြီး ခိုးခြင်း (၁၅) ပိုင်ရှင်အား မရတော့ပြီဟု ဝန်ချစေ၍ ခိုးယူခြင်း

(၁၆) ခိုင်းဆဲခဏမှာ ခိုးမှုမြောက်ခြင်း (မိမိ ခိုင်းသူဟာ အခက် အခဲမရှိဘဲ ခိုးယူနိုင်ရင်) (၁၇) လယ်မြေ အိမ်ခြံတို့ရဲ့ မှတ်တိုင်ကို ရွှေ့ပြီး ခိုးခြင်း (၁၈) လူအများနဲ့ တိုင်ပင် ညီညွှတ်ပြီး ခိုးခြင်း (၁၉) အချိန် နေ ရာစသည်ကို ချိန်းချက်၍ ခိုးခြင်း (၂၀) ခြေဟန်လက်ဟန် ပြ၍ ခိုးခြင်း

(၂၁) ချိန်ခွင်၊ တင်းတောင်း၊ လဲလှယ်နှုန်းကို မမှန်ပြုခြင်း (၂၂) အ တင်းအကြပ် လုယူခြင်း (၂၃) ပစ္စည်းနဲ့ အရပ်ကို သတ်မှတ်ပြီး ခိုးခြင်း (ဥပမာ – ညအမှောင်မှာ ရွှေသားအထင်နဲ့ ခိုးယူခဲ့ပေမယ့် ငွေ သားမှန်း သိလို့ ပြန်ထားရင် ကံမမြောက်၊ ရတာ အကုန်ယူဆိုပြီး ပြန် မထားရင် ကံမြောက်) (၂၄) မြက် သစ်ရွက် စသည်နဲ့ ဖုံးလွှမ်းပြီး ခိုး ခြင်း (၂၅) နာမည် ကမ္ပည်းပြောင်းပြီး ခိုးယူခြင်း

**အိုဗာစတေးများ**

ခိုးယူပုံ ၂၅ မျိုး အနက် (၁၃)ခုမြောက် ခိုးယူပုံမှာ သုက်ဃာတ (အခွန် ရှောင်ခြင်း)ဆိုတာ ပါတယ်။ နားလည်အောင် ပြောပြရရင် … လူတစ် ယောက် သိန်းနှစ်ဆယ်တန် စိန်ထုပ်ကို တစ်ဖက်နိုင်ငံက ဝယ်လာပြီး နယ်စပ်မှာ မြန်မာအခွန်ဌာကို ပေးရမယ့် ဆယ်သိန်းကို တစ်နည်းနည်း

နဲ့ ရှောင်တယ် (ဥပမာ ... အဲဒီ စိန်ထုပ်ကို မြန်မာနိုင်ငံဖက်မှာ ရှိနေသူဆီ အခွန်ကောက်သူတွေ မသိအောင် ပစ်ပေးလိုက်တယ်။ ကိုယ်နဲ့တော့ ဘာပစ္စည်းမှ ပါမလာလို့ အခွန်ဆောင်စရာ မလိုဘူး)။

နိုင်ငံခြားက အိုဗာစတေးနဲ့ ပတ်သက်ရင် ပထမ ကံမြောက် အင်္ဂါရပ် ငါးပါးနဲ့ ညီးရဲ့လားလို့ စဉ်းစားပြီး၊ ခိုးပုံ ၂၅ မျိုးထဲမှာ ထည့်သွင်းကြည့်နိုင်တယ်။ သူတို့နိုင်ငံမှာ ဆက်လက် နေထိုင်ခွင့် မပေးတဲ့အတွက် အိုးဗာစတေး ဖြစ်သွားရာကနေ သူတို့နိုင်ငံရဲ့ (လောကီ) ဥပဒေအရ ဗီဇာကြေး (သို့မဟုတ် လူခွန်)ကို တရားဝင် ပေးခွင့်မရှိတော့လို့ သုကဃာတ (အခွန်ရှောင်) ခိုးခြင်းနဲ့ ငြိနိုင်ဖွယ်ရှိတယ်။ ဒါပေမယ့် လာစစ်လို့မိရင် ပြန်ပို့ခံရမှာကို ကြောက်တာက လွဲလို့ ခိုးလိုတဲ့စိတ်မှ မရှိဘဲ။ ကိုယ့်ရည်ရွယ်ချက်က နိုင်ငံခြားမှာ အလုပ်လုပ်ပြီး ငွေရှာရုံပါပဲ။ ပစ္စည်းဝယ်ရင် သူတို့နိုင်ငံကို အခွန်ပေးတာပဲ။ ဗီဇာကြေး တောင်းရင် ပေးမယ်လို့ စိတ်ထဲမှာ ရှိနေရင် ကံမမြောက်ပါဘူး။ ဗီဇာကြေး မပေးချင်လို့၊ မပေးနိုင်လို့ ဗီးဇာကြေးကို ရှောင်ပြီး ခိုးနေရင်တော့ ကံမြောက်တယ်။

**၂။ လောင်းကစား**

အာဇီဝဋ္ဌမကသီလ ၈ ပါးမှာ သုရာမေရယ မပါပေမယ့် အရသာဆိုတဲ့ ကာမအာရုံကို မှားယွင်းစွာ ကျင့်သုံးမှုဖြစ်လို့ ကာမေသု မိစ္ဆာစာရမှာ သွင်းတယ် (ဋီကာကျော်၊ စာ-၁၇၂)။ လောင်းကစားကို ဘယ် ဒုစရိုက်မှာ သွင်းယူတယ်ဆိုတာကိုတော့ မတွေ့ဖူးဘူး။ ဒါပေမယ့် မျက်စိ နားနှာ လျှာ ကိုယ် စိတ်ဆိုတဲ့ အာရုံတွေရဲ့ ခံစားမှုနောက်ကို မှားယွင်းစွာ လိုက်တာဖြစ်လို့ ကာမေသု မိစ္ဆာစာရမှာပဲ သွင်းယူနိုင်ဖွယ် ရှိပါတယ်။

လောင်းကစားသူတွေဟာ ဝတ်ထားတဲ့ အဝတ်ကိုတောင် ချွတ်ပြီး လောင်းတဲ့အထိ အပျော်ကြူးတယ် (သုတ္တနိ-ဌ ၁၊ ၁၅၄)။ လောင်းကစားလုပ်ရင် ကုသိုလ်ကောင်းမှုတွေ အကျိုးပေးခွင့် မကြုံတော့ ဘူး (အဘိ-ဌ ၂၊ ၄၂၀)။ အရက်သောက်လိုက်တာနဲ့ အကုသိုလ် ဆိုးကျိုးတွေ ဝင်လာဖို့ တံခါးခွင့်လိုက်သလို လောင်းကစား လုပ်သူလည်း လိမ်ညာ ခိုးဝှက်ဖို့ ဝန်မလေးတော့ဘူး။ ဒါကြောင့် ကုသိုလ်ဖြစ်အောင်

ကျင့်ကြံနေထိုင်သူ ဗုဒ္ဓဝါဒီအဖို့ လောင်းကစားမှုကို လုံးဝ တားမြစ်ပြီး သားပဲလို့ မှတ်ပါ။

**ရဟန်းသီလ**

ရဟန်းသီလထဲမှာ လောင်းကစား မလုပ်ရဘူးရယ်လို့တော့ အတိအကျ မတွေ့ဖူးသေးဘူး။ ဒါပေမယ့် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် ပါပြီးဖြစ်လို့ ဒီကိစ္စ ဆိုဖွယ် မရှိနိုင်ပါဘူး။ ရဟန်းတွေ ထီမထိုးရ ချဲမထိုးရလို့ သိက္ခာပုဒ် တိုက်ရိုက်လည်း မတွေ့ဖူးဘူး။ ငွေကြေး မကိုင်ရ၊ စီးပွားရေး အရောင်းအဝယ် မလုပ်ရဆိုတဲ့ နိဿဂ္ဂိယ သိက္ခာပုဒ်ထဲမှာတော့ သွင်းယူနိုင်ဖွယ် ရှိတယ်။

လူတွေ လောင်းကစား မလုပ်အောင် ဗုဒ္ဓတရားနဲ့ လမ်းညွှန်ဖို့ တာဝန်ရှိတဲ့ ရဟန်းမြတ်အနေနဲ့ လူရှေ့မှာ ချဲတွက်နေရင်၊ လူတွေနဲ့ရောပြီး ထီကိစ္စ၊ ချဲကိစ္စကို အားပေး နေရင် အဘယ် သင့်နိုင်ပါ့မလဲ။ အဲဒီလို ရဟန်းတွေနဲ့ တွေ့ရင် ဆရာတင်ပြီး မကိုးကွယ်ပါလေနဲ့။ ဩောင်း .. နမော၊ ဒူရေ ဒူရေ .. ဝေးဝေးက ရှောင်ပါလေ။ □

## ဘာသာရေး ဗဟုသုတ

ရှိသေစွာလျှောက်ထားအပ်ပါသည် ဘုရား၊

တရားစာအုပ်တစ်ခုတွင် 'ရှေးဘဝ နောက်ဘဝ ရှိ၏ဟု ယူဆခြင်းသည် ဗုဒ္ဓဝါဒအရ ဒိဋ္ဌိအယူဖြစ်ကြောင်း' ဥပမာများနှင့် ရှင်းလင်း ရေးထားသည်ကို ဖတ်ရှုရပါသည်။ စာအုပ်အမည်မှာ 'ရှေးဘဝ နောက်ဘဝ ဗုဒ္ဓမဝေဖန်နှင့် အခြားဆောင်းပါးများ (ဒုတိယအကြိမ်)' ဖြစ်ပါသည်။ ထိုစာအုပ်တွင် ရှေးဘဝ နောက်ဘဝ ရှိခြင်း မရှိခြင်း၊ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်၊ တစ်ချို့တွင် ရှိပြီး တစ်ချို့တွင် မရှိခြင်းတို့သည်

ဗုဒ္ဓ လက်ထက်တော်က အခြားသော မိစ္ဆာဒိဋ္ဌိတို့၏ အယူဝါဒဖြစ်၍ မြတ်ဗုဒ္ဓ လက်ခံတော် မမူကြောင်း ရှင်းပြထားပါသည်။

ဗုဒ္ဓဝါဒ အစစ်အမှန်အရ ယခုမျက်မှောက်ဘဝ အပြင် ယခင်ဘဝများနှင့် နောင်ဘဝများ ရှိသည်ဟု တပည့်တော် နားလည်ထားပါသည်။ ရှေး (အတိတ်) ဘဝနှင့် နောင် (အနာဂတ်) ဘဝကို ဗုဒ္ဓ ငြင်းပယ်သည် ဆိုခြင်းနှင့် ပတ်သက်၍ ဖော်ပြပါစာအုပ်၌ ရှင်းပြသလို ဟုတ် မဟုတ် သိလိုပါသည် အရှင်ဘုရား။

ဟိန်းထက်အောင်

-----------------

**ဗုဒ္ဓဝါဒီရဲ့ ယုံကြည်မှု (၁၀)မျိုး**

မြတ်ဗုဒ္ဓ ဟောကြားတတဲ့ ထိုထို နိကာယ်ပါဠိတော်တွေမှာ သမ္မာဒိဋ္ဌိ (မှန်သောအမြင်) ဆိုတာကို ဒီလို ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။ ဗုဒ္ဓဝါဒီတွေရဲ့ အခြေခံ ယုံကြည်ချက် (၁၀)မျိုးလို့လည်း ခေါ်နိုင်ပါတယ် ...

(၁) အလှူဒါနပြုရင် ကောင်းကျိုးကို ခံစားရတယ်၊

(၂) ပူဇော်မှုရဲ့ အကျိုး ရှိတယ်၊

(၃) လက်ဆောင် ပေးကမ်းပူဇော်မှုရဲ့ အကျိုးရှိတယ်၊

(၄) ကုသိုလ် အကုသိုလ်တို့ရဲ့ ကောင်းကျိုး ဆိုးပြစ် ရှိတယ်၊

(၅) မိခင်ကို လုပ်ကျွေးရင် ကောင်းကျိုး ရတယ်၊ ပြစ်မှားရင် ဆိုးကျိုး ရတယ်၊

(၆) ဖခင်ကို လုပ်ကျွေးရင် ကောင်းကျိုး ရတယ်၊ ပြစ်မှားရင် ဆိုးကျိုး ရတယ်၊

(၇) လူတို့ မမြင်နိုင်တဲ့ ငရဲ၊ ပြိတ္တာ၊ နတ်၊ သိကြား၊ ဗြဟ္မာဆိုတဲ့ ဩပပါတိက သတ္တဝါတွေ ရှိတယ်၊

(၈) ဒီမျက်မှောက် ဘဝရှိတယ်၊

(၉) သေပြီး နောက်ဘဝ တမလွန်လောက ရှိတယ်၊
(၁၀) ကောင်းစွာ ကျင့်ကြံနေကြတဲ့ သမဏ ဗြာဟ္မဏတွေ ရှိတယ်၊ ၎င်းတို့က ဒီဘဝ တမလွန်ဘဝကို ကိုယ်တိုင် သိမြင်ပြီး လူတွေကို ပြန်လည် ဟောပြတယ် (မ ၁၊ ၃၅၁။ သံ ၂၊ ၅၂၆။ အံ ၁၊ ၂၇၂)။

**တရားစာအုပ် မဟုတ်**

'ရှေးဘဝ နောက်ဘဝရှိ၏ဟု ယူဆခြင်းသည် ဗုဒ္ဓဝါဒအရ ဒိဋ္ဌိအယူဖြစ်ကြောင်း' မေးခွန်းရှင် အနေနဲ့ အမှန်တကယ် ဖတ်ရတယ် ဆိုရင် အဲဒီစာအုပ်ဟာ 'သုံးဆယ့်တစ်ဘုံဝါဒ ဗုဒ္ဓလက်မခံ'လို့ ဆိုတာနဲ့ အတူတူဖြစ်ပါတယ်။ အဲဒီဆိုရင် ဘုန်းကြီး ထပ်ရှင်းစရာ မလိုတော့ပါဘူး။ လူသေလူဖြစ်ဝိနိစ္ဆယကျမ်းကိုပဲ ရှာဖွေ ဖတ်ရှုပါလေ။ အကယ်၍ 'တရား' ဆိုတဲ့ စကားလုံးကို 'ဗုဒ္ဓရဲ့တရား'လို့ ရည်ရွယ်ခဲ့ရင် မေးခွန်းရှင် အနေနဲ့ ထိုစာအုပ်ကို တရားစာအုပ်လို့ မခေါ်သင့်ဘူး။ ဘာကြောင့်ဆို ဗုဒ္ဓ ရှင်တော်မြတ်က အဲဒီလိုမှ မဟောဘဲ။ အဲဒါကြောင့် ဗုဒ္ဓ တရားမှ မဟုတ်ဘဲ။

စာပေ လွတ်လပ်မှု သဘောအရ ရေးသူဟာ ရေးခွင့်ပေမယ့် ဗုဒ္ဓမဟောတာကို ဟောသယောင်တော့ မလုပ်နဲ့ပေါ့။ ဦးပွဲဟာ ဗုဒ္ဓဟောတဲ့ သုံးဆယ့်တစ်ဘုံ၊ နောက်ဘဝ ဆိုတာတွေကို မယုံဘူး။ ဗုဒ္ဓသိတာထက် ဦးပွဲက ပိုသိတာမို့ ဦးပွဲရဲ့ ဝါဒပါလို့ လုပ်ပေါ့။ ဘာကြောင့် ဗုဒ္ဓရဲ့ ခြေဖွေးတော်မှာ ခိုကပ်ပြီး မြတ်ဗုဒ္ဓကို စော်ကားနေရတာလဲ။

**ဘာသာရေး စတန့်လော**

တစ်ခါက ဘုန်းကြီး လူထွက် တစ်ယောက်က သူ့စာအုပ်ကို 'ဂေါတမဗုဒ္ဓသည် မြန်မာပြည်သား'လို့ စာအုပ်ခေါင်းစဉ် တပ်မယ်လို့ ပြောနေသံကို ကြားတော့ မိတ်ဆွေ ဘုန်းကြီးက 'ဘာဖြစ်လို့လဲ'လို့ မေးတယ်။ ဒီတော့ သူပြောပုံက 'လူတွေ စိတ်ဝင်စားအောင် လို့ပါ။ ဒီလိုလုပ်လိုက်ရင် လူတွေ ဒီစာအုပ်ကို မဝယ်ရင်တောင် အနည်းဆုံးတော့ ဘာလဲဆိုပြီး ကိုင်ကြည့်ချင်မှာပေါ့'တဲ့။ နာမည် ကြီးအောင်၊ စာအုပ်ကို ရောင်းရအောင် အဲဒီလို စတန့်ထွင်တာလေးတွေ ရှိတတ်ပါတယ်။

'အကြံကုန် ဂဠုန်ဆားချက်' ဆိုတဲ့အတိုင်း လူတွေဟာ ဆင်းရဲချွတ်ခြုံကျလာတဲ့အခါ ကြံမိကြံရာ လုပ်တတ်တဲ့ သဘောရှိပါတယ်။ ဒီထက် မပိုနိုင်ပါဘူး။ ဘာကြောင့်ဆို ထိုစာရေးသူအနေနဲ့ ဗုဒ္ဓ မဟောတာကို ဟောပါတယ်လို့ အမျိုးမျိုး လုပ်ကြံပြီး လိုရာဆွဲ ရေးရတော့မှာပဲ။ အဲဒီလို ရေးနေဆဲမှာ သူ့စိတ်ထဲမှာ ဘယ်လို ရှိနေမလဲ။ ◻

## ဘဝလမ်းညွှန်

ရှိသေစွာ မေးလျှောက်အပ်ပါသည် အရှင်ဘုရား၊

ဝါဆိုသင်္ကန်း လှူဒါန်းခြင်း၊ စာရေးတံမဲ လှူဒါန်းခြင်းစသည်ကို ပြုပါက အပါယ်တံခါး ပိတ်သည်ဟု ဆိုရာတွင် သေပြီးနောက် အပါယ်မကျခြင်းလော၊ တစ်သံသရာလုံး အပါယ်တံခါး ပိတ်သွားခြင်းလော ဆိုသည်ကို သိလိုပါသည်။ ထို့ပြင် ဒါနထက် သီလက သာသည်၊ သီလထက် ဘာဝနာက သာသည်၊ သမထထက် ဝိပဿနာက သာသည်ဟုလည်း မှတ်သားဖူးပါသည်။ ဗုဒ္ဓသာသနာသည် ဒါနလား၊ သီလလား၊ သမထလား၊ ဝိပဿနာလား ဆိုသည်ကို ကွဲပြားစွာ သိလိုပါသည် အရှင်ဘုရား။

အေးမြတ်ကို၊ ရန်ကုန်

---

### ကြည်ညိုစိတ်

သေခါနီးမှာ စိတ်ကြည်လင်ပြီး မိမိလုပ်ဖူးတဲ့ ကောင်းမှုတစ်ခုကို သတိရနိုင်ရင် ဘဝကူးကောင်းဖို့ အထောက်အပံ့ ပြုပါတယ်။ ပုထုဇဉ်ဘာဝ အများအယွင်း သို့မဟုတ် အနန္တရိယကံ (မိဖသတ်ခြင်းစတဲ့ ကုစားလို့

မရတဲ့ကံ) မဟုတ်တဲ့ သာမန် အကုသိုလ်တွေကို လုပ်မိတတ်တာပါပဲ။ ဒါပေမယ့် တစ်ခါတစ်ရံ သေခါနီး အထူးရည်ညွှန်းပြီးပြုတဲ့ ကုသိုလ်က အဲဒီလုပ်ထားမိတဲ့ အကုသိုလ်ထက် အင်အား ကောင်းသွားပြီး ဘဝ ကောင်းကို ပေးစွမ်းနိုင်တယ်လို့ ဗုဒ္ဓဒဿနမှာ ရှိပါတယ်။ သံဝေဇနိယ လေးဌာနကို ဘုရားဖူးသွားသူဟာ ကြည်ညိုသဒ္ဓါစိတ်တွေ တဖွားဖွား ဖြစ်တယ်။ အဲဒီစိတ်နဲ့ သေလွန်ရင် သုဂတိရောက်တယ် သို့မဟုတ် အပါယ်တံခါး ပိတ်တယ်လို့ မြတ်ဗုဒ္ဓ ဟောတော်မူပါတယ်။

## ဒုတိယဘဝ

အပါယ်တံခါးပိတ်ဆိုတဲ့ အဓိပ္ပာယ်က သေပြီးနောက် ဆင်းရဲတဲ့ ဘဝမျိုးကို မရောက်ဘူးလို့ ဆိုလိုတယ်။ ဝါဆိုသင်္ကန်းစတဲ့ အလှူတွေကို လှူဆဲခဏမှာ ဖြစ်ပေါ်တဲ့ တဒင်္ဂ စိတ်ကြည်နူးမှုကို မကြာမကြာ ပြန် သတိရနေမယ်၊ တစ်သက်လုံး အမှတ်ရသွားစေပြီး စိတ်ကို အလွန် ညစ်ကျူစေတဲ့ အကုသိုလ်ကံတွေကို မကျူးလွန်မိအောင်လည်း နေမယ် ဆိုရင် အဲဒီလူဟာ ယခုဘဝ ကွယ်လွန်ပြီး ဒုတိယဘဝမှာ အပါယ်ကျ နိုင်ခြေ နည်းသွားမယ်။ ဒါပေမယ့် ဘဝသံသရာ တစ်လျှောက်လုံး အပါယ်တံခါး ပိတ်တယ်လို့တော့ မဆိုနိုင်ဘူး။ ယခင် လုပ်ထားဖူးတဲ့ အကုသိုလ် ကံကြွေးတွေဟာ ယင်းတို့ကို အရိယမဂ်နဲ့ မဖြတ်နိုင်သေး သရွေ့ ဘဝသံသရာမှာ မြုပ်ချည်ပေါ်ချည်ဖြစ်အောင် လုပ်ပေးနေအုံး မှာပဲ။ ဒါကြောင့် ဝါဆိုသင်္ကန်း လှူထားလို့ အပါယ်တံခါး ပိတ်ပြီဆိုပြီး ဒုစရိုက်တွေကို မလုပ်မိပါစေနဲ့။

## ကောင်းမှု ၆ မျိုး

သရဏဂုံနဲ့ ငါးပါးသီလမြဲခြင်း၊ စာရေးတံမဲ အလှူ၊ အမြဲတမ်း သံဃာ့ ဆွမ်း အလှူ၊ ဝါဆိုသင်္ကန်းနဲ့ သောက်ရေကန် အလှူတွေဟာ အလှူရှင် ရဲ့ စိတ်ကို ပိုပြီး ဆွဲဆောင်တတ်တဲ့ သဘောရှိလို့ ကျမ်းဂန်မှာ အထူး ဖော်ပြတာ ဖြစ်မယ်လို့ ထင်ပါတယ်။ သေခါနီးမှာ ဘုရားပန်းလေး ကပ် လှူပြီး အဲဒီအာရုံနဲ့ သေသွားလို့ ဘဝကောင်းတစ်ခုရဲ့ တံခါး ပွင့်သွားတဲ့

သာဓကတွေကို ထောက်ရင် မိမိရဲ့ စိတ်အာရုံမှာ အထူးစွဲထင်းသွားတဲ့ ဘယ်အလှူမဆို အပါယ်တံခါးကို ပိတ်စေနိုင်တဲ့ သတ္တိရှိပုံရပါတယ်။ ဒါကြောင့် အလှူရှင်ဟာ မလှူမီ လှူဆဲ လှူပြီးကာလတွေမှာ မိမိရဲ့အလှူကို အာရုံယူပြီး စိတ်ကြည်နူးနိုင်အောင် ကြိုးစားသင့်ပါတယ်။ မိမိရဲ့ကောင်းမှုကို မေ့ပျောက် မပစ်သင့်ဘူး။

**ဒါန**

ဒါနဟာ သစ္စာဓမ္မ လမ်းစဉ်ကို လျှောက်လှမ်းရာမှာ ပထမဆုံး အခြေခံ ကိုယ်ကျင့်တရား ဖြစ်တယ်။ ဒါနပြုသူဟာ မိမိနှစ်သက် မြတ်နိုးတဲ့ ပစ္စည်းကို စွန့်လွှတ်ဖြစ်အောင် လှုံ့ဆော်တဲ့ သတ္တိ(စေတနာ)က ကောင်းကျိုး ပေးတယ်လို့ ယုံကြည်တယ်။ လှူဒါန်းလိုက်ရလို့ ကုန်မသွားဘူး၊ ဇါတို့ အရင်းအနှီးစုတာ(နိဓိကဏ္ဍ)ပဲလို့ နားလည်ပြီး အောင်မြင်စွာ လှူဒါန်းနိုင်အောင် လေ့ကျင့်တယ်။ ပြီးတော့ ဘဝပြဿနာ အထွေထွေကို ဖြစ်ပေါ်စေတဲ့ အလိုရမ္မက်ဆိုးကို နှိမ်နင်းတဲ့ သဘောလည်း ပါတယ်။ ဒ့်အပြင် ပစ္စည်းဥစ္စာဆိုတာ အစိုးမရဘူး၊ ပျက်စီး ဖောက်ပြန်တတ်တဲ့ သဘာဝရှိလို့ အဲဒီပစ္စည်းဥစ္စာထဲက ဒါနဆိုတဲ့ အနှစ်သာရကို ထုတ်ယူတာလည်း ဖြစ်တယ်။

**သီလ**

သီလဆိုတာက ကိုယ်နှုတ်စိတ်ကို အလိုမလိုက်ဘဲ ထိန်းစောင့်တာ။ ဒီလို စောင့်ထိန်းရင်း ဘဝဒုက္ခကို ဖြစ်ပေါ်စေတဲ့ စိတ်ဆိုး အမျက်ဒေါသကို အဒေါသလို့ခေါ်တဲ့ မေတ္တာနဲ့ ထိန်းချုပ်တယ်။ ဒုက္ခရောက်နေသူနဲ့ တွေ့တဲ့အခါ မျက်နှာလွှဲ မသွားလိုဘဲ လက်တွေ့ ကူညီတတ်တဲ့ ကရုဏာ၊ အဆင်ပြေနေသူတွေအပေါ် ဝမ်းသာနိုင်တဲ့ မုဒိတာ၊ ဆင်းရဲချမ်းသာ မခွဲခြားတဲ့ ဥပေက္ခာဆိုတဲ့ တရားသုံးပါးနဲ့ မေတ္တာကို ထောက်ကန်ထားပြီး ဒေါသကို ထိန်းနိုင်ရင် သီလ လုံတယ်။ လူ့ဘဝဆိုတာ ရောဂါတမျိုးမျိုးနဲ့ နှိပ်စက်ခံရတဲ့ သဘာဝရှိလို့ သီလကျင့်စဉ်ဆိုတာ အသက်ရှင်နေတဲ့ လူ့ဘဝဆီက ထုတ်ယူတဲ့ အနှစ်သာရပဲ။

**ဘာဝနာ**

ဘာဝနာဆိုရာမှာ သမထနဲ့ ဝိပဿနာလို့ နှစ်မျိုး ရှိတယ်။ ဒီနှစ်မျိုးလုံးက စိတ်ကို စည်းကမ်း သတ်မှတ်၊ လေ့ကျင့် သင်ကြားပေးတဲ့ နည်းစနစ် ချည်းပါပဲ။ သမထရဲ့ ပန်းတိုင်က ဈာန်တရားကိုရဖို့၊ ဝိပဿနာကတော့ သဘာဝမှန်ကို သိမြင်လို့ ကိလေသာ အမြစ်ပြတ်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ထူးကို ရဖို့ ဖြစ်ပါတယ်။ ဈာန်ရရုံနဲ့ ကိလေသာ အမြစ်မပြတ်လို့ ဘဝသံသရာက မလွတ်သေးဘူး။ ဒီဘဝမှာ စိတ်ငြိမ်းချမ်းဖို့ ဘာဝနာ တစ်ခုခုကို ပွားများသင့်တာချည်းပဲ။ ဒါကြောင့် သင်္ဂြိုဟ်ကျမ်းမှာ 'ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊ ဘာဝနာဒွယ မုတ္တမံ = မွန်မြတ်တဲ့ ဒီဘာဝနာ နှစ်မျိုးကို ပွားများကြပါလေ'လို့ တိုက်တွန်းပါတယ်။

**သုံးမျိုးပေါင်း တစ်ခု**

အဲဒီ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို လေ့လာကြည့်ရင် ဒါနသီလဘာဝနာ သုံးမျိုးလုံးက ဗုဒ္ဓဝါဒီတို့ရဲ့ ဘဝလမ်းညွှန် ကျင့်စဉ်ဖြစ်ကြောင်း နားလည်နိုင်ပါတယ်။ သာမန် သမ္မုတိသစ္စာ နယ်မှာတော့ ဘယ်အရာက အရေးကြီးတယ် မကြီးဘူးလို့ ဆိုခွင့် ရှိနိုင်ပါတယ်။ ဒါပေမယ့် အရေးကြီးလို့ အဲဒါကိုပဲလုပ်၊ ကျန်တာကို မလုပ်နဲ့ဆိုတဲ့ အဓိပ္ပာယ်မျိုး မဟုတ်ဘူး။ ဒါကြောင့် ဗုဒ္ဓဝါဒဟာ ဒါနလား၊ သီလလား၊ ဘာဝနာလားလို့ မေးခွင့် မရှိဘူး။ ဘာကြောင့်ဆို ဒီကျင့်စဉ် သုံးမျိုးလုံးက တစ်ခုနဲ့တစ်ခု အမှီသဟဲပြုပြီး သုံးမျိုးပေါင်း ကျင့်စဉ်တစ်ခု ဖြစ်နေလို့ပါပဲ။ ☐

ဒါနသီလာ၊ ဘာဝနာ၊ နင်သာပြုသင့်သည်။
ဇာတိဇရာ၊ မရဏာ၊ မကြာနင်တွေ့မည်။

# သင်္ခါရ၊ ဥပါဒါနက္ခန္ဓာ၊ ဓမ္မာနုပဿနာ

ရှိသေစွာ မေးလျှောက်အပ်ပါသည် အရှင်ဘုရား၊

(၁) အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသည်ဖြင့် ဆိုရာတွင် သင်္ခါရဟူသည် ပစ္စုပ္ပန် ဘဝခန္ဓာကို ရစေသည့် အတိတ်က အားထုတ်မှု (အတိတ်ကံ) ကို ဆိုလိုပြီး ယင်းသည် ဥပါဒါနပစ္စယာ ဘဝေါ အရတွင်ပါသည့် ကမ္မဘဝနှင့် သဘောချင်းတူသည်ဟု ယူဆပါသည်။ တစ်ဖန် ပဉ္စုပါဒါနက္ခန္ဓာတွင် ပါဝင်သည့် သင်္ခါရုပါဒါနက္ခန္ဓာကိုလည်း အတိတ်ကံကြောင့် ရသည့် အကျိုးဟု ယူဆပါသည်။ မှန်နိုင်ပါသလား။

(၂) ဓမ္မာနုပဿနုပဿနာ၏ အကျယ် ရှင်းပြချက်ကို မလေ့လာဖူးပါ။ သို့ဖြစ်၍ ဓမ္မာနုပဿနာအကြောင်းကို ရှင်းပြပေးစေလိုပါသည်။

ဝေယံ

---

မေးခွန်း (၁) ကို မရှင်းပါ။ ဒါပေမယ့် မေးခွန်းနဲ့ ပတ်သက်နိုင်တယ်လို့ ယူဆရတာလေးတွေကို ဘုန်းကြီး ဉာဏ်မီသမျှ ပြောပြလိုက်ပါတယ်။ ဘုန်းကြီး အကြံပေးလိုတာက ပုဂ္ဂိုလ်အချို့ရဲ့ မိမိဟောပြောမှုသည်သာ မှန်လှချည့်ရဲ့လို့ ချဲ့ထွင် ဟောပြောတာတွေကို နာယူလေ့လာရုံမကဘဲ အခြေပြုသင်္ဂြိုဟ်၊ သင်္ဂြိုဟ်ဘာသာဋီကာ၊ မြို့ပြင်ကြီးသင်္ဂြိုဟ်အရကောက်၊ ပရမတ္ထသရုပဘေဒနီ (ဝိသုဒ္ဓါရုံဆရာတော်)၊ လယ်တီဒီပနီကျမ်းစာတော်များ စတာတွေကိုလည်း ရှာဖွေ ဖတ်ရှုသင့်ကြောင်းပါ။

**သင်္ခါရ**

(၁) အဝိဇ္ဇာပစ္စယာ သင်္ခါရာ = အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်။ အဝိဇ္ဇာ ဆိုတာ သဘာဝမှန်ကို မသိတဲ့ မောဟ စေတသိက်။ သင်္ခါရဆိုတာ (၁)

ကာမကုသိုလ် ၈၊ ရူပကုသိုလ် ၅ ပါးနဲ့ အတူဖြစ်တဲ့ ကုသိုလ်စေတနာ ၁၃ ပါး (ပုညာဘိသင်္ခါရ) (၂) အကုသိုလ်စိတ် ၁၂ နဲ့ အတူဖြစ်တဲ့ စေတနာ ၁၂ ပါး (အပုညာဘိသင်္ခါရ) (၃) အရူပကုသိုလ် ၄ ပါးနဲ့ အတူ ဖြစ်တဲ့ စေတနာ ၄ ပါး (အာနေဉ္ဇာဘိသင်္ခါရ)။ သတ္တဝါတွေဟာ အဝိဇ္ဇာ မကင်းနိုင်လို့ အဲဒီ သင်္ခါရသုံးမျိုးကို ပြုလုပ်မိတယ်။ အဝိဇ္ဇာအကြောင်းခံ နဲ့ အကုသိုလ်မှုကို ပြုကြသလို အဝိဇ္ဇာကိန်းနေသူ ပုထုဇဉ်တို့ လောကီ ကုသိုလ်ကို ပြုရင်လည်း အတွင်းမှာ အဝိဇ္ဇာကိန်းနေတဲ့အတွက် အဝိဇ္ဇာ ကြောင့် ပြုတယ်လို့ပဲ ဆိုရတယ်။ ဒီမှာပါတဲ့ သင်္ခါရက အကျိုးသင်္ခါရ။

**သင်္ခါရပစ္စယာ ဝိညာဏံ** = သင်္ခါရကြောင့် ဝိညာဏ်ဖြစ်။ ဒီမှာပါတဲ့ **သင်္ခါရ**ဆိုတာ မဂ်ပယ်ထားတဲ့ အကုသိုလ်က အဟောသိကံ၊ ကုသိုလ် အဘိညာဉ်၊ ပဋိသန္ဓေအခါ ဥဒ္ဓစ္စသဟဂုတ်ကြဉ်သော ဖော်ပြပါ ကုသိုလ် အကုသိုလ်စိတ် ၂၉ နဲ့ အတူဖြစ်တဲ့ စေတနာ ၂၉ ပါး။ ဝိညာဏ်ဆိုတာ အဲဒီ စေတနာ၂၉ ပါးကြောင့် ဖြစ်ရတဲ့ လောကီဝိပါက် ၃၂ ပါး။ အဲဒီ စေတနာ ၂၉ ပါး သင်္ခါရတရားဟာ ပဋိသန္ဓေအခါမှာ ပဋိသန္ဓေ ဝိပါက် စိတ် ၁၉ ပါးနဲ့ ပဝတ္တိအခါမှာတော့ အခြေအနေအရ စက္ခုဝိညာဏ်စတဲ့ အခြားသော ဝိပါက်စိတ်တွေကို ဖြစ်ပေါ်စေတယ်။ ဒီမှာပါတဲ့ သင်္ခါရက အကြောင်း သင်္ခါရ။

(အဖွင့်ကျမ်းတွေမှာ သင်္ခါရကို သရုပ်ကောက်ယူပုံ ခြားနားမှုလေး တွေ ရှိတယ်။ ဒီမှာတော့ ပရမတ္ထသရူပဘေဒနီကျမ်း (တွဲ ၁၊ စာ ၃၃၆။ ၃၄၅)နဲ့အညီ ကောက်ယူထားတာပါ။)

## မယူရ

အနိစ္စာ ဝတ သင်္ခါရာ မှာပါတဲ့ သင်္ခတသင်္ခါရ၊ ဝိပါက် ကဋတ္တာရုပ်ဟူ သော အဘိသင်္ခတသင်္ခါရ၊ ကာယိက စေတသိက ဝီရိယဟူသော ပယောဂါဘိသင်္ခါရ၊ ယမိုက်ပါဠိတော်မှာ လာတဲ့ အဿာသ ပဿာသ (ထွက်လေ ဝင်လေ)ဟူသော ကာယသင်္ခါရ၊ ဝိတက် ဝိစာရဟူသော ဝစီသင်္ခါရ၊ ကြွင်းတဲ့ စေတသိက်ဟူသော စိတ္တသင်္ခါရတို့ကို ဒီနေရာမှာ သင်္ခါရလို့ မယူရ (ယင်း၊ ၃၃၆)။

## ဥပါဒါနက္ခန္ဓာ

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရား လေးပါးကို ခန္ဓာလို့ သာမန်ပြောရင် ရုပ် ၂၈ သည် ရူပက္ခန္ဓာ၊ ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာ၊ သညာစေတသိက်သည် သညာက္ခန္ဓာ၊ ကျန် စေတသိက် ၅၀ သည် သင်္ခါရက္ခန္ဓာ၊ စိတ် ၈၉ (အကျယ် ၁၂၁)သည် ဝိညာဏက္ခန္ဓာ၊ နိဗ္ဗာန်ကိုတော့ ခန္ဓာလို့ မဆိုရ။ ဥပါဒါနက္ခန္ဓာလို့ ပြောရင်တော့ လောကီတရားလောက်ကိုပဲ ယူရတယ်။ ဒါကြောင့် ရုပ် ၂၈ သည် ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနာသေည် ဝေဒနုပါဒါနက္ခန္ဓာ၊ သညာသည် သညုပါဒါနက္ခန္ဓာ၊ ကျန်စေတသိက် ၅၀ သည် သင်္ခါရုပါဒါနက္ခန္ဓာ၊ လောကီစိတ် ၈၁ သည် ဝိညာဏုပါဒါနက္ခန္ဓာ။ (နိဗ္ဗာန်က ဥပါဒါနက္ခန္ဓာထဲမှာ ပါကို မပါတော့ဘူး။)

"ခန္ဓာဖွဲ့နိုင်သမျှ လောကီ လောကုတ္တရာတရား အားလုံးကို ပြတော်မူလိုတဲ့အတွက် ခန္ဓာကို မြတ်ဗုဒ္ဓ ဟောတော်မူတယ်။ ကမ္မဋ္ဌာန်း အာရုံအနေနဲ့တော့ လောကီခန္ဓာများသာ ဖြစ်နိုင်လို့ ဥပါဒါနက္ခန္ဓာလို့ အမည် တစ်မျိုးနဲ့ ဟောတော်မူရပြန်ပါတယ် (ပရမတ္ထဒီပနီ၊ စာ၊ ၃၆၂)"။

## ဓမ္မာနုပဿနာ

ဓမ္မာနုပဿနာရဲ့ အဓိပ္ပာယ်ကို တရားကြားကြား ထိုင်ဖူးမှ နားလည်နိုင်တယ်။ အမြွက်လောက် ပြောပြပါမယ်။ ဓမ္မပုဒ်အရ ရုပ် နာမ်နှစ်မျိုးလုံးကို ယူရတဲ့အတွက် ကာယ၊ ဝေဒနာ၊ စိတ္တ သုံးမျိုးလုံး ပါသွားပြီ။ ဥပမာ ခန္ဓာငါးပါးထဲက ဤခန္ဓာကိုယ်ကို ရှုရင် ကာယာနုပဿနာ၊ ဤခန္ဓာကိုယ်ဟာ ရုပ်တရားဖြစ်လို့ ဓမ္မာနုပဿနာလည်း မည်တယ်။ ဝေဒနာက္ခန္ဓာကို ရှုရင် ဝေဒနာ နုပဿနာ၊ ဝေဒနာဟာ နာမ်တရားဖြစ်လို့ ဓမ္မာနုပဿနာ။ သညာ နဲ့ စိတ္တတို့လည်း နည်းတူပါပဲ။

ရှုမှတ်ပုံအနေနဲ့တော့ ခြားနားတာပေါ့။ ဝေဒနာနုပဿနာ အနေနဲ့ ရှုတဲ့အခါ နာတယ် (ဒုက္ခ)၊ မနာဘူး (သုခ)၊ နာလည်းမဟုတ် မနာလည်း မဟုတ် (အဒုက္ခမသုခ) လို့ ရှုတယ်။ ဓမ္မာနုပဿနာအနေနဲ့ ရှုရင်တော့

ဝေဒနာရဲ့ သဘာဝကို မခွဲခြားဘဲ ဝေဒနာကို အရှုခံအနေနဲ့ပဲ မြင်တဲ့ အပြင် ဝေဒနာတို့ရဲ့ ဖြစ်မှု ပျက်မှုမျှကိုပဲ သိနေတယ်။

နောက်တစ်မျိုး ပြောရင် … အားထုတ်မှု ရင့်ကျက်လာလို့ နာကျင်မှုကို ကျော်လွှားနိုင်တဲ့အခါ အဲဒီနာကျင်မှုကို သုခ၊ ဒုက္ခ၊ အဒုက္ခမသုခရယ်လို့ တုံ့ပြန်မှု မလုပ်တော့ဘဲ ဝေဒနာကို အရှုခံအဖြစ်သာ သိမြင်ပြီး နာကျင်မှုဝေဒနာရဲ့ ခဏတိုင်း ဖြစ်ပျက်နေတာကိုပဲ သိနေတယ်။ ကမ္မဋ္ဌာန်းအာရုံအပေါ် တုံ့ပြန်မှုမရှိမှသာ အဲဒီလို ရှုမှတ်နိုင်တယ်။ ဒီလိုရှုမှတ်တာကို ဓမ္မာနုပဿနာလို့ ခေါ်တယ်။ နာကျင်မှု၊ တောင့်တင်းမှု၊ ကိုက်ခဲမှုအဖြစ် ရှုမှတ်ရင်တော့ ဝေဒနာနုပဿနာ အဆင့်ပေါ့။

ဆရာတော် အရှင်သီလာနန္ဒ ရေးသားပြီး Wisdom Publication က ထုတ်ဝေတဲ့ The Four Foundations of Mindfulness ကျမ်းကိုလည်း လေ့လာသင့်ကြောင်းပါ။ ❑

## အွန်လိုင်းချစ်သူ

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

တပည့်တော်သည် အွန်လိုင်းကနေပြီး လူတစ်ယောက်နှင့် ချစ်မိခဲ့ပါသည်။ အစကတော့ သူက အိမ်ထောင်ရှိတာကို မပြောပါ။ နောက်ပိုင်းမှ သူ့မှာ အိမ်ထောင်ရှိကြောင်းကို ပြောပါသည်။ သို့ရာတွင် တပည့်တော်က သူ့ကို ဆက်ချစ်နေမိပါသည်။ သို့အတွက် တပည့်တော်မှာ ကာမေသုမိစ္ဆာစာရကံ မြောက်ပါသလား၊ သိလိုပါသည် အရှင်ဘုရား။

နှင်းနှင်း

---

### ကံမြောက်အင်္ဂါ

ကာမေသု မိစ္ဆာစာရ ကံမြောက်ဖို့ အင်္ဂါရပ် ၄ ချက် ရှိကြောင်း (ဤကျမ်း ၄၃၅ အဖြေမှာ) ပြောပြထားပြီး ဖြစ်ပါတယ်။ ထပ်ပြောရရင် ၁) မသွားလာကောင်းသည့် အမျိုးသမီး သို့မဟုတ် အမျိုးသား ဖြစ်ခြင်း ၂) ယင်းတို့၌ မှီဝဲလိုစိတ်ရှိခြင်း ၃) မှီဝဲရန် လုံ့လပြုခြင်း ၄) မဂ်ချင်း ထိတွေ့မှုကို သာယာခြင်းဟု ကံမြောက်ရန် အကြောင်း လေးချက်ရှိ၏ (မ-ဋ္ဌ ၁၊ ၂၀၃)' တဲ့။

ဒီဖော်ပြချက်အရ ဆိုရင် ကာယကံမြောက် လိင်ဆက်ဆံမှုရှိမှ ကာမေသုမိစ္ဆာစာရ ဖြစ်တယ်လို့ ဆိုနိုင်ပါလိမ့်မယ်။ ဒီတော့ အွန်လိုင်း ကနေ ချစ်နေ ကြိုက်နေရုံမျှနဲ့ ကာမေသုမိစ္ဆာရတော့ မဖြစ်သေးဘူးလို့ ဆိုနိုင်ကောင်းပါတယ်။

### စာရိတ္တပျက်ယွင်းသူ

သူရော ကိုယ်ပါ လွတ်လပ်သူ ဖြစ်ရင်၊ သို့မဟုတ် အင်္ဂါရပ် ၁ မှာ ပါတဲ့ အမျိုးသမီး အမျိုးသားတွေ မဟုတ်ကြရင် ဘာမှ ပြောစ ရာမရှိပါဘူး။ အွန်လိုင်းက အဖော်ရှာရင်လည်း သကြံန်ပွဲ ဘုရားပွဲ မင်္ဂလာဆောင်ပွဲ စတဲ့ အပြင်လောကမှာ ရှာသလိုပဲဖြစ်လို့ အပြစ် မဆိုသာပါဘူး။ မေးခွန်းပါ အကြောင်းအရာကို ကြည့်ပြီး ဝေဖန်ရရင် ..

(၁) မိမိမှာ အိမ်ထောင်ရှိရက်နဲ့ အခြားတစ်ယောက်ကို ရှာဖွေ ချစ်ချင် သူအနေနဲ့ ယခု ကံမမြောက်သေးပေမယ့် စာရိတ္တ ပျက်ယွင်းနေပြီလို့ တော့ ဆိုနိုင်ပါတယ်။ ဘာကြောင့်ဆို ကိုယ့်မှာ မပြတ်သေးတဲ့ ကာမ ပိုင်ရှိပြီးသား ဖြစ်နေတာကိုး။ ကိုယ့်အိမ်ထောင်ဖက်က ဖောက်ပြန်လို့ တုန့်ပြန်ပါတယ်ဆိုရင်တောင် ကိုယ်ပါ ဖောက်ပြန်သူ ဖြစ်သွားတာပါပဲ။

(၂) မိမိကို ပိုင်ဆိုင်သူဟာ မိမိကို မပြတ်နိုင်ဘူး၊ ချစ်နေသေးတယ် ဆို ရင်တော့ သူ့ရဲ့ခံစားချက်ကို ကိုယ်ချင်းစာနမှုအပြည့်နဲ့ ပိုပြီး ထည့်သွင်း စဉ်းစားရမှာပေါ့။ သူအနေနဲ့ ဖောက်ပြန်နေရင်တောင် ကိုယ်က လူကြီးလူ

ကောင်း ပီသစွာ နေထိုင်ပြသင့်သေးတာပဲ။ အရင်ဆုံး အဲဒီဖောက်ပြန်သူကို တရားဝင် ကွာရှင်းပြီးမှ အသစ်ရှာရင် ပိုပြီး အန္တရာယ် မကင်းနိုင်ဘူးလား။

**မသိလို့ ချစ်မိသူ**

(၁) အဲဒီလို ပုဂ္ဂိုလ်မျိုးကို ချစ်မိသူအနေနဲ့ သူလိုလူနဲ့ အတူနေလို့ အနာဂတ်မှာ ယုံကြည် စိတ်ချရတဲ့ အိမ်ထောင်ရေး ဘဝတစ်ခုကို ရနိုင်ဖို့ မျှော်လင့်ချက် နည်းပါတယ်။ သူ့အနေနဲ့ ဒီဝါသနာကို စွန့်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒါကြောင့် ကိုယ့်လက်ထဲကို ရောက်ရင်ကော ဒါမျိုး မလုပ်နိုင်ဘူးလို့ အမှန်တကယ် ယုံကြည် စိတ်ချပါသလား။

(၂) တစ်နည်းနည်းနဲ့ ကိုယ့်ရဲ့ ဆွဲဆောင်မှုကြောင့် ကိုယ့်ဖက်ကို ပိုမိုစိတ်ညွတ်လာလို့ အိမ်ထောင်ဟောင်းကို ကွာရှင်းပြီး ကိုယ်နဲ့အတူ နေဖြစ်တယ်ဆိုရင် သို့မဟုတ် လက်ထပ် ဖြစ်တယ်ဆိုရင် အဲဒီလို ဖြစ်လာတာဟာ ကိုယ့်ပယောဂ (ကိုယ့်ရဲ့ ကြိုးပမ်းမှု) မကင်းလို့ အင်္ဂါရပ် ၂၊ ၃၊ ၄ တွေနဲ့ ငြိပြီး ကံမြောက်နိုင်ပါတယ်။

(၃) အိမ်ထောင်ရှိမှန်း သိရက်နဲ့ ဆက်ချစ်နေခွင့်တော့ ရှိသင့်ပါတယ်။ ဒါပေမယ့် သူ့ကို ပိုင်ဆိုင်လိုတဲ့ စိတ်နဲ့တော့ မချစ်ကောင်းဘူး။ အပြောအဆို အသုံးအနှုန်းကအစ မိတ်ဆွေအဆင့်ထက် မပိုသင့်တော့ဘူး။ ဘာကြောင့်ဆို သူ့မှာ ပိုင်ဆိုင်သူ ရှိနေတာကိုး။

ဆင်ခြင်နိုင်ပါစေ။ ❒

မေတ္တာမရော၊ သူ့သဘော၊ ပေါ်ချောပြုတတ်ငြား။
ပေါ်ချောထဲကြမ်း၊ သူသရမ်း၊ မပြွမ်းဘဲရှောင်ရှား။

# ယုံကြည်မှု လွန်ရောဂါ



ဆရာတော် အရှင်ဘုရား၊

ရှိသေစွာ လျှောက်ထားအပ်ပါသည်။ နှစ်အတန်ကြာ အလွန်က အလုံ ရပ်ကွက်တစ်ခု၏ တရားပွဲတစ်ခု၌ ဒေါက်တာ မင်းတင်မွန် ဟောကြားခဲ့သော တရားတစ်ပုဒ်တွင် ယခု အခြားသော တရားရှုမှတ်နည်းများ သည် ခန္ဓာ၏ ဖြစ်ပျက်မှုများကို အမှန်မမြင်နိုင်ဘဲ ဃနလေးပါး ဖုံးကွယ် နေသည်ဟု ဆိုပါသည်။ ဖားအောက်တရားသည်သာလျှင် သာမာဓိကို စတုတ္ထဈာန်အထိ ထူထောင်ပြီးမှ ရရှိသည့် ဉာဏ်အလင်းဖြင့် ထိုး ဖောက်သဖြင့် ခန္ဓာ၏ဖြစ်ပျက်မှုကို အမှန်အတိုင်း မြင်နိုင်သည်ဟု အတိ အလင်း ဟောကြားသွားခဲ့ပါသည်။ ထိုသို့ဆိုလျှင် မိုးကုတ်ဆရာတော် ဘုရားကြီးနှင့် မဟာစည်ဆရာတော်ဘုရားကြီးတို့၏ တရားတော်များမှာ မှားယွင်းနေသည်ဟု ဆိုလိုရာ ရောက်ပါသည်။

ထိုကိစ္စအား တပည့်တော် နားလည် သဘောပေါက်အောင် ရှင်း လင်း ဟောကြားပေးပါ အရှင်ဘုရား။

ရှိသေစွာ ဦးခိုက်လျက်

ဦးကျော်မင်း

---

**'မပွ'သင့်ဘူး**

သတိပဋ္ဌာနသုတ်ကို လေ့လာခြင်းဆိုတဲ့ သင်တန်းတစ်ခုမှာ ကမ္မဋ္ဌာန်း ဆရာက ထင်ရှားတဲ့ ဆရာတော်တစ်ပါးရဲ့ အမည်နာမကို ထုတ်ဖော်ပြီး အဲဒီဆရာတော်ရဲ့ နည်းနဲ့ တရားထိုင်လို့ တရားထူးကို မရနိုင်ပါဘူးလို့ ပယ်ပစ်တာကို ဘုန်းကြီး ကိုယ်တိုင် ကြားဖူးခဲ့တယ်။ ဘုန်းကြီးက တော့ အဲဒီလို ဝေဖန်တာကို မကြိုက်ဘူး။ 'ငါ့ဟာမှ အမှန်၊ သူ့ဟာက

အမှား။ ငါ့ဆရာမှ မှန်တယ်’လို့ တရားစွဲ ဆရာစွဲ စွဲနေရင်လည်း အဲဒီ ‘အစွဲ’ကြောင့်ပဲ ဆရာရော တပည့်ပါ တရားထူးနဲ့ ဝေးပါလိမ့်မယ်။

ဝိပဿနာကမ္မဋ္ဌာန်းကို သင်ကြားတော်မူကြတဲ့ ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်တွေ အားလုံးဟာ တစ်နည်းနည်းနဲ့ မဟာသတိပဋ္ဌာနသုတ်တော်ကိုပဲ အခြေခံပြီး ဟောကြာတာချင်း တူပေမယ့် မိမိတို့ရဲ့ စရိုက်နဲ့ အကြိုက်အရ လက်တွေ့ အသုံးချပုံ ခြားနားချက်တော့ ရှိနိုင်တာပဲ။ သတ္တဝါတို့ရဲ့ စရိုက်ဆိုတာကို ဘုရားပဲ သိနိုင်တယ်။ အဂ္ဂသာဝကကြီးတွေတောင် မသိနိုင်ဘူး။ ဒါကြောင့် အဂ္ဂသာဝကကြီးတွေနဲ့ တရားထိုင်တာ အဆင်မပြေလို့ ဘုရားကိုယ်တိုင်နဲ့ တွေ့မှ တရားထူးကို ရသွားသူတွေ ရှိဖူးတယ်။ မိမိတို့ရဲ့ ပါရမီကံ ပဋ္ဌာန်းဆက်အရ မိလိန္ဒမင်းဟာ အရှင်နာဂသိန်နဲ့၊ အသောကမင်းဟာ နိဂြောဓသာမဏေနဲ့ အဆင်ပြေသွားသလို တစ်ဆရာမဟုတ် တစ်ဆရာနဲ့တော့ အဆင်ပြေပြီး တရားတွေ့ ကြမှာပဲ။ အဲဒါကို ငါ့ဆရာကမှ မှန်တာ၊ သူ့ဆရာက လိုသေးတယ်လို့ ‘မပွ’သင့်ပါဘူး။

လောကမှာ ထောက်ခံနဲ့ ကန့်ကွက်ဆိုတာ ရှိသင့်ပါတယ်။ ရှိနိုင်ပါတယ်။ ဒါပေမယ့် ဗုဒ္ဓသာသနာတော်နဲ့ ပတ်သက်ရင် ထောက်ခံ ဖြစ်ဖြစ်၊ ကန့်ကွက် ဖြစ်ဖြစ် တစ်ခုတည်းသော ခမ္မခရီးကို သွားကြရင်း သဝေထိုးပြီး ခလုတ်တိုက်လွန်းရင် ကိုယ်ပဲ ပရိသတ် လျော့မှာပါ။ ဒီလိုဖြစ်ရင် သဒ္ဓမ္မသုံးဖြာ သာသနာတော်ရဲ့ စည်ပင်ဖွံ့ဖြိုးမှုကို အထောက်အပံ့ ပြုနိုင်ပါ့မလား။

**ဒီလို ဆင်ခြင်ပါ**

ငယ်ငယ်က ကြားဖူးခဲ့တဲ့ ဖြစ်ရပ်တစ်ခုကို အမှတ်ရတယ်။ ဘုန်းကြီးတို့ တောရွာမှာ ဆန်းကျမ်းကို အင်မတန် ကျွမ်းကျင်တဲ့ ဆန်းဆရာတော်ဆိုတာရှိပါသတဲ့။ ဆန်းဆရာတော်နဲ့ ချောင်းဖျားဆရာတော်တို့ တောရွာတစ်ခုကို နောက်ပါတပည့် တစ်ယောက်စီနဲ့အတူ ခရီးသွားကြခိုက်မှာ နောက်က တပည့် နှစ်ယောက်က သက်တော် ၇၀ အရွယ် မိမိတို့ရဲ့ ဆရာတော်တွေ လမ်းလျှောက်တာကို ကြည့်ပြီး ငါ့ဆရာတော်က ပိုပြီး

လမ်းလျှောက်နိုင်တယ်၊ သူ့ဆရာတော်က ပိုလျှောက်နိုင်တယ်နဲ့ ခပ်တိုးတိုး ပြင်းကြသတဲ့။ အဲဒါကို မသိမသာ ကြားမိကြတဲ့ ဆရာတော် နှစ်ပါးဟာ တဖြည်းဖြည်းနဲ့ လမ်းလျှောက် ပိုမြန်လာရာကနေ နောက်ဆုံးတော့ သက်နီးကို ဒူးခေါင်း ရောက်အောင် ပင့်ရတဲ့ အထိပါပဲတဲ့။

ဒီပါးစပ်ရာဇဝင်ဟာ ဖြစ်ရပ်မှန် ဟုတ်မဟုတ် မသိဘူး။ ဒါပေမယ့် ပရိသတ်ရှေ့ကို ရောက်နေသူ(နာမည်ကြီးနေသူ)တို့ ကိုယ့်ကိုယ်ကို ဆင်ခြင်ဖို့ အင်မတန်ကောင်းတဲ့ သခ်န်းစာပဲလို့တော့ ဘုန်းကြီး ထင်တယ်။

**ဆရာတော် ဦးဇဝန ဆိုပုံ**

'ဇဝ်သုံးဆူ ဇဝ်မှာဆုံးတယ်လို့ ထုံးတင်ကြ ဥပမာငယ်' လို့ ချီးကျူးခံရတဲ့ ဆရာတော် ဦးဇဝ်ဆိုရင် ဗုဒ္ဓစာပေလောကမှာ မသိသူ မရှိပါဘူး။ နိဿယကျမ်းပေါင်း များစွာ ရေးသွားတော်မူတဲ့ အင်မတန် ဉာဏ်ကြီး ကျယ် ထက်မြက်တဲ့ ဆရာတော်ပါ။ ဒီနေရာမှာ အလျင်းသင့်လို့ ဆရာတော်ရေးတဲ့ ခုဒ္ဒသိက္ခာနိဿယကျမ်းမှာ ဖော်ပြတဲ့ အဆိုအမိန့် တစ်ရပ်ကို ထုတ်ပြလိုက်ပါတယ်။

ခုဒ္ဒသိက္ခာကျမ်း နိဂုံးမှာ –

'တေန ဓမ္မသိရကေန၊ တမ္ဗပဏ္ဏိယကေတုနာ။

ထေရေန ရစိတာ၊ ဓမ္မဝိနယညုပသံဟိတာ။

'သီဟိုဠ်ကျွန်း၏ အလံတံခွန် သဖွယ်ဖြစ်လျက် ဓမ္မဝိနယနှင့် ပတ်သက်ပြီး ချီးမွမ်းခြင်း ခံရသည့် ထိုဓမ္မသိရိ မထေရ်သည် (ဤခုဒ္ဒသိက္ခာကျမ်းကို) ရေးစီရင်ပြီ (၁၇၅–ဂါထာ)'လို့ ရေးခဲ့တယ်။

အဲဒီလို ရေးတာနဲ့ ပတ်သက်ပြီး နိဿယရေးသူ ဆရာတော်ဦးဇဝ်ဝေဖန်ခဲ့ပုံက 'အရှင်ဓမ္မသိရိ မထေရ်က မိမိကိုယ်ကိုမိမိ ဓမ္မဝိနယညူ (ဓမ္မနှင့် ဝိနယကို ကျွမ်းကျင်သူ) အဖြစ် ချီးမွမ်းခံရကြောင်း ဖော်ပြပေမယ့် မူလဋီကာကိုရေးတဲ့ အရှင်အာနန္ဒာက အဲဒီ အရှင်ဓမ္မသိရိကို ရည်ရွယ်ပြီး မိမိအောက် နိမ့်ကျသူအနေနဲ့ 'ကေစိ'လို့ ဖော်ပြတယ်။ ဝဇိရဗုဒ္ဓိဋီကာကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိကတော့ အဲဒီ မူလဋီကာကျမ်းကိုပြုစုသူ

အရှင်နန္ဒာကို အာစရိယ(ဆရာအရှင်)လို့ တလေးတစား ခေါ်ဝေါ်ပြီး သူ ရေးတဲ့ ဋီကာကျမ်းမှာ အရှင်အာနန္ဒာရဲ့ ဝိနည်းဆိုင်ရာ အယူအဆအချို့ ကို ဖော်ပြခဲ့တယ်။ ဒါပေမယ့် အဲဒီ (အရှင်အာနန္ဒာရဲ့ ဝိနည်းဆိုင်ရာ) ယူ ဆချက်တွေကို နောင်းခေတ် ဋီကာကျမ်းပြု ပုဂ္ဂိုလ်တွေ မနှစ်သက် တာ ပိုများတယ်။ ဒါကြောင့် ပညာရှင်တွေဖြစ်တဲ့ ဋီကာကျမ်းပြု ပုဂ္ဂိုလ် တွေဟာ တစ်မျိုးစီ သာလွန်ကြတာပါပဲ'တဲ့။

ဦးဗုဓ်အဆိုကို ကောက်ချက်ချရင် အရှင်ဓမ္မသိရိက သူ့ကိုယ်သူ ဓမ္မဝိနယကို ကျွမ်းကျင်သူဖြစ်ကြောင်း ချီးမွမ်းခံရတယ်လို့ ဆိုပေမယ့် နောက်ပေါ် အရှင်အာနန္ဒာက ကိုယ့်လောက် မဟုတ်သေးပါဘူး ဆိုတဲ့ သဘောနဲ့ အရှင်ဓမ္မသိရိကို 'ကေစိ' ထိုးခဲ့တယ်။ အဲဒီလိုပဲ ထိုအရှင် အာနန္ဒာရဲ့ ဝိနည်းအယူအဆတွေကို အရှင်ဝဇိရဗုဒ္ဓိက လေးစားပေမယ့် နောင်းခေတ် ပုဂ္ဂိုလ်အများစုကတော့ အထင်မကြီးကြပြန်ဘူးတဲ့။

အင်း .. ဆရာတော် ဦးဗုဓ် ကိုယ်တိုင်လည်း ပြည်ဆရာတော် (ဦး ကျည်းညို)နဲ့ အပြန်အလှန် အဲဒီလို 'ကေစိ'ထိုးခဲ့ကြတဲ့ မှတ်တမ်းတွေ ရှိကြောင်းပါ။ ဒီတော့ ပညာရှင်တွေမှာ မိမိတို့ နားလည် ယူဆထားတာ နဲ့ ပတ်သက်လို့ ယုံကြည်မှု လွန်ကဲတဲ့ ရောဂါတစ်မျိုး ရှိတတ်ပုံပဲလို့ တွေးမိစရာပါ။ □

# ကမ္ဘည်းထိုး ကြွားမျိုး မဟုတ်သင့်

ဆရာတော် အရှင်သူမြတ်ဘုရား၊

ပြည်ပသာသနာပြုနှင့် ပတ်သက်ပြီး သိလိုသည်များကို လျှောက်ထား လိုပါသည်။ တပည့်တော်၏ မေးခွန်းတွင် အမှားပါက မေတ္တာရှေ့ထား၍ ခွင့်လွှတ်တော်မူပါ ဘုရား။

**အနန္တာဓမ္မစာပေ**

ပြည်ပ ဘုန်းကြီးကျောင်းအချို့တွင် ဂေါပကအဖွဲ့က သံဃာတော်များအား အလွန် ကန့်သတ်ချုပ်ချယ်ထားပြီး ကြည်ညိုစွာ ပစ္စည်းလေးပါး လှူဒါန်းသူများ ရှိပါလျက် သံဃာတော်များအား ကျောင်းမှ နှင်ထုတ်သည်ကိုပင် တွေ့မြင်နေရပါသည်။ ယင်းသို့သော ဂေါပကဆိုးများ မည်သို့ ငရဲကြီးနိုင်သည်ကို သိလိုပါသည်။

ပြည်ပ ကျောင်းများ၌ ဝါဆိုနှင့် ကထိန်သင်္ကန်းများ ကပ်လှူရာတွင် သင်္ကန်းအစား သင်္ကန်းတစ်စုံ၏ တန်ဖိုးဖြင့် ဝတ္ထုငွေကို လှူဒါန်းရပါသည်။ ဝတ္ထုငွေကို လှူဒါန်းခြင်းမှာ သင်္ကန်းအစစ်ကို လှူဒါန်းသည်နှင့် မခြား ထပ်တူ ကုသိုလ်အကျိုးကို ရရှိနိုင်ပါသလား။

သံဃာတော်များ Face Book တွင် Account ဖွင့်၍ မိတ်ဆွေရှာခြင်း၊ ဝက်ဘ်ဆိုဒ်နှင့် ဘလော့ဂ်များတွင် ရုပ်ရှင်မင်းသားကဲ့သို့ ဟန်အမျိုးမျိုးဖြင့် အလှဓာတ်ပုံများ တင်ခြင်းတို့ကို ပြုနေကြသည့် သံဃာတော်များအား ကိုးကွယ် ဆည်းကပ်သင့်ပါသလား။

ကျောင်းတစ်ကျောင်း၌ ကောင်းမှုရှင်အမည်များကို ပန်ကာဒလက် ငါးခုတွင် ၅၃ လုံးနှင့် ကျောင်းတွင်း ကျောင်းပြင် မျက်စိကျိန်းလောက်အောင် တွေ့မြင်ရပါသည်။ ကမ္ပည်းထိုးသော အလှူနှင့် မထိုးသော အလှူ ကွာဟချက် ရှိနိုင်ပါသလား။

တပည့်တော် အပါအဝင် အခြားသော သိလိုသူများအတွက် ကရုဏာရှေ့ထား၍ ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

ကိုမျိုး

---

**ကျောင်းပြဿနာ**

သေချာပြီး စမ်းသပ်ခံတဲ့ ရိုးသားခြင်းနဲ့ အပြစ်မရှိခြင်း ကိုယ့်နှလုံးသားထဲမှာ တည်ရှိနေသရွေ့ ကောင်းကျိုးရလဒ် ဖြစ်ပေါ်မြဲပါ။ လူဆိုတာ ကိုယ့်စိတ်ကို ကိုယ်အသိဆုံးပဲ မဟုတ်လား။ မမှန်ကန်တဲ့ ရည်ရွယ်ချက်တစ်ခုနဲ့ သူတစ်ပါး ဆင်းရဲဒုက္ခ ရောက်အောင် လုပ်ထားမိရင် ဘယ်သူမဆို ဘုန်းကြီးဖြစ်ဖြစ် လူဖြစ်ဖြစ် ဆိုးကျိုးတစ်ခု ရမှာတော့

သေချာပါတယ်။ အချိန်ကာလ တစ်ခုထိ စောင့်ကြည့်ရုံပါပဲ။ ဇော်ပက ဆိုးရယ်လို့ မဟုတ်ပါဘူး။ ဘုန်းကြီးဆိုးတွေလည်း ဒီအတိုင်းပါပဲ။ ဇရဲကြီး ဆိုတာကို အဲဒီလိုပဲ နားလည်ထားလိုက်ပါ။

ပုဂ္ဂိုလ်ရေးအမြင်ကို ပြောပါရစေ.. အစွဲကင်းတဲ့ အခြေခံစည်းမျဉ်းနဲ့ အဖွဲ့တစ်ခုက ဘဏ္ဍာငွေ အလုံအလောက်နဲ့ သံဃာက ကျောင်းဖြစ်ရင် တည်မြဲနိုင်ပါတယ်။ စွမ်းနိုင်တဲ့ ဆရာတော်က ပုဂ္ဂလိက လုပ်နိုင်ရင်လည်း မဆိုးပါဘူး။ လူတစ်ယောက်က သို့မဟုတ် မိသားတစ်စုက နာမည်ခံပြီး ဘုန်းကြီးကျောင်း တည်ထောင်ရင် မအောင်မြင်နိုင်ဘူး။ ဘာကြောင့်ဆို နာမည်ခံထားသူဟာ ဘုန်းကြီးကျောင်း လုပ်ထားတဲ့ အိမ်ကို ငါ့အိမ်လို့ မသိစိတ်မှာရော (တစ်ခုခု အလိုမကျတော့ဘူးဆိုရင်) သိစိတ်မှာပါ စွဲလမ်းနေရာကနေ တဖြည်းဖြည်း ဘုန်းကြီးကျောင်းဆိုတဲ့ အသိစိတ် လုံးဝ ပျောက်ကွယ်သွားတတ်လို့ပါ။ ဒါကြောင့်ပဲ ပတ်ဝန်းကျင်ရဲ့ ယုံကြည်မှု ပမာဏလည်း အားနည်းသွားရတာပါ။

**ဝါဆိုကထိန်**

ရှားပါးတဲ့အရာနဲ့ သံဃာကို ထောက်ပံ့ရင် မွန်မြတ်ကြောင်း ဦးစွာ ယုံကြည်ထားပါ။ ဗုဒ္ဓလက်ထက်မှာ သံဃာတွေ သင်္ကန်း မပေါ်များဘူး။ ဒါကြောင့် လူတွေက သင်္ကန်းကို အမြတ်တနိုး လှူကြတယ်။ မြန်မာနိုင်ငံမှာ သံဃာအရေအတွက် များလို့ ဝါဆိုနဲ့ကထိန်ခေတ်မှာ သာမန် စာသင်သား သံဃာတစ်ပါးအနေနဲ့ သင်္ကန်းတစ်စုံ ရဖို့ဆိုတာ အင်မတန်မျှော်လင့်ရတဲ့အရာ ဖြစ်ကြောင်း ကိုယ်တွေ့ပါ။ ဒီတော့ ဝါဆိုသင်္ကန်းကို ဆိုင်က သွားဝယ်ပြီး ကြည်ညိုတဲ့ သံဃာကို ဝါဆိုနဲ့ ကထိန် သင်္ကန်း လှူဒါန်းခွင့်ရတဲ့ မြန်မာနိုင်ငံက လူတွေအဖို့ မဆိုသာပါဘူး။

ပြည်ပကျောင်းတွေမှာတော့ သံဃာက တစ်ပါးစ နှစ်ပါးစပဲ ရှိတယ်။ ဝါဆိုမှာ သင်္ကန်းအစုံ ၅၀ လောက်၊ နောက်သုံးလ အကြာ ကထိန်မှာ အစုံ ၅၀ လောက် ရပြန်တော့ တစ်နှစ်ကို ဘုန်းကြီးတစ်ပါး သင်္ကန်းအစုံ ၁၀၀ မလိုဘူး။ ဒါကြောင့် လူတွေလည်း ကောင်းမှုရစေ၊ အစဉ်အလာကိုလည်း ထိန်းစေဆိုတဲ့ သဘောနဲ့ သတ်မှတ်တဲ့ ဝတ္ထုငွေ

ကို လှူဒါန်းပြီး ဘုန်းကြီးကျောင်းမှာ ရှိပြီးဖြစ်တဲ့ သင်္ကန်းကိုပဲ ဝါဆို ကထိန် သင်္ကန်းအနေနဲ့ ထပ်ခါထပ်ခါ လှူကြရတာ ဖြစ်ပါတယ်။

အဲဒီ ဝတ္ထုငွေတွေကို ဘာလုပ်သလဲ။ အမှန်တော့ ဝါဆိုသင်္ကန်း ကထိန်သင်္ကန်း အလှူဖြစ်လို့ ဘုန်းကြီးနဲ့ပဲ ဆိုင်တယ်။ ဒါပေမယ့် ဘုန်းကြီးကျောင်း ချောမွတ်စွာ လည်ပတ်နိုင်အောင် တာဝန်ရှိ အဖွဲ့ကို လွှဲအပ်လေ့ရှိတယ်။ ဘုန်းကြီးတွေက သင်္ကန်းတစ်စုံက ရရှိတဲ့ အလှူ ဝတ္ထု (သို့မဟုတ် အဖွဲ့က လှူဒါန်းသလောက်)ကိုပဲ အလှူခံကြပါတယ်။ သင်္ကန်းအလှူရှင်တွေ အနေနဲ့တော့ စိတ်ထားကိုပဲ ဘုန်းကြီး ညွှန်းလို တယ်။ 'သမေ စိတ္တေ သမံ ဖလံ = စိတ်ထားတူရင် အကျိုးပေး တူ တယ်'ဆိုတဲ့ ဒေသနာအရ မိမိတို့အလှူဟာ ဝါဆိုသင်္ကန်းအလှူ ကထိန် သင်္ကန်းအလှူပဲလို့ စိတ်ထားရှိရင် ကျမ်းဂန်က ညွှန်းဆိုတဲ့ အကျိုးနဲ့ အလွန်ကြီး မဝေးနိုင်ရာပါဘူး။

**ဘုန်းကြီးကြော်ငြာ**

ကောင်းမြတ်တဲ့ ရည်ရွယ်ချက်နဲ့ အသုံးချရင်တော့ ဘာပဲဖြစ်ဖြစ် အဆိုး မဆိုသာပါဘူးလေ။ အတွေ့အကြုံလေးတစ်ခု ပြောရရင်.. ဘုန်းကြီးရဲ့ မိတ်ဆွေ၊ အမေရိကန်လူမျိုး၊ နာမည်က James McShea တဲ့။ တစ်နေ့ သူ Print လုပ်လာတဲ့ စာရွက်ကို ပြတယ်။ ဘုန်းကြီးတစ်ပါးရဲ့ ဓာတ်ပုံ။ အောက်မှာ ရေးထားတဲ့စာရဲ့ လိုရင်းက အမေရိကကို အလည်လာ ချင်တယ် စပွန်စာ လုပ်ပေးနိုင်မလားတဲ့။ သူ့ကို ဘယ်မှာ သိတာတုန်း မေးတော့ Face Book မိတ်ဆွေပါတဲ့။ ကိုယ့်ပြည် ကိုယ့်ရွာရဲ့ ဘဝပေး အခြေအနေအရ ထွက်ပေါက်ရှာတဲ့ အဲဒါမျိုးလေးတွေကိုတော့ ဘုန်းကြီး ကိုယ်ချင်းစာပါတယ်။

ဝက်ဘ်ဆိုဒ်တွေ ဘလော့ဂ်တွေမှာ ရဟန္တာအသွင်မျိုးနဲ့ တရားထိုင် ပြတဲ့ ဓာတ်ပုံတွေကို တွေ့ဖူးပါတယ်။ နှစ်ဆယ့်တစ်ရာစု ဆန်းချိန် ယနေ့ခေတ် မြန်မာနိုင်ငံက နာမည်ကျော် ဘုန်းကြီးအချို့ရဲ့ တရားပွဲ ကြော်ငြာတွေလို ဟန်ရေးပြ ဓာတ်ပုံတွေကိုလည်း တွေ့ဖူးသားပဲ။ ကိုး ကွယ်သင့် မကိုးကွယ်သင့် ဘုန်းကြီး မဖြေလိုဘူး။ ကိုယ့်ဟာကိုယ် ချင့်

ချိန်ရုံပဲ။ သေချာတာက ဟန်ထုတ်လွန်းသူတွေ တစ်နေ့ ဟန်အိုးကွဲပြီး ဟန်ကွဲပြတ်လို့ သေတတ်ကြကြောင်းပါ။

**အလှူကမ္ဘည်း**

'ပေးသောလက်ကို လူမမြင်စေနဲ့'ဆိုတာဟာ ဗုဒ္ဓဝါဒ အဆုံးအမ မဟုတ်ဘူးလို့ စိတ်ထဲ မြဲမြဲမှတ်ထားပါ။ ဗုဒ္ဓဝါဒအရ ကောင်းမှုရှင် ကမ္ဘည်းထိုးရာမှာ ရည်ရွယ်ချက် နှစ်ခု ရှိတယ် ..

(၁) မိမိနဲ့ မိမိရဲ့ သားစဉ်မြေးဆက် အဲဒီကုသိုလ်နဲ့ ပတ်သက်ပြီး အပရစေတနာ (ကိုယ့်အလှူကို ပြန်သတိရပြီး ကြည်နူးနှစ်သက်မှု) ထက်သန်နေဖို့။ ဆိုပါတော့ .. အနည်းဆုံး အဖိုးအဖွားတွေ တည်သွားတဲ့ ဘုရားပျက်ကို မြေးမြစ်တွေ ဆက်လက်ပြီး ထိန်းသိမ်းနိုင်တာပေါ့။ ရှေးခေတ်က လှူနိုင်ဒါန်းနိုင်သူတွေမှာ မိမိတို့ လှူဒါန်းထားတဲ့ အလှူဒါန အားလုံးကို စာရင်းလုပ်ထားတဲ့ ပုညပေါတ္ထက (ကောင်းမှု စာရင်းစာအုပ်) ဆိုတာတောင် ရှိတယ်။

(၂) သူတော်ကောင်းတို့ သာဓု ခေါ်နိုင်ဖို့။ ကမ္ဘည်းထိုးသူအနေနဲ့ ဘာရည်ရွယ်ချက်နဲ့ ထိုးထိုး (ကြွားချင်လို့ပဲ ထိုးထိုး ကျော်ချင်လို့ပဲ ထိုးထိုး) မိမိအနေနဲ့ သာဓုခေါ်ရုံပါပဲ။ ဒါ သူတော်ကောင်း အလုပ်ပါ။ သူများအလှူကြောင့် ကိုယ့်စိတ်ထဲ ဘာလို့ အကုသိုလ် အဖြစ်ခံမှာလဲ။

အလှူဖိတ်စာထဲက ဘယ်သူ ဘာကျွေးမယ်ဆိုတဲ့ စာရင်းမှာ သူ့နာမည်ကို မထည့်ပါနဲ့တဲ့၊ လှူတာတော့ လှူမှာပါတဲ့။ လူတစ်ယောက်က အဲဒီလို ပြောဖူးပါတယ်။ သူ့ဆန္ဒဖြစ်လို့ သူ့ကိုတော့ ဘာမှ ပြောစရာ မလိုပါဘူး။ ဒါပေမယ့် အဲဒီလိုလုပ်ရုံနဲ့ မိရိုးဖလာလွန် ဗုဒ္ဓဝါဒီတော့ ဖြစ်မသွားနိုင်ပါဘူး။ အဲဒီ အယူအဆမျိုးကို အတုလည်း မယူသင့်ဘူး။ ဘာကြောင့်လဲ .. သိလား။ ဆက်ဖတ်ကြည့် ..

**ဖွေးစေ့ထမ်းပြိတ္တာ**

ကုမ္ဘဏ္ဍပြိတ္တာ (ရာဝင် စဥ္စအိုးလောက်ရှိတဲ့ ဖွေးစေ့ကြီးကို ထမ်းသွားနေရတဲ့ ပြိတ္တာ) တစ်ယောက် နေပူကျဲကျဲမှာ ယမ်းတန်း ယမ်းတန်းနဲ့ လမ်းလျှောက်လာရင်း အလွန် ရေဆာလာသတဲ့။ တစ်နေရာ ရောက်

တော့ **မန်ကျည်းပင်အောက်မှာ** ဝါးပိုးဝါးနဲ့ လုပ်ထားတဲ့ **တစ်တိုင်စင်ပေါ်**က ရေအပြည့်နဲ့ ရေချမ်းအိုးကို တွေ့သတဲ့။ အုန်းမှုတ်ခွက်**နဲ့** ရေကို အငမ်းမရ ခပ်သောက်လိုက်ပြီးနောက် ရေချမ်းစင်မှာ ရေးထားတဲ့ ကောင်းမှုရှင်ကို ကြည့်လိုက်တော့ သူ့သားသမီးတွေ ဖြစ်နေသတဲ့။ ဒါနဲ့ ဩ .. ဒါ ငါ့သား သမီးတွေရဲ့ ကုသိုလ်ပဲလို့ ဝမ်းသာအားရဖြစ်ပြီး သာဓု သုံးကြိမ် ခေါ်မိသတဲ့။ အဲဒီ အခိုက်မှာပဲ ကုသိုလ်အမျှ ရပြီး အဲဒီ ဇေးစေ့ ထမ်း ပြိတ္တာဘဝက လွတ်မြောက်သွားပါသတဲ့။ ▢

# ဗီလင်နှစ်ခု

ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

၁) သံဃာ့ဂုဏ်တော်ကိုးပါး၊ ဥဇုပ္ပဋိပန္န ဘာသာပြန်၌ 'သာဓေမာယာ ကင်းစင်ကွာ၍ ဖြောင့်စွာ ကျင့်ကြံတော်မူကြပါပေ၏' ဟု ပါရှိရာတွင် သာဓေမာယာ၏ အဓိပ္ပာယ်ကို သိလိုပါသည်။

၂) ဩကာသမှုကွဲ အမျိုးမျိုးရှိရာတွင် ရတနာသုံးပါး မိဘဆရာသမား အပြင် ခင်ပွန်းကြီးဆယ်ပါးကိုပါ ထည့်လျှင် သင့်လျော်ပါသလား၊ သို့မဟုတ် ခင်ပွန်းကြီးဆယ်ပါးကို သီးခြား ရှိခိုးသင့်ပါသလား။

၃) ပစ္စည်းဝယ်ရာ၌ တစ်ခါတစ်ရံ လက်ဆောင် ပစ္စည်းများ ရတတ်ပါသည်။ ရသင့်သည်ထက်လည်း ပိုပါလာတတ်သည်။ ထိုသို့ပိုပါလာသည့် ပစ္စည်းများကို ပြန်မပေးပါက အဒိန္နာဒါနကံ မြောက်ပါသလား။

ရှိခိုးဦးတင်ပါသည် အရှင်ဘုရား။

မိုးငွေ

---

## သာဌေမာယာ

(၁) သာဌေမာယာမှာ သာဌေ နှင့် မာယာ တစ်ခုစီ။ သာဌေ ဆိုတာ သာဌေယျ (= စဉ်းလဲခြင်း)။ သူတစ်ပါးတို့ အထင်ကြီးအောင် မရှိတဲ့ ဂုဏ်ကို ဖော်ပြခြင်း။ လူတွေ အထင်ကြီးအောင် လူမြင်ကွင်းမှာ မအိပ်ဘဲ ထိုင်ပြတာ။ စာမတတ်ဘဲ တတ်ယောင် ဆောင်တာတွေပေါ့။ လူတွေ အထင်ကြီးအောင် တိပိဋကပါဠိမြန်မာ ကျမ်းကြီးတွေကို မြင်ကွင်းမှာ ပြထားတဲ့ စာမသင်ဖူးတဲ့ တောထွက် ကိုယ်တော်ကြီး တစ်ပါးကို တွေ့ဖူးတယ်။ မသိသူတွေကတော့ ဒီဘုန်းကြီး သိပ်စာတတ်တယ်ပေါ့။ ဒီနည်းနဲ့ လာဘ်ပေါ်အောင် ဘုန်းကြီးအောင် လုပ်တာဟာ သာဌေယျ။ မာယာ (= လှည့်ပတ်ခြင်း၊ အပြစ်ကို ဖုံးကွယ်ခြင်း)။ ယုံကြည်လို့ ခဏ အပ်ထားတဲ့ ပစ္စည်းကို မသမာနည်းနဲ့ ကိုယ့်လက်ထဲ ပါအောင် လုပ်ပြီး မသိယောင် ဆောင်နေတယ်။ အဲဒါ မာယာ။

## ဩကာသနဲ့ ခင်ပွန်းကြီး

(၂) ယယ်ယယ်က အလှူပွဲတစ်ခုမှာ အုပ်စုတစ်စုက 'ကာယကံ၊ ဝစီကံ မနောကံ'လို့ သံပြိုင်ဆိုခိုက် အခြားအုပ်စုက 'ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ'လို့ အသံမြင့် ဆိုကြသံကို ကြားဖူးခဲ့ချိန်ကစပြီး ဩကာသဇီလင် ရှိနေခဲ့တာပါ။ ဒါကြောင့် အလှူပွဲတွေမှာ ဩကာသကို သူတစ်မျိုး ငါတစ်ပေါက် ဆိုသံကြားတိုင်း စိတ်မသက်သာပါဘူး။ နိုင်ငံတော် အခမ်းအနားတွေမှာ ဩကာသမူရင်းကို သံပြိုင်ညီညာ ဆိုသံ ကြားရခိုက်မှာတော့ နှစ်သက်မိပါရဲ့။ နိုင်ငံတော်မူလို့ ဆိုနိုင်တဲ့ အဲဒီ ဩကာသဟာ သုံးမရအောင် မှားနေတာမှ မဟုတ်ဘဲ။ ဩကာသ အသစ်ထွင်လို့ ကွဲရုံက လွဲလို့ အကျိုး မရှိနိုင်ပါဘူး။ (ဒီနေရာမှာ အစိုးရကို မကြိုက်တာနဲ့ ဩကာသ ကိုပါ ဆွဲမထည့်စေချင်ဘူး။)

အခြား ဇီလင်တစ်ခု။ ခင်ပွန်းကြီးဇီလင်။ ရဟန်းသံဃာဟာ မိဘကို မမ္ပဝိနယနှင့်အညီ ပြုစုစောင့်ရှောက်ကောင်းတယ်။ ဒါပေမယ့် ပွဲတင်ပြီး ရှိခိုးစရာ မလိုဘူး။ မိဘကသာ ယနေ့ပြုသစ်စ မိမိတို့ရဲ့သား ကိုရင်ယ်

ကိုတောင် ရှိခိုးရတယ်။ ဒီဗီလင်က ဘုန်းကြီးအချို့ ပွဲတင် ကန်တော့ တာတွေလို့ မကြာခင်ကမှ ခိုးလိုခုလု ဖြစ်နေတဲ့ ဗီလင်ပါ။ ဒါကြောင့် သာသနာရေးဌာနက ထုတ်ဝေတဲ့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်း ပြဋ္ဌာန်းစာအုပ်ထဲက ဩကာသမူရင်းကိုပဲ ရအောင် လုပ်ပါလို့ ညွှန်း ချင်တယ်။ အခြား ဩကာသဆိုပုံ အစီအရင်တွေကို နှစ်သက်ရင် တော့ သက်ဆိုင်ရာတွေမှာ ရှာဖွေ နားထောင် ဖတ်ရှုဖို့ပါပဲ။

၂၀၀၇ စက်တင်ဘာလ နောက်ပိုင်းက စပြီး မြန်မာနိုင်ငံက ဓမ္မ ကထိက ဆရာတော်ကြီးတွေ ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားခြင်းရဲ့ အပြစ်ကို အလေးပေး ဟောကြားကြတာကတော့ အင်မတန် လေးစား ဖွယ်ဖြစ်လို့ ချွင်းချက်ပါ။ လူတစ်ယောက်အနေနဲ့ ခင်ပွန်းကြီး ဆယ်ပါး ကို ပွဲတင်ပြီး ရှိခိုး ပူဇော်တာကိုလည်း ကုသိုလ်ရကြောင်း ဖြစ်တဲ့ အတွက် သင့်မြတ်လို့ ဒီဗီလင်ထဲ မထည့်ပါဘူး။

**ပစ္စည်းပိုပါလာရင်**

(၃) ခိုးလိုတဲ့ စိတ်ရှိရင် အဒိန္နာဒါနကံ မြောက်ပါတယ်။ မီနီကွန်ပျူတာ တစ်လုံး လက်ဆောင်ပေးတာ စနစ်မှားယွင်းလို့ နှစ်လုံး ရတယ်ဆိုပါစို့။ တစ်လုံးက တရားမှ မဝင်ဘဲ။ ပြန်ပေးသင့်ပါတယ်။ ဘုန်းကြီးတို့ မြို့က Ph. D နှစ်ထပ်ကွမ်းရတဲ့ ဒကာလေးတစ်ယောက် Home Deport က ပစ္စည်းဝယ်ရာမှာ တစ်ခုပိုပါလာတာ (ပိုပါလာတယ်ဆို ရသင့်တာထက် ပိုရတာပဲပေါ့)ကို ဒကာလေးက အိမ်ကို ရောက်ပြီးမှ သိလို့ နောက်တစ် နေ့ ဖြတ်ပိုင်းပြပြီး ပြန်ပေးတာကို Return ကောင်တာ အမျိုးသမီးက အတော် အံ့ဩနေပါသတဲ့။ ❒

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

သဥပါဒိသေသသုတ် (အံ ၃၊ ၁၈၆)အရ အနာဂါမ်သုံးမျိုး၊ သောတာပန် သုံးမျိုး ခွဲခြား ဟောတော်မူသည်ကို တွေ့ရပါသည်။ သကဒါဂါမ်ကို ထပ်မံခွဲ ပြသည်ကို မတွေ့ရပါ။ ယခင်က သောတာပန် တစ်မျိုး၊ အနာဂါမ် တစ်မျိုးဟုသာ သိထားခဲ့ပါသည်။ ဖော်ပြပါ သုတ္တန်ပါ အနာဂါမ်နှင့် သောတာပန် အမျိုးအစားတို့၏ အဓိပ္ပာယ်အကျယ်ကို သိလိုပါသည်။ သကဒါဂါမ်ပုဂ္ဂိုလ်ကို ထပ်မံ ခွဲခြားပြ မပြကိုလည်း သိလိုပါသည်။

ဝိမုတ္တိသုခ

---

**သောတာပန် သုံးမျိုး**

(၁) သတ္တက္ခတ္တုပရမ။ လူ့ဘုံမှာ ခုစ်ကြိမ်မြောက် ပဋိသန္ဓေ မနေသူ။ 'လူ့ဘုံမှ နတ်ဘုံသို့၊ နတ်ဘုံမှ လူ့ဘုံသို့ ကူးပြောင်းခြင်း (မိဿကဘဝ) အဖြစ်ဖြင့် သုဂတိဘဝ ခုနစ်ခုကို ဆိုလို၏ (ဝိသုဒ္ဓိ-ဋီ ၂၊ ၅၃၁)'အရ လူ့ဘုံ၌သာ နတ်ဘုံ၌သာ ထပ်ခါထပ်ခါဖြစ်မှု တစ်ကြိမ်မက ဖြစ်နိုင်ခွင့် ရှိကြောင်း ဆိုလိုရိပ်ထင်ပါတယ်။ ဉာဏ်ပညာ မထက်မြက်တဲ့ ယောဂီ ပုဂ္ဂိုလ်တွေ ဒီလို သောတာ ပန်မျိုး ဖြစ်နိုင်တယ်။

(၂) ကောလံကောလ။ နှစ်ကြိမ် သုံးကြိမ်စသည်မှ ခြောက်ကြိမ် ခြောက် ဘဝထိ ပဋိသန္ဓေနေရတဲ့ သောတာပန်။ ဖြစ်ရာဘဝမှာ ချမ်းသာ မြင့် မြတ်တဲ့ အမျိုးမှာသာဖြစ်သူ။ ဉာဏ်ပညာ အလယ်အလတ်ရှိတဲ့ ယောဂီ ပုဂ္ဂိုလ်တွေ ဒီလို သောတာပန်မျိုး ဖြစ်ရတယ်။

(၃) ဧကဗီဇီ။ ဧက = တစ်ကြိမ်။ ဗီဇီ = ပဋိသန္ဓေမျိုးစေ့။ ကာမဘုံမှာ နောက်ထပ် တစ်ကြိမ်သာ ပဋိသန္ဓေနေရတဲ့ သောတာပန်ပုဂ္ဂိုလ်။ ဝိပဿနာဉာဏ် ထက်မြက်တဲ့ ယောဂီပုဂ္ဂိုလ်တွေ ဒီလိုသောတာပန်မျိုး ဖြစ်တယ်။ အထက်မဂ် သုံးပါးတို့ရဲ့ ဝိပဿနာဉာဏ်ကြောင့် အဲဒီလို သောတာပန် သုံးမျိုး ဖြစ်လာရကြောင်းပါ (ဝိသုဒ္ဓိ-ဋီ ၂၊ ၅၃၁)။

**သကဒါဂါမ် ၅မျိုး**

(၁) ဤလူ့ဘုံမှာ သကဒါဂါမ်ဖြစ်၊ အထက်မဂ်ကို ဆက်ပွား၊ ဤလူ့ဘုံမှာ ရဟန္တာဖြစ်

(၂) ထိုနတ်ဘုံမှာ သကဒါဂါမ်ဖြစ်၊ အထက်မဂ်ကို ဆက်ပွား၊ ထိုနတ်ဘုံမှာ ရဟန္တာဖြစ်

(၃) ဤလူ့ဘုံမှာ သကဒါဂါမ်ဖြစ်၊ အထက်မဂ်ကို ဆက်ပွား၊ ထိုနတ်ဘုံမှာ ရဟန္တာ ဖြစ်

(၄) ထိုနတ်ဘုံမှာ သကဒါဂါမ်ဖြစ်၊ အထက်မဂ်ကို ဆက်ပွား၊ ဤလူ့ဘုံမှာ ရဟန္တာဖြစ်

(၅) ဤလူ့ဘုံမှာ သကဒါဂါမ်ဖြစ်၊ ထိုနတ်ဘုံမှာ အထက်မဂ်ကို ဆက်ပွား၊ ဤလူ့ဘုံမှာ ပြန်မွေးဖွား၊ အထက်မဂ်ကို ဆက်ပွား၊ ရဟန္တာဖြစ်။ (အဘိ-ဋ္ဌ ၃၊ ၄၈)။

ဤလူ့ဘုံသို့ တစ်ကြိမ်သာ ပဋိသန္ဓေနေ လာဖြစ်ပြန်ပြီး ရဟန္တာဖြစ်မည့်သူကို သကဒါဂါမ်လို့ ခေါ်တဲ့အတွက် အမှတ်၅ကို ဒီနေရာ မှာယူ (ဝိသုဒ္ဓိမဂ္ဂ ၂၊ ၃၅၂)။

**အနာဂါမ် ၅မျိုး**

ကာမဘုံကို မလာတော့တဲ့အတွက် အနာဂါမိ။ အနာဂါမိဖိုလ်ကို ရပြီးသူကို အနာဂါမ်ပုဂ္ဂိုလ်လို့ ခေါ်တယ်။ သုဒ္ဓါဝါသဘုံမှာဖြစ်တဲ့ အနာဂါမ်ပုဂ္ဂိုလ်တွေကို ၅မျိုးခွဲပြတယ်။

(၁) ရောက်နေတဲ့ သုဒ္ဓါဝါသဘုံရဲ့ သက်တမ်းထက်ဝက်မှာ ရဟန္တာဖြစ်သွားတဲ့ အနာဂါမ်

(၂) ရောက်နေတဲ့ သုဒ္ဓါဝါသဘုံရဲ့ သက်တမ်းထက်ဝက် လွန်ပြီး ဒုတိယထက်ဝက်မှာ ရဟန္တာဖြစ်သွားတဲ့ အနာဂါမ်

(၃) အလွယ်တကူ ဆင်းရဲပြင်းပြင်းခြင်းမရှိဘဲ ရဟန္တာဖြစ်တဲ့ အနာဂါမ်

(၄) ဆင်းရဲပြင်းပြင်းစွာ အားထုတ်ပြီးမှ ရဟန္တာဖြစ်တဲ့ အနာဂါမ်

(၅) ရောက်နေတဲ့ ဘုံကနေ မြင့်ရာ သုဒ္ဓါဝါသဘုံတွေမှာ ဖြစ်ပြီး နောက်

ဆုံး အကနိဋ္ဌဘုံမှာ ရဟန္တာဖြစ်မယ့် အနာဂါမ် (ဝိသုဒ္ဓိ ၂၊ ၃၅၂)။

**ရဟန္တာ ငါးမျိုး**

နောက်ဆုံး အရိယမဂ်ဖြစ်တဲ့ အရဟတ္တမဂ်ကို ရရှိပြီးဖြစ်လို့ လောကရဲ့ ပူဇော်အထူးကို ခံထိုက်သူကို ရဟန္တာလို့ ခေါ်တယ်။ ရဟန္တာငါးမျိုး ရှိတယ်။

(၁) အရဟတ္တဖိုလ် ပညာဖြင့်သာ လွတ်မြောက်တဲ့ ရဟန္တာ (ပညာဝိမုတ္တ)

(၂) အရူပဈာန်နှင့် အရဟတ္တ ဖိုလ်ပညာတို့ဖြင့် လွတ်မြောက်တဲ့ ရဟန္တာ (ဥဘတောဘာဂဝိမုတ္တ)

(၃) ဝိဇ္ဇာသုံးပါးရတဲ့ ရဟန္တာ (တေဝိဇ္ဇ)

(၄) အဘိညာဉ် ခြောက်ပါးရတဲ့ ရဟန္တာ (ဆဠဘိည)

(၅) ပဋိသမ္ဘိဒါလေးပါးရတဲ့ ရဟန္တာ (ပဋိသမ္ဘိဒါပတ္တ)

(အဘိ-ဋ္ဌ ၃၊ ၄၈)။

**မှတ်ချက်။ ။** အဘိ-ဋ္ဌ ၃၊ ၄၅-၅၃ အရ သောတာပန် ၂၄၊ သကဒါဂါမ် ၁၂၊ အနာဂါမ် ၄၈၊ ရဟန္တာ ၁၂၊ ပေါင်း အရိယာပုဂ္ဂိုလ် ၉၆ မျိုး ပြားပုံကို ကျယ်မှာစိုးလို့ ချန်ထားခဲ့ကြောင်းပါ။ ▢

သဒ္ဓါဗလဝ၊ ဒုလ္လဘ၊ ရအောင် ခဲကြမင်း။

အရတော်ခိုက်၊ လူတသိုက်၊ ခဲလိုက် ကြကုန်မင်း။

ထူးမြတ်စွာလှ၊ လူ့ဘဝ၊ နှမြောကြကုန်မင်း။

## ဗုဒ္ဓဝါဒီတွေ နတ်ကိုးကွယ်ရင်

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

တပည့်တော်သည် ဘုရားကို တကယ်ယုံကြည်၍ ကိုးကွယ်ပါသည်။ မိဘများမှာ ဗုဒ္ဓဘာသာဝင် ဖြစ်ကြသော်လည်း နတ်ကိုးကွယ်မှုကို အရမ်း ယုံကြည်စွဲလမ်းကြပါသည်။ တပည့်တော်လည်း နတ်ကိုးကွယ်မှုကို မလုပ်ဖို့ တိုက်တွန်းနေပါသည်။ တပည့်တော် သိလိုသည်မှာ .. နတ်ကိုးကွယ်သည့် အစွဲအလမ်းကြောင့် အပါယ်ငရဲကို ကျရောက်နိုင်ပါသလား။ ဝိပဿနာလုပ်ရင်းနှင့် နတ်ကို ဆက်လက်ကိုးကွယ်နေပါက တရားတွေ့နိုင်ပါသလား။ နတ်ကိုးကွယ်မှု ဘယ်လို စတင်ခဲ့သည်ကို လည်း သိလိုပါသည် အရှင်ဘုရား။

အောင်ကျော်မိုး (UAE)

---

### ကိုးကွယ်မှု အစ

အသိပညာ မထွန်းကားခင်က ရှေးဦးလူတွေဟာ လျှပ်၊ မိုးကြိုး၊ မုန်တိုင်းစတဲ့ သဘာဝဘေး အန္တရာယ်တွေနဲ့ ကြုံရတဲ့အခါ ကြောက်စိတ်ကြောင့် အားကိုးရာ ရှာကြရင်းနဲ့ သစ်ပင်၊ တော၊ တောင်၊ နတ်ကွန်းတွေမှာ စူပါတန်ခိုးနဲ့ ပြည့်စုံတဲ့ စိုးပိုင်သူ ပုဂ္ဂိုလ်ရှိမယ်လို့ မှန်းဆ ပူဇော်ပသရင်း ကိုးကွယ်မှု စတင်ခဲ့ကြောင်း ဗုဒ္ဓကျမ်းမြတ်မှာ ဆိုတယ် (ဓမ္မပဒ၊ ၁၈၈ ဂါထာ)။ တဖြည်းဖြည်း ဒေသဆိုင်ရာ တန်ခိုးရှင် အငယ်စားတွေ၊ နယ်ပိုင်မြို့ပိုင် တန်ခိုးရှင်တွေ၊ ကမ္ဘာလောကကို ဖန်ဆင်းသူတွေထိ ကိုးကွယ်ခံ တန်ခိုးရှင်တွေကို စိတ်ကူး ပုံဖော်ခဲ့ကြတယ်။

ဒါကြောင့် ဗုဒ္ဓဝါဒ ဒဿနအရ ကိုးကွယ်မှုအစ ကြောက်စိတ်ကလို့ ဆိုနိုင်တယ်။ မေးခွန်းမှာပါတဲ့ နတ်ဆိုတာကို လူတွေရဲ့ ကောင်းကျိုးဆိုးကျိုးတွေ ဖြစ်ပေါ်အောင် လုပ်ပေးနိုင်တယ်လို့ လူ့နှလုံးသားထဲမှာ သမိုင်းမတင်မီ ခေတ်ကပင် စွဲနေတဲ့ ဖော်ပြပြီး တန်ခိုး ရှင်မျိုးလို့ပဲ နားလည်ပါရစေ။ ဗုဒ္ဓကျမ်းဂန်မှာပါတဲ့ နတ်ပြည်ခြောက်ထပ်က နတ်အယူအဆနဲ့ မတူဘူးလို့ မှတ်ထားဖို့ပါ။

## မြန်မာ နတ်ကိုးကွယ်မှု

မြန်မာနိုင်ငံမှာ အင်မတန် ရှေးကျတဲ့ အချိန်ကပင် နတ်ကိုးကွယ်မှု ရှိခဲ့ပုံပါပဲ။ အေဒီ ၃၄၄–၃၈၇ (ဒီထက် နောက်ကျဖွယ်ရှိတယ်) သေလည်ကြောင်မင်း လက်ထက်လောက်မှာ ရွာကြီး ၁၉ ရွာစုပေါင်းပြီး သီရိပစ္စယာမြို့ကို တည်ထောင်တယ်။ မြို့သူမြို့သားတွေ ကိုးကွယ်တာကယနေ့ခေတ် တောင်ပေါ်တိုင်းရင်းသားတွေလို ဒေသဆိုင်ရာ နတ်တွေပါပဲ။ တစ်ရွာကို နတ်တစ်ပါး။ ဒီတော့ သူတို့နတ်က အစစ်၊ ငါတို့နတ်ကအမှန်နဲ့ အငြင်းပွားကြ ရန်ဖြစ်ကြလို့ လိမ္မာသူတွေက တစ်နိုင်ငံလုံး (တစ်နည်း ကျေးရွာအားလုံး)ကို စည်းရုံးနိုင်ဖို့ အဲဒီနတ်တွေ အားလုံးထက် တန်ခိုးပိုကြီးတဲ့ တောင်ပိုင်နတ်ဆိုတာကို တီထွင်ကြတယ်။

တစ်နည်းဆိုရင် လူမျိုးစုအားလုံး ကိုးကွယ်နိုင်မယ့် ကိုးကွယ်စရာ အသစ်တစ်ခုကို ရှာဖွေလိုက်ခြင်းပါပဲ။ သီရိပစ္စယာဟာ နောင်အခါ ပုဂံမြို့တော် ဖြစ်လာတယ်။ ပုဂံခေတ် (အေဒီ ဆယ့်တစ်ရာစု)မှာ တစ်နိုင်ငံလုံး ကိုးကွယ်တဲ့နတ် သုံးကျိပ် ခြောက်ယောက် ရှိသတဲ့ (Maung Htin Aung, *Folk Elements in Burmesse Buddhism,* p. 63, 73)။

## လက်နက် မသုံးဘူး

အနော်ရထာမင်း လက်ထက် ပုဂံမှာ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းလင်းလာပေမယ့် နတ်ကိုးကွယ်မှု ပပျောက် မသွားခဲ့ဘူး။ ဗုဒ္ဓဝါဒအနေနဲ့ မိမိရောက်ရာဒေသက တည်ရှိပြီး ယုံကြည်မှုတွေကို သုတ်သင်ရှင်းလင်းပစ်ဖို့ လက်နက်နဲ့ အတင်းအကြပ် လုပ်ရိုးထုံးစံမရှိလို့ ယနေ့တိုင် နတ်ကိုးကွယ်မှု အမြစ် မပြတ်နိုင်သေးဘူးလို့ ဆိုနိုင်လေမလား။ ဒါပေမယ့် နှောင်းခေတ်မှာ ပညာရှင် ရဟန်းတွေဟာ နတ်ကိုးကွယ်မှုကို အလေးအနက် ကဲ့ရဲ့ရှုတ်ချတော်မူခဲ့ကြပါတယ်။ အင်းဝခေတ်စာဆို အရှင်မဟာသီလဝံသ ရေးတဲ့ သံဝေဂခန်းပျို့ (ပိုဒ်၊ ၂၅) မှာ ဆိုပုံက ..

'အမွှေးအကြိုင်၊ မုန့်စိုင်မုန့်ခဲ၊ ကြက်ဝက်လဲ၍၊ ပုံနှဲခရာ၊ တီးမှုတ်ကာနှင့်၊ ချမ်းသာဆင်းရဲ၊ ပေးစမြဲဟု၊ စိတ်ထဲထင်မှတ်၊ နေတ်တို့

ကို၊ မပြတ်ကိုးကွယ်၊ အန္တရာယ်လည်း၊ ကိုယ်ဝယ်လွတ်ကင်း၊ မရှိ လျှင်း၏" တဲ့။

**ငရဲကျသလား**

သရဏဂုံသုံးပါးနဲ့ ကံကံရဲ့ အကျိုးကို ယုံကြည်နေသရွေ့ မိရိုးဖလာ ဗုဒ္ဓ ဝါဒီတစ်ယောက်ဟာ နတ်ကို ကိုးကွယ်ရုံနဲ့ ငရဲ မကျနိုင်သေးပါဘူး။ ဒါပေမယ့် သရဏဂုံတော့ ညစ်နွမ်းနိုင်တယ်။ အရှင်သီလဝံသ မိန့်သလို 'ကြက်ဝက်လဲ၍' ပူဇော်မယ်၊ နွားလည်ပင်းကို လှီးပြီး တန်ခိုးရှင် နှစ် သက်အောင် လုပ်မယ် ဆိုရင်တော့ သူ့သက်သတ် အကုသိုလ်ကြောင့် ကျိန်းသေ အပြစ်ရောက်မယ်။ နတ်ကနားပွဲက ဗုဒ္ဓဘာသာပါလို့ ဆိုသူ တွေ အဲဒီပွဲအတွင်း အရက်သောက်၊ မမှန်တာပြော၊ ကြာခို၊ သူ့သက် သတ်မှုတွေ ရှိခဲ့ရင် အဲဒီ အကုသိုလ်ရဲ့ ဆိုးကျိုးနဲ့ တွေ့ရမယ်။ သေရင် လည်း အပါယ်ကို ရောက်မှာပေါ့။

**ဘာလုပ်သင့်သလဲ**

နတ်ကတော် တစ်ယောက် ဝိပဿနာတရားစခန်းကို ရောက်လာတယ် ဆိုရင် အသိစိတ် ရင့်ကျက်လာလို့ပဲ။ ကြိုးစားပြီး အားထုတ်ရင် တရား တွေ့နိုင်တာပေါ့။ ကိုယ့်ဝါဒအပေါ် အင်မတန် အစွဲအလမ်းကြီးတဲ့ ဘာ သာခြားတွေ တရားစခန်းတစ်ခုခုမှာ တရားထိုင်မိရာကနေ တရားတွေ့ ပြီး 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'သွားကြတာတွေ အများကြီး ရှိပါတယ်။

ဒါကြောင့် နတ်ကိုးကွယ်မှုကို အရမ်း ယုံကြည်တယ်ဆိုတဲ့ မိဘ တွေအတွက် အကောင်းဆုံးကတော့ အခွင့်သာတိုင်း ရိပ်သာတစ်ခုခုမှာ တရားထိုင် ဖြစ်အောင် တိုက်တွန်းပေးဖို့ပါပဲ။ အစွဲဆိုတာကို အင်မတန် ချွတ်ရခက်ပါတယ်။ တရားတွေ့တဲ့ တစ်နေ့မှာ အဲဒီ နတ်ရုပ်တွေ နတ်ပွဲ တွေကို (အားလုံး မစွန့်နိုင်တောင်) သုံးပုံနှစ်ပုံလောက် လျှော့ပစ်နိုင်ပါ လိမ့်မယ်။ တရားမတွေ့ဘူးဘဲထား၊ သေခါနီးမှာ မှီခိုရာ လေးတစ်ခု တော့ ရသွားပါလိမ့်မယ်။ □



ဆရာတော် အရှင်မြတ်ဘုရား၊

ပွင့်တော်မူပြီးသမျှ ဗုဒ္ဓတိုသည့် ဘာလို့ ယောကျ်ားချည်း ဖြစ်ရတာပါလဲ။ မိန်းမတစ်ယောက်ဟာ ကြိုးမယ်ဆိုရင် ရဟန္တာတောင် ဖြစ်နိုင်ပါလျက်နဲ့ ဘာလို့ ဘုရားကျတော့ မဖြစ်နိုင်ရတာပါလဲ အရှင်ဘုရား။ သဗ္ဗညုတဉာဏ်ဟာ မိန်းမတို့ရဲ့ အရာမဟုတ်ဘူးဆိုတဲ့ သဘောပါလား။ အခြားဘာသာတရားတွေကို ကြည့်ရင်လည်း ခရစ်ယန်မှာ သခင်ယေရှု၊ အစ္စလာမ်မှာ တမန်တော် မိုဟာမက်တို့ဟာ ယောကျ်ား၊ ဟိန္ဒူမှာလည်း လူဝင်စား နတ်ဘုရား မှန်သမျှဟာ ယောကျ်ားတွေ ဖြစ်ပါသည်။ ဘာသာရေး ခေါင်းဆောင် မှန်သမျှ ဘာကြောင့် ယောကျ်ားတွေချည်း ဖြစ်ရပါသနည်း။ မေတ္တာ ရှေ့ထား၍ ဖြေကြားပေးစေလိုပါသည်။

ကေရီ

---

## ယောကျ်ားတံခွန်

Reader's Digest (၁၉၉၃ ခန့်) ဆောင်းပါးတစ်ပုဒ်မှာ မိန်းကလေးတွေဟာ ဆယ်ကျော်သက်အရွယ်မှာ ယောကျ်ားလေးတွေထက် ထူးချွန်ကြပေမယ့် တီထွင်သူ၊ သိပ္ပံပညာရှင်စတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ် အများစုဟာ ဘာလို့ ယောကျ်ားတွေ ဖြစ်ရသလဲတဲ့။ အဖြေရဲ့ လိုရင်းက Aggressive-ness (ရန်လိုမှု၊ တစ်နည်း တုံးတိုက်တိုက် ကမ်းတိုက်တိုက်၊ လုပ်ရဲရင် ခံရဲတယ်ဆိုတဲ့ ကျားတို့ရဲ့ သဘာဝ)နဲ့ မိန်းကလေးတွေကို ခွင့်မပြုလိုတဲ့ ယဉ်ကျေးတဲ့ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုကြောင့်လို့ ဆိုတယ်။

အမျိုးသမီး စစ်ဗိုလ်ချုပ်ကြီး ဆိုတာမျိုးက ရာဇဝင်မှာ ရှားသားပဲလေ။ ညသန်းခေါင် ရန်သူ့လက်ထဲက ဘုရင်ကို ကယ်တင်ရဲတဲ့ သတ္တိချင်း တူရင်တောင် ယောကျ်ားတွေက အောင်မြင်ဖို့ အခွင့်အလမ်း ပိုများနိုင်ဘူးလား။

## ပုခက်လွှဲတဲ့လက်

နပိုလီယံ၊ ဟစ်တလာ၊ အိုင်စတိုင်းတို့လို ပုဂ္ဂိုလ်ကျော်တွေကို ပုခက်သခင်တွေ မွေးဖွားခဲ့တယ်။ ဗုဒ္ဓဘုရားလို ဘာသာရေးခေါင်းဆောင်တွေကိုလည်း သူတို့ကပဲ မွေးဖွားရတာ။ ဘာကြောင့်ဆို သဘာဝနိယာမက ပေးအပ်တဲ့ မွေးဖွားခြင်းဆိုတဲ့ တာဝန်ကို ထမ်းဆောင်ရမှာက ပုခက်လွှဲတဲ့ လက်ပိုင်ရှင်တွေပဲ မဟုတ်ပါလား။ ဒါပေမယ့် ပုခက်ထဲက ကလေးငယ်ရဲ့ ကံကြမ္မာကို ၎င်းတို့ မစိုးပိုင်နိုင်ပါဘူး။

'ဝိတိုရိယာ၊ ရွှေဘွဲ့သာသည်၊ ဣန္ဒာနီမြွက် နတ်ဆွေတည်း (မဃဒေဝ၊ ပိုဒ်၊ ၅၈၂)'လို့ စာဖွဲ့ခံရတဲ့ ဘုန်းမီးနေလ အလွန် ထွန်းတောက်ခဲ့သူ နေမဝင် အင်ပါယာရဲ့ ဘုရင်မဟာ ကြီးဦးခေါင်းက ချိုတစ်ချောင်းလို အခေါ်မလို ဖော်မပိုဘဲ တောထဲမှာ တစ်ကိုယ်တည်း တရားကျင့်နိုင်တဲ့ အခွင့်အရေးကို မရနိုင်ပါဘူး။

## ဗုဒ္ဓ မိန့်မြွက်

ဗုဒ္ဓကြွန်အင် အားလုံးနဲ့ ပြည့်စုံရဲ့လားလို့ သံသယဖြစ်နေကြတဲ့ ပုဏ္ဏား ၃၂၀ ယောက်လောက်ကို ဗုဒ္ဓဟာ မိမိရဲ့ အင်္ဂါဇာတ်ကို လှစ်ပြခဲ့ရတယ် (မ ၂၊ ၃၄၄။ မိလိန္ဒ၊ ၁၈၈)။ အမျိုးသမီးဗုဒ္ဓ ဖြစ်နေရင် အဲဒီလို လုပ်ဖို့ကို သမ္မုတိသစ္စာနယ်က လူအများစု ခွင့်ပြုနိုင်ပါ့မလား။ မိမိရဲ့ စွန့်လွှတ်မှုကြောင့် ကမ္ဘာမြေပေါ်မှာ ငြိမ်းချမ်းမှု ရနိုင်မယ်လို့ ယုံကြည်ပြီး **မိန်းမ အ**ဖြစ်နဲ့ တစ်ကိုယ်တည်း ထွက်တော်မူ **နန်းကခွာဖို့**တောင် မလွယ်ဘူး။

ဒါကြောင့် ဗုဒ္ဓဖြစ်မယ့်သူဟာ ယောကျ်ားသွင်ပြင်နဲ့ ပြည့်စုံရတယ်လို့ ကျမ်းမြတ် (ဗုဒ္ဓဝံသ ၂၊ ၃၁၁)မှာ ဆိုတယ်။ 'အမျိုးသမီးသည် ပူဇော်ထူးကို ခံထိုက်သူ သမ္မာသမ္ဗုဒ္ဓ ဖြစ်လာနိုင်သည့် အကြောင်းမရှိ (မ ၃၊ ၁၁၀။ အံ ၁၊ ၃၀။ အဘိ ၂၊ ၃၄၉)'လို့လည်း မြတ်ဗုဒ္ဓ မိန့်တော်မူတယ်။

## သမ္မုတိသစ္စာ

ဗုဒ္ဓအဘိဓမ္မာအရ ယောကျ်ားမှာ ရုပ် ၂၇ မျိုး၊ မိန်းမမှာ ရုပ် ၂၇ မျိုးစီရှိတယ်။ အဲဒီ အထဲမှာ ရုပ် ၂၆ မျိုးက ကျားမ အတူတူ။ မတူတာက

ဘာဝရုပ် တစ်ခုတည်း။ ဘာဝရုပ်ဆိုတာ ပဋိသန္ဓေတည်ဦးစ အချိန်မှာ အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့ သတ္တိသုံးမျိုးက ဖြစ်ပေါ်စေတဲ့ တစ်ကိုယ်လုံး ပျံ့နှံ့နေတဲ့ ရုပ်ဓာတ်ပါပဲ။ မိန်းမဆိုရင် ဣတ္ထိဘာဝရုပ်၊ ယောကျာ်း ဆိုရင် ပုံဘာဝရုပ်။ အဲဒီ ခြားနားတဲ့ ရုပ်ဓာတ် နှစ်မျိုးကြောင့် အချိန်တန်လို့ သန္ဓေသားကို ဓာတ်မှန် ရိုက်ကြည့်တဲ့အခါ ရှေ့ပန်းကြိုး ပါတာနဲ့ မပါတာလို့ ကွဲပြားသွားရတယ်။ မွေးဖွားလာတော့လည်း ကိုယ်လုံးသဏ္ဌာန်၊ ပြောဆို ပြုမူပုံတွေ ခြားနားရတယ်။ ဒီလိုနဲ့ မိန်းမပဲ ယောကျာ်းပဲလို့ လူတွေက ခေါ်ဝေါ် လိုက်ကြတာ။ ဒါက လောက သတ်မှတ်ချက် အမှန်တရား။

**သဘာဝသစ္စာ**

ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါး၊ မျက်စိ နား နှာ လျှာ ကိုယ် အဆင်း အသံ အနံ့ အရသာ၊ အာသိမ် အာမ အဆုတ် အသည်း နှလုံးစတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ၊ ဒွါရပေါက်တွေက ထွက်တဲ့ အညစ်အကြေးတွေကအစ လူ့ခန္ဓာကိုယ် အနေနဲ့ ကျားမ အတူတူပါပဲ။ ရုပ်အစု(ရုပ်ခန္ဓာ) တူသလို စိတ် ၈၉၊ စေတသိက် ၅၂ ဆိုတဲ့ နာမ်အစု (နာမ်ခန္ဓာ)လည်း တူပါတယ်။ လူသာမန်တိုင်းမှာ ရှိတဲ့ လိုချင်တပ်မက်၊ စိတ်ဆိုး၊ ထောင်လွှား၊ မနာလိုစိတ်တွေဟာ ဒီဂရီအနိမ့် အမြင့်ပဲ ကွာမယ်၊ မထူးပါဘူး။ အဲဒီ ရုပ်တွေ နာမ်တွေရဲ့ အိုမင်းရင့်ရော်၊ ပြောင်းလဲ၊ မတည်မြဲတဲ့ ဖြစ်စဉ် သဘာဝတွေလည်း အတူတူပါပဲ။ ဒါတွေဟာ ဘယ်သူမှငြင်းမရတဲ့ သဘာဝအတိုင်း ရှိနေတဲ့ အမှန်တရားပါ။

**အားတက်ဖွယ်**

သမ္မုတိသစ္စာအနေနဲ့ မိန်းမ၊ ယောကျာ်းရယ်လို့ ခွဲခြားထားပေမယ့် သဘာဝသစ္စာအရ အတူတူပါပဲ။ ပြောပြထားခဲ့တဲ့ အဝိဇ္ဇာ၊ တဏှာ၊ ကံ အကြောင်း သုံးပါးဟာ ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာ ဖြစ်စဉ်မှာ အခရာပဲ။ အကြောင်း သုံးပါးထဲက ကိုယ့်လုပ်အားဖြစ်တဲ့ ကံက ဦးတည် မောင်းနှင်တဲ့အတိုင်း ရံခါ ဣတ္ထိဘာဝရုပ်နဲ့၊ ရံခါ ပုံဘာဝရုပ်နဲ့ ဖြစ်ကြရတာ။ လက်ရှိမှာ ဘယ်လိုဖြစ်နေစေ၊ ပိုမို ပြည့်စုံတဲ့ အခြေအနေ၊ အဆင့်အတန်းမျိုးကို မျှော်လင့်ပြီး ကိုယ့်လုပ်အားကို အကောင်းဆုံး ဖြစ်အောင် ကြိုး

စားဖို့ လူတိုင်း အခွင့်အရေး ရှိတယ်။ ဒီတော့ မိန်းမဖြစ်၊ ယောက်ျားဖြစ် ဆိုတာကို ခန္ဓာဖြစ်စဉ် သံသရာမှာ ဖြုံစရာ မလိုပါဘူး။ ကိုယ့်လုပ်အား ကို ယုံကြည်တဲ့ ဗုဒ္ဓဝါဒီတွေအဖို့ ဒီလွတ်လပ်မှုဟာ အင်မတန် အား တက်ဖွယ်ပါပဲ။

**ဗုဒ္ဓမျိုးစေ့တွေ**

မဟာယာန ဒဿနအရ သတ္တဝါတိုင်းမှာ Buddha nature = ဗုဒ္ဓ ဖြစ် လာမယ့် အခြေခံ၊ သို့မဟုတ် ဗုဒ္ဓဗီဇ (ဗုဒ္ဓမျိုးစေ့) ရှိလို့ ယခု ဘယ်ဘဝ မျိုး ဖြစ်နေစေ နောက်ဆုံး တစ်ချိန်မှာ ဗောဓိဉာဏ်ကို ရပြီး ဗုဒ္ဓ ဖြစ် လာမှာပဲ။ ထေရဝါဒရဲ့ ပရမတ္ထအမြင်နဲ့ဆိုရင် သတ္တဝါတွေဟာ ဖြတ်မှု ဘုံနဲ့ ဝက်စားကျက် တစ်လှည့်စီပေါ့။ လောကမှာ အဖေအမေ အစ်ကို ညီမ ဇနီးခင်ပွန်း မတော်စပ်ဖူးသူ ရယ်လို့ မရှိဘူး၊ မိန်းမ မဖြစ်ဖူးသူ၊ ယောက်ျား မဖြစ်ဖူးသူရယ်လို့လည်း မရှိဘူးတဲ့။ ဒါဟာ ဆန္ဒရှိရင် ယောက်ျားရော မိန်းမပါ ဗုဒ္ဓဖြစ်နိုင်တယ်ဆိုတဲ့ သဘောပဲ။

ဒါပေမယ့် လက်တွေ့ အများအကျိုးပြု လုပ်ငန်းခွင်မှာ ပိုမို ပြည့်စုံ ကျယ်ပြန့်စွာ ဆောင်ရွက်ခွင့်ရတဲ့ ယောက်ျားသွင်ပြင်က ရှေ့တန်းကို ရောက်သွားတယ်လို့ ဆိုရမှာပါ။ ◻

# ဘိုးတော်တွေကို ကိုးကွယ်ရင်

ရိုသေစွာ မေးလျှောက်အပ်ပါသည် အရှင်ဘုရား၊

ဘိုးတော် ဦးမင်းခေါင်လို ဘိုးတော်တွေ လောကမှာ တကယ် ရှိပါသ လား။ ရှိရင် ဝင်းတို့အနေနဲ့ ယခု ဘယ်ဘုံမှာ ရှိနိုင်ပါသလဲ။ သူတို့ကို ကိုးကွယ်လို့ ရရှိနိုင်တဲ့ အကျိုးအပြစ်ကို သိလိုပါသည်။

သမာဓိနှင့် ဝိပဿနာ ဘယ်လို ထူးခြားပါသလဲ။ သမာဓိကို ကျင့်ပြီးမှ

ဝိပဿနာကို ကျင့်ရတာလား၊ ဝိပဿနာ သက်သက်ကိုပဲ ကျင့်လို့ ရပါသလား။

လောကီမှာ အိမ်ထောင် သားမွေးပြုရင်းနဲ့ တရားကျင့်လို့ ရနိုင်ပါသလား၊ ရနိုင်တယ်ဆိုရင် အဆင့်အမြင့်ဆုံး ဘယ်အဆင့်ထိ ရနိုင်ပါသလဲ။ သိလိုစိတ် ပြင်းပြပါသဖြင့် သနားသောအားဖြင့် ဖြေကြားပေးစေလိုပါသည် အရှင်ဘုရား။

အောင်ကျော်မိုး (UAE)

---

## ဘိုးတော်တွေ ဘယ်မှာလဲ

ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော် (စာ၊ ၃၉၁) အရ ဝိဇ္ဇာဓရ (ဝိဇ္ဇာမိုရ်) ပုဂ္ဂိုလ်တွေဟာ ၎င်းတို့ရဲ့ ဝိဇ္ဇာ အတတ်ပညာနဲ့ တန်ခိုးပြနိုင်ကြောင်း သိရတယ်။ အဲဒီ အတတ်ကို ဂန္ဓာရီ ဝိဇ္ဇာအတတ်လို့ ခေါ်ပြီး ဒီအတတ်မျိုးနဲ့ အာယုသိဒ္ဓိ ဖြစ်အောင် (အသက်ရှည်အောင်)လည်း လုပ်နိုင်ကြောင်း၊ ရတနာသုံးပါးရဲ့ ဂုဏ်ကို မိမိကိုယ်မှာ အမြဲထုံထားပြီး တန်ခိုးကြီးနတ်တွေနဲ့ ခင်မင်ရင်းနှီးအောင် လုပ်ရင် ဒီအတတ်မျိုးကို ရနိုင်ကြောင်း၊ နတ်အချို့ထက်ပင် တန်ခိုးကြီးနိုင်ကြောင်း လယ်တီဆရာတော်ကြီး မိန့်ခဲ့ပါတယ် (ဝိဇ္ဇာမဂ္ဂဒီပနီ ကျမ်းမျာ ရှုပါ)။

ဒါကြောင့် အဲဒီလို ထူးဆန်းတဲ့ အတတ်ပညာကို တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တွေ လောကမှာ ရှိကောင်း ရှိမှာပါ။ ဒါပေမယ့် ဘိုးဘိုးအောင် ဘိုးမင်းခေါင်တို့နဲ့ ပတ်သက်ပြီး ဘုန်းကြီးမှာ ကိုယ်တိုင်သိ အတွေ့ အကြုံ မရှိဖူးပါ။ ၎င်းတို့ဟာ ပုထုဇဉ်တွေပဲ ဖြစ်ဖွယ်ရှိလို့ ကောင်းတာကို လုပ်ခဲ့ရင် သုဂတိဘုံမှာ ရှိနိုင်ပြီး လိမ်ညာ ကြာခို လုပ်ခဲ့ရင်တော့ ဒုဂ္ဂတိဘုံမှာ ရှိမယ်လို့တော့ ဆိုနိုင်ရာပါတယ်။

## ၎င်းတို့ကို ကိုးကွယ်ရင်

ဗုဒ္ဓဘာသာအရ ကိုးကွယ်ခြင်းဆိုတာ ကိုးကွယ်ခံအရာကကို ချဉ်းကပ်ပူဇော်ပြီး ဝန်ချ ဆုတောင်းလိုက်ရုံနဲ့ ကိုးကွယ်သူကို ချက်ခြင်း ချမ်း

သာအောင် သူဌေးဖြစ်အောင် လုပ်ပေးခြင်း၊ မျက်မမြင်ကို မြင်အောင် လုပ်ပေးခြင်း စတာတွေနဲ့ ကယ်တင်ခြင်းဆိုတဲ့ အဓိပ္ပာယ် **မတုတ်ဘူး။** ကိုးကွယ်ခံ ဗုဒ္ဓ၊ ဓမ္မနဲ့ သံဃာက သင်ကြားချက်တွေကို ပေးတယ်၊ ကိုးကွယ်သူတွေက အဲဒါတွေကို လိုက်နာကျင့်သုံးတာကိုပဲ ကိုးကွယ်ခြင်းလို့ ဆိုပါတယ်။ အပြင်က အားကိုးစရာကို ဂရုမစိုက်ဘဲ ကိုယ့်လုပ်အား (ကမ္မ)ရဲ့ ကောင်းကျိုး ဆိုးကျိုးကို ဘယ်သူမှ မတားဆီးနိုင်ဘူး (ဝိ–၄ ၂၊ ၅) လို့ပဲ ယုံကြည်တယ်။ မိမိကိုယ်ကို ဗုဒ္ဓဘာသာလို့ ခံယူထားရင် အဲဒီ အဓိပ္ပာယ် ဖွင့်ဆိုချက်နဲ့အညီ မိမိလုပ်အားကို အခြေခံပြီး အကျိုးအပြစ်ဆိုတာကို မိမိဘာသာ နားလည်လိုက်ပါ။

**သမာဓိနဲ့ ဝိပဿနာ**

သမာဓိကိုပဲ အဆင့်မြင့်အောင် လုပ်တဲ့ သမာဓိပဓာန လမ်းစဉ် (သမထ) နဲ့ သတိနဲ့ ရှုနေတဲ့ သတိပဓာန (ဝိပဿနာ)လမ်းစဉ်လို့ နှစ်မျိုးရှိတယ်။ ပထမလမ်းစဉ်က ဈာန်ကိုရမယ်၊ အဆင့်အမြင့်ဆုံးမှာ အဘိညာဉ် တန်ခိုးတွေနဲ့ ပြည့်စုံမယ်။ ဒုတိယ လမ်းစဉ်ကတော့ ဖြစ်ပျက်ကို မြင်မယ်၊ လက္ခဏာရေးသုံးပါး ထင်မယ်၊ အရိယမဂ်ကို ရမယ်။ ပထမလမ်းစဉ်နဲ့ သမာဓိကို ထူထောင်ပြီးမှ သို့မဟုတ် ဈာန်ကိုရပြီးမှ ဝိပဿနာကို ကူးပြောင်းလို့လည်း ရတယ်။

ဝိပဿနာ သက်သက်လည်း ဖြစ်ပါတယ်။ ထိုက်သင့်တဲ့ သမာဓိတော့ ရှိရမှာပေါ့။ အာရုံခံ တံခါးတွေက ရရှိတဲ့ အာရုံမှန်သမျှကို သတိနဲ့ သိနေအောင် လုပ်ရင်းနဲ့ ခဏတိုင်းမှာ စိတ်ကို တည်ငြိမ်နေအောင် လုပ်တယ်။ ဆိုပါတော့ .. ဝင်လေ ထွက်လေကို အခြေခံ (မူလ) အာရုံအနေနဲ့ မှတ်နေစဉ် နာကျဉ် ကိုက်ခဲတာ ထင်ရှားလာရင် ထင်ရှားတဲ့နေရာမှာ စိတ်ကိုထားပြီး မှတ်တယ်။ အဲဒီလိုနည်းနဲ့ စိတ်ဟာ အာရုံတစ်ခုပြီး တစ်ခုပေါ်မှာ တည်နေတယ်။ အဲဒါကို ခဏိကသမာဓိလို့ ခေါ်တယ်။ **အဲဒီ** သမာဓိမျိုးနဲ့လည်း နောက်ဆုံး ပန်းတိုင်ဖြစ်တဲ့ အရိယမဂ်ကို **ရနိုင်ပါတယ်။**

**သောတာပန်မိခင်**

ဝိသာခါ ကျောင်းအမကြီးဟာ အသက် ၇ နှစ်မှာ သောတာပန် အရိယာ ဖြစ်နေပြီ။ အရွယ်ရောက်တော့ အိမ်ထောင်ပြုတယ်။ ကလေးတွေ နှစ်ကျိပ်တောင် မွေးသတဲ့။ အိမ်ထောင် သားမွေးဘဝနဲ့ သကဒါဂါမ်ထိ ဖြစ်နိုင်တယ်။ ဝိသာခသူဌေးကြီးဟာ မြတ်ဗုဒ္ဓ သီတင်းသုံးနေတဲ့ ဇေတဝန်ကျောင်းမှာ တရားသွားထိုင်ရင်းနဲ့ အနာဂါမ်ဖြစ်တဲ့နေ့ ညနေ ပြန်လာတော့ လက်ကမ်းပြီး ကြိုတဲ့ သူဌေးကတော်ရဲ့ လက်ကို မကိုင်တော့ဘူးတဲ့။ ဒါကြောင့် အနာဂါမ်၊ ရဟန္တာတွေကတော့ အိမ်ထောင် သားမွေး မပြုတော့ဘူးလို့ မှတ်ပါ။ ❐

# ရပ်ပြစ် ရှစ်ပါး

ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ဩကာသကန်တော့ချိုးမှာ ပါသည့် ရပ်ပြစ် ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂ ပါး တို့ကို သိလိုပါသည် အရှင်ဘုရား။

သိန်းဇော်

---

**ရပ်ပြစ်ရှစ်ပါး**

ရပ်ပြစ်ဆိုတာ အရိယမဂ်ကိုရဖို့ အခွင့်အလမ်းတွေ ပိတ်နေလို့ အပြစ်ရှိတဲ့ အရပ်၊ မနေသင့်တဲ့ အရပ်လို့ ဆိုလိုတယ် (အံ ၃၊ ၆၀)။ ၁) ငရဲဘုံ၌ ဖြစ်သူ ၂) တိရစ္ဆာန်ဘုံ၌ ဖြစ်သူ ၃) ပြိတ္တာဘုံ၌ ဖြစ်သူ ၄) အသညသတ်ဘုံ၊ အရူပဘုံတို့၌ ဖြစ်နေသူ ၅) မဇ္ဈိမဒေသ (ဗုဒ္ဓဝါဒပြန့်ပွားသည့်နေရာ)၌ ဖြစ်သော်လည်း အသိဉာဏ်နည်းပါးပြီး ရဟန်းသံဃာ မရှိ

သည့် အရပ်၌ မွေးဖွားရသူ ၆) မဇ္ဈိမဒေသ (ဗုဒ္ဓဝါဒပြန့်ပွားသည့် နေရာ) ၌ ဖြစ်သော်လည်း ကံ ကံ၏အကျိုးကို မယုံကြည်သူ (မိစ္ဆာဒိဋ္ဌိ) ဖြစ်နေသူ ၇) မဇ္ဈိမဒေသ (ဗုဒ္ဓဝါဒပြန့်ပွားသည့် နေရာ)၌ ဖြစ်သော်လည်း ဆွံ့အ နားမကြား၊ အကောင်းအဆိုးကို နားမလည်သူ (ဉာဏ်ရည် မမီသူ) ဖြစ်ခြင်း ၈) မဇ္ဈိမဒေသ (မြို့ကြီး ပြကြီး)မှာ မွေးဖွားပြီး အသိဉာဏ် ပြည့်စုံသော်လည်း ဗုဒ္ဓ မပွင့်သည့် အရပ် (ဗုဒ္ဓသာသနာ မထွန်းကားသည့် အရပ်)။ ပေါင်း ရပ်ပြစ် ၈ ပါး။

**မှတ်ချက်။** ။ သုတ်ပါထေယျအဋ္ဌကထာနဲ့ ဇိနာလင်္ကာရဋီကာတွေမှာ ရပ်ပြစ်ရှစ်ပါး ယူပုံ အနည်းငယ် ခြားနားတယ်။

**ရန်သူမျိုး ၅ ပါး**

ဥစ္စာ **စည်းစိမ်** ပျက်စီးကြောင်းတရား ငါးပါးလို့ ကျမ်းဂန်မှာ **ဆိုတယ်**။ မီး၊ ရေ၊ မင်း၊ ခိုးသားဓားပြ၊ မချစ်မနှစ်သက်အပ်သည့် **အမွေခံဆိုး** (အံ ၂၊ ၂၂၆။ ထေရီ၊ ၅၀၇ ဂါထာ)။

**ဝိပတ္တိတရား ၄ ပါး**

မပြည့်စုံမှု လေးမျိုး။ ဒီလေးမျိုးကြောင့် ကုသိုလ်ကံ အကျိုးပေးခွင့်ကို ပိတ်စေ၊ သို့မဟုတ် နှောင့်နှေးစေတယ်။ ၁) ဂတိဝိပတ္တိ = အပါယ်လေးဘုံ၌ ဖြစ်ရခြင်း ၂) ဥပဓိဝိပတ္တိ = ချွတ်ယွင်းသော ရုပ်ရည်ကို ရခြင်း ၃) ကာလဝိပတ္တိ = မင်းဆိုး မင်းညစ်တို့၏ အုပ်ချုပ်ခိုက်နှင့် ကြုံကြိုက်ခြင်း ၄) ပယောဂဝိပတ္တိ = မကောင်းမှုဖြင့် သက်မွေး ဝမ်းကျောင်း ပြုရခြင်း (အဘိ-၅ ၂၊ ၄၂၁)။

**ဗျသနတရား ၅ ပါး**

ပျက်စီး ဆုံးရှုံးမှု ငါးမျိုး။ ၁) ဉာတိဗျသန = ဆွေမျိုး ပျက်စီးခြင်း ၂) ဘောဂဗျသန = ပစ္စည်းဥစ္စာ ပျက်စီးခြင်း ၃) ရောဂဗျသန = ရောဂါနှိပ်စက်၍ ပျက်စီးခြင်း ၄) သီလဗျသန = ကိုယ်ကျင့်တရား ပျက်စီးခြင်း ၅) ဒိဋ္ဌိဗျသန = ကောင်းမှန်သော ဘာသာ **အယူဝါဒ ပျက်စီးခြင်း** (ဒီ ၃၊ ၁၉၆)။

**မိစ္ဆာဒိဋ္ဌိ ၆၂ ပါး**

**မိစ္ဆာဒိဋ္ဌိ ၆၂ မျိုးမှာ** (က) ပုဗ္ဗန္တာနုဒိဋ္ဌိ (ရှေ့အဖို့ကို ကြံဆ၊ ရှေ့အဖို့ကို စွဲယူခြင်း) ၁၈ မျိုး နှင့် (ခ) အပရန္တာနုဒိဋ္ဌိ (နောက်အဖို့ကို ကြံဆ၊ နောက်အဖို့ကို စွဲယူခြင်း) ၄၄ မျိုး။ ပေါင်း ၆၂။

**(က) ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈ မျိုးမှာ** (၁) သဿတဒိဋ္ဌိ (တည်မြဲအယူ) ၄ မျိုး (၂) **ဧကစ္စသဿတဒိဋ္ဌိ** (အချို့တည်မြဲအယူ) ၄ (၃) အန္တာနန္တဒိဋ္ဌိ (အဆုံး ရှိ **အဆုံးမရှိအယူ)** ၄ (၄) အမရာဝိက္ခေပ (အဆုံးမရှိ လွင့်ပစ်သော အယူ) ၄ (၅) အဓိစ္စသမုပ္ပန္န (အကြောင်းမဲ့ အယူ) ၂။ ပေါင်း ၁၈ မျိုး။

**(ခ) အပရန္တာနုဒိဋ္ဌိ ၄၄ မျိုးမှာ** (၁) ဥဒ္ဓမာဃတနိကသညီဝါဒ (သေပြီးနောက် သညာရှိ**အယူ) ၁၆** (၂) ဥဒ္ဓမာဃတနိက အသညီ ဝါဒ (သေပြီးနောက် သညာမရှိအယူ) ၈ (၃) ဥဒ္ဓမာဃတနိက နေဝသညီ နာသညီဝါဒ (သေပြီးနောက် သညာရှိသည် မဟုတ်၊ မရှိသည် မဟုတ် အယူ) ၈ (၄) ဥစ္ဆေဒဝါဒ (ပြတ်စဲအယူ) ၇ (၅) ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ (ပျော် ရွှင် **မှုစံပြု** အယူ) ၅။ ပေါင်း ၄၄။

**မှတ်ချက်။** ။ အကျယ်သိလိုရင် ဗြဟ္မဇာလသုတ် (ဒီ ၁၊ ၁-၄၂ ထိ) မြန်မာပြန်မှာ ဖတ်ရှုနိုင်ပါတယ်။ □

## ဘီလူးစီးခြင်း

ရှိသေစွာ လျှောက်ထားအပ်ပါသည်အရှင်ဘုရား၊

လူတွေ အိပ်ပျော်နေတဲ့အချိန် တစ်ခါတလေ အသိစိတ် ရှိနေပေမယ့် **အိမ်မက်** မက်သလို မဟုတ်ဘဲ လှုပ်လို့ မရ၊ အော်လို့ မရ ဖြစ်တတ်ပါ သည်။ တော်တော်ကြာမှ **ခန္ဓာ**ကိုယ်ကို ပြန်လှုပ်လို့ ရလာတတ်ပါသည်။

အထူးသဖြင့် ပက်လက် အနေအထားဖြင့် အိပ်ပျော်သွားလျှင် ဖြစ်တတ်ပါသည်။ အဲဒီလို ဖြစ်တာကို ဘီလူးစီးတာလို့ ပြောကြပါသည်။ အဲဒါ ဟုတ်ပါသလား၊ သိလိုရေးနှင့် မေးလျှောက်အပ်ပါသည် ဘုရား။

ငွေလေး

------------------

အဲဒီလို ဖြစ်တာဟာ များသောအားဖြင့် အပြင်က အကြောင်းတရားတွေနဲ့ ပတ်သက်ဖွယ် မရှိနိုင်ပါဘူး။ သွေးသား လည်ပတ်မှု၊ စိတ် သို့ မဟုတ် ယဉ်ကျေးမှု အစွဲအလမ်း၊ အိပ်ပျော်နေတဲ့ ကိုယ်ဟန် အနေအထားတွေနဲ့ ပတ်သက်ဖွယ် ရှိတယ်။ လူတစ်ထောင်မှာ တစ်ယောက်တောင် ဘီးလူးအစစ် ဝင်စီးခံရတာမျိုး မြင်မှ မမြင်ဖူးကြဘဲ။ တစ်ဆင့်စကားပဲ ရှိပါတယ်။ ဒါကြောင့် ဘီလူးစီးတယ်ဆိုတာ ထင်မြင်ချက် စိတ်မှန်းနဲ့ ပြောနေကြတာပဲ ဖြစ်မှာပါ။

အသိစိတ် ရှိနေတယ် ဆိုပေမယ့် လှုပ်လို့မရ၊ အော်လို့ မရတဲ့ အတွက် အဲဒီ အသိစိတ်ဟာ ပုံမှန် အသိစိတ် မဖြစ်နိုင်ဘူး။ အားနည်းနဲ့ အသိစိတ်၊ တစ်နည်းပြောရင် ပုံမှန်သိစိတ် မဖြစ်ခင် ရှောင်တခင် ဖြစ်ပေါ်လာတဲ့ အကြိုသိစိတ်ပဲ ဖြစ်မယ်။ ဗုဒ္ဓအဘိဓမ္မာနဲ့ ပြောရင် ဝီထိစိတ် ဖြစ်ခါနီး ရှေးက ဘဝင်စိတ် အနည်းငယ်သာ ဖြစ်ခြင်းမျိုးပေလော။ ❑

# ဖုတ်ဝင်ခြင်း၊ ကြေးစည်တီးခြင်း

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

တပည့်တော် ငယ်ငယ်က ဘေးအိမ်က လူမမာသည်ဟာ အစားအစာတွေ ကျွေးရင် လူတွေအိပ်မှ စားကြောင်း သိရပါသည်။ အဲဒါကို လူတွေ

က ဖုတ်ဝင်သည်ဟု ဆိုပါသည်။ တပည့်တော် သိလိုသည်မှာ ပရလောက သားသည် လူတစ်ယောက်ကို ဒုက္ခပေးနိုင်ပါသလား၊ လူသေကောင်ကို ပရလောကသားက ကပ်သည် ဆိုခြင်းမှာ ဖြစ်နိုင်ပါသလား။

ကောင်းမှုပြုပြီးနောက် ကုသိုလ်အမျှ ဝေသောအခါ ကြေးစည်တီးရန် မြတ်ဗုဒ္ဓ မိန့်တော်မူခဲ့ပါသလား။ မတီးဘဲ ဒီအတိုင်း အမျှဝေတာနဲ့ မည်ကဲ့သို့ ထူးခြားသည်ကို သိလိုပါသည်။

အောင်ကျော်မိုး

---

## ပြိတ္တာရဲ့ ပိတ်စ

မြတ်ဗုဒ္ဓ လက်ထက်က ရဟန်းတစ်ပါး သုသာန်ကို သွားပြီး မပျက်စီးသေးတဲ့ လူသေအလောင်းက ပိတ်စကို ပံ့သကူ သင်္ကန်းချုပ်ဖို့ ခွာယူတယ်။ အဲဒီ အလောင်းမှာ ကပ်နေတဲ့ ပြိတ္တာက 'အရှင်ဘုရား၊ တပည့်တော်ရဲ့ ပစ္စည်းကို မယူပါနဲ့'လို့ ပြောတာကို ရဟန်းက ဂရုမစိုက်ဘဲ ယူပြီး ကျောင်းကို ပြန်လာတယ်။ အဲဒီ အလောင်းကောင်ဟာ ရဟန်းနောက်က ထက်ကြပ်မကွာ လိုက်လာတယ်။ ရဟန်းက ကျောင်းထဲ ဝင်ပြီး တံခါးကို ပိတ်လိုက်စဉ် အလောင်းကောင်ဟာ ကျောင်းရှေ့မှာပဲ အရုပ်ကြိုးပြတ် လဲကျသွားသတဲ့။ ဒီလို ဖြစ်ဖူးတဲ့အတွက် ပံ့သကူဆောင် ရဟန်းတွေဟာ ကိုယ်နေ မပျက်သေးတဲ့ လူသေအလောင်းက ပိတ်စကို ပံ့သကူ မကောက်ရဘူး။ (ဝိ ၁၊ ၇၃)။

ဖုတ်ဝင်တယ်ဆိုတာ အဲဒါမျိုး ဖြစ်လေမလား။ ယုံကြည်လောက်တဲ့ သုသာန် ဓုတင်ဆောင် မထေရ်တွေ ပြောပြတဲ့ ပရလောကသားတွေနဲ့ ပတ်သက်တဲ့ အံ့ဩဖွယ် ဖြစ်ရပ်ဆန်းတွေ အကြောင်းကိုလည်း ကြားဖူးပါတယ်။ ဒါပေမယ့် လူသေအလောင်းက ပြန်ထလာပြီး လှုပ်ရှားမှုတွေ လုပ်တာမျိုးကိုတော့ ကိုယ်တွေ့ တစ်ခါမှ မကြုံဖူးပါ။

## မမြင်ဖူးတဲ့ ခွေးမကြီး

**ဘုန်းကြီး** ယယ်ယယ်က ရှင်ပြုခါနီးဆဲဆဲ ဘုန်းကြီးကျောင်းသားဘဝနဲ့ တစ်နေ့ မှောင်ရီပျိုးစ အချိန် ညနေစာစားပြီး ဘုန်းကြီးကျောင်းကို အိပ်

ဖို့ အိမ်က ပြန်လာတော့ ကျောင်းရှေ့က တောင်စောင်းမှာ အိပ်နေတဲ့ တိရိစ္ဆာန်တစ်ကောင်ကို မြင်လို့ ဘာလဲလို့ အတူပါလာတဲ့ ကျောင်းနေဖက် လူဝိတ်ကြီးနဲ့အတူ ပြေးလိုက်သွားတော့ ပိန်ရှည်ရှည် ခွေးမကြီးတစ်ကောင် တွေ့တယ်။ ယခုအချိန် မြင်ယောင်နေသလောက် ဘုန်းကြီးအထင် ခြောက်ပေလောက် ရှည်မယ်။ နို့ပျဉ်း တွဲလောင်းနဲ့ ဘုန်းကြီးကျောင်းဖက်ကို ကျောခိုင်း အိပ်နေရင်း ဟောဟဲ .. ဟောဟဲနဲ့ လျှာထုတ်ပြီး အသက် ပြင်းပြင်း ရှူနေတယ်။ 'ဟာ .. ဘယ်က ခွေးမကြီး မသိဘူး၊ အကြီးကြီးပဲ။ လာကြည့်ကြဟေ့ .. လာကြည့်ကြ'လို့ လူဝိတ်ကြီးက အသံပြကြီးနဲ့ အော်လိုက်တော့ ဆရာတော်ကြီး တံခါးကို ဖွင့်ကြည့်ရင်း စိတ်လှုပ်ရှားနေတဲ့ဟန်နဲ့ ဘုန်းကြီးတို့ နှစ်ယောက်ကို လက်ယပ်ခေါ်တယ်။ ရောက်လာနေတဲ့ ကျောင်းသားတွေကိုလည်း ကျောင်းအောက်ကို ဆင်းခွင့် မပေးတော့ဘူး။

ခဏကြာတော့ ညနေက ရောက်တယ်လို့ ယူဆရတဲ့ အသက် ၅၀ ခန့် တစ်ရွာသား ဒေ့သည်တစ်ယောက် ကျောင်းပေါ် တက်လာတယ်။ အဲဒီ ဒေ့သည် ထိုင်တောင် မထိုင်သေးခင်မှာ ဆရာတော်က 'ခင်ဗျားဗျာ .. ကျုပ်က ကလေးတွေနဲ့ နေရတာ .. ခင်ဗျား ကိုယ့်ဟာတွေကို နိုင်အောင် ထိန်းထားပေါ့။ ကလေးတွေ တစ်ခုခုဖြစ်ရင် ကျုပ်မှာ တာဝန်ရှိတယ်'လို့ မျက်နှာ မကြည်မသာနဲ့ ပြောတယ်။ ဒေ့သည်က 'မှန်ပါ့ဘုရား'ဆိုပြီး အောက်ကို ခပ်သုတ်သုတ် ဆင်းသွားတာ တွေ့ရတယ်။ မနက်လင်းတော့ ဘာမှ မတွေ့တော့ဘူး။ ဒါလေးက ကိုယ်တွေ့ပါ။ ဒီလူသားနဲ့ ပရလောကသား တစ်ခုခု အပေးအယူ ရှိနိုင်လေမလား။

## ကြေးစည်တီးခြင်း

မိမိနေရာမှာ ကိုယ်စီ တရား အားထုတ်နေကြတဲ့ သံဃာတော်တွေကို တစ်နေရာတည်းမှာ စည်းဝေးဖို့ ကြေးစည်တီး၊ အုန်းမောင်းခေါက်တာတွေကတော့ မြတ်ဗုဒ္ဓ လက်ထက်ကပင် ရှိနိုင်ပါတယ် (ဓမ္မပဒ-ဋ္ဌ ၁၊ ၁၈၄၊ ၄၂၇)။ သဒ္ဒဒါန(အသံအလှူ)ပြုတဲ့ အနေနဲ့လည်း ကြေးစည် ခေါင်းလောင်းတွေ တီးလေ့ရှိပါတယ် (စရိယပိဋကဋ္ဌ၊ ၂၉၉)။ ပဏ္ဍိဒါန (အမျှ

ဝေခြင်း)ကို ပြုတဲ့အခါလည်း မိမိရဲ့ ကုသိုလ်အမျှကို အားလုံး ကြား စေ အမျှယူနိုင်စေဆိုတဲ့ သဘောနဲ့ ကြေးစည် ခေါင်းလောင်း ထိုးပါတယ်။ အဲဒီလို လုပ်ရမယ်လို့ မြတ်ဗုဒ္ဓ ဟောခဲ့တာကိုတော့ မတွေ့ဖူးဘူး။

ဒါပေမယ့် စာပေအရ ဒီအစဉ်အလာဟာ အလွန်ရှေးကျတဲ့ အချိန်ကပင် ရှိခဲ့ဟန်တူပါတယ်။ ပတ္တိဒါနကုသိုလ်ပြုရာမှာ ကြေးစည် တီးခြင်း မတီးခြင်းဟာ အဓိက မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် .. ယနေ့ခေတ် ဗုဒ္ဓဝါဒီ တစ်ယောက်အနေနဲ့ ညအချိန် ဘုရားပေါ်က ဆည်းလည်းသံ၊ အလှူပေး ပြီးနောက် ကြေးစည်သံတွေကို ကြားရင် စိတ်ဆင်းရဲပါသလား။ ရာစု နှစ်တွေချီပြီး တည်ရှိပြီးဖြစ်တဲ့ အစဉ်အလာကို မငြင်းပယ်သင့်ပါဘူး။ ▫

# ယမမင်းကို အမျှဝေမယ်

ဆရာတော် အရှင်မြတ်ဘုရား၊

ယမမင်း၊ ငရဲထိန်း စသော ငရဲဘုံသားမှားများ၏ ပဋိသန္ဓေစိတ်ကို သိလိုပါသည်။ ယမမင်းနှင့် ငရဲထိန်းတို့သည် ငရဲ၏အပူကို မခံစားရဟုဆိုပါသည်။ အဲဒါ မှန်ပါသလား။ ယမမင်းနှင့် ငရဲထိန်းတို့သည် မည်သည့် နတ်မျိုး၌ ပါဝင်ပါသနည်း။ ၎င်းတို့သည် ကုသိုလ်ပြုခွင့်မရှိဘဲ လူသားတို့၏ ကုသိုလ်အမျှကို ရရှိလျှင် ထိုဘဝမှ ကျွတ်လွတ်နိုင်ပါသလား။

ရှိသေလျက် ဇင်မော်ဦး

---

**ပဋိသန္ဓေစိတ်**

ယမမင်းဆိုတာ စတုမာရာဇ်နတ်မျိုးဝင် ဝေမာနိကမျိုး ပြိတ္တာမင်းပါ။ ကောင်းကျိုး တစ်ခါ မကောင်းကျိုး တစ်လှည့် ခံစားရတယ်။ တရားစောင့်တယ်။ ဝက်သတ်ပြီး အလှူပေးခြင်းမျိုးလို အကုသိုလ်ရောတဲ့ ကု

သိုလ်ကံကြောင့် ဖြစ်ရတာ။ ယမမင်းဟာ တရားအားထုတ်ရင် မဂ် ဖိုလ် ကို ရနိုင်သတဲ့။ ဒါကြောင့် မဟာဝိပါက်စိတ် ၈ ပါးထဲက တစ်ခုခုနဲ့ ပဋိသန္ဓေ နေရဖွယ်ရှိတယ်။

**ငရဲထိန်း**

ငရဲထိန်းဆိုတာလည်း ယမမင်းနဲ့ အမျိုးဇာတ်တူလို့ ရောနှော ကုသိုလ် ကံကြောင့် မဟာဝိပါက်စိတ် ၈ ပါးထဲက တစ်ခုခုနဲ့ပဲ ပဋိသန္ဓေ နေပြီး ယမမင်းရဲ့ အခြံအရံ ဖြစ်ရဖွယ်ရှိပါတယ်။ ဒါပေမယ့် ၎င်းတို့မှာ အမြဲ သူတစ်ပါးကို နှိပ်စက်ကလူ ပြုနေရလို့ ဉာဏဝိပ္ပယုတ် (ဉာဏ်မပါတဲ့) ပဋိသန္ဓေ ဖြစ်နိုင်ပြီး တရားထူးရဖို့ အခွင့်အလမ်း ပိတ်နေပါလိမ့်မယ်။

**အမျှဝေရကျိုး**

အကုသိုလ်ကံ နည်းနည်းနဲ့ ငရဲသို့ ရောက်လာသူတွေအပေါ် ၎င်းတို့ လုပ်ဖူးတဲ့ ကုသိုလ်ကံကို အမှတ်ရအောင် ယမမင်းက စစ်မေးရတယ်။ ငါးကြိမ် စစ်မေးပါလျက် ကိုယ်လုပ်ဖူးတဲ့ ကုသိုလ်ကို အမှတ်မရနိုင်ရင် 'ဒီလူဟာ ကုသိုလ်ပြုစဉ်က ငါ့ကို အမျှဝေဖူးခဲ့သလား'လို့ ယမမင်း ကိုယ်တိုင် ဆင်ခြင်ကြည့်ပြီး အမျှဝေခဲ့ဖူးရင် ယမမင်းက ၎င်းအား သတိပေးတဲ့အတွက် အမှတ်ရသွားပြီး ငရဲမှ လွတ်သွားသတဲ့။ ဒီလိုဆို ရင် ယမမင်းကို အမျှဝေရကျိုး နပ်တာပေါ့။ တရားထူးရနိုင်တဲ့ ယမမင်း ဟာ ကုသိုလ်ပြုခွင့် မရှိဘူးလို့ မဆိုနိုင်ပါဘူး။ ယမမင်းနဲ့ အမျိုးဇာတ် တူတဲ့ ငရဲထိန်းတွေလည်း ဒီအတိုင်းပဲ ဖြစ်မှာပါ။

**ငရဲသား**

ငရဲသားကတော့ အဟိတ်ပဋိသန္ဓေ ၂ ထဲက တစ်ခုခုနဲ့ ပဋိသန္ဓေ နေ လို့ တရားထူးကို မရနိုင်၊ ကိုယ်တိုင် ကုသိုလ်ပြုခွင့်လည်း မရှိ၊ လူတွေ ဝေတဲ့ ကုသိုလ်အမျှကိုလည်း သာဓုမခေါ်နိုင်ဘူး။ ၎င်းတို့ရဲ့ အကုသိုလ် ကံ အရှိန်ကုန်မှ ငရဲဘဝက လွတ်တယ်။ ပိုမို နားလည်ဖို့ ဤကျမ်း၊ စာ-၁၅ ရဲ့ အဖြေကိုလည်း ရှုပါ။ ❒

# နှတ်ပူးခြင်း

ဆရာတော် အရှင်မြတ်ဘုရား၊

နတ်ပူးဝင်တယ်ဆိုတာ တကယ်ရှိပါသလားဘုရား။ နတ်ကနားတစ်ချို့မှာ လူတွေက နတ်ဝင်တယ်ဆိုပြီး ကကြတဲ့အချိန်မှာ သူတို့ရဲ့ သိစိတ် မရှိဘူးလို့ ပြောကြပါတယ်။ ဒီလိုမှန်ရင် သူတို့ရဲ့ သိစိတ် ဘယ်ကို ရောက်နေပါသလဲ။ မိမိရဲ့ ရုပ်ခန္ဓာကြီးကို တစ်ခြားနာမ်တစ်ခု ရောက်လာတာပါလား အရှင်ဘုရား။ တစ်ချို့လူတွေဟာ တိရစ္ဆာန် အရှင်တွေကို စားသောက်တာတွေရှိကြောင်းလည်း သိရပါတယ်။ အဲဒါတွေဟာ တကယ် ဟုတ်မဟုတ် သိလိုပါသည် အရှင်ဘုရား။

ငွေလေး

---

**အရှင်မောဂ္ဂလ္လာန်၊ အရှင်အာနန္ဒာ**

အခါတစ်ပါးမှာ အရှင်မောဂ္ဂလ္လာန် ဗိုက်နာတော်မူလို့ အဘိညာဉ်တန်ခိုးနဲ့ ဆင်ခြင်လိုက်တဲ့အခါ မာရ်နတ်ကြီး ဗိုက်ထဲက အူကြားမှာ ဝင်ကပ်နေတာကို သိလိုက်ရတယ်။ ဒီတော့ အရှင်မြတ်က 'မာနတ်ကြီး၊ ငါ့ဗိုက်ထဲက ထွက်ခဲ့ပါ။ ဗုဒ္ဓနဲ့ ဗုဒ္ဓရဲ့ သာဝကတွေကို နာကျင်အောင် ပြုရင် ဆင်းရဲဒုက္ခ ရောက်တတ်တယ်'လို့ ဆိုတယ်။ မာနတ်ကတော့ 'သူ့ဆရာ ဗုဒ္ဓတောင် ငါ့ကို ဒါလောက် မြန်မြန် မသိနိုင်တာ သူလို သာဝကအနေနဲ့ ဘယ်သိနိုင်မလဲ။ မမြင်ဘဲ ရမ်းပြောတာပဲ ဖြစ်မယ်'လို့ တွေးပြီး မထွက်ဘဲ နေတယ်။ အရှင်မောဂ္ဂလ္လာန်က မာနတ်ရဲ့ စိတ်ထဲမှာ ဘာကို တွေးနေတယ်ဆိုတာကိုပါ ပြောလိုက်တော့မှ ယုံပြီး မာနတ်ကြီး ဗိုက်ထဲက ထွက်လာသတဲ့ (မ ၁၊ ၄၀၇)။

မြတ်ဗုဒ္ဓက မိမိဟာ ကုဋ္ဌိပါဒ်လေးပါးကို ပွားများထားတဲ့အတွက် အာယုကပ် သက်တမ်း ကုန်အောင် နေနိုင်တယ်လို့ မိန့်တော်မူတဲ့အခါ အရှင်အာနန္ဒာက 'အာယုကပ် သက်တမ်းကုန်တဲ့အထိ ပရိနိဗ္ဗာန်စံတော် မမူပါနဲ့'လို့ မြတ်ဗုဒ္ဓကို ပြန်မလျှောက်နိုင်အောင်လည်း အရှင်အာ

နန္ဒာရဲ့စိတ်ကို မာရ်နတ်က နှောင့်ယှက်ထားသတဲ့ (ဒီ ၂၊ ၈၆)။ ဒီပါဠိတော်အရ မာရ်နတ်ဟာ အရိယာ ပုဂ္ဂိုလ်ကြီးတွေကိုတောင် နှောင့်ယှက်နိုင်တဲ့ သဘောရှိတယ်။

**ဂန္ဓဗ္ဗနတ်**

နတ်ဆိုတဲ့ ဝေါဟာရထဲမှာ နတ်ပြည်ခြောက်ထပ် သုဂတိဘုံ (ကောင်းတဲ့ဘုံ)ကနတ်တွေ၊ မြေ၌တည်သောနတ် (ဘုမ္မစိုးနတ်)တွေ ပါဝင်တယ်။ ဘုမ္မစိုးဆိုတာ 'တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုး (သစ်ပင်စောင့်)နတ်နှင့် ဂန္ဓဗ္ဗနတ်စသော နတ်တွေ' ဖြစ်ပါတယ်။ 'ဂန္ဓဗ္ဗနတ်မများသည် များသောအားဖြင့် မိန်းမတို့ ကိုယ်၌ ပူးဝင်ခိုကပ်လျက် ထိုမိန်းမတို့ ခိုင်းစေရာကို ပြုတတ်ကြ၏ (သဂြိုဟ်ဘာသာဋီကာ၊ စာ-၂၉၅)'။ ဖော်ပြပါ ကျမ်းစာအရ နတ်တွေက လူ့ကိုယ်မှာ ကပ်နေပြီး လူခိုင်းရာကို လုပ်ပေးနိုင်တယ်လို့ နားလည်ရတယ်။

**မှတ်တမ်းတစ်ခု**

ညောင်တုန်းမြို့ ရွှေဟသ်ာတောရကျောင်းတိုက်မှာ နေစဉ်က နတ်တော်လပြည့်နေ့တိုင်း မဟာသမယသုတ်ကို ရွတ်ဖတ်တဲ့ အစဉ်အလာစတင်ခဲ့ပုံနဲ့ ပတ်သက်ပြီး ကြားဖူးခဲ့တာက .. စစ်ကိုင်းရွှေဟသ်ာ ဆရာတော် ဖြစ်လာမယ့် စွယ်တော်ကျောင်း ဆရာ တော်လေး (အဲဒီအချိန်က စွယ်တော်ကျောင်းဘုန်းကြီး)ရဲ့ အမိန့်နဲ့ ကျောင်းရှေ့က ညောင်ပင်ကြီးကို ခုတ်လှဲတဲ့အတွက် ညကျရင် ၂၂ ကေ ကျယ်ဝန်းတဲ့ ကျောင်းဝင်းထဲက နတ်လမ်းတွေမှာ ထူးခြားတဲ့ အသံဗလံတွေကို ကြားရလို့ သံဃာတော်တွေ အားလုံး စည်းဝေးပြီး ဒုတိယစံကျောင်းဆရာတော်ကြီးကိုယ်တိုင် သူတော်ကောင်း နတ်မင်းကြီးတွေကို ဖိတ်ခေါ်ပြီး အကူအညီ တောင်းတဲ့အခါ လေးစားလောက်တဲ့ ဆရာတော်တစ်ပါး (ဘွဲ့အမည် မမှတ်မိ)ကို နတ်မင်းကြီးတစ်ပါး ဝင်ပူးပြီး ကူညီပေးပါမည့်အကြောင်း ပြန်ကြားသတဲ့။

အဲဒီဖြစ်ရပ်ကို အကြောင်းပြုပြီး နှစ်စဉ် နတ်တော်လပြည့်နေ့တိုင်း တစ်တိုက်လုံး သံဃာတွေ စုပေါင်းပြီး မဟာသမယသုတ်ကို ရွတ်ဆို

လာခဲ့တာ ယနေ့တိုင်ပါပဲ။ ဒါဖြင့်ရင် ပရလောကသားက လူကို ဝင်ပူးပြီး သူ့ကိုယ်စား လူကို စကားပြောခိုင်းတယ်လို့လည်း ဆိုနိုင်လိမ့်မယ်။

**ကျွဲဖြစ်ဖူးတယ်**

ဘုန်းကြီး အသက်ကိုးနှစ်လောက်မှာ ရွာကို အသက်ငါးဆယ်အရွယ် မျက်လှည့်ဆရာတစ်ယောက် ရောက်လာတယ်။ နာမည်က ဉက္ကာလာ စိန်တဲ့။ သူပြတာတွေထဲက ရေဇလုံထဲမှာ ကူးနေတဲ့ ငါးသေးသေး လေးတွေကို အကောင်းလိုက် အစိမ်းစားပြတာကို အမှတ်ရတယ်။ ကလေးနှစ်ယောက်ကို ကျွဲလုပ် တိုက်ပြမယ်ဆိုပြီး ရှေ့ဆုံးမှာ ထိုင် ကြည့်နေတဲ့ ဒိုးဖယ် (ဘုန်းကြီးရဲ့ ငယ်စဉ်က Nick Name) နဲ့ ငပိ တောက် (နာမည်ရင်း မမှတ်မိ)ကို ပွဲခင်းထဲ ခေါ်ထုတ်၊ ခေါင်းချင်း ဆိုင် ထားပြီး ခေါင်းနှစ်ခုပေါ်မှာ ပိတ်ဖြူစကို အုပ်လိုက်တယ်။ အဲဒီနောက် မျက်လှည့်ဆရာဟာ ယခု အမှတ်မရနိုင်တော့တဲ့ စကားလုံးတွေကို တရစပ် ရွတ်ဆိုပြီး ဘုန်းကြီးတို့ နှစ်ယောက်ရဲ့ ခေါင်းကို ကိုင်ထား တယ်။ နှစ်မိနစ်လောက် ကြာတော့ သူဘာပြောတယ်၊ ကိုယ် ဘာလုပ် တယ်ဆိုတာကို ဘုန်းကြီး မသိတော့ဘူး။

သတိရလာတော့ အမေ ငိုနေပြီး ပါးစပ်ကလည်း တောင်စဉ်ရေမရ ပြောရင်း ဘုန်းကြီးခေါင်းမှာ သန်းရှာသလို နေရာအနှံ့ လိုက်ရှာနေတာ တွေ့ရတယ်။ ဘေးကလူတွေ ပြောလို့ သိရတာက ဘုန်ကြီးတို့ နှစ် ယောက် ကျွဲနှစ်ကောင် ခတ်နေလို 'ခွမ်းခနဲ ခွမ်းခနဲ' မြည်အောင် ခေါင်းချင်း ဆောင့်နေကြတုန်း ဘုန်းကြီးရဲ့ အမေက ငါ့သား ခေါင်းကွဲ ပါပြီဆိုပြီး အတင်းဝင်ဆွဲလို့ ပွဲပျက်သွားသတဲ့။ ဒါပေမယ့် ဘုန်းကြီး သတိရတဲ့အချိန်မှာ ခေါင်းမှာ ဒဏ်ရာ မရှိဘူး၊ နာလည်း မနာဘူးဗျ။ ယနေ့ထိတော့ ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာကို မစဉ်းစားတတ်ဘူး။

**နတ်ပူးစဉ် သိစိတ်**

ဒီခန္ဓာကိုယ်နဲ့ သိစိတ် ကွဲသွားရင် သေပြီ။ ဒါကြောင့် အဲဒီလိုတော့ မဖြစ် နိုင်တဲ့အပြင် အခြားနာမ်တစ်ခု ဒီခန္ဓာကိုယ်ကို ရောက်နေတယ်လို့ လည်း မဆိုနိုင်ဘူး။ ဖြစ်နိုင်တာက .. လူတစ်ယောက် မသိစိတ် (ဘဝင်

စိတ်) ဖြစ်နေတုန်း အခြားလောကသားက အဲဒီလူကို သူလုပ်ချင်တာကို ခိုင်းစေတယ်လို့ ဆိုနိုင်လေမလား။ ဥပမာ ရုပ်သေးရုပ်လိုပေါ့။ ပရလောကသားက သူလုပ်တာကို လူလုပ်တယ်လို့ မြင်အောင် ကြည့်သူရဲ့ မျက်စိကို လှည့်စားပစ်တာလား။

ဒါမှမဟုတ် မသိစိတ်ဖြစ်နေတုန်း အဲဒီလူရဲ့ ကိုယ်ခန္ဓာကို ပရလောကသားက သူမြင်စေချင်တဲ့ ပုံစံနဲ့ လူတွေကို လုပ်ပြတာလား။ ဗုဒ္ဓဝါဒီတွေ တမလွန်နဲ့ ပရလောကကို ယုံကြည်ကြလို့ အဲဒီယုံကြည်ချက်အရ စိတ်စွဲလမ်းလို့ ဒီလို ဖြစ်ရပ်ဆန်းတွေ ဖြစ်ရတာလား။ (စကားမစပ်၊ ညောင်တုန်းမှာ နေတုန်းက မူဆလင် ကုလားမကြီးတစ်ယောက် တစ္ဆေပူးတယ်ဆိုတဲ့ ဖြစ်ရပ်မျိုးကိုလည်း ကြုံဖူးတယ်။) လောကမှာ ငါဉာဏ်မမီတာတွေ အများကြီးပါပဲလားလို့ တွေးပြီး ဦးနှောက် ခြောက်သွားတယ်ဗျို့။ ▢

# လူ့သက်တမ်းနဲ့ ဘုရားရှင်

ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

အရှင်ဘုရား ဖြေကြားသော 'အနှစ်ရှစ်သောင်း အသက်ရှည်သော လူတို့ ခေတ်၌ မေတ္တေယျမည်သော ဘုရားရှင်သည် ပွင့်တော်မူလတ္တံ့' ဟူသော အဖြေနှင့် ဘုရားရှင်တို့ ပွင့်ရာတွင် လူတို့သက်တမ်း အလွန်တိုတောင်းသော ကာလမှာဖြစ်စေ၊ သက်တမ်း ရှည်လွန်းသော ကာလမှာဖြစ်စေ ဘုရား မပွင့်ပေါ်ဟူသော အဆိုနှင့် ကွဲလွဲနေပါသဖြင့် မည်သို့မှတ်သားရမည်ကို သိလိုပါသည် အရှင်ဘုရား။

မင်းမျိုး

---

## ဗုဒ္ဓသက်တမ်းတွေ

ဒီပင်္ကရဗုဒ္ဓ အစ တိဿဗုဒ္ဓ အဆုံးရှိတဲ့ ဘုရားကိုးဆူက လူ့သက်တမ်း တစ်သိန်းတမ်းမှာ ပွင့်တယ်။ မင်္ဂလအစ ဖုဿအဆုံးရှိတဲ့ ဗုဒ္ဓရှစ်ဆူက အနှစ်ကိုးသောင်းသက်တမ်း၊ ရေဝတနဲ့ ဝေဿဘူ မြတ်စွာဘုရားက ခြောက်သောင်း၊ ဝိပဿီဗုဒ္ဓက ရှစ်သောင်းတမ်း၊ သိခီ ခုနစ်သောင်း၊ ကကုသန္ဓ လေးသောင်း၊ ကောဏာဂမန သုံးသောင်း၊ ကဿပ နှစ်သောင်း၊ ဂေါတမဗုဒ္ဓ (ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓ)က တစ်ရာ သက်တမ်းမှာ ပွင့်တော်မူကြတယ် (ဗုဒ္ဓဝံသ-ဋ္ဌ၊ ၃၄၉။ ဒီ ၂၊ ၃)။

လူ့သက်တမ်း အနှစ်တစ်သိန်းမှာ ပွင့်တော်မူတဲ့ ဘုရားတွေဟာ သက်တော် အရှည်ဆုံး ဖြစ်ပါတယ်။ တစ်သိန်းတမ်းရဲ့ အထက်မှာ ဘုရားတွေ မပွင့်ပါဘူး။ အကြောင်းက လူတွေ ကိုယ်ကျင့်တရား ကောင်းတာလို့ အသက်ရှည်လွန်းတဲ့အတွက် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ရေးသုံးပါး မထင်လွယ်လို့။ တစ်ရာတမ်းရဲ့ အောက်မှာလည်း ဗုဒ္ဓဘုရားတွေ ပွင့်တော်မမူဘူး။ အကြောင်းက လူတွေ လောဘ ဒေါသ မောဟ ထူပြောလွန်းတဲ့အတွက် တရားဟော မရနိုင်လို့။ ဘုရားရှင်တွေဟာ လူ့သက်တမ်း အသင်္ချေယျကပ်ကနေ တဖြည်းဖြည်း ဆုတ်လာချိန်မှာ ပွင့်တယ် (ဒီ-ဋ္ဌ ၃၊ ၃၉)။ အစားအစာနဲ့ ရာသီ ဥတုအရ ရှည်ခွင့်ရှိတဲ့ သက်တမ်းရဲ့ ငါးပုံလေးပုံပဲ သက်တော် ရှည်တယ် (ဒီ-ဋ္ဌ ၂၊ ၇)။

## အရိမေတ္တေယျ

'ရဟန်းတို့ (ဤဘဒ္ဒ ကမ္ဘာတွင်) အနှစ်ရှစ်သောင်း အသက်ရှည်သော လူတို့ခေတ်၌ (အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော် ကိုးပါးနှင့် ပြည့်စုံသော) မေတ္တေယျမည်သော ဘုရားရှင်သည် ပွင့်တော်မူလတ္တံ့ (ဒီ ၃၊ ၆၃။ ဗုဒ္ဓဝံသ၊ ၃၈၂)'။ ပါဠိတော်တွေအရ နောင်ပွင့်တော်မူမယ့် အရိမေတ္တေယျဘုရားဟာ လူ့သက်တမ်း ရှစ်သောင်းတမ်းမှာ ပွင့်တော်မူမှာ ဖြစ်လို့ သက်တော်ရှည် ဗုဒ္ဓလို့ ဆိုနိုင်ပါတယ်။ ▢

# ကထိန်အနှစ်ချုပ်

ဆရာတော် အရှင်သူမြတ်ဘုရား၊

တပည့်တော်တို့ စင်္ကာပူမှာ ဒကာဒကာမတွေက ဘုန်းကြီးတစ်ပါးကို ကြည်ညိုပြီး အိမ်တစ်လုံးကို ဘုန်းကြီးကျောင်းအဖြစ် ငှားထားပါသည်။ ထိုဘုန်းကြီးမှာ ထိုကျောင်း၌ ဝါမဆိုပါ။ သို့သော် သီတင်းကျွတ်တဲ့အခါ ကထိန်ပွဲ ပြုလုပ်ရန် ကြေညာပါသည်။ တပည့်တော် သိလိုသည်မှာ -

၁) ကျောင်းတစ်ခုမှာ ဝါဆိုသံဃာမရှိဘဲ ကထိန်ပွဲ ပြုလုပ်ကောင်းပါသလား အရှင်ဘုရား

၂) သံဃာ ဘယ်နှစ်ပါးဝါဆိုမှ ကထိန်ခင်းခွင့် ရှိပါသနည်း

၃) ကထိန်မခင်းကောင်းဘဲ ကထိန်ခင်းပါက ဘုန်းကြီးနှင့် ဒကာဒကာမတွေမှာ အပြစ်ရှိပါသလား။

ရိုသေစွာဖြင့် အောင်ဦး

---

**ကထိန်ခင်း**

ကထိန်ဆိုတာ ပါဠိစကားလုံး 'ကထိန'ပါပဲ။ အဓိပ္ပာယ်က အကျိုးပေးနိုင်မြဲတဲ့အလှူ၊ မြတ်ဗုဒ္ဓ ချီးမွမ်းတဲ့အလှူ။ ဒကာဒကာမတွေက ကထိန်လျာ သင်္ကန်းကို လှူတယ်၊ ရဟန်းတွေက ကထိန်ခင်းတယ်လို့ ခွဲမှတ်။ ရဟန်းလေးပါးက သိမ်ထည်းမှာ ကမ္မဝါစာ (ပြန်တမ်း) ဖတ်ပြီး ကထိန်ခင်းမယ့် သင်္ကန်းကို သင်္ကန်းရှားပါးတဲ့ ရဟန်းအား ပေးစဉ် အဲဒီရဟန်းက 'ဤသင်္ကန်းဖြင့် ကထိန်ခင်းပါ၏'လို့ ဆိုပြီး လက်ခံ တယ်။ အဲဒီနောက် သံဃာကို စုဝေးပြီး ဒီရဟန်းက 'အရှင်ဘုရားတို့၊ သံဃာတော်များအတွက် ကထိန်ခင်းပါပြီ၊ ဝမ်းမြောက်ကြပါ'လို့ ပြောတဲ့အခါ အခြားရဟန်းတွေက 'ဝမ်းမြောက်ပါ'လို့ တစ်ပါးစီ ဆိုကြတယ်။ အဲဒီလို လုပ်တာကို ကထိန်ခင်းတယ်လို့ ခေါ်တယ်။

**သတ်မှတ်ချက်**

ဝါဆိုလပြည့်နေ့မှာ ဝါဆိုပြီး သီတင်းကျွတ်လပြည့်မှာ ဝါကျွတ်တဲ့ ရဟန်းပဲ ကထိန်ခင်းကောင်းတယ်။ ဝါခေါင်လပြည့်နေ့မှာ ဝါဆိုပြီး တန်ဆောင်မုန်း လပြည့်နေ့မှာ ဝါကျွတ်တဲ့ရဟန်း ကထိန်မခင်းကောင်းဘူး။ သီတင်းကျွတ် လပြည့်နေ့က တန်ဆောင်မုန်း လပြည့်နေ့ထိ တစ်လ အတွင်း တစ်ကျောင်းမှာ တစ်ကြိမ်ပဲ ကထိန်ခင်းရတယ်။ ဘုန်းကြီးက လူတွေကို ကထိန်သင်္ကန်း လှူပါလို့ မတိုက်တွန်းကောင်းဘူး။ အလှူရှင်က စေတနာပေါက်လို့ အလိုလိုလှူဒါန်းတဲ့ သင်္ကန်းကိုသာ ကထိန်ခင်းရတယ်။ သင်္ကန်းကို ခံယူမယ့်ရဟန်း အပါအဝင် အနည်းဆုံး သံဃာ ငါးပါးရှိမှ သိမ်ထဲမှာ ကမ္မဝါစာ ဖတ်လို့ရတယ်။ ကထိန်ခင်းတာတော့ ရဟန်းတစ်ပါးတည်းပါပဲ။ အပိုသင်္ကန်းတွေနဲ့ ထီး၊ ဖိနပ်၊ ဆပ်ပြာစတဲ့ ကန်အသုံးအဆောင်တွေကိုတော့ ကထိန်အရံလို့ ခေါ်တယ်။

**တစ်ပါးတည်း**

ကျောင်းမှာ သံဃာတစ်ပါးပဲ ဝါဆိုပြီး အဲဒီတစ်ပါးကို ကထိန်သင်္ကန်း လှူရင် အခြားကျောင်းက သံဃာလေးပါးပင့်၊ အဲဒီလေးပါးက သိမ်ထဲမှာ ကမ္မဝါစာနဲ့ သင်္ကန်းကိုပေးပြီး ကထိန်ခင်းကောင်းတယ် (ဝိ-ဌ ၃၊ ၃၈၈)။ မပင့်လိုရင် မိမိက သံဃာလေးပါးရှိတဲ့ နေရာကို ကထိန်သင်္ကန်းကို ယူသွားပြီးတော့လည်း ကထိန်ခင်းကြတယ်။ 'ရဟန်းငါးပါးရှိမှ ကထိန်ခင်းရတယ်'ဆိုရာမှာ သိမ်အတွင်းမှာ သံဃာလေးပါး ကမ္မဝါစာ ဖတ်ပြီး ကထိန်ခံရဟန်းအား သင်္ကန်းပေးတာကို ရည်ရွယ်ပြီးပြောတာ (ဝိနယဝိနိစ္ဆယ-ဋီ ၂၊ ၂၃၁)။ ဒါကြောင့် မိမိတို့ကျောင်းမှာ ဝါဆိုလပြည့်နေ့ ဝါဆိုဝါကပ်တဲ့ ဘုန်းကြီး တစ်ပါးရှိရင် ကထိန်သင်္ကန်း လှူလို့ ရပြီလို့ မှတ်ပါ။

**ဝါဆိုသံဃာမရှိ**

အခြားကျောင်းမှာ ဝါဆိုပြီး ဝါကျွတ်မှ ဒီကျောင်းကို ရောက်လာတဲ့ သံဃာတွေကိုလည်း ကထိန်ကိန်း လှူကောင်းတယ်။ ဒီလိုလှူရင် ကထိန်ခံ

ထိုက်တဲ့ ရဟန်းဟာ မိမိဝါဆိုခဲ့တဲ့ ကျောင်းမှာပဲ ကထိန်ခင်းရတယ်။ အကြောင်းက နာနာသီမာဖြစ်လို့ (= သိမ်မတူလို့) ပါပဲ။ (သာရတ္ထ-၃၊ ၃၃၅)။ ဒါပေမယ့် အဲဒီသံဃာတွေ ကထိန်ခင်းမှုကြောင့် ရရှိတဲ့ သိက္ခာပုဒ်အချို့ ကင်းလွတ်ခြင်းစတဲ့ အကျိုးငါးမျိုးကိုတော့ မရနိုင်ဘူး (ဝိနယဝိနိစ္ဆယ-၃၊ ၂၊ ၂၃၁)။

**အကုသိုလ်လား**

ဒီအနှစ်ချုပ်ကို ဖတ်ကြည့်ပြီးရင် မေးခွန်း ၁ နဲ့ ၂ အတွက် ရှင်းပြီလို့ ယူဆပါတယ်။ အလှူရှင်အနေနဲ့ ကထိန်သင်္ကန်းရယ်လို့ မဟုတ်ပါဘူး၊ မည်သည့် အလှူဒါနမျိုးမဆိုကို စေတနာ သန့်သန့်နဲ့ လှူဒါန်းရင် အကုသိုလ် မဖြစ်နိုင်ပါဘူး။ တစ်ခုတော့ ရှိတယ် .. ကထိန်ကို အလှူခံတဲ့ ဘုန်းကြီးဟာ ဒီဖက်ကျောင်းမှာ ကထိန်ခင်းခဲ့ပြီးမှ ကထိန်မနုတ်ဘဲ (= ခိုင်လုံတဲ့ အကြောင်းနဲ့ ခင်းပြီးကထိန်ကို ပြန်မရုတ်သိမ်းဘဲ) နောက်တစ်ကျောင်းမှာ တစ်ဖန်ထပ်ပြီး ကထိန်ကို အလှူခံရင်တော့ အဲဒီဘုန်းကြီး အာပတ်သင့်တယ်။ ▢

# တန်ခိုးပြမယ်

ဆရာတော် အရှင်မြတ်ဘုရား၊

လောကီ ရှာန်များ၊ အဘိညာဉ်များကို စိတ်ဝင်စားပါသည်။ ထိုစိတ်စွမ်းအားများသည် လောကကောင်းကျိုးကို ဆောင်ရွက်ရန် ဖြစ်နိုင်ပါသလား အရှင်ဘုရား။ ဆိုလိုသည်မှာ .. မိုးနည်းလျှင် အဘိညာဉ်တန်ခိုးဖြင့် မိုးရွာသွန်းစေခြင်းမျိုး ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်သလားဆိုတာကို ဖြေကြားပေးစေလိုပါသည်။

မိုးဇော်အောင်

---

**ပိလိန္ဒဝစ္ဆ**

မြတ်ဗုဒ္ဓ လက်ထက်က အရှင်ပိလိန္ဒဝစ္ဆ မထေရ်ဟာ ဗိမ္ဗိသာရမင်းကြီးရဲ့ နန်းတော်ကို ရွှေဖြစ်စေလို့ အဓိဋ္ဌာန်ပြုလိုက်တာနဲ့ နန်းတော်တစ်ခုလုံး ရွှေဖြစ်သွားဖူးတယ်။ ရှေးခေတ်သီဟိုဠ်မှာ ဗြဟ္မဏတိဿ သူပုန်ဘေး ဖြစ်စဉ် တန်ခိုးကြီးတဲ့ ရဟန္တာတစ်ပါးက စမ်းချောင်းတစ်ခုကို နို့ရည် ဖြစ်အောင် တန်ခိုးနဲ့ လုပ်တဲ့အခါ ညနေရောက်တော့ ရေပြန်ဖြစ်သွား သတဲ့။ အဲဒါကို ထောက်ပြပြီး ဗုဒ္ဓသာသနာ နှောင်းပိုင်းခေတ်မှာ ထေရ ဝါဒမှ သွေဖည်လိုကြတဲ့ ဗုဒ္ဓဝါဒဂိုဏ်းကွဲအချို့က ဘုရား ရဟန္တာတွေဟာ အရာခပ်သိမ်းကို လိုသလို ဖန်တီးနိုင်တယ်လို့ ယူဆခဲ့ကြဖူးတယ်။

**မစွမ်းနိုင်**

အမှန်တော့ အရာခပ်သိမ်းကို အဘိညာဉ်တန်ခိုးနဲ့ ပြီးအောင်လုပ်လို့ မရနိုင်ဘူး။ ရုပ်နာမ်တရားတို့ရဲ့ အနိစ္စကို နိစ္စဖြစ်အောင် တန်ခိုးနဲ့ မလုပ်နိုင်ဘူး။ သတ္တဝါတွေ မအိုနဲ့၊ မနာနဲ့လို့ မလုပ်နိုင်ဘူး။ ကံ ကုန်လို့ သေမယ့် သတ္တဝါကို မသေအောင် တန်ခိုးနဲ့ မလုပ်နိုင်ဘူး။ သဘာဝ နိယာမကို ပြောင်းပြန် ဖြစ်သွားအောင်လည်း မလုပ်နိုင်ဘူး။ ဒါကြောင့် သစ်ရွက်တွေ မကြွေဘဲ အမြဲစိမ်းနေစေ၊ အမြဲတမ်း လဆန်းချည်း ဖြစ် နေစေ၊ ကမ္ဘာမြေ ၂၃½ ဒီဂရီ မတိမ်းစောင်းစေနဲ့၊ ဒီရေ အတက်အကျ မရှိစေနဲ့၊ ဆောင်းရာသီချည်း ဖြစ်နေစေလို့ တန်ခိုးနဲ့ မဖန်တီးနိုင်ဘူး။

**တန်ခိုးဖြင့်**

လူတစ်ယောက်ကို ရည်ရွယ်ပြီး ဖန်ဆင်းရာမှာတော့ သူ့ရဲ့ ကံအလိုက် ဖြစ်နိုင်တယ်။ ရွှေရမယ့် ကံတရား ရှိနေသူတွေကို ရွှေရအောင် လုပ် ပေးနိုင်တယ်။ နန်းတော်တစ်ခုလုံးကို ရွှေဖြစ်သွားတာ၊ ရေက နို့ရည် ဖြစ်သွားတာတွေက ရုပ်ဖြစ်စဉ် ပြောင်းသွားတဲ့ သဘောပါပဲ။ အဲဒီလို အချို့ကို တန်ခိုးနဲ့ လုပ်နိုင်ပေမယ့် သဘာဝနိယာမကို ပြောင်းပြန် ဖြစ် အောင်တော့ မလုပ်နိုင်ဘူးလို့ **ထေရဝါဒီတို့** ယုံကြည်ကြတယ်။ ❒

# ကံအနှစ်ချုပ်

ဆရာတော် အရှင်သူမြတ်ဘုရား၊

ပြုလုပ်ထားသော ကုသိုလ် အကုသိုလ်ကံများသည် အလျင်းသင့်သလို (random) အကျိုးပေးတာပါလား ဘုရား။ ဥပမာ ယခုပြုလုပ်သော ကံသည် ယခုဘဝမှာ ဖြစ်စေ၊ နောင်ဘဝ တစ်ခုခုမှာ ဖြစ်စေ အကျိုးပေးမည်ဟု ဆိုလိုပါသလား။ အကုသိုလ်ကို ကုသိုလ်ဖြင့် ချေဖျက်လို့ ရနိုင်ပါသလား။ ယခင်က မသိနားမလည်လို့ ပြုလုပ်မိသည့် အကုသိုလ်ကို ယခုပြုလုပ်သော ကုသိုလ်များဖြင့် ကျေနိုင်ပါသလား။ ကဋတ္တာကံနှင့် အဟောသိကံများအကြောင်းကိုလည်း သိလိုပါသည်။

မင်းမျိုးသန့် (ရန်ကုန်)

---

**ကံဆိုတာ**

စေတနာ (စိတ်ထဲက လိုလား၊ တက်ကြွ) နဲ့ လုပ်ဖြစ်သွားတဲ့ အလုပ်ကို ကံခေါ်တယ်။ အတိအကျဆိုရင် ကိုယ်နဲ့ နှုတ်နဲ့ စိတ်နဲ့ အလုပ်ကောင်း အလုပ်ဆိုး တစ်ခုခု ပြုဖြစ်သွားအောင် လှုံ့ဆော်တဲ့ သတ္တိကို ကံလို့ ခေါ်တာ (အံ ၂၊ ၃၆၃)။ ဘုရား ရဟန္တာတို့မှတစ်ပါး ကျန်သတ္တဝါ အားလုံးတို့ရဲ့ စေတနာပါတဲ့ အလုပ်တိုင်းဟာ ကံဖြစ်တယ်။ ဘုရား ရဟန္တာတွေကျတော့ ကံရဲ့ အမြစ်ဖြစ်တဲ့ အဝိဇ္ဇာနဲ့ တဏှာကို ပယ်ပြီးဖြစ်လို့ ကံသစ် မဖြစ်တော့ပေမယ့် ဤဘဝခန္ဓာ တည်ရှိသရွေ့ ယခင်ကံတွေရဲ့ အကျိုးဆက်ကို တွေ့ကြုံ ခံစားရသေးတယ်။

ကံရဲ့ အကျိုးဆက်ကို မည်သူမျှ မလွတ်နိုင်ဘူး။ မည်သည့် ဗြဟ္မာ ဘုရား နတ်သိကြားစတဲ့ တန်ခိုးရှင်မှလည်း လွတ်အောင် လုပ်မပေးနိုင်ဘူး။ အဖဘုရားသခင်ဆိုတာ ရှိခဲ့ရင်တောင် ဒီကံစက်ကွင်းက မလွတ်ဘူး။ ဒါဟာ နိယာမ (အမှန်တရား သို့မဟုတ် သီအိုရီ) ပါပဲ။

## လုပ်ဆောင်ပုံ

ကံရဲ့ လုပ်ဆောင်ပုံ လေးမျိုးရှိတယ်။ ၁) အကုသိုလ်ကြောင့် ခွေးဘဝမှာ ပဋိသန္ဓေ နေရပေမယ့် ပဝတ္တိအခါ ကျန်းမာရေး အာမခံတွေနဲ့ လူတစ်ယောက်လို အဆင့်မီမီ နေရအောင်၊ ကုသိုလ်ကြောင့် ဘုရင့်အိမ်မှာ မွေးရသော်ငြား လူစဉ်မမီအောင် လုပ်တယ် ၂) ရှေးကုသိုလ် အကုသိုလ်ကံတွေ အကျိုးပေးခွင့် သာအောင်၊ အကျိုးပေး ထက်သန်အောင်၊ အကျိုးပေးချိန် ကြာမြင့်အောင် လုပ်တယ် ၃) ရှေးကုသိုလ်၊ အကုသိုလ်ကံတွေ အကျိုးပေးခွင့် မရအောင်၊ အကျိုးပေး မဖွံ့ဖြိုးအောင် နှောင့်ယှက်တယ် ၄) ကံတစ်ခုဟာ အခြားကံတစ်ခု လုံးဝ အကျိုးမပေးအောင် လုပ်ပစ်တယ်၊ ဥပမာ – အဇာတသတ်ကို ဖြားယောင်းတဲ့ မကောင်းကံက ဒေဝဒတ်ရဲ့ ဈာန်တန်ခိုးတွေကို ဖျက်ဆီးပစ်တာမျိုး။ ဒီလိုပဲ အကုသိုလ်ကိုလည်း ကုသိုလ်က တားဆီးနိုင်တာပဲ။

## အကျိုးပေးစဉ်

ကံရဲ့ အကျိုးပေးအစဉ် လေးမျိုးရှိတယ်။ ၁) မဟဂ္ဂုတ်ကံ (ဈာန်ရသူ) တွေနဲ့ ပဉ္စာနန္တရိယကံ ကျူးလွန်သူတွေ ဒုတိယဘဝမှာ ကျိန်းသေ အဲဒီဈာန်ရဲ့ အကျိုးနဲ့ ပြစ်မှားမှုရဲ့ အပြစ်ကိုရတယ် ၂) အဲဒီကံမျိုး မရှိရင် သေခါနီး အာရုံပြုမိတဲ့ကံ သို့မဟုတ် သေခါနီး ပြုမိတဲ့ကံက အကျိုးပေးတယ် ၃) အဲဒီကံ အကျိုးမပေးရင် ဘဝတစ်လျှောက်လုံးမှာ အများဆုံး လုပ်လေ့ လုပ်ထရှိတဲ့ ကောင်းကံ မကောင်းကံတွေက အကျိုးပေးတယ် ၄) အဲဒီကံ အကျိုးမပေးရင် ရှေးဘဝတွေက ပြုခဲ့တဲ့ကံတွေ သို့မဟုတ် ယခုဘဝမှာ အဲဒီသုံးမျိုး မဟုတ်ဘဲ သာမန် အနေနဲ့ ပြုလုပ်ဖူးတဲ့ (ဥပမာ – သွားရင်း လာရင်း ကြုံလို့ ကူညီ လှူဒါန်း၊ ကြက် ငှက်သတ် စတဲ့) ကံတွေ (ကဋတ္တာကံဆိုတာ ဒီမျိုး) အကျိုးပေးတယ်။

## အချိန်ကာလ

ကံအကျိုးပေးတဲ့ အချိန်ကာလ လေးမျိုးရှိတယ်။ ၁) စိတ်ဖြစ်စဉ်အရ ဇော ၇ ကြိမ်ဖြစ်ရာမှာ ပဌမဇော အခိုက်ဖြစ်တဲ့ စေတနာဟာ ဒီဘဝမှာ လက်ငင်း အကျိုးပေးတယ်။ ၂) သတ္တမဇော စေတနာက ဒုတိယ

ဘဝမှာ အကျိုးပေးတယ် ၃) အလယ်ဇော ၅ ကြိမ်မှာ **ဖြစ်တဲ့ စေတနာက** တတိယ ဘဝကနေ နိဗ္ဗာန်မရမချင်း ဘဝသံသရာမှာ **အကျိုးပေး**တယ်။ ၄) ဒီစေတနာသုံးမျိုးဟာ ဆိုင်ရာဘဝတွေမှာ အကျိုးမပေးရင် အဟောသိကံ ဖြစ်သွားတယ်။ တစ်နည်းဆိုရင် အားကောင်းတဲ့ ကံစေတနာတစ်ခု အကျိုးပေးရင် ကျန်တဲ့ကံတွေက အကျိုးမပေးဘူး။ သွားလာ စားသောက်ရင်း ပြုမိတဲ့၊ ရုပ်နာမ်ဖြစ်စဉ်မှာ သတ္တိမထင်ရှားလို့ ကံမမြောက်ဘဲ ပြီးပြီးပျောက်ပျောက် ဖြစ်သွားတဲ့ ကုသိုလ် အကုသိုလ် စေတနာတွေကိုလည်း အဟောသိကံလို့ ခေါ်တယ်။

**အဖြေ**

ဒီဖော်ပြချက်တွေကို ဖတ်ပြီးရင် ၁) ကံ ဘယ်လို အကျိုးပေးတယ် ဆိုတာ ရိပ်မိလောက်ပြီ။ ၂) အကုသိုလ်ကို ကုသိုလ်နဲ့ ကျော်နိုင်ပါသလား ဆိုတာကိုလည်း ဒေဝဒတ်ရဲ့ ဖြစ်ရပ်နဲ့ မှန်းနိုင်လောက်ပြီ။ ၃) အဟောသိကံဆိုတာ အကျိုးမပေး သို့မဟုတ် အကျိုး ပေးချိန်မရှိပေမယ့် အကျိုးပေးရာကာလ သုံးမျိုးထဲမှာ မပါတဲ့ ကံတစ်မျိုးအနေနဲ့ ထည့်ပြီး ကံအကျိုးပေးရာကာလ လေးမျိုးလို့ ဆိုတာ။ ဒါက အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို အခြေခံတဲ့ ကံအကြောင်း အနှစ်ချုပ်ပါပဲ။ ဘိက္ခုဗောဓိ ရေးတဲ့ *The Comprehensive Manual of Abhidhamma,* p. 200-208 ကိုလည်း ဖတ်သင့်တယ်။ □

ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပဏီတတာယ = ကံသည် သတ္တဝါတွေကို အယုတ် အမြတ် (အနိမ့် အမြင့်) အားဖြင့် ခြားနားအောင် ပြု၏ (မ ၃၊ ၂၄၄)။

ဆရာတော် အရှင်သူမြတ်ဘုရား၊

စိတ်ဖြစ်စဉ် သို့မဟုတ် စိတ်ရဲ့ အစဉ်အတန်းကို သိလိုပါသည် အရှင်ဘုရား။ အဲဒီ စိတ်ရဲ့ အစဉ်အတန်းထဲမှာ ပါဝင်သည့် ဇော ၇ ချက်မှာ ဘယ်ဇောတွေက ဘယ်ဘဝတွေမှာ အကျိုးပေးတယ် ဆိုတာကိုလည်း ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား။

မြင့်စိန်

---

**စိတ်ရဲ့ ခဏ**

(၁) လူတွေမှာ သိစိတ်တွေ မဖြစ်မီ မသိစိတ်တွေ ဖြစ်နေရာမှာ (၂) ဖြူနီးဆို မျက်စိပသာဒရုပ်မှာ အမြင်အာရုံတစ်ခု ထင်လာခိုက် (၃) မသိစိတ်အစဉ် ပြတ်ပြီး ထင်လာဆဲ အာရုံကို ဆင်ခြင်၊ (၄) မြင်သိစိတ် ဖြစ်၊ (၅) အဲဒီ မြင်သိအာရုံကို ခံယူပြီး (၆) စုံစမ်း စစ်ဆေးရာမှာ (၇) နှစ်သက်စရာ သို့မဟုတ် မနှစ်မြို့စရာအနေနဲ့ ဆုံးဖြတ်၊ (၈) အဲဒီ အာရုံရဲ့ ကောင်းခြင်း ဆိုးခြင်းဆိုတဲ့ အရာသာကို ခံစားပြီးနောက် (၉) အဲဒီ ခံစားဆဲ အာရုံနဲ့ပဲ (၁၀) မသိစိတ် ဆက်ဖြစ်တယ်။

**သရက် ဥပမာ**

(၁) လူတစ်ယောက် သရက်ပင်အောက်မှာ ခေါင်းမြီးခြုံ အိပ်ပျော်နေတုန်း (၂) အနီးအနားမှာ သရက်သီးတစ်လုံး ဗုံးခနဲ ကြွေကျသံကြောင့် (၃) နိုးသွားပြီးတဲ့နောက် (၄) ခေါင်းမြီးခြုံကို အသာလှစ်၊ မျက်စိကို ဖွင့်ကြည့် (၅) သရက်သီးကို မြင်တော့ အသာကောက်ယူ (၆) နမ်းကြည့် ညှစ်ကြည့်တဲ့အခါ (၇) မှည့်နေတာ သိလိုက်ရလို့ (၈) ကိုက်ခဲစားသောက်၊ (၉) ခံတွင်းထဲက တံတွေး သလိပ်တွေနဲ့ အတူ မျိုချပြီး (၁၀) အဲဒီနေရာမှာပဲ ပြန်အိပ်ပျော်သွားတယ် (အဘိ-ဋ္ဌ ၁၊ ၃၁၁)။

**ကုဋေတုဋ္ဌာ**

ဥပမာနဲ့ ဥပမေယျ နံပါတ်စဉ်နှင့် တွဲပြီး စိတ်ဖြစ်စဉ်ကို စဉ်းစား နားလည်ကြည့်ပါ။ အမှတ် (၃) က (၉) ထိ ၇ မျိုးကိုပဲ စိတ်ဖြစ်စဉ် (ဝီထိ

စိတ်)လို့ ခေါ်တယ်။ အမှတ် (၈) ခဏှာဟာ သာမန်အနေမှာ ၇ ကြိမ်၊ အမှတ် (၉) က ၂ ကြိမ်၊ ပေါင်း ၁၄ ကြိမ် ဖြစ်တယ်။ စိတ်ဖြစ်စဉ် တစ်ခုမှာ ဘဝင် ၃ ကြိမ်နဲ့ စုစုပေါင်း စိတ်အစဉ် ၁၇ ကြိမ် ဖြစ်လေ့ ရှိတယ်။ အလင်းရဲ့ မြန်နှုန်းထက် အဆပေါင်း များစွာ မြန်တယ်။ ကျမ်းဂန်အရ လျှပ်တစ်ပြက်အတွင်း စိတ်တွေ ကုဋေကုဋာချီပြီး ဖြစ်ပေါ် ချုပ်ပျောက် နေကြောင်း သိရတယ်။

**ဖန်ဆင်းရှင်**

အာရုံရဲ့ အရသာကို ခံစားဆဲ ခဏှာဖြစ်တဲ့ အမှတ်စဉ် (၈) ကို ဇောလို့ ခေါ်ပါတယ်။ ဒီခဏှာဟာ အင်အား အကောင်းဆုံးဖြစ်လို့ ဒီခဏှာမှာ ရှိနေတဲ့ စေတနာ (လှုံ့ဆော်၊ တက်ကြွ) သတ္တိတွေဟာ လောကရဲ့ ဖန်ဆင်းရှင်ပါပဲ။ ပဌမဇော အခိုက်မှာဖြစ်တဲ့ စေတနာဟာ ဒီဘဝမှာ လက်ငင်းအကျိုးပေးတယ်။ သတ္တမဇော စေတနာက ဒုတိယဘဝမှာ၊ အလယ်ဇော ၅ ချက်မှာရှိတဲ့ စေတနာက တတိယဘဝကနေ နိဗ္ဗာန်မရမချင်း ဘဝသံသရာမှာ အကျိုးပေးတယ်။ □

# ဝိပဿနာနဲ့ မဂ်စိတ်

ဆရာတော် အရှင်သူမြတ်ဘုရား၊

မသိလို့ မေးလျှောက်အပ်ပါသည်။ မဂ်စိတ်ကျခါနီးရင် အိပ်ချင်စိတ်ဖြစ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တထဲက တစ်ခုခုကို ထင်ထင်ရှားရှား မြင်တယ်ဆိုတာ ဟုတ်ပါသလား။ တစ်ချို့သော ပုဂ္ဂိုလ်တွေဟာ ကိုယ့်ကိုယ်ကို သောတာပန် ဖြစ်နေမှန်းကို မသိဘူးဆိုတာ ဟုတ်ပါသလား။ မဂ်စိတ် ဖိုလ်စိတ်တွေ ဘယ်လို ဖြစ်တယ်ဆိုတာကို ရှင်းပြပေးစေလိုပါသည်။

သဲသဲ

---

**နည်းနှစ်မျိုး**

တရား အားထုတ်ပုံ နှစ်မျိုး ရှိတယ်။ (၁) ကမ္မဋ္ဌာန်းအာရုံ ၄၀ ထဲက တစ်ခုခုနဲ့ သမာဓိ ထူထောင်ပြီး နောက်ဆုံး ဈာန်သမာပတ်တွေ၊ အဘိညာဉ်တွေ ရအောင်လုပ်တဲ့ သမထနည်း (၂) သင့်တင့်တဲ့ သမာဓိ၊ သို့မဟုတ် ဈာန်သမာဓိတွေနဲ့ ဦးစွာ စိတ်ဖြစ်စဉ်ကို စင်ကြယ်အောင် လုပ်ပြီးနောက် ခန္ဓာငါးကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုမှတ်ရင်း သဘာဝမှန်ကို သိမြင်အောင် အားထုတ်တဲ့ ဝိပဿနာနည်းတို့ပါပဲ။

ဝိပဿနာနည်းနဲ့ပဲ မဂ်စိတ်တွေကို ရရှိနိုင်ပြီး မဂ်စိတ်တွေနဲ့ပဲ သဘာဝမှန်ကို သိမြင်ပြီး ဒုက္ခမှ လွတ်မြောက်နိုင်တယ်။ ဝိပဿနာနည်းနဲ့ မဂ်စိတ် ဖိုလ်စိတ်တွေ ဖြစ်ပေါ်အောင် အားထုတ်ပုံ အဆင့်ဆင့်ကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းနှင့်အညီ တတ်စွမ်းသမျှ ပါဠိကို ဖြတ်ပြီး အနှစ်ချုပ် ဖော်ပြလိုက်ပါတယ်။

**စောင့်ထိန်း**

ဝိပဿနာနည်းရဲ့ ပထမဆုံးအဆင့်က ကိုယ်မှု နှုတ်မှု စိတ်မှုတွေမှာ ဒုစရိုက် မဖြစ်အောင် စောင့်စည်း ထိန်းချုပ်ခြင်း။ သီလသိက္ခာပုဒ်တွေကို ကျင့်သုံးတာ၊ မျက်စိ နား နှာ လျှာ ကိုယ် စိတ်ကို ထိန်းချုပ်တာ၊ သက်မွေးဝမ်းကျောင်း စင်ကြယ်အောင် စောင့်စည်းတာ၊ တရားသဖြင့်ရရှိတဲ့ ပစ္စည်းကို သတိနဲ့ အသင့်နှလုံးသွင်းပြီး သုံးဆောင်တာလို့ စောင့်စည်းပုံ လေးမျိုးနဲ့ ကိုယ်နှုတ်စိတ်ကို စင်ကြယ်အောင် လုပ်ရတယ်။

**စိတ်ဖြူစင်**

ဒုစရိုက်တွေကို ရှောင်လို့ စိတ်အစဉ် သန့်ရှင်းနေတဲ့အခါ စိတ်ထဲမှာ ကိန်းဝပ်နေတဲ့ ကာမအလို၊ စိတ်ဆိုးဒေါသစတဲ့ အညစ် အကြေးတွေကို စင်ကြယ်အောင် လုပ်ရတယ်။ အဲဒီလို လုပ်ဖို့ဆိုရင် ဂုဏ်တော်ပွား၊ ထွက်လေ ဝင်လေမှတ်၊ အသုဘရှုစတဲ့ သမထနည်းတွေနဲ့ အတော်အတန် စိတ်တည်ကြည်တဲ့ (ဥပစာရသမာဓိ) အဆင့်၊ သို့မဟုတ် ဈာန်အဆင့်ထိ ရောက်သည်ထိ အားထုတ်ရတယ်။ စိတ်ရဲ့ အတားအဆီး

တွေ ကင်းဆိတ်နေမှ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်တဲ့အခါ ဉာဏ်ဖြစ်စဉ်တွေ တိုးတက် နိုင်တယ်။

**ရုပ်နာမ်သိ**

အဲဒီ နှစ်ဆင့်ကို အောင်မြင်စွာ လေ့ကျင့်ပြီးတဲ့အခါ ဤရုပ်ခန္ဓာကိုယ်မှာ တည်မြဲတဲ့ အတ္တမရှိဘူးဆိုတာကို သိမြင်အောင် နာမ်ရုပ်ကို ရှုရတယ်။ အာရုံကို သိတာ ဝိညာဏ်၊ ကိုယ်နှုတ်စိတ်နဲ့ ပြုပြောကြံတာ သင်္ခါရ၊ ခံစားတာ ဝေဒနာ၊ မှတ်သားတာ သညာ၊ ဖောက်ပြန်တတ်တဲ့ ဤခန္ဓာကိုယ်က ရုပ်လို့ ရှုတယ်။ ရှုပါများတဲ့အခါ သတ္တဝါ ပုဂ္ဂိုလ် ငါ သူတစ်ပါး ယောကျ်ား မိန်းမ မရှိ၊ ရုပ်နာမ်ပဲ ရှိတယ်လို့ ပိုင်ပိုင်မိမိ နားလည်သွားတယ်။ ဒီအဆင့်ကို ဝိပဿနာရဲ့ အစလို့ ဆိုနိုင်လိမ့်မယ်။

**သံသယကင်း**

အဲဒီလို အားထုတ်ပါများရင် ရုပ်နာမ်တရားတွေဟာ အကြောင်းမဲ့ ဖြစ်ပေါ်လာတာ မဟုတ်၊ အကြောင်းကြောင့် ဖြစ်ပေါ်လာရတာ၊ ဗြဟ္မာ ထာဝရဘုရားစတဲ့ တန်ခိုးရှင်တွေ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာ မဟုတ်၊ အဝိဇ္ဇာ အာသဝတွေကြောင့် ဖြစ်ရတာ၊ လောဘ ဒေါသ မောဟ ကံ စိတ် ဥတု အာဟာရစတဲ့ အကြောင်းတရားတွေကြောင့် သဘာဝဖြစ်စဉ်အတိုင်း ဖြစ်နေတာလို့ နားလည်ပြီး တဖြည်းဖြည်း သံသယတွေ ကင်းရှင်းသွားတယ်။ ဒီအဆင့်မှာ ဒိဋ္ဌိ (အတ္တဒိဋ္ဌိ)နဲ့ ဝိစိကိစ္ဆာ (သံသယ)တွေကို ဘာဝနာ အရှိန်နဲ့ အတော်ကြာကြာ ပယ်ထားနိုင်တဲ့အပြင် ခိုင်မြဲတဲ့ သီလ သမာဓိ ရှိလို့ ကမ္မပထ မြောက်တဲ့ ဒုစရိုက်မှုကို မပြုတော့ဘူး။

မဂ်ဖိုလ်ကို မရသေးပေမယ့် ဒုတိယဘဝမှာ သုဂတိသေချာလို့ ဒီအဆင့်ကို စူဠသောတာပန်လို့ ခေါ်တယ်။ ရခဲလှတဲ့ လူ့ဘဝမှာ လူဖြစ်ကျိုးနပ်ဖို့ အနည်းဆုံး ဒီအဆင့်လောက် ရောက်အောင် လုပ်ထားသင့်တယ်။

**ဖြစ်ပျက်ထင်**

ဒီဆင့်မှာ ရုပ်နာမ် ခန္ဓာတွေကို အနိစ္စ ဒုက္ခ အနတ္တလို့ သုံးသပ်တယ်။ ဒီသုံးပါးကို မဂ်ဖိုလ်ကို ရောက်ဖို့ ယာဉ်နဲ့တူလို့ လက္ခဏာယာဉ်လို့ ခေါ်

တယ်။ ခန္ဓာငါးပါးသည် .. ဖြစ်ပြီး ပျက်သွားမြဲဖြစ်လို့ အနိစ္စပါတကား၊ ကြောက်ဖွယ်ဖြစ်လို့ ဒုက္ခပါတကား၊ အနှစ်သာရ ရှာမရလို့ အနတ္တပါတကားလို့ အကြိမ်ကြိမ် အဖန်ဖန် ပွားများတယ်။ ပွားပါများရင် ခဏတိုင်းမှာ ဖြစ်ပျက်ကို မြင်တဲ့ဉာဏ် (ဥဒယဗ္ဗယ) ဖြစ်ပေါ်လာတယ်။

အရောင်အလင်း၊ နှစ်သက်၊ ကိုယ်စိတ် အေးမြ၊ ကမ္မဋ္ဌာန်းအာရုံမှာ သက်ဝင်၊ နောက်မဆုတ်လို၊ တစ်ကိုယ်လုံး ချမ်းမြေ့၊ ဉာဏ်အမြင် စူးရှ၊ သတိအလွန် အားကောင်း၊ ဖြစ်ပျက်ကို လွယ်ကူစွာ ဆင်ခြင်၊ ဝိပဿနာကို သာယာ ဆိုတဲ့ တရားဆယ်မျိုးလည်း ဒီအဆင့်မှာ ဖြစ်ပေါ်တယ်။

**လမ်းမှန်လိုက်**

လမ်းမှန်ကို လိုက်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဖော်ပြပြီး ဆယ်မျိုးကို တဏှာ မာန ဒိဋ္ဌိတွေရဲ့ တည်ရာဖြစ်လို့ မဂ်ဖိုလ်ကို ရနိုင်တဲ့ လမ်းမှန် မဟုတ်ကြောင်း၊ ဝိပဿနာကို ညစ်နွမ်းစေကြောင်း သိမြင်ပြီး ယင်းဆယ်မျိုးကို ဂရုမစိုက်ဘဲ ရုပ်နာမ်ကို လက္ခဏာရေးသုံးပါး တင်၍သာ ရှုတယ်။ ဒီအဆင့်မှာ လမ်းမှန်နဲ့ လမ်းမှားကို ခွဲခြားပြီးသိတဲ့ မှန်ကန် စင်ကြယ်တဲ့ ဉာဏ်အမြင် ဖြစ်ပေါ်တယ်။

**နိဗ္ဗာန်တံခါးပွင့်**

ဝိပဿနာ ညစ်နွမ်းကြောင်းတွေကို လွန်မြောက်ပြီးနောက် အရှိန်မလျှော့ဘဲ ဝိပဿနာကိုသာ ဆက်လက် ပွားများပြန်ရာ ရရှိထားတဲ့ ဒီရုပ်နာမ် တရားတွေအပေါ် ဖြစ်ပျက်၊ အပျက်၊ ကြောက်စရာ၊ အပြစ်၊ ငြီးငွေ့၊ လွတ်မြောက်လို၊ မမြဲဆင်းရဲ အနှစ်မဲ့၊ မုန်းချစ်မထင်၊ လွတ်မြောက်မှုကို စိတ်ညွတ် ဆိုတဲ့ ဉာဏ်အမြင် ၉ မျိုး ထင်မြင်လာတယ်။ ဒီဉာဏ်တွေနဲ့ မဂ်ဖိုလ်ကို ဆိုက်ရောက်သွားတာ။

**မဂ်စိတ်ဖြစ်ပြီ**

ဒီလိုနဲ့ အနိစ္စ ဒုက္ခ အနတ္တလို့ ဆက်လက် ပွားများပြန်ရာ ပုထုဇဉ်အဖြစ်နဲ့ နိဗ္ဗာန်ကို မြင်တဲ့စိတ် (ဂေါတြဘူစိတ်) ချုပ်သည်နှင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ အမြစ်ပြတ်ပစ်တဲ့ ပထမ အရိယမဂ် (သောတပတ္တိမဂ်)စိတ် လင်းလက်သွားတယ်။ မဂ်စိတ်ဟာ ဒုက္ခကို သိခြင်း၊ သမုဒယ

ကို ပယ်ခြင်း၊ နိရောဓကို ဆိုက်ရောက်ခြင်း၊ မဂ္ဂကို ကိုယ့်သန္တာန်မှာ တည်ရှိစေခြင်းဆိုတဲ့ ကိစ္စလေးခုကို တစ်ပြိုင်နက် လုပ်တယ်။ မဂ်စိတ် ချုပ်တာနဲ့ ဖိုလ်စိတ် ပေါ်လာတယ်။

**သောတာပန်**

ပထမ အရိယမဂ်စိတ် ဖြစ်ပြီးသူကို သောတာပန်လို့ ခေါ်တယ်။ အနာထပိဏ်ရဲ့ သမီးအငယ်ဆုံး သုမနဒေဝီဟာ မိမိက သကဒါဂါမ်ဖြစ်ပြီး ဖခင်ဟာ သောတာပန်မျှသာ ဖြစ်သေးတာကို သိတယ် (ဓမ္မပဒ-ဋ္ဌ ၁၊ ၉၈)။ တစ်ခါ ဗုဒ္ဓရဲ့ နောင်တော် မဟာနာမမင်းဟာ သကဒါဂါမ် ဖြစ်ပြီး (မ-ဋ္ဌ ၁၊ ၃၆၆) နေပေမယ့် မိမိမှာ ဘယ်ကိလေသာတွေကို မပယ်ရသေးဘဲ ကျန်နေတယ်ဆိုတာကို မသိဘူးလို့ ဆိုတယ် (မ ၁၊ ၁၂၆)။

ခုနစ်နှစ်အရွယ် သောတာပန် အရိယာတွေလည်း ပယ်ပြီး ကိလေသာ မပယ်ရသေးတဲ့ ကိလေသာ ဆိုတာတွေကို သိချင်မှသိမယ်လို့ ထင်ပါတယ်။ ဒါကြောင့် အချို့ ကိုယ့်ကိုယ်ကို သိပြီး အချို့ မသိဘူးလို့ ဆိုနိုင်လေမလား။ ▫

# ပြုအပ်သစ် ဖြစ်အဟောင်း

ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ကြမ်းပိုးရှိတဲ့ အိပ်ရာကို ခါချပြီး နေပူလှမ်းပါသည်။ မမြင်လို့ လက်နှင့် ဖိမိပြီး ကြမ်းပိုးအချို့ သေတာလည်း ရှိပါသည်။ ထိုအတွက် အကုသိုလ် ဖြစ်ပါသလား။ မသိနားမလည်သော နွားပေါက်ကလေးအဖြစ်နဲ့ မိခင် နွားမ သောက်မယ့်ရေကို နောက်အောင် လုပ်မိသောကြောင့် ဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီး ရေနောက်ကိုသာ သောက်သုံးရလောက်အောင် အပြစ် ရှိသင့်ပါသလား။ ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား။

မောင်သုည

---

**သက်ပိုင်ခွင့်**

လူ့အခွင့်အရေး အယူအဆဟာ ဘာသာရေး ကျမ်းတွေက ဆင်းသက်တာလား၊ နိုင်ငံရေးသုခမိန်တွေ တီထွင်တာလားဆိုတာကို မသိပါဘူး။ ဒါပေမယ့် ဗုဒ္ဓဝါဒအရ သတ္တဝါအချို့ကို လူ့အစားအစာအဖြစ် ဘုရားသခင်က ဖန်ဆင်းပေးထားတယ် ဆိုတာမျိုး လုံးဝ မရှိတဲ့အတွက် မည်သည့် သတ္တဝါတစ်ဦးရဲ့ အသက်ကိုမဆို မည်သူမျှ ပိုင်ဆိုင်ခွင့် မရှိဘူး၊ ကိုယ့်အသက်ကို ကိုယ်ပိုင်တာဟာ သတ္တဝါအားလုံးရဲ့ သဘာဝ အခွင့်အရေးဖြစ်တယ်ဆိုတဲ့ ဒဿနကို အရင် ကိုင်ထားမယ်။

**အငြိမ်နည်းစေ**

မြတ်ဗုဒ္ဓဟာ ရဟန်းသံဃာတွေရဲ့ တစ်ကိုယ်ရေ သန့်စင်မှုကို အရေးတကြီး ညွှန်ကြားပါတယ်။ မိမိနေထိုင်ရာ ပတ်ဝန်းကျင်နဲ့ မိမိနေထိုင်တဲ့ ကျောင်းတွေကို ရှင်းနေအောင် လှည်းကျင်းထားဖို့လည်း ညွှန်ကြားပါတယ်။ အဲဒီလို ရှင်းလင်းတဲ့အခါ အသက်ရှင်ဆဲ ပင့်ကူ၊ ပိုးကောင်တွေကို တွေ့ရင် ညင်ညင်သာသာ ယူပြီး လွတ်ရာကို လွှင့်ပစ်ဖို့လည်း ကျမ်းတွေမှာ ဖွင့်ဆိုတယ်။ ဒါကြောင့် ပိုးမွှားတွေ အုံနေရင် မရှင်းနဲ့၊ ကြမ်းပိုးတွေကို မွေးထားပြီး သွေးဒါနပြု၊ ခြင်မထောင်ဘဲ အိပ်၊ ယင်ကောင် ပိုးဟပ် ကိစ္စမရှိ ဆိုရင် မြတ်ဗုဒ္ဓရဲ့ အာဘော်နဲ့ မညီဘူး။ အကုသိုလ်အဖြစ် ကင်းတဲ့၊ သို့မဟုတ် အကုသိုလ် အဖြစ်နည်းတဲ့ သန့်ရှင်းရေး လုပ်နည်း ရှိနိုင်ကောင်းပါတယ်။

ကြမ်းပိုးကို ခါချနေတုန်း စိတ်ထဲမှာ ညတုန်းက ကိုယ့်ကို ကိုက်တယ်ဆိုတဲ့အငြိုးနဲ့ ခွေးကောင်တွေ ဒါလောက်ရှိတာ သေကွာလို့ တမင်တကာ သေအောင် ကြံရွယ်ပြီး အားရပါးရ ဆေးနဲ့ဖြန်း တုတ်နဲ့ရိုက်လို့ ကြမ်းပိုးတွေ အတုံးအရုံး သေရင်တော့ ကမ္မပထ မြောက်တယ်။ ကြမ်းပိုးက ကြမ်းပိုး၊ လူက လူပဲလေ။ စကျွပ်ပါလမထေရ်ရဲ့ ဖြစ်ရပ်အရ အမှတ်တမဲ့ ဖိမိလို့ ဖြစ်သွားတာမျိုးကတော့ အပြစ်မရှိနိုင်ဘူး။

**အတောင်းကြွေး**

စေတနာနဲ့ လုပ်မိတဲ့ အလုပ်မှန်ရင် ကံသစ်တွေချည်းပါပဲ။ ဘယ်ဘဝ မျိုးမှာ မဆို၊ အရိပ်လို ထက်ကြပ်မကွာ ရှိနေမှာပဲ။ ဘုရားသခင်က မိမိ ကို မယုံတဲ့လူတွေကို ဆူနာမီနဲ့ သတ်ပစ်တယ် ဆိုရင်လည်း အဲဒီ အ ကုသိုလ်ဟာ ဘုရားသခင်ဆီမှာ နွားနောက် လှည်းဘီးပါသလို ရှိနေမှာ ပဲ။ လူဖြစ်ဖြစ် တိရိစ္ဆာန်ဖြစ်ဖြစ် စေတနာပါရင် အပြစ်ဟာ အပြစ်ပါပဲ။ ဒါကြောင့် ငရဲ တိရိစ္ဆာန်စတဲ့ အပါယ်ဘုံတွေမှာ နစ်ပြီဆိုရင် ပြန်ပေါ်ဖို့ ခက်ခဲကြောင်း ကျမ်းဂန်တွေမှာ ဖွင့်ဆိုပါတယ်။

**အမှန်မှတ်ဖို့**

ဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီးမှာ ရေနောက်ကိုသာ သောက်သုံးတော်မူရ တယ်လို့ နားလည်နေရင် မမှန်ဘူး။ အဓိပ္ပာယ်မှန်က 'မြတ်ဗုဒ္ဓက ရေ သောက်မယ်လို့ မိန့်တာကို အရှင်အာနန္ဒာက လှည်းတွေ ဖြတ်ထားလို့ မြစ်ရေ နောက်နေတဲ့အတွက် ရှေး (ကကုဓာ) မြစ်ကျမှ သောက်ရန် လျှောက်ပေမယ့် မြတ်ဗုဒ္ဓရဲ့ဆန္ဒအရ ရေသွားခပ်တဲ့အခါ ရေတွေ ကြည် နေတာ တွေ့ရလို့ အရှင်အာနန္ဒာ အံ့ဩသွားတယ် (ဒီ ၂၊ ၁၀၇)'လို့ ဖြစ် ပါတယ်။ ဘုရားရှင် ရေသောက်လိုတဲ့ အချိန်မှာ အခိုက်အတန့် အနေနဲ့ ရေနောက်နေတယ်လို့ ဆိုရင် မှန်နိုင်ပါတယ်။ ☐

စိတ်မှာထင်တိုင်း ဉာဏ်မပိုင်းဘဲ မနိုင်းမရှု ကျင့်မပြုလင့် ပြုပြု သမျှ ထိုကမ္မကို ပြုကြသောသူ အမွေယူ၏၊ နတ်လူတို့တွင် ပြု ပြင်မရ ဤလောက၌ ကမ္မနှစ်မျိုး ထိုအကျိုးဖြင့် ကောင်းဆိုး ခံကာ သတ္တဝါဟူသမျှ ကျင်လည်ကြ၏ (မဃဒေဝ၊ ပိုဒ်-၂၄၆)။

# ခိုလှုံသူ

ဆရာတော်ဘုရား၊

မင်းပြစ် မင်းဒဏ် သင့်သူများအား သင်္ကန်းဝတ်မပေးရဟု ဆိုပါသည်။ သို့ဖြစ်လျှင် ပြည်တွင်း အရေးအခင်းကြောင့် ထွက်ပြေးလာသူများသည် ရဟန်းပြုခွင့် ရှိပါသလား၊ ထွက်ပြေးခဲ့ရသည့် ရဟန်းတော်များလည်း ဆက်လက်ပြီး ရဟန်းဖြစ်ခွင့် ရှိပါသလား။

ပံသု

---

## ရဟန်းပြုခွင့်မရှိ

'နူနာ၊ ထွတ်မြင်းနာ၊ ယားနာ၊ ချောင်းဆိုး သွေးပါနာ၊ ရူးသွပ်နာဆိုတဲ့ အနာကြီး ငါးမျိုးရှိသူ။ မင်းခစား၊ ကြွေးမြီရှိသူ၊ ကျွန်၊ အသက်နှစ်ဆယ် မပြည့်သူ၊ မိဘ ခွင့်မပြုသူ၊ လူမဟုတ်သူ၊ ယောကျာ်း မစစ်သူ၊ ကိုယ်ပိုင် သပိတ် သင်္ကန်း မရှိသူ၊ ဥပဇ္ဈာယ်ဆရာ မရှိသူတွေကို ရဟန်းပြု မပေး ရ (ဝိ ၃၊ ၁၀၁)'။ 'နိုင်ငံကျော် ခိုးသားဓားပြ၊ အချုပ်ပြေး (ထောင်ပြေး)၊ ဖမ်းမိန့် သတ်မိန့် ထုတ်ခံထားရသူ (ဥပဒေနဲ့ မလွတ်ကင်းသူ)၊ ကြိမ်ဒဏ် ထိ ထားသူတွေကိုလည်း ရဟန်းပြု မပေးရ (ဝိ ၃၊ ၁၀၅)။

ဗုဒ္ဓသာသနာနဲ့ ရဟန်းသံဃာကို ကြိုတင်ကာကွယ်တဲ့ အနေနဲ့ အဲဒီ လို တားမြစ်ချက် ထုတ်ပြန်ရတာ။

## ပတ်သက်သူတွေ

ခိုးသားဓားပြ၊ အချုပ်ပြေးနဲ့ ဖမ်းမိန့်ထုတ်ခံထားရသူလို့ သုံးမျိုးပဲ ဒီမေး ခွန်းနဲ့ ပတ်သက်နိုင်ပါတယ်။ ကိုလိုနီခေတ် တော်လှန်ရေး ခေါင်းဆောင် ဆရာစံဟာ အင်္ဂလိပ်အစိုးရ အလိုအရ သူပုန်ဆိုလည်း ဟုတ်တာပဲ၊ ဓားပြလို့ စွပ်စွဲရင်လည်း ရတာပဲ။ ဖမ်းမိန့် ထုတ်ခံရတဲ့ ဆရာစံကို ပြည်တွင်းမှာရှိတဲ့ ဆရာတော်ကြီးတစ်ပါးက တောကျောင်းမှာ တိတ်တ ဆိတ် ရဟန်းခံပေးလို့ မရဘူး။

ဒါပေမယ့် ဆရာစံ ယိုးဒယားကို ထွက်ပြေး၊ ယိုးဒယား ဘုရင်က သူ့နိုင်ငံမှာ ခိုလှုံခွင့်ပေးရင် ယိုးဒယားမှာ ရဟန်းခံခွင့်ရှိတယ်။ ဘုန်းကြီး ဝတ်နဲ့ ပြည်တွင်းကို တိတ်တဆိတ် ပြန်လာရင်လည်း ရဟန်းအဖြစ် မဆုံးရှုံးနိုင်ဘူး။ ဘာကြောင့်ဆိုရင် ..

**ဒီလိုလုပ်လို့ မရ**

သိမ်ထဲမှာ ဝိနည်းနဲ့အညီ ကမ္မဝါစာ သုံးကြိမ်ဖတ်ပြီးလို့ ရဟန်းဖြစ်တာ နဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ ရဟန်းအဖြစ်ကို ဟစ်တလာ မူဆိုလီနီလို အာဏာရှင် က လူမထွက်ရင် သတ်ပစ်မယ်ဆိုလို့ ရဟန်းဟာ လူထွက်လိုစိတ် မရှိ ဘဲ ကြောက်လို့ သင်္ကန်းကို ချွတ်ပြီး ပုဆိုးအင်္ကျီ ဝတ်လိုက်ရပေမယ့် ၁) မေထုန်မှီဝဲ ၂) တစ်မတ်ထက်ပိုတဲ့ ပစ္စည်းကို ခိုး ၃) လူသတ် ၄) လူတွေကို ဈာန်မဂ်ဖိုလ် မရဘဲ ရသယောင် လုပ်ပြဆိုတဲ့ အပြစ်ကြီး လေးမျိုးကို မကျူးလွန်သမျှ ရဟန်းဟာ ရဟန်းပါပဲ။

ပြည်ပမှာ ခိုလှုံနေရတဲ့ ရဟန်းကို သူ့ဆန္ဒမပါဘဲ ရဟန်းမဟုတ် အောင် ဘယ်သူမှ မလုပ်နိုင်ဘူး။ □

# ကာမကိုပိုင်သူ

ရိုသေစွာ လျှောက်ထားအပ်ပါသသည်၊

တပည့်တော်တို့ သူငယ်ချင်း နှစ်ယောက်သည် နိုင်ငံခြားမှာ အလုပ်လုပ် ရင်း မိဘတွေ မသိဘဲ အခြားမိတ်ဆွေတွေကို သက်သေပြုပြီး တရား ရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးပြီး အကြင်လင်မယား အဖြစ် ပေါင်းသင်း နေထိုင်ကြပါသည်။ တပည့်တော်တို့ အသက်လည်း ပြည့်ပါ သည်။ ထိုသို့ ပြုခြင်းအတွက် ကာမေသုကံ မြောက်မမြောက် သိလိုပါ သည် အရှင်ဘုရား။

ဇော်မင်းအောင်

---

**ပျိုအို**

အမိစောင့်၊ အဖစောင့်၊ ဖမိနှစ်ဦးစောင့်၊ အစ်မ ညီမစောင့်၊ အစ်ကို မောင်စောင့်၊ ဆွေမျိုးစောင့်၊ လူမျိုးစောင့်၊ သီတင်းသုံးဖော် စောင့်။ အဲဒီလို စောင့်ရှောက်ခံ အရွယ်ရောက် အမျိုးသမီး ရှစ်ယောက်ကို အိမ်ထောင်မကျသေးရင် ကာမပိုင်ယောက်ျား မရှိလို့ အပျိုလို့ ခေါ်တယ်။ အိမ်ထောင် မကျဖူးသေးတဲ့ အရွယ်ရောက် ယောက်ျားဆိုရင် လူပျိုပေါ့။ အိမ်ထောင် ကျဖူးပေမယ့် လက်ရှိမှာ အိမ်ထောင် မရှိရင်တော့ လူလွတ် (Single) သို့မဟုတ် အအိုတွေပေါ့။

မိဘစတဲ့ ပုဂ္ဂိုလ်တွေ စောင့်ရှောက်တယ်ဆိုရာမှာ သူတစ်ပါးတို့ မစော်ကားအောင် အနိုင်မကျင့်အောင် ကာကွယ်ထားရုံပါပဲ။ ဒါပေမယ့် စောင့်ရှောက်သူတွေက စောင့်ရှောက်ခံသူတွေရဲ့ ကာမကို မပိုင်ကြပါဘူး။ ကာမကိုပိုင်တာက ကာယကံရှင်ပါပဲ။ ကိုယ်ပိုင်တဲ့ ကာမကို လွတ်လပ်သူ အချင်းချင်း ပေးလို့ ကာမေသုမိစ္ဆာစာရ မဖြစ်ဘူး။

**တစ်ခြားစီ**

နိုင်ငံခြားမှာ အလုပ် လုပ်နေတယ်ဆိုရင်ပဲ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်နေရလို့ စောင့်ရှောက်ခံလို့တောင် မဆိုနိုင်တော့ဘူး။ နှစ်ဦးလုံး အိမ်ထောင် မရှိကြရင် အပျိုလူပျို၊ လူလွတ် သို့မဟုတ် Single တွေ ဖြစ်လို့ မိဘတွေမသိဘဲ နှစ်ဦးသဘောတူ လက်ထပ်ပေမယ့် ကာမေသု ကံ မဖြစ်ပါဘူး။ နှစ်ဖက်မိဘ သဘောမတူလို့ ဖြစ်ရတဲ့ နောက်ဆက်တွဲ ပြဿနာကိုတော့ တစ်ခြားစီ မှတ်ပေါ့။ ❒

ရှိသေစွာ လျှောက်ထားအပ်ပါသည်၊

အရိမေတ္တေယျ ဘုရားလောင်းဆိုတာ မဟာယာန အယူဝါဒဖြစ်ကြောင်း ၁၉၉၈၊ ရတနာမွန်မှာ ဟံသာသိရိက ဖြေထားတာကို ဖတ်ရပါသည်။ ဘုရားငါးဆူ၏ ဘာသာကိုလည်း ရှင်းပြပေးစေလိုပါသည်။

ထားထားမိုး

------------------

**ဗုဒ္ဓနှုတ်ထွက်**

'ရဟန်းတို့ (ဤဘဒ္ဒကမ္ဘာတွင်) အနှစ်ရှစ်သောင်း အသက်ရှည်သော လူတို့ခေတ်၌ (အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော)မေတ္တေယျမည်သော ဘုရားရှင်သည် ပွင့်တော်မူလတ္တံ့ (ဒီ ၃၊ ၈၃။ ဗုဒ္ဓဝံသ၊ ၃၈၂)'။ မေတ္တေယျဘုရားလောင်းဟာ ယခုအခါမှာ တုသိတာ နတ်ပြည်မှာ နတ်အပေါင်းခြံရံပြီး စံနေတယ် (မဟာဝံသ ၅၀း၄၇)။

သုတ်ပါထေယျ (ဒီ ၃)နဲ့ ဗုဒ္ဓဝံသဆိုတာ ထေရဝါဒ အစဉ်အလာ အရ မြတ်ဗုဒ္ဓရဲ့ နှုတ်ထွက် ပါဠိတော်တွေ ဖြစ်ပါတယ်။ မဟာဝံသဆို တာလည်း ထေရဝါဒီတို့ အလွန်လေးစားတဲ့ သီဟိုဠ်က မဟာဝိဟာရ ကျောင်းတိုက်မှာ အေဒီငါးရာစု မတိုင်ခင်ကပင် ရေးခဲ့တဲ့ ကျမ်းပါပဲ။ (ဤကျမ်း၊ စာ- ၁၉၉ ရဲ့ အဖြေကို ပြန်ဖတ်ကြည့်ပါ။)

**ဘုရားငါးဆူ**

ဤဘဒ္ဒကမ္ဘာမှာ ပွင့်တယ်လို့ ထေရဝါဒီတို့ ယုံကြည်တဲ့ ဘုရားငါးဆူရဲ့ ဘာသာစကားကို ဆိုလိုရင် .. အဲဒီ ဗုဒ္ဓဘုရား ငါးဆူရော၊ အခြားဗုဒ္ဓ ဘုရားတွေပါ ဟောကြားတဲ့ ဘာသာစကားက မာဂဓီလို့ခေါ်တဲ့ ပါဠိဘာ သာပါပဲ။ မာဂဓီဘာသာကို ကမ္ဘာဦးလူသားတွေ၊ ဗြဟ္မာတွေနဲ့ ဗုဒ္ဓဘုရား တွေ ဟောပြောတဲ့ ဘာသာစကား ဖြစ်တယ်လို့ ထေရဝါဒီတို့ ယုံ ကြည်ကြပါတယ် (ရူပသိဒ္ဓိ၊ ၄၁။ မူလသိက္ခာ-ဋီ၊ ၄၅၉။) ကလေးငယ် တစ်ယောက် ဘယ်ဘာသာစကားကိုမှ အပြင်က သင်ယူ ပြောဆိုခြင်း

မရှိဘဲ လူသူမနီးတဲ့ တောထဲမှာ ကြီးပြင်းခဲ့ရင်လည်း ပါဠိဘာသာစကား ကိုပဲ ပြောပါသတဲ့ (တချို့ ဆရာတော်တွေ ပြောတဲ့စကား)။

အဲဒီ ဗုဒ္ဓဘုရားဝါးဆူရဲ့ ဘာသာ အယူဝါဒကို ရည်ရွယ်ရင်တော့ ဗုဒ္ဓ ဘုရားတွေ ဟောကြားတဲ့ တရားအားလုံးက အတူတူပါပဲ။ ဘာတွေလဲ ဆိုရင် မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်၊ ကံ၊ သံသရာ၊ အနတ္တနဲ့ နိဗ္ဗာန်ပါပဲ။ ▢




ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ခေတ်ပညာတတ် တစ်ဦးက လပြည့်၊ လကွယ်နဲ့ လဆန်း လဆုတ် ၈ ရက်နေ့တွေမှာ ဥပုသ်စောင့်တာဟာ ဘုရားဟော မဟုတ်၊ ထို့ကြောင့် လိုက်နာဖွယ်မလို၊ စောင့်လိုစိတ် မရှိဘဲ ဥပုသ်နေ့ဖြစ်၍သာ စောင့်ရင် လည်း အကျိုးမရှိ၊ စိတ်ရှိရင် မည်သည့်နေ့မှာမဆို ဥပုသ်စောင့်နိုင်တယ် ဟု ဆိုပါသည်။ တပည့်တော် သိလိုသည်မှာ ..

၁) လပြည့်၊ လကွယ်၊ ဆန်းဆုတ် ၈ ရက်နေ့တွေမှာ ဥပုသ်စောင့်သည့် ဓလေ့ မည်သို့ စတင်ခဲ့ပါသနည်း၊ ဘုရားဟော ရှိပါသလား။

၂) ဘုရားဟော မရှိလျှင် (အသုဘတွင် ရေအိုးခွဲသည့် ဓလေ့ကဲ့သို့) ဘုရားဟောလည်း မဟုတ်၊ မဖြစ်မနေလည်း မလိုအပ်၊ စွဲနေသည့် ဓလေ့ (အစွဲအလမ်း)သာ ဖြစ်သောကြောင့် ဥပုသ်နေ့မှာ ဥပုသ်စောင့်တဲ့ ဓလေ့ကို လိုက်နာဖွယ် မလိုဟုဆိုလျှင် သင့်ပါမည်လား။

ကျော်စွာညွန့်

---

### ဘုရားတော

'ရဟန်းတို့ .. အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော၊ ကျင့်သုံးအပ်သော ဥပုသ် သည် အကျိုးကြီး၏။ အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသော ပျံ့နှံ့ ခြင်းရှိ၏ (အံ ၃၊ ၈၉)'။ 'တစ်ဆယ့်လေးရက်မြောက်နေ့၊ တစ်ဆယ့်ငါး ရက်မြောက်နေ့၊ လဆန်းပက္ခ လဆုတ်ပက္ခ၏ ရှစ်ရက်မြောက်နေ့ ပါဋိ ဟာရိ ယပက္ခနေ့တို့၌ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို ကျင့် သုံးခြင်းဖြင့် ကိုယ်ကျင့် သီလကောင်းသောသူသည် ကောင်းမြတ်သည့် ဘဝ၌ ပျော်မွေ့ရ၏ (ဇာ ၂၊ ၁၉၆။ သံ ၁၊ ၁၄၆)'။ 'ပါဋိဟာရိယပက္ခ နေ့ ဆိုတာ ဥပုသ်ကြိုနှင့် ဥပုသ်ထွက်နေ့။ ဥပမာ .. ရှစ်ရက် ဥပုသ်ကြို ၇ ရက်၊ ဥပုသ်ထွက် ၉ ရက်။ ၁၄ ရက် ဥပုသ်ကြို ၁၃ ရက်၊ ဥပုသ် ထွက် ၁၅ ရက်ကို ဆိုလို၏ (ဇာ-ဋ္ဌ ၆၊ ၁၄၈)'။

ဒါတွေက အင်္ဂုတ္တရပါဠိ၊ ဇာတကပါဠိနဲ့ သံယုတ္တပါဠိတွေမှာ မြတ်ဗုဒ္ဓ ဟောကြားတဲ့ ဥပုသ်နေ့နဲ့ဆိုင်တဲ့ အဆိုတွေ ဖြစ်ပါတယ်။ ဒီပါဠိတော် တွေအရ ဥပုသ်စောင့်တာကို ဗုဒ္ဓချီးမွမ်းတယ်၊ လပြည့်လကွယ် ဆန်း ဆုတ် ၈ ရက်တွေမှာ ဥပုသ်စောင့်တာဟာ ဘုရားဟော ကျမ်းဂန်မှာ ပါ တယ်လို့ မိမိကိုယ်ကို ဗုဒ္ဓဝါဒီပါလို့ ခံယူထားသရွေ့ မှတ်သင့်ပါတယ်။

### မဖြစ်မနေလိုအပ်

ဗုဒ္ဓဝါဒလမ်းစဉ်မှာ သမထဖြစ်စေ၊ ဝိပဿနာဖြစ်စေ ဘာဝနာတစ်ခုခုကို လုပ်တော့မယ်ဆိုရင် သီလဝိသုဒ္ဓိ (သီလစင်ကြယ်မှု) လိုတယ်။ သီလဆို တာ စိတ်ရဲ့ အညစ်အကြေးတွေကို ရှင်းထုတ်ပစ်ဖို့ ကိုယ်နှုတ်စိတ်ကို စည်းကမ်း သတ်မှတ်တဲ့ ပထမဆုံးအဆင့်၊ အဲဒီအဆင့် ပြည့်စုံပြီးမှ စိတ္တဝိသုဒ္ဓိ (စိတ်စင်ကြယ်မှု) ဖြစ်အောင် လုပ်နိုင်တယ်။ အဲဒါပြီးရင် ပညာ (ဉာဏ် စဉ်) ပေါ်လာပါတယ်။ ပြောနေကျ အတိုင်းဆိုရင် သီလ၊ သမာဓိ၊ ပညာပေါ့။ ဒါကြောင့် ဗုဒ္ဓဝါဒလမ်းစဉ်ကို လိုက်နာသူ ဖြစ်ချင်ရင် အနည်းဆုံး တစ်ပတ် တစ်ရက်လောက် မဖြစ်မနေ ဥသုပ်စောင့်ပါလေ။ အခွင့်သာရင် ဥပုသ်ရက်ရှည် စောင့်ပါလေ။

ညစာ မစားတာကို ကိုယ့်ကိုယ်ကို ညှဥ်းပန်းတာလို့ မမြင်သင့်ဘူး။ ရဟန်းတွေ ညနေချိန် ဆွမ်းခံထွက်ရင် အခက်အခဲ ရှိတယ်၊ ညစာမစားရင် ပလိဗောနည်းလို့ ရဟန်းအလုပ်အတွက် အချိန်ပိုရတယ်၊ အလိုဆန္ဒကို ထိမ်းနိုင်တယ်၊ မငိုက်မျဥ်းဘူး၊ အဲဒီလို အကျိုးတွေရှိလို့ ဗုဒ္ဓ ညွှန်ကြားခဲ့တာ။ အင်း .. ရေကိုတောင် မသောက်ရဘူးဆိုတဲ့ အထိတော့ အစွန်း မရောက်ပါဘူး။ ပေါ့ပါးတဲ့ အစားအစာ၊ ဥပမာ .. သစ်သီးဖျော်ရည်၊ ဆီးဖြူ၊ သျှစ်သျှားစတဲ့ သစ်သီးအချို့ကို စားကောင်းတယ်။

**လွဲမှားတဲ့အယူ**

၁) ဥပုသ်နေ့မှာ ဥပုသ်စောင့်တာဟာ ဖော်ပြပါ ပါဠိတော်ကျမ်းဂန် အဆိုအရ ဗုဒ္ဓလက်ထက်ကပင် လိုက်နာ ကျင့်သုံးလာခဲ့တဲ့ အစဥ်အလာဖြစ်ပါတယ်။ ဗုဒ္ဓလက်ထက်က ဝိသာခါ၊ အနာထပိဏ်တို့ ဥပုသ်စောင့်တဲ့ သာဓကတွေလည်း ရှိတယ်။ ဒါကြောင့် အမှတ် ၂) မေးခွန်းကို ဖြေစရာ မလိုတော့ဘူး။ ဆိုဖွယ်တော့ ရှိတယ် .. ဗုဒ္ဓဝါဒီအနေနဲ့ ဥပုသ်စောင့်တာကို အသုဘမှာ ရေအိုးခွဲတဲ့ကိစ္စနဲ့ ထပ်တူပြုရင် မနှစ်သက်နိုင်ဘူး။ အဲဒီလို ထပ်တူပြုပြီး ဥပုသ်စောင့်တာကို မဖြစ်မနေလိုအပ်တဲ့ကိစ္စမဟုတ်၊ 'စွဲနေသည့် ထုံးစံတစ်ခုသာ' ဖြစ်တယ်လို့ ယူဆရင် ဗုဒ္ဓဝါဒ ရှုထောင့်အရ အင်မတန် လွဲမှားတယ်။ ဒါပေမယ့် ..

'ခေတ်ပညာတတ်တစ်ဦး' ပြောသလို ဥပုသ်နေ့မှာ သူများတွေဘုန်းကြီးကျောင်း သွားလို့ ကိုယ့်အသက်အရွယ်နဲ့ မသွားဘဲ နေရင် သူများပြောခံရမှာကို စိုးရိမ်လို့ လိုက်သွားရတာမျိုး၊ သီလယူတယ် ဆိုရုံမျှ ဘာမှလည်း အလေးအနက်မရှိ၊ ကျောင်းမှာ ဟိုလူ့ ဒီလူ့ အတင်းပြော၊ အိမ်ပြန်ရောက်တော့ မေ့ပြီး ညနေစာ စားမိတဲ့ ဥပုသ်မျိုးကတော့ ဘယ် အကျိုးရှိပါ့မလဲ။ ဥပုသ်နေ့ မဟုတ်ပေမယ့် စိတ်ပါတဲ့နေ့မှာ ဥပုသ်စောင့် ရင် အကျိုးရှိတယ် ဆိုတာတော့ မှန်ပါတယ်။ ဘာလုပ်လုပ် စိတ်ပါ လက်ပါဖြစ်မှ (စေတနာပါမှ) အကျိုးပေးတာပါ။ အမှာစကားလေးတော့ ပါးလိုက်ပါရစေဦး၊ ဆက်ဖတ်ကြည့်ပါ ..

**အစွန်းနှစ်ပါး**

ရန်ကုန်တုန်းက ကျောင်းဒကာမကြီးရဲ့အိမ်မှာ ဘုရားခန်းဆိုတဲ့နေရာမှာ ခြေချစရာ နေရာမရှိဘူး။ ဘုန်းကြီး အမှတ်ရသလောက် မြင်းဖြူစီးနေတဲ့ လူရုပ်၊ ခေါင်းပေါင်းနဲ့ ပုလွေမှုတ်နေသူ၊ ထမီ နီဖြူကွက်ကျားနဲ့ မိန်းမရုပ်၊ လူတစ်ပိုင်း ကျွဲတစ်ပိုင်း အရုပ်တွေ။ အဲဒီ အရုပ်တွေရဲ့ရှေ့မှာ အုန်းငှက်ပျောပွဲ၊ ဆေးလိပ်ပွဲ၊ ဘဲအကောင်လိုက်ပွဲ၊ အရက်ပုလင်းတွေ၊ အမွှေးနံ့သာတွေ စုံနေတာပဲ။ အဲဒါတွေရှိလို့ စီးပွားဖြစ်တယ်လို့ ဒကာမကြီးရဲ့ ဦးနှောက်မှာ စွဲနေတယ်။

ပြီးတော့ .. အင်းစိန်၊ ကျန်းမာရေးမှူးသင်တန်းကျောင်းရဲ့ ဝန်ထမ်းအိမ်ယာမှာ ဆွမ်းခံစဉ်က အဲဒီကျောင်းမှာ စာသင်တဲ့ ဆရာတစ်ဦးနဲ့ ဆုံဖူးတယ် .. ဥပုသ်နေ့မှာ ရုံးပိတ်သင့်ကြောင်း စပြောမိလို့ ဥပုသ်စောင့်တာ၊ ပရိတ်ရွတ်တာတွေကို ဗုဒ္ဓမဟောဘူး၊ ဟိန္ဒူကလာတဲ့ အစွဲအလမ်းဆိုတာကစပြီး ဥပဂုတ်ဆိုတာ အလကားဟာကြီး၊ သေရင် သရဏဂုံမတင်ဘူးဆိုတာအဆုံး ဘုန်းကြီးကို လက်ချာပေးပါတယ်။

**အရည်အချင်း**

9/11 ပြီးစတုန်းက Time မဂ္ဂဇင်းထဲက ချီကာဂိုတက္ကသိုလ် ဘာသာရေးဆွေးနွေးခန်း ဆောင်းပါးမှာ ပါမောက္ခတစ်ဦးက ၎င်းတို့ရဲ့ ကျမ်းတော်မှာပါတဲ့ 'အသင်တို့သည် မယုံမကြည် သွေဖည် ငြင်းပယ်သောသူတို့၏ လည်ကုပ်များကို ခုတ်ဖြတ်ကြလေကုန်။ ထိုနည်းတူစွာ အသင်တို့သည် ၎င်းတို့၏ လက်ချောင်းများ၏ အဆစ်များကို တခုစီ ဖြတ်တောက်ကြလေကုန်' ဆိုတဲ့ စာပိုဒ်ဟာ မှန်ကန် မျှတကြောင်း အကျောက်အကန် ငြင်းဆိုတာကို ဖတ်ဖူးတယ်။ သူတို့ရဲ့ ယုံကြည်မှုကို လေးစားတဲ့ အနေနဲ့ ဘာမှတော့ ဝေဖန်ဖွယ် မရှိပါဘူး။

နားလည်ရတာက 'ယုံကြည်မှုနဲ့ အစွဲအလမ်း ဆိုတာကို ခေတ်ပညာ၊ ဘွဲ့ဒီဂရီ၊ ငွေကြေး၊ ရာထူးတွေနဲ့ မတော်လှန်နိုင်ဘူး။ လက်တွေ့ကျတဲ့ ဆင်ခြင်တုံတရား၊ ဝန်ခံတတ်မှု၊ ပွင့်လင်း၊ ရိုးသား၊ ရင်ဆိုင်ရဲတဲ့ သတ္တိဆိုတဲ့ အခြေခံ အရည်အချင်းတွေနဲ့ တစ်ခုသော ပေတံ သို့မဟုတ်

စံနမူကို ကိုင်စွဲပြီး ရှင်းထုတ်မှ ဖြစ်နိုင်တယ်' ဆိုတာပါပဲ။

**လေ့ကျင့်ဖွယ်**

လုံးဝ မှန်တယ်လို့ မဆိုနိုင်ရင်တောင် အနည်းဆုံး အမှန်နဲ့နီးစပ်တဲ့ အဖြေတစ်ခုကို ရဖို့ဆိုရင် ပြောပြထားတဲ့ အစွန်းနှစ်ပါးကို ရှောင်ပြီး ဖော်ပြပြီး အရည်အချင်းတွေ ပြည့်ဝလာအောင် လေ့ကျင့်သင့်ပါတယ်။ ▫

## မေးရာပါ သောတာပန်

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

သောတာပန်ပုဂ္ဂိုလ်များ သေလွန်လျှင် သုဂတိဘုံသို့သာ ရောက်ပြီး သောတာပန် သကဒါဂါမ် အနာဂါမ် နတ်နှင့် ဗြဟ္မာများဖြစ်ကြောင်း သိရပါသည်။ လူ့ဘုံလည်း သုဂတိဘုံပင်ဖြစ်၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အဖြစ်ဖြင့် ဤလူ့ဘုံတွင် ပြန်လည် မွေးဖွားသူ ရှိမရှိ၊ ရှိသည်ဆိုပါက သောတာပန်၊ သကဒါဂါမ် အနာဂါမ် ကလေးဖြစ်ကြောင်း မိဘများက မည်သို့ သိနိုင်ပါသနည်း။

မင်းမျိုးသန့် (ရန်ကုန်)

---

**ဒီလိုမြင်မှတ်**

သောတာပန်က ကာမသုဂတိ ၇ ဘုံ (လူ့ဘုံ နတ်ပြည် ၆) မှာ ၇ ကြိမ် ပြန်ဖြစ်နိုင်တဲ့အတွက် သောတာပန်နတ်သားဆိုရင် နတ်ပြည်မှာ တရားအားထုတ်လို့ သောတာပန် ဖြစ်လာသူ၊ သို့မဟုတ် သောတာပန် အဖြစ်နဲ့ နတ်ပြည်မှာ မွေးလာသူ ဖြစ်နိုင်တယ်။ သကဒါဂါမ်နတ်သား ဆိုရင်လည်း အဲဒီ ၇ ဘုံမှာ တစ်ကြိမ် ပြန်ဖြစ်ခွင့်ရှိလို့ ဒီအတိုင်းပါပဲ။ အနာဂါမ်

နတ်သား ဆိုရင်တော့ အခြားဘုံက နတ်ပြည်မှာ ပြန်မွေးလာသူ မဖြစ်နိုင်ဘူး၊ နတ်ဘဝနဲ့ တရားအားထုတ်ပြီး အနာဂါမ်ဖြစ်သွားသူပဲ ဖြစ်ရတယ်။ ဘာကြောင့်ဆို ဒီဘဝ အနာဂါမ်ဖြစ်ပြီးရင် နောက်ဘဝမှာ အဲဒီ ဂ ဘုံမှာ ပြန်မမွေးတော့ဘဲ သုဒ္ဓါဝါသ ၅ ဘုံထဲက တစ်ဘုံဘုံမှာပဲ ပြန်ဖြစ်လို့ပါ။ လူသားတစ်ဦး သောတာပန်၊ သကဒါဂါ အရိယာဖြစ်ပြီးရင် ဤလူ့ဘုံမှာ သောတာပန်၊ သကဒါဂါမ်အဖြစ်နဲ့ ပြန်မွေးဖွားခွင့် ရှိတယ်။ ဤလူ့ဘုံမှာ အနာဂါမ် ဖြစ်ပြီးရင်တော့ အနာဂါမ်အဖြစ်နဲ့ ဤလူ့ဘုံနဲ့ နတ် ၆ ဘုံမှာ ပြန်မမွေးဖွားတော့ဘူး။

## သာဓက မရှိ

သောတာပန် အနာထပိဏ်သူဌေး ကွယ်လွန်တော့ တုသိတာနတ်ပြည်မှာ နတ်သား သွားဖြစ်တယ် (မ ၃၊ ၃၀၅)။ သိကြားမင်း၊ ဝိသာခါ ကျောင်းအမကြီးနဲ့ အနာထပိဏ်သူဌေး ဒီသုံးယောက်ဟာ သက်တမ်းတူပါသတဲ့ (ဒီ–ဋ္ဌ ၂။ ၃၃၂)။ (တာဝတိံသာ နတ်ပြည်က သိကြားမင်းက မိမိထက် အဆင့်မြင့်တဲ့ တုသိတာက ဝိသာခါ အနာထပိဏ်တို့နဲ့ တန်းတူ အသက်ရှည်ပုံပါပဲ။ ဒါမှမဟုတ် တုသိတာမှာလည်း သိကြားမင်း ရှိလေသလား။) ဝိသာခါ အနာထပိဏ်တို့ဟာ လူ့ဘဝတုန်းက သောတာပန်ဖြစ်လို့ နတ်ဖြစ်တော့လည်း သောတာပန်ပါပဲ။

လူ့ပြည်မှာ သောတာပန်အဖြစ်နဲ့ မွေးဖွားတဲ့ ကျမ်းထွက်နဲ့ လက်တွေ့ သာဓကကိုတော့ ရှာဖွေဆဲပါ။ ဗုဒ္ဓလက်ထက်က ဂ နှစ်အရွယ် သောတာပန်ဆိုတာက အင်မတန် ရတောင့်ရခဲပါ။ သက်တော် ထင်ရှားမြတ်ဗုဒ္ဓနဲ့ တွေ့ရတာ၊ သဒ္ဓါတရားနဲ့ ပြည့်စုံတာ၊ ဗုဒ္ဓထံမှ သူတော်ကောင်းတရားကို နာယူခွင့်ရတာတွေဟာ ဒုလ္လဘ (ရတောင့်ရခဲ) ဖြစ်ပါတယ်။ အနည်းဆုံး သူတို့တွေဟာ ယခင်ဘဝတွေမှာ စူဠသောတာပန် အဆင့်လောက် ရှိသူဖြစ်ဖို့ သေချာပါတယ်။

## အကျင့်သီအိုရီ

အရိယာပဂ္ဂိုလ် မှန်ရင် သောတာပန်ကစပြီး လောဘ၊ ဒေါသ၊ မောဟတွေ ငြိမ်းအောင် ကျင့်ကြံကြတာဟာ သူတို့ရဲ့ နောက်ဆုံး ပန်းတိုင် ဖြစ်

တယ်၊ ဒါအတွက်ပဲ ဗုဒ္ဓဝါဒီတို့ ဒါန၊ သီလ၊ ဘာဝနာကို လုပ်ကြတယ် ဆိုတဲ့ အမြင်ကို ဦးကျော်ထဲ ထည့်လိုက်ပါ။

အဲဒီ လက်တွေ့ကျင့်စဉ် သီအိုရီကို အခြေခံပြီး လူ့ဘုံမှာ သောတာပန် အရိယာဖြစ်ပြီးရင် အဲဒီပုဂ္ဂိုလ် တစ်ယောက်ရဲ့ စိတ်ဟာ များသောအားဖြင့် ဒီတရားသုံးပါး ငြိမ်းအောင်ကျင့် ပိုမို ကျင့်နိုင်ဖွယ်ရှိတဲ့ ဖြဟ္မာ့ပြည်လို အထက်ဘဝတွေကိုပဲ ကိုင်းညွတ်နေမယ်လို့ ယူဆရတယ်။ ဒါကြောင့် သောတာပန်အဖြစ်နဲ့ ဤလူ့ဘဝကို ရောက်မလာကြတာလား၊ ငယ်ငယ်ကပင် ငါးပါးသီလမြဲပြီး အရွယ်ရောက်တဲ့အခါ တရားဓမ္မနဲ့ ပျော်မွေ့သွားသူတွေကို ရှားရှားပါးပါး ကြားဖူးကြမှာပါ။ သူတို့တွေကို မွေးရာပါ သောတာပန်လို့ ဆိုနိုင်ဖွယ် ရှိမလား၊ စဉ်းစားစရာပါ။ ❑

## အဘိဓမ္မာ ဘုရားဟော

ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ဗုဒ္ဓဖြစ်ပြီးနောက် သတ္တသတ္တာဟ (ခုနစ်ရက် ခုနစ်လီ) စံနေသည်ဟု ဆိုရာ၌ ပဉ္စသတ္တာဟ (ခုနစ်ရက်ငါးလီ)သာ ပိဋကတ်တော်မှာ လာကြောင်း သိရပါသည်။ စတုတ္ထ သတ္တာဟ၌ သိကြားမင်း ဖန်ဆင်းသော ရတနာစံကျောင်းမှာ သီတင်းသုံးခြင်းနှင့် ပဋ္ဌာန်းတရားကို ဆင်ခြင်သည် ဆိုခြင်းတို့မှာ နောက်ပေါ် ကျမ်းများက ချဲ့ကား ရေးသားခြင်း ဖြစ်ကြောင်း၊ ပထမ သံဂါယနာတင်စဉ်က အဘိဓမ္မာ မပါ၍ အဘိဓမ္မာသည် ဘုရားဟော မဟုတ်ကြောင်း ဝေဖန်မှုများကိုလည်း ကြာဖူးပါသည်။ ထိုဝေဖန်မှုများကို ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား။

နေမျိုးဦး

---

## ဒီလိုပြင်မှတ်

ပိဋကတ်တော်မှာ ပဥ္စသတ္တာဟ (ရက်သတ္တ ၅းပတ်)ပဲ ပါတယ်ဆိုရင် (အဲဒီ ရမ်းပြောတာ) မမှန်ဘူး။ အမှန်က လေးပတ်ပဲ ပါတယ်။ ရတနာစံကျောင်း (ရတနဃရ) ကို သိကြားမင်း ဖန်ဆင်းတယ်လို့ မဆိုဘူး၊ နတ်တို့ ဖန်ဆင်းတယ်လို့ပဲ ဆိုတယ် (ဒေဝတာ ရတနဃရံ မာပေသုံ)။ စတုတ္ထ သတ္တာဟမှာ ဆင်ခြင်တာတော့ ဟုတ်တယ်၊ ဒါပေမယ့် ပဋ္ဌာန်းကျမ်း တစ်ခုတည်းကို ဆင်ခြင်တာ မဟုတ်ဘူး၊ အဘိဓမ္မာ ခုနစ်ကျမ်းလုံးကို ဆင်ခြင်တာ။

ဓမ္မအမေးအဖြေ စာတော်ဖတ် ပရိသတ်တွေ မေးခွန်းလောက်ကို ဖတ်မိပြီး စိတ်ထဲ စွဲမိစွဲရာ စွဲသွားမှာ စိုးလို့ အဲဒါလေးကိုတော့ အမှန်ပြင်ပြီး အရင် မှတ်ထားစေချင်တယ်။

## ခုနစ်ရက် ခုနစ်လီ

ဘုရားဖြစ်ပြီးစမှာ မြတ်ဗုဒ္ဓဟာ ဘယ်ကိုမှ မကြွသေးဘဲ ဗောဓိပင်အနီးဝန်းကျင်မှာပဲ ရက်သတ္တ ၇-ပတ် သီတင်းသုံးတယ်လို့ ဆိုရာမှာ ဝိနည်းမဟာဝါပါဠိတော် (ဝိ ၃၊ ၁-၇)အရ ပလ္လင်္က (ဗောဓိပင်ရင်းမှာ)၊ အဇပါလ (ဆိတ်ကျောင်းညောင်ပင် အောက်မှာ)၊ မုစလိန္ဒ(ကျည်းပင် အောက်မှာ)၊ ရာဇာယတန (လင်းလွန်ပင် အောက်မှာ)လို့ သတ္တာဟ လေးခု (ရက်သတ္တ လေးပတ်) ဖော်ပြတာ တွေ့ရတယ်။

မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါနအဋ္ဌကထာ (မ-ဋ္ဌ ၂၊ ၈၉။ ဥဒါန-ဋ္ဌ၊ ၄၇)စတဲ့ ကျမ်းတွေမှာတော့ ပလ္လင်္ကသတ္တာဟနဲ့ အဇပါလသတ္တာဟ အကြားမှာ အနိမိသ (ဗောဓိပင်နဲ့ ရွှေပလ္လင်ကို ကြည့်ရှု)၊ ရတနစင်္ကမ (စင်္ကြံ့န်လျှောက်)၊ ရတနဃရ (နတ်တို့ ဖန်ဆင်းတဲ့ ရတနာအိမ်)လို့ သတ္တာဟ သုံးခု ဖော်ပြတယ်။ ရတနဃရမှာ ခုနစ်ရက် သီတင်းသုံးခိုက် အဘိဓမ္မာ ခုနစ်ကျမ်းကို ဆင်ခြင်တယ်လို့လည်း အဋ္ဌကထာကျမ်းမြတ်တွေမှာ ဖော်ပြတယ်။

'အဋ္ဌကထာဆိုတာ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် မထေရ်စဉ်ဆက် ပို့ချလာခဲ့တဲ့ သံဂါယနာ သုံးတန်တင်တဲ့ ပို့ချစဉ် ဖြစ်လို့ (သာရတ္ထ-ဋီ ၁၊ ၁၉)' အဲဒီကျမ်းတွေကို ထေရဝါဒီတို့က ဗုဒ္ဓနှုတ်ထွက် ပါဠိတော် ကျမ်းရင်းလိုပဲ လေးစားကြပါတယ်။

## မယုံကြည်သူတွေ

အနောက်တိုင်းက ဗုဒ္ဓဝါဒကို လေ့လာသူအချို့ဟာ အဋ္ဌကထာ ကျမ်းတွေကို အထင်မကြီးကြဘူး။ အဓိပ္ပာယ်က အဋ္ဌကထာကျမ်းပြု ပုဂ္ဂိုလ်တွေဟာ သူတို့လောက် မတတ်ဘူး မသိဘူးပေါ့။ မြတ်ဗုဒ္ဓရဲ့ သဗ္ဗညုတဉာဏ်ကိုလည်း မယုံကြဘူး။ မြတ်ဗုဒ္ဓကို သာမန် ပညာရှိ လူပုဂ္ဂိုလ်အဆင့်လောက်ပဲ လက်ခံလို့ မြတ်ဗုဒ္ဓကိုတောင် သူတို့လောက် မဖြစ်ဘူးလို့ ထင်နေကြမှာပဲ။ အမှန်တော့ ယမိုက်တို့ ပဋ္ဌာန်းတို့လို ကျမ်းမြတ်တွေရဲ့ သိမ်မွေ့နက်နဲတဲ့ အဓိပ္ပာယ်ကို သူတို့လိုလူတွေ အနားတောင် သိနိုင်ခဲ့ပုံမပေါ်ဘူး။ အဲဒီလို ပုဂ္ဂိုလ်အချို့က အဘိဓမ္မာကို ဘုရားမဟောဘူးလို့ တစ်ချိန်က အရေးရမ်းခဲ့ကြတာတွေ ရှိတယ်။

ငယ်စဉ်အခါ သူတို့ရဲ့ မိဘနဲ့ ပတ်ဝန်းကျင်က သူတို့ကို Brain Wash လုပ်ထားတဲ့အတိုင်း ဘုရားသခင်က ဖန်ဆင်းလို့ လူဖြစ်လာတယ်ဆိုတာကိုတော့ မျစ်စိမှိတ်ပြီး သူတို့ ယုံနိုင်ကြတယ်။

## သူတို့အပြော

ဒါပေမယ့် အဘိဓမ္မာကို အမှန်တကယ် ထဲထဲဝင်ဝင် လေ့လာဖူးသူအချို့ကျတော့လည်း မြတ်ဗုဒ္ဓရဲ့ ဉာဏ်တော် ကြီးကျယ်ပုံကို အံ့ချီးမကုန်ဖြစ်သွားကြတယ်။ လန်ဒန်ပါဠိအသင်း အတွင်းရေးမှူး Iggleden က 'ဒါလောက် ကြီးကျယ် များပြားပြီး ရှေ့နောက် အစဉ် မဆန့်ကျင်ဘဲ ပြေပြစ်တဲ့ (အဘိဓမ္မာ) ကျမ်းစာတွေကို ဗုဒ္ဓရဲ့ ဉာဏ်တော်မှတစ်ပါး အခြားသူတွေ မဟောကြားနိုင် (*Introductory Notes on the Abhidhammatthasangaha*)' တဲ့။ ဂျာမန် ရဟန်းတော် ဘိက္ခုဉာဏပေါဏိက မထေရ်ကလည်း 'အက္ခရာနဲ့ အနက်အဓိပ္ပာယ်ကို ခွဲခြမ်း စိတ်ဖြာရာမှာ

အင်မတန် တော်ကြတဲ့ သာဝကတွေဟာ ဗုဒ္ဓလက်ထက်ကပင် ဓမ္မ (ဟောကြား ချက်)တွေကို အဘိဓမ္မအသွင်နဲ့ အသေးစိတ် စီစဉ်ခဲ့ကြ တာကို အနုပဒသုတ် (မ ၃၊ ၇၉) အရ သိနိုင်တယ်။ ... ဒါကြောင့် မြတ် ဗုဒ္ဓဟာ အဘိဓမ္မာနဲ့ ပတ်သက်တာတွေကို အရှင်သာရိပုတ္တရာလို အ ကျဉ်းမျှ ဟောပြောတာကို ဂမ္ဘီရဉာဏ်နဲ့ အကျယ်တဝင့် ချဲ့ထွင် နား လည်နိုင်တဲ့ ပုဂ္ဂိုလ်ကို လွှဲအပ်ခဲ့တယ်ဆိုတာဟာ အင်မတန် ဖြစ်နိုင် တယ် (Abhidhamma Studies, p. 25)'တဲ့။

**ဘုရားဟော**

'အနီးနေတပည့်၊ အတူနေတပည့်တို့ကို အဘိဓမ္မာနှင့် ဝိနယကို သင် ကြားရန် စွမ်းနိုင်ရမည် (ဝိ ၃၊ ၉၃)'လို့ ဥပဇ္ဈာယ်ပြုပြီး ရဟန်းခံပေး ခွင့်ရှိတဲ့ ရဟန်းရဲ့ အင်္ဂါရပ်ကို မြတ်ဗုဒ္ဓ သတ်မှတ်တယ်။ ကိုးကွယ်ခံ ပုဂ္ဂိုလ်တို့ ပြည့်စုံရမယ့် အင်္ဂါရပ် ဆယ်ပါးထဲက တစ်ခုကိုလည်း 'ရဟန်းသည် ဓမ္မကို မြတ်နိုး၏၊ နာလိုဖွယ်စကားကို ဆိုတတ်၏၊ အဘိ ဓမ္မာနှင့် ဝိနည်းတို့ကို ကျင့်သုံးခြင်းဖြင့် ထူးခြားစွာ ဝမ်းမြောက်၏ (ဒီ ၃၊ ၂၂၂)'လို့ မြတ်ဗုဒ္ဓ ဟောတော်မူတယ်။

အရှင်ဥပါလိကို မြတ်ဗုဒ္ဓ မိန့်တဲ့ စကားက 'သုတ္တန်၊ အဘိဓမ္မာ၊ ဝိနယပိဋက တစ်ခုလုံးနှင့် အင်္ဂါကိုးပါး ရှိတဲ့ ဗုဒ္ဓအဆုံးအမတို့သည် သင်၏ ဓမ္မသဘင် ဖြစ်၏ (အပဒါန ၁၊ ၄၈)'တဲ့။ အဘိဓမ္မာဆိုတဲ့ စကား လုံးဟာ ပါဠိတော် မူရင်းကျမ်းတွေမှာ အဲဒီလို တိုက်ရိုက် ပါတဲ့အတွက် အဘိဓမ္မာကို ဘုရားဟော မဟုတ်ဘူးလို့ ဘယ်သူ ဆိုနိုင်အံ့နည်း။ ▢

## ထီပေါက်ကုသိုလ်

အရှင်ဘုရား .. ရိုသေစွာ မေးလျှောက်ထားပါ၏၊

အဘယ် ကုသိုလ်ကြောင့် လူအချို့ သိန်းဆုကြီး ပေါက်ကြပါသနည်း။ သိန်းဆု ပေါက်စေသည့် ကုသိုလ်ပြုနည်း ရှိလျှင် ညွှန်ပြပေးစေလိုပါသည် အရှင်ဘုရား။

လဲ့လဲ့လှိုင်

---

**ဓာတ်ဗူးမဲ**

သာမဏေဘဝနဲ့ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်မှာ နေစဉ် တစ်နှစ်မှာ စတုတ္ထစံကျောင်းဆရာတော်ကြီးက တစ်နှစ်တာအတွင်း မိမိရရှိတဲ့ အလှူပစ္စည်းတွေကို သီတင်းကျွတ်ပြည့်နေ့မှာ တစ်တိုက်လုံးရှိ သံဃာတွေကို မဲဖောက် လှူဒါန်းတယ်။ အဲဒီနှစ်က မဲတွေထဲမှာ ဓာတ်ဗူးနှစ်လုံး ပါတယ်။ ဘုန်းကြီးက ဓာတ်ဗူး သိပ်လိုချင်နေတာ။ ဒါနဲ့ ဦးဇေယျန္တ ကိုယ်တော်က ဂုဏ်တော်ကွန်ချာကို ပုတီးစိတ်ရင် မဲပေါက်တယ်ဆိုလို့ နှစ်ည မအိပ်မနေ ကြိုးစားပြီး ပုတီးစိပ်တယ်။ လပြည့်နေ့ မဲဖောက်တဲ့အခါ ဘုန်းကြီး မပေါက်ဘူး။ အဲဒါကို ခုပြန်တွေးကြည့်တော့ ရယ်ချင်တယ်။ စိတ်ပိုင်းဘာဝ အလုပ်ဆိုတာမျိုးက အဲဒီလိုတစ်ခုခုကို လိုချင်မှ ချက်ခြင်း ထလုပ်လို့ ရတာမျိုး မဟုတ်ဘူး။

**အရင်းအနှီး**

အကျိုးတစ်ခု ရဖို့ဆိုရင် နည်းများမဟူ အရင်းအနှီးတော့ စိုက်ရတာချည်းပဲ။ အောင်မြင် ကျော်ကြားမှုရဲ့ နောက်ကွယ်မှာ အချိန်၊ လုပ်ဆောင်ချက်၊ ကြိုးပမ်းမှုစတဲ့ အရင်းအနှီးတွေ အများကြီး လိုတယ်။ လုံးဝ ပြီးပြည့်စုံတဲ့ ဗုဒ္ဓအဖြစ်ကိုရဖို့ ဖြည့်ဆည်းရတဲ့ ပါရမီ အရင်းအနှီးက လူသာမန်တို့ လုပ်ဖို့ မလွယ်ဘူး။ အဲဒီလိုပဲ ထီကို တစ်ခါတည်းနဲ့ တစ်စောင်တည်း ထိုးပြီး ပေါက်သွားသူတွေမှာ ထူးခြား ပေါ်လွင်တဲ့ ယခင်ယခု အကြောင်းကံတွေနဲ့ ဖြောင့်မတ် ရိုးသားတဲ့ အခြေခံစိတ်ထား အရင်းအနှီးတွေ ရှိနေနိုင် ကောင်းပါတယ်။

**မဲကောင်းသူ**

လေဏကိရိ(ဂူတောင်)မှာ သီတင်းသုံးတဲ့ တိဿမထေရ်ငယ်ဟာ **အလွန်** မဲကောင်းသတဲ့။ အခါတစ်ပါး စေတိယတောင်မှာ ဂိရိဘဏ္ဍလို့ခေါ်တဲ့ ဘုရားပူဇော်ပွဲ ကျင်းပချိန် အလှူပေးတဲ့ မဏ္ဍပ်ကို သွားပြီး ဘယ် ပစ္စည်းက အကောင်းဆုံးလဲမေးတော့ သင်္ကန်းလျာပိတ်စ နှစ်ခုက အ ကောင်းဆုံး ဖြစ်ကြောင်း သိရတဲ့အခါ မထေရ်က ဒါတွေက ကျုပ် အတွက်ပဲလို့ ဆိုသတဲ့။ ဒီလို ပြောတာကို အမတ်တစ်ဦး ကြားမိလို့ ဘုရင်ကို အသိပေးတဲ့အခါ ဘုရင်က ဒီပိတ်စနှစ်ခုကို မထေရ်ကြီးတွေ ကို လှူမယ်လို့ ရည်ရွယ်ထားခဲ့ပေမယ့် ရှေ့ကကြွတဲ့ မထေရ်ကြီးတွေကို မလှူမိဘဲ မထေရ်ငယ်ကိုပဲ လှူမိသတဲ့။ ဘုရင် မေးလျှောက်တဲ့အခါ မိမိ ပြည့်ဆည်းပြီးဖြစ်တဲ့ ကျင့်ဝတ်ထူးအကြောင်းကို မထေရ်ငယ်က မိန့် ကြားသတဲ့။ မဲကောင်းပေါက်တဲ့ အဲဒီကျင့်ဝတ်က ..

**သံဃာ့အလှူ**

မိမိ ခြေသလုံးနဲ့ လှည့်လည် ဆွမ်းခံလို့ရရှိတဲ့ မွန်မြတ်တဲ့ ဆွမ်းဘော ဇဉ်ကို နာမကျန်းတဲ့ ရဟန်း၊ သူနာပြု ရဟန်း၊ အာဂန္တု ခရီးသွား ရဟန်းတွေနဲ့ ပြုသစ်စ ရဟန်းတွေကို အရင်လှူတယ်။ ပြီးမှ မထေရ် ကြီးတွေကစပြီး ကြီးစဉ်ငယ်လိုက် သံဃာတွေကို အနည်းငယ် စတိ သဘောမျိုး မဟုတ်ဘဲ သူတို့ အလိုရှိသလောက် လှူဒါန်းတယ်။ ကျန် တာကိုမှ မိမိသုံးဆောင်တယ်။ သပိတ်ထဲမှာ ကုန်သွားရင် ဆွမ်းခံထပ် ထွက်ပြီး တစ်ဖန် သံဃာကို လှူဒါန်းပြီး အကျန်ကိုမှ ကိုယ်သုံးဆောင် ရတယ်။ ဒီကျင့်ဝတ်ဟာ ရင့်ကျင့်ပြီး သီလသိက္ခာကို ကျင့်သုံးနေတဲ့ ပတ်ဝန်းကျင်မှာပဲ အောင်မြင်နိုင်တယ်။ အလိုက်သိတဲ့ မထေရ်တွေက အကျင့်ရှင် ကုသိုလ်ရရုံ လိုအပ်သလောက်ပဲ အလှူခံပေးကြတယ်။

**ဒီနည်း**နဲ့ ၁၂ နှစ် ကျင့်ရတယ်။ ပြည့်မယ့်နေ့မှာ ပင်ပန်းစွာ ဆွမ်း ခံလှည့်ခဲ့ရပြီး သပိတ်ထဲမှာ ဆွမ်းမကျန်အောင် အလှူခံသွားကြတာကို တွေ့လို့ သဒ္ဓါတရားပျက်မိရင် **အစကနေ** ပြန်ကျင့်ရတယ်။ ဒီကျင့်ဝတ် ကို စာလို **'သာရဏီယကျင့်ဝတ်'** (မ-၄ ၂၊ ၂၉၅) တဲ့။

**ထူးခြားသူတွေ**

လူတွေအနေနဲ့တော့ ဆွမ်းရပ် ကိုယ်တော်တွေကို မပျက်အောင် ဆွမ်းလောင်းတာ၊ စေတီယင်္ဂဏဝတ်ပြု (စေတီတံမြက်လှည်း) တာ၊ သံဃဝေယျာဝစ္စ ဆောင်ရွက်တာတွေကို ဒီကျင့်ဝတ်နဲ့ အလားတူ ယူနိုင်ခွင့် ရှိပါတယ်။ အချို့ဆိုရင် နှစ်ပေါင်း သုံးဆယ် တစ်နေ့မှ မပျက်ကွက်ဘဲ ဆွမ်းဝတ် ပြုကြတာတွေ ရှိတယ်။ ပန်းတနော်မြို့က ဦးအောင်ချစ်ဖေ ဒေါ်သောင်းကြည် မိသားစုဆိုရင် ရွှေဟင်္သာတောရကျောင်းတိုက်မှာ နှစ်စဉ်မပျက် ဝါတွင်းကာလ တစ်လတိတိ သံဃာတွေကို ကိုယ်တိုင် ထင်းခွဲ၊ ချက်ပြုတ်ပြီး ဆွမ်းဒါန ပြုလာတာ ဘုန်းကြီး ငယ်ငယ်က ဒီမိသားစုရဲ့ ၁၄ နှစ်ပြည့် အလှူနဲ့ ဆုံဖူးတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေမှာ ထူးခြားတဲ့ စွမ်းရည် တစ်မျိုး ရှိကောင်း ရှိနေနိုင်ပါတယ်။

**ချားသမဲမပါ**

ဒီလိုအကျင့်မျိုးကို ကျင့်သူဟာ ကိုယ်တိုင်လည်း အလိုရမ္မက် နည်းပြီး ကိုယ်ကျင့်သီလနဲ့ ပြည့်စုံရတယ်။ ပတ်ဝန်းကျင်လည်း သန့်ရတယ်။ ဒါကြောင့် အလိုလောဘ အရည်ရွှန်းနေတဲ့ ချားသမဲတွေ ဒီကျင့်ဝတ်ကို ကျင့်လို့ အောင်မြင်မှာ မဟုတ်ဘူး။ ▢

စီးပွားရှာရန် တွေးဆဖန် အကြံမြင့်အောင် မြှင့်ရမည်။
လမ်းကြောင်းမှန်ပြ နည်းကောင်းရ ကိုယ်ကအကြံ ဆင့်ရမည်။

(သုတရတနာ)

# ဗုဒ်..ခရစ်

ဆရာတော် အရှင်မြတ်ဘုရား၊

တပည့်တော်သည် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် အမျိုးသမီးကို လက်ထပ်မည် ဖြစ်ပါသည်။ တပည့်တော် မေးလျှောက်လိုသည်မှာ .. အိမ်မှာ ဗုဒ္ဓဆင်းတုတော် မရှိဘဲ ဘုရားဝတ်ပြုလို့ ရပါသလား။ ဆိတ်ငြိမ်ခန်းတစ်ခုကို ဝင်ပြီး ပုတီးစိပ်ရင် ဖြစ်နိုင်ပါသလား။ ဗုဒ္ဓဆင်းတုတော်မရှိဘဲ ဆွမ်းတော်၊ ပန်းတော်၊ သောက်တော် ရေချမ်း ကပ်လို့ ရပါသလား အမှားရှိလျှင် ခွင့်လွှတ်ပါ ဘုရား။ ကျေးဇူးတင်ပါသည်။

မလိခ

---

## ဆိုခွင့်ပြုပါ

ဗုဒ္ဓဝါဒီ (ဗုဒ္ဓကို ယုံကြည်သူ)ဖြစ်ဖို့ အိမ်မှာ ဘုရားကျောင်းတွေ ဗုဒ္ဓဆင်းတုတွေ ထားဖို့ မလိုပါဘူး။ ပုတီးစိပ်ဖို့၊ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်ဖို့လည်း ဗုဒ္ဓဆင်းတု မလိုပါဘူး။ ဗုဒ္ဓဝါဒက ကိုယ့်ကိုယ်ပဲ အားကိုးတဲ့ ဝါဒဖြစ်လို့ ကိုယ့်နှလုံးသားမှာ ဗုဒ္ဓရဲ့ အဆုံးအမ ရှိနေရင် ဘယ်သူ့ကိုပဲ လက်ထပ်ထပ် ရပါတယ်၊ ဖြစ်ပါတယ်။ မေးခွန်းရှင် လိုချင်တဲ့ အဖြေက ဒါပဲဖြစ်မယ်လို့ ထင်ပါတယ်။ မှန်ပါတယ် .. ဒါပေမယ့် ဒီအဖြေမျိုးက ဗုဒ္ဓဝါဒကို လေ့လာကျင့်သုံးနေတဲ့ နိုင်ငံခြားသားကို ဖြေရင်တော့ သင့်မြတ်တယ်။ ဗုဒ္ဓဝါဒီပါလို့ဆိုတဲ့ ဗမာလူမျိုးတစ်ဦး အတွက်တော့ မပြည့်စုံသေးဘူး။ မှားရင် ခွင့်လွှတ်ပါလို့ ဆိုတယ်နော်။ ကောင်းပြီ၊ ခွင့်လွှတ်ပါတယ်။ ဘုန်းကြီး ခွင့်လွှတ်ပြီးဖြစ်လို့ ဘုန်းကြီးရဲ့ အမြင်အရ ဆိုသင့်တယ်လို့ ယူဆတာလေးကိုတော့ ဖြည့်စွက်ခွင့်ပေးပါ။

## တာဝန်

မေးခွန်းရှင်ဟာ ဗုဒ္ဓဘာသာ မဟုတ်သူနဲ့ အခု မညားရသေးဘူး။ ညားမယ်၊ လုပ်ရှားနေပြီပေါ့။ ညားပြီးတာနဲ့ ကိုယ်ပိုင်အိမ် ရှိပြီးဖြစ်ရင် ကိုယ့်အိမ်မှာ ညားခါစဇနီး မကြိုက်လို့၊ သို့မဟုတ် ဇနီးကို မဆန့်ကျင်ရဲလို့ သို့မဟုတ် မဆန့်ကျင်ချင်လို့ ဘုရားကျောင်းဆောင်၊ ဘုရားဆင်းတု

မထားတော့ဘူး။ ပုတီးစိပ်ရင်တောင် Closet လို ချောင်ထဲ ဝင်ပြီး စိပ်ရမယ့်အနေမျိုး ဖြစ်မနေဘူးလား။ မညားခင် ကတည်းက အဲဒီလောက်တောင် အလျှော့ပေးထားမှတော့ ညားပြီးရင် ဖြစ်လာမယ့် ကိုယ့်အနာဂတ်ကို ပြန်မစဉ်း စားသင့်ဘူးလား။ လူဆိုတာ အမျိုးကို စောင့်ရတယ်။ အဲဒီ အမျိုးဆိုတာက ဗမာမှန်ရင် ဗုဒ္ဓဝါဒအခြေခံတဲ့ ယဉ်ကျေးမှုနဲ့ ကင်းလို့ မရဘူး။ အဲဒီ မျိုးချစ်စိတ်နဲ့ပဲ ဘုန်းကြီးတို့ ကျွန်အဖြစ်က လွတ်ခဲ့တာလေ။ 'စောင့်လေမျိုးနွယ်'ဆိုတဲ့အတိုင်း ဘဝပေးတာဝန်အရ ကိုယ်သာမက ကိုယ်တို့ ရရှိလာမယ့် ကိုယ့်ရင်သွေးလေးတွေ၊ ကိုယ့်မိဘဆွေမျိုး အသိုင်းအဝိုင်းကိုပါ ထည့်သွင်းပြီး မစဉ်းစားသင့်ဘူးလား။

**ဒီဖက်က**

ဒီကိစ္စမျိုးမှာ ဘုန်းကြီး မြင်ဖူး တွေ့ဖူးသမျှ များသောအားဖြင့် ဗုဒ္ဓဝါဒီတွေဖက်က အင်မတန် သဘောထား ကြီးလေ့ရှိပါတယ်။ မှန်ပါတယ်၊ သဘောထား ကြီးလို့လည်း ကိုယ် ကိုယ်တိုင် 'ပါ' မသွားရင်တောင် ကိုယ့်သားသမီးတွေတော့ 'ပါ'သွားကြတာ များပါတယ်။ ဗုဒ္ဓဘာသာက စည်းရုံးရေး ညံ့တာကိုးလို့ ဆိုနိုင်တယ်။ ဟုတ်တယ်၊ ညံ့ကြောင်း ဝန်ခံပါတယ်။ ဘာကြောင့်ဆို ကလေးတွေကို ငယ်ငယ်က ကိုယ့်ယုံကြည်မှုက လွဲရင် ကျန်တာတွေ အားလုံး အမှားဆိုတာမျိုး၊ ယုံကြည်မှု မတူသူတွေရဲ့ ဘုရားကျောင်းကို သွားရင် ဘုရားသခင်က ဒဏ်ခတ်လိမ့်မယ်ဆိုတာမျိုး လုံးဝ Brain Wash မလုပ်လို့ပါပဲ။ ဘုန်းကြီးကျောင်းကို သွားရင် သင်ရတာက သကလဝဋ္ဋ (အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲ) နဲ့ပဲ ပြီးသွားကြတာပဲ မဟုတ်ပါလား။ ဗုဒ္ဓဝါဒက စိတ်ကို ဆုံးမတဲ့ ဝါဒပါ။ အပျော်အပါး နည်းတယ်။ ပျင်းခြောက်ခြောက်ကြီး။ ဒါကြောင့်လည်း ခဲတစ်ပိဿာနဲ့ လဲတစ်ပိဿာလို ဖြစ်နေသလား မဆိုနိုင်။

**တိုဖက်က**

မကြာခင်က ဗုဒ္ဓဝါဒီမဟုတ်တဲ့ အမျိုးသမီးနဲ့ အိမ်ထောင်ကျနေသူ တစ်ဦးဆီကရတဲ့ သတင်းအချက် အလက်ကြောင့် စပ်ဖျဉ်းဖျဉ်း ဖီလင်လေးတစ်ခုရှိနေတယ်။ ဘာလဲဆိုရင် .. အဲဒီလူ ပြောပုံအရ သူ့မိန်းမကတော့

ယုံကြည် ကိုးကွယ်မှုနဲ့ ပတ်သက်ပြီး ကိုယ်ကြိုက်ရာ ကိုယ်လုပ်ဖြစ်လို့ အိမ်မှာ ဗုဒ္ဓဆင်းတု ကိုးကွယ်တာ အိုကေပါတယ်တဲ့။ ဒါပေမယ့် တစ်ညမှာ သူ့မိန်းမဖက်က ဘာသာရေး ဆရာတွေကို အိမ်ကို ဖိတ်ပြီး ပါတီလုပ်သတဲ့။ ထုံးစံအတိုင်း သီဆိုကခုန်၊ သောက်စားမှုတွေ ပါတာပေါ့။ အဲဒီလူတွေ ဗုဒ္ဓဆင်းတုကို မြင်တော့ ဖယ်ပစ်ဖို့ သူ့မိန်းမနားကို ပြောသတဲ့။ ဒါနဲ့ပဲ အိမ်က ဘုရားကျောင်းရော ဗုဒ္ဓဆင်းတုပါ ပြုတ်သွားရောလားလို့ ဘုန်းကြီး မေးတော့ မပြုတ်ပါဘူးတဲ့။

**ပြုံးမိရဲ့**

သူက ဆက်ပြောသေးတယ် .. သူ့သား (အသက် ၈ နှစ်)ကို ဗမာတွေက မင်း ဘယ်ဘာသာလဲ မေးတော့ ဒီကောင်က 'Buddh-Christ' လို့ ဖြေသတဲ့။ ဘုန်းကြီး ပြုံးလိုက်မိပါတယ်။ ဒီတော့ အလွန် လျှော့လျှော့ ပေါ့ပေါ့နဲ့ တစ်နည်းဆိုရင် နားလည်ပေးခြင်းနဲ့ ပြောရရင် ကိုယ်လည်း အနည်းဆုံး 'ဗုဒ်-ခရစ်' တော့ မဖြစ်သင့်ပေဘူးလား။ ▢

# နားလည်မှု မှန်စေ

အရှင်ဘုရား၊

အရှင်ဘုရား ဓမ္မအမေးအဖြေအမှတ် ၁၈၄ (ဤ ကျမ်း၊ စာ-၆၀၁) အရ မွေးရာပါ အရိယာများ ရှိနိုင်သည်ဟု နားလည်မိပါသည်။ သစ္စာလေးပါး တရားကို မကျင့်ကြံဘဲ အရင်ဘဝပါရမီနှင့် မွေးကတည်းက အလိုအလျောက် အရိယာသူတော်စင် ဖြစ်လာသည်ဆိုလျှင် ဘုရားဟောနှင့် မညီဟု ထင်ပါသည်။ အဖြေအမှတ် ၁၆၁ (ဤကျမ်း၊ စာ-၅၅၃) တွင် ကောဏ္ဍိ သောတာပန်သည် တစ်ဘဝသာ ဇာတိဖြစ်တော့သည် ဆိုလျှင် သုံးဘဝမျှ ကျန်သော သကဒါဂါမ်ထက် ကျန်သော ဇာတိဘဝ ပိုနည်း

နေ၍ ရှင်းလင်းခြင်း မရှိပါ။ စေတနာ ရှေ့ထားပြီး ထပ်မံ ရှင်းလင်းပေးရန် တောင်းပန်ပါသည်။

Meow Meow

---

**နားလည်မှု မမှန်**

ဝိသာခါနှင့် အနာထပိဏ်တို့ ကွယ်လွန်ပြီးနောက် သောတာပန် နတ်သား ဖြစ်တယ်ဆိုတာ ကျမ်းဂန်ထွက်ပဲ (ကျမ်းကိုးကို အဲဒီအဖြေမှာ ပြုပီးသား)။ သုဒ္ဓါဝါသဆိုတာ အနာဂါမ်တွေ ပြန်မွေးဖွားတဲ့ဘုံပဲ။ အနော်မာ သောင်ကမ်းမှာ မင်းသိင်္ခတ်ကို သက်န်းလာကပ်တဲ့ ဃဋိကာရ ဗြဟ္မာဟာ အနာဂါမ်ပဲ။ ဒါပေမယ့် 'မွေးရာပါ အရိယာများ ရှိနိုင်သည်ဟု နားလည်မိသည်'လို့ အားလုံးကို သိမ်းကျုံးပြီး ဆိုရင် အဲဒီနားလည်မှု မမှန်ဘူး။ ဘုန်းကြီးလည်း အဲဒီ အဓိပ္ပာယ်မျိုးနဲ့ မဖြေဖူးဘူး။ ဘာကြောင့်ဆို ရဟန္တာ အရိယာအဖြစ် ပြန်မွေးတာ မရှိလို့ပါပဲ။

**မွေးရာပါ သောတာပန်**

သောတာပန်တွေ ကွယ်လွန်ရင် ဒီလူ့ပြည်မှာ ပြန်မွေးခွင့်ရှိလို့ မွေးရာပါ သောတာပန် (လူသား) ရှိမရှိ ဆိုတာကိုတော့ ဘုန်းကြီး ကျမ်းဂန်မှာ မတွေ့ဖူးသေးဘူး။ ဒါပေမယ့် .. ခုနစ်နှစ်အရွယ် ရဟန္တာတွေဟာ မွေးရာပါ သောတာပန် မဟုတ်ရင်တောင် အနည်းဆုံး မွေးရာပါ စူဠသောတာပန်အဆင့် (သောတာပတ္တိမဂ်ကို မရသေးလို့ သောတာပန်အရိယာ မဖြစ်သေးဘူး) ရှိနိုင်တယ်။ ယနေ့ခေတ် ဤလူ့ပြည်မှာ ငယ်ငယ်ကပင် ငါးပါးသီလ မြဲပြီး ကြီးတော့တည်း တရားဘာဝနာနဲ့ (ဟန်ဆောင် ပန်ဆောင် မဟုတ်ဘဲ) တကယ် ပျော်မွေ့သွားသူတွေ (လူအဖြစ်၊ ရဟန်းအဖြစ်နဲ့) ရှိတာကို ဘုန်းကြီး တွေ့ဖူးတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ မွေးရာပါ သောတာပန် (အရိယာ) ဖြစ်ချင် ဖြစ်နေမလား၊ စူဠသောတာပန်အဆင့်နဲ့ မွေးလာတယ်လို့ ဆိုနိုင်လေမလားလို့ ၁၈၄ အဖြေမှာ ဘုန်းကြီး တွေးပြခဲ့တာပါ။

**ဒီလိုပြင်မှတ်**

'သုံးဘဝမျှ ကျန်သော သကဒါဂါမ်'လို့ ဆိုတယ်နော်။ အဲဒီ အဆိုကို ဘယ်က ရသလဲ။ အဲဒီအဆို မမှန်ဘူး။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ဒု၊ စာ-၅၃၁)ရဲ့အာဘော်အရ သကဒါဂါမ် အနာဂါမ်အဖြစ်နဲ့ ကာမသုဂတိ ၇ ဘုံ ကလွဲရင် ကျန်တဲ့ ရူပအရူပဘုံတွေမှာ ဘဝများစွာ ဖြစ်နိုင်သေးတယ်။ သောတာပန် ခုနစ်ဘဝ ဆိုတာလည်း လူဖြစ်လိုက် နတ်ဖြစ်လိုက် (မိဿကဘဝ) မဟုတ်ဘဲ လူ့ဘုံတွင်သာ နတ်ဘုံတွင်သာ သောတာပန် အဖြစ်နဲ့ဆိုရင် ဘဝမဆုံးသရွေ့ ပြန်ဖြစ်နိုင်သတဲ့ (ပရမတ္ထသရူပဘေဒနီ ၂၊ ၆၄၇)။ ဘဝဇာတ် ဆုံးခန်းတိုင်ဖို့အတွက်တော့ အထက်မဂ် အထက် ဖိုလ် အဆင့်ကို ရအောင် အားထုတ်ရအုံးမယ်လို့ အမှန်ပြင်မှတ်ပါ။

**ခြားနားခြင်း**

ကေဝိဇိ သောတာပန်ဆိုတာ ကာမသုဂတိ ၇ ဘုံကို တစ်ကြိမ်သာ လာသူ၊ သကဒါဂါမ် ဆိုတာလည်း ဒီကာမသုဂတိ ၇ ဘုံကို တစ်ကြိမ်သာ လာဖွယ်ရှိသူ။ (တစ်ဘဝပဲ မွေးတော့မယ့်သူလို့ မဆိုဘူးနော်။) သကဒါ ဂါမ်ဟာ သောတာပန် အဆင့်တုန်းက ပယ်ပြီးတဲ့ ကိလေသာ (ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ) မှတစ်ပါး ဘယ်ကိလေသာကိုမှ အမြစ်ပြတ် မပယ်နိုင်ပေမယ့် ကျန်နေတဲ့ ကိလေသာတွေကို ခေါင်းပါး (နည်းပါး၊ ပါးသွား) အောင် လုပ်ပစ်တယ်။ ကေဝိဇိပုဂ္ဂိုလ်က သောတာပန် အဆင့်မျှဖြစ်လို့ သူပယ်ပြီးတဲ့ ကိလေသာကလွဲရင် ကျန်ကိလေသာတွေဟာ သကဒါ ဂါမ်ထက် ပိုများတယ်လို့ အဲဒီပုဂ္ဂိုလ် နှစ်မျိုးရဲ့ စွမ်းရည် ခြားနားချက်ကို မှတ်သင့်တယ်။

အဖြေနှစ်ခုကို သေသေချာ ပြန်ဖတ်ကြည့်သင့်ကြောင်း အကြံပြုပါ တယ်။ ကျေးဇူးတင်ပါတယ်။ ❒



# နတ်သာဓုခေါ်တဲ့ ဂါထာ

အရှင်ဘုရား၊

ဘုရားရှင်က မထေရ်အိုကြီးကို ဟောကြားသော တစ်ပုဒ်သော ဂါထာတော်ရဲ့ ဘာသာပြန်ကို ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

အဓိစေတသော အပ္ပမဇ္ဇတော၊
မုနိနော မောနပထေသု သိက္ခတော။
သောကာ န ဘဝန္တိ တာဒိနော၊
ဥပသန္တဿ သဒါ သတီမတော။

မထေရ်အိုကြီးမှာ ထိုဂါထာတော်ကို အဖန်ဖန် ဆင်ခြင်ရင်း တောထဲတွင် တစ်ပါးတည်း ရဟန္တာ ဖြစ်သွားကြောင်း ကြားဖူးပါသည်။ ထိုဂါထာတော်ကို နတ်ဒေဝါတို့က ပွဲတင်သံဖြင့် ဟိန်းနေအောင် သာဓုခေါ်ကြပါသဂ်။ တပည့်တော်မသည် အရှင်ဘုရား၏ အဖြေကို ကြားနာလိုပါသည အရှင်ဘုရား။

ကဲကဲ

---

**ကေ့ဒါန**

မထေရ်အိုရဲ့ ဘွဲ့က ကေ့ဒါနတဲ့။ မြတ်ဗုဒ္ဓက အရှင်သာရိပုတ္တရာ မထေရ်ကြီး အရဟတ္တဖိုလ်သမာဓိနဲ့ သီတင်းသုံးနေတာကို အကြောင်းပြုပြီး ဖော်ပြပါ 'အဓိစေတသော'ဂါထာ(ပါဠိကဗျာ)ကို ရွတ်ဆိုပြီး ဥဒါန်းကျူးသံကို ကြားလိုက်ရဆဲခဏ မထေရ်အိုရဲ့ နှလုံးသားမှာ အဲဒီဥဒါန်း ဂါထာကို ထူးထူးခြားခြား ခံစားသွားမိတဲ့အတွက် တောမှာ တစ်ပါးတည်း တရား အားထုတ်ရင်း အဲဒီဂါထာကိုပဲ ဥဒါန်းကျူး ရွတ်ဆိုလေ့ရှိသတဲ့။ သမာဓိရင့်ကျင့်ပြီး ဝိပဿနာပွားလို့ ရဟန္တာဖြစ်သွားတဲ့နောက်မှာလည်း တပည့်တွေကို ဒီဂါထာနဲ့ပဲ ဩဝါဒ ချွေတတ်ရာကနေ ကေ့ဒါန (ဥဒါန်းဂါထာ တစ်ပုဒ်တည်းကို ရွတ်တဲ့အရှင်မြတ်)လို့ အမည်တွင်သွား ခဲ့သတဲ့ (ထေရ-ဋ္ဌ ၁၊ ၁၉၁။) ဒီလိုဖြစ်ရတာကလည်း အရှင်မြတ်မှာ အဲဒီဂါထာပုဒ်နဲ့ ပတ်သက်ဖူးတဲ့ ပဋ္ဌာန်းဆက် ရှိခဲ့တာကိုး။ ရှိခဲ့ပုံက ဒီလို ..

**နတ်စစ်သူကြီး**

အရှင်မြတ် လောင်းလျာဟာ အတ္တဒဿီ ဘွဲ့တော်ရှိတဲ့ ဘုရားရှင် လက်ထက်မှာ နတ်စစ်သူကြီး ဖြစ်ခဲ့သတဲ့။ အဲဒီဘုရားရှင် ပရိနိဗ္ဗာန်စံတဲ့အခါ ဘုရားရှင် သက်တော် ထင်ရှားရှိစဉ် ကုသိုလ် မပြုလိုက်မိတာကို နောင်တရပြီး ဘုရားရှင်ရဲ့ ဓာတ်တော်ကို ဌာပနာထားတဲ့ စေတီတော်ကို ငါးနှစ်ပတ်လုံး ပူဇော်ဝတ်ပြုတယ်။ ဒီကုသိုလ် ရိက္ခာထုပ်နဲ့ သံသရာခရီးသွားခဲ့ပြီး ဤကမ္ဘာမှာ ကဿပဘုရားနဲ့ ဆုံခွင့် ရခဲ့တယ်။ ကဿပဘုရားရှင်က တပည့်တွေကို 'အဓိစေတသော' ဂါထာတော်နဲ့ ဩဝါဒပေးသံကို ကြားနာရတဲ့အခါ သဒ္ဓါတရား ပြင်းပြသွားပြီး ကိုယ်တိုင် ရဟန်းပြုရင်း အသက်ထက်ဆုံး ဓမ္မနဲ့ နေခဲ့တယ်။

ဂေါတမဗုဒ္ဓ လက်ထက် ရောက်တော့ သာဝတ္ထိမြို့မှာ လူပြန်ဖြစ်တယ်။ မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်းတိုက်ကို အလှူခံတဲ့နေ့မှာ ဗုဒ္ဓရဲ့ ဘုန်းသမ္ဘာကို ကြည်ညိုပြီး ရဟန်းပြု ကမ္မဋ္ဌာန်းနည်း ရယူပြီး တောမှာ တရားကျင့်နေရင်း ဗုဒ္ဓကို ဖူးမြော်ဖို့ ဇေတဝန်ကျောင်းသို့ ရောက်သွားခိုက် မြတ်ဗုဒ္ဓရဲ့ အဲဒီဂါထာနဲ့ ဥဒါန်းကျူးသံကို ကြားရတဲ့အခါ ဘဝဟောင်းက ကြားနာဖူးတဲ့ ပါရမီအရှိန်နဲ့ အဲဒီဂါထာရဲ့ အဓိပ္ပာယ်ကို အထူး စွဲငြိသွားခဲ့တာ။

**နတ်သာဓုခေါ်**

တောထဲမှာ တစ်ပါးတည်း သီတင်းသုံးရင်း ဥပုသ်နေ့တွေမှာ ကိုယ်တိုင်တရားဟောမယ်လို့ ကြေညာပြီး ဒီဂါထာကိုပဲ ထပ်ခါထပ်ခါ ဟောကြားရာမှာ နတ်တွေ တရားနာပြီး သာဓုခေါ်ကြသတဲ့။ တစ်နေ့ မထေရ်မြတ်သီတင်းသုံးတဲ့ တောကို ပိဋကတ်သုံးပုံဆောင် မထေရ်နှစ်ပါး နောက်ပါတပည့်တွေနဲ့အတူ ကြွလာတယ်။ အရှင်မြတ် တောင်းပန်လို့ တိပိဋကမထေရ်တွေ သုတ္တန်များစွာနဲ့ တရားဟောပေမယ့် နတ်တွေ သာဓုမခေါ်ကြဘဲ အရှင်မြတ်က ဒီဂါထာကိုဟောမှ နတ်သာဓုသံ ကြားရသတဲ့။

ဒါလောက် များများ ဟောတာတောင် နတ်တွေ သာဓုမခေါ်ဘဲ ဒီမထေရ်အို ဟောတဲ့ ဂါထာလေး တစ်ပိုဒ်ကိုတော့ နတ်တွေ သာဓုခေါ်ရ

သလဲလို့ တိပိဋကနှစ်ပါးရဲ့ တပည့်တွေက ဗုဒ္ဓကို မေးလျှောက်ကြတဲ့ အခါ ဗုဒ္ဓ 'ဘယ်လောက်ပဲ စာပေကို သင်ယူ တတ်ကျွမ်းထားစေကာမူ တရားရှိသူ မဟုတ်သေးဘူး၊ တစ်ဂါထာလောက်ပဲ သင်ယူထားပြီး သစ္စာကို ထိုးထွင်းသိရင် အဲဒီပုဂ္ဂိုလ်ကိုပဲ တရားရှိသူလို့ ဆိုရကြောင်း' မိန့်တော်မူပါတယ် (ဓမ္မပဒ-၅ ၂၊ ၂၂၄)။

**နောက်တစ်ပါး**

ဗုဒ္ဓရှင်တော်မြတ် ဆေးဆရာကြီး ဇီဝကအိမ်ကို ဆွမ်းစားကြွနေစဉ် တရားအားထုတ်ပြီး ကျောင်းမှာ ကျန်နေခဲ့တဲ့ ရဟန္တာ ဖြစ်လုဆဲ အရှင် စူဠပန္ထကမထေရ်ကို အားပေးတဲ့အနေနဲ့လည်း ဒီဂါထာကို မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့တယ် (ပဋိသံ-၅ ၂၊ ၂၈၈)။ နောက်တော့ အရှင် စူဠပန်လည်း 'အဓိစေတသော' ဂါထာ ခရေဇီပုဂ္ဂိုလ် ဖြစ်သွားပုံရတယ်။

အရှင်မြတ်ဟာ ဘိက္ခုနီတွေကို သြဝါဒပေးတိုင်း ဒီဂါထာ တစ်ပုဒ် ကိုပဲ အသုံးပြုသတဲ့။ ဒါနဲ့ အရှင်စူဠပန် သြဝါဒပေးလှည့် တစ်နေ့မှာ ဘိက္ခုနီမတွေ အချင်းချင်း 'အရှင်စူဠပန်ကတော့ ရွတ်နေကျ ဂါထာကိုပဲ ရွတ်အုံးမှာပဲ၊ ဘာမှလည်း ထူးမှာ မဟုတ်ပါဘူး' လို့ ပြောဆိုသံကို ကြား တဲ့အခါ အရှင်မြတ်ရဲ့ တရားဟောလိုစိတ် နိုးကြွသွားပြီး သုတ္တန် များ စွာကို ဟောပစ်လိုက်ရာမှာ အချိန်အနည်းငယ် လင့်သွားတဲ့ အတွက် မြို့တံခါး ပိတ်ခါနီးကျမှ ကျောင်းပြန်ကြရလို့ ဘိက္ခုနီမတွေကို လူတွေ ကဲ့ရဲ့တာနဲ့ မိုးချုပ်တဲ့အထိ သြဝါဒ မပေးဖို့ ဗုဒ္ဓက သိက္ခာပုဒ် ပညတ် တော်မူရတယ် (ဝိ ၂၊ ၇၈)။

**နိဿယ**

**အဓိစေတသော၊** စိတ်အားလုံးထက် လွန်သော အရဟတ္တဖိုလ်စိတ် (အဓိစိတ္တ)နှင့် ပြည့်စုံပေသော။ **အပ္ပမဇ္ဇတော၊** သစ္စာလေးရပ် တရား မြတ်ကို တပ်အပ်သိကြောင်း ကောင်းသောအလုပ် (အဓိသီလ)တို့၌ မေ့ လျော့ ပေါ့ဆခြင်း မရှိပေသော။ **မောနပထေသု၊** အရဟတ္တဖိုလ်ဉာဏ် ဟုဆိုအပ်သော မောနဏ်အကြောင်း ဗောဓိပက္ခိယတရား (အဓိပညာ) တို့၌။ **သိက္ခတော၊** ကျင့်သုံးပြီး ဖြစ်ပေသော။

**ဥပသန္တဿ၊** ရာဂစသည်မှ ကင်းငြိမ်းပြီး ဖြစ်၍ ငြိမ်သက်သော ကိုယ်ပိုင်စိတ်ရှိပေသော။ **သဒ္ဓါ၊ အခါခပ်သိမ်း။ သတိမတော၊** ဝီရိယဓာတ် လွန်ကဲလတ်၍ အမှတ်သတိ မပြတ်မလပ် ရှိပေသော။ **တာဒိနော၊** ဆို ပြီးထိုဂုဏ် အလုံးစုံနှင့် ကုံလုံ ပြည့်ဝပေသော။

**မုနိနော၊** အာသဝေါ ကင်းကွာ ရဟန္တာပုဂ္ဂိုလ်အား။ **သောကာ၊** နှစ် သက်အပ်သော အရာနှင့် ကင်းကွာရခြင်း စသော အကြောင်းကြောင့် ဖြစ်ရသော စိတ်၏ အနှောင့်အယှက် ပူဆွေးသောကတို့သည်။ **န ဘဝန္တိ၊** မဖြစ်ကြကုန်။

**မြန်မာပြန်**

စိတ်အားလုံးးတို့ထက် လွန်သော အရဟတ္တဖိုလ်စိတ်နှင့် ပြည့်စုံသူ၊ မမေ့မလျော့သူ၊ အရဟတ္တဖိုဉာဏ်ဟု ဆိုအပ်သော မောနဏ် အကြောင်း ဗောဓိပက္ခိယတရားတို့၌ ကျင့်သုံးပြီးသူ၊ ငြိမ်သက်သော ကိုယ်စိတ်ရှိသူ၊ အခါခပ်သိမ်း သတိရှိသူ၊ တာဒိဂုဏ်နှင့် ပြည့်စုံသူ ရဟန္တာပုဂ္ဂိုလ်အား စိုးရိမ်မှု သောကတို့ မဖြစ်ကုန်။ (ထေရဂါထာ-မြန်၊ စာ- ၁၇)။ ❐

# မာရ်နတ်မိုက်သေးလား

မဟာယာနကျမ်းလာအရ အရှင်ဥပဂုတ်မထေရ်က ဆုံးမလိုက်မှုကြောင့် မာရ်နတ်သည် ဗုဒ္ဓါဒိဖြစ်သွားကြောင်း၊ မာရ်နတ်သည် ဘုရားလောင်း ဖြစ်ကြောင်း အရှင်ဘုရား၏ အရှင်ဥပဂုတ်နှင့် ပတ်သက်သော အဖြေ တွင် ဖတ်ရှုရပါသည်။ စွန်းလွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (စာ- ၄၉) တွင် မာရ်နတ်ကို သူတော်ကောင်းကြီးအဖြစ် ဖတ်ရှုရပါသည်။ သို့ ဖြစ်မှု မာနတ်သည် ယခုအခါ သူတော်ကောင်းဖြစ်နေပြီးလား၊ လူမိုက်ပဲ ဖြစ်နေသေးသလားဟူသည်ကို သိလိုပါသည် အရှင်ဘုရား။

Boneless

---

## မိုက်ပြစ်

အဇာတသတ်မင်းကို အဖေသတ်တဲ့ လူမိုက်လို့ပဲ အများသိကြတယ်။ ဒါ ပေမယ့် နောင်အခါ မိမိအမှားကို ပြင်လို့ ဘုရားကို ကြည်ညိုသွားခဲ့ တယ်။ ပုထုဇဉ်အဖြစ်နဲ့ ဗုဒ္ဓကို ကြည်ညိုတဲ့ အထဲမှာ အဇာတသတ်ကို ဘယ်သူမှ မမီတဲ့အပြင် နောင်အခါ ဝိဇိတာဝိ ဘွဲ့အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓ ဖြစ်မယ်လို့ ဆိုတယ် (ဒီ-ဋ္ဌ ၁၊ ၂၁၂)။ ဒေဝဒတ်ကိုလည်း လူမိုက်ကြီး လို့ပဲ သိကြတယ်။ အမှန်က ဒေဝဒတ်ဟာ သူ့ဘဝဆုံးခါနီးမှာ အမှားကို ဝန်ခံပြီး 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' သွားတဲ့အတွက် ငရဲက လွတ်ပြီးရင် တစ်ချိန်မှာ အဋ္ဌိဿရ အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်မယ် (မိလိန္ဒ၊ ၁၁၈။ ဓမ္မပဒ-ဋ္ဌ ၁၊ ၉၅။)

ရဟန္တာ အရှင်အင်္ဂုလိမာလ ဆွမ်းခံထွက်စဉ်မှာ ခဲနဲ့ပေါက်ခံရသလို မိုက်စဉ်က မမှန်ကန်တဲ့ သူတို့ရဲ့ လုပ်ဆောင်ချက် မိုက်ပြစ်တွေ လူ အများရဲ့ နှလုံးသားမှာ စွဲကျန်နေတာကြောင့် အဲဒီပုဂ္ဂိုလ်တွေနဲ့ ပတ် သက်ရင် လူတွေက မကောင်းဘူးလို့ပဲ အထင် မြဲနေကြတာ။

## သူတော်စစ်

လောကမှာ အတွင်းစိတ်က မှားမှန်းသိလျက်နဲ့ မျက်စိကို စုံမှိတ်ပြီး ကိုယ်မှန်သယောင် ဟန်ဆောင်နေကြတဲ့ သူတော်ကြောင်ေ ... စာရင် အဇာတသတ်၊ ဒေဝဒတ်တို့လို ပုဂ္ဂိုလ်တွေက ပိုပြီး ေ...စားစရာပါပဲ။ မာရ်နတ်ကော ဘာလဲ ..

## ပြောင်းလဲခြင်း

ဘုန်းကြီးတို့ ယုံကြည်တဲ့ ထေရဝါဒကျမ်းဂန် အရကတော့ မာရ်နတ် ဟာ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူချိန်ထိ မိုက်တုန်းပဲ။ မာရ်နတ် ဗုဒ္ဓဝါဒီ ဖြစ်သွားတယ်ဆိုတာ မဟာယာနကျမ်းရဲ့ အဆိုဖြစ်လို့ တစ်နည်း ဗုဒ္ဓ ဝါဒ ဂိုဏ်းကွဲတစ်ခုရဲ့ ယုံကြည်မှု ဖြစ်လို့ ဘုန်းကြီးအနေနဲ့ အမှားအမှန် မဆုံးဖြတ်နိုင်ဘူး။ စွန်းလွန်း ဆရာတော် ဆိုတာလည်း ပဋိပတ္တိ သာသ

နာဝင်မှာ အင်မတန် ထင်ရှားလို့ ဆရာတော်ကြီး မိန့်တဲ့စကားကလည်း လေးနက်ပါတယ်။ ဒီတော့ မာရ်နတ်ကြီး ခုနေအခါမှာ ဗုဒ္ဓဝါဒီ သူတော်ကောင်း ဖြစ်နေပြီလို့ပဲ ဆိုရန် ရှိလေမလား။ ဆုံးစမထင်တဲ့ စကြဝဠာကြီးတောင် ပြောင်းလဲ ရွေ့လျားနေသေးတာပဲ။ စကြဝဠာထဲက အမှုန်အမွှားလေးမျှဖြစ်တဲ့ မာရ်နတ်လို သတ္တဝါတစ်ဦးလည်း ပြောင်းလဲသွားနိုင်တာပဲ။ တစ်သက်လုံး မိုက်မနေတန်ရာပါဘူး။

**လျှောက်ကြည့်ပါ**

ယနေ့ခေတ်မှာ ပဋိပတ္တိကို ကျင့်သုံးမှု အင်မတန် ထွန်းကားပါတယ်။ တရားထူး ရနေတဲ့ သူတော်ကောင်း မထေရ်ကြီးတွေ ရှိပါတယ်။ ကံကောင်းလို့ အဲဒီလို မထေရ်ကြီးတွေနဲ့ ဆုံတွေ့ခွင့် ရတဲ့အခါ မာရ်နတ်ဟာ အလင်းလား အမိုက်လား ဆိုတာ မေးလျှောက်ကြည့်ဖို့ မမေ့ပါလေနဲ့လို့ပဲ အကြံပြုပါရစေ။ ❑

# သားကြောဖြတ်ခြင်း

အရှင်ဘုရား၊

ကလေးမယူချင်လို့ သားကြောဖြတ်တာ ရေကြီးပါသလား၊ မည်သို့သော အပြစ်များရှိပါသလဲ သိချင်ပါသည်။ ဖြေကြားပေးပါ အရှင်ဘုရား။

Burmese

---

'သားကြောဖြတ်' ဆိုတာကို ဘုန်းကြီး အတိအကျ နားမလည်ပါ။ ဒီလိုပါ .. အမျိုးသမီးလား၊ အမျိုးသားလား၊ နှစ်ဦးလုံးလား ဆိုတာနဲ့ ဘာကို ဘယ်လို လုပ်ပစ်တယ် ဆိုတာကို မသိပါ။ ကိစ္စမရှိ။ ဒီလိုတော့ ဆိုနိုင်

မယ် ထင်တယ်။ မိဘလောင်းတို့ သံဝါသပြုရာမှ အောင်မြင်တဲ့ ဖိုမျိုးဥ (Spermatozoa)နှင့် မမျိုးဥ (Ova)တို့ မိခင်လောင်းရဲ့ သားအိမ်ကြော (Fallopian Tube) အတွင်းမှာ ပေါင်းစပ်မှု မဖြစ်အောင် လုပ်တာလို့တော့ ဆိုနိုင်မယ် ထင်တယ်။ အဲဒီလို ဆိုနိုင်ရင် ..

ဗုဒ္ဓဝါဒအလို ပဋိသန္ဓေတည်တာနဲ့ တစ်ပြိုင်နဲ့ ရုပ်နာမ်နှစ်မျိုးလုံး ဖြစ်နေပြီ သို့မဟုတ် အသက်ဝင်နေပြီလို့ ဆိုပါတယ်။ ဒါကြောင့် အောင်မြင်တဲ့ မျိုးဥနှစ်ခု ပေါင်းစပ်လို့ သန္ဓေဦး စဖြစ်တာနဲ့ သက်ရှိလူသား ဖြစ်နေပြီ။ အဲဒါကို ဖျက်ဆီးရင် လူသတ်တယ်လို့ ဆိုတယ်။ ဒါကြောင့် မျိုးအောင်ဥနှစ်ခု ပေါင်းစပ်ပြီးတာနဲ့ မဖျက်ဆီးကောင်းတော့ဘူး။

ဒါပေမယ့် အဖရဲ့မျိုးဥ၊ သို့မဟုတ် အမိရဲ့မျိုးဥ သက်သက်ကိုတော့ သွေးသားထဲက ဇီဝသဘောရှိတဲ့ ဆဲလ်တွေလို့ပဲ ယူဆတယ်။ သက်ရှိလို့ မယူဆဘူး။ ဒါကြောင့် အဲဒီ မျိုးဥနှစ်ခုကို မိခင်လောင်းနဲ့ ဖခင်လောင်းတို့က ကိုယ့်ဟာကိုယ် မအောင်မြင်အောင် လုပ်ထားရင်၊ သို့မဟုတ် မျိုးအောင်ဥတွေ မဆုံစည်းစေနိုင်တဲ့ ဆေးကို သုံးစွဲထားရင်၊ သို့မဟုတ် မျိုးဥနှစ်ခု မဆုံစည်းနိုင်အောင် ခေတ်နည်းနဲ့ ကာကွယ်ထားရင် ဗုဒ္ဓတရားတော်အရ အပြစ်မရှိနိုင်ဘူးလို့ ဘုန်းကြီး ယူဆတယ်။

ပညာရှိ ဆရာတော်တွေနဲ့ ဆုံရင် ပြန်မေးကြည့်ပါ။ မေးခွန်းအမှတ် ၃၅ ရဲ့ အဖြေ (ဤကျမ်း၊ စာ-၁၂၆)ကိုလည်း ဖတ်ကြည့်သင့်တယ်။ □

# ကြည်ညိုစိတ်ရှိလို့

အရှင်ဘုရား၊

အလုပ်ရုံးခန်းအတွင်း တရားခွေ ဖွင့်ထားပြီး အလုပ်လုပ်ရင်း တရားနာပါက တရားကို မလေးစားရာ ရောက်ပါသလား။ ညအိပ်ချိန်တွင် တရားခွေဖွင့်ပြီး ဝင်လေထွက်လေ မှတ်ရင်း အိပ်ပျော်သွားတတ်ပါသည်

ဘုရား။ ထိုသို့ အိပ်ပျော်သွားခြင်းမှာ မကောင်းသည့် အတွေးများဖြင့် အိပ်ပျော်သွားတာထက် ကောင်းသည်ဟု ထင်ပါသည်။ သို့ရာတွင် ဆရာတော်တစ်ပါး ဟောသည့် တရားတွင် တရားခွေဖွင့်ပြီး အိပ်ခြင်းမှာ တရားကို မလေးစားရာကျသည်ဟု ဆိုပါသည်။ သို့ဖြစ်၍ တရားခွေဖွင့်ပြီး ဆက်အိပ်သင့် မအိပ်သင့် ဖြေကြားပေးစေလိုပါသည် ဘုရား။

နှင်းနှင်း

---

**တန်ဆောင်**

ကမ္ဘာအေးမှာ နေတုန်းက ကြံရည်ဆိုင်မှာ အရက်ရောင်းတယ်လို့ မထင်အောင် ညနေရောက်ရင် ကြာနီကန် တရားခွေ ဖွင့်ထားတာကို ကြုံဖူးတယ်။ အခန်းထဲမှာ မဟုတ်တာ လုပ်နေတာကို ဖုံးကွယ်ဖို့ တရားခွေ ဖွင့်ထားတာကိုလည်း ကြားဖူးတယ်။ ကိုယ့်ကို ဘေးကလူ အထင်ကြီးအောင် ချီးမွမ်းစကား ဆိုအောင်လို့ ဘာသာရေး လုပ်ပြတဲ့ အနေနဲ့ တရားနာပြမျိုးလည်း ရှိနိုင်တာပဲ။

အဲဒါမျိုးတွေကတော့ လုံးဝ မသင့်ပါဘူး။ ဓမ္မအဂါရဝ (တရားကို မရိုသေ)ဆိုတာ အဲဒါမျိုးကိုယူရင် ပိုပြီးသင့်မြတ်မယ်လို့ ဘုန်းကြီး ယူဆတယ်။ စေတနာကောင်းနဲ့ လုပ်တာမှ မဟုတ်ဘဲ။

**ဒီကအသက်**

အမေရိကလို တိုးတက်တဲ့ နေရာတွေမှာ လူတွေ အလုပ်ရှိမှ အသက်ရှူဖြောင့်တယ်။ အလုပ်ဟာ အသက်လို့ ဆိုရမလောက်ပဲ။ လင်မယား နှစ်ယောက်လုံး အလုပ်လုပ်မှ လိပ်ပတ်လည်ရုံ ရှိတယ်။ အလုပ်လက်မဲ့ ဖြစ်ရင် ဘဝပျက်သွားနိုင်လို့ အလုပ်ပြုတ်မှာကို လူတွေ သိပ်ကြောက်တယ်။ လင်မယား နှစ်ယောက်လုံး အလုပ်လုပ်ရတယ်။ ညလုပ်တဲ့ ခင်ပွန်းဖြစ်သူ အိမ်ပြန်ရောက်ချိန် ဇနီးက နေ့အလုပ် သွားနှင့်ပြီ။ ကိစ္စရှိရင် စာရေးပြီး မှာထားခဲ့ရတယ်။ ဘုန်းကြီးအလိုအရ အဲဒီလို လူ့ပတ်ဝန်းကျင် အခြေအနေမှာ တရားနာဖော် ရတာကိုပဲ ဝမ်းသာနိုင်ပါတယ်။

## ကြည်ညိုစိတ်

အိပ်ရာမှာ လဲလျောင်းနေတဲ့ နာမကျန်းသူ မဋ္ဌကုဏ္ဍလီကို မြတ်ဗုဒ္ဓက ကိုယ်တော်မြတ်ရဲ့ ရောင်ခြည်တော်ကို ပူးမြော်စေရာမှာ သတ္တုအင်္ဂါရပ (ဘုရားကို မရှိသေမှု) မဖြစ်အောင် အတင်းအကြပ် မထိုင်ခိုင်းပါဘူး။ ဘုရားကို ကြည်ညိုစိတ်နဲ့ ကွယ်လွန်တဲ့ မဋ္ဌ ကုဏ္ဍလီဟာ နတ်သား ဖြစ်ရတယ်။ ဒါကြောင့် 'နတ္ထိ စိတ္တေ ပသန္နမှိ၊ အပ္ပကာ နာမ ဒက္ခိဏာ = စိတ်ထဲက ကြည်ညိုနေရင် ကောင်းမှုဆိုတာ နည်းတယ်လို့ မရှိဘူး' (ဝိမာန၊ ၆၆) လို့ သိကြားမင်း ဥဒါန်းကျူးတာ ဖြစ်ပါတယ်။

ဓမ္မရဲ့ အဓိပ္ပာယ်မှာ ထွက်လေ ဝင်လေကို မှတ်တာလည်း အကျုံး ဝင်တယ်။ ထွက်လေ ဝင်လေကို လျောင်းပြီး မှတ်ရင် ဓမ္မအင်္ဂါရဝလို့ မဆိုဘူး။ ဒါကြောင့် ကြည်ညိုစိတ်နဲ့ အိပ်ရာမှာ လဲလျောင်းပြီး တရား မှတ်လို့၊ တရားနာလို့ အပြစ် မဖြစ်တန်ရာပါဘူး။ တစ်ခုတော့ ရှိတယ်၊ တရား မှတ်ရင်လည်း မှတ်၊ တရားနာရင်လည်း နာပေါ့။ နှစ်ခုလုံး တစ်ပြိုင်နက် ဆိုရင်တော့ အိပ်ပျော်သွားတာက လွဲလို့ အကျိုး သက် ရောက်မှု နည်းနိုင်တယ်။

### အကောင်းဆုံး

ဓမ္မကထိက ဆရာတော်က လူတွေ ကုသိုလ်ပိုရအောင် စေတနာ ကောင်းနဲ့ ညွှန်ကြားတာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အားလပ်လို့ အချိန် ရရင်တော့ အချိန်နည်းရင် နည်းပါစေ၊ ဆရာတော် မိန့်သလို ဗီဒီယိုဖွင့်၊ ဒါမှမဟုတ် တိပ်ခွေဖွင့်၊ နေရာမှာ စနစ်တကျထိုင်၊ လက်အုပ်ချီပြီး နာ နိုင်ရင်တော့ အကောင်းဆုံးပေါ့။ ◻

# အလျှော့အတင်း

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ကပ္ပိယ မပါသော ဆွမ်းရပ်ကိုယ်တော်များအား ပိုက်ဆံလှူခြင်းသည် အပ်စပ်ပါသလား အရှင်ဘုရား။ အပ်စပ်အောင် မည်သို့ လှူရမည်ကို သိလိုပါသည် အရှင်ဘုရား။

ရှိသေလျက် ဝတ်ရည်ကျော်

---

**နှစ်မျိုး**

(၁) ရန်ကုန် ၁၅ လမ်းထိပ်က ထမင်းဆိုင်မှာ ရဟန်းဒကာကြီး ဆွမ်းကပ်လို့ ဆွမ်းစားနေတုန်း ဆံပင် တစ်လက်မကျော် အရှည်နဲ့ တောထွက်လို့ ယူဆရတဲ့ ဘုန်းကြီးတစ်ပါး ဆွမ်းလာရပ်တော့ ထမင်းဆိုင်က မိန်းကလေးက အကြွေစေ့ကို ချွင်ကနဲ သပိတ်ဖုံးပေါ် ပစ်တင်လိုက်တာကို တွေ့ရဆဲခဏ ရင်ထဲ အောင့်သွားခဲ့ဖူးတယ်။

(၂) မြို့ကြီးက စာသင်တိုက်တွေမှာ ဗုဒ္ဓစာပေကို သင်ယူနေကြတဲ့ တောမြို့ တောရွာက ကိုရင်လေးတွေ၊ ပဉ္စင်းငယ်တွေ တစ်အိမ်ဝင်တစ်ထွက် ဆွမ်းခံကြွနေကြတာတွေ ရှိတယ်။ သူတို့လေးတွေက မိဝေးဖဝေးမို့ ဆင်းရဲနိုင်ပေမယ့် ဟိုကိုယ်တော်ကြီးလို ဘယ်တော့မှ မလုပ်ဘူး။ အဲဒီလို ဆွမ်းရပ် ကိုယ်တော် နှစ်မျိုးကို ခွဲခြားစေချင်တယ်။ လမ်းဘေးက ဘုန်းကြီးကိုတော့ လမ်းဘေးမှာပဲ ပြောပါဆိုတဲ့ သဘောပါ။

ဘုန်းကြီး ငွေကိုင်တဲ့ကိစ္စ မေးခွန်းအမှတ် (၇၂၊ ဤကျမ်း၊ စာ-၂၇၂)မှာ ဘုန်းကြီးရဲ့ အာဘော်ကို ပြောပြီးသားပါ။ ဒီမေးခွန်းနဲ့ များများ မပတ်သက်နိုင်ပေမယ့် ချဉ်ဖြုံဖြုံ ဗီလင်လေး တစ်ခုရှိနေတာနဲ့ အခွင့်သာခိုက် နည်းနည်းတော့ ပြောလိုက်ချင်သေးတယ် ..

**သိက္ခာပုဒ်**

ဒကာတစ်ဦးက လောင်းလှူစရာ ဟင်းကုန်သွားလို့ ဟင်းဝယ်လုပ်တာကို ဆွမ်းကြွ ကိုယ်တော်က ပိုက်ဆံကို အလှူခံသွားလို့ ရဟန်းအားလုံး

ကဲ့ရဲ့ ခံရတာကြောင့် ငွေမကိုင်ရ သိက္ခာပုဒ်ကို မြတ်ဗုဒ္ဓ ပညတ်တော်မူတယ်။ လူ့ဘောင်ကို စွန့်ခွာခဲ့ကြတဲ့ မြတ်ဗုဒ္ဓနဲ့ ခေတ်ပြိုင် အိန္ဒိယက ရသေ့ရဟန်းတွေ ငွေကို မကိုင်ကြဘူး။ သူတို့က ထွန်းကားစ ဗုဒ္ဓဝါဒနဲ့ အပြိုင်အဆိုင်လည်း ဖြစ်တယ်။ ခြိုးခြံကျင့်သူကို လူတွေက အကြည်ညို ပိုလေ့ရှိတာလည်း သဘာဝပဲ မဟုတ်လား။

ဒီသိက္ခာပုဒ်အရ ငွေကြေးကို မကိုင်ရ၊ အနီးမှာ ချထားတာကို တောင် မသာယာရလို့ ဆိုပေမယ့် ကပ္ပိယညွှန်းပြီး အလှူခံခွင့်တော့ ရှိနေတယ်။ ဘုန်းကြီးကိုယ်စား ကပ္ပိယက အလှူခံ၊ ပြီးမှ ဘုန်းကြီးက ကိုယ်လိုချင်တာကို ကပ္ပိယဆီမှာ တောင်းပါလို့ ဆိုလိုတယ်။ ပိုက်ဆံကို စာအိတ်ထဲမှာ ထည့်ကပ်တာနဲ့ ဒီအတိုင်း အချပ်လိုက်ကပ်တာ အတူတူ ပါပဲ။ မအပ်ပါဘူး။ ဘုန်းကြီးတွေ ငွေကြေးနဲ့ အရောင်းအဝယ် (စီးပွားရေး) လုပ်တာတော့ ဘယ်လိုမှ မသင့်မြတ်လို့ ဒုတိယ ပညတ်ချက်ပေါ့။

## ပိုက်ဆံ

ခုခေတ်မှာ ငွေကြေးကြောင့် ပျက်စီးသွားတဲ့ ရဟန်းတွေ များသား။ ဗုဒ္ဓသာသနာ ထွန်းကားစ ပုဂံခေတ်မှာတောင် ငွေဖျက်ခံရတဲ့ ရဟန်းတွေ ရှိဖူးတယ်။ မင်းတုန်းမင်းက ရဟန်းတွေကို ဒေါင်းတံဆိပ် ပိုက်ဆံလှူလို့ ဝိနည်းနဲ့ မညီတဲ့အတွက် ရွှေကျင် သာသနာပိုင် ဝိသုဒ္ဓါရုံဆရာတော်က ဘုန်းကြီးတွေ ဒေါင်းခွပ်ခံရပြီဆိုပြီး ကန့်ကွက်တဲ့အနေနဲ့ 'ဒေါင်းမေတ္တာစာ'ကို သွင်းခဲ့ဖူးတယ်။ နိုင်ငံခြားမှာ ဘုန်းကြီးကျောင်း ပြဿနာဖြစ်ရတာ ဘုန်းကြီးတွေ ငွေအလှူခံလို့ဆိုတဲ့ ဆရာတော်အချို့ရဲ့ အမြင်လည်း ယခု ရှိနေတယ်။

ဖော်ပြပြီး ဝိနည်းစည်းကမ်း နှစ်ခုအရရော ပိုက်ဆံ ငွေကြေးကြောင့် ပျက်စီးရတဲ့ ရဟန်းတွေကြောင့်ပါ ဆရာတော်ကြီးတွေက ရင်တွင်းက စေတနာမှန်နဲ့ ငွေကြေးကို အလှူမခံဖို့ တိုက်တွန်းကြတာပါ။

## ဖြစ်တာပါပဲ

ကိုရင်ငယ် ပဥ္စင်းငယ်တွေဆီက ငွေလိမ်ယူတဲ့ ကပ္ပိယတွေကြောင့် ဖြေရှင်းရခက်လို့ ခုခေတ် မြန်မာပြည်က စာသင်တိုက်တွေမှာ ရှားသွားပြီ။

အမှန်တော့ ပြဿနာဖြစ်တာက ဘုန်းကြီး ငွေကိုင်မှုရယ်လို့ မဟုတ်ပါ ဘူး။ ကပ္ပိယ ငွေကိုင်ရင်လည်း ပြဿနာတော့ ရှိတာပါပဲ။ ခုခေတ်မှာ ပိုတောင် ဆိုးနိုင်တယ်။ ကပ္ပိယကြောင့် ဆရာဘုန်းကြီးနဲ့ တပည့်ရဟန်း ကွဲတာ၊ လူအချင်းချင်း ကွဲတာတွေ ရှိတယ်။ စားတော့ ကပ္ပိယ၊ လျော်တော့ ဘုန်းကြီး ဖြစ်ရတာတွေ မြင်ရ ကြားရတယ်။ မင်းကွန်းတိပိဋက ဆရာတော်ကြီးက သူ့ရဲ့ ဥပဇ္ဈာယအဖွဲ့ကို ဗိမ္ဗိသာရမင်းရဲ့ ဆွေမျိုးပြိတ္တာတွေ အကြောင်း ဟောတာကိုလည်း ကြားနာဖူးသားပဲ။ အဖွဲ့အတွင်း အလားတူ ပြဿနာရှိမှာစိုးလို့ ဖြစ်နိုင်တာပေ့ါ။

## နားလည်မှု

ဘုန်းကံ ကြီးမားတဲ့ ဆရာတော်တွေက ကပ္ပိယနဲ့ ခန့်ခန့်ကြီး သွားလာနိုင်ပေမယ့် သာမန် ရဟန်းတစ်ပါး အနေနဲ့တော့ လိုက်နာဖို့ ခက်သား။ ဒါကြောင့် ပညာသင်နေတဲ့ ကိုရင်ငယ် ပဥ္စင်းငယ်တစ်ပါးကို ဆွမ်းခံကြွရင်း ဗလာစာအုပ် ခဲတံဖိုးလေးတွေ လှူလိုက်တာကတော့ မအပ်စပ်ပေမယ့် အခြေအနေအရ မကင်းနိုင်တဲ့ အတူတူ နားလည် မပေးသင့်ဘူးလား။ အဲဒီလိုပဲ အထင်ကရ ဆရာတော်ကြီးတွေ ပြဿနာနည်းအောင် ကိုယ်တိုင် ထိန်းချုပ်ပြီး ပရဟိတ လုပ်ဆောင်တာကိုကော ယနေ့လို အခါမှာ နားလည် မပေးနိုင်ဘူးလား။ ပရိသတ်နဲ့နေရင် ရှောင်ရခက်ကြီး ဖြစ်လို့ တစ်နည်းမဟုတ် တစ်နည်း ငွေကြေးနဲ့ ပတ်သက်ရတာချင်း အတူ ဟန်မဆောင်ဘဲ ရိုးရိုးသားသား နေပြရင် ပိုမကောင်းဘူးလား ဆိုတဲ့ သဘောပါ။

## ပြုံးရာတကပြုံး

ပြည်ပမှာ ရှိနေတဲ့ စာပေမသင်ဖူးတဲ့ ရဟန်းအချို့ဟာ ဓမ္မစာပေ သင်ပြ၊ တရားဟော၊ ဝိပဿနာတရား အားထုတ်နည်း သင်ပြပြီး လူတွေကို မစည်းရုံးနိုင်ရှာတော့ကာ ဝိနည်းကို အလွန်ပြောရင်း 'ကိုယ်ပဲ အစစ်အမှန်' ဆိုတာမျိုးနဲ့ လူတွေကို ဆွယ်တာ တွေ့ရတယ်။ ဆွမ်းစား အလှူ အတန်းက ရတာလေးတွေကို ဂေါပကကို လွှဲပေးသတဲ့။ အစတော့ ဂေါပကတွေ ပြုံးပေ့ါ။ တစ်နှစ်ကို မြန်မာပြည်ပြန်ဖို့ သုံးလေးကြိမ် လေ

ယာဉ်လက်မှတ် ဝယ်ခိုင်းတော့မှ ဂေါပကတွေ ပြုံးရာကနေ ပြူးသွားတယ်။ ကာလံဒေသံကို လျစ်လျူရှုပြီး ယဉ်ကျေးမှုတွေ သုံးနှင့်လေးလို ခြားနားတဲ့ နိုင်ငံရပ်ခြားမှာ ငွေမကိုင်ဘဲ နေပြရုံနဲ့ကော ဘယ်လောက် စစ်နိုင်ပါ့မလဲ။ ရဟန်းရဲ့သိက္ခာ စင်ကြယ်မှု အတိုင်းအတာကို ကိုယ့်ဟာကိုယ် အသိဆုံးပဲလေ။

**အပ်စပ်အောင်**

သိက္ခာပုဒ်ရဲ့ အာဘော်ကိုလည်း မှန်းဆနိုင်ရာပါပြီ။ သာမန် အခြေအနေမှာ ကပ္ပိယဆိုတာလည်း အမြဲတမ်း အဆင်မပြေနိုင်ဘူး လို့လည်း နားလည်လောက်ပါပြီ။ အဲဒီတော့ ဘာလုပ်သင့်သလဲ .. ကပ္ပိယ မရှိလို့ မအပ်စပ်တဲ့အတွက် လှူလိုတဲ့စေတနာ မရှိရင် မလှူပါနဲ့။ စိတ်ထားတတ်ရင် အကျိုး မယုတ်ဘူးလို့ ယုံကြည်ယူဆလို့ လှူလိုသပ ဆိုရင်တော့ .. 'အချပ်လိုက်နဲ့ စာအိတ် အတူတူ' ဆိုပေမယ့် စာအိတ်ထဲမှာ ထည့်ပြီး ကပ်လှူတာက ခန့်တယ်၊ ဣန္ဒြေရတယ်လို့ ဆိုပါရစေ။ ☐

## ဘုရားကျောင်း

ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ရန်ကုန်မြို့ရှိ တိုက်ခန်းများတွင် ဘုရားစင်ကို အလျောင်းသင့်သလို ထားရပါသည်။ ဘုရားစင်ကို တောင်ဖက်နှင့် အရှေ့ဖက်မှာသာ ထားကောင်းသည်ဟု အဆိုရှိသဖြင့် တိုက်ခန်းအနေအထားအရ အနောက်ဖက် နှင့် မြောက်ဖက်မှာ ဘုရားစင် ထားလျှင် သင့်မသင့် ဖြေကြားပေးစေလိုပါသည် အရှင်ဘုရား။


မင်းမျိုးသန့်

---

ဘုရားက ကျောင်းမှာ သီတင်းသုံးတယ်ဆိုရင် မြန်မာစကားလုံး အသုံးအနှုန်း ခန့်ပြီး ကြည်ညိုဖွယ်ဖြစ်လို့ အဆောင်သေးရင် သေးပါစေ ဘုရားကျောင်းလို့ပဲ သုံးနှုန်းစေချင်တယ်။ ဘုန်းကြီးတို့ သဘောက တော့ စိတ်ထဲမှာ ကြည်ညိုနေဖို့ပဲ အဓိကဖြစ်လို့ ဘုရားကျောင်း ထားဖို့ အရှေ့အနောက် မရွေးလိုဘူး။ အဆင်ပြေသလို ထားရတာပဲ။

ရှောင်သင့်တာကတော့ အပေါ်ထပ်ကို တက်တဲ့ လှေကား အောက် တည့်တည့်၊ အိမ်သာနဲ့ မျက်နှာချင်းဆိုင် နေရာမျိုးတွေမှာ ဆိုရင်တော့ မရိုသေရာ ရောက်လို့ ရှောင်သင့်တယ်။ လင်မယား အတူနေတဲ့ အိပ် ခန်းထဲ ဆိုရင်လည်း မသင့်မြတ်နိုင်ဘူး။ တီဗွီထားတဲ့ ဧည့်ခန်းဆိုရင် တော့ ဘုရားကျောင်းကို ဒါမှမဟုတ် ဖြစ်နိုင်ရင် အနည်းဆုံး ဘုရား ဆင်းတုတော်ကို အကာအရံလေးနဲ့ ထားသင့်တာပေါ့။ ဘုရားရှင်ကို ကိုယ်စားပြုပြီး ကိုးကွယ်တာပဲလေ။ □

## ကာဠ နဂါး



ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊

ကြားဖူးခဲ့သော ဒဏ္ဍာရီများအရ ကာဠနဂါးသည် ဘုရားတစ်ဆူ ပွင့်မှ တစ်ကြိမ် အိပ်ရာမှ နိုးထသည်ဟု ဆိုပါသည်။ အအိပ်မက်သူကိုလည်း ကာဠနဂါးနှင့် ခိုင်းနှိုင်း ပြောဆိုလေ့ ရှိပါသည်။ အပြင်လောကတွင် ကာဠနဂါး တကယ် ရှိမရှိ ဆိုတာကို သိလိုပါသည် အရှင်ဘုရား။

မင်းမျိုးသန့် (ရန်ကုန်)

---

**ဖြစ်စဉ် (၁)**

မြတ်ဗုဒ္ဓရဲ့ ဘဝခရီးမှာ နဂါးမျိုးတွေနဲ့ ပတ်သက်နေတာကို တွေ့ရတယ်။ ဗုဒ္ဓလောင်းလျာ ရဟန်းမြတ်ဟာ သုဇာတာ လှူဒါန်းတဲ့ ရွှေဆွမ်းခွက်ကို နေရဉ္ဇရာမြစ်ထဲ ရေဆန် မျှောလိုက်စဉ် အတောင် ရှစ်ဆယ်လောက် ဆန်တက်သွားပြီး ရေဝဲစုပ်လို့ မြုပ်ဆင်းသွားလိုက်တာ ကာဠနဂါးမင်းရဲ့ ဗိမာန်ထိ ရောက်သွားတယ်။

အဲဒီမှာ ရှိတဲ့ ရှေးဘုရားတို့ သုံးဆောင်ခဲ့တဲ့ ရွှေခွက် သုံးခုရဲ့ အောက်မှာ သွားထပ်တဲ့အတွက် 'ကိလိ ကိလိ'လို့ မြည်သံကို ကြားမှ ကာဠနဂါးမင်းက နိုးသတဲ့ (ဇာ-ဋ္ဌ ၁၊ ၇၀)။

**ဖြစ်စဉ် (၂)**

ဗောဓိဉာဏ်ကို ရပြီးစ မြတ်ဗုဒ္ဓဟာ မဟာဗောဓိပင်အနီးက ကျည်းပင်အောက်မှာ ခုနစ်ရက် သီတင်းသုံးခိုက် အခါမဲ့မိုးကြီး အဆက်မပြတ်ရွာတယ်။ လေထဲမှာ ရေငွေ့တွေပါလို့ သိပ်အေးတယ်။ အဲဒီတော့ အဲဒီကျည်းပင်အနီးက ရေကန်မှာနေတဲ့ တန်ခိုးကြီးတဲ့ နဂါးမင်းက မြတ်ဗုဒ္ဓကို အအေးအပူ မှက်ခြင်တို့ မထိတွေ့ပါစေနဲ့ဆိုပြီး မြတ်ဗုဒ္ဓရဲ့ကိုယ်ကို ခုနစ်ပတ် ရစ်ပတ်ပြီး ခေါင်းပေါ်မှာ ပါးပျဉ်းကို ဖြန့်မိုးထားလိုက်တာ တိုက်ခန်းထဲမှာ နေရသလိုပါပဲ (ဝိ ၃၊ ၄။ ဝိ-ဋ္ဌ ၃၊ ၂၄၀)။

**ဖြစ်စဉ် (၃)**

အခါတစ်ပါး နဂါးမျိုး တိရစ္ဆာန်တစ်ကောင်ဟာ နဂါးဘဝကို ငြီးငွေ့လို့ လူဖြစ်ချင်တာနဲ့ လုလင်ပျိုအသွင် ဖန်ဆင်းပြီး ရဟန်းဝတ်တယ်။ ရဟန်းတွေ မရှိခိုက် အိပ်မောကျသွားလို့ နဂါးဇာတ် ပေါ်သွားတဲ့အတွက် 'သင်ဟာ ဒီဘဝနဲ့ တရားထူးကို မရနိုင်၊ လပြည့်လကွယ် ဆန်းဆုတ် ၈ ရက်နေ့တွေမှာ ဉပုသ်စောင့်ပါ၊ နဂါးဘဝက လွတ်ပြီး လူ့ဘဝကို ရပါလိမ့်မယ်'လို့ဆုံးမပြီး ပြန်လွှတ်လိုက်ရတယ်။ အဲဒီအချိန်ကစပြီး ရဟန်းခံတဲ့အခါ 'လူသားစင်စစ် ဖြစ်ရဲ့လား'လို့ မေးမြန်းရတယ် (ဝိ ၃၊ ၁၂၂)။

**ဖြစ်စဉ် (၄)**
မြတ်ဗုဒ္ဓနဲ့ နောက်ပါရဟန်း ငါးရာတို့ တာဝတိံသာ နတ်ပြည်ကို ကြွစဉ် ပါတီပွဲလုပ်နေတဲ့ နန္ဒောပနန္ဒ နဂါးမင်းက မိမိအပေါ်မှ ရဟန်းတွေ ဖြတ်သွားတာကို စိတ်မာန်ဆိုးပြီး မြင်းမိုရ်တောင်ကို ခုနစ်ပတ် ရစ်ပြီး နတ်ပြည်ကို မမြင်အောင် ပါးပျဉ်းနဲ့ ဖုံးထားတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓရဲ့ ခွင့်ပြုချက်နဲ့ အရှင်မောဂ္ဂလ္လာန်က နဂါးမင်းထက် ပိုကြီးတဲ့ နဂါးအသွင် ဖန်ဆင်းပြီး ခပ်ကြမ်းကြမ်း ဆုံးမရတယ် (ဝိသုဒ္ဓိမဂ္ဂ ၂၊ ၃၀)။
အဲဒီဖြစ်ရပ်ဟာ မြတ်ဗုဒ္ဓရဲ့ ခုနစ်ခုမြောက် အောင်ခြင်းအဖြစ် သမိုင်းတွင်ကျန်ရစ်တယ်။

**ကျမ်းထွက်**
နဂါးဟာ တိရစ္ဆာန်မျိုး ကမ္ဗဇိဒ္ဓိ (မွေးရာပါတန်ခိုး) ရှိတယ်။ ဇာတ်တူမျိုးနဲ့ မေထုန်မှီဝဲခိုက်နဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခိုက်မှာ နဂါးရဲ့ သဘာဝကို ဖုံးမရဘူး (ဝိ ၃၊ ၁၂၁)။ ရှေးဟောင်း ပါဠိတော်နဲ့ အဋ္ဌကထာ ကျမ်းမြတ်တွေမှာ နဂါးဆိုတဲ့ သတ္တဝါတစ်မျိုးကို ဖော်ပြတာ သေချာလို့ ဒဏ္ဍာရီလို့တော့ မဆိုနိုင်ဘူး။ အရှင်မောဂ္ဂလ္လာန်လို တန်ခိုးရှိရင် လက်တွေ့ ပြနိုင်လိမ့်မယ်။ ဆေတန်နဲ့ အပေါင်းပါတွေဟာ အာကာသမှာ အတောင်နဲ့ ပျံဝဲနေကြပြီး လူတွေကို ဖျားယောင်းတယ် ဆိုတာ ထက်တော့ သာပါတယ်။ ❐

# ဝင်္ဂအမြဲ ဇရဲအပ

ရှိသေစွာ လျှောက်ထားခွင့်ပြုပါ အရှင်ဘုရား၊

ဝင်္ဂအမြဲ ဇရဲအပဟူသော စကားသည် အဘိဓမ္မာသဘောနှင့် ကိုက်ညီမှု ရှိပါသလား ဘုရား။ မြန်မာနိုင်ငံက နာမည်ကျော် ဓမ္မကထိကဆရာတော်

**တစ်ပါးက** ထိုစကား မမှန်ဟု ဟောသည်ကို မှတ်သားဖူးပါသည်။ ထို ဆရာတော်က ဘုရားရှင်ရဲ့ ဝိပါက်တော် ၁၂ ပါးကို ကိုးကားပြီး 'ဂရဲ လည်း မပသလို ဝဋ်လည်း လိုက်တယ်'ဟု ဆိုပါသည်။ တပည့်တော် အထင်အရ အရှင်အင်္ဂုလိမာလဟာ နောက်ဆုံးဘဝမှာ လူပေါင်း များစွာ ကို သတ်ပါလျက် ဂရဲမကျသောကြောင့် သူလုပ်သော အကုသိုလ်ကံ သည် အဟောသိကံ ဖြစ်သွားတယ်ဟု ထင်ပါသည်။ ထိုအချက်နှင့် ပတ်သက်၍ ဆရာတော်၏ ယူဆပုံကို သိလိုပါသည် အရှင်ဘုရား။

သက်ဝေ

---

**စကားပုံ**

'ဝဋ်ဆိုတာ သံသရာ၊ သံသရာလည်တာ ကံ ကိလေသာကြောင့်၊ ကံ ကိလေသာဆိုတာ စေတနာ ဦးဆောင်တဲ့ စေတသိက်တွေ (နေတ္တိ၊ ၉၄)'။ 'သံသရာဆိုတာ ခန္ဓာတွေ အစဉ်မပြတ် ဖြစ်နေတာ (အဘိ-ဋ္ဌ ၂၊ ၁၄၂)'။ ဒီစာတွေအရ ကံ ကိလေသာကြောင့် ခန္ဓာ အစဉ်မပြတ် လည် ပတ်တယ်၊ ခန္ဓာအဆက်မပြတ် လည်နေတာကို ဝဋ်ခေါ်တယ်လို့ နား လည်ရတယ်။ အမှန်တော့ အကြောင်းဖြစ်တဲ့ ကမ္မသတ္တိကပဲ လည်တာ ဖြစ်လို့ ဝဋ်ဆိုရင် ကံကိုလည်း ယူနိုင်တယ်။ ထမင်းချက်တယ် ဆိုရာမှာ ဆန်ကို ချက်တယ် လို့ ယူရသလိုပေါ့။

ဂရဲအပဆိုတာ ဂရဲမှ အပဖြစ်သွား၊ ဂရဲမှာ မဖြစ်၊ မဖြစ်လို့ မမြဲ။ အ မှန်တော့ ဂရဲဆိုတာလည်း ခန္ဓာပါပဲ။ ဒါပေမယ့် အကျိုးပေးခြင်း မပေး ခြင်းကို ရည်ညွှန်းပြီး 'ဝိပါက်အမြဲ၊ ဂရဲမမြဲ'လို့ အဓိပ္ပာယ် ယူခဲ့ရင် ..

တစ်နည်း ထမင်းချက်တယ် ဆိုသလို တင်စားပြီး ပြောတဲ့ အနေနဲ့ 'ကံအမြဲ၊ ဂရဲ မမြဲ'လို့လည်း အဓိပ္ပာယ် ဖွင့်နိုင်ခဲ့ရင် ..

**'အားကြီးတဲ့၊** နီးစပ်တဲ့ ကုသိုလ်တွေက အားနည်းတဲ့ ဝေးတဲ့ **အကုသိုလ်ရဲ့ အကျိုးကို** တားတာ၊ အားနည်းတဲ့ ဝေးတဲ့ ကုသိုလ်ရဲ့ **အကျိုးကိုလည်း** အားကြီးတဲ့ နီးတဲ့ အကုသိုလ်က တားတာတွေ ရှိနိုင်

ပေမယ့် ပြုထားတဲ့ ကမ္မသတ္တိကတော့ အဟောသိကံ မဟုတ်ရင် ပျောက်မသွားဘဲ ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုး၊ အကျိုးနှစ်မျိုးလုံးကို ပေး မြဲဖြစ်တယ်’လို့ အဓိပ္ပာယ် ဖွင့်နိုင်လိမ့်မယ်။

**ဝင်္ဂအမြဲ**

ဝင်္ဂအမြဲ ဆိုတာကို ‘ကံအမြဲ’လို့ ဖွင့်ထားလို့ ကံအကျိုးပေး ပြေးမလွတ် ဘူးလို့ နားလည်နိုင်တယ်။ သံသရာတစ်ကွေ့မှာ လုပ်ဖူးမိတဲ့ ကံရဲ့ အ ကျိုးပေးပုံချင်းက သတ္တဝါအားလုံး အတူတူပါပဲ။ ဖြည့်ဆည်းခဲ့တဲ့ ပါရမီ ကုသိုလ် တစ်းလုံးတစ်ခဲတည်း ဖူးပွင့်လာလို့ ဒီဘဝမှာ အားလုံး ပြီး ပြည့်စုံတဲ့ ဗုဒ္ဓဖြစ်ရတယ်။ ဗုဒ္ဓအဖြစ်နဲ့ ပြုလုပ်တဲ့ ပရဟိတကုသိုလ် အား လုံးဟာ အဟောသိကံတွေ ဖြစ်သွားပေမယ့် နစဉ်က လုပ်ခဲ့ဖူးတဲ့ အ ကုသိုလ်ကံရဲ့ အကျိုးက မြဲတာကြောင့် ပဝတ္တိကျိုးအနေနဲ့ ဝိပါက်တော် ၁၂ ပါးဆိုတာကို ရှောင် မလွတ်ဘူး။ ဒါဆိုရင် ‘ကမ္မဝိပါကော နာမ န သက္ကာ ကေနစိ ပဋိဗာဟိတုံ = ကံအကျိုးပေးကို မည်သူမျှ မရှောင်လွှဲ နိုင် (ဝိ–ဋ္ဌ ၂။ ၅)’ဆိုတဲ့ အဋ္ဌကထာနဲ့ ကိုက်ညီတာပေါ့။

**ငရဲအပ**

ကောသလမင်းရဲ့ မဟေသီ မလ္လိကာ မိဖုရား။ ဗုဒ္ဓကို အင်မတန် ကြည် ညိုတယ်။ သူများနဲ့မတူတဲ့ ကုသိုလ်တွေ အများကြီး လုပ်တယ်။ ဒါပေ မယ့် ရေချိုးခန်းထဲမှာ ကိုယ်လက် သန့်စင်တုန်း မွေးထားတဲ့ ခွေးလေး က ဖောက်ပြန်တာကို သာယာမိသတဲ့။ အဲဒီလို လုပ်တာကို မင်းကြီးက အပေါ်ထပ်ကနေ မြင်သွားသတဲ့။ ဒါပေမယ့် မလ္လိကာက အကင်းပါး တော့ ဘုရင်ကိုတောင် မမှန်ရာနဲ့ စွပ်စွဲလိုက်နိုင်သေးတယ်။ ခပ်နုံနုံ ဘုရင်က ယုံနိုင်ပေမယ့် မလ္လိကာ ကိုယ်တိုင်တော့ ငါမဟုတ်တာ လုပ် တာကို ရှင်တော် ဗုဒ္ဓတော့ သိတော့မှာပဲ ဆိုပြီး စိတ်မကောင်း ဖြစ် တယ်။ သေခါနီးမှာ အဲဒါကို စွဲလမ်းမိလို့ တစ်ပတ်လောက် ငရဲကျသွား ခဲ့တယ် (ဓမ္မ ပဒ–ဋ္ဌ ၂။ ၇၀)။ ဒီစာအရ အဆင်မသင့်ရင် နတ်ပြည်လည်း ‘ပ’ သွားနိုင်တာပဲ။

**အင်္ဂလိမာလ**

လူကြမ်းအဖြစ်နဲ့ အင်္ဂုလိမာလရဲ့ လူသတ် လက်ညှိုးဖြတ်တဲ့ ကံတွေက အဟောသိကံ ဖြစ်မသွားပါဘူး။ ရဟန္တာ အရှင်အင်္ဂုလိမာလ ဖြစ်သွားတဲ့ အခါမှာတော့ ပဋိသန္ဓေကို ဖြစ်စေတဲ့ အဝိဇ္ဇာနဲ့ တဏှာကို အရဟတ္တ မဂ်နဲ့ ဖြတ်ပြီးဖြစ်လို့ အဲဒီ အကုသိုလ်ကံရဲ့ အကျိုးကို နောင်ဘဝတွေမှာ မခံစားရတော့လို့ 'ရဲအာပ' ဖြစ်သွားပေမယ့် ပဝတ္တိကျိုးက ပြင်းထန် လွန်းပါတယ်။ အရှင်မြတ် ဆွမ်းခံလို့ မရတဲ့အပြင် ခဲနဲ့ပေါက်လို့ ခေါင်း တောင် ကွဲတယ်ဆို မဟုတ်လား။ 'ဝင့်အမြဲ'ဆို အဲဒါ ဖြစ်ပါလိမ့်မယ်။ စဉ်းစား ကြည့်၊ အင်္ဂုလိမာလ ဖြစ်ရပ်တစ်ခုနဲ့ပဲ ဝင့်အမြဲ ရဲအာပဆိုတဲ့ အဓိပ္ပာယ် ပေါ်နေသလားလို့။ ဝင့်အမြဲဖြစ်လို့ ဘဝမခြားဘဲ ခံကိုခံရပေ မယ့် ရဲတော့ လွတ်သွားတယ်လေ။

ဒီစကားပုံကတော့ သာမန်အနေနဲ့ အခုပြောပြထားတဲ့ အဓိပ္ပာယ် ဖြစ်ဖို့ များပါတယ်။

**ဆန်းနိုင်မှ**

တွေးရိုး တွေးစဉ်ကို လွန်ပြီး အဆန်းထောင် ခပ်ကြောင်ကြောင် တွေး ကြည့်ရင် .. အဝိဇ္ဇာ တဏှာလို့ ခေါ်တဲ့ ဝင့်မြစ် မပြတ်သေးသူ အတွက် တော့ လုပ်ထားတဲ့ ကုသိုလ်၊ အကုသိုလ်အကျိုးကို တစ်ချိန်ချိန် ခံရမှာ ဖြစ်လို့ 'ဝင့်လည်း အမြဲ၊ ရဲလည်း မပ'လို့ ဆိုရင်လည်း မှန်တော့မှန မယ် ထင်ပါရဲ့။ ◻

ပန်းပေါင်းနံ့သာ၊ ထုပ်ပဝါ၊ လှိုင်စွာ မွှေးပျံ့လှ။
ပုံပြနည်းလောင်း၊ သူတော်ကောင်း၊ ပေါင်းမိ ပါယ်မကျ။
(သုတရတနာ)

## သေခွင့်

မရှင်းတာလေးရှိ၍ မေးခွင့်ပြုပါ အရှင်ဘုရား၊

အနောက်နိုင်ငံ အချို့တွင် Euthanasia ကို တရားဝင် ခွင့်ပြုနေပါသည်။ ဗုဒ္ဓရဲ့ တရားတော်အရ Euthanasia ကို Suicide လို့ ယူဆပါသလား။ ဆရာဝန်များနှင့် ခွင့်ပြုသူ တရားသူကြီးများတွင် အပြစ်ရှိမရှိ ဖြေကြား ပေးစေလိုပါသည်။

အချို့က အိပ်နေရင်းသေလျှင် ဘာမှ မခံစားရ၍ ကောင်းတယ်လို့ ဆိုပါသည်။ ဆရာတော်တစ်ပါး ဟောကြားသော တရားတစ်ပုဒ်တွင် အိပ်နေရင်းသေပါက မောဟနှင့် သေတာဖြစ်လို့ အပါယ်ကို သွားရ တယ်လို့ ဆိုပါသည်။ တပည့်တော်မအနေဖြင့် ဘယ်လို ညှိပြီး ယူရမည် ကိုလည်း သိလိုပါသည်။

သိပ္ပံအလိုရ သစ်ပင်များတွင် အသက်ရှိသည်ဟု ဆိုပါသည်။ မြတ် စွာဘုရား၏ သက်ရှိ အဓိပ္ပာယ် ဖွင့်ဆိုပုံကို သိလိုပါသည်။

အရှင်ဘုရား၏ ဓမ္မအမေးအဖြေတစ်ခုတွင် ခန္ဓာထဲမှ ပိုးများကို ဇီဝ သဘောရှိသော ရုပ်ဟု ဆိုပါသည်။ တပည့်တော်မ၏ စိတ်တွင် မရှင်းပါ ၍ အနည်းငယ် ပိုပြီး ရှင်းပြပေးစေလိုပါသည် အရှင်ဘုရား

ချယ်ရီဝင်း

---

### ဒီက ဥပဒေ

အမေရိကန်က ပြည်နယ် နှစ်ခုမှာ 'ဂုဏ်သိက္ခာနှင့် သေခြင်း ဥပဒေ (Death with Dignity Act)'ကို ပြည်သူ အများစုရဲ့ ဆန္ဒအရ ပြဋ္ဌာန်း ပေးလိုက်တယ်။ ၁၉၉၇ ခုနှစ်က အော်ရီဂန်ပြည်နယ်မှာ ပထမဆုံး အ တည်ပြုတယ်။ နောက်တစ်နှစ်အကြာ (၁၉၉၈)မှာ အဲဒီပြည်နယ်နဲ့ ကပ် နေတဲ့ အနောက်မြောက်ဖျားက ဝါရှင်တန် ပြည်နယ်မှာလည်း ထောက် ခံ ၅၉၊ ကန့်ကွက် ၄၁ နဲ့ အဲဒီဥပဒေကိုပဲ အတည်ပြုလိုက်တယ်။ အဲဒီ ဥပဒေအရ လူတစ်ယောက်ဟာ ရောဂါကြောင့် ခြောက်လနဲ့ ခြောက်လ အောက်ပဲ အသက်ရှည်တော့မယ်လို့ ဆရာဝန်တွေက ဆုံးဖြတ်လို့ အဲဒီ

လူက ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုတဲ့အခါ ဆရာဝန်တွေက ကူညီပေးခွင့် ရှိတယ်။ သေခွင့် တောင်းပြီး ၁၅ ရက်အကြာမှာ ဆရာဝန်တွေက နှုတ်နဲ့ ဖြစ်စေ၊ စာရေးလို့ ဖြစ်စေ အကြောင်းပြန်ရတယ်။ နောက်ဆုံး ဖောင်ဖြည့်၊ လူနာ လက်မှတ်ထိုး၊ အိပ်မောကျ သေဆုံးသွားမယ့် ဆေးရည်ကို တိုက်၊ မိနစ် ၃၀ အတွင်း အသက်ရှူ ရပ်သွားအောင် ဆရာဝန်တွေက တရားဝင် လုပ်ပေးခွင့် ရှိတယ်။ လူနာ တစ်ဦးဆိုရင် ဆေးသောက်ပြီးတာနဲ့ 'ဗေသိုဗင်ရဲ့ ကိုးခုမြောက် သံစုံတေး (Beethoven's Ninth)'ကို နားထောင်ရင်း သေပြသွားတယ်။

## သူတို့ ယူဆပုံ

အခု မေးခွန်းထဲမှာ ပါတဲ့ Euthanasia (ယူဟာနေးရှား) = ညင်သာစွာ ဇီဝိန်ချွေပေးခြင်း သို့မဟုတ် Mercy Killing = ကရုဏာနှင့် အဆုံးစီရင်ပေးခြင်းဆိုတာ ဒီဥပဒေနဲ့ ပတ်သက်တယ်။ သေဖို့ သေချာနေတဲ့လူက အဆုံးစီရင်ပေးဖို့ တောင်းပန်လို့ ကူညီပေးတာကို သူတို့က မှူတတယ်လို့ ယူဆတယ်။ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်သေတာဟာ အခွင့်အရေးတဲ့။ ကိုယ့်ကိုယ်ကို သတ်သေခွင့်ဟာ **လူ့အခွင့်အရေး**ပဲပေါ့။ အဲဒီအခွင့်အရေး လှုပ်ရှားသူတွေရဲ့ ဆောင်ပုဒ်က '**သေခွင့်** ပေးပါ (Give us right to die.)'။ 'ကင်ဆာ ဖြစ်ရင် အကောင်းဆုံး ကုသမှုက ကိုယ့်ကိုယ်ကို သတ်သေခြင်း' တဲ့။ သူတို့ ယူဆပုံလေးတွေကို ကြည့်ဦး ..

လူနာ ပြင်းပြင်းထန်ထန် ခံစားနေရတဲ့အခါ အဲဒါကို သင် ကြည့်ရက်သလား။ ဇနီး၊ ခင်ပွန်း၊ မိဘဆွေမျိုးစတဲ့ သူတစ်ပါးကိုပဲ အမှီပြုပြီး နေရတဲ့အခါ အခွံထဲက သေခါနီး ခြောက်ကပ်နေတဲ့ ကနကမာကောင်လိုပဲ။ ပိုက်ကသွင်းတဲ့ အစာနဲ့ နေရပြီး ကိုယ့်ဟာကိုယ် မထနိုင်တော့တဲ့အခါ အသက်ရှင်လျက် သင်္ချိုင်းဂူထဲမှာ နေရသလိုပဲတဲ့။ အဲဒီ အခြေအနေနဲ့ ဆက်နေရင် မိသားစုကိုရော ကိုယ်တိုင်ပါ သိပ်ပြီး နာကျင်ရတယ်။ မြန်မြန် သေလိုက်ရင် တစ်ခုသော အချိန်ကာလပါပဲ။ မိသားစုဆွေမျိုး မိတ်ဆွေတွေက ကိုယ့်ကို ချစ်တာကို ယုံတယ်။ ယုံလို့လည်း သူတို့ဆီက သေခွင့်ကို တောင်းတာပါတဲ့ ..

**ယဉ်ကျေးမှု**

ဒီဥပဒေနဲ့ ပတ်သက်ပြီး အခြားပြည်နယ်တွေမှာ ပြဋ္ဌာန်းသင့် မပြဋ္ဌာန်းသင့် ငြင်းခုံဆဲ ရှိပါတယ်။ ဘုရားသခင်ရဲ့ အလိုတော်အရ ဒီလိုလုပ်တာပါဆိုရင် ဖြေရတာ သိပ်လွယ်ပေါ့။ 'သင်လုပ်တာဟာ သင့်တာဝန်ပဲ'လို့ ကံကိုယုံကြည်တဲ့ ဗုဒ္ဓဝါဒနဲ့တော့ အဲဒါလောက် လွယ်လွယ် မဖြစ်နိုင်ဘူး။ အများသဘော ဆိုတိုင်းလည်း မမှန်ဘူး ဆိုတာကိုတော့ သတိချပ်စေချင်တယ်။ ဗုဒ္ဓမပွင့်ခင်က အိန္ဒိယတိုက်ငယ်က လူအားလုံးနီးပါးဟာ ဖန်ဆင်းရှင်ကို 'Yes' လုပ်ကြပေမယ့် မြတ်ဗုဒ္ဓ ပွင့်တော်မူမှ 'No' လုပ်ပစ်တာ။ ဘုန်းကြီး မကြာခဏ ပြောပါတယ်။ ယဉ်ကျေးမှုက သုံးနှင့်လေးလို ကွာတယ်လို့။ အနောက်တိုင်းက နှုန်းစံအားလုံးကို အရှေ့တိုင်းမှာ အသုံးချလို့ မဖြစ်နိုင်သလို၊ အရှေ့ဖက်က တွေးခေါ် ရှုမြင်ပုံ အားလုံးလည်း အနောက်တိုင်းမှာ အသုံးဝင်ဖွယ် မရှိပါဘူး။ သူတို့ရဲ့ ယဉ်ကျေးမှုနဲ့ တွေးခေါ်ပုံတွေက ရာစုနှစ်တွေ ချီပြီး အမြစ်တွယ်နေလို့ ပြုပြင်၊ ငြင်းဆို၊ အကြောင်းပြဖို့ ခက်တယ်။

**အပြစ်ရှိလား**

မသေစေချင်ဘဲ တစ်နည်းပြောရင် သေစေလိုတဲ့ စေတနာမရှိဘဲ ဆေးကျွေးတယ်လို့ မဆိုနိုင်ပါဘူး။ ငါ ဒီဆေးကို ကျွေးရင် သူတော့ မိနစ်ပိုင်းအတွင်း အသက်ရှူ ရပ်သွားမှာပဲဆိုတဲ့ အသိက ကိုယ့်စိတ်ထဲမှာ ရှိကိုရှိနေလို့ နောက်ဆုံးမှာ သေပစေတော့ဆိုတဲ့ အဓိပ္ပာယ်ပဲ မဟုတ်လား။ သေချင်နေသူဟာ တစ်ချိန်က ရည်းစားလုဖက် ဖြစ်ဖူးရင်တော့ မသေစေချင်ဘူး၊ စေတနာ မပါဘူးဆိုတဲ့ စကားကို ပိုပြီး စဉ်းစားရလိမ့်မယ်။ ဒါကြောင့် သေချင်နေသူကို ခွက်ထည်း အဆိပ်ရည်ထည့်၊ အနားကို တိုးပေး၊ စုပ်တံပိုက်ကို ပါးစပ်ထဲ ထည့်ပေးစတဲ့ လုံ့လပြုမှုတွေကြောင့် ဗုဒ္ဓဒေသနာတော်အရ လုပ်ပေးသူဟာ လူသတ်ကံ မြောက်တယ်။ ဆေးသောက်သူလည်း ဝေါဟာရပဲ ကွာမယ်၊ ကိုယ့်ဟာကိုယ် သတ်သေတာပါပဲ။ ဗုဒ္ဓဝါဒ ဒဿနအရတော့ ဒီလိုပဲ ဖြစ်နိုင်တယ်။

သနားလို့ သေဆေး ကျွေးလိုက်တယ် ဆိုတာမျိုးက စကားလုံး

လှပေမယ့် လုပ်ဆောင်မှု အတူတူပါ။ အပြစ်လွတ်အောင် အများလက်ခံ အောင် ပရိယာယ်နဲ့ ရှောင်လွှဲခြင်း တစ်မျိုးပါပဲ။ အောင်မြင်စွာ ဆုတ်ခွာ သွား .. အရှုံးပေး ဆုတ်ခွာသွား .. လိုရင်းက ဆုတ်ခွာသွားတာပါပဲ။ ဘုန်းကြီးအထင် ရောဂါကို မခံစားနိုင်လို့၊ ရောဂါ ကျွမ်းနေလို့၊ ရှုးသွပ် နေလို့ သေချင်နေသူတွေဟာ ပုံမှန်စိတ်ထားတော့ မဟုတ်တန်ရာဘူး။

**အိပ်ရင်း သေရင်**

မောဟဆိုတာ သစ္စာလေးပါးကို မသိတာ။ အိပ်တဲ့စိတ်မှ မဟုတ်ဘဲ။ ဗုဒ္ဓ အဘိဓမ္မာအရ အိပ်မောကျတယ်ဆိုတာ ဘဝင်စိတ်ဖြစ်တာ။ ပဋိ သန္ဓေစိတ်၊ ဘဝင်စိတ်နဲ့ သေစိတ်(စုတိစိတ်)ဆိုတဲ့ စိတ်သုံးမျိုးဟာ အတူတူပဲ။ ဒါကြောင့် အိပ်မပျော်ခင်၊ တစ်နည်း ဘဝင်စိတ် မဖြစ်ခင် နောက်ဆုံးဖြစ်တဲ့ သိစိတ် (ဝီထိစိတ်)ကိုပဲ ယူသင့်တယ်။

ဥပမာ မဟာစည် ဆရာတော်ကြီးဟာ ပျံတော်မူခါနီး မေ့မျောသွား တယ်။ မေ့နေချိန်မှာ ဘဝင်စိတ် ဖြစ်နေလို့ အဲဒီမတိုင်ခင် စက္ကန့်ပိုင်းက ဖြစ်ခဲ့တဲ့ နောက်ဆုံး သိစိတ်(ဝီထိစိတ်)မှာ ဖြစ်ခဲ့တဲ့ ဇောစိတ်အာရုံနဲ့ပဲ ပျံလွန်တော်မူဖွယ် ရှိပါတယ်။ ဆရာတော်ကြီး ဦးသီလာနန္ဒ ကော်မာ (coma) ဖြစ်နေချိန်မှာ ဒါကဆရာဝန်တွေ ပြောသလို အကြားနဲ့ အတွေ့ ကို သိနိုင်ဖွယ်ရှိတယ် ဆိုတဲ့အတိုင်း မှန်ရင်တောင် ဘေးက တပည့် တွေ လျှောက်တဲ့ အသံကို ကြားဆဲ၊ နှိပ်နယ်ဝတ်ပြုတဲ့ ထိတွေ့မှုကို သိဆဲမှာ ဝီထိစိတ် ဖြစ်နေတယ်လို့ ဆိုခွင့်ရှိတယ်။ စုတိစိတ် ဖြစ်ခါနီး နောက်ဆုံး သိစိတ်မှာ မောဟ မွန်နေမှ အကုသိုလ်စိတ်တွေ ဖြစ်နေမှ ရေကျမယ် ထင်ပါတယ်။

**သစ်ပင်ရဲ့ ခန္ဓာ**

ဗုဒ္ဓအဘိဓမ္မာအရ ရုပ်သက်နဲ့ နာမ်သက်လို့ နှစ်မျိုးရှိရာမှာ သစ်ပင်မှာ ရုပ်သက်ပဲ ရှိတယ်။ နာမ်သက် မရှိဘူး။ သတ္တဝါတွေမှာ ရုပ်သက်ရော နာမ်သက်ပါ ရှိတယ်။ သစ်ပင်မှာ ရူပက္ခန္ဓာ တစ်ပါးပဲရှိတယ်။ သတ္တဝါ တွေမှာက ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်လို့ ခန္ဓာငါးပါး ရှိ တယ်။ မြတ်ဗုဒ္ဓအလိုအရ ခန္ဓာငါးပါးရှိမှ သက်ရှိလို့ ယူတယ်။ တစ်နည်း

ဆိုရင် အာယု = နာမ်သက် (ဇီဝိတိန္ဒြေ စေတသိက်)၊ ဥသ္မာ = အငွေ့ (ရုပ်သက်ခေါ်တဲ့ ဇီဝိတရုပ်)၊ ဝိညာဏ် = သိစိတ် .. ဒီသုံးခု အတူရှိနေတဲ့ ရုပ်ခန္ဓာကို သက်ရှိလို့ ခေါ်တယ်။ သစ်ပင်မှာက ရုပ်သက်ခေါ်တဲ့ ဇီဝိတရုပ်ပဲ ရှိလို့ သက်ရှိ မဟုတ်ဘူး။

**ဇီဝသဘော**

ဇီဝသဘောဆိုတာ ရှင်သန်ခြင်း၊ လှုပ်ရှားခြင်း သတ္တိရှိတာကို ဆိုလိုတယ်။ ဥပမာ သုက်ပိုး၊ အဆပေါင်း များစွာ ချဲ့ကြည့်မှ အဲဒီ ပိုးဆိုတဲ့ အရာတွေရဲ့ ရှင်သန်၊ လှုပ်ရှားသတ္တိကို မြင်နိုင်တယ်။ ဒီပိုးတွေမှာ အာယုနဲ့ ဥသ္မာ ရှိပေမယ့် သိစိတ်မရှိဘူး။ တစ်နည်း ပြောရင် နာမ်သက်ဆိုတဲ့ ဇီဝိတိန္ဒြေ စေတသိက်နဲ့ ရုပ်သက်ဆိုတဲ့ ဇီဝိတရုပ် နှစ်ခုပဲ ရှိတယ်။ ခန္ဓာဖွဲ့ရင် ရူပက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ နှစ်ပါး။ ဒါကြောင့် သက်ရှိလို့ မဆိုနိုင်ဘူး။ လှုပ်နေတိုင်း သက်ရှိ မဟုတ်ဘူး။ အိမ်မြှောင်မြီးပြတ် လှုပ်နေတာဟာ ခန္ဓာဟောင်းက စိတ်ဝိညာဉ်ရဲ့ သတ္တိကြောင့်၊ ခေတ်စကားနဲ့ဆိုရင် အဲဒီအထဲ ရှိနေတဲ့ အာရုံကြောတွေ မသေသေးလို့။ ပြတ်ခါစ မခြောက်ခင်မှာ ဇီဝသဘောရှိတဲ့ ရုပ်လို့ ဆိုဖွယ်ရှိတယ်။ သက်ရှိတော့ မဟုတ်ဘူး။ ▢

# အသက်တန်ဖိုး

ရှိသေစွာ လျှောက်ထားအပ်ပါသည်၊

တပည့်တော်တို့ လမ်းထဲမှာ လူတွေ (ကလေး၊ လူကြီး၊ မိုက်ကြီးသယ်တွေ) ကို ခဏခဏ ထွက်ကိုက်နေတဲ့ ခွေးတစ်ကောင် ရှိပါသည်။ ထိုခွေးကို သတ်ချင်လို့ မဟုတ်ဘဲ အများအကျိုးအတွက် ဖယ်ရှားလိုက်ပါက အပြစ်ရှိ မရှိ ဖြေကြား ပေးစေလိုပါသည်။

Craker

---

**မြွေမင်းသား**

မကြာသေးခင်က ဝါရှင်တန်ဒီစီက လာလည်တဲ့ ဧည့်သည်တွေနဲ့ ဖိနစ်စ်မြို့ရဲ့ အရှေ့ဖက်မှာရှိတဲ့ Globe လို့ခေါ်တဲ့ မေမြို့လို တောင်ပေါ်မြို့ ကလေးက ပြတိုက်တစ်ခုကို သွားကြတော့ လမ်းမှာ ဘုန်းကြီးတို့ ရှေ့က ကားသုံးစီး တန်းစီပြီး ဘီးလိမ့်ရုံ မောင်းနေတာနဲ့ ကြုံတယ်။ ဘာဖြစ်လဲ ကြည့်လိုက်တော့ မြွေတစ်ကောင် လမ်းလယ်မှာ ကခွတ်ခွေလို ခွေနေတာကို တွေ့လို့တဲ့။ ရှေ့ဆုံးက ဘိုမကြီးက မြွေလန့်သွားမှာစိုးလို့ ဟွန်းတောင် မတီးဘူး။ ကားစက်သံ ကြားမှ ကောင်စုတ်က လျှာထုတ်ပြီး **သူ့ခေါင်း**က ကားဖက်ကို ရမ်းလာလို့ ကားကို နောက်ဆုတ် ပေးရသေးတယ်။ လူတွေ အုံကြည့်လာတော့မှ ကိုယ်တော်ချောက ခပ်တည်တည်နဲ့ လမ်းဘေးကို မင်းကြီး ကြွသလို ကြွတော်မူတယ်။ အဲဒါ ကြည့်ပြီး အင်း .. မြွေမင်းသားနယ်၊ ကံကောင်းလိုက်တာ .. လို့ပဲ စိတ်ထဲက ဆိုမိတယ်။ ကားစီးနိုင်တဲ့ လူက လမ်းပေါ်က တိရစ္ဆာန်ကို 'သေချင်လား၊ နင်းကြိတ်လိုက်ရ' ဆိုတဲ့ အမြင်မျိုး မရှိဘူး။

**စည်းကမ်း**

ခွေးကြောင် မွေးရတာ ကလေး မွေးရသလိုပဲ။ ခွေးကို ညွှန်းပြီး Your son, your daughter လို့ ခွေးရှင်ကို ပြောရင် ကြိုက်တယ်။ ခွေး မွေးတာနဲ့ ခွေးအဖေ ခွေးအမေတွေလို့ ဆိုရမလောက်ပဲ။ ခွေး မကျန်းမာရင် ကုသဖို့ အာမခံ ဝယ်ရတယ်။ စည်းကမ်းကို လိုက်နာအောင် ခွေးကို သင်တန်း ပို့ရတယ်။ ခွေးကို အိမ်မှာ ကျိတ်ပြီး မနိုပ်စက်ရဘူး။ ခွေးလည်ပင်းမှာ ခွေးရဲ့ နာမည်၊ အိမ်လိပ်စာ၊ ဖုန်းနံပတ်တွေ ပါတဲ့ ကတ်ပြားကို ဆွဲထားရတယ်။ ခွေးနဲ့ လမ်းလျှောက်တဲ့အခါ လမ်းမှာ ခွေးချေးပါလို့ မရှင်းခဲ့ရင် နေရာအလိုက် ဒေါ်လာသုံးရာထိ ဒဏ်ရိုက်ခံရနိုင်တယ်။ ညလူအိပ်ချိန်မှာ ခွေးဟောင်လို့ အိမ်ဘေးလူက ရဲကို တိုင်ရင်လည်း ဒဏ်ပဲ။ ကိုယ့်ခွေး လူကို ကိုက်ရင်တော့ လေးငါး ဆယ်နှစ် အကြွေး ဆပ်ရင် ဆပ်၊ မဆပ်ရင် ရှိတာ ပြောင်ပြီသာမှတ်။

**ဘယ်သူ့အပြစ်**

စာချဘုန်းကြီးငယ်ဘဝက ကျောင်းမှာ ထမင်းကျန် ဟင်းကျန် လာစားနေတဲ့ခွေးကို ရွာက ကျောင်းလာတက်တဲ့ ကျောင်းသားက သူ့ဖိနပ်ကို ကိုက်လို့ ဖမ်းပြီး နှုတ်သီးကို ပေတံနဲ့ ရိုက်တော့ ခွေးချစ်တတ်တဲ့ ကိုရင်ငယ်က 'ခွေးက ကိုက်စရာတွေ့ရင် ကိုက်မှာပဲ။ မကိုက်အောင် မင်းဖိနပ်ကို သိမ်းထားပေါ့'တဲ့။ ဒီမေးခွန်းကို ဖတ်ပြီး ကိုရင်လေးရဲ့ စကားကို အမှတ်ရတယ်။ ဆေးဘူး၊ မီးလောင်လွယ်တဲ့ အရည်တွေမှာ 'ကလေးတွေ လက်လှမ်းမမီတဲ့နေရာမှာ သိမ်းထားပါ' ဆိုတာ ဖတ်ဖူးမှာပေါ့။ ကလေးဆိုတာ လူနော်။ ဒါပေမယ့် အသိဉာဏ် ရှိသေးတာမှ မဟုတ်ဘဲ။ သောက်မိလို့ အန္တရာယ်ဖြစ်ရင် ကိုယ်ပဲ ဒုက္ခရောက်မှာ။ ယင်ကောင်၊ ပရွက်ဆိတ်၊ ပိုးဟပ်တွေကိုလည်း ဒီသဘောပဲ နားလည်ပါ။

ကိုယ်က ဖြစ်သလိုနေလို့ ယင်ကောင်လာရင် ယင်ကောင့် အပြစ်လား၊ ကိုယ့်အပြစ်လား။ အဆိပ်ပုလင်းကို သောက်စရာ အထင်နဲ့ သောက်ပစ်လို့ ကလေးသေရင် ကလေးအပြစ်လား၊ သင့်အပြစ်လား။

**ဆင်ခြေပါ**

'သတ်ချင်လို့ မဟုတ်ဘဲ အများအကျိုးအတွက်'တဲ့။ အများအကျိုး အတွက် သတ်ရင်လည်း သတ်တာပါပဲ။ ဆိုပါတော့ ခွေးကို သတ်လိုက်တာ ချက်ကောင်းကို မထိလို့ ဆန့်ငင်ဆန့်ငင် ဖြစ်နေရင် 'တယ် .. အသက်ပြင်းတဲ့ကောင်၊ သေကွာ' ဆိုပြီး နှစ်ဆရှိတဲ့ အင်အားနဲ့ ထပ်ကြိုးစားရမယ်။ ဒီလိုဖြစ်ရင် သတ်ချင်လို့ မဟုတ်ပါဘူးလို့ ဆိုနိုင်အုံးမလား။ ဒီတော့ သင့်ရဲ့ အများကောင်းကျိုး ဆိုတဲ့စကားနဲ့ သင့်စေတနာကြောင့် ရရှိမယ့် အပြစ်ကို ချင့်ချိန် ကြည့်ပေါ့။ ဒါလောက်ဆို ဘုန်းကြီးရဲ့ အာဘော်ကို ရိပ်မိလောက်ပါပြီ။

ပြောပြထားတဲ့ ဓလေ့စရိုက်၊ စည်းကမ်းရှိ၊ တာဝန်သိ ဆိုတာတွေကို တိုးတက်လိုသူ အားလုံး ပါဝင်လိုက်နာပြီး တဖြည်းဖြည်း လေ့ကျင့်ယူသင့်ကြောင်းနဲ့ ဒီလို ခွေးမျိုးနဲ့ ပတ်သက်လို့ ကိုယ်တိုင် ခံစားမှု ရှိနေရင်တော့ ဆင်ခြေ မပေးပါနဲ့လို့ ဆိုလိုကြောင်းပါ။ ☐

အမျိုးသမီးများ မတက်ရဆိုရင် မျှတရဲ့လား
ဗုဒ္ဓစာတ်တော်ကို ရေစိမ်သောက်ရင်
ကမ္ဘာကြီး ပူနွေးလာတာ ဘာကြောင့်လဲ
ဗုဒ္ဓဝါဒအရ ပဋိသန္ဓေ တားခွင့်ရှိသလား
ဝမ်းကွဲမောင်နှမ လက်ထပ်ကောင်းသလား
ဗုဒ္ဓသာသနာ့အလံကို ဘယ်သူတီထွင်သလဲ
အရက်သောက်ရင် အပါယ်ကျသလား
အရှင်ဥပဂုတ် ကိုးကွယ်သင့်သလား
ဗုဒ္ဓဓမ္မကို ဘယ်တုန်းက အက္ခရာနဲ့ ရေးသလဲ
ပေါင်လောင်ကဿပအကြောင်း သိသလား
သက်သတ်လွတ်စားရင် ကုသိုလ်ပိုရသလား
သမ္ဗုဒ္ဓေဂါထာကို ဘယ်သူ ရေးခဲ့သလဲ
ဘာသာရေးကြောင့် ဒေါသမဖြစ်သင့်
ဗုဒ္ဓကျမ်းထွက် စကြဝဠာဗေဒ
၂၀၁၂ မှာ ကမ္ဘာကြီး ပျက်စီးမည်လော
ဘိက္ခုနီ ရှိသင့် မရှိသင့်
ဩကာသတွေ မှုကွဲသင့်သလော
အမျိုးသမီးတွေ ဗုဒ္ဓဖြစ်ခွင့် ရှိသလား
ဘိုးတော်တွေကို ကိုးကွယ်သင့်သလား
နတ်ပူးတယ်ဆိုတာ ဖြစ်နိုင်သလား
မွေးရာပါ သောတာပန် ရှိသလား
ဘာသာခြားကို လက်ထပ်ရင်
သေချင်သူကို သေဆေး ကျွေးရင်

တစ်ခါတစ်လေ အပြောတစ်သွင် အထင်တစ်မျိုးနဲ့ ကြုံရတတ်တယ် ဆိုတာရယ်၊
ကိုယ့်နှလုံးသားထဲမှာ ဆရာကောင်းတွေဆီက ကောင်းစွာ သင်ယူ လေ့လာထားတဲ့ အခြေခံ မရှိရင်
မဇ္ဈိမပဋိပဒါနဲ့ လွဲနေတတ်တယ်ဆိုတာရယ်ကို ဗုဒ္ဓဓမ္မဆရာတို့ သတိထားပါကုန်...

# ဓမ္မ
# အမေးအဖြေများ

## အရှင်ကောလာသ

ဓမ္မာစရိယ၊ B.A. ( Philo ) M.A. ( Buddhism )
ဖြေဆိုသည်